ဟဇရည် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)
၏
ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အဇောင် ၁၆

အာယသ်တော် ၁၈း၇၅ မှ ၂၀း၁၃၅ အထိ

ပြန်ဆို ရေးသား တည်းဖြတ်သူ
မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ပါရာ [၁၆]	
	စူရာဟ်ကဟ်ဖ်	
	ဥမင်လှိုဏ်ခေါင်းကဏ္ဍ	
	၁၈ း ၇၅ မှ ၁၈ း ၇၈ အထိ	
၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂
၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃
	၁၈ း ၇၉ မှ ၁၈ း ၈၂ အထိ	
၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄
၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅
၅။	'မိစ်ကီးန်' သူဆင်းရဲသည် မည်သူနည်း။	၆
၆။	မိဘနှစ်ပါး၏ မွန်မြတ် ကောင်းမွန်ခြင်း၏ အကျိုးဆက်တရားသည် သားစဉ်မြေးဆက်အပေါ်ထိတိုင် သက်ရောက်နေခြင်းအကြောင်း	၉
၇။	နဗီ၏ ဂုဏ်ရည်အရ အပြောအဆို ကျစ်လစ်သိပ်သည်းခြင်းနှင့် ယဉ်ကျေးမှုအား ထောက်ထားခြင်း၏ ဥပမာတစ်ရပ်	၁၀
၈။	တန်ခိုးတော် အသျှင်မြတ်၏ ဖန်ဆင်းမှုရေးရာ၌ မည်သည့်အရာတစ်စုံတစ်ရာမျှ မကောင်းခြင်းဟူ၍ မရှိခြင်း	၁၀
၉။	ဟဇရတ်ခိသ္ဒိရ် عليه السلام အသက်ရှင်လျက်ရှိနေပါ၏လော။ သို့မဟုတ် ကွယ်လွန်သေဆုံးသွားပြီလော။	၁၂
	၁၈ း ၈၃ မှ ၁၈ း ၈၈ အထိ	
၁၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၇
၁၁။	'ဇုလ်ကရ်နိုင်းန်' ၏ ပထမခရီးစဉ်	၁၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉
၁၃။	ဇုလ်ကရ်နိုင်းန်သည် မည်သူနည်း။ မည်သည့်ခေတ်အခါနှင့် မည်သည့်တိုင်းပြည်နိုင်ငံမှဖြစ်သနည်း။ ဇုလ်ကရ်နိုင်းန်ဟူ၍ အဘယ်ကြောင့် ခေါ်ဆိုသနည်း။.........	၂၀
	၁၈ း ၈၉ မှ ၁၈ း ၉၁ အထိ	
၁၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၁
၁၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၂
	၁၈ း ၉၂ မှ ၁၈ း ၉၈ အထိ	
၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၄
၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၆
၁၈။	ခဲယဉ်းသော အဘိဓါန်စကားလုံးများ၏ ရှင်းလင်းချက်	၃၆
၁၉။	'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်'တို့သည် မည်သူများနည်း။ မည်သည့်အရပ်ဒေသ၌ ရှိကြသနည်း။ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးတည်ဆောက်ခဲ့သော တံတိုင်းကြီးသည် မည်သည့်နေရာ၌ တည်ရှိသနည်း။	၃၆
၂၀။	ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်နှင့်စပ်လျဉ်းသော ဟဒီးစ်တော်လာ ဆင့်ပြန်ချက်များ....	၃၇
၂၁။	ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှသိရှိရသော အချုပ်အကြောင်းတရားများ.....	၄၇
၂၂။	ဇုလ်ကရ်နိုင်းန် တံတိုင်းကြီးသည် ယခုအချိန်အထိတိုင် တည်ရှိနေပါ၏လော။ ကေယာမသ်နေ့ထိတိုင် တည်ရှိနေမည်လော။ သို့မဟုတ် ကျိုးပျက်သွားပြီလော။	၅၇
	၁၈ း ၉၉ မှ ၁၈ း ၁၀၁ အထိ	
၂၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၁
၂၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆၂
	၁၈ း ၁၀၂ မှ ၁၈ း ၁၀၈ အထိ	
၂၅။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၄
၂၆။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆၅
	၁၈ း ၁၀၉ မှ ၁၈ း ၁၁၀ အထိ	
၂၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၇၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၁

၂၉။ ပြစ်မှု၏ ဇာတ်သိမ်းမလှခြင်းနှင့် ထိုအချက်အပေါ် ဟဒီးစ်တော်က ပြသထားသည့် ပြင်းထန်လှစွာသော ခြိမ်းခြောက်ချက် ၇၃

၃၀။ စူရာဟ်ကဟဖ်၏ အချို့သော အကျိုးထူးများနှင့် ဝိသေသအချက်များ ၇၅

၃၁။ အရေးပါသော ဆုံးမစကားတစ်ရပ် ၇၆

စူရာဟ်မရ်ယမ်
မရ်ယမ်သခင်မကဏ္ဍ

၁၉ း ၁ မှ ၁၉ း ၁၅ အထိ

၃၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၀

၃၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၄

၃၄။ ဒိုအာ၌ မိမိ၏ လိုအပ်ချက်များကို ဖော်ထုတ်ခြင်းသည် 'မွတ်စ်သဟဗ်'ဖြစ်ခြင်း ၈၅

နဗီတမန်တော်များ၏ ပစ္စည်းများ၌ အမွေဆက်ခံထိုက်ခြင်း မရှိခြင်း ၈၅

၁၉ း ၁၆ မှ ၁၉ း ၂၁ အထိ

၃၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၉

၃၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၀

၁၉ း ၂၂ မှ ၁၉ း ၂၆ အထိ

၃၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၄

၃၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၆

၃၉။ သေခြင်းတရားအား တောင့်တခြင်း၏ အမိန့် ၉၆

၄၀။ 'ရိုဇာဟ်' ထားနေခိုက် လုံးဝ ဆိတ်ဆိတ်နေထိုင်ခြင်းသည် အစ္စလာမ်သာသနာတော်၌ ပယ်ဖျက်ခံရခြင်းအကြောင်း ၉၆

၄၁။ အမျိုးသားမရှိဘဲ အမျိုးသမီး သီးသန့် တစ်ဦးတစ်ယောက်ထံမှ ကလေးမွေးဖွားလာခြင်းသည် အသိဉာဏ်နှင့် ဆန့်ကျင်နေသောအချက်မဟုတ်ကြောင်း ၉၇

၁၉ : ၂၇ မှ ၁၉ : ၃၃ အထိ

၅၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၉
၅၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၁

၁၉ : ၃၅ မှ ၁၉ : ၄၀ အထိ

၅၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၇
၅၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၉

၁၉ : ၄၁ မှ ၁၉ : ၅၀ အထိ

၅၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၂
၅၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၅
၅၈။ မိမိအကြီးအကဲများကို ဆိုဆုံးမမှုပြုရန် နည်းလမ်းနှင့် ယဉ်ကျေးမှုများ ၁၁၆

၁၉ : ၅၁ မှ ၁၉ : ၅၈ အထိ

၅၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၂
၆၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၄
၆၁။ ကတိတည်ကြည်မှု၏ အရေးပါပုံနှင့် အဆင့်အတန်း ၁၂၆
၆၂။ ပြုပြင်သူသည် ပြုပြင်ခြင်း၏ အလုပ်ကို မိမိ၏ အိမ်မှပင် စတင်ရန်သည် အရေးကြီးခြင်းအကြောင်း ၁၂၇
၆၃။ ရစူလ်နှင့် နဗီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကွဲပြားခြားနားချက်နှင့်ဆက်စပ်မှု ၁၃၀
၆၄။ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ချိန် ငိုယိုခြင်းသည် နဗီတမန်တော်များ၏ 'စွန္နသ်' ဖြစ်ခြင်းအကြောင်း ၁၃၂

၁၉ : ၅၉ မှ ၁၉ : ၆၃ အထိ

၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၃
၆၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၄
၆၇။ အချိန်မှဲ့ နမာဇ်ဖတ်ခြင်း သို့မဟုတ် ဂျမာအသ်ဖြင့် နမာဇ်မဖတ်ခြင်းသည် နမာဇ်အား ဖျက်ဆီးခြင်းနှင့် ကြီးမားသော ပြစ်မှု 'ဂိုနာဟ်' ဖြစ်ခြင်းအကြောင်း ၁၃၅

စဉ်	အကြောင်းအရာ	စာမျက်နှာ

၁၉ း ၆၄ မှ ၁၉ း ၇၂ အထိ

၅၈။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၀
၅၉။ အာယသ်တော်ကျရောက်ခြင်း၏ ကျောထောက်နောက်ခံသမိုင်း ၁၄၀
၆၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၃

၁၉ း ၇၃ မှ ၁၉ း ၇၆ အထိ

၆၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄၇
၆၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၄၉

၁၉ း ၇၇ မှ ၁၉ း ၈၂ အထိ

၆၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၂
၆၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၃

၁၉ း ၈၃ မှ ၁၉ း ၈၇ အထိ

၆၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၅၆
၆၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၅၆

၁၉ း ၈၈ မှ ၁၉ း ၉၈ အထိ

၆၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၀
၆၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၆၂

စူရာဟ်သွာဟာ

သွာဟာကဏ္ဍ

၂၀ း ၁ မှ ၂၀ း ၈ အထိ

၆၉။ စူရာဟ်သွာဟာ၏ အကျဉ်း ၁၆၆
၇၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၆၉
၇၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၀

၂၀ း ၉ မှ ၂၀ း ၁၆ အထိ
၇၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၇၅
၇၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၇၆
၇၄။ ဟာဇရသ်မူစာ ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော်စကားလုံးများ
ကို ကြားခံမဲ့ ကြားနာရခြင်းအကြောင်း ၁၇၉
၇၅။ အရှိအသေ အမြတ်တနိုးထားရမည့် အရပ်၌ ဖိနပ်ကို ချွတ်ခြင်းသည် ယဉ်ကျေး
မှုအရ ဆောင်ရွက်ရမည့်အကြောင်း ၁၈၀
၇၆။ ကုရ်အာန်ကျမ်းတော်မြတ် နားထောင်ခြင်း၏ ယဉ်ကျေးမှုစနစ် ၁၈၁
၂၀ း ၁၇ မှ ၂၀ း ၂၄ အထိ
၇၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၈၆
၇၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈၇
၂၀ း ၂၅ မှ ၂၀ း ၃၆ အထိ
၇၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၉၁
၈၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၉၂
၈၁။ မွန်ရည်သော မိတ်ဆွေများသည် ခဝပ်ကိုးကွယ်မှု (အေဗာဒသ်) နှင့် အလ္လာဟ်
အသျှင်မြတ်အား သတိရတသခြင်း၊ 'ဇိကိရ်' ၌ အကူအညီပေးခြင်းအကြောင်း ... ၁၉၇
၂၀ း ၃၇ မှ ၂၀ း ၄၄ အထိ
၈၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၀၀
၈၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၀၂
၈၄။ 'ဝဟီ' (ဗျာဒိတ်တော်) သည် နဗီ၊ ရစူလ် မဟုတ်သော သူတို့ထံ၌ ကျရောက်
နိုင်ပါ၏လော။ ၂၀၃
၈၅။ ဟာဇရသ်မူစာ ﷺ ၏ မိခင်အမည် ၂၀၅
၈၆။ ဟာဇရသ်မူစာ ﷺ ၏ ဖြစ်အင်အကျယ်ချဲ့ ၂၀၈
၈၇။ တင်ပြထားပြီးသော ဟာဇရသ်မူစာ ﷺ ၏ဖြစ်အင်မှ ရရှိသော အကျိုး၊ သံဝေဂ
တရားများနှင့် အရေးကြီးသော အကျိုးထူးများ ၂၄၀

စဉ်	အကြောင်းအရာ	စာမျက်နှာ

၈၈။ ဖိရ်အောင်န်၏ အသိဉာဏ် ကင်းမဲ့သော အကြံအစည်နှင့် ထိုစီမံကိန်းအပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အံ့ဖွယ်ကောင်းသော တုန့်ပြန်ချေပချက် ၂၄၀

၈၉။ ဟဇရသ်မူစာ ﷺ ၏မိခင်အပေါ် တန်ခိုးတော်အသွင်ဖြင့် ချီးမြှင့်ခြင်းခံရသော ဆုလာဘ်တော်များနှင့် ဖိရ်အောင်န်၏ အကြံအစည်အား အခြားသော အသွင် တစ်မျိုးဖြင့် တုန့်ပြန်ချေပမှု ၂၄၁

၉၀။ လက်မှုအတတ်ပညာရှင်များနှင့် ကုန်သည်များအဖို့ သတင်းကောင်းတစ်ရပ် ၂၄၁

၉၁။ အလ္လာဟ်အသျှင်မြတ်၏ သီးသန့် အစေတော်များကို 'တွေ့သူ၊ မြင်သူ အားလုံး ချစ်ခင်ခြင်း' ဟူသော နှစ်မြို့ခြင်းခံရခြင်း၏ ဂုဏ်ရှိန်ကို ချီးမြှင့်ခံထားရခြင်း ... ၂၄၂

၉၂။ ဟဇရသ်မူစာ ﷺ ၏ လက်ချက်ဖြင့် ဖိရ်အောင်န်၏ ဘက်တော်သား သတ်ဖြတ်ခံလိုက်ရခြင်းသည် မှားကြောင်း မည်သည့်အချက်အား အခြေခံ မှုတည်၍ သတ်မှတ်ထားပေသနည်း။ ၂၄၂

၉၃။ အားအင်ချည့်နဲ့သူများအား ကူညီခြင်းနှင့် အဖန်ဆင်းခံများအား အလုပ်အကျွေး ပြုစုခြင်းသည် လောကီလောကုတ္တရာနှစ်ဌာနအတွက်အကျိုးပြုခြင်းအကြောင်း.. ၂၄၄

၉၄။ နဗီတမန်တော်နှစ်ပါး ကြားဝယ် အလုပ်ရှင်၊ အလုပ်သမားဖြစ်ခြင်း၏ အမှုကိစ္စ အတွင်းရှိ အမြော်အမြင်တော်များနှင့် အံ့ဖွယ်အကျိုးများ ၂၄၄

၉၅။ တစ်ဦးတစ်ယောက်အား ရာထူးနှင့် မင်းမှုထမ်းအဖြစ် အပ်နှင်းရန်အတွက် အကောင်းဆုံးသော ဓလေ့လုပ်ရိုး ၂၄၆

၉၆။ 'ဂျာဒူ' ပယောဂ ဆရာများနှင့် နဗီတမန်တော်များ၏ အမှုကိစ္စများအတွင်း၌ ရှင်းလင်းလှစွာသော ကွဲပြားခြားနားမှု ၂၄၇

၉၇။ ဖိရ်အောင်န်ဘက်တော်သား ပယောဂဆရာများ၏ ပယောဂ အောက်လမ်း အတတ်ပညာ၏ အခြေခံဇစ်မြစ် ၂၄၈

၉၈။ မျိုးနွယ်အုပ်စုရေးဆိုင်ရာ ကွဲပြားခြင်းသည် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကဏ္ဍထိတိုင် တစ်စုံတစ်ရာကဲ့ရဲ့ထိုက်ဖွယ် အချက်မဟုတ်ခြင်းအကြောင်း ၂၄၈

၉၉။ အသင်းအဖွဲ့ရေးဆိုင်ရာ စီမံကွပ်ကဲမှုပြုရန်အတွက် ကိုယ်စားလှယ်ခန့်ထားခြင်း ၂၄၉

၁၀၀။ မွတ်စ္စလင်မ်တို့၏အဖွဲ့အစည်း၌ ကွဲပြားမှုကို ရှောင်ရှားနိုင်စေရန်အတွက် အလွန် ကြီးမားသော မကောင်းသည့်အချက်ကို အချိန်တစ်ခုထိတိုင် သည်းခံမှုကို ထားနိုင်ခြင်း ၂၅၀

၁၀၁။ နဗီတမန်တော်များ 'ဒအ်ဝသ်' ပေးဖိတ်ခေါ်ခြင်း၏ အရေးကြီးသော စည်းမျဉ်း ဥပဒေသတစ်ရပ် ၂၅၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၂၀ း ၄၅ မှ ၂၀ း ၅၀ အထိ	
၁၀၂။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၅၃
၁၀၃။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၅၄
၁၀၄။	ဟဇရသ်မူစာ ﷺ အဘယ်ကြောင့် ကြောက်ရွံ့ခဲ့ပေသနည်း။	၂၅၄
၁၀၅။	ဟဇရသ်မူစာ ﷺ သည် ဖိရ်အောင်န်ကို အီမာန်ဘက်သို့ ဖိတ်ခေါ်ခြင်းနှင့်အတူ မိမိ၏မျိုးနွယ်အုပ်စုများ ပင်ပန်းဆင်းရဲစွာ နေထိုင်နေရသော ဒုက္ခမှ လွတ်မြောက်အောင် ပြုပေးရန် ဖိတ်ခေါ်မှု	၂၅၇
၁၀၆။	အလ္လာဟ်အသျှင်မြတ်သည် ဖန်ဆင်းတော်မူခြင်း ဖြစ်လာသော အရာတိုင်းအား ၎င်းတို့နှင့် လျော်ညီသည့် လမ်းညွှန်ချက်ကို ထုတ်ပြန်၍ ထိုလမ်းညွှန်ချက်နှင့်အညီ ပြုမူဆောင်ရွက်လျက်ရှိခြင်း	၂၅၇
	၂၀ း ၅၁ မှ ၂၀ း ၅၉ အထိ	
၁၀၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၆၁
၁၀၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၆၄
၁၀၉။	လူသားတိုင်း၏ ရုပ်ကလာပ်၌ သုက်ရည်နှင့်အတူ ၎င်းအား မြုပ်နှံမည့်နေရာ၌ရှိသော မြေကြီးလည်း ပါဝင်နေခြင်းအကြောင်း	၂၆၅
၁၁၀။	'ဂျာဒူ' (အောက်လမ်း) ပညာ၏ အခြေခံဇစ်မြစ်၊ ၎င်း၏ အမျိုးအစားများနှင့် သာသနာတော်၏ အမိန့်	၂၆၈
	၂၀ း ၆၀ မှ ၂၀ း ၇၆ အထိ	
၁၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၇၂
၁၁၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၇၅
၁၁၃။	ရစူလ်ဖြစ်ခြင်းအသွင်နှင့် ဟဇရသ်မူစာ ﷺ သည် စုန်းဆရာများအား မိန့်ခွန်းချက်	၂၇၆
၁၁၄။	ဖိရ်အောင်န်၏ဘက်တော်သား ပဋ္ဌလက်စုန်းအတတ်ညာရှင်တို့သည် မွတ်စ္စလင်မ်ဖြစ်သွားကြကာ 'စဂျ်ဒဟ်'ဦးချမှုကို ပြုကြခြင်း	၂၈၀
၁၁၅။	ဖိရ်အောင်န်၏ဇနီး အာစီယာသခင်မ၏ အလှနိဂုံး	၂၈၃
၁၁၆။	ဖိရ်အောင်န်၏ဘက်တော်သား စုန်းဆရာတို့၏ အံ့ဖွယ်ကောင်းသော အတွင်းပိုင်းပြောင်းလဲမှု	၂၈၃

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၂၀ း ၇၇ မှ ၂၀ း ၈၂ အထိ	
၁၁၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၈၆
၁၁၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၈၈
၁၁၉။	မိဆွေရ်မှထွက်ချိန် ဗနီအီစ်ရာအီးလ်မျိုးနွယ်ဝင်တို့၏ အချို့သော အခြေအနေများနှင့် အရေအတွက်၊ ဖိရ်အောင်န်စစ်တပ်၏ အရေအတွက်	၂၈၉
	၂၀ း ၈၃ မှ ၂၀ း ၈၉ အထိ	
၁၂၀။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၉၃
၁၂၁။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၉၅
၁၂၂။	ဟဇရသ်မူစာ عليه السلام အား အလျင်စလို လာရောက်ခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းချက်နှင့် ၎င်း၏ အဖြေအမြင်	၂၉၆
၁၂၃။	စာမိရီသည် မည်သူနည်း။	၂၉၇
၁၂၄။	ကာဖိရ်များ၏ ပစ္စည်းသည် မွတ်စ္စလင်များအဖို့ မည်သည့်ပုံစံများအတွင်း၌ အသုံးပြုပိုင်ခွင့် ရှိသနည်း။	၃၀၁
၁၂၅။	အရေးကြီးသော အကျိုးထူး	၃၀၂
	၂၀ း ၉၀ မှ ၂၀ း ၉၄ အထိ	
၁၂၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၀၆
၁၂၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၀၈
၁၂၈။	နဗီတမန်တော်နှစ်ပါးအကြား အကွဲအလွဲ ဖြစ်မှုနှင့် ယင်းအချက်နှစ်ရပ်စလုံး မှန်ကန်ကြောင်းအား ပြဆိုသည့် ရှုထောင့်	၃၁၁
	၂၀ း ၉၅ မှ ၂၀ း ၉၈ အထိ	
၁၂၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၁၃
၁၃၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၁၄
၁၃၁။	စာမိရီး၏ ပြစ်ဒဏ်တွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်ဆန်းတစ်ရပ်	၃၁၆
	၂၀ း ၉၉ မှ ၂၀ း ၁၁၄ အထိ	
၁၃၂။	အာယသ်တော်များ၏ ဆက်စပ်မှု	၃၂၀
၁၃၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၃၂၀
၁၃၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၃၂၅

၂၀ း ၁၁၅ မှ ၂၀ း ၁၂၇ အထိ

၁၃၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၃၀

၁၃၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၃၂

၁၃၇။ အာယသ်တော်များကြား ဆက်စပ်မှု ၃၃၂

၁၃၈။ ဖနီးသည်၏ အရေးကြီးသော စားသောက်မှုစရိတ်သည် ခင်ပွန်းသည်၏ တာဝန်ဖြစ်ခြင်း ၃၃၈

၁၃၉။ 'ဝါဂျိဗ်'တာဝန်ဖြစ်သော စားစရိတ်သည် အချက် (၄) ချက်၌သာ ဖြစ်ခြင်း ၃၃၈

၁၄၀။ နဗီတမန်တော်များနှင့် စပ်လျဉ်း၍ အရေးပါသော လမ်းညွှန်ချက်တစ်ရပ်နှင့် ၄င်းတို့၏ ဂုဏ်ရှိန်ဂုဏ်ဝါအား အရိုအသေပေးရန်နှင့် မလျော်ကန်သော ပြောဆိုသုံးနှုန်းမှုများမှ သုံးနှုန်းခြင်းကို ထိန်းသိမ်းရမည့်အကြောင်း ၃၄၀

၁၄၁။ ကာဖိရ်နှင့် သူယုတ်မာ၏ သက်တမ်းသည် ကမ္ဘာလောက၌မှာပင် ကျပ်တည်းကျဉ်းမြောင်းစွာ တည်ရှိနေခြင်း၏ အခြေခံဖော်မြစ် ၃၄၂

၂၀ း ၁၂၈ မှ ၂၀ း ၁၃၅ အထိ

၁၄၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၄၆

၁၄၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၄၉

၁၄၄။ ရန်သူများ ဒုက္ခပေးခြင်းမှ ရှောင်ရှားရန် ကုသချက်သည် သည်းခံခြင်းတရားနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတခြင်းအတွင်း နစ်မွန်းရမည့်အကြောင်း ၃၅၀

၁၄၅။ စည်းစိမ်ဥစ္စာတို့သည် ရက်အချို့အတွက်သာဖြစ်၍ အသျှင်မြတ် လက်ခံတော်မူခြင်းခံထားရသော လက္ခဏာမဟုတ်ခြင်း အကြောင်းနှင့် မုအ်မင်န်များအတွက် စိုးရိမ်ဖွယ်အချက်ဖြစ်ခြင်းအကြောင်း ၃၅၂

၁၄၆။ မိမိ၏ အိမ်သူအိမ်သားနှင့် မိမိနှင့် ပတ်သက်နေသော သူများအား နမာဇ်ကို တည်တံ့ မြဲမြံစွာ ဖတ်ရွတ်ရန် လေးနက်စွာ တိုက်တွန်း နှိုးဆော်ရန်နှင့် ၄င်း၏ အမြော်အမြင် ၃၅၃

၁၄၇။ အကြင်လူသားသည် နမာဇ်နှင့် အလ္လာဟ်အသျှင်မြတ်အား ခဝပ် ကိုးကွယ်မှု

၁၄၈။ အတွင်း၌ နစ်မွန်းသွားသည်ဆိုလျှင် အသျှင်မြတ်သည် ၄င်းအဖို့ စားနပ်ရိက္ခာ ရေးရာကိစ္စအား လွယ်ကူစွာ ပြုပေးတော်မူမည်ဖြစ်ကြောင်း ၃၅၄

ပါရာ [၁၆]

စူရာဟ်ကဟ်ဖ်

ဥမင်လိုဏ်ခေါင်းကဏ္ဍ

بِسۡمِ اللّٰهِ الرَّحۡمٰنِ الرَّحِيۡمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ **နာမတော်ဖြင့်** အစပြုပါ၏

قَالَ اَلَمۡ اَقُلۡ لَّكَ اِنَّكَ لَنۡ تَسۡتَطِيۡعَ مَعِىَ صَبۡرًا ﴿٧٥﴾

၁၈ : ၇၅ ။ ။ ၎င်း (ခိဇ္ဇ်ရ်) က (ဤသို့) ပြောဆိုခဲ့ပြန်၏။ (အို, မူစာ) ‘ကေန်အမှန် အသင်သည် ကျွန်ုပ်နှင့်အတူ အလျှဉ်းသည်းခံ၍ နေနိုင်မည်မဟုတ်ကြောင်း ကျွန်ုပ် (စောစောကပင်) အသင့်အား ပြောကြားခဲ့သည် မဟုတ်ပါသလော။’

قَالَ اِنۡ سَاَلۡتُكَ عَنۡ شَىۡءٍۢ بَعۡدَهَا فَلَا تُصٰحِبۡنِىۡۚ قَدۡ بَلَغۡتَ مِنۡ لَّدُنِّىۡ عُذۡرًا ﴿٧٦﴾

၁၈ : ၇၆ ။ ။ ယင်း (မူစာ) က (အချင်း ခိဇ္ဇ်ရ်) ‘အကယ်၍ ကျွန်ုပ်သည် ဤ (ဖြစ်ပျက်ခဲ့) သည့်နောက်တွင်၊ အသင့်အား တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ပါလျှင် အသင်သည် ကျွန်ုပ်အား (မိမိနှင့်) အတူ မထားပါနှင့်။ ကေန်မလွဲ အသင်သည် ကျွန်ုပ်ထံမှ ခွင့်လွှတ်ရန် အကြောင်းပြချက် (၏ အဆုံးစွန်) သို့ ရောက်ရှိခဲ့ချေပြီ’ ဟု ပြောဆိုခဲ့၏။

فَانۡطَلَقَا حَتّٰٓى اِذَاۤ اَتَيَاۤ اَهۡلَ قَرۡيَةِ اۨسۡتَطۡعَمَاۤ اَهۡلَهَا فَاَبَوۡا اَنۡ يُّضَيِّفُوۡهُمَا فَوَجَدَا فِيۡهَا جِدَارًا يُّرِيۡدُ اَنۡ يَّنۡقَضَّ فَاَقَامَهٗؕ قَالَ لَوۡ شِئۡتَ لَـتَّخَذۡتَ عَلَيۡهِ اَجۡرًا ﴿٧٧﴾

၁၈ : ၇၇ ။ ။ တစ်ဖန် ၎င်းတို့နှစ်ဦးသည် (ရှေ့သို့ ဆက်လက်၍) လျှောက်သွားခဲ့ကြပြန်ရာ၊ မြို့တစ်မြို့မှ မြို့သားတို့ထံသို့ ရောက်ခဲ့ကြသောအခါ ၎င်းတို့နှစ်ဦးက ယင်းမြို့သားတို့ထံ (မိမိတို့အား) ဧည့်ခံကျွေးမွေးပါရန် (မေတ္တာရပ်ခံခဲ့ကြ၏။)

ထိုအခါ ယင်းမြို့သားတို့က ၄င်းတို့နှစ်ဦးအား ဧည့်ခံ (ကျွေးမွေး) ခြင်းကို ငြင်းပယ်ခဲ့ကြလေသည်။ ထို့နောက် ၄င်းတို့နှစ်ဦးသည် ထိုမြို့တွင်း၌ တံတိုင်းတစ်ခုကို တွေ့ရှိခဲ့ကြ၏။ ထိုတံတိုင်းမှာ ပြိုကျအံ့ဆဲဆဲ ဖြစ်နေလေရာ ယင်း (ခိသ္ဍ်ရ်) က ထိုတံတိုင်းကို ဖြောင့်မတ်စွာ ရပ်တည်စေ (ရန် ပြုပြင်ပေး) ခဲ့လေသည်။ (ထိုအခါ) ယင်း (မူစာ) က (အချင်း ခိသ္ဍ်ရ်) 'အကယ်၍ အသင်သည် အလိုရှိခဲ့ပါမူ ဤ (တံတိုင်း တည့်မတ်အောင် ပြင်ဆင်ပေးရေး) နှင့် စပ်လျဉ်း၍ အမှန်ပင် လုပ်ခကို ယူနိုင်ခဲ့ပေသည်' ဟု ပြောဆိုခဲ့လေသည်။

قَالَ هٰذَا فِرَاقُ بَيْنِيْ وَبَيْنِكَ سَأُنَبِّئُكَ بِتَأْوِيْلِ مَا لَمْ تَسْتَطِعْ عَّلَيْهِ صَبْرًا ﴿٧٨﴾

၁၈ : ၇၈ ။ ။ (ထိုအခါ) ယင်း (ခိသ္ဍ်ရ်) က '(အို၊ မူစာ) ဤသည် အသင်နှင့် ကျွန်ုပ် ခွဲခွာရန် (အချိန်) ပင် ဖြစ်၏။ ယခု၊ ကျွန်ုပ်သည် အသင် သည်းမခံနိုင်ခဲ့သော ကိစ္စများနှင့် စပ်လျဉ်း၍ အဖြစ်မှန်ကို အသင့်အား ကြားသိစေပါတော့မည်' ဟု ပြောဆိုခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၄င်း (ခိသ္ဍ်ရ်) က (ဤသို့) ပြောဆိုခဲ့ပြန်၏။ (အို၊ မူစာ) ကေန်အမှန် အသင်သည် ကျွန်ုပ်နှင့်အတူ အလျဉ်းသည်းခံ၍ နေနိုင်မည် မဟုတ်ကြောင်း ကျွန်ုပ် (စောစောကပင်) အသင့်အား ပြောကြားခဲ့သည် မဟုတ်ပါသလော။ ယင်း (မူစာ) က (အချင်းခိသ္ဍ်ရ်) (ဤတစ်ကြိမ် ထပ်မံ၍ ခွင့်လွှတ်သည်းခံတော်မူပါ။ သို့ရာတွင်) အကယ်၍ ကျွန်ုပ်သည် ဤ (ဖြစ်ပျက်) ခဲ့သည့် နောက်တွင် အသင့်အား တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ပါလျှင် အသင်သည် ကျွန်ုပ်အား (မိမိနှင့်) အတူ မထားပါနှင့်။ ကေန်မလွဲ အသင်သည် ကျွန်ုပ်ထံမှ ခွင့်လွှတ်ရန် အကြောင်းပြချက် (၏ အဆုံးစွန်) သို့ ရောက်ခဲ့ချေပြီ' ဟု ပြောဆိုခဲ့၏။ (ဤအကြိမ်၌ ဟဇရတ်မူစာ عليه السلام သည် မေ့ခြင်း၏ အကြောင်းပြချက်ကို မတင်ပြပေ။ ထိုမေးခွန်းကို ဟဇရတ်မူစာ عليه السلام သည် သိလျက်နှင့် မိမိ၏ ရစူလ်ဖြစ်ခြင်း၏ ဂုဏ်ဟန်နှင့်အညီ ပြုခဲ့ကြောင်းကို ဤအချက်မှ သိရှိ ရပေသည်။) တစ်ဖန် ၄င်းတို့နှစ်ဦးသည် (ရှေ့သို့ဆက်လက်၍) လျှောက်သွားခဲ့ကြပြန်ရာ မြို့တစ်မြို့မှ မြို့သားတို့ထံ ရောက်ခဲ့ကြသောအခါ ၄င်းတို့နှစ်ဦးက ယင်းမြို့သားတို့ထံ မိမိတို့သည် ဧည့်သည်များဖြစ်ကြရာ မိမိတို့အား) ဧည့်ခံကျွေးမွေးပါရန် (မေတ္တာရပ်ခံခဲ့ကြ၏။) ထိုအခါ ယင်းမြို့သားတို့က ၄င်းတို့နှစ်ဦးအား ဧည့်ခံ (ကျွေးမွေး) ခြင်းကို ငြင်းပယ်ခဲ့ကြလေသည်။ ထို့နောက် ၄င်းတို့နှစ်ဦးသည် ထိုမြို့တွင်း၌ တံတိုင်း တစ်ခုကို တွေ့ရှိခဲ့ကြ၏။ ထိုတံတိုင်းမှာ ပြိုကျအံ့ဆဲဆဲဖြစ်နေလေရာ ယင်း (ခိသ္ဍ်ရ်) က ထိုတံတိုင်းကို (သဘာဝလွန်အံ့ဖွယ်တန်ခိုးပုံစံဖြင့် လက်ကို ညွှန်ပြလိုက်လေရာ) ဖြောင့်မတ်စွာ ရပ်တည်စေခဲ့သည်။ (ထိုအခါ) ယင်း (မူစာ) က (အချင်းခိသ္ဍ်ရ်) 'အကယ်၍ အသင်သည် အလိုရှိခဲ့ပါမူ ဤ (တံတိုင်းတည့်မတ်အောင် ပြင်ဆင်ပေးရေး) နှင့် စပ်လျဉ်း၍ အမှန်ပင် လုပ်ခကို ယူနိုင်ခဲ့ပေသည်' ဟု ပြောဆိုခဲ့လေသည်။ (သို့ဆိုလျှင် ကျွန်ုပ်တို့၏ အလုပ်လည်း ဖြစ်၍ ၄င်းတို့၏ ခလေ့ထုံးကိုလည်း ပြုပြင်ပေးရာ ရောက်ပေသည်။ ထိုအခါ)

ယင်း (ခိဍ္ဍ်ရ်) က (အို, မူစာ) ဤသည် အသင်နှင့် ကျွန်ုပ် (အသင်ပေးထားခဲ့သော ခံဝန်ကတိပြုချက်နှင့်အညီ) ခွဲခွာရန် (အချိန်) ပင် ဖြစ်၏။ ယခု ကျွန်ုပ်သည် အသင် သည်းမခံနိုင်ခဲ့သော ကိစ္စများနှင့် စပ်လျဉ်း၍ အဖြစ်မှန်ကို အသင့်အား ကြားသိစေပါတော့မည်'ဟု ပြောဆိုခဲ့လေသည်။ (ပမာဆိုရသော် ရှေ့ဆက် တင်ပြမည့် အာယသ်တော်များ၌ ထိုအကြောင်းများ လာရှိထားပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَهْلَ قَرْيَه (မြို့တစ်မြို့မှ မြို့သားတို့ထံ ရောက်လာခဲ့သောအခါ) ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ် ခိဍ္ဍ်ရ် عليه السلام တို့ ကျော်ဖြတ်ခဲ့သော မြို့နှင့် ၎င်းတို့အား ဧည့်ဝတ်ကျေပွန်မှုကို မပြုခဲ့ကြသော မြို့သားတို့သည် ဟဇရသ် အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီး၏ ဆင့်ပြန်ချက်နှင့်အညီ 'အင်နဲ့သွာကီယာ' မြို့သူ၊ မြို့သားတို့ပင် ဖြစ်သည်။ အိဗ်နေစီရီးန်သခင်ကြီး၏ ဆင့်ပြန်ချက်၌ 'အိုက်ကားဟ်'မြို့သူမြို့သားများဟူ၍ လာရှိထား၏။ ဟဇရသ် အဗူဟုရိုင်ရာဟ် رضي الله عنه သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ ထိုမြို့သည် 'အွန်ဒလွှစ်'၏ မြို့တစ်မြို့ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံးဖြစ်တော်မူပေသည်။)/ *မဇ္ဇဟရီကျမ်း* /

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

اَمَّا السَّفِيْنَةُ فَكَانَتْ لِمَسٰكِيْنَ يَعْمَلُوْنَ فِى الْبَحْرِ فَاَرَدْتُّ اَنْ اَعِيْبَهَا وَكَانَ وَرَآءَهُمْ مَّلِكٌ يَّاْخُذُ كُلَّ سَفِيْنَةٍ غَصْبًا ﴿٧٩﴾

၁၈ : ၇၉ ။ ။ စင်စစ် ထိုရွက်သင်္ဘောသည် မြစ်ထဲတွင် လုပ်ကိုင် (စားသောက်) ကြရရှာသော သူဆင်းရဲများ၏ ရွက်သင်္ဘောပင် ဖြစ်ခဲ့ပေရာ၊ ကျွန်ုပ်သည် ယင်းရွက်သင်္ဘော၌ အပြစ်အနာအဆာရှိစေရန် ရည်ရွယ်ခဲ့ပေသည်။ အကြောင်းမှာ ၎င်းတို့ (ရောက်ရှိကြမည့်) ရှေ့ (စခန်း) တွင် ဘုရင်တစ်ပါး ရှိသည်။ ထိုဘုရင်သည် (အပြစ်အနာအဆာကင်းသော) ရွက်သင်္ဘောမှန်သမျှကို အဓမ္မနည်းနှင့် လုယူသိမ်းပိုက်လေ့ ရှိသောကြောင့်ပင် ဖြစ်သည်။

وَاَمَّا الْغُلٰمُ فَكَانَ اَبَوٰهُ مُؤْمِنَيْنِ فَخَشِيْنَآ اَنْ يُّرْهِقَهُمَا طُغْيَانًا وَّكُفْرًا ﴿٨٠﴾

၁၈ : ၈၀ ။ ။ ၎င်းပြင် ထိုသူငယ်မှာ ၎င်း၏ မိဘနှစ်ပါးသည် မုအ်မင်န်သက်ဝင်ယုံကြည်သူများ ဖြစ်ခဲ့ကြပေရာ ယင်းသူငယ်သည် (မိမိ၏) ဆိုးသွမ်းပုန်ကန်မှုဖြင့်လည်းကောင်း၊ (ကုဖွ်ရ်) သွေဖည်ငြင်းပယ်မှုဖြင့်လည်းကောင်း ထိုမိဘနှစ်ပါးအား ဖိစီးလွှမ်းမိုးမည်ကို ကျွန်ုပ်သည် (သိရှိ) စိုးရိမ်မိခဲ့ပေသည်။

فَأَرَدْنَآ أَن يُبْدِلَهُمَا رَبُّهُمَا خَيْرًا مِّنْهُ زَكَوٰةً وَأَقْرَبَ رُحْمًا ﴿٨١﴾

၁၈ : ၈၁ ။ ။ သို့ဖြစ်ပေရာ ထို (မိဘ) နှစ်ဦးအား ၎င်းတို့၏ အသျှင်မြတ်က ထိုသူငယ်ထက် (အကျင့်စာရိတ္တ၌) သန့်ရှင်းစင်ကြယ်ရာတွင် ပိုမိုကောင်းမြတ်၍ (မိဘနှစ်ပါးအား) ချစ်ခင်မြတ်နိုး ထောက်ပံ့ရာတွင်လည်း ပိုမိုထူးကဲသော (သားသမီးမျိုးကို) အစားပေးတော်မူရန် ကျွန်ုပ် ရည်ရွယ်ခဲ့ပေသည်။

وَأَمَّا ٱلْجِدَارُ فَكَانَ لِغُلَٰمَيْنِ يَتِيمَيْنِ فِى
ٱلْمَدِينَةِ وَكَانَ تَحْتَهُۥ كَنزٌ لَّهُمَا وَكَانَ أَبُوهُمَا صَٰلِحًا فَأَرَادَ
رَبُّكَ أَن يَبْلُغَآ أَشُدَّهُمَا وَيَسْتَخْرِجَا كَنزَهُمَا رَحْمَةً مِّن رَّبِّكَ
وَمَا فَعَلْتُهُۥ عَنْ أَمْرِى ذَٰلِكَ تَأْوِيلُ مَا لَمْ تَسْطِع عَّلَيْهِ صَبْرًا ﴿٨٢﴾

၁၈ : ၈၂ ။ ။ ထို့ပြင် ယင်းတံတိုင်းမှာ ထိုမြို့မှ မိဘမဲ့သူငယ်နှစ်ဦးတို့၏ တံတိုင်းပင် ဖြစ်ခဲ့ပေသည်။ ၎င်းပြင် ယင်းတံတိုင်း၏ အောက်တွင် ထို (သူငယ်) နှစ်ဦးအဖို့ စုဆောင်းထားခဲ့သော ဘဏ္ဍာပစ္စည်းသည် ရှိနေပေသည်။ ထို့ပြင် ၎င်း (သူငယ်) နှစ်ဦး၏ ဖခင်မှာလည်း သူတော်ကောင်းသူမြတ်တစ်ပါးပင် ဖြစ်ခဲ့ပေရာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ၎င်းတို့နှစ်ဦးအား မိမိတို့ လူလားမြောက်သော အရွယ်သို့ ရောက်ရှိကြသောအခါ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကရုဏာတော်အားဖြင့် မိမိတို့၏ (ပိုင်ဆိုင်သော) ဘဏ္ဍာပစ္စည်းကို ဖော်ထုတ်ယူကြရန် ရည်ရွယ်တော်မူခဲ့ပေသည်။ စင်စစ် ကျွန်ုပ်သည် ဤကိစ္စကို မိမိ၏သဘောနှင့် ပြုလုပ်ခဲ့သည်မဟုတ်ပေ။ ဤသည် အသင် သည်းခံ၍ မနေနိုင်ခဲ့သော အမှုကိစ္စများ၏ အဖြစ်မှန်ပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ထိုရွက်သင်္ဘောသည် မြစ်ထဲတွင် လုပ်ကိုင် (စားသောက်) ကြရရှာသော သူဆင်းရဲများ၏ (ယင်းသင်္ဘော၏ အကြောင်းခံဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော) ရွက်သင်္ဘောပင် ဖြစ်ခဲ့ပေရာ ကျွန်ုပ်သည် ယင်းရွက်သင်္ဘော၌ အပြစ်အနာအဆာရှိစေရန် ရည်ရွယ်ခဲ့ပေသည်။ (ထိုသို့ အပြစ်အနာအဆာ ရှာရခြင်း၏) အကြောင်းမှာ ၎င်းတို့ (ရောက်ရှိကြမည့်) ရှေ့ (စခန်း) တွင် (ဆိုးယုတ်သော) ဘုရင်တစ်ပါးရှိသည်။ ထိုဘုရင်သည် (အပြစ်အနာအဆာကင်းသော) ရွက်သင်္ဘောမှန်သမျှကို အဓမ္မနည်းနှင့် လုယူသိမ်းပိုက်လေ့ရှိသောကြောင့်ပင် ဖြစ်သည်။ (အကယ်၍ ကျွန်ုပ်သည် ရွက်သင်္ဘော၌ အပြစ်အနာအဆာ ပြုကာ ပြင်ပသဏ္ဍာန်အားဖြင့် အသုံးချ၍မရသော အရာအဖြစ် မပြုလုပ်ထားပါမူ ဤရွက်သင်္ဘောသည်လည်း လုယူခြင်းခံရမည်ဖြစ်ပြီး ယင်းသူဆင်းရဲတို့၏ ဝမ်းစာရှာဖွေနေရခြင်း၏ အကြောင်းခံသည်လည်း ပျောက်သွားပေလိမ့်မည်။ ထို့ကြောင့် ထိုးဖောက်၊ ချိုးဖောက်ခြင်း၌ တင်ပြပါ အကျိုးရှိနေပေသည်။) ၎င်းပြင် သူငယ်မှာ ၎င်း၏ မိဘနှစ်ပါးသည် မုအ်မင်န်သက်ဝင်ယုံကြည်သူများ ဖြစ်ခဲ့ကြပေရာ (အကယ်၍ ယင်းသူငယ် ကြီးပြင်းလာမည်ဆိုပါက ဆိုးသွမ်းယုတ်မာ မတရားသော ကာဖိရ်တစ်ယောက် ဖြစ်လာပေ

မည်။ ထို့ပြင် ၎င်း၏ မိခင်သည်လည်း ၎င်းအား အလွန်ချစ်စိတ်ပိုနေပေသည်။) ယင်းသူငယ်သည် (မိမိ၏) ဆိုးသွမ်းပုန်ကန်မှုဖြင့် ၎င်း (ကုဖ္ဖရ်) သွေဖည်ခြင်းပယ်မှုဖြင့်လည်းကောင်း၊ ထိုမိဘနှစ်ပါးအား ဖိစီးလွှမ်းမိုးမည်ကို ကျွန်ုပ်သည် (သိရှိ) စိုးရိမ်မိခဲ့ပေသည်။ (ဆိုလိုသည်မှာ သားအား ချစ်စိတ်ပိုပြင်းသည့် အကြောင်းခံကြောင့် ထိုမိခင်သည်လည်း ၎င်းနှင့်အတူ သာသနာမဲ့သော သူမ မဖြစ်သွားစေရန်ဖြစ်သည်။)

သို့ဖြစ်ပေရာ ထို (မိဘ) နှစ်ဦးအား ၎င်းတို့၏ အသျှင်မြတ်က ထိုသူငယ်ထက် (အကျင့်စာရိတ္တနှင့် ဒီးန်သာသနာ၌) သန့်ရှင်းစင်ကြယ်ရာတွင် ပိုမိုကောင်းမြတ်၍ (မိဘနှစ်ပါးအား) ချစ်ခင်မြတ်နိုး ထောက်ပံ့ရာတွင်လည်း ပိုမိုထူးကဲသော (သားယောကျ်ားလေးကိုသော်လည်းကောင်း၊ သို့မဟုတ် သမီးမိန်းကလေးကိုသော်လည်းကောင်း) အစားပေးတော်မူရန် ကျွန်ုပ် ရည်ရွယ်၍ (ယင်းသူငယ်အား အဆုံးစီရင်ရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်) ခဲ့ပေသည်။ ထို့ပြင် ယင်းတံတိုင်းမှာ ထိုမြို့ (၌ နေထိုင်သော) မိဘမဲ့သူငယ်နှစ်ဦးတို့၏ တံတိုင်းပင် ဖြစ်ခဲ့ပေသည်။ ၎င်းပြင် ယင်းတံတိုင်း၏အောက်တွင် ထို (သူငယ်) နှစ်ဦးအဖို့ စုဆောင်းထားရှိခဲ့သော ဘဏ္ဍာပစ္စည်း ရှိနေပေသည်။ (ထိုပစ္စည်းသည် ၎င်းတို့၏ ဖခင်ဘက်မှ အမွေအဖြစ် ရရှိသောပစ္စည်းဖြစ်သည်။ ထို့ပြင် ၎င်း (သူငယ်) နှစ်ဦး၏ (သေဆုံးသွားပြီးဖြစ်သော) ဖခင်မှာလည်း သူမွန်သူမြတ်တစ်ပါးပင် ဖြစ်ခဲ့ပေရာ (ထိုဖခင်သည် မွန်မြတ်သော အကျင့်စာရိတ္တရှိခြင်းကြောင့် ယင်းမွန်မြတ်သော အချက်၏ 'ဗရ်ကသ်'မင်္ဂလာတော်ဖြင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ သားသမီးများ၏ ပစ္စည်းဥစ္စာတို့ကို ထိန်းသိမ်းစောင့်ရှောက် ပေးသနားတော်မူရန် လိုလားနေပေသည်။ အကယ်၍ တံတိုင်းပြိုကျသွားမည်ဆိုလျှင် လူတို့သည် ဤပစ္စည်းကို လုယူသွားကြမည်ဖြစ်သည်။ များသောအားဖြင့် ယင်းသူငယ်နှစ်ဦးအား အုပ်ထိန်းလျက်ရှိနေသော သူသည် ထိုဘဏ္ဍာပစ္စည်းများ ရှိကြောင်းကို သိရှိပေသည်။ ၎င်းသည်လည်း ပြန်လည်စီမံမှု ပြုလုပ်ရန် ဤနေရာ၌ မရှိပေ။) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ၎င်းတို့နှစ်ဦးအား မိမိတို့ လူလားမြောက်သော (သူပျို) အရွယ်သို့ ရောက်ရှိကြသောအခါ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကရုဏာတော်အားဖြင့် မိမိတို့၏ (ပိုင်ဆိုင်သော) ဘဏ္ဍာပစ္စည်းကို ဖော်ထုတ်ယူကြရန် ရည်ရွယ်တော်မူခဲ့ပေသည်။ စင်စစ် (ဤကိစ္စရပ် အလုံးစုံကို ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ပြုလုပ်ခဲ့လေသည်။ ထိုကိစ္စရပ်များထဲမှ) မည်သည့်ကိစ္စတစ်ခုကိုမဆို မိမိသဘောနှင့် ပြုလုပ်ခဲ့သည်မဟုတ်ပေ။ ဤသည် အသင် သည်းခံ၍ မနေနိုင် ခဲ့သော အမှုကိစ္စများ၏ အဖြေမှန်ပင် ဖြစ်ပေသည်။ (အကြောင်းအချက်ကို ကျွန်ုပ်သည် ကတိနှင့်အညီ ပြသပြီးဖြစ်သည်။ သို့ရှိရာ ဟဇရသ်မူစာ عليه السلام သည် ဟဇရသ်ခိဇ္ဇ်ရ် عليه السلام ၏ ထံတော်ပါးမှ ခွဲခွာသွားလေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

أَمَّا السَّفِينَةُ فَكَانَتْ لِمَسَاكِينَ

(စင်စစ် ထိုရွက်သင်္ဘောသည် မြစ်ထဲတွင် လုပ်ကိုင် (စားသောက်) ကြရှာသော သူဆင်းရဲများ၏ ရွက်သင်္ဘောပင်ဖြစ်ခဲ့ပေရာ။) *[၁၈ : ၇၉]*

ဤရွက်သင်္ဘောကို ပိုင်ဆိုင်သော သူဆင်းရဲများနှင့် စပ်လျဉ်း၍ ကအဗ်အဟ်ဗာ‌းရ် ﷺ သခင်ကြီး ထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ ၎င်းတို့မှာ ညီအစ်ကို (၁၀) ဦး ဖြစ်ကြပေသည်။ အကြင် (၁၀) ဦးထဲမှ (၅) ဦးသည် ဒုက္ခိတ မလုပ်မကိုင်နိုင်သူများဖြစ်၍ ကျန် (၅) ဦးမှာ ကြိုးပမ်းလုပ်ကိုင်ကြကာ အားလုံးသော သူတို့အဖို့ ဝမ်းစာရှာဖွေရန် စီမံမှုကို ပြုကြလေသည်။ ၎င်းတို့ ဝမ်းစာရှာဖွေသော အလုပ်မှာ မြစ်ပင်လယ်အတွင်း၌ ရွက်သင်္ဘောကို မောင်းနှင်၍ သင်္ဘောခကို ရယူလေ့ ရှိကြပေသည်။

'မိစ်ကီးန်' သူဆင်းရဲသည် မည်သူနည်း။

အချို့သောသူတို့သည် 'မည်သည့်တစ်စုံတစ်ရာမရှိသော သူတို့ကို 'မိစ်ကီးန်' သူဆင်းရဲဟူ၍ ခေါ်ဆိုကြောင်းကို အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။ သို့ရာတွင် ဤအထက်ဖော်ပြပါ အာယသ်တော်မှ 'မိစ်ကီးန်'၏ မှန်ကန်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သိရှိရပေသည်။ အကြင်သူထံ၌ ၎င်း၏ အဓိကလိုအပ်ချက်ထက် သာပိုကာ ဥစ္စာပစ္စည်းတို့သည် 'နေစာဗ်'အတိုင်းအတာအထိ မရှိရပေ။ ထို့ထက် နည်းပါးသော အတိုင်းအတာ ပစ္စည်းဥစ္စာ ပိုင်ဆိုင်သောသူဖြစ်မူ ၎င်းသည် 'မိစ်ကီးန်' (သူဆင်းရဲ) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၌ ပါဝင်နေပေမည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်၌ သူဆင်းရဲ (မိစ်ကီးန်) ဟူ၍ မိန့်တော်မူထားသော သူတို့ထံ၌ အနည်းဆုံး ရွက်သင်္ဘောတစ်စီး ရှိလေရာ တန်ဖိုးသည် 'နေစာဗ်'အတိုင်းအတာထက် နည်းမည်မဟုတ်ပေ။ သို့ရာတွင် ထိုရွက်သင်္ဘောသည် လိုအပ်သည့် အတိုင်းအတာအတွင်း၌ ပါရှိသည့်အတွက်ကြောင့် 'မိစ်ကီးန်'များဟူ၍သာ မိန့်တော်မူထားခြင်း ဖြစ်သည်။

مَّلِكٌ يَأْخُذُ كُلَّ سَفِينَةٍ غَصْبًا

၎င်းတို့ ရောက်ရှိကြမည့် ရှေ့စခန်းတွင် ဘုရင်တစ်ပါးရှိသည်။ ထိုဘုရင်သည် အပြစ်အနာအဆာ ကင်းသော ရွက်သင်္ဘောမှန်သမျှကို အဓမ္မနည်းနှင့် လုယူသိမ်းပိုက်လေ့ ရှိသောကြောင့်ပင် ဖြစ်သည်။

[၁၈ : ၇၉]

ဗဂ်ဝီးသခင်ကြီးသည် အိဗ်နေ့အဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်အား ဆင့်ပြန်ထားလေသည်။ ဤရွက်သင်္ဘောခရီးနှင်နေသည့်ဘက်၌ ဆိုးသွမ်းဘုရင်တစ်ဦး ရှိသည်။ အကြင်ဘုရင်ယုတ်သည် ထိုနေရာမှ ဖြတ်သန်းသွားသော သူများအားလုံး၏ ရွက်သင်္ဘောများကို အတင်းအဓမ္မ လုယူလေ့ရှိပေသည်။ ဟဇရသ် ခိဇ္ဇ်ရ် ﷺ သည် 'ထိုဘုရင်ယုတ်သည် ယင်းရွက်သင်္ဘောအား ချွင်းချက်ရှိသော ယာဉ်အဖြစ် သတ်မှတ်နားလည်ထားပြီး စွန့်လွှတ်လိုက်ရန်နှင့် ဤသူဆင်းရဲတို့သည်လည်း ဤဘေးဒုက္ခမှ လွတ်မြောက်ရန်တည်း' ဟူသော အကြောင်းအကျိုးတရားတို့ကြောင့် ရွက်သင်္ဘော၏ ပျဉ်ပြားတစ်ချပ်ကို ထိုးဖောက်ကာ သီးခြားစွာ နှုတ်ယူထားလိုက်လေသည်။

وَأَمَّا الْغُلَامُ ဤသူငယ်မှာ ခိဇ္ဇ်ရ် ﷺ သတ်ဖြတ်လိုက်သော သူငယ်ဖြစ်သည်။ သတ်ဖြတ်လိုက်ရခြင်း၏ အခြေခံဇစ်မြစ်ကို ဤသို့ မိန့်တော်မူထားပေသည်။ ထိုသူငယ်၏ စိတ်ဓါတ်ဗီဇ၌ ကုဖွ်ရ်

(သွေဖည်ငြင်းဆိုမှု) နှင့် မိဘနှစ်ပါးအား ဖိဆန် ဆန့်ကျင်ခြင်း၏ သဘောတရား ရှိပေသည်။ ထိုသူငယ်၏ မိဘနှစ်ပါးမှာ သူမွန်သူမြတ်များ ဖြစ်ပေသည်။ ဟဇရတ်ခိသ်ရ် عليه السلام မိန့်တော်မူသည်မှာ ကျွန်ုပ်သည် 'ဤသူငယ် ကြီးပြင်းလာက ထိုမွန်မြတ်သော မိဘနှစ်ပါးကို ဒုက္ခပေးပေလိမ့်မည်။ ကုဖွ်ရ် (သွေဖည်ငြင်းပယ်မှု) ၌ နစ်မွန်းကာ မိဘနှစ်ပါးအဖို့ ပြဿနာတစ်ရပ်ကိုလည်း ဖန်တီးလာပေလိမ့်မည်။ ထိုသူငယ်အား ချစ်ခင်ရာ၌ မိဘနှစ်ပါး၏ အီမာန်သည်ပင်လျှင် စိုးရိမ်မကင်း ဖြစ်ရှိရသော အခြေအနေ ဆိုက်ရောက်နေမည်ဖြစ်ကြောင်း' ကို စိုးရိမ်ပူပန်မိလေသည်။

فَارَدْنَا اَنْ يُّبْدِلَهُمَا رَبُّهُمَا خَيْرًا مِّنْهُ زَكٰوةً وَّ اَقْرَبَ رُحْمًا

(သို့ဖြစ်ပေရာ ထိုမိဘနှစ်ပါးအား ၎င်းတို့၏ အသျှင်မြတ်က ထိုသူငယ်ထက် (အကျင့်စာရိတ္တ၌) သန့်ရှင်းစင်ကြယ်ရာတွင် ပိုမိုကောင်းမြတ်၍ (မိဘနှစ်ပါးအား) ချစ်ခင်မြတ်နိုးထောက်ပံ့ရာတွင်လည်း ပိုမိုထူးကဲသော သားသမီးမျိုးကို အစားပေးတော်မူရန် ကျွန်ုပ် ရည်ရွယ်ခဲ့ပေသည်။) *[၁၈ : ၈၁]*

ထိုဖြစ်အင်၌ خَشِيْنَا (ကျွန်ုပ်သည် စိုးရိမ်မိခဲ့ပေသည်) နှင့် اَرَدْنَا (ကျွန်ုပ် ရည်ရွယ်ခဲ့ပေသည်) တို့တွင် အများကိန်းကို အသုံးပြုထားပေသည်။ ထိုသို့ မိန့်တော်မူခြင်း၏ အကြောင်းမှာ 'ဤသို့ စိုးရိမ်မိခဲ့ခြင်းနှင့် ရည်ရွယ်ခဲ့ခြင်းကို ဟဇရတ်ခိသ်ရ် عليه السلام သည် မိမိနှင့် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်ကာ မိန့်တော်မူခြင်း' ဟူ၍ ဖြစ်နိုင်ပေသည်။ ထို့နောက် ဤသို့ 'မိမိဘက်သို့သာလျှင် ဆက်နွယ်ကာ မိန့်တော်မူသည်ဆိုလျှင် اَرَدْنَا (ကျွန်ုပ် ရည်ရွယ်ခဲ့ပေသည်) ၏ အဓိပ္ပာယ်မှာ 'ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုမွန်တောင်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကလေးသူငယ် တစ်ဦး၏ အစား၌ ထို့ထက် သာပိုကောင်းမွန်သော သားသမီးအား ပေးခြင်း၏ ကိစ္စရပ်သည် အလ္လာဟ်အသျှင်မြတ်၏ သီးသန့်လုပ်ရပ် ဖြစ်သည်။ ထိုကိစ္စရပ်၌ ကျွန်ုပ်ခိသ်ရ်သော်လည်းကောင်း၊ သို့မဟုတ် အခြားသော မည်သည့် လူသား တစ်ဦးတစ်ယောက်မျှ ဖက်စပ်ပါဝင်ခြင်းမျိုး မဖြစ်နိုင်ပေ' ဟူ၍လည်း ဖြစ်နိုင်ပေသည်။

'ဤသူငယ်သည် ကာဖိရ်ဖြစ်ကာ မိဘနှစ်ပါးကိုပါ လမ်းလွဲ၊ လမ်းမှားအောင် ပြုမည်ဟူသော' အချက်သည် အလ္လာဟ်အသျှင်မြတ်၏ အသိတော်၌ ရှိတော်မူပေသည်။ သို့ဆိုလျှင် တစ်ဖန် ဤဖြစ်အင်သည် အလ္လာဟ်အသျှင်မြတ်၏ အသိတော်နှင့်အညီ ဖြစ်ပေါ်လာရန်လည်း အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ အသိတော်နှင့် ဆန့်ကျင်ကာ မည်သည့်အရာတစ်စုံတစ်ရာမျှ မဖြစ်နိုင်ပေ' ဟူသော အချက်အပေါ် ဒွိဟသံသယဖြစ်နေခြင်း မပိုင်ပေ။

အလ္လာဟ်အသျှင်မြတ်၏ အသိပညာတော်အတွင်း၌ 'ဤသူငယ် ကြီးပြင်းလာပြီး ကာဖိရ်ဖြစ်၍ အခြားသော မွတ်စ္စလင်မ်များအဖို့လည်း စိုးရိမ်မကင်း ဖြစ်နိုင်မည့်သူ ဖြစ်မည်' ဟူသော စည်းကမ်းချက်နှင့်အတူ ဖြစ်သည်။ တစ်ဖန် ၎င်းသည် 'အရွယ်မရောက်မီအလျင် အသတ်ဖြတ်ခံလိုက်ရလေရာ' ဖြစ်ပေါ်လာသော ဖြစ်အင်သည် ထိုအလ္လာဟ်အသျှင်မြတ်၏ အသိတော်နှင့် ဆန့်ကျင်ဘက်မဖြစ်ပေ။ *[မဇ္ဇဟရီကျမ်း]*

အိဗ်နေအဗီရှိက်ဖား၊ အိဗ်နွလ်မွန်ဇစ်ရ်နှင့် အိဗ်နေအဗီဟာသင်မ်တို့သည် အသွိယားသခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် တင်ပြထားသည်မှာ 'သတ်ဖြတ်ခြင်းခံလိုက်ရသော သူငယ်၏ မိဘနှစ်ပါးကို အလ္လာဟ် အသျှင်မြတ်သည် ၎င်း၏အစား၌ သမီးငယ်တစ်ဦးကို ချီးမြှင့်လိုက်လေသည်။ အကြင်သမီးငယ် အမျိုးသမီး၏ ဝမ်းဗိုက်တွင်းမှ နဗီတမန်တော်တစ်ပါးကို ထွန်းကားစေခဲ့သည်။' အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်၌ လာရှိထားသည်မှာ ထိုအမျိုးသမီး၏ ဝမ်းဗိုက်တွင်းမှ နဗီနှစ်ပါး ထွန်းကားခဲ့လေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ 'ထိုအမျိုးသမီး၏ ဝမ်းဗိုက်တွင်းမှ မွေးဖွားတော်မူလာသော နဗီ၏ အကြောင်းခံဖြင့် အလ္လာဟ်အသျှင်မြတ်သည် အလွန်ကြီးကျယ်သော အွမ္မသ် (နောက်လိုက်ထု) တစ်ရပ်ဖြင့် ချီးမြှင့်လိုက်လေသည်။

وَتَحْتَهُ كَنزٌ لَّهُمَا (၎င်းပြင် ယင်းတံတိုင်း၏ အောက်တွင် ထို (သူငယ်) နှစ်ဦးအဖို့ စုဆောင်းထားခဲ့သော ဘဏ္ဍာပစ္စည်း ရှိနေပေသည်။ ထိုဘဏ္ဍာပစ္စည်းနှင့် စပ်လျဉ်း၍ ဟဇရသ်အဗ္ဗုရ်ရှုရ်ဒါး ﷺ သခင်ကြီးသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ 'ရွှေပုံ၊ ငွေပုံ' ဖြစ်ကြောင်းကို ဆင့်ပြန်ထားသည်။ (ထိုဆင့်ပြန်ချက်ကို အေမာမ်သိရ်မိဇီသခင်ကြီးနှင့် ဟာကင်မ်သခင်ကြီးတို့ ဆင့်ပြန်ထားလေသည်။ ၎င်းပြင် မှန်ကန်သော ဆင့်ပြန်ချက်ဖြစ်ကြောင်းကိုလည်း မိန့်တော်မူထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက မိန့်တော်မူသည်မှာ 'ထိုအရာသည် ရွှေသင်ပုန်းတစ်ချက် ဖြစ်သည်။ အကြင်ရွှေသင်ပုန်းအပေါ်၌ အောက်ဖော်ပြပါ စာပိုဒ်များကို ကမ္ပည်းထိုးထားလေသည်။ ဤဆင့်ပြန်ချက်ကို ဟဇရသ်အွတ်စမားန်ဗင်န် အဖ်ဖားန် ﷺ သခင်ကြီးသည်လည်း တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ တိုက်ရိုက် ဆင့်ပြန်ထားလေသည်။ *[ကုရ်သုဗီးကျမ်း]*

(၁) 'ဗစ်မိလ်လားဟိစ်ရ် ရဟ်မားနစ်ရ်ရဟီးမ်'။
အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အလ္လာဟ် အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

(၂) 'သက်ဒီးရ်' (နဖူးစာကံ) အပေါ် အီမာန်ရယူထားပါလျက် တစ်ဖန် အဘယ်ကြောင့် သောကဖြစ်နေရပါသနည်း။ ထိုသူနှင့် ပတ်သက်၍ အံ့သြတော်မူပါသည်။

(၃) စားနပ်ရိက္ခာတာဝန်ကို အလ္လာဟ်အသျှင်မြတ် ရယူထားတော်မူကြောင်းကို အီမာန်ရယူထားပါလျက် တစ်ဖန် လိုအပ်သည်ထက် သာပို၍ ဒုက္ခခံကာ အလဟဿကြိုးပမ်းမှုများ အဘယ်အကြောင်းကြောင့် ပြုလုပ်နေသည်ကို အံ့သြတော်မူပေသည်။

(၄) သေခြင်းတရားအပေါ် အီမာန်ရယူထားပါလျက် တစ်ဖန် ပျော်ရွှင်ကြည်နူးစွာ မည်သို့ သက်တမ်းကုန်ဆုံးနေသည်ကို အံ့သြတော်မူပေသည်။

(၅) နောင်တမလွန်၏ စာရင်းအင်းစစ်ဆေးခြင်းခံရမည့်အချက်အပေါ် အီမာန်ရယူထားပါလျက် တစ်ဖန် မေ့လျော့မှု၏ လှိုင်းဂယက်အတွင်းဝယ် တဝဲလည်လည် ဖြစ်နေသူအပေါ် အံ့သြတော်မူပေသည်။

၆ လောကီနှင့် လောကီ၏ ပြောင်းလဲခြင်းတရားကို သိနားလည်ပါလျက်နှင့် တစ်ဖန် ထိုသိနားလည်မှုအပေါ် စိတ်အေးချမ်းသာစွာ နေထိုင်သူအပေါ် အံ့ဩတော်မူပေသည်။

၇ 'လားအိလားဟအိစ်လ်လလ်လားဟု မုဟမ်းမုဒုရ်ရစူးလွလ်လားဟ်'

မိဘနှစ်ပါး၏ မွန်မြတ်ကောင်းမွန်ခြင်း၏ အကျိုးဆက်တရားသည် သားစဉ်မြေးဆက်အပေါ်ထိတိုင် သက်ရောက်နေခြင်းအကြောင်း

وَكَانَ اَبُوْ هُمَاصَالِحًا (ထို့ပြင် ၄င်းသူငယ်နှစ်ဦး၏ ဖခင်မှာလည်း သူမွန်သူမြတ်တစ်ပါးပင် ဖြစ်ခဲ့ပေရာ) ဟူသော အာယသ်တော်၌ 'ဖတဆိုးကလေးများအဖို့ မြုပ်နှံခြင်း ခံထားရသော ဘဏ္ဍာပစ္စည်းများကို စောင့်ရှောက်ရန် အချက်ကို ဟဇရသ်ခိသွ်ရ် ﷺ ၏ အကြောင်းခံဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားစေတော်မူကြောင်း' ကို ညွှန်ပြထားပေသည်။ ယင်းသို့ ထိန်းသိမ်း စောင့်ရှောက်ထားတော်မူစေခြင်းမှာ 'ထိုသူငယ်များ၏ ဖခင်သည် မွန်မြတ်သောသူတစ်ဦးဖြစ်၍ အလ္လာဟ်အသျှင်မြတ် လက်ခံခြင်းခံထားရသောသူ တစ်ဦးဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ၄င်း၏ ဆန္ဒပြည့်ဝစေရန်နှင့် ၄င်း၏ သားစဉ်မြေးဆက်အပေါ် အကျိုးတရား သက်ရောက်စေတော်မူရန် ဤသို့ စီမံပေးမှုကို ပြုထားပေးကြောင်း' တို့ကြောင့် ဖြစ်ပေသည်။ ဟဇရသ်မိုဟမ္မဒ်ဗင်န် မွန်ကဒစ်ရ်သခင်ကြီးက အမိန့်ရှိထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ကျေးကျွန်တစ်ဦး၏ မွန်မြတ်၊ ကောင်းမွန်ခြင်းကြောင့် ၄င်း၏ သားသမီးများ၊ သားစဉ်မြေးဆက်များ၊ ဆွေမျိုးသားချင်းများ၏ အိမ်နီးနားပတ်ဝန်းကျင်၌ရှိသော အိမ်များကိုပင် ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုပေးသနားတော်မူပေသည်။ *[မဇ္ဇဟရီကျမ်း]*

ကုရ်သုဗီကျမ်း၌ ဟဇရသ်ရှစ်ဗ်လီးသခင်ကြီးသည် 'ကျွန်ုပ်သည် ဤမြို့နှင့် နယ်ပယ်အလုံးစုံတို့အဖို့ ငြိမ်းချမ်းရေးတရားပေးသော' သူဟူ၍ မိန့်တော်မူထားလေသည်။ ၄င်းကွယ်လွန် သေဆုံးသွားသော အခါဝယ် ၄င်းအား မြုပ်နှံလိုက်သည့်အချိန်၌မှာပင် ဒီလားမ်နယ်သား ကာဖိရ်များသည် 'ဒဂျ်လာ' မြစ်ကို ကူးဖြတ်၍ 'ဗဂ်ဒါးဒ်'မြို့အား သိမ်းပိုက်လိုက်လေသည်။ ထိုအချိန်တွင် လူတို့၏ နှုတ်လျှာအပေါ်၌ 'ကျွန်ုပ်တို့အပေါ် ဒုက္ခနှစ်ထပ်ကွမ်း သက်ရောက်လာပေသည်။ ဆိုလိုသည်မှာ ရှစ်ဗ်လီးသခင်ကြီး၏ ကွယ်လွန်သေဆုံးခြင်းနှင့် ဒီလားမ်နယ်သားတို့၏ သိမ်းပိုက်ခြင်းဖြစ်သည်'ဟူသော စကားရပ်ကို ပြောဆိုနေကြပေသည်။ *[ကုရ်သုဗီကျမ်း၊ တွဲ-၁၁၊ စာ-၂၉။]*

သဖ်စီရေမဇ္ဇဟရီကျမ်း၌ ဤအာယသ်တော်၏ အဖွင့်နှင့် စပ်လျဉ်း၍ ဤသို့ လာရှိထားပေသည်။ ဤအာယသ်တော်၌ 'လူတို့အဖို့ အာလင်မ်သာသနာ့ပညာရှင်များနှင့် သူတော်စင်များ၏ သားစဉ်မြေးဆက်တို့သည် လုံးဝ ကုဖွ်ရ် (သွေဖည်ငြင်းဆိုမှု) နှင့် ဆိုးသွမ်းယုတ်မာမှုတို့၌ မနစ်မွန်းနေသရွေ့ ကာလပတ်လုံး၊ ၄င်းတို့အား ထောက်ထားမှုပြုရန်နှင့် ကရုဏာတရားထားရန် သင့်ကြောင်း' ကိုလည်း ရှည်ညွှန်း ဖော်ထုတ်ထားပေသည်။

اَنْ يَّبْلُغَا اَشُدَّ هُمَا

(၄င်းတို့နှစ်ဦးသည် မိမိတို့ လူလားမြောက်သော အရွယ်သို့ ရောက်ရှိကြသောအခါ) ဟူသော အာယသ်တော်၌ 'အရှုတ်ဒှုန်' ဟူသော စကားလုံးသည် 'ရှစ်ဒ်ဒသူးန်' ဟူသော စကားလုံး၏ အများကိန်း ဖြစ်သည်။ အလိုသဘောမှာ စွမ်းအား၊ အင်အားဖြစ်သည်။ လူသားသည် မိမိ၏ ပြည့်ဝသော စွမ်းအား၊ အင်အားနှင့် ကောင်းမှု၊ မကောင်းမှုတို့ကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိသော အသက်အရွယ်ကို ဆိုလိုတော်မူခြင်း ဖြစ်သည်။ အေမာမ်အဘူဟာနီဖာသခင်ကြီးထံ၌ (၂၅) နှစ်သားအရွယ် ဖြစ်ပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက (၄၀) နှစ်ဟူ၍ မိန့်ဆိုကြပေသည်။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏

حَتّٰى اِذَا بَلَغَ اَشُدَّهٗ وَبَلَغَ اَرْ بَعِيْنَ سَنَةً

(နောက်ဆုံးတွင် ၄င်းလူသားသည် မိမိအရွယ်ရောက် လူလားမြောက်ခြင်းသို့ ရောက်ရှိ၍ အနှစ် (၄၀) အရွယ်သို့ ရောက်လာသောအခါ) ဟူ၍ မိန့်တော်မူထားပေသည်။

နဗီ၏ ဂုဏ်ရည်အရ အပြေအဆို ကျစ်လစ်သိပ်သည်းခြင်းနှင့် ယဉ်ကျေးမှုအား ထောက်ထားခြင်း၏ ဥပမာတစ်ရပ်

ထိုဥပမာကို သဘောပေါက်မှတ်ယူရန်အတွက် ဦးစွာပထမ ဤအောက်ဖော်ပြပါ အချက်ကို သိနားလည်ထားရန် အရေးကြီးပေသည်။ ကမ္ဘာလောက၌ မည်သည့်ကောင်းသော၊ ဆိုးသော လုပ်ရပ်တစ်ခုမဆို အလ္လာဟ်အသျှင်မြတ်၏ အလိုသဘောတော် ဆန္ဒတစ်ရပ်မျှ မပါဘဲနှင့် မဖြစ်နိုင်ပေ။ ကောင်းခြင်း၊ ဆိုးခြင်း အားလုံးတို့သည် ထိုအသျှင်မြတ်၏ အဖန်ဆင်းခံများနှင့် ထိုအသျှင်မြတ် အလိုသဘောတော်၌သာ တည်ရှိနေပေသည်။ ဆိုးသော၊ မကောင်းသော ဟူ၍ မှတ်ယူသဘောပေါက်ထားသော အမှုကိစ္စများသည် သီးသန့်သူများနှင့် သီးသန့်အခြေအနေများကို ထောက်ရှု၍ မုချ မကောင်းခြင်း၊ ဆိုးခြင်းဟူ၍ ပြောဆိုထိုက်ပေသည်။ သို့ရာတွင် ကမ္ဘာလောကကြီးတစ်ခွင်လုံးနှင့် ကမ္ဘာလောကကြီး၏ ဓလေ့သဘောသဘာဝကို ခြုံငုံကြည့်ရှုမည်ဆိုလျှင် အရာအားလုံးသည် အရေးကြီး၍ အလ္လာဟ်အသျှင်မြတ်၏ ဖန်ဆင်းမှုရေးရာအရ အရာအားလုံးသည် အကောင်းချည်းသာ ဖြစ်ပေသည်။ ထို့ပြင် အရာအားလုံးသည် ဆင်ခြင်တုံတရားနှင့် အမြော်အမြင်တော်ပေါ်၌ မူတည်နေပေသည်။

တန်ခိုးတော်အသျှင်မြတ်၏ ဖန်ဆင်းမှုရေးရာ၌ မည်သည့်အရာတစ်စုံတစ်ရာမျှ မကောင်းခြင်းဟူ၍ မရှိခြင်း

အချုပ်သဘောမှာ ကမ္ဘာလောကအတွင်း၌ ဖြစ်ပေါ်နေသော ဘေးဒုက္ခနှင့် အမှုကိစ္စကြီးများသည် အလ္လာဟ်အသျှင်မြတ်၏ အလိုတော် တစ်စုံတစ်ရာမျှ မပါဘဲနှင့် မဖြစ်နိုင်ပေ။ ထိုဆက်စပ်မှုတရားကို

ကြည့်ရှု၍လည်း ကောင်းခြင်းနှင့် ဆိုးခြင်းတိုင်းအားလည်း အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်နွယ်ပြောဆိုနိုင်ပေသည်။ သို့ရာတွင် အခြေခံစစ်မြစ်အချက်မှာ အလ္လာဟ်အသျှင်မြတ် ဖန်ဆင်းတော်မူလိုက်ခြင်းကို ထောက်ရှု၍ မည်သည့်ဆိုးသော အရာတစ်ခုမျှလည်း မကောင်းသည်ဟူ၍ မရှိပေ။ ထို့ကြောင့် မကောင်းခြင်း၊ ဆိုးခြင်းကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ မဆက်နွယ်သင့်ကြောင်းသည် ယဉ်ကျေးမှုအရ ထောက်ရှုရမည့် အချက် ဖြစ်သည်။ ဟဇရသ်အိဗ်ရာဟီးမ် عليه السلام ၏ ပြောဆိုချက်များကို ကုရ်အာန်ကျမ်းတော်မြတ်၌ တင်ပြထားလေသည်။

اَلَّذِىْ يُطْعِمُنِىْ وَيَسْقِيْنِ وَاِذَا مَرِضْتُ يَشْفِيْنِ

၄င်းပြင် ထိုအသျှင်မြတ်သည် ငါ့အား (အစားအစာ) ကို ကျွေးမွေးတော်မူ၏။ ထို့ပြင် (ရေကိုလည်း) တိုက်ကျွေးတော်မူ၏။ ထို့ပြင် ငါသည် ဖျားနာသောအခါ ထိုအသျှင်မြတ်သည်ပင်လျှင် ငါ့အား ဝေဒနာကို ပျောက်ကင်းစေတော်မူသည်။ *[၂၆ : ၇၉-၈၀]*

ယင်းအာယသ်တော်၌လည်း ကျွေးမွေးခြင်းနှင့် ရောဂါဘေးဘယများမှ ပျောက်ကင်းစေခြင်းတို့ကို အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်နွယ်ထားတော်မူ၍ ကြား၌ ရောဂါဖြစ်ပွားခြင်းကို မိမိဘက်သို့ ဆက်နွယ်ကာ မိန့်တော်မူထားပေသည်။

وَاِذَا مَرِضْتُ فَهُوَ يَشْفِيْنِ

(ထို့ပြင် ငါသည် ဖျားနာသောအခါ ထိုအသျှင်မြတ်သည်ပင်လျှင် ငါ့အား (ဝေဒနာကို) ပျောက်ကင်းစေတော်မူ၏' ဟု မိန့်တော်မူထားပြီး 'ထိုအသျှင်မြတ်သည် ကျွန်ုပ်အား ရောဂါဝေဒနာ စွဲကပ်စေကာ တစ်ဖန်ပျောက်ကင်းစေတော်မူသည်' ဟူ၍ မိန့်တော်မမူထားပေ။

ဟဇရသ်ခိသ္ဓိရ် عليه السلام မိန့်ဆိုချက်အပေါ် စဉ်းစားသုံးသပ်ရမည်ဆိုလျှင် ပြစ်ချက်နှင့် မကောင်းခြင်း ဖြစ်သော ရွက်သင်္ဘောကို ထိုးဖောက်ရန် ရည်ရွယ်သောအခါ ယင်းအချက်ကို (ကျွန်ုပ်သည် ရည်ရွယ်ခဲ့ပေသည်) ဟူ၍ မိမိ၏ဘက်သို့သာ ဆက်နွယ်မိန့်ဆိုထားပေသည်။ တစ်ဖန် ကလေးကို သတ်ဖြတ်၍ ထိုကလေး၏ အစား၌ ထို့ထက် သာပိုကောင်းမြတ်သော ရတနာကို ချီးမြှင့်ခြင်းသည် ကောင်းချီးအရာဖြစ်သည် ဟူ၍ တင်ပြထားရာတွင် သတ်ဖြတ်ခြင်းသည် မကောင်းသောလုပ်ရပ် ဖြစ်သည်။ ယင်း၏အစား၌ ကောင်းမြတ်သော သားသမီးပေးခြင်းသည် ကောင်းမှုတစ်ခု ဖြစ်သည်။ အမှုကိစ္စတစ်ခု၌ ရှုထောင့်ပုံစံနှစ်မျိုး ပါဝင်ဖက်စပ်နေခြင်းကြောင့် (ကျွန်ုပ်တို့ ရည်ရွယ်ခဲ့ပေသည်) ဟူ၍ မိန့်တော်မူခြင်း ဖြစ်သည်။ သို့မှသာ ယင်းအမှုကိစ္စအတွင်း၌ ပြင်ပသဏ္ဌာန် အားဖြင့် ဆိုးကျိုးအသွင်ရှိသော အချက်အား မိမိဘက်သို့ ဆက်နွယ်ပေးရာရောက်၍ ကောင်းကျိုးအချက်အား အလ္လာဟ်အသျှင်မြတ်ဘက်သို့ ဆက်နွယ်ပေးရာ ရောက်ပေသည်။ တတိယဖြစ်အင်၌ တံတိုင်းကို ပြန်လည်ထောင်မတ်ပေးကာ သူငယ်နှစ်ဦး၏ ပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်ပေးထားခြင်းသည် လုံးဝ ကောင်းမွန်သော အချက်ဖြစ်သည့်အတွက်ကြောင့် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်သို့ ဆက်နွယ်ကာ (အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ရည်ရွယ်တော်မူခဲ့ပေသည်) ဟူ၍ မိန့်တော်မူထားပေသည်။

ဟဇရသ်ခိဒ္ဒိရ် عليه السلام အသက်ရှင်လျက်ရှိနေပါ၏လော၊ သို့မဟုတ် ကွယ်လွန်သေဆုံးသွားပြီလော၊

ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားသော ဟဇရသ်ခိဒ္ဒိရ် عليه السلام နှင့် စပ်လျဉ်းသည့် ဖြစ်အင်သည် အထက်တင်ပြပါ ခေါင်းစဉ်မေးခွန်းနှင့် တစ်စုံတစ်ရာမျှ ပတ်သက်မှုမရှိပေ။ ဟဇရသ်ခိဒ္ဒိရ် عليه السلام သည် ထိုဖြစ်အင်၏နောက် အသက်ရှင်လျက်ရှိနေပါ၏လော။ (သို့မဟုတ်) ကွယ်လွန် သေဆုံးသွားပါ၏လောဟူသော မေးမြန်းချက်ဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များ၌ ယင်းအချက်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာကိုမျှ ရှင်းလင်းစွာဖြင့် မိန့်တော်မမူထားပေ။ အချို့သော ဆင့်ပြန်ချက်များနှင့် သာဝကကြီးများ၏ အဆိုအမိန့်များထံမှ ယနေ့အချိန်အထိတိုင် အသက်ရှင်နေကြောင်းကို သိရှိရပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ ယင်းအချက်နှင့် ဆန့်ကျင်သော အချက်ကို သိရှိရပေသည်။ ထို့ကြောင့် ယင်းအချက်နှင့် စပ်လျဉ်း၍ အာလင်မ်သာသနာ့ပညာရှင်ကြီးများ ကြား၌ အမြဲတစေ အဆိုအမျိုးမျိုး ကွဲပြားလျက်ရှိနေပေသည်။ ဟဇရသ်ခိဒ္ဒိရ် عليه السلام အသက်ရှင်လျက် တည်ရှိနေသည်ဟူ၍ မိန့်ဆိုထားကြသော အာလင်မ်သာသနာ့ပညာရှင်ကြီးများ၏ အထောက်အထားရယူခြင်းတစ်ရပ်မှာ အေမာမ်ဟာကင်မ်သခင်ကြီးသည် မွစ်သဒရပ်ကျမ်း၌ ဟဇရသ်အနတ်စ် رضي الله عنه သခင်ကြီး ထံမှ ဆင့်ပြန်ချက်လာရှိထားသော ဆင့်ပြန်ချက်ဖြစ်သည်။ တမန်တော်မြတ် ﷺ 'ဝဖားသ်'(ကွယ်လွန်တော်မူချိန်) ဝယ် 'ဒါရီ' (မုတ်ဆိတ်) တော် ဖြူဖွေးနေသော ပုဂ္ဂိုလ်တစ်ဦး ဝင်ရောက်လာပြီး လူ့ပရိသတ်ကြီးကို ထိုးဖောက်ဝင်ရောက်လာကာ အတွင်းဆောင်အတွင်းသို့ ဝင်ရောက်တော်မူကာ ငိုယိုတော်မူလေသည်။ တစ်ဖန် ဆွဟာဗာကြီးများ၏ဘက်သို့ လှည့်ကာ ဤအောက်ဖော်ပြပါ စကားလုံးများကို မိန့်ခြွေတော်မူပေသည်။

اِنَّ فِى اللهِ عَزَاءً مِّنْ كُلِّ مُصِيْبَةٍ وَعِوَضًا مِّنْ كُلِّ فَائِتٍ وَخَلَفًا مِّنْ كُلِّ هَالِكٍ فَاِلَى اللهِ

فَاَنِيْبُوْا وَاِلَيْهِ فَارْغَبُوْا فَاِنَّمَا الْمَحْرُوْمُ مَنْ حُرِمَ الثَّوَابَ

အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ 'ဆွဗရ်'(သည်းခံတရား) ထားရှိခြင်းသည်သာလျှင် ဆုံးရှုံးသွားရသော အရာတိုင်း၏ အကျိုးအစားလည်း ဖြစ်ပြီး ပျက်ပြုန်းသော အရာတိုင်း၏ အစားလည်း ဖြစ်ပေသည်။ ထို့ကြောင့် ထိုအသျှင်မြတ်၏ ဘက်တော်သို့သာလျှင် အာရုံပြု လှည့်ရန်နှင့် မက်ထားရန်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခဆိုက်ရောက်ချိန်၌ ရရှိမည့် အကျိုးစဝါးဗ်များမှ လက်မဲ့ဖြစ်နေသူသာလျှင် လက်မဲ့ဖြစ်သူ ဖြစ်သည်။

အထက်ဖော်ပြပါ စကားလုံးများကို မိန့်ခြွေတော်မူ၍ ခွဲခွာသွားပေတော့သည်။ သို့ရှိရာ ဟဇရသ်အဗူဘကရ်စွစ်ဒီးက် رضي الله عنه သခင်ကြီးနှင့် ဟဇရသ်အလီ رضي الله عنه သခင်ကြီးသည် 'ဤသည် ဟဇရသ်ခိဒ္ဒိရ် عليه السلام ဖြစ်ကြောင်း'ဟူ၍ မိန့်တော်မူပေသည်။ ဤဆင့်ပြန်ချက်ကို ဂျဇ်ရီးသခင်ကြီးသည် ဟွစ်နေ့ဟစ္စိင်းကျမ်း၌လည်း တင်ပြထားလေသည်။ အကြင်သခင်ကြီး၏ မိမိ၏ စာအုပ်၌ တင်ပြထားသော ဟဒီးစ်တော် ဆင့်ပြန်

ချက်များ၏ စည်းကမ်းချက်မှာ မှန်ကန်သော 'စနဒ်'အထောက်အထားရှိမှသာလျှင် ရေးသားတင်ပြထားပေသည်။

မှန်ကန်သော မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်၌ လာရှိထားသည်မှာ 'ဒဂ်ျဂျားလ်'သည် မဒီနာမြို့အနီးရှိ နေရာတစ်ခုသို့ ရောက်ရှိသောအခါ မဒီနာရွှေမြို့တော်အတွင်းထဲမှ လူတစ်ဦးတစ်ယောက်သည် ၄င်းနှင့် ယှဉ်ပြိုင်ရန်အတွက် ထွက်ပေါ်လာပေလိမ့်မည်။ အကြင်သူသည် ထိုခေတ်အခါ၌ ရှိသော လူများအတွင်း၌ အကောင်းဆုံးဖြစ်သည်။ သို့မဟုတ် ကောင်းသော သူများထဲမှ တစ်ဦးဖြစ်ပေသည်။ ဤသူသည် ဟဇရတ်ခိဇွ်ရ် عليه السلام ဖြစ်ကြောင်းကို အဗူအိစ်ဟားက်သခင်ကြီးက မိန့်တော်မူထားသည်။ *[ကုရ်သုဗီး]*

အိဗ်နေအဘစ်ဒ်ဒွန္နယာကျမ်း၏ 'ဟဝါသစ်ဖ်'အခန်းကဏ္ဍ၌ စနဒ်ကွင်းဆက်အထောက်အထားနှင့်အတူ ဆင့်ပြန့်ထားပေသည်။ ဟဇရတ်အလီ رضي الله عنه သခင်ကြီးသည် ဟဇရတ်ခိဇွ်ရ် عليه السلام နှင့် တွေ့ဆုံနှုတ်ဆက်သောအခါ ဟဇရတ်ခိဇွ်ရ် عليه السلام သည် ၄င်းအား ဒိုအာတစ်ပုဒ်ကို သင်ကြားပေးလေသည်။ အကြင်ဒိုအာအား နမာဇ်ဖတ်ပြီးတိုင်း ရွတ်ဖတ်မည်ဆိုပါက ကြီးကျယ်လှစွာသော အကျိုးနှင့် လွတ်ငြိမ်းချမ်းသာခွင့်နှင့် ကရုဏာတော်များ ချီးမြှင့်ခြင်းခံရမည်ဖြစ်သည်။ ထိုဒိုအာမှာ အောက်ပါအတိုင်းဖြစ်သည်။

يَا مَنْ لَّا يُشْغِلُهُ سَمْعٌ عَنْ سَمْعٍ وَيَامَنْ لَّا تُغْلِطُهُ الْمَسَائِلُ وَيَا مَنْ لَّا يَبْرَمُ

مِنْ اِلْحَاحِ الْمُلِحِّيْنَ اَذِ قْنِىْ بَرْدَ عَفْوِكَ وَحَلَاوَةَ مَغْفِرَ تِكَ

'အို၊ စကား နားဆင်ရာ၌ အခြားသော စကားရပ်တစ်ခုကို နားထောင်နေခြင်းဖြင့် အဟန့်အတားဖြစ်တော်မမူသော အသျှင်၊ အို၊ အချိန်တစ်ချိန် အတောအတွင်း၌ တောင်းခံမှုများ သိန်းပေါင်းကုဋေကုဋာ တို့၌လည်း မှားယွင်းမှုမရှိတော်မူသော အသျှင်၊ အို၊ ဆုမွန်ဒိုအာ၌ ဇွတ်အတင်း ငိုယိုမြည်တမ်းကာ အကြိမ်ကြိမ်အခါခါ တောင်းခံခြင်းမှ စိတ်ရှုပ်ထွေးမှု ဖြစ်တော်မမူသော အသျှင်၊ ကျွန်တော်မျိုးအား မိမိ၏ဘက်တော်မှ ခွင့်လွှတ်မှုနှင့် ရက်ရောမှု၏ အရသာကို မြည်းစမ်းစေတော်မူပါ။ မိမိ၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၏ ချိုမြိန်မှုအားလည်း ချီးမြှင့်ပေးသနားတော်မူပါ။'

တစ်ဖန် ထိုစာအုပ်အတွင်း၌ အထက်ဖော်ပြပါဖြစ်အင်အတိုင်း၊ ဤဆုမွန်ဒိုအာအတိုင်းနှင့် ဟဇရတ်ခိဇွ်ရ် عليه السلام နှင့် တွေ့ဆုံမှုသည် ဟဇရတ်အုမရ် رضي الله عنه သခင်ကြီးနှင့် ဖြစ်ရှိကြောင်း လုံးဝ ထပ်တူထပ်မျှလည်း လာရှိထားပေသည်။ *[ကုရ်သုဗီကျမ်း]*

ဟဇရတ်ခိဇွ်ရ် عليه السلام အသက်ထင်ရှားစွာ တည်ရှိနေခြင်းကို လက်မခံသော အာလင်မ်သာသနာ့ပညာရှင်ကြီးများ၏ ကြီးမားသော အထောက်အထားမှာ မှန်ကန်သော မွတ်စ္စလင်မ်ကျမ်း၌ ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် رضي الله عنه သခင်ကြီးထံမှ ဆင့်ပြန့်ချက်လာရှိထားသော ဆင့်ပြန့်မှုသာလျှင် ဖြစ်သည်။ ၄င်းက ဆိုလေသည်မှာ 'တစ်ည တမန်တော်မြတ် ﷺ သည် ကျွန်ုပ်တို့အား 'အေရှာနမာဇ်'ကို မိမိသက်တမ်း၏ နောက်ဆုံးပိုင်းအချိန်၌ ဖတ်ပေးတော်မူလေသည်။ စလာမ်လှည့်တော်မူပြီးနောက် ရပ်တော်မူကာ အောက်ဖော်ပြပါ စကားရပ်တော်များကို အမိန့်ရှိတော်မူပေသည်။

ارأيتكم ليلتكم هذه فان على راس مائة سنة منها لا يبقى ممن هو على ظهر الارض احد

(အသင်တို့သည် ယနေ့၏ ညကို တွေ့မြင်လျက်ရှိကြပါသလော။ ဤည၏နောက် နှစ်ပေါင်း (၁၀၀) အကြာတွင် ယခုလက်ရှိ ကမ္ဘာမြေပထဝီအပေါ်၌ အသက်ရှင်စွာဖြင့် တည်ရှိနေသော သူတစ်ဦး တစ်ယောက်မျှ ကျန်ရှိလိမ့်မည်မဟုတ်။)

ဟဇရတ်အိဗ်နေအုမရ် ﷺ သခင်ကြီးသည် ဤဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီးသည့်နောက် 'ဤဆင့်ပြန်ချက်နှင့် စပ်လျဉ်း၍ လူတို့သည် သဘောထားအမျိုးမျိုး ကွဲပြားလျက်ရှိနေကြပေသည်။ သို့ရာတွင် 'နောက်နှစ်ပေါင်း (၁၀၀) ကြာမြင့်ပြီးသည့်နောက် ဤခေတ်ကာလ ကုန်ဆုံးသွားမည်' ဟူသော အလိုသဘောကို တမန်တော်မြတ် ﷺ က မိန့်တော်မူကြောင်းဖြစ်သည်' ဟူ၍ မိန့်ဆိုထားပေသည်။

ဤဆင့်ပြန်ချက်သည် မွတ်စလင်မ်ကျမ်း၌လည်း ဟဇရတ်ဂျာဗိရ်ဗင်နံအဗ်ဒုလ္လာဟ် ﷺ သခင်ကြီး ထံမှလည်း အနီးစပ်ဆုံးအားဖြင့် ဤစကားလုံးတော်များဖြင့်သာ ဆင့်ပြန်ချက်တစ်ရပ် လာရှိထားပေသည်။

သို့ရာတွင် အလ္လာမဟ်ကုရ်သုဗီသခင်ကြီးသည် ဤဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီးနောက် မိန့်တော်မူထားသည်မှာ ထိုဆင့်ပြန်ချက်အတွင်း၌ ဟဇရတ်ခိဇ္ဇိရ် ﷺ ရှင်လျက်ရှိနေခြင်းကို အငြင်းဝင်ထားသော သူတို့အဖို့ အထောက်အထား တစ်စုံတစ်ရာမျှ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ထိုဆင့်ပြန်ချက်အတွင်း၌ ကမ္ဘာ့လူသားထုတစ်ရပ်လုံးတို့အဖို့ ခိုင်မာကျစ်လစ်သိပ်သည်းသော စကားလုံးဖြင့် ခြုံငုံ၍ သုံးနှုန်းထားနေလင့်ကစား သို့သော်ငြားလည်း ယင်းဆင့်ပြန်ချက်အတွင်း၌ 'ကမ္ဘာ့လူသားအားလုံး ပါဝင်နေခြင်း' ၏ 'နပ်စ္စ' (မိန့်တော်မူခြင်း၏ အကြောင်းတရားမျိုး မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် အာဒမ် ﷺ ၏ သားသမီးများအတွင်း၌ ဟဇရတ်အီစာ ﷺ လည်း ပါဝင်ပေသည်။ အကြင်သူသည် ယခုအချိန်ထိတိုင် ကွယ်လွန်သေဆုံးနေခြင်းလည်း မဟုတ်သကဲ့သို့ သတ်ဖြတ်ခြင်း ခံလိုက်ရသည်လည်း မဟုတ်ပေ။ ထို့ကြောင့် ဟဒီးစ်တော်၏ စကားလုံးတော်များအတွင်း၌ လာရှိသော **على الارض** တွင် 'အလစ်လားမ်' သည် 'အဲဟ်ဒ်' (သီးခြားသတ်မှတ်ပေးထားခြင်း) ၏ 'အလစ်ဖ်လားမ်' မျိုး ဖြစ်ပေသည်။ 'အရ်သွ်' (ကမ္ဘာမြေကြီး) ၏ အလိုသဘောမှာ အာရဗ်ကမ္ဘာတစ်ခွင်၏ မြေကြီးကို ဆိုလိုခြင်း ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ ကမ္ဘာမြေပထဝီ တစ်ခုလုံး၌ 'ယာဂျူးဂျ်'၊ 'မာဂျူးဂျ်' တို့ တည်ရှိနေသော နေရာများ၊ ကမ္ဘာ့အရှေ့ပိုင်းမြို့ပြ နိုင်ငံများနှင့် ကျွန်းစွယ်များ၏ အမည်ကို အာရဗ်လူမျိုးတို့သည် ကြားပင် မကြားဘူးကြချေ။ ထိုတင်ပြပါ ဟဒီးစ်တော် ၏ အလိုသဘောအတွင်း၌ ယင်းနယ်ပယ်ဒေသများသည် မပါဝင်ပေ။ ဤသည် အလ္လာမဟ် ကုရ်သုဗီသခင် ကြီး၏ သုတေသနပြုချက်ပင် ဖြစ်သည်။

ဤကဲ့သို့ပင် အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် တမန်တော်မြတ် ﷺ နောက်ဆုံး နဗီတမန်တော်မြတ်ဖြစ်ခြင်းနှင့် စပ်လျဉ်းသော ဓမ္မသတ်ကို ထောက်ရှု၍ ဟဇရတ်ခိဇ္ဇိရ် ﷺ အသက်

ရှင်နေခြင်းကို အတားအဆီး ဖြစ်စေသည်ဟူ၍ မှတ်ယူသဘောပေါက်ထားကြပေသည်။ ယင်းအချက်၏ အဖြေမှာ ရှင်းလင်းလှပေသည်။ ဟဇရတ်အီစာ عليه السلام အသက်ထင်ရှားစွာ တည်ရှိနေခြင်းသည် တမန်တော်မြတ် ﷺ နောက်ဆုံး နဗီဖြစ်ကြောင်းကို အတားအဆီး မပြုနိုင်သကဲ့သို့ ဟဇရတ်ခိဒ်ရ် عليه السلام အသက်ရှင်နေခြင်းကိုလည်း ဤကဲ့သို့ပင် သဘောပေါက် မှတ်ယူထားသင့်ပေသည်။

အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် ဟဇရတ်ခိဒ်ရ် ﷺ အသက်ရှင်နေခြင်းကို ဤသို့ ဒ္ဓိဟာသ်သယဖြစ်ကာ ဖော်ထုတ်ကြပြန်လေသည်။ အကယ်၍ ၎င်းသည် တမန်တော် မြတ် ﷺ ၏ ခေတ်အခါသမယ၌ အသက်ရှင်လျက်ရှိနေပါမူ ၎င်းသည် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ရကာ အန္တိတာခံ၍ အစ္စလာမ့်သာသနာရေးရာကိစ္စတို့၌ လုံးပမ်းနေရန် အရေးကြီးပေသည်။ အဘယ် ကြောင့်ဆိုသော်

لَوْ كَانَ مُوْسَى حَيًّا لَمَا وَسِعَهُ اِلَّا اتِّبَاعِىْ

'ယနေ့ အကယ်၍ ဟဇရတ်မူစာ عليه السلام သက်ရှိထင်ရှားစွာ ရှိနေမည်ဆိုလျှင်လည်း ၎င်းသည် ငါကိုယ်တော့်လမ်းစဉ်ကိုသာ လိုက်နာရပေမည်။ (အကြောင်းမှာ ငါကိုယ်တော် ကြွမြန်းလာသည့်အတွက် ကြောင့် ၎င်း၏ သာသနာသည် ဖျက်သိမ်းခြင်းခံလိုက်ရပေသည်။)' ဟူ၍ တမန်တော်မြတ် ﷺ သည် ဟဒီးစ်တော်၌ အမိန့်ရှိထားပေသည်။ သို့ရာတွင် ဟဇရတ်ခိဒ်ရ် عليه السلام အသက်ထင်ရှားစွာ တည်ရှိနေခြင်း နှင့် ၎င်း၏ နဗီဖြစ်ခြင်းသည် အခြားသော နဗီအများစု၏ သာသနာတော်များနှင့် ကွဲပြားနေခြင်း ဖြစ်နိုင် သည်ဟူသော အချက်သည်လည်း ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ အကြောင်းမှာ ၎င်းအား ဖန်ဆင်း လိုက်ခြင်းပါ ဝတ္တရားများကို အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အပ်နှင်းခြင်းခံထားရပေသည်။ ထိုသခင် ကြီးသည် ယင်းကိစ္စရပ်များကို ဆောင်ရွက်ခြင်းပြုမူနေရာ၌ အဖန်ဆင်းခံများနှင့် သီးခြားစွာ နေထိုင်ကာ မိမိ၏ အလုပ်အပေါ် အမိန့်ပေးခြင်း ခံထားရပေသည်။ တမန်တော်မြတ် ﷺ ၏ သာသနာတော်အား နောက် လိုက်သမှုပြုခြင်းနှင့် စပ်လျဉ်းလာလျှင်မူ တမန်တော်မြတ် ﷺ နဗီအဖြစ် ချီးမြှင့်ခြင်းခံရပြီးနောက် ၎င်းသည် မိမိ၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်ကို တမန်တော်မြတ် ﷺ ၏ လမ်းစဉ်အတိုင်း ပြုလုပ်နေခြင်းဟူသည် လည်း ဖြစ်တန်ကောင်းရာသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံးဖြစ်တော်မူ၏။)

အဗူဟိုက်ယာန်သခင်ကြီးသည် ဗဟ်ရေမုဟွီးသ်သဖ်စီးရ်ကျမ်း၌ သူတော်စင်များစွာကို ဟဇရတ် ခိဒ်ရ် عليه السلام နှင့် တွေ့ဆုံခွင့်ရရှိခြင်း၏ ဖြစ်အင်များကို တင်ပြပြီးနောက် တစ်ဆက်တည်းမှာပင် အောက် ဖော်ပြပါ အချက်ကိုလည်း တင်ပြလိုက်လေသည်။

وَالْجُمْهُوْرُ عَلٰى اَنَّهٗ مَاتَ

'ဇွမ်ဟူးရ်'အိုလမာများသည် ဟဇရတ်ခိဒ်ရ် عليه السلام ကွယ်လွန်သွားဖြစ်ပြီးကြောင်းကို ဆုံးဖြတ်ချက် ချထားကြပေသည်။ *[ဗဟ်ရေမုဟွီးသ်၊ တွဲ-၆၊ စာ-၁၄၇။]*

သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ ကာဇ္ဇီစနာအွလ်လားဟ်ပါနီပသ္တီးသခင်ကြီးသည် အမိန့်ရှိထားပေသည်။ ဓောဒကအချက်အားလုံး၏ ဖြေရှင်းချက်ကို ဟဇရသ်ရှိကိယဒ် အဟ်မဒ် စရ်ဟင်နိဒီ မုဂျဒ်ဒစ် အလ်ဖေ့စာနီး သခင်ကြီးသည် မိမိ၏ 'မုကာရှဖာ' (အလင်းတရား၏ အတွင်းစကား) ဖြင့် အမိန့်ရှိထားပေသည်။ ထိုအချက်မှာ ဤသို့တည်း။ ၎င်းက 'ကျွန်ုပ်ကိုယ်တိုင်သည် ဟဇရသ်ခိဇ္ဇိရ် عليه السلام ကို ထိုကိစ္စရပ်အား အာလမ်မေ့ကရှ်ဖ် (အတွင်းစကားပြောဆိုခြင်း အလင်းတရားလောက) ၌ မေးမြန်းခဲ့သည်။ ၎င်းက ဖြေကြားသည်မှာ 'ကျွန်ုပ်နှင့် ဟဇရသ်အိလ်ယားစ် عليه السلام နှစ်ဦးစလုံးသည် အသက်ရှင်စွာဖြင့် မတည်ရှိကြပေ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်တို့နှစ်ဦးစလုံးအား 'ရှင်နေသောသူများ၏ အသွင်သဏ္ဌာန်ဖြင့် ကိုယ်ရောင်ထင်ဟပ်ကာ လူတို့အား ကူညီရန် ပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်ခြင်း၏ အင်အားကို ချီးမြှင့်ထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံးဖြစ်တော်မူပါ၏။)

ဟဇရသ်ခိဇ္ဇိရ် عليه السلام ၏ ရှင်ခြင်း၊ သေခြင်းသည် ကျွန်ုပ်တို့အဖို့ ယုံကြည်ချက်ဝါဒရေးရာ ဆိုင်ရာ၊ သို့မဟုတ် ကျင့်ကြံမှုရေးရာဆိုင်ရာ ဓမ္မသတ်အဖြစ်နှင့် တစ်စုံတစ်ရာ ပတ်သက်မှုမရှိကြောင်းကို ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) အစမှ တင်ပြခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့၌လည်း ယင်းအချက်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ရှင်းလင်းတင်ပြထားသည်ဟူ၍လည်း မရှိပေ။ သို့ရှိရာ များစွာ အခြေအတင် ဆွေးနွေးကြရန်လည်း လိုအပ်မည်မဟုတ်ပေ။ မည်သည့်ရှုထောင့် တစ်ဘက်ဘက်၏ ဘက်သို့မှ ခိုင်မာစွာ ယုံကြည်ချက်ထားရန်လည်း အရေးမကြီးပေ။ သို့ရာတွင် မွတ်စ္စလင်မ်တို့၏ ကြားဝယ် ပြောဆိုနေကြခြင်းကြောင့် အထက်ဖော်ပြပါ အကျယ်ချဲ့အကြောင်းအရာကို တင်ပြလိုက်ခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَيَسْـَٔلُونَكَ عَن ذِى ٱلْقَرْنَيْنِ ۖ قُلْ سَأَتْلُوا۟ عَلَيْكُم مِّنْهُ ذِكْرًا ﴿٨٣﴾

၁၈ : ၈၃ ။ ။ ထို့ပြင် ၎င်း (ကုရိုက်ရှ်အမျိုးသား) တို့သည် 'ဇုလ်ကရ်နိုင်န်' နှင့် ပတ်သက်၍ အသင့်အား မေးမြန်းကြလေသည်။ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား (အချင်းတို့) 'ငါသည် ယခုပင် ယင်း (ဇုလ်ကရ်နိုင်န်) ၏ (အကြောင်းများ) အနက် အကြောင်းတစ်ခုကို အသင်တို့ရှေ့ဝယ် ဖြန့်၍ ပြောပြမည်' ဟူ၍ ပြောကြားပါလေ။

إِنَّا مَكَّنَّا لَهُۥ فِى ٱلْأَرْضِ وَءَاتَيْنَٰهُ مِن كُلِّ شَىْءٍ سَبَبًا ﴿٨٤﴾

၁၈ : ၈၄ ။ ။ စကန်မလွဲ ငါအသျှင်မြတ်သည် ယင်း (ဇုလ်ကရ်နိုင်န်) အား ကမ္ဘာမြေဝယ် အုပ်ချုပ်မှုအာဏာ ပေးတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းအား အရာခပ်သိမ်းတို့အနက်မှ (လိုအပ်သော) ဥစ္စာပစ္စည်း လက်နက်ကိရိယာကို (တစ်နည်း) အရာခပ်သိမ်းတို့နှင့် စပ်လျဉ်း၍ နည်းလမ်းကို (တစ်နည်း) ဥစ္စာပစ္စည်း လက်နက်ကိရိယာအမျိုးမျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။

فَأَتْبَعَ سَبَبًا ﴿٨٥﴾

၁၈ : ၈၅ ။ ။ သို့ဖြစ်ပေရာ ယင်း (ဇုလ်ကရ်နိုင်န်) သည် လမ်းတစ်ခုကို လိုက်ခဲ့လေသည်။

حَتَّىٰٓ إِذَا بَلَغَ مَغْرِبَ ٱلشَّمْسِ وَجَدَهَا تَغْرُبُ فِى عَيْنٍ
حَمِئَةٍ وَوَجَدَ عِندَهَا قَوْمًا ۗ قُلْنَا يَٰذَا ٱلْقَرْنَيْنِ إِمَّآ أَن
تُعَذِّبَ وَإِمَّآ أَن تَتَّخِذَ فِيهِمْ حُسْنًا ﴿٨٦﴾

၁၈ : ၈၆ ။ ။ နောက်ဆုံးတွင် ယင်း (ဇုလ်ကရ်နိုင်န်) သည် နေဝင်သော နေရာသို့ ရောက်ရှိခဲ့၏။ ထို 'နေ' သည် မည်းနက်၍ နောက်ကျို (ရွံ့ပုပ်ထူ) သော အိုင်တစ်ခုတွင် ဝင်နေဘိသကဲ့သို့ တွေ့မြင်လေ၏။ ၄င်းပြင် ထိုအိုင်၏ အနီးတွင် လူမျိုးတစ်မျိုးကိုလည်း တွေ့ရှိလေ၏။ (ထိုအခါ) ငါအသျှင်မြတ်သည် ယင်း (ဇုလ်ကရ်နိုင်န်) အား 'အို, ဇုလ်ကရ်နိုင်န်၊ အသင်သည် (ဤအမျိုးသားတို့အား) ပြစ်ဒဏ်ခတ်ခြင်းကိုသော်လည်းကောင်း၊ ယင်းတို့နှင့် ပတ်သက်၍ ထောက်ထားညှာတာခြင်းကိုသော်လည်းကောင်း (ဤနှစ်ခုအနက် မိမိကြိုက်နှစ်သက်ရာကို) ပြုနိုင်ခွင့်ရှိသည်' ဟု မိန့်ကြားတော်မူခဲ့ပေသည်။

قَالَ أَمَّا مَن ظَلَمَ
فَسَوْفَ نُعَذِّبُهُۥ ثُمَّ يُرَدُّ إِلَىٰ رَبِّهِۦ فَيُعَذِّبُهُۥ عَذَابًا نُّكْرًا ﴿٨٧﴾

၁၈ : ၈၇ ။ ။ ယင်း (ဇုလ်ကရ်နိုင်န်) က (ထိုအမျိုးသားတို့အား ဤသို့) ပြောဆို (ကြေညာ) ခဲ့လေသည်။ (အချင်းတို့၊ အသင်တို့အနက်) 'မည်သူမဆို မတရားပြုမှု ပြုနေခဲ့ပါလျှင်၊ ကျွန်ုပ်သည် မကြာမီပင် ထိုသူ့အား ပြစ်ဒဏ်စီရင်ပေမည်။ ထို့နောက် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်လည်၍ ရောက်စေခြင်းကို ခံရပေမည်။ ထိုအခါ ထိုအသျှင်မြတ်သည် ၄င်းအား ပြင်းထန်သော ပြစ်ဒဏ်ကို စီရင်တော်မူပေလိမ့်မည်။'

وَأَمَّا مَنْ ءَامَنَ وَعَمِلَ صَٰلِحًا فَلَهُۥ جَزَآءً ٱلْحُسْنَىٰ ۖ وَسَنَقُولُ لَهُۥ مِنْ أَمْرِنَا يُسْرًا ﴿٨٨﴾

၁၈ : ၈၈ ။ ။ 'သို့ရာတွင် မည်သူမဆို အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ခဲ့ပါမူ ထိုသူ၏အဖို့ အကျိုးအားဖြင့် အကောင်းဆုံးသော အရာပင် ရှိပေမည်။ ထို့ပြင် အမှန်ပင် ကျွန်ုပ်သည်လည်း မိမိ၏ အမိန့်ထုတ်ပြန်ချက်တွင် နူးညံ့သော စကားကို ပြောဆိုပေမည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ဇုလ်ကရ်နိုင်းန်' ၏ ပထမခရီးစဉ်

ထို့ပြင် ၄င်း (ကုရိုက်ရှ်အမျိုးသား) တို့သည် 'ဇုလ်ကရ်နိုင်းန်' နှင့် ပတ်သက်၍ အသင့်အား မေးမြန်းကြလေသည်။ (ထိုသို့ မေးမြန်းကြရခြင်း၏ အကြောင်းမှာ ၄င်းနှင့် စပ်လျဉ်းသော ရာဇဝင်သည် ပျောက်ဆုံး

လုနီးပါးဖြစ်နေပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၌ မတင်ပြထားသော အမှုကိစ္စများသည် ယင်းဖြစ်အင်၏ အပိုကိစ္စများ ဖြစ်သည်။ ထိုအမှုကိစ္စများနှင့် စပ်လျဉ်း၍ ယနေ့ထိတိုင် ရာဇဝင် သမိုင်းပညာရှင်ကြီးများထံ၌ ပြင်းထန်စွာ အကွဲအလွဲများ ဖြစ်ပေါ်လျက် ရှိနေပေသည်။ ထို့ကြောင့် မက္ကာဟ်မြို့တော်ရှိ ကုရိုက်ရှ်များသည် မဒီနာမြို့တော်ရှိ ယဟူဒီများကို ထိုဖြစ်အင်အား မေးမြန်းခိုင်းရန် ရွေးချယ်ခဲ့ပေသည်။ ဤအတွက်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၌ လာရှိထားသော ဤဖြစ်အင်၏ အကျယ်ချဲ့ အချက်များသည် တမန်တော်မြတ် ﷺ နဗီဖြစ်ကြောင်း၏ ရှင်းလင်းလှစွာသော အထောက်အထားဖြစ်ပေသည်။ အို့၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား (အချင်းတို့) 'ငါသည် ယခုပင် ယင်း (ဇုလ်ကရ်နိုင်းန်) ၏ (အကြောင်းများ) အနက် အကြောင်းတစ်ခုကို အသင်တို့ရှေ့ဝယ် ပြန်လည်၍ ပြောပြမည်' ဟူ၍ ပြောကြားပါလေ။ (ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ထိုဖြစ်အင်အကြောင်းကို အစပြု၍ အမိန့်ရှိထားပေသည်။ ဇုလ်ကရ်နိုင်းန်ဘုရင်သည် ဒိတ်ဒိတ်ကျဲ အလွန်ကျော်ကြားသော ဘုရင်တစ်ပါး ရှိခဲ့ဖူးသည်။) ကေန်မလွဲ ငါအသျှင်မြတ်သည် ယင်း (ဇုလ်ကရ်နိုင်းန်) အား ကမ္ဘာမြေပေါ်ဝယ် အုပ်ချုပ်မှုအာဏာ ပေးတော်မူခဲ့၏။

ထို့ပြင် ငါအသျှင်မြတ်သည် (၎င်းအနေဖြင့် မိမိ၏ နန်းတွင်းရေးရာ စီမံကိန်းများကို ပြည့်ပြည့်ဝဝ အကောင် အထည်ဖော် ချမှတ်နိုင်ရေးအတွက်) ၎င်းအား အရာခပ်သိမ်းတို့အနက်မှ (လိုအပ်သော) ဥစ္စာပစ္စည်း၊ လက်နက်ကိရိယာကို (လုံလောက်စွာ) ချီးမြှင့်ပေးသနားတော်မူခဲ့၏။ သို့ဖြစ်ပေရာ ယင်း (ဇုလ်ကရ်နိုင်းန်) ဘုရင်ကြီးသည် (အနောက်ပိုင်း တိုင်းပြည်နိုင်ငံများအား တိုက်ခိုက်သိမ်းပိုက်ရန် အလိုသဘောဆန္ဒဖြင့်) လမ်းတစ်ခုကို လိုက်ခဲ့လေသည်။ (ခရီးနှင်ရင်း အလယ်ပိုင်းနယ်ပယ်ဒေသများကို တိုက်ခိုက်သိမ်းပိုက်လျက်) နောက်ဆုံးတွင် ယင်း (ဇုလ်ကရ်နိုင်းန်) သည် (ကမ္ဘာ့အနောက်ဘက်အရပ်၏ အဆုံးစွန်ဆုံးနေရာ) နေဝင်သော နေရာသို့ ရောက်ရှိခဲ့၏။ ထို 'နေ' သည် မည်းနက်၍ နောက်ကျို (ရွံ့ပုပ်ထူ) သော အိုင်တစ်ခုတွင် ဝင်နေဘိသကဲ့သို့ တွေ့မြင်လေ၏။ (အလိုသဘောမှာ ယင်းနေရာ ပင်လယ်သမုဒ္ဒရာတစ်စင်းဖြစ်တန်ကောင်းရာသည်။ အကြောင်းမှာ ထိုပင်လယ်ရေများသော နေရာကို အနက်ရောင်အဖြစ် တွေ့မြင်ရပေသည်။ နေမင်းကြီးသည် ပင်လယ်အတွင်းသို့ အမှန်တကယ် ဝင်ရောက် မပျောက်ကွယ်သွားနေလင့်ကစား ပင်လယ်၏ အရှေ့ဘက်သို့ ဆက်လက်၍ အရှမရောက်ရှိပါမူ ပင်လယ်အတွင်းသို့ နစ်မြုပ်ပျောက်ကွယ်သွားသည်ဟူ၍ သိရှိရပေသည်။)

၎င်းပြင် ထိုအိုင်၏အနီးတွင် (ရှေ့၌ တင်ပြလျက်ရှိသော အာယသ်တော် ظُلْم امامهم မှ ညွှန်ပြထားသော ကာဖိရ်) လူမျိုးတစ်မျိုးကိုလည်း တွေ့ရှိလေ၏။ (ထိုအခါ) ငါအသျှင်မြတ်သည် ယင်း (ဇုလ်ကရ်နိုင်းန်) အား ('အစ်လ်ဟားမ်' (နှလုံးသားအတွင်းသို့ အတွင်းစကား ထည့်ပေးခြင်း) ၏ အသွင်ဖြင့်သော်လည်းကောင်း၊ သို့တည်းမဟုတ် ထိုခေတ်ကာလ၌ရှိသော နဗီတမန်တော်အား ကြားခံအဖြစ် ထားရှိ၍သော်လည်းကောင်း။) အို့၊ ဇုလ်ကရ်နိုင်းန်၊ အသင်သည် (ဤအမျိုးသားတို့အား ကနဦးကတည်းကပင် သတ်ဖြတ်ခြင်း အစရှိသော အချက်များကို အကြောင်းခံ၍) ပြစ်ဒဏ်ခတ်ခြင်းကိုသော်လည်းကောင်း၊ ယင်းတို့နှင့် ပတ်သက်၍ ထောက်ထားညာတာခြင်းကိုသော်လည်းကောင်း (ဆိုလိုသည်မှာ ၎င်းတို့အား အီမာန်

ကို ရယူရန် ဖိတ်ခေါ်ရပေမည်။ တစ်ဖန် မယုံကြည်၊ လက်မခံပါက သတ်ဖြတ်လိုက်ရန် ဖြစ်သည်။ ဖိတ်ခေါ်မှုကို မပြုဘဲ ကနဦးကတည်းကပင် သတ်ဖြတ်ခွင့်ပေးခြင်းမှာ ၎င်းတို့အား အစကတည်းက အကြောင်းခံတစ်ခုဖြင့် အီမာန်ဘက်သို့ ဖိတ်ခေါ်ခြင်းသည် ရောက်ရှိနေပြီးဖြစ်ကြောင်း'ဟူသော အချက်သည် ဖြစ်တန်ကောင်းရာသည်။ 'ဦးစွာဖိတ်ခေါ် တစ်ဖန်သတ်ဖြတ်ရန်'တည်းဟူသော ဒုတိယပုံစံသည် သာပို၍ ကောင်းကြောင်းကို တစ်ဖန် ညွှန်ပြထားပြန်လေသည်။ ထိုဒုတိယပုံစံကို 'အစ်သ်သေခါဖွေဟွစ်န်' (ထောက်ထားညှာတာခြင်း၏ ပုံစံ) ဟူ၍ သရုပ်ဖော် အသွင်ဆောင်ထားပေသည်။ ဤနှစ်ခုအနက် မိမိကြိုက်နှစ်သက်ရာကို) ပြုနိုင်ခွင့်ရှိသည်ဟု မိန့်ကြားတော်မူခဲ့ပေသည်။ ယင်း (ဇုလ်ကရ်နိုင်းန်) က (ထိုအမျိုးသားတို့အား ဤသို့) ပြောဆို (ကြေညာ) ခဲ့လေသည်။ (ကျွန်ုပ်သည် ဒုတိယပုံစံကိုပင် ရွေးချယ်မည်ဖြစ်ရာ ဦးစွာပထမ ၎င်းတို့အား အီမာန်ဘက်သို့ ဖိတ်ခေါ်မည်ဖြစ်သည်။ အချင်းတို့၊ အသင်တို့အနက်) မည်သူမဆို အီမာန်ဘက်သို့ ဖိတ်ခေါ်ပြီးသည့်နောက် မတရားပြုမြဲ ပြုနေခဲ့ပါလျှင် (ကာဖိရ်အဖြစ် တည်ရှိနေပါလျှင်) ကျွန်ုပ်သည် မကြာမီပင် ထိုသူ့အား (သတ်ဖြတ်ကာ) ပြစ်ဒဏ်စီရင်ပေမည်။ (ဤပြစ်ဒဏ်သည် လောကီရေးရာ၌ ခံရမည့်ပြစ်ဒဏ်ဖြစ်သည်။) ထို့နောက် (၎င်းသည် မိမိကွယ်လွန်သေဆုံးပြီးနောက်) မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ ပြန်လည်၍ ရောက်စေခြင်းကို ခံရပေမည်။ ထိုအခါ ထိုအသျှင်မြတ်သည် ၎င်းအား (ဂျဟန္နမ်၏) ပြင်းထန်သော ပြစ်ဒဏ်ကို စီရင်တော်မူပေလိမ့်မည်။ သို့ရာတွင် မည်သူမဆို (အီမာန်ဘက်သို့ ဖိတ်ခေါ်ပြီးသည့်နောက်) အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ် သော အကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့ပါမူ ထိုသူ့အဖို့ အကျိုးအားဖြင့် (နောင်အာခိရသ်၌) အကောင်းဆုံးသော အရာပင် ရှိပေမည်။ ထို့ပြင် အမှန်ပင် ကျွန်ုပ်သည်လည်း (ကမ္ဘာလောက၌) မိမိ၏ အမိန့်ထုတ်ပြန်ချက်တွင် နူးညံ့ (လွယ်ကူ) သော စကားကို ပြောဆိုပေမည်။ (ပြင်းထန်သော လုပ်ရပ် ခိုင်းစေချက်ကို မဆိုထားဘိဦး၊ ပြောဆိုမှုရေးရာနှင့် စပ်လျဉ်း၍လည်း ကြမ်းတမ်းစွာ ပြောဆိုမည်မဟုတ်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

يَسْئَلُوْنَكَ

ထို့ပြင် ၎င်းကုရိုက်ရှ်အမျိုးသားတို့သည် 'ဇုလ်ကရ်နိုင်းန်' နှင့် ပတ်သက်၍ အသင့်အား မေးမြန်းကြလေသည်။ *[၁၈ : ၈၃]*

ဤသို့ မေးမြန်းသောသူများသည် မည်သူများနည်း။ ဆင့်ပြန်ချက်များမှ 'ဤသူတို့သည် မက္ကာဟ်မြို့တော်ရှိ ကုရိုက်ရှ်များ ဖြစ်ကြောင်း'မှာ ထင်ရှားလှပေသည်။ အကြင်သူတို့ကို ယဟူဒီများသည် တမန်တော်မြတ် ﷺ နဗီဖြစ်ခြင်းနှင့် မှန်ကန်ကြောင်းအား စမ်းစစ်ရန်အတွက် မေးခွန်း (၃) ခုကို ပြသမေးမြန်းခဲ့လေသည်။ 'ရူးဟ်' (ဝိညာဉ်) နှင့် ပတ်သက်၍သော်လည်းကောင်း၊ လိုဏ်ဂူရှင် သူတော်စင်များနှင့် ပတ်သက်၍လည်းကောင်း၊ ယခု ဇုလ်ကရ်နိုင်းန်ဘုရင်နှင့် ပတ်သက်၍လည်းကောင်း ဖြစ်ပေသည်။ ထိုမေးခွန်း

(၃) ရပ်ထဲမှ (၂) ရပ်ကိုမူ တင်ပြဖြေကြားပြီး ဖြစ်သည်။ လိုက်ဂူရှင် သူတော်စင်တို့၏ ကဏ္ဍရပ်သည် ယခုပင် ပြီးခဲ့ပေပြီ။ ဝိညာဉ် (ရူးဟ်) နှင့် ပတ်သက်သော မေးခွန်းအား လွန်လေပြီးသော စူရဟ်တော်အတွင်း၌ တင်ပြခဲ့လေသည်။ ယခု တတိယမြောက်မေးခွန်းမှာ 'ဇုလ်ကရ်နိုင်းန်သည် မည်သူနည်း။ ၎င်းနှင့်စပ်လျဉ်း၍ မည်ကဲ့သို့သော အခြေအနေများ ဖြစ်ပေါ်ခဲ့သနည်း' ဟူသော မေးခွန်းဖြစ်သည်။

'ဇုလ်ကရ်နိုင်းန်' သည် မည်သူနည်း၊ မည်သည့်ခေတ်အခါနှင့် မည်သည့်တိုင်းပြည်နိုင်ငံမှ ဖြစ်သနည်း၊ ၎င်းအား 'ဇုလ်ကရ်နိုင်းန်' ဟူ၍ အဘယ်ကြောင့် ခေါ်ဆိုသနည်း၊

ဇုလ်ကရ်နိုင်းန်၏အမည်ကို ယင်းသို့ အဘယ်ကြောင့် ထားရှိသနည်း။ ထိုသို့ ထားရှိခဲ့ခြင်းနှင့် ပတ်သက်၍ အဆိုအမျိုးမျိုးနှင့် လွန်စွာ အကွဲလွဲများစွာ ဖြစ်ပေါ်တည်ရှိနေပေသည်။ အချို့သော အာလင်မ် သာသနာ့ပညာရှင်များက '၎င်း၌ တွဲကျလျက်ရှိနေသော ဆံပင်ထုံး (၂) ခု ရှိနေခြင်းကြောင့် ဤသို့ ခေါ်ဆိုခြင်းဖြစ်သည်' ဟူ၍ မိန့်ဆိုကြပေသည်။ အချို့သော ပညာရှင်များက 'အရှေ့ဘက်အရပ်နှင့် အနောက်ဘက် တိုင်းပြည်နိုင်ငံများကို စိုးမိုးအုပ်ချုပ်ထားသည့်အတွက်ကြောင့် ဤသို့ ခေါ်ဆိုရခြင်းဖြစ်ကြောင်း' မိန့်တော်မူထားကြပေသည်။ အချို့သော ပညာရှင်များက '၎င်း၏ ဦးခေါင်း၌ ဂျို (ချို) သဖွယ် အမှတ်အသားရှိနေခြင်းကြောင့် ဤသို့ ခေါ်ဆိုခြင်းဖြစ်သည်' ဟူ၍ မိန့်တော်မူထားကြပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ ၎င်း၏ ဦးခေါင်းနှစ်ဖက်နှစ်ချက်၌ ဒဏ်ရာအမှတ်အသားများ ရှိနေခြင်းကြောင့် ဤသို့ ခေါ်ဆိုခြင်းဖြစ်ကြောင်း လာရှိထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။) သို့ရာတွင် 'ဤအမည်ကို ကုရ်အာန်ကျမ်းတော်မြတ်က ထားရှိခြင်း မဟုတ်ကြောင်း။ သို့သာမက ဤအမည်ကို ယဟူဒီများက ပြသကြ၍ ၎င်းတို့၏ကြားဝယ် ကျော်ကြားလျက်ရှိနေသော အမည်ဖြစ်ကြောင်း' အတိုင်းအတာခန့် သိရှိသတ်မှတ်ထားရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်က တင်ပြထားသော ဇုလ်ကရ်နိုင်းန်ဘုရင်နှင့် စပ်လျဉ်း၍ သိရှိရသော အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

'၎င်းသည် မွန်မြတ်ကာ သမာသမတ်ရှိသော ဘုရင်တစ်ပါးဖြစ်သည်။ အကြင်သူသည် ကမ္ဘာ့အရှေ့ဖျားနှင့် အနောက်ဖျားသို့ ရောက်ရှိကာ ထိုမြို့ပြတိုင်းပြည်နိုင်ငံများအား အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်၍ ၎င်းတို့အား တရားမျှတစွာဖြင့် စိုးမိုးအုပ်ချုပ်လေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ၎င်းအား အမျိုးမျိုးသော လက်နက်ကိရိယာများကို မိမိ၏ ရည်ရွယ်ချက်၊ စီမံကိန်းများအား ပြည့်ဝစွာ အကောင်အထည်ဖော်ရန်အတွက် ချီးမြှင့်ထားလေသည်။ ၎င်းသည် အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်လျက် အရပ် (၃) မျက်နှာဘက်သို့ ဆက်လက်ချီတက်သွားလေသည်။ အနောက်ဘက်ဆုံးအရပ်၊ အရှေ့ဘက်ဆုံးအရပ်နှင့် ကမ္ဘာ့မြောက်ဘက်၏ တောင်ပေါ်ဒေသများထိတိုင် ဖြစ်သည်။ ထိုအရပ်ဒေသ၌ ၎င်းသည် တောင် နှစ်လုံးကြားရှိ တောင်ကြားလမ်းတစ်ခုကို ရေမသံတိုင်းကြီးတစ်ခု၏ အကြောင်းခံဖြင့် ပိတ်ခဲ့လေသည်။ အကြင်ကဲ့သို့ ပိတ်လိုက်ခြင်းအတွက်ကြောင့် ထိုတောင်ပေါ်အရပ်ဒေသရှိ သူတို့သည် 'ယာဂျူးဂျ်'၊ 'မာဂျူးဂျ်' တို့၏ ပျက်စီးမှုမှ ကင်းလွတ်နေပေသည်။

ယဟူဒီတို့သည် တမန်တော်မြတ် ﷺ ၏ မှန်ကန်မှုနှင့် နဗီဖြစ်ကြောင်းအား စမ်းစစ်ရန် မေးမြန်းခဲ့ကြသော မေးခွန်းအား တမန်တော်မြတ် ﷺ ဖြေကြားသော ဖြေကြားချက်ကြောင့် ၄င်းတို့သည် တည်ငြိမ်မှု ရရှိသွားပေသည်။ '၄င်းတို့သည် ထိုပုဂ္ဂိုလ်၏ အမည်ကို 'ဇုလ်ကရ်နိုင်န်' ဟူ၍ အဘယ်ကြောင့် မှည့်ခေါ်ထားပေသနည်း။ မည်သည့်တိုင်းပြည်နှင့် မည်သည့်ခေတ်ကာလထိတိုင် ပေါ်ပေါက်ခဲ့ပေသနည်း' ဟူသော အပိုမေးခွန်းများ မမေးမြန်းခဲ့ပေ။ အထက်ပါရှင်းလင်းချက်မှ 'ထိုမေးခွန်းများကို ယဟူဒီတို့ကိုယ်တိုင် သည်လည်း အရေးမကြီး၍ အပိုအချက်များအဖြစ် မှတ်ယူထားကြောင်း' ကို သိရှိရပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ရာဇဝင်သမိုင်း၏ 'လောကီလောကုတ္တရာ နှစ်ဌာနစလုံးနှင့် စပ်လျဉ်း၍ အကျိုးပြုမည့် အရာကိုသော်လည်းကောင်း၊ အလွန်အရေးကြီးသော ကဏ္ဍရပ်ကို သိနားလည်ရန် ထိုသမိုင်းအစိတ်အပိုင်း အပေါ် မူတည်နေရှိနိုင်သော်လည်းကောင်း လိုအပ်သည့် အတိုင်းအတာခန့်မျှသာ တင်ပြလျက်ရှိနေကြောင်း' မှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ် (ယင်းအရေးကြီး၊ မလိုအပ်သော အချက်များ) ကို မတင်ပြထားသကဲ့သို့ မည်သည့်စစ်မှန်သော ဟဒီးစ်တော်၌လည်း ယင်းအချက်တို့ကို မတင်ပြထားပေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တစ်အာယသ်တော်ကိုလည်း သိနားလည်ရန်အတွက်လည်း ထိုအချက်များအပေါ်၌ မူတည်မနေပေ။ ထို့ကြောင့် အတိတ်ခေတ်သူတော်စင် သာသနာ့ပညာရှင် အကြီးအကဲများဖြစ်သော ဆွဟာဗာများနှင့် သာဗေအီနီသခင်ကြီးများသည် ထိုအချက်အပေါ် တစ်စုံတစ်ရာ အာရုံစူးစိုက်မှု မပြုထားကြချေ။

ယခု ရာဇဝင်သမိုင်းလာ ဆင့်ပြန်ချက်များနှင့် လက်ရှိ 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်' ကျမ်းတို့နှင့် စပ်လျဉ်းသော ဓမ္မသတ်အမှုကိစ္စသည် ကျန်ရှိနေပေသည်။ လက်ရှိ 'သောင်ရားသ်' ကျမ်းနှင့် 'အင်န်ဂျီးလ်' ကျမ်းတို့ကိုလည်း ဆက်တိုက်ဆက်တိုက် ပြုပြင်ပြောင်းလဲမှု ပြုလုပ်ပေးလိုက်ခြင်းတို့သည် မိုးကောင်းကင်ကျ ကျမ်းအသွင်ဖြင့် မထားရှိကြောင်းသည်လည်း ထင်ရှားလှပေသည်။ ထိုကျမ်းနှစ်သွယ်၏ အဆင့်သည်လည်း အများဆုံး ရာဇဝင်သမိုင်းစာအုပ်များပုံစံဖြင့်သာ ကျန်ရစ်နေပေသည်။ အတိတ်ခေတ်၏ ရာဇဝင်ဆင့်ပြန်ချက်များသည် များသောအားဖြင့် 'အထောက်အထား တစ်စုံတစ်ရာမျှ မရှိကာ မည်သည့်ခေတ်ကာလ၌မှာပင် မဆို ရှိကြသော ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံကြသော ဉာဏ်ကြီးရှင်များအနေဖြင့် လက်ခံလိုက်ဖွယ် မရှိသော အီစ်ရားအီလ်လူမျိုးတို့၏ တီထွင်လုပ်ကြံ ဖန်တီးထားသော ပုံပြင်ဒဏ္ဍာရီများနှင့် ပြည့်နှက်နေပေသည်။ အကျယ်ချဲ့ဖွင့်ဆိုရေးသားထားကြသော ပညာရှင်ကြီးများ၏ ရေးသားတင်ပြချက်များသည် ထိုရာဇဝင်လာ ဆင့်ပြန်ချက်များကို စုစည်းကာ ရေးသားဖော်ပြ တင်ပြထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ထိုအမှုကိစ္စများနှင့် စပ်လျဉ်း၍ ကွဲပြားမှုများစွာ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အရှေ့ဥရောပတိုက်သားတို့သည် ဤခေတ်အခါသမယ၌ ရာဇဝင်သမိုင်းကို လွန်စွာ အလေးအနက် ထားကြပေသည်။ ထိုအချက်အား လေ့လာ ရှာဖွေသုတေသနပြုရာ၌ မုချ လွန်စွာ ကြိုးပမ်းမှုနှင့် စီစစ်မှုကို ပြုနေကြပေသည်။ အတိတ်ခေတ်၏ ကောက်နုတ်တင်ပြချက်များကို ရှာဖွေ၍ ထိုခေတ်ရှိ ရေးသာထားသော မှတ်စုစာအုပ်များ အစရှိသည် တို့ကို ရှာဖွေစုဆောင်းကာ ၄င်းအရာများကို အခြေခံပြီး အတိတ်ခေတ်ကာလက မရှုမြင်၊ မသုံးသပ်ခဲ့ရ

သော ပုံပြင်ဟောင်းများ၏ အခြေခံဇစ်မြစ်ကို သိရှိနားလည်လာနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်လျက် ရှိနေကြပေသည်။ သို့ရာတွင် အတိတ်ခေတ်သိအိုရီများနှင့် ၄င်းတို့ ရေးသားထားသော ကောက်နုတ်ချက်များမှ ဖြစ်အင်တစ်ခု၏ အထောက်အကူအသွင်ဖြင့်သာ အကူအညီ ရရှိနိုင်ပေသည်။ သို့ရာတွင် ထိုအချက်များပင်လျှင် ဖြစ်အင်အစအဆုံးကို ဖော်ပြနိုင်စွမ်းမရှိပေ။ ဖြစ်အင်အစအဆုံးကို သိရှိရန်သည် ရာဇဝင်လာဆင့်ပြန်ချက်များအပေါ်၌သာ မူတည်နေပေသည်။ ထိုအမှုကိစ္စများနှင့် စပ်လျဉ်း၍ အတိတ်ခေတ်ကာလ၏ ရာဇဝင်သမိုင်းလာ ဆင့်ပြန်ချက်များသည် ပုံပြင်၊ ဒဏ္ဍာရီဟောင်းအသွင်ထက် သာပို၍ အဆင့်မရှိသော အခြေအနေကို ယခု သိရှိခဲ့ပြီးဖြစ်သည်။ ခေတ်ဟောင်း၊ ခေတ်သစ် အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်ကြီးများသည်လည်း မိမိတို့ရေးသားထားသော စာပေကျမ်းဂန်များ၌ ဤဆင့်ပြန်ချက်များကို သမိုင်းဆင့်ပြန်ချက်၏ အသွင်ဖြင့်သာ ဆင့်ဆိုထားပေသည်။ အကြင်အချက်များ မှန်ကန်ခြင်း၊ မမှန်ကန်ခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ ရည်ရွယ်ချက် တစ်စုံတစ်ရာသည် ယင်းအချက်အပေါ် မူတည်နေခြင်း မရှိပေ။ ဤနေရာ၌လည်း ထိုအသွင်မျိုးဖြင့် လိုအပ်သည့်အတိုင်းအတာခန့်သာ ရေးသားထားပေသည်။ ထိုဖြစ်အင်၏ အသေးစိတ်အချက်အလက်များကို မောင်လာနာဟာစ်ဖ်ဇွရ်ရဟ်မာန် (ဆွာဟာစ်ဗ်) သည် မိမိ၏ ကျမ်းစာအုပ်ဖြစ်သော ‘ကိစ္စစွလ်ကုရ်အာန်’ ကျမ်း၌ ရေးသားဖော်ပြထားပေသည်။ သမိုင်းဝါသနာရှင်များ အနေဖြင့် ထိုစာအုပ်အား ကြည့်ရှုလေ့လာနိုင်ပေသည်။

အချို့သော ဆင့်ပြန်ချက်များ၌ တစ်လောကလုံးကို စိုးမိုးအုပ်ချုပ်သော ဘုရင် (၄) ပါး ရှိသည်ဟူ၍ လာရှိထားပေသည်။ နှစ်ပါးသည် မုအ်မင်န်ဖြစ်၍ ကျန်နှစ်ဦးသည် ကာဖိရ်ဖြစ်ပေသည်။ မုအ်မင်န်ဘုရင်များမှာ ဟဇရတ်စူလိုက်မာန် عليه السلام နှင့် ဇုလ်ကရ်နိုင်းန်ဘုရင်တို့ ဖြစ်သည်။ ကာဖိရ်များမှာ ‘နမ်ရူးဒ်’ နှင့် ‘ဗွခ်သေ့နစ္စ်စွာရ်’ တို့ ဖြစ်ပေသည်။

ဇုလ်ကရ်နိုင်းန်ဘုရင်နှင့် စပ်လျဉ်း၍ အံ့ဖွယ် တိုက်ဆိုင်နေသော အချက်မှာ ၄င်း၏အမည်ဖြင့် ကမ္ဘာလောက၌ များစွာ ကျော်ကြားသောသူများ ရှိပေသည်။ ထို့ပြင် ‘ခေတ်ကာလတိုင်း၌ ရှိသော ဇုလ်ကရ်နိုင်းန်တို့နှင့်အတူ ‘စိကန်ဒရ်’ဘွဲ့ပါဝင် ရောယှက်နေခြင်းသည်လည်း ထပ်မံအံ့ဖွယ်ကောင်းသောအချက်ဖြစ်ပေသည်။

ဟဇရတ်မစီးဟ် عليه السلام မပေါ်ပေါက်မီ ခန့်မှန်းခြေအနီးစပ်ဆုံးအားဖြင့် နှစ်ပေါင်း (၃၀၀) အလျှင်၌ ‘စိကန်ဒရ်’အမည်ဖြင့် ထင်ရှားသော ဘုရင်တစ်ပါးရှိခဲ့သည်။ အကြင်ဘုရင်ကို ‘စိကန်ဒရ်’၊ ‘ယုနာနီး’၊ ‘ရူးမီ’ အစရှိသော ဂုဏ်ပုဒ်များဖြင့် ခေါ်ဝေါ်ကြလေသည်။ အကြင်ဘုရင်၏ ဝန်ကြီးသည် ‘အရစ်စ်သွူးရ်’ ဖြစ်ပေသည်။ အကြင်ဘုရင်၏ စစ်ဆင်နွှဲမှုသည် ‘ဒါရား’ဖြင့် စတင်ခဲ့ပြီး ၄င်းအား သတ်ဖြတ်ကာ ၄င်း၏ တိုင်းပြည်အား အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ‘စိကန်ဒရ်’အမည်ဖြင့် ကမ္ဘာလောက၌ ကျော်ကြားထင်ရှားခဲ့သော ဘုရင်များအနက် ဤဘုရင်သည် နောက်ဆုံးဘုရင်ဖြစ်ပေသည်။ ၄င်း၏ ဖြစ်အင်များသည် ကမ္ဘာလောက၌ လွန်စွာ ထင်ရှားလျက်ရှိနေပေသည်။ အချို့သောသူများသည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဇုလ်ကရ်နိုင်းန်ဟု မိန့်ဆိုထားသော ဘုရင်ကို ဤဘုရင်ဖြစ်ကြောင်း ပြောဆိုကြသည်။ ဤသည် လုံးဝ

များယွင်းသော ပြောဆိုချက်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုဘုရင်သည် မီးကိုးကွယ်သော မုရှ်ရစ်က် ဘုရင် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားသော ဇုလ်ကရ်နိုင်းန်ဘုရင် နဗီဖြစ်ခြင်း နှင့် စပ်လျဉ်း၍ အာလင်မ်သာသနာ့ပညာရှင်ကြီးများကြား၌ အကွဲအလွဲရှိကြပေသည်။ မှန်မြတ်သော မုအ်မင်န် တစ်ဦးဖြစ်ကြောင်းကိုမူ အားလုံး တစ်ညီတစ်ညွတ်တည်း လက်ခံထားကြလေသည်။ ကုရ်အာန်ကျမ်းတော် မြတ်၏ 'နစ္စူးစ်' (အထောက်အထားတင်ပြလိုသည့် မိန့်မြွက်ချက်ဝါကျများ) သည် ယင်းအချက်အား သာဓကပေးလျက်ရှိနေပေသည်။

ဟာဖိဇ်အိဗ်နေကစီးရ်သခင်ကြီး အလ်ဗေဒါးယသုဝန်နေဟာယာကျမ်း၌ အိဗ်နေအစာကစ်ရ်၏ အမှီ သဟဲဖြင့် ၎င်း၏အထက်အဆက် အမျိုးများကို ပြည့်စုံစွာ တင်ပြထားလေသည်။ ဟဇရသ်အီဗ်ရာဟီးမ် عليه السلام နှင့် သွားရောက်ကာ ထိတွေ့နေပေသည်။ ထို့နောက် ဆက်လက်၍ မိန့်တော်မူသည်မှာ ဤသူသည်သာလျှင် 'ယူနာနီး၊ 'မစ္စ်ရီး၊ 'မက်ဒူနီး'ဟူသော အမည်များဖြင့် ကျော်ကြားလျက်ရှိနေသော ဘုရင်ဖြစ်သည်။ အကြင် ဘုရင်သည် မိမိ၏အမည်ဖြင့် 'အစ်ကန်ဒရီယာ'မြို့ကို တည်ထောင်ခဲ့ပေသည်။ ရောမသမိုင်းသည် ၎င်း၏ လက်ထက်မှ စတင်ခဲ့လေသည်။ ဤ 'စိကန်ဒရ်'ဘုရင်သည် 'စိကန်ဒရ်ဇုလ်ကရ်နိုင်းန်' (ပထမ) ဘုရင်နှင့် နှစ်ပေါင်း (၂၀၀၀) ကျော်နောက်ပိုင်းမှ ပေါ်ပေါက်လာခဲ့လေသည်။ ထိုဘုရင်သည် 'ဒါရား'ကို သတ်ဖြတ်၍ အီရန်နိုင်ငံဘုရင်ခံများကို နှိမ်နင်းကာ ၎င်းတို့၏ တိုင်းပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည်။ သို့ရာတွင် ဤဘုရင်သည် မုရှ်ရစ်က်ဖြစ်သည်။ ၎င်းကို ကုရ်အာန်၌ တင်ပြထားသော 'ဇုလ်ကရ်နိုင်းန်'ဟု သတ်မှတ် ထားခြင်းသည် လုံးဝ မှားယွင်းပေသည်။ အိဗ်နေကစီးရ်သခင်ကြီး၏ မူပိုင်စကားလုံးများမှာ အောက် ဖော်ပြပါအတိုင်း ဖြစ်သည်။

فاماذ والقرنين الثانى فهواسكندر بن فيلبس بن مصريم بن برس بن ميطون بن رومى بن نعطى بن يونا ن بن يافث بن يونه بن شرخون بن رومه بن شرخط بن توفيل بن رومى بن الاصفر بن يقز بن العيص بن اسحق بن ابراهيم الخليل عليه الصلوة والسلام كذ انسبه الحا فظ ابن عسا كرفى تا ريخه المقد ونى اليونانى المصرى بان الاسكند رية الذى يؤرخ بايامه الروم وكان متأخراعن الا ول بد هرطويل وكان هذ اقبل المسيح بخومن ثلث مائة سنة وكان ارطاطاليس الفيلسوف وزيره وهو الذى قتل د اراواذل ملوك الفرس واوطأ ارضهم وانما نبهنا عليه لان كثيرامن الناس يعتقد انهماواحدوان المذكورفى القرآن هوالذى

كان ارطاطاليس وزيره فيقع بسبب ذالك خطاء كبير وفسا د عريض طويل غان الاول كان عبد امؤمنا صالحا وملكا عا د لا وكان وزيره الخضر وقد كان نبيا على ماقررنا ه قبل هذا واما الثا نى فكا ن مشركا كان وزيره فيلسو فا وقد كان بين زمانيهما ازيد من الف سنة غابن هذ امن هذ الا يستويان ولا يشتبهان الا على غبى لا يعرف حقائق الامور

[အလ်ဗဒါယာဟ်ဝန္နဟာယာကျမ်း၊ တွဲ-၂၊ စာ-၁၀၆။]

ဟဒီးစ်နှင့် သမိုင်းသုတေသီ အိဗ်နေကစီးရ်သခင်ကြီး၏ ထိုစီစစ်ချက်မှ ဟဇရသ်အီဆာ ﷺ မပွင့်ပေါ်မီ နှစ်ပေါင်း (၃၀၀) ခန့်က အလျှင်ဖြစ်သော စီကန်ဒရ်ဘုရင် 'ဒါရား'ဖြင့် စတင်စစ်ဆင်း၍ အီရန်နိုင်ငံနှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခဲ့သော ဘုရင်၊ အစ်ကန်ဒရီယာမြို့ကို တည်ထောင်ခဲ့သူ စီကန်ဒရ်ဘုရင်သည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားသော ဇုလ်ကရ်နိုင်းန်ဘုရင် မဟုတ်ကြောင်း ဟူ၍ မိန့်ဆိုထားသော အဆိုမှာ အချို့သဖ်စီးရ်ပညာရှင်များ၏ မှားယွင်းချွတ်ချော်ချက်ပင် ဖြစ်လေသည်။ အဗူဟိုက်ယားန်သခင်ကြီးသည် ဖဲဟ်ရေမုဟီးသ် ကျမ်း၌သော်လည်းကောင်း၊ အလ္လာမာဟ်အာလူစီးသခင်ကြီးသည် ရူဟုလ်မအာနီကျမ်း၌သော်လည်းကောင်း၊ ၎င်းစီကန်ဒရ်ကိုပင် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားသော ဇုလ်ကရ်နိုင်းန်ဘုရင်ဖြစ်သည်ဟူ၍ မိန့်ဆိုထားပေသည်။

ဒုတိယအချက်မှာ وَاِنَّهٗ كَانَ نَبِيًّا (မုချ ၎င်းသည် နဗီဖြစ်သည်) ဟူသော ဝါကျမှ အောက်ဖော်ပြပါ အချက်အား သိရှိရပေသည်။ ဂျုမ်ဟူးရ်အာလင်မ်ပညာရှင်ကြီးများထံ၌ အိဗ်နေကစီးရ်သခင်ကြီးကိုယ်တိုင် အဗွုသ်သုဖိုင်းလ် သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဟဇရသ်အလီ ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားသော အဆိုမှာ ၎င်းသည် နဗီလည်းမဟုတ်၊ ဖရစ်ရှ်သာဟ်၊ ကောင်းကင်တမန်လည်းမဟုတ်။ သို့သာမက မွန်မြတ်သော မွတ်စ္စလင်မ် တစ်ဦးဖြစ်ကြောင်းကိုသာ ဦးစားပေးမိန့်ဆိုထားနေလင့်ကစား အိဗ်နေကစီးရ်သခင်ကြီးထံ၌ ၎င်းသည် နဗီဖြစ်ကြောင်းကို အသားပေးထားပေသည်။ ထို့ကြောင့် အချို့သော အာလင်မ်သာသနာပညာရှင်ကြီးများသည် انهكان ၌ ရှိသော (နာမ်စား) သည် ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးဘက်သို့ လှည့်ခြင်း မဟုတ်ဘဲ ဟဇရသ်ခိဇ္ဇ်ရ် ﷺ ၏ဘက်သို့ လှည့်ခြင်းဖြစ်သည်ဟူ၍ သုံးသပ်တင်ပြကြလေသည်။ ယင်းအချက်အလက်သာလျှင် အနီးစပ်ဆုံး ဖြစ်၏။

ယခု ကျန်ရှိနေသော မေးခွန်းမှာ ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ပါသော ဇုလ်ကရ်နိုင်းန်သည် မည်သူနည်း။ မည်သည့်ခေတ်ကာလ၌ ပေါ်ပေါက်ခဲ့ပေသနည်းဟူသော မေးခွန်းဖြစ်သည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ အာလင်မ်သာသနာပညာရှင်ကြီးများ၏ အဆိုသည် အမျိုးမျိုးကွဲလွဲနေပေသည်။ အိဗ်နေကစီးရ်သခင်ကြီးထံ၌ ၎င်း၏ ခေတ်ကာလသည် အစ်ကန်ဒရ်ယူနာနီးမပ်ကဒူနီး၏ အလျှင် နှစ်ပေါင်း

(၂၀၀၀) ခန့်က ဟဇရတ်အိစ်ရာဟီးမ် عليه السلام ၏ ခေတ်ကာလ၌ ဖြစ်ပေသည်။ ၎င်း၏ ဝန်ကြီးမှာ ဟဇရတ် ခိဿိရ် عليه السلام ဖြစ်ပေသည်။ အိဗ်နေကစီးရ်သခင်ကြီးသည် အလ်ဗေဒါယားဝန်နေဟာယာကျမ်း၌ အတိတ်ခေတ်အာလင်မ်သာသနာ့ပညာရှင်ကြီးများထံမှ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားလေသည်။ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးသည် ဟဂ်ျခြေလျင်ခရီးစဉ်သို့ ရောက်ရှိခဲ့သည်။ ဟဇရတ်အိစ်ရာဟီးမ် عليه السلام သည် ၎င်းလာရောက်သည်ကို သိရှိသွားသောအခါ မက္ကာဟ်ရွှေမြို့တော်၏ အပြင်သို့ ထွက်ကာ ၎င်းအား ခရီးဦးကြိုဆိုမှုကို ပြုလေသည်။ ဟဇရတ်အိစ်ရာဟီးမ် عليه السلام သည် ၎င်းအား ဆုမွန်ဒိုအာလည်း တောင်းပေး၍ အချို့သော ဆိုဆုံးမစကားများကိုလည်း မြွက်ကြားတော်မူလေသည်။ *[အလ်ဗေဒါယဟ်၊ တွဲ-၂၊ စာ-၁၀၈။]*

သဖ်စီးရ်ပညာရှင်အိဗ်နေကစီးရ်သခင်ကြီးသည် အစ်ရပ်ကီး၏ အကိုးအကားဖြင့် ၎င်းသည် ဟဇရတ်အိစ်ရာဟီးမ် عليه السلام နှင့်အတူ 'သွဝါးဖ်' လှည့်ကာ 'ကုရ်ဗာနီ' ကိုလည်း ပြုခဲ့ကြောင်း ဆင့်ပြန်ထားလေသည်။

အဗူဟိုက်ယာန်ဗေရိုနီးသခင်ကြီးသည် မိမိ၏ စာအုပ်ဖြစ်သော 'အလ်အားစားရုလ်ဗားကိယသု အနစ်လ်ကုရူးနစ်လ်ခါးလိယား' ၌ လာရှိထားသော ဤ 'ဇုလ်ကရ်နိုင်းန်' ဘုရင်ကြီးသည် 'အဗူဗကရ်ဗင်န် စမ်မားဗင်န်အုမရ်ဗင်န်အဖ်ရိကိုက်စ်ဟိုမိုင်ရီ' ဖြစ်ကြောင်း မိန့်ဆိုထားပေသည်။ အကြင်ဘုရင်သည် ကမ္ဘာ့ အရှေ့၊ အနောက်တိုင်းပြည် နိုင်ငံများအား တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည်။ ယမန်နိုင်ငံသား 'သွမ်မအ်ဟိုမိုင်ရီး' သည် မိမိ၏ လင်္ကာကဗျာများအတွင်း၌ မိမိ၏ အဘိုးဖြစ်သူ ဇုလ်ကရ်နိုင်းဘုရင်ကြီးသည် မွတ်စ္စလင်မ်ဖြစ်ကြောင်းကို ဂုဏ်ဖွဲ့ကြွားစွာဖြင့် စပ်ဆိုထားပေသည်။

ဤဆင့်ပြန်ချက်ကို ဗဟ်ရေမုဟွီးသ်ကျမ်း၌ အဗူဟိုက်ယာန်သခင်ကြီးမှ ဆင့်ပြန်ထားလေသည်။ အိဗ်နေကစီးရ်သခင်ကြီးသည်လည်း အလ်ဗေဒါယားဝန်နေဟာယားကျမ်း၌ ထိုအချက်ကို တင်ပြပြီးသည့်နောက် 'ဤဇုလ်ကရ်နိုင်းန်သည် ယမန်နိုင်ငံ၏ ဘုရင်ခံ ဂုဏ်ထူး၊ ဘွဲ့ထူးများအတွင်း၌ ကနဦးဆုံး ဂုဏ်ပုဒ်ပင် ဖြစ်သည်' ဟူ၍ မိန့်ဆိုတော်မူထားပေသည်။ ဤသူသည်သာလျှင် ဟဇရတ်အိစ်ရာဟီးမ် عليه السلام အား بِيرِ سَبَأ (ရေတွင်းခုနစ်တွင်း) နှင့် စပ်လျဉ်း၍ ရယူပိုင်ဆိုင်ခွင့်ကို ဆုံးဖြတ်ပေးလိုက်လေသည်။

[အလ်ဗေဒါယဟ်၊ အတွဲ-၂၊ စာ-၁၀၅။]

ထိုအထက်တင်ပြပါဆင့်ပြန်ချက်များအတွင်း၌ ၎င်း၏ မည်သူမည်ဝါဖြစ်ခြင်းနှင့် အမည်၊ ဆွေစဉ်မျိုးဆက် ဇယားတို့နှင့် စပ်လျဉ်း၍ ကွဲပြားနေသော်ငြားလည်း ၎င်း၏ ခေတ်ကာလသည် ဟဇရတ်အိစ်ရာဟီးမ် عليه السلام ၏ ခေတ်ကာလဖြစ်ကြောင်းကို ပြသထားလေသည်။

မောင်လာဟာစ်ဖ်ဇ္ဇရ်ရဟ်မာန် (ဆွာဟစ်ဗ်) သည် မိမိ၏ ကျမ်းစာအုပ် ကိစ္စစ္စလ်ကုရ်အာန်ကျမ်း၌ ဇုလ်ကရ်နိုင်းန်ဘုရင်နှင့် စပ်လျဉ်း၍ အကျယ်ချဲ့တင်ပြထားပေသည်။ အချုပ်သဘောတရားမှာ ကုရ်အာန်ကျမ်းတော်မြတ်၌ ပါရှိထားသော ဇုလ်ကရ်နိုင်းန်ဘုရင်သည် ပါးရှားန် (အီရန်) နိုင်ငံ ဘုရင်ဖြစ်သည်။ အကြင်ဘုရင်ကို ယဟူဒီတို့သည် 'ခူရပ်စ်' ဟူ၍သော်လည်းကောင်း၊ ယူနာနီတို့သည် 'စိုက်ရပ်စ်' ဟူ၍လည်းကောင်း၊ ပါရှားန်လူမျိုးတို့သည် ဂူရပ်ရှ်ဟူ၍လည်းကောင်း၊ အာရဗ်လူမျိုးတို့သည် 'ကိုက်ခစရ်' ဟူ၍

လည်းကောင်း ခေါ်ဆိုကြပေသည်။ အကြင်ဘုရင်၏ ခေတ်ကာလကို ဟဇရတ်အိစ်ရာဟီးမ် ﷺ ၏ ခေတ်လွန် ဗနီအိစ်ရာအီးလ်နွယ်ဖွား နဗီတမန်တော်ဒါနီယားလ် ﷺ ၏ ခေတ်အား ပြသထားလေသည်။ အကြင်ဘုရင်သည် ဒါရေးကို သတ်ဖြတ်အရေးနိမ့်စေခဲ့သော စိကန်ဒရ်၊ မပ်က်ဒူးနီခေတ်နှင့် နီးကပ်ပေသည်။ သို့ရာတွင် အထက်ဖော်ပြပါ မောင်လာနာသည်လည်း အိမ်နေကစီးရ်အစရှိသော သခင်ကြီးများကဲ့သို့ ဤဇုလ်ကရ်နိုင်းန်သည် မုရှ်ရစ်က် မီးကိုးကွယ်သူဖြစ်ပြီး အကြင်သူ၏ ဝန်ကြီးသည် 'အရပ်စ်သူးရ်'ဖြစ်ပြီး 'မပ်က်ဒူနီး'မဟုတ်ကြောင်းကို ပြင်းထန်စွာ ငြင်းချက်ထုတ်ထားပေသည်။ ဤဇုလ်ကရ်နိုင်းန်သည် မှန်မြတ်သော မုအ်မင်နီတစ်ဦးဖြစ်သည်။

အထက်တင်ပြပါမောင်လာနာ၏ သုတေသနပြုချက် အချုပ်သဘောတရားမှာ ဤသို့ ဖြစ်သည်။ ဗနီအိစ်ရာအီးလ်လူမျိုးတို့ နှစ်ကြိမ်နှစ်ခါ မိုက်မဲဆိုးသွမ်းမှုများပြုခြင်းနှင့် နှစ်ကြိမ်နှစ်ခါ ပြစ်ဒဏ်ခံရခြင်း အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်၏ စူရာဟ်ဗနီအိစ်ရာအီးလ်၌ အကျယ်ချဲ့ တင်ပြထားလေသည်။ ထိုအာယသ်တော်အတွင်း၌ ဗနီအိစ်ရာအီးလ်လူမျိုးတို့၏ ပထမအကြိမ် မိုက်မဲဆိုးသွမ်းမှုများကို ကုရ်အာန်ကျမ်းတော်မြတ်၌ ဤသို့ မိန့်မြွက်ထားလေသည်။

بَعَثْنَا عَلَيْكُمْ عِبَادًا لَّنَا أُولِي بَأْسٍ شَدِيدٍ فَجَاسُوا خِلَالَ الدِّيَارِ

ငါအသျှင်မြတ်သည် အလွန်တရာ အပြင်းအထန် တိုက်ခိုက်လေ့ရှိကြသော မိမိကျွန်များကို အသင်တို့အပေါ်ဝယ် နိုင်လိုမင်းထက် ပြုမူ (လွှမ်းမိုး) စေတော်မူပေမည်။ ထိုအခါ ၎င်းတို့သည် အသင်တို့အား ပျက်စီး သတ်ဖြတ်ကြရန် အသင်တို့၏ နေအိမ်များအတွင်း၌ ဝင်ရောက်ကြပေမည်။ *[၁၇ း ၅]*

ထိုအာယသ်တော်အတွင်း၌ ပါရှိသော နိုင်လိုမင်းထက်ပြုကာ လွှမ်းမိုးသောသူများသည် ဗွခ်သေ့နစ်ဇ္ဇာရ်ဘုရင်နှင့် ၎င်း၏ အပေါင်းအပါတို့ပင် ဖြစ်သည်။ အကြင်သူတို့သည် 'မိုက်သွလ်မုကပ်ဒ္ဒပ်စ်'၌ ဗနီအိစ်ရာအီးလ် (၄၀၀၀၀) အချို့သော ဆင့်ပြန်ချက်များ၌ (၇၀၀၀၀) ကို သတ်ဖြတ်ခဲ့ကြပေသည်။ ၎င်းနောက် ဗနီအိစ်ရာအီးလ်များ တစ်သိန်းကျော်ခန့်ကို ဖမ်းချုပ်၍ သိုး၊ ဆိတ်များကဲ့သို့ မောင်းနှင်ကာ 'ဗာဗွလ်' သို့ ခေါ်ဆောင်သွားခဲ့သည်။ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်က ဆက်လက်၍ မိန့်မြွက်ထားတော်မူသည်မှာ-

ثُمَّ رَدَدْنَا لَكُمُ الْكَرَّةَ عَلَيْهِمْ

ထို့နောက် ငါအသျှင်မြတ်သည် အသင်တို့အား ထိုသူတို့အပေါ်၌ လွှမ်းမိုးရန် အလှည့် ပြန်ပေးတော်မူမည်။ *[၁၇ း ၆]*

ဤဖြစ်အင်သည် ထိုကိုက်ခ်စရ်နှင့် ခုရပ်စ်ဘုရင်၏ လက်ထက်၌ ပြန်လည်ပေါ်ပေါက်လာလေသည်။ ဤသူသည် မှန်မြတ်သော မုအ်မင်နီတစ်ဦးဖြစ်သည်။ ၎င်းသည် ဗွခ်သေ့နပ်စ္စာရ် ဘုရင်အား တိုက်ခိုက်၍ ၎င်း (ဘုရင်ဆိုး) ၏ အကျဉ်းသားများဖြစ်သော ဗနီအိစ်ရာအီးလ်တို့ကို ၎င်း၏ လက်ဝယ်အတွင်းမှ ကယ်တင်ခဲ့လေသည်။ ဒုတိယအကြိမ် ပါလက်စတိုင်းကို ပြန်လည်ထူထောင်ခဲ့လေသည်။ ပျက်စီးယိုယွင်း

ခြောက်ခမ်းလျက်ရှိနေသော 'ဗိုက်သွလ်မုကဒ္ဒပ်စ်'ကိုလည်း ဒုတိယအကြိမ် ပြန်လည်သစ်လွင်စေခဲ့လေသည်။ ဗွခ်သေ့နပ်စ်စွာရဲဘုရင် ရယူထားကာ ယူဆောင်သွားသော 'ဗိုင်သွလ်မုကဒ္ဒပ်စ်'၏ ဘဏ္ဍာတော်များနှင့် အရေးကြီးသော ပစ္စည်းဥစ္စာများကိုလည်း ဗနီအိစ်ရာအီးလ်လူမျိုးတို့အား ပြန်လည်အပ်နှင်းလိုက်လေသည်။ ထို့ကြောင့် ဤဘုရင်ကို ဗနီအိစ်ရာအီးလ်လူမျိုး (ယဟူဒီ) အား လွတ်မြောက်ကယ်တင်မှုကို ပြုသောသူ ဟူ၍ ပြောဆိုကြလေသည်။

ဤအချက်သည် ထပ်တူထပ်မျှ စဉ်းစားခြင်းနှင့် နီးကပ်လှသော အချက်ဖြစ်သည်။ မဒီနာမြို့ရှိ ယဟူဒီများသည် နဗီဖြစ်ကြောင်း စမ်းစစ်ရန်အတွက် မက္ကာဟ်မြို့တော်ရှိ ကုရိုက်ရှ်များကို ကြားခံထားကာ မေးခွန်းများကို သတ်မှတ်မေးမြန်းခဲ့လေသည်။ ထိုမေးခွန်းများအတွင်း၌ ယဟူဒီတို့သည် မိမိတို့အား လွတ်လပ်ရေးရရန် ကြိုးပမ်းပေးသူအဖြစ် ယုံကြည်မှုထားရှိကာ ဂါရဝတရား ထားလေ့ရှိသော ဇုလ်ကရ်နိုင်းန်ဘုရင်နှင့် စပ်လျဉ်းသော မေးခွန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပေသည်။

မောင်လာနာဟစ်ဖ်ဇွရ်ရဟ်မာန်း (ဆွာဟစ်ဗ်) သည် မိမိ၏ ထိုသုတေသနပြုချက်အပေါ် လက်ရှိ 'သောင်ရားသ်'ကျမ်း၏ အကိုးအကားဖြင့် ဗနီအိစ်ရာအီးလ် နဗီတမန်တော်များ၏ ကြိုတင်မိန့်မြွက်ချက်များကိုသော်လည်းကောင်း၊ တစ်ဖန် ရာဇဝင်သမိုင်း ဆင့်ပြန်ချက်များဖြင့်သော်လည်းကောင်း၊ ယင်းအချက်အား အထောက်အထား ပီပြင်ခိုင်မာစွာ တင်ပြထားပေသည်။ ထပ်မံ၍ အကျယ်ချဲ့ ရှုမြင်လေ့လာချင်သူများ အဖို့ ထိုကျမ်းအား ကြည့်ရှုလေ့လာနိုင်ပေသည်။ ဆင့်ပြန်ချက်အားလုံးအား တင်ပြရခြင်း၏ ကျွန်ုပ် မိုဟမ္မဒ် ရှဖီးအ်၏ အဓိက ရည်ရွယ်ချက်မှာ ဇုလ်ကရ်နိုင်းန်ဘုရင်သည် မည်သူနည်း။ ၄င်း၏ ပေါ်ထွန်းခဲ့သော ခေတ်ကာလနှင့် စပ်လျဉ်း၍ အွမ္မသ်၏ အာလင်မ်သာသနာ့ပညာရှင်များနှင့် ရာဇဝင်နှင့် အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်ကြီးများ၏ အဆိုအမိန့်များ စာရှုသူများ၏ ရှေ့မှောက်သို့ ရောက်ရှိရန်သာ ဖြစ်သည်။ မည်သူ၏ အဆိုကို သာပိုဦးစားပေးရမည်ဟူသည့် ကျွန်ုပ်ရေးသားနေခြင်း၏ အဓိကကဏ္ဍရပ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်မြတ်များမှ တင်ပြကြွေးကြော်မှု မပြုထားသော ကဏ္ဍရပ်များအား သတ်မှတ်အတည်ပြုရန် ကျွန်ုပ်တို့အပေါ်၌ တာဝန်မရှိပေ။ ထိုအဆိုများအတွင်း၌ အကြင်မည်သည့်အဆိုတစ်ရပ်ကိုမဆို ဦးစားပေး၊ မှန်ကန်သည်ဟု မှတ်ယူမည်ဆိုပါကလည်း ကုရ်အာန်ကျမ်းတော်မြတ်၏ ရည်ရွယ်ချက်သည် အခြေအနေတိုင်း၌ ရရှိလျက် ရှိနေမည်သာ ဖြစ်သည်။ အလ္လာဟ် အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။ အရှေ့၌ အာယသ်တော်၏ အကျယ်ချဲ့သဘောတရားကို လေ့လာကြည့်ရှုကြပါစို့။

قُلْ سَاَتْلُوْا عَلَيْكُمْ مِّنْهُ ذِكْرًا

အို၊ နဗီတမန်တော်၊ အသင်သည် ၄င်းတို့အား အချင်းတို့၊ ငါသည် ယခုပင် ယင်းဇုလ်ကရ်နိုင်းန်၏ အကြောင်းများအနက် အကြောင်းတစ်ခုကို အသင်တို့ရှေ့ဝယ် ပြန်၍ ပြောပြမည်ဟူ၍ ပြောကြားပါလေ။

[၁၈ : ၈၃]

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤနေရာ၌ ذِكْرَهُ ဟူ၍ အတိုချုံးစကားလုံးကို အသုံးမပြုဘဲ مِنْهُ ذِكْرًا ဟူ၍ စကားလုံးနှစ်လုံး သုံးနှုန်းထားခြင်းကို သေချာစွာ စမ်းစစ်လေ့လာကြည့်သင့်ပေသည်။ လေ့လာကြည့်လျှင် ထိုစကားလုံးနှစ်လုံးကို သုံးနှုန်းခြင်း၌ 'ကုရ်အာန်ကျမ်းတော်မြတ်သည် ဇုလ်ကရ်နိုင်းန် ဘုရင်၏ ဖြစ်အင်အပြည့်အစုံနှင့် ရာဇဝင်သမိုင်းကို တင်ပြရန် ကတိပြုမထားပေ။ သို့သာမက ၎င်း၏ ကဏ္ဍာရပ်တစ်ခုကိုသာ တင်ပြရန်ကို မိန့်တော်မူထားပေသည်။ အကြင်အချက်အပေါ် مِنْ 'မင်းန်'ဆိုသော စကားလုံးနှင့် ذِكْرًا ဆိုသော စကားလုံး၌ ပါဝင်သော 'သန်ဝီးန်' (ဒိုးဇဗရ်) စကားလုံးတို့က အာရဗီသဒ္ဒါ သဘောတရားဖြင့် သက်သေပြလျက်ရှိနေသည်' ဟူသောဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားသည်။ အထက်၌ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီး၏ အမည်၊ ဆွေစဉ်မျိုးဆက်များနှင့် ခေတ်ကာလ အစရှိသည်တို့ကို ရေးသားထား သော ရာဇဝင်သမိုင်းရေးရာအချက်များကို ကုရ်အာန်ကျမ်းတော်မြတ်သည် အရေးမကြီးဟူ၍ မှတ်ယူကာ စွန့်လွှတ်ထားကြောင်းကို အစကတည်းကပင် တင်ပြထားပေသည်။

وَآتَيْنَاهُ مِنْ كُلِّ شَيْءٍ سَبَبًا

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းအား အရာခပ်သိမ်းတို့အနက်မှ လိုအပ်သော ဥစ္စာပစ္စည်း၊ လက်နက် ကိရိယာအမျိုးမျိုးကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ *[၁၈ : ၈၄]*

سَبَب ဟူသော စကားလုံးသည် အာရဗီအဘိဓါန်၌ 'မိမိ၏ ရည်ရွယ်ချက်အောင်မြင်မှု ရရှိရန် အထောက်အကူပြုသော အရာအားလုံး'ကို ခေါ်ဆိုပေသည်။ အကြင်အရာများအတွင်း၌ ဒြပ်စင်ပစ္စည်း ကိရိယာ၊ အကြောင်းခံများနှင့် 'အိလ်မ်' (အသိပညာ) နှလုံးသားအမြင်နှင့် အတွေ့အကြုံ အစရှိသော အရာများအားလုံး ပါဝင်ပေသည်။ *[ဗဟ်ရေမုဟီးသ်]*

مِنْ كُلِّ شَيْءٍ 'အရာခပ်သိမ်းတို့အနက်မှ' ဟူသော စကားပိုဒ်၏ လိုရင်းသဘောသည် 'ဘုရင် တစ်ပါးနှင့် အုပ်ချုပ် သူတစ်ဦးတစ်ယောက်အဖို့ စီမံအုပ်ချုပ်မှုရေးရာ လိုအပ်ချက်ကိစ္စများအလုံးစုံ ပါဝင် ပေသည်။' သို့ဆိုလျှင် အာယသ်တော်၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် ဇုလ်ကရ်နိုင်းန်ဘုရင် ကြီးအား မိမိ၏ တရားမျှတမှု၊ လောကကမ္ဘာကြီး၏ ငြိမ်းချမ်းရေးတရားနှင့် တိုင်းပြည်များ အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ရန်အတွက် ထိုခေတ်အခါ သမယနှင့်အညီ လိုအပ်သော အရာဝတ္ထုပစ္စည်း၊ အချက် အလက်များအလုံးစုံကို ချီးမြှင့်ပေးသနားထားတော်မူသည်'ဟူ၍ အလိုသဘောရ၏။

فَأَتْبَعَ سَبَبًا (သို့ဖြစ်ပေရာ ယင်းဇုလ်ကရ်နိုင်းန်သည် လမ်းတစ်ခုကို လိုက်ခဲ့လေသည်) ဟူသော အာယသ်တော်၏ အလိုသဘောမှာ 'အမျိုးမျိုးသော ပစ္စည်း၊ လက်နက်ကိရိယာများနှင့် ကမ္ဘာလောက၏ အနယ်နယ်အရပ်ရပ် ဒေသထိတိုင် ရောက်ရှိနိုင်လောက်အောင်သော အရာများကို ချီးမြှင့်ပေးသနားထား တော်မူပေသည်'ဟု အလိုသဘောရ၏။ ၎င်းသည် ဦးစွာပထမ အနောက်ဘက်သို့ ခရီးနှင်ရန် အရာဝတ္ထု ပစ္စည်းများကို အသုံးချခဲ့လေသည်။

حَتّٰى اِذَا بَلَغَ مَغْرِبَ الشَّمْسِ

နောက်ဆုံးတွင် ယင်းဇုလ်ကရ်နိုင်းန်သည် နေဝင်သောနေရာသို့ ရောက်ရှိခဲ့၏။ *[၁၈ : ၈၆]*

အလိုသဘောမှာ ၄င်း၏ အရှေ့၌ မည်သည့်မြို့ပြတည်နေရာ တည်ရှိနေခြင်း မရှိသည့် အနောက်ဘက်အရပ်ထိတိုင် ရောက်ရှိခဲ့သည်။

فِىْ عَيْنٍ حَمِئَةٍ

မည်းနက်၍ နောက်ကျိ (ရွံ့ပုပ်ထိ) သော အိုင်တော်တစ်ခုတွင် ဝင်နေဘိသကဲ့သို့ တွေ့မြင်လေ၏။ *[၁၈ : ၈၆]*

حَمِئَةٌ ၏ အဘိဓါန်အဓိပ္ပာယ်သည် မည်းနက်သော ရွံ့ဗွက်ဟူ၍ အဓိပ္ပာယ်ရ၏။ 'ထိုရေဖြစ်သည်။ အကြင်ရေ၏ အောက်၌ မည်းနက်သော ရွံ့ဗွက်ရှိကာ အကြင်ရွံ့ဗွက်ကြောင့် ရေ၏အရောင်ကိုပင် မည်းနက်နေသည်ဟူ၍ အလိုသဘောရရှိ၏။ 'နေကို ဤကဲ့သို့သော အိုင်တစ်ခုတွင် ဝင်နေဘိ သကဲ့သို့ မြင်တွေ့ရခြင်း' ၏ အလိုသဘောမှာ ကြည့်ရှုသောသူအနေနှင့် 'နေမင်းသည် ဤအိုင်အတွင်း၌ နစ်မြုပ်သွားသည်' ဟူ၍ ခံစားသိရှိရခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အရှေ့၌ မြို့ပြတည်နေရာ တစ်စုံတစ်ရာသို့မဟုတ် မည်သည့်ကုန်းမြေတစ်စုံတစ်ရာမျှ မရှိပေ။ ပမာတင်ပြရသော် အသင်သည် နေဝင်ချိန် ဤကဲ့သို့သော ကွင်းပြင်တစ်ခုသို့ ရောက်ရှိနေပေသည်။ အကြင်နေရာမှ ဝေးကွာလှစွာသော အနောက်ဘက်အရပ်ဒေသများ၌ တောင်၊ အပင်၊ အဆောက်အဦ တစ်စုံတစ်ရာမျှ မရှိဟုဆိုလျှင် ကြည့်ရှုသူအနေနှင့် 'နေမင်းသည် မြေကြီးအတွင်းသို့ ဝင်ရောက်လျက်ရှိနေသည်'ဟူ၍ ခံစားနေရသကဲ့သို့ ဖြစ်ပေသည်။

وَوَجَدَ عِنْدَهَا قَوْمًا

၄င်းပြင် ထိုအိုင်၏အနီးတွင် လူမျိုးတစ်မျိုးကိုလည်း တွေ့ရှိလေသည်။ *[၁၈ : ၈၆]*

ဆိုလိုသည်မှာ ထိုနောက်ကျိသော အိုင်အနီး၌ လူမျိုးတစ်မျိုးကို တွေ့ရှိရလေသည်။ အာယသ်တော်၏ အရှေ့ပိုင်းကဏ္ဍမှ 'ဤလူမျိုးစုသည် ကာဖိရ်မျိုးနွယ်အုပ်စုများ' ဖြစ်ကြောင်းကို သိရှိရပေသည်။ ထို့ကြောင့် တင်ပြလျက်ရှိသော အာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် ဇုလ်ကရ်နိုင်းန်ဘုရင်ကို အခွင့်အရေးနှစ်ရပ်ကို ရွေးချယ်ခွင့်ပေးထားပေသည်။ 'အကယ်၍ လိုလားသည်ဆိုလျှင် ၄င်းတို့အားလုံးကို ကနဦးကတည်းကပင် 'ကုဖွရ်'(သွေဖည်ငြင်းဆိုမှု) ၏ အစား၌ သတ်ဖြတ်ခွင့်ပေးထားပြီး 'အကယ်၍ လိုလားသည်ဆိုလျှင် ဦးစွာပထမ ဖိတ်ခေါ်မှုနှင့် တရားဒေသနာတော်တို့ဖြင့် ၄င်းတို့အား အစ္စလာမ်သာသနာတော်နှင့် အီမာန်လက်ခံရန်ဘက်သို့ ဖိတ်ခေါ်နိုးဆော်ရန် ဖြစ်ပြီး တစ်ဖန် လက်ခံသော သူများကို လက်ခံခြင်း၏အကျိုးအစားနှင့် လက်မခံသောသူများကို ဒဏ်ခတ်ရန်'ဟူသော ကရုဏာတရားထားခြင်းနည်းလမ်းတို့ကို ချပြလိုက်လေသည်။ အကြင်အချက်နှစ်ရပ်အား ရွေးချယ်ခွင့်ပေးရာ၌ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးသည် ဒုတိယအချက်အား ရွေးချယ်လိုက်လေသည်။ ဦးစွာပထမ ၄င်းတို့အား တရားဒေသနာဟောကြားမှုတို့ဖြင့် ဖြောင့်

မတ်မှန်ကန်သော လမ်းစဉ်အပေါ်သို့ ရောက်ရှိလာရန်၊ ကြိုးပမ်းမှုကို ပြုရန်၊ တစ်ဖန် အကြင်သူတို့သည် 'ကုဖ္ဖရ်' (သွေဖည်ငြင်းဆိုမှု) အပေါ်၌ ဆက်လက်တည်ရှိနေပါက ပြစ်ဒဏ်ပေးရန်ဖြစ်ပြီး၊ အီမာန်ရယူ၍ ကောင်းမြတ်သော အကျင့်သီလဆောက်တည်ထိန်းသူတို့အား ကောင်းမွန်သော အစားပေးရန် ဖြစ်ပေသည်။

قُلْنَا يٰذَا الْقَرْنَيْنِ

ထိုအခါ ငါအသျှင်မြတ်သည် ယင်းဇုလ်ကရ်နိုင်းန်အား 'အို၊ ဇုလ်ကရ်နိုင်းန်'။ *[၁၈ : ၈၆]*

ဤအာယသ်တော်မှ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးကို အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ကိုယ်တိုင် မိန့်မြွက်တော်မူခဲ့ကြောင်းကို သိရှိရပေသည်။ အကယ်၍ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးကို နဗီအဖြစ် သတ်မှတ်မည်ဆိုပါက ယင်းသို့ သတ်မှတ်ရာ၌ တစုံတစ်ရာ စောဒကတက်နိုင်ဖွယ် မရှိပေ။ အကြောင်းမှာ ၎င်းအား 'ဝဟီ'၏ အကြောင်းခံဖြင့် မိန့်တော်မူခဲ့ခြင်း ဖြစ်ပေသည်။ ထို့ပြင်တဝ အကယ်၍ ၎င်းအား နဗီအဖြစ် လက်မခံပါကလည်း ထို يَا ذَا الْقَرْنَيْنِ နှင့် قُلْنَا ဟူ၍ မိန့်တော်မူခြင်း၏ ပုံပန်းသဏ္ဌာန်သည် 'နဗီတမန်တော် တစ်ပါးပါး၏ အကြောင်းခံဖြင့် ဤမိန့်မြွက်ချက်ကို ဇုလ်ကရ်နိုင်းန်းသခင်ကြီးအား ပေးသနားတော်မူခဲ့ကြောင်း' ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် ဆင့်ပြန်ချက်များ၌ ဟဇရသ်ခိဇ်ရ် عليه السلام သည် ၎င်းနှင့်အတူ တည်ရှိနေကြောင်း ဖော်ပြထားပေသည်။ ထို့ပြင် ဤ 'ဝဟီ'ထုတ်ပြန်မှုသည် နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်းတို့ကြောင့် ကျရောက်ခြင်းမျိုးမဟုတ်ဘဲ အဘိဓါန်အရ 'ဝဟီ'ကျရောက်ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ ပမာဆိုရသော် ဟဇရသ်မူစာ عليه السلام ၏ မိခင်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၌ وَأَوْحَيْنَا ဟူသော စကားလုံး လာရှိထားပေသည်။ အကယ်စင်စစ် ထိုအမျိုးသမီး နဗီ သို့မဟုတ် ရစူလ်ဖြစ်ရန် လုံးဝ မဖြစ်နိုင်သော ကိစ္စမျိုး ဖြစ်ပေသည်။ သို့ရာတွင် အဗူဟိုက်ယာန်သခင်ကြီးသည် ဗဟ်ရေမုဟီးသ်ကျမ်း၌ မိန့်တော်မူထားသည်မှာ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးအား ဤနေရာ၌ မိန့်တော်မူထားသော မိန့်မြွက်ချက်မှာ ထိုမျိုးနွယ်အုပ်စုအား သတ်ဖြတ်ရန် အမိန့်ပင် ဖြစ်သည်။ ဤကဲ့သို့သော ပညတ်ချက်တစ်စုံတစ်ရာသည် နဗီဖြစ်ခြင်း၏ 'ဝဟီ'အမိန့်တော်မရှိဘဲ ထုတ်ပြန်၍ မရရှိနိုင်ပေ။ ဤကိစ္စရပ်မျိုးသည် 'ကရှ်ဖ်' (အလင်းတရား၏ အတွင်းစကား) နှင့် 'အစ်လ်ဟားမ်' (အလ္လာဟ်အသျှင်မြတ်သည် နှလုံးသားအတွင်း တိုက်ရိုက်ထည့်ပေးသနားတော်မူထားသည့် အကြံဉာဏ်) တို့ဖြင့်လည်း မဖြစ်နိုင်သလို နဗီဖြစ်ခြင်း၏ 'ဝဟီ'အမိန့်တော် မပါရှိဘဲ အခြားသော အကြောင်းခံတစ်စုံတစ်ရာမျိုးဖြင့်လည်း မဖြစ်နိုင်ပေ။ ထို့ကြောင့် ဇုလ်ကရ်နိုင်းန် ဘုရင်ကြီးကိုယ်တိုင်ကို နဗီအဖြစ် လက်ခံယုံကြည်ရန် သို့မဟုတ် ၎င်း၏ ခေတ်အခါသမယ၌ ရှိသော နဗီအား အကြောင်းခံ၍ ၎င်းအား မိန့်တော်မူခြင်း ဖြစ်၏။ ထိုအကြောင်းများမှအပ အခြားမည်သည့် အကြောင်းအရာ တစ်စုံတစ်ရာမျှ မဖြစ်နိုင်ပေ။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိတော်မူဆုံးဖြစ်တော်မူ၏။)

◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊

ثُمَّ اَتۡبَعَ سَبَبًا ﴿۸۹﴾

၁၈ : ၈၉ ။ ။ ထို့နောက် ယင်း (ဇုလ်ကရ်နိုင်န်) သည် (အခြားသော) လမ်းတစ်ခုကို လိုက်ပြန်လေ၏။

حَتّٰۤی اِذَا بَلَغَ مَطۡلِعَ الشَّمۡسِ وَجَدَهَا تَطۡلُعُ عَلٰی قَوۡمٍ لَّمۡ نَجۡعَلۡ لَّهُمۡ مِّنۡ دُوۡنِهَا سِتۡرًا ﴿۹۰﴾

၁၈ : ၉၀ ။ ။ နောက်ဆုံးတွင် ယင်း (ဇုလ်ကရ်နိုင်န်) သည် နေထွက်ရာတစ်နေရာသို့ ရောက်ရှိခဲ့သောအခါ၊ ထို 'နေ' ကို အကြင်လူမျိုးတစ်မျိုး၏ အပေါ်၌ ထွက်နေဘိသကဲ့သို့ တွေ့ရှိခဲ့လေသည်။ ငါအသျှင်မြတ်သည် ထိုလူမျိုးအား ယင်း 'နေ'၏ ဤ (အပူအရှိန်မှ ကာကွယ်ရန်) အကာအကွယ်တစ်စုံတစ်ရာကိုမျှ ပြုလုပ်၍ ပေးတော်မူခဲ့သည် မဟုတ်ချေ။

كَذٰلِكَ ؕ وَقَدۡ اَحَطۡنَا بِمَا لَدَیۡهِ خُبۡرًا ﴿۹۱﴾

၁၈ : ၉၁ ။ ။ ('ဇုလ်ကရ်နိုင်န်'၏ အတ္ထုပ္ပတ္တိအကြောင်းသည်) ဤအတိုင်းပင် ဖြစ်၏။ ကေန်စင်စစ် ငါအသျှင်မြတ်သည် ယင်း (ဇုလ်ကရ်နိုင်န်) ထံ ရှိသမျှ (သော လက်နက်ကိရိယာ အလုံးစုံ) တို့ကို တစ်ခုမကျန် သိရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ယင်း (ဇုလ်ကရ်နိုင်းန်) သည် (ကမ္ဘာ့အနောက်ပိုင်း တိုင်းပြည်နိုင်ငံများအား သိမ်းပိုက်ပြီး နောက် အရှေ့ဖျားနိုင်ငံများအား တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ချက်မျိုးဖြင့် အရှေ့ဘက်ရှိရာ အခြားသော) လမ်းတစ်ခုကို လိုက်ပြန်လေ၏။ နောက်ဆုံးတွင် ယင်း (ဇုလ်ကရ်နိုင်းန်) သည် နေထွက်ရာ (အကြင်ဒေသ၏ အရှေ့ဘက်၌ မည်သည့်နယ်ဒေသတစ်ခုမျှ မရှိသည့် ကမ္ဘာ့အရှေ့ဆုံး) နေရာသို့ ရောက်ရှိခဲ့သောအခါ ထိုနေကို အကြင်လူမျိုးတစ်မျိုး၏ အပေါ်၌ ထွက်နေဘိသကဲ့သို့ တွေ့ရှိခဲ့လေသည်။ ငါအသျှင်မြတ်သည် ထိုလူမျိုးအား ယင်းနေ၏ ဤ (အပူရှိန်မှ ကာကွယ်ရန်) အကွယ်တစ်စုံတစ်ရာကိုမျှ ပြုလုပ်၍ ပေးတော်မူခဲ့သည်မဟုတ်ချေ။ (ဆိုလိုသည်မှာ ထိုနေရာ၌ ဤကဲ့သို့သော မျိုးနွယ်အုပ်စုတစ်အုပ်စု နေထိုင်ကြလေသည်။ အကြင်သူတို့သည် နေပူရှိန်ဒဏ်မှ ကာကွယ်ရန် အိမ် (သို့မဟုတ်) ရွက်ဖျဉ်တဲ တစ်စုံတစ်ရာ အစရှိသော အရာများကို ပြုလုပ်ကြရန် အလေ့အထရှိသောသူများ မဟုတ်ကြချေ။ သို့သာမက တိရစ္ဆာန်များကဲ့သို့ ကွင်းပြင်ထီးထီးကြီးအတွင်း၌ အဝတ်အစားများကိုပင် မဝတ်ဆင်ဘဲ နေထိုင်ကြသူများ ဖြစ်ကောင်း ဖြစ်နိုင်သည်။)

ဤဖြစ်ရပ်မှာ ဖော်ပြပါအတိုင်းပင် ဖြစ်သည်။ ထို့နောက် ဇုလ်ကရ်နိုင်းန်ထံ ရှိသမျှသော လက်နက်ကိရိယာအလုံးစုံကို ငါအသျှင်မြတ် သိရှိတော်မူသည်။ ဖော်ပြပါအချက်များတွင် 'နဗူဝသ်'အား စမ်းစစ်ရန်အတွက် ဇုလ်ကရ်နိုင်းန်နှင့် ပတ်သက်၍ မေးမြန်းသောသူများကို သတိပေး မိန့်တော်မူထားသည်မှာ ကျွန်ုပ်တမန်တော် တင်ပြနေသော အချက်များသည် အိလ်မ်ပညာရပ်ပေါ်၌ မူတည်ပေသည်။ သာမန်သမိုင်းဝင် ပုံပြင်များကဲ့သို့ မဟုတ်ပေ။ သို့မှသာ တမန်တော်မြတ် ﷺ သည် စစ်မှန်သော နဗီဖြစ်ကြောင်းမှာ ပေါ်လွင်ထင်ရှားသွားမည်ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဇုလ်ကရ်နိုင်းဘုရင်ကြီးသည် ကမ္ဘာ့အရှေ့ဘက်အဖျားဦး အကြင်မျိုးနွယ်အုပ်စုတို့ နေထိုင်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့လေသည်။ ထိုသူတို့၏ အခြေအနေကို ကုရ်အာန်ကျမ်းတော်မြတ်က 'နေပူဒဏ်ခံနိုင်ရန်အတွက် မည်သည့်ပစ္စည်း၊ အိမ်၊ ရွက်ဖျဉ်တဲ အဝတ်အစား အစရှိသော အကြောင်းခံများဖြင့် ခိုလှုံ၊ ကာကွယ်မှု မရယူထားကြောင်း'ကို တင်ပြထားပေသည်။ သို့ရာတွင် ၄င်းတို့၏ သာသနာနှင့် ကျင့်ကြံဆောင်ရွက်ချက်များအကြောင်း တစ်စုံတစ်ရာ မတင်ပြထားပေ။ ထို့ပြင် ဇုလ်ကရ်နိုင်းန်ဘုရင်သည် ၄င်းတို့ နှင့် မည်ကဲ့သို့ ပြုမူခဲ့သည်ကိုလည်း မတင်ပြထားပေ။ ဤသူတို့သည် ကာဖိရ်များဖြစ်ကြောင်းမှာ ထင်ရှား လှပေသည်။ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးသည် ၄င်းတို့နှင့်အတူ အပေါ်၌ တင်ပြထားပြီးဖြစ်သော အနောက်ဘက် ဒေသခံများနှင့် ပြုမူဆက်ဆံခဲ့သည့်အတိုင်း ဆောင်ရွက်ခဲ့ပေသည်။ သို့ရာတွင် ထိုအချက်အား ဤနေရာ၌ တင်ပြရန် မလိုအပ်ပေ။ အကြောင်းမှာ တင်ပြပြီးခဲ့သော ဖြစ်အင်ကို ထပ်တူထပ်မျှ စဉ်းစား၍ ထိုအချက်ကိုလည်း သိနိုင်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ثُمَّ أَتْبَعَ سَبَبًا ﴿٩٢﴾

၁၈ : ၉၂ ။ ။ ထို့နောက် ယင်း (ဇုလ်ကရ်နိုင်န်) သည် (အခြားသော) လမ်းတစ်ခုကို လိုက်ခဲ့ပြန်လေ၏။

حَتَّىٰٓ إِذَا بَلَغَ بَيْنَ ٱلسَّدَّيْنِ
وَجَدَ مِن دُونِهِمَا قَوْمًا لَّا يَكَادُونَ يَفْقَهُونَ قَوْلًا ﴿٩٣﴾

၁၈ : ၉၃ ။ ။ နောက်ဆုံးတွင် ယင်း (ဇုလ်ကရ်နိုင်န်) သည် တောင် (နှစ်) လုံး၏ အကြားသို့ ရောက်ရှိခဲ့သောအခါ ယင်းတောင်နှစ်လုံး၏ ဤမှာ (ဘေး တစ်) ဖက်တွင် မည်သည့်စကားကိုမျှ နားမလည်နိုင်ကြသော လူမျိုးတစ်မျိုးကို တွေ့ရှိခဲ့လေသည်။

قَالُوا۟ يَـٰذَا ٱلْقَرْنَيْنِ إِنَّ يَأْجُوجَ وَمَأْجُوجَ مُفْسِدُونَ فِى ٱلْأَرْضِ فَهَلْ
نَجْعَلُ لَكَ خَرْجًا عَلَىٰٓ أَن تَجْعَلَ بَيْنَنَا وَبَيْنَهُمْ سَدًّا ﴿٩٤﴾

၁၈ : ၉၄ ။ ။ ယင်းလူမျိုးတို့က 'အို၊ ဇုလ်ကရ်နိုင်န်၊ စကန်မလွဲ 'ယအ်ဂျူဂ်' နှင့် 'မအ်ဂျူဂ်' တို့သည် ဤအရပ်ဒေသတွင် ဆူပူသောင်းကျန်း၊ လုယက်တိုက်ခိုက်၊ ဖျက်ဆီးသူများပင် ဖြစ်ကြပါသည်။ သို့ပါ၍ အသင်သည် ကျွန်ုပ်တို့နှင့် ၄င်းတို့၏ အကြားတွင် အကာအကွယ် (တံတိုင်း) တစ်ခုကို ပြုလုပ်ပေးပါရန်နှင့် ကျွန်ုပ်တို့သည် အသင့်အား ကုန်ကျစရိတ်ကို စုဆောင်း၍ ပေးရပါမည်လော' ဟု ပြောဆိုကြ၏။

قَالَ مَا مَكَّنِّي فِيهِ رَبِّي خَيْرٌ فَأَعِينُونِي بِقُوَّةٍ أَجْعَلْ بَيْنَكُمْ وَبَيْنَهُمْ رَدْمًا ﴿٩٥﴾

၁၈ : ၉၅ ။ ။ ယင်း (ဇုလ်ကရ်နိုင်န်) က (၎င်းတို့အား၊ ဤသို့) ပြောဆိုဖြေကြားခဲ့လေ၏။ (အချင်းတို့) 'ဤသည်နှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ အသျှင်မြတ်က ကျွန်ုပ်အား (ဥစ္စာပစ္စည်း အမြောက်အမြား) ချီးမြှင့်တော်မူခဲ့သော စွမ်းအင်သည်ပင် အလွန်များပြားလှပါ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်အား (မိမိတို့၏) လုပ်အားဖြင့်သာ ကူညီကြလေကုန်။ ကျွန်ုပ်သည် အသင်တို့နှင့် ၎င်းတို့၏ အကြားဝယ် အလွန် ခိုင်ခံ့မြင့်မားသော တံတိုင်းကို ပြုလုပ်၍ ပေးမည်။'

آتُونِي زُبَرَ الْحَدِيدِ ۖ حَتَّىٰ إِذَا سَاوَىٰ بَيْنَ الصَّدَفَيْنِ قَالَ
انفُخُوا ۖ حَتَّىٰ إِذَا جَعَلَهُ نَارًا قَالَ آتُونِي أُفْرِغْ عَلَيْهِ قِطْرًا ﴿٩٦﴾

၁၈ : ၉၆ ။ ။ 'အသင်တို့သည် သံပြား (သံတို၊ သံစ၊ သံတုံး) များကိုသာ ကျွန်ုပ်ထံ ယူဆောင်ခဲ့ကြလေကုန်။' နောက်ဆုံးတွင် တောင်နှစ်လုံး ထိပ်ဖျားနှစ်ခုအကြားတွင် (ယင်းသံပြား၊ သံတို၊ သံစ၊ သံတုံးများကို) တစ်ညီတည်းဖြစ်အောင် ပြုလုပ် (ပြီးစီး) ခဲ့သောအခါ (စတင်မီးဖုတ်စေပြီး) ယင်း (ဇုလ်ကရ်နိုင်န်) က (အချင်းတို့၊ ယခု) 'အသင်တို့သည် (ယပ်ခတ်) လေမှုတ်ကြလေကုန်' ဟု ပြောဆိုညွှန်ကြားခဲ့၏။ နောက်ဆုံးတွင် ယင်းသံပြားများကို (ရဲရဲတောက်) မီး (ခဲများ) ဖြစ်စေခဲ့သောအခါ (တစ်ဖန်) ယင်း (ဇုလ်ကရ်နိုင်န်) က (အချင်းတို့) 'အသင်တို့သည် အရည်ကျိုထားသော ကြေးနီကို ကျွန်ုပ်ထံ ယူခဲ့ကြလေကုန်။ (ယင်းအရည်ကျိုထားသော ကြေးနီကို) ဤ (ရဲရဲတောက်လျက်ရှိသော) သံပြားများပေါ်၌ ကျွန်ုပ် သွန်းလောင်းအံ့' ဟု ပြောဆိုခဲ့လေသည်။

فَمَا اسْطَاعُوا أَن يَظْهَرُوهُ وَمَا اسْتَطَاعُوا لَهُ نَقْبًا ﴿٩٧﴾

၁၈ : ၉၇ ။ ။ ထို (သို့ တံတိုင်းကြီးကို ပြုလုပ်၍ ပြီးစီးသွားသောအခါ) ၎င်း ('ယအ်ဂျူဂ်' နှင့် 'မအ်ဂျူဂ်') တို့မှာ ယင်းတံတိုင်းကြီးအား ကျော်တက်ခြင်းကိုလည်းကောင်း၊ ဖောက်ထွင်းခြင်းကိုလည်းကောင်း မပြုစွမ်းနိုင်ခဲ့ကြချေ။

قَالَ هَٰذَا رَحْمَةٌ مِّن رَّبِّي ۖ فَإِذَا جَاءَ وَعْدُ رَبِّي جَعَلَهُ دَكَّاءَ ۖ وَكَانَ
وَعْدُ رَبِّي حَقًّا ﴿٩٨﴾

၁၈ : ၉၈ ။ ။ ထိုအခါ ယင်း (ဇုလ်ကရ်နိုင်န်) က 'ဤသည်မှာ ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကရုဏာတော်ပင် (ဖြစ်၏။) တစ်ဖန် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ချိန်းချက်ထားတော်မူသော အချိန်ကာလ ဆိုက်ရောက်လာသောအခါ ဤတံတိုင်းကို ဖြိုဖျက်တော်မူမည်။ စင်စစ် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ချိန်းချက်မှု (ကတိတော်) သည် မှန်ကန်သော ချိန်းချက်မှု (ကတိတော်) ပင် ဖြစ်သည်' ဟု ပြောကြားခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အရှေ့ဖျား၊ အနောက်ဖျား ဒေသများကို အောင်နိုင်မှု ရယူကာ) ယင်း (ဇုလ်ကရ်နိုင်းန်) သည် (အခြားသော) လမ်းတစ်ခုကို လိုက်ခဲ့ပြန်လေ၏။ (ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ထိုအရပ်မျက်နှာဘက်ကို မဖော်ပြထားပေ။ သို့ရာတွင် လူနေမှု သိပ်သည်းခြင်းသည် များသောအားဖြင့် မြောက်ဘက်အရပ်သာ ဖြစ်ပေသည်။ ထို့ကြောင့် အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်ကြီးများသည် ထိုခရီးကို မြောက်ဘက်အရပ်သို့ နှင်သော ခရီးဟူ၍ သတ်မှတ်ပေးထားကြပေသည်။ ရာဇဝင်လာ သက်သေအထောက်အထား အချက်များသည် ယင်းအချက်အား အထောက်အကူပြုလျက် ရှိနေပေသည်။ နောက်ဆုံးတွင် ယင်း (ဇုလ်ကရ်နိုင်းန်) သည် တောင် (နှစ်လုံး) ၏ အကြားသို့ ရောက်ရှိခဲ့သောအခါ ယင်းတောင်နှစ်လုံး၏ (ဘေးတစ်) ဘက်တွင် (စကားနှင့် အဓိပ္ပါယ်ကို နားမလည်ကာ လူရိုင်းအသွင် အသက်ရှင်နေထိုင်ကြခြင်းကြောင့်) မည်သည့်စကားကိုမျှ နားမလည်နိုင်ကြသော လူမျိုးတစ်မျိုးကို တွေ့ရှိခဲ့လေသည်။ (ထိုစကားလုံးတော်များမှ သိရှိရသည်မှာ စကားကိုသာလျှင် နားမလည်ကြခြင်းမဟုတ်ပေ။ အဓိပ္ပာယ်ကြောင့်ဆိုသော် သိနားလည်နိုင်စွမ်းရှိကြပါမူ မသိနားမလည်သော စကားကိုလည်း အရိပ်အမြွက်ဖြင့် သိနားလည်နိုင်ကြမေသည်။ သို့သာမက 'လူရိုင်းအသွင် အသက်ရှင်နေထိုင်ခြင်း'ကြောင့် ၏ အချက်သည် 'သိနားလည်နိုင်စွမ်းများလည်း ဝေးကွာသွားရသည်ကို သိရှိရပေသည်။ သို့ရာတွင် သို့တစေပြားလည်း စကားပြန်တစ်ခုခု ၏ အကြောင်းခံဖြင့်) ယင်းလူမျိုးတို့က 'အို, ဇုလ်ကရ်နိုင်းန်၊ (တောင်ကြားလမ်း၏ ဤဘက်၌ နေထိုင် ကြသော) 'ယအ်ဂျူးဂ်'တို့သည် ဧကန်မလွဲ ဤအရပ်ဒေသတွင် (တစ်ခါတစ်ရံ လာရောက်ကြကာ) ဆူပူ သောင်းကျန်း လုယက်တိုက်ခိုက် ဖျက်ဆီး သူများပင် ဖြစ်ကြပါသည်။ (သတ်ဖြတ်မှုများကို ပြုလုပ်ကြ လေသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ၎င်းတို့နှင့် ရင်ဆိုင်နိုင်ရန် စွမ်းအားမရှိပေ။) သို့ပါ၍ (၎င်းတို့သည် ဤဘက်မှ မလာရောက်နိုင်စေရန်) အသင်သည် ကျွန်ုပ်တို့နှင့် ၎င်းတို့၏ ကြားတွင် အကာအကွယ် (တံတိုင်း) တစ်ခုကို ပြုလုပ်ပေးရန်နှင့် ကျွန်ုပ်တို့သည် အသင့်အား ကုန်ကျစရိတ်ကို စုဆောင်းပေးရမည်လော'ဟု ပြောဆိုကြ၏။

ယင်း (ဇုလ်ကရ်နိုင်းန်) က (၎င်းတို့အား ဤသို့) ပြောဆိုဖြေကြားခဲ့လေ၏။ (အချင်းတို့) ဤသည်နှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ အသျှင်မြတ်က ကျွန်ုပ်အား သုံးစွဲရန် ဥစ္စာပစ္စည်း အမြောက်အမြား ချီးမြှင့်တော်မူခဲ့သော စွမ်းအင်သည်ပင်လျှင် အလွန်များပြားလှပါ၏။ (ထို့ကြောင့် စုဆောင်းရန်နှင့် ပစ္စည်းဥစ္စာပေးရန် အချက်သည် မလိုအပ်ပေ။ သို့သာမက) သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်အား (မိမိတို့၏ လက်ရုံးရည်) အင်အားဖြင့်သာ ကူညီကြလေကုန်။ ကျွန်ုပ်သည် အသင်တို့နှင့် ၎င်း၏ ကြားဝယ် အလွန်ခိုင်ခံ့မြင့်မားသော တံတိုင်းကို ပြုလုပ်ပေးမည်။ 'အသင်တို့သည် သံပြား (သံတို၊ သံစ၊ သံတုံး) များကိုသာ ကျွန်ုပ်ထံ ယူဆောင်ခဲ့ကြလေကုန်။ (ကျွန်ုပ်သည် အသင်တို့အား တန်ဖိုးငွေ ပေးအပ်မည်ဖြစ်သည်။ 'ထိုသံ တံတိုင်းကြီး တည်ဆောက်ရန်အတွက် အခြားလိုအပ်သော ပစ္စည်းများကိုလည်း တောင်းခံမည်မှာလည်း ထင်ရှား

လှစွာသော အချက်ဖြစ်သည်။ သို့ရာတွင် ခေါင်းပါးသော တိုင်းပြည်၌ အရှားပါးဆုံးသော အရာသည် 'သံတို၊ သံစများ' ဖြစ်သည့်အတွက်ကြောင့် ထိုအချက်ကိုသာ တင်ပြလိုက်ခြင်းကို လုံလောက်သည်ဟု မှတ်ယူထားလေသည်။ အားလုံးသော အရာဝတ္ထုပစ္စည်းများကို စုဆောင်းပြီးသည့်နောက် တောင်နှစ်လုံးကြား သံတံတိုင်းကြီး တည်ဆောက်ရေး စီမံကိန်းကို စတင်အကောင်အထည်ဖော်လေသည်။)

နောက်ဆုံးတွင် တောင်နှစ်လုံးထိပ်ဖျား နှစ်ခုအကြား (အလည်) တွင် (ယင်းသံပြား၊ သံတို၊ သံစ၊ သံတုံးများကို တောင်နှစ်လုံး) နှင့် တစ်ညီတည်းဖြစ်အောင် ပြုလုပ် (ဖြည့်ဆည်းပြီးစီး) ခဲ့သောအခါ (စတင်မီးဖုတ်စေပြီး) ယင်း (ဇုလ်ကရ်နိုင်းန်) က (အချင်းတို့၊ ယခု) 'အသင်တို့သည် (ယပ်ခတ်) လေမှုတ်ကြလေကုန်' ဟု ပြောဆိုညွှန်ကြားခဲ့၏။ နောက်ဆုံးတွင် ယင်းသံပြားများကို (ယပ်ခတ်ရင်း ရဲရဲတောက်) မီး (ခဲများ) ဖြစ်စေခဲ့သောအခါ (တစ်ဖန်) ယင်း (ဇုလ်ကရ်နိုင်းန်) က 'အချင်းတို့၊ အသင်တို့သည် (အစကတည်းက အရည်ကျိုထားသော ကြေးနီကို ကျွန်ုပ်ထံ ယူခဲ့ကြလေကုန်။ (ယင်းအရည်ကျိုထားသော ကြေးနီကို) ဤ (ရဲရဲတောက်လျက် ရှိသော) သံပြားများအပေါ်၌ ကျွန်ုပ် သွန်းလောင်းအံ့' ဟု ပြောဆိုခဲ့လေသည်။ (သို့ရှိရာ အရည်အကျိုထားသော ကြေးနီများကို ယူဆောင်လာကာ ကိရိယာများ၏ အကြောင်းခံဖြင့် အပေါ်မှ လောင်းချလိုက်သောအခါ တံတိုင်း၏ အပေါက်များအားလုံးအတွင်းသို့ ဝင်ရောက်သွားကာ တံတိုင်းကြီးတစ်ခုလုံးသည် တစ်ပြေးညီ၊ တစ်ခုတည်း ဖြစ်သွားပေသည်။ ၎င်း၏ အလျားနှင့် အနံကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။) ထို (သို့ တံတိုင်းကြီးကို ပြုလုပ်၍ ပြီးစီးသွားသောအခါ ယင်းတံတိုင်းကြီး၏ မြင့်မားမှုနှင့် ချောမွတ်မှုတို့ကြောင့်) ၎င်း (ယအ်ဂျူးဂျ်နှင့် မအ်ဂျူးဂျ်) တို့မှာ ယင်းတံတိုင်းကြီးအား ကျော်တက်ခြင်းကိုလည်းကောင်း၊ (အလွန်ခိုင်ခံသည့်အတွက်ကြောင့်) ဖောက်ထွင်းခြင်းကိုလည်းကောင်း မပြုစွမ်းနိုင်ခဲ့ကြချေ။

ထိုအခါ ယင်း (ဇုလ်ကရ်နိုင်းန်) က (အလွန်တရာ မလွယ်ကူလှစွာသော တံတိုင်းကြီးကို ပြုလုပ်ပြီးစီးသွားသောအခါ ကျေးဇူးဥပကာယတင်သော သဘောမျိုးဖြင့်) ဤသည်မှာ 'ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကရုဏာတော်ပင် ဖြစ်၏။ ကျွန်ုပ်အပေါ် သက်ရောက်သော ကရုဏာတော်မှာ ကျွန်ုပ်၏ လက်ဝယ်၊ လက်ထက်၌ ဤအလုပ်သည် စတင် ပြုလုပ်ပြီးမြောက်သွားလေသည်။ ယအ်ဂျူးဂျ်နှင့် မအ်ဂျူးဂျ်တို့ ဒုက္ခပေးလေ့ရှိသော အသင်တို့ မျိုးနွယ်အုပ်စုအဖို့လည်း ကရုဏာတရားပင် ဖြစ်သည်။) တစ်ဖန် ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ချိန်းချက်ထားသော အချိန်ကာလသို့ ဆိုက်ရောက်လာသောအခါ (ထိုတံတိုင်း ပျက်စီးချိန်) ထိုအသျှင်မြတ်သည် ဤတံတိုင်းကို (မြေကြီးနှင့် တစ်သားတည်းဖြစ်အောင်) ဖြိုဖျက်တော်မူမည်။ စင်စစ် ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ချိန်းချက်မှု (ကတိတော်) သည် မှန်ကန်သော ချိန်းချက်မှု (ကတိတော်) ပင် ဖြစ်သည်' ဟု ပြောကြားခဲ့လေသည်။ (မိမိအချိန်၌ မုချ ဆိုက်ရောက်လာမည် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

ခဲယဉ်းသော အဘိဓါန်စကားလုံးများ၏ ရှင်းလင်းချက်

بَيْنَ السَّدَّيْنِ ဟူသော စကားလုံးသည် အာရဗီစာပေဘာသာစကား၌ 'တံတိုင်းနံရံ' ဖြစ်စေ၊ တောင်ဖြစ်စေ၊ သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေသော အရာဖြစ်စေ၊ တီထွင်ဖန်တီး လုပ်ကြံထားသော အရာဖြစ်စေ၊ ယင်းအရာတို့သည် အခြားသော အရာတစ်ခုအတွက် အဟန့်အတားဖြစ်စေသော အရာအားလုံးကို ခေါ်ဆို ပေသည်။ ဤနေရာ၌ 'စဒ်ဒိုင်း' ၏ အလိုသဘောသည် 'ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်' တို့ လာရောက်ရာ လမ်း၌ ဟန့်တားလျက်ရှိနေသော တောင်နှစ်လုံးဟူ၍ အလိုသဘောကို ကောက်ယူနိုင်ပေသည်။ သို့ရာတွင် ထိုတောင် နှစ်လုံး၏ တောင်ကြားလမ်းမှ ၎င်းတို့သည် တိုက်ခိုက်လေ့ရှိကြသောကြောင့် ဇုလ်ကရ်နိုင်းန်သည် ပိတ်ပစ်လိုက်လေသည်။

زُبَرَ الْحَدِيدِ (သံပြားများ) ဟူသော အာယသ်တော်တွင် زُبُرٌ သည် 'ဇုလ်ဗရသူန်' ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ 'အပြား၊ ပျဉ်ပြား' သို့မဟုတ် 'အထည်' ဟူ၍ အဓိပ္ပာယ်ရ၏။ အလို သဘောမှာ 'သံတုံး၊ သံစများ' ဟူ၍ ဖြစ်၏။ အကြင်သံတုံး၊ သံစ၊ သံပြားများကို တောင်ကြားလမ်း၏ တံတိုင်းအား တည်ဆောက်ခြင်း၏ကဏ္ဍရပ်၌ အုတ်၊ ကျောက်တို့၏ အစား၌ အသုံးပြုကြမည် ဖြစ်သည်။

الصَّدَفَيْنِ ဟူသော အာယသ်တော်တွင် တောင်နှစ်လုံး၏ ထိပ်ပိုင်းအစွန်းအဖျားများဖြစ်သည်။ အကြင်တောင်နှစ်လုံးတို့သည် တစ်လုံးနှင့်တစ်လုံး ယှဉ်လျက် ရှိနေကြပေသည်။ قِطْرًا များစွာသော အဖွင့်ရှင်များထံ၌ အဓိပ္ပာယ်မှာ 'အရည်ကျိုထားသော ကြေးနီ' ဟူ၍ ကောက်ယူကြလေသည်။ အချို့သော အာလင်မ်များက အဓိပ္ပါယ်ရှိကြသည်မှာ 'သံကို အရည်ကျိုထားသော အရည်၊ သို့မဟုတ် ခဲကို အရည်ကျိုထား သော အရည်' ဟူ၍လည်း အဓိပ္ပါယ်ရှိထားကြသည်။ *[ကုရ်သုဗီကျမ်း]*

دَكَّاءَ အစိတ်စိတ်အမွှာမွှာဖြစ်ကာ မြေပြင်နှင့် တစ်ပြေးညီတည်း ဖြစ်သွားခြင်းကို ခေါ်ဆိုပေသည်။

'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်' တို့သည် မည်သူများနည်း၊ မည်သည့်အရပ်ဒေသ၌ ရှိကြသနည်း၊ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီး တည်ဆောက်ခဲ့သော တံတိုင်းကြီးသည် မည်သည့်နေရာ၌ တည်ရှိသနည်း၊

ယင်းအချက်နှင့် စပ်လျဉ်း၍ အီစ်ရာအီးလ်ဆိုင်ရာ ဆင့်ပြန်ချက်များနှင့် သမိုင်းဒဏ္ဍာရီများ၌ များစွာ အမြီးမရှိ၊ ခေါင်းမရှိသော အံ့ဖွယ်အချက်များသည် ကျော်ကြားနေပေသည်။ အကြင်အချက်များကို အချို့ အကျယ်ဖွင့်ဆိုသော ပညာရှင်ကြီးများကလည်း ရာဇဝင်သမိုင်းအသွင်ဖြင့် ကောက်နုတ်တင်ပြကြသည်။ သို့သော် ၎င်းတို့ကိုယ်တိုင်ထံ၌လည်း ယုံကြည်ထိုက်ဖွယ်ဖြစ်သော အချက်မျိုး မဟုတ်ပေ။ ကုရ်အာန်ကျမ်း

တော်မြတ်သည် ၎င်းတို့၏ ရာဇဝင်အကျဉ်းချုပ်ကို အတိုချုပ်၍ တင်ပြထားပေသည်။ တမန်တော်မြတ် ﷺ သည် လိုအပ်သည့် အတိုင်းအတာခန့် အကျယ်ချဲ့အချက်များကို မိမိ၏ အွမ္မသ်အား အသိပေးထားခဲ့ သည်။ အိမာန်ရယူရန် ယုံကြည်ရန် အချက်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် မှန်ကန်သော ဟဒီးစ် တော်များအတွင်း၌ လာရှိထားသော အချက်များပင် ဖြစ်ပေသည်။ ထို့ထက် သာပို၍ အကျယ်ချဲ့ဖွင့်ဆို သော ပညာရှင်ကြီးများ၊ ဟဒီးစ်ပါမောက္ခများနှင့် သမိုင်းပညာရှင်ကြီးများ တင်ပြထားသော အချက်များ သည် မှန်ကန်သော အချက်များရှိသလို၊ မှားယွင်းသော အချက်များသည် ရှိကောင်း ရှိနိုင်ပေသည်။ ထို အချက်များအတွင်း၌ သမိုင်းပညာရှင်များ၏ အဆိုအမျိုးမျိုး ကွဲပြားလျက် ရှိနေလေရာ ထိုအချက်များသည် အကြောင်းခံများအား ဆက်စပ်တွေးခေါ်ခြင်း၊ ထပ်တူထပ်မျှ စဉ်းစားစေခြင်းနှင့် ခန့်မှန်းချက်များအပေါ် မူတည်နေပေသည်။ ယင်းအချက်များ မှန်ကန်ခြင်း၊ သို့မဟုတ် မှားယွင်းခြင်းတို့၏ သက်ရောက်မှု တစ်စုံ တစ်ရာသည် ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်မြွက်ချက်များအပေါ် ကျရောက်နေမည် မဟုတ်ပေ။

ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) သည် ဤနေရာ၌ ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ ဟဒီးစ်ပညာရှင်ကြီးများ ထံ၌ မှန်ကန် ယုံကြည်ထိုက်ရန် ဖြစ်သော ဟဒီးစ်တော်များကို တင်ပြထားပေမည်။ ထို့နောက် လိုအပ် သည့် အတိုင်းအတာခန့် ရာဇဝင်လာ ဆင့်ပြန်ချက်များကိုလည်း ရေးသားဖော်ပြမည် ဖြစ်မည်။

ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်နှင့် စပ်လျဉ်းသော ဟဒီးစ်တော်လာ ဆင့်ပြန်ချက်များ

ကုရ်အာန်ကျမ်းတော်နှင့် ဟဒီးစ်တော်များ၏ ရှင်းလင်းချက်များမှ အောက်ဖော်ပြပါအချက်များကိုမူ မုချ သိရှိရပေသည်။ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့သည် လူသားမျိုးနွယ်စုများသာဖြစ်ကြောင်း၊ အများလူသား ကဲ့သို့ ဟဇရသ်နူးဟ် عليه السلام ၏ သားစဉ်မြေးဆက်တို့မှ ဖြစ်ကြောင်း။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန် ကျမ်းတော်မြတ်၏ 'နစ္စ' (အဓိကတင်ပြချက်အတွက် မိန့်မြွက်တော်မူခြင်း၏ ဝါကျ) ၌ ရှင်းလင်းစွာ လာရှိထားပေသည်။

وَجَعَلْنَا ذُرِّيَّتَهُ هُمُ الْبَاقِيْنَ

ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းနူးဟ်၏ အဆက်အနွယ်ကိုသာလျှင် မသေမကြေ မပျောက်မပျက် ကျန်ရစ်စေတော်မူခဲ့၏။ [၃၇ း ၇၇]

ရာဇဝင်လာ ဆင့်ပြန်ချက်များ၌ ၎င်းတို့သည် ယာဖစ်၏ သားစဉ်မြေးဆက်များအတွင်းမှ ဖြစ် ကြောင်းကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားကြသည်။ အထောက်အထား ခိုင်လုံမှုအင်အား နည်းသော ဟဒီးစ်တော်တစ်ရပ်သည်လည်း ယင်းအချက်အား အထောက်အကူပြုလျက် ရှိပေသည်။ ၎င်းတို့၏ ကျန်ရှိသော အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်ပြန့်ဆုံး၊ အမှန်ကန်ဆုံး ဟဒီးစ်တော်မှာ ဟဇရသ်နဝါးစ် ဗင်န် စမ်အားန်သခင်ကြီးထံမှ လာရှိထားသော ဆင့်ပြန်ချက်ပင် ဖြစ်သည်။ အကြင်ဟဒီးစ်တော်ကို မှန်ကန် သော မွတ်စ္စလင်မ်ကျမ်းနှင့် အခြားခိုင်လုံသော ဟဒီးစ်ကျမ်းကြီးများ၌ ဆင့်ပြန်ထားလေသည်။ ဟဒီးစ်

ပညာရှင်ကြီးများသည် ယင်းဟဒီးစ်တော်ကို မှန်ကန်သော ဟာဒီးစ်တော်ဟူ၍ မိန့်ဆိုထားကြလေသည်။ ထိုဟဒီးစ်တော်အတွင်း၌ 'ဒဂ်ျဂျားလ်' ထွက်ပေါ်လာမည့်အကြောင်း၊ ဟဇရတ်အီစာ عليه السلام ဆင်းသက်လာမည့် အကြောင်း၊ တစ်ဖန် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ထွက်ပေါ်လာခြင်း အစရှိသော အကြောင်းများ ကျယ်ပြန့်စွာ ပါဝင်ထားပေသည်။ ထိုပြည့်ဝသော ဟဒီးစ်တော်၏ ဘာသာပြန်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

ဟဇရတ်နဝါးစ်ဗင်နိစမ်အာန်း رضي الله عنه သခင်ကြီးက ဆင့်ပြန့်သည်မှာ တစ်နေ့နံနက်၌ တမန်တော်မြတ် ﷺ သည် ဒဂ်ျဂျားလ်၏ အကြောင်းကို မိန့်တော်မူရင်း အချို့သော အကြောင်းအရာများသည် ၎င်းနှင့် စပ်လျဉ်း၍ သေးသိမ်၊ သိက္ခာကျဆင်းဖွယ် အကြောင်းများ ပါဝင်ပေသည်။ (ဥပမာ– မျက်လုံးတစ်ဖက် ကန်းသောသူ ဖြစ်ကြောင်း) အချို့သော အကြောင်းအရာများသည် ၎င်းနှင့် စပ်လျဉ်း၍ သိရှိရသည်မှာ ၎င်း၏ ပြဿနာဖန်တီးမှုသည် အလွန်ကြီးကျယ်သောဖြစ်ရပ်များ ဖြစ်ကြောင်းကိုလည်း မိန့်တော်မူထားပေသည်။ (ဥပမာ– 'ဂျန္နသ်' နှင့် 'ဂျဟန္နမ်' သည် ၎င်းနှင့်အတူတကွ ရှိနေကြောင်းနှင့် အခြားသော သဘာဝလွန် ဖြစ်ရပ်များ ဖြစ်ပေသည်။) တမန်တော်မြတ် ﷺ ၏ တင်ပြချက်ကြောင့် (ကျွန်ုပ်တို့သည် ဤမျှခန့် ကြောက်ရွံ့တုန်လှုပ်သွားသည်မှာ) ပမာဆိုရသော် 'ဒဂ်ျဂျာလ်' သည် စွန်ပလွံတောထဲ၌ ရှိနေသည်ဟု ထင်မှတ်ရသည်။ (ဆိုလိုသည်မှာ အနီး၌မှာပင် တည်ရှိနေပေသည်။) ညနေဆည်းဆာအချိန် တမန်တော်မြတ် ﷺ ၏ အခစားတော်သို့ ဝင်ရောက်ချိန်၌ တမန်တော်မြတ် ﷺ သည် ကျွန်ုပ်တို့၏ နှလုံးသား ကြောက်ရွံ့ တုန်လှုပ်မှုကို ရိပ်စားမိကာ 'အသင်တို့သည် မည်ကဲ့သို့ သဘောပေါက် မှတ်ယူထားပါသနည်း' ဟူ၍ မေးမြန်းလေသည်။ ကျွန်ုပ်တို့က လျှောက်ထားကြသည်မှာ 'အို၊ ကိုယ်တော်၊ ကိုယ်တော်သည် ဒဂ်ျဂျားလ် အကြောင်းကို တင်ပြလေသည်။ ၎င်းနှင့်စပ်လျဉ်း၍ အချို့သော အကြောင်းအရာများကို တင်ပြသည်မှာ ၎င်း၏ အမှုကိစ္စသည် လွယ်ကူ၊ သေးသိမ်ကြောင်းကို သိရှိရပေသည်။ အချို့သော အကြောင်းအရာများမှ ၎င်းသည် အင်အားကြီးမားကာ ပြဿနာကြီးမားမှုကို ဖန်တီးမည့်အကြောင်းကိုလည်း သိရှိရပေသည်။ ကျွန်ုပ်တို့သည် မိမိတို့၏အနီး ဤစွန်ပလွံတော၌ တည်ရှိနေသည်' ဟူ၍ ခံစားမိလေသည်။ တမန်တော်မြတ် ﷺ က 'အသင်တို့နှင့် စပ်လျဉ်း၍ ငါကိုယ်တော်သည် ဒဂ်ျဂျားလ်နှင့် နှိုင်းယှဉ်လျှင် အခြားသော ပြဿနာများကို ပိုမို ကြောက်ရွံ့မိလေသည်။' ဆိုလိုသည်မှာ 'ဒဂ်ျဂျားလ်၏ ပြဿနာသည် အသင်တို့ ထင်မှတ်ထားသကဲ့သို့ ကြီးမားသော ပြဿနာမဟုတ်ပေ။) အကယ်၍ ငါကိုယ်တော် တည်ရှိနေခိုက် ၎င်းထွက်ပေါ်လာသည်ဆိုလျှင် ၎င်းအား ငါကိုယ်တော်ကိုယ်တိုင် ရင်ဆိုင်မည် ဖြစ်သည်။ (အသင်တို့သည် ၎င်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သောကထားရန် မလိုအပ်ပေ။) အကယ်၍ ငါကိုယ်တော် 'ဝဖားသ်' ဖြစ်ပြီးသည့်နောက် ၎င်းထွက်ပေါ်လာမည်ဆိုလျှင် လူတိုင်းသည် မိမိတို့၏ လုံလဝီရိယနှင့်အညီ ၎င်းအား နှိမ်နင်းရန် ကြိုးပမ်းရမည်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် ငါကိုယ်တော် မရှိသည့်နောက် မွတ်စ္လင်မ်တို့အား ကူညီစောင်မတော်မူသော အရှင်မြတ် ဖြစ်တော်မူပေသည်။ (၎င်း၏ လက္ခဏာမှာ) ထိုလူငယ်သည် အလွန်ကောက်ကွေးသော ဆံပင်ပိုင်ရှင်ဖြစ်၍ မျက်စိတစ်လုံးသည် အပေါ်ဘက်သို့ မို့မောက်နေပေသည်။

ဒုတိယမျက်လုံးတစ်ဖက်မှာ ကန်းနေပေသည်။ ပမာဆိုရသော် အခြားသော ဆင့်ပြန်ချက်များ၌ လာရှိထားပေသည်။) ထို့ပြင်တဝ အကယ်၍ ငါကိုယ်တော်သည် (၎င်း၏ ရုပ်ဆိုးအကျည်းတန်မှုကို) နှိုင်းယှဉ်ပြသရမည်ဆိုလျှင် အဗ်ဒုလ်အွစ္စားဟ်ဗင်နကသွာန်အား ပြသရပေမည်။ (ဤသူသည် အဓိုက်ခေတ်၌ ဗနူခိုဇာအာဟ်မျိုးနွယ်အုပ်စု၏ ရုပ်ဆိုးအကျည်းတန်သောသူတစ်ဦး ဖြစ်ပေသည်။ အကယ်၍ အသင်တို့ထဲမှ မွတ်စ္စလင်မ်တစ်ဦးဦးသည် ဒဂ်ျဂျားလ်နှင့် ထိပ်တိုက်ရင်ဆိုင် တွေ့ကြုံရပါလျှင် ၎င်းသည် စူရာဟ်ကဟဖ် ၏ အစပိုင်းအာယသ်တော်များကို ဖတ်ရွတ်သင့်ပေသည်။ (ထိုကဲ့သို့ ဖတ်ခြင်းဖြင့် ဒဂ်ျဂျားလ်၏ ပြဿနာမှ လွတ်ကင်းမှု ရရှိနေမည်ဖြစ်သည်။) ဒဂ်ျဂျားလ်သည် ဆီးရီးယားနိုင်ငံနှင့် အီရားက်နိုင်ငံကြားမှ ထွက်ပေါ် လာပေလိမ့်မည်။ အရပ်ရပ်တိုင်း၌ သောင်းကျန်းမှုများကို ပြုမည်ဖြစ်ပေသည်။ 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်အပေါင်းတို့၊ ၎င်းနှင့် ယှဉ်ပြိုင်ရာ၌ တည်တံ့မြဲမြံစွာ နေထိုင်ရန်ဖြစ်သည်။'

'အို၊ ကိုယ်တော်၊ ၎င်းသည် မြေပထဝီပေါ်၌ အဘယ်မျှခန့် နေထိုင်မည်နည်း' ဟူ၍ လျှောက်ထား လေရာ ကိုယ်တော်မြတ် ﷺ က မိန့်တော်မူလေသည်။ ၎င်းသည် ရက်ပေါင်း (၄၀) နေပေလိမ့်မည်။ ပထမတစ်ရက်သည် တစ်နှစ်ခန့် ရှိမည်ဖြစ်ပြီး ဒုတိယရက်သည် တစ်လခန့်မျှရှိမည်ဖြစ်ကာ တတိယရက် သည် တစ်ပတ်ခန့်မျှ ရှိပေလိမ့်မည်။ ကျန်ရှိသော ရက်များသည် အခြားရက်များကဲ့သို့ တန်းတူဖြစ်နေပေ လိမ့်မည်။ ကျွန်ုပ်တို့က 'အို၊ ကိုယ်တော်၊ တစ်နှစ်စာမျှရှိသော တစ်ရက်အတွင်း၌ ကျွန်ုပ်တို့သည် **နမာဇ်** (၅) ကြိမ်ကိုသာ ဆောက်တည်ရမည်လော' ဟူ၍ လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'မဟုတ်ပါ။ အချိန်ကို ခန့်မှန်းကာ တစ်နှစ်စာလုံး၏ နမာဇ်ကို ဆောက်တည်ရမည်' ဟူ၍ မိန့်တော်မူလေသည်။ **တစ်ဖန်** '၎င်းသည် မြေပေါ်၌ မည်မျှ လျင်မြန်စွာဖြင့် ခရီးနှင်ပေမည်နည်း' ဟူ၍ လျှောက်ထားပြန်လေရာ တမန်တော် မြတ် ﷺ က 'မိုးတိမ်တိုက်ကဲ့သို့ လျင်မြန်စွာ သွားမည်ဖြစ်သည်။ အကြင်တိမ်တိုက်၏ နောက်မှ လေသည် သင့်တော်လျောက်ပတ်စွာ လိုက်လာနေလျက်ရှိမည်။ သို့ရှိရာ ဒဂ်ျဂျားလ်သည် မည်သည့်မျိုးနွယ်အုပ်စုတစ်အုပ်စု ၏ အနီးမှပင်မဆို ဖြတ်သန်းသွားမည်ဆိုလျှင် ၎င်းတို့ကို မိမိ၏ မှားယွင်းသော ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒဘက်ကို ဖိတ်ခေါ်မည်ဖြစ်သည်။ ၎င်းသူတို့သည်လည်း ထိုဒဂ်ျဂျားလ်၏အပေါ်၌ အီမာန်ရယူလိုက်မည် ဆိုလျှင် ၎င်းသည် တိမ်တိုက်တို့ကို မိုးရွာချရန်နှင့် မြေပထဝီကို စိမ်းလန်းသော မြက်ပင်များ ပေါက်ရောက် စေရန် အမိန့်ပေးမည်ဖြစ်သည်။ (၎င်းသူတို့၏ ကျင်လည်ကျက်စားသော သတ္တဝါများသည် ထိုမြေပြင်ပေါ် ၌ ကျင်လည်ကျက်စားနေကြမည် ဖြစ်ပေသည်။) ညနေအချိန် ပြန်လာသောအခါ ၎င်း၏ ကုလားအုတ် ဘို့သည် ကနဦးအခြေအနေထက် နှိုင်းယှဉ်လျှင် သာပို၍ မြင့်မားနေပေလိမ့်မည်။ နို့အုံသည် နို့များဖြင့် ပြည့်နှက်လျက် ရှိမည်။ တင်ပစုံများမှာ ဝဖြိုးပြည့်တင်းလျက် ရှိမည်။ တစ်ဖန် ဒဂ်ျဂျားလ်သည် အခြား သော မျိုးနွယ်အုပ်စုတစ်အုပ်စုဘေးမှ ဖြတ်သန်းသွားလေရာ ၎င်းတို့ကိုလည်း မိမိ၏ 'ကုဖ္ဖရ်' (သွေဖည် ငြင်းဆိုမှု) နှင့် လမ်းလွဲလမ်းမှားဖြစ်အောင် ပြုခြင်းဘက်သို့ ဆွဲဆောင်မည်ဖြစ်သည်။ သို့ရာတွင် ၎င်းတို့သည် ထိုဒဂ်ျဂျားလ်၏ ခေါ်ဆောင်သော အချက်အလက်များအား တုန့်ပြန်ငြင်းဆိုကြပေလိမ့်မည်။ ၎င်းသည် ထို လူမျိုးတို့ထံပါးမှ ပြန်သွားရာ ထိုငြင်းဆိုကြသော မွတ်စ္စလင်မ်များသည် မိုးခေါင်ရေရှားဖြစ်ခြင်း၏ ဘေး

ဒုက္ခ၌ နှစ်မွန်းစေခြင်းကို ခံရပေမည်။ ၎င်းတို့ထံပါး၌ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာမျှလည်း ရှိမည်မဟုတ်။ လွင်တီးခေါင်ပြင်ဖြစ်သော မြေပထဝီဘေးမှ ၎င်းမွတ်စ္စလင်မ်တို့ ဖြတ်သန်းသွားသောအခါ ၎င်းဒဂ်ျဂျာလ်သည် မြေကြီးအား 'မိမိ၌ရှိသော သယံဇာတ ပစ္စည်းများကို ထုတ်ကုန်' ဟူ၍ မိန့်တော်မူပေမည်။ သို့ရှိရာ မြေကြီးအတွင်း၌ရှိသော သယံဇာတ ပစ္စည်းများသည် (ပျားပိတုန်းကောင်များသည် ပျားဘုရင်မကြီး၏ နောက်ထပ်ချပ်မကွာ လိုက်လာသကဲ့သို့) ဒဂ်ျဂျာလ်၏နောက်မှ ထပ်ချက်မကွာ လိုက်ပါလာကြပေမည်'

တစ်ဖန် ဒဂ်ျဂျာလ်သည် အလွန်အားအင်ပြည့်ဖြိုးသော လူပျိုတစ်ဦးကို ခေါ်၍ ဓါးဖြင့် နှစ်ပိုင်းပိုင်းလိုက်လေသည်။ ယင်းကိုယ်ခန္ဓာအပိုင်းနှစ်ပိုင်းသည် မြှားပစ်သူနှင့် မြှားပစ်မည့် နေရာခန့်ထိတိုင် ကွာခြားလုပေသည်။ တစ်ဖန် ဒဂ်ျဂျာလ်သည် ယင်းအပိုင်းနှစ်ပိုင်းအား ခေါ်ဆောင်လေရာ ၎င်းသည် မျက်နှာကြည်လင် ထွန်းပ၊ ပြုံးရယ်စွာဖြင့် ရောက်ရှိလာပေသည်။ ဤကြားကာလ အတောအတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်အီစာ عليه السلام ကို ပြန်လည် စေလွှတ်တော်မူပေလိမ့်မည်။ သို့ရှိရာ ထိုနဗီသည် အရောင်နှစ်သွယ်ပါသော ခြုံထည်ကို ခြုံ၍ ကောင်းကင်တမန် များ၏ အတောင်ပံများအပေါ် မိမိ၏ လက်တော်နှစ်ဖက်ကို တင်၍ 'ဒမရှ်က်'မြို့တော်၏ အရှေ့ဘက်ရှိ အဖြူရောင် 'မီနာရာဟ်' (မျှော်စင်) အပေါ်သို့ ဆင်းသက်လာပေလိမ့်မည်။ မိမိ၏ ဦးခေါင်းတော်ကို ငုံ့လိုက်မည်ဆိုလျှင် (ယခုပင် ရေချိုးပြီးခါစ ပုံစံမျိုးဖြင့်) ရေစက်ရေပေါက်များသည် ၎င်းထံမှ ကျရောက်နေပေလိမ့်မည်။ ဦးခေါင်းတော်ကို ပြန်လည် မော့တင်လိုက်မည်ဆိုလျှင်လည်း ပုလဲလုံးလေးများပမာ ကြည်လင်လှစွာသော အမျိုးမျိုးသော ရေစက်ရေပေါက်များသည် ကျရောက်နေပေမည်။ အကြင်မည်သည့် ကာဖိရ်တစ်ဦးမဆို ဟဇရတ်အီစာ عليه السلام ရှူထုတ်လိုက်သော လေအား ထိတွေ့သွားမည်ဆိုလျှင် ထိုကာဖိရ်သည် ယင်းနေရာ၌မှာပင် သေဆုံးသွားပေမည်။ သခင်ကြီး၏ အရှုတစ်ဆုံး ၎င်းရှူထုတ်လိုက်သော လေသည် ရောက်ရှိပေလိမ့်မည်။ ဟဇရတ်အီစာ عليه السلام သည် ဒဂ်ျဂျာလ်အား ရှာဖွေပေလိမ့်မည်။ ဤမျှခန့် ရှာဖွေမည်မှာ ၎င်းအား 'ဗားဗွလ်လွဒ်'ဆိုသော နေရာ၌ တွေ့မြင် ဖမ်းဆီးလိုက်ပေမည်။ (ဤရွာသည် ယခုအချိန်၌လည်း 'ဗိုက်သွလ်မုကပ်ဒ္ဒပ်စ်'၏ အနီး ထိုအမည်ဖြင့်သာ တည်ရှိနေပေသည်။) ထိုနေရာ၌ ၎င်းအား သတ်ဖြတ်လိုက်ပေမည်။ တစ်ဖန် ဟဇရတ်အီစာ عليه السلام သည် လူတို့ထံပါးသို့ ကြွရောက်လာကာ (ကရုဏာသက်စွာဖြင့်) မျက်နှာများအား ပွတ်သပ်ကာ 'ဂျန္နသ်' ၌ မြင့်မားသော အဆင့်အတန်း ရရှိမည်ဖြစ်ကြောင်းကို သတင်းကောင်း မိန့်တော်မူလိမ့်မည်။

ဟဇရတ်အီစာ عليه السلام သည် ယခု ထိုအခြေအနေမျိုးဖြင့် တည်ရှိနေခိုက် အလ္လာဟ်အသျှင်မြတ်က 'ငါအသျှင်မြတ်သည် မိမိ၏ ကျေးကျွန်အဖန်ဆင်းခံများထဲမှ ဤကဲ့သို့သော အဖန်ဆင်းခံ ကျေးကျွန်များကို စေလွှတ်တော်မူပေမည်။ အကြင်ကျေးကျွန်များနှင့် ရင်ဆိုင်ရန် မည်သူတစ်ဦးတစ်ယောက်ထံ၌မျှ အင်အားမရှိကြောင်း'ကို မိန့်တော်မူလိုက်လေသည်။ ဟဇရတ်အီစာ عليه السلام အား မွတ်စ္စလင်မ်များကို စုရုံး၍ 'သူရ်' တောင်ပေါ်သို့ တက်သွားရန် မိန့်ဆိုခဲ့သည်။ (သို့ရှိရာ ဟဇရတ်အီစာ عليه السلام သည် ဤကဲ့သို့ပင် ပြုလုပ်ခဲ့လေသည်။) အလ္လာဟ်အသျှင်မြတ်သည် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ကို လွှတ်ပေးတော်မူလိုက်ရာ ၎င်းတို့သည် အလွန်လျင်မြန်စွာ သွားရောက်ခြင်းကြောင့် ကုန်းမြင့်ပိုင်းတိုင်းမှ ချော်ကျ သွားရောက်နေကြသည်ကို

မြင်တွေ့ရပေမည်။ ၎င်းတို့ထဲမှ ပထမဦးဆုံးသော သူတို့သည် 'ဗုဟိုက်ရာအ်ေ့သွာဗ်ရိယာ' အရပ်ဒေသမှ ကျော်ဖြတ်သွားကြကာ ထိုဒေသရှိ ရေများအားလုံးကို ကုန်စင်အောင် သောက်ကြလိမ့်မည်မှာ '၎င်းတို့ထဲမှ ဒုတိယအုပ်စု၊ အဖွဲ့သည် မြစ်ပင်လယ်၏ ရေခမ်းခြောက်မှုကို တွေ့မြင်ရသောအခါ 'ဤနေရာ၌ တစ်ကြိမ် တစ်ခါတုန်းကမျှ ရေရှိသည့်အလား' ထင်မြင်ယူဆကြလိမ့်မည် ဖြစ်သည်။

ဟဇရတ်အီဆာ عليه السلام နှင့် ၎င်း၏ မိတ်ဆွေများသည် 'သူရ်' တောင်ပေါ်တွင် ခိုလှုံမှုကို ရယူထားကြကာ အခြားသော မွတ်စ္စလင်မ်များသည်လည်း မိမိတို့၏ မြို့ရိုးခံတပ်များနှင့် လုံခြုံသော နေရာများ၌ ခိုလှုံမှုကို ရယူထားကြပေလိမ့်မည်။ တည်ရှိနေသော စားနပ်ရိက္ခာများသည် နည်းပါးလာလျက်ရှိရာ နွား ဦးခေါင်းတစ်ခေါင်းကိုပင် ရွှေဒင်္ဂါး (၁၀၀) ပြားထက် သာပို ကောင်းမြတ်သည်ဟူ၍ မှတ်ယူကြပေလိမ့်မည်။ ဟဇရတ်အီဆာ عليه السلام နှင့် အခြားသော မွတ်စ္စလင်မ်များသည် မိမိတို့၏ဒုက္ခ ဝေးကွာစေရန်အတွက် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးတွင် ဆုမွန်ဒိုအာကို တောင်းခံကြပေလိမ့်မည်။ (အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ဆုမွန်ဒိုအာကို လက်ခံလိုက်ပေမည်။) ထိုသူတို့အပေါ် 'အဖားဗ်'ပြစ်ဒဏ်အသွင်မျိုးဖြင့် ရောဂါ တစ်မျိုးကို စေလွှတ်တော်မူပေလိမ့်မည်။ ယအ်ဂျူးဂ်၊ မအ်ဂျူးဂ်တို့သည် ထိုရောဂါဆိုးကြောင့် အချိန်ခဏသာ အတွင်း၌ သေဆုံးသွားကြပေလိမ့်မည်။ တစ်ဖန် ဟဇရတ်အီဆာ عليه السلام နှင့် ၎င်း၏ မိတ်ဆွေများသည် တောင်ပေါ်မှ အောက်သို့ ဆင်းသက်လာချိန်တွင် 'မြေပထဝီပေါ်၌ တစ်ထွာခန့်မျှ နေရာပင် ၎င်းတို့၏ အလောင်းများနှင့် ကင်းလွတ်သည့်နေရာ မရှိကြောင်းကို တွေ့မြင်ရပေမည်။ (အလောင်းများ ပုပ်သိုးနေသည့်အတွက်ကြောင့်) လွန်စွာ နံစော်လျက် ရှိနေပေမည်။ (ထိုအချင်းအရာကို တွေ့မြင်ကာ ဒုတိယအကြိမ် ဤဘေးဒုက္ခမှ လွတ်ကင်းအောင်) ဟဇရတ်အီဆာ عليه السلام နှင့် ၎င်း၏ မိတ်ဆွေများသည် အလ္လာဟ်အသျှင်မြတ်၏ထံတော်ပါးတွင် ဆုမွန်ကို တောင်းခံကြလိမ့်မည်။ (အလ္လာဟ်အသျှင်မြတ်သည် လက်ခံတော်မူလိုက်မည်ဖြစ်သည်) ထို့နောက် ခန္ဓာကိုယ်ထွားကြိုင်းသော ငှက်သတ္တဝါအချို့ကို စေလွှတ်လိုက်မည်။ အကြင်ငှက်သတ္တဝါများ၏ လည်ဂုတ်များသည် ကုလားအုတ်၏ လည်ဂုတ်ကဲ့သို့ ဖြစ်ပေသည်။ (ထိုငှက်သတ္တဝါများသည် ၎င်းတို့၏ အလောင်းများကို မ,ယူကာ အလ္လာဟ်အသျှင်မြတ် သဘောတူတော်မူသည့် နေရာသို့ လွှင့်ပစ်လိုက်မည် ဖြစ်သည်။) အချို့သော ဆင့်ပြန်ချက်များ၌ မြစ်ပင်လယ်အတွင်းသို့ လွှင့်ပစ်လိုက်မည်ဖြစ်ကြောင်း လာရှိထားပေသည်။

တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မိုးကို ရွာသွန်းစေတော်မူမည်။ မိုးမရွာသည့် နေရာဟူ၍ မည်သည့် မြို့၊ မည်သည့်တောရွာမျှ မရှိပေ။ မြေပထဝီတစ်ခုလုံးအား ဆေးကြောတော်မူလိုက်မည်။ မြေပြင်သည် ဖန်သားပြင်ကဲ့သို့ ကြည်လင်သွားပေမည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မြေပထဝီကို 'မိမိ၏ အတွင်းမှ သစ်သီးလံများနှင့် ပန်းမာလာများ သီးပွင့်လာရန် မိန့်တော်မူလိုက်မည်။ တစ်ဖန် (အသစ်တစ်ဖန်) မိမိ၏ 'ဗရ်ကသ်' တိုးပွားမှု မင်္ဂလာတော်များကို ပြန်လည်ထုတ်ဖော်မည်ဖြစ်သည်။ (သို့ရှိရာ ဤကဲ့သို့ ဖြစ်ပေါ်ကာ ထိုမျှခန့် 'ဗရ်ကသ်'မင်္ဂလာတော်များ ပေါ်ထွန်းလာမည်မှာ) သလဲသီးတစ်လုံးသည်ပင်လျှင် အဖွဲ့အစည်းတစ်ရပ် စားသုံးရန်အဖို့ လုံလောက်သွားပေသည်။ လူတို့သည် ယင်းသလဲသီး၏ အခွံကို ထီးအသွင်

ပြုလုပ်၍ အရိပ်ကို ရယူကြပေလိမ့်မည်။ နို့၌လည်း ဤမျှခန့် 'ဗရ်ကာသ်' မင်္ဂလာတော်များ ပေါ်ထွန်းလာမည်မှာ ကုလားအုတ်မတစ်ကောင်၏ နို့သည် အလွန်ကြီးမားသော အဖွဲ့အစည်းကြီးတစ်ရပ်အတွက် လုံလောက်သွားပေမည်။ နွားမတစ်ကောင်၏ နို့သည် မျိုးနွယ်အုပ်စုတစ်ရပ်လုံးရှိ လူများအားလုံးအဖို့ လုံလောက်သွားပေမည်။ ဆိတ်မတစ်ကောင်၏ နို့သည် ဆွေမျိုးသားချင်းတစ်ရပ်လုံးတို့အဖို့ လုံလောက်သွားပေမည်။ (ဤသာမန် အဆင့်မျှလောက် မဟုတ်သော 'ဗရ်ကာသ်' မင်္ဂလာတော်များနှင့် ငြိမ်းချမ်းမှုကာလ နှစ်ပေါင်း (၄၀၀) ကြာမြင့်ပြီးသည့်နောက် 'ကေယာမသ်'ဆိုက်ရောက်လာသောအခါ) လေနုအေးတစ်ခု တိုက်ခတ်မည်ဖြစ်သည်။ အကြင်လေနုအေးကြောင့် မွတ်စ္စလင်မ်များအားလုံး၏ ဂျိုင်းများ အောက်၌ သီးသန့်ရောဂါတစ်ခု ပေါ်ပေါက်လာပေလိမ့်မည်။ ထို့နောက် အားလုံး သေဆုံးသွားကြပေလိမ့်မည်။ ဆိုးသွမ်းသောသူများနှင့် ကာဖိရ်များသာလျှင် ကျန်ရှိနေပေလိမ့်မည်။ အကြင်သူတို့သည် ကမ္ဘာမြေပထဝီပေါ်၌ ပေါ်လွင်ထင်ရှားစွာ 'ဟရာမ်'အမှုကိစ္စများကို တိရစ္ဆာန်များကဲ့သို့ ပြုကျင့်ကြပေလိမ့်မည်။ ဤကဲ့သို့သော လူတန်းစားများအပေါ်၌ 'ကေယာမသ်'သည် ဆိုက်ရောက်လာပေလိမ့်မည်။

ဟဇရတ်အဗ်ဒွရ်ရဟ်မာန်ဗင်န် ယဇီးဒ်၏ ဆင့်ပြန်ချက်၌ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ ဖြစ်အင်သည် သာပို ကျယ်ပြန့်စွာဖြင့် လာရှိထားသည်။ ထိုအကြောင်းမှာ ဗုဟိုက်ရာအဲ့သွာဗ်ရီယာမှ ဖြတ်သန်းလာပြီးနောက် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့သည် 'ဗိုက်သွလ်မုကဒ်ဒပ်စ်'၏ တောင်များထဲမှ 'ဂျဗလွလ်ခွမ်ရ်' တောင်ပေါ်သို့ တက်ပြီးသည့်နောက် 'ကျွန်ုပ်တို့သည် ကမ္ဘာသူကမ္ဘာသားများအားလုံးကို သတ်ဖြတ်ခဲ့လေသည်။ ယခု မိုးကောင်းကင်ရှိသူများကို အဆုံးစီရင်ရန်ဖြစ်သည်' ဟူ၍ ပြောဆိုကြပေလိမ့်မည်။ သို့ရှိရာ ၎င်းတို့သည် မိမိတို့၏ မြှားများကို မိုးကောင်းကင်ဘက်သို့ ပစ်ကြပေလိမ့်မည်။ ထိုမြှားတံများသည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် သွေးစွန်းထင်ကာ ၎င်းတို့ဘက်သို့ ပြန်လည်ကျရောက်လာပေလိမ့်မည်။ (သို့မှသာ မိုးကောင်းကင်ရှိ သူများ၏ ဇာတ်လမ်းသည်လည်း ချုပ်ငြိမ်းသွားသည်' ဟူ၍ ထိုအသိဉာဏ်ကင်းမဲ့သူများ မှတ်ထင် ပျော်ရွှင်သွားစေရန် ဖြစ်သည်။)

ဒဂ်ျဂျားလ်၏ ဖြစ်အင်အတွင်း၌ ဟဇရတ်အဗူစအီးဒ်ခွဒ်ရီ ؓ သခင်ကြီး၏ ဖြစ်အင်၌ အောက်ဖော်ပြပါအချက်သည် သာပို၍ လာရှိထားပေသည်။ ဒဂ်ျဂျားလ်သည် မဒီနာရွှေမြို့တော်မှ ဝေးကွာစွာ တည်ရှိနေမည်ဖြစ်သည်။ မဒီနာရွှေမြို့တော်၏ လမ်းများအပေါ်သို့လည်း ၎င်းသည် လာရောက်နိုင်ရန် မစွမ်းဆောင်နိုင်ပေ။ သို့ရှိရာ ၎င်းသည် မဒီနာရွှေမြို့တော်အနီးရှိ မြေဆီမြေရိုင်း တစ်နေရာရှိရာဆီသို့ ရောက်ရှိလာလိမ့်မည်။ ထိုအချိန်၌ လူတစ်ဦးသည် ဒဂ်ျဂျားလ်ထံသို့ လာရောက်ပေမည်။ ထိုသူသည် ထိုခေတ်ကာလအချိန်၏ အကောင်းဆုံးသော သူများထဲမှ ဖြစ်ပေလိမ့်မည်။ ၎င်းက ဒဂ်ျဂျားလ်အား 'ကျွန်ုပ်တို့အား တမန်တော်မြတ် ﷺ သတင်းပေးခဲ့သော ဒဂ်ျဂျားလ်မှာ အသင်သည်သာလျှင်ဖြစ်ကြောင်း၊ ကျွန်ုပ် အတတ်သိပေသည်' ဟူ၍ မိန့်ဆိုလိမ့်မည်။ (ထိုစကားကို ကြားနာကာ) ဒဂ်ျဂျားလ်က 'အို၊ လူအပေါင်းတို့၊ ကျွန်ုပ်သည် ၎င်းအား သတ်ဖြတ်၍ ပြန်လည်အသက်ရှင်အောင် ပြုလုပ်ပြမည်ဆိုပါက ကျွန်ုပ် အလ္လာဟ်အသျှင်မြတ် ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ အသင်တို့ တစ်စုံတစ်ရာ ဒွိဟရှိနေမည်လော' ဟူ၍ ပြောဆိုမည်ဖြစ်သည်။

လူတို့ကလည်း သံသယမရှိကြောင်း ပြန်လည်ဖြေကြားမည်ဖြစ်သည်။ သို့ရှိရာ ထိုဒဂ်ဂျားလ်သည် ၄င်းသူအား သတ်ဖြတ်ကာ ပြန်လည်၍ တစ်ဖန် ရှင်အောင် ပြုလုပ်လိုက်လေသည်။ သို့ဆိုလျှင် ထိုသူက ဒဂ်ဂျားလ်အား 'ယခုမှ ကျွန်ုပ်သည် အသင် ဒဂ်ဂျားလ်ဖြစ်ကြောင်းကို အစကထက်ပင် သာပို၍ ယုံကြည်သွားလေသည်' ဟူ၍ ပြောဆိုလိုက်မည်ဖြစ်သည်။ ဒဂ်ဂျားလ်သည် ၄င်းအား ဒုတိယအကြိမ် ပြန်လည်သတ်ဖြတ်ရန် ကြိုးပမ်းမည်ဖြစ်သည်။ သို့ရာတွင် ၄င်းသည် ယင်းအချက်အပေါ် ပြန်လည်စွမ်းဆောင်နိုင်တော့မည်မဟုတ်ပေ။ *[မွတ်စ္စလင်မ်ကျမ်း]*

မှန်ကန်သော ဗိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရတ်အဗူစအီးဒ်ခွဒ်ရီ ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'ကေယာမသ်'နေ့၌ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်အာဒမ် ﷺ အား 'အသင်၏ သားသမီး၊ သားစဉ်မြေးဆက်များထဲမှ ငရဲဘုံသားများကို ရွေးထုတ်ကုန်' ဟူ၍ မိန့်တော်မူရာ ဟဇရတ်အာဒမ် ﷺ က 'အို၊ အသျှင်မြတ်၊ မည်သူများဖြစ်ကြပါသနည်း' ဟူ၍ လျှောက်ထားရာ 'လူ (၁၀၀၀) ၌ (၉၉၉) ဦးသည် ငရဲဘုံသားများဖြစ်ပြီး တစ်ဦးသာလျှင် သုခဘုံသားဖြစ်မည်'ဟူ၍ ပြန်လည်မိန့်ကြားတော်မူပေမည်။ ဆွဟာဗာသာဝကကြီးများသည် စိုးရိမ်ထိပ်လန့်သွား၍ 'အို၊ ကိုယ်တော်၊ ကျွန်တော်မျိုးတို့အတွင်း၌ သုခဘုံသားတစ်ဦးသည် မည်သူဖြစ်ပေသနည်း' ဟူ၍ လျှောက်ထားလေရာ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ဝမ်းနည်းမနေလေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤ (၉၉၉) ဦး ငရဲသားများသည် အသင်တို့ထဲမှ (၁) ဦးနှင့် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ (၁၀၀၀) ဦးကို နှိုင်းယှဉ်၍ မိန့်မြွက်ထားခြင်း ဖြစ်ပေသည်။ မွတ်စ်သဒရပ်ခ် ဟာကန်မ်းကျမ်း၌ ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အမရ်သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူထားပေသည်။ ၄င်းမှာ အလ္လာဟ်အသျှင်မြတ်သည် လူသားထုတစ်ရပ်လုံးကို (၁၀) ပုံ ပုံခဲ့သည်။ ထို (၁၀) ပုံထဲမှ (၉) ပုံသည် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ဖြစ်ပြီး ကျန်ရှိတစ်ပုံမှာ ကမ္ဘာ့လူသားထုတစ်ရပ်လုံးဖြစ်ပေသည်။ *[ရှုဟွလ်မအာနီကျမ်း]*

အိဗ်နေကစီးရ်သခင်ကြီးသည် အလ်ဗေဒါယာဝန်နေဟာယာကျမ်း၌ ထိုဆင့်ပြန်ချက်များကို တင်ပြပြီးသည့်နောက် ရေးသားထားသည်မှာ အထက်ပါတင်ပြ ရှင်းလင်းချက်များမှ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ အရေအတွက်သည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးထက် အတိုင်းအတာမဲ့ များပြားကြောင်းကို သိရှိရပေသည်။

မွတ်စ်နဒ်အဟ်မဒ်ကျမ်းနှင့် အဗူဒါဝူးဒ်ကျမ်း၌ မှန်ကန်သော ဆင့်ကဲဆင့်ကဲ အထောက်အထားနှင့်အတူ ဟဇရတ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ ယင်းဆင့်ပြန်ချက်၌ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ 'ဟဇရတ်အီစာ ﷺ သည် မိုးကောင်းကင်မှ ကမ္ဘာမြေပထဝီပေါ်သို့ ပြန်လည် ဆင်းသက်ပြီးသည့်နောက် နှစ်ပေါင်း (၄၀) တိုင် နေထိုင်တော်မူလိမ့်မည်။ မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်တစ်ရပ်၌ (၇) နှစ်ဟူ၍ ပြဆိုထားပေသည်။ အလ္လာမာဟ်ဟာဖိဇ်သည် ဖသ်ဟွလ်ဗာရီကျမ်း၌ ထိုဟဒီးစ်တော်ကို မုအောင်ဝ်ဝလ် (အလိုသဘောတစ်မျိုးကို သွယ်ဝိုက်ကာ ကောက်ယူခြင်းခံထားရသော ဟဒီးစ်တော် (သို့မဟုတ်) 'မအ်ဂျူးဟ်' (ဦးစားပေးခြင်း မခံရသော ဟဒီးစ်) ဟူ၍ သတ်မှတ်ထားကာ

နှစ်ပေါင်း (၄၀) ကာလကိုသာလျှင် မှန်ကန်သော အဆိုဟူ၍ အတည်ပြုပြဌာန်းထားပေသည်။ ဟဒီးစ်တော်များ၏ ရှင်းလင်းချက်နှင့် လျော်ညီစွာ ဤကာလတစ်ခုလုံးသည် ငြိမ်းချမ်းမှုနှင့် 'ဗရ်ကသ်'မင်္ဂလာအဖြာဖြာ ပေါ်ထွန်းလာမည့် ခေတ်ကာလဖြစ်ပေသည်။ အချင်းချင်း ကြားနှံ့ မုန်းတီး၊ ရန်ငြိုးမှုတရားသည် လုံးဝ တည်ရှိလိမ့်မည်မဟုတ်။ မည်သည့်အခါမျှ လူနှစ်ဦး၏ ကြားနှံ့ ပြဿနာနှင့် ရန်ငြိုးမှုတစ်စုံတစ်ရာမျှ တည်ရှိလိမ့်မည်မဟုတ်။ *[မွတ်စ္စလင်မ်ကျမ်း၊ အဟ်မဒ်ကျမ်း။]*

ဘိုခါရီသခင်သည် ဟဇရသ်အဗူစအီးဒ်ခွသ်ရီ ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားလေသည်။ ၄င်းမှာ တမန်တော်မြတ် ﷺ သည် 'ကအ်ဗာဟ်'ကျောင်းတော်အား 'ဟဂျ်'နှင့် 'အွမ်ရာဟ်'ပြုခြင်းသည် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ထွက်ပေါ်ပြီးနောက်ပိုင်း၌လည်း ဆက်လက် တည်ရှိနေမည်'ဟူ၍ မိန့်တော်မူထားပေသည်။ *[သဖ်စီးရေမဇ္ဇဟရီကျမ်း]*

ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ မုအ်မင်နံတို့၏ မိခင်ကြီးဖြစ်သော ဟဇရသ်ဇိုင်နပ်ဗင်န်သေ့ဂျဟာရ် သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်။ ၄င်းမှာ တမန်တော်မြတ် ﷺ သည် မျက်နှာတော် အနီရောင်သန်းလျက် နိုးကြားလာခိုက် ကိုယ်တော်မြတ်သည် အောက်ဖော်ပြပါစကားလုံးများကို မိန့်မြွက်တော်မူလေသည်။

لااله الا الله ويل للعرب مِن شرقداقترب فتح اليوم من ر دم
ياجوج وماجوج مثل هذاوحلق تسعين

အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြားခဝပ်ကိုးကွယ်ခံထိုက်တော်မူသော အသျှင်မရှိ။ အာရပ်တို့သည် နီးကပ်ပြီဖြစ်သော ဆုံးရှုံးမှုကြောင့် ပျက်စီးခါနီးပြီဖြစ်သည်။ ယနေ့ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ အခန်း၊ နံရံသည် ဤမျှခန့် အပေါက်ပိုင်းပွင့်၍ သွားလေပြီ။ ကိုယ်တော်သည် မိမိ၏ လက်မတော်နှင့် လက်ညိုးတော်ကို ထိတွေ့ကာ အဝိုင်းပုံစံကို ပြသခဲ့သည်။

မုအ်မင်နံတို့၏ မိခင်မွန်ကြီးကို ထိုမိန့်မြွက်ချက်ကို ကြားနာကာ 'အို၊ ကိုယ်တော်၊ ကျွန်တော်မျိုးမတို့သည် ဤကဲ့သို့သော အခြေအနေ၌ ပျက်စီးသွားမည်၏လော။ အကယ်စင်စစ် ကျွန်တော်မျိုးမတို့၏ ကြားနှံ့ သူတော်ကောင်းများလည်း အသင့်ရှိ၍ နေပေသည်'ဟူ၍ လျှောက်ထားလေရာ တမန်တော်မြတ် ﷺ က 'ဟုတ်ပါ၏။ ခဗ်စ်ဟူသော ဆိုးသွမ်းမှုများ များပြားလာချိန်ဝယ် ဖျက်ဆီးနိုင်သည်'ဟူ၍ ပြန်လည်မိန့်ခြွေတော်မူလိုက်လေသည်။ (ထိုကျမ်းနှစ်အုပ်စလုံး၌ ဟဇရသ်အဘူဟုရိုင်ရာဟ် ﷺ သခင်ကြီးထံမှလည်း ဆင့်ပြန်ချက် လာရှိထားပေသည်။ ဤကဲ့သို့ပင် အိဗ်နေကစီးရ်သခင်ကြီးသည်လည်း 'အလ်ဗေဒါယာဝန်နေဟာယာ'ကျမ်း၌ တင်ပြထားပေသည်။) ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်၏ တံတိုင်း၌ အဝိုင်းပုံစံ အပေါက်ဖြစ်သွားခြင်းသည် ၄င်း၏ မူရင်းအဓိပ္ပာယ်လည်း ဖြစ်နိုင်သကဲ့သို့ 'မဂျာဇီ' (သွယ်ဝိုက်ကောက်ယူရမည်ဖြစ်သော) 'ဖုလ်ကရ်နိုင်းန်'၏တံတိုင်းကြီး 'ယိုယွင်းလာလေပြီ'ဟူသော အဓိပ္ပာယ်မျိုးလည်း ဖြစ်နိုင်သည်။

အိဗ်နေကစီးရ်၊ အဗူဟိုက်ယာန်၊ မွတ်စ်နဒ်အဟ်မဒ်၊ သစ်ရ်မေဇီနှင့် အိဗ်နေမာဂျာဟ်တို့သည် ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားလေသည်။ တမန်တော်မြတ် ﷺ က မိန့်

တော်မူသည်မှာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့သည် နေ့စဉ်နေ့တိုင်း ဇုလ်ကရ်နိုင်းန်၏ တံတိုင်းနံရံကြီးအား ကုတ်ခြစ်တူးဖော်လျက် ရှိနေပေသည်။ တံတိုင်းကြီး၏ ဒုတိယတစ်ဖက်အလင်းရောင် မြင်နိုင်လောက်ရှိသော အတိုင်းအတာထိတိုင် ယင်းသံတံတိုင်း၏ နောက်ဆုံးအတိုင်းအတာထိ တူးခြစ်ကုတ်ခွ ဖော်ယူပြီးချိန်တွင် 'ကျန်ရှိသော အစိတ်အပိုင်းကို နံနက်ဖြန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကာ တစ်ဖက်သို့ ပေါက်ထွက်မည်' ဟူ၍ ပြောဆိုကာ ပြန်လာကြလေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် တစ်ဖန် ထိုတံတိုင်းကြီးကို ပင်ကိုယ်ပုံစံမျိုးဖြစ်အောင် ပြုလုပ်ထားတော်မူလေသည်။ နောက်တစ်နေ့၌ တစ်ဖန် အသစ်မှ တစ်ဖန်ပြန်လည်တူးဖော်ကြလေသည်။ ဤသို့ ၎င်းတို့ တူးဖော် ဖောက်ထွင်းနေခြင်းနှင့် အလ္လာဟ်အသျှင်မြတ်ဘက်မှ တစ်ဖန် ပကတိပြန်လည်ကောင်းမွန်အောင် ပြုနေခြင်းသည် အလ္လာဟ်အသျှင်မြတ်မှ ၎င်းတို့အား ပိတ်လှောင်ထားမည်ဟူသော အလိုသဘောဆန္ဒ ထားရှိမည့်အချိန်ထိသာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုတံတိုင်းကြီးကို ဖွင့်ဖောက်တော်မူရန် အလိုသဘောဆန္ဒ ထားရှိသော အချိန်တွင် ၎င်းတို့သည် ယင်းနေ့တွင် ကြိုးပမ်းမှုကို အစွမ်းကုန်ပြုကာ 'အကယ်၍ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူပါက ကျွန်ုပ်တို့သည် နောက်နေ့ ၎င်းတံတိုင်းကြီးအား ဖောက်ထွင်းနိုင်မည်' ဟူ၍ ပြောဆိုကြပေလိမ့်မည်။ (အလ္လာဟ်အသျှင်မြတ်၏ နာမတော်နှင့် ထိုအသျှင်မြတ်၏ အလိုရှိတော်မူသော အချက်အပေါ် မူတည်ချက်ကို ထားရှိ လိုက်ခြင်းဖြင့် ယနေ့ စွမ်းအင် အင်အားကို ရရှိသွားပေလိမ့်မည်။) သို့ရှိရာ နောက်နေ့တွင် တံတိုင်းကြီး၏ ကျန်ရှိသော အစိတ်အပိုင်းသည် မိမိ၏ ရှိရင်းစွဲ အခြေအနေဖြင့်သာ တည်ရှိကာ ၎င်းတို့သည် ထိုရှိရင်းစွဲ ကျန်ရှိသော အတိုင်းအတာကို ဆက်လက်ဖြိုခွင်းကာ ထွက်ပေါ်လာကြပေလိမ့်မည်။

အေမာမ်သိရ်မေဇီသခင်ကြီးသည် ထိုဆင့်ပြန်ချက် (ဟဇရတ်အဘူဟုရိုင်ရားဟ် ؓ သခင်၊ ၎င်းမှတစ်ဆင့် အဘူရာဖေ့အ်၊ ၎င်းမှတစ်ဆင့် ကသာဒါဟ်၊ ၎င်းမှတစ်ဆင့် အဘူအဝါနားဟ်) တို့၏ စနဒ်များနှင့် ဆင့်ပြန်ပြီးသည့်နောက် မိန့်တော်မူသည်မှာ-

غريب لا نعرفه الا من هذ الوجه

အိဗ်နေကစီးရ်သခင်ကြီးသည် မိမိ၏ သဖ်စီးရ်ကျမ်း၌ ထိုဆင့်ပြန်ချက်ကို ဆင့်ပြန်၍ မိန့်တော်မူသည်မှာ ထိုဟဒီးစ်တော်၏ ဆင့်ကဲဆင့်ပြန်ချက်သည် ကောင်းမွန်၊ ခိုင်လုံ လှပပေသည်။ သို့ရာတွင် ဟဇရတ်အဗူဟုရိုင်ရာဟ် ؓ သခင်ကြီးထံမှ ထိုဟဒီးစ်တော်ကို တမန်တော်မြတ် ﷺ ထံသို့ ဆက်နွယ်မှုပေးခြင်းသည် အမြော်အမြင်အသွင်ဆန်းသဖွယ် မှတ်ယူရပေသည်။

အိဗ်နေကစီးရ်သခင်ကြီးသည် အလ်ဗေဒါယာဝန်နေဟာယာကျမ်း၌ ထိုဟဒီးစ်တော်နှင့် စပ်လျဉ်း၍ မိန့်တော်မူထားပေသည်။ အကယ်၍ ဤဟဒီးစ်တော်ကို မရ်ဖူးအ် ဟဒီးစ်မဟုတ်ဘဲ ကအဗ်အဟ်ဗားရ်၏ ဆင့်ပြန်ချက်ဖြစ်ကြောင်းမှာ မှန်ကန်သည်ဟူ၍ မှတ်ယူထားမည်ဆိုလျှင်လည်း ဤသည် ယုံကြည်လက်ခံထိုက်ဖွယ် အချက်မဟုတ်ကြောင်း ရှင်းလင်းသွားပေသည်။ ထို့ပြင် အကယ်၍ ထိုဆင့်ပြန်ချက်ကို ခိုင်လုံမှုမရှိသော ဆင့်ပြန်သူမပါဝင်ဘဲ တမန်တော်မြတ် ﷺ ထံတော်သို့ တိုက်ရိုက်ဆင့်ပြန်ချက် ပြုထားသော

ဆင့်ပြန်ချက်ဟူ၍ မှတ်ယူထားမည်ဆိုလျှင် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်၏ ဤလုပ်ရပ်သည် ၎င်းတို့ ထွက်လာရန် နီးကပ်သောအချိန်၌ ဖောက်ထွင်းနေခြင်း၏ အလိုသဘောမျိုး ဖြစ်ပေသည်။ ကုရ်အာန်၏ မိန့်မြွက်ချက်အရ ထိုတံတိုင်းကြီး၌ အပေါက်မရှိခြင်း၏ မိန့်မြွက်ချက်မှာ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီးသည် ထိုတံတိုင်းကြီးကို ဆောက်လုပ်သော အချိန်၌သာ ဖြစ်ပေသည်။ သို့ဆိုလျှင် တစ်စုံတစ်ရာ ဆန့်ကျင်ဘက်ဖြစ်ခြင်း၏ အကြောင်းသည် မကျန်ရှိတော့ပေ။ ထို့ပြင် အပေါက်ဖြစ်ခြင်း၏ အလိုသဘောမှာ ထုတ်ခြင်းပေါက်ဟူ၍လည်း ဖြစ်နိုင်ပေသည်။ ဤအပေါက်သည် ထုတ်ခြင်းပေါက် အပေါက်မဟုတ်ကြောင်း ဆင့်ပြန်ချက်၌ ရှင်းလင်းစွာ လာရှိထားပေသည်။ *[ဖတှုလ်ဘာရီ၊ အတွဲ-၂၊ စာ-၁၁၂။]*

ဟာဖိဇ်အိဗ်နေဟဂျရ်သခင်ကြီးသည် ဖသ်ဟွလ်ဗာရီကျမ်း၌ ထိုဟဒီးစ်တော်ကို အဗ်ဒ်ဗင်န်ဟိုမိုက်ဒ်နှင့် အိဗ်ဗ်နေ့ဟစ်ဗ်ဗာဒါန်၏ အမှီသဟဲဖြင့်လည်း ဆင့်ပြန်ကာ ဤသို့ မိန့်ဆိုထားပေသည်။ ထိုဆင့်ပြန်ချက်များအားလုံးသည် ဟဇရသ်ကသာဒါဟ်သခင်ကြီးထံမှ ဖြစ်ပေသည်။ ထိုဆင့်ပြန်ချက်များထဲမှ အချို့သော ဆင့်ပြန်ချက်များ၏ အခြေခံ ဆင့်ကဲဆင့်ပြန်မှုကို ပြုသော ဆင့်ပြန်သော သူများသည် မှန်ကန်ပြီး ဘိုခါရီကျမ်း၏ ဆင့်ပြန်သောသူများ၏ စည်းကမ်းချက်နှင့် ကိုက်ညီ၍ အရည်အချင်းရှိသောသူများ ဖြစ်ပေသည်။ ဟဒီးစ်တော်ကို 'မရ်ဖူးအ်'တမန်တော်မြတ် ﷺ သို့ ဆက်နွယ်ခြင်းနှင့် စပ်လျဉ်း၍လည်း တစ်စုံတစ်ရာ ဒွိဟသံသယမရှိအပ်ပေ။ ထို့နောက် အိဗ်နေအာရဗီသခင်ကြီး၏ သဟဲဖြင့် တင်ပြထားလေသည်။ ထိုဟဒီးစ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ အံ့ဖွယ်တန်ခိုးတော်လက္ခဏာ (၃) ရပ် ပါဝင်ပေသည်။ ပထမလက္ခဏာတော်မှာ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ 'တံတိုင်းနံရံ အား နေ့၊ ညမပြတ် ဆက်တိုက် ဖောက်ထွင်းရမည်ဟူသော အသိကို ထည့်သွင်းပေးသနားတော်မမူပေ။ သို့မဟုတ်ပါက ဤမျှခန့် ကြီးကျယ်လှစွာသော မျိုးနွယ်အုပ်စုတို့အဖို့ နေ့ညမပြတ် ဘာဝန်ချိန်ကို သီးခြားစွာ ထားရှိမည်ဆိုပါက မည်ကဲ့သို့ ခက်ခဲနိုင်အံ့နည်း။ ဒုတိယလက္ခဏာတော်မှာ ၎င်းတို့၏ ဦးနှောက်အသိဉာဏ်များကို 'ထိုတံတိုင်းနံရံအပေါ်သို့ တက်နိုင်ရန် ကြိုးစားခြင်းမှလည်းကောင်း၊ ထိုကြိုးစားမှုအဖို့လည်း ကိရိယာများမှ အကူအညီကို ရယူရန် ၎င်းအချက်တို့အား ရပ်သိမ်းထားတော်မူပေသည်။ အကာယ်စင်စစ် ဝဟဗ် ဗင်န် မုနဗ်ဗာဟ်၏ ဆင့်ပြန်ချက်မှ 'ဤသူတို့သည် စိုက်ပျိုးရေးသမားများနှင့် လက်မှုပညာရှင်များ ဖြစ်သည့်အတွက်ကြောင့် အမျိုးမျိုးသော ပစ္စည်းကိရိယာများ ရှိကြကာ ၎င်းတို့ပိုင် မြေများ၌ အပင်မျိုးစုံတို့ ပေါက်ရောက်လျက် ရှိနေကြကြောင်း' ကို သိရှိရပေသည်။ တံတိုင်းအပေါ်သို့ တက်ရောက်ရန် အကြောင်းခံများကို ပြုလုပ်ဖန်တီးနိုင်စွမ်းရှိခြင်းသည် တစ်စုံတစ်ရာ ခက်ခဲသော ကိစ္စရပ်မဟုတ်ပေ။ တတိယလက္ခဏာတော်မှာ သက်တမ်းတစ်လျှောက်လုံး ၎င်းတို့၏ နှလုံးသားအတွင်း၌ 'အင်န်ရှာအလ္လာဟ်' ပြောဆိုနိုင်စွမ်း ရှိခြင်းသည် မရောက်ရှိလာပေ။ ၎င်းတို့ ပေါ်ထွက်လာရန်အချိန် ဆိုက်ရောက်သောအခါ ၎င်းစကားလုံးတော်ကို ယင်းသူတို့ ပြောဆိုနိုင်စွမ်း ရှိသွားပေမည်။

အိဗ်နေအာရဗီသခင်ကြီးက ထိုဟဒီးစ်တော်မှ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏အတွင်း၌ အလ္လာဟ်အသျှင်မြတ် တည်ရှိခြင်းနှင့် ထိုအသျှင်မြတ်၏ အလိုသဘောဆန္ဒတော်ကို ယုံကြည်ကြသောသူအချို့ ရှိကြောင်း

သိရှိရသည်ကို မိန့်တော်မူထားပေသည်။ ယုံကြည်ချက်တစ်စုံတစ်ရာမျှ မရှိဘဲ ၄င်းတို့၏ နှုတ်လျှာများမှ 'အလ္လာဟ်'ဟူသော စကားလုံး ပြောဆိုနိုင်စွမ်းရှိလာကြကာ ထိုစကားလုံးတော်၏ 'ဗရိကသ်'မင်္ဂလာတော်ကြောင့် ၄င်းတို့၏ အလုပ်သည် အထမြောက်သွားကြောင်းလည်း ဖြစ်တန်ကောင်းရာသည်။

[ဖိုက်ဃဒ် မိုဟမ္မဒ်သခင်ကြီး၏ အရှုရားသွစ်စားအဟ်ကျမ်း]

သို့ရာတွင် ၄င်းတို့ထံပါးသို့လည်း နဗီတမန်တော်များ၏ 'ဒအ်ဝသ်'ပေး ဖိတ်ခေါ်မှု ရောက်ရှိပြီး ဖြစ်ကြောင်းအချက်သည်လည်း ထင်ရှားလှပေသည်။ သို့တည်းမဟုတ် ကုရ်အာန်ကျမ်းတော်မြတ်၏ နစ္စ (အဓိကမိန့်တော်မူရန် တင်ပြထားသော ဝါကျ) နှင့် ကိုက်ညီစွာ ၄င်းတို့အပေါ် 'ဂျဟန္နမ်'၏ အပြစ်ဒဏ် မသက်ရောက်ထိုက်ပေ။

وَمَاكُنَّا مُعَذِّبِينَ حَتَّى نَبْعَثَ رَسُولًا

စင်စစ် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မူခြင်း မပြုသမျှ ကာလပတ်လုံး အပြစ်ဒဏ်ပေးတော်မူသည် မဟုတ်ပေ။ *[၁၇ း ၁၅]*

ထိုအာယသ်တော်မှ 'အီမာန်၏ ဖိတ်ခေါ်မှုသည် ၄င်းတို့ထိတိုင် ရောက်ရှိကြောင်း၊ သို့ရာတွင် ၄င်းတို့သည် 'ကုဖွရ်' (သွေဖည်ငြင်းဆိုမှု) အပေါ်၌ မြဲမြံစွာ နေထိုင်ကြကြောင်း၊ ရစူလ်တမန်တော်၏ ရစူလ်ဖြစ်ခြင်းနှင့် နောင် 'အာခေရသ်'အပေါ် အီမာန်မယူဘဲ ၄င်းတို့ထဲမှ အချို့သော သူတို့သည် အလ္လာဟ် အသျှင်မြတ်၏ တည်ရှိခြင်းနှင့် ထိုအသျှင်မြတ်၏ အလိုသဘောဆန္ဒတော်ကို ယုံကြည်သောသူတို့သည် ဤမျှခန့်သာလျှင် ယုံကြည်ထားပါက ယင်းအီမာန်သည် မလုံလောက်နေလင့်ကစား ယင်းသို့ 'ကုဖွရ်' (သွေဖည်ငြင်းဆိုသော) အခြေအနေ၌ 'အင်န်ရှာအလ္လာဟ်' ရွတ်ဆိုလိုက်ခြင်းသည် တစ်စုံတစ်ရာ ဝေးကွာလှစွာသော အချက်မဟုတ်ကြောင်း'ကို သိရှိရပေသည်။

ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှ သိရှိရသော အချုပ်အကြောင်းတရားများ

ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့နှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်များမှ အတည်ပြုပြဌာန်းနိုင်သော အချက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

(၁) ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့သည် လူသားအများစုကဲ့သို့ ဟာရေသ်နူးဟ် ﵇ ၏ သားစဉ်မြေးဆက်များထဲမှ ဖြစ်သော လူသားတို့သာလျှင် ဖြစ်ပေသည်။ နှောင်းပိုင်းခေတ်ရှိ ဟဒီးစ်ပညာရှင်များနှင့် သမိုင်းပညာရှင် အများစုတို့သည် ၄င်းတို့ကို ဟာရေသ်နူးဟ် ﵇ ၏ သား ယာဖစ်၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်ကြောင်းကို ကောက်ချက်ချထားပေသည်။ 'ယာဖစ်ဗင်န်နူးဟ်၏ သားစဉ်မြေးဆက်များသည် ဟာရေသ်နူးဟ် ﵇ ၏ ခေတ်ကာလမှစ၍ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီး၏ ခေတ်ကာလထိတိုင် မျိုးနွယ်အုပ်စု အမျိုးမျိုးနှင့် ဒေသအမျိုးမျိုးတို့၌ ဝေးကွာလှစွာသော အရပ်ဒေသများထိတိုင် ပြန့်နှံ့ပြီးဖြစ်ကြောင်း' အချက်မှာလည်း ထင်ရှားလှပေသည်။ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်ဟူ၍ အမည်တပ်ထားသော မျိုးနွယ်အုပ်စုများအဖို့

'၎င်းတို့အားလုံးသည် ဇုလ်ကရ်နိုင်းန်ဘုရင်ကြီး တည်ဆောက်ခဲ့သော တံတိုင်းအတွင်း၌ ပိတ်မိနေရမည်' ဟူသော အချက်သည် အရေးမကြီးပေ။ ၎င်းတို့၏ အချို့သော မျိုးနွယ်အုပ်စုများသည် ဇုလ်ကရ်နိုင်းန်ဘုရင်ကြီး တည်ဆောက်ခဲ့သော တံတိုင်းကြီး၏ တစ်ဘက်၌လည်း ရှိနိုင်ပေသည်။ သို့သာမက ၎င်းတို့ထဲမှ သတ်ဖြတ် ဖျက်ဆီးတတ်သော လူရိုင်းများလည်း ရှိပေသည်။ ၎င်းတို့ကို ဇုလ်ကရ်နိုင်းန်ဘုရင် တည်ဆောက်ခဲ့သော တံတိုင်းကြီးကို အကြောင်းခံ၍ ပိတ်နှောင်ခြင်းကို ခံထားရပေသည်။ သမိုင်းပညာရှင်များက များသောအားဖြင့် ၎င်းတို့ကို တူရကီလူမျိုး၊ မဂိုလူမျိုးနှင့် မွန်ဂိုလီးယန်းလူမျိုးများဟူ၍ ယူဆထားကြပေသည်။ သို့ရာတွင် ၎င်းတို့ထဲမှ ယအ်ဂျုးဂျ်၊ မအ်ဂျုးဂျ် လူမျိုးဟူသည် 'ပူးပေါင်းညီညွတ်စွာဖြင့် နေထိုင်ရန် ယဉ်ပါးမှုမရှိသော ညဉ်းပန်းနှိပ်စက် ယုတ်မာသော လူရိုင်းများ'သာလျှင် ဖြစ်ပေသည်။ ၎င်းတို့၏ ဆွေစဉ်မျိုးဆက်ထဲမှ ပူးပေါင်းညီညွတ်စွာဖြင့် နေထိုင်တတ်သော မဂိုလူမျိုး၊ တူရကီလူမျိုးနှင့် မွန်ဂိုလီးယန်းလူမျိုးတို့သည် ထိုအမည်တပ်ခြင်းခံရခြင်းမှ ကင်းလွတ်သွားပေသည်။

(၂) ယအ်ဂျုးဂျ်၊ မအ်ဂျုးဂျ်တို့၏ အရေအတွက်သည် ကမ္ဘာတစ်ဝှမ်းလုံးရှိသော လူသားတို့၏ အရေအတွက်ထက် အဆပေါင်းများစွာ များပြားပေသည်။ အနည်းဆုံး (၁၀) ဆ (၁) ဆ ရှိပေသည်။

(၃) ယအ်ဂျုးဂျ်၊ မအ်ဂျုးဂျ် မျိုးနွယ်အုပ်စုများသည် ဇုလ်ကရ်နိုင်းန်ဘုရင် တည်ဆောက်ခဲ့သော တံတိုင်းကြီး၏ အကြောင်းခံကြောင့် ၎င်းတို့ လာရောက်ကြမည့် ဘက်မှ ပိတ်ပင်တားမြစ်ထားပေသည်။ ထိုသူတို့သည် 'ကေယာမသ်' လုံးဝ နီးကပ်လာမည့်အချိန်ထိတိုင် ဤကဲ့သို့ပင် အကျဉ်းသားများ ပုံစံမျိုးဖြင့်ပင် နေထိုင်တည်ရှိနေရပေလိမ့်မည်။ ၎င်းတို့ ထွက်ပေါ်လာရန် အချိန်ကို 'အေမာမ်မဲဟ်ဒီသခင် ပွင့်ပေါ်ချိန်၊ တစ်ဖန် 'ဒဂ်ဂျားလ်' ထွက်ပေါ်လာပြီးနောက် ဟဇရသ်အီစာ عليه السلام မိုးကောင်းကင်မှ ဆင်းသက်လာကာ ၎င်း 'ဒဂ်ဂျားလ်'အား အဆုံးစီရင်ပြီးချိန်အဖြစ် သတ်မှတ်ထားပေသည်။

(၄) ယအ်ဂျုးဂျ်၊ မအ်ဂျုးဂျ်တို့ ဖောက်ထွက်လာသော အချိန်၌ ဇုလ်ကရ်နိုင်းန်ဘုရင် တည်ဆောက်ခဲ့သော တံတိုင်းကြီးသည် ပြိုကျကာ မြေပြင်နှင့် တစ်သားတည်းဖြစ်သွားပေလိမ့်မည်။ */ ကုရ်အာန် /*

ထိုအချိန်၌ ယအ်ဂျုးဂျ်၊ မအ်ဂျုးဂျ်တို့၏ ခိုလှုံမှု ကင်းမဲ့သော မျိုးနွယ်အုပ်စုများသည် တစ်ချိန်တည်း၌ တောင်ပေါ်များမှ အလွန်လျင်မြန်စွာ ဆင်းသက်လာသည့်အတွက်ကြောင့် ဤသူတို့သည် ချော်ကျ၊ ပြုတ်ကျနေသောသူပမာ ဖြစ်နေကြောင်းကို သိမြင်ရပေမည်။ ဤမရေမတွက်နိုင်လောက်အောင်သော လူရိုင်းများသည် အများပြည်သူများ နေထိုင်သည့် ဒေသများနှင့် ကမ္ဘာမြေပထဝီတစ်ခုလုံးပေါ် ဝိုင်းအုံလာကြပေမည်။ ၎င်းတို့နှင့် ရင်ဆိုင်၊ ယှဉ်ပြိုင်ရန် မည်သူ့ထံ၌မျှ အင်အားမရှိကြပေ။ အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်တစ်ပါးဖြစ်သော ဟဇရသ်အီစာ عليه السلام သည်လည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် မိမိ၏ မိတ်ဆွေမွတ်စ္စလင်မ်များကို ခေါ်ဆောင်ကာ 'သူရ်'တောင်ပေါ်သို့ သွားရောက်ကာ ခိုလှုံနေပေမည်။ ကမ္ဘာတစ်ဝှမ်းလုံး၌ရှိသော သူတို့သည် မိမိတို့၏ မြို့ရွာဒေသများတွင် အချို့သော မြို့ရိုးခံတပ်များ (သို့မဟုတ်) လုံခြုံသော နေရာများ၌ ဝင်ရောက်ကာ မိမိ၏ အသက်များကို မိမိတို့ ထိန်းသိမ်းကာ နေကြပေသည်။ စားနပ်ရိက္ခာများ ကုန်ဆုံးသွားပြီးသည့်နောက် အသက်ရှင်နေထိုင်ရန်အတွက် အရေးကြီး

သော အရာများသည် လုံးဝဈေးကြီးသွားပေမည်။ ကျန်ရှိသော လူသားတို့၏ မြို့ရွာဒေသများကို ဤလူရိုင်းမျိုးနွယ်တို့သည် ဖျက်ဆီးကြပေလိမ့်မည်။ ထိုလူသားတို့၏ မြစ်ချောင်းများကို ယက်၍ သောက်သုံးပစ်ကြလိမ့်မည်။

(၅) ဟဇရတ်ဤစာ عليه السلام နှင့် ၎င်း၏ မိတ်ဆွေများ၏ ဒိုအာကြောင့် ဤမျှခန့် အစုလိုက်အပြုံလိုက် ရှိကြကာ မရေမတွက်နိုင်လောက်အောင်သော မျိုးနွယ်အုပ်စုများသည် တစ်ပြိုင်နက်တည်း ပျက်စီးသွားကြပေလိမ့်မည်။ ၎င်းတို့၏ အလောင်းများကြောင့် မြေပထဝီတစ်ခုလုံးသည် ပြည့်နှက်နေပေမည်။ ယင်းအလောင်းများ၏ နံစော်မှုကြောင့် ကမ္ဘာမြေပထဝီပေါ်၌ နေထိုင်ရန် ခက်ခဲသွားပေလိမ့်မည်။

(၆) တစ်ဖန် ဟဇရတ်ဤစာ عليه السلام နှင့် ၎င်း၏ မိတ်ဆွေများ၏ ဒိုအာကြောင့် ၎င်းတို့၏ အလောင်းများကို မြစ်ပင်လယ်ရေ၏ တိုက်စားနစ်မြုပ်စေခြင်း (သို့) စွန့်ပစ်ပပျောက်စေခြင်းကို ခံကြရပေမည်။ ကမ္ဘာအဝှမ်း မိုးရွာသွန်းခြင်းကြောင့် ကမ္ဘာမြေကြီးကို ဆေးကြောကာ သန့်စင်အောင် ပြုခြင်းကို ခံရပေမည်။

(၇) ထို့နောက် အနီးစပ်ဆုံးနှစ်ပေါင်း (၄၀) ထိ ငြိမ်းချမ်းသာယာသော ခေတ်ကာလသို့ ဆိုက်ရောက်လာပေလိမ့်မည်။ ကမ္ဘာမြေပထဝီသည် မိမိ၏ 'ဗရ်ကသ်' မင်္ဂလာတော်များကို ထုတ်အန်ပေလိမ့်မည်။ မည်သည့်လိုလားတောင့်တသူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိလိမ့်မည်မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦးတစ်ယောက်ကို ဒုက္ခပေးလိမ့်မည်လည်း မဟုတ်။ သာယာဝပြောမှု၊ အေးချမ်းသာယာမှု၊ ငြိမ်းချမ်းမှုတို့သည် လွှမ်းခြုံပိုင်းရုံနေပေလိမ့်မည်။

(၈) ထိုသာယာဝပြောသော ခေတ်ကာလ၌ 'ကအ်ဗာဟ်' ကျောင်းတော်တွင် 'ဟဂ်ျ' နှင့် 'အွမ်ရာဟ်' ကို ဆောင်ရွက်လျက်ရှိကြပေလိမ့်မည်။ ဟဇရတ်ဤစာ عليه السلام ၏ ကွယ်လွန်သေဆုံးမှုနှင့် 'ရောင်ဇွာ' တော်၌ 'ဒဖန်' (မြှုပ်နှံ) ခြင်းခံရမှုတို့သည် ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များဖြင့် အတည်ပြုထားပြီးဖြစ်သည်။ ၎င်းကွယ်လွန်သေဆုံးခြင်းနှင့် မြှုပ်နှံမှုသည်လည်း '၎င်းသည် ဟဂ်ျ၊ သို့မဟုတ် 'အွမ်ရာဟ်' ပြုရန် 'ဟေဂျာဇ်' ပြည်နယ်ဘက်သို့ ခရီးနှင်ခိုက်' ဖြစ်ပေလိမ့်မည်။ *[မှတ်စုလင်မ်ကျမ်း]*

ဟဇရတ်အဗူဟူရိုင်ရာဟ် رضي الله عنه သခင်၏ ဆင့်ပြန်ချက်သည် ရှင်းလင်းစွာဖြင့် လာရှိထားပေသည်။ ထို့နောက် မဒီနာရွှေမြို့တော်၌ 'ဝဖားသ်' (ကွယ်လွန်) ကာ 'ရောင်ဇွာ' တော်၌ မြှုပ်နှံခြင်းခံရခြင်း၏ ပုံစံသာ ဖြစ်ပေလိမ့်မည်။

(၉) တမန်တော်မြတ် ﷺ ၏ နောက်ဆုံးသက်တမ်းတော် ကာလတစ်ခု၌ 'ဝဟီ' ၏ အမိန့်သဟဲဖြင့် အိပ်မက်အတွင်း၌ (ဤသို့) ပြသခဲ့ခြင်း ခံရပေသည်။ ဇုလ်ကရ်နိုင်းန်ဘုရင်ကြီး တည်ဆောက်ခဲ့သော တံတိုင်းကြီး၌ အပေါက်တစ်ခု ဖြစ်ရှိသွားခဲ့သည်။ အကြင်ကဲ့သို့ အပေါက်ဖြစ်သွားခြင်းကို တမန်တော်မြတ် ﷺ သည် အာရပ်လူမျိုးများအဖို့ ပြဿနာ၏ လက္ခဏာအဖြစ် သတိမှတ်ပေးလိုက်လေသည်။ ထိုတံတိုင်းနံရံ၌ အပေါက်ဖြစ်သွားခြင်းကို အချို့သော ဟဒီးစ်ပညာရှင်များသည် ၎င်းသည် မိမိ၏ မူရင်းအဓိပ္ပာယ်ဖြစ်ကြောင်းကို ကောက်ချက်ချကြလေသည်။ အချို့သော ပညာရှင်များသည် ၎င်း၏ အလိုသဘောကို တစ်ဆင့်ခံ အခေါ်အဝေါ်ဖြင့် သုံးနှုန်းသည့် ပုံစံမျိုးဖြင့် 'ဤဇုလ်ကရ်နိုင်းန် တည်ဆောက်ခဲ့သော တံတိုင်း

ကြီးသည် ယို့ယွင်းလာကာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ထွက်ပေါ်လာရန် အချိန်သည် နီးကပ်နေပေသည်။ ထိုတံတိုင်းကြီး ပြိုပျက်ယိုယွင်းလာခြင်း၏ လက္ခဏာများသည် အာရစ်မျိုးနွယ်အုပ်စုများ ကျဆင်းလာခြင်း၏ အသွင်သဏ္ဌာန်ဖြင့် ဖြစ်ပေါ်တည်ရှိလာပေလိမ့်မည်ဟူ၍ သတ်မှတ်ကြလေသည်။ (အလ္လာဟ်အသျှင်မြတ် အသိတော်မူဆုံး ဖြစ်တော်မူသည်။)

(၁၀) ဟဇရသ်အီစာ عليه السلام ဆင်းသက်ပြီးနောက် ၄င်းသည် ကမ္ဘာမြေပထဝီပေါ်၌ နှစ်ပေါင်း (၄၀) နေထိုင်တော်မူပေလိမ့်မည်။ ၄င်း၏အလျင် အေမာမ်မဲဟ်ဒီ၏ ခေတ်ကာလသည်လည်း နှစ်ပေါင်း (၄၀) တည်ရှိပေလိမ့်မည်။ အကြင်နှစ်ပိုင်းကာလ၏ အချို့သောနေ့ရက်ပိုင်းများတွင် နှစ်ဦးစလုံး တည်ရှိကာ နေထိုင်တော်မူပေလိမ့်မည်။ စိုက်ယဒ်ရှရီးဖ် ဗရ်ဇန်ဂျီးသခင်ကြီးသည် မိမိရေးသားထားသော စာအုပ်ဖြစ်သည့် 'အရှ်ရားသွစ်စားအားဟ်'၏ စာမျက်နှာ ၁၄၅ ၌ ရေးသားထားသည်မှာ ဟဇရသ်အီစာ عليه السلام ၏ နေထိုင်မှုသည် 'ဒဂ်ျဂျားလ်'အား သတ်ဖြတ်ခြင်းနှင့် အေးချမ်းသာယာသော ခေတ်၏ နောက်နှစ်ပေါင်း (၄၀) ဖြစ်ပေသည်။ စုစုပေါင်း (၄၅) နှစ် ဖြစ်ပေသည်။ စာမျက်နှာ ၁၁၂ ၌ ရေးသားထားသည်မှာ အေမာမ်မဲဟ်ဒီသခင်သည် ဟဇရသ်အီစာ عليه السلام ၏ အလျင် နှစ်ပေါင်း (၃၀) သာပို၍ စောကာ ပွင့်တော်မူပေလိမ့်မည်။ ၄င်းစုစုပေါင်း နေထိုင်မည့် ကာလသည် နှစ်ပေါင်း (၄၀) ဖြစ်ပေသည်။ ဤသို့ဖြင့် ၅ နှစ် (သို့မဟုတ်) ၇ နှစ်အထိသည် ၄င်းတို့နှစ်ဦးစလုံး အတူတကွ တည်ရှိနေမည့် ခေတ်ကာလဖြစ်ပေသည်။ ထိုခေတ်ကာလ နှစ်ခုစလုံး၏ အကျိုးထူး ဝိသေသအချက်မှာ ကမ္ဘာမြေတစ်ခုလုံးအပေါ်၌ တရားမျှတစွာဖြင့် အုပ်ချုပ်တော်မူပေလိမ့်မည်။ ကမ္ဘာမြေပထဝီသည် မိမိ၏ 'ဗရ်ကာသ်'တော်များနှင့် သယံဇာတပစ္စည်းများ ထုတ်အန်ပေလိမ့်မည်။ မည်သည့်လိုလားတောင့်တသူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိလိမ့်မည် မဟုတ်ပေ။ လူတို့၏ကြား၌ အမုန်းနှင့် ရန်ငြိုးမှုတရား တစ်စုံတစ်ရာမျှ ကျန်ရှိလိမ့်မည်မဟုတ်။

သို့ရာတွင် အေမာမ်မဲဟ်ဒီသခင်၏ နှောင်းပိုင်းခေတ်ကာလ၌ မက္ကာဟ်၊ မဒီနာ၊ ဗိုက်သွလ်မုကဒ်ဒပ်စ်နှင့် 'သူရ်'တောင်တို့မှ ကျန်ရှိသော ကမ္ဘာအဝှမ်း နေရာတို့၏ 'ဒဂ်ျဂျားလ်'၏ ကြီးကျယ်သော ပြဿနာသည် လွှမ်းမိုးနေပေလိမ့်မည်။ ဤပြဿနာသည် ကမ္ဘာလောက၌ရှိသော ပြဿနာများထက် အကြီးကျယ်ဆုံးသော ပြဿနာဖြစ်နေပေလိမ့်မည်။ 'ဒဂ်ျဂျားလ်'၏ တည်ရှိမှုနှင့် ပြဿနာဖန်တီးမှုသည် ရက်ပေါင်း (၄၀) သာဖြစ်သည်။ ထိုရက်ပေါင်း (၄၀) ထဲမှ ပထမဆုံးရက်သည် တစ်နှစ်တာခန့် ကြာမြင့်ကာ ဒုတိယရက်သည် တစ်လခန့်မျှ ကြာမြင့်မည်ဖြစ်ပြီး တတိယရက်သည် တစ်ပတ်တာခန့်မျှ ကြာမြင့်မည် ဖြစ်သည်။ ကျန်ရှိသော နေ့ရက်များသည် အခြားသော နေ့ရက်များကဲ့သို့ ဖြစ်ပေလိမ့်မည်။ အကြင်ကဲ့သို့ တစ်နှစ်တာခန့်မျှ ကြာမြင့်နေခြင်း၏ ပုံစံမှာ အမှန်တကယ် ဤရက်တစ်ရက်တည်းသည် တစ်နှစ်တာခန့်မျှ ကြာညောင်းနေခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ 'နေ့နှင့် ညသည် မိမိ၏ ရှိရင်းစွဲ အတိုင်းအတာဖြင့်သာ တည်ရှိနေပေသည်။ သို့ရာတွင် 'ဒဂ်ျဂျားလ်'သည် ကြီးမားသော ပယောဂ၊ မှော်ဆရာတစ်ယောက်ဖြစ်ကြောင်းကို ဟဒီးစ်တော်က အတည်ပြုထားလေသည်။ ၄င်း၏ ဂျာဒူအတတ်ပညာ၏ အစွမ်းကြောင့် အများလူ့ခပ်သိမ်းတို့၏ အရှုအမြင်များ၌ နေ့ည ပြောင်းလဲခြင်းများ မပေါ်ထွန်း၊ မဖြစ်ခြင်းနှင့် ၄င်းလူတို့သည် ယင်းနေ့ရက်များကို

တစ်ရက်တည်းဟူ၍ မှတ်ယူထားကြောင်းမျိုးလည်း ဖြစ်နိုင်ပေသည်။ ဟဒီးစ်တော်၌ ထိုရှည်လျားသော တစ်ရက်တာအတွင်း၌ အခြားသော နေ့ရက်များကို နှိုင်းယှဉ်ချိန်ကိုက်ကာ ခန့်မှန်း၍ နမာဇ်များကို ဆောက်တည်ရမည့်အကြောင်း လာရှိထားပေသည်။ ထိုဟဒီးစ်တော်သည်လည်း 'အမှန်တကယ်တွင်မူ နေ့ညသည် ပြောင်းလဲလျက် ရှိနေကာ လူတို့၏ ခံစားမှုအာရုံအတွင်း ပြောင်းလဲမှု မခံစားရကြောင်း' အချက်ကို အထောက်အကူပေးလျက် ရှိနေပေသည်။ ထို့ကြောင့် တစ်နှစ်တာကြာမြင့်စွာ တည်ရှိသော တစ်ရက်အတွင်း၌ ရက်ပေါင်း (၃၆၀) စာ နမာဇ်များကို ဖတ်ရန် မိန့်တော်မူထားပေသည်။ သို့တည်းမဟုတ်ပါက အမှန်တကယ် တစ်ရက်သည် တစ်ရက်တည်းသာလျှင်ဖြစ်မူ တရားတော်ဆိုင်ရာ ဥပဒေ၏ ရှုထောင့်အရ ထိုနေ့၌ နမာဇ် (၅) ကြိမ်သာလျှင် 'ဖွရ်ဇ်'ဖြစ်ပေမည်။ အချုပ်ဆိုရသော် 'ဒဂ်ျဂျားလ်' စုစုပေါင်းနေထိုင်မည့် ကာလသည် ရက်ပေါင်း (၄၀) သာ ဖြစ်ပေမည်။

ထို့နောက် ဟဇရတ်အီစာ عليه السلام သည် ဆင်းသက်လာကာ 'ဒဂ်ျဂျားလ်'ကို သတ်ဖြတ်၍ ထိုပြဿနာကို အဆုံးသတ်လိုက်မည်။ သို့ရာတွင် ထိုပြဿနာချုပ်ငြိမ်းသွားသည်နှင့် တစ်ဆက်တည်းမှာပင် ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့သည် ထွက်ပေါ်လာပေလိမ့်မည်။ အကြင်သူတို့သည် ကမ္ဘာလောကတစ်ဝှမ်းလုံး၌ ပျက်စီးရာ ပျက်စီးကြောင်းနှင့် သတ်ဖြတ်မှုများကို ပြုကြပေလိမ့်မည်။ သို့ရာတွင် ၎င်းတို့၏ ခေတ်ကာလသည်လည်း ရက်အချို့သာလျှင် ဖြစ်ပေါ်ပေလိမ့်မည်။ တစ်ဖန် ဟဇရတ်အီစာ عليه السلام ၏ ခေတ်ဦးပိုင်း၌ 'ဒဂ်ျဂျားလ်'နှင့် ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့၏ ပြဿနာကြီးနှစ်ရပ် ပေါ်ပေါက်ခဲ့လေမည်။ အကြင်ပြဿနာနှစ်ရပ်သည် ကမ္ဘာလောကသားများကို ကပြောင်းကပြန်ဖြစ်အောင် ပြုလုပ်လိုက်မည်ဖြစ်သည်။ ထိုရေတွက်ရသော ရက်အချို့၏အလျှင်နှင့် နောက်ပိုင်း၌ ကမ္ဘာလောကကြီးတွင် တရားမျှတမှု၊ ငြိမ်းချမ်းသာယာမှု၊ တည်ငြိမ်အေးချမ်းမှု၊ 'ဗရ်ကသ်'မင်္ဂလာတော်များ ပေါ်ထွန်းလာခြင်း၏ ခေတ်ကာလတို့သည် ဆိုက်ရောက်လာလျက် ရှိပေမည်။ ဟဇရတ်အီစာ عليه السلام ကမ္ဘာမြေပေါ်ဝယ် ဆင်းသက်လာပြီးနောက် ခေတ်ကာလတွင် ကမ္ဘာမြေပထဝီပေါ်တွင် အစ္စလာမ်သာသနာတော်နှင့် 'ကလေမာဟ်'တော်မှအပ အခြားမည်သည့်သာသနာ တစ်စုံတစ်ရာမျှ ဖြစ်ပေါ်တည်ရှိနေမည် မဟုတ်ပေ။ ကမ္ဘာမြေပထဝီသည် မိမိ၏ ဘဏ္ဍာများနှင့် သယံဇာတများ၊ တွင်းထွက်ပစ္စည်းများကို ထွက်အန်ပေလိမ့်မည်။ မည်သည့်လိုလားတောင့်တသူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိလိမ့်မည် မဟုတ်ပေ။ ကုတ်ဖဲ့စားသောက်သော သတ္တဝါများနှင့် အဆိပ်ရှိသော သတ္တဝါများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆိုးကျိုးပြုလိမ့်မည် မဟုတ်ပေ။

ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျနှင့် ဇုလ်ကရ်နိုင်းန်တံတိုင်းကြီးနှင့် စပ်လျဉ်းသော ဤဗဟုသုတ အချက်အလက်များသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်များမှ အွမ္ဘသ်ကို အသိပေးထားသော အချက်များပင် ဖြစ်ပေသည်။ ထိုအချက်များအပေါ် ယုံကြည်ရန် အရေးကြီး၍ ဆန့်ကျင်မှုပြုခြင်းသည် မပိုင်ပေ။ ကေန်အမှန် အစ္စလာမ်သာသနာရေးဆိုင်ရာ ယုံကြည်ချက်တစ်စုံတစ်ရာသည် ဤအချက်အပေါ် မူတည်ခြင်း မရှိသကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် တစ်အာယသ်၏ အလိုသဘောကို သိနားလည်ရန်လည်း မူတည်ခြင်း မရှိပေ။ ၎င်းမှာ ရေမြေဒေသဆိုင်ရာ ပထဝီကဏ္ဍရပ်များဖြစ်သည့် 'ဇုလ်ကရ်နိုင်းန်'ဘုရင် တည်ဆောက်ခဲ့သော တံတိုင်းကြီးသည် မည်သည့်အရပ်ဒေသ၌ တည်ရှိပေသနည်း။

ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့သည် မည်သည့် မျိုးနွယ်အုပ်စုများ ဖြစ်ပေသနည်း။ မည်သည့်အရပ်ဒေသများ၌ နေထိုင်နေကြပေသနည်း' စသော အချက်များကို ဆန့်ကျင်ဘက် ပြုမှုပြောဆိုနေကြသောသူတို့၏ အလဟဿ အချက်များကို တုန့်ပြန်ဖြေကြားရန်နှင့် စာရှုသူများ သာပို၍ နလုံးအသိ ပိုမိုရရှိစေရန်အလို့ငှာ အွမ္မသ်၏ အာလင်မ်သာသနာ့ပညာရှင်များသည် ထိုအချက်အား အချေအတင် ဆွေးနွေးထားကြပေသည်။ ယင်းအချက်များမှ အချို့အချက်ကို ဤနေရာ၌ ဆင့်ဆိုလိုက်ရပေသည်။

ကုရ်သုဗီးသခင်ကြီးသည် မိမိ၏ သဖ်စီးရ်ကျမ်းအတွင်း၌ စုဒ်ဒီသခင်ကြီး၏ သဟဲဖြင့် ဆင့်ပြန်ထားသည်မှာ ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့၏ မျိုးနွယ် (၂၂) အုပ်စုမှ (၂၁) အုပ်စုသည် 'ဇုလ်ကရ်နိုင်းန်' တံတိုင်းကြီးအတွင်း၌ ပိတ်နှောင်ထားပေသည်။ ကျန်ရှိသော မျိုးနွယ်အုပ်စု တစ်အုပ်စုသည် 'ဇုလ်ကရ်နိုင်းန်' တံတိုင်းကြီး၏ အပြင်ဘက်တစ်ဘက်၌ ကျန်ရစ်နေပေသည်။ ၎င်းတို့သည် တူရကီမျိုးနွယ်အုပ်စုများ ဖြစ်ပေသည်။ ထို့နောက် ကုရ်သုဗီးသခင်ကြီး မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ သည် တူရကီလူမျိုးတို့နှင့် စပ်လျဉ်း၍ '၎င်းတို့သည် ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့နှင့် ဆင်တူယိုးမှားဖြစ်ကြမည့်အကြောင်း၊ ကမ္ဘာ့နှောင်းပိုင်းခေတ်၌ ၎င်းတို့သည် မွတ်စ္စလင်မ်တို့ဖြင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ကြမည့်အကြောင်း' မှန်ကန်သော မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်၌ ပြသမိန့်မြွက်ထားတော်မူပေသည်။ တစ်ဖန် ဆက်လက်မိန့်တော်မူသည်မှာ ထိုခေတ်ကာလ၌ တူရကီမျိုးနွယ်ဝင်များသည် အလွန်များပြားသော အရေအတွက် အင်အားစုနှင့်အတူ မွတ်စ္စလင်မ်တို့အား ယှဉ်ပြိုင်ရန်အတွက် ထွက်ပေါ်လာကြပေလိမ့်မည်။ ၎င်းတို့၏ မှန်ကန်သော အရေအတွက်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည်သာလျှင် မွတ်စ္စလင်မ်တို့ကို ၎င်းတို့၏ ဆိုးသွမ်းနှောင့်ယှက်မှုမှ ကယ်တင်နိုင်တော်မူသော အသျှင်မြတ်ဖြစ်တော်မူပေသည်။ 'ဤသူတို့သည်လျှင်ပင် ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့ ဖြစ်တန်ကောင်းရာသည်။ သို့မဟုတ် ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့၏ ရှေ့ပြေးမျိုးနွယ်ဝင်များ ဖြစ်တန်ကောင်းရာသည်' ဖြစ်ကြောင်းကို သိရှိရပေသည်။ *[ကုရ်အသုဗီကျမ်း၊ တွဲ-၁၁၊ စာ-၁၅၈။]*

(ကုရ်သုဗီးသခင်ကြီး၏ ခေတ်ကာလသည် ဟိဂျ်ရီ (၆၀၀) ခုနှစ်က ဖြစ်သည်။ အကြင်ခေတ်ကာလ၌ သာသာရီယာတို့၏ ပြဿနာဖြင့် ရင်ဆိုင်ရလေသည်။ အစ္စလာမ်သာသနာရေးရာ စိုးမိုးအုပ်ချုပ်မှုကို ဖျက်ဆီးပစ်ခဲ့လေသည်။ ၎င်းတို့၏ ကြီးကျယ်လှစွာသော ပြဿနာသည် အစ္စလာမ့်သမိုင်း၌ ထင်ရှားသော သာသာရီလူမျိုးတို့သည် တူရကီ မဂိုမင်းဆက်မှ ဖြစ်ကြောင်းမှာ ရာဇဝင်၌ တွင်နေပေသည်။) သို့ရာတွင် ကုရ်သုဗီးသခင်ကြီးသည် ၎င်းတို့ကို ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့နှင့် ဆင်တူယိုးမှားဖြစ်ပြီး ၎င်းတို့၏ ရှေ့ပြေး မျိုးနွယ်ဝင်အဖြစ်သာ သတ်မှတ်ထားလေသည်။ ၎င်းတို့၏ ပြဿနာဖန်တီးမှုကို 'ကေယာမသ်'၏ လက္ခဏာကြီးထဲမှ ဖြစ်သော ယအ်ဂျူးဂ်ျ၊ မအ်ဂျူးဂ်ျတို့ ထွက်ပေါ်လာခြင်းဟူ၍ မပြသထားပေ။ အဘယ်ကြောင့်ဆိုသော် မှန်ကန်သော မွတ်စ္စလင်မ်ကျမ်း၏ တင်ပြပါ ဟဒီးစ်တော်အတွင်း၌ '၎င်းတို့၏ ထွက်ပေါ်မှုသည် ဟဇရသ်အီစာ عليه السلام မိုးကောင်းကင်မှ ဆင်းသက်လာပြီး ၎င်းတည်ရှိနေသော အချိန်ကာလ၌ဖြစ်ကြောင်း' ရှင်းလင်း ချက် လာရှိထားပေသည်။

ထို့ကြောင့် အလ္လာဟ်မာဟ်အာလူစီးသခင်ကြီးသည် မိမိ၏ သဖ်စီးရ်ရူဟုလ်မအာနီကျမ်း၌ 'သာသာရီ လူမျိုးတို့ကို ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်'ဟူ၍ ပြောဆိုသော သူတို့အား ပြင်းထန်စွာ ကန့်ကွက်ထားကာ ဤသို့ တွေးခေါ်ထာခြင်းကို ရှင်းလင်းလှစွာသော လမ်းလွဲခြင်းနှင့် ဟဒီးစ်တော်၏ 'နုစူးစ်' (လိုရင်းသဘောကို တင်ပြရန် အဓိကမိန့်တော်မူသော ဝါကျတော်များ) နှင့်လည်း ဆန့်ကျင်ဘက် ဖြစ်နေပေသည်။ 'ကေန်မုချ ဤပြဿနာသည် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ ပြဿနာနှင့် ဆင်တူယိုးမှားဖြစ်ကြောင်း'ကို မုချ မိန့်တော်မူထားပေသည်။ *[ရူးဟ်၊ တွဲ-၁၆၊ စာ-၄၄။]*

အထက်ပါရှင်းလင်းချက်မှ 'မျက်မှောက်ခေတ်ရှိ သမိုင်းပညာရှင်များသည် လက်ရှိရုရှားလူမျိုး၊ သို့မဟုတ် တာရတ်လူမျိုး၊ သို့မဟုတ် ယင်းလူမျိုးနှစ်မျိုးစလုံးကို ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ ပြဿနာ ဖန်တီးမှုတို့ကဲ့သို့ အလားတူဖြစ်သည်'ဟူ၍ ပြောဆိုခြင်း မမှားယွင်းကြောင်းကို သိရှိရပေသည်။ သို့ရာတွင် ယင်းလူမျိုးများကို 'ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်မြတ်များက သတင်းပေးထားသော 'ကေယာမသ်'၏ လက္ခဏာကြီးတစ်ရပ်နှင့် ဟဇရသ်အီစာ ﷺ မိုးကောင်းကင်မှ ဆင်းသက်လာပြီးနောက်မှ ထွက်ပေါ်လာမည်ဖြစ်သော ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်ဟူ၍ သတ်မှတ်ထားခြင်းသည် လုံးဝ လမ်းလွဲကာ မှားယွင်း၍ ဟဒီးစ်တော်၏ 'နုစူးစ်' (လိုရင်းသဘောကို တင်ပြရန် အဓိက မိန့်တော်မူသော ဝါကျတော်များ) အား ငြင်းဆိုခြင်းဖြစ်သည်။

ကျော်ကြားသော ရာဇဝင်သမိုင်းပညာရှင်တစ်ပါးဖြစ်သည့် အိဗ်နေခါလ်ဒူးန်သည် မိမိသမိုင်းစာအုပ်၏ အဖွင့်ကဏ္ဍရပ်၌ ဆဋ္ဌမတိုင်းပြည်နိုင်ငံ၏ အခြေအတင် ဆွေးနွေးချက်၌ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်၊ ဇုလ်ကရ်နိုင်းန် တံတိုင်းကြီးနှင့် ၎င်းတို့၏ တည်နေရာများကို ပထဝီသဘောသဘာဝအရ သုတေသနပြုမှုများကို ဤသို့ မိန့်ဆိုထားပေသည်။

သတ္တမတိုင်းပြည်နိုင်ငံ၏ နဝမနယ်ပယ်၌ အနောက်ဘက်အရပ်တွင် 'ကန့်ဂျားက်'နှင့် 'ကျန့်တပ်စ်' အမည်ရှိသော တူရကီမျိုးနွယ်အုပ်စုများ နေထိုင်ပေသည်။ အရှေ့ဘက်အရပ်၌ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ် မျိုးနွယ်အုပ်စုများ နေထိုင်ကြပေသည်။ ၎င်းမျိုးနွယ် နှစ်အုပ်စု၏ ကြား၌ 'ကားဖ်'တောင်သည် ခြားနေသည်။ အကြင်အရာအကြောင်းကို ရှေ့၌ တင်ပြပြီးဖြစ်သည်။ ထိုတောင်ကြီးမှ စတုတ္ထတိုင်းပြည်နိုင်ငံ၏ အရှေ့ဘက်၌ ရှိသော မုဟီးသ်ပင်လယ်ကမ်းစပ် နံဘေးမှ စတင်ကာ ထိုတိုင်းပြည်နိုင်ငံ၏ မြောက်ဘက် စူးစူးအရပ်၏ အဆုံးအထိတိုင် ရောက်ရှိနေပေသည်။ တစ်ဖန် ယင်းပင်လယ်မှ ခွဲထွက်ကာ အနောက်မြောက်ဘက်သို့ ယိမ်းညွှတ်ကာ ပဉ္စမတိုင်းပြည်နိုင်ငံ၏ နဝမနယ်ပယ်ဒေသသို့ ဝင်ရောက်နေပြန်လေသည်။ ဤနေရာသို့ ရောက်ရှိကာ တောင်ဘက်မှ အနောက်မြောက်ဘက်သို့ ဦးတည်ဟန်ဖြင့် တည်ရှိနေပေသည်။ ထိုတောင်၏ နယ်ပယ်အကွာအဝေး၌ ဇုလ်ကရ်နိုင်းန်တံတိုင်းကြီးသည် တည်ရှိနေပေသည်။ သတ္တမတိုင်းပြည်နိုင်ငံ၏ နမဝနယ်ပယ်ဒေသအလယ်၌မှာပင် ထို 'စေကန်ဒရ်'တံတိုင်းကြီးသည် တည်ရှိနေပေသည်။ ယခု ကျွန်ုပ် တင်ပြသော တံတိုင်းကြီးသည် ကုရ်အာန်ကျမ်းတော်မြတ်မှ တင်ပြသော အကြောင်းပင် ဖြစ်သည်။

အစ်ဗ္ဗလ္လားဟ်ဗင်နိဟာရ်ဒါးဓ်ဖီဟ်သည် မိမိရေးသားထားသော ပထဝီစာအုပ်၌ အစ်ဗာစီမျိုးနွယ်ဝင် ခလီဖာဖြစ်သော ဝါစစ်က်ဗစ်လ်လားဟ် မြင်မက်သော အိပ်မက်ကို ဆင့်ပြန်ထားလေသည်။ အကြင်အိပ်မက် အတွင်း၌ ၎င်းသည် တံတိုင်းကြီး ပွင့်ထွက်နေသည်ကို မြင်မက်လေသည်။ သို့ရှိရာ ၎င်းသည် ကြောက်ရွံ့ စွာဖြင့် နိုးထကာ အခြေအနေအရပ်ရပ်အား သိမြင်လိုသည့်အတွက် စကားပြန် 'စလ်လားမ်' ကို စေလွှတ်လိုက် လေသည်။ ၎င်းသည် ပြန်လည်ရောက်ရှိလာကာ တံတိုင်းကြီး၏ အခြေအနေများနှင့် ပုံပန်းသဏ္ဌာန်များကို တင်ပြလေသည်။ */ မုကာဝ်ဒ်ဒမာအိပ်ဆနွေခါလိဒူးန်၊ စာ-၇၉။ /*

အစ်ဗာစီမျိုးနွယ်ဝင် ခလီဖာဝါစစ်က်ဗစ်လ်လားဟ်သည် 'ဇုလ်ကရ်နိုင်းန်' တံတိုင်းကြီးကို သုတေ သနပြုရန်အတွက် အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ကြောင်းနှင့် ၎င်းတို့သည် သုတေသနပြုကာ ပြန်လည်ရောက်ရှိလာ ကြောင်းကို အိပ်နေကစီးရ်သခင်ကြီးသည် အလ်ဗေဒါယာဝန်နေဟာယာကျမ်း၌လည်း တင်ပြထားလေသည်။ သုတေသနပြုချက်မှာ ဤတံတိုင်းကြီးကို သံဖြင့် ဆောက်လုပ်ထားကာ သော့ခတ်ထားသော တံခါးကြီး များ များစွာရှိကာ အရှေ့မြောက်ဘက်အရပ်၌ တည်ရှိပေသည်။ သဖ်စီရေကဗီးရ်နှင့် သွစ်ရီတို့သည် ထိုဖြစ်အင်ကို တင်ပြပြီးသည့်နောက် 'ထိုတံတိုင်းကြီးကို ကြည့်ရှုသောသူသည် ကြည့်ရှုပြီး ပြန်လာချိန်၌ လမ်းပြသည် ၎င်းအား 'စမရ်ကန်' မြို့ တည့်တည့်ရှိသော လွင်တီးခေါင်ပြင် ကွင်းပြင်များရှိရာသို့ ပို့ဆောင် လိုက်သည်' ဟူသော အကြောင်းကိုလည်း ရေးသားထားလေသည်။ */ သဖ်စီးရေကဗီးရ်၊ တွဲ-၅၊ စ-၅၁၃ /*

မောင်လာနာအန်ဝရ်ရှားဟ်ကရှ်မီရီ သခင်ကြီးသည် မိမိရေးသားထားသော 'အကီဒသွလ်အစ္စလာမ် ဖီဟယားသေ့အီစာ عليه السلام ကျမ်း၌ ယအ်ဂျူးဂ်၊ မအ်ဂျူးဂ်တို့နှင့် ဇုလ်ကရ်နိုင်းန်တံတိုင်းကြီး၏ အခြေအနေကို ကွင်းဆက်တစ်ခုတည်းအနေဖြင့် ခြုံငုံ၍ သုံးသပ်ရေးသားထားနေလင့်ကစား ယင်းရေးသားချက်သည် သုတေသနပြုချက်များနှင့် ဆင့်ပြန်ချက်တို့၏ အမြင့်မားဆုံးသော စံချိန်တင် မှတ်ကျောက်အဆင့်၌ ရှိနေ ပေသည်။ မောင်လာနာဆစ်က မိန့်တော်မူသည်မှာ ပျက်စီးရာပျက်စီးကြောင်းကို ပြုသော လူရိုင်းများ၏ ဆိုးသွမ်းနှောင့်ယှက်မှုများမှ ကင်းဝေးရန် ကမ္ဘာမြေပထဝီအပေါ် တံတိုင်းတစ်ခုမဟုတ်၊ တံတိုင်းများစွာကို များစွာသော ဘုရင်များသည် အချိန်အမျိုးမျိုး နေရာအနှံ့အပြားတို့၌ ဆောက်လုပ်ထားခဲ့ကြသည်။ ထိုတံတိုင်း ကြီးများထဲမှ အလွန်ကြီးမား၍ ထင်ရှားကျော်ကြားသော တံတိုင်းကြီးမှာ တရုတ်နိုင်ငံ၏ တံတိုင်းကြီး ဖြစ်သည်။ အကြင်တံတိုင်းကြီး၏ အရှည်မှာ (အီရန်နိုင်ငံ၏ သမိုင်းပညာရှင် နန်းတွင်းဝင် စပိန်နယ်သား အဗူဟိုက်ယားန်၏ အဆိုအရ) မိုင် (၁၂၀၀) ဟူ၍ ပြဆိုထားလေသည်။ ၎င်းအား ဆောက်လုပ်သူသည် တရုတ်ပြည် ဘုရင် 'ဖဂ်ဖူးရ်' ဖြစ်သည်။ ဆောက်လုပ်သည့်အချိန်မှာ ဟဇရတ်အာဒမ် عليه السلام ကမ္ဘာမြေပထဝီ ပေါ်သို့ ဆင်းသက်ပြီး နှစ်ပေါင်း (၃၄၆၀) ၏ နောက်ပိုင်းဟူ၍ ပြဆိုထားပေသည်။ ထိုတံတိုင်းကြီးကို မဂိုလူမျိုးတို့သည် 'အသ်ကူဝါးဟ်' ဟု ခေါ်ဆို၍ တူရကီလူမျိုးတို့ သည် 'ဗူရ်ကူရ်ကားဟ်' ဟူ၍ ခေါ်ဆို ကြသည်။ ဤကဲ့သို့ပင် များစွာသော တံတိုင်းများကို နေရာများစွာ၌ တွေ့မြင်နိုင်ပေသည်။

ကျွန်ုပ်တို့၏ မောင်လာနာဟစ်ဖ်ဇွရ်ရဟ်မားန်စဟ်ဝါရီးသည် မိမိရေးသားထားသော 'ကိစ္စစွာလ် ကုရ်အာန်' ကျမ်း၌ မောင်လာနာအန်ဝရ်ရှားဟ်၏ ထိုသမိုင်းရှင်းလင်းချက်ကို အလွန်ကျယ်ပြန့်သော သုတေ

သနပြု ပုံစံဖြင့် ရေးသားထားလေသည်။ အချုပ်သဘောမှာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ဖျက်ဆီးနှောင့်ယှက်ခြင်း၏ နယ်နိမိတ်ဝန်းကျင် အတိုင်းအတာသည် 'ကာကေရှားဟ်၏ မြေနိမ့်ပိုင်း အရပ်ဒေသ၌ နေထိုင်သူတို့သည် ၎င်းတို့၏ ဒုက္ခ၊ မတရားသမှုပြုခြင်းကို ခံကြရမည်ဖြစ်သော သားကောင်များနှင့် အခြားတစ်ဖက်၌ရှိသော 'သီဗ်ဗသ်'နှင့် တရုတ်ပြည်နယ်သားတို့သည်လည်း အချိန်တိုင်း၌ ၎င်းတို့၏ ငြို့ကွင်း နယ်နိမိတ်အတွင်း၌ သက်ရောက်လျက် ရှိနေ' ထိတိုင် ကျယ်ပြန့်လှပေသည်။ ထိုယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ နှောင့်ယှက်မှုရန်မှ ကာကွယ်ရန်အတွက် အချိန်အမျိုးမျိုး၊ နေရာအနှံ့အပြားများတွင် တံတိုင်းများကို တည်ဆောက်ခဲ့ကြလေသည်။ ထိုတံတိုင်းများအတွင်း၌ အကြီးဆုံးနှင့် ရှေးအကျဆုံး တံတိုင်းကြီးမှာ တရုတ်နိုင်ငံ၏ တံတိုင်းကြီးပင် ဖြစ်သည်။ အကြင်တံတိုင်းကြီးအကြောင်း အထက်၌ တင်ပြထားပြီး ဖြစ်လေသည်။

ဒုတိယတံတိုင်းမှာ အာရှတိုက်အလယ် 'ဗုခါရာ'မြို့နှင့် 'သစ်ရ်မိဇ်'မြို့အနီး၌ ရှိပေသည်။ ထိုတံတိုင်းတည်ရှိရာနေရာ၏ အမည်မှာ 'ဒရ်ဗန်ဒ်'ဖြစ်သည်။ ဤတံတိုင်းကြီးသည် ထင်ရှားသော မဂိုဘုရင် 'သိုင်မူးရ်လန်ဂ်'၏ ခေတ်ကာလတွင် တည်ရှိခဲ့သည်။ ရောမဘုရင်၏ သီးသန့်အခွေတော် 'စီလာဗရ်ဂျရ်ဂျရ်မနီ' သည်လည်း ထိုအကြောင်းကို မိမိစာအုပ်၌ တင်ပြထားသည်။ စပိန်ဘုရင် ကစ်တီးလ်၏ သံတမန် 'ကလာဖကျူး' သည်လည်း မိမိ၏ ခရီးသွားမှတ်တမ်း၌ ထိုအကြောင်းကို တင်ပြထားလေသည်။ ဤသူသည် ခရစ်သက္ကရာဇ် (၁၄၀၃) ခုနှစ်၌ မိမိဘုရင်၏ သံတမန်အဖြစ် 'သိုင်မူးရ်'ဘုရင်၏ အခစားတော်သို့ ဝင်ရောက်ရန် ထိုနေရာအနီးမှပင် ဖြတ်သန်းသွားရပေသည်။ ၎င်းက ရေးသားထားသည်မှာ သံတံခါး၊ တံတိုင်းကြီးသည် အီရန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကြားရှိ လမ်းမပေါ်၌ တည်ရှိနေသည်။

[သစ်စီးရ်ရော့ဟုလ်ပဲရ်လ်ကုရ်အာန်သွာန်သွပီး၊ တွဲ-၉၊ စာ-၁၉၈။]

တတိယတံတိုင်းမှာ ရုရှားနယ် 'ဒါးဂိစ်သာန်'အရပ်ဒေသ၌ တည်ရှိပေသည်။ ဤတံတိုင်းသည်လည်း 'ဒရ်ဗန်ဒ်'နှင့် 'ဗားဗွလ်အဗ်ဝါးဗ်'အမည်ဖြင့် ကျော်ကြားနေပေသည်။ ယာကူးသ်ဟမဝီသည် 'မုအ်ဂျမ္မလ်ဗွလ်သာန်' ၌သော်လည်းကောင်း၊ အိဒ်ရိစီးသည် 'ဂျုဂ်ရဖီယာ'၌သော်လည်းကောင်း၊ ဗွစ်သာနီးသည် ဒါအိရသွလ် မအာရစ်ဖ်' ၌သော်လည်းကောင်း ထိုတံတိုင်း၏ အခြေအနေကို ကျယ်ပြန့်စွာဖြင့် ရေးသားထားလေသည်။ အချုပ်သဘောမှာ 'ဒါးဂိစ်သာန်'အရပ်ဒေသ၌ 'ဒရ်ဗန်ဒ်'အမည်ရှိသော ရုရှားနိုင်ငံ၏ မြို့တစ်မြို့ရှိသည်။ ဤမြို့သည် (စပိန်နိုင်ငံ) 'ခဇရ်'ပင်လယ်၏ အနောက်ဘက်ကမ်းခြေ၌ တည်ရှိပေသည်။ ထိုမြို့၏ အနံမှာ (၃၃) ပေ၊ မြောက်ဘက်အရပ်သို့ တည်ရှိပြီး အလျားမှာ (၄၈.၁၅) ပေ အရှေ့ဘက်သို့ တည်ရှိနေပေသည်။ ထိုမြို့ကို 'ဒရ်ဗန်ဒ်နောင်ရှိရဝါးန်'ဟူ၍လည်း ခေါ်ဆိုပေသည်။ 'ဗာဗွလ်အဗ်ဝါးဗ်' အမည်ဖြင့်လည်း အလွန်ကျော်ကြားနေပေသည်။

စတုတ္ထတံတိုင်းမှာ ထိုဗာဗွလ်အဗ်ဝါးဗ်အမည်ဖြင့် အနောက်ဘက်အရပ် ကာကေရှား၏ အလွန်မြင့်မားသော တောင်တန်းဒေသများထဲ၌ ဖြစ်သည်။ အကြင်နေရာတွင် တောင်နှစ်လုံးကြား၌ 'ဒါးရ်ယားလ်' အမည်ရှိသော ထင်ရှားသော တောင်ကြားလမ်းတစ်ခု ရှိပေသည်။ အကြင်နေရာ၌ 'ကဖ်ကားဇ်'၊ သို့မဟုတ်

'ကူကား'၊ သို့မဟုတ် 'ကားဖ်'တောင်၏ တံတိုင်းဟူ၍ စတုတ္ထမြောက်တံတိုင်းကြီး တည်ရှိပေသည်။ ဗွစ်သာနီးသည် ထိုတံတိုင်းနှင့် စပ်လျဉ်း၍ ရေးသားထားလေသည်။

ထိုဗာဗွလ်အဗ်ဝါးဗ်တံတိုင်းကြီးအနီး၌ အနောက်ဘက်သို့ ထိုးစောင်းကာ ထွက်နေသော အခြား တံတိုင်းတစ်ခု ရှိပြန်လေသည်။ ခန့်မှန်းခြေအားဖြင့် ထိုတိုင်းကို ပါးရှားနိုင်ငံသားတို့သည် မြောက်ပိုင်း 'ဗရ်ဗရီး'မျိုးနွယ်စုတို့၏ ဆိုးသွမ်းမှုမှ ကင်းလွတ်မှုရရှိရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားဟန် တူပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုတံတိုင်းအား တည်ဆောက်သောသူ၏ အခြေအနေမှန်ကို မသိရှိ နိုင်ပေ။ အချို့သော သူတို့သည် ထိုတံတိုင်းအား တည်ဆောက်သောသူကို 'စိကန်ဒရ်'ဘက်သို့ ရည်ညွှန်း ထားကြလေသည်။ အချို့သောသူတို့သည် 'ကစ်ရာ'နှင့် 'နောင်ရှီရဝါးန်'ဘက်သို့ ဆက်နွယ်မှု ပြုထားကြ ပေသည်။ 'ဤတံတိုင်းကြီးအား အရည်ဖျော်ထားသော ကြေးနီဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း' ကို ယာကူးသ်က ပြောဆိုထားသည်။

[ဒါအိရသွလ်မအာရစ်ဖ်၊ တွဲ-၇၊ စာ-၆၅၁။ မုအ်ဂျမ္ဗုလ်ဗွလ်ဒါးန်၊ တွဲ-၁၈၊ စာ-၉။]

ဤအထက်ဖော်ပြပါ တံတိုင်းများအားလုံးသည် မြောက်ဘက်အရပ်၌သာ တည်ရှိပေသည်။ အနီးစပ် ဆုံးအားဖြင့် လိုအပ်ချက်တစ်ရပ်တည်းအတွက် ဆောက်လုပ်ထားပေသည်။ ထို့ကြောင့် ယင်းတံတိုင်းများထဲမှ ဇုလ်ကရ်နိုင်းန်တံတိုင်းသည် မည်သည့်တံတိုင်းဖြစ်ပေသနည်း။ ထိုတံတိုင်းသည် မည်သည့်တံတိုင်းဖြစ်ကြောင်း ကို သတ်မှတ်အတည်ပြုရာ၌ စာဒကများ ဝင်ရောက်လာကြပေသည်။ အလွန်ကြီးမားသော ရောထွေး ဆက်နွယ်မှုသည် ဤနောက်ဆုံးတံတိုင်းနှစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တံတိုင်းနှစ်ခုစလုံး တည်ရှိ ရာအရပ်၏ အမည်များသည် 'ဒရ်ဗန်ဒ်'ဖြစ်၍ တံတိုင်းနှစ်ခုစလုံး၌ 'စဒ်'တံတိုင်းဟူသော အမည်သည်လည်း ပါဝင်နေပေသည်။ အထက်တင်ပြပါ တံတိုင်းကြီး (၄) ခုအတွင်း၌ ရှေးအကျဆုံးသော တရုတ်ပြည်ရှိ တံတိုင်းကြီးနှင့် စပ်လျဉ်း၍ ၎င်းသည် 'ဇုလ်ကရ်နိုင်းန်'တံတိုင်းဖြစ်ကြောင်းကို ပြောဆိုသည့်သူ မရှိပေ။ ထိုတံတိုင်းသည် မြောက်ဘက်အရပ်အစား အရှေ့အစွန်ဆုံးသော အရပ်၌ တည်ရှိနေသည်။ ကုရ်အာန်ကျမ်း တော်မြတ်၏ ညွှန်ပြမှုကြောင့် ယင်းတံတိုင်းကြီးသည် မြောက်ဘက်အရပ်၌မှာသာလျှင် တည်ရှိနေကြောင်း ထင်ရှားလှပေသည်။

ယခု မြောက်ဘက်အရပ်၌သာလျှင် ကျန်ရှိသော တံတိုင်း (၃) ခုနှင့် စပ်လျဉ်း၍ မပ်စ်အူဒီ၊ အစ္စသွခရီ၊ ဟာမဝီး စသော သမိုင်းပညာရှင်များက ပြောဆိုကြသည်။ ၎င်းမှာ ထိုတံတိုင်း (၃) ခုထဲမှ များသောအားဖြင့် 'ကာကေရှားနယ်' ဗာဗွလ်အဗ်ဝါးဗ်'၏ ဒေသ၏ 'ဒရ်ဗာန်'အတွင်းရှိ 'ဟဇရ်'ပင်လယ် ဘေးပေါ်၌ တည်ရှိသော တံတိုင်းကို 'ဇုလ်ကရ်နိုင်းန်'တံတိုင်းဟူ၍ သတ်မှတ်ယူဆထားကြလေသည်။ ဗုခါရာနှင့် သိရ်မိဇ်၏ 'ဒရ်ဗန်ဒ်'နှင့် ၎င်း၏ တံတိုင်းကို 'ဇုလ်ကရ်နိုင်းန်'တံတိုင်းဟူ၍ ပြောဆိုကြသော သမိုင်းပညာရှင်များသည် ခန့်မှန်းခြေအားဖြင့် 'ဒရ်ဗန်ဒ်'ဟူသော စကားလုံး ပါဝင်ဖက်စပ်နေခြင်းကြောင့် မှားယွင်းရောယှက်စွာ ပြောဆိုကြခြင်းဖြစ်သည်။ ယခု အနီးစပ်ဆုံးအားဖြင့် ထိုတံတိုင်းကြီး တည်ရှိရာ

နေရာကို 'ဒါဂိစ်သာန်'နယ်ပယ် 'ကာကေရှား'ပြည်နယ်၏ 'ဗာဗွလ်အစ်ဝါးဗ်'မည်သော 'ဒရ်ဗန်ဒ်' ၌ သော်လည်းကောင်း၊ သို့မဟုတ် ၎င်း၏ အထက် အပေါ်၌ရှိသော 'ကဖ်ကဖားဇ်'၊ သို့မဟုတ် 'ကားဖ်' တောင်၏ ကုန်းမြင့်ပိုင်းပေါ်၌ ရှိသော တံတိုင်းကို သတ်မှတ်ရရှိနိုင်ပေသည်။ ထိုနေရာနှစ်ခုစလုံး၌ တံတိုင်း ရှိကြောင်း သမိုင်းပညာရှင်များ အတည်ပြုထားပေသည်။ ထိုတံတိုင်းနှစ်ခုအတွင်းမှ 'ကာဖ်ကဖားဇ်' တောင် ပေါ်၌ရှိသော တံတိုင်းကြီးသည် 'ဇုလ်ကရ်နိုင်းန်'တံတိုင်းကြီးဖြစ်ကြောင်းကို အကီဒသွလ်အစွလာမ်၌ မောင်လာနာအန်ဝရ်ရှားက အသာပေးထားလေသည်။ အကြောင်းမှာ ဤတံတိုင်းကြီးကို ဇုလ်ကရ်နိုင်းန် ဘုရင်ကြီးက တည်ဆောက်ခဲ့လေသည်။ *[အကီဒသွလ်အစွလာမ်၊ စာ-၂၉၇။]*

ဇုလ်ကရ်နိုင်းန်တံတိုင်းကြီးသည် ယခုအချိန်အထိတိုင် တည်ရှိနေပါ၏လော၊ 'ဝေယာမသ်' နေ့ ထိတိုင် တည်ရှိနေမည်၏လော၊ သို့မဟုတ် ကျိုးပျက်သွားပြီလော၊

ဥရောပတိုက် မျက်မှောက်ခေတ်ရှိ ပထဝီ၊ သမိုင်းပညာရှင် အကျော်အမော်များသည် ဤအချိန်၌ မြောက်ဘက်အရပ်၌ရှိသော 'မည်သည့်တံတိုင်းတစ်ခုခုကိုမျှ တည်ရှိနေခြင်း' နှင့် ယခုအချိန်အထိတိုင် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ လာရာလမ်း ပိတ်ပင်လျက်ရှိနေသည်တို့ကို လက်မခံကြပေ။ ထိုအထက်တင်ပြပါ အချက်ကို အခြေခံမှုတည်၍ အချို့မွတ်စလင်မ် သမိုင်းပညာရှင်များသည်လည်း 'ကုရ်အာန်ကျမ်းတော်မြတ် နှင့် ဟဒီးစ်တော်အတွင်း၌ တင်ပြထားသော ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ် ထွက်ပေါ်မည့်အကြောင်းသည် ယခု ထွက်ပေါ်ပြီးဖြစ်သည်'ဟူ၍ ရေးသားပြောဆိုလာကြပေတော့သည်။ အချို့သော ပညာရှင်များသည် ဟီဂျ်ရီ (၆၀၀) ခုနှစ်၌ မှန်တိုင်းအသွင် ထကြွလာသော 'သာသာရီ'များကို ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်များသာဖြစ် ကြောင်း အခြေခံမှုတည်၍ မိန့်ဆိုကြလေသည်။ အချို့သော ပညာရှင်များသည် ယခုခေတ်အခါသမယ၌ ကမ္ဘာလောကအပေါ် စိုးမိုးအုပ်စိုးနေသော မျိုးနွယ်များဖြစ်သည့် ရုရှား၊ တရုတ်နှင့် အရှေ့ဥရောပတိုက်သား တို့ကို ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်များဟူ၍ ပြောဆိုကာ အချေအတင် ဆွေးနွေးချက်ကို ဖြတ်ချလိုက်လေသည်။ သို့ရာတွင် ရုဟူလ်မအာနီကျမ်း၏ တင်ပြချက်ကို ကိုးကား၍ တင်ပြထားသကဲ့သို့ ဤသို့ ယူဆ၊ ပြောဆို၊ ရေးသားခြင်းသည် လုံးဝ မှားယွင်းပေသည်။ စစ်မှန်သော ဟဒီးစ်တော်များမှ ငြင်းဆိုမှုမပြုဘဲ မည်သူ တစ်ဦးတစ်ယောက်မျှ ကုရ်အာန်ကျမ်းတော်မြတ်က 'ဝေယာမသ်'၏ လက္ခဏာအဖြစ် တင်ပြထားသော ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ထွက်ပေါ်လာမည့် အကြောင်းနှင့် စပ်လျဉ်း၍ မှန်ကန်သော မွတ်စလင်မ်ကျမ်း ၏ နဝါးစ်ဗင်နှစ်မ်အားန် စသော သူတို့၏ ဟဒီးစ်တော်အတွင်း၌ 'ဤဖြစ်အင်သည် 'ဒဂ်ျဂျားလ်' ထွက်ပေါ် လာခြင်း၊ ဟဇရသ်အီစာ ﷺ ဆင်းသက်လာခြင်းနှင့် 'ဒဂ်ျဂျားလ်'ကို သုတ်သင်ပြီးသည့်နောက်မှ ပေါ်ပေါက် လာမည့် အဖြစ်အပျက်ဖြစ်ပေသည်။' ထိုအဖြစ်အပျက်များသည် ယခုဖြစ်ပြီးသွားပြီဟူ၍ မည်သူတစ်ဦး တစ်ယောက်မျှ မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် 'ဒဂ်ျဂျားလ်'သည်လည်း ယခုအချိန်အထိတိုင် မထွက် လာသေးသကဲ့သို့ ဟဇရသ်အီစာ ﷺ သည်လည်း ယခုအချိန်အထိတိုင် မဆင်းသက်လာသေးပေ။

သို့သော်မကာ ဤအချိန်၌ ဇုလ်ကရ်နိုင်းနံတံတိုင်းကြီးသည် ပျက်စီးသွားပြီဟူသော အချက်သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်၏ မည်သည့်ရှင်းလင်းစွာသော 'နစ္စ' (အဓိက မိန့်တော်မူရန် အတွက် ယူဆောင်လာသော ဝါကျ) နှင့် ဆန့်ကျင်ဘက်ဖြစ်မနေပေ။ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ အချို့သော မျိုးနွယ်အုပ်စုများသည် ဤကမ္ဘာလောကဘက်သို့ ထွက်လာပြီးဖြစ်သည်ဟူသော အချက်သည် ၎င်းတို့ အနေနှင့် အကြီးမားဆုံး ချိတက်တိုက်ခိုက်မှုပြုပြီး ကမ္ဘာလူသားတစ်ရပ်လုံး၏ နယ်ပယ်ဒေသကို ဖျက်ဆီး ပစ်လိုက်သည်ဟူသော စည်းကမ်းချက်ကို လက်ခံရမှသာ ဖြစ်နိုင်ပေသည်။ ထိုပျက်စီးမှုသည် ယခုအချိန် အထိတိုင် မဖြစ်ပေါ်သေးပေ။ သို့သော်မကာ ဒဂ်ဂျားလ် ထွက်ပေါ်လာခြင်း၊ ဟဇရတ်အီစာ ﷺ ဆင်းသက် လာခြင်း အစရှိသော 'ကေယာမသ်'၏ ကြီးမားသော အချက်လက္ခဏာများ ပေါ်ပေါက်ပြီးသည့်နောက်ပိုင်း မှ ဖြစ်ပေါ်လာမည်ဖြစ်သည်။ အကြင်လက္ခဏာများအကြောင်း အထက်၌ တင်ပြပြီးဖြစ်သည်။

ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ မောင်လာနာအန်ဝရ်ရှားဟ်ကရှ်မီရီးသခင်ကြီး၏ သုတေသနပြုချက် မှာ ဤသို့တည်း။ အရှေ့ဥရောပတိုက်သားတို့၏ အောက်ဖော်ပြပါ ပြောဆိုချက်မှာ တစ်စုံတစ်ရာ လေးနက်မှု မရှိပေ။ အကြောင်းမှာ 'ကျွန်ုပ်တို့သည် ကမ္ဘာလောကတစ်ခွင်လုံး၌ ရှာဖွေရာ ယင်းတံတိုင်း၏ တည်နေရာ ကို မသိရှိရပေ'ဟူ၍ ၎င်းတို့က ပြောဆိုကြပေသည်။ အဘယ်ကြောင့်ဆိုသော် ဦးစွာပထမ ၎င်းတို့အနေ နှင့် အတိအလင်း ပြောကြားခဲ့သည်မှာ မိမိတို့ကိုယ်တိုင် 'လှည့်လှည်ရှာဖွေခြင်းနှင့် စိစစ် သုတေသန ပြုရာ၌ အဆုံးစွန်အထိ ရောက်ရှိနေသည်' ဟူ၍ အတိအလင်း ပြောကြားနေသည့် ကြားကပင် ကျွန်ုပ်တို့ မသိရှိသေးသည့် များစွာသော တောနက်များ၊ မြစ်ပင်လယ်များနှင့် ကျွန်းစုယ်များ တည်ရှိနေသည်။ ဒုတိယ အချက်မှာ ယခု ထိုတံတိုင်းကြီး တည်ရှိနေသည့် ကြားကပင် တောင်များ ပြိုကျခြင်းနှင့် အချင်းချင်းကြား ထိတွေ့ပေါင်းစပ်မှုတို့ကြောင့် တောင်တစ်လုံးတည်း၏ အသွင်ဆောင်နေခြင်းလည်း' ဖြစ်တန်ကောင်းရာ သည်။ သို့ရာတွင် ငြင်းမရ၍ ခိုင်လုံသော 'နစ္စ' (အထောက်အထား) တစ်ရပ်သည် ထိုအချက်နှင့် ဆန့်ကျင် ဘက်ဖြစ်နေသည် မဟုတ်ပေ။ အကြောင်းမှာ 'ကေယာမသ်'မတိုင်မီအလျင် ဤတံတိုင်းကြီးသည် ပြိုပျက် သွားမည်ဖြစ်သည်။ သို့မဟုတ် အလွန်ဝေးလံလှစွာသော လမ်းမှ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ အချို့သော မျိုးနွယ်အုပ်စုများသည် ဤဘက်သို့ ထွက်လာနိုင်ပေသည်။

ထိုဇုလ်ကရ်နိုင်းနံတံတိုင်းကြီးသည် 'ကေယာမသ်'နေ့ထိတိုင် တည်ရှိနေမည့် အကြီးမားဆုံးသော အထောက်အထားရယူခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်တော်တစ်ရပ်

فَاِذَا جَاءَ وَعْدُ رَبِّيْ جَعَلَهٗ دَكَّاءَ

ဆိုလိုသည်မှာ ဇုလ်ကရ်နိုင်းနံဘုရင်ကြီး၏ 'မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကတိတော် ရောက်ရှိလာချိန်ဝယ် (ဆိုလိုသည်မှာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ထွက်ပေါ်လာချိန်ဝယ်) အလ္လာဟ် အသျှင်မြတ်သည် ထိုသံတံတိုင်းကြီးကို အစိတ်စိတ်အမွှာမွှာ ပြုလုပ်တော်မူ၍ မြေကြီးနှင့် တစ်သားတည်း ဖြစ်အောင် ပြုလုပ်တော်မူပေလိမ့်မည်'ဟူသော အာယသ်တော်၏ စကားလုံးများပင် ဖြစ်ပေသည်။ ထိုအာယသ်

တော်အတွင်း၌ ပါရှိသော وَعْدُ رَبِّي (မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကတိတော်) ၏ အလို သဘောကို ပညာရှင်များသည် 'ကေယာမသ်'နေ့ဟူ၍ အသိအမှတ်ပြုကြလေသည်။ ကေန်စင်စစ် ကျမ်းမြတ်၏ စကားလုံး တော်များသည် ထိုအချက်ကို ခိုင်မာစွာ အတည်ပြု မသတ်မှတ်ထားပေ။ အဘယ်ကြောင့် ဆိုသော် وَعْدُ رَبِّي (ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကတိတော်) ၏ ရှင်းလင်းလှစွာသော အလိုသဘောမှာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ထွက်ပေါက်လမ်းကြောင်းကို ပိတ်ထားခြင်း၏ စီမံကိန်းကို ဖုလ်ကရ်နိုင်းနဲဘုရင်ကြီးသည် ပြခဲ့လေသည်။ 'အမြဲတစေ ဤကဲ့သို့ တည်ရှိနေရမည်' ဟူ၍ တစ်စုံတစ်ရာ အရေးကြီးသော အချက်မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသော အချိန်၌ လမ်းကြောင်းသည် ပွင့်သွားကာ ဤတံတိုင်းကြီးသည် ပြိုကျပျက်စီးသွားမည် ဖြစ်ပေသည်။ ထိုပျက်စီး ပြိုပျက်သွားရန်သည်လည်း 'ကေယာမသ်'နှင့် လုံး၀ နီးကပ်သော အချိန်၌ ဖြစ်ရမည်ဟူ၍လည်း အရေး မကြီးပေ။ သို့ရှိရာ အဖွင့်ပညာရှင်များအားလုံးသည် وَعْدُ رَبِّ ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်ကြောင်းကို တင်ပြကြလေသည်။ ဖဟ်ရေမုပွီးသ်မည်သော သဖ်စီးရ်ကျမ်းတွင် 'ကေယာမသ်' နေ့ သို့မဟုတ် ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့ ထွက်ပေါ်ချိန်' ဟူသော အလိုသဘောကို ကောက်ယူကြပေသည်။

ထိုအချက်အား ဤသို့လည်း စိစစ်သုတေသနပြုနိုင်ပေသည်။ တံတိုင်းကြီးသည် ပြိုကျပျက်စီးကာ လမ်းကြောင်း ပွင့်သွား၍ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ တိုက်ခိုက်မှုသည် စပြီးခဲ့ပြီး ဖြစ်မည်။ 'ထိုတိုက်ခိုက်မှု၏ အစ သည် ဟီဂျ်ရီ (၆၀၀) ခုနှစ်က သာသာရီပြဿနာကို ကောက်ချက်ချကာ မှတ်ယူထားသည်ဖြစ်စေ၊ (သို့မဟုတ်) အရှေ့ဥရောပတိုက်၊ ရုရှားနှင့် တရုတ်တို့ လွှမ်းမိုးလာကြောင်းကို ကောက်ချက်ချ မှတ်ယူထားသည်ဖြစ်စေ ၄င်းတို့၏ တိုက်ခိုက်မှုသည် အစပြုပြီးဖြစ်သည်။ 'သို့ရာတွင် ထိုယဉ်ကျေးမှုရှိသော မျိုးနွယ်အုပ်စုများ ထွက်ပေါ်လာခြင်းနှင့် ပြဿနာများအား နိုင်ငံရေးဥပဒေ ပေါ်လစီ အရောင်ဆိုးထားခြင်း ကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်များမှ အသိပေးထားသော သီးသန့်သတ်ဖြတ်မှုနှင့် သွေးချောင်း စီးတွေမှုများသည် ကမ္ဘာအဝှမ်းရှိ မြို့ပြဒေသများအား ပျက်စီးမှုကို ပြုစေသော ဖျက်ဆီးမှုမျိုးဟု သတ်မှတ် အတည်ပြု၍ မရရှိနိုင်ကြောင်း အချက်သည်လည်း ထင်ရှားလှပေသည်။ သို့သာမက အထက်တင်ပြပါ အချက်၏ ရလဒ်မှာ 'ထိုပျက်စီးရာ၊ ပျက်စီးကြောင်းကို ပြုသော ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ အချို့သော မျိုးနွယ်အုပ်စုများသည် ဤဘက်အရပ်ဒေသများအတွင်းသို့ လာရောက်ကြကာ အတူတကွ ပေါင်းစည်း၊ ယဉ်ပါးစွာ နေထိုင်ကြလေသည်။ အစ္စလာမ့်တိုင်းပြည်နိုင်ငံများအဖို့ မူချ ၄င်းတို့သည် ကြီးမားစွာ ပျက်စီး ရာပျက်စီးကြောင်းပြုသော သူများ ဖြစ်ပေသည်။ သို့ရာတွင် ၄င်းတို့၏ ယခုအချိန်အထိတိုင် 'သွေးချောင်း စီးစေခြင်းမှအပ အခြားမည်သည့် တစ်စုံတစ်ရာကိုမျှ မသိရှိသေးသည့် အလွန်များပြားလှစွာသော မျိုးနွယ် အုပ်စုများသည် တန်ခိုးတော်အသျှင်မြတ်၏ ထိန်းချုပ်ထားခြင်းခံထားရပြီး ဤအရပ်ဒေသဘက်သို့ ထွက် လာနိုင်စွမ်း မရှိပေ။ ၄င်းတို့သည် 'ကေယာမသ်'လုံး၀ နီးကပ်လာသောအချိန်၌ ထွက်ပေါ်လာမည် ဖြစ်မည်။

ဒုတိယအထောက်အထားကို သိရ်မေဇီနှင့် မွတ်စ်နဒ်အဟ်မဒ်ကျမ်းတို့၏ ဟဒီးစ်တော်မှ ရယူထားပေသည်။ အကြင်ဟဒီးစ်တော်၌ တင်ပြထားသည်မှာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့သည် ထိုတံတိုင်းကြီး ကို နေ့စဉ် ထိုးဖောက်ဖြိုခွင်းလျက် ရှိနေပေသည်။ သို့ရာတွင် ပထမအချက်သည် ယင်းဟဒီးစ်တော်ကို အိမ်နေကစီးရ်သခင်ကြီးသည် 'မအ်လူးလ်'ဟူ၍ သတ်မှတ်ထားသည်။ ဒုတယိအချက်မှာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့သည် 'အင်န်ရှာအလ္လာဟ်' ပြောဆိုလိုက်ခြင်း၏ 'ဗရ်ကသ်'တော်ဖြင့် ဖြိုခွင်းလွတ်မြောက်လာမည့် နေ့သည် 'ကေယာမသ်'နှင့် လုံးဝ နီးကပ်နေသည်'ဟူသော အချက်သည်လည်း ရှင်းလင်းစွာဖြင့် မပါရှိထားပေ။ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်အားလုံးတို့သည် ထိုတံတိုင်းကြီး၌ ပိတ်မိနေသည်ဟူသော အချက်နှင့် စပ်လျဉ်း၍လည်း ထိုဟဒီးစ်တော်အတွင်း၌ အထောက်အထားတစ်စုံတစ်ရာ မရှိပေ။ အကယ်၍ ၎င်းတို့၏ အချို့သော အဖွဲ့များ၊ သို့မဟုတ် မျိုးနွယ်အုပ်စုများသည် အလွန်ဝေးလံလှစွာသော လမ်းတစ်လမ်းလမ်းမှ လာရောက်ကောင်း လာရောက်နိုင်ပေသည်။ ပမာဆိုရသော် မျက်မှောက်ခေတ်၌ အင်အားကြီးမားသော ရေတပ်ရေယာဉ်များ၏ အကြောင်းခံဖြင့် ထွက်လာကောင်း၊ ထွက်လာနိုင်ခြင်းသည် တစ်စုံတစ်ရာ လှမ်းဝေးနေသည့် အချက်မဟုတ်ပေ။ အချို့သော သမိုင်းပညာရှင်များက ရေးသားထားကြသည်မှာ 'ယာအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့သည် ဝေးလံလှစွာသော ပင်လယ်ခရီးကို နှင်၍ ဤဘက်သို့ လာရောက်နိုင်ရန် လမ်းရရှိသွားကြလေပြီ။ သို့ရှိရာ အထက်ဖော်ပြပါ ဟဒီးစ်တော်သည် ၎င်းတို့ ထွက်လာနိုင်ကောင်းရှိခြင်း အချက်ကိုလည်း အငြင်းဝင်၍ မရပေ။

အချုပ်မှာ ဇုလ်ကရ်နိုင်းန်တံတိုင်းကြီးသည် 'ကေယာမသ်'နေ့ထိတိုင် တည်ရှိနေခြင်း၊ သို့မဟုတ် ၎င်းတို့၏ ကနဦးနှင့် သာမန်တိုက်ခိုက်မှုသည် 'ကေယာမသ်'မတိုင်မီ ဤတံတိုင်းကြီး၏ အပြင်လောက၌ရှိသော လူသားတို့အပေါ် ဖြစ်နိုင်မည် မဟုတ်ကြောင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့အတွင်း၌ ရှင်းလင်းပြတ်သားလှစွာသော အထောက်အထားတစ်စုံတစ်ရာမျှ မရှိပေ။ သို့သာမက ကမ္ဘာတစ်ဝှမ်းရှိ မြို့ပြဒေသများကို ဖျက်ဆီးပစ်လိုက်မည်ဖြစ်သော ၎င်းတို့၏ ကြောက်မက်ဖွယ်အကောင်းဆုံးနှင့် ပျက်စီးစေမည်ဖြစ်သော တိုက်ခိုက်မှုတို့သည် 'ကေယာမသ်'နေ့နှင့် လုံးဝ နီးကပ်လာနေမည့်အချိန်ဖြစ်ပေမည်။ အကြင်အချက်အကြောင်း အကြိမ်ကြိမ် တင်ပြပြီး ဖြစ်သည်။ အချုပ်ရလဒ်သဘောတရားမှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်မြတ်များ၏ 'နုစူးစ်' (အဓိကလိုရင်းသဘောကို မိန့်တော်မူရန် ယူဆောင်လာသော ဝါကျ) များကို အခြေခံမှုတည်၍ 'ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ တံတိုင်းကြီး ကျိုးပျက်သွားကာ လမ်းပွင့်သွားပြီ'ဟူသော အချက်ကို ယတိပြတ်ဆုံးဖြတ်ချက်ပေး၍ မရရှိနိုင်သကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးစ်တော်တို့၏ မီးမောင်းထိုးပြချက်အရ 'ထိုတံတိုင်းကြီး 'ကေယာမသ်'နေ့အထိတိုင် တည်ရှိနေရန် အရေးကြီးကြောင်း'ကိုလည်း ပြောဆို၍ မရရှိနိုင်ပေ။ နှစ်မျိုးစလုံး ဖြစ်တန်ကောင်းရာသည်။ (အခြေအနေစစ်၊ အခြေအနေမှန်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူသည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَتَرَكْنَا بَعْضَهُمْ يَوْمَئِذٍ يَمُوجُ فِي بَعْضٍ ۖ وَنُفِخَ فِي الصُّورِ فَجَمَعْنَاهُمْ جَمْعًا ﴿٩٩﴾

၁၈ : ၉၉ ။ ။ ကေန်စင်စစ် ထိုနေ့၌ ငါအသျှင်မြတ်သည် ယင်း ('ယအ်ဂျူဂျ်' နှင့် 'မအ်ဂျူဂျ်' လူမျိုး၊ သို့မဟုတ် အဖန်ဆင်းခံ) တို့အနက် တစ်ဦးကို တစ်ဦး၏အပေါ်၌ လှိုင်းလိပ်ကဲ့သို့ပင် တိုးဝှေ့ထပ်ဆင့်လျက် ရှိစေတော်မူပေမည်။ ၎င်းပြင် တံပိုးခရာ မှုတ်ပြီးသောအခါ ငါအသျှင်မြတ်သည် လူသားအားလုံးကို အတူတကွ စုရုံးတော်မူပေမည်။

وَعَرَضْنَا جَهَنَّمَ يَوْمَئِذٍ لِّلْكَافِرِينَ عَرْضًا ﴿١٠٠﴾

၁၈ : ၁၀၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ထိုနေ့တွင် 'ဂျဟန္နမ်' ငရဲဘုံကို ကာဖိရ်သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား အထင်အရှား ပြသတော်မူပေမည်။

الَّذِينَ كَانَتْ أَعْيُنُهُمْ فِي غِطَاءٍ عَن ذِكْرِي وَكَانُوا لَا يَسْتَطِيعُونَ سَمْعًا ﴿١٠١﴾

၁၈ : ၁၀၁ ။ ။ အကြင် (ကာဖိရ်သွေဖည်ငြင်းပယ်သော) သူတို့သည် ထိုသူတို့၏ မျက်စိများမှာ ငါအသျှင်မြတ်အား အောက်မေ့တသ၊ သတိရခြင်းမှ ဖုံးအုပ်လျက်ပင် ရှိခဲ့ကြ၏။ ထို့ပြင် ၎င်းတို့သည် (ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို နားဝင်အောင်) နားထောင်နိုင်ခြင်းလည်း မရှိခဲ့ကြချေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်စင်စစ် ထိုနေ့၌ ငါအသျှင်မြတ်သည် (တံတိုင်းကြီး ကျိုးပျက်မည့်နေ့ ဆိုက်ရောက်ကာ ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်လူမျိုး၊ သို့မဟုတ် အဖန်ဆင်းခံများ ထွက်ပေါ်လာမည့် နေ့၌) တို့အနက် တစ်ဦးကို တစ်ဦးအပေါ် လှိုင်းလိပ်သကဲ့သို့ပင် တိုးဝှေ့ထပ်ဆင့်လျက် ရှိစေတော်မူပေမည်။ (အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် များပြားကာ တစ်ပြိုင်နက်တည်း ထွက်လာမည်ဖြစ်သည့်အတွက်ကြောင့် တစ်ဦးသည် အခြား တစ်ဦး၏ရှေ့သို့ ရောက်ရှိရန် သောကအတွင်း၌သာ ရှိနေပေမည်။) ၎င်းပြင် (ဤသည် 'ကေယာမသ်' နေ့၏ အချို့သော လက္ခဏာများ စတင်ဖြစ်ပေါ်ပြီးသည့်နောက် ပထမအကြိမ် 'စူရ်' တံပိုးမှုတ်ခြင်းကို ခံရပေလိမ့်မည်။ အကြင်တံပိုးခရာအသံကြောင့် ခပ်သိမ်းသော လောကများ ပျက်စီးသွားပေလိမ့်မည်။ တစ်ဖန်) တံပိုးခရာမှုတ်ပြီးသောအခါ ငါအသျှင်မြတ်သည် လူသားအားလုံးကို (ဟရှရ်ကွင်းပြင်၌) အတူတကွ စုရုံးတော်မူပေမည်။ (အကြင်တံပိုးခရာ၏ အသံကြောင့် အားလုံး အသက်ရှင် ပြန်လည်ထကြွလာပေလိမ့်မည်။) ထို့ပြင် ငါအသျှင်မြတ်သည် ထိုနေ့တွင် 'ဂျဟန္နမ်' ငရဲဘုံကို ကာဖိရ် သွေဖည်ငြင်းပယ်ကြကုန်သော သူတို့အား အထင်အရှား ပြသတော်မူပေမည်။ အကြင် (ကာဖိရ် သွေဖည်ငြင်းပယ်သော) သူတို့သည် ထိုသူတို့၏ မျက်စိများမှာ (ကမ္ဘာလောက၌) ငါအသျှင်မြတ်အား အောက်မေ့တသ (သတိရခြင်းမှ (မှန်သော သာသနာကို ကြည့်ရှုနိုင်ခြင်းမှ) ဖုံးအုပ်လျက်ပင် ရှိခဲ့ကြ၏။ ထို့ပြင် (၎င်းတို့သည် အမှန်တရားကို မရှုမြင်နိုင်သကဲ့သို့) ၎င်းတို့သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်ကို နားဝင်အောင်) နားထောင်နိုင်

ခြင်းလည်း မရှိခဲ့ကြချေ။ (ဆိုလိုသည်မှာ အမှန်တရားကို သိနားလည်နိုင်ရန်အတွက် အကြောင်းခံများ ဖြစ်သော ကြည့်ရှုနားထောင်နိုင်ခြင်း၏ လမ်းကြောင်းများအားလုံး ပိတ်လျက် ရှိကြကုန်၏။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘာသတိများ

بَعۡضَهُمۡ يَوۡمَئِذٖ يَمُوجُ فِي بَعۡضٖ

ထိုနေ့၌ ယင်းတို့အနက် တစ်ဦးကိုတစ်ဦးအပေါ် လှိုင်းလိပ်သကဲ့သို့ပင် တိုးဝှေ့ထပ်ဆင့်လျက် ရှိစေတော်မူပေမည်။ [၁၈ : ၉၉]

ဟူသော အာယသ်တော်၌ (ယင်းတို့အနက်) ရှိ 'ယင်း' ဟူသော အညွှန်းနာမ်စားသည် 'ယအ်ဂျူးဂျ်၊ မအ်ဂျူးဂျ်တို့၏ ဘက်သို့သာလျှင်' ညွှန်းကြောင်း ထင်ရှားပေသည်။ 'တစ်ဦးကိုတစ်ဦး၏ အပေါ်၌ လှိုင်းလိပ်ကဲ့သို့ပင် တိုးဝှေ့ထပ်ဆင့်လျက်ရှိစေတော်မူသည်' ဟူ၍ ၄င်းတို့၏ အခြေအနေကို တင်ပြထားခြင်း မှာလည်း '၄င်းတို့၏ ထွက်ပေါက်လမ်းပွင့်သွား၍ ကမ္ဘာမြေပြင်ပေါ်သို့ တောင်ထိပ်များအပေါ်မှ ဆင်းသက် လျက်ရှိနေကြောင်း' အခြေအနေကို တင်ပြထားခြင်းဖြစ်ကြောင်းမှာလည်း ထင်ရှားလှပေသည်။ အဖွင့်ရှင် များသည် အခြားဖြစ်နိုင်သည့် အခြေအနေများကိုလည်း တင်ပြထားပေသည်။

وَجَمَعۡنَٰهُمۡ

(ငါအသျှင်မြတ်သည် လူသားအားလုံးကို အတူတကွ စုရုံးတော်မူပေမည်) ဟူသော အာယသ်တော် ၌ ပါရှိသည့် (အညွှန်းနာမ်စား) သည် 'ဂျင်န်' နှင့် လူသားထုတစ်ရပ်လုံးဘက်သို့ ရည်ညွှန်းနေသည်။ 'ဟရှရ်ကွင်းပြင်၌ ပညတ်ခြင်းခံရသည့် အဖန်ဆင်းခံများဖြစ်သော လူသားထုနှင့် 'ဂျင်နာသ်' တစ်ရပ်လုံးကို စုရုံးစေတော်မူမည်' ဟူ၍ အလိုသဘော ရရှိပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَفَحَسِبَ ٱلَّذِينَ كَفَرُوٓاْ أَن يَتَّخِذُواْ عِبَادِي مِن دُونِيٓ أَوۡلِيَآءَۚ إِنَّآ أَعۡتَدۡنَا جَهَنَّمَ لِلۡكَٰفِرِينَ نُزُلٗا ١٠٢

၁၈ : ၁၀၂ ။ ။ သို့ပါလျက် အကြင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က ၄င်းတို့သည် ငါအသျှင်မြတ်အား စွန့်၍ ငါအသျှင်မြတ်၏ ကျွန်များ (ဖြစ်သည့် မစီးဟ်၊ အုဇိုင်ရ်၊ ရုဟုလ်ကုဒ္ဒုစ်၊ ကောင်းကင်တမန် အစရှိသည်တို့) ကို (မိမိတို့၏) ခဝပ်ကိုးကွယ်ရာများ (ပြုလုပ်ပြီး မိမိတို့အား ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် အဆွေခင်ပွန်းများ) ပြုလုပ်ခဲ့ကြမည်ဟု ထင်မှတ်ကြလေသလော။ (သို့ဖြစ်လျှင်) ကေန်စင်စစ် ငါအသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံကို ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အဖို့ ဧည့်ခံရာဌာနေအဖြစ် အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်ပေသည်။

قُلْ هَلْ نُنَبِّئُكُم بِالْأَخْسَرِينَ أَعْمَالًا ﴿١٠٣﴾

၁၈ : ၁၀၃ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။ (အို၊ အချင်းတို့) 'ငါသည် အသင်တို့အား (အဘယ်သူတို့သည် မိမိတို့၏) အကျင့်အမူအားဖြင့် လုံး၀ ဆုံးရှုံးသောသူဖြစ်ကြောင်းနှင့် ပတ်သက်၍ အသိပေးရမည်လော။'

الَّذِينَ ضَلَّ سَعْيُهُمْ
فِي الْحَيَاةِ الدُّنْيَا وَهُمْ يَحْسَبُونَ أَنَّهُمْ يُحْسِنُونَ صُنْعًا ﴿١٠٤﴾

၁၈ : ၁၀၄ ။ ။ (ထိုသူတို့သည်) အကြင်သူများပင် (ဖြစ်၏။) ၎င်းတို့၏ (ကောင်းမှုကုသိုလ်နှင့် စပ်လျဉ်း၍) ကြိုးပမ်းဆောင်ရွက်မှုသည် လောကီဘ၀၌ပင် အချည်းနှီးဖြစ်ခဲ့ရလေပြီ။ (တစ်နည်း) ၎င်းတို့၏ လောကီဘ၀နှင့် စပ်လျဉ်း၍ ကြိုးပမ်းဆောင်ရွက်မှုသည် အချည်းနှီးပင် ဖြစ်ခဲ့လေပြီ။ (တစ်နည်း) ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုသည် လောကီရေး၌ပင် ပျက်ပြုန်းခဲ့ရလေပြီ။ သို့ပါလျက် ၎င်းတို့သည် 'စေကန်အမှန် မိမိတို့အနေနှင့် ကောင်းမြတ်သော အပြုအမူများကိုပင် ပြုလုပ်နေကြသည်' ဟု ထင်မှတ်ကြ၏။

أُولَٰئِكَ الَّذِينَ كَفَرُوا بِآيَاتِ رَبِّهِمْ وَلِقَائِهِ فَحَبِطَتْ أَعْمَالُهُمْ فَلَا
نُقِيمُ لَهُمْ يَوْمَ الْقِيَامَةِ وَزْنًا ﴿١٠٥﴾

၁၈ : ၁၀၅ ။ ။ ဤသူများသည် အကြင်သူများပင် (ဖြစ်၏။) ထိုသူတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ထိုအရှင်မြတ်နှင့် တွေ့ဆုံကြရမည်ကိုလည်းကောင်း ငြင်းပယ်ခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ၎င်းတို့၏ အကျင့်အမူများမှာ အချည်းအနှီးပင် ဖြစ်ခဲ့ကြပေသည်။ သို့အတွက်ကြောင့် ငါအရှင်မြတ်သည်လည်း 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် မည်သည့်အလေးချိန်ကိုမျှပင် ၎င်းတို့အဖို့ သတ်မှတ်၍ ပေးတော်မူမည်မဟုတ်ပေ။

ذَٰلِكَ جَزَاؤُهُمْ جَهَنَّمُ بِمَا كَفَرُوا وَاتَّخَذُوا آيَاتِي وَرُسُلِي هُزُوًا ﴿١٠٦﴾

၁၈ : ၁၀၆ ။ ။ ဤသည် (တစ်နည်း) 'ဂျဟန္နမ်' ငရဲဘုံသည်ပင် ၎င်းတို့၏အကျိုးပင် (ဖြစ်၏။) အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြသည့်အပြင် ငါအရှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ငါအရှင်မြတ်၏ ရစူလ်တမန်တော်များကိုလည်းကောင်း ပြက်ရယ်ဖွယ်ရာများလည်း ပြုလုပ်ခဲ့ကြသောကြောင့်ပင် (ဖြစ်၏။)

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ كَانَتْ لَهُمْ جَنَّاتُ الْفِرْدَوْسِ نُزُلًا ﴿١٠٧﴾

၁၈ : ၁၀၇ ။ ။ စေကန်မလွဲ အကြင်သူတို့သည် အီမာန်သက်၀င် ယုံကြည်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့ 'ဖိရ်ဒေါက်စ်' တည်းဟူသော (အကောင်းဆုံးသော ဂျန္နသ်) ဥယျာဉ်များသည် ဧည့်ခံရာဌာနအဖြစ် (အဆင်သင့်) ရှိကြပေသည်။

خٰلِدِيْنَ فِيْهَا لَا يَبْغُوْنَ عَنْهَا حِوَلًا ﴿١٠٨﴾

၁၈ : ၁၀၈ ။ ။ (ထိုသူတို့သည်) ယင်းဥယျာဉ်များတွင် ထာဝစဉ် နေထိုင်သူများအဖြစ် (ဝင်ရောက်နေထိုင်ကြရပေမည်) ထိုသူတို့သည် ယင်းဥယျာဉ်များမှ လုံးဝ ရွှေ့ပြောင်းလိုကြမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

သို့ပါလျက် အကြင်ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က ၎င်းတို့သည် ငါအသျှင်မြတ်အား စွန့်၍ ငါအသျှင်မြတ်၏ ကျွန်များ (အာဏာခံများဖြစ်သည့် မစီဟ်၊ အုဇိုက်ရ်၊ ရုဟုလ်ကုဒုစ်၊ ကောင်းကင်တမန် အစရှိသည်တို့ကို မိမိတို့ ပင်ကိုယ် ရွေးချယ်ကြခြင်းဖြစ်သော်လည်းကောင်း၊ မတတ်သာရွေ့သော်လည်းကောင်း) ကို (မိမိတို့၏) ခဝ်ကိုးကွယ်ရာများ (အလိုဆန္ဒကို ပြည့်ဝအောင် ဖြည့်ဆည်းပေးသူများ ပြုလုပ်ပြီး မိမိတို့အား ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် အဆွေခင်ပွန်းများ) ဖြစ်ခဲ့ကြမည်ဟု ထင်မှတ်ကြလေသလော။ (အကြင်အချက်များသည် ထင်ရှားလှစွာသော ရှုရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း) နှင့် ကုဖွရ် (သွေဖည်ငြင်းပယ်မှု) ပင် ဖြစ်ကြပေသည်။ သို့ဖြစ်လျှင်) ကေန်စင်စစ် ငါအသျှင်မြတ်သည် 'ဂျဟန္နမ်' ငရဲဘုံကို ကာဖိရ် (သွေဖည်ငြင်းပယ်သောသူ) တို့အဖို့ ဧည့်ခံရာဌာနအဖြစ် အဆင်သင့်ပြုလုပ်၍ ထားရှိတော်မူပြီး ဖြစ်ပေသည်။ (ဧည့်ခံရာဌာနအဖြစ် သုံးနှုန်းမိန့်တော်မူခြင်း၏ အကြောင်းမှာ သရော်သိမ်စေသော ရည်ရွယ်ချက်ဖြင့် မိန့်တော်မူခြင်း ဖြစ်ပေသည်။ ထို့ပြင် အကယ်၍ ၎င်းတို့သည် မိမိတို့၏ ထိုကျင့်ကြံဆောင်ရွက်ချက်များအပေါ် ဂုဏ်မောက်၍ နေကြပေသည်။ အကြင်ဆောင်ရွက်ချက်များကို ၎င်းတို့သည် ကောင်းမြတ်သော အကျင့်သီလများဟူ၍ မှတ်ယူထားကြလေသည်။ ထိုအချက်၏ အကြောင်းခံကြောင့် ၎င်းတို့သည် မိမိတို့ကိုယ်ကို မိမိတို့ လွတ်မြောက်အောင်မြင်မှု ရရှိသူနှင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရရှိမည့်သူများဟူ၍ မှတ်ယူထားမှု၊ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား) ပြောကြားပါလေ။

(အို၊ အချင်းတို့) ငါသည် အသင်တို့အား (မည်သူတို့သည် (မိမိတို့၏) အကျင့်အမူအားဖြင့် လုံးဝ ဆုံးရှုံးသောသူ ဖြစ်ကြောင်းနှင့် ပတ်သက်၍ အသိပေးရမည်လော။ (ထိုသူတို့သည်) အကြင်သူများပင် (ဖြစ်၏။) ၎င်းတို့၏ ကောင်းမှုကုသိုလ်နှင့် စပ်လျဉ်း၍) ကြိုးပမ်းဆောင်ရွက်မှုသည် လောကီဘဝ၌ပင် အချည်းနှီးဖြစ်ခဲ့ရလေပြီ။ သို့ပါလျက် (၎င်းတို့သည် မိမိတို့၏ မသိမိုက်မဲမှုကြောင့်) ကေန်အမှန် မိမိတို့မှာ ကောင်းမြတ်သော အပြုအမူများကိုပင် ပြုလုပ်နေကြသည်ဟု ထင်မှတ်ကြ၏။ (ရှေ့၌ ထိုသူတို့၏ အဖြစ်အပျက်များကို တင်ပြထားရာတွင် ၎င်းတို့၏ ကြိုးပမ်းမှု အချည်းနှီးဖြစ်နေကြောင်း၊ ကျင့်ကြံပြုမူမှုများ ပျက်ပြုန်းမှုကို ရှင်းလင်းဖော်ထုတ်မှုများအား ခွဲခြားစွာ မိန့်တော်မူခြင်းကို သိရှိစေရန်အတွက် မိန့်မြွက်ထားပေသည်။ ဆိုလိုသည်မှာ ဤသူများသည် အကြင်သူများပင် ဖြစ်၏။) ထိုသူတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်နှင့် တွေ့ဆုံကြရမည် (ကေယာမသ်) ကိုလည်းကောင်း ငြင်းပယ်ခဲ့ကြလေသည်။ (ထို့ကြောင့်)

သို့ဖြစ်ပေရာ ၄င်းတို့၏ (ကောင်းမြတ်သော) အကျင့်အမူများမှာ အချည်းနှီးပင် ဖြစ်ခဲ့ကြသည်။ ထို့အတွက်ကြောင့် ငါအသျှင်မြတ်သည်လည်း 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် (၄င်းတို့၏ ကုသိုလ်ကောင်းမှု၏ မည်သည့်အလေးချိန်ကိုမျှပင် ၄င်းတို့အဖို့ သတ်မှတ်၍ ပေးတော်မူမည် မဟုတ်ပေ။ (သို့သာမက အထက်၌ တင်ပြထားပြီးဖြစ်သော) 'ဂျဟန္နမ်'ငရဲဘုံသည်ပင် ၄င်းတို့၏ အကျိုးပင် ဖြစ်၏။) အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြသည့်အပြင် (ကုဖွရ်သွေဖည်ငြင်းပယ်ခြင်း၏ အကိုင်းအခက် တစ်ရပ်ဖြစ်သော) ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ငါအသျှင်မြတ်၏ ရစူလ်တမန်တော်များကိုလည်းကောင်း ပြက်ရယ်ပြုဖွယ်ရာများလည်း ပြုလုပ်ခဲ့ကြသောကြောင့်ပင်ဖြစ်သည်။ (ရှေ့၌ ၄င်းတို့နှင့် ဆန့်ကျင်ဘက် သဘောတရားထားရှိကြသော အီမာန်ရှင်များ၏ အခြေအနေကို တင်ပြထားပေသည်။) ကေန်မလွဲ အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ခဲ့ကြကုန်၏။ ၄င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူ ဆောက်တည်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့ 'ဖိရ်ဒေါက်စ်'တည်းဟူသော (အကောင်းဆုံးသော 'ဂျန္နသ်' ဥယျာဉ်များသည် ဧည့်ခံရာဌာနအဖြစ် (အဆင်သင့်) ရှိကြပေသည်။ ထိုသူတို့အား) ယင်းဥယျာဉ်များတွင် (မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်နှင်ထုတ်မှုကို ပြုမည်မဟုတ်ဘဲ) ထာဝစဉ်နေထိုင်မှုများအဖြစ် (ဝင်ရောက်နေထိုင်ကြရပေမည်) **ထိုသူတို့သည်** ယင်းဥယျာဉ်များမှ လုံးဝ ရွှေ့ပြောင်းလိုကြမည်မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

اَفَحَسِبَ الَّذِيْنَ كَفَرُوْا اَنْ يَّتَّخِذُوْا عِبَادِىْ مِنْ دُوْنِىْٓ اَوْلِيَآءَ

(သို့ပါလျက် အကြင်ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့က ၄င်းတို့သည် ငါအသျှင်မြတ်အား စွန့်၍ ငါအသျှင်မြတ်၏ ကျွန်များကို ခဝပ်ကိုးကွယ်ရာများ ပြုလုပ်ခဲ့ကြမည်ဟု ထင်မှတ်ကြသလော။)

[၁၈ း ၁၀၂]

ဗဟ်ရေမုဟီးသ်ွသဖ်စီးရ်ကျမ်းတွင် ဤနေရာ၌ မြုပ်ထားသော စကားလုံးအချို့ ရှိပေသည်။

فيجد يهم نفعا وينتفعون بذ ا لك الاتخاذ

အလိုသဘောမှာ ငါအသျှင်မြတ်၏ အစား ငါအသျှင်မြတ်၏ ကျေးကျွန်များကို မိမိတို့၏ ခဝပ်ကိုးကွယ်ရာ အသျှင်များ၊ အရာရာကို စွမ်းဆောင်နိုင်သောသူများအဖြစ် ပြုလုပ်ထားသော ကာဖိရ်တို့သည် 'ထိုအရာများကို ခဝပ်ကိုးကွယ်ရာ၊ ပြုလုပ်နိုင်စွမ်းရှိသော အရာများအဖြစ် ပြုလုပ်လိုက်ခြင်းသည် မိမိတို့အား ကောင်းကျိုးတစ်စုံတစ်ရာ ချီးမြှင့်မည်ဟူ၍လည်းကောင်း၊ ၄င်းတို့ထံမှ အကျိုးတစ်စုံတစ်ရာ ရယူမည်ဟူ၍လည်းကောင်း' မှတ်ယူထားပါ၏လောဟူ၍ ဖြစ်သည်။ ဤသည် အငြင်းဝါကျဖြစ်သည်။ အကြင်အငြင်းမေးခွန်းဝါကျ၏ အကျိုးရလဒ်မှာ ဤကဲ့သို့ မှတ်ယူထားခြင်းသည် မှားယွင်း၊ မိုက်မဲမှုသာ လျှင် ဖြစ်ပေသည်။

عِبَادِى (ငါအသျှင်မြတ်၏ ကျွန်များ) ဟူသော အလိုသဘောသည် ဤနေရာ၌ 'ကမ္ဘာလောက၌ လူသားတို့သည် ဖက်စပ် ခဝပ်ကိုးကွယ်သော ကောင်းကင်တမန်များနှင့် နဗီတမန်တော်များပင် ဖြစ်စေသည်။ ဥပမာ- ဟဇရတ်အီဆိုက်ရ် عليه السلام နှင့် ဟဇရတ်မစီးဟ် عليه السلام တို့ ဖြစ်ပေသည်။ ကောင်းကင်တမန်များအား ခဝပ်ကိုးကွယ်သောသူတို့သည် အချို့သော အာရဗ်လူမျိုးတို့ ဖြစ်ပေသည်။ ဟဇရတ်အီဆိုက်ရ် عليه السلام ကို ယဟူဒီတို့သည် ဟဇရတ်မစီးဟ် عليه السلام ကို နစ္စရာနီတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ဖက်စပ်ခဝပ်ကိုးကွယ်ခဲ့ကြလေသည်။ ထို့ကြောင့် ဤအာယသ်တော်၌ ပါရှိသော اَلَّذِيْنَ كَفَرُوْا (ကာဖိရ်များ) ၏ အလိုသဘောသည် ကာဖိရ်များ၏ ဤအထက်ဖော်ပြပါ အဖွဲ့အစည်းများသာ ဖြစ်ပေသည်။ 'ငါအသျှင်မြတ်၏ ကျွန်များ' ကို ရှိုက်သွာန်များဟူ၍ အလိုသဘော ကောက်ယူသော အချို့အဖွင့်ရှင်များသည် 'ဂျင်န်'များနှင့် ရှိုက်သွာန်များကို ခဝပ်ကိုးကွယ်ကြသော ကာဖိရ်များဖြစ်သည်ဟူ၍ မိန့်ဆိုကြပေသည်။ အချို့သော ပညာရှင်များသည် 'ငါအသျှင်မြတ်၏ ကျွန်များဟူသော စကားလုံးကို 'အဖန်ဆင်းခံများ'၏ အနက်ကိုယူကာ ကျယ်ပြန့်စွာ သတ်မှတ်ထားကြပေသည်။ အကြင်အရာများ၌ 'မှားယွင်းသော ရုပ်တု၊ စဉ်းတုများ၊ မီးနှင့် ကြယ်တာရာများ' အားလုံး ပါဝင်သွားပေသည်။ စကားပြေအကျဉ်း၌ ပါရှိသော စကားလုံးသည် ဤအဖန်ဆင်းခံများဟူသော စကားလုံး၏ဘက်သို့ ရည်ညွှန်းမိန့်ဆိုတော်မူထားပေသည်။ ဗဲဟ်ရေမုဟီးသ္သ် အစရှိသော ကျမ်းများ၌ ပထမအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုသာလျှင် အသာပေးထားပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

اَوْلِيَاءَ ဟူသော စကားလုံးသည် وَلِىٌّ ဟူသော စကားလုံး၏ အများကိန်ဖြစ်ပေသည်။ အာရဗီစာပေဘာသာစကား၌ ဤစကားလုံးကို များစွာသော အဓိပ္ပာယ်များအတွက် အသုံးပြုပေသည်။ ဤနေရာ၌ ထိုစကားလုံး၏ အလိုသဘောမှာ 'စွမ်းဆောင်နိုင်သူ၊ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသူ'ဟူ၍ ကောက်ယူထားပေသည်။ အကြင်အချက်များသည် စစ်မှန်သော အလ္လာဟ်အသျှင်မြတ်၏ သီးသန့်ဂုဏ်တော်များ ဖြစ်ပေသည်။ အဓိကရည်ရွယ်ချက်မှာ ယင်းအရာများကို မိမိတို့၏ ခဝပ်ကိုးကွယ်ရာများအဖြစ် သတ်မှတ်ထားကြခြင်းပင် ဖြစ်သည်။

اَلْاَخْسَرِيْنَ اَعْمَالًا (အကျင့်အမူအားဖြင့် လုံးဝ ဆုံးရှုံးသောသူဖြစ်ကြောင်း) ဟူသော အာယသ်တော်သည် မိမိတို့၏ ကျယ်ဝန်းလှစွာသော အလိုသဘောကို ထောက်ရှု၍ လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းတစ်ရပ်ချင်းစီတို့သည် ပါဝင်ပေသည်။ အကြင်သူတို့သည် အချို့သော ကျင့်ကြံချက်များကို မှန်မြတ်သည်ဟူ၍ မှတ်ယူထားကာ ကြိုးပမ်းမှုကို ပြုနေကြပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌ ၎င်းတို့၏ ကြိုးပမ်းမှုများသည် အချည်းနှီးဖြစ်ပေသည်။ ကုရ်သုဗီးသခင်ကြီးက မိန့်ထားသည်မှာ ဤပုံစံသည် အချက်နှစ်ချက်ကြောင့် ပေါ်ပေါက်လာပေသည်။ ပထမအချက်မှာ ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒ ပျက်စီးနေ၍ ဒုတိယအချက်မှာ ပြစားမှုတို့ကြောင့် ဖြစ်ပေသည်။ ဆိုလိုသည်မှာ အကြင်သူတစ်ဦး

တစ်ယောက်၏ ယုံကြည်မှု မူဝါဒနှင့် အိမာန်သည် မမှန်ကန်ပါက ၎င်းသည် အဘယ်မျှခန့်ပင် ကောင်းမွန်သော ကျင့်ကြံချက်ကို ကြိုးပမ်း၍ ဆောင်ရွက်နေသည်ဖြစ်ပါစေ။ ၎င်းသည် 'အာခေရသ်'၌ အကျိုးမဲ့၊ အချည်းနှီးသာ ဖြစ်နေပေမည်။

ဤကဲ့သို့ပင် အဖန်ဆင်းခံများ နှစ်မြို့စေရန်အတွက် ပြစားမှုဖြင့် ကျင့်ကြံသော ဆောင်ရွက်ချက်သည် အကျိုးစဝါးမ်ရရှိခြင်းမှ လက်မဲ့ဖြစ်နေပေသည်။ ထိုအလိုသဘော ကျယ်ပြန့်မှုကို ထောက်ရှု၍ အချို့သော ဆွဟာဗာကြီးများသည် ထိုအာယသ်တော်၏ မူတည်ချက် လူတန်းစားများကို ခါရီဂျီယာများ ဖြစ်သည်ဟူ၍ ယူဆထားကြကာ အချို့အကျယ်ချဲ့ ဖွင့်ဆိုသော ပညာရှင်များသည် 'မုအ်သဇေလာဟ်' နှင့် ရာဖိဇီယာများ စသည့် လမ်းမှားသော အုပ်စုအဖွဲ့အစည်းများကို သတ်မှတ်ထားကြပေသည်။ သို့ရာတွင် တင်ပြလျက်ရှိသော အာယသ်တော်၌ 'အလ္လာဟ်အသျှင်မြတ်၏ သက်သေလက္ခဏာတော်များ၊ 'ကေယာမသ်' နေ့နှင့် နောင်တမလွန် 'အာခေရသ်'ကို ငြင်းဆိုကြသော ကာဖိရ်များ၏ အလိုသဘောဖြစ်သည်ဟူ၍လည်း အတည်ပြုပြဋ္ဌာန်းထားကြပေသည်။

اُولٰٓئِكَ الَّذِيْنَ كَفَرُوْا بِاٰيٰتِ رَبِّهِمْ وَلِقَآئِهٖ

(ဤသူများသည် အကြင်သူများပင် ဖြစ်၏။ ထိုသူတို့သည် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ သက်သေလက္ခဏာတော်များကိုလည်းကောင်း၊ ထိုအသျှင်မြတ်နှင့် တွေ့ဆုံကြရမည်ကိုလည်းကောင်း ငြင်းပယ်ခဲ့ကြလေသည်။) *[၁၈ : ၁၀၅]*

ထို့ကြောင့် အေမာမ်ကုရ်သုဗီ၊ အဗူဟိုက်ယာန်၊ မဇ္ဇဟာရီး အစရှိသော သခင်ကြီးများသည် ဤနေရာ၌ အဓိက မိန့်ဆိုတော်မူခြင်း ခံရသော လူတန်းစားတို့မှာ ကာဖိရ်များသာ ဖြစ်ကြောင်းကို တင်ပြကြလေသည်။ အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၊ 'ကေယာမသ်'နေ့နှင့် စာရင်းအင်းစစ်ဆေးခြင်း ခံရခြင်းကို ငြင်းဆိုကြသောသူများ ဖြစ်ကြပေသည်။ သို့ရာတွင် အပေါ်ယံ ပုံပန်းသဏ္ဌာန်အရ ထိုသူတို့သည်လည်း ထိုအာယသ်တော်၏ ကျယ်ဝန်းလှစွာသော အလိုသဘောမှ ကင်းလွတ်ခွင့် မရှိနိုင်ပေ။ အကြင်သူတို့၏ ကျင့်ကြံဆောက်တည်မှုတို့အား ၎င်းတို့၏ မှားယွင်းသော မူဝါဒတို့သည် ဖျက်စီးပစ်လိုက်ပေသည်။ သို့ဆိုလျှင် ၎င်းတို့၏ ကြိုးပမ်းမှုသည် အချည်းနှီးဖြစ်ခဲ့လေသည်။ အချို့သော ဆွဟာဗာကြီးများဖြစ်သော ဟဇရသ်အလီ ﷺ နှင့် ဟဇရသ်စအဒ်သခင်ကြီးတို့ထံမှ ဤကဲ့သို့သော အဆိုများ ဆင့်ပြန်လာရှိထားပေသည်။ ၎င်းတို့၏ ရည်ညွှန်းမိန့်ခြွေချက်များသည်လည်း ဤအလိုသဘောကိုသာ ဆောင်နေပေသည်။ *[ကုရ်သုဗီကျမ်း]*

فَلَا نُقِيْمُ لَهُمْ يَوْمَ الْقِيٰمَةِ وَزْنًا

(ထို့အတွက်ကြောင့် ငါအသျှင်မြတ်သည်လည်း 'ကေယာမသ်'ရှင်ပြန်ထရမည့်နေ့တွင် မည်သည့်အလေးချိန်ကိုမျှပင် ၎င်းတို့အဖို့ သတ်မှတ်၍ ပေးတော်မူမည် မဟုတ်ပေ။) *[၁၈ : ၁၀၅]*

ဆိုလိုသည်မှာ ၎င်းတို့၏ ကုသိုလ်များသည် အပေါ်ယံအားဖြင့် ကြည့်မည်ဆိုလျှင် အလွန်ကြီးမားသည်ဟု မြင်တွေ့ရပေသည်။ သို့ရာတွင် စာရင်းချိန်သည့် သမာဓိချိန်ခွင်၌မူ ထိုကုသိုလ်များသည် တစ်စုံ

တစ်ရာ အလေးချိန်စီးမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဤကုသိုလ်ကောင်းမှုများသည် ကုဖ္ဖရ် (သွေဖည်ငြင်းဆိုမှု) နှင့် ရှရစ်က် (တုဖက်နိုင်းယှဉ်ခြင်း) တို့ကြောင့် အချည်းနှီးနှင့် အလေးချိန်မဲ့ ဖြစ်သွားပေသည်။ ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရသ်အဗူဟူရိုင်ရာဟ် ﷺ မှ ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'ကေယာမသ်နေ့တွင် အရပ်ရှည်သော လူဝကြီးတစ်ဦး ရောက်ရှိလာမည်ဖြစ်သည်။ ယင်းလူကြီးသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ခြင်ကောင်၏ တောင်ပံမျှပင် အလေးချိန်စီးမည် မဟုတ်ပေ။ အကယ်၍ ထိုအချက်နှင့် ပတ်သက်၍ မှန်ကန်မှု အထောက်အထား ရယူလိုက်သည်ဆိုလျှင်

فلا نُقِيْمُ لَهُمْ يَوْمَ الْقِيمَةِ وَزْنًا

အာယသ်တော်ကို ဖတ်ရွတ်ကြလော' ဟု ဖြစ်သည်။

ဟဇရသ်အဗူစအီးဒ်ခွသ်ရီသခင်ကြီးက မိန့်ဆိုသည်မှာ 'ကေယာမသ်'နေ့တွင် ခန္ဓာကိုယ်ထုထည်အားဖြင့် 'သေဟာမားဟ်'တောင်ကြီးပမာ ကြီးမားသော ကုသိုလ်ကောင်းမှုများကို ယူဆောင်လာကြပေလိမ့်မည်။ သို့ရာတွင် သမာဓိမီဇာန်ချိန်ခွင်၌ ထိုကုသိုလ်ကောင်းမှုများသည် တစ်စုံတစ်ရာမျှ အလေးချိန်စီးမည်မဟုတ်ပေ။ *[ကုရ်သုဗီးကျမ်း]*

جَنّٰتُ الْفِرْدَوْسِ 'ဖိရ်ဒေါက်စ်' ၏ အဓိပ္ပာယ်သည် 'စိမ်းလန်းစိုပြေသော ဥယျာဉ်' ဟူ၍ ရ၏။ ဤစကားလုံးသည် အာရဗီစကားလုံး ဖြစ်ပါ၏လော။ သို့မဟုတ် အခြားသော ဘာသာစကား၏ စကားလုံးဖြစ်ပါ၏လော။ ယင်းအချက်နှင့် စပ်လျဉ်း၍ အကွဲအလွဲရှိပေသည်။ အခြားသော ဘာသာစကားဖြစ်သည်ဟူ၍ ဆိုသော သူတို့ထံ၌လည်း ဖာရစီစကားလုံးလော။ ရောမစကားလုံးလော။ စူရ်ယာနီစကားလုံးလောဟူ၍ အကွဲအလွဲများ ရှိကြပေသည်။ အဆိုအမျိုးမျိုး ရှိကြပေသည်။

မှန်ကန်သော ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်းကျမ်းတွင် တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ 'အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ တောင်းခံရန်ရှိမူ 'ဂျန္နသွလ်ဖိရ်ဒေါက်စ်'ကို တောင်းခံကြကုန်။ အဘယ်ကြောင့်ဆိုသော် ထို 'ဂျန္နသ်'သည် 'ဂျန္နသ်'များအားလုံးထက် အမြင့်မား၊ အမြင့်မြတ်ဆုံးသော 'ဂျန္နသ်' ဖြစ်ပေသည်။ ထို 'ဂျန္နသ်'တော်အပေါ်၌ ကရုဏာတော်ရှင်တည်းဟူသော အလ္လာဟ်အသျှင်မြတ်၏ 'အရ်ရှ်'တော်သည် တည်ရှိပေသည်။ ထိုနေရာမှ 'ဂျန္နသ်'၏ ချောင်းများ အားလုံးသည် စီးတွေလျက် ရှိနေပေသည်။' *[ကုရ်သုဗီးကျမ်း]*

لَا يَبْغُوْنَ عَنْهَا حِوَلًا

(ထိုသူတို့သည် ယင်းဥယျာဉ်များမှ လုံးဝ ရွှေ့ပြောင်းလိုကြမည် မဟုတ်ပေ။) *[၁၈ : ၁၀၈]*

ဤသို့ မိန့်တော်မူခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အောက်ဖော်ပြပါအချက်ကို ပြသရန်ဖြစ်သည်။ 'ဂျန္နသ်'၏ ဤနေရာဌာနသည် ၎င်းတို့အဖို့ အမြဲတစေ စံစားရမည့် 'နေ့အ်မသ်' (စည်းစိမ်တော်) ဖြစ်ပေသည်။

အာယတ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် 'အကြင်သူသည် 'ဂျန္နသ်'အတွင်းသို့ ဝင်ရောက်ပြီး ဖြစ်သည်ဆိုလျှင် ထိုနေရာမှ မည်သည့်အခါမျှ ပြန်လည်ထုတ်ယူခြင်း ခံရမည်မဟုတ်'ဟူ၍ မိန့်ဆိုထား လေသည်။ သို့ရာတွင် ဤနေရာ၌ 'လူသား၏ ဗီဇသဘောအရ တစ်နေရာ၌ နေထိုင်ရင်း၊ နေထိုင်ရင်း ငြီးငွေ့လာကာ အခြားတစ်နေရာသို့ ပြောင်းရွှေ့ချင်စိတ် ပေါ်ပေါက်လာပေသည်။ အကယ်၍ 'ဂျန္နသ်'အပြင် အခြားတစ်နေရာသို့ သွားရောက်ရန် ခွင့်မရှိမူ အချုပ်ထောင်ဟူ၍ မှတ်ယူခံစားတတ်ပေသည်'ဟူ၍ အချို့ သောသူတို့၏ နှလုံးသား၌ သို့လော၊ သို့လော စိတ်များ ပေါ်ပေါက်ကောင်း၊ ပေါ်ပေါက်လာတတ်ပေသည်။ ယင်းဒွိဟသံသယစိတ်ဖြစ်ခြင်း၏ အဖြေကို ဤအာယသ်တော်က ပေးသနားထားတော်မူပေသည်။ 'ဂျန္နသ်' ကို အခြားသော နေရာများနှင့် ထပ်တူထပ်မျှ စဉ်းစားခြင်းသည် မသိမိုက်မဲမှု ဖြစ်ပေသည်။ အကြင်သူ တစ်ဦးတစ်ယောက်သည် 'ဂျန္နသ်'သို့ ဝင်ရောက်လိုက်မည်ဆိုလျှင် ၎င်းကမ္ဘာလောက၌ မြင်တွေ့ခဲ့ရသော အရာများအားလုံးသည် 'ဂျန္နသ်'၏ စည်းစိမ်တော်များနှင့် စိတ်နှလုံးကို ပီတိဖြစ်စေသော ဟာင်းလင်းပြင် မြင်ကွင်း၏ ရှေ့မှောက်တွင် ထို (လောကီရှုခင်း၊ စည်းစိမ်များ) အားလုံးကို အချည်းနှီး၊ အကျိုးမဲ့ဟူ၍ ခံစားမှတ်ယူလေိမ့်မည်။ ဤနေရာမှ (ဂျန္နသ်) အပြင်သို့ ထွက်ခွာသွားရန် မည်သူတစ်ဦးတစ်ယောက်မျှ မိမိတို့၏ အတွေးအခေါ်အတွင်းသို့ပင် ဝင်ရောက်လာမည်မဟုတ်ပေ။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قُل لَّوْ كَانَ الْبَحْرُ مِدَادًا لِّكَلِمَاتِ رَبِّي
لَنَفِدَ الْبَحْرُ قَبْلَ أَن تَنفَدَ كَلِمَاتُ رَبِّي وَلَوْ جِئْنَا بِمِثْلِهِ مَدَدًا ﴿١٠٩﴾

၁၈ : ၁၀၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အကယ်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များ (ကို ရေးသားရန်) အလို့ငှာ၊ ပင်လယ်သမုဒ္ဒရာ (အားလုံးတို့) သည်ပင်၊ မင်ရည်များ ဖြစ်ခဲ့အံ့သော်ငြားလည်း၊ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ် တော် များသည် ရေးသားကုန်ဆုံးခြင်းမရှိဘဲ (ထိုထိုသော) ပင်လယ်သမုဒ္ဒရာ ရေများသည်သာလျှင် ကုန်ခမ်း၍ သွားပေ လိမ့်မည်။'

قُلْ إِنَّمَا أَنَا بَشَرٌ مِّثْلُكُمْ يُوحَىٰ إِلَيَّ أَنَّمَا إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ فَمَن كَانَ
يَرْجُو لِقَاءَ رَبِّهِ فَلْيَعْمَلْ عَمَلًا صَالِحًا وَلَا يُشْرِكْ بِعِبَادَةِ رَبِّهِ أَحَدًا ﴿١١٠﴾

၁၈ : ၁၁၀ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် အသင်တို့ကဲ့သို့ လူသားတစ်ဦးမျှသာလျှင် ဖြစ်ချေသည်။ အသင်တို့၏ ကိုးကွယ်ရာ အသျှင်မြတ်သည် တစ်ဆူတည်းသော

ကိုးကွယ်ရာ အသျှင်မြတ်ပင် ဖြစ်တော်မူကြောင်း ငါ့ထံသို့ 'ဝဟီ'အမိန့်တော် ကျရောက်လာ (ခြင်းသည်သာလျှင် ငါ၏ ထူးခြားချက် ဖြစ်) ချေသည်။ သို့ဖြစ်ပေရာ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံရန် မျှော်လင့်လျက်ရှိကြသော သူသည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ရပေမည်။ ၄င်းပြင် ထိုသူသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် တွဲဖက်ယှဉ်တွဲ (ကိုးကွယ်) ခြင်းကို မပြုရချေ။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အကယ်၍ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အာယသ်တော်များ (အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်အင်တော်များနှင့် ပြည့်ဝစုံလင်လှစွာသော ဂုဏ်ရည်၊ ဂုဏ်အင်များအား ညွှန်ပြတော်မူသော စကားလုံး၊ စာပိုဒ်တော်များ၊ ထိုစကားလုံး စာပိုဒ်တော်များမှ အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝစုံလင်လှစွာသော ဂုဏ်ရည် ဂုဏ်အင်များနှင့် ဂုဏ်တော်များကို တစ်ဦးတစ်ယောက်သည် ချီးမွမ်းခန်းဖွင့်မည်ဆိုလျှင် ဤသို့ ချီးမွမ်းခန်းဖွင့်ရန် စာသားများကို ရေးသားရန်) အလို့ငှာပင်လယ် (ထိုမှင်ရည်များဖြင့် ရေးရန် စတင်ပါက) ၄င်းပြင် အကယ်၍ ငါတို့သည် ယင်းပင်လယ်များကဲ့သို့ (အခြားပင်လယ်များကို) ပင် အကူအညီအဖြစ် (ထပ်မံ၍) ယူလာခဲ့သော်ငြားလည်း (ထိုချီးမွမ်းခန်းများသည် ကုန်ဆုံးသွားမည်မဟုတ်ဘဲ အခြားသော ပင်လယ်မင်ရည်များသည် ကုန်ဆုံးသွားမည် ဖြစ်ပေသည်။) ငါ့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အာယသ်တော်များသည် ရေးသားကုန်ဆုံးခြင်းမရှိဘဲ (ထိုသို့သော) ပင်လယ်သမုဒ္ဒရာရေများသည်သာလျှင် ကုန်ခမ်း၍ သွားပေလိမ့်မည်။ (အားလုံးသော အာယသ်တော်များကို လွှမ်းခြုံ၍ ရေးသီကုံးနိုင်မည် မဟုတ်ပေ။ အထက်ပါ တင်ပြချက်များမှ အလ္လာဟ်အသျှင်မြတ်အား ချီးမွမ်းခန်းဖွင့်ရန် စကားလုံးတော်များသည် အဆုံးမရှိသော ချီးမွမ်းခန်းဖွင့်ခြင်းတို့သာ ဖြစ်ကြောင်းကို သိရှိရပေသည်။ ထိုအသျှင်မြတ်မှအပ အခြားသော အရာများကို ကာဖိရ်များသည် အလ္လာဟ်အသျှင်မြတ်နှင့် တန်းတူတုဖက်နှိုင်းယှဉ်ကာ ပြု၍ ယုံကြည်လက်ခံကြလေသည်။ ထိုအရာများထဲမှ မည်သည့်အရာတစ်ခုခုသည်ပင်လျှင် ဤအသျှင်မြတ်ကဲ့သို့ တည်ရှိသည်မဟုတ်ပေ။ ထို့ကြောင့် အသျှင်မြတ်ဖြစ်ခြင်းနှင့် ဆင့်ကဲဆင့်ကဲ ကျွေးမွေးပြုစု ပျိုးထောင်ပေးခြင်းသည် အလ္လာဟ်အသျှင်မြတ်အဖို့သာ သီးသန့်ဖြစ်တော်မူပေ၏။ ထို့ကြောင့် ၄င်းတို့အား ဤသည်ကိုလည်း အို၊ နဗီတမန်တော်) အသင်သည် ပြောကြားပါလေ။ ငါသည် အသင်တို့ (အားလုံး) ကဲ့သို့ လူသားတစ်ဦးမျှသာလျှင် ဖြစ်ချေသည်။ (အလ္လာဟ်အသျှင်မြတ်ဖြစ်ကြောင်းကိုလည်း မကြွေးကြော်ပေ။ ကောင်းကင်တမန်ဖြစ်ကြောင်းကိုလည်း မကြွေးကြော်ပေ။ သို့ရာတွင်) အသင်တို့၏ ကိုးကွယ်ရာအသျှင်မြတ်သည် တစ်ဆူတည်းသော ကိုးကွယ်ရာအသျှင်မြတ်ပင် ဖြစ်တော်မူကြောင်း ငါ့ထံသို့ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) 'ဝဟီ' အမိန့်တော် ကျရောက်လာခြင်းသည်သာလျှင် ငါ၏ ထူးခြားချက် ဖြစ်) ချေသည်။

သို့ဖြစ်ပေရာ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံရန် (အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်ဖြစ်ရန်) မျှော်လင့်ချက် ရှိကြသောသူသည် (ငါကိုယ်တော်အား ရစူလ်တမန်တော်အဖြစ် လက်ခံယုံကြည်၍ ငါကိုယ်တော်၏ သာသနာ့လမ်းစဉ်နှင့်အညီ) ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ရပေမည်။ ၄င်းပြင် ထိုသူသည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် တွဲဖက်ယှဉ်တွဲ (ကိုးကွယ်) ခြင်းကို မပြုရချေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ကဟဖ်၏ နောက်ဆုံးအာယသ်တော်၌ (၄င်းပြင် ထိုသူသည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကို ခဝပ်ကိုးကွယ်ရာ၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှပင် တွဲဖက်ယှဉ်တွဲ ကိုးကွယ်ခြင်းကို မပြုရချေ) ဟူ၍ ပါရှိထားသည်။ ယင်းအာယသ်တော် ကျရောက်လာခြင်း၏ ကျောထောက်နောက်ခံသမိုင်းနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ တင်ပြထားပေသည်။ ထိုဆင့်ပြန်ချက်များမှ 'အာယသ်တော်တွင် ပါရှိသော ရှရစ်က်သ် 'ရှိရ်ကေ့ခဖီ' (ရှရစ်က်အသေးစား ပြစားမှု) ပင် ဖြစ်ကြောင်းကို သိရှိရပေသည်။

အေမာမ်ဟာကင်မ်သခင်ကြီးသည် မွတ်စ်သဒရပ်က်ကျမ်း၌ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်နဲအဗ္ဗားစ် رضي الله عنهما သခင်ကြီးထံမှ ဆင့်ပြန်ချက်ကို တင်ပြထားလေသည်။ ထိုဆင့်ပြန်ချက်ကို ဘိုခါရီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့၏ စည်းကမ်းချက်များနှင့်အတူ ကိုက်ညီစွာဖြင့် တည်ရှိသော ဆင့်ပြန်ချက်အဖြစ် အတည်ပြုထားကြပေသည်။ ဆင့်ပြန်ချက်မှာ ဤသို့တည်း။ မွတ်စ္စလင်မ်တို့ထဲမှ တစ်ဦးသည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ 'ဂျိဟားဒ်'ပြုလျက် ရှိခဲ့ပေသည်။ ထိုသို့ 'ဂျိဟားဒ်'ပြုခြင်းနှင့်အတူ 'လူတို့၏ ကြားဝယ် ၄င်း၏ သတ္တိရှိခြင်းနှင့် ပြောင်မြောက်စွာ တိုက်ခိုက်ခြင်း၏ လုပ်ရပ်ကိုလည်း သိစေရန် တပ်မက်မှုလည်း ရှိခဲ့ပေသည်။ ထိုသူနှင့် စပ်လျဉ်း၍ ဤအာယသ်တော်သည် ကျရောက်လာလေသည်။ (အထက်ဖော်ပြပါ ဆင့်ပြန်ချက်မှ 'ဂျိဟားဒ်'ကို ဤကဲ့သို့သော 'နီယသ်'မျိုးဖြင့် ပြုခြင်းသည် 'စဝါးဗ်'ရရှိမည် မဟုတ်ကြောင်း' ကို သိရှိရပေသည်။

အိဗ်နေအဗီဟာသင်မ်နှင့် အိဗ်နေအမိဒ်ဒွနူယာသခင်ကြီးတို့သည် 'ကေသာဗွလ်အစ်ခ်လားစွ်'ကျမ်းတွင် ဟဇရသ်သွာအူးစ်သခင်ကြီးထံမှ ဆင့်ပြန်ထားလေသည်။ ဆွဟာဗာကြီးတစ်ဦးသည် တမန်တော်မြတ် ﷺ အား 'ကျွန်တော်မျိုးသည် အချို့သော အချိန်အခါမျိုး၌ ကုသိုလ်အကျိုးပြုရန်အတွက်သော်လည်းကောင်း၊ သို့မဟုတ် ခဝပ်ကိုးကွယ်မှုပြုရန်အတွက်သော်လည်းကောင်း အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေတော်မူရန်အတွက် ဆောက်တည်မှုတို့ကို ပြုပါ၏။ 'လူတို့သည် ကျွန်ုပ်ကျင့်ကြံပြုမူသော အချက်ကို တွေ့မြင်စေခြင်း'၏ အလိုသဘောသည်လည်း နှလုံးသား၌ ပေါ်ပေါက်နေပေသည်' ဟူ၍ လျှောက်ထားလေသည်။ တမန်တော်မြတ် ﷺ သည် ထိုလျှောက်ထားချက်ကို ကြားနာကာ 'ဤအထက်ဖော်ပြပါ အာယသ်တော်မြတ် ကျရောက်လာသည့် အချိန်အတိုင်းအတာထိတိုင် ဆိတ်ဆိတ်နေတော်မူလိုက်လေသည်။'

အဗူနအီမ်နှင့် သာရီးခ်အိပ်နေအစာကစ်ရ်ကျမ်း၌ အိပ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ရေးသားထားသည်မှာ ဂျွန်ဒုစ်ဗင်နိဗိုဟိုင်းရ်၏ အမည်ရှိသော ဆွဟာဗာကြီးတစ်ပါးက ၄င်းသည် နမာဇ်ဖတ်ရွတ်သောအချိန်၊ 'ရှိဇောဟ်' ထားသောအချိန် သို့မဟုတ် 'စွဒ်ကာဟ်'အလှူဒါနကို ပြုချိန်၌ လူတို့သည် ၄င်း၏ ယင်းကျင့်ကြံချက်ကို ကြည့်ရှုကာ ချီးမွမ်းခန်းဖွင့်သည်ဆိုလျှင် သာဝိုရ်၍ ဆောင်ရွက်ပြလေသည်။ ထိုအချက်အပေါ် အထက်ဖော်ပြပါ အာယသ်တော်မြတ် ကျရောက်လာလေသည်။

အထက်တင်ပြပါဆင့်ပြန်ချက်များအားလုံး၏ အချုပ်သဘောတရားမှာ အာယသ်တော်တွင် တားမြစ်ထားသော ရှရစ်ကိသည် ရှရစ်ကိအသေးစား (ပြစားမှု) သာ ဖြစ်ပေသည်။ ကျင့်ကြံဆောက်တည်ချက်ကို အလ္လာဟ်အသျှင်မြတ်အတွက်သာလျှင် ပြုလုပ်နေလင့်ကစား သို့ရာတွင် ထိုလုပ်ရပ်နှင့်အတူ စိတ်ရှိင်းနှီးဆော်မှုဖြစ်သည့် ကျော်ကြားလိုမှုနှင့် အထင်ကြီးလိုမှုတို့သည်လည်း ပါဝင် ရောယှက်လာသည်ဆိုလျှင် ဤသည်လည်း ရှရစ်ကိအမျိုးအစားတစ်ရပ် ဖြစ်ပေသည်။ အကြင်ကောင်းမှုသည် လူသားတို့အတွက် အကျိုးကို မဆိုထားဘိဦး၊ ဆိုးကျိုးပင် သက်ရောက်စေလေသည်။

သို့ရာတွင် အချို့အခြားသော စစ်မှန်သည့် ဟဒီးစ်တော်များသည် အပေါ်ယံအားဖြင့် အထက်တင်ပြပါ ဟဒီးစ်တော်ဖြင့် ဆန့်ကျင်ဘက် ဖြစ်ရှိနေသည်ဟူ၍ ထင်မှတ်ရပေသည်။ ဥပမာ- သိရ်မီဇီ သခင်ကြီးသည် ဟဇရေသ်အဗူဟူရိုင်ရာဟ်သခင်ကြီးထံမှ ဆင့်ပြန်ထားလေသည်။ ၄င်းသည် တမန်တော်မြတ် ﷺ အား 'ကျွန်တော်မျိုးသည် အချို့သော အချိန်အခါမျိုး၌ အိမ်တွင်းရှိ နမာဇ်ဝတ်ပြုသည့် နေရာတွင် နမာဇ်ဝတ်ပြုမှုအတွင်း၌ မွေ့လျော်နေပေသည်။ ရုတ်တရက် လူတစ်ဦး ရောက်ရှိလာပါမူ ၄င်းသည် မိမိအား ဤကဲ့သို့သော အခြေအနေမျိုးနှင့် တွေ့မြင်လျှင် မိမိသည် နှစ်မြို့မိလေသည်။ (ဤသည် ပြစားမှု ဖြစ်ပါ၏လော) ဟူ၍ လျှောက်ထားလေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အို၊ အဗူဟုရိုင်ရားဟ်၊ အသင့်အား အလ္လာဟ်အသျှင်မြတ်သည် ကရုဏာတရား ထားရှိတော်မူပါစေ၊ အသင်သည် ထိုအချိန်၌ အကျိုးစဝါးဗ်နှစ်ဆ ရရှိပေမည်။ တစ်ဆသည် အသင် မူလကတည်းက ကွယ်ဝှက်စွာဖြင့် ပြုလျက် ရှိသော ခဝပ်မှု၏ အကျိုးဖြစ်ပြီး ဒုတိယတစ်ဆမှာ ထိုသူရောက်ရှိလာပြီးသည့် နောက်မှ ပြုလုပ်သော ခဝပ်မှု၏ အကျိုးစဝါးဗ်ဖြစ်လေသည်။ (ဤသည်မှာ ပြစားမှုမဟုတ်ပေ။)'

မှန်ကန်သော မွတ်စ္စလင်မ်ကျမ်းတွင် ဟဇရေသ်အဗူဇရ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ လူတစ်ဦးသည် ကုသိုလ်ကောင်းမှုကို ပြုနေသည်။ တစ်ဖန် လူတို့အား ပြောပြရာ ၄င်းတို့သည် ထိုသူ၏ ကုသိုလ်အကျိုးပြုခြင်း၏ ချီးမွမ်းခန်းကို ဖွင့်လျက်ရှိကုန်၏' ထိုသူနှင့် စပ်လျဉ်း၍ တမန်တော်မြတ် ﷺ အား လျှောက်ထားမေးမြန်းရာ

تِلْكَ عَاجِلُ بُشْرَى الْمُؤْمِنِ

'ဤသည် မုအ်မင်န်အတွက် လက်ငင်း သတင်းကောင်းပင် ဖြစ်ပေသည်' ဟူ၍ မိန့်ကြားတော်မူလေသည်။ (၄င်းကျင့်ကြံသော ပြုမှုဆောင်ရွက်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လက်ခံ

ခြင်းခံရကာ ထိုအသျှင်မြတ်သည်ပင်လျှင် မိမိ၏ ကျေးကျွန်များ၏ နှုတ်လျှာများမှ ၎င်းအား ချီးမွမ်းမှုကို ပြုနိုင်းလေသည်။

သဖ်စီးရ်မဇ္ဇဟရီကျမ်း၌ လာရှိထားသည်။ ထိုအထက်တင်ပြပါ ဆင့်ပြန်ချက်အမျိုးအစား၌ ပြင်ပ သဏ္ဌာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် အကွဲအလွဲဖြစ်နေသည်ဟူ၍ ထင်မှတ်ရပေသည်။ ပုံစံနှစ်ရပ်ကို အောက် ဖော်ပြပါအတိုင်း ညှိနှိုင်းကာ ကောက်ချက်ချနိုင်ပေသည်။ အာယသ်တော်ကျရောက်လာသော ဆင့်ပြန်ချက် များနှင့် စပ်လျဉ်းသော ပုံစံမှာ 'လူသားသည် မိမိပြုကျင့်သော ကုသိုလ်ကောင်းမှုအား အလ္လာဟ်အသျှင် မြတ် သဘောတူနှစ်မြို့စေရန် ရည်ရွယ်ချက်နှင့်အတူ အဖန်ဆင်းခံများ၏ သဘောတူနှစ်မြို့မှု၊ သို့မဟုတ် မိမိ၏ ကျော်ကြားလိုမှုနှင့် သိက္ခာအထင်ကြီးလိုမှု၏ သဘောဆန္ဒကို ပါဝင် ရောယှက်စေပြီး 'လူတို့က ချီးမွမ်းမှုပြုသည့်အတွက်ကြောင့် မိမိ၏ ကျင့်ကြံမှုကို သာပိုစွာ ဆောင်ရွက်သည့်' အတိုင်းအတာ ဖြစ်လာ သည်ဆိုလျှင် ဤသည် ဧကန်မုချ ပြစားမှုနှင့် 'ရှရစ်က်အသေးစား' ဖြစ်သည့် ပုံစံဖြစ်ပေသည်။

ထို့နောက်ပိုင်း၌ တင်ပြထားသော သိရ်မိဇီကျမ်းနှင့် မွတ်စ္စလင်မ်ကျမ်းတို့၏ ဆင့်ပြန်ချက်ပုံစံများ '၎င်းသည် ကျင့်ကြံပြုမှု ဆောင်ရွက်ချက်ကို အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေရန်အတွက် သီးသန့် ဆောင်ရွက်လေသည်။ လူတို့၏ ကြားဝယ် မိမိကျော်ကြားမှု၊ သို့မဟုတ် ချီးမွမ်းခြင်းဘက်သို့ အာရုံတစ်စုံ တစ်ရာ မထားပေ။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးအသနားတော်ဖြင့် ၎င်းကို ကျော် ကြားအောင် ပြုလုပ်လိုက်လေသည်။ လူတို့၏ နှုတ်လျှာများအပေါ်၌ ၎င်းအား ချီးမွမ်းစေလိုက်သည်ဆိုလျှင် ဤသည် ပြစားမှုနှင့် တစ်စုံတစ်ရာမျှ မပတ်သက်သည့် ပုံစံမျိုးဖြစ်သည်။ ဤသည် မုအ်မင်န်တို့အဖို့ လက်ငင်းသတင်းကောင်း (လက်ခံခြင်းခံရသော ကျင့်ကြံမှု) သာ ဖြစ်သည်။

ပြစားမှု၏ ဇာတ်သိမ်းမလှခြင်းနှင့် ထိုအချက်အပေါ် ဟဒီးစ်တော်က ပြသထားသည့် ပြင်းထန် လှစွာသော ခြိမ်းခြောက်ချက်

ဟဇရသ်မဟ်မူးဒ်ဗင်န်လဗီးဒ် رضي الله عنه သခင်ကြီးက မိန့်တော်မူသည်မှာ တမန်တော်မြတ် ﷺ သည် 'အသင်တို့နှင့် စပ်လျဉ်း၍ ငါကိုယ်တော် အစိုးရိမ်ရဆုံးသော အချက်သည် ရှရစ်က်အသေးစားပင်ဖြစ်သည်' ဟူ၍ မိန့်တော်မူလေသည်။ ဆွဟာဗာကြီးများက 'ရှရစ်က်အသေးစားသည် မည်သည့်အရာဖြစ်ပေသနည်း' ဟူ၍ လျှောက်ထားကြရာ 'ပြစားမှု' ဖြစ်ကြောင်းကို တမန်တော်မြတ် ﷺ သည် မိန့်တော်မူလိုက်လေသည်။

[မွတ်စ်နဒ်အဟ်မဒ်ကျမ်း]

ဗိုင်ဟကီးသခင်ကြီးသည် ရှုအဗွလ်အီမာန်ကျမ်း၌ ထိုဟဒီးစ်ကို ဆင့်ပြန်၍ ယင်းဟဒီးစ်တော်၌ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ကျေးကျွန်များ၏ ကျင့်ကြံပြုမှုဆောင်ရွက်ချက်များ၏

အစားကို ချီးမြှင့်တော်မူပေလိမ့်မည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်သည် ပြစားသောသူတို့အား 'အသင်တို့သည် မိမိတို့၏ ကျင့်ကြံဆောင်ရွက်ချက်၏ အစားကို ရယူရန်အတွက် ထိုသူတို့၏ထံပါးသို့ သွားကြလေကုန်။ အကြင်သူတို့အား ပြသရန်အတွက် အသင်တို့သည် ဤကျင့်ကြံမှုကို ပြုကျင့်ခဲ့ကြလေသည်။ တစ်ဖန် ၎င်းတို့ထံတွင် အသင်တို့အဖို့ အကျိုးအစား ရှိမည်၊ မရှိမည်ကို ကြည့်ရှုကြကုန်' ဟူသော စာသားများကို တိုး၍ ဆင့်ပြန်ထားလေသည်။

ဟာဇရက်အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီးက ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ အလ္လာဟ်အသျှင်မြတ်က 'ငါအသျှင်မြတ်သည် ဖက်စပ်ပါဝင် နှိုင်းယှဉ်ခံရသော သူများ၏ အစုစပ်ပါဝင်ခြင်းမှ ကင်းလွတ်ကင်းစင် မြင့်မြတ်တော်မူလှပေသည်။ အကြင်သူတစ်ဦးတစ်ယောက်သည် ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာကို ပြုလုပ်ရာ ထိုကျင့်ကြံချက်အား ငါအသျှင်မြတ်နှင့်အတူ အခြားတစ်စုံတစ်ရာ၊ တစ်ဦးတစ်ယောက်ကိုလည်း ပါဝင်စေထားသည်ဆိုလျှင် ထိုကျင့်ကြံချက်အလုံးစုံကို ထိုဖက်စပ်ပါဝင်ခြင်းခံရသူအဖို့ ချန်ထားရစ်ပေသည်' ဟူ၍ မိန့်တော်မူထားပေသည်။ အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ လာရှိထားသည်မှာ 'ငါအသျှင်မြတ်သည် ထိုကျင့်ကြံဆောင်ရွက်ချက်မှ ကင်းလွတ်သည်။ ထို 'အမလ်'၏ အကျိုးစဝါးဗ်ကိုမူ ငါအသျှင်မြတ်နှင့်အတူ ၎င်းဖက်စပ်ပါဝင်ထားစေသော သူက ပေးအပ်လိမ့်မည် ဖြစ်ပေသည်။ *[မွတ်စ္လင်မ်ကျမ်း]*

ဟာဇရက်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ က ဆင့်ပြန်ခဲ့သည်။ ၎င်းသည် တမန်တော်မြတ် ﷺ အောက်ပါအတိုင်း မိန့်တော်မူသည်ကို ကြားသိခဲ့ရသည်။ အကြင်သူသည် မိမိ၏ ကောင်းမှုကုသိုလ်ကို လူတို့၏ကြားဝယ် ကျော်ကြားရန်အတွက် ပြုမူပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'လူတို့၏ စပ်ကြားဝယ် သေးသိမ်စေသူ'အဖြစ်နှင့် ဆက်ဆံတော်မူပေမည်။ *[သဗ်စီးရ်မဇွ်ဟရီမှ မွတ်စ်နဒ်အဟ်မဒ်ရှုအဗွလ်အီမာန်၊ ဗိုင်ဟကီ။]*

သစဗ်စီးရ်ကုရ်သုဗီးကျမ်း၌ လာရှိထားသည်မှာ ဟာဇရက်ဟစန်းသခင်ကြီးအား 'အစ်ခ်လားစ္ဂ်' (စိတ်စေတနာဖြူစင်ခြင်း) နှင့် ပြစားမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ သခင်ကြီးက မိန့်တော်မူပေသည်။ 'အစ်ခ်လားစ္ဂ်' (စိတ်စေတနာဖြူစင်ခြင်း) ၏ လိုလားချက်မှာ 'အသင်တို့သည် မိမိတို့၏ ကောင်းမွန် မွန်မြတ်သော ကုသိုလ်များကို ဖုံးကွယ်စွာဖြင့် ထားရှိခြင်းကို နှစ်မြို့က်ပြီး မကောင်းမှုဒုစရိုက်များကို ဖုံးကွယ်စွာဖြင့် မထားလိုကြပေ။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ ကျင့်ကြံဆောင်ရွက်ချက်များကို လူတို့အား ထုတ်ဖော်ပြသလိုက်သည်ဆိုလျှင် 'အို၊ အလ္လာဟ်အသျှင်မြတ်၊ ဤအရာများအားလုံးသည် အသျှင်မြတ်၏ အသနားကျေးဇူးတော်ပင် ဖြစ်ပေသည်။ ကျွန်တော်မျိုး၏ ကြိုးပမ်း၊ ကျင့်ကြံမှု၏ အကြောင်းတို့ကြောင့် မဟုတ်ပေ' ဟူ၍ ပြောဆိုကြလေကုန်။'

ဟကီးမ်သိရ်မီဇီသခင်ကြီးသည် ဟာဇရက်ဇွစ္စဒ်ဒီကွေအဟ်ကဲဗရ်သခင်ကြီးထံမှ ဆင့်ပြန်ထားလေသည်။ တမန်တော်မြတ် ﷺ သည် တစ်ကြိမ်တစ်ခါက ရှရစ်ကအကြောင်းကို မိန့်တော်မူလျက် ရှိပေသည်။

هُوَ فِيكُمْ اخفى من د بيب النّمل

(ပုရွက်ဆိတ်၏ ခြေသံသည် အသံမရှိသကဲ့သို့ ရှရစ်က်သည်လည်း အသင်တို့အတွင်း၀ယ် ထိုပုံစံမျိုးဖြင့် ဆိုက်ရောက်လာပေလိမ့်မည်။)

တစ်ဖန် ဆက်လက်၍ မိန့်တော်မူသည်မှာ 'ငါကိုယ်တော်သည် အသင်တို့အား ဤကဲ့သို့သော အရာတစ်ခုကို ပြသပေမည်။ ယင်းအရာကို အသင်တို့သည် ပြုလုပ်မှု ရှရစ်က်အကြီး အသေးအားလုံးတို့မှ ကင်းလွတ်ခွင့်ကို ရရှိပေလိမ့်မည်။ အသင်တို့သည် အောက်ဖော်ပြပါ ဒိုအာကို (၃) ကြိမ် ရွတ်ဆိုပါ။

اَللّٰهُمَّ اِنِّى اَعُوْذُ بِكَ اَنْ اُشْرِكَ بِكَ وَاَنَا اَعْلَمُ وَاَسْتَغْفِرُكَ لِمَا لَا اَعْلَمُ

စူရာဟ်ကဟဖ်၏ အချို့သော အကျိုးထူးများနှင့် ဝိသေသအချက်များ

ဟဇရတ်အဗူဒ်ဒရ်ဒါး ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အကြင်သူသည် စူရာဟ်ကဟဖ်၏ ပထမအာယသ်တော် (၁၀) အာယသ်အား အလွတ်မှတ်ထားပါမူ ၎င်းသည် 'ဒဂ်ျဂျားလ်'၏ ပြဿနာမှ ကင်းလွတ်နေမည်ဖြစ်သည်။

[မွတ်စ္စလင်မ်၊ အဟ်မဒ်၊ အဗူဒါဝူးဒ်၊ နစာအီ။]

အမောမ်အဟ်မဒ်၊ အမောမ်မွတ်စ္စလင်မ်၊ အမောမ်နစာအီ စသည့် သခင်ကြီးတို့သည် ဟဇရတ်အဗူဒ်ဒရ်ဒါးအ် ﷺ သခင်ကြီးထံမှ ဤဆင့်ပြန်ချက်ကို အောက်ဖော်ပြပါစကားလုံးများဖြင့် ဆင့်ပြန်ထားပေသည်။ အကြင်သူသည် စူရာဟ်ကဟဖ်၏ နောက်ဆုံးအာယသ်တော် (၁၀) အာယသ်အား အလွတ်ကျက်မှတ်ထားပါက ၎င်းသည် 'ဒဂ်ျဂျားလ်'၏ ပြဿနာမှ ကင်းလွတ်ခွင့် ရရှိပေလိမ့်မည်။

ဟဇရတ်အနတ်စ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားလေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အကြင်သူသည် စူရာဟ်ကဟဖ်၏ အစပိုင်းနှင့် အဆုံးပိုင်းအာယသ်တော်များကို ရွတ်ဖတ်မည်ဆိုပါက ၎င်းအဖို့ ခြေထောက်မှ ဦးခေါင်းအထိတိုင် နူးရ်ရောင်ခြည်တစ်ရပ်အား ချီးမြှင့်ခြင်းကို ခံရပေလိမ့်မည်။ စူရာဟ်တော်တစ်ပုဒ်လုံးကို ရွတ်ဖတ်မည်ဆိုပါက မြေပြင်မှ မိုးကောင်းကင်ထိတိုင် နူးရ်ရောင်ခြည်ကို ချီးမြှင့်ခြင်း ခံရပေလိမ့်မည်။ *[အိဗ်နွစ်စွန်း၊ အဟ်မဒ်။]*

ဟဇရတ်အဗူစအီးဒ်ခွုဒ်ရီး ﷺ သခင်ကြီးက ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ အကြင်သူသည် သောကြာနေ့၌ စူရာဟ်ကဟဖ်ကို အပြည့်အ၀ ဖတ်ပါက နောက်လာမည့် သောကြာနေ့ထိတိုင် ၎င်းအဖို့ 'နူးရ်'လင်း၀င်းမှုအတိ ဖြစ်နေပေလိမ့်မည်။ (ထိုဆင့်ပြန်ချက်ကို အမောမ်ဟာကင်မ်) သခင်ကြီးမှ ဆင့်ပြန်ထားကာ မှန်ကန်သော ဆင့်ပြန်ချက်ဖြစ်ကြောင်းကိုလည်း မိန့်ထားသည်။ ထို့ပြင် ဗိုင်ဟကီသခင်ကြီးသည် 'ဒအဝါးသ်'ကျမ်း၌လည်း တင်ပြထားသည်။ *[မဇ္ဇဟရီကျမ်း]*

ဟဇရတ်အမ်ဒ္ဒလ္လာဟ်ဇင်န်အဗွားစ်သခင်ကြီးအား 'ကျွန်ုပ်သည် ညဉ့်၏ နောက်ဆုံးယံ၌ နိုးထကာ နမာဇ်ဝတ်ပြုလိုပေသည်။ သို့ရာတွင် အိပ်စက်မှုသည် လွှမ်းမိုး၍ နေပေသည်' ဟူ၍ တစ်ဦးက ပြောဆိုရာ သခင်ကြီးက 'အိပ်ယာဝင်ချိန်၌ စူရာဟ်ကဟဖ်၏ နောက်ဆုံးအာယသ်တော်များဖြစ်သော

قُلْ لَوْ كَانَ الْبَحْرُ مِدَادًا

မှ စူရာဟ်အဆုံးထိတိုင် ရွတ်ဖတ်ကာ နိုးကြားလိုသည့်အချိန်ကို နီယသ်ပြုလိုက်မည် ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် အသင့်အား ထိုအချိန်၌မှာပင် နိုးကြားစေတော်မူပေလိမ့်မည်။' *[ဇအ်လဗီး]*

မွတ်စ်နဒ်ဒါရေမီကျမ်း၌ ဇစ်ရ်ဗင်န်ဂျိုက်ရှ်သခင်ကြီးသည် ဟဇရတ်အဗ်ဒါကို 'အကြင်သူသည် စူရာဟ် ကဟဖ်၏ နောက်ဆုံးပိုင်းအာယသ်တော်များကို ဖတ်၍ အိပ်စက်မည်ဆိုပါက နိုးထရန် နီယသ်ပြု ထားချိန်၌ ပြန်လည် နိုးထလာမည် ဖြစ်ပေသည်' ဟူ၍ ပြောဆိုလေသည်။ 'ကျွန်ုပ်သည် အကြိမ်ကြိမ်အခါခါ စမ်းစစ်ကြည့်ရှုရာ လုံးဝ ထိုအတိုင်းပင် ဖြစ်နေသည်' ဟူ၍ အဗ်ဒါးမှ ပြောဆိုလေသည်။

အရေးပါသော ဆုံးမစကားတစ်ရပ်

အိဗ်နေအရဗီသခင်ကြီးက မိန့်ဆိုသည်မှာ 'ကျွန်ုပ်၏ ရှိက်ခ်သူရ်သုရီးသခင်ကြီးက မိန့်တော်မူလေ့ ရှိသော စကားရပ်တစ်ခု ရှိသည်။ အသင်၏ သက်တမ်း၏ တန်ဖိုးရှိလှစွာသော အချိန်များကို မိမိ၏ ခေတ်ပြိုင်များနှင့် ရင်ဆိုင်ရာ၌သော်လည်းကောင်း၊ အပေါင်းအသင်းများနှင့် တွေ့ဆုံရာ၌သော်လည်းကောင်း မဖြုန်းလိုက်လေနှင့်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ မိန့်မြွက်ချက်ကို ဤအာယသ်တော်ဖြင့် အဆုံးသတ် ထားလေသည်။

فَمَنْ كَانَ يَرْجُوا لِقَاءَ رَبِّهِ فَلْيَعْمَلْ عملا صالحا ولا يشرك بعبادة ربه احدا

(သို့ဖြစ်ပေရာ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့် တွေ့ဆုံရန် မျှော်လင့်လျက် ရှိသောသူသည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ရပေမည်။ ၎င်းသူသည် မိမိ အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ မည်သူတစ်ဦးကိုမျှပင် တွဲဖက်ယှဉ်တွဲ ကိုးကွယ်ခြင်းကို မပြုရချေ။ *[၁၈ : ၁၁၀]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်မရ်ယမ်

မရ်ယမ်သခင်မတော္တာ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ သျှာတာတော်မူသော အနန္တတရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်မြင့် အစပြုပါ၏။

كٓهٰيٰعٓصٓ ①

၁၉ း ၁ ။ ။ ကာဖ်….၊ ဟာ၊ ယာ၊ အိုင်န်…၊ ဆွာဒ်….။

ذِكْرُ رَحْمَتِ رَبِّكَ عَبْدَهٗ زَكَرِيَّا ②

၁၉ း ၂ ။ ။ ဤသည်မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က မိမိ၏ ကျွန် (နဗီတမန်တော်) ဇကရီယာ၏အပေါ်၌ ကရုဏာပြုတော်မူခဲ့ခြင်းကို ထုတ်ဖော်မြွက်ဟတော်မူခြင်းပင် ဖြစ်သည်။

اِذْ نَادٰى رَبَّهٗ نِدَآءً خَفِيًّا ③

၁၉ း ၃ ။ ။ (ပြန်လည်အောက်မေ့ သတိရကြလေကုန်။) တစ်ရံရောအခါဝယ် ၎င်း (ဇကရီယာ) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို လျှို့ဝှက်စွာ ဟစ်ခေါ် (တမ်းတ) ပန်ကြားခဲ့လေသည်။

قَالَ رَبِّ اِنِّيْ وَهَنَ الْعَظْمُ مِنِّيْ وَاشْتَعَلَ الرَّاْسُ
شَيْبًا وَّلَمْ اَكُنْۢ بِدُعَآئِكَ رَبِّ شَقِيًّا ④

၁၉ း ၄ ။ ။ (တစ်ဖန်) ယင်း (ဇကရီယာ) သည် (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကေန်စင်စစ် ကျွန်တော်မျိုး၏ အရိုးများမှာ အားအင်ချည့်နဲ့၍ နေပါပြီ။ ၎င်းပြင် (ကျွန်တော်မျိုး၏) ဦးခေါင်းမှာလည်း ဆံဖြူများကြောင့် (ဖြူဖွေး) တောက်ပလျက် ရှိနေပါပြီ။ အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည် အသျှင်မြတ်အား ဟစ်ခေါ်တမ်းတ လျှောက်ထားပန်ကြားမှုကြောင့် မည်သည့်အခါကမျှ အလိုဆန္ဒမပြည့်ဝသူ (ကံကြမ္မာဆိုး၊ အကြောင်းမလှသူ) မဖြစ်ခဲ့ဘူးပါ။'

وَاِنِّىْ خِفْتُ الْمَوَالِىَ مِنْ
وَّرَآءِىْ وَكَانَتِ امْرَاَتِىْ عَاقِرًا فَهَبْ لِىْ مِنْ لَّدُنْكَ وَلِيًّا ﴿٥﴾

၁၉ : ၅ ။ ။ 'ကေန်စင်စစ် ကျွန်တော်မျိုးသည် မိမိ (မရှိသည့်) နောက်တွင် (မိမိ၏) ဆွေမျိုးနီးစပ်သူတို့နှင့် ပတ်သက်၍ စိုးရိမ်မိခဲ့ပါသည်။ ထို့ပြင် ကျွန်တော်မျိုး၏ ဇနီးကြင်ရာမှာလည်း သားသမီးမထွန်းကားသော အမြုံပင် ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိမိ၏ ထံတော်မှ သားကောင်းရတနာ၊ အမွေစားအမွေခံတစ်ဦးကို ချီးမြှင့်ပေးသနားတော်မူပါ။'

يَّرِثُنِىْ وَيَرِثُ مِنْ اٰلِ يَعْقُوْبَ وَاجْعَلْهُ رَبِّ رَضِيًّا ﴿٦﴾

၁၉ : ၆ ။ ။ 'ၾငင်း (သားရတနာ၊ အမွေစားအမွေခံ) သည် ကျွန်တော်မျိုး၏ အရိုက်အရာကို ဆက်ခံသူလည်း ဖြစ်ပါစေ။ (နဗီတမန်တော်) ယအ်ကူဗ်၏ သားမြေးတို့၏ အရိုက်အရာကို ဆက်ခံသူလည်း ဖြစ်ပါစေ။ ထို့ပြင် အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ၎င်းအား (မိမိ၏ ထံတော်၌) နှစ်မြို့ဖွယ်ရာလည်း ဖြစ်ပါစေ။'

يٰزَكَرِيَّآ اِنَّا نُبَشِّرُكَ
بِغُلٰمِ ۣ اسْمُهٗ يَحْيٰى ۙ لَمْ نَجْعَلْ لَّهٗ مِنْ قَبْلُ سَمِيًّا ﴿٧﴾

၁၉ : ၇ ။ ။ (ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ဤသို့ ပြန်ကြားတော်မူခဲ့၏။) 'အို, ဇကရီယာ၊ ကေန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား ယဟ်ယာမည်သော သားရတနာတစ်ပါး (ပေးသနားတော်မူမည့်အကြောင်း) နှင့် ပတ်သက်၍ သတင်းကောင်း ပေးတော်မူ၏။ ယခင်က ငါအသျှင်မြတ်သည် ယင်းယဟ်ယာနှင့် အမည်တူသူ တစ်ဦးတစ်ယောက်ကို ရှိစေတော်မူခဲ့သည် မဟုတ်ချေ။'

قَالَ رَبِّ اَنّٰى يَكُوْنُ لِىْ
غُلٰمٌ وَّكَانَتِ امْرَاَتِىْ عَاقِرًا وَّقَدْ بَلَغْتُ مِنَ الْكِبَرِ عِتِيًّا ﴿٨﴾

၁၉ : ၈ ။ ။ (ထိုအခါ) ယင်း (ဇကရီယာ) က (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုး၌ သားရတနာသည် အသို့လျှင် ရှိနိုင်ပါအံ့နည်း။ အကြောင်းမှာ ကျွန်တော်မျိုး၏ ဇနီးကြင်ယာမှာလည်း သားသမီးမမွေးသော အမြုံဖြစ်နေသည်သာမက၊ ကျွန်တော်မျိုးမှာလည်း သက်ရွယ်ကြီးရင့် အိုမင်းခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိနေပါပြီ။'

قَالَ كَذٰلِكَ ۚ قَالَ رَبُّكَ هُوَ عَلَىَّ هَيِّنٌ وَّقَدْ خَلَقْتُكَ مِنْ قَبْلُ وَلَمْ تَكُ شَيْـًٔا ⑨

၁၉ : ၉ ။ ။ (ထိုရောကာလ) အသျှင်မြတ်က (ကောင်းကင်တမန်မှတစ်ဆင့် ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို, ဇကရီယာ) ဤအတိုင်းပင် ဖြစ်ပေမည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က ဤသည် ငါအသျှင်မြတ်အဖို့ အလွန်လွယ်ကူကြောင်း၊ ၎င်းပြင် ဧကန်မလွဲ ငါအသျှင်မြတ်သည်ပင် ယခင်ကလည်း အသင့်အား အသင် တစ်စုံတစ်ရာ မရှိခဲ့စဉ်က ဖန်ဆင်းတော်မူကြောင်း မိန့်ကြားတော်မူလေသည်။

قَالَ رَبِّ اجْعَلْ لِّيْٓ اٰيَةً ۗ قَالَ اٰيَتُكَ اَلَّا تُكَلِّمَ النَّاسَ ثَلٰثَ لَيَالٍ سَوِيًّا ⑩

၁၉ : ၁၀ ။ ။ (ထိုအခါ) ယင်း (ဇကရီယာ) က 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ (သို့ဖြစ်ပါလျှင်) အသျှင်မြတ်သည် (ကျွန်တော်မျိုး၏ ဇနီးမှာ သားရတနာကို ကိုယ်ဝန်ဆောင်လျက် ရှိနေကြောင်း သိနိုင်ရန် အလို့ငှာ) သက်သေလက္ခဏာတစ်ရပ်ရပ်ကို ကျွန်တော်မျိုးအား ပြုလုပ်၍ သတ်မှတ်ပေးတော်မူပါ' ဟု လျှောက်ထားပန်ကြားပြန်လေ၏။ (သို့ဖြစ်ပေရာ) ထိုအသျှင်မြတ်က (အို, ဇကရီယာ) 'အသင်သည် သုံးညဉ့်တိတိ (တစ်ဆက်တည်း) လူတို့နှင့် စကားမပြောဆိုခြင်းသည်ပင် အသင်၏အဖို့ (အသင်၏ ဇနီး၌ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း) သက်သေလက္ခဏာဖြစ်သည်' ဟူ၍ မိန့်ကြားတော်မူခဲ့ပေသည်။

فَخَرَجَ عَلٰى قَوْمِهٖ مِنَ الْمِحْرَابِ فَاَوْحٰٓى اِلَيْهِمْ اَنْ سَبِّحُوْا بُكْرَةً وَّعَشِيًّا ⑪

၁၉ : ၁၁ ။ ။ ထို့နောက် ယင်း (ဇကရီယာ) သည် ဝတ်ပြုရာနေရာမှ မိမိ၏ အမျိုးသားတို့ရှေ့ဝယ် ထွက်ခဲ့ပြီးလျှင်၊ 'အသင်တို့သည် နံနက်ယံ၌လည်းကောင်း၊ ညဦးယံ၌လည်းကောင်း (အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း) 'သတ်ဗ်ဟ်' (ဘာဝနာစီးဖြန်း) ရွတ်ဆိုကြလေကုန်' ဟု (လက်ရိပ်ဖြင့်) ညွှန်ကြားခဲ့လေသည်။

يٰيَحْيٰى خُذِ الْكِتٰبَ بِقُوَّةٍ ۗ وَاٰتَيْنٰهُ الْحُكْمَ صَبِيًّا ⑫

၁၉ : ၁၂ ။ ။ 'အို, ယဟ်ယာ၊ အသင်သည် ကျမ်းဂန်ကို စွဲမြဲစွာ ကိုင်ထားလော့' (ဟု မိန့်ကြားတော်မူခဲ့၏။) စင်စစ် ငါအသျှင်မြတ်သည် ၎င်း (ယဟ်ယာ) အား ကလေးဘဝ၌ပင် ဉာဏ်အမြော်အမြင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။

وَحَنَانًا مِّن لَّدُنَّا وَزَكَوٰةً ۖ وَكَانَ تَقِيًّا ﴿١٣﴾

၁၉ ： ၁၃ ။ ။ ထို့နည်းတူစွာ မိမိ၏ ထံတော်မှ အကြင်နာတရားကိုလည်းကောင်း၊ သန့်ရှင်းစင်ကြယ်မှုကိုလည်းကောင်း (ချီးမြှင့်တော်မူခဲ့၏။) ၄င်းပြင် ယင်း (ယဟ်ယာ) သည် (ပြစ်မှုဒုစရိုက်တို့မှ) အလွန်ရှောင်ရှားသူပင် ဖြစ်ခဲ့ပေသည်။

وَبَرًّا بِوَالِدَيْهِ وَلَمْ يَكُن جَبَّارًا عَصِيًّا ﴿١٤﴾

၁၉ ： ၁၄ ။ ။ ထို့ပြင် မိမိ၏ မိဘနှစ်ပါးအား အလွန်ကျေးဇူးပြုတတ်သူလည်း ဖြစ်ခဲ့၏။ ထို့ပြင် မာန်မာနထောင်လွှားသူ၊ အမိန့်တော်ကို ဖီဆန်သူ မဖြစ်ခဲ့ပေ။

وَسَلَٰمٌ عَلَيْهِ يَوْمَ وُلِدَ وَيَوْمَ يَمُوتُ وَيَوْمَ يُبْعَثُ حَيًّا ﴿١٥﴾

၁၉ ： ၁၅ ။ ။ ထို့ပြင် ၄င်း (ယဟ်ယာ) ၏ အပေါ်၌ ယင်းဖွားမြင်ခဲ့သည့် နေ့တွင်လည်းကောင်း၊ ကွယ်လွန်သေဆုံးမည့်နေ့တွင်လည်းကောင်း၊ အသက်ရှင်လျက် (ပြန်လည်) ထရမည့်နေ့တွင်လည်းကောင်း၊ (ငါအသျှင်မြတ်၏ ထံတော်မှ) ငြိမ်းချမ်းသာယာမှု (ဘေးရန်ကင်းငြိမ်းမှု) သည် ကျရောက်ပါစေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

'ကားဖ်၊ ဟား၊ ယား၊ အိုင်းန်၊ စွားဒ်' (ထိုအက္ခရာတော်များ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။ အရှေ့တွင် ဖြစ်အင်တစ်ခုကို တင်ပြပေမည်။) ဤသည်မှာ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က မိမိ (လက်ခံထားတော်မူသော) ကျွန် (နဗီတမန်တော်) ဇကရီယာ၏ အပေါ်၌ ကရုဏာပြုတော်မူခဲ့ခြင်း (၏ အခြေအနေ) ကို ထုတ်ဖော် မြွက်ဟတော်မူခြင်းပင် ဖြစ်သည်။ (ပြန်လည်အောက်မေ့သတိရကြလေကုန်။ တစ်ရံရောအခါဝယ် ၄င်း (ဇကရီယာ) သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား လျှို့ဝှက်စွာ ဟစ်ခေါ် (တမ်းတ) ပန်ကြားခဲ့လေသည်။

(တစ်ဖန်) ယင်း (ဇကရီယာ) သည် (လျှောက်ထားပန်ကြားချက်များထဲမှ (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို့၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ဧကန်စင်စစ် ကျွန်တော်မျိုး၏ အရိုးများမှာ (အိုမင်းလာသည့်အတွက်ကြောင့်) အားအင်ချည့်နဲ့နေပါပြီ။ ၄င်းပြင် (ကျွန်တော်မျိုး၏) ဦးခေါင်းမှာလည်း ဆံဖြူများကြောင့် (ဖြူဖွေး) တောက်ပလျက် ရှိနေပါပြီ။ (ဖြစ်ပေါ်နေသည့် အခြေအနေ၏ ဖြစ်သင့်ဖြစ်ထိုက်သော အချက်မှာ 'ကျွန်ုပ်သည် ဤကဲ့သို့သော အခြေအနေ၌ သားသမီးရရှိရန် လျှောက်ထားရန်သာ ဖြစ်သည်။ သို့ရာတွင် အသျှင်မြတ်၏ စွမ်းဆောင်နိုင်တော်မူခြင်းနှင့် ကရုဏာတော်မှာ အလွန်တရာ ပြီးပြည့်စုံလှပေပြီ။ ကျွန်တော်မျိုးသည် ထိုစွမ်းဆောင်နိုင်တော်မူခြင်းနှင့် ကရုဏာတော်

၏ ထင်ဟပ်မှုအား တပ်မက်မှုသည် အမြဲတစေ တည်ရှိနေပေသည်။ သို့ရာတွင် ဤအချိန်၏အလျှင် မည်သည့် အချိန်အခါကမျှလည်း) အို၊ ကျွန်ုပ်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ စင်စစ် ကျွန်တော် မျိုးသည် အသျှင်မြတ်အား (မည်သည့်အရာတစ်ခုကိုမျှပင်) ဟစ်ခေါ်တမ်းတ လျှောက်ထားပန်ကြားမှုကြောင့် မည်သည့်အခါကမျှ အလိုဆန္ဒ မပြည့်ဝသူ (ကံကြမ္မာဆိုး၊ အကြောင်းမလှသူ) မဖြစ်ခဲ့ဘူးပါ။ (ဤအချက် များကို ထောက်ရှု၍ မဖြစ်နိုင်ဆုံးသော ရည်ရွယ်ချက်ကိုလည်း လျှောက်ထားပန်ကြားခြင်းသည်လည်း တစ်စုံတစ်ရာ အကြောင်းမဟုတ်ပေ။

ထို့ပြင် (ထိုလျှောက်ထားချက်၏ ဦးစားပေးရည်မှန်းချက်သည်လည်း ဤသီးသန့်အမှုကိစ္စသာ ဖြစ်ပေသည်။) ကေန်စင်စစ် ကျွန်တော်မျိုးသည် မိမိ (ကွယ်လွန်ပြီး မရှိသည့်) နောက်တွင် (မိမိ၏) ဆွေမျိုးနီးစပ်သူတို့နှင့် ပတ်သက်၍ စိုးရိမ်မိခဲ့ပါသည်။ (ကျွန်ုပ်နှစ်မြို့ချက်နှင့်အညီ သာသနာတော်အား အလုပ်အကျွေး ပြုစုကြမည်မဟုတ်ပေ။ ဤသည် လျှောက်ထားခြင်း၏ ဦးစားပေး ရည်ညွှန်းချက်ပင် ဖြစ်သည်။ သားသမီးတောင်းခံခြင်း၏ အထူးသီးသန့် ဝိသေသနအချက်များ၌ သာသနာတော်အား အလုပ် အကျွေးပြုစုရန် မျှော်လင့်ချက်လည်း ပါဝင်ပေသည်။) ထို့ပြင် (ကျွန်ုပ်၏ အသက်အရွယ် အိုမင်းရင့်ရော် ခြင်းနှင့်အတူ) ကျွန်တော်မျိုး၏ ဇနီးကြင်ယာမှာလည်း သားသမီးမထွန်းကားသော အမြုံပင် ဖြစ်နေပါသည်။ (အကြင်ဇနီးသည်လည်း ကျန်းမာရေးကောင်းမွန်နေသည့် ကြားကတည်းကပင် မည်သည့်အခါမျှ သားသမီး မထွန်းကားပေ။ ထို့ကြောင့် သားသမီးထွန်းကားနိုင်ရန် ဓလေ့ အကြောင်းခံများသည်လည်း ပပျောက်နေ ပေသည်။ သို့ဖြစ်ပါ၍ (ထိုပုံပန်းသဏ္ဌာန်အခြေအနေ၌) အသျှင်မြတ်သည် ကျွန်တော်မျိုးအား မိမိထံတော်မှ (ဓလေ့သဘာဝအကြောင်းခံ မထားရှိဘဲ) သားကောင်းရတနာ အမွေစား၊ အမွေခံ တစ်ဦးကို ချီးမြှင့်ပေးသနား တော်မူပါ။ ၎င်း (သားရတနာ အမွေစားအမွေခံ) သည် (ကျွန်ုပ်၏ သီးသန့် 'အိလ်မ်' (အသိတော်) များ နှင့် စပ်လျဉ်း၍) ကျွန်တော်မျိုး၏ အရိုက်အရာကို ဆက်ခံသူလည်း ဖြစ်ပါစေ။ (ကျွန်တော်မျိုး၏ ဘိုးတော်) နဗီတမန်တော်ယအ်ကူးဗ်၏ သား၊ မြေးတို့၏ (ပညာအမွေ) အရိုက်အရာကို ဆက်ခံသူလည်း ဖြစ်ပါစေ။

ထို့ပြင် (သိရှိမှုတို့အား ကျင့်ကြံဆောက်တည်ခြင်းနှင့်အတူ) အို၊ ကျွန်တော်မျိုးတို့အား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ၎င်းအား (မိမိထံတော်၌) လက်ခံခြင်း ခံထားရတော်မူသော သူလည်း ဖြစ်ပြီး နှစ်မြို့ဖွယ်ရာလည်း ဖြစ်ပါစေ။ (သိနားလည်သူနှင့် ကျင့်ကြံဆောက်တည်သူဖြစ်ပါစေ။ အလ္လာဟ် အသျှင်မြတ်သည် ကောင်းကင်တမန်တော်၏ အကြောင်းခံဖြင့် မိန့်တော်မူသည်မှာ ထိုအခါ အလ္လာဟ်အသျှင် မြတ်သည် ဤသို့ ပြန်ကြားတော်မူခဲ့၏။) အို၊ ဇကရီယာ၊ ကေန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား 'ယဟ်ယား' မည်သော သားရတနာတစ်ပါး (ပေးသနားတော်မူမည့်အကြောင်း) နှင့် ပတ်သက်၍ သတင်း ကောင်း ပေးတော်မူ၏။ (၎င်း၏ သီးသန့် ဂုဏ်ထူးဝိသေသအချက်များနှင့် စပ်လျဉ်း၍) ယခင်က ငါအသျှင် မြတ်သည် ယင်းယဟ်ယားနှင့် အမည်တူသူတစ်ဦးတစ်ယောက်ကို ရှိစေတော်မူခဲ့သည် မဟုတ်ချေ။ (အသင် ဒိုအာတောင်းခံသလို အသိပညာနှင့် ကျင့်ကြံမှု ပြည့်စုံသော သားတော်တစ်ပါးကို မုချ ချီးမြှင့်တော်မူမည် ဖြစ်သည်။ ထို့ပြင်တဝ အခြားသော အကျိုးထူးအချက်များကိုလည်း ထပ်မံ ချီးမြှင့်တော်မူမည်ဖြစ်ပေသည်။

ဥပမာ- အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်း၏ သီးသန့်အဆင့်ဖြစ်သော နှလုံးသားနူးညံ့သိမ်မွေ့ခြင်း အစရှိသည်တို့ ဖြစ်ပေသည်။

သို့ရာတွင် အထက်ဖော်ပြပါအတိုင်း တောင်းဆုဒိုအာကို လက်ခံခြင်း၏ ကဏ္ဍ၌ သားရတနာထွန်းကားရန် သီးသန့်အခြေအနေတစ်ရပ်ကိုပင် မဖော်ပြထားပေ။ ထို့ကြောင့် ယင်းအချက်အား မေးမြန်းရန်အတွက် ထိုအခါ) ယင်း (ဇကရီယာ) က (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုး၌ သားရတနာသည် မည်သို့လျှင် ရှိနိုင်ပါအံ့နည်း။ အကြောင်းမှာ ကျွန်တော်မျိုး၏ ဇနီးကြင်ယာမှာလည်း သားသမီးမမွေးသော အမြုံဖြစ်နေသည်သာမက (အခြားရှုထောင့်တစ်ဖက်မှ ကြည့်မူ) ကျွန်တော်မျိုးမှာလည်း သက်ရွယ်ကြီးရင့်အိုမင်းခြင်း၏ အထွတ်အထိပ်သို့ ရောက်ရှိနေပါပြီ။ (သို့ရှိရာ ကျွန်တော်မျိုးသည် သူပျိုအရွယ် ပြန်လည် ဖြစ်ရှိသွားမည်လော။ သို့မဟုတ် ဒုတိယအခြားသော 'နေကာဟ်' တစ်ခုကို ထပ်မံပြုလုပ်ရမည်၏လော။ သို့မဟုတ် ယခုလက်ရှိ ရှိရင်းစွဲအခြေအနေမျိုးနှင့်ပင် ရရှိမည်၏လောဟူကိုမူ မသိရှိရပေ။ (ထိုရောကာလ) အသျှင်မြတ်က (ကောင်းကင်တမန်မှတစ်ဆင့် ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို၊ ဇကရီယာ) ဤ (အခြေအနေ) အတိုင်းပင် ဖြစ်ပေမည်။ (တစ်ဖန် သားရတနာကို ရရှိပေလိမ့်မည်။ အို၊ ဇကရီယာ) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က ဤ (အမှုကိစ္စ) သည် ငါအသျှင်မြတ်အဖို့ အလွန်လွယ်ကူကြောင်း (ဤအမှုကိစ္စသည် မည်သို့နည်း။ ထို့ထက် ကြီးမားသော အမှုကိစ္စကိုပင် ပြုခဲ့ပြီးဖြစ်ကြောင်း၊ ဥပမာ) ဇကန်မလွဲ ငါအသျှင်မြတ်သည် အသင့်ကိုသာလျှင် ဖန်ဆင်းတော်မမူမီအလျှင် အသင်သည်လည်း မည်သည့်အရာ တစ်စုံတစ်ရာမှ မဟုတ်ကြောင်းကို မိန့်ကြားတော်မူလေသည်။

(ဤသို့ဖြင့် သဘာဝဓလေ့အကြောင်းခံများသည်ပင်လျှင် တစ်စုံတစ်ရာမျှ မဟုတ်ပေ။ မရှိသောအဖြစ်မှ ရှိသောအဖြစ်သို့ ပြုခြင်းသည် လွယ်ကူသော အမှုကိစ္စဖြစ်မူ ရှိသော အရာမှ အခြားအရာ တစ်ခုထပ်ရှိအောင် ဖန်ဆင်းတော်မူခြင်းသည် အဘယ်ကဲ့သို့ ခက်ခဲနိုင်အံ့နည်း။ ဤအထက်တင်ပြပါအချက်များအားလုံးသည် မျှော်လင့်တောင့်တချက် ခိုင်မာစေရန်အတွက်ဖြစ်ပြီး သံသယကို ဝေးကွာစေရန် မိန့်မြွက်ချက်များ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ဟဇရတ်ဇကရီယာ (عليه السلام) သည် ဒွိဟာသံသယ တစ်စုံတစ်ရာမျှပင် မရှိပေ။ ထိုအခါ) ယင်း (ဇကရီယာ (عليه السلام) သည် ခိုင်မာသော မျှော်လင့်ချက် ရရှိသွားခဲ့သည့်အတွက် ၎င်းသည်) အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် (မိန့်မြွက်ချက် ကတိအပေါ် စိတ်နှလုံးအေးချမ်းမှု ရရှိပါ၏။ ကျွန်တော်မျိုး၏ ဇနီးမှာ သားရတနာကို ကိုယ်ဝန်ဆောင်လျက် ရှိနေကြောင်း သိရှိရန်အလို့ငှာ) သက်သေလက္ခဏာတစ်ရပ်ရပ်ကို ကျွန်တော်မျိုးအား ပြုလုပ်သတ်မှတ်ပေးတော်မူပါ'ဟု လျှောက်ထားပန်ကြားပြန်လေ၏။ (ထိုသို့ လျှောက်ထားခြင်းသည် သာ၍ ကျေးဇူးဥပကာရတင်ရှိရန် ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင်လက္ခဏာ ပေါ်ပေါက်လာခြင်းအချက်သည် ထင်ရှားသိသာစေသော အချက်များထဲမှ ဖြစ်ပေသည်။ (သို့ဖြစ်ပေရာ) ထိုအသျှင်မြတ်က (အို၊ ဇကရီယာ) အသင်သည် (ရောဂါ တစ်စုံတစ်ရာမျှမရှိဘဲ ကျန်းမာရေးကောင်းမွန်နေသည့် ကြားကတည်းကပင်) သုံးည၌ (သုံးရက်) တိတိ

(တစ်ဆက်တည်း) လူတို့နှင့် စကားပြောဆိုခြင်း မရှိဘဲ (ထိုလက္ခဏာတော်ကြောင့် အလ္လာဟ်အသျှင်မြတ်အား သတိရ တသနိုင်စွမ်း ရှိခြင်း) သည်ပင် အသင်၏အဖို့ (အသင်၏ ဇနီး၌ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်းထို) သက်သေလက္ခဏာ ဖြစ်သည်' ဟူ၍ မိန့်ကြားတော်မူခဲ့ပေသည်။ (သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ဟဇရသ်ဇကရီယာ عليه السلام ၏ ဇနီးသည် ကိုယ်ဝန်ရှိသွားကာ ဟဇရသ်ဇကရီယာ عليه السلام ၏ နှုတ်လျှာသည် စကားမပြောဆိုနိုင်တော့ပေ။

ထို့နောက် ယင်း (ဇကရီယာ) သည် ဝတ်ပြုရာနေရာမှ မိမိ၏ အမျိုးသားတို့ရှေ့ဝယ် ထွက်ခဲ့ပြီးလျှင် 'အသင်တို့သည် နံနက်ယံ၌လည်းကောင်း၊ ညဦးယံ၌လည်းကောင်း (အလ္လာဟ်အသျှင်မြတ်သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုရန် မိန့်တော်မူခြင်းသည် တစ်ချိန်က လုပ်ရိုးလုပ်စဉ်နှင့်အညီ အလ္လာဟ်အသျှင်မြတ်အား သတိရတသရန်အလို့ငှာ နှုတ်လျှာဖြင့် ရွတ်ဆိုလေ့ရှိခဲ့ပေသည်။ ယနေ့ အရိပ်အမြွက်ဖြင့် ရွတ်ဆိုလျက် ရှိနေပေသည်။ ထိုစည်းစိမ်သစ်၏ ကျေးဇူးတရားကို ပြန်လည်ဆပ်ရာ၌ ကိုယ်တိုင်လည်း များပြောင်စွာ ပွားများသလို အခြားသောသူများကိုလည်း ထိုကဲ့သို့ပင် မိန့်မြွက်တော်မူပေသည်။) 'သတ်စ်ဗီးဟ်'(ဘာဝနာစီးဖြန်းမှု) ရွတ်ဆိုကြလေကုန်'ဟု (နှုတ်လျှာဖြင့် မပြောဆိုနိုင်သည့် အတွက်ကြောင့် လက်ရိပ်ဖြင့်) ညွှန်ကြားခဲ့လေသည်။ (အချုပ်မှာ ဟဇရသ်ယဟ်ယား عليه السلام မွေးဖွားတော်မူ၍ အသိဖွံ့ဖြိုးသော အချိန်သို့ ရောက်ရှိလာသောအခါ ၎င်းအား မိန့်တော်မူထားသည်မှာ) အို, ယဟ်ယား၊ အသင်သည် (သောင်ရားသ်) ကျမ်းဂန်ကို စွဲမြဲစွာ ကိုင်ထားလော။ (အကြောင်းမှာ ထိုခေတ်၌ 'သောင်ရားသ်'ကျမ်းသည်သာလျှင် သာသနာဖြစ်ပေသည်။ 'အင်န်ဂျီးလ်'ကျမ်းသည် နောက်ပိုင်းမှ ကျရောက်လာပေသည်။ ထို့ကြောင့် သီးသန့်ကြိုးပမ်းမှုနှင့်အတူ ကျင့်ကြံဆောင်ရွက်ရန် ဖြစ်ပေသည်။) စင်စစ် ငါအသျှင်မြတ်သည် ၎င်း (ယဟ်ယား) အား ကလေးဘဝ၌ပင် (သာသနာ့) ဉာဏ်အမြော်အမြင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ ထိုနည်းတူစွာ မိမိထံတော်မှ အကြင်နာတရား (၏ အရည်အချင်း) ကိုလည်းကောင်း (စာရိတ္တ) သန့်ရှင်းစင်ကြယ်မှုကိုလည်းကောင်း (ချီးမြှင့်တော်မူခဲ့၏။ အာယသ်တော်၌ လာရှိသော 'အလ်ဟွက်မ်' ဟူသော စကားလုံးသည် 'အိလ်မ်'ဘက်သို့ ညွှန်ပြ၍ 'ဟနာနူးန်'နှင့် 'ဇကားသ်'ဟူသော စကားလုံးသည် စာရိတ္တဘက်သို့ ရည်ညွှန်းနေပေသည်။

၎င်းပြင် (ရှေ့ဆက်၍ အပေါ်ယံပြင်ပသဏ္ဌာန်ဖြင့် ပြုကျင့်ရမည်ဖြစ်သော ကျင့်ဝတ်များဘက်သို့ ညွှန်ပြထားတော်မူပေသည်။) ယင်း (ယဟ်ယား) သည် (ပြစ်မှုဒုစရိုက်တို့မှ) အလွန်ရှောင်ရှားသူပင် ဖြစ်ခဲ့ပေသည်။ ထို့ပြင် မိမိ၏ မိဘနှစ်ပါးအား အလွန်ကျေးဇူးပြုတတ်သူလည်း ဖြစ်ခဲ့၏။ (ထိုအာယသ်တော်၌ 'ဟုကုကူလ္လာဟ်' (အလ္လဟ်အသျှင်မြတ်နှင့် စပ်လျဉ်းသော ဝတ္တရားများ) နှင့် 'ဟုကုကွလ်အေဗားဒ်' (လူသားအချင်းချင်းတွင် ထားရှိရမည့် ဝတ္တရားများ) ဘက်သို့ ညွှန်ပြထားလေသည်။) ထို့ပြင် (အဖန်ဆင်းခံများအား) မာန်မာနထောင်လွှားသူ (ဖန်ဆင်းရှင်အား) ဖီဆန်သူ မဖြစ်ခဲ့ပေ။ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ဤသို့ သိက္ခာကြီးမြင့်သူ ဖြစ်ပေသည်။ ၎င်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဤသို့ တိုက်ရိုက် အမိန့်ရှိထားတော်မူပေသည်။) ထို့ပြင် ၎င်း (ယဟ်ယား) ၏အပေါ်၌

ယင်းမွေးဖွားခဲ့သည့်နေ့တွင်လည်းကောင်း၊ ကွယ်လွန်သေဆုံးမည့်နေ့တွင်လည်းကောင်း အသက်ရှင်လျက် (ပြန်လည်) ထရမည့် 'ကေယာမသ်'နေ့တွင်လည်းကောင်း (ငါအသျှင်မြတ်၏ ထံတော်မှ) ငြိမ်းချမ်းသာယာမှု ဘေးရန်ကင်းငြိမ်းမှုသည် ကျရောက်ပါစေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ကဟဖ်၏နောက် စူရာဟ်မရ်ယမ်ကို တင်ပြရခြင်း၏ အကြောင်းမှာ စူရာဟ်ကဟဖ် အတွင်း၌လည်း များစွာသော အံ့ဖွယ်ဖြစ်အင်များ ပါရှိထားသကဲ့သို့ စူရာဟ်မရ်ယမ်၌လည်း ဤကဲ့သို့သော ဖြစ်အင်များ ပါဝင်နေကြောင်း' ဟူသော ဆက်စပ်မှုတို့ကြောင့် တစ်ဆက်တည်း တင်ပြထားခြင်း ဖြစ်ပေသည်။ *[ရူးဟုလ်မအာနီး]*

'ကာဖ်၊ ဟား၊ ယား၊ အိုင်းန်၊ စွားဒ်'သည် ဟူရူဖေ့မုကသ့်သွအားဟ်နှင့် အဓိပ္ပာယ်များပြား၍ ဆင်တူယိုးမှားဖြစ်သော အက္ခရာများဖြစ်ပေ၏။ အကြင်အက္ခရာများ၏ အဓိပ္ပာယ်ကို အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၍ ကျေးကျွန်လူသားတို့အဖို့ ၎င်းအက္ခရာများ၏ အဓိပ္ပာယ်စူးစမ်းမှုပြုခြင်းသည် ကောင်းသောအချက် မဟုတ်ပေ။

نِدَاءً خَفِيًّا

(လျှို့ဝှက်စွာ ဟစ်ခေါ်တမ်းတခြင်း) ဟူသော အထက်ပါအာယသ်တော်၏ ဝါကျစကားလုံးမှ 'ဒိုအာကို တီးတိုးစွာ တောင်းခံခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်းကို သိရှိရပေသည်။ ဟဇရသ်စအဒ်အိဗ်နေ ဝကားစ် ﵁ သခင်ကြီးထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ-

ان خير الذكر الخفى وخير الرزق مايكفى

'အကောင်းဆုံးသော 'ဇိကိရ်'မှာ တီးတိုးစွာဖြင့် ရွတ်ဆိုသော 'ဇိကိရ်'ဖြစ်၍ အကောင်းဆုံးသော 'ရိဇ်ဇ်'စားနပ်ရိက္ခာမှာ လုံလောက်စေသော ရိက္ခာဖြစ်ပေသည်။ (လိုအပ်ချက်ထက် လျော့လည်း မလျော့ကာ တိုးလည်း မတိုးလာပေ။)

[ကုရ်သုဗီကျမ်း]

اِنِّىْ وَهَنَ الْعَظْمُ مِنِّىْ وَاشْتَعَلَ الرَّأْسُ شَيْبًا

ကေန်စင်စစ် ကျွန်တော်မျိုး၏ အရိုးများမှာ အားအင်ချည့်နဲ့နေပါပြီ။ ၎င်းပြင် ဦးခေါင်းမှာလည်း ဆံဖြူများကြောင့် တောက်ပလျက် ရှိနေပါပြီ။ *[၁၉ : ၄]*

အရိုးများ အားအင်ချည့်နဲ့ကြောင်းကို တင်ပြထားပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအရိုးတို့သည်သာလျှင် ကိုယ်ခန္ဓာ၏ ကျောရိုးသဖွယ် ဖြစ်ပေသည်။ အရိုးများ အင်အားချည့်နဲ့သွားပါမူ ကိုယ်ခန္ဓာ

တစ်ခုလုံးအင်အား ချည့်နဲ့သွားမည် ဖြစ်ပေသည်။ **شَيْبًا** (အစ်ရှိသေအား) ၏ လုံးချင်းကောက် အဓိပ္ပာယ်သည် 'ထွန်းလင်းတောက်ပခြင်း' ဖြစ်ပေသည်။ ဤနေရာ၌ ဆံပင်များ ဖြူလာခြင်းကို မီးအလင်းရောင်ဖြင့် ပမာနှိုင်းဆိုထားရခြင်းမှာ ၎င်း၏ ဦးခေါင်းတစ်ခုလုံးအပေါ်၌ ဆံဖြူများ ပြန့်နှံ့လျက် ရှိနေကြောင်းကို ရည်ရွယ်၍ တင်ပြထားလေသည်။

ဆုမ္မနိဒိုအာ ၌ မိမိ၏ လိုအပ်ချက်များကို ဖော်ထုတ်ခြင်းသည် 'မွတ်စ်သဟဗ်' ဖြစ်ခြင်း အကြောင်း

ဤနေရာ၌ ဒိုအာမတောင်းမီအလျင် ဟဇရသ်ဇကရိယာ ﷺ သည် မိမိ၏ အင်အားချည့်နဲ့ကြောင်းကို တင်ပြထားလေသည်။ ယင်းသို့ တင်ပြရခြင်း၏ အကြောင်းများထဲမှ အကြောင်းတစ်ရပ်မှာ စကားပြေအကျဉ်း၌ ညွှန်းပြထားသကဲ့သို့ အခြေအနေအရပ်ရပ်များ၏ ဖြစ်ထိုက်သောအချက်မှ သားသမီးထွန်းကားရန် တပ်မက်မှု မထားရှိရန် ဖြစ်ပေသည်။ အခြားအကြောင်းတစ်ရပ်ကို အေမာမ်ကုရ်သုဗီးသခင်ကြီးသည် မိမိ၏ သဖ်စီးရ်ကျမ်း၌ ဤသို့ အမိန့်ရှိထားတော်မူပေသည်။ ဒိုအာတောင်းခံချိန်၌ မိမိ၏ အင်အားချည့်နဲ့မှု၊ အခြေအနေ ကစဥ့်ကလျားဖြစ်မှုနှင့် လိုအပ်ချက်ရှိကြောင်းကို တင်ပြခြင်းသည် ဒိုအာလက်ခံခြင်း ခံရရန်အတွက် အနီးစပ်ဆုံး ဖြစ်ပေသည်။ ထို့ကြောင့် အာလင်မ်သာသနာ့ပညာရှင်များက 'လူသားတို့အဖို့ ဒိုအာမတောင်းမီအလျင် အလ္လာဟ်အသျှင်မြတ်၏ စည်းစိမ်တော်များနှင့် မိမိ၏ လိုအပ်ချက်များကို လူသားတို့အနေဖြင့် တင်ပြရန် သင့်ပေသည်' ဟူ၍ မိန့်တော်မူထားပေသည်။

مَوَالِيَ သည် مَوْلَى 'မောင်လာ' ဟူသော စကားလုံး၏ အများကိန်းဖြစ်ပေသည်။ အာရဗီစာပေဘာသာစကား၌ ဤစကားလုံးသည် များစွာသော အဓိပ္ပာယ်များအတွက် လာရှိထားပေသည်။ ထိုအဓိပ္ပာယ်များထဲမှ အဓိပ္ပာယ်တစ်ခုမှာ 'ညီအစ်ကိုဝမ်းကွဲနှင့် ဆွေမျိုးသားချင်း'များဟူ၍လည်း လာရှိထားပြန်သည်။ ဤနေရာ၌ ယင်းအဓိပ္ပာယ်ကိုသာ ကောက်ယူထားလေသည်။

နဗီတမန်တော်များ၏ ပစ္စည်းများ၌ အမွေဆက်ခံထိုက်ခြင်း မရှိခြင်း

يَرِثُنِي وَيَرِثُ مِنْ اٰلِ يَعْقُوْبَ

ဤနေရာ၌ အမွေဆက်ခံခြင်းသည် ပစ္စည်းအမွေမဟုတ်ကြောင်းကို ဂျမ်ဟူးရ် (နှောင်းပိုင်းခေတ်) အာလင်မ်သာသနာ့ပညာရှင်များက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြလေသည်။ အဘယ်ကြောင့်ဆိုသော် ပထမအချက်သည်မှ ဟဇရသ်ဇကရိယာ ﷺ ၏ ထံ၌ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာရှိကြောင်းကို အတည်မပြုထားသည့်အတွက် ၎င်း၏ အမွေစားအမွေခံမည့်သူဖြစ်ကြောင်းကို သောကဖြစ်စရာလည်း မရှိပေ။ ဒုတိယအချက်မှာ နဗီတမန်တော်တစ်ပါးဖြစ်ရှိခြင်း၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါကြောင့် ဤသို့ သောကရှိခြင်းသည်

လည်း ဝေးကွာလှစွာသောအချက် ဖြစ်ပေသည်။ ထို့ပြင် ဆွဟာဗာကြီးများ မှန်ကန်သည်ဟူ၍ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်ချထားသော ဟဒီးစ်တော်ထဲ၌

اِنَّ العلماءَ ورثة الانبياء وان الا نبياء لميورثوا ديناراولا د
رهما انما ورثو العلم فمن اخذ ه اخذ بحفظ وافر

(ဧကန်မုချ အာလင်မ်သာသနာ့ပညာရှင်များသည် နဗီတမန်တော်များ၏ အမွေစားအမွေခံများ ဖြစ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် နဗီတမန်တော်များသည် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို မချန်ထားရစ်ခဲ့ပေ။ သို့သာမက ၎င်းတို့ ချန်ထားရစ်သော အမွေသည် အိလ်မ်သာသနာ့အသိပညာကို ရယူလိုက်သည်ဆိုပါက ထိုသူသည် အလွန်ကြီးမားသော 'နေအ်မသ်' စည်းစိမ်တော်ကို ရယူလိုက်ခြင်းပင် ဖြစ်ပေသည်။)

[သိရ်မေဇီ၊ အိဗ်နေမာဂျာဟ်၊ အဗူဒါဝူးဒ်၊ အဟ်မဒ်။]

ဤဟဒီးစ်တော်သည် 'ရှီအားဟ်' ၏ စာအုပ်များဖြစ်သော ကဖီ၊ ကလီနီ အစရှိသော စာအုပ်များ၌ ရှိပေသည်။ မှန်ကန်သော ဘိုခါရီကျမ်း၌ ဟဇရပ်အာအေရှာဟ် ﷺ သခင်မကြီးထံမှ ဆင့်ပြန်ချက်လာရှိထားပေသည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူသည်မှာ-

لانورث وما تركنا صدقة

ကျွန်ုပ်တို့ နဗီတမန်တော်များ ချန်ထားရစ်သော ပစ္စည်းအမွေသည် တစ်ဦးတစ်ယောက်ကိုမျှပင် ရရှိမည်မဟုတ်ပေ။ ချန်ထားရစ်ခဲ့သော ပစ္စည်းများအားလုံးသည် စွာဒကာဟ်' သာလျှင် ဖြစ်ပေသည်။

ဤအာယသ်တော်၌လည်း يَرِثُنِى ၏ နောက် وَيَرِثُ مِنْ اٰلِ يَعْقُوبَ ဟူသော စကားလုံးများကို ထည့်ပေးလိုက်ခြင်းသည် အမွေသည် ပစ္စည်းအမွေ အလိုသဘောမဟုတ်ကြောင်း၏ အထောက်အထားဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အကြင်ကလေးငယ် မွေးမြူပေါ်ထွန်းလာစေရန်အတွက် ဆုမွန်ဒိုအာ တောင်းဆိုလျက် ရှိပေသည်။ ၎င်းကလေးသည် ဟဇရပ်ယအ်ကူးဗ် ﷺ ၏ သားစဉ်မြေးဆက်တို့အဖို့ ပစ္စည်းအမွေခံဖြစ်ခြင်းမှာ ပြင်ပသဏ္ဌာန်အခြေအနေအားဖြင့် မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဟဇရပ်ယအ်ကူးဗ် ﷺ ၏ သားစဉ်မြေးဆက်တို့၏ အမွေခံများသည် ၎င်းတို့၏ ဆွေမျိုးနီးစပ်များ ဖြစ်ပေသည်။ ထိုသူများသာလျှင် အာယသ်တော်၌ တင်ပြထားသော ဆွေမျိုးနီးစပ်များဖြစ်ကြပေသည်။ ၎င်းတို့ (ဟဇရပ်ယအ်ကူးဗ် ﷺ ၏ သားစဉ်မြေးဆက်) သည် ဧကန်မုချ ဆွေမျိုးသားချင်းတော်စပ်ရာ၌ ဟဇရပ်ယဟ်ယား ﷺ ထက် သာပို၍ နီးကပ်ကြပေသည်။ နီးစပ်သောသူ ရှိနေသည့်ကြားကပင် ဝေးကွာလှစွာသော သားချင်းများ အမွေရရှိခြင်းသည် အမွေဆိုင်ရာ ဥပဒေစည်းမျဉ်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပေသည်။

ရူဟုလ်မအာနီကျမ်း၌ ကုသုဗေ့ရှီအားဟ်မှ ဤအောက်ဖော်ပြပါဆင့်ပြန်ချက်ကို ဆင့်ပြန်ထားလေသည်။

روی الكلينی فی الكا فی عن ابی البختری عن بی عبد الله

قال ان سليما ن و ورث دا ؤد وان محمد ورث سليما ن

စူလိုင်မာန် ﷺ သည် ဟာဇရတ်ဒါဝူးဒ် ﷺ ၏ အမွေစား အမွေခံဖြစ်ခဲ့သည်။ ထို့ပြင် တမန်တော်မိုဟမ္မဒ် ﷺ သည် ဟာဇရတ်စူလိုက်မာန် ﷺ ၏ အမွေစားအမွေခံ ဖြစ်ခဲ့လေသည်။

တမန်တော်မြတ် ﷺ သည် တမန်တော်စူလိုင်မာန် ﷺ ၏ ထံမှ ပစ္စည်းအမွေရရန်မှာ တစ်စုံတစ်ရာ မဖြစ်နိုင်ကြောင်း ထင်ရှားလှပေသည်။ အလိုသဘောမှာ နဗီဖြစ်ခြင်း၏ ပညာအမွေသာလျှင် ဖြစ်ပေသည်။ အထက်ပါရှင်းလင်းချက်မှ وورث سليما ن د ا ؤ د ဟူသော အာယသ်တော်၌လည်း အမွေသည် ပစ္စည်းမဟုတ်ကြောင်းကို သိရှိရပေသည်။

لَمْ نَجْعَلْ لَهُ مِنْ قَبْلُ سَمِيًّا

ငါအသျှင်မြတ်သည် ယင်းယဟ်ယားနှင့် အမည်တူသူတစ်ဦးတစ်ယောက်ကို ရှိစေတော်မူခဲ့သည် မဟုတ်ချေ။ *[၁၉ : ၇]*

'စမီး' ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် 'အမည်တူ' ဟူ၍ လာရှိထားပေသည်။ 'ပမာ' နှင့် 'ဆင်တူယိုမှား' ဟူ၍လည်း လာရှိပေသည်။ ဤနေရာ၌ ပထမအဓိပ္ပာယ်ကို အလိုသဘောကောက်ယူပါမူ 'ၚင်း၏အလျှင် 'ယဟ်ယား' ဟူ၍ အမည်ထားရှိသူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း အလိုသဘောမှာ ရှင်းလင်းပေသည်။ ဤအမည်သည် အမည်တစ်မျိုးတည်း တည်ရှိမှုနှင့် တစ်သီးတစ်ခြား တည်ရှိမှု၌လည်း သီးသန့်ဂုဏ်ထူးဝိသေသနနှင့် စပ်လျဉ်း၍ ယင်းအထက်ဖော်ပြပါ အမည်တစ်မျိုးတည်းသာ တည်ရှိခြင်းဘက်သို့ ညွှန်ပြထားလေသည်။ ထိုအမည်ကို ယင်းနဗီ၏ သီးသန့်ဂုဏ်ထူးဝိသေသအတွင်း၌ တင်ပြထားပေသည်။ အကယ်၍ ဒုတိယအဓိပ္ပာယ်ကို အလိုသဘော ကောက်ယူပါမူ 'ထိုနဗီ၏ အချို့သီးသန့် ဂုဏ်ထူးဝိသေသအချက်များနှင့် အခြေအနေများသည် ၎င်း၏ အတိတ်ခေတ်ကာလ၌ တည်ရှိသော မည်သည့်နဗီ ရစူလ်တမန်တော်တစ်ပါးပါး၌မျှ မရှိခဲ့ပေ။ ထိုသီးသန့်ဂုဏ်တော်များ၌ ယင်းနဗီသည် အနိုင်းခံမဲ့ ဖြစ်ပေသည်။ ဥပမာ- ၎င်း၏ حَصُوْرًا (ညစ်ညမ်းမှုဖြစ်သော ကာမဂုဏ်အာရုံကို အထူးစောင့်စည်းသူ) ဖြစ်ခြင်း အစ ရှိသည်တို့ ဖြစ်သည်။ ထို့ကြောင့် ယဟ်ယား ﷺ သည် အတိတ်ခေတ် နဗီတမန်တော်များအားလုံးထက် လုံးဝ အမွန်မြတ်ဆုံးဖြစ်ကြောင်းအချက်မှာ အရေးမကြီးပေ။ အဘယ်ကြောင့်ဆိုသော် ထိုနဗီတမန်တော်များထက် ဟာဇရတ်အိဗ်ရာဟီမ် ﷺ နှင့် ဟာဇရတ်မူစာ ﷺ သည် အမွန်မြတ်ဆုံး ဖြစ်နေခြင်းမှာ လက်ခံခြင်း ခံထားရ၍ ကျော်ကြားသောအဆိုပင် ဖြစ်ပေသည်။ *[မဇ္ဇဟာရီကျမ်း]*

عِتِيًّا 'အုသုဝုန်း' မှ ဆင်းသက်လာသော ပုဒ်ဖြစ်သည်။ မူရင်းအဓိပ္ပာယ်မှာ စူးရှမှုကို လက်မခံခြင်းဖြစ်၏။ အလိုသဘောမှာ အရိုးများ ခြောက်ခမ်းသွားခြင်းဖြစ်၏။

سَوِيًّا ထိုစကားလုံး၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ ကျန်းမာရေးကောင်းခြင်းဖြစ်၏။ ဤစကားလုံးကို ထပ်မံသာပို၍ ထည့်သွင်းမိန့်မြွက်ထားရခြင်း၏ အကြောင်းမှာ ဇကရီယာ عليه السلام လူသားတို့ဖြင့် စကား မပြောဆိုနိုင်ခြင်း၏ အခြေအနေပေါ်ပေါက်လာရခြင်းမှာ ရောဂါတစ်စုံတစ်ရာကြောင့် မဟုတ်ပေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုနှင့် ဝေဝပ်ကိုးကွယ်မှု၌ ၎င်း၏ နှုတ်လျှာသည် ထို ရက် (၃) ရက်စလုံး၌ ဆက်တိုက်ပွင့်ဟလျက် ရှိနေပေသည်။ သို့သာမက ဤအခြေအနေသည် 'မုအ်ဂျိဇဟ်' နှင့် ကိုယ်ဝန်ရှိခြင်း၏ လက္ခဏာသဘောမျိုးဖြင့် ၎င်းအပေါ်၌ သက်ရောက်နေခြင်းဖြစ်ပေသည်။

حَنَانًا (အကြင်နာတရား) ထိုစကားလုံး၏ အဓိပ္ပာယ်မှာ 'နှလုံးသား နူးညံ့သိမ်မွေ့ခြင်း၊ ကရုဏာတရားနှင့် သနားကြင်နာတတ်ခြင်း' ဖြစ်သည်။ အကြင်အရည်အချင်းများသည် ဟဇရတ်ယဟ်ယား عليه السلام အဖို့ ထူးခြားစွာဖြင့် ချီးမြှင့်ခြင်းခံထားရပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاذْكُرْ فِي الْكِتٰبِ مَرْيَمَ ۘ إِذِ انْتَبَذَتْ مِنْ أَهْلِهَا مَكَانًا شَرْقِيًّا ﴿١٦﴾

၁၉ : ၁၆ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်မှ မရ်ယမ် (၏ အတ္ထုပ္ပတ္တိ) အကြောင်းကို ဖတ်ကြားပါလေ။ တစ်ရံရောအခါဝယ် ယင်း (မရ်ယမ်) သည် မိမိ၏ အိမ်သူအိမ်သားတို့ထံမှ ခွဲခွာ၍ အရှေ့ဘက်၌ရှိသော အခန်းတစ်ခန်းသို့ သွားနေခဲ့လေသည်။

فَاتَّخَذَتْ مِنْ دُونِهِمْ حِجَابًا ۖ فَأَرْسَلْنَا
إِلَيْهَا رُوحَنَا فَتَمَثَّلَ لَهَا بَشَرًا سَوِيًّا ﴿١٧﴾

၁၉ : ၁၇ ။ ။ တစ်ဖန် ယင်း (မရ်ယမ်) သည် ထိုအိမ်သူအိမ်သားတို့ (မမြင်နိုင်ရန်) ကန့်လန့်ကာတစ်ခု ချထားခဲ့လေသည်။ ထို့နောက် ငါအသျှင်မြတ်သည် ယင်း (မရ်ယမ်) ၏ ထံသို့ မိမိ၏ အထူးကောင်းကင်တမန်ကို စေလွှတ်တော်မူခဲ့လေသည်။ ထိုအခါ ယင်းကောင်းကင်တမန်သည် ၎င်း (မရ်ယမ်) ၏ရှေ့ဝယ် ပကတိလူသားတစ်ယောက်၏ အသွင်ဖြင့် ကိုယ်ထင်ပြခဲ့၏။

قَالَتْ إِنِّي أَعُوذُ بِالرَّحْمٰنِ مِنْكَ إِنْ كُنْتَ تَقِيًّا ﴿١٨﴾

၁၉ : ၁၈ ။ ။ ထိုအခါ ယင်း (မရ်ယမ်) က (၎င်းကောင်းကင်တမန်အား အကယ်စင်စစ် လူထင်မှတ်၍ ဤသို့) ပြောကြားခဲ့သည်မှာ 'အကယ်၍ အသင်သည် အသျှင်မြတ်အား ကြောက်ရွံ့သူ ဖြစ်ခဲ့ပါမူ (ဤမှ ထွက်ခွာသွားပါ။) ကျွန်ုပ်သည် အသင် (၏ ဘေးအန္တရာယ်) မှ (လွတ်ကင်းရန်အလို့ငှာ) 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်ထံတော်၌ အကာအကွယ်ယူပါ၏။'

قَالَ إِنَّمَآ أَنَا۠ رَسُولُ رَبِّكِ لِأَهَبَ لَكِ غُلَٰمًا زَكِيًّا ⑲

၁၉ : ၁၉ ॥ ॥ (ထိုအခါ) ယင်းကောင်းကင်တမန်က (အို၊ မရ်ယမ်) 'ကျွန်ုပ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ စေတမန်သာလျှင် ဖြစ်ပေသည်။ ကျွန်ုပ်သည် အသင့်အား သန့်ရှင်းစင်ကြယ် အပြစ်ကင်းသော သားရတနာတစ်ပါးကို ပေးရန်သာလျှင် (လာရခြင်း) ဖြစ်သည်' ဟု ပြောကြားခဲ့လေသည်။

قَالَتْ أَنَّىٰ يَكُونُ لِى غُلَٰمٌ وَلَمْ يَمْسَسْنِى بَشَرٌ وَلَمْ أَكُ بَغِيًّا ⑳

၁၉ : ၂၀ ॥ ॥ (ထိုအခါ) ယင်း (မရ်ယမ်) က (အို၊ ကောင်းကင်တမန်) 'စင်စစ် ကျွန်ုမအား မည်သည့်လူသား တစ်ဦးတစ်ယောက်မျှပင် ထိတွေ့ခဲ့ဖူးသည်လည်း မရှိပါဘဲလျက်လည်းကောင်း၊ ကျွန်ုမသည် အကျင့်မကောင်းသူမ တစ်ဦးလည်း မဖြစ်ပါဘဲလျက်လည်းကောင်း၊ မည်သို့လျှင် ကျွန်ုမတွင် သားရတနာ ထွန်းကားနိုင်အံ့နည်း' ဟု ပြန်လည် ပြောဆိုခဲ့လေသည်။

قَالَ كَذَٰلِكِ قَالَ رَبُّكِ
هُوَ عَلَىَّ هَيِّنٌ وَلِنَجْعَلَهُۥٓ ءَايَةً لِّلنَّاسِ وَرَحْمَةً مِّنَّا وَكَانَ
أَمْرًا مَّقْضِيًّا ㉑

၁၉ : ၂၁ ॥ ॥ ယင်းကောင်းကင်တမန်က (ဤသို့) ပြောကြားခဲ့လေသည်။ (အို၊ မရ်ယမ်) ဤအတိုင်းပင် ဖြစ်ပေမည်။ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်က 'ဤသည်မှာ ငါအသျှင်မြတ်အတွက် အလွန်လွယ်ကူလှကြောင်း၊ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းသားရတနာအား လူတို့အဖို့ သက်သေလက္ခဏာတစ်ရပ်အဖြစ်လည်းကောင်း၊ ငါအသျှင်မြတ်၏ ထံတော်မှ ကရုဏာတော်အဖြစ်လည်းကောင်း ပြုလိုတော်မူကြောင်း၊ ဤသည် စီရင်ဆုံးဖြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ပင် ဖြစ်ကြောင်း' မိန့်ကြားတော်မူလေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းပြင် (အို၊ နဗီတမန်တော်မိုဟမ္မဒ်) အသင်သည် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်၏ (သီးသန့် အစိတ်အပိုင်း (စူရာဟ်) မှ မရ်ယမ် (၏ အတ္ထုပ္ပတ္တိ) အကြောင်းကို ဖတ်ကြားပါလေ။ (ထိုအကြောင်း သည် ဇကရီယာ ﷺ ၏ တင်ပြထားပြီးဖြစ်သော အကြောင်းနှင့် သီးသန့် ဆက်နွယ်မှု သဘောတရား ထားရှိပေသည်။ ထိုမရ်ယမ်သခင်မ၏ အကြောင်းသည် ထိုအချိန်၌ ဖြစ်ပေါ်ခဲ့လေသည်။) တစ်ရံရောအခါ ယင်း (မရ်ယမ်) သည် မိမိ၏ အိမ်သူအိမ်သားတို့ထံမှ (သီးခြားစွာ) ခွဲခွာ၍ (ရေချိုးရန်) အရှေ့ဘက်၌ ရှိသော အခန်းတစ်ခန်းသို့ သွားခဲ့သည်။ တစ်ဖန် ယင်း (မရ်ယမ်) သည် ထိုအိမ်သားတို့ (ကြားအလယ်၌ ရေချိုးချိန် အကာအကွယ်တစ်ခုအဖြစ် မမြင်နိုင်ရန်) ကန့်လန့်ကာတစ်ခုကို ချထားခဲ့လေသည်။ ထို့နောက် (ယင်းအခြေအနေ၌) ငါအသျှင်မြတ်သည် ယင်း (မရ်ယမ်) ၏ ထံသို့ မိမိ၏ အထူးကောင်းကင်တမန် ဟဇရသ်ဂျီဗ်ရာအီးလ် ﷺ ကို စေလွှတ်တော်မူခဲ့လေသည်။ ထိုအခါ ယင်းကောင်းကင်တမန်သည် ၎င်း (မရ်ယမ်) ၏ရှေ့ဝယ် (ခြေလက်၊ မျက်နှာ အသွင်သဏ္ဌာန်ရှိသော) ပကတိလူသားတစ်ဦး၏ အသွင်ဖြင့်

ကိုယ်ထင်ပြခဲ့၏။ (ဟဇရသ်မရ်ယမ်သခင်မသည် ၎င်းအား လူသားဟူ၍ ထင်မှတ်ကာ ကြောက်ရွံ့၍) ပြောကြားခဲ့သည်မှာ အကယ်၍ အသင်သည် အသျှင်မြတ်အား ကြောက်ရွံ့သူဖြစ်ခဲ့ပါမူ (ဤမှ ထွက်ခွာသွားပါ။) ကျွန်ုပ်သည် အသင် (၏ဘေးအန္တရာယ်) မှ (လွတ်ကင်းရန်အလို့ငှာ) 'ရဟ်မာန်' အနန္တကရုဏာတော်ရှင် ထံတော်၌ အကာအကွယ်ယူပါ၏။

ထိုအခါ ယင်းကောင်းကင်တမန်က (အသင်မသည် ကျွန်တော်မျိုးအား ကြောက်ရွံ့နေရလောက်အောင် ကျွန်တော်မျိုးသည် လူသားတစ်ဦးမဟုတ်ပေ။ သို့သာမက 'အို, မရ်ယမ်သခင်မ၊ ကျွန်ုပ်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ စေတမန်သာလျှင် ဖြစ်သည်။ (လာရောက်ရခြင်း၏ အကြောင်းရင်းမှာ) ကျွန်ုပ်သည် အသင့်အား သန့်ရှင်းစင်ကြယ် အပြစ်ကင်းသော သားရတနာတစ်ပါးကို ပေးရန်သာ ဖြစ်သည်။ (အသင်မ၏ ပါးစပ် သို့မဟုတ် ရင်ဘတ်အတွင်းသို့ လေဖြင့် မှုတ်ထုတ်လိုက်မည်ဖြစ်သည်။ အကြင်ကဲ့သို့ မှုတ်ထုတ်လိုက်ခြင်း၏ အကြောင်းကြောင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ကိုယ်ဝန်တည်ကာ သားယောကျ်ားလေး ထွန်းကားလာမည် ဖြစ်ပေသည်)' ဟု ပြောကြားခဲ့လေသည်။ (ထိုအခါ) ယင်း (မရ်ယမ်) က (ငြင်းဆိုသည့်ပုံစံမျိုးဖြင့် မဟုတ်ဘဲ အံ့သြစွာဖြင့် အို, ကောင်းကင်တမန်၊ (သားသမီးထွန်းကားရန် သဘာဝ၏ ဓလေ့ထုံးစံများထဲမှ ဓလေ့တစ်ရပ်မှာ အမျိုးသားတစ်ဦးဖြင့် နီးကပ်စွာ နေထိုင်ခြင်း ဖြစ်သည်။ ယင်းအချက်သည် ကျွန်တော်မျိုးမထံ၌ လုံးဝမရှိပေ။ အဘယ်ကြောင့်ဆိုသော်) စင်စစ် ကျွန်တော်မျိုးမအား မည်သည့်လူသားတစ်ဦးတစ်ယောက်မျှပင် ထိတွေ့ခဲ့ဘူးသည်လည်း မရှိပါဘဲလျက်လည်းကောင်း၊ ('နေကာဟ်' မရှိဘဲ) ကျွန်တော်မျိုးမသည် အကျင့်မကောင်းသူတစ်ဦးလည်း မဖြစ်ပါဘဲလျက်လည်းကောင်း မည်သို့လျှင် ကျွန်တော်မျိုးမတွင် သားရတနာ ထွန်းကားနိုင်အံ့နည်း' ဟု ပြန်လည်ပြောဆိုခဲ့လေသည်။

ယင်းကောင်းကင်တမန်က (ဤသို့) ဖြေကြားခဲ့လေသည်။ (မည်သည့်လူသား တစ်ဦးတစ်ယောက်မျှလာရောက် မထိတွေ့စေဘဲ (မရ်ယမ်သခင်မသည်) ဤအတိုင်းပင် ဖြစ်ပေမည်။ (ဤသည့်အချက်ကိုကျွန်ုပ်သည် မိမိဘက်မှ ပြောဆိုခြင်းမဟုတ်ဘဲ သို့သာမက) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်က ဤသည်မှာ (သဘာဝအလေ့အကျင့်မရှိဘဲ သားသမီးရတနာ ထွန်းကားစေခြင်းသည်) ငါအသျှင်မြတ်၌ (အဖို့) အလွန် လွယ်ကူလှကြောင်း၊ (ထို့ပြင် ငါအသျှင်မြတ်သည် သဘာဝဓလေ့အကျင့်မရှိဘဲ သီးသန့်ပုံစံဖြင့်) ယင်းသားရတနာအား လူတို့အဖို့ (တန်ခိုး) သက်သေလက္ခဏာတစ်ရပ်အဖြစ်လည်းကောင်း၊ ထို့အပြင် (၎င်းအား အကြောင်းခံ၍ လူသားတို့ တရားလမ်းမှန် ရရှိစေရန်အတွက်) ငါအသျှင်မြတ်ထံတော်မှ ကရုဏာတော်အဖြစ်လည်းကောင်း ပြုလိုတော်မူကြောင်း၊ ဤသည် (ဖခင်မရှိဘဲ ဤကလေးမွေးဖွားတော်မူမည်ဖြစ်ကြောင်းမှာ) စီရင်ဆုံးဖြတ်ပြီးဖြစ်စေသော ကိစ္စတစ်ရပ်ပင်ဖြစ်ကြောင်း မိန့်ကြားတော်မူလေသည်။ (အကြင်ကိစ္စရပ်သည် ဧကန်မုချ ဖြစ်ပေါ်လာပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اِنْتَبَذَتْ၊ သည် نَبْذًا (နဗ်ဇုန်) ဟူသော ပုဒ်မှ ဆင်းသက်လာပေသည်။ အကြင်စကားလုံး၏ မူရင်းအဓိပ္ပာယ်မှာ 'ဝေးကွာစွာ ထားခြင်း၊ ပစ်ခြင်း' ဟူ၍ အဓိပ္ပာယ်ရ၏။ ذَاتَبِذ၊ 'အင်နှိသေဗားဝ်' ၏

အဓိပ္ပာယ်သည် 'လူ့ပရိသတ် ထိုင်ဝိုင်းနေရာမှ ထကာ ဝေးသောနေရာသို့ ထွက်ခွာသွားခြင်း' ဟူ၍ ရ၏။ مَكَانًا شَرْقِيًّا (အိမ်အတွင်း အရှေ့ဘက်ထောင့် တစ်နေရာရာဆီသို့ ကွဲမြန်းသွားလေ၏။) ထိုသခင်မကြီးသည် ယင်းအရှေ့ထောင့်ရှိရာဆီသို့ ကွဲမြန်းသွားခြင်းသည် မည်သည့်ရည်ရွယ်ချက်မျိုး ဖြစ်ပေသနည်း။ ယင်းအချက်နှင့် စပ်လျဉ်း၍ များစွာသော ဖြစ်နိုင်ဖွယ်ရာအချက်များ ရှိပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ရေချိုးရန်အတွက် ယင်းထောင့်နေရာသို့ ကွဲမြန်းသွားခြင်းဖြစ်သည်ဟူ၍ မိန့်တော်မူကြသည်။ အချို့သော အာလင်မ်သာသနာ့ ပညာရှင်များက မိန့်ဆိုကြသည်မှာ 'ဝေလေ့အကျင့်နှင့်အညီ အလ္လာဟ်အသျှင်မြတ်အား ဝဝ်ကိုးကွယ်မှုပြုရန်အတွက် 'မဲဟ်ရားဗ်' ၏ အရှေ့ဘက်ထောင့်တစ်နေရာအား ရွေးချယ်ရယူကာ ကွဲမြန်းသွားခြင်း ဖြစ်ပေသည်။ အေမာမ်ကုရ်သုဗီးသခင်ကြီးသည် ဒုတိယဖြစ်နိုင်ဖွယ်အချက်ကို အကောင်းဆုံးသော အချက်ဟူ၍ ရွေးချယ်မိန့်ဆိုထားပေသည်။ ဟာရေသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ဤသို့ ဆင့်ပြန်ချက် လာရှိထားပေသည်။ နစ္စရာနီတို့သည် အရှေ့ဘက်အရပ်ကို မိမိတို့၏ 'ကိဗ်လားဟ်' အရှိအသေပေးရာ အရပ်အဖြစ် ရွေးချယ်သတ်မှတ်ထားခြင်း၏ အကြောင်းမှာလည်း (ဟာရေသ် မရ်ယမ်သခင်မ ရွေးချယ်ခဲ့ခြင်း၏ အကြောင်း) ကြောင့်သာ ဖြစ်ပေသည်။

فَأَرْسَلْنَا إِلَيْهَا رُوحَنَا

(ထို့နောက် ငါအသျှင်မြတ်သည်ပင် မရ်ယမ်ထံသို့ မိမိ၏ အထူးကောင်းကင်တမန်ကို စေလွှတ်တော်မူခဲ့လေသည်။) [၁၉ း ၁၇]

'ရူးဟ်' ၏ အလိုသဘောသည် ဟာရေသ်ဂျိဗ်ရာအီးလ် ﷺ ဖြစ်ပေသည်။ အချို့သော ပညာရှင်များက ဟာရေသ်အီစာ ﷺ ကိုယ်တော်တိုင်ဖြစ်ကြောင်းကို မိန့်မြွက်ကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဝမ်းဗိုက်အတွင်းမှ မွေးဖွားလာမည်ဖြစ်သော သူ၏ အသွင်သဏ္ဌာန်ကို ၎င်း၏ ရှေ့၌ ပြသလိုက်ခြင်းပင် ဖြစ်သည်။ ပထမအဆိုသည် အသာပေးခြင်းခံထားရသော အဆိုဖြစ်ပြီး ၎င်း၏အောက်မှ တင်ပြထားသော စကားလုံးများသည်လည်း ၎င်းအား အသာပေးလျက် ရှိသည်။

فَتَمَثَّلَ لَهَا بَشَرًا سَوِيًّا

(ပကတိလူသားတစ်ယောက်၏ အသွင်ဖြင့် ကိုယ်ထင်ပြခဲ့၏။) [၁၉ း ၁၇]

ဟူသော အာယသ်တော်တွင် ကောင်းကင်တမန်ကို ၎င်း၏ ပင်ကိုယ်မူရင်းသဏ္ဌာန်၌ ကြည့်ရှုခြင်းသည် လူသားတို့အဖို့ မလွယ်ကူလှပေ။ ၎င်းတမန်တော်များ၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါသည် လွှမ်းမိုးလျက်ရှိနေမည်သာ ဖြစ်ပေသည်။ ပမာတင်ပြရမည်ဆိုသော် တမန်တော်မြတ် ﷺ သည် 'ဟေရာ' လိုဏ်ဂူ၌သော်လည်းကောင်း၊ နောက်ပိုင်းအဖြစ်အပျက်များ၌သော်လည်းကောင်း ကြုံတွေ့ရပေသည်။ ထိုအကျိုးတရားတို့ကြောင့် ဟာရေသ်ဂျိဗ်ရာအီးလ် ﷺ သည် ဟာရေသ်မရ်ယမ်သခင်မ၏ ရှေ့ဝယ် လူသားတစ်ဦးအသွင်ဖြင့် ကိုယ်ထင်ပြခဲ့ခြင်းဖြစ်သည်။ မရ်ယမ်သခင်မသည် လူသားတစ်ဦးကို 'ပရ်ဒါ' အတွင်း မိမိအနီး၌ တွေ့မြင်

လိုက်ရသောအခါ ၄င်း၏ သဘောဆန္ဒဆိုး ထားရှိကောင်း၊ ထားရှိမည်ကို စိုးရိမ်မကင်းဖြစ်သည့်အတွက် ကြောင့် မိန့်တော်မူထားပေသည်။

اِنِّیٓ اَعُوۡذُ بِالرَّحۡمٰنِ مِنۡكَ

(အကယ်၍ အသျှင်မြတ်အား ကြောက်ရွံ့သူ ဖြစ်ပါမူ ဤမှ ထွက်ခွာသွားပါ။ ကျွန်ုပ်သည် အသင်၏ ဘေးအန္တရာယ်မှ လွတ်ကင်းရန်အလို့ငှာ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်ထံ၌ အကာအကွယ် ယူပါ၏။) *[၁၉ : ၁၈]*

အချို့သော ဆင့်ပြန့်ချက်များ၌ လာရှိထားသည်မှာ ဟဇရဲသ်ဂျိဗ်ရာအီးလ် عليه السلام သည် ဤစကားလုံးများကို ကြားနာပါမူ အလ္လာဟ်အသျှင်မြတ်၏ နာမတော်အား အရိုအသေပေးရန်အတွက် အနည်းငယ် နောက်သို့ တွန့်ဆုတ်ခဲ့လေသည်။

اِنۡ كُنۡتَ تَقِيًّا

(အကယ်၍ အသင်သည် အသျှင်မြတ်အား ကြောက်ရွံ့သူ ဖြစ်ခဲ့ပါမူ) ဟူသော အာယသ်တော်တွင် တစ်ဦး တစ်ယောက်သည် မတရားသူတစ်ဦး၏ ညှဉ်းပန်းမှုတို့မှ ကျပ်တည်းလာကာ 'အကယ်၍ အသင်သည် မုအ်မင်နဲတစ်ဦးဖြစ်မူ ကျွန်ုပ်အား မတရားသမှု မပြုလေနှင့်။ အသင်၏ အီမာန်သည် ထိုမတရားသမှုမှ ထိန်းချုပ်ထားရန်အတွက် လုံလောက်သင့်ပေသည်' ဟူ၍ ပြောဆိုသော စကားရပ်မျိုးကဲ့သို့ ဖြစ်ပေသည်။ အလိုသဘောမှာ 'အသင့်အဖို့ အလ္လာဟ်အသျှင်မြတ်နှင့် ဝေးကွာသွားစေသော မှားယွင်းသည့် ခြေလှမ်းတို့မှ ရှောင်ရှားရန် သင့်ပေသည်။ အချုပ်သဘောတရားမှာ اِنۡ كُنۡتَ تَقِيًّا သည် ခိုလှုံခွင့် တောင်းခံခြင်း၏ စည်းကမ်းချက် မဟုတ်ပေ။ သို့သာမက ခိုလှုံမှုကို တောင်းခံရန် အကျိုး၊ အကြောင်းတရား သက်ရောက်စေခြင်းအတွက် 'လှုံ့ဆော်၊ ဆော်ဩမှု' ပေးရန်အတွက်သာ ဖြစ်ပေသည်။ အချို့သော အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များက 'ဤစကားလုံးသည် 'မူဘာလဂါ' (မဖြစ်နိုင်သည့်အချက်ကို ဖြစ်သွား နိုင်သည်ဟူ၍) သဘောမျိုးဖြင့် ယူဆောင်လာခြင်း ဖြစ်ပေသည်။ အကယ်၍ အသင်သည် အသျှင်မြတ်အား ကြောက်ရွံ့သူ ဖြစ်နေသည့်တိုင် ကျွန်တော်မျိုးမသည် အသင်၏ ဆိုးသွမ်းမှုမှ အလ္လာဟ်အသျှင်မြတ်ထံ ခိုလှုံခွင့်ကို တောင်းခံပါ၏။ ယင်းအချက်နှင့် ဆန့်ကျင်ဘက်ဖြစ်မူ ဖြစ်ရှိလာမည့်အချက်မှာ ထင်ရှားလှပေသည်။ */ မဇ္ဇ်ဟရီး /*

لِاَهَبَ لَكِ (ကျွန်ုပ်သည် အသင့်အား သားရတနာတစ်ပါး ပေးရန်အတွက်သာ လာရခြင်းဖြစ်သည်) ဟူသော အာယသ်တော်၌ သားတော်ကို ချီးမြှင့်ရန် ဟဇရဲသ်ဂျိဗ်ရာအီးလ် عليه السلام သည် မိမိဘက်သို့ ဆက်နွယ်ကာ မိန့်တော်မူထားရခြင်း၏ အကြောင်းမှာ '၄င်းကို အလ္လာဟ်အသျှင်မြတ်သည် 'မရ်ယမ်သခင်မ၏ ရင်ခွင်အကြားသို့ လေမှုတ်ရန်အတွက် စေလွှတ်လိုက်ခြင်း ဖြစ်သည်။ ဤသို့ မှုတ်သွင်းလိုက်ခြင်းသည် သားရတနာကို ရရှိစေမည့်အကြောင်းခံ ဖြစ်သွားပေမည်။ အမှန်တကယ် သားရတနာ ချီးမြှင့်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ လုပ်ရပ်သာလျှင် ဖြစ်ပေသည်။

فَحَمَلَتْهُ فَانْتَبَذَتْ بِهٖ مَكَانًا قَصِيًّا ﴿٢٢﴾

၁၉ : ၂၂ ။ ။ ထို့နောက် ယင်း (မရ်ယမ်) သည် ထိုသားရတနာကို ကိုယ်ဝန်ဆောင်ခဲ့လေသည်။ ထိုအခါ ယင်း (မရ်ယမ်) သည် ထိုကိုယ်ဝန်နှင့်အတူ (၎င်းအိမ်သူအိမ်သား အားလုံးထံမှ ခွဲခွာ၍) ဝေးလံသော နေရာတစ်ခုသို့ ရောက် (ရှိ) သွားခဲ့လေသည်။

فَاَجَآءَهَا الْمَخَاضُ اِلٰى جِذْعِ النَّخْلَةِ ۚ قَالَتْ يٰلَيْتَنِىْ مِتُّ
قَبْلَ هٰذَا وَكُنْتُ نَسْيًا مَّنْسِيًّا ﴿٢٣﴾

၁၉ : ၂၃ ။ ။ ထို့နောက် သားဖွားခြင်း၏ ဝေဒနာသည် ယင်း (မရ်ယမ်) အား စွန်ပလွံပင် (တစ်ပင်) ရှိရာသို့ ဆောင်ကြဉ်းသွားခဲ့လေသည်။ ထိုအခါ ယင်း (မရ်ယမ်) က 'ဩော်- ဖြစ်ရလေခြင်း၊ ငါသည် ဤသို့ (ဖမဲ့သားကို) မဖွားမီ သေဆုံးခဲ့ပါလျှင်လည်းကောင်း၊ (လူ့လောက၌ မိမိ၏ အမည်နာမ တစ်စုံတစ်ရာ) လုံးဝ မေ့ပျောက်စွန့်ပစ်ထားပြီး (မည်သူ တစ်ဦးတစ်ယောက်မျှ အမှတ်မရ) ဖြစ်ခဲ့ပါလျှင်လည်းကောင်း ကောင်းလေစွ' ဟု ညည်းညူမြည်တမ်းခဲ့လေသည်။

فَنَادٰىهَا مِنْ تَحْتِهَآ اَلَّا تَحْزَنِىْ قَدْ جَعَلَ رَبُّكِ تَحْتَكِ سَرِيًّا ﴿٢٤﴾

၁၉ : ၂၄ ။ ။ ထိုအခါ ယင်း (မရ်ယမ်) အား ၎င်းရှိရာ၏ အောက်နားရှိ (ထိုစွန်ပလွံပင်၏အောက်မှ) ကောင်းကင်တမန်က ဤသို့) ပြောကြားခဲ့လေသည်။ (အို၊ မရ်ယမ်) 'အသင်မသည် စိတ်မပူလေနှင့်။ ကေန်စင်စစ် အသင်မအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် အသင်မ၏ အောက်၌ပင် ချောင်းတစ်ခုကို ဖြစ်ပေါ်စေတော်မူလေပြီ။'

وَهُزِّىْٓ اِلَيْكِ بِجِذْعِ النَّخْلَةِ تُسٰقِطْ عَلَيْكِ رُطَبًا جَنِيًّا ﴿٢٥﴾

၁၉ : ၂၅ ။ ။ 'ထို့ပြင် အသင်မသည် စွန်ပလွံပင်၏ ပင်မကို မိမိဘက်သို့ (ဆွဲ၍) လှုပ်ပါလျှင်၊ စိမ်းစိုလတ်ဆတ်သော စွန်ပလွံသီးများသည် အသင်မ၏ ရှေ့ဝယ် ကြွေကျလာပါလိမ့်မည်။'

فَكُلِىْ وَاشْرَبِىْ وَقَرِّىْ عَيْنًا ۚ فَاِمَّا تَرَيِنَّ مِنَ الْبَشَرِ اَحَدًا ۙ
فَقُوْلِىْٓ اِنِّىْ نَذَرْتُ لِلرَّحْمٰنِ صَوْمًا فَلَنْ اُكَلِّمَ الْيَوْمَ اِنْسِيًّا ﴿٢٦﴾

၁၉ : ၂၆ ။ ။ 'ထိုအခါ အသင်မသည် (ထိုစွန်ပလွံသီးများကို) စားသုံး၍ (ထိုချောင်းမှ ရေကို) သောက်သုံးပါလေ။ ၎င်းပြင် မျက်စိကို ကြည်လင်စေပါလေ။ တစ်ဖန် အကယ်၍ အသင်မသည် လူသားတစ်ဦးတစ်ယောက်ကို တွေ့ခဲ့ပါမူ 'ကေန်အမှန် ကျွန်မသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား ရည်စူး၍ ဥပုသ်သီလ ဆောက်တည်ရန် အဓိဋ္ဌာန်ပြုထားပြီးဖြစ်ရာ ကျွန်မသည် ယနေ့ မည်သည့်လူသား တစ်ဦးတစ်ယောက်နှင့်မျှ အလျှဉ်း စကားပြောဆိုမည် မဟုတ်ကြောင်း' ပြောကြားပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (ထိုသို့ ပြောဆိုပြီးသည့်နောက် ဟဇရသ် ဂျိဗ်ရာအီးလ် عليه السلام သည် ၎င်း၏ ရင်ခွင်အတွင်းသို့ လေမှုတ်သွင်းလိုက်လေသည်။ အကြင်ကဲ့သို့ မှုတ်သွင်းထည့်လိုက်ခြင်းကြောင့်) ယင်း (မရ်ယမ်) သည် ထိုသားရတနာကို ကိုယ်ဝန်ဆောင်ခဲ့လေသည်။ ထိုအခါ (လစေ့သောအချိန်သို့ ရောက်ရှိသောအခါ ဟဇရသ်မရ်ယမ်သခင်မသည် ကလေးမွေးဖွားရန် လက္ခဏာများကို ခံစားလာရပါမူ) ယင်း (မရ်ယမ်) သည် ထိုကိုယ်ဝန်နှင့်အတူ (၎င်းအိမ်သူ၊ အိမ်သားအားလုံးတို့ထံမှ ခွဲခွာ၍) ဝေးလံသော (တောတောင်နေရာ) တစ်နေရာတစ်ခုသို့) ရောက်ရှိသွားခဲ့လေသည်။ ထို့နောက် သားဖွားခြင်း၏ ဝေဒနာ (အစ) သည် ယင်း (မရ်ယမ်) အား စွန်ပလွံပင် (တစ်ပင်) ရှိရာသို့ ဆောင်ကြဉ်းသွားခဲ့လေသည်။ (ထိုအပင်ကို အမှီသဟဲပြု၍ ထိုင်ရန်၊ ထရန်ဖြစ်ပေသည်။ ယခု ဖြစ်ပေါ်လျက်ရှိနေသော အခြေအနေမှာ ချစ်ခင်ရင်းနှီးသူနှင့် မိတ်ဆွေအဖော်သူမ တစ်ဦးတစ်ယောက်မျှပင် မရှိပေ။ နာကျင်မှုကြောင့် နေမထိထိုင်မသာ ဖြစ်နေချိန်တွင် အနားယူရန်နှင့် လိုအပ်သောပစ္စည်း အနည်းနှင့် အများမဆို ရှိသင့်ပေသည်။ ထိုအရာများလည်း မရှိပေ။ တစ်ဘက်မှကြည့်မူ ကလေးမွေးဖွားသည့်အပေါ် အမည်ပျက်မည်ကိုလည်း စိုးရိမ်နေပေသည်။ နောက်ဆုံးကြောက်ရွံ့လာကာ) ထိုအခါ ယင်း (မရ်ယမ်) က 'ဩော်– ဖြစ်ရလေခြင်း၊ ငါသည် ဤသို့ (ဖမဲ့သားကို) မဖွားမီ သေဆုံးခဲ့ပါလျှင်လည်းကောင်း၊ (လူ့လောက၌ မိမိ၏ အမည်နာမတစ်စုံတစ်ရာ) လုံးဝ မေ့ပျောက်စွန့်ပစ်ထားပြီး (မည်သူတစ်ဦးတစ်ယောက်မျှ အမှတ်မရ) ဖြစ်ခဲ့ပါလျှင်လည်းကောင်း ကောင်းလေစွ'ဟု ညည်းညူမြည်တမ်းခဲ့လေသည်။ ထိုအခါ (ယင်းအချိန်၌ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ဂျိဗ်ရာအီးလ် عليه السلام သည် ရောက်ရှိလာခဲ့သည်။ မရ်ယမ်သခင်မကြီးအား အရိုအသေးပေးသည့်အတွက်ကြောင့် ရှေ့မှောက်သို့ မလာရောက်ဘဲ ထိုသခင်မကြီးရှိသော နေရာအောက်ဘက် အကွယ်နေရာတစ်ခုရှိရာဆီသို့ ရောက်ရှိလာကာ) ယင်း (မရ်ယမ်) အား ၎င်းရှိရာ၏ အောက်နားမှ (ထိုစွန်ပလွံပင်၏အောက်မှ ကောင်းကင်တမန်က ဤသို့) ပြောကြားခဲ့လေသည်။ (ထိုအသံကို မရ်ယမ်သခင်မသည် ပထမအကြိမ်အခါ ပေါ်ထွက်လာခဲ့ဘူးသော ကောင်းကင်တမန်၏ အသံဖြစ်ကြောင်း မှတ်မိခဲ့သည်။)

(အို၊ မရ်ယမ်)၊ အသင်မသည် (လိုအပ်သည့်ပစ္စည်း တစ်စုံတစ်ရာ မရှိ၍သော်လည်းကောင်း၊ သို့မဟုတ် အမည်ပျက်ခြင်းကို စိုးရိမ်သည့်အတွက်ကြောင့်သော်လည်းကောင်း) စိတ်မပူလေနှင့်။ (အဘယ်ကြောင့်ဆိုသော် ပစ္စည်းဥစ္စာမရှိမှုနှင့် စိမ်မှုကို ဤသို့ စီရင်ထားပေသည်။) ဧကန်စင်စစ် အသင်မအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသင်မ၏အောက်၌ပင် ချောင်းတစ်ခုကို ဖြစ်ပေါ်စေတော်မူလေပြီ။ (အကြင်ချောင်းအား ကြည့်ရှုခြင်းနှင့် အကြင်ချောင်းမှ ရေကို သောက်သုံးခြင်းဖြင့် သဘာဝအရ ပျော်ရွှင်မှု ပေါ်ပေါက်လာပေမည်။ ထို့ပြင် ရုဟူလ်မအာနီ၏ ဆင့်ပြန်ချက်နှင့်အညီ မရ်ယမ်သခင်မကြီးသည် ထိုအချိန်၌ ရေငတ်မွတ်လျက်လည်း ရှိသည်။ ဆေးပညာ၏ ရှုထောင့်အရ မီးမဖွားမီအလျင် သို့မဟုတ် မီးဖွားပြီးနောက် ပူနွေးသောအရာများကို အသုံးပြုခြင်းသည် မီးဖွားရေးလွယ်ကူခြင်း၊ အပိုပစ္စည်းအရာများကို စွန့်ပစ်စေခြင်းနှင့် ဇီဇသဘာဝအင်အားကို တိုးပွားစေသည်။ ထို့ပြင် ရေ၌ အချို့သော စမ်းရေချောင်းများ

တွင် တွေ့မြင်ရသကဲ့သို့ အကယ်၍ နွေးထွေးမှုရှိနေသည်ဆိုလျှင် သာပို၍ ကျန်းမာရေးနှင့် ကိုက်ညီနေမည်ဖြစ်ပေသည်။ ထို့ပြင် စွန်ပလွံသီးသည် အစာအဟာရဓါတ်များပြား၍ သွေးအားကောင်းကာ ခါးရိုးနှင့် တင်ပဆုံရိုးတို့အား တောင့်တင်းခိုင်မာစေသည့်အတွက်ကြောင့် မွေးဖွားမည့် မိခင်ကောင်းအတွက် အစာဆေးဝါးများအားလုံးတို့ထက် သာပို၍ ကောင်းပေသည်။ ပူပြင်းသည့်အတွက်ကြောင့် ဆိုးကျိုးဖြစ်နိုင်ကောင်းဖြစ်နိုင်ရာ ပထမအချက်သည်မူ စိမ်းစိုနေသော အသီး၌ အပူဓါတ်သည် နည်းပါးပေသည်။ ဒုတိယအချက်မှာ ရေဖြင့်လည်း ၎င်းအား ပြုပြင်မှု ပြုနိုင်ပေသည်။ တတိယအချက်မှာ ကိုယ်ခန္ဓာအစိတ်အပိုင်း၌ အားအင်ချည့်နဲ့ချိန်၌ စိုးရိမ်ဖွယ်အခြေအနေ ဝင်ရောက်တတ်ပေသည်။ သို့တည်းမဟုတ်က မည်သည့်အရာတစ်ခု၌မဆို အနည်းနှင့်အများ စိုးရိမ်ဖွယ်အန္တရာယ် အချက်တို့သည် ရှိနေတတ်ပေသည်။ ထို့ပြင် သဘာဝလွန်ဖြစ်အင် ('ကရာမသ်'တန်ခိုး) ပေါ်ထွက်လာခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ လက်ခံခြင်း ပြုခံရခြင်း၏ လက္ခဏာဖြစ်သည့်အတွက်ကြောင့် နာမ်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ပိုင်းဆိုင်ရာကို ပျော်ရွှင်စေခြင်း၏ အကြောင်းလည်း ဖြစ်ပေသည်။

ထို့ပြင် အသင်မသည် စွန်ပလွံပင်၏ ပင်မကို မိမိဘက်သို့ (ဆွဲ၍) လှုပ်ပါလျှင် စိမ်းစိုလတ်ဆတ်သော စွန်ပလွံသီးများသည် အသင်မ၏ ရှေ့ဝယ် ကြွေကျလာပါလိမ့်မည်။ (စွန်ပလွံသီးကို စားသုံးရခြင်းဖြင့် နှုတ်၊ ကိုယ်ခန္ဓာ အရသာရှိ၍ သဘာဝလွန်၊ အသွင်ဆန်းပုံစံမျိုးဖြင့် စွန်ပလွံသီးများ သီးနေခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုတို့ စုဝေးနေခြင်းဖြစ်ပေသည်။) ထိုအခါ အသင်မသည် (ထိုစွန်ပလွံသီးများကို) စားသုံး၍ (ထိုချောင်းမှ ရေကို) သောက်သုံးပါလေ။ ၎င်းပြင် မျက်စိကို ကြည်လင်စေပါလေ။ (ကလေးကို ကြည့်ရှုကာ စားသောက်၍ အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှ လက်ခံခြင်း ပြုခံရခြင်းတို့ကြောင့် ပျော်ရွှင်လျက်ရှိနေကုန်။) တစ်ဖန် (အမည်ပျက်ဖြစ်ရန်အချက် ကြုံကြိုက်ကောင်း ကြုံကြိုက်လာပါမူ ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်သည် ထိုဖြစ်အင်အား သိရှိသွားပါမူ ယင်းအချက်အား ဤသို့ စီမံမှု ပြုထားပေသည်။) အကယ်၍ အသင်မသည် လူသားတစ်ဦးတစ်ယောက် လာရောက်စောဒကတက်နေသည်ကို) တွေ့ခဲ့ပါမူ (အသင်မ တစ်စုံတစ်ရာကိုမျှ မပြောဆိုလေနှင့်။ သို့သာမက အရိပ်အမြွက်ဖြင့်) 'ကျွန်ုပ်အမှန်ကျွန်မသည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်အား ရည်စူး၍ (ဤကဲ့သို့သော) ဥပုသ်သီလ ဆောက်တည်ရန် အဓိဋ္ဌာန်ပြုထားပြီးဖြစ်ရာ (အကြင်အဓိဋ္ဌာန်၌ စကားပြောဆိုခြင်း လုံးဝ တားမြစ်ထားပေသည်။) ကျွန်ုပ်မသည် ယနေ့ မည်သည့်လူသားတစ်ဦးတစ်ယောက်နှင့်မျှ (တစ်နေ့တာလုံး) အလျဉ်း စကားပြောဆိုမည်မဟုတ်ကြောင်း' ပြောကြားပါလေ။ (အလ္လာဟ်အသျှင်မြတ်အား 'ဇိကိရ်'သတိရ တမ်းတခြင်းနှင့် ဒိုအာ၌ နှစ်မွှန်းနေခြင်းသည် အခြားသော ကဏ္ဍရပ်တစ်ရပ် ဖြစ်ပေသည်။ သို့ရှိရာ အသင်မသည် ဤမျှခန့်သာ အဖြေပေး၍ သောကကင်းမဲ့စွာ နေထိုင်လျက် ရှိနေကုန်။ အလ္လာဟ်အသျှင်မြတ်သည် ထိုနို့ဖူးစာကုံကောင်းသော ကလေးငယ်လေးအား သဘာဝလွန်ဖြစ်ရပ်ဆန်း တန်ခိုးပုံစံမျိုးဖြင့် စကားပြောဆိုတော်မူပေလိမ့်မည်။ အကြင်ကဲ့သို့ ကလေးငယ်အား ပြောဆိုလိုက်ခြင်းဖြင့် အများသူငှာ မစွမ်းနိုင်သော အံ့မခန်းအချက် ပေါ်ထွန်းလာကာ မိမိအပြစ်ကင်းစင်ကြောင်း၏ အထောက်အထားပုံစံလည်း ဖြစ်နေပေသည်။ အချုပ်သဘောတရားမှာ ဝမ်းနည်းမှုအချက်တိုင်း၏ ကုသမှုကို ပြသမိန့်မြွက်ထားပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

သေခြင်းတရားအား တောင့်တခြင်း၏ အဓိပ္ပါယ်

ဤသို့ သေခြင်းတရားအား တောင့်တခြင်းသည် အကယ်၍ လောကီရေးရာ သောကဗျာပါဒ များကြောင့်ဖြစ်မှု အသိအခြေအနေ လွှမ်းမိုးလျက် ရှိနေခြင်းသည် ယင်းအချက်ကို ချွင်းချက်အဖြစ် မှည့် ခေါ်ပေလိမ့်မည်။ အကြင်အချက်နှင့် စပ်လျဉ်း၍ လူသားသည် လုံးဝ ရာနှုန်းပြည့် တာဝန်ရှိသူ အဖမ်ဆင်းခံ အဖြစ် မတည်ရှိပေ။ အကယ်၍ လူတို့သည် မကောင်းပြောဆိုမည်ဟူ၍ သာသနာနှင့် စပ်လျဉ်း၍ သောက ဖြစ်ကာ မိမိအနေဖြင့်လည်း သည်းခံမှုတရား မထားရှိနိုင်လျှင် ယင်းသည်းခံမှုတရား မထားရှိနိုင်ခြင်း အတွက်ကြောင့် 'ဖိုနာဟ်' ပြစ်မှုဒုစရိုက်အတွင်း၌ နစ်မွန်းသွားနိုင်ပေမည်။ သေဆုံးသွားခြင်းဖြင့် ထိုပြစ်မှု သည် ကင်းလွတ်ခွင့်ရှိမှု၊ ဤသို့သော သေခြင်းတရားအား တောင့်တမှုကို မတားမြစ်ထားပေ။ မရ်ယမ် သခင်မအား 'အသင်မ အဓိဋ္ဌာန်ပြုထားသည်'ဟူ၍ ပြောဆိုရန် အမိန့်ပေးထားလေရာ အမှန်တကယ် ၄င်းသည် အဓိဋ္ဌာန်မှု မပြုခဲ့ရဘူးပေ'ဟူသော အချက်နှင့် စပ်လျဉ်း၍ သံသယရှိကောင်း ရှိနိုင်ပေသည်။ ထိုသံသယ၏ အဖြေမှာ ဤသို့ပင် ဖြစ်သည်။ ယင်းကဲ့သို့ ပြောဆိုနိုင်းလိုက်ခြင်းမှ 'အသင်မသည် အဓိဋ္ဌာန် ကိုလည်း ပြုရန်နှင့် ဖော်ထုတ်ရန်'ဟူသော အမိန့်၏ အလိုသဘောပါ သက်ရောက်သွားပေသည်။

'ရိုဇာဟ်' ထားနေခိုက် လုံးဝ ဆိတ်ဆိတ်နေထိုင်ခြင်းသည် အစ္စလာမ်သာသနာတော်၌ ပယ်ဖျက်ခံရခြင်း အကြောင်း

အစ္စလာမ်သာသနာမပွင့်ပေါ်မီ အချိန်ကာလက 'မပြောဆိုမှုနှင့် စပ်လျဉ်းသော 'ရိုဇာဟ်'သည်လည်း 'အေဗာဒသ်'ခဝပ်ကိုးကွယ်မှု၌ ပါဝင်နေပေသည်။ နံနက်အာရုံဦးအချိန်မှစ၍ ညဦးအချိန်ထိတိုင် မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ စကားမပြောဆိုရန် ဖြစ်သည်။ အစ္စလာမ်သာသနာသည် ယင်းအချက်ကို ဖျက်သိမ်း ကာ 'မကောင်းသော စကား၊ ဆဲရေးတိုင်းထွာမှုပြုခြင်း၊ လိမ်လည်မှုသားစကား၊ အတင်းပြောဆိုခြင်း အစရှိသော အချက်များမှ' ရှောင်ရှားနိုင်းထားပေသည်။ လိုအပ်သည့်စကားရပ်များကို မပြောဆိုဘဲ တားမြစ် ထားခြင်းသည် အစ္စလာမ်သာသနာတော်၏ ခဝပ်ကိုးကွယ်မှုဟူ၍ တစ်စုံတစ်ရာ မပြောဆိုနိုင်ပေ။ ထို့ကြောင့် စကားမပြောဆိုရန် ကိုးခြင်းသည်လည်း မပိုင်ပေ။

لماروااه ابوداؤ د مرفرعالا يتم بعدا حتلام

ولاصمات يوم الى اليل وحسنه السيوطي والعزيزى

ကလေးအရွယ်ရောက်ပြီးသည့်နောက်မှ ဖခင်သေဆုံးသွားသည်ဆိုလျှင် ယင်းကလေးအား 'ယသီးမ်' (ဖတဆိုးကလေး) ဟူ၍ မခေါ်ဆိုအပ်ပေ။ ယင်းကလေးနှင့် စပ်လျဉ်း၍ 'ယသီးမ်'၏ ပညတ်ချက်များ၊

ပြဌာန်းအတည်ပြု၍ မရရှိပေ။ နံနက်မိုးသောက်ယံချိန်မှ ညနေချိန်ထိတိုင် တိတ်ဆိတ်စွာ နေထိုင်ခြင်းသည် အစ္စလာမ်သာသနာ၌ ခဝပ်ကိုးကွယ်မှု တစ်စုံတစ်ရာပဟု၍ မခေါ်ဆိုအပ်ပေ။ ဝမ်းနာနေချိန် ရေနှင့် စွန်ပလွံသီးကို စားသုံးခြင်းသည် ဆေးဗေဒပညာရှုထောင့်အရ အကျိုးပြုကြောင်းကို သိရှိရကာ စားသောက်ခြင်း အမိန့်သည် ပြင်ပသဏ္ဌာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် ပိုင်နိုင်ကြောင်းကို သိရှိရပေသည်။

အမျိုးသားမရှိဘဲ အမျိုးသမီး သီးသန့် တစ်ဦးတစ်ယောက်ထံမှ ကလေးမွေးဖွားလာခြင်းသည် အသိဉာဏ်နှင့် ဆန့်ကျင်နေသော အချက်မဟုတ်ကြောင်း

အမျိုးသားမရှိဘဲ ကိုယ်ဝန်ဆောင်ခြင်းနှင့် ကလေးမီးဖွားခြင်းသည် အံ့ဖွယ် 'မုအ်ဂျေဇဟ်' (သဘာဝလွန် ဓလေ့) ဖြစ်ပေသည်။ သဘာဝလွန်ဖြစ်ရပ်များ (ခစ်ရ်ကေ့အာဒသ်) ၌ အာဘယ်မျှခန့်ပင် ဦးနှောက်အသိဉာဏ်အတိုင်းအတာနှင့် ဝေးကွာလှစွာသော အချက်ဖြစ်နေလင့်ကစား မည်သို့မှ အကြောင်းတစ်စုံတစ်ရာ မဟုတ်ပေ။ သို့သာမက အံ့ဖွယ်အရည်အချင်းထက် သာပို၍ ပေါ်ထွက်လာခြင်းပင် ဖြစ်ပေသည်။ သို့ရာတွင် အထက်ပါအချက်နှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါအချက်တို့ကြောင့် သာပို၍ လေးနက်စွာ တွေးတောရမည့် အချက်များလည်း မရှိပေ။ ဆေးကျမ်းများ၏ ရှင်းလင်းချက်များနှင့်အညီ အမျိုးသမီး၏ မနီ (သုက်ရည်) ၌ အမမျိုးပွားအင်အား ဆဲလ်များနှင့်အတူ အဖိုမျိုးပွားအင်အားဆဲလ်တို့လည်း ပါဝင်နေသည်။ ထို့ကြောင့် 'ရဂျာ'အမည်ရှိသော ရောဂါ၌ အစိတ်အပိုင်းများ၏ အင်္ဂါမစုံသည့် အသွင်သဏ္ဌာန်များသည်လည်း ဖြစ်ပေါ်တည်ရှိနေပေသည်။ ပမာဆိုရသော် ယင်းအချက်ကို ဆေးဥပဒေကလည်း ရှင်းလင်းစွာ ပြဆိုထားပေသည်။ သို့ရှိရာ အကယ်၍ ဤအဖိုမျိုးပွားဆဲလ် များပြားပါမူ သာပို၍ ဝေးကွာလှစွာသော အချက် မဟုတ်ပေ။ *[ဗယားနုလ်ကုရ်အာန်]*

ဤအာယသ်တော်၌ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်မရ်ယမ်သခင်မကို စွန်ပလွံပင်လှုပ်ရန် အမိန့်ပေးထားပေသည်။ ကေန်စင်စစ် ထိုအသျှင်မြတ်၏ စွမ်းဆောင်နိုင်တော်မူခြင်း၏ အချက်များ၌ 'မလှုပ်ရှားစေဘဲနှင့် အလိုအလျောက် စွန်ပလွံသီးများ ထိုသခင်မ၏ ရင်ခွင်အတွင်းသို့ ရောက်ရှိနိုင်စေသော စွမ်းအားများလည်း ရှိပေသည်။ သို့ရာတွင် ယင်းအချက်၏ အမြော်အမြင်တရားနှင့် ပြည့်စုံသောအချက်မှာ 'ရိဇ်ဇ်' စားနပ်ရိက္ခာ ရှာဖွေရာ၌ ကြိုးစားမှုပြုရန် သင်ခန်းစာကို ရရှိပေသည်။ 'ရိဇ်ဇ်' စားနပ်ရိက္ခာကို ရှာဖွေခြင်း၌ ကြိုးစားမှုပြုခြင်းသည် 'သဝပ်က်ကွလ်' (ယုံကြည် အားကိုးအားထားမှုပြုခြင်း) နှင့် ဆန့်ကျင်ဘက် မဟုတ်ကြောင်းကို သိရှိရပေသည်။ *[ရူဟုလ်မအာနီ]*

سَرِيًّا ဟူသော စကားလုံး၏ လုံးချင်းကောက် အဓိပ္ပာယ်သည် 'ချောင်းငယ်'ဖြစ်သည်။ ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် ချောင်းငယ်လေးတစ်ခုကို မိမိ၏ တန်ခိုးတော်ဖြင့် တိုက်ရိုက် စီးတွေခဲ့သည်။ သို့မဟုတ် ဟဇရသ် ဂျိဗ်ရာအီးလ် عليه السلام အား အကြောင်းခံ၍ စီးတွေခဲ့သည်။ ပုံစံနှစ်ရပ်စလုံး၏ ဆင့်ပြန်ချက်

များ ရှိပေသည်။ ဟဇရသ်မရ်ယမ်သခင်မအား ဖြေသိမ့်မှုပေးခြင်း၏ အကြောင်းခံများကို တင်ပြသော အချိန်၌ ပထမရေအကြောင်းနှင့် ဒုတိယစားသုံးရန် စွန်ပလွံသီးအကြောင်းကို တင်ပြထားပေသည်။ အသုံးပြုရန် အချိန်သို့ ရောက်ရှိလာချိန်ဝယ် အစီစဉ်ကျနမှုကို ပြောင်းကာ ပထမစားသုံးရန်၊ ဒုတိယ သောက်သုံးရန် ဟူ၍ အမိန့်ပေးထားခြင်း၏ အချက်တို့ကိုလည်း သေချာစမ်းစစ်လေ့လာကြည့်ရှုသင့်ပေသည်။ ဖြစ်နိုင်ချေများသော အချက်မှာ လူသား၏ ဓလေ့သဘော သဘာဝအချက်မှာ မစားသုံးမီအလျင် ရေကို စီမံထားခြင်း ဖြစ်ပေသည်။ အထူးသဖြင့် ရေစာလောင် ဝတ်မွတ်မှုရှိသော အစားအစာကို မစားမီအလျင် အစကတည်းက ရေကို အသင့်ပြင်ဆင်ထားရပေသည်။ သို့ရာတွင် အသုံးပြုခြင်း၏ အစီအစဉ် ကျနမှုမှာ ပထမစားသုံးကာ ထို့နောက် ရေသောက်သုံးရန် ဖြစ်ပေသည်။ *[ရှုဟုလ်မအားနီ]*

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

فَأَتَتْ بِهِۦ قَوْمَهَا تَحْمِلُهُۥ ۖ قَالُوا۟ يَـٰمَرْيَمُ لَقَدْ جِئْتِ شَيْـًٔا فَرِيًّا ﴿٢٧﴾

၁၉ : ၂၇ ။ ။ ၎င်းနောက် ယင်း (မရ်ယမ်) သည် ၎င်း (သားရတနာ) ကို (မိမိ၏ ရင်ခွင်ဝယ်) ပွေ့ချီလျက်၊ မိမိ၏ အမျိုးသားတို့ထံ လာခဲ့လေ၏။ (ထိုအခါ) ၎င်း (အမျိုးသား) တို့က (ဤသို့) ပြောကြားခဲ့ကြကုန်၏။ 'အို၊ မရ်ယမ်၊ အသင်မသည် အလွန်ဆိုးဝါးလှသော ပြစ်မှုကို ကျူးလွန်ခဲ့ပေသည်။'

يَـٰٓأُخْتَ هَـٰرُونَ مَا كَانَ أَبُوكِ ٱمْرَأَ سَوْءٍ وَمَا كَانَتْ أُمُّكِ بَغِيًّا ﴿٢٨﴾

၁၉ : ၂၈ ။ ။ အို၊ ဟာရူန်၏ နှမ၊ အသင်မ၏ ဖခင်မှာလည်း အကျင့်မကောင်းသူ မဟုတ်ခဲ့ပေ။ အသင်မ၏ မိခင်မှာလည်း အကျင့်ပျက်သူတစ်ဦး မဟုတ်ခဲ့ချေပြီ။

فَأَشَارَتْ إِلَيْهِ ۖ قَالُوا۟ كَيْفَ نُكَلِّمُ مَن كَانَ فِى ٱلْمَهْدِ صَبِيًّا ﴿٢٩﴾

၁၉ : ၂၉ ။ ။ ထိုအခါ ယင်း (မရ်ယမ်) သည် ၎င်း (သားရတနာ) ကို ညွှန်ပြခဲ့လေရာ၊ ၎င်း (အမျိုးသား) တို့က (အို၊ မရ်ယမ်) 'ကျွန်ုပ်တို့သည် ပုခက်အတွင်းဝယ် ကလေး (ဘဝ၌) ပင် ရှိနေသေးသော သူငယ်နှင့် မည်သို့လျှင် စကားပြောဆိုကြရမည်နည်း' ဟု ပြောဆိုခဲ့ကြလေသည်။

قَالَ إِنِّى عَبْدُ ٱللَّهِ ءَاتَىٰنِىَ ٱلْكِتَـٰبَ وَجَعَلَنِى نَبِيًّا ﴿٣٠﴾

၁၉ : ၃၀ ။ ။ (ထိုအခါ) ယင်းကလေးသူငယ် (အီစာ) က (ဤသို့သော စကားကို) ပြောဆို (ဖြေကြား) ခဲ့လေ၏။ 'ကေန်မလွဲ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်သာလျှင် ဖြစ်ပေသည်။ ထိုအသျှင်မြတ်သည် ကျွန်ုပ်အား (အိန်ဂျီလ်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား နဗီတမန်တော်အဖြစ်လည်း ချီးမြှောက်တော်မူခဲ့လေသည်။

وَّجَعَلَنِىْ مُبٰرَكًا اَيْنَ مَا كُنْتُ ۪ وَاَوْصٰنِىْ بِالصَّلٰوةِ وَالزَّكٰوةِ مَا دُمْتُ حَيًّا ۖ۝٣١

၁၉ : ၃၁ ။ ။ 'ၾငင်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား မည်သည့်နေရာ၌မဆို၊ ကျွန်ုပ် ရှိနေစေကာမူ 'ဗရ်ကာသ်' မင်္ဂလာနှင့် ပြည့်စုံသူ (အဖြစ်) ပြုလုပ် (ထား) တော်မူခဲ့ပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး 'ဆွလားသ်'ဝတ်ပြုရန်လည်းကောင်း၊ 'ဇကားသ်'ပေးဆောင်ရန်လည်းကောင်း အမိန့်ပေးတော်မူခဲ့ လေသည်။

وَّبَرًّۢا بِوَالِدَتِىْ ۫ وَلَمْ يَجْعَلْنِىْ جَبَّارًا شَقِيًّا ۝٣٢

၁၉ : ၃၂ ။ ။ '၎င်းပြင် (ထိုအသျှင်မြတ်သည်၊ ကျွန်ုပ်အား) ကျွန်ုပ်၏ မိခင်ကို ကောင်းစွာ ပြုစု၍ တာဝန်ကျေပွန် ကျေးဇူးပြုတတ်သူလည်း (ဖြစ်စေတော်မူခဲ့၏။) ၎င်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား မာန်မာနထောင်လွှားသူ၊ အကြောင်း မလှ (မင်္ဂလာကင်းမဲ့) သူအဖြစ်လည်း ပြုလုပ်တော်မမူခဲ့ချေ။'

وَالسَّلٰمُ عَلَىَّ يَوْمَ وُلِدْتُّ وَيَوْمَ اَمُوْتُ وَيَوْمَ اُبْعَثُ حَيًّا ۝٣٣

၁၉ : ၃၃ ။ ။ 'ထို့ပြင် ကျွန်ုပ်၏အပေါ်၌ ကျွန်ုပ် မွေးဖွားခဲ့သည့်နေ့၌လည်းကောင်း၊ ကျွန်ုပ်သေဆုံးမည့်နေ့၌လည်း ကောင်း၊ ကျွန်ုပ် ရှင်ပြန်ထစေခြင်း ခံရမည့်နေ့၌လည်းကောင်း၊ (အလ္လာဟ်အသျှင်မြတ်ထံတော်မှ) ငြိမ်းချမ်းသာယာမှုသည် ကျရောက်ပါစေ။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အချုပ်မှာ မရ်ယမ်သခင်မသည် ထိုမိန့်မြွက်ချက်ကြောင့် ဖြေသိမ့်မှုရရှိသွားကာ ဟဇရသ်ဤစာ ﷺ ကို ဖွားမြင်လေသည်။) ၎င်းနောက် ယင်း (မရ်ယမ်) သည် ၎င်း (သားရတနာ) ကို (မိမိ၏ ရင်ခွင်ဝယ်) ပွေ့ချီလျက် (ထိုနေရာမှ ရွာသို့ ကြွလှမ်းကာ) မိမိ၏ အမျိုးသားတို့ထံ လာခဲ့လေ၏။ (ထိုအခါ) ၎င်း (အမျိုးသား) တို့က (၎င်းသူမသည် မင်္ဂလာဆောင်နှင်းမှုကို မပြုဘဲ ကလေးအား အဘယ်ကဲ့သို့ ရရှိသည်ကို တွေ့မြင်ကာ အဆိုးမြင်ဝါဒီဖြင့် ဤသို့) ပြောကြားခဲ့ကြကုန်၏။ အို့ မရ်ယမ်၊ အသင်မသည် အလွန်ဆိုးဝါး လှစွာသော ပြစ်မှုကို ကျူးလွန်ခဲ့လေသည်။ (ဆိုလိုသည်မှာ မပြောကောင်း၊ မဆိုအပ် အလွန်ဆိုးဝါးသော ပြစ်မှုကို ကျူးလွန်ခဲ့လေသည်။ မကောင်းသောအလုပ်ကို မည်သူမဆို ပြုလုပ်မည်ဆိုကလည်း မကောင်းသော အလုပ်ပင် ဖြစ်ပေသည်။ သို့ရာတွင် အသင်မအနေဖြင့် ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းသည် သာပို၍ ဒေါသ ထွက်စရာအကြောင်း ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်) အို့ ဟာရူးသန်သခင်၏ နှမ၊ (အသင်မ၏ ဆွေစဉ်မျိုးဆက်၌ မည်သည့်အခါမျှ မည်သူတစ်ဦးတစ်ယောက်မျှ ဤကဲ့သို့ မပြုလုပ်ခဲ့ပေ။ သို့ရှိရာ) အသင်မ၏ ဖခင်မှာလည်း (ဖခင်၏ ဓလေ့ကူးစက်လာရလောက်အောင်) အကျင့်မကောင်းသူ မဟုတ်ခဲ့ပေ။ မိခင်၏ အကျင့်ဓလေ့ ကူးစက်လာရလောက်အောင်လည်း) အသင်မ၏ မိခင်မှာလည်း အကျင့်ပျက်သူ

တစ်ဦး မဟုတ်ခဲ့ချေ။ (တစ်ဖန် အသင်မ၏ အစ်ကိုတော် ဟာရွန်နှုံ၍ အမည်ဖြင့် အလွန်မြတ်သော နဗီ တစ်ပါး၏အမည်ဖြင့် ထားရှိလေသည်။

အချုပ်သဘောမှာ မျိုးနွယ်အုပ်စုတစ်ရပ်လုံး သန့်ရှင်းမွန်မြတ်နေသည့် ကြားကပင် ဤကဲ့သို့သော အပြုအမူမျိုးကို ပြုလုပ်နေခြင်းသည် မည်မျှခန့် ဒေါသထွက်စရာ ကောင်းပေသနည်း။) ထိုအခါ ယင်း (မရ်ယမ်) သည် (၄င်းတို့ ပြောဆိုချက်အလုံးစုံကို ကြားနာ၍ တစ်စုံတစ်ရာ အဖြေမပေးပေ။ သို့သာမက) ၄င်း (သားရတနာ) ကို ညွှန်ပြခဲ့လေရာ (၄င်းကလေးငယ်အား မေးမြန်းပါလေ။ အသင်တို့ သိလိုသည့် အချက်များကို ၄င်းက အဖြေပေးလိမ့်မည်ဖြစ်ပေသည်။) ၄င်း (အမျိုးသား) တို့က (ဤသူငယ်သည် မိမိ တို့အား လှောင်ပြောင်သရော်နေသည်ဟူ၍ မှတ်ယူထားကြကာ အို၊ မရ်ယမ်) 'ကျွန်ုပ်တို့သည် ပုခက် တွင်းဝယ် ကလေး (ဘဝ) ၌ပင် ရှိနေသေးသော သူငယ်နှင့် မည်သို့လျှင် စကားပြောဆိုကြရမည်နည်း' ဟု ပြောဆိုခဲ့ကြလေသည်။ (အဘယ်ကြောင့်ဆိုသော် စကားကို စကားပြောဆိုနိုင်စွမ်းရှိသော သူတို့သာ လျှင် ပြောဆိုနိုင်စွမ်း ရှိကြပေသည်။ သို့ရှိရာ ဤသူငယ်သည် ကလေးဖြစ်သည့်အတွက်ကြောင့် စကားအရာ အပေါ် မည်သို့ စွမ်းဆောင်နိုင်အံ့ရှိပေမည်နည်း။ သို့ရှိရာ ကလေးနှင့် မည်သို့ စကားပြောဆိုရနိုင်အံ့နည်း။ ဤတစ်ခဏတာ အချိန်အတောအတွင်း၌) ယင်းကလေးသူငယ် (အီစာ) က (အလိုအလျောက် မိမိကိုယ်တိုင် မိမိ ဤကဲ့သို့သော စကားကို) ပြောဆို (ဖြေကြား) ခဲ့လေ၏။ ကေန်မလွဲ ကျွန်ုပ်သည် အလ္လာဟ်အသျှင် မြတ်၏ (သီးသန့်) ကျေးကျွန်သာလျှင် ဖြစ်ပေသည်။ အသိဉာဏ်အလီမ္မာ ကင်းမဲ့သော နစ္စရာနီများ ထင်မှတ် ထားကြသကဲ့သို့ အလ္လာဟ်အသျှင်မြတ်လည်း မဟုတ်ပေ။ ယဟူဒီတို့ ထင်မြင် မှတ်ယူထားကြသကဲ့သို့ လက်ခံခြင်း မခံထားရသူလည်း မဟုတ်ပေ။ ကျေးကျွန်ဗန္ဒာဟ်ဖြစ်ခြင်းနှင့် သီးသန့် အကျိုးထူး ဝိသေသ များ ရှိခြင်း၏ လက္ခဏာအနက်များမှာ) ထိုအသျှင်မြတ်သည် ကျွန်ုပ်အား (အင်န်ဂျီးလ်) ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ (နောက်ပိုင်း၌ ချီးမြှင့်တော်မူပေလိမ့်မည်။ လုံးဝ ချီးမြှင့်ခြင်း ခံရမည် ဟူသော အချက်သည် မုချဖြစ်သည့်အတွက်ကြောင့် ချီးမြှင့်ပြီးဖြစ်သည်ဟူ၍ မိန့်ဆိုလိုက်ခြင်းဖြစ်သည်။)

၄င်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား နဗီတမန်တော်အဖြစ်လည်း ချီးမြှောက်တော်မူခဲ့လေ သည်။ (ချီးမြှောက်တော်မူပေလိမ့်မည်) ၄င်းပြင် ထိုအသျှင်မြတ်သည် မည်သည့်နေရာ၌မဆို ကျွန်ုပ် ရှိနေ စေကာမူ 'ဗရ်ကသ်'မင်္ဂလာနှင့် ပြည့်စုံသူ (အဖြစ်) ပြုလုပ် (ထား) တော်မူခဲ့ပေသည်။ (ကျွန်ုပ်သည် အဖန်ဆင်းခံများအား သာသနာ့အကျိုးကို သယ်ပိုးထမ်းဆောင်ပေမည် ဖြစ်သည်။ 'ဗရ်ကသ်'ရောက်ရှိစေ ခြင်းမှာ သာသနာအား ပို့ဆောင်ဖြန့်ဖြူးမှုပင် ဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မဆို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ အကျိုးကို ပို့ချလျက် ရှိနေမည်သာ ဖြစ်သည်။) ၄င်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား (ဤကမ္ဘာလောက) ၌ အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး 'ဆွလာသ်'ဝတ်ပြုရန်လည်း ကောင်း၊ 'ဇကာသ်'ပေးဆောင်ရန်လည်းကောင်း အမိန့်ပေးတော်မူခဲ့လေသည်။ မိုးကောင်းကင်အပေါ်သို့ ကြွမြန်းသွားပြီးသည့်နောက် တာဝန်ရှိ အဖန်ဆင်းခံ၊ 'မုကလ်လဖ်'အဖြစ် မတည်ရှိတော့ပေ။ ဤသည် ဗန္ဒာဟ်ကျေးကျွန်ဖြစ်ခြင်း၏ အထောက်အထားသာလျှင် ဖြစ်ပေသည်။ ပမာဆိုရသော် ဂုဏ်ထူးဝိသေသန

၏ အခြားသော အထောက်အထားများလည်း ရှိပေသည်။) ၄င်းပြင် (ထိုအသျှင်မြတ်သည် ကျွန်ုပ်အား) ကျွန်ုပ်၏ မိခင်ကို ကောင်းစွာ ပြုစု၍ တာဝန်ကျေပွန်စွာ ကျေးဇူးပြုတတ်သူလည်း (ဖြစ်စေတော်မူခဲ့၏။ ဖခင်မရှိဘဲ မွေးဖွားသည့်အတွက်ကြောင့် မိခင်သည်သာလျှင် အထူးသီးသန့်ပုံစံမျိုးဖြင့် ကျေးဇူးရစ်၍ နေပေသည်။) ၄င်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား မာန်မာနထောင်လွှားသူ၊ အကြောင်းမလှ (မင်္ဂလာကင်းမဲ့) သူအဖြစ်လည်း ပြုလုပ်တော်မမူခဲ့ချေ။ (အလ္လာဟ်အသျှင်မြတ်၊ သို့မဟုတ် မိခင်တို့နှင့် စပ်လျဉ်းသော ဝတ္တရားများ၌ တာဝန်မကျေ မာန်မာနထောင်လွှားသူ၊ သို့မဟုတ် တာဝန်ဝတ္တရားများနှင့် ကျင့်ကြံဆောင်ရွက်ချက်များကို စွန့်လွှတ်၍ မကောင်းမှုများကို ဝယ်ယူလိုက်ခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။) ထို့ပြင် ကျွန်ုပ်အပေါ်၌ (အလ္လာဟ်) အသျှင်မြတ်၏ ဘက်တော်မှ ကျွန်ုပ် မွေးဖွားခဲ့သည့်နေ့၌လည်းကောင်း၊ ကျွန်ုပ် သေဆုံးမည့်နေ့၌လည်းကောင်း၊ ကျွန်ုပ် ('ကေယာမသ်'နေ့၌) ရှင်ပြန်ထစေခြင်းခံရမည့် နေ့၌လည်းကောင်း ငြိမ်းချမ်းသာယာမှုသည်) ကျရောက်ပါစေ။ (ကွယ်လွန်သေဆုံးမည့်နေ့ဟူသည် 'ကေယာမသ်' နီးကပ်လာချိန် မိုးကောင်းကင်မှ ပြန်လည်ဆင်းသက်လာချိန်ဖြစ်ပေသည်။) အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ငြိမ်းချမ်းသာယာမှုတို့သည် သီးသန့် ကျေးကျွန်များသာ ရရှိကြောင်း၏ အထောက်အထား ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَاَتَتْ بِهٖ قَوْمَهَا تَحْمِلُهٗ

(၄င်းနောက် ယင်းမရ်ယမ်သည် ၄င်းသားရတနာကို မိမိရင်ခွင်ဝယ် ပွေ့ချီလျက် မိမိ၏ အမျိုးသားတို့ထံ လာခဲ့လေ၏။) *[၁၉ : ၂၇]*

ထိုစကားလုံးများမှ ဟဇရသ်မရ်ယမ် ﷺ သခင်မသည် အကွယ်မှ သတင်းကောင်းများဖြင့် အလ္လာဟ်အသျှင်မြတ်သည် မိမိအား အမည်ပျက်မှုနှင့် သေးသိမ်မှုတို့မှ ကယ်တင်ထားတော်မူမည်ဖြစ်ကြောင်းကို စိတ်အေးချမ်းသာမှု ရရှိသွားသောအခါ ကိုယ်တိုင်သည်ပင်လျှင် မိမိ၏ မွေးကင်းစကလေးငယ်ကို ခေါ်ဆောင်ကာ မိမိ၏အိမ်သို့ ပြန်လာရောက်ကြောင်းတို့မှာ ထင်ရှားလှပေသည်။ တစ်ဖန် ဤသို့ ပြန်လည်ရောက်ရှိလာခြင်းသည် မွေးသည့်ရက်နှင့် မည်မျှ ကွာပေသနည်း။ အိဗ်နေအဗ္ဗာကိရ်၏ ဆင့်ပြန်ချက်၌ အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိထားသည်မှာ မွေးပြီးရက် (၄၀) အကြာ မီးတွင်းသွေးမှ သန့်စင်ပြီးသည့်နောက် မိမိ၏အိမ်သို့ ပြန်လာခဲ့လေသည်။ *[ရှဟူလ်မအာနီးကျမ်း]*

شَيْـًٔا فَرِيًّا

အသင်မသည် အလွန်ဆိုးရွားသော ပြစ်မှုကို ကျူးလွန်ခဲ့ပေသည်။ *[၁၉ : ၂၇]*

ဤအာယသ်တော်တွင် 'ဖရီး'ဟူသော စကားလုံးသည် အာရဗီဘာသာစကား၌ ဖြတ်တောက်၊ ဆုတ်ဖြဲခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ အကြင်အလုပ် သို့မဟုတ် အကြင်အရာ ပေါ်ထွက်လာစေရန် သာမန်

မပြောပလောက်သော ဖြတ်တောက် ရွေးချယ်မှု ရှိခဲ့သော ထိုအရာကို 'ဖရီး' فَرِيًّا ဟူ၍ ခေါ်ဆိုပေသည်။ အဗူဟိုက်ယားန်သခင်ကြီးက 'အလွန်ကြီးကျယ်သော အမှုကိစ္စတိုင်းကို 'ဖရီး' فَرِيًّا ဟု ခေါ်ဆိုပေသည်။ ကောင်းမှုနှင့် ပတ်သက်၍ ကြီးကျယ်သည်ဖြစ်စေ၊ မကောင်းမှုနှင့် ပတ်သက်၍ ကြီးကျယ်သည်ဖြစ်စေ ရှုထောင့်နှစ်ရပ်စလုံးကို ထောက်ရှု၍ ခေါ်ဆိုခြင်း ဖြစ်ပေသည်။ ဤနေရာ၌ အလွန်ဆိုးရွားသော အနက် အဓိပ္ပာယ်ကို ကောက်ယူထားခြင်း ဖြစ်ပေသည်။ ဤစကားလုံးကို များသောအားဖြင့် အသုံးပြုခြင်းသည် လည်း 'သာမန်မဟုတ်သော အလွန်ကြီးကျယ်စွာ မှားယွင်းသော ကျော်ကြားသည့် အမှုကိစ္စရပ်တိုင်း၌ အသုံးပြုကြလေသည်။

يَٰٓأُخْتَ هَٰرُونَ (အို၊ ဟာရူးန်၏နှမ) ဟူသော အာယသ်တော်၌ ဟဇရသ်မူစာ عليه السلام နှင့် ညီအစ်ကို အရင်း၊ အခွေခင်ပွန်းတော်စပ်သော ဟဇရသ်ဟာရူးန် عليه السلام သည် မရ်ယမ်သခင်မ၏ ခေတ်ကာလနှစ်ပေါင်း ရာပေါင်းများစွာ အလျင်ကတည်းက ပွင့်ပေါ်ခဲ့ပြီး ဖြစ်လေသည်။ ဤနေရာ၌ ဟဇရသ်မရ်ယမ် عليه السلام သခင်မ ကို ဟဇရသ်ဟာရူးန် عليه السلام ၏ နှမဟူ၍ သတ်မှတ်ထားရခြင်းမှာ မိမိ၏ အပေါ်ယံ အဓိပ္ပာယ်သဘောကို ထောက်ရှု၍ မဟုတ်ကြောင်းမှာ ထင်ရှားပေသည်။ ထို့ကြောင့် ဟဇရသ်မုဂီရားဟ်ဗင်န်ရှုအ်ဗားဟ် رضي الله عنه ကို တမန်တော်မြတ် ﷺ သည် နဂ်ရားန်မြို့သားတို့ထံ စေလွှတ်သောအခါ ၎င်းမြို့သားတို့က 'အသင်တို့၏ ကုရ်အာန်ကျမ်းတော်မြတ်၌ ဟဇရသ်မရ်ယမ်သခင်မကို ဟဇရသ်ဟာရူးန်၏ နှမဟူ၍ သုံးနှုန်းထားသည်။ ကေန်စင်စစ် ဟဇရသ်ဟာရူးန် عليه السلام သည် ရာစုများစွာအလျင် ၎င်းထက် ပွင့်ပေါ်ခဲ့ပြီးဖြစ်ပေသည်' ဟူသော မေးခွန်းကို မေးမြန်းလေသည်။ ဟဇရသ်မုဂီရာဟ်သည် ယင်းမေးခွန်း၏ အဖြေကို မသိရှိပေ။ ပြန်လာသော အခါ တမန်တော်မြတ် ﷺ အား ယင်းအချင်းအရာကို တင်ပြရာ ကိုယ်တော်မြတ် ﷺ က အဓိန့်ရှိသည် မှာ အသင်တို့ပြောဆိုလိုက်ရမည်မှာ 'အီမာန်ရှင်များ၏ အကျင့်ဓလေ့မှာ မိမိတို့အနေနှင့် 'ဗရ်ကာသ်' ရယူ လိုသော သဘောမျိုးဖြင့် နဗီတမန်တော်များ၏ အမည်များအား မိမိတို့၏ အမည်နာမများအဖြစ် ထားရှိ ကြလေသည်။ ၎င်းနဗီများဘက် ဆက်နွယ်လေ့ရှိကြကြောင်း' ကို အဘယ်ကြောင့် မပြောဆိုကြသနည်း။ (ယင်းဆင့်ပြန်ချက်ကို အဟ်မဒ်၊ မွတ်စ္စလင်မ်၊ သိရ်မေဇီနှင့် နစာအီသခင်တို့သည် ဆင့်ပြန်ထားသည်။)

ထိုဟဒီးစ်တော်၏ အလိုသဘောမှာ အချက်နှစ်ချက် ဖြစ်တန်ကောင်းရာသည်။ ပထမအချက်မှာ ဟဇရသ်မရ်ယမ်သခင်ကို ဟဇရသ်ဟာရူးန် عليه السلام ၏ နှမဟူ၍ ဆက်နွယ်ကာ မိန့်ဆိုတော်မူထားရခြင်း၏ အကြောင်းမှာ နှစ်ကာလများစွာ ကွာခြားနေလင့်ကစား မရ်ယမ်သခင်မသည် ၎င်း၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်ပေသည်။ ပမာဆိုရသော် အာရဗ်နိုင်ငံ၏ ဓလေ့မှာ 'သမီးမ်'မျိုးနွယ်စုဝင်ကို 'အခါသမီးမ်'နှင့် အာရဗ် မျိုးနွယ်စုဝင်ကို 'အခါအာရဗ်'ဟူ၍ ခေါ်ဆိုကြပေသည်။ ဒုတိယ ဖြစ်နိုင်ချေရှိသော အချက်မှာ ဤနေရာ၌ ဟဇရသ်ဟာရူးန် عليه السلام ၏ အလိုသဘောမှာ ဟဇရသ်မူစာ عليه السلام ၏ အခွေခင်ပွန်းဖြစ်သည့် နဗီမဟုတ် ပေ။ သို့သာမက မရ်ယမ်သခင်မ၏ အစ်ကိုတော်၏ အမည်သည် ဟာရူးန်ဖြစ်ပေသည်။ အကြင်အမည်ကို

'ဖရိကာသ်' ရယူလိုသော သဘောမျိုးဖြင့် ထားရှိထားခြင်းဖြစ်ပေသည်။ ဤသို့ဖြင့် မရ်ယမ်သခင်မကို (ဟာရေသ်ဟာရွှန်၏နှမ) ဟူ၍ ပြောဆိုခြင်းသည် မိမိ၏ အမှန်တကယ် အဓိပ္ပာယ်ပုံစံမျိုးဖြင့် မှန်ကန်သွားပေသည်။

مَاكَانَ اَبُوْكِ امْرَ اَسَوْءٍ

အသင်မ၏ ဖခင်မှာလည်း အကျင့်မကောင်းသူ မဟုတ်ခဲ့ပေ။ *[၁၉ : ၂၈]*

အထက်ဖော်ပြပါ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးတော်များမှ 'အကြင်သူသည် သူတော်စင် သူတော်ကောင်းများ၏ သားစဉ်မြေးဆက်များထဲမှဖြစ်ကာ အကယ်၍ ၎င်းသည် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်သည်ဆိုလျှင် အခြားသောသူများထက် ပြစ်မှုဒုစရိုက်အရာ၌ ၎င်းသည် ပို၍ ကြီးမားပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကဲ့သို့ ပြုလုပ်လိုက်ခြင်းဖြင့် ၎င်း၏ အကြီးအကဲများ သိက္ခာကျဆင်းမှုနှင့် အမည်ပျက်မှုသည် ဖြစ်ပေါ်နေပေသည်။ ထို့ကြောင့် သူတော်စင်အကြီးအကဲများ၏ သားသမီးများသည် ကောင်းမြတ်သော အကျင့်သီလနှင့် 'သတ္တဝါ'(ရှောင်ကြဉ်မှု) တရားထားရန် သောကကို သာပို၍ ထားရန် သင့်ပေသည်။

اِنِّىْ عَبْدُ اللّٰهِ (ကေန်မလွဲ ကျွန်ုပ်သည် အသျှင်မြတ်၏ ကျေးကျွန်သာလျှင်ဖြစ်သည်။)

ဆင့်ပြန်ချက်တစ်ရပ်တွင် လာရှိသည်မှာ မရ်ယမ်သခင်မ၏ မျိုးနွယ်စုတို့သည် ၎င်းအား စောင်းချိတ် ကဲ့ရဲ့ပြစ်တင်မှုကို စတင်သောအခါဝယ် ဟာရေသ်အီစာ عليه السلام သည် နို့သောက်လျက် ရှိနေပေသည်။ ဟာရေသ်အီစာ عليه السلام သည် ၎င်းတို့၏ ပြစ်တင်ပြောဆိုမှုကို ကြားသောအခါ နို့သောက်သုံးမှုကို စွန့်လွှတ်ကာ မိမိ၏ ဘယ်ဘက်သို့ အမှီပြုပြီး ၎င်းတို့ဘက်သို့ မျက်နှာမူ၍ လက်ညှိုးတော်ဖြင့် ညွှန်ပြကာ အောက်ဖော်ပြပါ စကားလုံးများကို မိန့်တော်မူပေသည်။

اِنِّىْ عَبْدُ اللّٰهِ (ကေန်မလွဲ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေးကျွန်သာလျှင် ဖြစ်ပေသည်။) ထိုပထမ စကားလုံး၌မှာပင် ဟာရေသ်အီစာ عليه السلام သည် 'ကျွန်ုပ်၏ မွေးမြူမှုသည် အံ့မခန်းပုံစံမျိုးဖြင့် မွေးဖွားလာ နေလင့်ကစား ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်မဟုတ်ဘဲ ထိုအသျှင်မြတ်၏ ကျေးကျွန်သာလျှင် ဖြစ်ပေ သည်။ သို့မှသာ လူတို့သည် ကျွန်ုပ်အား ခဝ်ဝိကိုးကွယ်မှု၌ မနစ်မွန်းစေရန် ဖြစ်ပေသည်' ဟူသော သဘောပေါက်မှု၊ အတွေးအခေါ်များကို ဖြစ်ပေါ်စေမည် ဖြစ်သည်။

اٰتٰنِىَ الْكِتٰبَ وَجَعَلَنِىْ نَبِيًّا

ထိုအသျှင်မြတ်သည် ကျွန်ုပ်အား 'အင်န်ဂျီးလ်' ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ကျွန်ုပ်အား နဗီတမန်တော်မြတ်အဖြစ်လည်း ချီးမြှောက်တော်မူခဲ့လေသည်။

[၁၉ : ၃၀]

ထိုစကားလုံးတော်၌ ဟဇရသ်အီစာ ﷺ သည် မိမိနို့သောက်သုံးနေစဉ် ခေတ်ကလာ၌မှာပင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ နဗီဖြစ်ကြောင်းနှင့် ကျမ်းဂန်ရရှိမည်ဖြစ်ကြောင်းကို သတင်းပေးခဲ့လေသည်။ ကေနစ်စင်စစ် မည်သည့်ရစူလ်တမန်တော်တစ်ပါးပါးမျှ သက်တော် (၄၀) မတိုင်မီအလျင် နဗီဘွဲ့နှင့် ကျမ်းစာအုပ်ကို မရရှိနိုင်ပေ။ ထို့ကြောင့် ယင်းစကားလုံးတော်များ၏ အလိုသဘောမှာ ဤသို့ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိအား မိမိအချိန်တန်လာချိန်၌ နဗီဘွဲ့နှင့် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူမည်ဖြစ်ကြောင်းကို ဆုံးဖြတ်ထားတော်မူပေသည်။ ဤဟဇရသ်အီစာ ﷺ ပြောဆိုသော စကားစုသည် တမန်တော်မြတ် ﷺ မိန့်ဆိုသော မိန့်ဆိုချက်နှင့် လုံးဝ ထပ်တူထပ်မျှ ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ က 'ငါကိုယ်တော်သည် ဟဇရသ်အာဒမ် ﷺ ပေါ်ပေါက်တော်မူခြင်းမရှိဘဲ ၎င်း၏ ရုပ်ကလပ်ဘဝမှာပင် မိမိ နဗီဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရလေသည်' ဟူ၍ မိန့်ဆိုတော်မူခဲ့သည်။ ယင်းဟဒီးစ်တော်၏ အလိုသဘောမှာ 'တမန်တော်မြတ် ﷺ အဖို့ နဗီဘွဲ့ပေးအပ်မည်ဖြစ်ကြောင်းသည် လုံးဝဥဿုံ ဖြစ်နေခြင်းမှအပ အခြားမည်သည့်အချက်မျှ မဖြစ်နိုင်ကြောင်းမှာ ထင်ရှားလှပေသည်။ ဤနေရာ၌လည်း ယင်းသို့ လုံးဝ ဖြစ်ပေါ်လာမည်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ နဗီဘွဲ့ပေးအပ်မည်ဖြစ်သော စကားလုံးကို အတိတ်ကာလဖြင့် သရုပ်ဖော်ထားပေသည်။ နဗီဘွဲ့ပေးအပ်မည်ဖြစ်ကြောင်း ထုတ်ဖော်လိုက်ခြင်းသည် 'ကျွန်ုပ်၏ မိခင်အပေါ် မတရားစွပ်စွဲမှုပြုခြင်းမှာ လုံးဝ မှားယွင်းပေသည်' ဟူ၍ အဆိုးမြင်ဝါဒီရှိသော သူတို့၏ အဆိုးမြင်ဝါဒီကို ဖယ်ရှားအဆုံးသတ်စေလိုက်ပေသည်။ အဘယ်ကြောင့်ဆိုသော် မိမိအနေဖြင့် နဗီဖြစ်ခြင်းနှင့် ရစူလ်ဘွဲ့ရရှိခြင်းသည် မိမိမွေးဖွားလာရာ၌ မည်သည့်ပြစ်မှုဒုစရိုက်တစ်ခုမျှ မပါဝင်ကြောင်း အထောက်အထားဖြစ်ပေသည်။

اَوْصٰنِىْ بِالصَّلٰوةِ وَالزَّكٰوةِ

ထိုအသျှင်မြတ်သည် ကျွန်ုပ်အား 'ဆွလားသ်'ဝတ်ပြုရန်သော်လည်းကောင်း၊ 'ဇကားသ်'ပေးဆောင်ရန်လည်းကောင်း အမိန့်ပေးတော်မူခဲ့လေသည်။ *[၁၉ : ၃၁]*

ပညတ်ချက်တစ်ခုအား လေးနက်စွာ မိန့်ဆိုတော်မူရန်ရှိမူ 'ဝဆွိယသ်'ဟူသော စကားလုံးဖြင့် သုံးနှုန်းကာ မိန့်ဆိုတော်မူပေသည်။ ဟဇရသ်အီစာ ﷺ သည် ဤနေရာ၌ မိန့်တော်မူထားသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား 'ဆွလားသ်'ဝတ်ပြုရန်သော်လည်းကောင်း၊ 'ဇကားသ်'ပေးဆောင်ရန်လည်းကောင်း အမိန့်ပေး ('ဝဆွိယသ်'ပြုလုပ်) တော်မူခဲ့ပေသည်။ ယင်းသို့ မြွက်ကြားတော်မူခြင်း၏ အလိုသဘောမှာ အလွန်လေးနက်စွာဖြင့် ယင်းကျင့်ကြံချက် နှစ်ရပ်စလုံးအား ပြုလုပ်ရန် ကျွန်ုပ်အား မိန့်တော်မူထားခြင်း'သည်သာလျှင် ဖြစ်ပေသည်။

နမာဇ်နှင့် 'ဇကားသ်'သည် ဟဇရသ်အာဒမ် ﷺ ၏ လက်ထက်မှစ၍ တမန်တော်မြတ် ﷺ ၏ ခေတ်ကာလထိတိုင် နဗီနှင့် ရစူလ်တမန်တော်တိုင်း၏ သာသနာတော်များ၌ 'ဖွရဒ်'အဖြစ် တည်ရှိလာခဲ့သော ကျင့်ဝတ်များ ဖြစ်ပေသည်။ သို့ရာတွင် သာသနာအမျိုးမျိုး၌လည်းကောင်း 'အေဗာဒသ်'တို့၏ အကျယ်ချဲ့

အချက်များနှင့် အခြေခံအချက်အလက်များသည် ကွဲပြားလျက်ရှိနေပေသည်။ ဟဇရတ်အီစာ ﷺ ၏ သာသနာ၌လည်း နမာဇ်နှင့် 'ဇကားသ်'သည် 'ဖွရဇ်'ဖြစ်ပေသည်။ ဟဇရတ်အီစာ ﷺ သည် ချမ်းသာကြွယ်ဝသူ တစ်ဦး မဟုတ်ပေ။ အိမ်ကိုလည်း မဆောက်လုပ်ထားပေ။ မည်သည့်အရာ တစ်စုံတစ်ရာကိုမျှလည်း စုဆောင်းထားခြင်းမျိုးလည်း မရှိပေ။ တစ်ဖန် ၎င်းအား 'ဇကားသ်'ပေးဆောင်ရန် အမိန့်သည် မည်သည့်အချက်အပေါ်၌နည်း'ဟူသော အချက်သည် ကျန်ရှိနေပေသည်။ သို့ဆိုလျှင် ယင်းအချက်၏ ရှင်းလင်းလှစွာသော ရည်ရွယ်ချက်မှာ ဤသို့ဖြစ်သည်။ ၎င်းတို့၏ သာသနာ၌ အကြွင်းသူထံ၌ ပစ္စည်းဥစ္စာ ရှိပါက ၎င်းအပေါ် 'ဇကားသ်'သည် 'ဖွရဇ်'ဖြစ်ပေသည်'ဟူသော ပြဋ္ဌာန်းမှုသည် ရှိပေသည်။ ဟဇရတ်အီစာ ﷺ သည်လည်း ၎င်းထံ၌ ပစ္စည်းဥစ္စာသည် 'နေဆားဗ်'အတိုင်းအတာခန့်ရှိလာမူ 'ဇကားသ်' ပေးဆောင်ရန် ၎င်းအပေါ်၌လည်း တာဝန်ရှိပေသည်။ တစ်ဖန် အကယ်၍ သက်တမ်းတစ်လျှောက်လုံး၌ မည်သည့်အခါမျှ ၎င်းနဗီထံ၌ ပစ္စည်းဥစ္စာ စုဆောင်းခြင်း မရှိခဲ့ပါမူ ယင်းအချက်သည် အထက်ဖော်ပြပါ အမိန့်နှင့် ဆန့်ကျင်ဘက် ဖြစ်မနေပေ။ *[ရှုးဟ်]*

مَا دُمْتُ حَيًّا

(အသက်ထင်ရှားရှိနေသမျှ ကာလပတ်လုံး) ဟူသော အာယသ်တော်တွင် နမာဇ်နှင့် 'ဇကားသ်'၏ အမိန့်သည် ကျွန်ုပ်တို့အဖို့ အသက်ထင်ရှားစွာ ရှိနေသမျှ ကာလပတ်လုံး ကျင့်ကြံဆောင်ရွက်ရန်အတွက် အမိန့်ဖြစ်သည်။ ထိုပြောဆိုချက်၏ အလိုသဘောမှာ 'ဤကမ္ဘာလောကဝယ် မြေပထဝီပေါ်၌ တည်ရှိနေခြင်း၏ သက်တမ်းဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအထက်ဖော်ပြပါ ကျင့်ကြံဆောက်တည်မှုများသည် ဤကမ္ဘာမြေပထဝီပေါ်၌သာလျှင် ဖြစ်နိုင်ပေသည်။ ဤအချိန်မှစ၍ 'မိုးကောင်းကင်အပေါ် ကြွမြန်းသွားပြီးသည့်နောက်နှင့် ပြန်လည်ဆင်းသက်လာသည့်အချိန်ကာလထိတိုင် ကင်းလွတ်ခွင့်ကာလ ဖြစ်ပေသည်။

بَرًّا بِوَالِدَتِي

(ကျွန်ုပ်၏ မိခင်ကို ကောင်းစွာ ပြုစု၍ တာဝန်ကျေပွန်စွာ ကျေးဇူးပြုတတ်သူလည်း ဖြစ်စေတော်မူခဲ့၏။) *[၁၉ : ၃၂]*

ဤနေရာတွင် မိဘနှစ်ပါးဟူ၍ မသုံးထားဘဲ မိခင်ဟူ၍သာ သုံးထားပေသည်။ ထိုပြောကြားချက်၌ 'ကျွန်ုပ်တည်ရှိခြင်းသည် ဖခင်မဲ့ အံ့ဖွယ် မွေးဖွားလာသည့်ပုံစံဖြစ်ကြောင်းနှင့် ကလေးဘဝ၌မှာပင် အံ့ဖွယ် စကားပြောဆိုနိုင်ခြင်းသည် ၎င်းတို့အဖို့ လုံလောက်စွာသော သက်သေနှင့် အထောက်အထားဖြစ်ခြင်းဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊

مَا كَانَ لِلّٰهِ اَنْ يَّتَّخِذَ مِنْ وَّلَدٍ سُبْحٰنَهٗ ۚ اِذَا قَضٰۤى اَمْرًا فَاِنَّمَا يَقُوْلُ لَهٗ كُنْ فَيَكُوْنُ ۝٣٥

၁၉ : ၃၅ ။ ။ တစ်ဦးတစ်ယောက်အား သားသမီးပြုလုပ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်နှင့် အလျဉ်းမအပ်စပ်ပေ။ ထိုအသျှင်မြတ်သည် (အိမ်ထောင်ပြု သားဖွားခြင်းကိစ္စတို့မှ) လုံးဝ ကင်းတော်မူ၏။ (အမှန်စင်စစ်) မည်သည့်အခါမဆို ထိုအသျှင်မြတ်သည် အမှုကိစ္စ တစ်စုံတစ်ရာကို စီရင်ပြဋ္ဌာန်းတော်မူပါလျှင် ထိုအသျှင်မြတ်သည် ယင်းအမှုကိစ္စကို 'ဖြစ်စေ' ဟု မိန့်ကြားတော်မူရုံမျှဖြင့် ထိုအမှုကိစ္စသည် ဖြစ်သွားလေ၏။

وَاِنَّ اللّٰهَ رَبِّيْ وَرَبُّكُمْ فَاعْبُدُوْهُ ۗ هٰذَا صِرَاطٌ مُّسْتَقِيْمٌ ۝٣٦

၁၉ : ၃၆ ။ ။ ၎င်းပြင် စကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အားလည်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ အသင်တို့အားလည်း ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်ကိုသာလျှင် ဝတ်ပ်ကိုးကွယ်ကြလေကုန်။ ဤသည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းမှန်ပင် ဖြစ်ပေသည်။

فَاخْتَلَفَ الْاَحْزَابُ مِنْۢ بَيْنِهِمْ ۚ فَوَيْلٌ لِّلَّذِيْنَ كَفَرُوْا مِنْ مَّشْهَدِ يَوْمٍ عَظِيْمٍ ۝٣٧

၁၉ : ၃၇ ။ ။ ထို့နောက် ၎င်း (ခရစ်ယာန်) တို့အနက်၊ အုပ်စုအသီးသီးတို့သည် အထင်အမြင် အယူအဆ ကွဲပြားခဲ့ကြလေသည်။ သို့ဖြစ်ပေရာ ကြီးကျယ်လှစွာသော (ကေယာမသ်) နေ့ ရောက်ရှိလာသောအခါ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့၌ (အကြီးအကျယ်) ပျက်စီးမှုသည် ရှိပေသည်။

اَسْمِعْ بِهِمْ وَاَبْصِرْ ۙ يَوْمَ يَاْتُوْنَنَا لٰكِنِ الظّٰلِمُوْنَ الْيَوْمَ فِيْ ضَلٰلٍ مُّبِيْنٍ ۝٣٨

၁၉ : ၃၈ ။ ။ ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်သို့ လာကြသောနေ့တွင် ထိုသူတို့သည် ကောင်းစွာ ကြားရမည်။ ကောင်းစွာ မြင်ရမည်။ သို့ရာတွင် ယနေ့သော် မတရားကျူးလွန်သူတို့သည် အလွန်ထင်ရှားစွာသော လမ်းမှားမှု၌ပင် ရှိနေကြကုန်၏။

وَاَنْذِرْهُمْ يَوْمَ الْحَسْرَةِ اِذْ قُضِيَ الْاَمْرُ ۘ وَهُمْ فِيْ غَفْلَةٍ وَّهُمْ لَا يُؤْمِنُوْنَ ۝٣٩

၁၉ : ၃၉ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့အား၊ အကြင်ဝမ်းနည်းကြေကွဲရမည့်နေ့နှင့် စပ်လျဉ်း၍ သတိပေးနှိုးဆော်ပါလေ။ အမှန်စင်စစ် ၎င်းတို့သည် အလေးမမူ ဂရုမစိုက်ဘဲ ရှိနေကြပေသည်။ ထိုနေ့တွင် အမှုကိစ္စ (အဝဝ တို့သည် နောက်ဆုံးအနေနှင့်) စီရင်ဆုံးဖြတ်ပြီး ဖြစ်ပေလိမ့်မည်။

إِنَّا نَحْنُ نَرِثُ الْأَرْضَ وَمَنْ عَلَيْهَا وَإِلَيْنَا يُرْجَعُونَ ﴿٤٠﴾

၁၉ : ၄၀ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည်သာလျှင် ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းကမ္ဘာမြေဝယ် ရှိသမျှတို့ကိုလည်းကောင်း၊ အမွေခံ (တစ်နည်း) နောက်ဆုံး ပိုင်ဆိုင်တော်မူသော အသျှင်မြတ်အဖြစ် ကျန်ရစ်တော်မူမည်။ ထို့ပြင် ၎င်းတို့သည် ငါအသျှင်မြတ် ထံတော်သို့သာလျှင် ပြန်လည်ရောက်ရှိကြရမည်သာ ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤသည် မရ်ယမ်သခင်မ၏ သားတော် အကြောင်းအီစာပင် ဖြစ်၏။ (အကြောင်နဗီ၏ ပြောဆိုချက်များနှင့် အခြေအနေများကို တင်ပြထားပေသည်။ အကြောင်းအချက်များမှာ ၎င်းသည် အသျှင်မြတ်လက်ခံထားတော်မူသော ကျေးကျွန်တစ်ယောက်ဖြစ်ကြောင်းကို သိရှိရပေသည်။ အီစာအီများကဲ့သို့ ၎င်းအား ကျေးကျွန်များ၏ စာရင်းမှထုတ်ကာ အလ္လာဟ်အသျှင်မြတ်ထိတိုင် ပို့ဆောင်ခြင်းခံထားရသူလည်း မဟုတ်ပေ။ ယဟူဒီများကဲ့သို့လည်း ၎င်းအား လက်ခံခြင်းခံထားရသော အဆင့်မှ ထုတ်ကာ အမျိုးမျိုးသော စွပ်စွဲမှုများပြုခြင်း ခံရသူလည်း မဟုတ်ပေ။) ယင်း (အီစာ) သည် (လုံးဝ) မှန်ကန်သော စကားကို ပြောဆိုခဲ့လေသည်။ (အကြောင်အချက်များ၌ အတိုင်းအတာထက် ပိုမိုပြုသူ၊ လျှော့သူ) တို့သည် ထိုအီစာနှင့် ပတ်သက်၍ အငြင်းအခုံပြုလျက် ရှိကြကုန်သည်။

(သို့ရှိရာ ယဟူဒီတို့နှင့် နစ္စရာနီတို့၏ အဆိုများကို အထက်၌ သိရှိခဲ့ရလေသည်။ ယဟူဒီတို့၏ ပြောဆိုချက်သည် ပြင်ပသဏ္ဍာန်အားဖြင့်လည်း မုချ နဗီအား စောင်းချိတ်ကဲ့ရဲ့ပြစ်တင်နေသည် ဖြစ်သောကြောင့် ရှင်းလင်းစွာ မှားယွင်းသောကြောင့် ၎င်းတို့အား ချေပရန် ဤနေရာ၌ မီးမောင်းမထိုးထားပေ။ ၎င်းတို့နှင့် ဆန့်ကျင်စွာ နစ္စရာနီတို့၏ ပြောဆိုချက်ဖြစ်သည့် ပြင်ပသဏ္ဍာန်အားဖြင့် ကြည့်ရှုမည်ဆိုလျှင် အရည်အချင်းများကို သာပို များပြားစွာ ထောက်ခံအတည်ပြုခြင်း ဖြစ်သည်။ အကြောင်းမှာ နဗီဖြစ်ခြင်းနှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ သားတော်ဖြစ်ကြောင်းကို အတည်ပြုထားပေသည်။ ဤအတွက်ကြောင့် ရှေ့၌ ၎င်းတို့အား ချေပထားပေသည်။ အကြောင်ချေပချက်၏ ရလဒ်မှာ ဤသို့ပင် ဖြစ်သည်။ ၎င်းတို့၏ ပြောဆိုချက်၌ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်တွင် ထောက်ပြရန်အချက်သည် မုချ 'သောင်ဟီးဒ်' (တစ်ပါးတည်းတည်ရှိခြင်း) ကို ငြင်းဆိုသည့်ပုံစံမျိုးဖြင့် သက်ရောက်နေသည်။ ကေန်စင်စစ်) တစ်ဦးတစ်ယောက်အား သားသမီးပြုလုပ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်နှင့် အလျဉ်းမအပ်စပ်ပေ။ ထိုအသျှင်မြတ်သည် (အိမ်ထောင်ပြု၊ သားဖွားခြင်းကိစ္စတို့မှ) လုံးဝ ကင်းတော်မူ၏။ (အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်မှာ အမှန်စင်စစ်) မည်သည့်အခါမဆို ထိုအသျှင်မြတ်သည် အမှုကိစ္စတစ်စုံတစ်ရာကို စီရင်ပြဋ္ဌာန်းတော်မူပါလျှင် ထိုအသျှင်မြတ်သည် ယင်းအမှုကိစ္စကို 'ဖြစ်ပေ'ဟု မိန့်ကြားတော်မူရုံမျှဖြင့် ထိုအမှုကိစ္စသည် ဖြစ်သွားလေ၏။ (ဤကဲ့သို့သော ပြည့်ဝစုံလင်လှသည့် အသျှင်မြတ်အတွက် သားသမီးရှိရန်ဟူသည် ဦးနှောက်အသိဉာဏ်အရ ချို့ယွင်းချက်၊ ချွင်းချက်ပင် ဖြစ်ပေသည်။)

၄င်းပြင် (အသင်သည် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်းတရား) အတည်ပြုရန်အတွက် လူတို့အား ပြောပြတော်မူပါ။ မုရှိရစ်က်များသည်လည်း နားထောင်ရန်ဖြစ်သည်။) ကေန်အမှန် အလ္လာဟ် အသျှင်မြတ်သည် ကျွန်ုပ်အားလည်း မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသင်တို့အားလည်း မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်ကို သာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။ ဤသည်သာလျှင် (သီးသန့် အလ္လာဟ်အသျှင်မြတ်ကိုသာ ခဝပ်ကိုးကွယ် ခြင်း ဆိုလိုသည်မှာ တစ်ပါးတည်း တည်ရှိခြင်းတရားကို ရွေးချယ်ခြင်းသည် ဒီးန်သာသနာ၏) ဖြောင့်မတ် မှန်ကန်သော တရားလမ်းမှန်ပင် ဖြစ်ပေသည်။ ထို့နောက် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း) နှင့် စပ်လျှဉ်း၍ ဦးနောက်အသိဉာဏ်အရ ယုံကြည်ခံရသော အထောက်အထားနှင့် ဆင့်ကဲဆင့်ကဲ ရောက်ရှိ လာသော အထောက်အထားများ တည်ရှိနေသည့် ကြားကတည်းကပင်) ၄င်း (ခရစ်ယာန်) တို့အနက် အုပ်စုအသီးသီးတို့သည် (ယင်း 'သောင်ဟီးဒ်'တရားနှင့် စပ်လျှဉ်း၍) အထင်အမြင် အယူအဆ ကွဲပြားခဲ့ ကြလေသည်။ (ဆိုလိုသည်မှာ 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိခြင်းတရား) ကို ငြင်းဆို၍ အမျိုးမျိုး သော သာသနာတို့ကို တီထွင်မှုကို ပြုလာကြပေသည်။

သို့ဖြစ်ပေရာ ကြီးကျယ်လှစွာသော (လေးလံသည့် 'ကေယာမသ်') နေ့ ရောက်ရှိလာသောအခါ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့၌ (အကြီးအကျယ်) ပျက်စီးမှု ရှိပေမည်။ (အလိုသဘောမှာ 'ကေယာမသ်'နေ့ ဖြစ်ပေသည်။ တစ်နစ်တာခန့် ရှည်၍ ကြောက်ရွံ့စိုးရိမ်မှုများ ရှိနေသည့်အတွက်ကြောင့် အလွန်ကြီးကျယ်သောနေ့ ဖြစ်ပေသည်။) ၄င်းတို့သည် (စာရင်းအင်းစစ်ဆေးခြင်းခံရရန်) ငါအသျှင်မြတ်ထံ တော်သို့ လာကြသောနေ့တွင် ထိုသူတို့သည် ကောင်းစွာ ကြားရမည်။ ကောင်းစွာ မြင်ရမည်။ အဘယ် ကြောင့်ဆိုသော် 'ကေယာမသ်'နေ့၌ ဤအခြေခံအရင်းအမြစ်များအားလုံး အခစားတော်သို့ ဝင်ရောက်ရမည် ဖြစ်ပြီး မှားယွင်းမှုများအားလုံး ပပျောက်သွားပေမည်။

သို့ရာတွင် ယနေ့သော် မတရားကျူးလွန်သူတို့သည် (ဤကမ္ဘာလောက၌ မည်ကဲ့သို့) အလွန်ထင်ရှား စွာသော လမ်းမှားမှု၌ပင် ရှိနေကြကုန်၏။ ထို့ပြင် (အို, နဗီတမန်တော်) အသင်သည် ၄င်းတို့အား အကြင် ဝမ်းနည်းကြေကွဲရမည့်နေ့နှင့် စပ်လျှဉ်း၍ သတိပေး နိုးဆော်ပါလေ။ အမှန်စင်စစ် ၄င်းတို့သည် အလေးမမူ ဂရုမစိုက်ဘဲ ရှိနေကြပေသည်။ ထိုနေ့တွင် ('ဂျန္နသ်'၊ 'ဂျဟန္နမ်'နှင့် စပ်လျှဉ်းသော) အမှုကိစ္စ (အဝဝတို့ သည် နောက်ဆုံးအနေနှင့်) စီရင်ဆုံးဖြတ်ပြီး ဖြစ်ပေလိမ့်မည်။ (အကြင်အချက်အကြောင်း ဟဒီးစ်တော်၌ တင်ပြလာရှိထားပေသည်။ 'ဂျန္နသ်'သားနှင့် 'ဂျဟန္နမ်'သားများကို သေခြင်းတရားကို ပြသကာ ယင်း သေခြင်းတရားသည် 'ဇဗာဟ်'ပြုခြင်း ခံရပေလိမ့်မည်။ ထို့ပြင် ယင်းလူတန်းစားနှစ်ရပ်စလုံးကို အမြဲတစေ ထာဝစဉ် ထိုအခြေအနေ၌မှာပင် ရှင်သန်စွာဖြင့် တည်ရှိနေရန် အမိန့်ကို ကြားနာရပေလိမ့်မည်။ ယင်းဆင့်ပြန် ချက်ကို ဘိုခါရီ၊ မွတ်စ္စလင်မ်နှင့် သိရ်မေဇီကျမ်းရှင်တို့က ဆင့်ပြန်ထားပေသည်။ ထိုအချိန်၌ ဝမ်းနည်း ကြေကွဲခြင်း အဆုံးမရှိခြင်းမှာ ထင်ရှားလှပေသည်။ အမှန်စင်စစ် ၄င်းတို့သည် အလေးမမူ ဂရုမမူဘဲ ရှိနေကြကာ အီမာန်ကိုလည်း မရယူထားကြပေ။ သို့ရာတွင် နောက်ဆုံးတစ်နေ့ ၄င်းတို့သည် ကွယ်လွန်

သေဆုံးကြရမည်သာ ဖြစ်ပေသည်။) စေကန်မလွဲ ငါအသျှင်မြတ်သည်သာလျှင် ကမ္ဘာမြေကိုလည်းကောင်း၊ ယင်းကမ္ဘာမြေဝယ် ရှိသမျှတို့ကိုလည်းကောင်း (နောက်ဆုံး ပိုင်ဆိုင်တော်မူသော အသျှင်မြတ်အဖြစ်) ကျန်ရစ်တော်မူပေမည်။ ထို့ပြင် ၎င်းတို့သည် ငါအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြရမည်သာ ဖြစ်သည်။ (တစ်ဖန် မိမိတို့ ပြုကျင့်ခဲ့သော 'ကုဖ်ရ်' (သွေဖည်ငြင်းပယ်မှု) နှင့် ရှရစ်က် (တုဖက်နိုင်းယှဉ်)မှုတို့၏ အစားကို ခံရပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ذَٰلِكَ عِيسَى ابْنُ مَرْيَمَ

(ဤသည် မရ်ယမ်သခင်မ၏ သားတော် အကြင်အီစာပင် ဖြစ်၏။) *[၁၉ : ၃၄]*

ဟဇရသ်အီစာ ﷺ နှင့် စပ်လျဉ်း၍ ယဟူဒီနှင့် နစ္စရာနီတို့၏ အတိုင်းထက်အလွန်၊ အတိုင်းထက်နည်းသော အလဟဿ တွေးခေါ်မှုများသည် ဤအခြေအနေထိတိုင် ရောက်ရှိနေပေသည်။ နစ္စရာနီများသည် ၎င်းအား 'အလ္လာဟ်အသျှင်မြတ်၏ သား'ဟူ၍ ပြောဆိုလာကြသည့်တိုင် ဂုဏ်ပေးလေးစားမှုကို ပြုကြပေသည်။ ယဟူဒီများသည် ၎င်းအား 'ယူစွဖ်နဂ်ဂျားရ်၏ တရားမဝင်သော သား'ဟူ၍ ပြောဆိုလာကြသည့်တိုင် သိက္ခာချမှုကို ပြုလာကြလေသည်။ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ခိုလှုံခွင့်ကို တောင်းဆိုပါ၏။) အလ္လာဟ်အသျှင်မြတ်သည် လူတန်းစားနှစ်ရပ်စလုံး၏ မှားယွင်းချက်များကို ပြသကာ အခြေအနေစစ် အခြေအနေမှန်ကို ဤအာယသ်တော်၌ ရှင်းလင်းစွာ မိန့်ဆိုထားပေသည်။ *[ကုရ်သုဗီ]*

قَوْلُ الْحَقِّ (ယင်းအီစာသည် မှန်ကန်သောစကားကို ပြောဆိုခဲ့လေသည်) ဟူသော အာယသ်တော်တွင် 'လာမ်'ကို 'ဇဗရ်'ဖြင့် ဖတ်မည်ဆိုပါက သဒ္ဒါအရ ဝါကျတည်ဆောက်ပုံမှာ قَوْلُ الْحَقِّ သည် ၎င်းစကားစု၏ မူရင်းဝါကျဖြစ်ပေသည်။ အချို့သော 'ကေရာအသ်'များ၌ لُ 'လာမ်'ကို 'ပေး၍'ဖြင့် ဖတ်သော ပုံစံ လာရှိထားပေသည်။ ထိုအချိန်မှာ ယင်းစကားစု၏ အလိုသဘောမှာ ဟဇရသ် အီစာ ﷺ ကိုယ်တော်တိုင်သည် قَوْلُ الْحَقِّ ဖြစ်သည်။ ပမာဆိုရသော် ၎င်းအား 'ကလေမသွလ်လားဟ်'ဟူ၍ ဘွဲ့ပေးထားပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမွေးမြူပေါ်ပေါက်လာခြင်းသည် ပြင်ပအကြောင်းခံများ မပါဝင်ဘဲ အလ္လာဟ်အသျှင်မြတ်၏ အဆိုအမိန့်ဖြင့်သာလျှင် ပေါ်ပေါက်လာပေသည်။ *[ကုရ်သုဗီ]*

يَوْمَ الْحَسْرَةِ (ဝမ်းနည်းကြေကွဲရမည့်နေ့) ထိုနေ့ကို ဝမ်းနည်းကြေကွဲရမည့်နေ့ဟူ၍ ခေါ်ဆိုရခြင်း၏ အကြောင်းမှာ ငရဲသားများ ဝမ်းနည်းနေမည့်အကြောင်းမှာ ထင်ရှားပေသည်။ အကယ်၍ ၎င်းတို့သည် မှန်မြတ်သော မုအ်မင်န်ဖြစ်မူ ၎င်းတို့သည် 'ဂျန္နသ်'ကို ရရှိကြရမည်ဖြစ်ပြီး ယခုမူ 'ဂျဟန္နမ်'၏ 'အဇားဗ်'

အပြစ်ဒဏ်၌ နစ်မွန်းနေပေသည်။ 'ဂျန္နသ်'သားများအဖို့လည်း သီးသန့်ဝမ်းနည်းမှုတစ်ရပ် ဖြစ်ပေါ်နေပေလိမ့်မည်။ ပမာဆိုရသော် သွာဗ်ရာနီနှင့် အဗူယအ်လားသခင်ကြီးတို့သည် ဟဇရသ်မုအား၆ ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဤဟဒီးစ်တော်ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ဂျန္နသ်' သူ၊ 'ဂျန္နသ်'သားများသည် 'ဇိကိရ်'မပြုဘဲ ကုန်ဆုံးသွားသော အချိန်များမှအပ အခြားမည်သည့်အချက်များအပေါ်၌မဆို ဝမ်းနည်းနေမည် မဟုတ်ပေ။ အေမာမ်ဗဂဝီသခင်ကြီးသည် ဟဇရသ်အဗူဟုရိုင်ရားဟ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် တမန်တော်မြတ် ﷺ ၏ အဆိုအမိန့်ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ က 'ကွယ်လွန်သူတိုင်း ဝမ်းနည်းမှုနှင့် ကြုံကြိုက်နေမည်'ဟူ၍ မိန့်တော်မူရာ 'မည်သည့်အချက်အပေါ်၌ ထိုသို့ ဖြစ်နေပေမည်နည်း'ဟူ၍ ဆွဟာဗာကြီးများက လျှောက်ထားလေရာ တမန်တော်မြတ် ﷺ က 'ကောင်းမှု ပြုသော သူတို့သည် နောက်ထပ် သာပို၍ အဘယ်ကြောင့် ကုသိုလ်ကောင်းမှု မပြုခဲ့ပေသနည်း။ အကယ်၍ ပြုကျင့်ခဲ့မည်ဆိုလျှင် 'ဂျန္နသ်'၌ နောက်ထပ် သာပို၍ အဆင့်အတန်းမြင့်မားစွာ ရရှိမည်'ဟူ၍ ဝမ်းနည်းကြပေလိမ့်မည်။ 'မကောင်းမှုပြုကျင့်သော သူတို့သည် မိမိတို့၏ မကောင်းမှုမှ အဘယ်ကြောင့် တွန့်ဆုတ်၍ မနေခဲ့ပါသနည်း' ဟူ၍ ဝမ်းနည်းနေပေလိမ့်မည်။ *[မဇ္ဇဟရီကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاذْكُرْ فِي الْكِتَابِ إِبْرَاهِيمَ ۚ إِنَّهُ كَانَ صِدِّيقًا نَّبِيًّا ﴿٤١﴾

၁၉ : ၄၁ ။ ။ ထို့ပြင် (အို, နဗီတမန်တော်) အသင်သည် (မိမိ၏ အမျိုးသားတို့ရှေ့ဝယ် ဤ) ကျမ်းဂန်မှ (နဗီတမန်တော်) အိဗ်ရာဟီမ် (၏ အကြောင်း) အတ္ထုပ္ပတ္တိကို ဖတ်ကြားပါလေ။ စင်စစ်မလွဲ ယင်း (အိဗ်ရာဟီမ်) သည် သစ္စာဝါဒီ (တစ်ဦး) ဖြစ်ခဲ့ပေသည်။ နဗီတမန်တော် (တစ်ပါး) လည်း ဖြစ်ခဲ့ပေသည်။

إِذْ قَالَ لِأَبِيهِ يَا أَبَتِ لِمَ تَعْبُدُ مَا لَا يَسْمَعُ وَلَا يُبْصِرُ
وَلَا يُغْنِي عَنكَ شَيْئًا ﴿٤٢﴾

၁၉ : ၄၂ ။ ။ တစ်ရံရောအခါ ၎င်း (နဗီတမန်တော် အိဗ်ရာဟီမ်) သည် မိမိ၏ ဖခင် (အာဇရ်) အား (ဤသို့) ပြောကြားခဲ့လေသည်။ 'အို, ကျွန်ုပ်၏ ဖခင်၊ အသင် (ဖခင်) သည် အဘယ်ကြောင့် အကြင်အရာကို ခဝပ်ကိုးကွယ်နေပါသနည်း။ ထိုအရာသည် (တစ်စုံတစ်ရာကိုမျှပင်) ကြားသည်လည်း မဟုတ်။ မြင်သည်လည်းမဟုတ်ချေ။ ထို့ပြင် ယင်းအရာသည် အသင် (ဖခင်) အဖို့၊ စိုးစဉ်းမျှပင် အသုံးဝင်နိုင်မည်လည်း မဟုတ်ပေ။'

يَا أَبَتِ إِنِّي قَدْ جَاءَنِي مِنَ الْعِلْمِ مَا لَمْ يَأْتِكَ فَاتَّبِعْنِي أَهْدِكَ صِرَاطًا سَوِيًّا ﴿٤٣﴾

၁၉ : ၄၃ ။ ။ 'အို့၊ ကျွန်ုပ်၏ ဖခင်၊ အသင် (ဖခင်) ၏ ထံသို့ မရောက်ရှိခဲ့သော အသိပညာ ('ဝဟီ'အမိန့်တော်) သည် ဧကန်မလွဲ ကျွန်ုပ်ထံ ရောက်လာခဲ့ပြီဖြစ်ပါ၍ အသင် (ဖခင်) သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ပါ။ ကျွန်ုပ်သည် အသင် (ဖခင်) အား ဖြောင့်မတ်သော တရားလမ်းမှန်ကို ပြသပါမည်။'

يَا أَبَتِ لَا تَعْبُدِ الشَّيْطَانَ ۖ إِنَّ الشَّيْطَانَ كَانَ لِلرَّحْمَٰنِ عَصِيًّا ﴿٤٤﴾

၁၉ : ၄၄ ။ ။ 'အို့၊ ကျွန်ုပ်၏ ဖခင်၊ အသင် (ဖခင်) သည် ရှိုက်သွာန်ကို ခဝပ်ကိုးကွယ်ခြင်း မပြုပါနှင့်။ ဧကန်မလွဲ ရှိုက်သွာန်သည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင် (၏ အမိန့်တော်) ကို ဖီဆန်သူ ဖြစ်ခဲ့ပါသည်။'

يَا أَبَتِ إِنِّي أَخَافُ أَنْ يَمَسَّكَ عَذَابٌ مِنَ الرَّحْمَٰنِ فَتَكُونَ لِلشَّيْطَانِ وَلِيًّا ﴿٤٥﴾

၁၉ : ၄၅ ။ ။ 'အို့၊ ကျွန်ုပ်၏ ဖခင်၊ ဧကန်စင်စစ် ကျွန်ုပ်မှ အသင် (ဖခင်) ၌ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ထံတော်မှ ပြစ်ဒဏ်သက်ရောက်မည်ကို စိုးရိမ်မိပါသည်။ ထိုသို့ဖြစ်ခဲ့ပါလျှင် အသင် (ဖခင်) သည် ရှိုက်သွာန်၏ အဆွေခင်ပွန်း ဖြစ်သွားပါလိမ့်မည်။'

قَالَ أَرَاغِبٌ أَنْتَ عَنْ آلِهَتِي يَا إِبْرَاهِيمُ ۖ لَئِنْ لَمْ تَنْتَهِ لَأَرْجُمَنَّكَ ۖ وَاهْجُرْنِي مَلِيًّا ﴿٤٦﴾

၁၉ : ၄၆ ။ ။ (ထိုအခါ နဗီတမန်တော် အီဗ်ရာဟီမ်၏ ဖခင်) ယင်း (အာဇရ်) က (ဤသို့) ပြောဆို (ကြိမ်းမောင်း) ခဲ့လေသည်။ 'အို့၊ အီဗ်ရာဟီမ်၊ အသင်သည် ကျွန်ုပ်၏ ကိုးကွယ်ရာတို့ဘက်မှ မျက်နှာလွှဲသူ (ကျောခိုင်းသူ) ဖြစ်နေပါသလော။ အကယ်၍သာ အသင်သည် (မိမိ၏ လက်ရှိအယူဝါဒကိုလည်းကောင်း၊ မိမိ၏ အယူဝါဒနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ရှေ့မှောက်ပြောခြင်းကိုလည်းကောင်း) မစွန့်လွှတ်ခဲ့ပါလျှင် ဧကန်မလွဲ ကျွန်ုပ်သည် အသင့်အား ခဲဖြင့် ပစ်ပေါက်၍ သတ်ရလိမ့်မည်။ ၄င်းပြင် အသင်သည် ကျွန်ုပ်ထံမှ ကာလရှည်ကြာစွာ (ထွက်ခွာ) စွန့်ထားလေ။'

قَالَ سَلَامٌ عَلَيْكَ ۖ سَأَسْتَغْفِرُ لَكَ رَبِّي ۖ إِنَّهُ كَانَ بِي حَفِيًّا ﴿٤٧﴾

၁၉ : ၄၇ ။ ။ (ထိုအခါ) ယင်း (နဗီတမန်တော် အီဗ်ရာဟီမ်) က (မိမိ၏ ဖခင် အာဇရ်အား ဤသို့) ပြောဆို (ဖြေကြား) ခဲ့လေသည်။ '(အို့၊ ဖခင်) 'စလာမွန်အလိုက်က' ငြိမ်းချမ်းသာယာမှုသည် အသင့်အပေါ်၌ ရှိပါစေ။ (ကျွန်တော် လမ်းခွဲပါရစေ။) ယခုသော် ကျွန်ုပ်သည် အသင် (ဖခင်) အဖို့ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပါတော့မည်။ ဧကန်အလွဲ ထိုအသျှင်မြတ်သည် ကျွန်ုပ်အပေါ်၌ အလွန်တရာ ကျေးဇူးပြုတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။

وَأَعْتَزِلُكُمْ وَمَا تَدْعُونَ مِن دُونِ اللَّهِ وَأَدْعُو رَبِّي عَسَىٰ أَلَّا
أَكُونَ بِدُعَاءِ رَبِّي شَقِيًّا ﴿٤٨﴾

၁၉ : ၄၈ ။ ။ 'ထို့ပြင် ကျွန်ုပ်သည် အသင်တို့ကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ် (တသ ကိုးကွယ်) လျက်ရှိကြသော အရာဝတ္ထုတို့ကိုလည်းကောင်း (စွန့်ကာ) ဘေးဖယ်၍ နေပါတော့မည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ် (တသ ပန်ကြား) ပါတော့မည်။ (စင်စစ်) ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ် (တသ ပန်ကြား) ၍ ကံကြမ္မာဆိုး (အကြောင်းမလှ၍၊ အလိုမပြည့်) သူ မဖြစ်နိုင်ပါ။'

فَلَمَّا اعْتَزَلَهُمْ وَمَا يَعْبُدُونَ مِن
دُونِ اللَّهِ وَهَبْنَا لَهُ إِسْحَاقَ وَيَعْقُوبَ ۖ وَكُلًّا جَعَلْنَا نَبِيًّا ﴿٤٩﴾

၁၉ : ၄၉ ။ ။ ထို့နောက်တစ်ဖန် အကြင်အခါဝယ် ယင်း (အိဗ်ရာဟီမ်) သည် ထိုသူတို့ကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ထိုသူတို့ ကိုးကွယ်လျက်ရှိကြသော အရာဝတ္ထုများကိုလည်းကောင်း၊ (စွန့်၍) ဘေးဖယ်ခဲ့သောအခါ ငါအသျှင်မြတ်သည် ၎င်း (အိဗ်ရာဟီမ်) အား (သားတော်) အိစ်ဟာက်ကိုလည်းကောင်း၊ (မြေးတော်) ယအ်ကူးဗ်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် (ယင်းအိစ်ဟာက်နှင့် ယအ်ကူးဗ်တို့အနက်) ၎င်းတို့ အသီးသီးကို နဗီတမန်တော်အဖြစ်သို့ ချီးမြှင့်တော်မူခဲ့လေသည်။

وَوَهَبْنَا لَهُم مِّن رَّحْمَتِنَا وَجَعَلْنَا لَهُمْ لِسَانَ صِدْقٍ عَلِيًّا ﴿٥٠﴾

၁၉ : ၅၀ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား မိမိ၏ကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်အပြင် ငါအသျှင်မြတ်သည် ၎င်းတို့၏ မှန်ကန်သော ဂုဏ်သတင်းကိုလည်း မြင့်မြတ် (ကျော်ကြားထင်ရှား) စေတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် (မိမိ၏ အမျိုးသားတို့ရှေ့ဝယ် ဤကုရ်အာန်) ကျမ်းဂန်မှ (နဗီတမန်တော် အိဗ်ရာဟီးမ် (၏ အကြောင်း) အတ္ထုပ္ပတ္တိကို ဖတ်ကြားပါလေ။ (သို့မှသာ ဖတ်ကြားခြင်း ခံရသူသည် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်းတရား) နှင့် 'ရေစာလသ်'၏ ဓမ္မသတ်သည် သာပို၍ ရှင်းလင်းသွားစေရန် ဖြစ်သည်။) ကေန်မလွဲ ယင်း (အိဗ်ရာဟီမ်) သည် (မိမိ၏ ပြောဆိုမှု၊ လုပ်ရပ်တိုင်း၌) သစ္စာဝါဒီ (တစ်ဦး) ဖြစ်ခဲ့ပေသည်။ (ထို့ပြင်) နဗီတမန်တော်တစ်ပါးလည်း ဖြစ်ခဲ့ပေသည်။ (ဤနေရာ၌ အဓိကတင်ပြရန်ရှိသော အဖြစ်အပျက်သည် ထိုအချိန်၌ ဖြစ်ပေါ်ခဲ့ပေသည်။) တစ်ရံ

ရောအခါ ၄င်း (နဗီတမန်တော်အိဗ်ရာဟီမ်) သည် မိမိ၏ (မှရှိရစ်က်) ဖခင် (အာဇရ်) အား (ဤသို့) ပြောကြားခဲ့လေသည်။ အို၊ ကျွန်ုပ်၏ ဖခင်၊ အသင်ဖခင်သည် အဘယ်ကြောင့် အကြင်အရာကို ခဝပ်ကိုးကွယ်နေပါသနည်း။ ထိုအရာသည် (တစ်စုံတစ်ရာကိုမျှပင်) ကြားသည်လည်း မဟုတ်၊ မြင်သည်လည်း မဟုတ်ပါချေ။ ထို့ပြင် ယင်းအရာသည် အသင် (ဖခင်) အဖို့ စိုးစဉ်းမျှပင် အသုံးဝင်နိုင်မည်လည်း မဟုတ်ပေ။ (အလိုသဘောမှာ ရုပ်တု၊ စဉ်းတုများ ဖြစ်ပေသည်။ ကေန်စင်စစ် အကယ်၍ တစ်စုံတစ်ရာကို မြင်နိုင်၊ ကြားနိုင်၊ အသုံးဝင်နိုင်သည်ဆိုလျှင်လည်း 'ဝါဂျိဗ္ဗလ်ဝုဂျူးဒ်' (အလိုအလျောက် မုချ တည်ရှိနေရမည့် 'ဇာတ်') တော် မဟုတ်ပေ။ သို့တစေငြားလည်း ခဝပ်ကိုးကွယ်ရန် မခံထိုက်ပေ။ အထက်ဖော်ပြပါ မြင်နိုင်၊ ကြားနိုင်၊ အသုံးဝင်နိုင်ရန် စွမ်းအားများမှ လက်မဲ့ဖြစ်နေလေရာ သာပို၍ ခဝပ်ကိုးကွယ်ရန် မခံထိုက်ပေ။

အို၊ ကျွန်ုပ်၏ ဖခင်၊ အသင် (ဖခင်) ၏ထံသို့ မရောက်ရှိခဲ့သော အသိပညာ ('ဝဟီ' အမိန့်တော်) သည် ကေန်မလွဲ ကျွန်ုပ်ထံ ရောက်လာခဲ့ပြီဖြစ်ပါ၍ (အသိပညာ၏ အလိုသဘောသည် 'ဝဟီ'၏ အမိန့်တော်ဖြစ်ပေသည်။ အကြင် 'ဝဟီ'၏ အမိန့်တော်၌ မှားယွင်းခြင်းသည် မဖြစ်နိုင်တန်ကောင်းရာသည်။ သို့ရှိရာ ကျွန်ုပ်၏ ပြောဆိုချက်များသည် လုံးဝ မှန်ကန်သော ပြောဆိုချက်များ ဖြစ်ပေသည်။ သို့ဆိုလျှင်) အသင် (ဖခင်) သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ပါ။ ကျွန်ုပ်သည် အသင်ဖခင်အား ဖြောင့်မတ်သော တရားလမ်းမှန်ကို ပြသပါမည်။ (ထိုတရားလမ်းမှန်သည် 'သောင်ဟီးဒ်' (တစ်ပါးတည်းတည်ရှိခြင်း တရား) ဖြစ်ပေသည်။) အို၊ ကျွန်ုပ်၏ဖခင်၊ အသင် (ဖခင်) သည် ရှိုက်သွာန်ကို ခဝပ်ကိုးကွယ်ခြင်း မပြုပါနှင့်။ (ရှိုက်သွာန်နှင့် ရှိုက်သွာန်အား ခဝပ်ကိုးကွယ်ခြင်းကိုမူ အသင်သည်လည်း မကောင်းဟူ၍ မှတ်ယူထားလေသည်။ ရုပ်တု၊ စဉ်းတုများကို ခဝပ်ကိုးကွယ်ခြင်း၌ ရှိုက်သွာန်အား ခဝပ်ကိုးကွယ်ခြင်း၏ အချက်သည် မုချ သက်ရောက်နေပေသည်။ အကြောင်းမှာ ရှိုက်သွာန်သည်သာလျှင် ဤလုပ်ရပ်အား ပြုမူခိုင်းနေပေသည်။ တစ်ဦးတစ်ယောက်၏ အမိန့်နာခံမှုကို အလ္လာဟ်အသျှင်မြတ်နှင့် နှိုင်းယှဉ်ပါလျှင်လည်း ၄င်း၏ ညွှန်ကြားမှုကို မှန်ကန်သည်ဟု မှတ်ယူထားမှု ဤသည်သာလျှင် ခဝပ်ကိုးကွယ်မှု ဖြစ်ပေသည်။ သို့ရှိရာ ရုပ်တု၊ စဉ်းတုများကို ကိုးကွယ်ရာ၌ ရှိုက်သွာန်အား ခဝပ်ကိုးကွယ်ရာ ရောက်ပေသည်။)

ကေန်မလွဲ ရှိုက်သွာန်သည် 'ရဟ်မာန်း' အနန္တကရုဏာတော်ရှင် (၏ အမိန့်တော်) ကို ဖီဆန်သူ ဖြစ်ခဲ့ပါသည်။ (သို့ဆိုလျှင် ထိုရှိုက်သွာန်၏ အမိန့်ကို အဘယ်ကဲ့သို့ လိုက်နာနိုင်အံ့နည်း။) အို၊ ကျွန်ုပ်၏ဖခင်၊ ကေန်စင်စစ် ကျွန်ုပ်မူ အသင် (ဖခင်) ၌ 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၏ ထံတော်မှ (လောကီဘဝ၌သော်လည်းကောင်း၊ သို့မဟုတ် လောကုတ္တရာ ဘဝ၌သော်လည်းကောင်း) ပြစ်ဒဏ်သက်ရောက်မည်ကို (မလွဲသော စိုးရိမ်မှုမျိုးဖြင့်) စိုးရိမ်မိပါသည်။ ထိုသို့ ဖြစ်ခဲ့ပါလျှင် အသင် (ဖခင်) သည် (ပြစ်ဒဏ် ခံစားရာ၌) ရှိုက်သွာန်၏ အဆွေခင်ပွန်းဖြစ်သွားပါလိမ့်မည်။ (နာခံမှုပြုရာ၌ ၄င်းနှင့်အတူ ရှိနေမှု ယင်းရှိုက်သွာန်သည် လောက၌ ပြစ်ဒဏ်တစ်စုံတစ်ရာ မခံစားနေရလင့်ကစား တမလွန်တွင် ပြစ်ဒဏ်ခံရခြင်း သက်သက်၌လည်း ၄င်းနှင့်အတူ ရှိနေပေလိမ့်မည်။ ထိုသို့ ရှိုက်သွာန်နှင့်အတူ ရှိနေခြင်းနှင့် ပြစ်ဒဏ်ကို အတူတကွ

ခံစားရာ၌ မည်သည့်ကောင်းကျိုး တစ်စုံတစ်ရာကို လိုလားနေသူမဆို နှစ်မြို့မည်လည်း မဟုတ်ပေ။ ဟာဇရသ် အီဗ်ရာဟီးမ် عليه السلام ၏ ဤဆိုခဲ့းမမှုအလုံးစုံကို ကြားနာကာ ထိုအခါ နဗီတမန်တော် အီဗ်ရာဟီးမ် عليه السلام ၏ ဖခင်) ယင်း (အာဇရ်) က (ဤသို့) ပြောဆိုကြိမ်းမောင်း) ခဲ့လေသည်။ အို့ အီဗ်ရာဟီးမ် عليه السلام ၊ အသင်သည် ကျွန်ုပ်၏ ကိုးကွယ်ရာတို့ဘက်မှ မျက်နှာလွှဲသူ (ကျောခိုင်းသူ) ဖြစ်နေပါသလော။

(အထက်ပါအကြောင်းများကြောင့် ကျွန်ုပ်အား တားမြစ်ပါ၏လော။) အကယ်၍ အသင်သည် (ထိုရုပ်တု၊ စဉ်းတုများကို စောင်းချိတ် ကဲ့ရဲ့ပြစ်တင်ခြင်းကိုသော်လည်းကောင်း၊ ကျွန်ုပ်ကို ထိုရုပ်တု၊ စဉ်းတုများအား ခဝပ်နေခြင်းကို တားမြစ်လျှင်သော်လည်းကောင်း၊ အသင်သည် မိမိ၏ လက်ရှိအယူဝါဒကို လည်းကောင်း၊ မိမိ၏ အယူဝါဒနှင့် စပ်လျဉ်း၍ ကျွန်ုပ်၏ရှေ့ဝယ် ဟောပြောခြင်းကိုလည်းကောင်း) မစွန့်လွှတ်ခဲ့ပါလျှင် ဧကန်မလွဲ ကျွန်ုပ်သည် အသင့်အား ခဲဖြင့် ပစ်ပေါက်၍ သတ်ရလိမ့်မည်။ (သို့ရှိရာ အသင်သည် ထိုအမှုကိစ္စများမှ နောက်သို့ တွန့်ဆုတ်၍ နေပါလေ။) ၄င်းပြင် အသင်သည် ကျွန်ုပ်ထံမှ (ပြောဆိုကြားနာခြင်း) မှ ကာလကြာရှည်စွာ (ထွက်ခွာ) စွန့်သွားပါလေ။ (ထိုအခါ) ယင်း (နဗီတမန်တော် အီဗ်ရာဟီးမ်) က (မိမိ၏ ဖခင် အာဇရ်အား ဤသို့) ပြောဆို (ဖြေကြား) ခဲ့လေသည်။ (အို့ ဖခင်) ငြိမ်းချမ်းသာယာမှုသည် အသင့်အပေါ်၌ ရှိပါစေ။ (ယခုမှု အသင့်ဖခင်အား ကျွန်ုပ်၏ ပြောဆို မြွက်ကြားမှုသည် အကျိုးမဲ့ ဖြစ်သည့်အတွက်ကြောင့် လမ်းခွဲပါရစေ။) ယခုသော် ကျွန်ုပ်သည် အသင် (ဖခင်) အဖို့ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်တွင် (အဆုံးသတ်တရား လွတ်ငြိမ်းချမ်းသာခွင့် ရရှိမည်ဖြစ်သော လမ်းမှန်တရားကို) လွတ်ငြိမ်းချမ်းသာခွင့် (ရရှိအောင်) ပန်ကြားပါတော့မည်။ ဧကန်မလွဲ ထိုအသျှင်မြတ်သည် ကျွန်ုပ်အပေါ်၌ အလွန်တရာ ကျေးဇူးပြုတော်မူသော အသျှင်မြတ် ပင် ဖြစ်တော်မူပါသည်။ (ထို့ကြောင့် ထိုအသျှင်မြတ်၏ ထံတော်ပါးမှသာလျှင် တောင်းခံမည် ဖြစ်ပေသည်။ အကြင်အသျှင်မြတ် လက်ခံခြင်း၊ လက်မခံခြင်း အချက်နှစ်ရပ်စလုံးသည် ရှုထောင့်အလုံးစုံမှ ကရုဏာတော်ချည်းသာ ဖြစ်ပေသည်။) ထို့ပြင် (အသင်ဖခင်နှင့် အသင်နှင့် ဘာသာတူ၊ အယူဝါဒတူသူတို့သည် ကျွန်ုပ်၏ မှန်ကန်သော စကားကို လက်မခံပါမူ အသင်တို့အတွင်းဝယ် ကျွန်ုပ်နေထိုင်ခြင်းသည် ကျွန်ုပ်အဖို့ အလဟဿ ဖြစ်ပေသည်။ ထို့ကြောင့်) ကျွန်ုပ်သည် အသင်တို့ကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ် (တသကိုးကွယ်) လျက်ရှိကြသော အရာဝတ္ထုတို့ကိုလည်းကောင်း (စွန့်ကာ ကိုယ်ခန္ဓာအားဖြင့်သော်လည်းကောင်း ပမာဆိုရသော် နှလုံးအရာဖြင့် အစကတည်းကလည်း နေထိုင်နေသည့် အာရုံ ရှိနေသည်မဟုတ်ပေ။) ဘေးဖယ်၍ နေပေါတော့မည်။ ၄င်းပြင် ကျွန်ုပ်သည် (အေးချမ်းစွာဖြင့် သီးခြားကာ) မိမိအား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ် (တသ ပန်ကြား) ပါတော့မည်။

(အဘယ်ကြောင့်ဆိုသော် ဤနေရာ၌ ဆက်လက်နေထိုင်ခြင်းဖြင့်လည်း အဟန့်အတားများ တည်ရှိနေပေလိမ့်မည် ဖြစ်သည်။ စင်စစ် မုချဧကန်) ကျွန်ုပ်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ် (တသ ပန်ကြား) ၍ ကံကြမ္မာဆိုး (အကြောင်းမလှ၍ အလိုမပြည့်သူ) မဖြစ်နိုင်ပါ။

(ပမာဆိုရသော် ရုပ်တု၊ စဉ်းတုများကို ခဝပ်ကိုးကွယ်သော သူတို့သည် မိမိတို့၏ မှားယွင်းသော အရှင်များကို ခဝပ်ကိုးကွယ်၍ ကြမ္မာငင်လျက် ရှိနေပေသည်။ အချုပ်မှာ ယင်းသို့ ပြောဆိုပြီးသည့်နောက် ၎င်းတို့ထံပါးမှ ဆီရီးယားနိုင်ငံသို့ ထိတိုင်အောင် လွှဲဖယ်ကာ ပြောင်းရွှေ့သွားလေသည်။ ထို့နောက်တစ်ဖန် အကြင်အခါဝယ် ယင်း (အီဗ်ရာဟီးမ်) သည် ထိုသူတို့အားလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ ထိုသူတို့ ကိုးကွယ်လျက်ရှိကြသော အရာဝတ္ထုများကိုလည်းကောင်း (စွန့်၍ ဆီးရီးယားနိုင်ငံသို့ထိတိုင် ရောက်ရှိကာ) ဘေးဖယ်ခဲ့သောအခါ အသျှင်မြတ်သည် (အခွေခင်ပွန်းဖွဲ့ရာ၌ ရုပ်တုစဉ်းတုများကို ခဝပ်ကိုးကွယ်သော ဆွေမျိုးသားချင်းများထက် အဆပေါင်း (များစွာ) ကောင်းမွန်သော ၎င်း (အီဗ်ရာဟီးမ်) အား သားတော် (အီစ်ဟားက်) ကိုလည်းကောင်း၊ (မြေးတော်) ယအ်ကူးဗ်ကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် (၎င်းတို့နှစ်ပါးစီအနက်မှ) ၎င်းတို့အသီးသီးကို နဗီတမန်တော်အဖြစ်သို့ ချီးမြှင့်တော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့အား (အမျိုးမျိုးသော ပြီးပြည့်စုံသော အရည်အချင်းများကို ချီးမြှင့်ပြီးသည့်နောက်) မိမိ၏ ကရုဏာတော်ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်အပြင် (နောင် ပေါ်ပေါက်လာမည့် မျိုးဆက်သစ်များ၌လည်း) ငါအသျှင်မြတ်သည် ၎င်းတို့၏ မှန်ကန်သော ဂုဏ်သတင်းကိုလည်း မြင့်မြတ် (ကျော်ကြားထင်ရှား) စေတော်မူခဲ့ပေသည်။ (အားလုံးသော သူတို့သည် အရှိအသေ၊ ချီးမွမ်းစကားဖြင့် တသကြလေသည်။ ဟဇရသ်အီစ်ဟားက် عليه السلام ၏ အလျှင် ဟဇရသ်အီဗ်ရာဟီးမ် عليه السلام ကို ထိုအရည်အချင်းများနှင့်အတူ ချီးမြှင့်ပြီး ဖြစ်လေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

صِدِّيقًا نَّبِيًّا (သစ္စာဝါဒီတစ်ဦး၊ နဗီတစ်ပါး) ဟူသော အာယသ်တော်တွင် 'စွဒ္ဒိဒီးက်' ('ဆွာဒ်' အက္ခရာအောက်၌ 'ဇေးရ်') ရှိသော စကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်က သုံးနှုန်းလေ့ရှိသော စကားလုံးတစ်လုံး ဖြစ်ပေသည်။ အကြင်စကားလုံး၏ အဓိပ္ပာယ်၊ ဖွင့်ဆိုချက်တို့နှင့် စပ်လျဉ်း၍ အာလင်မ်သာသနာ့ ပညာရှင်များ၏ အဆိုသည် အမျိုးမျိုးကွဲနေပေသည်။ အချို့သော သာသနာ့ပညာရှင်များက အကြင်သူသည် မိမိ၏ သက်တမ်းတစ်လျှောက်လုံး၌ လိမ်လည်မှုသားစကားကို မပြောဆိုပါက ထိုသူသည် 'စွဒ္ဒိဒီးက်' ဖြစ်ပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက မိန့်ဆိုကြသည်မှာ အကြင်သူသည် ယုံကြည် ချက်ပိုင်းဆိုင်ရာနှင့် အပြောအဆိုလုပ်ရပ်အရာဟူသရွေ့တို့၌ မှန်ကန်သောသူ ဖြစ်ပေသည်။ ဆိုလိုသည်မှာ အကြင်အရာသည် နှလုံးသား၌ ယုံကြည်လက်ခံထားကာ ထိုအရာ အတိအကျသည်ပင်လျှင် နှုတ်လျှာအပေါ် ထွက်ပေါ်လာပေသည်။ ထိုသူ၏ လှုပ်ရှား၊ ငြိမ်သက်မှု အလုံးစုံတို့သည် ထိုယုံကြည်ချက်နှင့် အဆိုအမိန့်၏ နောက်လိုက်ဖြစ်နေပေသည်။ ရုဟူလ်မအာနီနှင့် မဇ္ဇဟရီ စသော ကျမ်းများတွင် ထိုနောက်ဆုံးအဓိပ္ပာယ်ကို ရွေးချယ်ထားလေသည်။ တစ်ဖန် 'စွစွဒ်ဒီးကိယာသ်' (သစ္စာဝါဒီဖြစ်ခြင်း) ၏ အဆင့်အတန်းများသည် အမျိုးမျိုးရှိပေသည်။ မူရင်း 'စွဒ္ဒိဒီးက်' များသည်မူ နဗီနှင့် ရစူလ်တမန်တော်

တို့သာ ဖြစ်ပေသည်။ နဗီ ရစူလ်တမန်တော်တိုင်းအတွက် 'စွဒ္ဒိဒ်ဒီးက်' (သစ္စာဝါဒီ) ဖြစ်ခြင်း၏ ဂုဏ်ပုဒ်ရှိရန်သည် အရေးကြီးပေသည်။ သို့ရာတွင် အထက်ဖော်ပြပါပုံစံ၏ ပြောင်းပြန်ပုံစံသည် မဖြစ်နိုင်ပေ။ အကြင်သူသည် 'စွဒ္ဒိဒ်ဒီးက်' (သစ္စာဝါဒီ) ဖြစ်ပါက ၎င်းသည် နဗီဖြစ်ရန် အရေးမကြီးပေ။ သို့သာမက နဗီမဟုတ်သော သူသည်လည်း မိမိ၏ နဗီ၊ ရစူလ်၏ လမ်းစဉ်ကို လိုက်နာသမှုပြု၍ 'စွဒ္ဒိဒီးက်' (သစ္စာဝါဒီ) ရှိခြင်း၏ အဆင့်ကို ရရှိပါက ထိုသူသည်လည်း 'စွဒ္ဒိဒ်ဒီးက်'(သစ္စာဝါဒီ) ဖြစ်ပေသည်။ ဟဇရသ်မရ်ယမ် သခင်မကို ကုရ်အာန်ကျမ်းတော်မြတ်တွင်

أُمُّهُ صِدِّيقَةٌ

(ထိုမစီးဟ် (အီစာ) ﷺ ၏ မယ်တော် (မရ်ယမ်) သည် သစ္စာသမာဓိနှင့် အထူးပြည့်စုံသော မိန်းမမြတ်တစ်ဦးပင် ဖြစ်ချေသည်) ဟူသော ဘွဲ့ကို ချီးမြှင့်ထားပေသည်။ ကေန်စင်စစ် 'ဂျမ်ဟူးရ်'အိုလမာ (နှောင်းပိုင်းခေတ် အာလင်မ် သာသနာ့ပညာရှင်များ) ထံတွင် ထိုသခင်မကြီးသည် နဗီမဟုတ်ပေ။ ထို့ပြင် မည်သည့် အမျိုးသမီးတစ်ဦးတစ်ယောက်မျှလည်း နဗီမဖြစ်နိုင်ပေ။

မိမိအကြီးအကဲများကို ဆိုဆုံးမမှုပြုရန် နည်းလမ်းနှင့် ယဉ်ကျေးမှုများ

يَا أَبَتِ (ယားအဗသေ့) အာရဗီအာဘိဓါန်ကို ထောက်ရှု၍ ဤစကားလုံးသည် ဖခင်အား အရိုအသေပေး၊ ချစ်မြတ်နိုးခြင်း၏ အရာ၌ သုံးပေသည်။ ဟဇရသ်ဣဗ္ဗရာဟီးမ်ကို အလ္လာဟ်အသျှင်မြတ်သည် အကြင် ပြီးပြည့်စုံသော အရည်အချင်း၊ အဆင့်အတန်းတို့အား ချီးမြှင့်ထားလေသည်။ ၎င်း၏ တင်ပြချက်သည် မိမိ၏ ဖခင်၏ရှေ့မှောက်၌ ဖြစ်ပေါ်တည်ရှိနေပေသည်။ ဗီဓေဘောသဘာဝတရား မျှတမှုနှင့် ဆန့်ကျင်ဘက် သဘောတရားတို့ကို ထောက်ထားခြင်း၏ အနိုင်းခံမဲ့ ဟောကြားမှုတစ်ရပ် ဖြစ်ပေသည်။ တစ်ဖက်တွင်ကြည့်မူ ဖခင်အား ရှရစ်က် (တုဖက်နိုင်းယှဉ်ခြင်း)၊ ကုဖ္ဖရ် (သွေဖည်ငြင်းဆိုခြင်း) တို့၌ နစ်မွန်းနေရုံသာမက ဖိတ်ခေါ်သူအဖြစ်ကိုပါ တွေ့မြင်နေရပေသည်။ အကြင်အချက်များအား ဖယ်ရှား၊ ပပျောက်စေရန်အတွက် ခလီလွတ်လားဟ်သခင်ကြီး ပေါ်ပေါက်လာပေသည်။ အခြားရှုထောင့်တစ်ဖက်မှ ကြည့်မူ ဖခင်အား အရို အသေပေးမှုနှင့် မေတ္တာတရားပင် ဖြစ်ပေသည်။ ထိုဆန့်ကျင်ဘက် သဘောတရား ရှုထောင့်နှစ်ရပ်စလုံးကို ဟဇရသ်ခလီလွတ်လာဟ်သည် အဘယ်ကဲ့သို့ စုစည်းခဲ့ပေသနည်း။ ပထမအချက်သည်မူ ဖခင်အား သနားကြင်နာ၊ ချစ်ခင်မှုဘက်သို့ ဖိတ်ခေါ်သော يَا أَبَتِ (ယားအဗသေ့) ဟူသော စကားလုံးကို ဝါကျတိုင်း၏ အစတွင် အသုံးပြုထားပေသည်။ ထို့နောက်တစ်ဖန် မည်သည့်ဝါကျ၌မဆို ကာဖိရ် သို့မဟုတ် လမ်းလွဲလမ်းမှားသူဟူ၍ ဖခင်အဖို့ သေးသိမ်မှု ခံစားရသော စိတ်ဒုက္ခရောက်ရှိစေသော စကားလုံးများကို ဆက်စပ်အသုံးမပြုထားပေ။ သို့သာမက ရစူလ်တမန်တော်တစ်ပါးဖြစ်ခြင်း၏ အမြော်အမြင်နှင့်အညီ ၎င်းတို့၏ ရုပ်တု၊ စဉ်းတုများ၏ မစွမ်းဆောင်နိုင်ခြင်းများကို ထုတ်ဖော်ပြဆိုထားပေသည်။ အကြောင်းမှာ ဖခင်ကိုယ်တိုင် မိမိ၏ မှားယွင်းသော လမ်းစဉ်ဘက်သို့ အာရုံရောက်ရှိသွားစေရန် ဖြစ်ပေသည်။ ဒုတိယဝါကျ၌ အလ္လာဟ်

အသျှင်မြတ်သည် ၎င်းအား နဗီဖြစ်ခြင်း၏ အိလ်မ်အသိပညာများကို ချီးမြှင့်ထားခြင်း၏ စည်းစိမ်တော်ကို ဖော်ထုတ်ထားပေသည်။ တတိယနှင့် စတုတ္ထဝါကျတို့၌ ရှရစ်က် (တုဖက်နှိုင်းယှဉ်ခြင်း) နှင့် ကုဖွ်ရ် (သွေဖည်ငြင်းဆိုခြင်း) ၏ ဆိုက်ရောက်လာမည်ဖြစ်သော အကြောင်းဆက်တရားကို ခြိမ်းခြောက်ထားပေသည်။ ထိုနေရာ၌လည်း ဖခင်သည် စဉ်းစားတွေးခေါ်မှု သို့မဟုတ် သားတစ်ဦး၏ လျှောက်ထားချက်အပေါ် နူးညံ့သိမ်မွေ့ခြင်း၏ ရှုထောင့်ကို ရွေးချယ်ရမည့်အစား လုံးဝ ပြင်းထန်ပေါက်ကွဲစွာဖြင့် ပြန်လည်ပြောဆိုပေသည်။ သားသည် ဖခင်အား လျှောက်ထားချိန်တွင် တစ်ကမ္ဘာလုံးက ချစ်စရာ အသုံးအနှုန်းဟူ၍ ယုံကြည်လက်ခံထားသော يَا أَبَتِ (အို၊ ချစ်လှစွာသော ကျွန်ုပ်၏ ဖခင်) ဟူသော စကားလုံးဖြင့် လျှောက်ထားကာ ဖခင်က တစ်ဖန် တုန့်ပြန်မှုပြုသင့်သော စကားလုံးမှ يٰبُنَيَّ (အို၊ ချစ်သား) ဟူ၍ ဖြစ်သင့်သည်။ ထိုနေရာတွင် အာဇရ်လည်း ၎င်း၏အမည်ကို ကိုင်၍ يٰاِبْرٰهِيْمُ ဟူ၍ မိန့်ဆိုပြောဆိုခဲ့သည်။ ခဲဖြင့် ပေါက်သတ်ရန်နှင့် အိမ်မှ ထွက်ခွာသွားရန် အမိန့်ကို ပေးခဲ့ပေသည်။ ထိုပေါက်သတ်၊ နှင်ထုတ်ခြင်း၏ အဖြေကို ဟဇရသ်ခလီလွတ်လားဟ်သည် အဘယ်ကဲ့သို့ ပြန်လည်ပေးခဲ့ပေသနည်း။ ထိုအဖြေကို ကြားနာ မှတ်သားထားရန် သင့်ပေသည်။

سَلٰمٌ عَلَيْكَ

'ငြိမ်းချမ်းသာယာမှုသည် အသင့်အပေါ်၌ ရှိပါစေ။' *[၁၉ : ၄၇]*

ဤနေရာတွင် 'စလာမ်' ဟူသော စကားလုံးသည် အဓိပ္ပာယ်နှစ်မျိုးအတွက် ကောက်ယူနိုင်ပေသည်။ ပထမတစ်မျိုးမှာ ဤစလာမ်မှာ ခွဲခွာနှုတ်ထွက်သွားခြင်း၏ 'စလာမ်' ဖြစ်ပေသည်။ ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်နှင့် ခွဲခွာဖြတ်တောက်ခံရခြင်း၏ မွန်မြတ်ယဉ်ကျေးသော နည်းလမ်းမှာ တုန့်ပြန်မှုအဖြေကို ပေးနေမည့်အစား 'စလာမ်' ဟူသော စကားလုံးကို ပြောဆိုကာ သီးခြားစွာ နေလိုက်ခြင်း ဖြစ်ပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်တွင် မိမိ၏ မွန်မြတ်၊ လက်ခံခြင်း ခံထားရသော ကျေးကျွန်များ၏ အရည်အချင်းကို ဖော်ထုတ်ထားပေသည်။

وَاِذَا خَاطَبَهُمُ الْجٰهِلُوْنَ قَالُوْا سَلٰمًا

ဆိုလိုသည်မှာ အသိအလိမ္မာခေါင်းပါးသော သူတို့သည် ၎င်းသူမွန်တို့အား အသိအလိမ္မာ ကင်းမဲ့စေသော အချက်အလက်များကို ပြောဆိုလာပါမူ ဤသူမွန်တို့သည် ၎င်းတို့အား အခြေအတင် တုန့်ပြန်ပြောဆိုမှုကို ပြုနေရမည့်အစား 'စလာမ်' ဟူသော စကားလုံးကိုသာ ပြန်လည်ပြောကြားလေ့ ရှိပေသည်။ အလိုသဘောမှာ ဆန့်ကျင်ဘက် သဘောတရားရှိနေသည့် ကြားကတည်းကပင် ကျွန်ုပ်သည် အသင့်အား တစ်စုံတစ်ရာ နာကျည်းမှု၊ ဒုက္ခကို ပေးလိမ့်မည်မဟုတ်ပေ။ (စလာမ်) ၏ ဒုတိယအလိုသဘောမှာ သူ့ခေတ် သူ့အခါ၌ ပြောဆိုလေ့ရှိသော 'စလာမ်' သည်သာလျှင် ဖြစ်ပေသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ အစ္စလာမ့်မမွှသတ်ရေးရာနှင့်ပတ်သက်၍ စောဒကတက်နိုင်ဖွယ်ရာ ရှိသည်။ အကြောင်းမှာ ကာဖိရ်တစ်ဦးကို ဦးစွာ

ပထမ 'စလာမ်'ဆိုခြင်းကို ဟဒီးစ်တော်က တားမြစ်ထားသည်။ မှန်ကန်သော ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရတ်အဗူဟူရိုင်ရာဟ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည်

لاتبدأوا اليهود والنصارى بالسلام

ဆိုလိုသည်မှာ ယဟူဒီနှင့် နစ္စရာနီများကို ဦးစွာ 'စလာမ်'မပေးလေနှင့်။ သို့ရာတွင် ယင်းဆင့်ပြန်ချက်နှင့် နှိုင်းယှဉ်ကာ အချို့သော ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ လူ့ညှော့ပရိသတ် ထိုင်ဝိုင်းတစ်ဝိုင်းအား တမန်တော်မြတ် ﷺ မှ စတင်၍ 'စလာမ်'ဆိုခြင်းကို အတည်ပြုထားပေသည်။ အကြင်ထိုင်ဝိုင်းအတွင်း၌ ကာဖိရ်၊ မုရှ်ရစ်က်နှင့် မွတ်စ္စလင်မ်များအားလုံး ရှိကြပေသည်။ ပမာတင်ပြရမည်သော် မှန်ကန်သော ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရတ်အိုစာမာဟ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် အတည်ပြုထားပေသည်။

ထို့ကြောင့် အွမ္မဟ် (နောက်လိုက်ထု) ၏ ဓမ္မသတ်ပညာရှင်များသည် ထိုအထက်တင်ပြပါ အချက်အား ပိုင်၏၊ မပိုင်၏ နှင့် စပ်လျဉ်း၍ အကွဲအလွဲရှိကြပေသည်။ အချို့သော ဆွဟာဗာသာဗေ့အီးန်များနှင့် ထိုးထွင်းကြံဆမှု ဉာဏ်နှင့် အမိန့်ရှိကြသော အေမာမ်ကြီးများ၏ ပြောဆိုလုပ်ရပ်များမှ ပိုင်ကြောင်းကို သိရှိရကာ အချို့သော ပညာရှင်များထံမှ မပိုင်ကြောင်းကို သိရှိရပေသည်။ အကြင်အချက်၏ အကျယ်ချဲ့အချက်ကို အေမာမ်ကုရ်သုဗီသခင်ကြီးသည် အဟ်ကာမွလ်ကုရ်အာန်ကျမ်း၌ ထိုအာယသ်တော်၏ အောက်၌ မှာပင် မိန့်ဆိုထားပေသည်။ ထို့နောက် အေမာမ် (နခ်အီး) သခင်ကြီးသည် 'အကယ်၍ အသင်သည် ကာဖိရ်တစ်ဦး၊ ယဟူဒီတစ်ဦး၊ နစ်ရာနီတစ်ဦးဖြင့် ဒီးန်သာသနာရေးရာ၊ သို့မဟုတ် လောကုတ္တရာရေးရာ လိုအပ်ချက် ပေါ်ပေါက်လာ၍ တွေ့ဆုံရန်ရှိမူ ဦးစွာပထမ 'စလာမ်'ဆိုရာ၌ အကြောင်းမဟုတ်ပေ။ မလိုအပ်ဘဲ 'စလာမ်'ကို အစပြုခြင်းမှ ရှောင်ကြဉ်ရန် သင့်ပေသည်' ဟူ၍ ဆုံးဖြတ်ချက် ချပေးထားပေသည်။ အထက်တင်ပြပါ ပုံစံ၌ ဟဒီးစ်တော်နှစ်ရပ်စလုံးအပေါ် ညှိနှိုင်းကျင့်ကြံရာလည်း ကျရောက်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိတော်မူဆုံး ဖြစ်တော်မူပေသည်။)

سَاستغفر لك ربى

ယခုသော် ကျွန်ုပ်သည် အသင့်ဖခင်အဖို့ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားပါတော့မည်။ *[၁၉ : ၄၇]*

ဤနေရာ၌လည်း 'ကာဖိရ်တစ်ဦးတစ်ယောက်အဖို့ 'အိစ်သိဂ်ဖါးရ်' ပြုပေးခြင်း တရားတော်အရ မပိုင်ခြင်း'ကို စောဒကတက်စရာပင် ဖြစ်ပေသည်။ တမန်တော်မြတ် ﷺ သည် မိမိ၏ ဦးကြီးတော် အဗူသွာလစ်ဗ်အား

والله لاستغفرن لك مالم انه عنه

(ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်အား 'ကစမ်'ကျိန်ဆို၍ ပြောဆိုပေမည်။ ကျွန်ုပ်သည် မိမိထံတော်သို့ အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ တားမြစ်မိန့် မကျရောက်လာသရွေ့ ကာလပတ်လုံး အသင့်အတွက်

'အိစ်သိဂ်ဖါးရ်' (ချမ်းသာဆု၊ လွတ်ငြိမ်းချမ်းသာခွင့်) ကို တောင်းခံပေးနေမည် ဖြစ်ပေသည်) ဟူ၍ မိန့်ခြွေတော်မူပေသည်။ ထိုအချက်အပေါ် ဤအာယသ်တော် ကျရောက်လာပေသည်။

مَاكَانَ لِلنَّبِیِّ وَالَّذِیْنَ اٰمَنُوْا اَنْ یَّسْتَغْفِرُوْا لِلْمُشْرِكِیْنَ

နဗီတမန်တော်မြတ်၌လည်းကောင်း၊ မုအ်မင်န်သက်ဝင် ယုံကြည်သူတို့၌လည်းကောင်း ထိုမုရှ်ရိစ်ကတို့အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားတောင်းခံပေးပိုင်ခွင့် မရှိချေ။ *[၁၉ : ၁၁၃]*

ထိုအာယသ်တော် ကျရောက်လာသည့်အပေါ် တမန်တော်မြတ် ﷺ သည် မိမိဦးကြီးတော်အဖို့ လွတ်ငြိမ်းချမ်းသာခွင့် တောင်းခံပေးခြင်းကို စွန့်လွှတ်လိုက်လေသည်။

စာဒကာ၏ အဖြေမှာ ဟဇရသ်အိဗ်ရာဟီးမ် ﵇ သည် မိမိဖခင်အား 'အိစ်သိဂ်ဖါးရ်' ပြုပေးမည် ဟူ၍ ကတိပေးခြင်းသည် တားမြစ်မှုကို မပြုမီအလျင်က အဖြစ်အပျက် ဖြစ်ပေသည်။ ထို့နောက်ပိုင်းတွင် တားမြစ်တော်မူခဲ့လေသည်။ စူရာဟ်မွမ်သဟိနဟ်တွင် အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် အဆိုပါဖြစ်စဉ်ကို သီခြားဖယ်ထုတ်၍ တင်ပြမိန့်တော်မူကာ ဤသို့ အသိပေးထားတော်မူသည်။ ၎င်းမှာ-

الا قول ابراهيم لا بيه لاستغفرن لك

ထို့ထက်သာပို၍ ရှင်းလင်းလှစွာသော အာယသ်တော်မှာ 'စူရာဟ်သောင်ဗာဟ်' ၏

ماكان للنبى والذين امنو ان يستغفروا

ဟူသော အာယသ်တော်၏နောက် ဒုတိယအာယသ်တော်၌ မိန့်တော်မူထားပေသည်။

وماكان استغفارابراهيم لابيه الاعن موعدة و عدهااياه فلماتبين له انه عد واللهتبرأ منه

(စင်စစ် နဗီတမန်တော် အိဗ်ရာဟီးမ်သည် မိမိ၏ဖခင်အဖို့ လွတ်ငြိမ်းချမ်းသာခွင့်ကို ပန်ကြားခဲ့ခြင်းမှာ ထို (နဗီတမန်တော်) အိဗ်ရာဟီးမ်သည် ၎င်းဖခင်အား ပေးထားခဲ့သော ကတိဝန်ခံချက်ကြောင့်သာလျှင် ဖြစ်ပေသည်။ သို့ရာတွင် ထိုနဗီတမန်တော် အိဗ်ရာဟီးမ်အဖို့ ၎င်း၏ ဖခင်သည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူဖြစ်ကြောင်း ထင်ရှားခဲ့သောအခါ ထိုနဗီတမန်တော်အိဗ်ရာဟီးမ်သည် ၎င်း၏ ဖခင်နှင့် မည်သို့မျှ မသက်ဆိုင် မပတ်သက်ဟူ၍ ငြင်းဆိုခဲ့လေသည်။ *[၁၉ : ၁၁၄]*

အကြင်အာယသ်တော်မှ ဤသို့ ချမ်းသာပလပ်ခွင့် တောင်းခံခြင်းနှင့် ကတိသည် ဖခင်ကြီး ကုဖွ်ရ် (သွေဖည်ငြင်းပယ်ခြင်းတရား) အပေါ် ခိုင်မြဲစွာ နေထိုင်ခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ရန်သူဟူ၍ အတည်မပြုမီအလျင်က ဖြစ်ခဲ့ပေသည်။ ဤအခြေခံဖော်မြစ် ရှင်းလင်းသွားပါမှ ၎င်းအိဗ်ရာဟီးမ် ﵇ သည် ကင်းလွတ်ကြောင်းကို ကြေညာတော်မူပေသည်။

واعتز لكم وَمَاتد عون من دون الله و ادعواربى

ထို့ပြင် ကျွန်ုပ်သည် အသင်တို့ကိုလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ် (တသ ကိုးကွယ်) လျက်ရှိကြသော အရာဝတ္ထုတို့ကိုလည်းကောင်း (စွန့်ကာ) ဘေးဖယ်၍ နေပါတော့မည်။ ၎င်းပြင် ကျွန်ုပ်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ် (တသ ပန်ကြား) ပါတော့မည်။ *[၁၉ : ၄၈]*

တစ်ဖက်မှ ကြည့်မူ ဟဇရသ်ခလီလွလ်လားဟ်သည် ဖခင်အား အရိုအသေပေး၊ ယဉ်ကျေးမှု၊ ချစ်ခင်ခြင်းကို ထောက်ထားရာ၌ အတိုင်းအတာ အဆုံးထိတိုင် ရောက်ရှိနေပေသည်။ အကြင်အချက် အကြောင်း အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ ဒုတိယရှုထောင့်တစ်ဖက်မှ ကြည့်မူ 'အမှန်တရားကို ထုတ်ဖော်ခြင်းနှင့် ထိုအမှန်တရားအပေါ်တွင် မြဲမြံစွာ တည်ရှိနေခြင်း၌ အနည်းငယ်မျှပင် ထိခိုက်မှုမရှိပေ။ ဖခင်က အိမ်မှ ထွက်ခွာသွားရန် အမိန့်ပေးသောအခါ ယင်းအမိန့်ကို ဤဝါကျတွင် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် လက်ခံထား ပေသည်။ တစ်ပြိုင်နက်တည်းမှာပင် 'ကျွန်ုပ်သည် အသင်တို့၏ ရုပ်တု၊ စဉ်းတုများမှ ကင်းလွတ်နေကာ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ဟစ်ခေါ်တသမည်' ကိုလည်း ပြသလိုက်လေသည်။

فلما اعتز لهم ومايعبدون من دون الله وهبناله اسحق ويعقوب

ဤဝါကျ၏ အလျင်ဝါကျ၌ ဟဇရသ်အိဗ်ရာဟီးမ် (عليه السلام) ၏ 'ကျွန်ုပ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကိုသာလျှင် ဟစ်ခေါ်တသ ပန်ကြား၍ ကံကြမ္မာဆိုး၊ အကြောင်းမလှ၍ အလိုမပြည့်သူ မဖြစ်နိုင်ပါ' ဟူသော ပြောဆိုတောင့်တချက် လာရှိထားပေသည်။ 'အိမ်နှင့် ဆွေမျိုးသားချင်းတို့ဖြင့် ခွဲခွာပြီးသည့်နောက် တစ်ကိုယ်ရည်၊ တစ်ကာယတည်း နေထိုင်ရခြင်း၏ အထီးကျန်ခြင်း၏ စိုးရိမ်မှု အစရှိသည်တို့၏ စူးရှမှုများ သက်ရောက်ခြင်းများမှ ရှောင်ရှားရန် ဒိုအာတောင်းဆိုခြင်းသည် အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း' မှာ ထင်ရှားလှပေသည်။ ယခုလက်ရှိ တင်ပြလျက်ရှိနေသော ဝါကျ၌ ထိုတောင်းဆုဒိုအာ လက်ခံတော်မူကြောင်းကို ဤသို့ မိန့်မြွက်တော်မူလိုက်ပေသည်။ အိဗ်ရာဟီးမ် (عليه السلام) သည် အလ္လာဟ်အသျှင်မြတ်အတွက် မိမိ၏ အိမ်၊ ဆွေမျိုးသားချင်းများနှင့် ၎င်းတို့၏ ခဝပ်ကိုးကွယ်ရာ အရှင်များကို စွန့်လွှတ်လိုက်ပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ စတေးမှုများကို 'သားတော်ဟဇရသ်အိစ်ဟားက် (عليه السلام) ကိုလည်းကောင်း၊ ၎င်းသက်တော်ရှည်ကြောင်းနှင့် သားစဉ်မြေးဆက်များ ပိုင်ရှင်ဖြစ်ကြောင်းကို ယအ်ကူးဗ် ဟူသော စကားလုံးကို ထပ်မံတိုးပေး ဖွဲ့စည်းကာ ချီးမြှင့်ခြင်းများဖြင့်' အစားထိုးကာ ပေးသနားတော်မူလိုက်ပေသည်။ သားတော် ချီးမြှင့်ခြင်းများဟူ၍ မိန့်ဆိုလိုက်ခြင်းသည် ယင်းသို့ မချီးမြှင့်မီအလျင် 'နေကာဟ်' ပြုလုပ်ပြီးဖြစ်ကြောင်း၏ အထောက်အထား ဖြစ်ပေသည်။ ရလဒ်များမှာ ဖခင်၏ ဆွေမျိုးသားချင်းများထက် သာပို၍ ကောင်းမွန်သော နဗီတမန်တော်များ၊ သူတော်စင်များ ပါဝင်သော သီးသန့်မျိုးနွယ်တစ်ရပ်ကို ချီးမြှင့်လိုက်လေသည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَاذْكُرْ فِي الْكِتٰبِ مُوْسٰٓى اِنَّهٗ كَانَ مُخْلَصًا وَّكَانَ رَسُوْلًا نَّبِيًّا ﴿٥١﴾

၁၉ : ၅၁ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် (ဤ) ကျမ်းဂန်မှ (နဗီတမန်တော်) မူစာ၏ အကြောင်းအတ္ထုပ္ပတ္တိကို ပြောကြားပါလေ။ စင်စစ် ယင်း (မူစာ) သည် အထူးရွေးချယ်တော်မူခြင်း ခံရသူဖြစ်သည့်အပြင် ရစူလ်တမန်တော်လည်း ဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။

وَنَادَيْنٰهُ مِنْ جَانِبِ الطُّوْرِ الْاَيْمَنِ وَقَرَّبْنٰهُ نَجِيًّا ﴿٥٢﴾

၁၉ : ၅၂ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်း (မူစာ) အား (၎င်း၏) လက်ယာဘက်၌ ရှိသည် 'သွူရ်' မည်သောတောင်၏ဘက်မှ ဟစ်ခေါ်တော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်း (မူစာ) အား (ယုံကြည်စိတ်ချ) လျှို့ဝှက်စကား (နီးနေ၍) ပြောကြားသူအဖြစ် (ချီးမြှင့်) မြှောက်စားတော်မူခဲ့လေသည်။

وَوَهَبْنَا لَهٗ مِنْ رَّحْمَتِنَآ اَخَاهُ هٰرُوْنَ نَبِيًّا ﴿٥٣﴾

၁၉ : ၅၃ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်း (မူစာ) အား ၎င်း၏နောင်တော် ဟာရူန်ကို မိမိ၏ ကရုဏာတော်ဖြင့် နဗီတမန်တော်အဖြစ် (ခန့်အပ်၍) ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။

وَاذْكُرْ فِي الْكِتٰبِ
اِسْمٰعِيْلَ اِنَّهٗ كَانَ صَادِقَ الْوَعْدِ وَكَانَ رَسُوْلًا نَّبِيًّا ﴿٥٤﴾

၁၉ : ၅၄ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် (ဤ) ကျမ်းဂန်မှ (နဗီတမန်တော်) အိစ်မာအီလ်၏ အကြောင်းအတ္ထုပ္ပတ္တိကို (၎င်းတို့ရှေ့ဝယ်) ပြောကြားပါလေ။ စင်စစ် ယင်း (အိစ်မာအီလ်) သည် ကတိတည်ကြည်သူဖြစ်ခဲ့သည့်အပြင် ရစူလ်တမန်တော်လည်း ဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။

وَكَانَ يَاْمُرُ اَهْلَهٗ بِالصَّلٰوةِ وَالزَّكٰوةِ وَكَانَ عِنْدَ رَبِّهٖ مَرْضِيًّا ﴿٥٥﴾

၁၉ : ၅၅ ။ ။ ၎င်းပြင် ယင်း (အိစ်မာအီလ်) သည် မိမိ၏ အိမ်သူအိမ်သားတို့အား 'ဆွလား'သ်' ဝတ်ပြုရန်လည်းကောင်း၊ 'ဇကား'သ်' ပေးဆောင်ရန်လည်းကောင်း အမိန့်ပေး ညွှန်ကြားလေ့ ရှိခဲ့ပေသည်။ ထို့ပြင် ယင်း (အိစ်မာအီလ်) သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် နှစ်မြို့ဖွယ်လည်း ဖြစ်ခဲ့ပေသည်။

وَاذْكُرْ فِي الْكِتٰبِ اِدْرِيْسَ اِنَّهٗ كَانَ صِدِّيْقًا نَّبِيًّا ﴿٥٦﴾

၁၉ : ၅၆ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့ရှေ့ဝယ် ဤ) ကျမ်းဂန်မှ (နဗီတမန်တော်) အိဒ်ရီစ်၏ အကြောင်းအတ္ထုပ္ပတ္တိကို ဖတ်ကြားပါလေ။ စင်စစ် ယင်း (အိဒ်ရီစ်) သည် သစ္စာဝါဒီဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။

وَرَفَعْنَاهُ مَكَانًا عَلِيًّا ۝٥٧

၁၉ : ၅၇ ॥ ॥ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းအိဒ်ရီစ်အား မြင့်မြတ်သော နေရာဌာနသို့ ချီးမြှင့်မြှောက်စားတော်မူခဲ့ပေသည်။

أُولَٰئِكَ الَّذِينَ أَنْعَمَ اللَّهُ عَلَيْهِمْ مِنَ النَّبِيِّينَ
مِنْ ذُرِّيَّةِ آدَمَ وَمِمَّنْ حَمَلْنَا مَعَ نُوحٍ وَمِنْ ذُرِّيَّةِ إِبْرَاهِيمَ
وَإِسْرَائِيلَ وَمِمَّنْ هَدَيْنَا وَاجْتَبَيْنَا ۚ إِذَا تُتْلَىٰ عَلَيْهِمْ آيَاتُ
الرَّحْمَٰنِ خَرُّوا سُجَّدًا وَبُكِيًّا ۩ ۝٥٨

၁၉ : ၅၈ ॥ ॥ အလ္လာဟ်အသျှင်မြတ် ကျေးဇူးပြုတော်မူခဲ့သော ဤသူတို့သည် ဤနဗီတမန်တော်များပင် (ဖြစ်၏။) ၎င်းတို့အနက် အချို့မှာ အာဒမ်၏ သားသမီးများ၊ အချို့မှာ ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ်နှင့်အတူ (သင်္ဘောပေါ်တွင်) တင်ဆောင်တော်မူခဲ့သော သူတို့၏ သားသမီးများ၊ အချို့မှာ အီဗ်ရာဟီမ်၏ သားသမီးများ၊ အချို့မှာ အီစ်ရာအီးလ်၏ သားသမီးများ ဖြစ်ကြပေသည်။ ထို့ပြင် ၎င်းတို့အားလုံးမှာ ငါအသျှင်မြတ်၊ တရားလမ်းမှန်သို့ ညွှန်ပြတော်မူခဲ့သော (ငါအသျှင်မြတ်) ရွေးချယ်တော်မူခဲ့သည့် သူတို့အနက်မှလည်း ဖြစ်ခဲ့ကြကုန်သည်။ မည်သည့်အခါမျိုး၌မဆို ထိုသူတို့ရှေ့ဝယ် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ အာယသ်တော်များကို ဖတ်ကြားခဲ့ပါလျှင် ထိုသူတို့သည် ပျပ်ဝပ်ဦးချလျက်လည်းကောင်း၊ ငိုကြွေးကြလျက်လည်းကောင်း (မြေပေါ်သို့) ကျလာကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် (ဤကုရ်အာန်) ကျမ်းဂန်မှ (နဗီတမန်တော်) မူစာ၏ အကြောင်းအတ္ထုပ္ပတ္တိကို (လူတို့အား) ပြောကြားပါလေ။ (သို့တည်းမဟုတ်ထ ကျမ်းစာအုပ်အတွင်းတွင် တင်ပြသူသည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ် ဖြစ်ပေသည်။) ကေန်မုချ ယင်း (မူစာ) သည် အထူးရွေးချယ်တော်မူခြင်းခံရသူ၊ (ကျေးကျွန်) ဖြစ်သည့်အပြင် ရစူလ်တမန်တော်လည်း ဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်း (မူစာ) အား (၎င်း၏) လက်ယာဖက်၌ ရှိသည့် 'သူရ်' မည်သော တောင်ဘက်မှ ဟစ်ခေါ်တော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်း (မူစာ) အား (ယုံကြည်စိတ်ချ) လျှို့ဝှက်စကား (နီးနှော) ပြောကြားသူအဖြစ် (ချီးမြှင့်) မြှောက်စားတော်မူခဲ့လေသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်း (မူစာ) အား ၎င်း၏ နောင်တော်ဟာရူးန်ကို မိမိ၏ ကရုဏာတော် (ရက်ရောမှု) ဖြင့် နဗီတမန်တော်အဖြစ် (ခန့်အပ်၍) ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ (ဆိုလိုသည်မှာ ၎င်းသည် မိမိအား ကူညီရန် လျှောက်ထားချက်နှင့်အညီ ထိုဟာရူးန် عليه السلام ကို နဗီအဖြစ် ခန့်အပ်ခဲ့ပေသည်။)

ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် (ဤ) ကျမ်းဂန်ကို (နဗီတမန်တော်၏ ရှေ့ဝယ်) အိစ်မာအီးလ် عليه السلام ၏ အကြောင်းအတ္ထုပ္ပတ္တိကို (၎င်းတို့၏ ရှေ့ဝယ်) ပြောကြားပါလေ။ စေကန်စင်စစ် ယင်း (အိစ်မာအီးလ် عليه السلام သည် (အလွန်တရာ) ကတိတည်ကြည်သူ ဖြစ်ခဲ့သည့်အပြင် ရစူလ်တမန်တော် သည်လည်း ဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။ ၎င်းပြင် ယင်း (အိစ်မာအီးလ် عليه السلام သည် မိမိ၏ အိမ်သူအိမ်သားတို့အား (အထူးသဖြင့်) 'ဆွလားသ်'ဝတ်ပြုရန်လည်းကောင်း၊ 'ဇကားသ်'ပေးဆောင်ရန် လည်းကောင်း (ခြုံငုံလွှမ်းခြုံ သဘောမျိုးဖြင့်) အမိန့်ပေးညွှန်ကြားလေ့ရှိခဲ့ပေသည်။ ထို့ပြင် ယင်း (အိစ်မာအီးလ် عليه السلام သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်တွင် နှစ်မြို့ဖွယ် လည်း ဖြစ်ခဲ့ပေသည်။ ၎င်းပြင် (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့ရှေ့ဝယ် ဤ) ကျမ်းဂန်မှ (နဗီတမန်တော်) အိဒ်ရီးစ်၏ အကြောင်းအတ္ထုပ္ပတ္တိကို ဖတ်ကြားပါလေ။ စေကန်အမှန် ယင်း (အိဒ်ရီးစ် عليه السلام) သည် သစ္စာဝါဒီ ဖြစ်ခဲ့၏။ နဗီတမန်တော်လည်း ဖြစ်ခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်းအိဒ်ရီးစ် عليه السلام အား (ပြည့်စုံသော အရည်အချင်းအရာများ၌) မြင့်မြတ်သော နေရာဌာနသို့ ချီးမြှင့်မြှောက်စားတော်မူခဲ့ ပေသည်။ အလ္လာဟ်အသျှင်မြတ် (သီးသန့်) ကျေးဇူးပြုတော်မူခဲ့သော (နဗီဘွဲ့ ချီးမြှင့်ပေးခြင်းထက် ကြီးကျယ် သော စည်းစိမ်တော်သည် အဘယ်မှာလျှင် ရှိမည်နည်း။ စူရာဟ်အစမှာပင် တင်ပြထားသော ဟဇရတ် ဇကရီယာ عليه السلام မှ ဟဇရတ်အီးဒ်ရီးစ် عليه السلام ထိတိုင်အောင် ဤ) သူတို့သည် ထိုနဗီတမန်တော်များပင် (ဖြစ်၏။ ဤအရည်အချင်းတော်များအားလုံးသည် အထက်တင်ပြပါ နဗီတမန်တော်များအားလုံး၌ ပူးတွဲ တည်ရှိနေပေသည်။) ၎င်းတို့ (အားလုံး) အနက် အချို့မှာ အာဒမ် عليه السلام ၏ သားသမီးများ (အနက်မှ ဖြစ်ပေသည်။) အချို့မှာ ငါအသျှင်မြတ်သည် (နဗီတမန်တော်) နူးဟ် عليه السلام နှင့်အတူ (သင်္ဘောပေါ်တွင်) တင်ဆောင်တော်မူခဲ့သော သူတို့၏ သားသမီးများထဲမှ ဖြစ်ပေသည်။)

(သို့ရှိရာ ဟဇရတ်အီးဒ်ရီးစ် عليه السلام မှအပ ထိုဘိုးဘွားဘီဘင်များသည် ဟဇရတ်နူးဟ် عليه السلام ၏ မျိုးနွယ်စုထဲမှ ဖြစ်ပေသည်။ ကျန်ရှိသောသူများအားလုံးတွင် ဤသို့ ပြည့်စုံသော အရည်အချင်းများ ရှိပေ သည်။) အချို့မှာ အိဗ်ရာဟီးမ် عليه السلام ၏ သားသမီးများ၊ အချို့မှာ ယအ်ကူးဗ် عليه السلام ၏ သားသမီးများ၊ အိစ်ရာအီးလ် عليه السلام ၏ သားသမီးများ ဖြစ်ကြပေသည်။ (သို့ရှိရာ ဟဇရတ်ဇကရီယာ عليه السلام ၊ ဟဇရတ် ယဟ်ယာ عليه السلام ၊ ဟဇရတ်အီဆာ عليه السلام နှင့် ဟဇရတ်မူစာ عليه السلام တို့သည် နှစ်ပါးစလုံး၏ သားစဉ်မြေးဆက် ထဲမှ ဖြစ်ပေသည်။ ထို့ပြင် ဟဇရတ်အိစ်ဟာက် عليه السلام ၊ ဟဇရတ်အိစ်မာအီးလ် عليه السلام နှင့် ဟဇရတ်ယအ်ကူးဗ် عليه السلام တို့သည် ဟဇရတ်အိဗ်ရာဟီးမ် عليه السلام ၏ သားစဉ် မြေးဆက်ထဲမှ ဖြစ်ပေသည်။) ထို့ပြင် ၎င်းတို့ အားလုံးမှာ ငါအသျှင်မြတ် တရားလမ်းမှန်သို့ ညွှန်ပြတော် မူခဲ့သော (ငါအသျှင်မြတ်) ရွေးချယ်တော်မူခဲ့ သည့် သူတို့အနက်မှလည်း ဖြစ်ခဲ့ကြကုန်သည်။ (ထိုသို့ လက်ခံရွေးချယ်တော်မူခြင်း ခံရခြင်းနှင့် သီးသန့် ရွေးချယ်တော်မူခြင်း ခံထားနေရသည့် ကြားကတည်းကပင် ထိုသူမွန်သူမြတ်များအားလုံး၏ ခဝပ်ကိုးကွယ် ခြင်း၏ အခြေအနေမှာ ဤသို့ ဖြစ်သည်။) မည်သည့်အခါမျိုး၌မဆို ထိုသူတို့ရှေ့ဝယ် 'ရဟ်မာန်း' အနန္တ

ကရုဏာတော်ရှင်၏ အာယသ်တော်များကို ဖတ်ကြားခဲ့ပါလျှင် (အလွန်ရိုကျိုးမှုကို ထုတ်ဖော်ရန်အတွက်) ထိုသူတို့သည် ပျပ်ဝပ်ဦးချလျက်လည်းကောင်း၊ ငိုကြွေးကြလျက်လည်းကောင်း (မြေပေါ်သို့) ကျလာကြကုန်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

كَانَ مُخْلَصًا (အထူးရွေးချယ်တော်မူခြင်း ခံရသူ) ဟူသော အာယသ်တော်တွင် ل 'လားမ်' အက္ခရာအပေါ်၌ 'ဇဗရ်' နှင့် 'မွခ်လစွားန်' ဖတ်မည်ဆိုလျှင် ၎င်းအား အလ္လာဟ်အသျှင်မြတ်သည် မိမိအဖို့ သီးသန့်ရွေးချယ် တော်မူထားသူ' ဆိုလိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်မှအပ အခြားသော အရာများဘက်သို့ အာရုံစူးစိုက်မှုမပြုဘဲ မိမိ၏ စိတ်ရှိင်းနှင့် တပ်မက်မှုအလုံးစုံတို့အား အလ္လာဟ်အသျှင်မြတ် သဘောတူနှစ်မြို့စေရန်အတွက် စွန့်လျှုထားသူ ဖြစ်သည်။' ဤအရည်အချင်းတော်သည် အထူးသဖြင့် နဗီတမန်တော်များသာလျှင် ရရှိပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ မိန့်ဆိုထားတော်မူပေသည်။

اِنَّا اَخۡلَصۡنٰهُمۡ بِخَالِصَةٍ ذِكۡرَى الدَّارِ

ကေန်မလွဲ ငါအသျှင်မြတ်သည် တမလွန်ဘဝကို သတိရခြင်းတည်းဟူသော ထူးခြားချက်တစ်ရပ်ဖြင့် ၎င်းတို့အား ထူးခြားစေတော်မူခဲ့၏။ [၃၈ : ၄၆]

အမွှသ်ထုအတွင်း၌လည်း ယင်းသို့ အရည်အချင်းပြည့်စုံသော သူတို့သည် နဗီတမန်တော်များ၏ လမ်းစဉ်ကို လိုက်မည်ဆိုပါက ၎င်းတို့အဖို့လည်း ထိုအဆင့်အတန်း၏ အဆင့်တစ်ဆင့်ကို ရရှိမည် ဖြစ်သည်။ ထိုသို့ ရရှိခြင်း၏ လက္ခဏာမှာ '၎င်းတို့သည် ဇီဖသေဘောအရ မကောင်းမှု၊ အကုသိုလ် ဒုစရိုက်များမှ ရှောင်ရှားစွာဖြင့် ရှိနေကြကာ အလ္လာဟ်အသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်မှုသည်လည်း ၎င်းတို့နှင့် အတူတကွ တည်ရှိနေပေသည်။

مِنۡ جَانِبِ الطُّوۡرِ

(လက်ယာဘက်၌ရှိသည့် 'သူရ်'မည်သော တောင်ဘက်မှ) ဟူသော အာယသ်တော်တွင် ဤတောင်သည် ဆီရီးယားနိုင်ငံတွင် 'မိဆွေရ်' နှင့် 'မဒ်ယာန်' မြို့ကြားရှိ ထင်ရှားသော တောင်ဖြစ်သည်။ ယနေ့လည်း ထိုအမည်ဖြင့်သာ ကျော်ကြားနေပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုတောင်ကိုလည်း များစွာသော အချက်လက္ခဏာများတွင် အသွင်မတူ ထူးခြားမှုတစ်ရပ်အား ချီးမြှင့်ထားပေသည်။ الْاَيْمَن တောင်၏ ယာဘက်သည် မာဆရသ်မူစာ عليه السلام အား ထောက်ရှု၍ ပြသထားခြင်းဖြစ်ပေသည်။ အကြောင်းမှာ ၎င်းသည် မဒ်ယာန်မြို့မှ ကြွမြန်းလာလေရာ တောင်၏ မျက်နှာချင်းဆိုင်သို့ ရောက်ရှိသောအခါ တောင်သည် ၎င်း၏ ညာဘက်၌ တည်ရှိပေသည်။

نَجِيًّا (လျှို့ဝှက်စကား) တီးတိုးပြောဆိုမှုနှင့် သီးသန့်စကားတော်ကို 'နူနာဂျာသ်' နှင့် ယင်းသို့ စကားပြောဆိုခြင်း ခံရသူကို 'နဂျီ' ဟူ၍ ခေါ်ဆိုပေသည်။

وَوَهَبۡنَا لَهُۥ مِن رَّحۡمَتِنَآ أَخَاهُ هَٰرُونَ

ငှင်းပြင် ငါအသျှင်မြတ်သည် ယင်း (မူစာ) အား ၎င်း၏ နောင်တော် ဟာရူးန်ကို မိမိ၏ ကရုဏာတော်ဖြင့် နဗီတမန်တော်အဖြစ် (ခန့်အပ်၍) ချီးမြှင့်ပေးသနားတော်မူခဲ့ပေသည်။ *[၁၉ : ၅၃]*

'ဟေဗာဟ်' ၏ လုံးချင်းကောက်အဓိပ္ပာယ်သည် 'ပေးအပ်ခြင်း၊ လက်ဆောင်' ဖြစ်ပေသည်။ ဟဇရသ်မူစာ عليه السلام သည် '၎င်းအား ကူညီရန်အတွက် ဟဇရသ်ဟာရူးန် عليه السلام အား နဗီအဖြစ် ချီးမြှင့်ရန် ဒိုအာတောင်းခံလေရာ' တောင်းဆုဒိုအာ လက်ခံတော်မူခြင်း ခံရပေသည်။ ထိုလက်ခံတော်မူခြင်း ခံရခြင်းကို (ငါအသျှင်မြတ် ချီးမြှင့်ပေးသနားတော်မူခဲ့သည်) ဟူသော စကားလုံးဖြင့် သရုပ်ဖော်ထားပေသည်။ ထို့ကြောင့် ဟဇရသ်ဟာရူးန် عليه السلام ကို 'ဟေဗသွလ်လားဟ်' (အလ္လာဟ်အသျှင်မြတ်၏ လက်ဆောင်မွန်) ဟူ၍လည်း ခေါ်ဆိုပေသည်။ *[မဇ္ဇဟရီ]*

وَٱذۡكُرۡ فِي ٱلۡكِتَٰبِ إِسۡمَٰعِيلَ

ထို့ပြင် အို့, နဗီတမန်တော်၊ အသင်သည် ဤကျမ်းဂန်မှ နဗီတမန်တော် အိစ်မာအီးလ်၏ အကြောင်းအထွေထွေကို ၎င်းတို့ရှေ့၌ ပြောကြားပါလေ။ *[၁၉ : ၅၄]*

အိစ်မာအီးလ်၏ အလိုသဘောသည် ဟဇရသ်အိစ်မာအီးလ် ဗင်န် အိဗ်ရာဟီးမ်ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။ သို့ရာတွင် ၎င်း၏ အကြောင်းကို ၎င်း၏ ဖခင်နှင့် နောင်တော်ဖြစ်သော ဟဇရသ်အိဗ်ရာဟီးမ် عليه السلام နှင့် အိစ်ဟားက် عليه السلام တို့နှင့် အတူတကွ မတင်ပြထားဘဲ ဟဇရသ်မူစာ عليه السلام ၏ အကြောင်းအလယ်၌ တင်ပြထားပေသည်။ တစ်ဆက်တည်း တင်ပြရမည့်အစား သီးသန့်တင်ပြထားရခြင်း၏ အဓိကရည်ရွယ်ချက်သည် သီးသန့် အလေးအနက်ထားစေရန်အတွက် ဖြစ်တန်ကောင်းရာသည်။ ဤနေရာ၌ တင်ပြထားသော နဗီတမန်တော်များအားလုံး၏ စေလွှတ်မှုကို အစီအစဉ်အတိုင်း ပုံစံမျိုးဖြင့် မိန့်မြွက်တော် မမူထားပေ။ အဘယ်ကြောင့်ဆိုသော် နောက်ဆုံးမှ တင်ပြထားသော ဟဇရသ်အိဒရီးစ် عليه السلام သည် ခေတ်ကာလကို ထောက်ရှု၍ ၎င်းတို့အားလုံးထက် ရှေးကျပေသည်။

كَانَ صَادِقَ ٱلۡوَعۡدِ

(ယင်းအိစ်မာအီးလ် عليه السلام သည် ကတိတည်ကြည်သူ ဖြစ်ခဲ့သည့်အပြင်) ဟူသော အာယသ်တော်တွင် ကတိတည်ကြည်ခြင်းသည် မွန်မြတ်သူတိုင်း အရေးကြီးသော အရာအဖြစ် မှတ်ယူထားသော မွန်ရည်သော စာရိတ္တပင် ဖြစ်ပေသည်။ ၎င်းနှင့် ဆန့်ကျင်ဘက်ပြုလုပ်ခြင်းကို ဆိုးယုတ်သော လုပ်ရပ်အဖြစ် သတ်မှတ်ထားပေသည်။ ဟဒီးစ်တော်၌ 'ကတိဖျက်ခြင်းကို 'နေဖားက်' (မွတ်စ္စလင်မ် အသွင်ဆောင်ခြင်း) ၏ လက္ခဏာတစ်ရပ်အဖြစ် သတ်မှတ်ထားပေသည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ မည်သည့်ရစူလ်၊ နဗီ တမန်တော်တစ်ပါးပါးမျှ ကတိမတည်ကြည်သောသူ' ဟူ၍ မရှိပေ။ သို့ရာတွင် ဤကွင်းဆက် ဝါကျ

ဆက်များအတွင်း၌ သီးသန့်နဗီတမန်တော်များ၏ အကြောင်းကို သီးသန့်ဂုဏ်ထူးဝိသေသတစ်ရပ်နှင့်အတူ ဖော်ပြထားပေသည်။ ထိုသို့ တင်ပြထားခြင်း၏ အလိုသဘောသည်လည်း အခြားသော နဗီတမန်တော်များ၌ မရှိဟူ၍ မဟုတ်ဘဲ ယင်းအရည်အချင်းသည် ယင်းနဗီတမန်တော်၌ တစ်မူထူးခြားစွာဖြင့် တည်ရှိနေကြောင်းကို ရည်ညွှန်းဖော်ထုတ်ထားဟန် တူပေသည်။ ပမာဆိုရသော် ယခု ဟဇရတ်မူစာ ﷺ ၏ အကြောင်း၌ ၎င်းသည် 'မွခ်လားစ္စ်' (အထူးရွေးချယ်တော်မူခြင်း ခံရသူ) ဖြစ်ကြောင်း တင်ပြထားပေသည်။ စေကန်စင်စစ် ဤအရည်အချင်းဂုဏ်ပုဒ်သည် နဗီတမန်တော်များအားလုံး၏ ထံ၌ ပြည့်လုံလုံစွာသော သဘောမျိုးဖြင့် တည်ရှိနေပေသည်။ သို့ရာတွင် ဟဇရတ်မူစာ ﷺ သည် ထိုအချက်နှင့် စပ်လျဉ်း၍ သီးသန့်အသွင်ထူးသော ပုံစံမျိုးဖြင့် ရရှိနေပေသည်။ ထို့ကြောင့် ၎င်း၏ အကြောင်းကို တင်ပြရာ၌ ထိုအချက်ကို မိန့်မြွက်ထားခြင်း ဖြစ်ပေသည်။

ဟဇရတ်အိစ်မာအီးလ် ﷺ သည် ကတိတည်ရာ၌ ထူးခြားမှုရှိနေခြင်းမှာ '၎င်းသည် အလ္လာဟ်အသျှင်မြတ်နှင့်သော်လည်းကောင်း၊ သို့မဟုတ် ကျေးကျွန်လူသားတစ်ဦးတစ်ယောက်ဖြင့်သော်လည်းကောင်း အချက်တစ်ချက်အား ကတိပြုထားသည်ဆိုလျှင် ထိုကတိကို အလွန်နိုင်မာ အလေးထားစွာဖြင့် ပြည့်ဝအောင် ပြုခြင်း၏' အချက်ကို အခြေခံကာ တင်ပြထားပေသည်။ ၎င်းသည် အလ္လာဟ်အသျှင်မြတ်အား 'မိမိကိုယ်ကို 'ဇဗာဟ်' ပြုရန်အတွက် ပေးအပ်ကာ ယင်းအမှုကိစ္စအတွက် သည်းခံမှုတရားလည်း ထားရှိမည်ဖြစ်ပြီး ထိုအမှုကိစ္စကို ပီပီပြင်ပြင် အကောင်အထည်ဖော်မည်' ဟူ၍ ကတိပြုထားတော်မူခဲ့ပေသည်။ တစ်ဦးတစ်ယောက်နှင့် တစ်နေရာ၌ တွေ့ဆုံရန် ကတိပြုထားလေရာ ၎င်းသည် ချိန်းဆိုထားသော အချိန်နှင့် မလာရောက်လေရာ ၎င်းစောင့်ဆိုင်းရာ၌ (၃) ရက်နှင့် အချို့သော ဆင့်ပြန်ချက်များတွင် တစ်နှစ်ဟူ၍ တင်ပြထားပေသည်။ *[မဇှ်ဟရီကျမ်း]*

ဟဇရတ်အဗ်ဒုလ္လာဟ်းဗင်န် အဘီအိုစာမာဟ် ﷺ သခင်၏ ဆင့်ပြန်ချက်နှင့် သိရ်မေဇီကျမ်းတွင် ကျွန်ုပ်တို့ ရစူလ်တမန်တော်မြတ် ﷺ နှင့် စပ်လျဉ်း၍လည်း ဤကဲ့သို့သော ဖြစ်အင်မျိုး ကြုံတွေ့ခဲ့ရပေသည်။ ကတိပြုထားရာ (၃) ရက်ထိတိုင် ထိုနေရာ၌ တမန်တော်မြတ် ﷺ စောင့်ဆိုင်းနေကြောင်း ဆင့်ပြန်ချက် လာရှိထားပေသည်။ *[ကုရ်သုဗီ]*

ကတိတည်ကြည်မှု၏ အရေးပါပုံနှင့် အဆင့်အတန်း

ကတိတည်ကြည်မှုသည် နဗီတမန်တော်နှင့် သူတော်စင်များ၏ သီးသန့်ဂုဏ်ထူးဝိသေသအချက်နှင့် မွန်ရည်သူအပေါင်းတို့၏ ဓလေ့ဖြစ်ပေသည်။ မတည်ကြည်ခြင်းသည် သူယုတ်မာ၊ ဆိုးသွမ်းသောသူတို့၏ ဓလေ့ဖြစ်သည်။ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူထားသည်မှာ-

اَلعِدَةُ دَيْنٌ

(ကတိသည် အကြွေးတစ်ရပ် ဖြစ်သည်။) ဆိုလိုသည်မှာ လူသားသည် မိမိ၏ ကြွေးမြီအား ဆပ်ရန် အရေးကြီးသကဲ့သို့ ကတိတည်ကြည်ရန်လည်း ထိုကဲ့သို့ပင် အရေးကြီးပေသည်။ အခြားသော

ဟဒီးစ်တော်၌ ဤစကားလုံးများဖြင့် လာရှိထားပေသည်။ وأى المؤمن واجب (မုအ်မင်န်) ၏ ကတိသည် 'ဝါဂျိဗ်'ဖြစ်ပေသည်။)

ဓမ္မသတ်ပညာရှင်များသည် 'ကတိသည် အကြွေးဖြစ်ခြင်းနှင့် ကတိအား တည်ကြည်အောင် ဆောင်ရွက်ခြင်းသည် 'ဝါဂျိဗ်'ဖြစ်ခြင်း၏ အရာသည် တရားတော်၏ ချွင်းချက်တစ်စုံတစ်ရာမျှ မရှိဘဲ ပြည့်ဝအောင် မဆောင်ရွက်ပေးခြင်းသည် 'ဂုနာဟ်' (အပြစ်ဒုစရိုက်) ဖြစ်ကြောင်းကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြပေသည်။ သို့ရာတွင် ကတိ၏ အကြွေးအမျိုးအစားသည် တရားရုံးမှ တိုင်တန်းကာ အတင်းအဓမ္မ ရယူကောင်းသော အကြွေးမျိုးမဟုတ်ပေ။ အကြင်အကြွေးကို ဓမ္မသတ်ပညာရှင်များ၏ အသုံးအနှုန်းဝေါဟာရ၌ 'ဒေယာနသ်သန်း' (သစ္စာစောင့်စည်းမှုအရ) 'ဝါဂျိဗ်'ဖြစ်၍ 'ကဇ္ဇာဝါဂျိဗ်' မဟုတ်ကြောင်း' ဟူ၍ အစိပ္ပာယ်ဖော်ဆောင်ပေးထားသည်။ *[ကုရ်သုဗီကျမ်း]*

ပြုပြင်သူသည် ပြုပြင်ခြင်း၏ အလုပ်ကို မိမိအိမ်မှပင် စတင်ရန်သည် အရေးကြီးခြင်းအကြောင်း

كان يامر اهله بالصلوة والزكو ة

ငှင်းပြင် ယင်းအိစ်မာအီးလ်သည် မိမိ၏ အိမ်သူအိမ်သားတို့အား 'ဆွလားသ်'ဝတ်ပြုရန်လည်းကောင်း၊ 'ဇကားသ်'ပေးဆောင်ရန်လည်းကောင်း အမိန့်ပေး ညွှန်ကြားလေ့ရှိခဲ့ပေသည်။ *[၁၉ : ၅၅]*

ဟဇရသ်အိစ်မာအီးလ် ﷺ ၏ သီးသန့်ဂုဏ်ထူးဝိသေသအချက်များထဲမှ 'မိမိအိမ်သူအိမ်သားများကို 'ဆွလားသ်'နှင့် 'ဇကားသ်'ကို ပေးဆောင်ရန် အမိန့်ပေးခြင်း' ၏ အချက်သည်လည်း ဝိသေသတစ်ရပ်အဖြစ် ပါရှိနေပေသည်။ ဤနေရာတွင် မေးစရာဖြစ်လာသည်မှာ မွတ်စ္စလင်မ်၊ မုအ်မင်န်တိုင်းသည် မိမိ၏ အိမ်သူ၊ အိမ်သားတို့ကို မှန်မြတ်သော အလုပ်ကို လမ်းညွှန်ပြသရန်မှာ 'ဝါဂျိဗ်'တာဝန်ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် အများပြည်သူ မွတ်စ္စလင်မ်များအား မိန့်တော်မူထားသည်မှာ-

قُوْا اَنْفُسَكُمْ وَاَهْلِيْكُمْ نَارًا

အသင်တို့သည် မိမိကိုယ်ကိုလည်းကောင်း၊ မိမိတို့၏ အိမ်သူ၊ အိမ်သားတို့ကိုလည်းကောင်း ငရဲမီးဘေးမှ ကင်းလွတ်စေကြလေကုန်။ *[၆၆ : ၆]*

သို့ဆိုလျှင် ထိုပညတ်ချက်နှင့် စပ်လျဉ်း၍ ဟဇရသ်အိစ်မာအီးလ် ﷺ ၏ ဝိသေသအချက်သည် မည်သို့နည်းဟူ၍ မေးခွန်းသည် ပေါ်ပေါက်လာပေသည်။ အဖြေမှာ ဤသို့ပင် ဖြစ်သည်။ ဤအမိန့်သည် ခြုံငုံလုစ္စာဖြင့် အားလုံးသော မွတ်စ္စလင်မ်များအပေါ်တွင် တာဝန်ရှိ အဖန်ဆင်းခံများ ဖြစ်နေလင့်ကစား ဟဇရသ်အိစ်မာအီးလ် ﷺ သည် ငှင်းကျင့်ဝတ်များကို စီမံမှု၊ အလေးထားမှု ပြုရာ၌ သူမတူအောင် ကြိုးစားမှုကို စွမ်းစွမ်းတမံ ဆောင်ရွက်လေ့ ရှိပေသည်။ ပမာဆိုရသော် တမန်တော်မြတ် ﷺ သည်လည်း

وَانْذِرْ عَشِيْرَ تَكَ الْاَ قْرَبِيْنَ

(၄င်းပြင် အသင်သည် မိမိနှင့် နီးစပ်သော ဆွေမျိုးသားချင်းတို့ကို သတိပေးနှိုးဆော်ပါလေ) ဟူသော လမ်းညွှန်ချက်ကို ရရှိခဲ့သည်။ တမန်တော်မြတ် ﷺ သည် ထိုပညတ်ချက်ကို လိုက်နာသမှု ပြုရာ၌ မိမိ၏ ဆွေမျိုးသားချင်းများကို စုရုံး၍ သီးသန့်မိန့်ခွန်းကို မြွက်ကြားတော်မူပေသည်။

ဒုတိယစမ်းစစ် လေ့လာကြည့်ရှုသင့်သော အချက်မှာ နဗီတမန်တော်များအားလုံးသည် မျိုးနွယ်အုပ်စုတစ်ရပ်လုံးအား လမ်းညွှန်ပြသရန်အတွက် စေလွှတ်ခြင်းခံထားရပေသည်။ ၄င်းတို့သည် အားလုံးသော သူတို့အား မှန်ကန်သော တရားဒေသနာတော်များကို ပို့ချကာ အလ္လာဟ်အသျှင်မြတ်၏ ပညတ်ချက်များကို လိုက်နာကျင့်သုံးကြပေသည်။ အိမ်သူအိမ်သားများဟူ၍ အထူးပြုထားရာ၌ မည်သည့်အမြော်အမြင် အချက် ရှိပေသနည်း။ အဖြေမှာ ဤသို့ပင်ဖြစ်သည်။ 'အကြင်လမ်းညွှန်မှုကို ပြည်သူခပ်သိမ်းတို့အား ကျင့်သုံးစေရန်ရှိမူ ထိုအချက်ကို ဦးစွာပထမ မိမိ၏ အိမ်မှပင် စတင် ကျင့်သုံးစေခြင်းသည် နဗီတမန်တော်များ 'ဒအ်ဝသ်' (ဖိတ်ခေါ်မှု) ပြုခြင်း၏ အခြေခံအုတ်မြစ်ဥပဒေများထဲမှ အရေးပါသော ဥပဒေပင်ဖြစ်သည်။ ယင်းလမ်းညွှန်ချက်ကို အိမ်သူအိမ်သားများ နာခံခြင်းနှင့် နာခံနိုင်ခြင်းသည် ဆက်စပ်မှုအရ လွယ်ကူမှုလည်း ရှိသကဲ့သို့ ကြပ်မတ်ထိန်းသိမ်းမှုကိုလည်း အချိန်တိုင်း၌ ပြုနိုင်ပေသည်။ ၄င်းအိမ်သူ၊ အိမ်သားများသည် သီးသန့် အသွင်ပုံစံတစ်မျိုးကို သုံးကာ ထိုလမ်းညွှန်မှုတရားနှင့် စပ်လျဉ်း၍ အနည်ထိုင်သွားသည်ဆိုလျှင် ထိုသို့ အနည်ထိုင်သွားခြင်းဖြင့် သာသနာရေးရာ လူ့ဘောင် အသိုင်းအဝိုင်းတစ်ခု ပေါ်ပေါက်လာကာ ဖိတ်ခေါ်မှုကို ကျယ်ပြန့်စေရန်နှင့် အခြားသောသူများကို ပြုပြင်မှု ပြုပေးရာ၌ အင်အားကြီးများ ပေါ်ပေါက်လာပေလိမ့်မည်။ အဖန်ဆင်းခံများအား ပြုပြင်မှုပြုရန်အတွက် အထိရောက်၊ အစူးရှဆုံးသော အချက်သည် စစ်မှန်သော သာသနာ့ဝန်းကျင်တစ်ခုကို ဖန်တီးရန် ဖြစ်သည်။ 'ကောင်းမှုနှင့် မကောင်းမှု အရာတိုင်းတို့အား သင်ပေးသင်ယူ သဘောပေါက်နားလည်အောင် ရှင်းပြခြင်းထက် သာပို၍ ထိရောက်သော အချက်မှာ ကောင်းသော ပတ်ဝန်းကျင်၊ သို့မဟုတ် မကောင်းသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးလိုက်ခြင်း၏ အကြောင်းခံဖြင့် သာပို ပြန့်နှံ့၊ တိုးတက်ကြောင်းဖြစ်သည်မှာ' အတွေ့အကြုံများကပင် မီးမောင်းထိုးပြလျက် ရှိနေပေသည်။

وَاذْكُرْفِى الْكِتَابِ اِدْرِيْسَ

၄င်းပြင် အို, နဗီတမန်တော်၊ အသင်သည် ၄င်းတို့ရှေ့ဝယ် ဤကျမ်းဂန်မှ နဗီတမန်တော်အီဒ်ရီးစ်၏ အကြောင်းအတ္ထုပ္ပတ္တိကို ဖတ်ကြားပါလေ။ *[၁၉ : ၅၆]*

ဟဇရတ်အီဒ်ရီးစ် (عليه السلام) သည် ဟဇရတ်နူးဟ် (عليه السلام) ၏ နှစ်ပေါင်း (၁၀၀၀) အလျှင် ဟဇရတ်နူးဟ် (عليه السلام) ၏ ဘိုး၊ ဘေးများထဲမှ ဖြစ်ပေသည်။

[မွစ်သဒရပ်က်ဟာကင်မ်ကျမ်း၏ အမှီသဟဲဖြင့် ရူဟုလ်မအာနီကျမ်း]

ဤနဗီသည် ဟဇရတ်အာဒမ် عليه السلام ၏နောက် ပထမဦးဆုံးသော နဗီ၊ ရစူလ်တမန်တော် ဖြစ်ပေသည်။ အကြင်နဗီကြီးအပေါ်၌ အလ္လာဟ်အသျှင်မြတ်သည် စွဟီးဖာကျမ်းငယ်ပေါင်း (၃၀) ကို ချပေးသနားတော်မူခဲ့လေသည်။ (ဇမ်ခရှရီကျမ်းနှင့် ဟဇရတ်အဗူဇရ်၏ ဆင့်ပြန်ချက် ဟဒီးစ်တော်၌ ထိုအတိုင်း လာရှိထားပေသည်။) နက္ခတ္တဗေဒပညာနှင့် စာရင်းအင်ပညာရပ်များကို 'မုအ်ဂျေဇာဟ်' (အံ့ဖွယ်) ပုံစံမျိုးဖြင့် ချီးမြှင့်ခြင်းခံခဲ့ရသော ပထမဦးဆုံးသော လူသားသည် ဟဇရတ်အိဒ်ရီးစ် عليه السلام ဖြစ်ပေသည်။

[ဗဟ်ရေမုဟီးသ်]

ကလောင်တံဖြင့် ရေးသားခြင်းနှင့် အဝတ်အထည် ယက်လုပ်ခြင်းကို ဦးစွာပထမ တီထွင်မှုကို ပြုသော ကမ္ဘာ့ပထမဦးဆုံးသော လူသားပင် ဖြစ်သည်။ ထိုတီထွင်မှုကို မပြုမီအလျှင် လူသားတို့သည် များသောအားဖြင့် အဝတ်အထည်၏အစား တိရစ္ဆာန်များ၏ သားရေများကို အသုံးပြုကြပေသည်။ ဦးစွာပထမ အလေး၊ တင်း၊ တောင်း၊ ချိန်တွယ်၊ ချင်တွယ်ခြင်း၏ နည်းပညာကိုလည်းကောင်း၊ လက်နက်များ တီထွင်ခြင်းကိုလည်းကောင်း ထိုနဗီကြီးကပင် စတင် တီထွင်မှုကို ပြုခဲ့လေသည်။ ထိုနဗီကြီးသည် လက်နက်များကို အသင့်ပြုလုပ်ပြင်ဆင်၍ 'ကဗီးလ်' မျိုးနွယ်အုပ်စုများနှင့် စစ်ဆင်နွှဲမှုကို ပြုလုပ်ခဲ့လေသည်။

[ဗဟ်ရေမုဟီးသ်၊ ကုရ်သုဗီ၊ မဇ္ဇဟရီး၊ ရွှဟ်။]

وَرَ فَعنٰهُ مَكَانًا عَلِيًّا

ထို့ပြင် ငါအသျှင်မြတ်သည် ယင်းအိဒ်ရီးစ်အား မြင့်မြတ်သော နေရာဌာနသို့ ချီးမြှင့်မြှောက်စားတော်မူခဲ့ပေသည်။ *[၁၉ : ၅၇]*

'၎င်းအား နဗီဖြစ်စေခြင်း၊ ရစူလ်ဖြစ်စေခြင်းနှင့် အလ္လာဟ်အသျှင်မြတ်နှင့် နီးစပ်စေခြင်း၏ သီးသန့်အဆင့်အတန်းအား ချီးမြှင့်ပေးသနားတော်မူထားပေသည်' ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ ၎င်းအား မိုးကောင်းကင်ပေါ်သို့ ခေါ်ယူတော်မူထားပေသည်ဟူ၍ ဆင့်ပြန်ချက်များ၌ လာရှိထားပေသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ အိဗ်နေ့ကစီးရ် သခင်ကြီးက အမိန့်ရှိထားသည်မှာ-

هذ امن اخبا ركعب الاحبا ر الا سرائيليا ت وفى بعضه نكارة

ဤဆင့်ပြန်ချက်များသည် ကအဗ်အဟ်ဗားရ်၏ အီစ်ရာအီလီဆင့်ပြန်ချက်များမှ လာရှိသော ဆင့်ပြန်ချက်ဖြစ်ပေသည်။ ထိုဆင့်ပြန်ချက်များထဲမှ အချို့ဆင့်ပြန်ချက်များသည် နားလည်ရခက်သော ဆင့်ပြန်ချက်များ ဖြစ်ပေသည်။ ဤနေရာနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ တင်ပြပါစကားလုံးများမှ 'အဆင့်အတန်းကို မြှင့်တင်ပေးထားခြင်းလော။ သို့မဟုတ် မိုးကောင်းကင်သို့ မ,ယူတော်မူထားပေခြင်းလော' ဟူ၍ ရှင်းလင်းစွာ မိန့်မြွက်တော်မမူထားပေ။ ထို့ကြောင့် ၎င်းအား 'မိုးကောင်းကင်ပေါ်သို့ မ,ယူတော်မူလိုက်ခြင်း' အချက်သည် အတည်မဟုတ်ပေ။ ကုရ်အာန်ကျမ်းတော်မြတ်အား အကျယ်ချဲ့ဖွင့်ဆိုခြင်းသည် ယင်းအချက်အပေါ်လည်း မူတည်မနေပေ။

[ဗယာနုလ်ကုရ်အာန်]

ရစူလ်နှင့် နဗီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကွဲပြားခြားနားချက်နှင့် ဆက်စပ်မှု

ကျွန်ုပ် (မိုဟမ္မဒ်ရှဖီအ်) ထံ၌ ဤစကားလုံးနှစ်လုံးစလုံး၏ အလိုသဘောတွင် ရှုထောင့်တစ်ခုတည်းရှိ အများပိုင်ပုဒ်နှင့် အထူးပြုပုဒ်အသွင်သဏ္ဌာန်မျိုးဖြင့် ဆက်စပ်မှု ရှိပေသည်။ ရစူလ်ဆိုသည်မှာ ကြားနာသူတို့ကို 'သောင်ရားသ်' ကျမ်း အစရှိသော ကျမ်းများသည် ထိုရစူလ်တမန်တော်ကိုယ်တိုင်အတွက်လည်း အသစ်ဖြစ်ပြီး သာသနာတော်အသစ်ကို ပို့ချသည်ဖြစ်စေ၊ သို့မဟုတ် ၎င်းရစူလ်၏ အွမ္မသ် (နောက်လိုက်ထု) များအတွက် ဟဇရတ် အိစ်မာအီးလ် ﷺ ၏ သာသနာတော်ကဲ့သို့ သာသနာတော်အသစ်ကို ပို့ချခဲ့သည်ဖြစ်စေ ဟဇရတ် အိစ်မာအီးလ် ﷺ ၏ သာသနာတော်သည် စင်စစ် ဟဇရတ်အိဗ်ရာဟီးမ် ﷺ ၏ ရှေးဟောင်းမူရင်း သာသနာပင် ဖြစ်ပေသည်။ ဟဇရတ်အိစ်မာအီးလ် ﷺ စေလွှတ်ခြင်း ခံရတော်မူသော ဂျုရ်ဟမ်မျိုးနွယ်စုတို့သည် ယင်းသာသနာ၏ အသိကို အစကတည်းက မသိရှိဘဲ နေလာခဲ့ကြရာ တမန်တော်အိစ်မာအီးလ် ﷺ ကို အကြောင်းပြု၍ ပြန်လည် သိခွင့်ရရှိခဲ့သည်။ ထိုအဓိပ္ပာယ်ကို ထောက်ရှု၍ ရစူလ်တမန်တော်ဖြစ်ရန်အတွက် နဗီဖြစ်ခြင်းသည် မလိုအပ်ပေ။ ပမာဆိုရသော် ကောင်းကင်တမန်တော်များသည် ရစူလ်များဖြစ်ပေရာ နဗီများမူ မဟုတ်ကြပေ။ သို့မဟုတ် ဟဇရတ်အီစာ ﷺ ဘက်တော်မှ စေလွှတ်ထားတော်မူသော သံတမန်၊ စေတမန်များကို ကုရ်အာန်ကျမ်းတော်မြတ်သည်

إِذْ جَاءَهَا الْمُرْسَلُونَ

(အခါတစ်ပါး၌ ထိုမြို့သူ၊ မြို့သားတို့ထံ ရစူလ်တမန်တော်များသည် ရောက်ရှိလာခဲ့ကြကုန်၏။) ဟူသော အာယသ်တော်တွင် ရစူလ်တမန်တော်များ ဟူ၍ သုံးနှုန်းထားပေသည်။ စေကန်စင်စစ် ၎င်းတို့သည် နဗီတမန်တော်များ မဟုတ်ကြပေ။

နဗီဆိုသည်မှာ သာသနာအသစ်ဖြစ်စေ၊ သို့မဟုတ် အဟောင်းဖြစ်စေ ပို့ချပေးသော 'ဝဟီ' ဗျာဒိတ်တော် လက်ခံရရှိသောသူကို ခေါ်ဆိုပေသည်။ ပမာဆိုရသော် ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုတွင် ပွင့်ပေါ်ခဲ့သည့် များစွာသော နဗီတမန်တော်များသည် ဟဇရတ်မူစာ ﷺ ၏ သာသနာကို ဖြန့်ဖြူးတင်ပြလျှေ ရှိခဲ့ကြသည်။ အထက်ပါရှင်းလင်းချက်များမှ ရှုထောင့်တစ်မျိုးဖြင့် ကြည့်ရှုလျှင် ရစူလ်ဆိုသော စကားလုံးသည် နဗီထက် ကျယ်ပြန့်ကာ အခြားရှုထောင့်တစ်ရပ်ဖြင့် ထပ်မံကြည့်ရှုမည်ဆိုလျှင် နဗီဟူသော စကားလုံးသည် ရစူလ်ဟူသော စကားလုံးထက် သာပို၍ ကျယ်ပြန့်ကြောင်းကို သိရှိရပေသည်။ ပမာဆိုရသော် တင်ပြလျက် ရှိနေသော رَسُولًا نَبِيًّا အာယသ်တော်တွင် ဤစကားလုံးနှစ်လုံးစလုံးကို သုံးနှုန်းထားရာတွင် တစ်ပြိုင်နက်တည်း အများသုံးပုဒ်နှင့် အထူးပြုပုဒ်နှစ်ခုစလုံးကို တွဲသုံးခြင်းဖြင့်လည်း ဆန့်ကျင်ဘက်သဘောတရား တစ်စုံတစ်ရာမျှ မရှိခြင်းနှင့် စာေဒကတက်နိုင်ဖွယ်ရာလည်း မရှိပေ။ သို့ရာတွင် ဤနှစ်ခုစလုံးကို

وَمَا أَرْسَلْنَا مِن رَّسُولٍ وَلَا نَبِيٍّ

ဟူသော အာယသ်တော်ကဲ့သို့ အချင်းချင်းကြား၌ နှိုင်းယှဉ်သော သဘောမျိုးဖြင့် သုံးနှုန်းထား သည့်ဆိုလျှင် ထိုနေရာ၌ အဆင့်အတန်းအရ နဗီဟူသော စကားလုံးကို ထိုအနက်အဓိပ္ပာယ်တွင် သီးသန့် အသုံးပြုရပေမည်။ အကြင်သူသည် အတိတ်ခေတ် သာသနာအား ဖြန့်ဖြူးလျက်ရှိသောသူ ဖြစ်ပေသည်။

أُولَٰئِكَ الَّذِينَ أَنْعَمَ اللَّهُ عَلَيْهِم مِّنَ النَّبِيِّينَ مِن ذُرِّيَّةِ آدَمَ وَمِمَّنْ حَمَلْنَا مَعَ نُوحٍ وَمِن ذُرِّيَّةِ إِبْرَاهِيمَ

وَإِسْرَائِيلَ وَمِمَّنْ هَدَيْنَا وَاجْتَبَيْنَا ۚ إِذَا تُتْلَىٰ عَلَيْهِمْ آيَاتُ الرَّحْمَٰنِ خَرُّوا سُجَّدًا وَبُكِيًّا ۩ ۝

အလ္လာဟ်အသျှင်မြတ်သည် ကျေးဇူးပြုတော်မူခဲ့သော ဤသူတို့သည် ဤနဗီတမန်တော်များပင် ဖြစ်၏။ ၎င်းတို့အနက် အချို့မှာ အာဒမ် عليه السلام ၏ သားသမီးများ (ဟူသော အလိုသဘောမှာ ဟဇရသ်အိဒ်ရီးစ် عليه السلام ဖြစ်ပေသည်) အချို့မှာ ငါအသျှင်မြတ်သည် နဗီတမန်တော်နူးဟ် عليه السلام နှင့်အတူ သင်္ဘောပေါ်တွင် တင်ဆောင်တော်မူခဲ့သော သူတို့၏ သားသမီးများ (အလိုသဘောမှာ ဟဇရသ်အိဗ်ရာဟီးမ် عليه السلام ဖြစ်ပေ သည်။) အချို့မှာ အိဗ်ရာဟီးမ် عليه السلام ၏ သားသမီးများ (အလိုသဘောမှာ ဟဇရသ်အိစ်မာအီးလ် عليه السلام ၊ ဟဇရသ်အိစ်ဟာက် عليه السلام ၊ ဟဇရသ်ယအ်ကူးဗ် عليه السلام တို့ ဖြစ်သည်။) အချို့မှာ အိစ်ရာအီးလ်၏ သားသမီး များ ဖြစ်ကြပေသည်။ (အလိုသဘောမှာ ဟဇရသ်မူစာ عليه السلام ၊ ဟဇရသ်ဟာရူးန် عليه السلام ၊ ဟဇရသ်ဇကရီယာ عليه السلام ၊ ဟဇရသ်ယဟ်ယား عليه السلام ၊ ဟဇရသ်အီစာ عليه السلام တို့ ဖြစ်ပေသည်။) မည်သည့်အခါမျိုး၌မဆို ထိုသူတို့ရှေ့ဝယ် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ အာယသ်တော်များကို ဖတ်ကြားခဲ့ပါလျှင် ထိုသူတို့ သည် ပျပ်ဝပ်ဦးချလျက်လည်းကောင်း၊ ငိုကြွေးကြလျက်လည်းကောင်း မြေပေါ်သို့ ကျလာကြကုန်သည်။

[၁၉ : ၅၈]

လွန်လေခဲ့သော အာယသ်တော်များ၌ အချို့သော နဗီတမန်တော် အကြီးအကဲများ၏ အကြောင်း ကို သီးသန့်ပုံသဏ္ဌာန်အသွင်မျိုးဖြင့် တင်ပြထားခဲ့သည်။ အကြင်အာယသ်တော်များအတွင်း၌ ၎င်းတို့၏ ကြီးကျယ်မြတ်ထွတ်ခြင်း၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတို့ကိုလည်း တင်ပြထားပေသည်။ သို့ဆိုလျှင် နဗီတမန်တော် များကို ဂုဏ်ပေးလေးစားရာ၌ အများသူငှာတို့၏ အနေဖြင့် အတိုင်းထက်အလွန် ပြုမိသွားနိုင်ခြင်းမျိုး အား စိုးရိမ်မကင်းဖြစ်ရပါသည်။ ဥပမာ- ယဟူဒီတို့သည် ဟဇရသ်အိုဇိုက်ရ် عليه السلام ကိုသော်လည်းကောင်း၊ နစ္စရာနီတို့သည် ဟဇရသ်အီစာ عليه السلام ကိုသော်လည်းကောင်း အလ္လာဟ်အသျှင်မြတ်အဖြစ် ပြုလုပ်လိုက်ကြ လေသည်။ ထို့ကြောင့် ယင်းကြီးကျယ်မြတ်ထွတ်မှု အထွေထွေတို့ကို တင်ပြပြီးနောက် ထိုနဗီများအားလုံး သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ပျပ်ဝပ်ဦးချကြခြင်းအကြောင်းနှင့် အလ္လာဟ်အသျှင် မြတ်အား ကြောက်စိတ် ပြည့်ဝစွာ ရှိနေကြကြောင်းကို ဤအာယသ်တော်တွင် တင်ပြထားလေသည်။ သို့မှသာ အတိုင်းထက်လွန်ခြင်းနှင့် လျော့ခြင်း၏ ကြား အလယ်အလတ် အတိုင်းအတာ၌ နေထိုင်နိုင်ရန် ဖြစ်ပေသည်။

[ဗယားနုလ်ကုရ်အာန်ကျမ်း]

ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ချိန် ငိုယိုခြင်းသည် နဗီတမန်တော်များ၏ 'စွန္နသ်' ဖြစ်ခြင်းအကြောင်း

အထက်တင်ပြပါအာယသ်တော်မှ 'ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ချိန်၌ ငိုယောင်ဆောင်ခြင်းသည် နှစ်မြို့ဖွယ်ကောင်း၍ နဗီတမန်တော်များ၏ ဂုဏ်အရည်အချင်းဖြစ်ကြောင်း' ကို သိရှိရပေသည်။ တမန်တော်မြတ် ﷺ၊ ဆွဟာဗာကြီးများ၊ သာဗေအီးန်သခင်ကြီးများနှင့် ဝလီသူတော်စင်ကြီးများထံမှ များစွာ ယင်းသို့ ငိုယိုကြခြင်း၏ ဖြစ်အင်များသည် ဆင့်ပြန်ချက်များ၌ လာရှိထားပေသည်။

ကုရ်သုဗီသခင်ကြီးက မိန့်ဆိုထားသည်မှာ အာလင်မ်သာသနာ့ပညာရှင်ကြီးများသည် 'ကုရ်အာန်ကျမ်းတော်မြတ်အတွင်း အကြင်မည်သည့် 'စဂျ်ဒဟ်'၏ အာယသ်တော်ကို ရွတ်ဖတ်လျှင်မဆို ၎င်း'စဂျ်ဒဟ်' နှင့် သက်ဆိုင် သင့်တော်သော ဆုမွန်ဒိုအာကို ပြုခြင်း'သည် 'မွတ်စ်သဟာဗ်'ဖြစ်ကြောင်း မိန့်ဆိုထားပေသည်။ ဥပမာ- စူရာဟ်စဂျ်ဒဟ်တွင် အောက်ပါဒိုအာများကို တောင်းခံရပေမည်။

اللهم اجعلنى من السا جدين بوجهك المسبحين بحمدك واعوذبك

ان اكون من المستكبرين عن امرك

၎င်းနောက် سبحان الذى ၏ 'စဂျ်ဒဟ်'တွင် ဤဒိုအာကို တောင်းရမည်။

اللهم لك اجعلنى من البا كين اليك الخاشعين

တင်ပြလျက်ရှိနေသော အာယသ်တော်၏ خروا سجد 'စဂျ်ဒဟ်'၌ ဤအောက်ဖော်ပြပါ ဒိုအာကို တောင်းခံရပေမည်။ *[ကုရ်သုဗီကျမ်း]*

اللهم اجعلنى من عباد ك المنعم عليهم المهد يين الساجدين

لك الباكين عند تلاوة اياتك

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

فَخَلَفَ مِنۢ بَعۡدِهِمۡ خَلۡفٌ

أَضَاعُوا۟ ٱلصَّلَوٰةَ وَٱتَّبَعُوا۟ ٱلشَّهَوَٰتِۖ فَسَوۡفَ يَلۡقَوۡنَ غَيًّا ﴿٥٩﴾

၁၉ : ၅၉ ။ ။ တစ်ဖန် ၎င်း (တမန်တော်) တို့ မရှိကြသည့်နောက်ပိုင်းတွင် အကြင်ဆိုးရွားသော အရိုက်အရာ ဆက်ခံသူတို့က အရိုက်အရာကို ဆက်ခံခဲ့ကြကုန်၏။ ၎င်းတို့သည် 'ဆွလားသ်' ဝတ်ပြုမှုကို ဖျက်ဆီးခဲ့ကြ၏။ (မိမိတို့၏) စိတ်အလို ဆန္ဒများကို လိုက်စားခဲ့ကြ၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမီပင် ပျက်စီးမှုနှင့် တွေ့ကြုံရင်ဆိုင်ကြရပေမည်။

إِلَّا مَن تَابَ وَآمَنَ وَعَمِلَ صَالِحًا فَأُولَٰئِكَ يَدْخُلُونَ
الْجَنَّةَ وَلَا يُظْلَمُونَ شَيْئًا ﴿٦٠﴾

၁၉ : ၆၀ ။ ။ သို့ရာတွင် မည်သူမဆို ဝန်ချတောင်းပန်၍ အီမာန်သက်ဝင် ယုံကြည်လျက် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှုဆောက်တည်ခဲ့အံ့။ သို့ဖြစ်လျှင် ထို (ကဲ့သို့သော) သူတို့မှာမူ 'ဂျန္နသ်' သုခဘုံသို့ ဝင်ရောက်ကြရပေမည်။ ၎င်းပြင် ထိုသူတို့သည် (မိမိတို့၏ ကုသိုလ်အကျိုးများမှ) အနည်းငယ်စိုးစဉ်းမျှပင် လျော့နည်းစေခြင်းကို ခံကြရမည် မဟုတ်ပေ။

جَنَّاتِ عَدْنٍ الَّتِي وَعَدَ
الرَّحْمَٰنُ عِبَادَهُ بِالْغَيْبِ ۚ إِنَّهُ كَانَ وَعْدُهُ مَأْتِيًّا ﴿٦١﴾

၁၉ : ၆၁ ။ ။ (၎င်းတို့သည်) အကြင်ထာဝရ ဥယျာဉ်များသို့ (ဝင်ကြရပေမည်။) ဤဥယျာဉ်များသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်က မိမိ၏ ကျွန်များအား (၎င်းတို့) မမြင်ဘဲလျက် ကတိပြုတော်မူခဲ့သော ဥယျာဉ်များဖြစ်ပေသည်။ ကေန်မလွဲ ထိုအသျှင်မြတ်၏ ကတိတော်သည် အကျေအပွန် ဆောင်ရွက်ပြီးသား ဖြစ်ပေလိမ့်မည်။

لَّا يَسْمَعُونَ فِيهَا لَغْوًا إِلَّا سَلَامًا ۖ وَلَهُمْ رِزْقُهُمْ فِيهَا بُكْرَةً وَعَشِيًّا ﴿٦٢﴾

၁၉ : ၆၂ ။ ။ ၎င်းတို့သည် ယင်း 'ဂျန္နသ်' သုခဘုံ၌ 'စလာမ်' မေတ္တာ ပို့သခြင်းမှအပ၊ အချည်းနှီးသော စကားကို လုံးဝ ကြားကြရလိမ့်မည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့အဖို့ ယင်း 'ဂျန္နသ်' သုခဘုံ၌ ၎င်းတို့၏ စားသောက်ဖွယ်ရာများသည် နံနက်ယံ၌လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း ရှိချေမည်။

تِلْكَ الْجَنَّةُ الَّتِي نُورِثُ مِنْ عِبَادِنَا مَن كَانَ تَقِيًّا ﴿٦٣﴾

၁၉ : ၆၃ ။ ။ ဤသည် အကြင် 'ဂျန္နသ်' သုခဘုံပင် (ဖြစ်၏။) ငါအသျှင်မြတ်သည် မိမိ၏ ကျွန်များအနက် (ငါအသျှင်မြတ်အား ကြောက်ရွံ့ရိုသေသောအားဖြင့်) ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်သော သူ (များ) အား (ယင်း 'ဂျန္နသ်' သုခဘုံကို) အမွေဆက်ခံစေတော်မူမည် ဖြစ်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

တစ်ဖန် ၎င်း (နဗီတမန်တော်တို့) မရှိကြသည့်နောက်ပိုင်းတွင် အကြင် (အချို့) ဆိုးရွားသော အရိုက်အရာဆက်ခံသူတို့က အရိုက်အရာကို ဆက်ခံခဲ့ကြကုန်၏။ ၎င်းတို့သည် 'ဆွလာသ်' ဝတ်ပြုမှုကို (ယုံကြည်ချက်ဆိုင်ရာ မူဝါဒအရ ငြင်းဆို၍လည်းကောင်း၊ သို့မဟုတ် ကျင့်ကြံမှုအရ ၎င်းအား တည်ဆောက်ရာ၌သော်လည်းကောင်း၊ သို့မဟုတ် အရေးကြီးသော နည်းစနစ်ဝတ္တရားများ ပျက်ကွက်၍သော်လည်းကောင်း)

ဖျက်ဆီးခဲ့ကြ၏။ (မိမိတို့၏ မပိုင်သော စိတ်ရိုင်း) အလိုဆန္ဒများ (အကြင်ဆန္ဒရမ္မက်တို့သည် မုချ နာခံရန် ဖြစ်သော ကျင့်ကြံချက်များကို မေ့လျော့သော အရာ) ကို လိုက်စားခဲ့ကြ၏။ သို့ဖြစ်ပေရာ ၎င်းတို့သည် (နောင်အာခေရသ်၌) မကြာမီပင် ပျက်စီးမှုနှင့် (ထာဝရဖြစ်စေ၊ ထာဝရမဟုတ်သည်ဖြစ်စေ) ရင်ဆိုင်ကြရပေမည်။ သို့ရာတွင် မည်သူမဆို (ကုဖွရ်သွေဖည်ပြင်းဆိုခြင်းနှင့် ပြစ်မှုဒုစရိုက်တို့မှ) ဝန်ချတောင်းပန်၍ (ကုဖွရ်သွေဖည်ပြင်းဆိုခြင်းမှ ဝန်ချတောင်းပန်ရန် နည်းလမ်းမှာ) ကောင်းမြတ်သော အကျင့်သီလများကို လည်း ကျင့်မှုဆောက်တည်ခဲ့အံ့။ သို့ဖြစ်လျှင် ထို (ကဲ့သို့သော) သူတို့မှာမူ (ပျက်စီးမှုနှင့် မတွေ့ကြုံရဘဲ) 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်ကြရပေမည်။ ၎င်းပြင် (အကျိုးအစားရယူရသော အချိန်၌ ကုသိုလ်တိုင်း၏ အကျိုးကို) ထိုသူတို့သည် (မိမိတို့၏ ကုသိုလ်အကျိုးများမှ) အနည်းငယ် စိုးစဉ်းမျှပင် လျော့နည်းစေခြင်း ကို ခံကြရမည်မဟုတ်ပေ။ (ဆိုလိုသည်မှာ ၎င်းတို့သည်) အကြင်ထာဝရ ဥယျာဉ်များသို့ (ဝင်ကြရပေ မည်) ဤဥယျာဉ်များသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်က မိမိ၏ ကျွန်များအား (အကွယ်မှ) မမြင်ဘဲလျက် ကတိပြုတော်မူခဲ့သော ဥယျာဉ်များဖြစ်ပေသည်။ ဧကန်မလွဲ ထိုအသျှင်မြတ် ကတိတော် ရှိထားသော အရာများအား ထိုသူများ ရရှိပေလိမ့်မည်။ ၎င်းတို့သည် ယင်း 'ဂျန္နသ်'သုခဘုံ၌ (ကောင်းကင်တမန်တော်များနှင့် 'ဂျန္နသ်'သားအချင်းချင်း တစ်ဦးကိုတစ်ဦး) စလာမ်မေတ္တာ ပို့သခြင်းမှအပ (စလာမ် မေတ္တာ ပို့သခြင်းများမှ လွန်စွာ ဝမ်းသာပီတိဖြစ်စေ၍ သက်တောင့်သက်သာကို ရရှိခြင်းသည် အချည်းနှီး မဟုတ်ပေ။) အချည်းနှီးသော စကားကို လုံးဝ ကြားကြရလိမ့်မည် မဟုတ်ပေ။ (အဘယ်ကြောင့်ဆိုသော် ထို 'ဂျန္နသ်'၌ အချည်းအနှီးစကားများ မရှိပေ။)

ထို့ပြင် ၎င်းတို့အဖို့ ယင်း 'ဂျန္နသ်'သုခဘုံ၌ ၎င်းတို့၏ စားသောက်ဖွယ်ရာများသည် နံနက်ယံ၌ လည်းကောင်း၊ ညနေချမ်း၌လည်းကောင်း ရှိချေမည်။ (ဤအချိန်နှစ်ချိန်သည်မူ သတ်မှတ်ထားသော) အချိန်ဖြစ်ပေသည်။ အခြားသောအချိန်များ၌လည်း လိုလားပါက ရရှိနိုင်ပေသည်။) ဤ (တင်ပြပြီးဖြစ်သော အချက်) သည် အကြင် 'ဂျန္နသ်'သုခဘုံပင် (ဖြစ်၏။) ငါအသျှင်မြတ်သည် မိမိ၏ ကျွန်များအနက် (ငါ အသျှင်မြတ်အား ကြောက်ရွံ့ရှိသေသောအားဖြင့်) ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်သောသူ (များ) အား (ယင်း 'ဂျန္နသ်'သုခဘုံကို) အမွေဆက်ခံစေတော်မူမည် ဖြစ်သည်။ (အကြင် 'ဂျန္နသ်' ရရှိရန်သည် အီမာန် နှင့် ကောင်းမြတ်သော အကျင့်သီလများအပေါ် မူတည်နေပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَلْخَ 'လာမ်'အက္ခရာ 'စာကင်န်' 'ခလ်ဖွူးန်'ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် မကောင်းသော အရိုက်အရာကို ဆက်ခံသူ၊ မကောင်းသော သားစဉ်မြေးဆက်တို့အတွက်ဟူ၍ ရရှိ၏။ ('လာမ်'အက္ခရာ အပေါ် 'ဖဗရ်'ရှိက) 'ခလဖွူးန်'ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် ကောင်းသော အရိုက်အရာကို ဆက်ခံသူ၊ ကောင်းသော သားစဉ်မြေးဆက်တို့အဖို့ အသုံးပြုပေသည်။ *[မဇ္ဇ်ဟာရီကျမ်း]*

မုဂျာဟစ်ဒ်သခင်ကြီးက အဆိုပြုသည်မှာ ဤပုံစံ၊ ဖြစ်အင်တို့သည် 'ကေယာမသ်'နီးကပ်ချိန် အွမ္မသ် (နောက်လိုက်ထု) ၏ အာလင်မ်သာသနာ့ပညာရှင်များ ကုန်ဆုံးပြီးသွားသည့်နောက် 'နမာဇ်ကို ဂရုမမူ အလေးမထားဘဲ အကုသိုလ်ဒုစရိုက်များကို ပေါ်လွင်ထင်ရှားစွာ ပြုမူလာကြပေလိမ့်မည်။'

အချိန်မှဲ နမာဇ်ဖတ်ခြင်း သို့မဟုတ် 'ဂျမာအသ်' ဖြင့် နမာဇ်မဖတ်ခြင်းသည် နမာဇ်အား ဖျက်ဆီးခြင်းနှင့် ကြီးမားသော ပြစ်မှု 'ဂိုနာဟ်' ဖြစ်ခြင်းအကြောင်း

اَضَاعُوا الصَّلٰوةَ ('ဆွလားသ်'ဝတ်ပြုမှုကို ဖျက်ဆီးခဲ့ကြ၏) ဟူသော အာယသ်တော်တွင် ထိုသို့ ဖျက်ဆီးခြင်း၏ အလိုသဘောကို 'ဂျမ်ဟူးရ်' အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များဖြစ်သည့် အဗ်ဒွလ္လာဟ် ဗင်န် မတ်စ်အူးဒ်၊ နခ်အီး၊ ကာစင်မ်၊ မုဂျာဟစ်ဒ်၊ အိဗ်ရာဟီးမ်၊ အုမရ်အိဗ်နေ့ အဗ်ဒွလ်အဇီးဇ် အစရှိသော သူတို့ထံ၌ နမာဇ်ကို ဖတ်ရမည့်အချိန်ထက် နောက်ဆိုင်းစွာ ဖတ်ခြင်းဖြစ်ပေသည်။ အချို့သော အာလင်မ် သာသနာ့ပညာရှင်များသည် 'နမာဇ်၏ ယဉ်ကျေးမှု၊ စည်းကမ်းချက်များထဲမှ (အကြင်အချက်များတွင် အချိန်လည်း ပါဝင်ပေသည်။) အချက်တစ်ချက်ကို လျော့နည်း၊ နောက်ဆိုင်းစွာ၊ ဂရုမမူစွာဖြင့် ပြုလုပ်ခြင်း သည် 'ဆွလားသ်'ကို ဖျက်ဆီခြင်း၏ အဓိပ္ပါယ်တွင် ပါဝင်ကြောင်း' ကို မိန့်ဆိုထားကြပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက နမာဇ်ကို ဖျက်ဆီးခြင်း၏ အလိုသဘောသည် 'ဂျမာအသ်'နှင့်မဟုတ်ဘဲ အိမ်၌ နမာဇ်ဖတ်ခြင်း ဖြစ်ပေသည်' ဟူ၍လည်း မိန့်ဆိုထားကြပေသည်။ *[ကုရ်သုဗီ၊ ဗဟ်ရေမုဟွီးသ်]*

ဟဇရေသ်အုမရ်ဖာရူးကံအအ်ဇွားမ် ﷺ သခင်ကြီးသည် မိမိအစိုးရ၏ ဝန်ထမ်းများအားလုံးကို အောက် ဖော်ပြပါလမ်းညွှန်မှု သဝဏ်လွှာကို ပေးပို့လေသည်။

انّ اهم امركم عندى الصلوة فمن ضيعها فهو لما سواها اَضيَعُ

'ကျွန်ုပ်ထံ၌ အသင်တို့၏ အလုပ်များအားလုံးအတွင်း၌ အလွန်အရေးကြီး၍ အရေးပါသော အလုပ် သည် နမာဇ်ပင် ဖြစ်သည်။ သို့ဆိုလျှင် အကြင်သူတစ်ဦးတစ်ယောက်သည် နမာဇ်ကို စွန့်လွှတ်မည်ဆိုပါက ၄င်းသည် သာသနာ၏ အခြားသော ပညတ်ချက်များအားလုံးကိုလည်း သာပို၍ပင် ဖျက်ဆီးမည်ဖြစ်ပေသည်။

[မုအသ်ထွာမာလစ်ကျမ်း]

ဟဇရေသ်ဟုဇိုက်ဖာ ﷺ သခင်ကြီးသည် 'နမာဇ်၏ ယဉ်ကျေးမှုနည်းစနစ်စည်းကမ်းချက်များနှင့် 'သအ်ဒီလေ့အရ်ကာန်း' (ကောင်မာဟ်နှင့် ဂျလ်စာ) ကို ဂရုမမူဘဲ နမာဇ်ဖတ်နေသူတစ်ဦး'ကို တွေ့မြင်ရာ 'အသင်သည် ဤသို့သော နမာဇ်ကို မည်သည့်အချိန်ကတည်းက ဖတ်ရွတ်ခဲ့ပေသနည်း' ဟူ၍ မေးမြန်း လေသည်။ 'လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကတည်းက ဤအတိုင်း ဖတ်ရွတ်သည်' ဟူ၍ လျှောက်ထားရာ 'အသင်သည် နမာဇ်တစ်ကြိမ်ကိုမျှပင် မဖတ်သေးပေ။ အကယ်၍ အသင်သည် ဤနည်းအတိုင်း ဖတ်ရင်း သေဆုံးသွားပါမူ အသင် မှတ်သားထားရမည့် အချက်မှာ အသင်သည် တမန်တော်မြတ် ﷺ ၏ သဘာဝ ဓလေ့နှင့် ဆန့်ကျင်ကာဖြင့် ကွယ်လွန်သေဆုံးခြင်းဖြစ်ကြောင်း'ကို ပြန်လည် မိန့်မြွက်လိုက်လေသည်။

သိရ်မေဇီကျမ်း၌ ဟဇရသ်အဗူမတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် 'နမာဇ်၌ 'အေကာမသ်'မပြုသောသူ၏ နမာဇ်သည် အထမမြောက်'ဟူ၍ မိန့်တော်မူလိုက်သည်။ 'အေကာမသ်သေ့နမာဇ်'၏ အလိုသဘောမှာ အကြင်သူသည် ရူကူအ်နှင့် 'စဂျ်ဒဟ်'၌သော်လည်းကောင်း၊ ရူကူအ်မှ ပြန်ထသောအခါ၌သော်လည်းကောင်း၊ သို့မဟုတ် 'စဂျ်ဒဟ်'နှစ်ခုအကြား၌ ဖြောင့်မတ်စွာ ရပ်ခြင်း၊ သို့မဟုတ် ဖြောင့်မတ်စွာ ထိုင်ခြင်းတို့ကို အလေးမမူစွာဖြင့် ဆောင်ရွက်မူ ထိုသူ၏ နမာဇ်သည် မပြီးပြည့်စုံ၊ အထမမြောက်တော့ပေ။

အချုပ်သဘောတရားမှာ အကြင်သူသည် 'ဝူဇူ'နှင့် 'သွဟာရသ်' (သန့်ရှင်းစင်ကြယ်မှုကို ရယူခြင်း၏ ကဿာ) ၌ လျော့နည်း၊ ပေါ့ပျက်စွာ ထမ်းဆောင်လျှင်သော်လည်းကောင်း၊ သို့မဟုတ် နမာဇ်၏ ရူကူအ် နှင့် 'စဂျ်ဒဟ်'၌သော်လည်းကောင်း သို့မဟုတ် ထိုနှစ်ခုအကြား ဖြောင့်မတ်တည့်မတ်စွာ ရပ်ခြင်း၊ ထိုင်ခြင်းတို့၌ အလျင်စလို ပြုမည်ဆိုလျှင် ၎င်းသည် နမာဇ်ကို ဖျက်ဆီးပစ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ဟဇရသ်ဟစန်းသခင်ကြီးသည် နမာဇ်ကို ဖျက်ဆီးပစ်ခြင်းနှင့် စိတ်ရိုင်း၏ အလိုလိုက်ခြင်းတို့နှင့်စပ်လျဉ်း၍ မိန့်တော်မူသည်မှာ 'ဗလီဝတ်ကျောင်းတော်များကို ခြောက်သွေ့ခမ်းခြောက်အောင် ပြုခြင်း၊ အတတ်ပညာ၊ ရောင်းဝယ်ဖောက်ကားမှုနှင့် တပ်မက်မှုအရသာ စည်းစိမ်ယစ်မူးခြင်းတို့၌ နစ်မွန်းနေခြင်းပင် ဖြစ်ပေသည်။'

အေမာမ်ကုရ်သုဗီသခင်ကြီးသည် ထိုဆင့်ပြန်ချက်များကို ဆင့်ပြန်ပြီးသည့်နောက် မိန့်တော်မူသည်မှာ ယနေ့ မျက်မှောက်ခေတ်၌ အာလင်မ်သာသနာ့ပညာရှင်များနှင့် ပုံပြင်မှုနှင့် ပြုပြင်ပေးသော သူများ၌လည်း နမာဇ်၏ ယဉ်ကျေးမှုအချက်များအား မေ့လျော့ကာ လှုပ်ရှားမှုသက်သက်ကိုသာလျှင် ပြုလုပ်လေ့ရှိနေကြသည်ကို မြင်တွေ့ရပေသည်။ ဤသည် ဟိဂျ်ရီ (၆၀၀) ခုနှစ်၏ အခြေအနေဖြစ်ပေသည်။ အကြင်ခေတ်၌ ဤအထက်ဖော်ပြပါ လူတန်းစားများကို ရှားပါးစွာဖြင့် တွေ့မြင်ရပေသည်။ ယနေ့၌ နမာဇ်ဝတ်ပြုသောသူများထံ၌ ဤအထက်ဖော်ပြပါ အခြေအနေသည် အလ္လာဟ်အသျှင်မြတ် အလိုရှိတော်မူသောသူများမှအပ ကျယ်ပြန့်လျက် ရှိနေပေသည်။

وَ اتَّبَعُوا الشَّهَوَاتِ

(မိမိတို့၏ စိတ်အလိုဆန္ဒများကို လိုက်စားခဲ့ကြကုန်၏) ဟူသော အာယသ်တော်တွင် စိတ်အလိုဆန္ဒများ၏ အလိုသဘောသည် ထိုစည်းစိမ်၊ ဇိမ်ယစ်မှုများပင် ဖြစ်ပေသည်။ အကြင်ဇိမ်ယစ်မှုများသည် လူသားတို့ကို အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုနှင့် နမာဇ်တိုကို မေ့လျော့စေလေသည်။ ဟဇရသ်အလီ ﷺ သခင်ကြီး မိန့်ဆိုသည်မှာ ခမ်းနားထည်ဝါသော အိမ်များကို တည်ဆောက်ခြင်း၊ လူတို့၏ အရှုများ ရပ်တန့်သွားစေလောက်အောင် ခမ်းနားလှသည့် အစီးအနင်းများ၊ အများသူငှာတို့၏ အရှု၌ အသွင်ထူးကာ တစ်မူထူးသော အဝတ်အစား၊ အဝတ်အထည်တို့သည် အထက်တင်ပြပါ 'စိတ်ဆန္ဒအလို' ၏ အဓိပ္ပာယ်သဘောတရားတွင် ပါဝင် သက်ရောက်နေပေသည်။ *[ကုရ်သုဗီးကျမ်း]*

فَسَوْفَ يَلْقَوْنَ غَيًّا

သို့ဖြစ်ပေရာ ၎င်းတို့သည် မကြာမီပင် ပျက်စီးမှုနှင့် တွေ့ကြုံရင်ဆိုင်ကြရပေမည်။ *[၁၉ : ၅၉]*

'ဂိုက်ယ်'ဟူသော စကားလုံးသည် အာရဗီစာပေဘာသာစကား၌ 'ရယှားဒ်'ဟူသော စကားလုံး၏ ဆန့်ကျင်ဘက်စကားလုံးအဖြစ် လာရှိထားပေသည်။ ကောင်းသောအရာတိုင်းကို 'ရယှားဒ်'ဟု ခေါ်ဆို၍ ဆိုးသော၊ မကောင်းသော အရာတိုင်းကို 'ဂိုက်ယ်'ဟူ၍ ခေါ်ဆိုပေသည်။

ဟဇရသ်အဗ်ဒုလ်လားဟ်ဗင်န်မတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ 'ဂိုက်ယ်'သည် 'ဂျဟန္နမ်'၏ လျိုဏ်ဂူတစ်ခု၏ အမည်ဖြစ်သည်။ အကြင်လျိုဏ်ဂူတွင် 'ဂျဟန္နမ်'များအားလုံး တို့ထက် ပိုကာ အမျိုးမျိုးသော 'အဇားဗ်'အပြစ်ဒဏ်များ စုရုံးကာ ရှိနေပေသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက မိန့်ဆိုသည်မှာ 'ဂိုက်ယ်'သည် 'ဂျဟန္နမ်'၏ လျိုဏ်ဂူ တစ်ခု၏ အမည်ဖြစ်ပေသည်။ အကြင်လျိုဏ်ဂူအား 'ဂျဟန္နမ်'သည်ပင်လျှင် ခိုလှုံခွင့်တောင်းခံနေပေသည်။ ထို 'ဂိုက်ယ်'လျိုဏ်ဂူ၏ 'အဇားဗ်'တော်ကို 'ဇေနာ'အမှုကိစ္စအပေါ် အကျင့်သဘောဖြင့် စွဲမြဲစွာ ကျင့်ကြံ နေကြသော 'ဇေနာ'ပြုသောသူများ၊ အရက်ကို စွဲနေသော အရက်သမားများ၊ အတိုး၊ အညှန့် စားသုံးခြင်းမှ နောက်သို့ မတွန့်ဆုတ်သော အတိုးစားသူများ၊ မိဘနှစ်ပါး၏ အမိန့်ကို မနာခံသောသူများ၊ မုသား၊ မတရား သက်သေထွက်ဆိုသော သူများနှင့် အခြားသောသူတစ်ဦးတစ်ယောက်၏ ကလေးကို မိမိခင်ပွန်း၏ ကလေးဟူ၍ လုပ်ကြံပြောဆိုသော အမျိုးသမီးများအတွက် သတ်မှတ်ထားပေသည်။ *[ကုရ်သုဗီး]*

لَا يَسْمَعُوْنَ فِيْهَا لَغْوًا

၎င်းတို့သည် ယင်း 'ဂျန္နသ်'သုခဘုံ၌ အချည်းနှီးသော စကားကို လုံးဝ ကြားကြရလိမ့်မည် မဟုတ်ပေ။ *[၁၉ : ၆၂]*

'လဂ်ဝ်'၏ အလိုသဘောမှာ မှားယွင်းသော စကားများ၊ အပိုအချည်းအနှီး အကျိုးမဲ့ အလဟဿ စကားများ၊ ဆဲရေးတိုင်းထွာမှုပြုခြင်းနှင့် စိတ်ဒုက္ခရောက်စေသော စကားများပင် ဖြစ်ပေသည်။ အကြောင်းမှာ 'ဂျန္နသ်'သားတို့သည် ဤအထက်ဖော်ပြပါ စကားရပ်များကို ပြောဆိုခြင်းမှ ကင်းရှင်းနေကြကာ ၎င်းတို့ကို ဒုက္ခရောက်စေသော မည်သည့်စကားရပ်တစ်စုံတစ်ရာမျှ ၎င်းတို့သည် ကြားကြလိမ့်မည်မဟုတ်ပေ။

اِلَّا سَلٰمًا (စလာမ်မေတ္တာ ပို့သခြင်းမှအပ) ဟူသော အာယသ်တော်တွင် စကားလုံး၏ အရှေ့ နှင့် အနောက် အမျိုးအစားမတူညီသော ချွင်းချက်တစ်စုံတစ်ရာ ပြုထားသော 'အစ်သစ်နာ'အမျိုးအစား ဖြစ်ပေသည်။ အလိုသဘောမှာ ထို 'ဂျန္နသ်'၌ ကြားရသော အသံများမှာ မေတ္တာပို့သမှု ပျော်ရွှင်ဝမ်းသာ မှုနှင့် ကောင်းရာကောင်းမှုတို့၌ တိုးပွားလျက်သာ ရှိနေပေမည်။ သာသနာတော်၏ အသုံးအနှုန်းဝေါဟာရ ၌ သုံးနှုန်းသော စလာမ်သည်လည်း ထိုအလိုသဘောတွင် ပါဝင်ပေသည်။ အကြင် စလာမ်ကို 'ဂျန္နသ်'သူ၊

'ဂျန္နသ်' သားတို့သည် အချင်းချင်းကြား၌ တစ်ဦးကိုတစ်ဦး ပေးမည်ဖြစ်ပြီး အလ္လာဟ်အသျှင်မြတ်၏ ကောင်းကင်တမန်များ အားလုံးတို့သည် ၎င်းတို့အားလုံးအား ယင်းစလာမ်အား ပို့သမည်ဖြစ်သည်။

[ကုရ်သုဗီးကျမ်း]

وَلَهُمْ رِزْقُهُمْ فِيهَا بُكْرَةً وَعَشِيًّا

ထို့ပြင် ၎င်းတို့အဖို့ ယင်း 'ဂျန္နသ်'သုခဘုံ၌ ၎င်းတို့၏ စားသောက်ဖွယ်ရာများသည် နံနက်ယံ၌သော်လည်းကောင်း၊ ညနေချမ်း၌သော်လည်းကောင်း ရှိချေမည်။

'ဂျန္နသ်'သုခဘုံ၌ နေမင်းကြီး၏ အစီအစဉ်ဝတ္တရားဖြစ်သော ဝင်ထွက်သွားလာမှုနှင့် နေ့နှင့် ည ဖြစ်ပေါ်မှုတို့သည် မရှိပေ။ အချိန်တိုင်း၌ အလင်းရောင်အမျိုးအစားတစ်ခုသည် တည်ရှိနေပေသည်။ သို့ရာတွင် နေ့နှင့် ည၊ နံနက်ယံနှင့် ညနေချမ်းတို့ကို သီးသန့်အသွင်သဏ္ဌာန်တစ်မျိုးဖြင့် သိရှိကြပေလိမ့်မည်။ ထို 'ဂျန္နသ်'၏ နံနက်၊ ညနေချမ်း အချိန်တို့၌ 'ဂျန္နသ်'သားတို့သည် ရိဇ်ဇိရိက္ခာကို ရရှိကြပေလိမ့်မည်။ 'ဂျန္နသ်' သားတို့သည် မည်သည့်အချိန်၌မဆို မည်သည့်အရာကိုပင်မဆို တပ်မက်နေသည်ဆိုလျှင် ရရှိမည်ဖြစ်ကြောင်းမှာ ထင်ရှားလှပေသည်။

وَلَهُمْ مَا يَشْتَهُونَ

ဟူသော အာယသ်တော်တွင် ကျယ်ပြန့်စွာ ကြေညာတော်မူထားပေသည်။ တစ်ဖန် နံနက်၊ ညနေဟူ၍ ခွဲခြားသုံးနှုန်းကာ အထူးပြုထားခြင်း၏ အကြောင်းမှာ လူသားတို့၏ ဗီဇသဘောဝလေ့ကို ထောက်ရှုထားခြင်းကြောင့် ဖြစ်ပေသည်။ အကြောင်းမှာ ယင်းလူသားတို့သည် နံနက်နှင့် ညနေချမ်းတို့၌ စားသောက်ခြင်း၏ ဓလေ့ရှိပေသည်။ အာရဗ်လူမျိုးတို့၏ ဆိုရိုးစကားရှိသည်မှာ အကြင်သူအဖို့ နံနက်စာ၊ ညနေစာ လုံလောက်ပြည့်ဝစွာ ရရှိသည်ဆိုလျှင် ထိုသူသည် သက်တောင့်သက်သာစွာဖြင့် နေထိုင်နိုင်သူ ဖြစ်ပေသည်။

ဟဇရသ်အနတ်စ်ဗင်န်မာလစ်ကသခင်ကြီးသည် ဤအာယသ်တော်ကို ရွတ်ဖတ်၍ မိန့်တော်မူသည်။ ဤအာယသ်တော်မှ 'မုအ်မင်နစ်တို့၏ စားသောက်ချိန်သည် တစ်နေ့တာ၌ နံနက်၊ ညနေဟူ၍ နှစ်ကြိမ်ဖြစ်ကြောင်း' ကို သိရှိရပေသည်။

အချို့သော အာလင်မ်သာသနာ့ပညာရှင်များက မိန့်တော်မူသည်မှာ ဤနေရာ၌ နံနက်၊ ညနေဟူ၍ စာလုံးကို ပြောဆိုကာ ခြုံငုံ၍ ကောက်ယူထားခြင်း ဖြစ်ပေသည်။ ဥပမာဆိုရသော် နေ့၊ ညဟူသော စကားလုံး သို့မဟုတ် အရှေ့၊ အနောက်ဟူသော စကားလုံးတို့သည်လည်း ခြုံငုံလှစွာသော အလိုသဘောကို ဆောင်သည့် အနက်ကို ဟောပေသည်။ မည်သည့်သီးသန့်အချိန်တစ်ချိန် သို့မဟုတ် သီးသန့်နေရာဟူ၍ မဟုတ်ပေ။ သို့ဆိုလျှင် '၎င်းတို့၏ ရိဇ်ဇိရိက္ခာသည် ၎င်းတို့၏ လိုလားတပ်မက်မှုနှင့်အညီ အချိန်တိုင်း အသင့်ရှိနေကြောင်း'ဟူ၍ အလိုသဘော ထွက်ပေါ်လာပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိဆုံး ဖြစ်တော်မူ၏။)

[ကုရ်သုဗီးကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا نَتَنَزَّلُ إِلَّا بِأَمْرِ رَبِّكَ لَهُ مَا بَيْنَ أَيْدِينَا وَمَا خَلْفَنَا وَمَا بَيْنَ ذَٰلِكَ وَمَا كَانَ رَبُّكَ نَسِيًّا ﴿٦٤﴾

၁၉ : ၆၄ ။ ။ စင်စစ် ကျွန်ုပ်တို့ (ကောင်းကင်တမန်များ) သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို မရရှိဘဲလျက် ဆင်းသက်ကြသည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ ရှေ့၌ရှိသော အရာများသည်လည်းကောင်း၊ ကျွန်ုပ်တို့၏နောက်၌ ရှိသော အရာများသည်လည်းကောင်း၊ ယင်း၏ အကြား၌ ရှိသော အရာများသည်လည်းကောင်း ထိုအသျှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကြကုန်၏။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မေ့လျော့တော်မူသော အသျှင်မြတ် အလျှဉ်းမဟုတ်ပေ။

رَّبُّ السَّمَاوَاتِ وَالْأَرْضِ وَمَا بَيْنَهُمَا فَاعْبُدْهُ وَاصْطَبِرْ لِعِبَادَتِهِ هَلْ تَعْلَمُ لَهُ سَمِيًّا ﴿٦٥﴾

၁၉ : ၆၅ ။ ။ (ထိုအသျှင်မြတ်သည်) မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ နှစ်ခုစလုံး၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်သည် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်ပါလေ။ ၎င်းပြင် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ တည်ကြည်စွဲမြဲစွာ ရှိပါလေ။ တစ်ဦးတစ်ယောက်အား ထိုအသျှင်မြတ်နှင့် ဂုဏ်ရည်တူဖြစ်သည်ဟု အသင်သိလေသလော။

وَيَقُولُ الْإِنسَانُ أَإِذَا مَا مِتُّ لَسَوْفَ أُخْرَجُ حَيًّا ﴿٦٦﴾

၁၉ : ၆၆ ။ ။ စင်စစ် လူသားသည် (ပြက်ရယ်သောအားဖြင့် ဤသို့) ပြောဆိုလေသည်။ 'မည်သို့ပါနည်း။ ကျွန်ုပ် သေဆုံးပြီးနောက် (ပြန်လည်၍) အသက်ရှင်လျက် (သင်္ချိုင်းတွင်းမှ) ထွက်စေခြင်းကို ခံရဦးမည်လော။

أَوَلَا يَذْكُرُ الْإِنسَانُ أَنَّا خَلَقْنَاهُ مِن قَبْلُ وَلَمْ يَكُ شَيْئًا ﴿٦٧﴾

၁၉ : ၆၇ ။ ။ (ယင်း) လူသားသည် ယခင်က ၎င်းဘာမျှ မရှိခဲ့စဉ်အခါ၌ ငါအသျှင်မြတ်သည်ပင် ၎င်းအား ဖန်ဆင်းတော်မူခဲ့သည်ကို သတိမရလေသလော။

فَوَرَبِّكَ لَنَحْشُرَنَّهُمْ وَالشَّيَاطِينَ ثُمَّ لَنُحْضِرَنَّهُمْ حَوْلَ جَهَنَّمَ جِثِيًّا ﴿٦٨﴾

၁၉ : ၆၈ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ကစမ်၊ ဧကန်မလွဲ ငါအသျှင်မြတ်သည် ထိုသူတို့နှင့် ရှိုက်သွာန်တို့အား စုရုံးစေတော်မူပြီးလျှင် မုချအမှန် ငါအသျှင်မြတ်သည် ၎င်းတို့အား 'ဂျဟန္နမ်' ငရဲဘုံ၏ ပတ်ဝန်းကျင်၌ ပုဆစ်ဒူးတုပ်လျက် အသင့် ရောက်ရှိစေတော်မူပေမည်။

ثُمَّ لَنَنْزِعَنَّ مِنْ كُلِّ شِيعَةٍ أَيُّهُمْ أَشَدُّ عَلَى الرَّحْمَٰنِ عِتِيًّا ﴿٦٩﴾

၁၉ : ၆၉ ။ ။ ထို့နောက် အမှန်ပင် ငါအသျှင်မြတ်သည် အုပ်စုအသီးသီးမှ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား အပြင်းအထန်ဆုံး ပုန်ကန်သူတို့ကို (ရွေးချယ်) ထုတ်ယူတော်မူပေမည်။

ثُمَّ لَنَحْنُ أَعْلَمُ بِالَّذِينَ هُمْ أَوْلَىٰ بِهَا صِلِيًّا ﴿٧٠﴾

၁၉ : ၇၀ ။ ။ တစ်ဖန် ကေန်မလွဲ ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ မီးလောင်စေရန်အတွက် ပစ်ချရန် အထိုက်တန်ဆုံးသော သူတို့အား ငါအသျှင်မြတ် အသိတော်မူဆုံး ဖြစ်တော်မူပေသည်။

وَإِنْ مِنْكُمْ إِلَّا وَارِدُهَا ۚ كَانَ عَلَىٰ رَبِّكَ حَتْمًا مَقْضِيًّا ﴿٧١﴾

၁၉ : ၇၁ ။ ။ စင်စစ် အသင်တို့အနက် လူတိုင်းလူတိုင်းသည် ယင်း 'ဂျဟန္နမ်' ငရဲဘုံကို ဖြတ်သန်းရမည့်သူများ ဖြစ်ကြကုန်၏။ (ဤသည်) အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (က) မိမိ၏အပေါ်၌ ယတိပြတ် ဆုံးဖြတ်ပြီး ဖြစ်သော အမိန့်ဖြစ်၍ ယင်း (အမိန့်ကို ပြီးစီးအောင် ဆောင်ရွက်ခြင်း) သည် အသျှင်မြတ်၏ တာဝန်တစ်ရပ်ပင် ဖြစ်ချေသည်။

ثُمَّ نُنَجِّي الَّذِينَ اتَّقَوْا وَنَذَرُ الظَّالِمِينَ فِيهَا جِثِيًّا ﴿٧٢﴾

၁၉ : ၇၂ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် (မိမိအား ကြောက်ရွံ့ရှိသေသောအားဖြင့် ပြစ်မှုဒုစရိုက်များမှ) ရှောင်ကြဉ်ကြကုန်သော သူတို့အား လွတ်မြောက်စေတော်မူမည်။ သို့ရာတွင် မတော်မတရား ကျူးလွန်သောသူတို့အား ငါအသျှင်မြတ်သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ပင် ပုဆစ်ဒူးတုပ်လျက် စွန့်ပစ်ထားတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာယသ်တော်ကျရောက်ခြင်း၏ ကျောထောက်နောက်ခံသမိုင်း

(မှန်ကန်သော ဘိုခါရီကျမ်း၏ ဟဒီးစ်တော်၌ လာရှိထားပေသည်။ တမန်တော်မြတ် ﷺ သည် ဟဇရသ်ဂျိဗ်ရာအီးလ် (عليه السلام) အား အနည်းငယ် သာပို၍ လာရောက်ရန်ကို ဖွင့်ဟထုတ်ဖော်တော်မူသောအခါ ထိုနေ့မှာပင် ယင်းအချက်အပေါ်ကို ထောက်ရှု၍ ဤအာယသ်တော် ကျရောက်လာပေသည်။) စင်စစ် (ငါအသျှင်မြတ်သည် အသင်၏ ပန်ကြားချက်ကို ဂျိဗ်ရာအီးလ် (عليه السلام) ဘက်မှ အဖြေပေးတော်မူပေမည်။) ကျွန်ုပ်တို့ (ကောင်းကင်တမန်တော်များ) သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်ကို မရရှိဘဲလျက် ဆင်းသက်ကြသည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ ရှေ့၌ရှိသော အရာများသည်လည်းကောင်း၊ (အချိန် သို့မဟုတ် နေရာဌာန၊ နေရာနှင့် သက်ဆိုင်သည်ဖြစ်စေ၊ သို့မဟုတ် အချိန်နှင့် သက်ဆိုင်သည်ဖြစ်စေ)

ကျွန်ုပ်တို့၏ အနောက်၌ရှိသော အရာများသည်လည်းကောင်း၊ ယင်း၏အကြား၌ ရှိသော အရာများသည် လည်းကောင်း၊ (အရှေ့ဘက်ဌာနသည် မျက်နှာရှေ့တည့်တည့်၌ ရှိ၍ အနောက်ဘက်၌ ကျောရှိကာ ယင်း အရပ်နှစ်ခု၏ အကြား၌လည်းကောင်း သူကိုယ်တိုင် ရှိပေသည်။ အရှေ့ဘက်၌ရှိသော အချိန်သည် အနာဂတ် ကာလဖြစ်ပြီး အနောက်ဘက်မှ အချိန်သည် အတိတ်ကာလဖြစ်ကာ ကြားဘက်ရှိ အချိန်သည် လက်ရှိ ကာလ ဖြစ်ပေသည်။)

အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မေ့လျော့တော်မူသော အသျှင်မြတ် အလျှင်းမဟုတ်ပေ။ (သို့ရှိရာ ဤအချက်များကိုမူ အသင်သည် အစကတည်းက သိရှိပြီးဖြစ်သည်။ အလို သဘောမှာ 'ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းခံရခြင်း၌သော်လည်းကောင်း၊ ထို့နောက် သတ်မှတ်ခြင်း ခံထားရာ၌ သော်လည်းကောင်း၊ မိမိသဘောဖြင့် တစ်နေရာမှ အခြားတစ်နေရာသို့လည်းကောင်း၊ သို့မဟုတ် မိမိတို့ အလိုသဘောဆန္ဒအတိုင်း သွားလာနိုင်စွမ်း မရှိခြင်းသော်လည်းကောင်း စသည်တို့၌ အမိန့် နာခံနေ ရခြင်း၏ အောက်၌သာလျှင် တည်ရှိနေပေသည်။ ကျွန်ုပ်အား စေလွှတ်တော်မူရန် အကျိုးရှိမည်ဟူ၍ ထင်မှတ် တော်မူလျှင် အလ္လာဟ်အသျှင်မြတ်သည် စေလွှတ်တော်မူလေသည်။ အကျိုးရှိသော အချိန်တစ်ချိန်ချိန်ကို မေ့လျော့သွားခြင်းသည် အလျှင်းမဖြစ်တန်ကောင်းရာသော အချက် ဖြစ်ပေသည်။ (ထိုအသျှင်မြတ်သည်) မိုးကောင်းကင်များကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ နှစ်ခုစလုံး၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ ပေသည်။ သို့ဖြစ်ပေရာ (ဤသို့ ဩဇာအာဏာ လွှမ်းမိုးတော်မူသော အသျှင်၊ စိုးပိုင်တော်မူသော အသျှင် ဖြစ်မူ အို၊ ကြားနာသူ) အသင်သည် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်မှု (နှင့် နာခံမှုကို) ပြုပါလေ။ ၎င်းပြင် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ (ရှားပါးစွာ တစ်ကြိမ်နှစ်ကြိမ်မျှသာမက) တည်ကြည် စွဲမြဲစွာ ရှိပါလေ။ (အကယ်၍ ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုကို မပြုမူ အခြားမည်သည့်အရာကို ခဝပ်ကိုးကွယ်ပေမည်နည်း။) တစ်ဦးတစ်ယောက်အား ထိုအသျှင်မြတ်နှင့် ဂုဏ်ရည်တူဖြစ်သည်ဟု အသင် သိလေသလော။ (ဆိုလိုသည်မှာ ထိုအသျှင်မြတ်ကဲ့သို့ အခြားမည်သည့်အရာ တစ်စုံတစ်ရာမျှ ဂုဏ်ရည်တူသူ ဟူ၍ မရှိမူ ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အသျှင်မြတ်သည်လည်း ထိုအသျှင်မြတ်သည် သာလျှင် ဖြစ်ပေသည်။ သို့ဆိုလျှင် ထိုအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ရန် အရေးကြီးပေသည်။

စင်စစ် လူသားသည် (နောင်တမလွန် 'အာခိရသ်'အား ငြင်းဆိုကာ ပြက်ရယ်သောအားဖြင့် ဤသို့) ပြောဆိုလေသည်။ မည်သို့ပါနည်း။ ကျွန်ုပ် သေဆုံးပြီးနောက် (ပြန်လည်၍) အသက်ရှင်လျက် (သင်္ချိုင်းအတွင်းမှ) ထွက်စေခြင်းကို ခံရဦးမည်လော။ (အလ္လာဟ်အသျှင်မြတ် ဖြေကြားမိန့်မြွက်တော်မူ သည်မှာ ယင်း) လူသားသည် ယခင်က ၎င်းမည်သည့်အရာမျှ မရှိခဲ့စဉ်အခါ၌ ငါအသျှင်မြတ်သည်ပင် ၎င်းအား ဖန်ဆင်းတော်မူခဲ့သည်ကို သတိမရလေသလော။ (ဤသို့ မည်သည့်အရာမျှမရှိသော အခြေအနေ ဘဝမှ ရှင်သန်ခြင်း၏ ဘဝအခြေအနေအထိတိုင် ပို့ဆောင်ပေးတော်မူခြင်း လွယ်ကူပါမူ ဒုတိယအကြိမ် ပြန်လည်ရှင်သန်စေခြင်းသည် သာ၍ပင် လွယ်ကူပေသည်။) သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင့်အား

မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကစမ်၊ ကောန်မလွဲ ငါအသျှင်မြတ်သည် ထိုသူတို့နှင့်အတူ ကမ္ဘာလောက၌ ၄င်းတို့နှင့်အတူ နေထိုင်ကာ ဖြားယောင်းသွေးဆောင် သင်ကြားလေ့ရှိကြသော သူများ) ပမာဆိုရသော် အခြားသော အာယသ်တော်၌ လာရှိထားပေသည်။

قَالَ قَرِينُهُ رَبَّنَا مَاۤ أَطْغَيْتُهُ

(၄င်း၏ အဖော်ဖြစ်သော ရှိုက်သွာန်က ပြောဆိုလျှောက်ထားသည်မှာ အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးသည် ၄င်းအား ဆိုးသွမ်းမိုက်ကန်းစေခဲ့သည် မဟုတ်ပါ။ စင်စစ် ၄င်းကိုယ်တိုင်သည်ပင်လျှင် ဝေးလံစွာသော လမ်းမှားမှု၌ ရှိခဲ့ပါသည်။ *[၅၀ : ၂၇]*

ရှိုက်သွာန်တို့အား ('ဟရှ်ရ်' ကွင်းပြင်၌ ပြန်လည်ရှင်စေကာ) စုရုံးစေတော်မူပြီးလျှင် မုချကောန် ငါအသျှင်မြတ်သည် ၄င်းတို့ (အားလုံး) အား 'ဂျဟန္နမ်' ငရဲဘုံ၏ ပတ်ဝန်းကျင်၌ (ကြောက်ရွံ့တုန်လှုပ်နေကြသည့်အတွက်ကြောင့်) ပုဆစ်ဒူးတုပ်လျက် အသင့်ရောက်ရှိစေတော်မူပေမည်။ ထို့နောက် အမှန်ပင် ငါအသျှင်မြတ်သည် (ထိုကာဖိရ်) အုပ်စုအသီးသီးမှ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်အား အပြင်းအထန်ဆုံး ပုန်ကန်သူတို့ကို (ယဟူဒီ၊ နစ္စရာနီ၊ မဂျူစီနှင့် ရုပ်တုစဉ်းတု ကိုးကွယ်သည့် သူများကဲ့သို့သော သူများကို ရွေးချယ်) ထုတ်ယူတော်မူပေမည်။ (သို့မှသာ ဤသူများကို အခြားသောသူများ၏အလျင် 'ဂျဟန္နမ်' ငရဲဘုံအတွင်းသို့ သွတ်သွင်းစေတော်မူပေမည်။) တစ်ဖန် (ငါအသျှင်မြတ်သည် ထိုကဲ့သို့ ရွေးချယ်ထုတ်ယူတော်မူရာ၌လည်း စီစစ်သုတေသန ပြုနေရန်လည်း မလိုအပ်ပေ။ အဘယ်ကြောင့်ဆိုသော်) ကောန်မလွဲ ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ မီးလောင်စေရန်အတွက် (ဦးစွာပထမ) ပစ်ချရန် အထိုက်တန်ဆုံးသော သူတို့အား ငါအသျှင်မြတ် (ကိုယ်တော်တိုင်သည်) အသိတော်မူဆုံး ဖြစ်တော်မူပေသည်။ (သို့ရှိရာ မိမိ၏ 'အိလ်မ်' (အသိတော်) ဖြင့် ဤကဲ့သို့သော သူများကို သီးခြားစွာ ရွေးချယ်ကောက်နုတ်တော်မူ၍ ဦးစွာပထမ ၄င်းတို့ကိုသော်လည်းကောင်း၊ ဒုတိယတစ်ဖန် အခြားသော ကာဖိရ်များကို 'ဂျဟန္နမ်' ငရဲဘုံသို့ သွတ်သွင်းစေတော်မူပေလိမ့်မည်။ ဤအစီအစဉ်သည် ဦးစွာပထမ ပစ်ချခြင်းဖြစ်သည်။ ဒုတိယအကြိမ် မဖြစ်ခြင်း၌မူ အားလုံး တန်းတူ ဖြစ်ပေသည်။ 'ဂျဟန္နမ်' ငရဲဘုံ၏ တည်ရှိမှုသည် 'ပုံပန်းသဏ္ဌာန်နှင့် ရှုမြင်ခြင်း၏ သဘောဆန္ဒအမျိုးမျိုး ဖြစ်နေလင့်ကစား မုအ်မင်န်နှင့် ကာဖိရ်များအားလုံးကို မုချ ပြသပေမည်' ဟူသော ပုံစံမျိုးဖြင့် ကာဖိရ်များကို ပစ်ချခြင်းသည် ထာဝစဉ် ပြစ်ဒဏ်ပေးရန်အတွက် ဖြစ်ပြီး၊ မုအ်မင်န်များကို သွတ်သွင်းစေခြင်းသည် 'ပွလ်ဖွေရားသ်' တံတားကို ကျော်ဖြတ်ရန်အတွက်သော်လည်းကောင်း၊ သာပို၍ ကျေးဇူးတင်ရှိရန်နှင့် ပျော်ရွှင်ဝမ်းမြောက်စေရန်အတွက်ပင် ဖြစ်ပေသည်။ ထို 'ဂျဟန္နမ်' ကို ကြည့်ရှု၍ 'ဂျန္နသ်' အတွင်းသို့ ဝင်ရောက်လျက် ရှိကြကုန်သော မုအ်မင်န်များသည် သာပို၍ ကျေးဇူးတင်ရှိကာ ပျော်ရွှင်ဝမ်းမြောက်တော်မူပေမည် ဖြစ်သည်။)

စင်စစ် (အချို့ ပြစ်မှုဒုစရိုက် ကျူးလွန်သော သူများကို သန့်ရှင်းစင်ကြယ်စေရန်အလို့ငှာ ပြစ်ဒဏ်အတိုင်းအတာ တစ်စုံတစ်ရာပေးရန်အတွက် ယင်းသို့ စုပေါင်းကြည့်ရှုရမည်ဖြစ်ခြင်း၏ သတင်းကို ပေးပေ

မည်။) အသင်တို့အနက် (ယင်း) လူတိုင်း၊ လူတိုင်း ယင်း 'ဂျဟန္နမ်'ငရဲဘုံကို (အချို့သူတို့သည် ဝင်ရောက်ရန်အတွက်သော်လည်းကောင်း၊ အချို့သူတို့သည် ဖြတ်သန်းရန်အတွက်သော်လည်းကောင်း ကတိတော်နှင့်အညီ) ဖြတ်သန်းရမည့်သူများ ဖြစ်ကြကုန်၏။ (ဤသည်) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် (က) မိမိ၏အပေါ်၌ ယတိပြတ်ဆုံးဖြတ်ပြီးဖြစ်သော အမိန့်ဖြစ်၍ ယင်း (အမိန့်ကို ပြီးစီးလေးနက်အောင် ဆောင်ရွက်ခြင်း) သည် အသျှင်မြတ်၏ (လုံးဝ ပြီးမြောက်သွားမည်ဖြစ်သော) တာဝန်တစ်ရပ်ပင်ဖြစ်ချေသည်။ ထို့နောက် (ထို 'ဂျဟန္နမ်'အပေါ်မှ ဖြတ်သန်းစေခြင်းကိုလည်း မုအ်မင်န်နှင့် ကာဖိရ် တန်းတူဖြစ်မည်ဟူ၍ မမှတ်ယူထားလေနှင့်။ သို့သာမက) ငါအသျှင်မြတ်သည် (မိမိအား ကြောက်ရွံ့စိုးရိမ်သောအားဖြင့် ပြစ်မှုဒုစရိုက်များမှ) ရှောင်ကြဉ်ကြကာ (အီမာန်ရယူကြ) ကုန်သော သူတို့အား လွတ်မြောက်စေတော်မူမည်။ (ပြည့်ဝသော အီမာန်ရှင်များကဲ့သို့ ပထမဦးဆုံးအကြိမ်၌မှာပင် လွတ်မြောက်မှုရရှိသည် ဖြစ်စေ၊ လျော့နည်းသော အီမာန်ရှင်များကဲ့သို့ ဒုက္ခအနည်းနှင့်အများမဆို ခံစားရပြီးသည့်နောက် လွတ်မြောက်မှု ရရှိသည်ဖြစ်စေ) သို့ရာတွင် မတော်မတရား ကျူးလွန်သောသူ၊ (ကာဖိရ်တို့အား ငါအသျှင်မြတ်သည် ယင်း 'ဂျဟန္နမ်'ငရဲဘုံ၌ပင် (အမြဲတစေအတွက် ဝမ်းနည်းသည့်) ပုဆစ်ဒူးတုပ်လျက် စွန့်ပစ်ထားတော်မူပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَٱصۡطَبِرۡ لِعِبَٰدَتِهِ

၄င်းပြင် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ တည်ကြည်စွဲမြဲစွာ ရှိပါလေ။ *[၁၉ : ၆၅]*

'အစ္စ်သွေဗာရ်'၏ အဓိပ္ပာယ်သည် ဒုက္ခကျပ်တည်းမှုပေါ်၌ တည်တံ့မြဲမြဲစွာ နေထိုင်ခြင်းဖြစ်သည်။ ထိုအထက်တင်ပြပါ အာယသ်တော်၌ 'ခဝပ်ကိုးကွယ်မှုအပေါ်၌ တည်တံ့မှုနှင့် ခက်ခဲမှုဒုက္ခကို လိုလားလျက်ရှိနေကြောင်း' ကို ညွှန်ပြထားပေသည်။ ခဝပ်ကိုးကွယ်သောသူတို့အဖို့ ထိုခက်ခဲမှုကို ရင်ဆိုင်ရန် အသင့်ပြင်ထားရပေမည်။

هَلۡ تَعۡلَمُ لَهُۥ سَمِيّٗا

တစ်ဦးတစ်ယောက်အား ထိုအသျှင်မြတ်နှင့် ဂုဏ်ရည်တူသူဖြစ်သည်ဟု အသင်သိလေသလော။

[၁၉ : ၆၅]

'စမီ'ဟူသော စကားလုံး၏ ကျော်ကြားသော အဓိပ္ပာယ်မှာ 'အမည်တူ'ဟူ၍ ဖြစ်ပေသည်။ မုရှ်ရစ်က် (တဖက်နိုင်းယှဉ်သောသူများ) နှင့် ရုပ်တုစဉ်းတုများကို ခဝပ်ကိုးကွယ်သောသူတို့သည် ခဝပ်ကိုးကွယ်မှု၌ အလ္လာဟ်အသျှင်မြတ်နှင့်အတူ များစွာသော လူသားများ၊ ကောင်းကင်တမန်တော်များ၊ ကျောက်တုံးများနှင့် ရုပ်တုစဉ်းတုများကို ဖက်စပ် ခဝပ်ကိုးကွယ်နေကြလင့်ကစား ထိုအရာများအားလုံးကို 'အေလာဟ်' ခဝပ်ကိုးကွယ်ခြင်းခံထိုက်သော အသျှင်ဟူ၍သာ ပြောဆိုလျက် ရှိကြပေသည်။ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ 'အလ္လာဟ်'ဟူသော စကားလုံးကို မှားယွင်းသော 'မအ်ဗူဒ်'၏ အမည်ဖြင့် မည်သည့်အခါမျှ

မထားရှိထားကြပေ။ 'ကမ္ဘာလောက၌ 'အလ္လာဟ်'ဟူသော အမည်နာမတော်ဖြင့် မည်သည့်ရုပ်တု၊ စဉ်းတု တစ်ရုပ်၊ မည်သည့်မှားယွင်းသော ကိုးကွယ်ခြင်းခံထိုက်သော အရှင်တစ်ပါးပါးကိုမျှ အမည်မမှည့်ခေါ်ထား ခြင်း' မှာလည်း ဖန်ဆင်းခြင်းရေးရာဖြင့်သော်လည်းကောင်း၊ သတ်မှတ်ခြင်းဆိုင်ရာ ပညတ်ချက်ကို ထောက်ရှု ၍သော်လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ထားခြင်း၏ အမှုကိစ္စ ဖြစ်ပေသည်။ ထို့ကြောင့် အထက် ဖော်ပြပါ အဓိပ္ပာယ်ကို ထောက်ရှု၍ 'ကမ္ဘာလောက၌ 'အလ္လာဟ်'ဟူ၍ အမည်တူသူ တစ်စုံတစ်ဦးမျှ မရှိ ကြောင်း' ဟူသော အာယသ်တော်၏ အကြောင်းအရာကို ရှင်းလင်းစွာဖြင့် သဘောပေါက်နိုင်ပေသည်။

များစွာသော အဖွင့်ရှင်များဖြစ်သည့် မူဂျာဟစ်ဒ်၊ အိဗ်နေဂျူဗိုက်ရ်၊ ကသာဒဟ်နှင့် အိဗ်နေအဗ္ဗားစ် သခင်တို့ထံမှ ဤနေရာတွင် ထိုစကားလုံး၏ အဓိပ္ပာယ်သည် 'ကဲ့သို့၊ ဆင်တူယိုးမှား'ဟူ၍ ဆင့်ဆိုထား ကြပေသည်။ ထိုသို့ အဓိပ္ပာယ်ကို ကောက်ယူမည်ဆိုလျှင် အာယသ်တော်၏ အလိုသဘောမှာ 'ပြည့်ဝစုံလင် လှစွာသော ဂုဏ်တော်များ၌ အလ္လာဟ်အသျှင်မြတ်ကဲ့သို့ တစ်စုံတစ်ဦးမှ ဂုဏ်ရည်တူသူ၊ နှိုင်းယှဉ်ခြင်း ခံရသူ'ဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိပေ'ဟူ၍ ဖြစ်ရှိပေသည်။

لَنَحْشُرَنَّهُمْ وَالشَّيٰطِيْنَ ثُمَّ لَنُحْضِرَنَّهُمْ

သို့ဖြစ်ပေရာ အို၊ နဗီတမန်တော်၊ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ကစမ်၊ ကေန်မလွဲ ငါအသျှင်မြတ်သည် ထိုသူတို့နှင့် ရှိုက်သွာန်တို့အား စုရုံးစေတော်မူပြီးလျှင် အသင့် ရောက်ရှိစေ တော်မူပေမည်။ *[၁၉ ꞉ ၆၈]*

ဤနေရာ၌ ရှယာသွိုင်းန်၏ ရှေ့၌ လာသော 'ဝေါင်ဝ်'အက္ခရာသည် مع (အတူတကွ) ၏ အဓိပ္ပာယ်ကို ဆောင်၏။ အလိုသဘောမှာ 'ကာဖိရ်တိုင်းကို ၎င်းတို့၏ ရှိုက်သွာန်များနှင့်အတူ ကွင်းဆက် တစ်ဆက်တည်း၌ တုပ်နှောင်ကာ ရှင်ပြန်ထစေတော်မူပေမည်'ဟူ၍ သက်ရောက်သွားပေမည်။ ဤပုံစံ၌ စုရုံးခြင်း ခံရခြင်းသည် ကာဖိရ်များသာလျှင် ဖြစ်ပေသည်။ အကယ်၍ မုအ်မင်န်နှင့် ကာဖိရ်များအားလုံး တို့သည် ရှိုက်သွာန်များနှင့်အတူ ပါဝင်စုရုံးစေသည်ဟူ၍ အလိုသဘောကို ခြုံငုံစွာ ကောက်ယူလျှင်မူ 'ကာဖိရ်'တိုင်းသည်မူ မိမိ၏ ရှိုက်သွာန်နှင့်အတူ တုပ်နှောင်ခြင်းခံရကာ အသင့်ရောက်ရှိရမည်ဖြစ်ပြီး မုအ်မင်န်များသည်လည်း ထို 'ဟရှ်ရ်'ကွင်းပြင်၌ သီးခြားစွာ တည်ရှိနေမည်မဟုတ်ပေ' ဟူ၍ ဖြစ်မည်။ ဤပုံစံကို ထောက်ရှု၍ အားလုံးသောသူတို့နှင့်အတူ ရှိုက်သွာန်များ စုရုံးတည်ရှိနေခြင်းမှာ ဖြစ်ပေါ်သွား ပေလိမ့်မည်။ *[ကုရ်သုဗီကျမ်း]*

حَوْلَ جَهَنَّمَ جِثِيًّا (ဂျဟန္နမ်'ငရဲဘုံ၏ ပတ်ဝန်းကျင်၌ ပုဆစ်ဒူးတုပ်လျက်) ဟူသော ဝါကျတွင် စတင်စုရုံးသော အချိန်၌ မုအ်မင်န်များ၊ ကာဖိရ်များ၊ ကံကောင်းသူများနှင့် ကံဆိုးသူများအားလုံးသည် 'ဂျဟန္နမ်'၏ ဝန်းကျင်၌ စုရုံးနေလျက် ရှိကြမည်ဖြစ်ရာ ကြောက်ရွံ့တုန်လှုပ်မှုသည် လွှမ်းမိုးလျက်ရှိပြီး ၎င်းသူတို့အားလုံးသည် ပုဆစ်ဒူးတုပ်လျက် ရှိနေကြပေလိမ့်မည်။ တစ်ဖန် မုအ်မင်န်များနှင့် ကံကောင်းသူများကို 'ဂျဟန္နမ်'မှ ကူးမြောက်စေကာ 'ဂျန္နသ်' သို့ ဝင်ရောက်စေလိမ့်မည်။ သို့မှသာ ၎င်းတို့သည် 'ဂျဟန္နမ်'၏

ရှုခင်းကို မြင်တွေ့ပြီးသည့်နောက် ပျော်ရွှင်မှု အပြည့်အဝ ထာဝရခံစားမှု၊ သာသနာအား ဆန့်ကျင်သူများအား မုန်းတီးမှုနှင့် ထိုသို့ 'ဂျန္နသ်'သို့ ဝင်ရောက်လိုက်ရသည့်အပေါ် အလ္လာဟ်အသျှင်မြတ်အား သာပို၍ ကျေးဇူးတင်ရှိနေမည်ဖြစ်သည်။

ثُمَّ لَنَنزِعَنَّ مِن كُلِّ شِيعَةٍ

ထို့နောက် အမှန်ပင် ငါအသျှင်မြတ်သည် အုပ်စုအသီးသီးမှ ရွေးချယ်ထုတ်ယူတော်မူပေမည်။

[၁၉ : ၆၉]

'ရှီအာဟ်'ဟူသော စကားလုံးသည် မူရင်းအဘိဓါန်၌ သီးသန့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် သို့မဟုတ် ပါမူ ဝါဒတစ်ခု၏ လမ်းစဉ်ကို နောက်လိုက်သမှု ပြုသောသူများကို ခေါ်ဆိုပေသည်။ ထို့ကြောင့် 'ဖိရ်ကာ' (အဖွဲ့အစည်း) အတွက်လည်း ဤစကားလုံးကို အသုံးပြုပေသည်။ အာယသ်တော်၏ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ ကာဖိရ်များ၏ အုပ်စုအသီးသီးမှ သာပို၍ ဆိုးသွမ်းသောသူများကို ရွေးချယ်ကောက်နှုတ်၍ ဦးစားပေးစနစ်ဖြင့် ၎င်းတို့အား ပစ်ချပေလိမ့်မည်။ အချို့သော အကျယ်ချဲ့ဖွင့်ဆိုသည့် ပညာရှင်များက မိန့်ဆိုတော်မူထားသည်မှာ 'ဂျဟန္နမ်'တွင် ပြစ်မှုဒုစရိုက် များပြားခြင်းကို အခြေခံ၍ စီနေရာအလိုက် သာပို များပြားသူကို ပထမ၊ ဒုတိယအဆင့်အနေဖြင့် ထို့ထက် နည်းသူကို တတိယအဆင့်အနေဖြင့်၊ ယင်းထက်နည်းသူကို 'ဂျဟန္နမ်'အတွင်းသို့ သွတ်သွင်းစေတော်မူပေလိမ့်မည်။ *[မဇ္ဇဟရီးကျမ်း]*

وَإِن مِّنكُمْ إِلَّا وَارِدُهَا

စင်စစ် အသင်တို့အနက် လူတိုင်း၊ လူတိုင်းသည် ယင်း 'ဂျဟန္နမ်' ငရဲဘုံကို ဖြတ်သန်းရမည့် သူများ ဖြစ်ကြကုန်၏။

[၁၉ : ၇၁]

ဖြတ်သန်းရခြင်း၏ အလိုသဘောသည် ဝင်ရောက်ရခြင်း မဟုတ်ပေ။ ပမာဆိုရသော် အိမ်နေမတ်စ်အူးဒ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်တစ်ရပ်တွင် 'မုရူးရ်'ဟူသော စကားလုံးသည်လည်း လာရှိထားပေသည်။ ထို့ပြင် အကယ်၍ ဝင်ရောက်ရခြင်းကိုပင် ကောက်ယူမည်ဆိုလျှင် 'ဂျဟန္နမ်'ငရဲဘုံသည် မုအ်မင်န်သူတော်စင်တို့အဖို့ ဘေးဒုက္ခတစ်စုံတစ်ရာမျှပင် မသက်ရောက်စေဘဲ အေးမြ၊ အေးချမ်းသော အရာအဖြစ် တည်ရှိနေပေလိမ့်မည်။ ပမာဆိုရသော် အဗူစုမိုက်ယားဟ်၏ ဆင့်ပြန်ချက်၌ လာရှိထားပေသည်။ တမန်တော်မြတ် ﷺ မိန့်ဆိုတော်မူထားသည်မှာ ဦးစွာပထမ 'ဂျဟန္နမ်'သို့ မဝင်ရောက်ရသည်ဟူ၍ ဆိုးသူ၊ ကောင်းသူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိမည် မဟုတ်ပေ။ သို့ရာတွင် ထိုအချိန်၌ အပြစ်ရှောင်ကြဉ်သော မုအ်မင်န်များအဖို့ 'ဂျဟန္နမ်'သည် အေးမြ၊ ငြိမ်းချမ်းသော အရာဖြစ်ပေါ်လာပေလိမ့်မည်။ ပမာဆိုရသော် ဟဇရသ်အိဗ်ရာဟီးမ် ﷺ အတွက် 'နမ်ရူးဒ်'၏ မီးသည် အေးမြ၊ ငြိမ်းချမ်းသောအရာ ဖြစ်ပေါ်ခဲ့လေသည်။ ထို့နောက် မုအ်မင်န်များကို ဤအရပ်ဒေသမှ လွတ်မြောက်မှုကို ပေးကာ 'ဂျန္နသ်'သို့ ခေါ်ဆောင်သွားပေလိမ့်မည်။ ရှေ့၌ လာလျက်ရှိသော အာယသ်တော်၏ အဓိပ္ပာယ်သည်လည်း ဤအတိုင်းသာ ဖြစ်ပေသည်။

ثُمَّ نُنَجِّي الَّذِينَ اتَّقَوْا

ဤအကြောင်းအရာသည် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ်ထံမှလည်း ဆင့်ပြန်ချက် လာရှိထားပေသည်။ အကယ်၍ ယင်းစကားလုံး၏ အဓိပ္ပာယ်ကို 'ဝင်ရောက်ခြင်း'၏အနက်ကို ကောက်ယူမည်ဆိုလျှင် ဝင်ရောက်ခြင်းကို ဖြတ်သန်းခြင်းဟူ၍သာ အလိုသဘောကို ကောက်ယူရပေလိမ့်မည်။ သို့မှသာ ဆန့်ကျင်ဘက် သဘောတရားများ တစ်စုံတစ်ရာမျှ ကျန်ရှိနေမည်မဟုတ်တော့ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذَا تُتْلَىٰ عَلَيْهِمْ
آيَاتُنَا بَيِّنَاتٍ قَالَ الَّذِينَ كَفَرُوا لِلَّذِينَ آمَنُوا أَيُّ الْفَرِيقَيْنِ
خَيْرٌ مَّقَامًا وَأَحْسَنُ نَدِيًّا ﴿٧٣﴾

၁၉ : ၇၃ ။ ။ စင်စစ် ၎င်းတို့ရှေ့ဝယ် ငါအသျှင်မြတ်၏ ထင်ရှားစွာသော အာယသ်တော်များကို ဖတ်ကြားသောအခါ မှအ်မင်န်သက်ဝင်ယုံကြည်သူတို့အား '(အချင်းတို့၊ ကျွန်ုပ်တို့နှင့် အသင်တို့) အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် (စည်းစိမ်ဥစ္စာ) အခြေအနေအားဖြင့် ပိုကောင်း၍ (မည်သည့်အုပ်စုသည်) အပေါင်းအဖော်အားဖြင့်၊ လူထုပရိသတ်အရာ၌ ပို၍ အင်အားကောင်းပေသနည်း' ဟု ပြောဆို (မေးမြန်း) ကြကုန်၏။

وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هُمْ أَحْسَنُ أَثَاثًا وَرِئْيًا ﴿٧٤﴾

၁၉ : ၇၄ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ထိုသူတို့အလျှင် များစွာသော အုပ်စုများကို ဖျက်ဆီးတော်မူခဲ့ပေပြီ။ ယင်း (ဖျက်ဆီးခြင်း ခံခဲ့ကြရသော) အုပ်စုများသည် ဥစ္စာပစ္စည်းအားဖြင့်လည်းကောင်း၊ အမြင် (မြင်ကွင်း) အားဖြင့်လည်းကောင်း (ထိုသူတို့ထက်) သာလွန်ကောင်းမြတ်သူများပင် ဖြစ်ခဲ့ကြကုန်၏။

قُلْ مَن كَانَ فِي الضَّلَالَةِ فَلْيَمْدُدْ لَهُ
الرَّحْمَٰنُ مَدًّا ۚ حَتَّىٰ إِذَا رَأَوْا مَا يُوعَدُونَ إِمَّا الْعَذَابَ وَإِمَّا
السَّاعَةَ فَسَيَعْلَمُونَ مَنْ هُوَ شَرٌّ مَّكَانًا وَأَضْعَفُ جُندًا ﴿٧٥﴾

၁၉ : ၇၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) မည်သူမဆို လမ်းမှား၌ ရှိခဲ့ပါမူ 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်သည် ထိုသူ့အား (ကြိုးရှည်ရှည်ဖြင့်) အခွန့်ရှည်စွာ ရှေ့ဆိုင်းထားတော်

မှလေ့ ရှိ၏။ နောက်ဆုံးတွင် ထိုသူတို့သည် မိမိတို့ ချိန်းချက်ထားခြင်း ခံကြရသော (လောကီ) ပြစ်ဒဏ်ကိုသော်လည်းကောင်း၊ 'ကေယာမသ်'ကိုသော်လည်းကောင်း၊ တွေ့မြင်ကြသောအခါ မည်သူသည် အခြေအနေအားဖြင့် ပို၍ ဆိုးရွားသူဖြစ်သည်ကို လည်းကောင်း၊ မည်သူသည် အုပ်စုအားဖြင့် အားနည်းသူဖြစ်သည်ကိုလည်းကောင်း ထိုသူတို့သည် မုချ သိရှိကြပေလိမ့်မည်။

وَيَزِيدُ اللَّهُ الَّذِينَ اهْتَدَوْا هُدًى ۗ وَالْبَاقِيَاتُ الصَّالِحَاتُ
خَيْرٌ عِندَ رَبِّكَ ثَوَابًا وَخَيْرٌ مَّرَدًّا ۝٧٦

၁၉ : ၇၆ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် တရားလမ်းမှန်ကို လိုက်စားသူတို့အား တရားလမ်းမှန်၌ တိုးတက်စေတော်မူ၏။ အမှန်စင်စစ် အမြဲတစေ တည်ရှိနေမည်ဖြစ်သော ကောင်းမြတ်သည့် အကျင့်သီလများသည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် ကုသိုလ်အကျိုးအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ပေသည်။ နောက်ဆုံး အကျိုးဆက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် ၄င်းတို့ရှေ့ဝယ် ငါအသျှင်မြတ်၏ (ထို) ထင်ရှားစွာသော အာယသ်တော်များကို (အကြင် အာယသ်တော်များတွင် မုအ်မင်န်များသည် မှန်ကန်သော လမ်းစဉ်ပေါ်၌ တည်ရှိ၍ ကာဖိရ်များသည် မှားယွင်းသော လမ်းစဉ်ပေါ်၌ တည်ရှိနေကြောင်း ပါဝင်ထားပေသည်။) ဖတ်ကြားသောအခါ ကာဖိရ်သွေဖည်ငြင်းဆိုသော သူတို့က မုအ်မင်န်သက်ဝင်ယုံကြည်သောသူတို့အား (အချင်းတို့၊ ကျွန်ုပ်တို့နှင့် အသင်တို့) အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုသည် (လောကီသက်တမ်း၌ စည်းစိမ်ဥစ္စာ) အခြေအနေအာဖြင့် ပိုကောင်း၍ မည်သည့်အုပ်စုသည်) အပေါင်းအဖော်အားဖြင့် လူထုပရိသတ်အရာ၌ ပို၍ အင်အားကောင်းပေသနည်း' ဟု ပြောဆို (မေးမြန်း) ကြကုန်၏။ (အိမ်တွင်းရေးရာ၊ ပရိဘောဂရေးရာ ပစ္စည်းများနှင့် အပေါင်းအသင်း မိတ်ဆွေများသည် များပြားနေကြောင်းမှာ ထင်ရှားလှသေည်။ ဤအမှုကိစ္စကို ခံစားသိမြင်နိုင်သော အမှုကိစ္စဖြစ်ပေသည်။ ဒုတိယအမှုကိစ္စမှာ အများသူငှာတို့ လက်ခံထားသော နိယာမသဘောတရား ဖြစ်ပေသည်။ ဒုတိယအမှုကိစ္စမှာ အများသူငှာတို့ လက်ခံထားသော နိယာမသဘောတရား ဖြစ်ပေသည်။ ဆုလာဘ်၊ ကျေးဇူးတရားတော်၊ စည်းစိမ်ရတနာ ချီးမြှင့်ခြင်းကို ပေးသနားတော်မူသော သူသည် မိမိနှစ်သက် သဘောတူတော်မူသော သူတို့ကိုသာ ချီးမြှင့်ကြလေသည်။ အထက်ပါအမှုကိစ္စနှစ်ရပ်မှ 'ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော် လက်ခံတော်မူခြင်း ခံထားရသောသူများဖြစ်ကြောင်း၊ အသင်တို့သည် အမျက်တော်စူးရှခံထားရသောသူများ ဖြစ်ကြောင်း အတည်ပြု၍ ရရှိပေသည်။ ရှေ့၌ အလ္လာဟ်အသျှင် မြတ်သည် နှုတ်ပိတ်အဖြေတစ်ရပ်နှင့် အခြေအနေစစ်၏ အဖြေမှန်တစ်ရပ်ကို ဖြေထားပေသည်။ ပထမ အဖြေသည်မူ ဤသို့ပင် ဖြစ်သည်။ လူတို့သည် ဤကဲ့သို့သော စကားကို ပြောဆိုနေကြလေသည်။)

အမှန်စင်စစ် (ဤအောက်ဖော်ပြပါ အချက်ကိုမူ မတွေ့မြင်ကြပေ) ငါအသျှင်မြတ်သည် ထိုသူတို့အလျှင် များစွာသော အုပ်စုများကို (ကြောက်မက်ဖွယ်ကောင်းသော ပြစ်ဒဏ်မျိုးများဖြင့် မုချ အပြစ်ပေးတော်မူခဲ့လေသည်) ပျက်စီးတော်မူခဲ့ပေပြီ။ ယင်းဖျက်ဆီးခြင်း ခံခဲ့ကြရသော အုပ်စုများသည် ဥစ္စာပစ္စည်းအားဖြင့်လည်းကောင်း၊ အမြင်၊ မြင်ကွင်း) အားဖြင့်လည်းကောင်း (ထိုသူတို့ထက် သာပို၍) ကောင်းမြတ်သော သူများပင် ဖြစ်ခဲ့ကြကုန်၏။ (အထက်ပါအာယသ်တော်မြတ်မှ ကာဖိရ်တို့ တင်သွင်းသော ဒုတိယအဆို အကြံပြုချက်သည် မှားယွင်းကြောင်းကို သိရှိရပေသည်။ သို့သာမက ဆင်ခြင်တုံတရား အမြော်အမြင်တစ်ရပ်ရပ်နှင့် ကြောင်းကျိုးကောင်းဆိုး တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ လောကီရေးရာ စည်းစိမ်ကို အလ္လာဟ်အသျှင်မြတ် အမျက်တော်ရှုခြင်း ခံထားရသောသူများအဖို့လည်း ချီးမြှင့်ခြင်း ခံထားရပေသည်။ ရှေ့၌ ဒုတိယအဖြေကို ဆက်လက်၍ ဖြေကြားမိန့်မြွက်ထားတော်မူပေသည်။ အို၊ မိုဟမ္မဒ်၊ အသင်သည် (၄င်းတို့အား (ဤသို့) ပြောကြားပါလေ။ (အချင်းတို့) မည်သူမဆို လမ်းမှား၌ ရှိခဲ့ပါမူ (ဆိုလိုသည်မှာ အသင်တို့ကို) 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်သည် ထိုသူအား (ကြိုးရှည်ရှည်ဖြင့်) အခွန့်ရှည်စွာ ရွေ့ဆိုင်းထားတော်မူလေ့ ရှိ၏။ (ထိုလောကီရေးရာ စည်းစိမ်ရတနာကို ချီးမြှင့်ပေးထားရာ၌ 'နှောင့်ဆိုင်းခွင့်၊ အားလပ်ခွင့်တို့ကို ပေးကာ' အထောက်အထားကို အပြည့်အဝရယူရန် အမြော်အမြင် အချက်များ ရှိပေသည်။ ပမာဆိုရသော် ဒုတိယအာယသ်တော်အတွင်း၌ လာရှိထားပေသည်။

اَوَلَمْ نُعَمِّرْ كُمْ مَّا يَتَذَ كَّرُ فِيْهِ مَنْ تَذَ كَّرَ

ငါအသျှင်မြတ်သည် စဉ်းစားဆင်ခြင်လိုသော သူများအား စဉ်းစားနိုင်လောက်သော သက်တမ်းကို အသင်တို့အား ပေးခဲ့သည် မဟုတ်ပါလော။ *[၃၅ ፡ ၃၇]*

ဤသို့ ကြိုးရှည်ရှည်ဖြင့် လွှန်ထားခြင်းသည်လည်း ရက်အချို့အတွက်သာ ဖြစ်ပေသည်။

နောက်ဆုံးတွင် ထိုသူတို့သည် မိမိတို့ချိန်းချက်ထားခြင်း ခံကြရသော (လောကီ) ပြစ်ဒဏ်ကိုသော်လည်းကောင်း၊ (နောင်လောက) 'ကေယာမသ်'နေ့ကိုသော်လည်းကောင်း၊ တွေ့မြင်ကြသောအခါ မည်သူသည် အခြေအနေအားဖြင့် ပို၍ ဆိုးရွားသူဖြစ်သည်ကိုလည်းကောင်း၊ မည်သူသည် အုပ်စုအားဖြင့် အားနည်းသူ ဖြစ်သည်ကို ၄င်းသူတို့သည် (ယင်းအခိန့်၌) မုချ သိရှိကြပေလိမ့်မည်။ (ကမ္ဘာလောက၌ မိမိ၏ အပေါင်းအသင်းများကို မိမိအား အကူအညီပေးမည့်သူဟူ၍ မှတ်ယူကာ ဂုဏ်မောက်၍ နေကြပေသည်။ ထိုလောကသို့ ရောက်ရှိပြီးနောက် '၄င်းတို့၌ မည်မျှခန့် ဂုဏ်အင်အား ရှိသည်ကို သိရှိသွားပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုလောက၌မူ မည်သူတစ်ဦးတစ်ယောက်မျှ အခြားသူတစ်ဦးတစ်ယောက်ကို ဂုဏ်စွမ်းအင်၊ ကာယစွမ်းအား ပေးနိုင်မည်မဟုတ်ပေ။ ထိုအချက်ကိုပင် အားနည်းသူဖြစ်သည်' ဟူ၍ မိန့်ဆိုထားပေသည်။) စင်စစ် (မွတ်စ္လင်မ်တို့၏ အခြေအနေမှာ ဤသို့ပင်ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်သည် တရားလမ်းမှန်ကို လိုက်စားသူတို့အား ကမ္ဘာလောက၌မှာပင်) တရားလမ်းမှန်တွင် တိုးတက်စေတော်မူ၏။ (အဓိကအခြေအမြစ် ပစ္စည်းအမှန်သည် တရားလမ်းမှန်ပင် ဖြစ်သည်။ အကယ်၍ 'ဟေဒါယသ်' (တရားလမ်းမှန်) နှင့်အတူ ပစ္စည်းဥစ္စာမရှိပါကလည်း အကျိုးယုတ်စေမည်မဟုတ်။) အမှန်စင်စစ် (နောင်တမလွန် 'အာခေရသ်'

၌ ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရမည့် အချက်များမှာ) အမြဲတစေ တည်ရှိနေမည်ဖြစ်သော ကောင်းမြတ်သည့် အကျင့်သီလများသည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်တွင် ကုသိုလ်အကျိုးအားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ပေသည်။ နောက်ဆုံး အကျိုးဆက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ချေသည်။ (သို့ရှိရာ ၎င်းတို့သည် အကျိုးစဝါးမ်၌ ကြီးမားလှစွာသော 'နေ့အမ်မသ်'တော်များကို ရရှိပေလိမ့်မည်။ အကြင် 'နေ့အမ်မသ်'တော်များအတွင်း၌ အိုး၊ အိမ်၊ ဥယျာဉ်များအားလုံး ရှိပေလိမ့်မည်။ ထိုကျင့်ကြံဆောင်ရွက်ချက်များ၏ အဆုံးရလဒ်သည် ထိုစည်းစိမ်တော်များအတွင်း၌ ထာဝရနေထိုင်ရန် ဖြစ်သည်။ သို့ရှိရာ အခြေအနေပုံစံအရသော်လည်းကောင်း၊ အရေအတွက်အရသော်လည်းကောင်း၊ မွတ်စ္စလင်မ်တို့၏ နောက်ဆုံးအခြေအနေသည်သာလျှင် သာပို၍ ကောင်းမွန်နေပေသည်။ ထောက်ခံအတည်ပြုခြင်းခံရသော အခြေအနေသည် နောက်ဆုံးအခြေအနေသာလျှင် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

خَيْرٌ مَّقَامًا وَّاَحْسَنُ نَدِيًّا

ဤနေရာ၌ ကာဖိရ်များသည် မွတ်စ္စလင်မ်များကို အတွေးအမြင် မှားယွင်းသွားစေရန်အတွက် အချက်နှစ်ချက်ကို ပြဆိုကြပေသည်။ ပထမအချက်မှာ လောကီရေးရာ ဥစ္စာပစ္စည်းနှင့် ဒုတိယအချက်မှာ မိမိတို့၏ အပေါင်းအသင်း၊ အခြေအရံနှင့် အုပ်စုအဖွဲ့အစည်းတို့ ဖြစ်ပေသည်။ အကြောင်းမှာ ဤအရာများသည် ပြင်သဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် မွတ်စ္စလင်မ်များနှင့် နှိုင်းယှဉ်လျှင် ကာဖိရ်တို့သည် သာပို၍ ရရှိထားကြပေသည်။ ဤအချက်နှစ်ချက်သည်သာလျှင် လူသားတို့အား အတွေးအခေါ် အရှုအမြင်များကို ယစ်မူးစေ၍ ဂုဏ်မောက်မော်ကြွားစေကာ အသိဉာဏ် အတွေ့အကြုံ ရင့်ကျက်သော သူများကိုပင်လျှင် လမ်းမှားသို့ ပို့ဆောင်ပေးလေသည်။ အတိတ်ခေတ်ရှိ ဓနရှင်ကြီးနှင့် အုပ်ချုပ်မှုသြဇာအာဏာကို ရရှိကြသော သူတို့၏ သံဝေဂတရား ရရှိဖွယ်ရာ ရာဇဝင်သမိုင်းဖြစ်အင်များကို မေ့လျော့၍ မိမိတို့၏ လက်ရှိအခြေအနေကို မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း ပြည့်စုံမှုနှင့် ထာဝရသက်တောင့်သက်သာ ရရှိစေခြင်း၏ အကြောင်းခံအဖြစ် အားကိုးအားလျက် ရှိနေပေသည်။ ထိုသူတို့မှအပ အကြင်သူတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ လမ်းညွှန်ချက်နှင့်အညီ လောကီရေးရာ၏ ပစ္စည်းဥစ္စာနှင့် သိက္ခာ၊ ဂုဏ် ရရှိခြင်းတို့ကို မိမိတို့၏ ပင်ကိုယ်အရည်အချင်း သို့မဟုတ် ထာဝစဉ် တည်ရှိနေမည့် အဖေါ်များဟူ၍ မမှတ်ယူထားဘဲ ယင်းကဲ့သို့ ချီးမြှင့်ခြင်းခံထားရသည့်အပေါ် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားတော်ကို နှုတ်လျှာမှ သိတတ်၍ မြွက်ကြားကာ ထိုအသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်ပေးသနားထားတော်မူသော စည်းစိမ်ရတနာတော်များကို လှူဒါန်းမှုပြုရာ၌ ထိုအသျှင်မြတ်၏ ပညတ်တော်များကို ဦးလည်မသုန် နာခံကာနေကြပေသည်။ ထို့ပြင်တဝ ထိုပစ္စည်းနှင့် သိက္ခာပျောက်ပျက်လျော့နည်းသွားခြင်း၏ ကြောင့်ကြမှုမှလည်း မည်သည့်အချိန်တစ်ချိန်၌မျှပင် မမေ့လျော့ပါက ၎င်းတို့သည်သာလျှင် ထိုဆိုးသွမ်းမှုမှ ကင်းလွတ်နေမည်

ဖြစ်သည်။ ပမာဆိုရသော် နဗီတမန်တော်များဖြစ်ပေသည်။ ဟဇရတ်ဆုလိုင်မာန် عليه السلام ၊ ဟဇရတ်ဒါဝူးဒ် عليه السلام နှင့် ဆွဟာ်ဗာကြီးများ၌လည်း များစွာသော ကြွယ်ဝချမ်းသာသူများ၊ ဤနည်းနှင်နှင် အွမ္မတ် (နောက်လိုက်ထု) အတွင်း၌လည်း သိန်းပေါင်းများစွာသော သူတော်စင်ကြီးများကို အလ္လာဟ်အသျှင်မြတ်သည် လောကီရေးရာ စည်းစိမ်ရတနာကို ကောင်းစွာ ချီးမြှင့်ထားကာ ဒီးန်သာသနာရေးရာ၊ လောကုတ္တရာရေးရာ စည်းစိမ် ရတနာနှင့် မိမိအား ကြောက်ရွံ့မှုကိုလည်း အဆုံးစွန်မဲ့ထိတိုင် ပေးအပ်ချီးမြှင့်ထားပေသည်။

ကာဖိရ်တို့၏ ထိုအတွေးအမြင် မှားယွင်းမှုကို ကုရ်အာန်ကျမ်းတော်မြတ်သည် ဤသို့ ချေပ မိန့်မြွက်ထားပေသည်။ လောကီသက်တမ်း၏ ရက်အချို့၌ ချီးမြှင့်ခြင်းခံထားရသော စည်းစိမ်ရတနာများသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးသို့ လက်ခံခြင်းခံထားရသော လက္ခဏာမဖြစ်နိုင်သကဲ့သို့ ကမ္ဘာလောက၌မှာပင် ယင်းအရာများ ချီးမြှင့်ခြင်း ခံထားရသည်ကို မိမိတို့၏ ကိုယ်ပိုင်အရည်အချင်းကြောင့် ရရှိခြင်း ခံထားရခြင်း၏ သင်္ကေတအဖြစ် မမှတ်ယူကောင်းရာ။ အဘယ်ကြောင့်ဆိုသော် များစွာသော ဦးနှောက် အသိဉာဏ်ခေါင်းပါးသော သူတို့သည် ကမ္ဘာလောက၌မှာပင် အသိဉာဏ်ရှိသော သူများထက် ယင်းစည်းစိမ် ရတနာများ သာပို၍ ချီးမြှင့်ခြင်းကို ခံထားရပေသည်။ အတိတ်ခေတ်ရာဇဝင်သမိုင်းကို လှန်ကာ စမ်းစစ် ကြည့်ရှုမည်ဆိုလျှင် 'ဤမျှခန့်သာ စည်းစိမ်ရတနာကို မဆိုထားဘိဦး။ ထို့ထက်သာပိုများပြားသော စည်းစိမ် ရတနာနှင့် ဂုဏ်ဒြပ်အင်အားတို့သည် မြေပထဝီပေါ်၌မှာပင် ကျန်ရစ်ခဲ့ခြင်း၏ အခြေခံဇစ်မြစ်ကိုသာလျှင် တွေ့မြင်ရလိမ့်မည်။

အပေါင်းအဖော်၊ မိတ်ဆွေသင်္ဂဟများပြားစွာ တည်ရှိနေခြင်း၏ အမှုကိစ္စကို ဆက်လက်လေ့လာ ကြည့်ရှုကြပါစို့။ သို့ရှိရာ ယင်းအချက်၏ အခြေခံကျသော အချက်သည်လည်း ဦးစွာပထမ ကမ္ဘာလောက သက်တမ်း၌မှာပင် ကွက်ကွက်ကွင်းကွင်း မြင်တွေ့ရပေသည်။ အကြောင်းမှာ မိမိကျပ်တည်းမှု ကျရောက် နေချိန်၌ မည်သူသည် မိမိအဖို့ အသုံးဝင်နိုင်အံ့နည်း။ သို့တစေငြားလည်း အကယ်၍ ကမ္ဘာလောက၌ ၎င်း မိတ်ဆွေများသည် မိမိအား စဉ်ဆက်မပြတ် အလုပ်အကျွေးပြုစုလျက်ရှိမှု မည်သည့်ရက် အတိုင်းအတာ ခန့်အထိ ပြုစုကြပေမည်နည်း။ ထို့နောက် 'ဟရှ်ရ်'ကွင်းပြင်တွင် ၎င်း၏ အဆွေခင်ပွန်း မည်သူကျန်ရှိနိုင် အံ့နည်း။

وَالْبٰقِيٰتُ الصّٰلِحٰتُ خَيْرٌ عِنْدَ رَبِّكَ ثَوَابًا وَّخَيْرٌ مَّرَدًّا

အမှန်စင်စစ် အမြဲတစေ တည်ရှိနေမည်ဖြစ်သော ကောင်းမြတ်သည့် အကျင့်သီလများသည် အသင့် အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်တွင် ကုသိုလ်အကျိုးအားဖြင့်လည်း အကောင်းဆုံး ပင် ဖြစ်ပေသည်။ နောက်ဆုံးအကျိုးဆက်အားဖြင့်လည်း အကောင်းဆုံးပင် ဖြစ်ချေသည်။ */၁၉ : ၇၆/*

باقيات صالحات

'ဗားကိယားသိစွားလိဟားသ်' (အမြဲတစေ တည်ရှိနေမည်ဖြစ်သော ကောင်းမြတ်သည့် အကျင့်သီလ များ) ကို အကျယ်ချဲ့ဖွင့်ဆိုရာ၌ အဆိုအမျိုးမျိုး လာရှိထားပေသည်။ အကြင်အဆိုအမျိုးမျိုး၏ အကျယ်ချဲ့ ကို 'ရူရာဟ်ကဟဖ်'၌ တင်ပြပြီး ဖြစ်သည်။ ရွေးချယ်အတည်ပြုခြင်း ခံထားရသော အဆိုမှာ ယင်းစကား

လုံး၏ အလိုသဘောသည် ထိုအလုံးစုံသော နာခံမှုများနှင့် မှန်မြတ်သော ဆောင်ရွက်ချက်များ ဖြစ်ပေသည်။ အကြင်နာခံမှုများနှင့် ဆောင်ရွက်ချက်များ၏ အကျိုးသည် ကျန်ရှိနေပေသည်။ مَرَدًّا ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် 'လှည့်ပြန်သောအရာ' ဖြစ်သည်။ အလိုသဘောမှာ နောက်ဆုံးအကျိုးဆက်ကောင်းခြင်း ဖြစ်သည်။ အာယသ်တော်၏ ရှင်းလင်းလှစွာသော အလိုသဘောမှာ ကောင်းမြတ်သော အကျင့်သီလများသည်ပင်လျှင် အဓိကစည်းစိမ်ရတနာများ ဖြစ်ပေသည်။ အကြင်ကျင့်ကြံမှုများ၏ အကျိုးစဝါးဗ်များသည် ကြီးမား၍ အဆုံးတရားသည် ထာဝစဉ် ထာဝရ သက်တောင့်သက်သာ ရရှိခြင်းပင် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَفَرَءَيْتَ الَّذِي كَفَرَ بِـَٔايَٰتِنَا وَقَالَ لَأُوتَيَنَّ مَالًا وَوَلَدًا ﴿٧٧﴾

၁၉ : ၇၇ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် အကြင်သူအား မြင်ခဲ့လေသလော။ ထိုသူသည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (အာယသ်) တော်များကိုလည်း ငြင်းပယ်ခဲ့သေး၏။ ၎င်းပြင် မုချအမှန် ကျွန်ုပ်သည် (နောင်တမလွန်ဘဝတွင်လည်း) ဥစ္စာပစ္စည်းကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း ချီးမြှင့်ခြင်းကို ခံရဦးမည်ဟူ၍လည်း ပြောဆိုခဲ့ပေသည်။

أَطَّلَعَ الْغَيْبَ أَمِ اتَّخَذَ عِندَ الرَّحْمَٰنِ عَهْدًا ﴿٧٨﴾

၁၉ : ၇၈ ။ ။ မည်သို့ပါနည်း။ ထိုသူသည် အကွယ်၌ရှိသည်ကို သိရှိခဲ့လေသလော။ သို့တည်းမဟုတ် ထိုသူသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ထံတော်၌ပင် ပဋိညာဉ်တစ်ခုခုကို ဖွဲ့ခဲ့လေသလော။

كَلَّا ۚ سَنَكْتُبُ مَا يَقُولُ وَنَمُدُّ لَهُ مِنَ الْعَذَابِ مَدًّا ﴿٧٩﴾

၁၉ : ၇၉ ။ ။ (ထိုသို့) အလျဉ်းမဟုတ်ပေ။ ယခုပင် ငါအသျှင်မြတ်သည် ထိုသူပြောဆိုသောစကားကို ရေးသားတော်မူမည်။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူ၌ ပြစ်ဒဏ်ကိုလည်း တိုးတက်ခံစားစေတော်မူမည်။

وَنَرِثُهُ مَا يَقُولُ وَيَأْتِينَا فَرْدًا ﴿٨٠﴾

၁၉ : ၈၀ ။ ။ ၎င်းပြင် ထိုသူပြောဆိုသမျှ (ဥစ္စာပစ္စည်း၊ ခြွေရံသင်းပင်း၊ သားသမီးရတနာ) တို့ကို ငါအသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူမည်။ ထို့နောက် ၎င်းသူသည် ငါအသျှင်မြတ်ထံတော်သို့ တစ်ကိုယ်တည်းပင် ရောက်ရှိလာပေမည်။

وَاتَّخَذُوا مِن دُونِ اللَّهِ آلِهَةً لِّيَكُونُوا لَهُمْ عِزًّا ﴿٨١﴾

၁၉ : ၈၁ ။ ။ ထို့ပြင် ၎င်းတို့သည် မိမိတို့အဖို့ အကူအညီပေးသူများ ဖြစ်ကြရန်အလို့ငှာ၊ အလ္လာဟ်အသျှင်မြတ်အပြင် အခြားကိုးကွယ်ရာများကိုလည်း ပြုလုပ်ထားခဲ့ကြကုန်၏။

كَلَّا ۚ سَيَكْفُرُونَ بِعِبَادَتِهِمْ وَيَكُونُونَ عَلَيْهِمْ ضِدًّا ﴿٨٢﴾

၁၉ : ၈၂ ။ ။ (ယင်းကိုးကွယ်ရာများသည် ၎င်းတို့အား အကူအညီပေးသူများ) အလျှဉ်း (ဖြစ်ကြမည်) မဟုတ်ပေ။ (စင်စစ်) မကြာမီပင် (ယင်းကိုးကွယ်ရာများသည်) ၎င်းတို့အား ကိုးကွယ်မှုကို ငြင်းပယ်၍ ၎င်းတို့၏ ရန်သူရန်ဖက်များပင် ဖြစ်သွားကြပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို့ နဗီတမန်တော် မိုဟမ္မဒ်၊ အသင်သည် အကြင်သူ (၏ အခြေအနေ) အား မြင်ခဲ့လေသလော။ ထိုသူသည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာ (၎င်းပြသင့်သော ဝတ္တရားမှာ ထိုသက်သေလက္ခဏာ အာယသ်တော်များအပေါ်၌ အီမာန်ကို ရယူရန်ဖြစ်သည်။ အကြင်အာယသ်တော်များတွင် အသင့်အား စေလွှတ်ခြင်းနှင့် စပ်လျဉ်းသော အာယသ်တော်များလည်း ပါဝင်ပေသည်။) အာယသ်တော်များကိုလည်း ငြင်းပယ်ခဲ့သေး၏။ ၎င်းပြင် (နောက်ပြောင်သည့် သဘောမျိုးဖြင့်) မုချအမှန် ကျွန်ုပ်သည် (နောင်တမလွန်ဘဝတွင်လည်း) ဥစ္စာပစ္စည်းကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း ချီးမြှင့်ခြင်းကို ခံရဦးမည်ဟူ၍လည်း ပြောဆိုခဲ့ပေသည်။ (အလိုသဘောမှာ ၎င်း၏ အခြေအနေသည်လည်း အံ့ဖွယ်ထိုက်ပေသည်။ အရှေ့၌ ယင်းအချက်အား ဤသို့ ချေပထားသည်။) မည်သို့ပါနည်း။ ထိုသူသည် အကွယ်၌ ရှိသည်တို့ကို သိရှိခဲ့လေသလော။ သို့တည်းမဟုတ် ထိုသူသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်ထံတော်ပါး၌ပင် (ယင်းအချက်နှင့် စပ်လျဉ်း၍) ပဋိညာဉ်တစ်ခုခုကို ဖွဲ့ခဲ့လေသလော။ (ထိုကြွေးကြော်ချက်၏ အသိသည် အသင့်ထံသို့ အကွယ်အကာ၏အသိဖြင့် အကြောင်းမဲ့ တိုက်ရိုက် ရောက်ရှိလာခဲ့ပါ၏လော။ သို့မဟုတ် အကြောင်းခံကို ကြားခံ၍ ရောက်ရှိလာခဲ့ပါ၏လော။ တစ်ဖန် သို့ရှိရာ ထိုကြွေးကြော်ချက်သည် ဦးအနှောက်အသိဉာဏ် ပိုင်းဆိုင်ရာဖြင့် ထုတ်ပြန်ထားသော အမိန့်သည် လုံးဝ မဟုတ်ပေ။ သို့သာမက ဆင့်ကဲဆင့်ကဲ ကျရောက်လာသော ကိစ္စရပ် ဖြစ်ပေသည်။ ထို့ကြောင့် ဆင့်ကဲဆင့်ကဲ ရောက်ရှိလာသော အမိန့်သည်သာလျှင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ထုတ်ပြန်ချမှတ်ထားသော ပညတ်ချက်များဖြစ်လေရာ ယင်းအမိန့်သည်သာလျှင် အထောက်အထားအဖို့ ခိုင်လုံနိုင်ပေသည်။ သို့ရှိရာ နည်းလမ်းနှစ်ရပ်စလုံး ပပျောက်နေပေသည်။ ပထမအချက်ဖြစ်သော ဦးနှောက်အသိဉာဏ်ပိုင်းဆိုင်ရာသည်လည်း တားမြစ်ခြင်း ခံထားရကာ ဒုတိယအချက်ဖြစ်သော တည်ရှိဖြစ်ပေါ်လာခြင်းများလည်း အလျှဉ်း မဖြစ်နိုင်ပေ။

(ထိုသို့) အလျှဉ်းမဟုတ်ပေ။ (မုသားကိုသာလျှင် ပြောဆိုနေပေသည်။) ယခုပင် ငါအသျှင်မြတ်သည် ထိုသူ ပြောဆိုသော စကားကို (အချိန်ကျချိန်၌တွင် ပြစ်ဒဏ်ပေးရန်) ရေးသားတော်မူမည်။ ၎င်းပြင် ငါအသျှင်မြတ်သည် ထိုသူ၌ ပြစ်ဒဏ်ကိုလည်း တိုးတက်ခံစားစေတော်မူမည်။ ၎င်းပြင် ထိုသူပြောဆိုသမျှ၊ ဥစ္စာပစ္စည်း၊ ခြွေရံသင်းပင်း၊ သားသမီးရတနာ) တို့ကို ငါအသျှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူမည်။ (၎င်းတို့ ကမ္ဘာလောကမှ သေဆုံးသွားကြမည်ဖြစ်ပြီး ယင်းသူတို့၏ သားသမီးနှင့် ဥစ္စာပစ္စည်းများကို မည်သူတစ်ဦး

တစ်ယောက်မျှ လာရောက်၍ ခြယ်လှယ်ခွင့်ကို ပေးမည်မဟုတ်ဘဲ ငါအသျှင်မြတ်သာလျှင် ယင်းအားလုံးကို စိုးပိုင်တော်မူသောအသျှင် ဖြစ်ပေလိမ့်မည်။ 'ကေယာမသ်'နေ့၌လည်း ငါအသျှင်မြတ်သည် ၄င်းတို့အား ပြန်လည်ပေးအပ်မည် မဟုတ်ဘဲ၊ သို့သာမက) ထို့နောက် ၄င်းသူသည် ငါအသျှင်မြတ်ထံ တော်သို့ (ဥစ္စာပစ္စည်းနှင့် သားသမီးတို့မှ သီးခြားစွာ ဖြစ်ရှိကာ) တစ်ကိုယ်တည်းပင် ရောက်ရှိလာပေမည်။ ထို့ပြင် ၄င်းတို့သည် မိမိတို့အဖို့ (အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌) အကူအညီပေးသူများ ဖြစ်ကြရန် အလို့ငှာ အလ္လာဟ်အသျှင်မြတ်အပြင် အခြားကိုးကွယ်ရာများကိုလည်း ပြုလုပ်ထားခဲ့ကြကုန်၏။ (ပမာဆို ရသော် ဤအောက်ဖော်ပြပါ အာယသ်တော်အတွင်း၌ တင်ပြထားကြလေသည်။

يَقُوْ لُوْنَ هٰؤُلَاءِ شُفَعَاءُ نَا عِنْدَ اللهِ

၄င်းတို့က ဤသည်တို့မှာ အလ္လာဟ်အသျှင်မြတ်ထံတော်၌ ကျွန်ုပ်တို့အား ကြားဝင်အသနားခံပေးမည့်အရာများပင် ဖြစ်ကြသည်ဟု ပြောဆိုကြကုန်၏။ *[၁၀ : ၁၈]*

သို့ရှိရာ (ယင်းကိုးကွယ်ရာများသည် ၄င်းတို့အား အကူအညီပေးသူများ) အလျဉ်း ဖြစ်ကြမည် မဟုတ်ပေ။ (စင်စစ်) မကြာမီ (ကေယာမသ်နေ့၌) ပင်၊ ယင်းကိုးကွယ်ရာများသည် ၄င်းတို့အား ကိုးကွယ်မှုကို ငြင်းပယ်၍ (ပြောင်းပြန်) ၄င်းတို့၏ ရန်သူရန်ဖက်များပင် ဖြစ်သွားကြပေမည်။ (ပမာဆိုရသော် စူရာဟ်ယူနွတ်စ်၏ တတိယရုကူအ်တွင် လွန်ခဲ့လေပြီ။

قَالَ شُرَكَا ئُهُمْ مَّا كُنْتُمْ اِيَّا نَا تَعْبُدُوْنَ

ထိုအခါ ၄င်းတို့ တွဲဖက်နှိုင်းယှဉ်၍ ကိုးကွယ်ခဲ့ကြသော အပေါင်းအဖော်တို့က (၄င်းတို့အား) အသင်တို့သည် ငါတို့အား ကိုးကွယ်ခဲ့ကြသည်မဟုတ်ဟု ပြောဆိုကြပေမည်။ *[၁၀ : ၂၈]*

အထက်ပါအတိုင်း ပြောဆိုခံကြရမည်ဖြစ်ပြီး လက်ရှိအခြေအနေ၌လည်း ဂုဏ်သိက္ခာရရှိရမည့် အစား သေးသိမ်မှု ဖြစ်ရှိနေပေသည်။ ထိုခဝပ် ကိုးကွယ်ခြင်း ခံထားရသော အရာများတွင်လည်း ရုပ်တု၊ စဉ်းတုများလည်း ပါဝင်ပေသည်။ သို့ရှိရာ ယင်းအရာများ ပြောဆိုသူဖြစ်ခြင်းသည် يَكْفُرُوْنَ ဟူသော ပုဒ်၏ အလိုသဘောမှ သိရှိရပေသည်။ အစိတ်အပိုင်းများက ပြောဆိုသကဲ့သို့ဖြစ်ပြီး ယင်းအချက်မှာ မဖြစ်နိုင်စရာနှင့် ဆန့်သစ်သော အချက်လည်း မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

لَاُوْتَيَنَّ مَا لًاوَّ وَلَدًا

မုချကေန် ကျွန်ုပ်သည် ဥစ္စာပစ္စည်းများကိုလည်းကောင်း၊ သားသမီးကိုလည်းကောင်း ချီးမြှင့်ခြင်းကို ခံရဦးမည်။ *[၁၉ : ၇၇]*

ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်ခဗ်ဗားဗ်ဗင်နအလ်အရသ်၏ ဆင့်ပြန်ချက် လာရှိထား ပေသည်။ ၎င်း၏ အကြွေးအချို့သည် အားစ်ဗင်နဝါအင်လ်၏ ထံမှ ရရန်ဖြစ်သည်။ ဤသခင်သည် ၎င်းအားစ်၏ ထံသို့ ကြွေးတောင်းရန် ကြွမြန်းသွားလေသည်။ ၎င်းက 'ကျွန်ုပ်သည် အသင်၏ အကြွေးကို အသင်သည် မိုဟမ္မဒ် ﷺ ကို မငြင်းဆိုသရွေ့ ကာလပတ်လုံး ကျွန်ုပ် ပေးအပ်မည်မဟုတ်'ဟု ပြောဆိုလေသည်။ 'အသင် သည် သေသည်ဖြစ်စေ၊ တစ်ဖန် ရှင်ပြန်ထလာချိန်၌ဖြစ်စေ ဤအမှုကိစ္စသည် ဖြစ်နိုင်မည် မဟုတ်ပေ'ဟူ၍ ပြန်လည်ပြောကြားပေသည်။ သို့ဆိုလျှင် ၎င်းအားစ်က 'ကျွန်ုပ်သည် သေဆုံးကာ ပြန်လည်ရှင်ပြန်ထရမည် ဖြစ်ပေသည်။ အကယ်၍ ဤအတိုင်းဖြစ်မူ အသင်၏ အကြွေးကိုလည်း ဒုတိယအကြိမ် ပြန်လည်ရှင်ထ ရမည့်အချိန်၌ ပေးအပ်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌လည်း ကျွန်ုပ်၏ထံ၌ ပစ္စည်း ဥစ္စာနှင့် သားသမီးများ ရှိနေမည်ဖြစ်ပေသည်'ဟု ပြောဆိုလေသည်။ *[ကုရ်သုဗီးကျမ်း]*

ကုရ်အာန်ကျမ်းတော်မြတ်သည် ထိုအသိဉာဏ်ကင်းမဲ့သောသူအား ဖြေကြားမိန့်မြွက်တော်မူသည် မှာ 'ဒုတိယအကြိမ် ပြန်လည်ရှင်ပြန်ထလာသောအချိန်၌လည်း ၎င်းထံတွင် ပစ္စည်းဥစ္စာနှင့် သားသမီးများ တည်ရှိနေမည်ဖြစ်ခြင်းကို အဘယ်ကဲ့သို့ သိရှိရပေသနည်း။

أَطَّلَعَ الْغَيْبَ أَمِ اتَّخَذَ عِندَ الرَّحْمَٰنِ عَهْدًا

ထိုသူသည် အကွယ်၌ ရှိသော အသိကို ချောင်းမြောင်းကာ သိရှိခဲ့ပါ၏လော။ (သို့တည်းမဟုတ်) ထိုသူသည် 'ရဟ်မားန်'အနန္တကရုဏာတော်ရှင်၏ ထံတော်၌ပင် ပဋိညာဉ်တစ်ခုခုကို ဖွဲ့ခဲ့လေသလော။

[၁၉ : ၇၈]

ဤအထက်ဖော်ပြပါ အချက်နှစ်ချက်စလုံး မဖြစ်နိုင်သည်မှာ ထင်ရှားလှပေသည်။ သို့ဆိုလျှင် ၎င်းသည် ဤကဲ့သို့သော အတွေးအခေါ်များကို မည်ကဲ့သို့ တွေးခေါ်နေပေသနည်း။

وَنَرِثُهُ مَا يَقُولُ

၎င်းပြောဆို တင်ပြလျက်ရှိသော ဥစ္စာပစ္စည်းနှင့် သားသမီးတို့ 'အာခေရသ်'၌ ရရှိရန်မှာ 'အလွန် ခဲယဉ်းလှပေသည်။ ကမ္ဘာလောက၌ ရရှိထားသည့် အရာများကိုပင် ချန်ထားရစ်ခဲ့ရပေမည်။ ထိုပစ္စည်းများ အား အမွေဆက်ခံထိုက်သူသည် နောက်ဆုံး၌ ငါအသျှင်မြတ်သည်သာလျှင် ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဤပစ္စည်းဥစ္စာနှင့် သားသမီး ရတနာတို့သည် ၎င်းတို့ထံမှ ရယူကာ နောက်ဆုံး အလ္လာဟ်အသျှင်မြတ်ထံ တော်သို့ပင် ရောက်ရှိမည်ဖြစ်သည်။

وَيَأْتِينَا فَرْدًا

ထို့နောက် ၎င်းသူသည် ငါအသျှင်မြတ်ထံတော်သို့ တစ်ကိုယ်တည်းပင် ရောက်ရှိလာမည်။

[၁၉ : ၈၀]

'ကေယာမသ်'နေ့၌ ၎င်းသည် ငါအသျှင်မြတ်၏ ထံပါးတော်သို့ ဥစ္စာပစ္စည်းနှင့် သားသမီးတစ်စုံ တစ်ရာမျှ မပါရှိဘဲ အခစားတော် ဝင်ရောက်ရပေလိမ့်မည်။

وَيَكُونُونَ عَلَيْهِمْ ضِدًّا

စင်စစ် မကြာမီပင် ယင်းကိုးကွယ်ရာများသည် ၄င်းတို့အား ကိုးကွယ်မှုကို ငြင်းပယ်၍ ၄င်းတို့၏ ရန်သူ၊ ရန်ဖက်များပင် ဖြစ်သွားကြပေမည်။ *[၁၉ : ၈၂]*

ဆိုလိုသည်မှာ မိမိတို့ကိုယ်တိုင် ထွင်းထုထားသော ရုပ်တု၊ စဉ်းတုများနှင့် မှားယွင်းသော ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်သော အရာများကို 'မိမိတို့အား အကူအညီပေးမည့်သူအဖြစ် ယုံကြည်ကြသည့်အတွက်ကြောင့် 'ခဝပ်ကိုးကွယ်နေကြပေသည်။ သို့ရာတွင် 'ဟရှ်ရ်' ကွင်းပြင်၌ ပြောင်းပြန်ပင် ယင်းရုပ်တု၊ စဉ်းတုများသည် ရန်သူများ ဖြစ်သွားကြပေလိမ့်မည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့အား စကားပြောဆိုနိုင်စွမ်း ချီးမြှင့်ပေးသနားထားတော်မူရာ ယင်းရုပ်တု၊ စဉ်းတုများက 'အို၊ အသျှင်၊ ၄င်းတို့အား ဒဏ်ခတ်တော်မူပါ။ အကြောင်းမှာ ၄င်းတို့သည် အသျှင်မြတ်ကို စွန့်လွှတ်၍ ကျွန်ုပ်တို့အား ခဝပ်ကိုးကွယ်နေကြပေသည်။ *[ကုရ်သာဗီးကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَلَمْ تَرَ أَنَّا أَرْسَلْنَا الشَّيَاطِينَ عَلَى الْكَافِرِينَ تَؤُزُّهُمْ أَزًّا ﴿٨٣﴾

၁၉ : ၈၃ ။ ။ (အို၊ နဗီတမန်တော်) ကေန်မလွဲ ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့အား (အမှန်တရားနှင့် ဆန့်ကျင်ကြစေရန်အတွက်) လှုံ့ဆော်သွေးဆောင်ရန်အလို့ငှာ၊ ရှိုက်သွာန်များ စေလွှတ်ထားတော်မူခဲ့သည်ကို အသင်သည် မသိမမြင်ခဲ့ပါသလော။ ယင်းရှိုက်သွာန်များသည် ၄င်းသွေဖည်ငြင်းပယ်သော သူတို့အား လွန်စွာ လှုံ့ဆော်လျက် ရှိကြကုန်၏။

فَلَا تَعْجَلْ عَلَيْهِمْ إِنَّمَا نَعُدُّ لَهُمْ عَدًّا ﴿٨٤﴾

၁၉ : ၈၄ ။ ။ သို့ဖြစ်ပေရာ အသင်သည် ယင်း (သွေဖည်ငြင်းပယ်သောသူ) တို့နှင့် ပတ်သက်၍ အလျင်မလိုလေနှင့်။ ငါအသျှင်မြတ်ကိုယ်တော်တိုင်ပင် ၄င်းတို့ (၏ အပြုအမူများ) ကို ရေတွက်လျက် ရှိနေတော်မူပေသည်။

يَوْمَ نَحْشُرُ الْمُتَّقِينَ إِلَى الرَّحْمَٰنِ وَفْدًا ﴿٨٥﴾

၁၉ : ၈၅ ။ ။ (မကြာမီ ၄င်းတို့အပေါ်၌ အပြစ်ဒဏ်သည်) အကြင်နေ့တွင် (ကျရောက်မည် ဖြစ်၏။) ထိုနေ့တွင် ငါအသျှင်မြတ်သည် 'မွတ်သက္ကီ' သူတော်ကောင်းတို့အား 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်ထံတော်သို့ ဧည့်သည်တော်များအဖြစ် စုရုံးစေတော်မူမည်။

وَنَسُوقُ الْمُجْرِمِينَ إِلَىٰ جَهَنَّمَ وِرْدًا ﴿٨٦﴾

၁၉ : ၈၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား (ထိုနေ့တွင်) 'ဂျဟန္နမ်' ငရဲဘုံသို့ ရေငတ်မွတ်သိပ်စေလျက် မောင်းနှင်တော်မူပေမည်။

لَا يَمْلِكُوْنَ الشَّفَاعَةَ اِلَّا مَنِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا ﴿٨٧﴾

၁၉ : ၈၇ ။ ။ (ထိုနေ့တွင်) 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၏ ထံတော်မှ ကတိတစ်စုံတစ်ရာ ရရှိပြီးဖြစ်သော သူမှအပ အခြားသူတို့သည် ကြားဝင်အသနားခံပိုင်ခွင့် ရရှိကြမည်မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အသင်သည် ၎င်းတို့၏ လမ်းမှားမှုကြောင့် သောကဝေဖြာလျက်ရှိမှု (အို၊ နဗီတမန်တော်) ကေန် မလွဲ ငါအသျှင်မြတ်သည် ကာဖိရ်သွေဖည်ငြင်းဆိုသော သူတို့အား (အမှန်တရားနှင့် ဆန့်ကျင်ကြစေရန် အတွက်) လှုံ့ဆော်သွေးဆောင်ရန်အလို့ငှာ ရှိုက်သွာန်များကို စေလွှတ်ထားတော်မူခဲ့သည်ကို အသင်သည် မသိမမြင်ခဲ့ပါသလော။ ယင်းရှိုက်သွာန်များသည် ၎င်းသွေဖည်ငြင်းပယ်သော သူတို့အား (သွေဖည်ငြင်းဆို ခြင်းနှင့် လမ်းမှားရန်အပေါ်) လွန်စွာ လှုံ့ဆော်လျက် ရှိကြကုန်၏။ (တစ်ဖန် အကြင်သူသည် မိမိကိုယ်တိုင် ရွေးချယ်မှုကြောင့် မိမိ မလိုလားသူ၏ ဖြားယောင်းမှုအတွင်းသို့ ရောက်ရှိသွားကာ ယင်းအချက်နှင့်စပ်လျဉ်း၍ အဘယ်ကြောင့် သောကဝေဖြာနေပေသနည်း။) သို့ဖြစ်ပေရာ (ရှိုက်သွာန်များကို ဆန့်ကျင်မှုပြုရန်၊ စမ်းစစ်မှု ပြုရန် ဖြန့်ကျက်ထားစေတော်မူပေသည်။ ပြစ်ဒဏ်ကို လျင်မြန်စွာ ခံစားရန်ရှိနေသော သူတို့နှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက်ပြုမှုခြင်းတို့သည် အခွန့်ရှည်စွာ တည်တံ့နေမည် မဟုတ်ရာ) အသင်သည် ယင်း (သွေဖည် ငြင်းပယ်သောသူ) တို့နှင့် ပတ်သက်၍ (ပြစ်ဒဏ်ကျရောက်ရန်) အလျင်မလိုလေနှင့်။ ငါအသျှင်မြတ် ကိုယ်တော်တိုင်ပင် ၎င်းတို့ (၏ အပြုအမူများ) ကို ရေတွက်လျက် (ပြစ်ဒဏ်ပေးတော်မူရန်) ရှိနေတော် မူပေသည်။ (ပြစ်ဒဏ်သည် ထိုနေ့၌ သက်ရောက်ပေလိမ့်မည်။) ထိုနေ့တွင် ငါအသျှင်မြတ်သည် သူတော် ကောင်းတို့အား အနန္တကရုဏာတော်ရှင်၏ (စည်းစိမ်တော်များ ပြည့်နှက်နေသည့် အိမ်တော်) သို့ ဧည့်သည် တော်များအဖြစ် စုရုံးစေတော်မူ၏။

ထို့ပြင် ငါအသျှင်မြတ်သည် ပြစ်မှုကျူးလွန်သူတို့အား (ထိုနေ့တွင်) ငရဲဘုံသို့ ရေငတ်မွတ်သိပ်စေ လျက် မောင်းနှင်တော်မူပေမည်။ (မည်သူတစ်ဦးတစ်ယောက်မျှ ၎င်းအား ကြားဝင် အသနားခံပေးလိမ့်မည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာ၌ ထိုနေ့တွင်) 'ရဟ်မာန်' ကရုဏာတော်ရှင်၏ ထံတော်မှ ကတိတစ်စုံတစ်ရာ ရရှိပြီးဖြစ်သော သူ (တို့သည် နဗီတမန်တော်များနှင့် သူတော်စင်များ ဖြစ်ပေသည်။ ခွင့်ပြုချက်သည် မုအ်မင်န်များအတွက် သီးသန့်ဖြစ်ပေသည်။ သို့ရှိရာ ကာဖိရ်များသည် ကြားဝင်အသနားခံ ပေးရန် ထိုက်တန်သောသူများ မဟုတ်) မှအပ အခြားသူတို့သည် ကြားဝင်အသနားခံပိုင်ခွင့် ရရှိကြမည် မဟုတ်ပေ။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

تَؤُزُّهُمْ اَزًّا (လွန်စွာ လှုံ့ဆော်လျက် ရှိကြကုန်) ဟူသော အာယသ်တော်တွင် အာရဗီအဘိဓါန်၌ هَزًّا ، اَزًّ ، فَزًّ ، حَضّ စသော စကားလုံးများအားလုံးသည် 'ကိစ္စရပ်တစ်စုံတစ်ရာအတွက် လေးနက်စွာ

ဆော်သြ၊ နှိုးဆော်မှုပြုခြင်း'၏ အဓိပ္ပာယ်ရ၏။ ပြင်းထန်ခြင်း၊ လျှော့ပေါ့ခြင်း၊ အနည်းအများကို ထောက်ရှု၍ ထိုစကားလုံးများကြား၌ ကွဲပြားမှုရှိပေသည်။ أزّ ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ 'အင်အား၊ အကြံအစည်၊ လှုပ်ရှားမှုအပြည့်အစုံ၏ အကြောင်းခံဖြင့် လူတစ်ဦးတစ်ယောက်ကို အလုပ်ကိစ္စ တစ်စုံတစ်ရာအတွက် နှိုးဆော်မှုကို မဆိုထားဘိဦး။ အတင်းအဓမ္မ တိုက်တွန်းမှု'ကို ခေါ်ဆိုပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ ဤရှိုက်သွာန်များသည် ၎င်းတို့ကို မကောင်းမှု ဒုစရိုက်များအပေါ် နှိုးဆော်မှုကိုပြုကာ ဒုစရိုက်အမှုများနှင့် အပေါ်ယံ ကောင်းမွန်မှုများကို ၎င်းတို့၏ နှလုံးသားအပေါ် လွှမ်းမိုးစေ၍ ဒုစရိုက်မှု၏ မကောင်းမှုများကို မြင်တွေ့ခွင့် မပေးပေ။

إِنَّمَا نَعُدُّ لَهُمْ عَدًّا ۝

ငါအသျှင်မြတ်ကိုယ်တော်တိုင်ပင် ၎င်းတို့၏ အပြုအမူများကို ရေတွက်လျက်ရှိနေတော်မူသည်။

[၁၉ : ၈၄]

အလိုသဘောမှာ 'အသင်သည် ၎င်းတို့အပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်စေခြင်းနှင့် စပ်လျဉ်း၍ အလျှင်စလို မပြုလေနှင့်။ ထိုပြစ်ဒဏ်သည်မှု များမကြာမီဆိုက်ရောက်လာမည့် အရာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ငါအသျှင်မြတ်သည် ၎င်းတို့ကို ရေတွက်၍ရသော ရက်အချို့အဖြစ် ကမ္ဘာလောက၌ နေထိုင်ခွင့်ပြုထားပေသည်။ ထိုနေ့ရက်များသည် လျင်မြန်စွာ ကုန်ဆုံးသွားမည့်နေ့ရက်များ ဖြစ်ပေသည်။ ထို့နောက် 'အဇာဗ်'ချည်းသာ ဖြစ်ပေသည်။ نَعُدُّ لَهُمْ (ငါအသျှင်မြတ်ကိုယ်တော်တိုင် ၎င်းတို့အတွက် ရေတွက်လျက် ရှိပေသည်။ အလိုသဘောမှာ ၎င်းတို့၏ မည်သည့်အရာတစ်စုံတစ်ရာမျှ လွတ်မြောက်မှု ရှိမည် မဟုတ်ပေ။ ၎င်းတို့အား အသက်၏ နေနှင့် ည၊ အသက်ရှူမှု၊ လှုပ်ရှားမှုတိုင်း၊ ခြေလှမ်းတိုင်း၊ ၎င်းတို့၏ ဓိမ်ခံမှုများနှင့် သက်တမ်း၏ လျှပ်တပြက်အချိန်မှအစ ရေတွက်ထားတော်မူပေသည်။ ဤရေတွက်မှုများ ကုန်ဆုံးပြည့်စုံသွားသည်နှင့် ၎င်းတို့အပေါ် ပြစ်ဒဏ်သက်ရောက်လာပေလိမ့်မည်။

ဟာရူးန်ရရှီးဒ်ဘုရင်ကြီးသည် တစ်ကြိမ်တစ်ခါ စူရာဟ်မရ်ယမ်ကို ရွတ်ဖတ်ပြီး အထက်ဖော်ပြပါ အာယသ်တော်သို့ ရောက်ရှိချိန်ဝယ် ညီလာခံ၌ရှိသော ဓမ္မသတ်ပညာရှင်များအတွင်းမှ အိဗ်နေစမားက်ဘက်သို့ 'ဤအာယသ်တော်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြောဆိုရန်' ညွှန်ကြားလေသည်။ ၎င်းက 'ကျွန်ုပ်တို့၏ အသက်ရှူထုတ်၊ ရှူသွင်းမှုများ ရေတွက်ခြင်း ခံထားရကာ ထိုအရေအတွက်များအပေါ် သာပို၍ ရေတွက်ခြင်းကို မခံထားရမူ အဘယ်မျှခန့် လျင်မြန်စွာ ကုန်ဆုံးသွားပေမည်နည်း' ဟူ၍ ပြောဆိုလေသည်။ ထိုအချက်ကို အချို့သော ကဗျာဆရာက ဤသို့ မိန့်ဆိုသည်။ ၎င်း၏ အလိုသဘောမှာ 'အသင့်သက်တမ်း၏ ထွက်သက်၊ ဝင်သက်များ ရေတွက်ခြင်း ခံထားရပေသည်။ ရှူထုတ်၊ ရှူသွင်းမှု တစ်ကြိမ်ပြီးတစ်ကြိမ် ပြီးဆုံးသွားမှု အသင့်သက်တမ်း၏ အစိတ်အပိုင်းတစ်ခု လျှော့နည်းသွားလေသည်။ လူသားသည် တစ်ရက်တစ်ည၌ အကြိမ်ပေါင်း (၂၄၀၀၀) အသက်ရှူမှုကို ပြုကြောင်း' ဆိုစမှတ် ပြုထားကြပေသည်။

[ကုရ်သုဗီးကျမ်း]

အချို့သော ပညာရှင်များက မိန့်တော်မူထားသည်။ ယင်း၏ အလိုသဘောမှာ လောကီရေးရာနှင့် ယင်းလောကီ၏ ယစ်စည်းစိမ်ကို ထိုသူသည် အဘယ်ကဲ့သို့ သောကကင်းမဲ့စွာ နေထိုင်နိုင်အံ့နည်း။ အကြင်သူ၏ နှုတ်ထွက်စကားများနှင့် အသက်ရှုမှုတို့သည် ရေတွက်ခြင်း ခံထားရပေသည်။ *[ရှုးဟ်]*

يَوْمَ نَحْشُرُ الْمُتَّقِيْنَ اِلَى الرَّحْمٰنِ وَ فْدًا

ထိုနေ့တွင် ငါအသျှင်မြတ်သည် သူတော်ကောင်းတို့အား အနန္တကရုဏာတော်ရှင်ထံသို့ ဧည့်သည်တော်များအဖြစ် စုရုံးစေတော်မူမည်။ *[၁၉ : ၈၅]*

'ဝဖ်ဒ်'ဟူသော စကားလုံးသည် 'ကြီးမားသော ဘုရင်တစ်ပါး သို့မဟုတ် ခေါင်းဆောင်တစ်ဦး ယောက်ထံသို့ ဂုဏ်သိက္ခာပေးခြင်းနှင့်အတူ သွားရောက်သောသူများကို ခေါ်ဆိုပေသည်' ဟူသော အဓိပ္ပာယ်ကို ပေး၏။ ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ 'ဤသူတို့သည် အစီးအနင်းများကို နင်း၍ ရောက်ရှိလာကြပေလိမ့်မည်။ အစီးအနင်းများသည် ၎င်းတို့ ကမ္ဘာလောက၌ နှစ်သက်လေ့ရှိသော အစီးအနင်းများပင် ဖြစ်ပေသည်။ ကုလားအုတ်၊ မြင်းနှင့် အခြားသော အစီးအနင်းများ ဖြစ်ပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက မိန့်တော်မူသည်မှာ '၎င်းတို့၏ ကောင်းမြတ်သော အကျင့်သီလများသည် မိမိတို့အဖို့ နှစ်မြို့ဖွယ်ကောင်းသော အစီးအနင်းများ၏ အသွင်သို့ ရောက်ရှိသွားကြပေလိမ့်မည်။ 'ဤဟဒီးစ်တော်၏ ဆင့်ပြန်ချက်ကို ရှဟုလ်မအာနီကျမ်းရှင်နှင့် ကုရ်သုဗီသခင်ကြီးတို့သည် ဆင့်ဆိုထားကြလေသည်။

اِلٰى جَهَنَّمَ وِرْدًا

(ငရဲဘုံသို့ ရေငတ်မွတ်သိပ်စေလျက်) ဟူသော အာယသ်တော်တွင် 'ဝိရ်ဒ္ဒန်'၏ အဓိပ္ပာယ်သည် 'ရေရှိရာဘက်သို့ သွားခြင်း' ဟု အဓိပ္ပာယ်ကို ရ၏။ မည်သည့်လူသားတစ်ဦးတစ်ယောက် သို့မဟုတ် တိရစ္ဆာန်တစ်ကောင်ကောင်သည် ရေငတ်သောအချိန်၌ ရေရှိရာဆီသို့ သွားရောက်ပေသည်။ ထို့ကြောင့် 'ဝိရ်ဒါန်'ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို 'ရေငတ်မွတ်ခြင်း'ဟူ၍ ပြန်ဆိုထားခြင်း ဖြစ်ပေသည်။

مَنِ اتَّخَذَ عِنْدَ الرَّحْمٰنِ عَهْدًا

(အနန္တကရုဏာတော်ရှင်၏ ထံတော်မှ ကတိတစ်စုံတစ်ရာ ရရှိပြီးဖြစ်သော သူမအား) ဟူသော အာယသ်တော်တွင် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﵁ သခင်ကြီး မိန့်ဆိုသည်မှာ ကတိ၏ အလိုသဘောသည် 'လာအိလာဟအစ်လ်လာလ်လာဟ်'ကို သက်သေပေးခြင်း ဖြစ်ပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက 'ကုရ်အာန်ကျမ်းတော်မြတ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း' ဖြစ်သည်။ အချုပ်သဘောမှာ ကြားဝင်အသနားခံပေးရန်သည် 'အီမာန်၏ ပဋိညာဉ်အပေါ် ခိုင်မာစွာ ရပ်တည်နေသောသူတို့' မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရရှိမည်မဟုတ်ပေ။ *[ရှုးဟ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَقَالُوا اتَّخَذَ الرَّحْمَٰنُ وَلَدًا ﴿٨٨﴾

၁၉ : ၈၈ ။ ။ ထို့ပြင် ၎င်းတို့က 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်သည် သားတော်တစ်ပါး ပြုလုပ်တော်မူခဲ့သည်ဟု (စွပ်စွဲ) ပြောဆိုခဲ့ကြကုန်၏။

لَّقَدْ جِئْتُمْ شَيْئًا إِدًّا ﴿٨٩﴾

၁၉ : ၈၉ ။ ။ စေကန်မလွဲ အသင်တို့သည် အလွန်ဆိုးရွားသော အရာကို ကျူးလွန် (ပြောဆို) ခဲ့ကြကုန်သည်။

تَكَادُ السَّمَاوَاتُ يَتَفَطَّرْنَ مِنْهُ وَتَنشَقُّ الْأَرْضُ وَتَخِرُّ الْجِبَالُ هَدًّا ﴿٩٠﴾

၁၉ : ၉၀ ။ ။ ယင်းပြောဆိုမှုကြောင့် မိုးကောင်းကင်များသည် ပြိုလုအံ့ဆဲဆဲ၊ ပထဝီမြေသည် အက်ကွဲအံ့ဆဲဆဲ၊ တောင်များသည် တုန်လှုပ်၍ ပြိုလဲကျအံ့ဆဲဆဲ ဖြစ်ကုန်ကြပေသည်။

أَن دَعَوْا لِلرَّحْمَٰنِ وَلَدًا ﴿٩١﴾

၁၉ : ၉၁ ။ ။ ၎င်းတို့သည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၌ သားတော် (ရှိသည်ဟု) စွပ်စွဲခဲ့ကြသည်သောကြောင့်ပင် (ဖြစ်၏။)

وَمَا يَنبَغِي لِلرَّحْمَٰنِ أَن يَتَّخِذَ وَلَدًا ﴿٩٢﴾

၁၉ : ၉၂ ။ ။ စင်စစ်မှာမူ သားတော်တစ်ဦးတစ်ယောက်ပြုလုပ်ခြင်းသည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၏ ဂုဏ်တော်နှင့် လုံးဝ အပ်စပ်သည်မဟုတ်ပေ။

إِن كُلُّ مَن فِي السَّمَاوَاتِ وَالْأَرْضِ إِلَّا آتِي الرَّحْمَٰنِ عَبْدًا ﴿٩٣﴾

၁၉ : ၉၃ ။ ။ မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း ရှိကြကုန်သော သူဟူသမျှတို့သည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ရှေ့တော်မှောက်တွင် ကျွန်အဖြစ်နှင့် လာရောက်ရမည့်သူချည်းသာ ဖြစ်ကြကုန်သည်။

لَّقَدْ أَحْصَاهُمْ وَعَدَّهُمْ عَدًّا ﴿٩٤﴾

၁၉ : ၉၄ ။ ။ စေကန်မလွဲ ထိုအသျှင်မြတ်သည် ၎င်းတို့အား ဝန်းခြံ၍ ထားတော်မူသည့်အပြင် ၎င်းတို့အား ရေတွက်၍လည်း ထားတော်မူလေသည်။

وَكُلُّهُمْ آتِيهِ يَوْمَ الْقِيَامَةِ فَرْدًا ﴿٩٥﴾

၁၉ : ၉၅ ။ ။ စင်စစ် ထိုသူတို့အနက် အသီးသီးတို့သည် ထိုအသျှင်မြတ်ထံတော်သို့ 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် တစ်ဦးချင်း လာရောက်ရမည့်သူများသာလျှင် ဖြစ်ကြကုန်သည်။

إِنَّ الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ سَيَجْعَلُ لَهُمُ الرَّحْمَٰنُ وُدًّا ﴿٩٦﴾

၁၉ : ၉၆ ။ ။ ကေန်စင်စစ် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှုဆောက်တည်ကြကုန်၏။ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည် မကြာမီပင် ၎င်းတို့အဖို့ ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ ပေးတော်မူပေမည်။

فَإِنَّمَا يَسَّرْنَاهُ بِلِسَانِكَ لِتُبَشِّرَ بِهِ الْمُتَّقِينَ وَتُنذِرَ بِهِ قَوْمًا لُّدًّا ﴿٩٧﴾

၁၉ : ၉၇ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို အသင်၏ ဘာသာစကားဖြင့် လွယ်ကူအောင် ပြုလုပ်တော်မူခဲ့ပေသည်။ သို့မှုသာလျှင် အသင်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ဖြင့် 'မွတ်သကီ' သူတော်ကောင်းတို့အား သတင်းကောင်း ပြောကြားခြင်းကိုလည်းကောင်း၊ စကားအငြင်းအခုံ အားကြီးသော အမျိုးသားတို့အား၊ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ဖြင့် သတိပေးနှိုးဆော်ခြင်းကိုလည်းကောင်း ပြုနိုင်မည်ဖြစ်ပေသည်။

وَكَمْ أَهْلَكْنَا قَبْلَهُم مِّن قَرْنٍ هَلْ تُحِسُّ
مِنْهُم مِّنْ أَحَدٍ أَوْ تَسْمَعُ لَهُمْ رِكْزًا ﴿٩٨﴾

၁၉ : ၉၈ ။ ။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အလျှင် များစွာသော အုပ်စုများကိုပင် ကွပ်မျက်ဖျက်ဆီးတော်မူခဲ့ပေသည်။ အသင်သည် ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုပင် မြင်ပါသေးသလော။ သို့တည်းမဟုတ် အသင်သည် ၎င်းတို့၏ အသံသဲ့သဲ့ကိုပင် ကြားပါသေးသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် ၎င်း (ကာဖိရ်) တို့က အနန္တကရုဏာတော်ရှင်သည် (မပြောကောင်း၊ မဆိုအပ်) သားတော် တစ်ပါးပြုလုပ်တော်မူခဲ့သည်ဟု (စွပ်စွဲ) ပြောဆိုခဲ့ကြကုန်၏။ (သို့ရှိရာ နစ္စရာနီအများစုသည်လည်းကောင်း၊ ယဟူဒီလူနည်းစုသည်လည်းကောင်း အာရပ်နိုင်ငံရှိ မုရှ်ရစ်က်များ) သည် ထိုမှားယွင်းသော ယုံကြည်မှု မူဝါဒအတွင်း၌ နစ်မွန်းနေပေသည်။ အလ္လာဟ်အသျှင်မြတ်က မိန့်တော်မူသည်မှာ) ကေန်မလွဲ အသင်တို့ သည် အထက်ပါစကားကို ပြောဆိုပါမူ) အလွန်ဆိုးရွားသော အရာကို ကျူးလွန် (ပြောဆို) ခဲ့ကြကုန်သည်။ ယင်းပြောဆိုမှုကြောင့် မိုးကောင်းကင်များသည် ပြိုလုအံ့ဆဲဆဲ၊ ပထဝီမြေသည် အက်ကွဲအံ့ဆဲဆဲ၊ တောင် များသည် တုန်လှုပ်၍ ပြိုကျလုဆဲဆဲ ဖြစ်ကုန်ကြပေသည်။ ၎င်းတို့သည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၌ သားတော် (ရှိသည်) ဟု စွပ်စွဲခဲ့ကြသောကြောင့်ပင် (ဖြစ်၏။) စင်စစ်မှာမူ သားတော်တစ်ဦးတစ်ယောက် ပြုလုပ်ခြင်းသည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ဂုဏ်တော်နှင့် လုံးဝ အပ်စပ်သည် မဟုတ်ပေ။

(အဘာယ်ကြောင့်ဆိုသော်) မိုးကောင်းကင်များ၌လည်းကောင်း၊ ပထဝီမြေ၌လည်းကောင်း၊ ရှိကြကုန်သော အရာဟူသမျှတို့သည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၏ ရှေ့မှောက်တွင် ကျွန်အဖြစ်နှင့် လာရောက်ရမည့် သူချည်းသာ ဖြစ်ကြကုန်သည်။ (ထို့နောက်) စေကန်မလွဲ ထိုအသျှင်မြတ်သည် ၎င်းတို့အား (မိမိ၏ တန်ခိုးတော်အတွင်း၌) ဝန်းခြံ၍ ထားတော်မူသည့်အပြင် (မိမိ၏ အသိတော်ဖြင့်) ၎င်းတို့အားလည်း ရေတွက်၍လည်း ထားတော်မူလေသည်။ (ဤအခြေအနေသည်မူ ၎င်းတို့၏ လက်ရှိအခြေအနေ ဖြစ်ပေသည်။) စင်စစ် ထိုသူတို့အနက် အသီးသီးတို့သည် ထိုအသျှင်မြတ်ထံတော်သို့ 'ကေယာမသ်' ရှင်ပြန် ထရမည့်နေ့တွင် တစ်ဦးချင်း လာရောက်ရမည့်သူများသာလျှင် ဖြစ်ကြကုန်သည်။

(လူတိုင်းသည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် လိုလားတောင့်တသူများ ဖြစ်ကြရ၍ ထိုအသျှင်မြတ်၏ သြဇာခံ၊ အာဏာခံများသာလျှင် ဖြစ်ပေသည်။ သို့ရှိရာ အကယ်၍ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် သားရှိပါမူ အလ္လာဟ်အသျှင်မြတ်ကဲ့သို့ပင် တည်ရှိရန် ဝါဂျိဗ်ဖြစ်ခြင်းနှင့် ဝါဂျိဗ်ဖြစ်ခြင်း၏ အရေးပါသော အချက်များနှင့်အတူ တည်ရှိနေရန် သင့်ပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော်များသည် အကြွင်းမဲ့ စွမ်းဆောင်နိုင်တော်မူသော အသျှင်၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ အလ္လာဟ်မဟုတ်သော သူတို့၏ ဂုဏ်တော်များသည် လိုလားတောင့်တခြင်းတို့ ဖြစ်ပေသည်။ ယခု ဖော်ပြပါ ဂုဏ်ရည်များသည် အလ္လာဟ်အသျှင်မြတ်၏ ဂုဏ်တော် ဝါဂျိဗ်ဖြစ်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပေသည်။ တစ်ဖန် ဆန့်ကျင်ဘက်အရာနှစ်ရပ်သည် အဘာယ်ကဲ့သို့ ပေါင်းစပ်စုစည်းနိုင်အံ့နည်း။ စေကန်စင်စစ် အကြင်သူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မူဆောက်တည်ကြကုန်၏။ 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်သည် (နောင်အာခေရသ်) ၏ ဆုလာဘ်များ ချီးမြှင့်ခြင်း၏ အပြင်ကမ္ဘာလောက၌လည်း ဤ 'နေ့အ်မသ်'စည်းစိမ်တော်ကို ချီးမြှင့်ပေးပေလိမ့်မည်။ မကြာမီပင် (အဖန်ဆင်းခံများ၏ စိတ်နှလုံးသားများအတွင်းဝယ်) ၎င်းတို့အဖို့ ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်ပေးတော်မူပေမည်။ စင်စစ် (အသင်သည် ၎င်းတို့အား ဤသတင်းကောင်းကို ပေးကုန်။ အဘာယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည်ပင် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ကို အသင် (၏ အာရဗီ) ဘာသာစကားဖြင့် လွယ်ကူအောင် ပြုလုပ်တော်မူခဲ့ပေသည်။ သို့မှသာလျှင် အသင်သည် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ဖြင့် သူတော်ကောင်းတို့အား သတင်းကောင်းပြောကြားခြင်းကိုလည်းကောင်း (ထို့ပြင်တဝ) စကားအငြင်းပွားအားကြီးသော အမျိုးသားတို့အား ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ဖြင့် သတိပေးနှိုးဆော်ခြင်းကိုလည်းကောင်း ပြုနိုင်မည်ဖြစ်ပေသည်။

(နှိုးဆော် သတိပေးမှု အရာများမှ လောကီရေး၌ အမျက်တော်ရှုခြင်း အကြောင်းတစ်ရပ်မှာ ဤသို့လည်း ရှိပေသည်။) စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့အလျှင် များစွာသော အုပ်စုများကိုပင် (အမျက်တော်ဖြင့်) ကွပ်မျက်ဖျက်ဆီးတော်မူခဲ့ပေသည်။ (သို့ရှိရာ) အသင်သည် ၎င်းတို့အနက် တစ်ဦးတစ်ယောက်ကိုပင် မြင်ပါသေးသလော။ သို့တည်းမဟုတ် အသင်သည် ၎င်းတို့၏ (အတွင်းမှ တစ်ဦးဦး၏) အသံသဲ့သဲ့ကိုပင်

ကြားပါသေးသလော။ (ဤအသံသဲ့သဲ့သည် အခြေအမြစ် ပြတ်တောက်သွားခြင်းကို သွယ်ဝိုက်ကာ ပြောဆိုခြင်း ဖြစ်ပေသည်။ သို့ရှိရာ ကာဖိရ်များသည် ထိုလောကီရေးရာ အမျက်တော်အား ခံထိုက်သော သူများ ဖြစ်နေလင့်ကစား အကြောင်းကျိုးတစ်စုံတစ်ရာကြောင့် ကာဖိရ်တစ်ဦးအဖို့လည်း ထိုပြစ်ဒဏ်သည် သက်ရောက်ခြင်း မရှိသော်ငြားလည်း စိုးရိမ်ထိုက်သော အချက်တော့ ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَ تَخِرُّ الْجِبَالُ هَدًّا

(တောင်များသည် တုန်လှုပ်၍ ပြိုလဲကျအံ့ဆဲဆဲ ဖြစ်ကြကုန်ပေသည်။) *[၁၉ : ၉၀]*

ဤအထက်ဖော်ပြပါအာယသ်တော်များမှ 'ပထဝီမြေ၊ တောင်နှင့် ယင်းအရာများ၌ ရှိသော အရာများ အားလုံးတွင် လူသားတို့၌ရှိသော အလ္လာဟ်အသျှင်မြတ်၏ ပညတ်တော်များကို အဆုံးသတ်ကျင့်ကြံနိုင်သော ဦးနှောက်အသိဉာဏ်၏ အဆင့်မရှိနေလင့်ကစား သိးသန့်သိနားလည်နိုင်သော စွမ်းအားတစ်မျိုးရှိကြောင်း' ကို သိရှိရပေသည်။ ဤဦးနှောက် အသိဉာဏ် သိနားလည်နိုင်သော စွမ်းအားကြောင့် ကမ္ဘာလောကရှိ အရာတိုင်းသည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်အား ဘဝနာစီးဖြန်းမှုကို ပြုကြပေသည်။ ပမာဆိုရသော် ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်မြွက်ထားတော်မူပေသည်။

وَاِنْ مِّنْ شَیْءٍ اِلَّا یُسَبِّحُ بِحَمْدِهٖ

သက်ရှိသက်မဲ့ အရာဝတ္ထုအလုံးစုံတို့သည် ထိုအသျှင်မြတ်အား ချီးမွမ်းထောပနာပြုခြင်းနှင့်တကွ သန့်ရှင်းစင်ကြယ်တော်မူကြောင်းတို့ကို ရွတ်ဆိုစီးဖြန်းလျက်ပင် ရှိကြကုန်၏။ *[၁၇ : ၄၄]*

ဤအာယသ်တော်ပါ အရာများအတွင်း၌ရှိသော သိနားလည်နိုင်ခြင်း၏ စွမ်းအားအကြောင်းကို ဤယခုလက်ရှိ တင်ပြလျက်ရှိနေသော အာယသ်တော်များတွင် တင်ပြထားပေသည်။ ထိုနားလည်သည့် စွမ်းအားမှာ အလ္လာဟ်အသျှင်မြတ်နှင့်အတူ အခြားအရာတစ်စုံတစ်ရာကို တုဖက်နှိုင်းယှဉ်ဖွယ်ရာအဖြစ် သတ်မှတ်ပေးလိုက်ခြင်း၊ အထူးသဖြင့် အလ္လာဟ်အသျှင်မြတ်အဖို့ သားသမီးရှိသည်ဟူ၍ သတ်မှတ်ပေး လိုက်ခြင်းသည် မြေပထဝီနှင့် တောင် အစရှိသော အရာများသည်ပင်လျှင် လွန်စွာ တုန်လှုပ်သွားရပေသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် ﷺ သခင်ကြီးက 'ဂျင်န်နှင့် လူသားတို့မှအပ ကျန်ရှိသော အဖန်ဆင်းခံ များသည် အလ္လာဟ်အသျှင်မြတ်နှင့်အတူ တုဖက်နှိုင်းယှဉ်ခြင်းအား အလွန်ကြောက်ရွံ့လျက်ရှိနေကာ အစိတ်စိတ် အမွှာမွှာ ဖြစ်သွားနိုင်သည်ကို စိုးရိမ်မကင်းဖြစ်နေပေသည်' ဟူ၍ မိန့်တော်မူထားပေသည်။

[ရှူးဟုလ်မအာနီကျမ်း]

وَعَدَّهُمْ عَدًّا (၎င်းတို့အား ရေတွက်၍လည်း ထားတော်မူလေသည်။) ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာ့လူသားထုတစ်ရပ်လုံး၏ အရေအတွက် ဦးရေနှင့် ပြုမူဆောင်ရွက်ချက်တို့ကို ပြည့်ဝစွာ သိနားလည်တော်မူပေသည်။ ၎င်းတို့၏ အသက်ရှူမှု၊ ခြေလှမ်း၊ အစာရေစာကိုလည်း အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လိုတိုး၊ ပိုလျှော့ မရှိစေဘဲ ရေတွက်ထားတော်မူပေသည်။

سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا

(ရဟ်မာန်' ကရုဏာတော်ရှင်သည် မကြာမီပင် ၎င်းတို့အဖို့ ချည်ကြည်မြတ်နိုးမှုကို ပြုလုပ်၍ပေးတော်မူပေမည်။)

ဆိုလိုသည်မှာ အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလကို စောင့်ထိန်းသောသူတို့အဖို့ အလ္လာဟ်အသျှင်မြတ်သည် ချစ်ကြည်မြတ်နိုးမှုကို ပြုလုပ်ပေးသနားတော်မူပေသည်။ ဆိုလိုသည်မှာ အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလတို့ ပြီးပြည့်စုံကာ ပြင်ပဘေးပယောဂတို့မှ ကင်းလွတ်နေမည်ဆိုလျှင် ယင်းသို့ ကင်းလွတ်သွားခြင်း၏ ဂုဏ်ထူးဝိသေသအရည်အချင်းမှာ မွန်မြတ်သော သူတော်စင် မုအ်မင်န်တို့သည် မိမိတို့အချင်းချင်း ကြား၌လည်း ချစ်ခင်မြတ်နိုးမှုများ ပေါ်ပေါက်လာပေသည်။ မွန်မြတ်သော သူတစ်ဦးသည် အခြား မွန်မြတ်သော သူတစ်ဦးဖြင့် ယှဉ်ပါးလာလေသည်။ အခြားသော လူသားများအားလုံးနှင့် အဖန်ဆင်းခံများ၏ နှလုံးသားများအတွင်း၌လည်း အလ္လာဟ်အသျှင်မြတ်သည် ၎င်းနှင့် စပ်လျဉ်း၍ ချစ်စိတ်ထည့်သွင်းထားစေတော်မူပေသည်။

ဘုခါရီ၊ မွတ်စ္စလင်မ်နှင့် သိရ်မေဇီ အစရှိသော အေမာမ်ကြီးများသည် ဟဇရတ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီးထံမှ ဤဆင့်ပြန်ချက်ကို ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် မိန့်တော်မူထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ကျေးကျွန်းလူသားတစ်ဦးကို နှစ်သက်တော်မူသွားသောအခါ ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ အား 'ငါအသျှင်မြတ်သည် မည်သူ၊ မည်ဝါအား ချစ်ခင်တော်မူသွားပေပြီ။ အသင်သည်လည်း ၎င်းအား ချစ်ခင်ပါ'ဟူ၍ မိန့်တော်မူသည်။ ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ သည် မိုးကောင်းကင်များအားလုံး၌ ယင်းအချက်အား ထုတ်ပြန်ကြေညာတော်မူပေသည်။ မိုးကောင်းကင်ရှိ သူများအားလုံးသည် ၎င်းအား ချစ်ခင်သွားပေသည်။ တစ်ဖန် ဤချစ်ခင်မှု၊ မေတ္တာရောင်ပြန်ဟပ်မှုသည် ကမ္ဘာမြေ ပထဝီပေါ်သို့ သက်ရောက်လာကာ (ကမ္ဘာမြေပထဝီပေါ်၌ ရှိသော သူများအားလုံးသည်လည်း ယင်းအလ္လာဟ်အသျှင်မြတ်၏ အချစ်တော်အား ချစ်ခင်ကြလေသည်။) ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်၏

اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ سَيَجْعَلُ لَهُمُ الرَّحْمٰنُ وُدًّا

ဟူသော အာယသ်တော်သည် ယင်းအချက်အပေါ် သာဓကပြလျက် ရှိနေပေသည်။

[ရှုးဟုလ်မအာနီကျမ်း]

ဟေရားနစ်ဗင်န် ဟိုက်ယားန်သခင်ကြီးက 'အကြင်သူတစ်ဦးတစ်ယောက်သည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ လေးနက်စွာ အာရုံစူးစိုက်မှု ပြုမည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် အီမာန်ရှင်များအားလုံး၏ နှလုံးသားများကို ၎င်းဘက်သို့ အာရုံစူးစိုက်စေတော်မူပေမည်' ဟူ၍ မိန့်တော်မူထားပေသည်။

[ကုရ်သုဗီးကျမ်း]

ဟဇရေသ်အိဗ်ရာဟီးမ် ﷺ သည် မိမိ၏ ဇနီးသည် ဟာဂျရာဟ်သခင်မနှင့် နို့စို့အရွယ် သားကလေး ဟဇရေသ်အိစ်မာအီးလ် ﷺ ကို မက္ကာဟ်မြို့၏ စည်ကားမှုမရှိသော တောင်များကြားရှိ သဲကန္တာရ၌ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ချန်ထားရစ်ကာ ဆီရီးယားနိုင်ငံသို့ ပြန်လည်သွားရောက်ရန် အလိုသဘောဆန္ဒ ထားရှိတော်မူပြီး ၎င်းတို့အတွက်လည်း ဆုမွန်ဒိုအာကို ပြုလေသည်။

فَاجْعَلْ اَفْئِدَةً مِّنَ النَّاسِ تَهْوِىٓ اِلَيْهِمْ

အို့, ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ခိုကိုးရာမဲ့နေသော ကျွန်တော်မျိုး၏ မိသားစုအတွက် အသျှင်မြတ်သည် လူတို့၏ စိတ်နှလုံးများကို ၎င်းတို့ဘက်သို့ ယိမ်းညွတ်အောင် ပြုလုပ်၍ ပေးသနားတော်မူပါ။ *[၁၄ : ၃၇]*

ထိုဒိုအာ၏ အကျိုးဆက်တရားကြောင့် နှစ်ထောင်ပေါင်းများစွာ ကျော်ခဲ့သည့်တိုင် မက္ကာဟ်မြို့နှင့် မက္ကာဟ်မြို့သူ၊ မြို့သားတို့၏ ချစ်စိတ်သည် ကမ္ဘာတစ်ဝှမ်းလုံး၌ ရှိသော သူတို့၏ နှလုံးသားများအတွင်း၌ ပြည့်နှက်နေပေသည်။ ကမ္ဘာလောကရှိ အရပ်ဒေသတိုင်းမှ လူတို့သည် အလွန်ကြီးပမ်းခက်ခဲစွာနှင့် သက်တမ်းတစ်လျှောက်လုံး၏ ရှာဖွေမှုကို အသုံးပြုကာ ရောက်ရှိနေပေသည်။ ကမ္ဘာလောက၏ အရပ်ဒေသတိုင်း၌ ရှိသော အရာများသည် မက္ကာဟ်မြို့၏ ဈေး၌ ရရှိနိုင်ပေသည်။

اَوْ تَسْمَعُ لَهُمْ رِكْزًا

သို့တည်းမဟုတ် အသင်သည် ၎င်းတို့၏ အသံသဲ့သဲ့ကိုပင် ကြားပါသေးသလော။ *[၁၉ : ၉၈]*

'ရစ်ကဇ်ဇ်'၏ အဓိပ္ပာယ်သည် သိနားလည်နိုင်မှုမရှိအောင် တိုးညင်းသော အသံကို ခေါ်ဆိုပေသည်။ ပမာဆိုရသော် ကွယ်လွန်ခါနီးသူတစ်ဦး လျှာခေါက်လိပ်ပြီးနောက် ထွက်ပေါ်လာသောအသံဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ ဤဩဇာအာဏာရှင်များနှင့် ဂုဏ်အရှိန်အဝါ ဟိတ်ဟန်ရှိသော သူများအားလုံးသည် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်တော်အတွင်း၌ ဖမ်းဆီးကွပ်မျက်ခြင်း ခံလိုက်ရသည့်အတွက် ၎င်းတို့၏ တိုးညင်းသော အသံနှင့် လှုပ်ရှားမှုကိုပင် ကြားနာရမည် မဟုတ်ပေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ်တွာဟာ

ဏ္ဍာဟာကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

طٰهٰ ①

၂၀ : ၁ ။ ။ တွာ၊ ဟာ။ ('တွာဟာ' ဟူသည် သင်္ကေတအက္ခရာစု ဖြစ်သည်။)

مَآ اَنْزَلْنَا عَلَيْكَ الْقُرْاٰنَ لِتَشْقٰٓى ②

၂၀ : ၂ ။ ။ (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင် အတိဒုက္ခကို ခံစားရန်အလို့ငှာ၊ အသင့်အပေါ်ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သည် မဟုတ်ပေ။

اِلَّا تَذْكِرَةً لِّمَنْ يَّخْشٰى ③

၂၀ : ၃ ။ ။ စင်စစ်မှာမူ (ဤကုရ်အာန်ကျမ်းတော်မြတ်သည် ငါအသျှင်မြတ်အား) ကြောက်ရွံ့ (ရှိသေသော) သူ အတို့ အဆုံးအမတရားပင် ဖြစ်ပေသည်။

تَنْزِيْلًا مِّمَّنْ خَلَقَ الْاَرْضَ وَالسَّمٰوٰتِ الْعُلٰى ④

၂၀ : ၄ ။ ။ ပထဝီမြေကြီးကိုလည်းကောင်း၊ မြင့်မားလှစွာသော မိုးကောင်းကင်များကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်မှ ချပေးသနားတော်မူသော ကျမ်းတော်မြတ်ပင် ဖြစ်၏။

اَلرَّحْمٰنُ عَلَى الْعَرْشِ اسْتَوٰى ⑤

၂၀ : ၅ ။ ။ (ထို) 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည် 'အရ်ရှ်' ပလ္လင်တော်ထက်ဝယ် စံမြန်းလျက် ရှိတော်မူ၏။

لَهُ مَا فِي السَّمٰوٰتِ وَمَا فِي الْأَرْضِ وَمَا بَيْنَهُمَا وَمَا تَحْتَ الثَّرٰى ⑥

၂၀ : ၆ ။ ။ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏ အကြားဝယ် ရှိသမျှတို့သည်လည်းကောင်း၊ မြေအောက်၌ ရှိသမျှတို့သည်လည်းကောင်း ထိုအသျှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကြကုန်၏။

وَإِنْ تَجْهَرْ بِالْقَوْلِ فَإِنَّهُ يَعْلَمُ السِّرَّ وَأَخْفٰى ⑦

၂၀ : ၇ ။ ။ (အို၊ နဗီတမန်တော်) အကယ်၍ အသင်သည် အသံကျယ်စွာ စကားပြောဆိုခဲ့ပါလျှင် (ထိုအသျှင်မြတ်သည် သိတော်မူသည်သာ ဖြစ်၏။) ကေန်စင်စစ် ထိုအသျှင်မြတ်သည် စိတ်ထဲတွင် ပြောဆိုသော စကားကိုလည်းကောင်း၊ စိတ်ထဲတွင် ပေါ်ပေါက်ရုံမျှသာ ရှိသေးသည့်စကားကိုလည်းကောင်း သိရှိတော်မူ၏။

اَللّٰهُ لَآ إِلٰهَ إِلَّا هُوَ لَهُ الْأَسْمَآءُ الْحُسْنٰى ⑧

၂၀ : ၈ ။ ။ (ထိုအသျှင်မြတ်သည်) အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိပြီ။ ထိုအသျှင်မြတ်၌ အမွန်မြတ်ဆုံးသော နာမတော်များသည် ရှိကုန်သည်။

စူရာဟ်သွာဟာ၏ အကျဉ်း

ထိုစူရာဟ်၏ ဒုတိယအမည်မှာ စခါဝီးသခင်ကြီး မိန့်ဆိုထားသကဲ့သို့ စူရာဟ်ကလီးမ်လည်း ဖြစ်ပေသည်။ ယင်းသို့ မှည့်ခေါ်ထားရခြင်းအကြောင်းမှာ ထိုစူရာဟ်တော်တွင် ဟဇရသ်မူစာ ﷺ ၏ ဖြစ်အင်သည် အကျယ်ချဲ့ပုံစံမျိုးဖြင့် ပါရှိထားပေသည်။

မွတ်စ်နဒ်ဒါရိမီကျမ်း၌ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်ကို ဟဇရသ်အဗူဟုရိုင်ရားဟ် ﷺ သခင်ကြီးက ဆင့်ပြန်ထားပေသည်။ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီကို မဖန်ဆင်းမီ နှစ်ပေါင်း (၂၀၀၀) အလျှင် 'စူရာဟ်သွာဟာ'နှင့် 'စူရာဟ်ယာစီးန်' ကို ရွတ်ဖတ်တော်မူလေသည်။ (အလိုသဘောမှာ ကောင်းကင်တမန်များကို ဖတ်ပြလေသည်။) သို့ရှိရာ ကောင်းကင်တမန်များသည် 'ဤစူရာဟ်တော်အား ချပေးခြင်းခံထားရသော မျိုးနွယ်အုပ်စုသည် အလွန်ကံကောင်း၍ 'ဗရ်ကသ်'မင်္ဂလာရှိသော မျိုးနွယ်အုပ်စုဖြစ်ကြောင်း ထိုစူရာဟ်တော်ကို အလွတ်အာဂုံကျက်မှတ်ထားသော နှလုံးသားသည် အလွန်မင်္ဂလာရှိသော နှလုံးသားဖြစ်ကြောင်းနှင့် ထိုစူရာဟ်တော်ကို ရွတ်ဖတ်သော နှုတ်လျှာသည် အလွန် 'ဗရ်ကသ်' မင်္ဂလာနှင့် ပြည့်စုံတော်မူသော နှုတ်လျှာဖြစ်ကြောင်း' တို့ကို ပြောဆိုတော်မူပေသည်။ ဤစူရာဟ်တော်သည် သာလျှင် တမန်တော်မြတ် ﷺ အား သတ်ဖြတ်ရန် အသင့်ပြင်၍ ထွက်လာသူ ဟဇရသ်အိုမရ် ﷺ သခင်ကြီးကို အီမာန်လက်ခံတော်မူရန်၊ တမန်တော်မြတ် ﷺ ၏ ခြေဝန်းအစုံအောက်၌ မတတ်သာ ပျပ်ဝပ်

သွားစေသည့် မင်္ဂလာရှိသော စူရာဟ်တော်ပင် ဖြစ်သည်။ အကြောင်းဖြစ်အင်သည် ရာဇဝင်ကျမ်းများ၌ ကျော်ကြားစွာဖြင့် လာရှိထားပေသည်။

အိမ်နေအစ်ဟားက်၏ ဆင့်ပြန်ချက်၌ ဤသို့ လာရှိထားပေသည်။ ဟဇရတ်အုမရ်ဖင်နိ ခဿဗ်သွားဗ် ﷺ သခင်ကြီးသည် တစ်နေ့တွင် ဓါးကို ကိုင်ကာ တမန်တော်မြတ် ﷺ အား သတ်ဖြတ်ရန် အလိုသဘော ဆန္ဒမျိုးဖြင့် အိမ်မှ ထွက်လာလေသည်။ လမ်း၌ နိုအိုင်းမ်ဖင်နိအစ်ဒွလ္လာဟ်နှင့် တွေ့ဆုံလေသည်။ မည်သည့် နေရာသို့ သွားရန် ရှိပါသနည်းဟူ၍ မေးမြန်းလေရာ ၎င်းက 'ကုရိုက်ရှ်မျိုးနွယ်အုပ်စုအတွင်း၌ ကစဥ့်ကလျား ဖြစ်အောင်၊ ၎င်းတို့၏ သာသနာဘာသာကို မကောင်းပြောဆိုသော၊ သာသနာဝင်များကို ဦးနှောက်အသိဉာဏ် ကင်းမဲ့အောင် ပြုလုပ်ပြီး ၎င်းတို့၏ ရုပ်တု၊ စဉ်းတုများကို မကောင်းပြောဆိုသော လမ်းလွဲ၊ လမ်းမှားသူ ကို အမြစ်ဖြတ်ရန်အတွက် သွားရောက်လျက်ရှိနေပေသည်။ 'အို၊ အုမရ်၊ အသင့်အား အသင်၏ စိတ်ရိုင်း သည် ဖြားယောင်းသွေးဆောင်မှု၌ နစ်မွန်းစေလိုက်လေသည်။ အသင်သည် မိုဟမ္မဒ် ﷺ ကို သတ်ဖြတ် လိုက်မှု ၎င်း၏ မျိုးနွယ်အုပ်စုဖြစ်သော အစ်ဒေမနားဖ်မျိုးနွယ်အုပ်စုသည် အသင့်အား ကမ္ဘာမြေပထဝီ ပေါ်၌ လွတ်လပ်စွာဖြင့် လျှောက်လှမ်းခွင့် ပြုထားမည်မဟုတ်' ဟူ၍ နိုအိုင်းမ်က ပြောဆိုလေသည်။ ဆက်လက်၍ ပြောဆိုသည်မှာ 'အကယ်၍ အသင့်ထံ၌ ပြည့်ဝသော ဦးနှောက်အသိဉာဏ်ရှိမှု အသင်၏ နှမနှင့် ယောက်ဖဖြစ်သူ၏ သတင်းကို ရယူစုံစမ်းလေကုန်။ ၎င်းတို့သည် မွတ်စ္စလင်မ်နှင့် မိုဟမ္မဒ် ﷺ ၏ သာသနာ့နောက်လိုက် ဖြစ်ရှိပြီး ဖြစ်လေသည်။ ဟဇရတ်အုမရ်၏ အပေါ် ၎င်း၏ စကားသည် စူးရှသွား လေသည်။ ဤလမ်းနေရာမှပင် မိမိနှမဖြစ်သူနှင့် ယောက်ဖဖြစ်သူတို့၏ အိမ်ဘက်သို့ ထွက်ခွာသွားလေသည်။ ထိုအိမ်၌ ဟဇရတ်ခဗ်ဗားဗ် ဖင်နိ အရတ်သည် ၎င်းတို့နှစ်ဦးစလုံးကို ကုရ်အာန်ကျမ်းတော်မြတ်၏ စူရာဟ် သွာဟာကို သင်ကြား၊ ဖတ်ကြားပေးလျက် ရှိနေပေသည်။ အကြောင်းစူရာဟ်တော်ကို ကျမ်းငယ်စာအုပ်အတွင်း တစ်ခု၌ ရေးသားထားလေသည်။

၎င်းတို့သည် ဟဇရတ်အုမရ် လာရောက်နေသည်ကို ရိပ်စားမိသွားသောအခါ ဟဇရတ်ခဗ်ဗားဗ် သခင်ကြီးသည် အိမ်ခန်းအတွင်း သို့မဟုတ် ထောင့်တစ်ခုအတွင်း၌ ပုန်းအောင်းနေပေသည်။ ညီမဖြစ်သူ သည် ဤကျမ်းငယ်စာစောင်ကို မိမိပေါင်အောက်၌ ဝှက်ထားလိုက်လေသည်။ သို့ရာတွင် ဟဇရတ်အုမရ်သည် ခဗ်ဗားဗ်ဖင်နိ အရတ်သခင်ကြီးနှင့် ၎င်းတစ်စုံတစ်ရာ ရွတ်ဆိုသောအသံကို ကြားထားပြီးဖြစ်သည့်အတွက် ကြောင့် 'ကျွန်ုပ် ကြားလိုက်ရသော ဖတ်ရွတ်၊ သင်ကြားနေခြင်း၏ အသံသည် မည်သို့သော အသံဖြစ် ပေသနည်း' ဟူ၍ မေးမြန်းလေသည်။ ၎င်းတို့က (ဦးစွာပထမ စကားလမ်းကြောင်းပြောင်းရန်အတွက်) တစ်စုံတစ်ရာမျှမဟုတ်ကြောင်းကို ဖြေကြားလေသည်။ သို့ရာတွင် ယခု ဟဇရတ်အုမရ် ﷺ သခင်ကြီးသည် 'ကျွန်ုပ်သည် အသင်တို့နှစ်ဦး မိုဟမ္မဒ် ﷺ ၏ နောက်လိုက်နှင့် မွတ်စ္စလင်မ်များ ဖြစ်သွားကြောင်း သတင်း ရရှိပြီးဖြစ်ကြောင်း' ကို ဖွင့်ဟပြောဆိုလျက် မိမိယောက်ဖဖြစ်သူ စအီးဒ်ဖင်နိ ဇိုက်ဒ်အား ရိုက်နှက်လေသည်။ ညီမဖြစ်သူသည် ဤအခြင်းအရာကို တွေ့မြင်မှု မိမိ၏ ခင်ပွန်းသည်အား ကယ်တင်ရန်အတွက် ရပ်လိုက် လေရာ ဟဇရတ်အုမရ်သခင်ကြီးသည် ၎င်းအားလည်း ရိုက်လေသည်။

အခြေအနေသည် အထက်ဖော်ပြပါ အတိုင်းအတာအထိ ရောက်ရှိသွားပါမူ ညီမနှင့် ယောက်ဖဖြစ်သူ နှစ်ဦးစလုံးတို့သည် တစ်ပြိုင်နက်တည်း 'နားထောင်ကုန်။ ကျွန်ုပ်တို့သည် ကေန်မုချ မွတ်စလင်မ်များဖြစ်ပြီး အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရစူလ်တမန်တော်အပေါ်၌ အီမာန်ရယူပြီး ဖြစ်သည်။ ယခု အသင်ပြုမှုလိုသည့်အတိုင်း ပြုမူကုန်'ဟူ၍ ပြောဆိုလိုက်လေသည်။ ညီမဖြစ်သူ၏ ဒဏ်ရာမှ သွေးများ စီးကျနေသည်ကို တွေ့မြင်ကာ အုမရ်သခင်ကြီးသည် အနည်းငယ် ရှက်စိတ်ဝင်သွား၍ ၎င်းအား 'အသင်တို့ ဖတ်ရွတ်လျက်ရှိနေသော ထိုကျမ်းငယ်စာစောင်အား ကျွန်ုပ်အား ပြသပါလေ။ မိုဟမ္မဒ် ﷺ သည် မည်သည့်အရာများကို ညွှန်ကြားထားသည်ကို ကျွန်ုပ် ကြည့်ရှုမည်'ဟူ၍ ပြောဆိုလေသည်။ ဟဇရတ်အုမရ် သခင်ကြီးသည် ရေးတတ်ဖတ်တတ်သော သူတစ်ဦးဖြစ်သည့်အတွက်ကြောင့် ကျမ်းစာစောင်အား ကြည့်ရှု ရန်အတွက် တောင်းခံလေသည်။ ညီမဖြစ်သူက 'ကျွန်မတို့သည် ဤကျမ်းငယ်စာစောင်ကို အကယ်၍ အသင့်အား ပေးလိုက်ပါမူ အသင်သည် ဖျက်ဆီးပစ်လိုက်မည်။ သို့မဟုတ် အရိုအသေကင်းမဲ့အောင် ပြုလုပ် လိုက်မည်ကို စိုးရိမ်မကင်း ဖြစ်မိသည်'ဟူ၍ ပြောဆိုလေသည်။ ဟဇရတ်အုမရ်သခင်ကြီးသည် မိမိ၏ ရုပ်တု၊ စဉ်းတုများကို ကစမ်ကျိန်ဆို၍ 'အသင်တို့သည် ယင်းအချက်ကို စိုးရိမ်မှု မပြုလေနှင့်။ ကျွန်ုပ်သည် ထိုအရာကို ဖတ်၍ အသင်တို့အား ပြန်လည်၍ ပေးအပ်မည်ဖြစ်သည်'ဟု ပြောဆိုလေသည်။ ညီမဖြစ်သူ ဖာသွေမာဟ်သခင်မသည် ဤရှုထောင့်အသွင်ကို အကဲခတ်လိုက်မူ မိမိ၏အစ်ကို အုမရ်သခင်သည် မွတ်စလင်မ် ဖြစ်ကောင်း၊ ဖြစ်နိုင်သည်ကို အနည်းငယ် မျှော်လင့်ချက် ထားရှိကာ ထိုအချိန်၌ ဤသို့ ပြောဆိုပြန်၏။ 'အသင်သည် မသန့်သောသူ ဖြစ်သည်။ ထိုကျမ်းစောင်ကို သန့်ရှင်းသောသူတို့မှအပ အခြားမည်သူ တစ်ဦးတစ်ယောက်မျှ လက်ဖြင့် ထိတို့၍ မရနိုင်ပေ။ အကယ်၍ အသင်သည် ကြည့်ရှုရန် လိုလားလျက် ရှိနေမူ ရေချိုးပါလေ' ဟူ၍ ပြောဆိုလေသည်။ အုမရ် ؓ သခင်ကြီးသည် ရေချိုးလိုက်လေသည်။ တစ်ဖန် ဤကျမ်းငယ်စာစောင်အား ၎င်း၏ လက်ဝယ်အတွင်းသို့ အပ်နှင်းလိုက်မူ ထိုစာစောင်းအတွင်း၌ 'စူရာဟ် သွာဟာ'ကို တွေ့မြင်တော်မူပေသည်။ ထိုစူရာဟ်တော်၏ အစပိုင်းကိုသာလျှင် ဖတ်ရွတ်ရပေသေးသည်။ ၎င်းက 'ဤမုကျွပါဠ်တော်သည် အလွန်ကောင်းမွန်၍ လေးစားထိုက်ပေသည်'ဟူ၍ ပြောဆိုတော်မူပေသည်။ အိမ်အတွင်း၌ ပုန်းအောင်းလျက် ရှိနေသော ခဗ်ဗားဗ်ဗင်န်အရတ်သည် ဤပြောဆိုသံ အလုံးစုံကို ကြား နေပေသည်။ အုမရ်သခင်၏ ဤပြောဆိုသံကို ကြား၍ ထွက်လာကာ 'အို၊ အုမရ်၊ ကျွန်ုပ်သည် အလ္လာဟ် အသျှင်မြတ်၏ ကရုဏာတော်ဖြင့် 'အလ္လာဟ်အသျှင်မြတ်သည် အသင့်အား မိမိရစူလ်တမန်တော်၏ ဒိုအာ တောင်းဆိုလိုက်ခြင်းဖြင့် ရွေးချယ် ခြင်းခံလိုက်ရသည်'ကို မျှော်လင့်မိလေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် မနေ့က တမန်တော်မြတ် ﷺ ကို ဤအောက်ဖော်ပြပါ ဒိုအာကို တောင်းဆိုလျက် ရှိနေသည် ကို ကြားတော်မူခဲ့သည်။

اللهم ايد الاسلام بابى الحكم بن هشام اوبعمر بن الخطاب

'အို၊ အသျှင်မြတ်၊ အစ္စလာမ်သာသနာအား အဗူလ်ဟာကမ်းဗင်န်ဟေရှာမ်း (အဗူဂျဟာလ်) သို့မဟုတ် ခွာသွ်သွားဗ်၏သား အုမရ်တို့ကို အကြောင်းခံ၍ ကူညီမှုအင်အားကို ချီးမြှင့်တော်မူပါ။' အလိုသဘောမှာ

ၒင်းတို့နှစ်ဦးအတွင်းထဲမှ တစ်ဦးဦးသည် အစ္စလာမ်သာသနာကို လက်ခံလိုက်မည်ဆိုပါက အားအင်ချည့်နဲ့ လျက်ရှိနေသော မွတ်စ္စလင်မ်တို့၏ အဖွဲ့အစည်း၌ အားသစ်၊ အင်သစ်များ ပေါ်ထွက်လာပေမည်။ တစ်ဖန် ဟဇရတ်ခဗ်ဗားဗ်သခင်ကြီးသည် 'အို၊ အုမရ်၊ ယခု အသင်သည် ထိုအခြေအနေကို တန်ဖိုးထားပါ' ဟူ၍ ပြောဆိုလေသည်။ ဟဇရတ်အုမရ်သည် ခဗ်ဗားဗ်သခင်ကြီးအား 'ကျွန်ုပ်အား မိုဟမ္မဒ် ﷺ ၏ထံသို့ ခေါ် ဆောင်သွားကုန်' ဟူ၍ ပြောဆိုလေသည်။ *[ကုရ်သုဗီကျမ်း]*

ရှေ့၌ ဆက်လက်၍ ၒင်းသည် တမန်တော်မြတ် ﷺ ၏ ခစားတော်သို့ ဝင်ရောက်ခြင်းနှင့် အစ္စလာမ် သာသနာအား လက်ခံခြင်းတို့သည် ထင်ရှားကျော်ကြားသော ဖြစ်အင်ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

သွား… ဟာ။ (ထိုအက္ခရာနှစ်လုံး၏ အဓိပ္ပာယ်ကိုမူ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိ ဆုံး ဖြစ်တော်မူ၏။ အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင် အတိဒုက္ခကို ခံစားရန်အလို့ငှာ အသင့်အပေါ်ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သည် မဟုတ်ပေ။ စင်စစ်မှာမူ (ငါအသျှင် မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူထားရခြင်း၏ အကြောင်းမှာ ယင်းကျမ်း မြတ်သည် ငါအသျှင်မြတ်အား) ကြောက်ရွံ့ (ရှိသေသော) သူ၏အဖို့ အဆုံးအမတရားပင် ဖြစ်ပေသည်။ ပထဝီမြေကိုလည်းကောင်း၊ မြင့်မားလှစွာသော မိုးကောင်းကင်များကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ်၏ (ဇာတိတော်) ထံမှ ချပေးသနားတော်မူသော ကျမ်းတော်မြတ်ပင်ဖြစ်၏။ (ထို) 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည် (ရာဇပလ္လင်ကဲ့သို့သော) 'အရ်ရှ်' ပလ္လင်တော်ထက်ဝယ် (ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်တော်နှင့် လျော်ညီကိုက်ညီစွာ (တည်ရှိ) စံမြန်းလျက်ရှိတော်မူ၏။ (ထိုအသျှင်မြတ်သည်) မိုးကောင်း ကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့သည်လည်းကောင်း၊ ယင်းမိုးကောင်းကင်များနှင့် ပထဝီမြေ၏ အကြားဝယ် ရှိသမျှတို့သည်လည်းကောင်း (မိုးကောင်းကင်အောက်နှင့် မြေပထဝီထက်၌ ရှိသော အရာများ) မြေအောက် ၌ ရှိသမျှတို့သည်လည်းကောင်း (မြေပထဝီအောက်၌ ရှိသော မြေစိုဟူ၍ ခေါ်ဆိုသော 'စရား' ၏ အောက်၌ ရှိသော အရာများ၏ အလိုသဘောမှာ မြေပထဝီမြေ၏ အောက်ဘက်အလွှာ၌ရှိသော အရာများအားလုံး) ထိုအသျှင်မြတ် ပိုင်ဆိုင်တော်မူသော အရာများသာလျှင် ဖြစ်ကြကုန်၏။ (အသိပညာတော်မှာ အို၊ နဗီတမန် တော်၊ ဤသို့တည်း) အကယ်၍ (အို၊ ကြားနာသူ) အသင်သည် အသံကျယ်စွာ စကားပြောဆိုခဲ့ပါလျှင် လည်း (ထိုအသျှင်မြတ်သည် သိတော်မူသည်သာ ဖြစ်၏။ ထိုအသျှင်မြတ် ကြားနာတော်မူခြင်းနှင့် စပ်လျဉ်း၍ မည်သည့်အချက်ကို သံသယရှိနေပေသနည်း။ ကေန်စင်စစ် ထိုအသျှင်မြတ်သည် စိတ်ထဲတွင် ပြောဆိုသော စကားကိုလည်းကောင်း၊ သို့သာမက) စိတ်ထဲတွင် (ယခုမှသာ) ပေါ်ပေါက်ရုံမျှသာ ရှိသေးသည့် စကား ကိုလည်းကောင်း သိရှိတော်မူ၏။ (ထိုအသျှင်မြတ်သည်) အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင် မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာများသည် ခဝပ်ကိုးကွယ်ခြင်းခံထိုက်ရန်) ဟူ၍ အလျဉ်းမရှိပြီ။

ထိုအသျှင်မြတ်၌ (အလွန်ကြီးကျယ်) အမွန်မြတ်ဆုံးသော နာမတော်များသည် ရှိကြကုန်သည်။ (အကြင် မွန်မြတ်သော နာမတော်များသည် ဂုဏ်တော်များနှင့် ပြည့်စုံမှုများအပေါ် ညွှန်ပြလျက် ရှိနေပေသည်။ သို့ရှိရာ ကုရ်အာန်ကျမ်းတော်မြတ်သည် ဤကဲ့သို့ ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော အသျှင်မြတ်၏ ဘက်တော်မှ ကျရောက်လာခြင်းဖြစ်ပေရာ ကေန်မှုချ မှန်ကန်သော ကျမ်းဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

'သွားဟား' ထိုစကားလုံးတော်အား အကျယ်ချဲ့ဖွင့်ဆိုရာ၌ အကျယ်ချဲ့ ဖွင့်ဆိုသော ပညာရှင်ကြီး များ၏ အဆိုအမျိုးမျိုး ရှိပေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးထံမှ ထိုစကားလုံး၏ အဓိပ္ပာယ် သည် 'အို၊ အမျိုးသားပုဂ္ဂိုလ်' ဟူ၍ လာရှိထားပြီး အိဗ်နေ့အုမရ် ﷺ သခင်ကြီးထံမှ 'အချစ်တော်' ဟူ၍ ဆင့်ပြန်ချက် လာရှိထားပေသည်။ အချို့ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များမှ 'သွားဟား'နှင့် 'ယာစီးန်' သည် တမန်တော်မြတ် ﷺ ၏ နာမတော်များထဲမှ ဖြစ်ကြောင်းကို သိရှိရပေသည်။ ရှုပ်ထွေးမှုကင်းမဲ့သော အချက်မှာ ဟဇရတ်စွစ်ဒ်ဒီကေ့ အဗ်ကဗ်ရ်သခင်ကြီးနှင့် ဂျမ်ဟူးရ်ပညာရှင်များ မိန့်ဆိုသော အချက်ပင် ဖြစ်သည်။ ၎င်းတို့က မိန့်ဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော စူရာဟ်များ၏ အစ၌ လာရှိထားသော 'ဟုရူးဖေ့မုကသ္တ်သွအားဟ်' ('အလစ်ဖ်၊ လားမ်၊ မီးမ်' အစရှိသော အက္ခရာ) များသည် 'မုသရှာဗေ့ဟားသ်' (အဓိပ္ပာယ်များပြား၍ ဆင်တူယိုးမှားဖြစ်ခြင်း) ဆိုလိုသည်မှာ အတွင်းလျှို့ဝှက်ချက်များ ထဲမှ ဖြစ်ရာ အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မသိရှိသကဲ့သို့ 'သွာဟာ' ဟူသော အက္ခရာသည်လည်း ထိုအမျိုးအစားထဲမှ ဖြစ်ပေသည်။

مَآ أَنزَلْنَا عَلَيْكَ ٱلْقُرْءَانَ لِتَشْقَىٰٓ

အို၊ နဗီတမန်တော်၊ ငါအသျှင်မြတ်သည် အသင် အတိဒုက္ခကို ခံစားရန်အလို့ငှာ အသင့်အပေါ်ဝယ် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သည်မဟုတ်ပေ။ [၂၀ : ၂]

لِتَشْقَىٰٓ ဟူသော စကားလုံးသည် شَقَا (ရှကားအူးန်) ဟူသော စကားလုံးမှ ဆင်းသက်လာ၍ မောပန်းခြင်း၊ ခက်ခဲခြင်းနှင့် ဒုက္ခဟူ၍ အဓိပ္ပာယ်ရ၏။ ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာခြင်း ၏ အစောပိုင်းကာလများတွင် တမန်တော်မြတ် ﷺ နှင့် သာဝကကြီးများသည် တစ်ညတာလုံး ခဝပ်ကိုး ကွယ်မှု ပြုရန် ရပ်၍ 'သဟဂျ်ဂျုဒ်'နမာဇ် ဝတ်ပြုရာ၌ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်လေ့ ရှိပေ သည်။ အဘယ်မျှခန့် ခဝပ်ကိုးကွယ်မှုကို ပြုပေသနည်း။ တမန်တော်မြတ် ﷺ ၏ ခြေထောက်တော်များ ပင် ဖောယောင်လာပေသည်။ တစ်နေ့တာလုံး 'ကာဖိရ်များ မည်ကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်၏ ဖိတ် ခေါ်ချက်ကို လက်ခံကြကာ မည်ကဲ့သို့ လမ်းမှန်တရား ရရှိရန်' ဟူသော သောကပွားများနေပေသည်။ ဤအာယသ်တော်တွင် တမန်တော်မြတ် ﷺ အား ထိုဒုက္ခနှစ်ရပ်စလုံးမှ ရှောင်ရှားနိုင်စေရန်အတွက် 'အသင် အတိဒုက္ခ ရောက်ရှိစေရန်အတွက် ဤကျမ်းမြတ်ကို ချပေးသနားတော်မူခြင်း မဟုတ်ကြောင်းနှင့် တစ်ည

တာလုံး နိုးကြားကာ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ရန် မလိုအပ်ကြောင်း' ကို မိန့်တော်မူထားသည်။ သို့ရှိရာ ယင်းအာယသ်တော် ကျရောက်လာပြီးသည့်နောက် တမန်တော်မြတ် ﷺ ၏ အလေ့အထသည် 'ညဥ့်ဦးယံ၌ အနားယူတော်မူပြီး နောက်ဆုံးယံ၌ နိုးထကာ 'သဟဂျ်ဂျုဒ်' နမာဇ်ကို ဝတ်ပြုခြင်း' ဟူ၍ ဖြစ်သွားလေသည်။

ထိုကဲ့သို့ပင် ဤအာယသ်တော်တွင် 'အသင်၏ ဖွရ်ဇ်တာဝန်သည် ဖိတ်ခေါ်၊ ဖြန့်ဖြူးမှုပင် ဖြစ်သည်။ အသင်သည် ဤတာဝန်ကို ထမ်းဆောင်လိုက်ပါမူ မည်သူသည် အီမာန်ကို ရယူလိုက်ပေသနည်း။ သို့မဟုတ် မရယူလိုက်ပေသနည်း။ မည်သူသည် ဖိတ်ခေါ်မှုကို လက်ခံကာ မည်သူသည် လက်မခံသနည်းဆိုသည်မှာ အသင့်တာဝန်မဟုတ်ကြောင်း' ဘက်သို့ ညွှန်ပြထားပေသည်။ *[ကုရ်သုဗီကျမ်း]*

اِلَّا تَذْكِرَةً لِّمَنْ يَّخْشٰى

စင်စစ်မှာမူ ဤကုရ်အာန်ကျမ်းတော်မြတ်သည် ငါအသျှင်မြတ်အား ကြောက်ရွံ့ရှိသေသောသူ၏ အဖို့ အဆုံးအမတရားပင် ဖြစ်ပေသည်။ *[၂၀ း ၃]*

အိဗ်နေကစီးရ်သခင်ကြီးက မိန့်ဆိုသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်လာခြင်း၏ ကနဦးပိုင်းကာလ၌ တစ်ညတာလုံး 'သဟဂျ်ဂျုဒ်' နှင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ခြင်းတို့ကြောင့် အချို့သော ကာဖိရ်များသည် မွတ်စ္စလင်မ်တို့အား 'ငင်းတို့အပေါ် ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သို့ ကျရောက်လာပါသနည်း။ နေ့၌လည်း အားလပ်ခွင့်မရှိ၊ ညအချိန်၌လည်း အနားမယူရ။ ဒုက္ခသာလျှင် ကျရောက်လာခဲ့သည်' ဟူ၍ သွားပုပ်လေလွင့် ပြောဆိုကြလေသည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် 'ဤအသိဉာဏ်၊ အလိမ္မာ ခေါင်းပါးသောသူတို့သည် အခြေခံဇစ်မြစ်အချက်တို့အား မေ့လျော့နေကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ထိုကျမ်းမြတ်ကို အကြောင်းခံ၍ အလ္လာဟ်အသျှင်မြတ် ချီးမြှင့်ပေးသနားထားတော်မူသော 'အီလ်မ်' (အသိပညာ) သည် ကောင်းချီးနှင့် ကံကောင်းချည်းသာ ဖြစ်ကြောင်းကို ငင်းတို့ မည်ကဲ့သို့ သိရှိနိုင်အံ့နည်း။ ထိုကျမ်းမြတ် ကျရောက်လာခြင်းကို ဒုက္ခဟူ၍ မှတ်ယူခြင်းကို ပြုသော သူတို့သည် မေ့လျော့၍ အသိအလိမ္မာကင်းမဲ့သော သူများသာ ဖြစ်ပေကြောင်း' ဘက်သို့ ညွှန်ပြထားပေသည်။ ဘိုခါရီနှင့် မွတ်စ္စလင်မ်ကျမ်း၏ ဟဒီးစ်တော်၌ ဟဇရသ်မုအာဝီယာဟ် ؓ သခင်ကြီး၏ ဆင့်ပြန်မှုသည် တမန်တော်မြတ် ﷺ ထံတော်ပါးမှ ဤသို့ လာရှိထားပေသည်။

من يرد الله به خير ايفقه في الدين

အဓိပ္ပာယ်မှာ အကြင်သူတစ်ဦးတစ်ယောက်အား အလ္လာဟ်အသျှင်မြတ်သည် ကောင်းရာ၊ ကောင်းကျိုးကို လိုလားသည်ဆိုလျှင် သာသနာ့အသိပညာကို ချီးမြှင့်ပေးသနားတော်မူလိုက်လေသည်။

ဤနေရာ၌ အေမာမ်အိဗ်နေကစီးရ်သခင်ကြီးသည် အခြားမှန်ကန်သော ဟဒီးစ်တော်တစ်ရပ်ကိုလည်း ဆင့်ပြန်ပေးထားလေသည်။ အကြင်ဟဒီးစ်တော်သည် အာလင်မ်သာသနာ့ပညာရှင်များအတွက် အလွန်ကြီးကျယ်လှစွာသော သတင်းကောင်းတစ်ရပ် ဖြစ်ပေသည်။ ဤဟဒီးစ်တော်ကို သွာဗ်ရာနီသခင်ကြီးသည်

ဟာဇရတ်စအ်လဗားဗင်န် ဟာကမ်း ﷺ သခင်ကြီးထံမှ ဆင့်ပြန်ထားလေသည်။ အိဗ်နေ့ကစီးရ်သခင်ကြီးသည် 'ထိုဟဒီးစ်တော်၏ စနဒ်များ (ဆင့်ကဲ ဆင့်ပြန်ခြင်း၏ ကွင်းဆက်ဇယား) ကောင်းကြောင်း' ကို မိန့်မြွက်ထားလေသည်။ ဟဒီးစ်တော်မှာ အောက်ပါအတိုင်းဖြစ်သည်။

قال رسول الله صلى الله عليه وسلم يقول الله تعالى فى العلماء يوم القيمة
اذا قعد على كرسية لقضاء عباده انى لماجعل علمى وحكمتى
فيكم الاوانا اريد ان اغفر لكم على ما كان منكم ولا ابالى

တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ကေယာမသ်'နေ့တွင် အလ္လာဟ်အသျှင်မြတ်သည် ဗန္ဒာဟ် ဈေးကျွန်များ၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်များအား အဆုံးအဖြတ် ပေးတော်မူရန်အတွက် မိမိ၏ ကုရ်စီ (တန်ခိုးတော် ထိုင်ခုံပေါ်သို့ ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်နှင့် လျော်ညီကိုက်ညီစွာ) ထိုင်တော်မူပေလိမ့်မည်။ သို့ရှိရာ အာလင်မ်သာသနာ့ပညာရှင်များအား 'ငါအသျှင်မြတ်သည် အသင်တို့အား မိမိ၏ 'အီလ်မ်' (အသိပညာ) နှင့် အမြော်အမြင်တော်ကို အသင်တို့၏ နှလုံးသားတွင် ချီးမြှင့်ပေးသနားတော်မူရခြင်း၏ အကြောင်းမှာ 'အသင်တို့ အမှုမဲ့ ပြုကျင့်မိလိုက်သော အမှေ့အမှားများ'ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူစေရန်'အတွက်ဖြစ်သည်။ အကြင်ကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူရာ၌ ငါအသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဂရုမူနေရန် အကြောင်းမရှိပေ။ *[အိဗ်ကစီးရ်]*

သို့ရာတွင် ဤနေရာ၌ တင်ပြထားသော 'အာလင်မ်သာသနာ့ပညာရှင်များဟူသည် 'အီလ်မ်'(အသိပညာ) ၏ ကုရ်အာန်ကျမ်းလာ လက္ခဏာဖြစ်သော 'အလ္လာဟ့်အကြောက်'ရှိသော အာလင်မ်သာသနာ့ပညာရှင်များသာဖြစ်ကြောင်း' ထင်ရှားပေသည်။ ဤအာယသ်တော်အတွင်း၌ لِمَنْ يَّخْشٰى (ကြောက်ရွံ့သူအဖို့) ဟူသော စကားလုံးသည် အထက်ဖော်ပြပါအချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်နေပေသည်။ အကြင်ပညာရှင်တွင် အလ္လာဟ့်အကြောက်တရား၏ နိမိတ်လက္ခဏာမရှိပါက ၎င်းသည် အထက်ဟဒီးစ်တော်ပါ ဂုဏ်ပေးခြင်းကို ခံထိုက်ရမည့်သူ မဟုတ်ပေ။ عَلَى الْعَرْشِ اسْتَوٰى 'အရှ်ရ်'ပလ္လင်တော်ပေါ်၌ 'အစ်သေဝါအ်' ပြုလုပ်တော်မူခြင်းနှင့် စပ်လျဉ်း၍ ရှုပ်ထွေးပွေလီမှု ကင်းမဲ့၍ ရိုးရှင်းသောအချက်မှာ '၎င်း၏ အခြေခံဇစ်မြစ်အချက်နှင့် ပုံပန်းသဏ္ဌာန်ကို မည်သူတစ်ဦးတစ်ယောက်မျှ မသိရှိပေ။ အဓိပ္ပာယ်များပြား၍ ဆင်တူရိုးမှားဖြစ်သော 'မုသရှာဗေ့ဟားသ်' စကားလုံးများထဲမှ ဖြစ်ပေသည်။ 'အရ်ှရ်'ပလ္လင်တော်ပေါ်၌ 'အစ်သေဝါအ်'လုပ်ခြင်း မှန်ကန်ကြောင်း ယုံကြည်ရမည်ဖြစ်ကာ 'အစ်သေဝါအ်'လုပ်တော်မူခြင်း၏ အခြေအနေသည်မှု ထိုအသျှင်မြတ်၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်နှင့် ကိုက်ညီသော ပုံစံသာဖြစ်ကြောင်းနှင့် အကြင်အခြေအနေ ပုံပန်းသဏ္ဌာန်ကို ကမ္ဘာလောက၌ မည်သူတစ်ဦးတစ်ယောက်မျှ ခံစားသိမြင်နိုင်မည် မဟုတ်ကြောင်း'ဟူသော အတိတ်ခေတ် ဥလမ်ဟူးရ်ပညာရှင်များ အတည်ပြုထားသော မိန့်ဆိုချက်ပင် ဖြစ်ပေသည်။

وَمَا تَحْتَ الثَّرٰى (မြေအောက်၌ ရှိသမျှတို့သည်လည်းကောင်း) ဟူသော ဝါကျတွင် 'စရာ' ဟူသည် မြေကြီးကို တူးသော အချိန်၌ ထွက်ပေါ်လာသော မြေစိုကို ခေါ်ဆိုပေသည်။ အဖန်ဆင်းခံများ၏ အသိသည် 'စရာ'အဆင့်အထိသာ ရောက်ရှိသိမြင်နေပေသည်။ 'စရာ'၏ အရှေ့ခရီးဖြစ်သော ယင်းအရာ၏ အောက်၌ မည်သည့်အရာ တည်ရှိနေသည်ကို အလ္လာဟ်အသျှင်မြတ်မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မှ မသိရှိကြပေ။ သုတေသနခေတ်သစ်၊ ကိရိယာဆန်းများနှင့် သိပ္ပံပညာ အထွတ်အထိတ်ထိတိုင် ရောက်ရှိကာ တိုးတက်နေသည့်ကြားကပင် လွန်ခဲ့သော နှစ်အလျင်က မြေကြီးကို တစ်ဘက်မှ မြေတူးစက်ဖြင့် တူး၍ အခြားတစ်ဖက်ထိတိုင် စွန့်ထုတ်ခြင်း၏ ကြိုးပမ်းမှုကို နှစ်ရှည်လများစွာ ကြိုးပမ်းခဲ့ကြပေသည်။ ထိုသုတေသနပြုချက်များနှင့် မမောမပန်းနိုင်လောက်အောင်သော စွမ်းစွမ်းတမံ ကြိုးပမ်းမှုများ၏ ရလဒ်များ ရှိပေသည်။ ၎င်းမှာ 'ခြောက်မိုင်ထိသာ ကိရိယာသစ်များ တူးဖော်နိုင်ကြောင်း၊ ခြောက်မိုင်၏ အောက်ဘက်တွင် ကျောက်ဖုံးတစ်ခု တားဆီးနေကာ ကိရိယာများအားလုံးနှင့် ခေတ်သစ်သိပ္ပံပညာရှင်များ အားလုံး၏ အတွေးအခေါ်များသည် ဆက်လက်တူးဖော်ရန် မစွမ်းဆောင်နိုင်ဘဲ ရှိနေကြောင်းကို သတင်းစကားများအရ အားလုံးသောသူများ သိရှိပြီး ဖြစ်ပေသည်။ လူသားတို့၏ အသိသည် (၆) မိုင်ထိသာ ဖြစ်ကြောင်းနှင့် မြေကြီး၏ အောက်ယံ မြေဆီလွှာသည် မိုင်ပေါင်း ထောင်ပေါင်းများစွာ ရှိသည်ဖြစ်ရာ ထို 'စရာ'၏ အောက်၌ရှိသော အရာခပ်သိမ်းကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိဆုံး ဖြစ်တော်မူခြင်းသည် သီးသန့် ဂုဏ်ပုဒ်ဖြစ်ကြောင်းကို ဝန်ခံရုံမှအပ အခြားမရှိ။

يَعْلَمُ السِّرَّ وَاَخْفٰى

စိတ်ထဲတွင် ပြောဆိုသော စကားကိုလည်းကောင်း၊ စိတ်ထဲတွင် ပေါ်ပေါက်ရုံမျှသာ ရှိသေးသည့် စကားကိုလည်းကောင်း သိရှိတော်မူသည်။ *[၂၀ : ၇]*

'စိရ်'၏ အလိုသဘောမှာ လူသားသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထုတ်ဖော်မှု မပြုသေးဘဲ မိမိ၏ နှလုံးသားအတွင်း၌ လျှို့ဝှက်ထားသော အရာကို ခေါ်ဆိုပေသည်။ 'အခ်ဖာ'ဟူသော စကားလုံး၏ အလိုသဘောသည် ယခုအချိန်၌မူ နှလုံးသားအတွင်း၌ ဝင်ရောက်လာမှုမရှိသေးဘဲ နောင်တစ်ချိန်ချိန်၌ ဝင်ရောက်လာမည်ဖြစ်သော အချက်ကို ခေါ်ဆိုပေသည်။ 'ဤအချိန်၌ လူသားတစ်ဦးဦး၏ နှလုံးသားအတွင်း၌ မည်သည့်အချက် တည်ရှိနေ၍ နံနက်ဖြန် မည်သည့်အရာ တည်ရှိလာမည်ကိုသော်လည်းကောင်း၊ နံနက်ဖြန် ဖြစ်ပေါ်လာမည့် ကိစ္စနှင့်ပတ်သက်၍ မဆိုထားနှင့်။ လူသားကိုယ်တိုင်သည် နံနက်ဖြန် မိမိ၏ နှလုံးသားအတွင်း မည်သည့်အရာ ပေါ်ပေါက်လာမည်ကိုပင် မသိရှိနိုင်ပေ။ ထိုအချက်များအားလုံးကို အလ္လာဟ်အသျှင်မြတ်သည်သာလျှင် သိနားလည်တော်မူပေသည်။ *[ကုရ်သုဗီးကျမ်း]*

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَهَلْ أَتَاكَ حَدِيثُ مُوسَىٰ ﴿٩﴾

၂၀ ː ၉ ။ ။ ၄င်းပြင် (အို၊ နဗီတမန်တော်) မူစာ၏ အကြောင်းသတင်းသည် အသင့်ထံ ရောက်ရှိလာခဲ့လေပြီလော။

إِذْ رَأَىٰ نَارًا فَقَالَ
لِأَهْلِهِ امْكُثُوا إِنِّي آنَسْتُ نَارًا لَعَلِّي آتِيكُمْ مِنْهَا بِقَبَسٍ أَوْ
أَجِدُ عَلَى النَّارِ هُدًى ﴿١٠﴾

၂၀ ː ၁၀ ။ ။ တစ်ရံရောအခါ ယင်း (နဗီတမန်တော်မူစာ) သည် မီးတစ်ခုကို မြင်လေသောအခါ မိမိ၏ အိမ်သူအိမ်သားတို့အား 'အသင်တို့သည် (ဤနေရာ၌ပင်) စောင့်ဆိုင်း၍ နေရစ်ကြလေကုန်။ ဧကန်မလွဲ ကျွန်ုပ်သည် မီးတစ်ခုကို တွေ့မြင်ရလေသည်။ ကျွန်ုပ်သည် ထိုမီးမှ မီးကျီမီးခဲကို အသင်တို့ထံ ယူခဲ့နိုင်ကောင်း ယူဆောင်လာနိုင်မည်။ သို့တည်းမဟုတ် ကျွန်ုပ်သည် မီး၏အနီးတွင် လမ်းညွှန် (အညွှန်း) တစ်စုံတစ်ရာကို တွေ့ရှိတန်ရာသည်' ဟု ပြောဆိုလေ၏။

فَلَمَّا أَتَاهَا نُودِيَ يَا مُوسَىٰ ﴿١١﴾

၂၀ ː ၁၁ ။ ။ ထို့နောက် ယင်း (နဗီတမန်တော်မူစာ) သည် ထိုမီး၏အနီးသို့ ရောက်သောအခါ 'အို၊ မူစာ' ဟု အသံပြု ဟစ်ခေါ်ခြင်းကို ခံခဲ့ရလေသည်။

إِنِّي أَنَا رَبُّكَ فَاخْلَعْ نَعْلَيْكَ ۖ إِنَّكَ بِالْوَادِ الْمُقَدَّسِ طُوًى ﴿١٢﴾

၂၀ ː ၁၂ ။ ။ ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်သည် မိမိ၏ ဖိနပ်နှစ်ဖက်ကို ချွတ်ပါလေ။ ဧကန်စင်စစ် အသင်သည် ထူးမြတ်သည့် 'တုဝါ' (မည်သော) တောင်ကြားအရပ်၌ (ရောက်) ရှိနေချေပြီ။

وَأَنَا اخْتَرْتُكَ فَاسْتَمِعْ لِمَا يُوحَىٰ ﴿١٣﴾

၂၀ ː ၁၃ ။ ။ စင်စစ် ငါအသျှင်မြတ်သည် အသင့်အား (နဗီတမန်တော်အဖြစ်) ရွေးချယ်တော်မူပြီးဖြစ်ရာ အသင်သည် (မိမိ၏ထံသို့ ငါအသျှင်မြတ်ထံတော်မှ) ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကို နားထောင်ပါလေ။

إِنَّنِي أَنَا اللَّهُ لَا إِلَٰهَ إِلَّا أَنَا فَاعْبُدْنِي وَأَقِمِ الصَّلَاةَ لِذِكْرِي ﴿١٤﴾

၂၀ ː ၁၄ ။ ။ ဧကန်အမှန် ငါအသျှင်မြတ်သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူပေသည်။ ငါအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိပြီ။ (သို့ဖြစ်ပေရာ) အသင်သည် ငါအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ငါအသျှင်မြတ်အား သတိရရန်အလို့ငှာ 'ဆွလာအ်' ဝတ်ပြုမှုကို ဆောက်တည်ပါလေ။

إِنَّ ٱلسَّاعَةَ ءَاتِيَةٌ أَكَادُ أُخْفِيهَا لِتُجْزَىٰ كُلُّ نَفْسٍۭ بِمَا تَسْعَىٰ ﴿١٥﴾

[၂၀ : ၁၅] ။ ။ ကေန်မလွဲ 'ကေယာမသ်'သည် ရောက်ရှိလာပေမည်။ လူတိုင်းလူတိုင်းသည် မိမိ၏ ကြိုးပမ်းမှုနှင့် လျော်ညီစွာ အကျိုးခံစားနိုင်စေရန်အလို့ငှာ၊ ငါအသျှင်မြတ်သည် ယင်း 'ကေယာမသ်' နေ့ကို (မည်သူ့အားမျှ အသိမပေးဘဲ) လျှို့ဝှက်ထားလိုတော်မူပေသည်။

فَلَا يَصُدَّنَّكَ عَنْهَا مَن لَّا يُؤْمِنُ بِهَا وَٱتَّبَعَ هَوَىٰهُ فَتَرْدَىٰ ﴿١٦﴾

[၂၀ : ၁၆] ။ ။ သို့ဖြစ်ပေရာ ယင်း 'ကေယာမသ်' ကို မယုံကြည်ဘဲ မိမိ၏ စိတ်အလိုဆန္ဒကို လိုက်စားသောသူသည် အသင့်အား ယင်း (ကေယာမသ်) ကို ယုံကြည်ခြင်းမှ တားဆီးခြင်း မပြုစေနှင့်။ သို့မဟုတ်လျှင် အသင်သည်လည်း ပျက်စီးသွားပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငင်းပြင် (အို၊ နဗီတမန်တော်မိုဟမ္မဒ် ﷺ၊ မူစာ ﷺ ၏ အကြောင်းသတင်းသည် အသင့်ထံ ရောက်လာခဲ့ပြီလော။ (ထိုဖြစ်အင်သည် နားထောင်ထိုက်ပေသည်။ အကြောင်းမှာ ထိုဖြစ်အင်အတွင်း၌ 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း) နှင့် 'နဗူဝသ်' (နဗီဖြစ်ခြင်း) ၏ ပညာရပ်များ ပါဝင်လေရာ တစ်ဆင့်ပို့ချရန် အကျိုးထူးဖြစ်ပေသည်။ ထိုဖြစ်အင်မှာ ဤသို့တည်း) တစ်ရံရောအခါ ယင်း (နဗီတမန်တော်မူစာ) သည် (ဆောင်းရာသီ၏ ညချမ်းတစ်ခု၌ မဒ်ယာန်မှ လာရောက်လျက် 'သူရ်' တောင်၌ လမ်းပျောက်ကာ) မီးတစ်ခုကို မြင်လေသောအခါ (မီးအသွင်ဖြင့်ရှိသော 'နူးရ်' ရောင်ခြည်တော်ဖြစ်သည်။) မိမိ၏ (အခိုင်းအစေ သို့မဟုတ် ဇနီးသည် အစရှိသော) သူတို့အား 'အသင်တို့သည် (ဤနေရာ၌ပင်) စောင့်ဆိုင်း၍ နေရစ်ကြလေကုန်။ (ကျွန်ုပ်၏ အနောက်သို့ မလိုက်လာလေနှင့်။ အဘယ်ကြောင့်ဆိုသော် ထိုအခြေအနေတို့ မပါရှိဘဲ ၎င်းသည် ရှေ့သို့ ခရီးဆက်လက်နှင်လိမ့်မည် မဟုတ်ပေ။) ကေန်မလွဲ ကျွန်ုပ်သည် မီးတစ်ခုကို တွေ့မြင်ရလေသည်။ (ထိုနေရာသို့ ကျွန်ုပ်သွားရောက်မည် ဖြစ်သည်။) ကျွန်ုပ်သည် ထိုမီးမှ (သစ်သား၊ တုတ်တို့ကို မီးစွဲစေ၍) မီးကျည်မီးခဲကို (အအေးဒဏ်မှ ကာကွယ်နိုင်ရန်) အသင်တို့ထံ ယူခဲ့နိုင်ကောင်း ယူဆောင်လာနိုင်မည်။ သို့တည်းမဟုတ် ကျွန်ုပ်သည် မီး၏ (ထိုနေရာ) အနီးတွင် လမ်းညွှန် (ပြသမည့်သူ၊ အညွှန်းတစ်စုံတစ်ရာကို တွေ့ရှိတန်ရာသည်) ဟု ပြောဆိုလေ၏။ ထို့နောက် ယင်း (နဗီတမန်တော်မူစာ) သည် ထိုမီး၏အနီးသို့ ရောက်သောအခါ (၎င်းအား အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) 'အို၊ မူစာ' ဟု အသံပြုကာ ဟစ်ခေါ်ခြင်းကို ခံခဲ့ရလေသည်။ ကေန်မလွဲ ငါအသျှင်မြတ်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။

သို့ဖြစ်ပေရာ အသင်သည် မိမိ၏ ဖိနပ်နှစ်ဘက်ကို ချွတ်ပါလေ။ (အဘယ်ကြောင့်ဆိုသော် ကေန် စင်စစ် အသင်သည် ထူးမြတ်သော 'သုဝါ'(မည်သော) တောင်ကြားအရပ်၌ (ရောက်) ရှိနေချေပြီ။ စင်စစ်

ငါအသျှင်မြတ်သည် (အခြားသော အဖန်ဆင်းခံများအတွင်းမှ) အသင့်အား (နဗီတမန်တော်အဖြစ်) ရွေးချယ်တော်မူပြီးဖြစ်ရာ အသင်သည် (ဤအချိန်၌ မိမိထံသို့ ငါအသျှင်မြတ်ထံတော်မှ) ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကို နားထောင်ပါလေ။ စင်စစ်အမှန် ငါအသျှင်မြတ်သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူပေသည်။ ငါအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာအသျှင်ဟူ၍ (ခဝပ်ကိုးကွယ်ခြင်း ခံထိုက်ရန်) အလျဉ်းမရှိပြီ။ (သို့ဖြစ်ပေရာ) အသင်သည် ငါအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ငါအသျှင်မြတ်အား သတိရရန်အလို့ငှာ 'ဆွလာသ်'ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ (ဒုတိယအချက်ကိုလည်း နားထောင်ကြကုန်) စင်စစ်မလွဲ 'ကေယာမသ်'နေ့သည် ရောက်ရှိလာပေမည်။ (ယင်းသို့ရောက်ရှိလာမည်ဖြစ်ခြင်း၏ အကြောင်းမှာ) လူတိုင်းသည် မိမိ၏ ကြိုးပမ်းမှုနှင့် လျော်ညီစွာ အကျိုးခံစားနိုင်စေရန်အလို့ငှာ ငါအသျှင်မြတ်သည် ယင်း 'ကေယာမသ်'နေ့ကို (မည်သည့်) အဖန်ဆင်းခံတစ်ဦးတစ်ယောက်ကိုမျှ အသိမပေးပေ။) လျှို့ဝှက်ထားလိုတော်မူပေသည်။ သို့ဖြစ်ပေရာ (ယင်း 'ကောယမသ်'နေ့ဆိုက်ရောက်မည်မှာ မလွဲဧကန်ဖြစ်ရာ) ယင်း 'ကေယာမသ်'နေ့ကို မယုံကြည်ဘဲ မိမိစိတ် (ရိုင်း) ၏ အလိုဆန္ဒကို လိုက်စားသောသူသည် အသင့်အား ယင်း (ကေယာမသ်) ကို (အသင့်ပြင် အနေအထားရှိခြင်းကို) ယုံကြည်ခြင်းမှ တားဆီးခြင်း မပြုစေနှင့်။ (ဆိုလိုသည်မှာ ဤကဲ့သို့သော သူ၏ ပယောဂကြောင့် 'ကေယာမသ်'အတွက် အသင့်နေခြင်းမှ သောကကင်းမဲ့ကာ မနေလေနှင့်။) သို့မဟုတ်လျှင် အသင်သည်လည်း (သောကကင်းမဲ့ခြင်းကြောင့်) ပျက်စီးသွားပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

هَلْ اَتٰىكَ حَدِيْثُ مُوْسٰى

အို၊ နဗီတမန်တော်၊ ဟဇရသ်မူစာ၏ အကြောင်းသတင်းသည် အသင့်ထံ ရောက်လာခဲ့လေပြီလော။

[၂၀ : ၉]

လွန်လေပြီးသော အာယသ်တော်များတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ ကြီးကျယ်မှုနှင့် တစ်ဆက်တည်းမှာပင် တမန်တော်မြတ် ﷺ အား အရှိအသေပေး လေးစားရမည့်အကြောင်း ပါရှိထားပေသည်။ ထို့နောက် ဟဇရသ်မူစာ عليه السلام နှင့် စပ်လျဉ်းသော ဖြစ်အင်ကို 'ရစူလ်ဘွဲ့အပ်နှင်းခြင်း ခံရခြင်းနှင့် ဖိတ်ခေါ်မှုကို ဆောင်ရွက်ရာ၌ ခက်ခဲမှုဒုက္ခများ ကြုံတွေ့ရတတ်ပေသည်။ အတိတ်ခေတ် နဗီတမန်တော်များသည် ယင်းအချက်များကို ခံစားခဲ့ကြပေသည်။ ထိုအချက်များ တမန်တော်မြတ် ﷺ ၏ အသိတော်အတွင်းသို့ ရောက်ရှိစေရန် ဖြစ်သည်။ သို့မှသာ တမန်တော်မြတ် ﷺ သည် ထိုတာဝန်ကို ထမ်းဆောင်ရန်အတွက် ကနဦးကတည်းက အသင့်ပြင်ကာ တည်တည်တံ့တံ့ ရပ်တည်နိုင်ရန်အတွက် ဖြစ်ပေသည်။ ပမာဆိုရသော် အခြားသော အာယသ်တော်တွင် မိန့်တော်မူထားပေသည်။

وَكُلًّا نَقُصُّ عَلَيْكَ مِنْ اَنْبَاءِ الرُّسُلِ مَا نُثَبِّتُ بِهِ فُؤَادَكَ

စင်စစ် ငါအသျှင်မြတ်သည် ရစူလ်တမန်တော်များ၏ အကြောင်းသတင်းများအနက်မှ အကြင် အကြောင်းသတင်း အလုံးစုံကို အသင့်အား ပြောကြားတော်မူ၏။ ငါအသျှင်မြတ်သည် ထိုအကြောင်းသတင်း များဖြင့် အသင်၏ စိတ်နှလုံးကို မြဲမြံကြံ့ခိုင်စေတော်မူ၏။ *[၁၁ ፥ ၁၂၀]*

အထက်ပါအာယသ်တော်သည် ဆက်စပ်မှုအကြောင်းတရားဖြင့် တင်ပြထားပေသည်။

ဤနေရာတွင် တင်ပြထားသော ဟဇရသ်မူစာ عليه السلام ၏ ဖြစ်အင်၏ အစသည် ဤသို့ပင်ဖြစ်သည်။ ၎င်းသည် မဒ်ယာန်သို့ ရောက်ရှိကာ ဟဇရသ်ရှုအိုက်ဗ် عليه السلام ၏ အိမ်၌ ရှစ်နှစ် သို့မဟုတ် ၁၀ နှစ်ထိတိုင် အလုပ်အကျွေး ပြုစုပေးမည်ဟူသော စည်းကမ်းချက်နှင့်အညီ နေထိုင်တော်မူသည်။ ၎င်းမူစာ عليه السلام သည် ဗဟ်ရေမုဟီးသ်သဖ်စီးရ်ကျမ်းနှင့်အညီ ၁၀ နှစ်တာ ကုန်ဆုံးပြီးသည့်နောက် ဟဇရသ်ရှုအိုက်ဗ် عليه السلام ထံမှ ပြန်ရန် ခွင့်ကို တောင်းဆိုလေသည်။ 'ကျွန်ုပ်သည် မိမိ၏ မိခင်နှင့် အစ်မဖြစ်သူအား တွေ့ဆုံရန်အတွက် အီဂျစ်နိုင်ငံကို သွားရောက်မည်ဖြစ်သည်။ ဖိရ်အောင်န်၏ စစ်တပ်၏ ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ရန် နောက်ယောင်ခံလိုက်ခြင်းမှ စိုးရိမ်စိတ်ကြောင့် ဤနေရာသို့ လာရောက်ခြင်းဖြစ်သည်။ အချိန်ကာလ ကြာညောင်းသွားသည့်အတွက်ကြောင့် ထိုစိုးရိမ်စိတ်သည်လည်း ပပျောက်သွားနိုင်ပေသည်။

ဟဇရသ်ရှုအိုက်ဗ် عليه السلام သည် ၎င်း၏ ဇနီးဖြစ်သူ မိမိ၏ သမီးတော်နှင့်အတူ ဥစ္စာပစ္စည်း အချို့ကို ပေးကာ စေလွှတ်လိုက်လေသည်။ လမ်းကြောင်းခရီးစဉ်နှင့် စပ်လျဉ်း၍ ဆီရီးယားနိုင်ငံ၏ ဘုရင်ခံ များ၏ အန္တရာယ်စိုးရိမ်မှုတို့ကြောင့် အများသွားလမ်းမှ မသွားဘဲ မစည်ကားသောလမ်းကို ရွေးချယ်ခရီးနှင် ရပေသည်။ ဆောင်းရာသီဥတုကာလ ဖြစ်သည်။ ဇနီးသည်သည် နံနက်ကို မွေးဖွားမည်၏လော။ ညနေကို မွေးဖွားမည်၏လောဟူ၍ မသိရလေအောင် မွေးဖွားချိန်သည် နီးကပ်နေပေသည်။ လူသွားလူလာကင်းမဲ့သော လမ်းနှင့် တောလမ်းမှ လွဲဖယ်ကာ 'သူရ်'တောင်၏ အနောက်ယာဘက်သို့ ထွက်ခွာသွားလေသည်။ လမိုက် ညနှင့် ဆောင်းရာသီ၏ ညချမ်းအချိန်အခြေအနေတွင် ဇနီးသည် ဝမ်းနာခြင်းသည် စတင်လာလေသည်။ ဟဇရသ်မူစာ عليه السلام သည် အအေးဒဏ်အား ကာကွယ်ရန်အတွက် မီးထွန်း၊ မီးမွေးမှုကို လိုလားနေပေသည်။ ထိုခေတ်ကာလ၌ မီးခြစ်ကို အသုံးပြုရမည့်နေရာ၌ မီးထွက်သောကျောက်ကို အသုံးပြုကြလေသည်။ အကြင် ကျောက်ကို ပွတ်တိုက်လိုက်ခြင်းဖြင့် မီးသည် ထွက်ပေါ်လေသည်။ ထိုသို့ ကျောက်ကို ပွတ်တိုက်ခြင်းဖြင့် လည်း မီးသည် ထွက်ပေါ်မလာပေ။ ထိုသို့ သောကဝေဖြာနေသောအချိန်၌ 'သူရ်'တောင်၏ဘက်မှ မီးကို တွေ့မြင်လေသည်။ အကြင်မီးသည် စင်စစ်၌ 'နူရ်'ရောင်ခြည်သာလျှင် ဖြစ်ပေသည်။ သို့ရှိရာ အိမ်သူအိမ်သား အား 'ကျွန်ုပ်သည် မီးကို မြင်တွေ့နေရပေသည်။ ထိုမီးရှိနေသော နေရာသို့ သွားရောက်လိုက်မည်ဖြစ်သည်။ သို့မှသာ အသင်မတို့အတွက် မီးကို ယူဆောင်လာနိုင်မည်ဖြစ်သည်။ မီးရှိရာအနီးအနား၌ လမ်းပြမည့်သူ တစ်ဦးတစ်ယောက် ရှိကောင်းရှိနိုင်မည်ဖြစ်ရာ လမ်းမှန်ကို တွေ့မြင်ကောင်း၊ တွေ့မြင်နိုင်ပေသည်'ဟူ၍ ပြောဆိုလေသည်။ အိမ်သူ၊ အိမ်သားတို့အတွင်း၌ ဇနီးသည်ပါရှိနေခြင်းကိုမူ သတ်မှတ်ထားပေသည်။ အချို့

သော ဆင့်ပြန်ချက်များမှ 'ခါဒင်မ်' (အလုပ်အကျွေးပြုစုသူ တစ်ဦးတစ်ယောက်) ပါရှိကြောင်းကို သိရှိရကာ ၎င်းသည်လည်း ဤမိန့်မြွက်ချက်အတွင်း၌ ပါဝင်ပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ လူအချို့သည် ၎င်းနှင့်အတူ ခရီးသွားဖော်အဖြစ် ပါရှိလေရာ လမ်းပျောက်သွားသည့်အခါ ထိုခရီးဖော်တို့သည် ဟဇရသ်မူစာ ﷺ နှင့် ကွဲကွာခဲ့ရဟုလည်း ဆိုထားပါသည်။

فَلَمَّا اَتٰىهَا (ထို့နောက် ယင်းနဗီတမန်တော်မူစာသည် ထိုမီး၏ အနီးသို့ ရောက်သောအခါ) ဆိုလိုသည်မှာ အကြင်မီးကို အဝေးမှ တွေ့မြင်၍ အနီးသို့ ရောက်ရှိသောအခါ ဖြစ်သည်။ မွတ်စ်နဒ်အဟ်မဒ်အစရှိသော ကျမ်းများ၌ ဝဟာဗ်ဗင်န်မုနဗ်ဗားဟ်၏ ဆင့်ပြန်ချက် လာရှိထားပေသည်။ ဟဇရသ်မူစာ ﷺ သည် ထိုမီးရှိရာသို့ ကြွမြန်းသွားလေရာ အနီးသို့ ရောက်ရှိသော် အလွန်အံ့ဖွယ်ကောင်းသော မြင်ကွင်းဖြစ်ပြီး အလွန်ကြီးမားသည့် မီးတစ်ခုကို တွေ့မြင်လေသည်။ အကြင်မီးသည် အလွန်စိမ်းလန်းသော အပင်တစ်ပင်ပေါ်၌ မီးတောက်မီးလျှံများ ထွက်ပေါ်ကာ တည်ရှိနေပေသည်။ သို့ရာတွင် ထပ်မံ အံ့ဩရသည့်အချက်မှာ ထိုအပင်၏ မည်သည့်အကိုင်းတစ်ကိုင်းနှင့် အရွက်တစ်ရွက်ကိုမျှ လောင်ကျွမ်းစေခြင်း မရှိပေ။ သို့သာမက ထိုမီးသည် ယင်းအပင်အား ပို၍ ထွန်းလင်းတောက်စေပြီး စိမ်းလန်းစိုပြေစေလျက် ရှိပေသည်။ ထိုအံ့ဖွယ်မြင်ကွင်းကို တွေ့မြင်ကာ 'မီးကျီ၊ မီးခဲတစ်ခု မြေပေါ်သို့ ကျရောက်ကောင်း ကျရောက်နိုင်မည်ဖြစ်ရာ ကျရောက်လာမည်ဆိုလျှင် ကောက်ယူလိုက်မည်'ဟူသော အတွေးမျိုးဖြင့် အတန်ကြာ စောင့်ဆိုင်း၍ နေပေသည်။ အချိန်အခိုက်အတန့် ကြာမြင့်သွားသည့်တိုင် ဤသို့ ကျရောက်လာခြင်းမရှိပါမူ ဟဇရသ်မူစာ ﷺ သည် မြက်ခြောက် အစရှိသော အချို့သော အရာများကို စု၍ မီးရှိရာသို့ ချဉ်းကပ်သွားလေသည်။ ဤအရာများတွင် မီးစွဲသွားမူ ၎င်း၏ ကိစ္စရပ်သည် အကောင်အထည်ဖော် အောင်မြင်သွားပေလိမ့်မည်။ သို့ရာတွင် ဤနဗီသည် မြက်၊ မြက်ခြောက် စသော အရာများကို မီး၏ အနီးသို့ ကပ်လိုက်ပါမူ မီးသည် နောက်သို့ တွန့်ဆုတ်သွားပေသည်။ အချို့သော ဆင့်ပြန်ချက်များတွင် မီးသည် ၎င်း၏ဘက်သို့ တိုးလာကာ ၎င်းသည် ကြောက်ရွံ့၍ နောက်သို့ တွန့်ဆုတ်သွားသည်ဟူ၍ လာရှိ ထားပေသည်။ မည်သည့်အခြေအနေ၌မဆို မီးကို ရယူရန် ရည်ရွယ်ချက်သည် မပြည့်ဝပေ။ ဤအံ့ဖွယ် ကောင်းသော မီးအား ငေးမောကြည့်ရှုနေသော အချိန်၌ အကွယ်မှ အသံတစ်ခုကို ကြားရပေသည်။ *[ရှုဟ်]*

ဤဖြစ်အင်ကို ဟဇရသ်မူစာ ﷺ သည် တောင်ခြေ၌ တွေ့ကြုံခဲ့ရလေသည်။ အကြင်နေရာသည် ၎င်း၏ လက်ယာဘက်၌ရှိ၍ 'သုဝါ'ဟူ၍ အမည်ရရှိပေသည်။

نُوْدِیَ یٰمُوْسٰی اِنِّیْٓ اَنَا رَبُّكَ فَاخْلَعْ نَعْلَیْكَ

အို၊ မူစာဟု အသံပြု ဟစ်ခေါ်ခြင်းကို ခံခဲ့ရလေသည်။ ကေနမလွဲ ငါအသျှင်မြတ်သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်သည် မိမိ၏ ဖိနပ်နှစ်ဖက်ကို ချွတ်ပါလေ။ *[၂၀ း ၁၂]*

ဖဲဟ်ရေမှဟီးသွ်၊ ရုဟုလ်မအာနီ အစရှိသော ကျမ်းများ၌ ဟဇရသ်မူစာ ﷺ သည် ဤအသံကို အရပ်မျက်နှာတိုင်းမှ ပုံစံတစ်သမတ်တည်းဖြင့် ကြားနေရသည်။ မည်သည့်အရပ်မျက်နှာဘက်မှ ဖြစ်သည် ဟူ၍ သီးသန့်သတ်မှတ်ချက်ဖြင့် လာရောက်နေခြင်းမျိုး မရှိပေ။ ကြားနာရခြင်းသည်လည်း 'နားများဖြင့် မဟုတ်ရုံသာမက ကိုယ်ခန္ဓာအစိတ်အပိုင်းအလုံးစုံတို့မှ ကြားနာနေရသည့် ပုံစံမျိုးဖြင့်' အံ့ဖွယ် 'မုအ်ဂျေဇာဟ်' အသွင်မျိုးဖြင့် နေပေသည်။ ကြားနာရသော အသံ၏ ရလဒ်မှာ 'အသင်မီးဟူ၍ ထင်မှတ်နေသော အရာသည် မီးမဟုတ်။ အလ္လာဟ်အသျှင်မြတ်၏ ဘုန်းတန်ခိုးရောင်ခြည်တစ်ခုသာ ဖြစ်ပေသည်။ ထိုပြောဆိုမိန့်မြွက်ချက်အတွင်း၌ မိန့်တော်မူထားသည်မှာ 'ငါအသျှင်မြတ်သည်သာလျှင် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်ပေသည်။' ဟဇရသ်မူစာ ﷺ သည် ထိုကြားနာရသော အသံနှင့် စပ်လျဉ်း၍ 'အလ္လာဟ်အသျှင်မြတ်၏ အသံတော်ဖြစ်ကြောင်း' ကို မည်သို့ ယုံကြည်နိုင်အံ့နည်း။ ယင်းမေးခွန်း၏ မူရင်းအဖြေမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ နှလုံးသားအပေါ်ဝယ် 'ဤအသံသည် အလ္လာဟ်အသျှင်မြတ်၏ အသံတော်သာဖြစ်ကြောင်းကို ယုံကြည်လက်ခံသွားနိုင်လောက်အောင်' တည်ငြိမ်အေးချမ်းမှုကို ချီးမြှင့်လိုက်လေသည်။

အခြားသော အကြောင်းတရားမှာ ထိုမီး၏ အံ့ဖွယ်ကောင်းသော အခြေအနေများ ဖြစ်သည်။ သစ်ပင်ကို လောင်ကျွမ်းစေရမည့်အစား သစ်ပင်၏ အလှတရားကို သာ၍ တိုးပွားစေထားပေသည်။ ထို့ပြင် အသံသည်လည်း အများသူငှာတို့၏ အသံမျိုးများကဲ့သို့ တသမက်တည်းမှမဟုတ်ဘဲ အရပ်မျက်နှာဘက်တိုင်းမှ တစ်မျိုး၊ တစ်သမတ်တည်းပုံစံမျိုးဖြင့် ကြားနာနေရသည်က တစ်ကြောင်း၊ ကြားနာနေရခြင်းသည် နားများသာမက ကြားနာရန်အတွက် သတ်မှတ်ထားခြင်း မဟုတ်သော ခြေ၊ လက်နှင့် ကိုယ်ခန္ဓာ၏ အခြားသော အစိတ်အပိုင်းများမှလည်း ဖက်စပ်ပါဝင် ကြားနာနေရခြင်းတို့ကတစ်ကြောင်း စသော အကြောင်းကြောင်းတို့ကြောင့် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဤအသံ လာရောက်ကြောင်းကို သိနားလည်ရပေသည်။

ဟဇရသ်မူစာ ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ မုဗာရက်ပါဠိတော် စကားလုံးများကို ကြားခံမဲ့ ကြားနာရခြင်းအကြောင်း

ရုဟုလ်မအာနီကျမ်း၌ မွတ်စ်နဒ်အဟ်မဒ်ကျမ်း၏ ကျမ်းကိုးကျမ်းကားဖြင့် ဝဟာဗ်သခင်ကြီး၏ ဆင့်ပြန်ချက်တွင် လာရှိထားပေသည်။ ဟဇရသ်မူစာ ﷺ ကို يَٰمُوسَىٰ (အို၊ မူစာ) ဟူသော စကားလုံးဖြင့် ဟစ်ခေါ်တော်မူလိုက်လေရာ ၎င်းသည် 'လဗ်ဗိုက်' (ကျွန်တော်မျိုး အသင့်ရှိပါသည်) ဟူ၍ လျှောက်ထားဖြေကြားတော်မူလိုက်လေသည်။ 'ကျွန်ုပ်သည် အသံကိုမူ ကြားနေရပေသည်။ သို့ရာတွင် အသံရှင် မည်သည့်နေရာ၌ တည်ရှိနေသည်ကို ကျွန်ုပ် မသိရှိပါ' ဟူ၍ မေးမြန်းလျှောက်ထားလေရာ 'ငါအသျှင်မြတ်သည် အသင်၏အပေါ် အရှေ့၊ အနောက်နှင့် အသင်နှင့် အတူတကွ တည်ရှိနေတော်မူသည်' ဟူ၍ မိန့်မြွက်ဖြေ

ကြားတော်မူလေသည်။ 'ကျွန်တော်မျိုးသည် ဤမုကွပါဠ်တော်ကို အသျှင်မြတ်ထံတော်ပါးမှ တိုက်ရိုက်ကြားနာနေရပါ၏လော။ သို့မဟုတ် အသျှင်မြတ်၏ ဘက်တော်မှ စေလွှတ်ထားတော်မူသော ကောင်းကင်တမန်တစ်ပါး၏ အသံအား ကြားနာနေရပါ၏လော' ဟူ၍ ထပ်မံလျှောက်ထားလေရာ 'ငါအသျှင်မြတ်၏ မုကွပါဠ်တော်ကို တိုက်ရိုက်ကြားနာနေရပါသည်' ဟူ၍ ပြန်လည်ဖြေကြား မိန့်မြွက်တော်မူလိုက်သည်။ ယင်းအချက်အပေါ် မူတည်၍ ရူဟုလ်မအာနီကျမ်းရှင်က မိန့်ဆိုသည်မှာ မူစာသည် ဤမုကွပါဠ်တော်များကို ကောင်းကင်တမန်၏ ကြားခံမှုမရှိဘဲ ကိုယ်တိုင် ကြားနေရခြင်းဖြစ်သည်။ 'အလ္လာဟ်အသျှင်မြတ်၏ မုကွပါဠ်တော် စကားလုံးတော်များသည်လည်း 'ကဒီးမ်' (အစမရှိဘဲ အမြဲတမ်း တည်ရှိ) နေခြင်းဖြစ်သော်ငြားလည်း နားထောင်တော်မူ၍ ရကြောင်း'၊ 'အဲဟ်လေစွန္နသ်ဝလ် ဂျမာအသ်' ထဲမှ အဖွဲ့တစ်ဖွဲ့၏ မူဝါဒဆိုင်ရာ လမ်းစဉ်သည်လည်း ဤသို့သာလျှင် ဖြစ်ပေသည်။ ယင်းသို့ နားထောင်၍ ရနိုင်ခြင်းအပေါ် 'ဟုဒူးစ်' (ပေါ်ပေါက်တည်ရှိလာခြင်း) ဖြစ်ကြောင်း သံသယရှိကောင်း ရှိနိုင်သည်။ ယင်းသံသယ၏ အဖြေကို ထိုအဖွဲ့အစည်းဘက်မှ ဖြေကြားထားသော အဖြေမှာ 'မုကွပါဠ်တော် စကားလုံးသည် ထုတည်အရာ၊ အရပ်မျက်နှာနှင့် နားထောင်ရန်အတွက် သီးသန့်နားများကိုသာ မရှိမဖြစ် လိုအပ်သော သတ်မှတ်ခြင်းခံထားရသော ရုပ်ဝတ္ထုနတ်လျှာဖြင့်သာ မြွက်ဟသော အချိန်၌မှာ 'ဟာဒစ်' (ပေါ်ပေါက်သောအရာ) ဖြစ်ပေသည်။' ဟဇရသ်မူစာ ﷺ ကြားနာရသည့်ပုံစံမှာ အသံလာရာ အရပ်မျက်နှာဘက်နှင့် နားထောင်နိုင်ရန်အတွက် နားဟူ၍ သီးသန့်အထူးပြုထားခြင်း မခံရဘဲ အစိတ်အပိုင်းအားလုံးတို့မှ ကြားနာနေရသော ပုံစံဖြစ်ပေသည်။ ဤပုံစံသည် 'ဟုဒူးစ်' (ပေါ်ပေါက်လာခြင်း) ၏ ပုံစံမှ ကင်းရှင်းနေကြောင်းမှာ ထင်ရှားလှပေသည်။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။)

အရိုအသေ အမြတ်တနိုးထားရမည့် အရပ်၌ ဖိနပ်ကို ချွတ်ခြင်းသည် ယဉ်ကျေးမှုအရ ဆောင်ရွက်ရမည့်အကြောင်း

فَاخۡلَعۡ نَعۡلَيۡكَ

(သို့ဖြစ်ပေရာ အသင်သည် မိမိ၏ ဖိနပ်နှစ်ဘက်ကို ချွတ်ပါလေ။) *[၂၀ း ၁၂]*

ဖိနပ်ချွတ်ခိုင်းခြင်းသည် အရိုအသေထားရမည့် နေရာဖြစ်ခြင်းကြောင့် ဖိနပ်ချွတ်ကာ ခြေကျင်ပုံစံဖြစ်ရှိနေခြင်းသည် ယဉ်ကျေးမှုအရ ဆောင်ရွက်ရမည့်အချက် ဖြစ်ခြင်းတို့ကြောင့် ဖြစ်သည်။ သို့မဟုတ် အချို့သော ဆင့်ပြန်ချက်များက တင်ပြထားသကဲ့သို့ ဖိနပ်သည် တိရစ္ဆာန်အသေ၏ သားရေနှင့် ပြုလုပ်ထားခြင်းတို့ကြောင့် ဖြစ်ပေသည်။ ဟဇရသ်အလီ၊ ဟဇရသ်ဟစန်းဗစ္စ်ရီနှင့် အိဗ်နေဂျုရိုက်ဂ်ျတို့ထံမှ ပထမအကြောင်းကိုသာလျှင် ဆင့်ပြန်ထားပေသည်။ ဖိနပ်ချွတ်ခိုင်းခြင်း၏ ကြောင်းကျိုးတရားကို အသင်၏ ခြေထောက်သည် ထိုမွန်မြတ်သော တောင်ကြားအရပ်ရှိ ဖုန်မှုန့်မြေကြီးတို့နှင့် လူးထိကာ 'ဗရ်ကသ်' (မင်္ဂလာ) ရရှိစေရန်ဖြစ်ကြောင်းကို ပြဆိုထားပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက

မိန့်ဆိုထားသည်မှာ ဤအမိန့်သည် ရိုကျိုးမှု၏ ပုံစံပေါ်ပေါက်စေရန်အတွက် ဖြစ်ပေသည်။ ပမာတင်ပြရမည်ဆိုသော် အတိတ်ခေတ်ရှိ သူတော်စင်များသည် 'ကအ်ဗာဟ်' ကျောင်းတော်ကို 'သွဝါးဖ်' (လှည့်ပတ်) သော အချိန်၌ ဤသို့သာလျှင် ပြုကြလေသည်။

ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ သည် ဗရှီးရ်ဗင်နဲခစ်ဗာအ်ဗယားဟ်ကို 'ကဗရ်' များ၏ ကြားဖိနပ်စီး၍ သွားနေသည်ကို မြင်တွေ့တော်မူသောအခါ ဤသို့ မိန့်တော်မူလေသည်။

اذ ا كنت فى مثل هذا لمكان فا خلع تعليك

အသင်သည် ဤသို့ အရိုအသေပေး မြတ်နိုးရမည့်နေရာများမှ ဖြတ်သန်းသွားမူ ဖိနပ်ကို ချွတ်ပါ။

ဖိနပ်သည် အကယ်၍ သန့်ပြန့်ပါမူ ထိုဖိနပ်ကို စီး၍ နမာဇ်ဝတ်ပြုခြင်း ပိုင်သည်ဟူ၍ ဓမ္မသတ်ရှင်များက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ထားကြလေသည်။ တမန်တော်မြတ် ﷺ နှင့် သာဝကကြီးများသည် သန့်သော ဖိနပ်ကို စီးကာ နမာဇ်ဝတ်ပြုသည်ဟူ၍ မှန်ကန်သော ဆင့်ပြန်ချက်များမှလည်း အတည်ပြုထားပေသည်။ သို့ရာတွင် ဖိနပ်ချွတ်ကာ နမာဇ်ဝတ်ပြုခြင်းသည် များသောအားဖြင့် ကျင့်ကြံသော စွန္နသ်ဓလေ့ပင် ဖြစ်သည်။ အကြောင်းမှာ ထိုသို့ ပြုခြင်းသည် ရိုကျိုးမှုတရားနှင့် အနီးစပ်ဆုံးသော ပုံစံဖြစ်ပေသည်။ *[ကုရ်သုဗီးကျမ်း]*

اِنَّكَ بِالْوَادِ الْمُقَدَّسِ طُوًى

ကေန်စင်စစ် အသင်သည် ထူးမြတ်သည့် 'သုဝါ' အမည်ရှိသော တောင်ကြားအရပ်၌ ရောက်ရှိနေချေပြီ။ *[၂၀ : ၁၂]*

အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာမြေပထဝီ၏ အချို့သော အစိတ်အပိုင်းများကို မိမိ၏ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အမြော်အမြင်တော်ဖြင့် သီးသန့်ထူးကဲမွန်မြတ်မှုကို ချီးမြှင့်ပေးသနားတော်မူလေသည်။ ပမာဆိုရသော် 'ကအ်ဗာဟ်' ကျောင်းတော်၊ 'မတ်စ်ဂျိဒ်ဒွေအပ်က်စွာ' နှင့် 'မတ်စ်ဂျိဒ်ဒွေနဗဝီ' တို့ဖြစ်ပေသည်။ ဤကဲ့သို့ပင် 'သူရ်' တောင်ခြေ၌ရှိသော 'သုဝါ' တောင်ကြားအရပ်ဒေသသည်လည်း ထိုမွန်မြတ်သော အရပ်ဒေသများတွင် ပါဝင်ပေသည်။ *[ကုရ်သုဗီကျမ်း]*

ကုရ်အာန်ကျမ်းတော်မြတ် နားထောင်ခြင်း၏ ယဉ်ကျေးမှုစနစ်

فَاسْتَمِعْ لِمَا يُوْحٰى

အသင်သည် မိမိထံသို့ ငါအသျှင်မြတ်ထံတော်မှ ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကို နားထောင်ပါလေ။ *[၂၀ : ၁၃]*

ဟဗရေသ်ဝဟာဗ်ဗင်နဲမုနဗ်ဗားဟ်သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ကို နားထောင်ခြင်း၏ ယဉ်ကျေးမှုနည်းစနစ်များထဲမှ နည်းစနစ်တစ်ရပ်မှာ လူသားသည် မိမိ၏

ခန္ဓာကိုယ်အစိတ်အပိုင်းများအားလုံးကို အလဟဿ လှုပ်ရှားမှုတို့မှ ရှောင်ရှားနေကာ မည်သည့်အမှုကိစ္စတစ်ခုခု၌မဆို အစိတ်အပိုင်းတစ်ခုခုကို မနစ်မွန်းစေရ။ မျက်လုံးကို အောက်သို့ စိုက်ချထား၍ ကျမ်းမြတ်ကုရ်အာန်ကို သိနားလည်ရန် အာရုံစူးစိုက်နေရပေမည်။ အကြင်သူသည် ထိုနည်းစနစ်နှင့်အတူ မုကွာပါဠ်တော် တစ်စုံတစ်ရာအား နားထောင်ပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းကို ထိုကျမ်းမြတ်အား သိနားလည်နိုင်စွမ်း ချီးမြှင့်ပေးသနားတော်မူပေလိမ့်မည်။ *[ကုရ်သုဗီကျမ်း]*

اِنَّنِىۡۤ اَنَا اللّٰهُ لَاۤ اِلٰهَ اِلَّاۤ اَنَا فَاعۡبُدۡنِىۡ ۙ وَاَقِمِ الصَّلٰوةَ لِذِكۡرِىۡ

ကေန်အမှန် ငါအသျှင်မြတ်သည်ပင်လျှင် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူပေသည်။ ငါအသျှင်မြတ်မှတစ်ပါး အခြားခဝ်ကိုးကွယ်ရာအသျှင်ဟူ၍ အလျှဉ်းမရှိပြီ။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်ကိုသာလျှင် ခဝ်ကိုးကွယ်ပါလေ။ ထို့ပြင် အသင်သည် ငါအသျှင်မြတ်အား သတိရရန်အလို့ငှာ 'ခွလား' ဝတ်ပြုမှုကို ဆောက်တည်ပါလေ။ *[၂၀ : ၁၄]*

ထိုအာယသ်တော်တွင် ဟဇရသ်မူစာ ﷺ အား သာသနာ၏ အခြေခံအုတ်မြစ် မဏ္ဍိုင်အလုံးစုံတို့အား ညွှန်ပြထားလေသည်။ ဆိုလိုသည်မှာ 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း)၊ 'ရေစာလသ်' (ရစူလ်ဖြစ်ခြင်း) နှင့် နောင်အာခေရသ်တို့၏ အကြောင်း ဖြစ်ပေသည်။

فَاسۡتَمِعۡ لِمَا يُوۡحٰى

အသင်သည် မိမိထံသို့ ငါအသျှင်မြတ်ထံတော်မှ ထုတ်ပြန်ခြင်းခံရသော အမိန့်တော်များကို နားထောင်ပါလေ။ *[၂၀ : ၁၃]*

ဟူသော အာယသ်တော်တွင် ရစူလ်ဖြစ်ခြင်း၊ 'ရေစာလသ်'၏ ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။

فَاعۡبُدۡنِىۡ

သို့ဖြစ်ပေရာ အသင်သည် ငါအသျှင်မြတ်ကိုသာလျှင် ခဝ်ကိုးကွယ်ပါလေ။ *[၂၀ : ၁၄]*

ဟူသော အာယသ်တော်၏ အဓိပ္ပာယ်သည် "ငါအသျှင်မြတ်ကိုသာလျှင် ခဝ်ကိုးကွယ်မှုကို ပြု၍ ငါအသျှင်မြတ်မှအပ အခြားမည်သည့်အရာ တစ်စုံတစ်ရာကိုမျှ ခဝ်ကိုးကွယ်မှု မပြုရန်ဖြစ်သည်။ ဤမိန့်မြွက်ချက်သည် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း) ၏ အခြေခံသဘောတရားတွင် ပါဝင်သွားပေသည်။ ရှေ့၌ လာရှိသော အာယသ်တော် اِنَّ السَّاعَةَ اٰتِيَةٌ (ကေန်မလွဲ 'ကေယာမသ်'နေ့သည် ရောက်ရှိလာပေလိမ့်မည်) ဟူသော အာယသ်တော်သည် 'အာခေရသ်'၏အကြောင်း ဖြစ်သည်။ فَاعۡبُدۡنِىۡ (သို့ဖြစ်ပေရာ အသင်သည် ငါအသျှင်မြတ်ကိုသာလျှင် ခဝ်ကိုးကွယ်ပါလေ။) ဟူသော အာယသ်တော်၏ ပညတ်ချက်အမိန့်၌လည်း နမာဇ်၏ အမိန့်ပါဝင်နေလင့်ကစား သို့ရာတွင် သီးခြားစွာ ၎င်းအား မိန့်တော်မူထားရခြင်းအကြောင်းမှာ နမာဇ်သည် ခဝ်ကိုးကွယ်ရာများတွင် အမွန်မြတ်ဆုံး၊ အမြင့်မြတ်ဆုံး ဖြစ်ခြင်း

တို့ကြောင့် ဖြစ်ပေသည်။ ဟဒီးစ်တော်၏ ရှင်းလင်းစွာ မိန့်မြွက်ချက်နှင့်အညီ သာသနာ၏ အုတ်မြစ် မဏ္ဍိုင်နှင့် အီမာန်၏ 'နူးရ်' (ရောင်ခြည်) ဖြစ်ပေသည်။ နမာဇ်ကို စွန့်လွှတ်ခြင်းသည် ကာဖိရ်များ၏ လက္ခဏာသင်္ကေတပင် ဖြစ်ပေသည်။

اَقِمِ الصَّلٰوةَ لِذِكۡرِىۡ

ထို့ပြင် အသင်သည် ငါအသျှင်မြတ်အား သတိရရန်အလို့ငှာ 'ဆွလားသ်'ဝတ်ပြုမှုကို ဆောက်တည် ပါလေ။ *[၂၀ : ၁၄]*

ဟူသော အာယသ်တော်၏ အလိုသဘောမှာ နမာဇ်၏ 'ရူးဟ်' (အဓိကအသက်) သည် အလ္လာဟ် အသျှင်မြတ်အား သတိရတသခြင်း ဖြစ်သည်။ နမာဇ်သည် အစမှ အဆုံးထိတိုင် အလ္လာဟ်အသျှင်မြတ်အား သတိရတသနေခြင်းသာ ဖြစ်ပေသည်။ နှုတ်လျှာမှသော်လည်းကောင်း၊ စိတ်နှလုံးသားမှသော်လည်းကောင်း၊ အခြားသော အစိတ်အပိုင်းများနှင့်သော်လည်းကောင်း ဖြစ်ပေသည်။ ထို့ကြောင့် နမာဇ်၌ အလ္လာဟ်အသျှင် မြတ်အား သတိရတသခြင်း၊ (ဇိက်ရ်ရုလ္လားဟ်) မှ မေ့လျော့ရန် မသင့်ပေ။ ထိုအာယသ်တော်၏ အလို သဘော၌ 'အကယ်၍ တစ်ဦးတစ်ယောက်သည် အိပ်မောကျ၍နေသည်။ သို့မဟုတ် အလုပ်တစ်ခု၌ နစ်မွန်း ကာ သတိမေ့သွားပေသည်။ ထို့ကြောင့် နမာဇ်အချိန် ကျော်လွန်သွားမှု နိုးထလာချိန် သို့မဟုတ် မေ့လျော့ မှုအား ပြန်လည်သတိရချိန်၌ ယင်းနမာဇ်ကို 'ကဇ္ဇာ' (အစားထိုးဖြည့်စွက်မှု) အဖြစ် ပြန်လည် ဝတ်ပြုရ ပေမည်။ ပမာတင်ပြရမည်ဆိုသော် ဟဒီးစ်တော်၏ အချို့သော ဆင့်ပြန်ချက်များတွင် လာရှိထားပေသည်။

اَكَادُ اُخۡفِيۡهَا

ငါအသျှင်မြတ်သည် ယင်း 'ကေယာမသ်'နေ့ကို အဖန်ဆင်းခံများအားလုံးထဲမှ မည်သူတစ်ဦး တစ်ယောက်ကိုမျှ အသိမပေးဘဲ လျှို့ဝှက်ထားလိုတော်မူပေသည်။ *[၂၀ : ၁၅]*

ယုတ်စွအဆုံး ကောင်းကင်တမန်တော်များနှင့် နဗီတမန်တော်များကိုပင် အသိပေးတော်မမူလိုပေ။ **اكاد** ဟူသော စကားလုံးမှ 'အကယ်၍ လူသားတို့အား 'ကေယာမသ်'နှင့် နောင်အာခေရသ်၏ သောကကို ပွားများစေကာ အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလတို့ကို နှိုးဆော်ရန် ရည်ရွယ်ချက်မထား ရှိမူ 'ကေယာမသ်'နေ့ ဆိုက်ရောက်လာမည့် အကြောင်းကိုပင် ထုတ်ဖော်မည်မဟုတ်ကြောင်းဘက်သို့ ရည်ညွှန်းထားပေသည်။ ပမာဆိုရသော် အထက်ဖော်ပြပါ အာယသ်တော်၌ اِنَّ السَّاعَةَ اٰتِيَةٌ (ကေန်မလွဲ 'ကေယာမသ်' နေ့သည် ရောက်ရှိလာပေမည်) ဟူသော အာယသ်တော်၏ အလိုသဘောသည် 'ကေယာမသ်' ဆိုက်ရောက် မည့် အချိန်ကို ဖုံးကွယ်ထားရာ၌ ပိုမိုလေးနက်သွားစေရန်သာ ဖြစ်ပေသည်။

لِتُجۡزٰى كُلُّ نَفۡسٍۢ بِمَا تَسۡعٰى

(လူတိုင်းလူတိုင်းသည် မိမိ၏ ကြိုးပမ်းမှုနှင့် လျော်ညီစွာ အကျိုးခံစားနိုင်စေရန်အလို့ငှာ) ဟူသော အာယသ်တော်၏ ဆက်စပ်မှုသည် اٰتِيَةٌ ဟူသော စကားလုံးနှင့် ဖြစ်နေလျှင်မူ အဓိပ္ပာယ်မှာ အောက်ဖော်ပြပါ

အတိုင်း ရှင်းလင်းလှပေသည်။ 'ကေယာမသ်'နေ့ ဆိုက်ရောက်လာမည်ဖြစ်ခြင်း၏ ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော အချက်မှာ ကမ္ဘာလောကသည် အကြောင်းအကျိုး၊ အကောင်းအဆိုး၊ ခံစား၊ စံစားရမည့် လောက မဟုတ်ပေ။ အကယ်၍ ရံဖန်ရံခါ ကမ္ဘာလောက၌ ပြစ်ဒဏ်အချို့ကို ခံစားရသည်ဆိုလျှင် ထိုပြစ်ဒဏ်သည် မိမိပြုမူလိုက်ခြင်း၏ ပြည့်ဝသော အစားမဟုတ်ဘဲ နမူနာပုံစံတစ်ရပ်သာ ဖြစ်ပေသည်။ ထို့ကြောင့် ကောင်းလျှင်စံ၊ မကောင်းလျှင် ခံရခြင်းတို့၏ ပြည့်ဝစွာ ခံစား၊ စံစားရန် အချိန်တစ်ချိန်သည် မုချ ဆိုက်ရောက်လာရန် အရေးကြီးပေသည်။

အကယ်၍ ဝါကျ၏ ဆက်စပ်မှုကို اكاد اخفيها ဟူသော ဝါကျဖြင့် ဆက်စပ်သည်ဟု ဆိုပါက အဓိပ္ပာယ်မှာ ဤသို့ပင် ဖြစ်သည်။ 'ကေယာမသ်'နေ့နှင့် သေခြင်းတရား၏ အချိန်နှင့် ရက်စွဲကို ကွယ်ဝှက်စွာ ထားရှိခြင်း၏ အမြော်အမြင်မှာ လူတို့သည် မိမိတို့၏ ကျင့်ကြံမှုနှင့် ကြိုးပမ်းမှုတို့၌သာ မေ့လျော့နေပေရန် ဖြစ်သည်။ တစ်ဦးချင်းဆိုင်ရာ 'ကေယာမသ်' (သေခြင်းတရား) နှင့် ကမ္ဘာလောကတစ်ခွင်လုံး၏ 'ကေယာမသ်' (စုရုံးရမည့်နေ့) ကို အဝေးကြီးဟူ၍ မှတ်ယူကာ မေ့လျော့မနေစေရန်ဖြစ်သည်။ *[မွှားဟ်]*

فَلَا يَصُدَّنَّكَ عَنْهَا

သို့ဖြစ်ပေရာ အသင့်အား ယင်း 'ကေယာမသ်'ကို ယုံကြည်ခြင်းမှ တားဆီးခြင်း မပြုစေနှင့်။ *[၂၀ : ၁၆]*

ထိုအာယသ်တော်တွင် ဟဇရတ်မူစာ ﷺ အား 'အသင်သည် ကာဖိရ်များနှင့် အီမာန်မရှိသော သူတို့၏ ပြောဆိုမှုကြောင့် 'ကေယာမသ်'နေ့၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ မမေ့လျော့စေရန်၊ အကယ်၍ မေ့လျော့သွားမည်ဆိုလျှင် ယင်းသို့ မေ့လျော့သွားခြင်းသည် အသင့်အဖို့ ပျက်စီးရာပျက်စီးကြောင်း၏ အကြောင်းခံ ဖြစ်သွားပေမည်။ ထိုသို့ဆိုလျှင် ယင်းအချက်သည် မဖြစ်တန်ကောင်းရာ'ဟူ၍ မိန့်မြွက်သတိပေးထားတော်မူပေသည်။ 'နဗီရစူလ်တမန်တော်တစ်ပါးပါးသည် အပြစ်ကင်းစင်သည့်အတွက်ကြောင့် ဤသို့ မေ့လျော့မှု ဖြစ်နိုင်မည် မဟုတ်'ကြောင်းမှာ ထင်ရှားလှပေသည်။ ထိုအချက်တည်ရှိနေသည့် ကြားကပင် ထိုသို့ မိန့်တော်မူခြင်းမှာ စင်စစ် ၄င်းနဗီ၏ အွမ္မသ် (နောက်လိုက်ထု) နှင့် အခြားသော အဖန်ဆင်းခံများကို 'အလ္လာဟ်အသျှင်မြတ်၏ နဗီတမန်တော်များကိုပင် ဤကဲ့သို့ လေးနက်စွာ မိန့်တော်မူထားသည် ဆိုလျှင် ကျွန်ုပ်တို့အဖို့ အဘယ်မျှခန့် သတိထားနေထိုင်ရန် လိုအပ်ကြောင်း' ကြားနာစေတော်မူရန် ဖြစ်သည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَمَا تِلْكَ بِيَمِينِكَ يَٰمُوسَىٰ ﴿١٧﴾

၂၀ : ၁၇ ။ ။ ၄င်းပြင် 'အို, မူစာ၊ အသင်၏ လက်ျာဘက်လက်၌ ဤသည် အဘယ်အရာနည်း။'

قَالَ هِيَ عَصَايَ أَتَوَكَّأُ عَلَيْهَا وَأَهُشُّ بِهَا عَلَىٰ غَنَمِي وَلِيَ فِيهَا مَآرِبُ أُخْرَىٰ ﴿١٨﴾

၂၀ ː ၁၈ ။ ။ ယင်း (မူစာ) က (အို၊ အသျှင်) 'ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေးဖြစ်ပါသည်။ ကျွန်တော်မျိုးသည် ယင်းတောင်ဝှေးပေါ်၌ အမှီသဟဲပြုပါသည်။ ၎င်းပြင် ကျွန်တော်မျိုးသည် ယင်းတောင်ဝှေးဖြင့် မိမိ၏ ဆိတ်များအဖို့ သစ်ရွက်သစ်ခက်များကိုလည်း ခြွေပါသည်။ ထို့ပြင် ကျွန်တော်မျိုးအဖို့ ယင်းတောင်ဝှေး၌ အခြားအလိုဆန္ဒများ (အလုပ်များ) လည်း ရှိပါသေးသည်။'

قَالَ أَلْقِهَا يَا مُوسَىٰ ﴿١٩﴾

၂၀ ː ၁၉ ။ ။ ထိုအသျှင်မြတ်က 'အို၊ မူစာ၊ အသင်သည် ယင်းတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချပါလေ'ဟု မိန့်ကြားတော်မူခဲ့လေ၏။

فَأَلْقَاهَا فَإِذَا هِيَ حَيَّةٌ تَسْعَىٰ ﴿٢٠﴾

၂၀ ː ၂၀ ။ ။ သို့ဖြစ်ပေရာ ၎င်း (မူစာ) သည် ယင်းတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချခဲ့သောအခါ၊ ရုတ်တရက် ယင်းတောင်ဝှေးသည် လှုပ်ရှားသွားလာနေသော မြွေတစ်ကောင် ဖြစ်နေလေတော့၏။

قَالَ خُذْهَا وَلَا تَخَفْ سَنُعِيدُهَا سِيرَتَهَا الْأُولَىٰ ﴿٢١﴾

၂၀ ː ၂၁ ။ ။ တစ်ဖန် ထိုအသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေ၏။ '(အို၊ မူစာ) အသင်သည် ယင်းမြွေကို (မိမိ၏ လက်ဖြင့်) ကိုင်ဖမ်းပါလေ။ ၎င်းပြင် အသင်မကြောက်ပါနှင့်။ ယခုပင် ငါအသျှင်မြတ်သည် ယင်းမြွေကို ၎င်း၏ မူလပဌမအခြေအနေအတိုင်း ပြန်လည်၍ ဖြစ်စေတော်မူမည်။'

وَاضْمُمْ يَدَكَ إِلَىٰ جَنَاحِكَ تَخْرُجْ بَيْضَاءَ مِنْ غَيْرِ سُوءٍ آيَةً أُخْرَىٰ ﴿٢٢﴾

၂၀ ː ၂၂ ။ ။ ထို့ပြင် အသင်သည် မိမိ (၏ ယာဘက်) လက်ကို မိမိ (၏ ဝဲဘက်) ချိုင်းကြားသို့ သွင်းပါလေ။ ယင်းလက်မှာ အနာအဆာ လုံးဝမရှိဘဲ လင်းဝင်းထွန်းတောက်လျက် ထွက်ပေါ်၍ လာပေမည်။ ဤသည် အခြားသော သက်သေလက္ခဏာတော်တစ်ပါး ဖြစ်ပေ၏။

لِنُرِيَكَ مِنْ آيَاتِنَا الْكُبْرَى ﴿٢٣﴾

၂၀ ː ၂၃ ။ ။ (ဤသို့ ဖြစ်စေတော်မူခြင်းမှာ) ငါအသျှင်မြတ်သည် မိမိ၏ ကြီးကျယ်လှစွာသော သက်သေလက္ခဏာတော်များအနက် (အချို့ကို) အသင့်အား ပြသတော်မူရန် ဖြစ်ချေသည်။

اِذْهَبْ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿٢٤﴾

၂၀ : ၂၄॥ ॥ (ယခု) အသင်သည် ဖိရ်အောင်န်ထံသို့ သွားပါလေ။ ကေန်မလွဲ ယင်းဖိရ်အောင်န်သည် သွေဖည်ရာတွင် ကျူးလွန်နေချေပြီ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငှင်းပြင် (အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်မူစာ عليه السلام အား ဤသည်ကိုလည်း မိန့်တော်မူပေသည်။) အို့၊ မူစာ၊ အသင်၏ လက်ယာဘက်လက်၌ ဤသည် အဘယ်အရာနည်း။ ယင်း (မူစာ) က (အို့၊ အသျှင်) ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေးဖြစ်ပါသည်။ ကျွန်တော်မျိုးသည် (တစ်ခါတစ်ရံ) ယင်းတောင်ဝှေးအပေါ်၌ အမှီသဟဲပြုပါသည်။ ငှင်းပြင် ကျွန်တော်မျိုးသည် (တစ်ခါတစ်ရံ) ယင်းတောင်ဝှေးဖြင့် မိမိ၏ ဆိတ်များအဖို့ (သစ်ပင်၏) သစ်ရွက်သစ်ခက်များကိုလည်း ခြွေပါသည်။ ထို့ပြင် ကျွန်တော်မျိုးအဖို့ ယင်းတောင်ဝှေး၌ (ပခုံးအပေါ်၌ တင်ထမ်းကာ ပစ္စည်းများကို ချိတ်ဆွဲသယ်ဆောင်ခြင်း၊ သို့မဟုတ် အန္တရာယ်ပြုမည့် တိရစ္ဆာန်များကို ယင်းတောင်ဝှေးဖြင့် အဟန့်အတားပြုခြင်း အစရှိသော) အခြား အလိုဆန္ဒများ (အလုပ်များ) လည်း ရှိပါသေးသည်'ဟု လျှောက်ထား အစီရင်ခံခဲ့လေသည်။ ထိုအသျှင်မြတ်က 'အို့၊ မူစာ၊ အသင်သည် ယင်းတောင်ဝှေးကို (မြေကြီးပေါ်သို့) ပစ်ချပါလေ'ဟု မိန့်ကြားတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ငှင်း (မူစာ) သည် ယင်းတောင်ဝှေးကို မြေကြီးပေါ်သို့ ပစ်ချခဲ့သောအခါ (အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ဖြင့်) ရုတ်တရက် ယင်းတောင်ဝှေးသည် လှုပ်ရှားသွားလာနေသော မြွေတစ်ကောင်ဖြစ်နေတော့၏။ (အကြင်အချင်းအရာကြောင့် ဟဇရတ်မူစာ عليه السلام သည် ကြောက်ရွံ့သွား၏။) တစ်ဖန် ထိုအသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေ၏။ (အို့၊ မူစာ) အသင်သည် ယင်းမြွေကို (မိမိ၏ လက်ဖြင့်) ကိုင်ဖမ်းပါလေ။ ငှင်းပြင် အသင်မကြောက်ပါနှင့်။ (အသင်ကိုင်ဖမ်းလိုက်သည်နှင့်) ယခုပင် ငါအသျှင်မြတ်သည် ယင်းမြွေကို ငှင်း၏ မူလပထမ အခြေအနေအတိုင်း ပြန်လည်၍ ဖြစ်စေတော်မူမည်။ (ဆိုလိုသည်မှာ ဤမြွေသည် တစ်ဖန် တောင်ဝှေးပြန်လည် ဖြစ်သွားပေလိမ့်မည်။ အသင့်အား အနည်းငယ်မျှပင် အန္တရာယ်ပြုမည်မဟုတ်။ တန်ခိုးတော်တစ်ရပ်သည်မူ အထက်ဖော်ပြပါအတိုင်း ဖြစ်ပေသည်။) ထို့ပြင် ဒုတိယချီးမြှင့်တော်မူထားသော တန်ခိုးတော်တစ်ရပ်မှာ) အသင်သည် မိမိ၏ ယာဘက်လက်ကို မိမိ (၏ ဝဲဘက်) ချိုင်းကြားသို့ သွင်းပါလေ။ (တစ်ဖန်ပြန်၍ ထုတ်လိုက်ပါ။) ယင်းလက်မှာ (ခရုသင်း အစရှိသော ရောဂါတစ်စုံတစ်ရာဖြစ်သည့် ပုံစံမျိုးမဟုတ်ဘဲ) အနာအဆာလုံးဝမရှိဘဲ (အလွန်) လင်းဝင်း ထွန်းလင်းတောက်ပလျက် ရှိပေမည်။ ဤသည် အခြားသော (ငါအသျှင်မြတ်၏ တန်ခိုးတော်နှင့် အသင် နဗီဖြစ်ခြင်း၏) သက်သေလက္ခဏာတော်တစ်ပါး ဖြစ်ပေသည်။

(ဤသို့ တောင်ဝှေးကို အောက်သို့ ပစ်ချခိုင်းလိုက်ခြင်းနှင့် ချိုင်းအောက်သို့ လက်ကို သွတ်သွင်းရန် အမိန့်ပေးတော်မူရခြင်း အကြောင်းမှာ) ငါအသျှင်မြတ်သည် မိမိ၏ ကြီးကျယ်လှစွာသော (တန်ခိုး)

သက်သေလက္ခဏာတော်များအနက် (အချို့ကို) အသင့်အား ပြသတော်မူရန် ဖြစ်ချေသည်။ (သို့ရှိရာ ယခု ယင်းသက်သေ လက္ခဏာတော်များကို ယူဆောင်လျက်) အသင်သည် ဖိရ်အောင်န်ထံသို့ သွားပါလေ။ ကေန်မလွဲ ယင်းဖိရ်အောင်န်သည် သွေဖည်ရာတွင် ကျူးလွန်နေချေပြီ။ (၎င်းသည် အလ္လာဟ်အသျှင်မြတ်ဖြစ်ကြောင်း ကြွေးကြော်လျက် ရှိနေသည်။ အသင်သည် ၎င်းအား တစ်ပါးတည်း တည်ရှိခြင်း၏ တရားဘက်သို့ ဖိတ်ခေါ်ပါလေ။ အကယ်၍ အသင် နဗီဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ၎င်းသည် သံသယဖြစ်နေမူ ဤတန်ခိုးသက်သေလက္ခဏာတော်များကို ပြသကုန်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَمَا تِلْكَ بِيَمِينِكَ يَٰمُوسَىٰ

(၎င်းပြင် အို၊ မူစာ၊ အသင်၏ လက်ယာလက်၌ ဤသည် အဘယ်အရာနည်း) ဟူသော အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဟဇရသ်မူစာ عليه السلام အား 'အသင်၏ လက်ဝယ်အတွင်း၌ မည်သည့်အရာနည်း' ဟူ၍ မေးမြန်းတော်မူခြင်းသည် ဟဇရသ်မူစာ عليه السلام ၏ အပေါ် နူးညံ့မှုတရား၊ ရက်ရောမှုတရားနှင့် သီးသန့်ကရုဏာတော် ကျရောက်ခြင်း၏ အစပျိုးမှုပင် ဖြစ်ပေသည်။ သို့မှသာ အံ့ဖွယ်မြင်ကွင်းများကို ကြည့်ရှုမိခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ မုက္ခပါဌ်တော်ကို ကြားနာရာ၌ ကြောက်ရွံ့မှုအသွင် ၎င်းအပေါ် လွှမ်းမိုးခြင်းမှ ဝေးကွာသွားစေရန် ဖြစ်သည်။ 'အသင်၏ လက်ဝယ်အတွင်း၌ မည်သည့်အရာနည်းဟူ၍ မေးမြန်းတော်မူခြင်းသည် မိတ်ဆွေအသွင်သဏ္ဍာန်ဖြင့် မိန့်မြွက်တော်မူခြင်း ဖြစ်ပေသည်။ ထို့အပြင် ယင်းကဲ့သို့ မေးမြန်းရာ၌ ဤအောက်ဖော်ပြပါ အမြော်အမြင်တော်တစ်ရပ်လည်း ရှိပေသည်။ ရှေ့၌ ဆက်လက်၍ ၎င်း၏ လက်ဝယ်အတွင်း၌ ရှိသော တောင်ဝှေးကို မြွေအဖြစ် ပြုလုပ်ပြသရန် ရှိပေသည်။ ထို့ကြောင့် ဦးစွာ ကြည့်ပါ။ အသင့်လက်ဝယ်တွင် မည်သည့်အရာရှိပေသနည်း' ဟူ၍ သတိပေးတော်မူလိုက်ခြင်း ဖြစ်ပေသည်။ ၎င်းမူစာ عليه السلام ကလည်း သစ်သားတောင်ဝှေးအဖြစ် တွေ့မြင်သော အချိန်၌ ယင်းတောင်ဝှေးကိုပင် မြွေအဖြစ် ပြုလုပ်ပေးလိုက်ခြင်း၏ တန်ခိုးတော်ကို ဖော်ထုတ်ပြသပေးလိုက်ခြင်း ဖြစ်ပေသည်။ သို့တည်းမဟုတ် ဟဇရသ်မူစာ عليه السلام သည် 'ကျွန်ုပ်သည် ညဥ့်အချိန် အမှောင်၌ တောင်ဝှေး၏အစား မြွေကို ဖမ်းကိုင်လိုက်သည်' ဟူ၍ ထင်မြင်ကောင်း ထင်မြင်သွားနိုင်ပေသည်။

قَالَ هِىَ عَصَاىَ

ယင်းမူစာက 'အို၊ အသျှင်၊ ဤသည် ကျွန်ုပ်တော်မျိုး၏ တောင်ဝှေးဖြစ်ပါသည်။' *[၂၀ : ၁၈]*

ဟဇရသ်မူစာ عليه السلام အား မေးမြန်းခြင်းသည် လက်ထဲ၌ မည်သည့်အရာ ရှိကြောင်းကိုသာ မေးမြန်းရာ တောင်ဝှေးဖြစ်ကြောင်း လျှောက်ထားလိုက်ခြင်းသည် လုံလောက်ပေသည်။ သို့ရာတွင် ဟဇရသ်မူစာ عليه السلام သည် ဤနေရာ၌ မူရင်းမေးခွန်းထက် အဖြေ (၃) ရပ်ကို သာပို၍ လျှောက်ထားဖြေကြားလိုက်

လေသည်။ ပထမလျှောက်ထားဖြေကြားချက်သည် ဤသည် ကျွန်တော်မျိုး၏ တောင်ဝှေးဖြစ်ကြောင်း၊ ဒုတိယဖြေကြားချက်မှာ ထိုတောင်ဝှေးဖြင့် မိမိ၏ ဆိတ်များအတွက် သစ်ပင်မှ သစ်ရွက်များကို ခြွေချကြောင်းနှင့် တတိယဖြေကြားချက်မှာ အခြားအလိုဆန္ဒ အလုပ်များလည်း ရှိကြောင်းကို လျှောက်ထားလိုက်လေသည်။ ထိုချဲ့၍ ရှည်လျားစွာ ဖြေကြားသော လျှောက်ထားချက်တို့၌ ချစ်စိတ်နှင့်အတူ ရှိသေသမှု၏ စောင့်စည်းအပ်သော ပြည့်စုံသည့် အရည်အချင်းကိုပါ တစ်ပါးတည်း ဖော်ထုတ်ပြသလိုက်ပေသည်။ ချစ်စိတ်၏ လိုလားချက်မှာ မိမိ၏ အချစ်တော်သည် ကရုဏာတော်သက်ကာ မိမိဘက်သို့ အာရုံစူးစိုက်လိုက်သည်ဆိုလျှင် သာပို၍ အကျိုးခံစားရလေအောင် စကားကို ရှည်လျားစွာ လျှောက်ထားရမည်သာ ဖြစ်ပေသည်။ သို့ရာတွင် တစ်ဆက်တည်းမှာပင် ယဉ်ကျေးမှုအရ ဖြစ်လိုသည်မှာ အလွန်အားနာမှု ကင်းမဲ့ကာ ရှည်လျားစွာ ဖြေကြားချက်ကို မလျှောက်ထားရန်ဖြစ်သည်။ ထိုဒုတိယလိုလားချက်အပေါ် ကျင့်ကြံကြောင်းကို ပြသရန် အတွက် နောက်ဆုံး၌ အတိုချုံး၍ وَلِيَ مَارِبُ اخراى (ထို့ပြင် ကျွန်တော်မျိုးအဖို့ ယင်းတောင်ဝှေး၌ အခြားအလိုဆန္ဒများလည်း ရှိပေသေးသည်) ဟူ၍ လျှောက်ထားလိုက်လေသည်။ အခြားအလိုဆန္ဒများ၏ အလုပ်များ၏ အကျယ်ချဲ့အချက်ကိုမူ မတင်ပြထားပေ။ *[ရူးဟ်၊ မဇ္ဇဟရီကျမ်း။]*

အကျယ်ချဲ့ဖွင့်ဆိုသော ကုရ်သုဗီကျမ်း၌ ယင်းအာယသ်တော်မှ ပညတ်ချက်တစ်ရပ်ကို ကောက်နုတ်တင်ပြထားရာတွင် လိုအပ်၍ အကျိုးရှိလောက်မည်ဟု ထင်သော အချိန်၌ မမေးမြန်းသော အချက်ကိုလည်း ဖြေကြားခြင်း ပိုင်ကြောင်းကို သိရှိရပေသည်။

မဗ္ဗသတ် ။ ။ ဤအာယသ်တော်မှ လက်၌ တောင်ဝှေးထားရှိခြင်းသည် နဗီတမန်တော်များ၏ စွန္နသ်ဖြစ်ကြောင်းကို သိရှိရပေသည်။ ဤသို့ တောင်ဝှေးဆောင်ထားခြင်းသည် တမန်တော်မြတ် ﷺ ၏ စွန္နသ်တော်လည်း ဖြစ်ပေသည်။ ယင်းသို့ ဆောင်ထားရာ၌ လောကီနှင့် သာသနာရေးဆိုင်ရာ မရေမတွက်နိုင်လောက်အောင်သော အကျိုးထူးများ ရှိပေသည်။ *[ကုရ်သုဗီးကျမ်း]*

فَاِذَا هِيَ حَيَّةٌ تَسْعٰى

ရုတ်တရက် ယင်းတောင်ဝှေးသည် လှုပ်ရှားသွားလာနေသော မြွေတစ်ကောင်ဖြစ်လေတော့၏။

[၂၀ ; ၂၀]

ဟဇရသ်မူစာ عليه السلام ၏ လက်ဝယ်အတွင်း၌ တောင်ဝှေးရှိပေသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ထိုတောင်ဝှေးကို မြေပြင်ပေါ်သို့ ပစ်ချလိုက်သောအခါ ထိုတောင်ဝှေးသည် မြွေ ဖြစ်သွားပေသည်။ ထိုမြွေနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်အတွင်း၌ တစ်နေရာတွင် كَاَنَّهَا جَآنٌّ (မြွေကဲ့သို့) ဟူ၍ လာရှိပေသည်။ 'ဂျာန်'၏ အဓိပ္ပာယ်မှာ အာရဗီအဘိဓါန်၌ သေး၍ ပိန်သွယ်သော မြွေကို ခေါ်ဆိုပေသည်။ ဒုတိယတစ်နေရာ၌ فَاِذَا هِيَ ثُعْبَانٌ (ရုတ်တရက် မြွေနဂါးကြီး

တစ်ကောင်) ဟူ၍ လာရှိထားပေသည်။ 'စိုအ်ဗား'၏ အဓိပ္ပာယ်သည် ကြီးမားသော မြွေကို ခေါ်ဆိုပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်တွင် حَيَّةٌ (ဟိုက်ယသူးန်) ဟူ၍ လာရှိထားပေသည်။ ခြုံငုံသော သဘောမျိုးဖြင့် မြွေကြီး၊ မြွေသေးအားလုံးကို 'ဟိုက်ယသူးန်' ဟူ၍ ခေါ်ဆိုပေသည်။ အာယသ်တော်များကြား၌ ညှိနှိုင်းခွဲခြမ်း တင်ပြနိုင်သည့် ပုံသဏ္ဌာန်မှာ ဤသို့ ဖြစ်နိုင်ပေသည်။ ဤမြွေသည် အစ၌ ပိန်၍ သေးသွယ်ကာ တစ်ဖန် ကြီးမားဝဖြိုးသော မြွေကြီးဖြစ်သွားပေသည်။ သို့မဟုတ် အစကတည်းက ဤမြွေသည် ကြီးမားသော မြွေတစ်ကောင်ဖြစ်၍ သို့ရာတွင် ၎င်းအား 'ဂျားန်'ပိန်သွယ်သေးငယ်သော မြွေဟူ၍ မိန့်တော်မူရခြင်းမှာ 'ဤမြွေကြီးသည် လျင်မြန်မှု၌ မြွေသေးတစ်ကောင်ကဲ့သို့ ဖြစ်ကြောင်း' ကို ထောက်ရှု၍ သုံးနှုန်းထားခြင်း ဖြစ်ပေသည်။ ဆိုလိုသည်မှာ ဖြစ်ရိုးဖြစ်စဉ်နှင့် ဆန့်ကျင်နေပေသည်။ ကြီးသော မြွေသည် လျင်မြန်စွာ မသွားနိုင်ဘဲ ဤမြွေကြီးသည် ကြီးသော်ငြားလည်း လျင်မြန်စွာ သွားလာနိုင်ပေသည်။ အာယသ်တော် (၂၇ ႏ ၁၀) တွင် လာရှိထားသော كَأَنَّهَا (ကဲ့သို့) သည် အသွင်တူခြင်း၏ အနက်ကို ဟောနိုင်သလို 'သီးသန့် လျင်မြန်မှု'၏ အနက်ကိုလည်း 'ဂျားန်' စာလုံးမှ ကောက်ယူနိုင်ခြင်းဘက်သို့ ညွှန်ပြဖော်ထုတ်ထားဟန် တူပေသည်။ *[မဇှ်ဟရီး]*

وَاضْمُمْ يَدَكَ إِلَىٰ جَنَاحِكَ

(ထို့ပြင် အသင်သည် မိမိ၏ လက်ကို မိမိကျိုင်းကြားသို့ သွင်းပါလေ။) *[၂၀ ႏ ၂၂]*

'ဂျနာဟူးန်'၏ မူရင်းအဓိပ္ပာယ်သည် တိရစ္ဆာန်များ၏ အတောင်ပံကို ခေါ်ဆိုပေသည်။ ဤနေရာ၌ မိမိ၏လက်မောင်း (ကျိုင်း) အောက်သို့ လက်ကို သွင်းရန် မိန့်တော်မူထားခြင်းမှာ ဒုတိယတန်ခိုးတော် ဟဇရတ်မူစာ عليه السلام အား ချီးမြှင့်တော်မူရန် ဖြစ်ပေသည်။ ကျိုင်းအောက်သို့ လက်ကို သွင်းကာ ပြန်ထုတ်လိုက်ပါမူ နေမင်းကဲ့သို့ လက်သည် ထွန်းလင်းလျက်ရှိနေပေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးထံမှ تَخْرُجْ بَيْضَاءَ ဟူသော အာယသ်တော်၏ အကျယ်ချဲ့ဖွင့်ဆိုချက်သည် ဤအတိုင်းပင် လာရှိထားပေသည်။ *[မဇှ်ဟရီး]*

اذْهَبْ إِلَىٰ فِرْعَوْنَ

(ယခု အသင်သည် ဖိရ်အောင်န်ထံသို့ သွားပါလေ) ဟူသော အာယသ်တော်တွင် မိမိ၏ ရစူလ်တမန်တော်ကို အလွန်ကြီးကျယ်သော တန်ခိုးတော်နှစ်ရပ်ကို ချီးမြှင့်၍ ဆိုးသွမ်းသော ဖိရ်အောင်န်ထံသို့ အီမာန်ဘက်သို့ ဖိတ်ခေါ်ရန် မိန့်တော်မူခြင်း ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالَ رَبِّ اشْرَحْ لِي صَدْرِي ﴿٢٥﴾

၂၀ : ၂၅ ။ ။ (ထိုအခါ) ယင်း (မူစာ) က (ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို၊ ကျွန်တော်မျိုး၏ အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုး၏ ရင်ကို ကျယ်ဝန်း၊ ကြည်လင်စေတော်မူပါ။'

وَيَسِّرْ لِي أَمْرِي ﴿٢٦﴾

၂၀ : ၂၆ ။ ။ '၎င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ အရေးကိစ္စကို လွယ်ကူစေတော်မူပါ။'

وَاحْلُلْ عُقْدَةً مِّن لِّسَانِي ﴿٢٧﴾

၂၀ : ၂၇ ။ ။ 'ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ လျှာမှ အထုံး (စကားထစ်ခြင်း) ကို ဖြေ၍ ပေးတော်မူပါ'

يَفْقَهُوا قَوْلِي ﴿٢٨﴾

၂၀ : ၂၈ ။ ။ 'သို့မှသာလျှင် လူတို့သည် ကျွန်တော်မျိုး၏ စကားကို ကောင်းစွာ နားလည်နိုင်ကြမည် ဖြစ်ပါသည်'

وَاجْعَل لِّي وَزِيرًا مِّنْ أَهْلِي ﴿٢٩﴾

၂၀ : ၂၉ ။ ။ 'ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ အိမ်ထောင်စုသားတို့အနက်မှပင်၊ ကျွန်တော်မျိုးအဖို့ ကူညီ ရိုင်းပင်းသူတစ်ဦးကို ခန့်အပ်ပေးသနားတော်မူပါ။'

هَارُونَ أَخِي ﴿٣٠﴾

၂၀ : ၃၀ ။ ။ 'ကျွန်တော်မျိုး၏ နောင်တော် ဟာရူန်အား (ခန့်အပ်ပေးတော်မူပါ။)'

اشْدُدْ بِهِ أَزْرِي ﴿٣١﴾

၂၀ : ၃၁ ။ ။ 'အသျှင်မြတ်သည် ၎င်း (ဟာရူန်) ဖြင့် ကျွန်တော်မျိုး၏ အင်အားကို ဖြည့်တင်း၍ ပေးတော်မူပါ။'

وَأَشْرِكْهُ فِي أَمْرِي ﴿٣٢﴾

၂၀ : ၃၂ ။ ။ 'ထို့ပြင် အသျှင်မြတ်သည် ၎င်း (ဟာရူန်) အား ကျွန်တော်မျိုး၏ အရေးကိစ္စတွင်လည်း တွဲဖက်၍ ပါဝင် ဆောင်ရွက်စေတော်မူပါ။'

وَّ نُسَبِّحَكَ كَثِيۡرًا ۙ﴿۳۳﴾

၂၀ : ၃၃ ။ ။ 'ကျွန်တော်မျိုးတို့သည် အသျှင်မြတ် 'သတ်စ်ဗီးဟ်' (သန့်ရှင်းစင်ကြယ်တော်မူကြောင်း) ကို များစွာ (ဝုဏ်တော်ချွမ်း) ဘဝနာစီးဖြန်းနိုင်ကြရန်အလို့ငှာလည်းကောင်း။'

وَّ نَذۡكُرَكَ كَثِيۡرًا ﴿۳۴﴾

၂၀ : ၃၄ ။ ။ 'ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အား များစွာ အောက်မေ့တသ သတိရနိုင်ကြရန် အလို့ငှာလည်းကောင်း ဖြစ်ပါသည်။'

اِنَّكَ كُنۡتَ بِنَا بَصِيۡرًا ﴿۳۵﴾

၂၀ : ၃၅ ။ ။ 'ကေန်မလွဲ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကောင်းစွာ ရှုမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။'

قَالَ قَدۡ اُوۡتِيۡتَ سُؤۡلَكَ يٰمُوۡسٰى ﴿۳۶﴾

၂၀ : ၃၆ ။ ။ ထိုအသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ 'အို၊ မူစာ၊ ကေန်မလွဲ အသင်သည် မိမိ၏ တောင်းခံချက်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရလေပြီ။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဟဇရတ်မူစာ ﷺ သည် မိမိအား ရစူလ်တမန်တော်အဖြစ် ပြုကာ ဖိရ်အောင်န်အား ရှင်းပြရန် အတွက် စေလွှတ်တော်မူလိုက်သည်ကို သိရှိသွားသောအခါ ထိုအချိန်၌ ယင်းကြီးမားသော ရာထူးအဆင့် အတန်း၏ ခက်ခဲမှုများကို လွယ်ကူစေရန်အတွက် ထိုအခါ) ယင်း (မူစာ) က (ဤသို့) လျှောက်ထား ပန်ကြားခဲ့လေသည်။ အို၊ ကျွန်တော်မျိုး၏ အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုး၏ ရင်ကို (သာဗိုရ်) ကျယ်ဝန်း ကြည်လင်စေတော်မူပါ။ (အကြောင်းမှာ သာသနာပြုရာ၌ အဟာန့်အတား သို့မဟုတ် ငြင်းဆိုခြင်းခံရခြင်းနှင့် ဆန့်ကျင်ဘက်ပြုခြင်းကို ခံရခြင်းတို့၌ စိတ်ကျပ်တည်းမှု မဖြစ်စေရန်ဖြစ်သည်) ၄င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ (သာသနာပြန့်ပွားရေး၏) အရေးကိစ္စ (အလုပ်) ကို လွယ်ကူ စေတော်မူပါ။ (သာသနာပြုခြင်း၏ အကြောင်းခံများ ပေါင်းစည်းတည်ရှိခြင်းနှင့် ယင်းကိစ္စကို အဟာန့်အတား ဖြစ်စေသော အချက်များအား ပပျောက်သွားစေရန် ဖြစ်သည်။) ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ လျှာမှ အထုံး (ထစ်အ) မှုကို ဖြေ၍ ပေးတော်မူပါ။ သို့မှသာလျှင် လူတို့သည် ကျွန်တော်မျိုး၏ စကားကို ကောင်းစွာ နားလည်နိုင်ကြမည် ဖြစ်ပါသည်။ ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ အိမ်ထောင်စု သားတို့အနက်မှပင် ကျွန်တော်မျိုးအဖို့ ကူညီရိုင်းပင်းသူတစ်ဦးကို ခန့်အပ်ပေးသနားတော်မူပါ။ ကျွန်တော်

မျိုး၏ နောင်တော်ဟာရူန်အား (ခန့်အပ်ပေးတော်မူပါ။) အသျှင်မြတ်သည် ၎င်း (ဟာရူန်) ဖြင့် ကျွန်တော်မျိုး၏ အင်အားကို ဖြည့်တင်း၍ ပေးတော်မူပါ။

ထို့ပြင် ၎င်း (ဟာရူန်) အား ကျွန်တော်မျိုး၏ (သာသနာဖြန့်ဖြူးရေး) အရေးကိစ္စတွင်လည်း တွဲဖက်၍ ပါဝင်ဆောင်ရွက်စေတော်မူပါ။ (ဆိုလိုသည်မှာ ၎င်းအား နဗီအဖြစ် ပြုလုပ်တော်မူ၍ သာသနာဖြန့်ဖြူးရေးကိစ္စတွင် ပါဝင်သောသူအဖြစ် ပြုပေးသနားတော်မူပါ။ အကြောင်းမှာ ကျွန်တော်မျိုးတို့နှစ်ဦး သာသနာဖြန့်ဖြူးရေးကိစ္စကို ဆောင်ရွက်ရန် ဖြစ်သည်။ ထို့ပြင် ကျွန်တော်မျိုး၏ နှလုံးရည်ကိုလည်း အင်အားရရှိစေရန် ဖြစ်သည်။) ကျွန်တော်မျိုးတို့ (နှစ်) ဦးသည် အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်' (တုဖက်ကင်းယှဉ်ခြင်းနှင့် ချီးကျူးချီးပွင့်ခြင်းအပေါင်းတို့ ကင်းရှင်း သန့်ရှင်းစင်ကြယ်တော်မူကြောင်း) ကို များစွာ (ဂုဏ်တော်မွမ်း) ဘာဝနာစီးဖြန်းနိုင်ကြရန်အလို့ငှာလည်းကောင်း၊ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်၏ (ပြည့်ဝ စုံလင်မှုများနှင့် ဂုဏ်တော်များအား) များစွာ အောက်မေ့တသ သတိရနိုင်ကြရန် အလို့ငှာလည်းကောင်း ဖြစ်ပါသည်။ (အဘယ်ကြောင့်ဆိုသော် လူပုဂ္ဂိုလ်နှစ်ဦး သာသနာပြုသူ ဖြစ်သွားကြပါမူ တစ်ဦးချင်းစီ၏ တင်ပြမှုသည် အခြားတစ်ဦး၏ ပံ့ပိုးဖြည့်စွက်မှုဖြင့် အင်အားတိုးပွားမှု ဖြစ်ပေါ်ပေလိမ့်မည်) ကေန်မလွဲ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့၏ (အခြေအနေအား) ကောင်းစွာ ရှုမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်။ (ထိုအခြေအနေတို့ကြောင့် ကျွန်တော်မျိုးတို့၏ လိုအပ်ချက်ဖြစ်သော 'တစ်ဦးကို တစ်ဦး ရိုင်းပင်းကူညီရန်' အမှုကိစ္စကို အသျှင်မြတ်သည် သိနားလည်တော်မူပါသည်။) ထိုအသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ အို၊ မူစာ၊ ကေန်မလွဲ အသင်သည် မိမိ၏ တောင်းခံချက် (တိုင်း) ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရလေပြီ။ ယင်းနှင့် စပ်လျဉ်း၍ رب اشرح لي တွင် တင်ပြထားပါသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရတ်မူစာ ﷺ သည် အလ္လာဟ်အသျှင်မြတ်နှင့် စကားပြောဆိုတော်မူခြင်း၏ သီးသန့် ထွတ်မြတ်မှုကို ရရှိခဲ့သည်။ ထို့ပြင် နဗီအဖြစ်နှင့် ရစူလ်အဖြစ် ချီးမြှင့်ခြင်းကို ပေးအပ်ခြင်း ခံလိုက်ရပါမူ မိမိပင်ကိုယ် အရည်အချင်းအင်အားအပေါ် အားကိုးမှုကို စွန့်လွှတ်၍ 'ထိုကြီးမားသော အဆင့်အတန်း၏ တာဝန်များသည် ထိုအသျှင်မြတ်၏ မစမှုဖြင့်သာ ပြည့်ဝနိုင်မည် ဖြစ်ကြောင်းနှင့် ထိုအမှုကိစ္စရပ်အပေါ် မုချ သက်ရောက်လာမည်ဖြစ်သော ဒုက္ခ၊ ခက်ခဲမှုတို့ကို ခံစားနိုင်ရန် စွမ်းအားသည်လည်း အလ္လာဟ်အသျှင်မြတ်ဘက်တော်မှသာ ရရှိနိုင်မည်ဖြစ်ကြောင်းကို သိရှိကာ အလ္လာဟ်အသျှင်မြတ်ဘက်သို့ အာရုံစူးစိုက်မှုကို ပြုလေသည်။ ထို့ကြောင့် ယင်းအချိန်၌ ဆုမွန်ဒိုအာ (၅) ရပ်ကို ပြုလေသည်။

ပထမဒိုအာမှာ–

اِشْرَحْ لِیْ صَدْرِیْ

ကျွန်တော်မျိုး၏ ရင်ကို ကျယ်ဝန်းကြည်လင်စေတော်မူပါ။

ထိုသို့ တောင်းခံရာ၌ 'နဗီဖြစ်ခြင်းဆိုင်ရာ ပညာရပ်များကိုသော်လည်းကောင်း၊ လူတို့အား အီမာန်၏ ဖိတ်ခေါ်မှုကို ပြုရာ၌ လူသားတို့ဘက်မှ ပြန်လည်တုန့်ပြန်လာမည်ဖြစ်သော ပြင်းထန်သည့် စကားရပ်များကိုလည်းကောင်း ခံနိုင်ရည်ရှိရန် အချက်များ ပါဝင်ပေသည်။

ဒုတိယဒိုအာမှာ-

وَيَسِّرْلِىٓ اَمْرِىْ

၄င်းပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ အရေးကိစ္စကို လွယ်ကူစေတော်မူပါ။

ဤသို့ သဘောပေါက် အကဲခတ်တတ်မှုသည်လည်း နဗီဖြစ်ခြင်း၏ အကျိုးဆက်တရားကြောင့်သာဖြစ်ပြီး အပေါ်ယံ အကြံအစည်များ၏ နောက်လိုက်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပေးအပ်မှုသာလျှင် ဖြစ်ပေသည်။ တစ်ဦးတစ်ယောက်အဖို့ အကယ်၍ ထိုအသျှင်မြတ် လိုလားတော်မူသည်ဆိုလျှင် အခက်ခဲ၊ အလေးလံဆုံးသော အလုပ်ကိုလည်း လွယ်ကူမှု ပြုပေးသနားတော်မူပေသည်။ ထိုအသျှင်မြတ် အလိုတော်ရှိရှိမှုဝယ် အလွယ်ကူဆုံးသော အလုပ်သည်လည်း ခက်ခဲသွားပေသည်။ ထို့ကြောင့် ဟဒီးဆ်တော်၌ မွတ်စ္စလင်မ်များကို မိမိတို့၏ လုပ်ငန်းရပ်များအတွက် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဤကဲ့သို့ပင် တောင်းဆိုရန် လမ်းညွှန်ထားတော်မူပေသည်။

اَللّٰهُمَّ الْطُفْ بِنَا فِىْ تَيْسِيْرِ كُلِّ عَسِيْرٍ فَاِنَّ تَيْسِيْرَ كُلِّ عَسِيْرٍ عَلَيْكَ يَسِيْرٌ

အို့၊ အသျှင်၊ ကျွန်တော်မျိုးတို့အပေါ် ခက်ခဲသော ကိစ္စရပ်တိုင်းကို လွယ်ကူစေရန်အတွက် ကရုဏာတရား ပေးသနားတော်မူပါ။ အကြောင်းမှာ ခက်ခဲသော ကိစ္စရပ်တိုင်းကို လွယ်ကူမှုဖြစ်အောင် ပြုပေးသနားတော်မူခြင်းသည် အသျှင်မြတ်၏ လက်ဝယ်အတွင်း၌သာ ရှိတော်မူပေသည်။

တတိယဒိုအာမှာ-

وَاحْلُلْ عُقْدَةً مِّنْ لِّسَا نِىْ يَفْقَهُوْا قَوْلِىْ

ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ လျှာမှ အထုံးကို ဖြေပေးတော်မူပါ။ သို့မှသာလျှင် လူတို့သည် ကျွန်တော်မျိုး၏ စကားကို ကောင်းစွာ နားလည်နိုင်ကြမည် ဖြစ်ပါသည်။ *[၂၀း၂၇-၂၈]*

ဆိုလိုသည်မှာ ကျွန်တော်မျိုး၏ နှုတ်လျှာ၏ ထစ်အမှုကို ဖြေပေးတော်မူပါ။ သို့မှသာလျှင် လူတို့သည် ကျွန်တော်မျိုး တင်ပြမည့် စကားရပ်ကို သိနားလည်နိုင်မည် ဖြစ်ပေသည်။ ထိုသို့ ထစ်အမှုဖြစ်သွားခြင်း၏ ဖြစ်အင်မှာ ဤသို့ပင် ဖြစ်သည်။ ဟဇရတ်မူစာ နို့စို့အရွယ်ကာလ၌မှု မိမိ မိခင်၏ ထံတော်ပါး၌သာလျှင် နေထိုင်တော်မူပေသည်။ ထို့ပြင် ဖိရ်အောင်န်၏ နန်းတော်မှ ၄င်းမိခင်သည် နို့တိုက်ကျွေးခကို ရရှိလျက်ရှိ၍ နေပေသည်။ နို့ဖြတ်လိုက်သောအချိန်၌မူ ဖိရ်အောင်န်နှင့် ၄င်း၏ ဇနီးကြင်ယာသည် ဟဇရတ်မူစာ ﷺ အား မိမိတို့၏ မွေးစားသားအဖြစ် ပြုလုပ်လိုက်လေသည်။ ထို့ကြောင့် မိခင်အရင်းထံမှ ပြန်လည်ခေါ်ဆောင်လာကာ မိမိ၏ နန်းတော်၌ မွေးစားထားလေသည်။ ထိုအချိန် အခိုက်တန့်ကာလတစ်ခု၌ တစ်နေ့တွင် ဟဇရတ်

မူစာ ﷺ သည် ဖိရ်အောင်န်၏ မုတ်ဆိတ်မွေးကို ကိုင်ကာ ပါးတစ်ချက် ရိုက်လိုက်လေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ လက်ထဲ၌ ဓါးတစ်ချောင်းရှိကာ ၎င်းဓါးဖြင့် ဆော့ကစားလျက် ရှိနေပေသည်။ ထိုဓါးဖြင့် ဖိရ်အောင်န်၏ ခေါင်းအား ရိုက်ချလိုက်လေသည်။ ဖိရ်အောင်န်သည် အမျက်ဒေါသ ချောင်းချောင်းထွက်လျက် သတ်ပစ်ရန် ဆန္ဒထားလိုက်သည်။ ကြင်ယာတော် အာစီယာသခင်မက 'အို, ဘုရင်၊ အသင်သည် ကလေးငယ်တစ်ဦး၏ ပြုမူချက်အား အာရုံ အလေးထားလျက် ရှိနေပေသည်။ အကြင်ကလေးငယ်သည် အသိဉာဏ် တစ်စုံတစ်ရာမျှပင်ရှိသည့် အရွယ်မဟုတ်ပေ။

အကယ်၍ အသင် လိုလားပါက '၎င်းသည် အကောင်း၊ အဆိုးကို ခွဲခြမ်းစိတ်ဖြာနိုင်၏လော' ဟူသော အချက်ကို စမ်းစစ်ကြည့်ရှုရန် သင့်ပေသည်'ဟု ပြောဆိုလေသည်။ ဖိရ်အောင်န်သည် စမ်းစစ်ကြည့်ရှုရန်အတွက် လင်ပန်းတစ်ချပ်၌ မီးခဲကို ထည့်ထား၍ အခြားတစ်ချပ်၌ ကျောက်သံပတ္တမြားများကို ထည့်ကာ ဟဇရက်မူစာ ﷺ ၏ ရှေ့မှောက်၌ ထားလိုက်ပေသည်။ 'ကလေးဖြစ်ပါ၏လော။ အကယ်၍ ကလေး ဖြစ်သည်ဆိုလျှင် ကလေးတို့၏ ဘာသာ၊ ဘာဝအတိုင်း မီးခဲ၏ နီရဲဝင်းလက်မှုကို လှပသည်ဟူ၍ မှတ်ယူကာ လှမ်းကိုင်လိုက်မည်ဖြစ်သည်။ ကျောက်သံပတ္တမြားတို့၏ ဝင်းလက်မှုသည် ကလေးငယ်များ၏ အရှု အမြင်တို့၌ ယင်းကျောက်သံပတ္တမြားတို့၏ ထွန်းလင်းလှပမှုအပေါ် အာရုံထားရှိမည်မဟုတ်' ဟူသော အတွေးအခေါ်မျိုးဖြင့် ထားရှိလိုက်ခြင်း ဖြစ်ပေသည်။ ထိုစမ်းစစ်မှုမျိုးဖြင့် ဖိရ်အောင်န်သည် '၎င်းသည် ကလေးသဘာဝအရ မသိဘဲ ပြုလုပ်ခဲ့ပါ၏လော'ဟူသော အချက်ကို အတွေ့အကြုံရရှိရန် ဖြစ်သည်။ သို့ရာတွင် ဤကလေးငယ်သည် သာမန်ကလေးငယ် လူတန်းစားမျိုးမဟုတ်ပေ။ နောင်တစ်ချိန်၌ အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ ခန့်အပ်ခြင်း ခံရမည်ဖြစ်သော ရစူလ်တမန်တော်တစ်ပါးဖြစ်လာမည့်သူ ဖြစ်သည်။

အကြင်ကလေးငယ်၏ ဇီဇသည် ပထမမွေးဖွားလာကတည်းကပင် သာမန်အဆင့်မျိုး မဟုတ်ခဲ့ပေ။ ဟဇရက်မူစာ ﷺ သည် မီးအစား ကျောက်မျက်ရတနာများကို ကိုင်လိုလေရာ သို့ရာတွင် ဟဇရက် ဂျိဗ်ရာအီးလ် ﷺ သည် ၎င်း၏ လက်ကို မီးဗန်းအတွင်းသို့ ထည့်ပေးလိုက်လေသည်။ ၎င်းသည် မီးခဲကို ကိုင်ကာ ပါးစပ်အတွင်းသို့ ထည့်လိုက်လေသည်။ အကြင်ကဲ့သို့ ထည့်လိုက်သည့်အတွက်ကြောင့် နှုတ်လျှာ သည် လောင်ကျွမ်းခဲ့ရလေသည်။ ဟဇရက်မူစာ ﷺ ၏ ဤလုပ်ရပ်သည် ဆိုးသွမ်း၊ မသမာမှု တစ်စုံတစ်ရာ မပါဘဲ ကလေးငယ်ဘဝ၏ မသိနားမလည်ခြင်း၏ အကြောင်းခံကြောင့် ဖြစ်ကြောင်းကို သိရှိသွားပေသည်။ ထိုဖြစ်အင်ကြောင့် ဟဇရက်မူစာ ﷺ ၏ နှုတ်လျှာ၌ ဒုက္ခခက်ခဲမှုတစ်မျိုး ပေါ်ပေါက်လာလေသည်။ ထိုအချက်ကို ကုရ်အာန်ကျမ်းတော်မြတ်က عقدة ဟူ၍ မိန့်ခြွေထားပေသည်။ ထိုအထုံးကို ဖြေပေးရန် ဟဇရက်မူစာ ﷺ သည် ဒိုအာတောင်းခံခဲ့လေသည်။ *[မဇ္ဇဟရီး၊ ကုရ်သုဗီး]*

ပထမဆုမွန်ဒိုအာနှစ်ခုသည်မှု လုပ်ငန်းအလုံးစုံတို့၌ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ အကူ အညီတောင်းခံရန်အတွက် ခြုံငုံသော သဘောမျိုးဖြင့် တောင်းခံထားခြင်း ဖြစ်သည်။

တတိယဒိုအာမှာ မိမိ၏ အားနည်းချက်တစ်ရပ်ကို ပပျောက်စေရန်အတွက် တောင်းဆိုထားခြင်း ဖြစ်ပေသည်။ အကြောင်းမှာ ဗို့ချ ဖိတ်ခေါ်မှုကိုပြုရန်အတွက် နှုတ်လျှာ၏ ပြောဆိုမှု ကြွယ်ဝခြင်းသည် လည်း အရေးကြီးသော အချက်တစ်ရပ် ဖြစ်သည်။ ရှေ့၌ တင်ပြလျက်ရှိသော အာယသ်တော် တစ်အာယသ်

၌ ဟဇရတ်မူစာ عليه السلام တောင်းဆိုခဲ့သော ဒိုအာများအားလုံးကို အလ္လာဟ်အသျှင်မြတ်သည် လက်ခံတော်မူကြောင်း၊ နှုတ်လျှာ၏ ထစ်အမှုသည်လည်း ပပျောက်သွားကြောင်းမှာ ထင်ရှားလှပေသည်။ သို့ရာတွင် ဟဇရတ်မူစာ عليه السلام သည် ဟဇရတ် ဟာရူးန် عليه السلام ကို မိမိနှင့်အတူ ရစူလ်ဖြစ်ခြင်း၌ ဖက်စပ်ပါဝင်စေသော ဒိုအာအတွင်း၌ هُوَ أَفْصَحُ مِنِّي لِسَانًا ဆိုလိုသည်မှာ 'ဟဇရတ်ဟာရူးန် عليه السلام သည် နှုတ်လျှာအရာ၌ ကျွန်တော်မျိုးထက် သာပို၍ ကြွယ်ဝသူဖြစ်သည်' ဟူ၍ ပါရှိထားပေသည်။ ထိုအချက်မှ မူရင်းထစ်အမှုသည် အနည်းနှင့်အများမဆို ကျန်ရှိနေသေးကြောင်းကို သိရှိရပေသည်။ ထို့ပြင် ဖိရ်အောင်န်သည် ဟဇရတ်မူစာ عليه السلام အား စွဲချက်တင်သော အချက်များထဲ၌

وَلَا يَكَادُ يُبِينُ

ဆိုလိုသည်မှာ ဤသူသည် မိမိ၏ စကားရပ်ကို ရှင်းလင်းစွာ မပြောပြနိုင်သူ'ဟူ၍လည်း ပါရှိထားပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် ယင်းအချက်နှင့် စပ်လျဉ်းသော အဖြေကို ဤသို့ မိန့်မြွက်ထားကြပေသည်။ ဟဇရတ်မူစာ عليه السلام ကိုယ်တော်တိုင်သည် မိမိတောင်းဆိုသော ဒိုအာ၌ 'မိမိပြောဆိုသော စကားကို လူတို့ သဘောပေါက်နားလည်နိုင်လောက်အောင် အတိုင်းအတာခန့်ထိသာ မိမိ၏ ထစ်အမှုကို ဖြေပေးရန်'ကိုသာ တောင်းဆိုထားသည်။ ထိုမျှခန့်အတိုင်းအတာ ဝေးကွာအောင် ပြုပေးလိုက်လေရာ သာမန်မပြောပလောက်သော ထစ်အမှုအနည်းငယ် ကျန်ရှိနေခြင်းသည် ထိုတောင်းဆုဒိုအာ လက်ခံခြင်း မခံရခြင်းနှင့် စပ်လျဉ်း၍ ဆန့်ကျင်ဘက်ဖြစ်နေရာ မကျရောက်ပေ။

စတုတ္ထတောင်းဆုဒိုအာမှာ-

وَاجْعَل لِّي وَزِيرًا مِّنْ أَهْلِي

ထို့ပြင် အသျှင်မြတ်သည် ကျွန်တော်မျိုး၏ အိမ်ထောင်စုသားတို့အနက်မှာပင် ကျွန်တော်မျိုးအဖို့ ကူညီရိုင်းပင်းသူတစ်ဦးကို ခန့်အပ်ပေးသနားတော်မူပါ။ [၂၀ : ၂၉]

ပထမတောင်ဆုတော် (၃) ရပ်သည် မိမိအတွက်သာ သက်ဆိုင်သော ဒိုအာများ ဖြစ်ပေသည်။ ယခု စတုတ္ထမြောက်တောင်းဆုတော်သည် 'ရေစာလသ်' (ပို့ချပြန့်ဖြူးခြင်း) ၏ လုပ်ငန်းရပ်များကို အဆုံးသတ်စေရန်အတွက် အကြောင်းခံများ စုဆောင်းရန်နှင့် ပတ်သက်၍ နေပေသည်။ ထိုအကြောင်းခံများထဲမှ ဟဇရတ်မူစာ عليه السلام သည် ဦးစွာပထမ အရေးကြီးဆုံးသော အချက်ဖြစ်သည့် 'မိမိအား ကူညီရိုင်းပင်းရန် ကိုယ်စားလှယ်၊ ဝန်ကြီးတစ်ဦးကို ခန့်အပ်ပေးရန်' အတည်ပြု တောင်းဆိုလိုက်ပေသည်။ 'ဝဇီရူးန်'၏ အဓိပ္ပာယ်သည် အဘိဓါန်၌ ဝန်ထုတ်ဝန်ပိုး ထမ်းထားသူဟူ၍ ရရှိ၏။ အစိုးရအာဏာပိုင် ဝန်ကြီးသည် မိမိ၏ အကြီးအကဲ ဘုရင်၏ တာဝန်ကို မ,ယူထမ်းဆောင်လျက် ရှိနေခြင်းကြောင့် ၎င်းအား 'ဝဇီရူးန်'ဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။ ထိုအချက်မှ ဟဇရတ်မူစာ عليه السلام ၏ ပြည့်ဝသော ဦးနှောက်အသိဉာဏ် ရှိကြောင်းကို သိရှိရပေသည်။ အကြောင်းမှာ ကိစ္စရပ်တစ်ခုကို လှုပ်ရှားဆောင်ရွက်မှုပြုရာ၌ ဦးစွာပထမ အချက်သည် လူသားတို့၏ ကူညီရိုင်းပင်းသူများပင် ဖြစ်သည်။ ထိုရိုင်းပင်းသူတို့သည်မှ မိမိ၏ ရည်ရွယ်ချက် သဘော

ထားဖြင့် တိုက်ဆိုင်ကိုက်ညီမည့်သူ ရှိမည်ဆိုပါက လုပ်ငန်းအားလုံး လွယ်ကူသွားမည် ဖြစ်ပေသည်။ ၄င်းရှိင်းပင်းသူတို့သည် မှားယွင်းမှုကို ပြုလုပ်လျှင်မူ အကြောင်းခံ၊ ကိစ္စရပ်များ အလုံးစုံ အလဟဿ ဖြစ်ရှိသွားပေမည်။ မျက်မှောက်ခေတ်ရှိ အာဏာပိုင်အစိုးရအဖွဲ့များ၌ တွေ့မြင်လျက်ရှိနေရသော ပျက်စီး မှားယွင်းမှုတို့ကို စမ်းစစ်ကြည့်ရှုမူ ထိုချွတ်ချော်မှုတို့ အလုံးစုံ၏ ဖစ်မြစ်အကြောင်းခံသည် နိုင်ငံရေးအုပ်ချုပ်မှု ခေါင်းဆောင်အား အကူအညီပေးသူများ၊ ဝန်ကြီးများနှင့် ခေါင်းဆောင်မှုပြုလျက်ရှိနေသော သူတို့၏ ဖရိုဖရဲဖြစ်နေမှုတို့သည် တာဝန်မကျေခြင်း၊ အကျင့်ဆိုးခြင်း သို့မဟုတ် မထိုက်တန်သော အဆင့်ကို ရှိထားခြင်းတို့ကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် တစ်ဦးတစ်ယောက်ကို အုပ်ချုပ်မှု၊ ဩဇာအာဏာ အပ်နှင်းကာ ၄င်းအား ကောင်းမွန်စွာ တာဝန်ထမ်းဆောင်စေခြင်းနှင့် ကောင်းမွန်စွာ အုပ်ချုပ်စေတော်မူလိုလျှင် ၄င်းအကြီးအကဲခေါင်းဆောင်အား မွန်မြတ်သော (၄င်းအား ကူညီသည့်) ဝန်ကြီးကို ချီးမြှင့်တော်မူလိုက်ပေသည်။ အကယ်၍ ဤအကြီးကဲသည် အရေးကြီးသော ကိစ္စရပ်တစ်စုံတစ်ရာကို မေ့လျော့သွားလျှင်မူ ဝန်ကြီးသည် ၄င်းအား သတိပေးပေမည်။ အကြင်မည်သည့်ကိစ္စရပ် တစ်စုံတစ်ရာကို မဆို ပြုလုပ်ရန် သဘောပိုက်လိုက်လျှင် ဝန်ကြီးသည် ၄င်းအား ကူညီမှုကို ပြုပေးသည်' ဟူ၍ မိန့်တော်မူထားပေသည်။ *[ကာစင်မ်ဇင်နှိမ်ုဟမွဒ်သခင်ထံမှ နစာအီ]*

ထိုဒိုအာ၌ ဟဇရသ်မူစာ ﷵ သည် ဝန်ကြီးကို တောင်းခံရာတွင် (မိမိ၏ အိမ်ထောင်စုသား ဆွေမျိုးသားချင်းအနက်မှ) ဟူသော ချွင်းချက်ကို ထည့်သွင်းလျှောက်ထားပေသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ မျိုးနွယ်အုပ်စု၌ ရှိသော သူတို့သည် အကျင့်ဝလေ့များ၊ ရှုမြင်သုံးသပ်မှုများနှင့် ဗီဇရေးရာတို့၌ အချင်းချင်း စည်းလုံးချစ်ခင် လျော်ကန်မှု ရှိတတ်ကြပေသည်။ အကြင်အချက်များသည် သာသနာပြု ကိစ္စကို ဆောင်ရွက်ရာ၌ အထောက်အပံ့ ရှိပေသည်။ သို့ရာတွင် စည်းကမ်းချက်မှာ ၄င်းသည် အလုပ်အား စွမ်းစွမ်းတမံ ဆောင်ရွက်ရာ၌ အခြားသောသူများထက် သာပိုသော အရည်အချင်းရှိသူကို တွေ့မြင်ကာ ရွေးချယ်ရမည်ဖြစ်သည်။ မိမိ၏ ဆွေမျိုးသားချင်းဖြစ်ခြင်းအချက်ကိုသာ ရှုမြင်၍ ကြွေးကြော်နေခြင်းမျိုး မဖြစ်စေရ။ ဤခေတ်ကာလ၌ များသောအားဖြင့် သစ္စာသမာဓိရှိမှုနှင့် စိတ်စေတနာ ဖြူစင်မှုတို့သည် ပပျောက်နေ၍ မှုရင်းအလုပ်ကို ပြုရန် သောကသည်ပင်လျှင် ပျောက်ဆုံးနေသည်ကို မြင်တွေ့ရပေသည်။ ထို့ကြောင့် ခေါင်းဆောင်တစ်ဦးနှင့် စပ်လျဉ်း၍ ၄င်း၏ ဆွေမျိုးရင်းချာနှင့် မိတ်ဆွေတစ်ဦးဦးကို ဝန်ကြီး သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းကို ရှုတ်ချဖွယ်အချက်အဖြစ် မှတ်ယူထားကြပေသည်။ အကြင်နေရာ၌ အလွဲသုံးစား မပြုလုပ်မှုအပေါ် ပြည့်ဝစွာ ယုံကြည်မှုရှိပါက မွန်မြတ်ဆုံးသော ဆွေမျိုးရင်းချာ၊ မိတ်ဆွေကို ရာထူးတစ်ရပ် ပေးအပ်လိုက်ခြင်းသည် ချွင်းချက်တစ်ရပ် မဟုတ်ရုံသာမက အရေးကြီးသော ကဏ္ဍရပ်များအား အဆုံးသတ်စေရန်အတွက် သာပို၍ ကောင်းမွန်ပေသည်။ တမန်တော်မြတ် ﷺ 'ဝဖားသ်' ဖြစ်သွားပြီးသည့်နောက် ခန့်အပ်ခြင်းခံထားရသော ခလီဖာ ကိုယ်စားလှယ်များသည် များသောအားဖြင့် တမန်တော်မြတ် ﷺ ၏ အိမ်သူ၊ အိမ်သားများနှင့် ဆွေမျိုးသားချင်းတော်စပ်သော သူများသာ ဖြစ်ပေသည်။

ဟာရေသ်မူစာ عليه السلام သည် မိမိ၏ တောင်းဆုဒိုအာ၌ ပထမတွင်မူ 'မိမိ၏ အိမ်ထောင်စုသား၊ ဆွေမျိုးသားချင်းများအနက်မှ' ဟူ၍ ခြုံငုံလှစွာသော လျှောက်ထားမှုကို ပြု၍ တစ်ဖန် 'ကျွန်တော်မျိုးသည် မိမိ၏အစ်ကို ဟာရေသ်ဟာရူးန်အား ဝန်ကြီးအဖြစ် ခန့်အပ်ပေးရန် လိုလားပါသည်။ သို့မှသာ ကျွန်တော်မျိုးသည် ၄င်းထံမှ သာသနာပြုခြင်း၏ အရေးကြီးသော အခန်းကဏ္ဍများ၌ အားအင်ရရှိနိုင်မည်' ဟူ၍ သတ်မှတ်ကာ လျှောက်ထားလိုက်ပေသည်။

ဟာရေသ်ဟာရူးန် عليه السلام သည် ဟာရေသ်မူစာ عليه السلام ထက် (၃) နှစ်၊ သို့မဟုတ် (၄) နှစ် ကြီးပေသည်။ ၃ နှစ်အလျှင်၌မှာပင် 'ဝဖားသ်' (ကွယ်လွန်) တော်မူခဲ့ပေသည်။ ဟာရေသ်မူစာ عليه السلام ဆုမွန်ဒိုအာ တောင်းဆိုချိန်၌ ဟာရေသ်ဟာရူးန် عليه السلام သည် 'မိဆွေရ်'၌ရှိပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဟာရေသ်မူစာ عليه السلام ၏ တောင်းဆုဒိုအာအပေါ် ၄င်းကိုလည်း နဗီအဖြစ် ခန့်အပ်ရန်ရှိသောအခါ ကောင်းကင်တမန်တော်၏ အကြောင်းခံဖြင့် ၄င်းကို အီဂျစ်နိုင်ငံ၌မှာပင် ယင်းအချက်အား အသိပေးတော်မူခဲ့ပေသည်။ ထို့ပြင် ဟာရေသ်မူစာ عليه السلام သည် 'မိဆွေရ်' ၌ ဖိရ်အောင်န်အား သာသနာပြုမှုကို ပြုရန်အတွက် ကြွမြန်းတော်မူလာလျှင် '၄င်းသည် 'မိဆွေရ်'မြို့အပြင်မှ ဟာရေသ်မူစာ عليه السلام အား ထွက်၍ ခရီးဦးကြိုဆိုမှုကို ပြုရန်' ကိုလည်း လမ်းညွှန်ထားလေသည်။ *[ကုရ်သုဗီးကျမ်း]*

وَاَشْرِكْهُ فِيْٓ اَمْرِيْ

ထို့ပြင် အသျှင်မြတ်သည် ၄င်းအား ကျွန်တော်မျိုး၏ကိစ္စတွင် တွဲဖက်စေတော်မူပါ။ *[၂၀ : ၃၂]*

ဟာရေသ်မူစာ عليه السلام သည် ဟာရေသ်ဟာရူးန် عليه السلام ကို မိမိ၏ ဝန်ကြီးအဖြစ် ခန့်အပ်လိုက်လေရာ ဤရွေးချယ်မှုသည် ၄င်းမူစာ عليه السلام အဖို့ ရရှိပေသည်။ 'ဗရ်ကာသ်' မင်္ဂလာ ရယူလိုသော သဘောမျိုးဖြင့် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ဆုမွန်တောင်းခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် တစ်ဆက်တည်းမှာပင် ထိုမူစာ عليه السلام သည် ၄င်းဟာရူးန် عليه السلام ကို နဗီအဖြစ်၊ ရစူလ်အဖြစ် မိမိနှင့် အတူတကွ ခန့်အပ်စေတော်မူရန်ကိုလည်း လိုလားပေသည်။ ဤရွေးချယ်မှုသည် မည်သည့်ရစူလ်တစ်ပါးပါး သို့မဟုတ် နဗီတစ်ပါးပါး ကို့မျှ မရရှိပေ။ ထို့ကြောင့်ပင် တောင်းဆိုချက်ကို သီးခြားစွာဖြင့် '၄င်းဟာရူးန် عليه السلام ကို မိမိ၏ သာသနာပြုခြင်းဆိုင်ရာ အလုပ်၌ ပါဝင်စေတော်မူပါ' ဟူ၍ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

မွန်ရည်သော မိတ်ဆွေများသည် ဓဝပ်ကိုးကွယ်မှု (အေဗာဒသ်) နှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်း၊ 'ဇိကိရ်' ၌ အကူအညီပေးခြင်းအကြောင်း

كَيْ نُسَبِّحَكَ كَثِيْرًا وَّ نَذْكُرَكَ كَثِيْرًا

ကျွန်တော်မျိုးသည် အသျှင်မြတ်၏ 'သတ်စ်ဗီးဟ်' ကို များစွာ ဘာဝနာစီးဖြန်းနိုင်ကြရန်အလို့ငှာလည်းကောင်း၊ ကျွန်တော်မျိုးတို့သည် အသျှင်မြတ်အား များစွာ အောက်မေ့တသ သတိရနိုင်ကြရန်အလို့ငှာလည်းကောင်း ဖြစ်ပါသည်။ *[၂၀ : ၃၃-၃၄]*

ဆိုလိုသည်မှာ ဟာရေသ်ဟာရှုးန် ﷺ ကို ဝန်ကြီးနှင့် နဗီအဖြစ်ပူးတွဲ ခန့်အပ်ပေးစေရာ၌ 'ကျွန်ုပ်တို့သည် များမြောင်စွာ အသျှင်မြတ်အား ဘာဝနာစီးဖြန်းမှုနှင့် သတိရ တသမှုကို ပြုကြမည်ဖြစ်သည်'ဟူသော အကျိုးရှိပေသည်။ ဤနေရာ၌ 'ဘာဝနာစီးဖြန်းခြင်းနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းသည် လူတိုင်း တစ်ကိုယ်ရည်တစ်ကာယ ပြုချင်နိုင်သလောက် ပြုနိုင်ကြပေသည်။ ထိုသို့ ပြုမှုရန်အတွက် မည်သည့်မိတ်ဆွေတစ်ဦးဦး၏ ဝင်ရောက်ဖက်စပ်မှု မပါဝင်နိုင်ကြောင်း'ဟူသော မေးစရာမေးခွန်း ပေါ်ပေါက်လာပေသည်။ သို့ရာတွင် သေချာကနစွာ စဉ်းစားတွေးခေါ်ခြင်းဖြင့် သိရှိရသော အချက်မှာ ဘာဝနာစီးဖြန်းမှုနှင့် အသျှင်မြတ်အား သတိရ တသရာ၌လည်း သင့်တော်သော အသိုင်းအဝိုင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်တို့သည် လွန်စွာ ပါဝင်ပတ်သက်နေပေသည်။ အကြင်သူ၏ ပတ်ဝန်းကျင် အသိုင်းအဝိုင်း၌ အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များနှင့် အမြဲတစေ အလ္လာဟ်အသျှင်မြတ်အား သတိရ တသနေသော သူများရှိပါမူ ၄င်းသည် အထက်ဖော်ပြပါ အသိုင်းအဝိုင်းမရှိသော သူနှင့် ယှဉ်လျှင် သာပို၍ 'အေဟာဒသ်' (ခဝပ်ကိုးကွယ်မှု) ကို ပြုနိုင်ပေသည်။ အထက်ပါရှင်းလင်းချက်မှ 'အကြင်သူသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှု၌ နစ်မွန်းရန် လိုလားပါမူ ၄င်းသည် သင့်တော်သော ပတ်ဝန်းကျင်ထိုင်ဝိုင်းမျိုးကို ရှာဖွေသင့်သည်'ဟူသော အချက်ကို သိရှိရပေသည်။

ဒိုအာများသည် ဤနေရာ၌ အဆုံးသတ်သွားပေသည်။ နောက်ဆုံး အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ထိုတောင်းဆုဒိုအာများအားလုံး လက်ခံတော်မူခြင်း ခံရကြောင်းကို သတင်းကောင်းပေးတော်မူလိုက်ပေသည်။

قَالَ قَدْ اُوْتِيْتَ سُؤْلَكَ يٰمُوْسٰى

အို၊ မူစာ၊ အသင်သည် တောန်မလွဲ မိမိ၏ တောင်းခံချက်အတိုင်းကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရလေပြီ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ مَنَنَّا عَلَيْكَ مَرَّةً اُخْرٰىٓ ۝٣٧

၂၀ : ၃၇ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အပေါ်၌ ယခင်ကလည်း တစ်ကြိမ် ကျေးဇူးပြုတော်မူခဲ့ဘူးလေသည်။

اِذْ اَوْحَيْنَآ اِلٰٓى اُمِّكَ مَا يُوْحٰىٓ ۝٣٨

၂၀ : ၃၈ ။ ။ အကြင်အခါဝယ် ငါအသျှင်မြတ်သည် အသင် (မူစာ) ၏ မိခင်ထံသို့ ထုတ်ပြန်အပ်သော အကြောင်းကို ဤသို့ ထုတ်ပြန်တော်မူခဲ့လေသည်။

أَنِ اقْذِفِيهِ فِي التَّابُوتِ فَاقْذِفِيهِ فِي الْيَمِّ فَلْيُلْقِهِ الْيَمُّ
بِالسَّاحِلِ يَأْخُذْهُ عَدُوٌّ لِّي وَعَدُوٌّ لَّهُ ۚ وَأَلْقَيْتُ عَلَيْكَ مَحَبَّةً
مِّنِّي ۚ وَلِتُصْنَعَ عَلَىٰ عَيْنِي ﴿٣٩﴾

၂၀ : ၃၉ ॥ ॥ 'အသင်မသည် ယင်း (မူစာ) အား သေတ္တာထဲသို့ ထည့်လော။ ထို့နောက် အသင်မသည် ယင်း (မူစာ) အား (သေတ္တာနှင့်တကွ) မြစ်ထဲသို့ (မျော) ချလော့။ ထိုအခါ မြစ် (ရေ) သည် ၎င်း (မူစာ) အား ကမ်းခြေသို့ (ရိုက်ခတ်) ဆိုက်ရောက်စေမည်။ ထိုအခါ ငါအသျှင်မြတ်၏ ရန်သူလည်းဖြစ်သူ၊ ၎င်း (မူစာ) ၏ ရန်သူလည်း ဖြစ်သူသည် ယင်း (မူစာ) အား (ရေထဲမှ) ဆယ်ယူလိမ့်မည်' ဟု (ထုတ်ပြန်တော်မူခဲ့လေသည်။) ထို့ပြင် ငါအသျှင်မြတ်သည် (အသင့်အား မြင်သူတိုင်း ချစ်ခင်စေရန်အတွက်) အသင့်အပေါ်၌ မိမိ၏ထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့ပေသည်။ (ယင်းကဲ့သို့ ပြုလုပ်တော်မူခြင်းမှာ) စင်စစ် အသင်သည် ငါအသျှင်မြတ်၏ မျက်မှောက်တော်၌ မွေးမြူပြုစုခြင်း ခံရရန်အလို့ငှာ ဖြစ်ပေသည်။

إِذْ تَمْشِي أُخْتُكَ فَتَقُولُ هَلْ
أَدُلُّكُمْ عَلَىٰ مَن يَكْفُلُهُ ۖ فَرَجَعْنَاكَ إِلَىٰ أُمِّكَ كَيْ تَقَرَّ عَيْنُهَا
وَلَا تَحْزَنَ ۚ وَقَتَلْتَ نَفْسًا فَنَجَّيْنَاكَ مِنَ الْغَمِّ وَفَتَنَّاكَ
فُتُونًا ۚ فَلَبِثْتَ سِنِينَ فِي أَهْلِ مَدْيَنَ ثُمَّ جِئْتَ عَلَىٰ قَدَرٍ يَا مُوسَىٰ ﴿٤٠﴾

၂၀ : ၄၀ ॥ ॥ အကြင်အခါ၌ အသင် (မူစာ) ၏ အစ်မသည် လမ်းလျှောက်၍ လာလေသည်။ ထို့နောက် ၎င်း (အစ်မ) က (တမန်တော်မူစာသည် မည်သည့်နို့ထိန်းသည်၏ နို့ရည်ကိုမျှ လက်မခံသည့် အခြင်းအရာကို မြင်လေခဲ့သောအခါ) 'ကျွန်ုပ်သည် အသင်တို့အား ဤ (ကလေးသူငယ်) ကို (ကောင်းစွာ) မွေးမြူပြုစုနိုင်မည့်သူအား ညွှန်ပြရမည်လော' ဟု ပြောဆို လေသည်။ တစ်ဖန် ငါအသျှင်မြတ်သည် အသင့်အား အသင် (မူစာ) ၏ မိခင်ထံသို့၊ ထိုမိခင်၏ မျက်စိအေးမြ (ကြည်လင်) စေရန်အလို့ငှာလည်းကောင်း၊ ယင်းမိခင်သည် ဝမ်းနည်းပူဆွေးခြင်း မဖြစ်စေရန်လည်းကောင်း ပြန်လည်၍ ရောက်ရှိစေတော်မူခဲ့ပေသည်။

ထို့ပြင် အသင် (မူစာ) သည် လူတစ်ယောက်ကို (မတော်တဆ) သတ်ဖြတ်မိခဲ့ရာ၊ ငါအသျှင်မြတ်သည် အသင့်အား ယင်းအတွက် စိတ်ဒုက္ခရောက်ရှိခြင်းမှ ကယ်တင်တော်မူခဲ့လေသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင့်အား အကြီးအကျယ် စမ်းသပ်တော်မူပေသည်။ ထို့နောက် အသင်သည် 'မဒ်ယန်' မြို့သားတို့တွင် အနှစ်နှစ်အလလ နေ (ထိုင်) ခဲ့လေသည်။ တစ်ဖန် 'အို၊ မူစာ၊ အသင်သည် သတ်မှတ်ပိုင်းခြားအပ်သော အချိန်၌ (ဤနေရာသို့ ပြန်လည်) ရောက်ရှိလာခဲ့လေသည်။'

وَاصْطَنَعْتُكَ لِنَفْسِيْ ﴿٤١﴾

၂၀ : ၄၁ ။ ။ စင်စစ် ငါအသျှင်မြတ်သည် အသင့်အား မိမိ၏ (နဗီတမန်တော်အဖြစ် ချီးမြှောက်ရန်) အလို့ငှာ ရွေးချယ် တော်မူခဲ့လေပြီ။

اِذْهَبْ اَنْتَ وَاَخُوْكَ بِاٰيٰتِيْ وَلَا تَنِيَا فِيْ ذِكْرِيْ ﴿٤٢﴾

၂၀ : ၄၂ ။ ။ (သို့ဖြစ်ပေရာ ယခုမူ) အသင်သည်လည်းကောင်း၊ အသင်၏နောင်တော် (ဟာရူန်) သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့်တကွ သွားကြလေကုန်။ ၎င်းပြင် အသင်တို့နှစ်ဦးသည် ငါသျှင်မြတ်အား အောက်မေ့တသခြင်းနှင့် စပ်လျဉ်း၍ ဝီရိယမပေါ့ကြကုန်လင့်။

اِذْهَبَآ اِلٰى فِرْعَوْنَ اِنَّهٗ طَغٰى ﴿٤٣﴾

၂၀ : ၄၃ ။ ။ အသင်တို့နှစ်ဦးသည် ဖိရ်အောင်န်ထံသို့ သွားကြလေကုန်။ စကန်မလွဲ ယင်းဖိရ်အောင်န်သည် လွန်စွာ မောက်မာဆိုးသွမ်းလျက် ရှိနေချေပြီ။

فَقُوْلَا لَهٗ قَوْلًا لَّيِّنًا لَّعَلَّهٗ يَتَذَكَّرُ اَوْ يَخْشٰى ﴿٤٤﴾

၂၀ : ၄၄ ။ ။ ထို့နောက် အသင်တို့နှစ်ဦးသည် ၎င်းအား နူးညံ့သိမ်မွေ့သော စကားကို ပြောဆိုကြလေကုန်။ ယင်း (ဖိရ်အောင်န်) သည် တရားရကောင်း ရရှိပေလိမ့်မည်။ သို့တည်းမဟုတ် ၎င်းသည် (အလ္လာဟ်အသျှင်မြတ်အား) ကြောက်ရွံ့ကောင်း ကြောက်ရွံ့ပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အမှန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အပေါ်၌ ယခင်ကလည်း (အသင်တောင်းခံမှုမပြုဘဲ) တစ်ကြိမ် ကျေးဇူးပြုတော်မူခဲ့ဘူးလေသည်။ အကြင်အခါဝယ် ငါအသျှင်မြတ်သည် အသင် (မူစာ) ၏ မိခင်ထံသို့ ထုတ်ပြန် (ထိုက်) သော အကြောင်းကို (ကြီးကျယ်သည့်အတွက်ကြောင့်) ဤသို့ ထုတ်ပြန်တော်မူခဲ့လေသည်။ (ထိုဖြစ်အင်မှာ) အသင်မသည် ယင်း (မူစာ) အား (သတ်ဖြတ်သူများ၏ လက်ဝယ် အတွင်းမှ ရှောင်ရှားစေရန်အတွက်) သေတ္တာ (တစ်လုံး) ထဲသို့ ထည့်လော။ ထို့နောက် အသင်မသည် ယင်း (မူစာ) အား (သေတ္တာနှင့်တကွ ဖိရ်အောင်န်၏ နန်းတော်ထိတိုင် ရောက်ရှိသော မြစ်လက်တက် ရှိသည့်) မြစ်ထဲသို့ (မျှော) ချလော့။ ထိုအခါ မြစ် (ရေ) သည် ၎င်း (မူစာ) အား (သေတ္တာနှင့်အတူ) ကမ်းခြေ (အနီး) သို့ (ရိုက်ခတ်) ဆိုက်ရောက်စေမည်။ ထိုအခါ (ကာဖိရ်ဖြစ်ခြင်းကြောင့်) ငါအသျှင်မြတ်၏ ရန်သူလည်း ဖြစ်သူ၊ (လက်ရှိအချိန်၌ ကလေးများအားလုံးကို သတ်ဖြတ်နေသည့်အချိန်ကြောင့်ဖြစ်စေ၊

နောင်တစ်ချိန်၌ အထူးသဖြင့် ၎င်း (မူစာ) ၏) ရန်သူလည်း ဖြစ်သူသည် ယင်း (မူစာ) အား (ရေထဲမှ) ဆယ်ယူလိမ့်မည်ဟု (ထုတ်ပြန်တော်မူခဲ့လေသည်။) ထို့ပြင် ငါအလ္လာဟ်မြတ်သည် (အသင့်အား မြင်သူတိုင်း ချစ်ခင်စေရန်အတွက်) အသင့် (မျက်နှာ) ပေါ်၌ မိမိ၏ထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့ပေသည်။ (ယင်းကဲ့သို့ ပြုလုပ်တော်မူခြင်းမှာ) စင်စစ် အသင်သည် ငါအလ္လာဟ်မြတ်၏ မျက်မှောက်တော်၌ (သီးသန့်) မွေးမြူပြုစုခြင်းခံရရန်အလို့ငှာ ဖြစ်ပေသည်။ (ဤသည် ထိုအချိန်၌ ဖြစ်ပျက်ခဲ့သော ဖြစ်အင်ဖြစ်သည်။)

အကြင်အခါဝယ် အသင် (မူစာ) ၏ အစ်မသည် (အသင့်အား ရှာဖွေရန်အတွက် ဖိရ်အောင်န်၏ နန်းတော်ရှိရာသို့) လမ်းလျှောက်၍ လာလေသည်။ ထို့နောက် (အသင့်အား တွေ့မြင်ကာ သူစိမ်းအသွင်ဖြင့်) ၎င်း (အစ်မ) က (တမန်တော်မူစာသည် မည်သည့်နို့ထိန်းသည်၏ နို့ရည်ကို လက်မခံသည့် အချင်းအရာကို မြင်ခဲ့လေသောအခါ) ကျွန်ုပ်သည် အသင်တို့အား ဤ (ကလေးသူငယ်) ကို (ကောင်းစွာ) မွေးမြူပြုစုနိုင်မည့်သူအား ညွှန်ပြရမည်လော'ဟု ပြောဆိုလေသည်။ (သို့ရှိရာ ၎င်းတို့သည် ထိုကဲ့သို့သော နို့ထိန်းသည်အား ရှာဖွေပေးရန် သဘောတူခဲ့သည်။ ထို့နောက် အသင်၏ အစ်မသည် အသင့်အမေအား ခေါ်ဆောင်လာလေသည်။) တစ်ဖန် (ထိုကဲ့သို့သော အကြံအစည်မျိုးဖြင့်) အသင် (မူစာ) ၏ မိခင်ထံသို့ ထိုမိခင်၏ မျက်စိအေးမြ (ကြည်လင်) စေရန်အလို့ငှာလည်းကောင်း၊ ယင်းမိခင်သည် ဝမ်းနည်းပူဆွေးခြင်း မဖြစ်စေရန်လည်းကောင်း (အချိန်အနည်းငယ်မျှ ခွဲခွာခဲ့ရသည်ကို ဝမ်းနည်းမှု ဖြစ်နေရလင့်ကစား) ပြန်လည်၍ ရောက်ရှိစေတော်မူခဲ့ပေသည်။ ထို့ပြင် အသင် (မူစာ) သည် (အသက်အရွယ် ရရှိလာပြီးနောက်) ထပ်မံပြုထားတော်မူသော ကျေးဇူးတရားတော်မှာ (ကစ်ဗ်သို့) တစ်ဦးကို (မတော်တဆ) သတ်ဖြတ်မိခဲ့ရာ (အကြင်အကြောင်းအရာ စူရာဟ်ကစွာစ်၌ ပါရှိပေသည်။) ဒဏ်ခံရမည်ကိုသော်လည်းကောင်း၊ အစားပြန်လည် ကလဲ့စား သတ်ခံရမည်ကိုသော်လည်းကောင်း ဝမ်းနည်းပူဆွေးလျက်ရှိနေလေရာ) ငါအလ္လာဟ်မြတ်သည် အသင့်အား ယင်းအတွက် စိတ်ဒုက္ခရောက်ရှိခြင်းမှ ကယ်တင်တော်မူခဲ့လေသည်။ ('အစားစ်'အပြစ်ဒဏ်နှင့် စပ်လျဉ်း၍မူ အသင့်အား 'အစ်သစ်ဂ်ဖာရ်'ပြုနိုင်စွမ်း ပေးသနားတော်မူ၍ ထိုချမ်းသာခွင့် တောင်းခံခြင်းကိုလည်း လက်ခံတော်မူခဲ့သည်။ အသေစား၊ သေဒဏ်ခံရမည့်အချက်ကို 'အီဂျစ်မှ မဒ်ယာန်ထိတိုင် ပို့ဆောင်ပေးတော်မူလိုက်ခြင်း' အသွင်ဖြင့် ရှောင်ရှားစေတော်မူလိုက်ပေသည်။ ၎င်းပြင် ငါအလ္လာဟ်မြတ်သည် (မဒ်ယာန်မြို့သို့ ရောက်ရှိသည့်အချိန်အထိ) အသင့်အား အကြီးအကျယ် စမ်းသပ်တော်မူခဲ့ပေသည်။

တစ်ဖန် ထိုစမ်းသပ်မှုတို့မှ လွတ်မြောက်မှုကို ချီးမြှင့်တော်မူခဲ့သည်။ အကြင်အကြောင်းအရာ အကြောင်း 'စူရာဟ်ကစွာစ်'၌ ပါဝင်ပေသည်။ လွတ်မြောက်မှု ချီးမြှင့်လိုက်ခြင်းသည်လည်း အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတရားတော်လည်း ဖြစ်ပေသည်။ သောကအတွင်း နစ်မွန်းစေခြင်းတို့သည်လည်း မွန်ရည်သော စာရိတ္တများနှင့် အကျိုးထူးများ ရင့်ကျွမ်းမှုရရှိစေခြင်း၏ အကြောင်းဖြစ်သည့်အတွက်ကြောင့် သီးသန့်ကျေးဇူးတရားတော် ဖြစ်ပေသည်။) ထို့နောက် (မဒ်ယာန်သို့ ရောက်ရှိပြီးနောက်) အသင်သည် မဒ်ယာန်မြို့သားတို့တွင် အနှစ်နှစ်အလလ နေ (ထိုင်) ခဲ့လေသည်။ တစ်ဖန် အို၊ မူစာ၊ အသင်သည် သတ်မှတ်ပိုင်း

ခြားအပ်သော အချိန်၌ (အကြင်အချိန်သည် ငါအသျှင်မြတ်၏ အသိတော်အတွင်း၌ အသင်နဗီဖြစ်ရန်နှင့် ငါအသျှင်မြတ်နှင့် စကားအပြန်အလှန် ပြောဆိုတော်မူရန်အတွက် သတ်မှတ်ထားပေသည်။ ဤနေရာသို့ ပြန်လည်) ရောက်ရှိလာခဲ့လေသည်။ စင်စစ် ငါအသျှင်မြတ်သည် အသင့်အား မိမိ၏ (နဗီတမန်တော်အဖြစ် ချီးမြှင့်ရန်) အလို့ငှာ (ဤနေရာသို့ ပြန်လည်လာရောက်စေခြင်းဖြင့်) ရွေးချယ်တော်မူခဲ့လေပြီ။ (သို့ဖြစ်ပေရာ ယခုမူ) အသင်သည်လည်းကောင်း၊ အသင်၏ နောင်တော် (ဟာရူန်) သည်လည်းကောင်း၊ ငါအသျှင်မြတ်၏ (မူရင်း 'မုအ်ဂျိဇာဟ်' တော်မှာ တောင်ဝှေးတော်နှင့် လက်၏ ထွန်းလင်းတောက်ပမှု နှစ်ရပ်သာဖြစ်၍ ယင်းနှစ်ရပ်အနက် တစ်ခုချင်းစီမှ အထွေထွေ အံ့မခန်းအချက်များ ပေါ်ထွက်နေသည့်အတွက်ကြောင့်) သက်သေလက္ခဏာတော်များနှင့်တကွ (အမိန့်ပေးခြင်း ခံရသော နေရာသို့) သွားကြလေကုန်။ ၎င်းပြင် အသင်တို့နှစ်ဦးသည် ငါအသျှင်မြတ်အား အောက်မေ့တသခြင်းနှင့် စပ်လျဉ်း၍ တစ်ကိုယ်ရည်တစ်ကာယတည်း ရှိနေသောအချိန်၌ဖြစ်စေ၊ သာသနာဖြန့်ဖြူးနေသောအချိန်၌ဖြစ်စေ) ဝီရိယမပေါ့ကြကုန်လင့်။ (ယခုသွားရောက်ရန် အခွင့်အခါအား ပြဆိုထားပေသည်။) အသင်တို့နှစ်ဦးသည် ဖိရ်အောင်န်ထံသို့ သွားကြလေကုန်။ ကေန်မလွဲ ယင်းဖိရ်အောင်န်သည် လွန်စွာ မောက်မာဆိုးသွမ်းလျက် ရှိနေချေပြီ။ ထို့နောက် (၎င်း၏ထံသို့ သွားကာ) အသင်တို့နှစ်ဦးသည် ၎င်းအား နူးညံ့သိမ်မွေ့သော စကားကို ပြောဆိုကြလေကုန်။ ယင်း (ဖိရ်အောင်န်) သည် (တပ်မက်စွာဖြင့်) တရားရကောင်း ရရှိပေလိမ့်မည်။ သို့တည်းမဟုတ် ၎င်းသည် (အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်တော်) အား ကြောက်ရွံ့ကောင်း၊ ကြောက်ရွံ့ပေလိမ့်မည်။ (ထိုအချက်ကြောင့် လက်ခံကောင်း လက်ခံပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلَقَدْ مَنَنَّا عَلَيْكَ مَرَّةً اُخْرٰى

အမှန်စင်စစ် ငါအသျှင်မြတ်သည် အသင့်အပေါ်၌ ယခင်ကလည်း တစ်ကြိမ် ကျေးဇူးပြုတော်မူခဲ့လေသည်။ *[၂၀ : ၃၇]*

ဟဇရသ်မူစာ ﷺ ၏ အပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချီးမြှင့်ပေးသနားထားတော်မူသော ကျေးဇူးအသနားတော်များကို မိမိ၏ဘက်မှ ၎င်းအား စကားပြောဆိုတော်မူသော အချိန်၌ မိန့်မြွက်တော်မူလိုက်ပေသည်။ နဗီဖြစ်ခြင်းနှင့် ရစူလ်ဖြစ်ခြင်းကိုလည်း ချီးမြှင့်တော်မူကာ သီးသန့် 'မုအ်ဂျိဇာဟ်' တန်ခိုးတော်များကိုလည်း ပေးအပ်ထားတော်မူပေသည်။ ထိုအချက်များနှင့်အတူ ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းမွေးဖွားသည့်အချိန်မှစ၍ ဤအချိန်ထိတိုင် သက်တမ်း၏ ကာလတိုင်း၌ ၎င်းအပေါ် ချီးမြှင့်ထားတော်မူသော ကျေးဇူးတရားများနှင့် ဆက်တိုက် စမ်းစစ်မှုများနှင့် အသက်အန္တရာယ်များ၏ ကြားမှ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သည် အာဘယ်မှာ အံ့ဖွယ်နည်းလမ်းများဖြင့် ၎င်းအား စောင့်ရှောက်ခဲ့ကြောင်းကို သတိပေးထားတော်မူပေသည်။ အရှေ့၌ ဆက်လက်၍ တင်ပြထားသော ကျေးဇူးတော်များ

သည် ဖြစ်ပေါ်ချိန်အား ကြည့်ရှုမည်ဆိုလျှင် ကနဦးက ဤနေရာ၌ ထိုကျေးဇူးတရားတော်များကို (ယခင်က လည်း) ဟူသော စကားလုံးကို အသုံးပြုထားနေလင့်ကစား နောက်ပိုင်း၌ ပြုထားသော ကျေးဇူးတရားဟူ၍ အဓိပ္ပာယ်မျိုးမဟုတ်ပေ။ သို့သာမက ဤ أُخْرَى (ယခင်ကလည်း) ဟူသော စကားလုံးသည် တစ်ခါတစ်ရံ လုံးဝ အခြားသော အဓိပ္ပာယ်မျိုးလည်း လာတတ်ပေသည်။ အကြင်ကဲ့သို့ အခြားသော အဓိပ္ပာယ်မျိုးကို ကောက်ယူရာ၌ ကနဦးကျခြင်း၊ နောက်ကျခြင်းဟူသော အလိုသဘောမျိုး မပါဝင်ပေ။ ဤနေရာလည်း ယင်းစကားလုံးသည် ထိုအဓိပ္ပာယ်မျိုးကဲ့သို့ ကောက်ယူထားပေသည်။ *[ရှုးဟ်]*

ဟဇရတ်မူစာ ﷺ ၏ ဤဖြစ်အင်အလုံးစုံသည့် ဟဒီးစ်တော်၏ ကိုးကားချက်ဖြင့် အကျယ်တဝင့် ရှေ့၌ တင်ပြပေအံ့။

إِذْ أَوْحَيْنَا إِلَىٰ أُمِّكَ مَا يُوحَىٰ

အကြင်အခါဝယ် ငါအသျှင်မြတ်သည် အသင်မူစာ၏ မိခင်ထံသို့ ထုတ်ပြန်အပ်သော အကြောင်းကို ဤသို့ ထုတ်ပြန်တော်မူခဲ့လေသည်။ *[၂၀ : ၃၈]*

'ဝဟီ'ဖြင့်သာ သိရှိနိုင်သော အမှုကိစ္စနှင့် စပ်လျဉ်း၍ အသိပေးတော်မူခြင်း ဖြစ်ပေသည်။ ထိုအမှုကိစ္စမှာ ဖိရ်အောင်န်၏ ရဲမက်တို့သည် ဗနီအိစ်ရာအီးလ်လူမျိုးတို့၏ ယောက်ျားကလေးငယ်များကို သတ်ဖြတ်ရန် အမိန့်ပေးခြင်း ခံထားရပေသည်။ ထိုရဲမက်တို့၏ ရန်မှ ရှောင်ရှားနိုင်စေရန်အတွက် ၎င်း၏ မိခင်အား 'ဝဟီ'၏ အကြောင်းခံဖြင့် '၎င်းအား သေတ္တာတစ်ခုအတွင်းသို့ ထည့်ကာ မြစ်အတွင်းသို့ မျှောချရန်၊ ၎င်းကလေးငယ်၏ အသက်အန္တရာယ်အား မစိုးရိမ်ရန်၊ ငါအသျှင်မြတ်သည် ၎င်းကလေးငယ်အား စောင့်ရှောက်မည်ဖြစ်ရန်၊ တစ်ဖန် အသင်မ၏ ထံသို့ပင် ပြန်လည်အပ်နှင်းမည် ဖြစ်ရန်တို့ကို ပြဆိုထားပေသည်။ ဤအချက်အလက်များသည် ဦးနှောက်အတွေးအခေါ်ဖြင့် တွေးခေါ်၍ မရနိုင်ကြောင်းမှာ ထင်ရှားလှပေသည်။ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်နှင့် ထိုအသျှင်မြတ်၏ ထိန်းသိမ်းစောင့်ရှောက်တော်မူခြင်း၏ မတွေးခေါ်နိုင်သော အစီအစဉ်သည် ထိုအသျှင်မြတ်၏ ဘက်တော်မှသာ ပြသသည်ဖြစ်ခြင်းကြောင့် အခြားမည်သူတစ်ဦးတစ်ယောက်က သိရှိနိုင်ပေမည်နည်း။

'ဝဟီ' (ဗျာဒိတ်တော်) သည် နဗီ၊ ရစူလ် မဟုတ်သော သူတို့ထံ၌ ကျရောက်နိုင်ပါ၏လော။

မှန်ကန်သော အချက်မှာ ဤသို့ပင် ဖြစ်သည်။ 'ဝဟီ'ဟူသော စကားလုံး၏ အဘိဓါန်အဓိပ္ပာယ်မှာ 'ကြားနာရသူသာ သိရှိပြီး အခြားသောသူများ မသိရှိနိုင်သော တိုးတိုးစွာ ချပေးခြင်းခံရသော စကား၊ အချက်အလက်များ' သာ ဖြစ်ပေသည်။ ထိုအဘိဓါန်အဓိပ္ပာယ်ကို ထောက်ရှု၍ 'ဝဟီ'သည် မည်သူတစ်ဦးတစ်ယောက်အတွက်မျှပင် အထူးမပြုထားပေ။ နဗီ၊ ရစူလ်နှင့် အခြားသော အဖန်ဆင်းခံများ၊ သို့သာမက တိရစ္ဆာန်များထိတိုင် ယင်းကဲ့သို့သော 'ဝဟီ'ရရှိခြင်း၌ ပါဝင်နေပေသည်။

اَوْحٰى رَبُّكَ الى النَّحل

၎င်းပြင် အသင်၏ အရှင်မြတ်သည် ပျားကောင်ထံသို့ ဤသို့ အမိန့်ပေးတော်မူပေသည်။

ဟူသော အာယသ်တော်အတွင်း၌လည်း ပျားပိတုန်းကောင်များကို 'ဝဟီ'၏ အကြောင်းခံဖြင့် ညွှန်ကြားထားတော်မူကြောင်း လာရှိခြင်းသည် ထိုအဓိပ္ပာယ်ကိုသာ ထောက်ရှုသည့်အတွက်ကြောင့် ဖြစ်ပေသည်။ ဤအာယသ်တော်တွင်

اَوْحَيْنَا اِلٰى اُمِّكَ

ဟူသော အာယသ်တော်အတွင်း၌လည်း ထိုအဘိဓါန်အဓိပ္ပာယ်ကိုသာ ထောက်ရှုထားပေသည်။ ထို 'ဝဟီ'ဟူသော စကားလုံးကို အသုံးပြုထားခြင်းကြောင့် ၎င်း 'ဝဟီ'ကျခြင်း ခံရသူသည် နဗီ သို့မဟုတ် ရစူလ်ဖြစ်သွားသည်ဟူ၍ အတတ်မဆိုအပ်ရာ။ ပမာဆိုရသော် ဟဇရသ်မရ်ယမ်သခင်မနှင့် စပ်လျဉ်း၍ နှောင်းပိုင်းခေတ်ရှိ အာလင်မ်သာသနာ့ ပညာရှင်များအားလုံးက ၎င်းသည် နဗီ သို့မဟုတ် ရစူလ် မဖြစ်ကြောင်းကို ဖော်ပြထားသည့် ကြားကပင် ၎င်းထံသို့ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ မိန့်မြွက်ချက်မှာ ကျရောက်လာပေသည်။ ဤကဲ့သို့ အဘိဓါန်အဓိပ္ပာယ်အရ 'ဝဟီ'သည် များသောအားဖြင့် 'အိလ်ဟားမ်' (အလင်းတရား၏ အတွင်းစကား ထည့်ပေးခြင်း) ပုံစံမျိုးဖြင့် ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် တစ်ဦးတစ်ယောက်၏ နှလုံးသားအတွင်း၌ အကြောင်းတစ်ခုကို ထည့်သွင်းပေးကာ 'အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဖြစ်ကြောင်း' ကို ၎င်းအား တည်ငြိမ်မှု ပေးအပ်လိုက်လေသည်။ ဥပမာ- တင်ပြရမည်ဆိုသော် များသောအားဖြင့် 'ဝလီ'သူတော်စင်များထံသို့ ယင်းကဲ့သို့သော 'အိလ်ဟားမ်'များ (အလင်းတရား၏ အတွင်းစကားများ) ကျရောက်တတ်ပေသည်။ သို့သာမက အဗူဟိုက်ယာန်နှင့် အခြားသော သာသနာ့ပညာရှင်များသည် ဤကဲ့သို့သော 'ဝဟီ'သည် အချို့အချိန်အခါမျိုး၌ ကောင်းကင်တမန်တော် တစ်ပါးပါး အကြောင်းခံဖြင့်လည်း ကျရောက်တတ်ပေသည်။ ဥပမာ- မရ်ယမ်သခင်မ၏ ဖြစ်အင်၌ ယင်းအချက်၏ ရှင်းလင်းဖော်ထုတ်မှု လာရှိထားပေသည်။ ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ သည် လူ့အသွင်ဖြင့် ယင်းသခင်မကြီးအား ညွှန်ကြားတော်မူခဲ့ပေသည်။ သို့ရာတွင် ယင်းသို့ (အတွင်းစကား ထည့်သွင်းခြင်း ခံရခြင်း) သည် ဤ 'ဝဟီ'ကျရောက်တော်မူခြင်းခံရသောသူ၏ 'ဇားသ်' (တစ်ဦးတည်း) အဖို့သာ ပတ်သက်နေပေသည်။ အဖန်ဆင်းခံတို့အား ပြုပြင်မှု ပြုခြင်းနှင့် သာသနာပြန့်ပွားရေးရာဆိုင်ရာ ကိစ္စရပ်တို့သည် ယင်းအချက်နှင့် တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိပေ။ ယင်းဝဟီထုတ်ပြန်ခြင်း ခံရခြင်း၏ နည်းသည် နဗီဖြစ်သူ၏အပေါ် ကျရောက်လာသော 'ဝဟီ'နှင့် ဆန့်ကျင်ဘက် ဖြစ်နေပေသည်။ အကြောင်းမှာ နဗီဖြစ်သူအပေါ် ကျရောက်လာခြင်း၏ 'ဝဟီ'၏ အဓိကအခြေခံ မူတည်ချက်သည် အဖန်ဆင်းခံများအား ပြုပြင်မှု ပြုရန်အတွက် တစ်ဦးတစ်ယောက်ကို ရပ်တည်စေခြင်းနှင့် သာသနာပြန့်ပွားရေးအတွက် အမိန့်ပေးခြင်း ခံထားရပေသည်။ ထိုနဗီ၊ ရစူလ်အပေါ်၌ မိမိ၏အပေါ် ထုတ်ပြန်ခြင်းခံရသော 'ဝဟီ'၏အပေါ် မိမိကိုယ်တိုင်လည်း အီမာန်ရယူရန်နှင့် အခြားသော သူများကိုလည်း မိမိနဗီဖြစ်ကြောင်းကို ယုံကြည်စေ

ရန်၊ မိမိ၏အပေါ် ထုတ်ပြန်ခြင်းခံရသော 'ဝဟီ' ကို တစ်သွေမတိမ်းနာခံစေရန်၊ အကြင်သူတစ်ဦးသည် မနာခံပါက ၎င်းအား ကာဖိရ်အဖြစ် သတ်မှတ်ခြင်းခံရမည်ဖြစ်ကြောင်း' တို့သည် မုချ အရေးကြီးကြောင်း' ကို မိန့်ဆိုထားပေသည်။

ထို 'ဝဟီအိလ်ဟားမ်' (အဘိဓါန်အဓိပ္ပာယ်အရ 'ဝဟီ') နှင့် နဗီဖြစ်ခြင်း၏ 'ဝဟီ' (တရားတော်အရ 'ဝဟီ') တို့၏ ကွဲပြားခြားနားချက်မှာ အထက်ဖော်ပြပါ ခြားနားချက်သာ ဖြစ်ပေသည်။ အဘိဓါန်အရ 'ဝဟီ' ကျရောက်ခြင်းသည် အတိတ်ခေတ်ကာလကတည်းက တည်ရှိနေခဲ့ပြီး နောက်နောင်ကိုလည်း တည်ရှိနေပေလိမ့်မည်။ နဗီဖြစ်ခြင်းနှင့် နဗီဖြစ်ခြင်းကြောင့် ကျရောက်သော 'ဝဟီ'သည် တမန်တော်မြတ် ﷺ အပေါ်၌ အဆုံးသတ်သွားပေသည်။ အချို့သော အကြီးအကဲများ၏ မိန့်ကြားချက်၌ ထိုကွဲပြားချက်ကို သာသနာ့ဝဟီနှင့် သာသနာမဟုတ်ခြင်းနှင့် စပ်လျဉ်း၍ ကျရောက်လာသော 'ဝဟီ' ဟူ၍ ဖွင့်ဆိုကြပေသည်။ အကြင်အချက်ကို မိမိကိုယ်ကို မိမိ နဗီဖြစ်ကြောင်း ကြွေးကြော်သော ကာဒီယာနီသည် ရှိုက်ခ်မုဟီယုဒ်ဒီးန် အိဗ်နေအရဗီးသခင်ကြီး၏ အချို့သော စာပုဒ်များကို ကိုးကားမှုပြုကာ မိမိနဗီဖြစ်ကြောင်း ကြွေးကြော်ခြင်း ပိုင်ကြောင်းကို အထောက်အထားအဖြစ် ပြသပေသည်။ အကြင်အထောက်အထားသည် အိဗ်နေအရဗီးသခင်ကြီးကိုယ်တိုင်၏ ရှင်းလင်းချက်များကို ထောက်ရှု၍ မှားယွင်းပေသည်။ ဤဓမ္မသတ်သည် ပြည့်စုံသည့် ဆွေးနွေးချက်ကို ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) ရေးသားထားသော 'ခတ်မေ့နဗူဝတ်' စာအုပ်၌ အကျယ်ချဲ့ ရေးသားတင်ပြထားပေသည်။

ဟဇရတ်မူစာ ﷺ ၏ မိခင်အမည်

ရူဟွလ်မအာနီကျမ်းတွင် ယင်းအမျိုးသမီးကြီး၏ ထင်ရှားသော အမည်မှာ 'ယူဟာန်းဇ်' ဖြစ်ပေသည်။ 'အဿကားန်' ကျမ်းတွင် ၎င်း၏အမည်ကို 'လဲဟ်ယာနားဗင်န်သေ့ယာစ္စ်မွဒ်ဗင်န်လာဝီး' ဟူ၍ ရေးသားထားပေသည်။ အချို့သော သူတို့သည် ၎င်း၏အမည်ကို 'ဗာရေခါ' ဟူ၍ ဖော်ပြကာ အချို့သည် 'ဗားဇ်ခတ်' ဟူ၍ ပြဆိုထားပေသည်။ အချို့မန်းမှတ်သောသူတို့သည် ထိုသခင်မကြီး၏ အမည်နှင့် စပ်လျဉ်း၍ အံ့ဖွယ်ဝိသေသအချက်များကို ရေးသားတင်ပြထားကြပေသည်။ ရူဟွလ်မအာနီကျမ်းရှင်က 'ကျွန်ုပ်သည် ထိုအချက်၏ အခြေခံဇစ်မြစ် တစ်စုံတစ်ရာကိုမျှ မသိရှိပေ။ ယုတ္တိမရှိသော အချက်များထဲမှ များသောအားဖြင့် ဖြစ်တန်ကောင်းရာသည်' ဟူ၍ မိန့်ဆိုထားပေသည်။

فَلْيُلْقِهِ الْيَمُّ بِالسَّاحِلِ

ထိုအခါ မြစ်ရေသည် ၎င်းမူစာအား ကမ်းခြေသို့ ရိုက်ခတ်ဆိုက်ရောက်စေမည်။ *[၂၀ : ၃၉]*

ဤနေရာ၌ 'ယမ်း' ဟူသော စကားလုံးသည် 'မြစ်' ဟူ၍ အဓိပ္ပာယ်ရရှိကာ 'နိုင်းမြစ်' ဟူ၍ အပေါ်ယံ သဘောအရ သိရှိရပေသည်။ အာယသ်တော်အတွင်း၌ ဟဇရတ်မူစာ ﷺ ၏ မိခင်အား 'ထိုကလေး (ဟဇရတ်မူစာ ﷺ) ကို သေတ္တာအတွင်း ထည့်ပိတ်၍ မြစ်အတွင်းသို့ မျှောချရန်' အမိန့်တစ်ရပ် ပေးထား

ပေးသည်။ ဒုတိယအမိန့်မှာ အမိန့်စကားလုံးဖြင့် ယင်းမြစ်ကိုပင် 'ယင်းသေတ္တာကို ကမ်းစပ်သို့ ယူဆောင်သွားရန်' မိန့်တော်မူထားပေသည်။

فَلْيُلْقِهِ الْيَمُّ بِالسَّاحِلِ

ထိုအခါ မြစ်ရေသည် ၄င်းမူစာအား ကမ်းခြေသို့ ရိုက်ခတ်ဆိုက်ရောက်စေမည်။ *[၂၀ : ၃၉]*

ပြင်ပသဏ္ဍာန်အားဖြင့် ရှုမြင်သုံးသပ်မည်ဆိုလျှင် လှုပ်ရှားမှုအာရုံ ကင်းမဲ့သော အရာဖြစ်သည့်အလျောက် ၄င်းအား အမိန့်ပေးခြင်းသည် မသိနားမလည်နိုင်သော အချက်တစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် အချို့သော အာလင်မ်သာသနာ့ပညာရှင်များသည် 'ဤနေရာ၌ အမိန့်ပေးခြင်းစကားလုံးကို သုံးထားနေလင့်ကစား သို့ရာတွင် အလိုသဘောသည် အမိန့်ပေးခြင်းမဟုတ်ဘဲ 'မြစ်သည် ၄င်းအား ကမ်းခြေသို့ ပုတ်ခတ်သွားရန်' သတင်းပေးခြင်းမျှသာ ဖြစ်သည်ဟူ၍ ကောက်ချက်ချထားပေသည်။ သို့ရာတွင် သုတေသီအာလင်မ်ပညာရှင်များထံ၌ ယင်းပညတ်ချက်သည် မိမိ၏ အပေါ်ယံ အဓိပ္ပာယ်ကိုသာ ကောက်ယူရမည်ဖြစ်ပြီး ယင်းပညတ်ချက်သာလျှင် တိုက်ရိုက်မိန့်ဆိုခြင်း ခံရသော အရာဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်၏ ထံတော်ပါးတွင် ကမ္ဘာလောက၌ ရှိသော မည်သည့်အဖန်ဆင်းခံတစ်ခုမဆို သစ်ပင်နှင့် ကျောက်ခဲတို့မှအစ အသိဉာဏ်ကင်းမဲ့မှု၊ အာရုံခံစားမှု မရှိသည်ဟူ၍ မဆိုအပ်ရာ။ သို့သာမက အရာအားလုံးတို့၌ အသိဉာဏ်နှင့် ခံစားမှုအာရုံတို့ တည်ရှိနေပေသည်။ ဤအသိဉာဏ်နှင့် ခံစားနိုင်မှုတို့၏ အာရုံကြောင့် ဤအရာများအားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ရှင်းလင်းတင်ပြချက်နှင့်အညီ ဘာဝနာစီးဖြန်းရာ၌ ပျော်မွေ့လျက် ရှိကြကုန်၏။ 'လူသားများ၊ 'ဂျင်နားသ်'နှင့် ကောင်းကင်တမန်တော်များအပြင် အခြားသော အဖန်ဆင်းခံများ၌ ဦးနှောက်အသိဉာဏ်နှင့် ခံစားနိုင်မှု အာရုံသည် အထက်ပါအဖန်ဆင်းခံ (၃) ရပ်လောက် ပြည့်စုံမှု မရှိခြင်း'ဟူသော အချက်သည်မူ ကွဲပြားကွာခြားနေပေသည်။ အကြင်အဖန်ဆင်းခံတို့အပေါ် 'ဟလာလ်'ဖြစ်ခြင်း၊ 'ဟရာမ်'ဖြစ်ခြင်းတို့ကို သတ်မှတ်ပေးကားကာ 'မုကလ်လဖ်' (တာဝန်ရှိ အဖန်ဆင်းခံ) အဖြစ် ပြုလုပ်ဖန်ဆင်းထားပေသည်။

يَأْخُذْهُ عَدُوٌّ لِّي وَعَدُوٌّ لَّهُ

ထိုအခါ ငါအသျှင်မြတ်၏ ရန်သူလည်းဖြစ်သူ၊ ၄င်းမူစာ၏ ရန်သူလည်းဖြစ်သူသည် ယင်းမူစာအား ရေထဲမှ ဆယ်ယူလိမ့်မည်။ *[၂၀ : ၃၉]*

ဆိုလိုသည်မှာ ထိုသေတ္တာနှင့် ထိုသေတ္တာအတွင်း၌ ပိတ်ထားခြင်းခံရသော ကလေးကို ငါအသျှင်မြတ်၏ ရန်သူလည်းဖြစ်၊ အသင်၏ ရန်သူလည်းဖြစ်သော သူက ဆယ်ယူပေလိမ့်မည်။ အလိုသဘောမှာ ဖိရ်အောင်န်ဖြစ်ပေသည်။ ဖိရ်အောင်န်သည် အလ္လာဟ်အသျှင်မြတ်၏ ရန်သူဖြစ်ကြောင်းမှာ ၄င်းကုဖွ်ရ် (သွေဖည်ငြင်းဆိုမှု) ပြုခြင်းကြောင့် ထင်ရှားပေသည်။ သို့ရာတွင် ဟဇရသ်မူစာ عليه السلام ၏ ရန်သူလည်း ဖြစ်ကြောင်းကို မိန့်ဆိုတော်မူလိုက်ခြင်းသည် ထိုအချိန်၌မူ ဖိရ်အောင်န်သည် ဟဇရသ်မူစာ عليه السلام ၏ ရန်သူ မဟုတ်သေးပေ။ သို့သာမက ၄င်းအား ကျွေးမွေးပြုစုရာ၌ အလွန်အမင်း အကုန်အကျခံလျက် ရှိနေချိန်

ဖြစ်ပေသည်။ ထိုအချိန်၌ ဟဇရတ်မူစာ ﷺ ၏ ရန်သူဟူ၍ မိန့်ဆိုလိုက်ခြင်းသည် စဉ်းစားတွေးတော ရမည့် အချက်ဖြစ်ပေသည်။ ယင်းသို့ မိန့်တော်မူရခြင်းအကြောင်းရင်းသည် နောက်ဆုံးအချိန်ကို ထောက်ရှု၍ မိန့်တော်မူခြင်း ဖြစ်ပေသည်။ အကြောင်းမှာ နောက်ဆုံးပိုင်းအချိန်ကာလတို့၌ ဖိရ်အောင်န်၏ ရန်သူဖြစ်ကြောင်းသည် အလ္လာဟ်အသျှင်မြတ်၏ အသိတော်အတွင်း၌ ရှိနေပေသည်။ ဖိရ်အောင်န်သည် မိမိ၏ ပင်ကိုယ်၊ မိမိ၏ စိတ်နှလုံးသားနှင့် စပ်လျဉ်း၍ ထိုအချိန်ကာလတည်း၌မှာပင် ရန်သူဖြစ်နေသည်ဟူသော အချက်သည်လည်း ရှုမြင်သုံးသပ်ရန် ဝေးကွာလှစွာသော အချက်မဟုတ်ပေ။ ၎င်းသည် ဟဇရတ်မူစာ ﷺ အား မွေးမြူထိန်းသိမ်းခြင်းကို ဟဇရတ်အာစီယာသခင်မကြီးအား ထောက်ရှု၍ ထိန်းသိမ်းခဲ့ခြင်းသာ ဖြစ်ပေသည်။ ထိုသို့ မွေးမြူထိန်းသိမ်းလျက် ရှိနေချိန် သံသယရှိသည်နှင့် သတ်ဖြတ်ရန် အမိန့်ချလိုက်သည်။ အကြင်အမိန့်သည် ဟဇရတ်အာစီယာသခင်မကြီး၏ ပါးနပ်မှုကြောင့် ပယ်ဖျက်သွားလေသည်။ *[ရူးဟ်၊ မဇ္ဇဟရီ]*

وَاَلْقَيْتُ عَلَيْكَ مَحَبَّةً مِّنِّىْ

ထို့ပြင် ငါအသျှင်မြတ်သည် အသင့်အပေါ်၌ မိမိ၏ ထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့လေသည်။ *[၂၀ : ၃၉]*

ဤနေရာ၌ 'မုဟာဗ်ဗတ်'ဟူသော စာလုံးသည် နှစ်မြို့ဖွယ်ခံရခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ အလိုသဘောမှာ ဤသို့ပင် ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ 'ငါအသျှင်မြတ်သည် မိမိ၏ အသနား၊ ကျေးဇူးတော်ကြောင့် အသင်၏ တည်ရှိမှုအား 'တွေ့မြင်သူတိုင်း၊ ချစ်ခင်မြတ်နိုးခြင်း၏ ဂုဏ်ရှိန်ဂုဏ်ဝါကို ထားရှိထားတော်မူသည်' ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ဟဇရ်အိဗ်နေအဗ္ဗားစ် ﷺ နှင့် အစ်ကရမားဟ်သခင်ကြီးတို့ထံမှလည်း ဤအတိုင်း ဆင့်ပြန်ချက်လာရှိထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

وَلِتُصْنَعَ عَلٰى عَيْنِىْ

စင်စစ် အသင်သည် ငါအသျှင်မြတ်၏ မျက်မှောက်တော်၌ မွေးမြူပြုစုခြင်း ခံရရန်အလို့ငှာဖြစ်သည်။ *[၂၀ : ၃၉]*

'စွာန်အသ်'ဟူသော စကားလုံးသည် ဤနေရာ၌ ကောင်းမွန်စွာ ပြုစုခြင်းဟူ၍ အဓိပ္ပာယ်ရ၏။ ပမာဆိုရသော် အာရပ်နိုင်ငံ၌ صَنَعْتُ فَرَسِىْ ဟူသော ဝါကျ၏ ကျော်ကြားသော အဓိပ္ပာယ်မှာ ကျွန်ုပ်သည် မိမိ၏ မြင်းကို ကောင်းမွန်စွာ ကျွေးမွေးပြုစုသည်' ဟူ၍ ဖြစ်သည်။ عَلٰى عَيْنِىْ အလိုသဘောသည် عَلٰى حِفْظِىْ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မူစာ ﷺ အား အကောင်းဆုံး ပြုစုစောင့်ရှောက်ခြင်းကို မိမိ၏ စောင့်ကြပ်မှုအတွင်း၌ တိုက်ရိုက်ရှိနေစေရန် အလိုသဘော ရှိထားပေသည်။ ထို့ကြောင့် 'မိဆွေရ်'၏ အင်အားအကြီးမားဆုံးသော ဖိရ်အောင်န်၏ လက်ဝယ်အတွင်း ၎င်း၏ နန်းတွင်းမှာပင် 'ဤ

စီမံကိန်းကို မိမိသည် မိမိ၏ လက်ဝယ်အတွင်း၌မှာပင် မိမိ၏ ရန်သူကို မွေးမြူလျက်ရှိနေကြောင်းကို ၄င်းမသိရှိသော ပုံစံမျိုးဖြင့် အကောင်အထည်ဖော်ပေးထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

اِذْ تَمْشِىٓ اُخْتُكَ

အကြင်အခါဝယ် အသင်မူစာ၏ အစ်မသည် လမ်းလျှောက်၍ လာလေသည်။ *[၂၀ : ၄၀]*

ဟဇရတ်မူစာ ﷺ ၏ အစ်မသည် ထိုသေတ္တာ၏အနောက်မှ နောက်ယောင်ခံလိုက်ခြင်းနှင့် နောက်ပိုင်း၌ ဖြစ်ပျက်မည့် အဖြစ်အပျက် အကျဉ်းချုပ်သည် ဤအာယသ်တော်တွင် လာရှိထားပေသည်။ အကြင် အာယသ်တော်၏ နောက်ဆုံးပိုင်းတွင် မိန့်တော်မူထားပေသည်။

وَ فَتَنّٰكَ فُتُوْنًا

၄င်းပြင် ငါအသျှင်မြတ်သည် အသင့်အား အကြီးအကျယ် စမ်းသပ်တော်မူခဲ့ပေသည်။

[၂၀ : ၄၀]

တင်ပြပါအဓိပ္ပာယ်အတိုင်း ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးက ငါအသျှင်မြတ်သည် အသင့်အား အကြိမ်ကြိမ် စမ်းသပ်တော်မူခဲ့သည်ဟူ၍ ဖွင့်ဆိုခဲ့လေသည်။ 'အသင့်အား စမ်းသပ်မှုအတွင်း၌ အကြိမ်ကြိမ်အခါခါ နစ်မွန်းစေတော်မူခဲ့ပေသည်' ဟူ၍ ဟဇရတ်သွာဟ်ဟားက်သခင်ကြီး ဖွင့်ဆိုခဲ့ပေသည်။ ထိုအဖြစ်အပျက်၏ အကျယ်ချဲ့ အကြောင်းအရာကို စုနန်နစာအီးကျမ်း၏ ရှည်လျားလှစွာသော ဟဒီးစ်တော်တစ်ရပ်၌ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် လာရှိထားပေသည်။ ထိုဆင့်ပြန်ချက်မှာ ဤအတိုင်းပင် ဖြစ်သည်။

ဟဇရတ်မူစာ ﷺ ၏ ဖြစ်အင်အကျယ်ချဲ့

ဟဒီးစွလ်ဖုသူးန်အမည်ဖြင့် ရှည်လျားသော ဟဒီးစ်တော်သည် နစာအီကျမ်း၏ 'ကေသာဗွလ် သဖ်စီးရ်' အခန်း၌ ဟဇရတ်အိဗ်နေအဗ္ဗားစ်သခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ဆိုမှု လာရှိထားပေသည်။ ထို့ပြင် အိဗ်နေကစီးရ်သခင်ကြီးသည် မိမိ၏ အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်းအတွင်း၌လည်း ထိုဖြစ်အင်ကို ပြည့်စုံစွာ တင်ပြပြီးသည့်နောက် ဟဇရတ်အိဗ်နေအဗ္ဗားသ်ခင်ကြီးသည် ထိုဆင့်ပြန်ချက်ကို ဟဒီစေမရ်ဖူးအ် (တမန်တော်မြတ် တိုက်ရိုက်မိန့်သော ဟဒီးစ်) ဟူ၍ သတ်မှတ်ထားကြောင်းကို မိန့်တော်မူလေသည်။ အိဗ်နေကစီးရ်သခင်ကြီးသည်လည်း ယင်းဟဒီးစ်တော် 'မရ်ဖူးအ်' (တမန်တော်မြတ် ﷺ တိုက်ရိုက်မိန့်သော ဟဒီးစ်) ဖြစ်ခြင်းအား ခိုင်လုံမှုရှိစေရန်အတွက် မိန့်တော်မူထားပေသည်။

وَصَدَّقَ ذٰلِكَ عِنْدِىْ

ဆိုလိုသည်မှာ 'ထိုဟဒီးစ် မရ်ဖူးအ်ဖြစ်ခြင်းသည် ကျွန်ုပ်ထံ၌ မှန်ကန်ပါ၏။'

တစ်ဖန် ယင်းသို့ မှန်ကန်သည်ဟူ၍ မိန့်တော်မူလိုက်သည့်အတွက် အထောက်အထားတစ်ရပ်ကိုလည်း တင်ပြထားလေသည်။ သို့ရာတွင် ထိုသို့ အထောက်အထားပေးပြီးသည့်နောက် အိဗ်နေဂျရီးရ်နှင့် အိဗ်နေ့အဘီဟာသင်မ် သခင်ကြီးတို့သည် မိမိတို့၏ အကျယ်ချဲ့ဖွင့်ဆိုသော ကျမ်းများ၌ ဤဆင့်ပြန်ချက် ဆင့်ပြန်ခဲ့သည်။ သို့ရာတွင် ထို့ဟဒီးစ်တော်သည် မောင်ကူးဖ် (အိဗ်နေအဗ္ဗားစ်သခင်ကြီး) ၏ နှုတ်ထွက်စကားဖြစ်သည်’ ဟူ၍လည်း မိန့်တော်မူထားပြန်သည်။ မရ်ဖူးအ်ဟဒီးစ်တော်၏ ဝါကျများသည် ထိုဟဒီးစ်တော် ရှည်ကြီးအတွင်း၌ တစ်ခါတစ်ရံ လာရှိတတ်ပေသည်။ အိဗ်နေအဗ္ဗားစ် ؓ သခင်ကြီးသည် ဤဆင့်ပြန်ချက်ကို ကအဗ်အဟ်ဗားရ်သခင်ကြီးထံမှ ရယူထားခြင်းဖြစ်ကြောင်းကို သိရှိရပေသည်။ ပမာဆိုရသော် များစွာသော နေရာများ၌ ဤသို့ ဖြစ်ပေါ်နေပေသည်။ သို့ရာတွင် ဟဒီးစ်တော်များကို ဆင့်ပြန်လေ့ရှိသော အိဗ်နေကစီးရ်တို့ကဲ့သို့သော သူနှင့် နစာအီသခင်ကြီးတို့ကဲ့သို့သော ဟဒီးစ်ပညာရပ်၏ ခေါင်းဆောင်များသည် ထိုဟဒီးစ်တော်ကို ဟဒီစေ့မရ်ဖူးအ်ဟူ၍ ယုံကြည်လက်ခံကြပေသည်။ ယင်းဟဒီးစ်တော်အား မရ်ဖူးအ်ဟူ၍ မယုံကြည်သောသူများသည်လည်း ယင်းဟဒီးစ်တော်ကို တစ်စုံတစ်ရာမျှ ငြင်းဆိုမှုကို မပြုထားပေ။ ထိုဟဒီးစ်တော်၏ များစွာသော ကဏ္ဍရပ်များကိုယ်တိုင်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များတွင် လာရှိထားပေသည်။ ထို့ကြောင့် ဟဒီးစ်တော်တစ်ရပ်လုံး၏ ဘာသာပြန်ကိုသာ ရေးသားဖော်ပြထားပေသည်။ အကြင်ကဲ့သို့ ရေးသားရာ၌ ဟဇရတ်မူစာ عليه السلام ၏ အကျယ်ချဲ့ဖြစ်အင်၏ ကွင်းဆက်တစ်ဆက်တည်းမှာပင် များစွာသော သာသနာ့အသိပညာပိုင်းဆိုင်ရာနှင့် ‘အမလ်’ကျင့်ကြံ ဆောင်ရွက်ခြင်းဆိုင်ရာ ကဏ္ဍရပ်တို့ကိုလည်း ထည့်သွင်းရေးသားသွားမည် ဖြစ်ပေသည်။ ဟဒီစေ့ဖုသူးန်နှင့် စပ်လျဉ်း၍ အေမာမ်နစာအီသခင်ကြီး၏ ဆင့်ကဲဆင့်ကဲ ပြန်ဆိုမှုဖြင့် ကာစင်မ်ဗင်န် အိုက်ယူးဗ်သခင်ကြီးက မိန့်တော်မူထားပေသည်။ ကျွန်ုပ်အား စအီးဒ်အိဗ်နေဂျုဗိုင်ရ်သခင်ကြီးသည် ‘ကျွန်ုပ်သည် ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် ؓ သခင်ကြီးအား ဟဇရတ်မူစာ عليه السلام အပေါ် ကျရောက်ခဲ့သော وَفَتَنّٰكَ فُتُوْنًا ဟူသော အာယသ်တော်တွင် ပါရှိသည့် ‘ဖုသူးန်’၏ အလိုသဘော မည်သို့နည်း’ဟူ၍ မေးမြန်းခဲ့ကြောင်းကို အသိပေးလေသည်။

အိဗ်နေ့အဗ္ဗားစ် ؓ သခင်ကြီးက ‘ထိုဖြစ်အင်သည် အလွန်ရှည်လျားသည့်အတွက်ကြောင့် နံနက်ဖြန့် နံနက်စောစော လာရောက်ပါ။ ကျွန်ုပ် ပြောပြမည်’ဟူ၍ မိန့်ကြားပေသည်။ နောက်နေ့နံနက်စောစောစီးစီး၌ ကျွန်ုပ် (စအီးဒ်အိဗ်နေဂျုဗိုင်းရ်) သည် အိဗ်နေအဗ္ဗားစ် ؓ သခင်ကြီးရှိရာဆီသို့ ၎င်းမနေ့က ပေးထားသော ကတိကို ပြည့်ဝစွာ ဖြည့်ဆည်းခိုင်းရန်အတွက် သွားရောက်လေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ؓ သခင်ကြီးက မိန့်တော်မူပေသည်။ ဖိရ်အောင်န်သည် တစ်နေ့ မိမိ၏ နန်းတွင်းဝန်များနှင့် ‘အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်အိဗ်ရာဟီးမ် عليه السلام အား ၎င်း၏ သားစဉ်မြေးဆက်ထဲမှ နဗီတမန်တော်များ စေလွှတ်တော်မူမည့်’ အကြောင်းကို ဆွေးနွေးတိုင်ပင်လျက် ရှိတော်မူပေသည်။ အသင့်ရှိနေသော ပရိသတ်တို့က ‘ဟုတ်ပါ၏။ မှန်ပါ၏။ ဗနီအိဗ်ရာအီးလ်လူမျိုးတို့သည် ၎င်းအား စောင့်မျှော်လျက် ရှိကြကုန်၏။ ၎င်းတို့၏ မျိုးနွယ်အုပ်စုအတွင်းမှ နဗီ၊ ရစူလ်တမန်တော်တစ်ပါးပါး ပေါ်ပေါက်လာမည့် အချက်နှင့် စပ်လျဉ်း၍

၄င်းတို့သည် စိုးစဉ်းမျှ ဒွိဟ၊ သံသယမရှိကြောင်း' ကို လျှောက်တင်ကြလေသည်။ ပထမတွင်မူ ၄င်းတို့သည် ထိုနဗီရစူလ်သည် ဟဇရသ်ယအ်ကူးဗ် عليه السلام ၏ သားဖြစ်သူ ဟဇရသ်ယူစွဖ် عليه السلام ဖြစ်ကြောင်းကို တွေးခေါ်လျက် ရှိထားကြကုန်၏။ ၄င်းနဗီ ကွယ်လွန်သွားသောအခါ 'ဟဇရသ်အီဗ်ရာဟီးမ် عليه السلام အား ပြုထားတော်မူသော ကတိတော်၏ အခြေခံမူတည်ချက်ပိုင်ရှင်သည် ဤသူ မဟုတ်ပေ။ ထိုကတိတော်ကို ဖြည့်ဆည်းပေးတော်မူရန် အခြားသော နဗီ၊ ရစူလ်တမန်တော်တစ်ပါးပါး ကြွမြန်းလာတော်မူပေလိမ့်မည်။ ဖိရ်အောင်န်သည် ဤစကားကို ကြားကာ သောကဝေဖြာသွားပေသည်။ အကြောင်းမှာ ၄င်းကျွန်အဖြစ် ပြုထားသော ဗနီအိစ်ရာအီလ်တို့အတွင်းမှ နဗီ၊ ရစူလ်တမန်တော်တစ်ပါးပါး ပေါ်ပေါက်လာပါမူ ၄င်းနဗီသည် ဗနီအိစ်ရာအီးလ်တို့အား မိမိ၏ လက်ဝယ်အတွင်းမှ ကယ်ထုတ်သွားပေလိမ့်မည်။

ထို့ကြောင့် အသင့်ရှိနေသော သူတို့က 'ထိုဒုက္ခရပ်မှ လွတ်မြောက်မှုရရှိရန် နည်းလမ်းသည် မည်သို့နည်း'ဟူ၍ မေးမြန်းလေသည်။ ၄င်းတို့သည် မိမိတို့အချင်းချင်း ကြား၌ ညှိနှိုင်းတိုင်ပင် ဆွေးနွေးလျက်ရှိနေကာ နောက်ဆုံး 'ဗနီအိစ်ရာအီလ်မျိုးနွယ်အုပ်စုတွင် မည်သည့်အမျိုးသမီးမဆို သားယောကျ်ားလေး မွေးဖွားမည်ဆိုလျှင် ၄င်းအား သတ်ဖြတ်ပစ်ရမည်'ဟူသော အချက်ကို ဆုံးဖြတ်ချက်ချလိုက်လေသည်။ လက်များအတွင်း၌ ဓါးမြောင်များ ကိုင်ဆောင်ထားလျက် ရှိသော စစ်သားရဲဘော်များကို ခန့်အပ်ထားပေးကာ ၄င်းတို့သည် ဗနီအိစ်ရာအီးလ်မျိုးနွယ်အတွင်းတွင် ဝင်ရောက်ရှာဖွေကြကာ မည်သည့်သားယောကျ်ားကလေးတစ်ဦးကိုမဆို တွေ့သည်ဆိုလျှင် 'ဇဗာဟ်' (လည်ပင်းလှီးဖြတ်မှု) ကို ပြုလုပ်ကြလေသည်။

ဤအထက်ဖော်ပြပါ ရက်စက်မှု အချိန်အခိုက်အတန့် ကြာမြင့်စွာ အကောင်အထည်ဖော်ပြီးသည့်နောက် ၄င်းတို့သည် 'ကျွန်ုပ်တို့အဖို့ ခက်ခဲစွာ ပြုလုပ်နေရသည့် အလုပ်များအားလုံးကို ဤဗနီအိစ်ရာအီလ်လူမျိုးတို့သည် အခုံးသတ်ကာ လုပ်ပေးလျက် ရှိနေပေသည်။ အကယ်၍ ဤသို့ သတ်ဖြတ်မှု၏ ကွင်းဆက်ဇယားသည် ဆက်လက်တည်ရှိနေမူ ဗနီအိစ်ရာအီးလ်၏ အဘိုးအိုများသည် ၄င်းတို့သေချိန်တန်လျှင် သေဆုံးသွားကြမည်ဖြစ်သည်။ ကလေးများကို ဆက်လက်၍ သတ်ဖြတ်နေမည်ဆိုလျှင် နောင်ခေတ်ကာလ၌ ကျွန်ုပ်တို့၏ အလုပ်ကိစ္စများကို ဆောင်ရွက်ပေးမည့် အမျိုးသားတစ်ဦးမျှ ကျန်ရှိမည်မဟုတ်ကြောင်း၊ ခက်ခဲသော အလုပ်ကိစ္စများအားလုံးကို မိမိတို့ကိုယ်တိုင်သာလျှင် ပြုလုပ်ရမည်ဖြစ်ခြင်း၏ အကြောင်းဆက်တရားသာ ပေါ်ပေါက်လာမည် ဖြစ်ကြောင်း'ဟူသော အသိသည် ဝင်လာပေသည်။ ထို့ကြောင့် ယခု 'ပထမတစ်နှစ်အတွင်း၌ မွေးဖွားလာသော ကလေးငယ်များကို ချန်ထားရစ်၍ ဒုတိယနှစ်၌ တစ်ဖန် မွေးဖွားလာသော ကလေးငယ်များကို သတ်ဖြတ်ပစ်ရန်'ဟူ၍ စီမံကိန်းကို ချပြန်လေသည်။ ဤသို့ဖြင့် ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုအတွင်း၌ မိမိတို့အဖို၊ အိမ်သော သူတို့၏ အရိုက်အရာကို ခံယူမည့် လူပျိုအချို့သည် ကျန်ရှိလိမ့်မည်။ ၄င်းသူပျိုတို့၏ အရေအတွက်သည် ဖိရ်အောင်န်အစိုးရကို အန္တရာယ်ပြုနိုင်လောက်အောင် စိုးရိမ်ပူပန်မှုလည်း မရှိပေ။ ဤအချက်ကို အားလုံးသည် နှစ်မြို့၍ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းလိုက်လေသည်။ (ယခု အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်နှင့် ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အမြော်အမြင်တော်သည် ဤသို့ ပေါ်ပေါက်လာပေသည်။

ဟာဇရသ်မူစာ عليه السلام ၏ မိခင်သည် ကလေးငယ်များကို သတ်ဖြတ်ခြင်းမပြုရန် ပိတ်ပင်တားဆီးထားသော နှစ်၌ ဟာဇရသ်ဟာရှုန် عليه السلام ကို ကိုယ်ဝန်ဆောင်ကာ မွေးဖွားလေသည်။ ဖိရ်အောင်န်ဥပဒေအရ ထိုဟာရှုန် عليه السلام အဖို့ စိုးရိမ်မှုတစ်စုံတစ်ရာ ရှိမည်မဟုတ်ပေ။ နောက်နှစ် ကလေးငယ်များ သတ်ဖြတ်ရန် ဥပဒေထုတ်ပြန်ထားသော နှစ်တွင်မူ ဟာဇရသ်မူစာ عليه السلام အား ကိုယ်ဝန်ဆောင်လာပေသည်။ သို့ဆိုလျှင် မိခင်သည် 'အကယ်၍ ဤကလေးငယ်ဖွားလာမည်ဆိုလျှင် သတ်ဖြတ်ခြင်း ခံရလိမ့်မည်'ဟူ၍ စိုးရိမ်မကင်း ဖြစ်နေပေသည်။ အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးသည် ဖြစ်အင်ကို ဤနေရာထိတိုင် ပြောဆိုကာ 'အို, အိဗ်နေဂျုဗိုက်ရ်၊ စမ်းစစ်မှု၏ ပထမအချိန်သည် ဤနေရာ၊ အချိန်သာ ဖြစ်သည်။ အကြောင်းမှာ ဟာဇရသ်မူစာ عليه السلام သည် ယခု ကမ္ဘာလောကသို့ မကြွရောက်လာသေးပေ။ ၎င်းအား သတ်ဖြတ်ရန် စီမံကိန်းကို ရေးဆွဲ၍ နေပေသည်'ဟူ၍ မိန့်တော်မူပေသည်။ ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ မိခင်အား 'အလင်းတရား' ထုတ်ပြန်ပေးခြင်းဟူသော 'ဝဟီ'၏ အကြောင်းခံဖြင့် ဤသို့ ဖြေသိမ့်မှု ပေးပေသည်။

لَا تَخَافِي وَلَا تَحْزَنِي إِنَّا رَادُّوهُ إِلَيْكِ وَجَاعِلُوهُ مِنَ الْمُرْسَلِينَ

ထို့ပြင် အသင်မသည် စိုးရိမ်ခြောက်ခြားခြင်းနှင့် ပူဆွေးခြင်းမရှိလေနှင့်။ (ငါအသျှင်မြတ်သည် ၎င်းအား စောင့်ရှောက်တော်မူပေမည်။ ရက်အချို့ ခွဲခွာစွာ နေထိုင်ပြီးနောက်) ကေန်အမှန် ငါအသျှင်မြတ်သည် ၎င်းမူစာအား အသင်မထံသို့ ပြန်ပို့ပေးတော်မူမည့်အပြင် ၎င်းအား ရစူလ်တမန်တော်များတွင်လည်း တစ်ပါးအပါအဝင် ဖြစ်စေတော်မူမည့် အသျှင်မြတ် ဖြစ်တော်မူ၏။ [၂၈ : ၇]

ဟာဇရသ်မူစာ عليه السلام မွေးဖွားလာသောအခါဝယ် ၎င်း၏မိခင်အား အလ္လာဟ်အသျှင်မြတ်သည် '၎င်းကလေးအား သေတ္တာအတွင်း ထည့်ပိတ်ကာ နိုင်းမြစ်အတွင်းသို့ မျှောချလိုက်ရန်' အမိန့်ပေးတော်မူလိုက်လေသည်။ ဟာဇရသ်မူစာ عليه السلام ၏ မိခင်သည် ထိုမိန့်မြွက်ချက်ကို နာခံလက်ခံတော်မူလိုက်ပေသည်။ အကြင်အခါဝယ် ထိုသူမသည် သေတ္တာကို မြစ်အတွင်းသို့ မျှောချလိုက်ချိန်တွင် ရှိုက်သွာန်သည် ထိုမိခင်၏ စိတ်အတွင်းသို့ 'အဘယ်အပြုအမူမျိုးကို အသင်မ ပြုခဲ့ပေသနည်း။ အကယ်၍ ကလေးသည် အသင်မ၏ ထံ၌သာ ရှိမူ အကယ်၍ သတ်ဖြတ်ခြင်းခံရပါကလည်း မိမိ၏လက်ဖြင့် မြုပ်နှံမှုကို ပြုသည်ဆိုလျှင် ဖြေသိမ့်မှု အချို့ကို ရယူနိုင်ပေသည်။ ယခုမူ ထိုကလေးအား မြစ်တွင်းရှိ တိရစ္ဆာန်များ စားသုံးပေလိမ့်မည်' ဟူ၍ သို့လောသို့လော အချက်များကို ထည့်သွင်းပေးလေသည်။ (မူစာ عليه السلام ၏ မိခင်သည် ထိုသို့ သောကဝေဖြာနေခိုက်) မြစ်၏ လှိုင်းတံပိုးများသည် သေတ္တာအား ဖိရ်အောင်န်၏ ကျွန်မများနှင့် လုံမပျိုများ ရေချိုးရန် ရောက်ရှိနေသော ကျောက်ဖျာကြီးတစ်ခုအပေါ်သို့ ပုတ်တင်ပေးလိုက်လေသည်။ ၎င်းတို့သည် ဤသေတ္တာကို တွေ့မြင်ကာ ဖွင့်ရန် ကြံရွယ်လိုက်မူ တစ်ဦးက 'အကယ်၍ ထိုသေတ္တာအတွင်း၌ ပစ္စည်းတစ်စုံတစ်ရာ ရှိကောင်းရှိမည်ဖြစ်ရာ ကျွန်ုပ်တို့ ဖွင့်လိုက်မူ ဖိရ်အောင်န်၏ ဇနီးသည်က 'ကျွန်တော်မျိုးမတို့သည် တစ်စုံတစ်ရာသော အရာများကို ရယူထားမည်'ဟူ၍ ထင်မြင်သွားပေမည်။ ကျွန်တော်မျိုးမတို့ မည်သို့ပင် ပြောဆိုပါမူ ၎င်းသည် ယုံကြည်လက်ခံလိမ့်မည် မဟုတ်'ဟူ၍ ပြောဆိုလိုက်လေသည်။ ထို့ကြောင့်

အားလုံး၏ အကြံအစည် အကြံဉာဏ်မှာ 'ထိုသေတ္တာကို ဤအတိုင်းပင် ပိတ်၍ ဖိရ်အောင်နှ်၏ ကြင်ယာတော်ထံသို့ ယူဆောင်သွားရန်' ဟူ၍ ဆုံးဖြတ်ချက်ချလိုက်ကြပေသည်။

ဖိရ်အောင်နှ်၏ ဇနီးသည် သေတ္တာကို ဖွင့်လိုက်ပါမှ ထိုသေတ္တာအတွင်းထဲမှ ကလေးငယ်တစ်ဦးကို တွေ့မြင်လိုက်ရပေသည်။ အကြင်ကလေးငယ်ကို တွေ့မြင်လိုက်သည်နှင့် ၎င်း၏ နှလုံးသားအတွင်းဝယ် ရှေးအရင် တစ်ကြိမ်တစ်ခါကမျှပင် မည်သည့်ကလေးငယ် တစ်ဦးတစ်ယောက်ကိုမျှပင် မချစ်ခဲ့ဖူးသော အချစ်မျိုးဖြင့် ချစ်ခင်သွားပေသည်။ အကြင်ချစ်စိတ်သည် စင်စစ်၌ အလ္လာဟ်အသျှင်မြတ်၏ ဤအောက်ဖော်ပြပါ မိန့်မြွက်ချက်၏ ဂုဏ်ရှိန်ဂုဏ်ဝါ ပေါ်ပေါက်လာခြင်းပင် ဖြစ်ပေသည်။

وَأَلْقَيْتُ عَلَيْكَ مَحَبَّةً مِّنِّى

အသင့်အပေါ်၌ မိမိ၏ထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့ပေသည်။ *[၂၀ : ၃၉]*

ဒုတိယတစ်ဘက်၌ကြည့်မူ ဟဇရတ်မူစာ ﷺ ၏မိခင်သည် ရှိုက်သွာန်၏ သို့လောသို့လော အချက်များ ထည့်သွင်းပေးမှုကြောင့် အလ္လာဟ်အသျှင်မြတ်၏ ထိုကတိတော်ကို မေ့လျော့သွားခဲ့သည်။ အခြေအနေသည် ဤသို့ ဖြစ်ရှိနေပေသည်။

وَأَصْبَحَ فُؤَادُ أُمِّ مُوسَىٰ فَـٰرِغًا

ထို့ပြင် တမန်တော်မူစာ ﷺ ၏ မိခင်၏ စိတ်နှလုံးမှာ လွန်စွာ တုန်လှုပ်ခြောက်ခြား စိုးရိမ်ကြောင့်ကြ ထိတ်ထိတ်ပျာပျာ ဖြစ်၍ ပူဆွေးနေလေ၏။

ဟဇရတ်မူစာ ﷺ နှင့် စပ်လျဉ်း၍သာ သောကသည် လွှမ်းမိုး၍ နေလေသည်။ တစ်ဘက်၌ကြည့်မူ ကလေးငယ်များအား သတ်ဖြတ်ရန် တာဝန်ပေးခြင်း ခံထားရသော ရဲမက်မိုပါတို့သည် ဖိရ်အောင်နှ်၏ နန်းအတွင်းသို့ ကလေးငယ်တစ်ဦး ရောက်ရှိလာကြောင်း သတင်းကို ကြားပါမှ ၎င်းတို့သည် ဓါးမြောင်များကို ဆွဲကိုင်လျက် ဖိရ်အောင်နှ်၏ ဇနီးထံသို့ 'ယင်းကလေးအား အပ်နှင်းစေပြီး 'ဇဗာဟ်' ပြုရန်အလို့ငှာ ရောက်ရှိလာကြပေသည်။

အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ဤနေရာသို့ ရောက်ရှိလာကာ အိဗ်နေဂျိုဗိုက်ရ်သခင်ကြီးအား 'အို, အိဗ်နေဂျိုဗိုင်ရ်ဖုသူး၊ (စမ်းစစ်မှု၏ ဒုတိယဖြစ်အင်) သည် ဤအတိုင်းဖြစ်သည်' ဟူ၍ ပြောဆိုလေသည်။

ဖိရ်အောင်နှ်၏ ဇနီးသည် ရဲမက်မိုလ်ပါတို့အား 'ယခု စောင့်ဆိုင်း၍ နေကုန်။ ကလေးငယ်တစ်ဦးကြောင့် ဗနီအိစ်ရာအီးလ်မျိုးနွယ်စုတို့သည် အင်အားတိုးတက်လာမည် မဟုတ်ပေ။ ကျွန်မသည် ဖိရ်အောင်နှ်၏ ထံသို့ သွားရောက်ကာ ဤကလေး၏ အသက် လွတ်မြောက်ကြောင်း ကြားဝင်အသနားခံပေးပေမည်။ အကယ်၍ ဖိရ်အောင်နှ်သည် ပလပ်ခွင့်ပေးလိုက်ပါမူ ဤသည် ကောင်းမွန်ပေလိမ့်မည်။ သို့တည်းမဟုတ် အသင်တို့၏ အမှုကိစ္စအတွင်း၌ ကျွန်တော်မျိုးမသည် ဝင်ရောက်စွက်ဖက်မည် မဟုတ်ဘဲ အသင်တို့၏

လက်ဝယ်အတွင်းသို့ အပ်နှင်းလိုက်မည် ဖြစ်ပေသည်'ဟူ၍ အဖြေပေးလိုက်သည်။ ဤသို့ ပြောဆိုကာ ဖိရ်အောင်န်၏ ထံသို့ သွားရောက်ကာ 'ဤကလေးငယ်သည် ကျွန်တော်မျိုးမနှင့် အသင်နှစ်ဦးစလုံးတို့ အဖို့ မျက်စိကို အေးမြစေသောသူဖြစ်သည်'ဟူ၍ ပြောဆိုလေသည်။ ဖိရ်အောင်န်သည် 'မဟုတ်ပါ၏။ အသင်မ၏ မျက်ဝန်းအစုံ အေးမြကြည်လင်စေသော အချက်ကိုမူ သိရှိပေသည်။ ကျွန်ုပ်အဖို့ ယင်းအချက်သည် မလိုအပ်ပေ'ဟူ၍ ပြောဆိုပေသည်။

ထို့နောက် ဟဇရတ်အစ်ဗ္ဗလ္လာဟ်ဗင်န်အဗ္ဗာ:စ် ﷺ သခင် မိန့်ဆိုသည်မှာ တမန်တော်မြတ် ﷺ သည် 'မိမိအဖို့ ကစမ်ကျိန်ဆိုခွင့်ကို ပြုထားသော အသျှင်မြတ်အား ကစမ်ကျိန်ဆို၍ ပြောဆိုလေမည်။ အကယ်၍ ဖိရ်အောင်န်သည် ထိုအချိန်၌ ဇနီးကဲ့သို့ မိမိအဖို့လည်း မူစာ ﷺ သည် 'မျက်ဝန်းကို အေးမြစေသောသူ' ဟူ၍ ပြောဆိုလိုက်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ဇနီးသည်အား လမ်းမှန်တရား 'ဟေဒါယသ်' ချီးမြှင့်သကဲ့သို့ ၎င်းအားလည်း 'ဟေဒါယသ်' တရား ချီးမြှင့်တော်မူပေလိမ့်မည်' ဟူ၍ မိန့်ဆိုတော်မူပေသည်။

(မည်သို့ပင်ဖြစ်စေကာမူ ဇနီးသည်၏ ပြောဆိုမှုကြောင့် ဖိရ်အောင်န်သည် ထိုကလေးငယ်ကို သတ်ဖြတ်ခြင်းမှ လွတ်မြောက်မှု ပြုပေးလိုက်လေသည်။) ယခု ဖိရ်အောင်န်၏ ဇနီးသည် ထိုကလေးငယ်အား နို့တိုက်ကျွေးရန်အတွက် အပါးတော်ရှိ အမျိုးသမီးများကို ဆင့်ခေါ်လေသည်။ အားလုံးသောသူမတို့သည် ဟဇရတ်မူစာ ﷺ အား နို့တိုက်ကျွေးရန် ပြုစုမှုကို အဆုံးသတ်ထိ ပြုလိုကြပေသည်။ သို့ရာတွင် ဟဇရတ်မူစာ ﷺ သည် မည်သည့်အမျိုးသမီးတစ်ဦး၏ နို့ကိုမျှ ပါးစပ်ဖြင့် မအပ်ပေ။

وَحَرَّمْنَا عَلَيْهِ الْمَرَاضِعَ مِنْ قَبْلُ

ယခု ဖိရ်အောင်န်၏ ဇနီးသည် 'တစ်ဦးတစ်ယောက်၏ နို့ကိုမျှ ဤကလေးသည် မသောက်သုံးပါမူ ရှေ့၌ ဆက်လက်၍ မည်ကဲ့သို့ အသက်ရှင်သန်နိုင်အံ့နည်း'ဟူ၍ သောကဖြစ်သွားပေသည်။ ထို့ကြောင့် မိမိ၏ မောင်းမမိသံများအား '၎င်းကို ဈေးနှင့် လူပရိသတ် ထိုင်ဝိုင်းများရှိရာဆီသို့ ခေါ်ဆောင်သွားစေပြီး၊ အမျိုးသမီးတစ်ဦးတစ်ယောက်၏ နို့ကို စို့ကောင်း စို့လိမ့်မည်'ဟူသော တွေးခေါ်မှုဖြင့် အပ်နှင်းလိုက်လေသည်။

အခြားတစ်ဘက်၌ ဟဇရတ်မူစာ ﷺ ၏ မိခင်သည် ကြံရာမရဖြစ်ကာ မိမိ၏ သမီးကို 'အနည်းငယ်ပြင်ပသို့ ထွက်ကာ ရှာဖွေကုန်။ ထိုသေတ္တာနှင့် ကလေးငယ်၏ နောက်ဆုံးခရီးသည် အဘယ်ကဲ့နည်း။ အသက်ရှင်စွာဖြင့် ရှိနေပါ၏လော။ မြစ်တွင်းရှိ တိရစ္ဆာန်များ၏ အစားအစာပင် ဖြစ်သွားပါ၏လော'ဟူ၍ ပြောဆိုလေသည်။ ထိုအချိန်ထိတိုင် မိခင်သည် ကိုယ်ဝန်ဆောင်ကာလ၌မှာပင် '၎င်းအား ထိန်းသိမ်းစောင့်ရှောက်မည်ဖြစ်ခြင်းအကြောင်း၊ ရက်အချို့ ကွဲကွာစွာ နေထိုင်ပြီးနောက် ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်းကို' အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပေးထားတော်မူသော ကတိတော်ကို မေ့လျော့၍ နေပေသည်။ ဟဇရတ်မူစာ ﷺ ၏ အစ်မ အပြင်သို့ ထွက်လာပါမူ (တန်ခိုးတော်အသျှင်မြတ်၏ ဤမြင်ကွင်းကို တွေ့မြင်

တော်မူပေသည်။) ဖိရ်အောင်န်၏ လုံမေပျိုများသည် ကလေးငယ်ကို ပွေ့ချီလျက် နို့ထိန်းတော်အား ရှာဖွေနေပေသည်။ ထိုအစ်မက ဤကလေးငယ်သည် မည်သည့်အမျိုးသမီးတစ်ယောက်၏ နို့ကိုမျှ မသောက်သုံးခြင်း၊ ဤလုံမပျိုများသည် သောကဝေဖြာနေသော မြင်ကွင်းကို တွေ့မြင်ပါမူ 'ကျွန်တော်မျိုးမသည် အသင်မတို့အား ထိုကလေးသည် ယင်းအိမ်သူ၏ နို့ကို သောက်သုံးခြင်းပြုနိုင်မည်ဖြစ်ပြီး အိမ်ရှိရာသို့ ပြသပေးမည်။ ထိုအိမ်သူသည် ယင်းကလေးအား ကောင်းရာကောင်းကျိုးနှင့် ချစ်ခင်ခြင်းကို ထား၍ မွေးမြူပေးပေလိမ့်မည်' ဟူ၍ ပြောဆိုပေသည်။ ဤပြောကြားချက်ကို ကြားနာကာ ထိုလုံမပျိုများက ၄င်းကလေးငယ်၏ ဆွေမျိုးသားချင်းတော်စပ်သူ တစ်ဦးတစ်ယောက် ဖြစ်တန်ကောင်းရာသည်။ အကြင်အမျိုးသမီးက 'ထိုအိမ်သူသည် ၄င်းအား ကောင်းရာကောင်းကျိုးနှင့် ကိုယ်ချင်းစာတရား ထားရှိမည်' ဟူ၍ အတတ် ပြောဆိုနေသည့်အတွက်ကြောင့် သံသယဖြင့် ဖမ်းထားလိုက်လေသည်။ (ထိုအချိန်၌ အစ်မဖြစ်သူသည် သောကဝေဖြာသွားပေသည်။)

အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးသည် ဤနေရာသို့ ရောက်ကာ တစ်ဖန် အိဗ်နေဂျုဗိုက်ရ်သခင်ကြီးကို 'ဤသည် 'ဖုသူးန်' (စမ်းစစ်မှု) ၏ တတိယမြောက် ဖြစ်အင်ဖြစ်သည်' ဟူ၍ ပြောဆိုပေသည်။ ထိုအချိန်၌ ဟဇရသ်မူစာ عليه السلام ၏ အစ်မသည် ရည်ရွယ်ချက်ကို ပြောင်းကာ 'အိမ်သူမိခင်၏ ကိုယ်ချင်းစာတရား ထားရှိခြင်းနှင့် ချစ်ခင်ခြင်း၏ အလိုသဘောသည် ဖိရ်အောင်န်၏ နန်းတော်ထိတိုင် ထိုအမျိုးသမီးသည် ပေါက်ရောက်မှုရှိ၍ ၄င်းဖိရ်အောင်န်ထံမှ အကျိုးအမြတ်ရယူရန် မျှော်လင့်ချက် ထားရှိထားပေသည်။ ထို့ကြောင့် ယင်းအမျိုးသမီးသည် ဤကလေးငယ်နှင့် စပ်လျဉ်း၍ 'ကိုယ်ချင်းစာတရားနှင့် ချစ်ခင်မြတ်နိုးခြင်း ထားရှိရာတွင် အကြွင်းအကျန်ပင် ထားရှိမည်မဟုတ်ကြောင်း' ဟူသော အလိုသဘောမျိုးဖြစ်သည်' ဟူ၍ ပြောဆိုလေသည်။ ဤစကားကို ကြားကာ မောင်းမပျိုတို့သည် ၄င်းအား လွှတ်ပေးလိုက်လေသည်။ ဤအစ်မဖြစ်သူသည် အိမ်သို့ ပြန်လာကာ မိခင်အား အဖြစ်အပျက်အလုံးစုံကို တင်ပြလေသည်။ ထိုအစ်မဖြစ်သူသည် မိမိ၏ မိခင်နှင့်အတူ မောင်းမပျိုတို့ စုရုံးနေသည့် နေရာသို့ ရောက်ရှိလာပေသည်။ မောင်းမပျိုတို့ ပြောဆိုမှုကြောင့် မိခင်သည်လည်း ကလေးငယ်ကို ရင်ခွင်၌ ထွေးပိုက်လိုက်သည်နှင့် မူစာ عليه السلام သည် ချက်ချင်း မိခင်၏ နို့ရှိရာဆီသို့ ပါးစပ်တပ်ကာ ဝမ်းဝတော်မူသည်အထိ နို့ကို သောက်သုံးတော်မူလိုက်လေသည်။ 'ထိုကလေးငယ်အဖို့ နို့ထိန်းသည်တစ်ဦး ရရှိသွားပြီ' ဟူသော ဝမ်းမြောက်ဖွယ်သတင်းကို ဖိရ်အောင်န်၏ ဇနီး ရရှိသည်နှင့် ၄င်းမိခင်မွန်အား ဆင့်ခေါ်ခိုင်းလေသည်။ ထိုမိခင်မွန်သည် ကြွမြန်းလာကာ အခြေအနေများကို တွေ့မြင်၍ ဖိရ်အောင်န်၏ ဇနီးသည် မိမိအား လိုအပ်မှုရှိနေကြောင်းကို ခံစားသိမြင်လာသောအခါ အနည်းငယ် အကျိုးအမြတ်ကို ထုတ်ရပေမည်။ ဖိရ်အောင်န်၏ ဇနီးသည်က 'အသင်မသည် ဤနန်းတွင်း၌ နေကာ ထိုကလေးကို နို့တိုက်ကျွေးလျက်ရှိနေပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်မျိုးမသည် 'ယင်းကလေးငယ်အား မိမိ၏ အရှေ့မှ ပျောက်ကွယ်သွားခြင်းကို သည်းခံ၍မရနိုင်လောက်အောင်' ချစ်ခင်နေပေသည်' ဟူ၍ ပြောဆိုလေသည်။ ဟဇရသ်မူစာ عليه السلام ၏ မိခင်သည် 'ကျွန်တော်မျိုးမသည် မိမိအိမ်ကို စွန့်လွှတ်ကာ ဤနေရာ၌ နေထိုင်နိုင်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်မျိုးမ၏

ရင်ခွင်အတွင်းဝယ် မိမိအနေဖြင့် နို့တိုက်ကျွေးလျက်ရှိနေရသော ကလေးငယ်တစ်ဦး ရှိနေပေသည်။ ထိုကလေးငယ်ကို အဘယ်ကဲ့သို့ စွန့်လွှတ်ထားနိုင်အံ့နည်း။ အကယ်၍ သခင်မသည် 'ထိုကလေးငယ်အား ကျွန်တော်မျိုးမ၏ လက်ဝယ်အတွင်းသို့ အပ်နှင်း၍ မိမိအိမ်၌မှာပင် ထားကာ နို့တိုက်ကျွေးမည်ဖြစ်သည်' ဟူသော အချက်ကို သဘောတူမည်ဆိုလျှင် ကျွန်တော်မျိုးမသည် 'ယင်းကလေးငယ်အား ထိန်းသိမ်းကြည့်ရှုခြင်းနှင့် စပ်လျဉ်း၍ အနည်းငယ်မျှပင် ပေါ့လျော့မှုကို ပြုမည်မဟုတ်ကြောင်း' ကို ကတိပေးပါသည်' ဟူ၍ ပြောဆိုလေသည်။ ဟာဇရသ်မူစာ ﷺ ၏ မိခင်သည် ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပြုထားတော်မူသော ကတိကို ပြန်လည်သတိရရှိလာပေသည်။ အကြင်ကတိတော်အတွင်း၌ 'ရက်အချို့ကွဲကွာစွာ နေထိုင်ပြီးသည့်နောက် ငါအသျှင်မြတ်သည် အသင်မ၏ ထံတော်ပါးသို့ ပြန်လည်ပို့ဆောင်ပေးမည်' ဟူသော အချက်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ယင်းမိခင်သည် မိမိ၏ စိမ်ချက် ဆုံးဖြတ်ချက်အပေါ်၌ တည်တံ့စွာ ရပ်တည်နေပေသည်။ ဖိရ်အောင်န်၏ ဇနီးသည် မတတ်သာ၍ ထိုအချက်အား လက်ခံလိုက်ရပေသည်။ ဤအမျိုးသမီးသည် ထိုနေ့၌မှာပင် ဟာဇရသ်မူစာ ﷺ ကို ခေါ်ဆောင်ကာ မိမိအိမ်သို့ ပြန်လာလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုကလေးငယ်အား ကြီးထွားဖွံ့ဖြိုးလာမှုကို သီးသန့်ပုံစံမျိုးဖြင့် ပြုလုပ်ပေးသနားထားတော်မူပေသည်။

ဟာဇရသ်မူစာ ﷺ သည် အနည်းငယ် သန်မာဖွံ့ဖြိုးသောအရွယ်သို့ ရောက်ရှိလာချိန်ဝယ် ဖိရ်အောင်န်၏ ဇနီးသည် ၎င်းမူစာ ﷺ ၏ မိခင်အား 'ဤကလေးငယ်ကို ကျွန်တော်မျိုးမထံသို့ ယူဆောင်လာကာ ပြသလေကုန်။ (အကြောင်းမှာ ကျွန်တော်မျိုးမသည် ၎င်းအား ကြည့်ရှုလိုသည့်အတွက် နေမထိ ထိုင်မသာ ဖြစ်နေပေသည်။) ဖိရ်အောင်န်၏ ဇနီးသည် မိမိ၏ နန်းတွင်းရှိသူများအားလုံးကို 'ယခု ဤကလေးငယ်သည် ကျွန်တော်မျိုးမတို့ရှိရာ နန်းတော်သို့ လာရောက်လျက် ရှိနေပေသည်။ အသင်တို့ထဲမှ မည်သူမဆို ၎င်းကလေးငယ်အား ဂုဏ်ပေးမှုကို မပြုသောသူနှင့် လက်ဆောင်ပေးအပ်မှုကို မပြုသည့်သူ တစ်ဦးတစ်ယောက်မျှ မရှိနေစေရ။ ကျွန်တော်မျိုးမကိုယ်တိုင် ယင်းကလေးငယ်အား ထိန်းသိမ်းစောင့်ရှောက်မှုကို ပြုပေမည်။ ယင်းအမှုကိစ္စနှင့် စပ်လျဉ်း၍ အသင်တို့ မည်ကဲ့သို့ သဘောရရှိပေသနည်း' ဟူ၍ အမိန့်ထုတ်ပြန်မှုကို ပြုပေသည်။ ထိုကဲ့သို့ ထုတ်ပြန်မှု၏ အကျိုးဆက်တရားမှာ ဤသို့ ဖြစ်ရှိသွားပေသည်။ ဟာဇရသ်မူစာ ﷺ သည် မိမိ၏ မိခင်နှင့်အတူ အိမ်မှ စတင်ထွက်ခွာလာသည့်အချိန်မှစ၍ ၎င်း၏အပေါ် လက်ဆောင်ပစ္စည်း၏ မိုးသည် ရွာသွန်းဖြိုးနေပေသည်။ ယုတ်စွအဆုံး ဖိရ်အောင်န်၏ ဇနီးသည်ထံသို့ ရောက်ရှိချိန် ၎င်း (ဖိရ်အောင်န်) သည်လည်း ဟာဇရသ်မူစာ ﷺ အား သီးသန့်လက်ဆောင်များကို ပေးအပ်လေသည်။ ဖိရ်အောင်န်၏ ဇနီးသည် ၎င်းအား တွေ့မြင်ကာ အတိုင်းအတာမဲ့ ဝမ်းမြောက်ကာ ရရှိသည့် လက်ဆောင်များအားလုံးအား ဟာဇရသ်မူစာ ﷺ ၏ မိခင်အား ပေးအပ်လိုက်ပေသည်။ ထို့နောက် ဖိရ်အောင်န်၏ ဇနီးသည်က 'ယခု ကျွန်တော်မျိုးမသည် ၎င်းအား ဖိရ်အောင်န်၏ ထံသို့ ခေါ်ဆောင်သွားပေမည်။ ၎င်းသည်လည်း ယင်းကလေးအား လက်ဆောင်များ ပေးအပ်ပေလိမ့်မည်' ဟူ၍ ပြောဆိုလေသည်။ ၎င်းကို ယူဆောင်ကာ ဖိရ်အောင်န်၏ထံသို့ ရောက်ရှိသွားချိန် ၎င်းသည် ထိုကလေးအား မိမိ၏ ရင်ခွင်အတွင်း၌ ထွေးပိုက်

ထားလေသည်။ ဟဇရသ်မူစာ ﷺ သည် ဖိရ်အောင်န်၏ မုတ်ဆိတ်ကို ဆွဲကိုင်ကာ အောက်သို့ စောင့်ဆွဲလိုက်လေသည်။ ထိုအချိန်၌ နန်းတွင်းဝန်များက ဖိရ်အောင်န်အား 'အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အီဗ်ရာဟီးမ် ﷺ အား 'ဗနီအီစ်ရာအီးလ်မျိုးနွယ် အုပ်စုအတွင်း၌ နဗီတမန်တော်တစ်ပါး ပေါ်ထွန်းလာပေမည်။ အကြင်နဗီသည် အသင်၏ တိုင်းပြည်နှင့် ဓနဥစ္စာတို့အား အမွေဆက်ခံမည့်သူ ဖြစ်ပေသည်။ အသင့်အပေါ် လွှမ်းမိုးလာမည်ဖြစ်ကာ နောက်ကောက်ကျအောင် ပြုသွားပေလိမ့်မည်' ဟူ၍ ကတိပေးထားတော်မူရာ ထိုကတိသည် အဘယ်ကဲ့သို့ ပီပြင်စွာ ဖြစ်ပေါ်နေသည်ကို အသင်တွေ့မြင်ပါ၏လော' ဟူ၍ လျှောက်ထားကြပေသည်။

ဖိရ်အောင်န်သည် သတိမူမိကာ ထိုအချိန်၌မှာပင် ၎င်းအား သတ်ပစ်ရန် ကလေးငယ်များအား သတ်ဖြတ်ရန် တာဝန်ပေးထားသော စစ်သည်များကို ဆင့်ခေါ်လေသည်။

အိမ်ရှေ့အဖွားစ်သခင်ကြီးသည် ဤနေရာသို့ရောက်ကာ တစ်ဖန် အိမ်ရှေ့ဂျိုဗိုက်ရ်သခင်ကြီးအား 'ဤသည် 'ဖုသူးန်' (စမ်းစစ်မှု) သေခြင်း တရားသည် ဦးခေါင်း၏ထက်ဝယ် ဝဲပျံလျက်ရှိနေခြင်း၏ စတုဗ္ဗမြောက် ဖြစ်အင်ဖြစ်ပေသည်' ဟူ၍ မိန့်တော်မူပေသည်။ ထို့နောက် ထပ်မံ၍ မိန့်တော်မူလေသည်။

ဖိရ်အောင်န်၏ ဇနီးသည် ဤအချင်းအရာကို တွေ့မြင်ပါမူ 'အသင်သည် ကျွန်တော်မျိုးမအား ဤကလေးငယ်ကို ပေးပြီးဖြစ်ပေသည်။ သို့ရာတွင် အသင်သည် ယခု မည်ကဲ့သို့သော အမှုကိစ္စကို ပြုလုပ်လျက် ရှိနေပါသနည်း' ဟူ၍ ပြောဆိုသည်။ ဖိရ်အောင်န်က 'အသင်မ မသိပေ။ မမြင်ပေ။ ဤကလေးသည် မိမိ၏ လုပ်ရပ်ဖြင့် 'ကျွန်ုပ်ကို သေးသိမ်အောင် ပြုကာ လွှမ်းမိုးအောင်နိုင်လာမည် ဖြစ်ကြောင်း' ကို သာဓကသက်သေပေးလျက် ရှိနေသည်' ဟူ၍ ပြောဆိုပြန်သည်။ ဖိရ်အောင်န်၏ ဇနီးသည်က 'အသင်သည် အချက်တစ်ချက်ကို မိမိနှင့် ကျွန်တော်မျိုးမ၏ ကြားဝယ် ဆုံးဖြတ်ချက်ချရန်အတွက် ယုံကြည်လက်ခံရပေမည်။ အကြင်ဆုံးဖြတ်ချက်မှ 'ကလေးသည် ဤအမှုကိစ္စကို ကလေးတို့ ဘာသာသဘာဝအရ မသိ၍ ပြုခဲ့ပါ၏လော။ သို့မဟုတ် သိလျက်သားနှင့် တစ်စုံတစ်ရာ ပုန်ကန်မှုဖြင့် ပြုခဲ့ပါ၏လော' ဟူသည့် မှန်ကန်သောအချက်သည် ထင်ဟပ်လာပေလိမ့်မည်။ အသင်သည် မီးခဲနှစ်ခဲနှင့် ပုလဲ နှစ်လုံးကို တောင်းခံပါ။ ထိုအရာနှစ်ခုစလုံးကို ကလေး၏ ရှေ့မှောက်တွင် ချထားလိုက်ပါ။ အကယ်၍ ဤကလေးသည် ပုလဲလုံးရှိရာဆီသို့ လက်ကိုလှမ်း၍ မီးခဲအား ကိုင်တွယ်ခြင်းမှ ရှောင်ကြဉ်နေပါမူ '၎င်း၏ လုပ်ရပ်သည် သိလျက်သားနှင့် ပြုကျင့်နေသည်' ဟူ၍ မှတ်ယူရန်ဖြစ်သည်။ အကယ်၍ ပုလဲလုံးများ၏အစား မီးခဲကို ကိုင်လိုက်လျှင်မူ 'ဤလုပ်ရပ်ကို ၎င်းသည် စဉ်းစားဆင်ခြင်၍ ပြုခဲ့သည်မဟုတ်ကြောင်း' ကို မှတ်ယူရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်အသိဉာဏ်ရှိသောသူကတစ်ဦးမဆို မီးခဲကို ကိုင်မည်မဟုတ်ပေ' ဟူ၍ ပြောဆိုလေသည်။

(ဖိရ်အောင်န်သည် ထိုစမ်းစစ်မှုပြုရန်အချက်ကို နာခံလိုက်လေသည်။) မီးခဲနှစ်ခဲနှင့် ပုလဲနှစ်လုံးကို ဟဇရသ်မူစာ ﷺ ၏ ရှေ့တော်မှောက်သို့ ဆက်သလိုက်လေသည်။ သို့ရှိရာ ဟဇရသ်မူစာ ﷺ သည် မီးခဲကို ကောက်ကိုင်လိုက်လေသည်။ (အခြားသော ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ ဟဇရသ်မူစာ

عليه السلام သည် ပုလဲလုံးများကို ကိုင်လိုက်ရန် လိုလားနေခိုက် ဟဇရတ်ဂျိဗ်ရာအီးလ် عليه السلام သည် ၄င်း၏ လက်ကို မီးခဲများရှိရာဆီသို့ တွန်းပို့လိုက်ပေသည်။) ဖိရ်အောင်န်သည် ဤအချင်းအရာကို တွေ့မြင်ပါမှ ချက်ချင်း၊ ၄င်း၏ လက်မှ မီးခဲများကို ထုတ်ယူလိုက်သည်။ အကြောင်းမှာ ၄င်း၏ လက်၊ မလောင်ကျွမ်း သွားစေရန် ဖြစ်သည်။ (ယခု ဖိရ်အောင်န် ဇနီးသည်၏ စီမံကိန်း အောင်မြင်သွားပေသည်။) ၄င်းဇနီးသည် က 'အသင်သည် အဖြစ်အပျက်၏ အခြေခံစေ့စပ်ကို တွေ့မြင်သွားပြီး' ဟူ၍ ပြောဆိုလေသည်။ ဤကဲ့သို့ ဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဤကဲ့သို့သော သေကိန်းဆိုက်ရောက်ခြင်းမှ ဟဇရတ်မူစာ عليه السلام အား လွဲဖယ်လိုက်လေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်သည် ၄င်းအား ရှေ့၌ ဆက်လက်၍ အသုံးချရန်ဖြစ်ပေသည်။ ဟဇရတ်မူစာ عليه السلام သည် ဤကဲ့သို့ဖြင့် နန်းရှိန်၊ နန်းဝါ၊ နန်းတွင်းကြေးဖြင့် မိမိ မိခင်၏ အရိပ်အာဝါသအောက်၌မှာပင် လူပျိုအရွယ်ထိတိုင်အောင် နေထိုင်လာခဲ့သည်။

ထိုဟဇရတ်မူစာ عليه السلام ၏ နန်းရှိန်၊ ဂုဏ်ဝါတို့ကို တွေ့မြင်ကာ ဖိရ်အောင်န်၏ ဘက်တော်သားတို့ သည် ရှေးအလျင် အတိတ်ခေတ်ကာလကဲ့သို့ ဗနီအီစ်ရာအီးလ်မျိုးနွယ်များကို ညှဉ်းပန်းနှိပ်စက်၊ သေးသိမ် အောင် ပြုခြင်းတို့ကို ယခု မပြုဝံ့ကြတော့ပေ။ တစ်နေ့တွင် ဟဇရတ်မူစာ عليه السلام သည် မြို့စွန်နေရာ တစ်နေရာမှ လျှောက်လှမ်းနေစဉ် လူနှစ်ဦး ခိုက်ရန်ဖြစ်ပွားနေသည်ကို တွေ့မြင်ရပေသည်။ တစ်ဦးသည် ဖိရ်အောင်န်၏ ဘက်တော်သားဖြစ်၍ အခြားတစ်ဦးမှာ အီစ်ရာအီးလ်မျိုးနွယ်ဖွား ဖြစ်ပေသည်။ အီစ်ရာအီးလ်မျိုးနွယ်ဖွား သည် ဟဇရတ်မူစာ عليه السلام ကို မြင်တွေ့ကာ အကူအညီပေးရန်အတွက် ဟစ်အော်လေသည်။ ဟဇရတ်မူစာ عليه السلام သည် ဖိရ်အောင်န် ဘက်တော်သား၏ အတင့်ရဲမှုအပေါ် အလွန် ဒေါသထွက်သွားလေသည်။ အကြောင်း မှာ ၄င်းသည် ဖိရ်အောင်န်၏ နန်းအတွင်း၌ မိမိမူစာ عليه السلام ၏ ဂုဏ်ပေးချီးမြှောက်ခြင်း ခံထားရသည်ကို သိရှိ နားလည်ထားပါလျက်ကတစ်ကြောင်း၊ မူစာ عليه السلام သည် ဗနီအီစ်ရာအီးလ်မျိုးနွယ်ဝင်များအား ထိန်းသိမ်း စောင့်ရှောက်လျက် ရှိနေသည်ကို သိရှိထားပါလျက်က တစ်ကြောင်း စသော အကြောင်းတို့ကို သိရှိပါ လျက်နှင့်) မိမိရှေ့၌မှာပင် ဖမ်းချုပ်ထားပေသည်။ လူတို့သည် 'ဟဇရတ်မူစာ عليه السلام ၏ ပတ်သက်မှုသည် အီစ်ရာအီးလ်မျိုးနွယ်ဖွားများ၏ နှိပ်စက်သုံးထားသည့် အတွက်ကြောင့်သာလျှင် ဖြစ်သည်' ဟူ၍ သိနား လည်ထားကြပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၄င်း၏ မိခင်၊ သို့မဟုတ် အခြားသော အကြောင်းခံ တစ်ရပ်ဖြင့် ဟဇရတ်မူစာ عليه السلام အား 'ဤဖမ်းချုပ်ကိုင်ခြင်း ခံထားရသောသူသည် မိမိအား နှိုက်ကျေး သော အမျိုးသမီး၏ ဝမ်းဗိုက်အတွင်းမှပင် မွေးဖွားလာသော အီစ်ရာအီးလ်အနွယ်ဖြစ်ကြောင်း' ကို အသိပေး တော်မူလိုက်ပေသည်။

အချုပ်မှာ ဟဇရတ်မူစာ عليه السلام သည် ဒေါသထွက်ကာ ထိုဖိရ်အောင်န်၏ ဘက်တော်သားကို လက်သီး ဖြင့် ထိုးလိုက်ရာ မခံစားနိုင်၍ ထိုနေရာ၌မှာပင် သေဆုံးသွားလေသည်။ သို့ရာတွင် ရုတ်တရက် ထိုနေရာ၌ ခိုက်ရန်ဖြစ်ပွားနေသောသူနှစ်ဦးနှင့် ဟဇရတ်မူစာ عليه السلام တို့မှအပ အခြားမည်သူတစ်ဦးတစ်ယောက်မှ မရှိပေ။ ဖိရ်အောင်န်၏ ဘက်တော်သားသည် သတ်ဖြတ်ခြင်းခံလိုက်ရလေသည်။ အီစ်ရာအီးလ်မျိုးနွယ်ဖွားသည် မိမိ၏ လူဖြစ်ခြင်းကြောင့် သတိပေးလိုက်မည်ဟူသော စိုးရိမ်စိတ်သည်လည်း မရှိပေ။

ဤဖိရ်အောင်နိ၏ ဘက်တော်သားသည် ဟဇရသ်မူစာ عليه السلام ၏ လက်ချက်ဖြင့် သတ်ဖြတ်ခြင်း ခံလိုက်ရပါမူ ဟဇရသ်မူစာ عليه السلام သည်

هٰذَا مِنْ عَمَلِ الشَّيْطَانِ اِنَّهٗ عدومضل مبين

ဆိုလိုသည်မှာ ဤလုပ်ရပ်သည် ရှိုက်သွာန်ဘက်မှ ဖြစ်ရှိခဲ့ခြင်းဖြစ်သည်။ ထိုရှိုက်သွာန်သည် အတိအလင်း ရန်သူဖြစ်ပြီး လမ်းမှားသူလည်း ဖြစ်သည်။

တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လျှောက်ထားမှုကို ပြုပေသည်။

رَبِّ اِنِّىْ ظَلَمْتُ نَفْسِىْ فَاغْفِرْ لِىْ فَغَفَرَ لَهٗ اِنَّهٗ هُوَ الْغَفُوْرُ الرَّحِيْمُ

အို, အသျှင်မြတ်၊ ကျွန်ုပ်သည် မိမိကိုယ်မိမိ မတရားပြုမိခဲ့ချေပြီ။ (ဆိုလိုသည်မှာ ဖိရ်အောင်နိ ဘက်တော်သားအား သတ်ဖြတ်မိသည့် အမှားတစ်ခုကို ကျွန်ုပ် ကျူးလွန်ခဲ့မိချေပြီ။) ကျွန်တော်မျိုးအား ခွင့်လွှတ်ပေးသနားတော်မူပါ။

အလ္လာဟ်အသျှင်မြတ်သည် လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူလိုက်သည်။ အဘယ်ကြောင့် ဆိုသော် ထိုအသျှင်မြတ်သည်သာလျှင် အလွန်တရာ ပလပ်ခွင့်ပေးသနားတော်မူသော အသျှင်၊ အလွန်တရာ ကရုဏာထားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

ဟဇရသ်မူစာ عليه السلام သည် ထိုဖြစ်အင်၏နောက် ကြောက်ရွံ့မှု၏ အခြေအနေ၌ (ထိုသူ့အား သတ်ဖြတ်လိုက်ခြင်းအပေါ် ဖိရ်အောင်နိဘက်တော်သားတို့၏ တုန့်ပြန်မှုသည် အဘယ်ကဲ့သို့နည်း။ ဖိရ်အောင်နိ၏ နန်းတော်သို့ ထိုအမှုကိစ္စသည် ရောက်ရှိနေပြီ၏လော။ သို့မဟုတ် မရောက်ရှိပေ၏လော) ဟူသော သတင်းများကို စုံစမ်းလျက် ရှိနေပေသည်။ ဖြစ်အင်သည် ဖိရ်အောင်နိ၏ထံသို့ 'အိစ်ရာအီးလ်မျိုးနွယ်ဖွား တစ်ဦးသည် ဖိရ်အောင်နိဘက်တော်သား တစ်ဦးအား သတ်ဖြတ်လိုက်လေသည်။ ထို့ကြောင့် အိစ်ရာအီးလ် မျိုးနွယ်ဖွားတို့ထံမှ ၎င်း၏ သွေးအစား လျော်ကြေးကို ရယူရပေလိမ့်မည်။ ထိုအမှုကိစ္စနှင့် စပ်လျဉ်း၍ ၎င်းတို့အား တစ်စုံတစ်ရာ နှောင့်ဆိုင်းမှုကို မပြုရန် ဖြစ်သည်' ဟူသော ခေါင်းစဉ်မျိုးဖြင့် ရောက်ရှိနေပြီ ဖြစ်ကြောင်း' ကို သိရှိရပေသည်။ ဖိရ်အောင်နိက 'သတ်သူအား သက်သေနှင့်တကွ စုံစမ်းဖော်ထုတ်ပေး ရပေမည်။ အဘယ်ကြောင့်ဆိုသော် ဘုရင်သည် အသင်တို့ဘက်သား ဖြစ်နေလင့်ကစား 'သက်သေသာဓက တစ်စုံတစ်ရာမရှိဘဲ တစ်ဦးတစ်ယောက်ထံမှ သွေးအစား လျော်ကြေးရယူခြင်း' သည် မည်သည့်နည်းနှင့်မျှ မသင့်လျော်ပေ။ အသင်တို့သည် သတ်သူအား ရှာဖွေ၍ အထောက်အထားကို အသင့်ပြုလုပ်ကြကုန်။ ကျွန်ုပ်သည် မုချ အသင်တို့၏ ကလဲ့စားကို သွေးအစား လျော်ကြေးရယူမည့် အသွင်ဖြင့် မုချ ရယူမည် ဖြစ်သည်' ဟူ၍ ပြောကြားလိုက်သည်။ ဖိရ်အောင်နိ၏ ဘက်တော်သားတို့သည် ဤစကားကို ကြားကာ 'သတ်သူ၏ သဲလွန်စကို ရရှိနိုင်ရန် လမ်းများနှင့် ဈေးများ၌ လှည့်လည်နေပေသည်။ သို့ရာတွင် ၎င်းတို့ သည် မည်သည့်သဲလွန်စ တစ်စုံတစ်ရာမျှ မရရှိဘဲ ဖြစ်နေပေသည်။

ရုတ်တရက် ဤအောက်ဖော်ပြပါ ဖြစ်အင် ပေါ်ပေါက်လာပေသည်။ နောက်တစ်နေ့တွင် ဟဇရသ်မူစာ ﷺ သည် အိမ်မှ ထွက်ခွာလာပါမူ ထိုအိစ်ရာအီးလ်မျိုးနွယ်ဖွားကိုပင် အခြားသော ဖိရ်အောင်န်၏ ဘက်တော်သားတစ်ဦးနှင့်အတူ ခိုက်ရန်ဖြစ်ပွားနေသည်ကို တွေ့မြင်ရပေသည်။ တစ်ဖန် ထိုအိစ်ရာအီးလ်မျိုးနွယ်ဖွားသည် ဟဇရသ်မူစာ ﷺ အား အကူအညီပေးရန်အတွက် အော်ဟစ် အကူအညီ တောင်းလေသည်။ သို့ရာတွင် ဟဇရသ်မူစာ ﷺ သည် လွန်ခဲ့သောနေ့၏ ဖြစ်အင်အား ရှက်ရွံ့နေစဉ် ကာလမှာပင် ဤအချိန်၌လည်း ထိုအိစ်ရာအီးလ်မျိုးနွယ်ကိုပင် ခိုက်ရန်ဖြစ်ပွားလျက် ရှိနေသည်ကို တွေ့မြင်ကာ မနှစ်မြို့ဘဲ နေပေသည်။ (အကြောင်းမှာ ၎င်းအိစ်ရာအီးလ်မျိုးနွယ်ဖွား၏ မှားယွင်းမှုဖြစ်ကြောင်းကိုသာ နားလည်သွားပေသည်။ ဤသူသည် ပြဿနာကို မီးထွန်းရှာသူသာလျှင် ဖြစ်ပေသည်။ အမြဲတစေ ခိုက်ရန်ဖြစ်ပွားလျက် ရှိနေပေသည်။) သို့သော် ထိုအချက်ကို သိရှိနေသည့် ကြားကပင် ဟဇရသ်မူစာ ﷺ သည် ဖိရ်အောင်န်၏ ဘက်တော်သားကို ဤအိစ်ရာအီးလ်မျိုးနွယ်များအား တိုက်ခိုက်ခြင်းကို တားမြစ်ရန် ရည်ရွယ်တော်မူလိုက်သည်။ သို့ရာတွင် အိစ်ရာအီးလ်မျိုးနွယ်ဖွားများကိုလည်း သတိပေးတော်မူရန်အလို့ငှာ 'အသင်သည် မနေ့ကလည်း ပြဿနာတက်ခဲ့ပေသည်။ ယနေ့လည်း ခိုက်ရန်ဖြစ်ပွားလျက် ရှိနေပေသည်။ အသင်သည်သာလျှင် မတရားသောသူဖြစ်ပေသည်' ဟူ၍ ပြောဆိုပေသည်။ အိစ်ရာအီးလ်မျိုးနွယ်ဖွားသည် ဟဇရသ်မူစာ ﷺ ၏ အထက်ပါ ပြောဆိုလိုက်သည့် စကားကြောင့် 'ဤသူသည် ယနေ့ ကျွန်ုပ်အား သတ်ပစ်ကောင်း သတ်ပစ်လိုက်ပေမည်' ဟူ၍ သံသယဖြစ်ရှိသွားပေသည်။ သို့ရှိရာ ၎င်းသည် ချက်ချင်း 'အို၊ မူစာ၊ အသင်သည် မနေ့က သတ်ဖြတ်လိုက်သကဲ့သို့ ကျွန်ုပ်အား သတ်ဖြတ်လိုက်ပါမည်လော' ဟူ၍ ပြောဆိုလိုက်လေသည်။

ဤသို့ စကားပြောဆိုပြီးသည့်နောက် နှစ်ဦးစလုံး ခွဲလိုက်ကြပေသည်။ သို့ရာတွင် ဖိရ်အောင်န်၏ ဘက်တော်သားသည် မနေ့က သတ်သူကို ရှာဖွေလျက်ရှိနေသော ဖိရ်အောင်န်၏ ဘက်တော်သားတို့ထံ သွားရောက်ကာ အိစ်ရာအီးလ်မျိုးနွယ်ဖွားကိုယ်တိုင် ဟဇရသ်မူစာ ﷺ အား 'အသင်သည် မနေ့က တစ်ဦးကို သတ်ဖြတ်ခဲ့သည်' ဟူသော ပြောဆိုမှုကို သတင်းပေးလိုက်လေသည်။ ဤသတင်းသည် ဖိရ်အောင်န်၏ နန်းတော်ရှိရာသို့ ချက်ချင်း ရောက်ရှိသွားပေသည်။ ဖိရ်အောင်န်သည် မိမိ၏ ရဲမက်တို့အား မူစာ ﷺ အား သတ်ဖြတ်ရန် စေလွှတ်လိုက်လေသည်။ ဤရဲမက်တို့က '၎င်းသည် ကျွန်ုပ်တို့အား ရှောင်ကာ အဘယ်သို့ သွားနိုင်အံ့နည်း' ဟူ၍ကိုသာ သိရှိထားပေသည်။ စိတ်အေးလက်အေးနှင့်အတူ မြို့၏ လမ်းမကြီးမှ ဟဇရသ်မူစာ ﷺ အား ရှာဖွေရန် ထွက်ခဲ့သည်။ ဤဘက်တစ်ဘက်၌ 'ဖိရ်အောင်န်၏ ရဲမက်ဗိုလ်ပါတို့သည် ဟဇရသ်မူစာ ﷺ အား သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ရှာဖွေရန် ထွက်ခဲ့ပြီးဖြစ်ကြောင်း' သတင်းကို မြို့၏ ဝေးကွာသော အရပ်ဒေသတစ်ခု၌ နေထိုင်သော ဟဇရသ်မူစာ ﷺ ၏ နောက်လိုက် အမျိုးသားထဲမှ တစ်ဦးသည် ရရှိခဲ့လေသည်။ ၎င်းသည် ကြားဖြတ်လမ်းမှ ကြိုတင်၍ ရောက်ကာ ဟဇရသ်မူစာ ﷺ အား သတင်းပေးလိုက်လေသည်။

ဤနေရာသို့ ရောက်ကာ တစ်ဖန် အိဗ်နေအဗ္ဗားစ် သခင်ကြီးသည် 'အို၊ အိဗ်နေဂျုဗိုက်ရ်၊ ဤသည် 'ဖုသူးန်' (စမ်းစစ်မှု) ၏ ပဌမမြောက်ဖြစ်အင်ဖြစ်သည်' ဟူ၍ မိန့်ဆိုလိုက်လေသည်။ အကြောင်းမှာ သေခြင်းတရားသည် ဦးခေါင်းပေါ်၌ ဝဲပျံနေပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား လွတ်မြောက်ခြင်း၏ အကြောင်းခံကို ဖန်တီးပေးသနားတော်မူလိုက်လေသည်။

ဟဇရတ်မူစာ عليه السلام သည် ဤသတင်းကို ကြားကာ ချက်ချင်း မြို့ပြင်သို့ထွက်၍ မဒ်ယာန်မြို့ ရှိရာဆီသို့ ဦးတည်လိုက်လေသည်။ ဤသခင်ကြီးသည် ယနေ့ထိတိုင် ယုယနွေးထွေးကြင်နာစွာဖြင့် မွေးမြူခြင်း ခံထားလာရကာ မည်သည့်အခါမျှလည်း ပင်ပန်းကြီးစွာသော အလုပ်မျိုးကို မလုပ်ကိုင်ခဲ့ဘူးပေ။ 'မိဆွေရ်'နိုင်ငံမှ ထွက်လာခဲ့လေရာ မည်သည့်လမ်းသို့ ခရီးနှင်ရမည်ကို မသိရှိပေ။ သို့ရာတွင် မိမိအား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်အပေါ် အားကိုးအားထားမှု ပြုထားပေသည်။

عَسیٰ رَبِّیٓ ان یهدینی سواء السبیل

ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ကျွန်ုပ်အား လမ်းမှန်ပြသမည်ကို မျှော်လင့်ထားပါသည်။

မဒ်ယာန်မြို့အနီးသို့ ရောက်ရှိသော် မြို့ပြင်ရှိ ရေတွင်းတစ်တွင်းအနီး၌ လူများ စုရုံးနေသည်ကို တွေ့မြင်ရပေသည်။ အကြင်သူတို့သည် ထိုရေတွင်းမှ မိမိတို့၏ တိရစ္ဆာန်များအဖို့ ရေတိုက်ကျွေးလျက်ရှိနေပေသည်။ ထို့ပြင် အမျိုးသမီးနှစ်ဦးသည်လည်း မိမိတို့၏ ဆိတ်များကို သိမ်းကျုံးခေါ်ဆောင်လာကာ သီးခြားစွာ တစ်နေရာ၌ ရပ်နေသည်ကို မြင်တွေ့ရပေသည်။ ဟဇရတ်မူစာ عليه السلام သည် ထိုအမျိုးသမီးတို့အား 'အသင်မတို့သည် အဘယ်ကြောင့် ရပ်နေသနည်း'ဟူ၍ မေးမြန်းရာ 'ကျွန်မတို့သည် ၎င်းသူတို့ဖြင့် ရင်ဘောင် တန်းနိုင်ခြင်း မရှိပေရာ ၎င်းတို့အားလုံး ပြီးမြောက်သွားကာမှ ကျန်ရှိသော ရေကို အသုံးပြု တိုက်ကျွေးရန် စောင့်ဆိုင်းနေရပါသည်' ဟူ၍ ဖြေကြားလေသည်။

ဟဇရတ်မူစာ عليه السلام သည် ၎င်းအမျိုးသမီးတို့၏ မွန်ရည်မှုကို တွေ့မြင်ကာ ကိုယ်တော်တိုင် ၎င်းတို့အဖို့ ရေတွင်းမှ ရေကို ငင်ပေးရန် စတင်လေသည်။ အလ္လာဟ်အသျှင်မြတ်သည် အင်အားချီးမြှင့်ထားသည့်အတွက်ကြောင့် လျှင်မြန်စွာဖြင့် ၎င်းတို့၏ ဆိတ်များကို ရေတိုက်ကျွေးလိုက်လေသည်။ ဤအမျိုးသမီးတို့သည် မိမိတို့၏ ဆိတ်များကို ခေါ်ဆောင်ကာ အိမ်သို့ ပြန်သွားလေသည်။ ဟဇရတ်မူစာ عليه السلام သည် အပင်တစ်ပင်၏ အရိပ်ရှိရာဆီသို့ ကြွမြန်းသွားလေသည်။ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုမွန်ဒိုအာ တောင်းခံလေသည်။

رَبِّ اِنِّیْ لِمَآ اَنْزَلتَ الی من خیر فقیر

အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် ကျွန်တော်မျိုးထံသို့ ချီးမြှင့်ပို့ဆောင်တော်မူသော စည်းစိမ်တော်ကို ကျွန်တော်မျိုး လိုလားတောင့်တပါ၏။ (အလိုသဘောမှာ စားသောက်နေထိုင်တော်မူရန် စီမံမှုတစ်စုံတစ်ရာ ပြုလုပ်ပေးသနားတော်မူပါ။) ၎င်းအမျိုးသမီးတို့သည်

နေ့စဉ် ရောက်နေကျအချိန်ထက် စောကာ ဆိတ်များကို ရေတိုက်ကျွေးပြီး ရောက်ရှိလာသည်ကို ဖခင်သည် တွေ့မြင်ကာ အံ့သြနေပေသည်။ ‘ယနေ့ အသင်မတို့သည် အကြောင်းထူး တစ်စုံတစ်ရာဖြင့် တွေ့ကြုံရင်ဆိုင်လာရသည်’ ဟူ၍ မိန့်တော်မူသည်။ အမျိုးသမီးတို့သည် ဟဇရတ်မူစာ عليه السلام ရေငင်ပေးခြင်းနှင့် တိုက်ကျွေးခြင်း၏ ဖြစ်အင်ကို တင်ပြလိုက်လေသည်။ ဖခင်သည် ယင်းအမျိုးသမီးနှစ်ဦးထဲမှ တစ်ဦးကို ဤသို့ ကျေးဇူးတရား ပြုထားသူကို ခေါ်ဆောင်လာရန် ပြောဆိုလိုက်ရာ ထိုအမျိုးသမီးသည် ဟဇရတ်မူစာ عليه السلام အား ခေါ်ဆောင်လာလေသည်။ ဖခင်သည် ဟဇရတ်မူစာ عليه السلام အား အခြေအနေများကို မေးမြန်းပြီးနောက် ပြောဆိုသည်မှာ–

لَاتَخَفْ نَجَوْتَ مِنَ الْقَوْمِ الظّٰا لِمِيْنَ

အသင်၏ နှလုံးသားအတွင်းမှ အကြောက်တရားကို ထုတ်လိုက်ပါ။ အသင်သည် သူယုတ်မာတို့၏ လက်အတွင်းမှ လွတ်မြောက်ပြီး ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ဖိရ်အောင်န်၏ အုပ်ချုပ်မှုအောက်၌ တည်ရှိသည်မဟုတ်ဘဲ ၎င်း၏ အမိန့်သည်လည်း ကျွန်ုပ်တို့အပေါ် သက်ရောက်လာနိုင်မည်လည်း မဟုတ်ပေ။

ယခု ထိုအမျိုးသမီးငယ် နှစ်ဦးထဲမှ တစ်ဦးသည် မိမိ၏ ဖခင်အား

يابت استا جره ان خير من اسْتَاْجرت القوى الامين

အို့, ဖခင်၊ ၎င်းအား အသင်အဖေသည် အလုပ်သမား အမှုထမ်းအဖြစ် ထားရှိတော်မူပါ။ အဘယ်ကြောင့်ဆိုသော် အလုပ်သမားအဖြစ် အမှုထမ်းရန်အတွက် အကောင်းဆုံးသောသူသည် အားအင်ပြည့်ဖြိုး၍ သစ္စာရှိသူ ဖြစ်ရပေမည်။ ဖခင်ဖြစ်သူသည် မိမိသမီးထံမှ ဤစကားရပ်ကို ကြားနာ၍ ရှက်မိကာ ‘ကျွန်ုပ်၏ သ မီးသည် ထိုသူ အားအင်ပြည့်ဖြိုး၍ သစ္စာဝါဒီရှင်ဖြစ်ကြောင်းကို မည်သည့်အချက်မှ သိရှိကြောင်းကို မေးမြန်းလိုသည့်အတွက် ယင်းသမီးအား ‘၎င်းအင်အားရှိကြောင်းကို မည်ကဲ့သို့ ခန့်မှန်းကာ သစ္စာရှိကြောင်းကိုလည်း မည်သည့်အချက်မှ သိရှိကြောင်း’ကို မေးမြန်းလေသည်။

အမျိုးသမီးနှစ်ဦးက လျှောက်ထားသည်မှာ ‘၎င်းအားအင်ရှိခြင်း၏ မျက်မြင်အချက်သည်မှု ၎င်း ရေတွင်းမှ ရေငင်သည့်အချိန် သိရှိခဲ့ရသည်။ အကြောင်းမှာ အားလုံးသော ဆိတ်ကျောင်းသမားများ၏ အလျှင် ၎င်းသည် မိမိအလုပ်ကို အဆုံးသတ်ပေးလိုက်လေသည်။ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ၎င်းနှင့် တန်းတူ ရေမငင်နိုင်ပေ။ သစ္စာရှိခြင်း၏ အခြေအနေကိုမူ ‘အကြင်အခါဝယ် ကျွန်တော်မျိုးမသည် ၎င်းအား ခေါ်ဆောင်ရန် သွားရာ ပထမအရှေ့၌မှာပင် မိမိသည် အမျိုးသမီးတစ်ဦး ဖြစ်သည်ကို တွေ့မြင်သွားခိုက် ချက်ချင်း ဦးခေါင်းကို အောက်သို့ စိုက်ချထားပေသည်။ ကျွန်တော်မျိုးမသည် အသင်ဖခင်၏ ဆင့်ခေါ်ချက်ကို မပြောပြသရွေ့ ကာလပတ်လုံး ဦးခေါင်းကို မထောင်ပေ။ ထို့နောက် ၎င်းက ‘ကျွန်တော်မျိုးမအား ‘အသင်မသည် ကျွန်တော်မျိုး၏ အနောက်မှ လျှောက်၍ အိမ်ရှိရာနေရာကို အနောက်မှပင် ပြောဆိုနေပါ’ဟူ၍’ အချက်ဖြင့် သိရှိရပေသည်။ ဤအချက်သည် စစ်မှန်သော ယောကျ်ားတစ်ဦးသာလျှင် ပြုကျင့်နိုင်အပ်သော

အချက်ဖြစ်ပေသည်။ ဖခင်သည် သမီး၏ ထိုစိတ်မှန်သော အသိဉာဏ်ရှိသည့် အချက်ကြောင့် ပျော်ရွှင်ကာ ထောက်ခံမှုကို ပြုပေး၍ မိမိကိုယ်တိုင်လည်း ၎င်းနှင့် စပ်လျဉ်းသော အင်အားနှင့် သစ္စာရှိကြောင်းကို ယုံကြည်သွားပေသည်။ ထိုအချိန်၌ မိန်းကလေးတို့၏ ဖခင်ဖြစ်သူ (ရစူလ်တမန်တော်ရှုအိုက်ဗ် ﷺ သည် ဟာဇရသ်မူစာ ﷺ အား ထိုသမီးနှစ်ဦးထဲမှ တစ်ဦးဖြင့် အသင့်အား '(၈) နှစ်တိုင် အလုပ်သမားအဖြစ် လုပ်ကိုင်ပေးရန်၊ အကယ်၍ မိမိ၏ ပင်ကိုယ်ရွေးချယ်မှုဖြင့် (၁၀) နှစ်တိုင် ပြုပေးသည်ဆိုလျှင် သာပို၍ ကောင်းမွန်ပေသည်။ သို့ရာတွင် ကျွန်ုပ်သည် ဤအတည်ပြုချက်ကို အသင် သာပို၍ ခက်ခဲမှုမရှိစေရန် ထပ်မံ၍ မသတ်မှတ်ပေးချင်ပေ' ဟူသော စည်းကမ်းချက်ဖြင့် 'နေကာဟ်' ပြုပေးမည်ကို လက်ခံပါ၏လော' ဟူ၍ ပြောဆိုလေသည်။ ဟာဇရသ်မူစာ ﷺ သည် ထိုအချက်ကို လက်ခံလိုက်လေသည်။ အကြင် ပြောကြားချက်၏ ရှုထောင့်မှ ဟာဇရသ်မူစာ ﷺ ၏အပေါ် (၈) နှစ်သည် ပဋိညာဉ်သဘောအရ အရေးကြီးသွား၍ ကျန် (၂) နှစ်သည် မိမိ၏ သဘောအရသာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဟာဇရသ်မူစာ ﷺ အား (၁၀) နှစ်တိုင် ပြုပေးမည်ဟူသော အချက်ကို ပြည့်ဝစွာ ဆောင်ရွက်စေခဲ့သည်။

စအီးဒ်အိဗ်နေဂျုဗိုက်ရ်သခင်ကြီးက မိန့်တော်မူပေသည်။ တစ်ကြိမ်တစ်ခါက ကျွန်ုပ်သည် ခရစ်ယာန် ဘုန်းတော်ကြီးတစ်ဦးဖြင့် တွေ့ဆုံရာ ၎င်းက ကျွန်ုပ်အား 'ဟာဇရသ်မူစာ ﷺ သည် အချိန်ကာလ သတ်မှတ်ပေးချက် (၂) နှစ်ချက်ထဲမှ မည်သည့်အချက်ကို ပြည့်ဝအောင် ဆောင်ရွက်ပေးခဲ့သည်ကို သိရှိပါ၏လော' ဟူ၍ မေးမြန်းခဲ့သည်။ 'ကျွန်ုပ်ကလည်း မသိရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပေသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ထိုအချိန်ထိတိုင် ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်ကို မသိရှိသေးပေ။ ထို့နောက် ကျွန်ုပ်သည် ဟာဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီးနှင့် တွေ့ဆုံရာ ၎င်းအား မေးမြန်းခဲ့သည်။ ၎င်းက (၈) နှစ်ထိတိုင် ဆောင်ရွက်ပေးရန်သည် ဟာဇရသ်မူစာ ﷺ အပေါ် ဝါဂျိဗ်ဖြစ်၍ ထိုအတိုင်းအတာ နှင့် စပ်လျဉ်း၍ အတိုးအလျှော့ပြုရန် မဖြစ်တန်ကောင်းရာ။ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန် တော်အား ၎င်းဘက်မှ ပင်ကိုယ်ရွေးချယ်ထားတော်မူသော ကတိတော်ကိုလည်း ပြည့်ဝစေလိုသည့်အတွက် ကြောင့် ပြည့်ဝစေတော်မူလိုက်ကြောင်း၏ အချက်ကိုလည်း သိထားသင့်ပေသည်' ဟူ၍ ဖြေကြားတော်မူ လိုက်လေသည်။ ထို့နောက် ကျွန်ုပ်သည် ယင်းနစ္စရာနီဘုန်းတော်ကြီးဖြင့် တွေ့ရာ အဖြေကို ပေးလိုက် ပေသည်။ သို့ဆိုလျှင် ယင်းဘုန်းတော်ကြီးက 'အသင်မေးသော သူသည် အသင့်ထက် သာပို၍ သိနားလည် သောသူ ဖြစ်သည်' ဟူ၍ ပြောဆိုရာ ကျွန်ုပ်ကလည်း 'ဧကန်မုချ ၎င်းသည် အလွန်ကြီးကျယ်လှစွာသော အာလင်မ်တစ်ပါးနှင့် ကျွန်ုပ်တို့အားလုံးထက် အမြတ်ဆုံး' ဟူ၍ ပြန်လည် ဖြေကြားလိုက်လေသည်။

(၁၀) နှစ်တာ အတိုင်းအတာကာလ ပြည့်ဝစွာ အလုပ်အကျွေးပြုစုမှုကို ပြုပေးပြီးနောက် (အကြင် အခါဝယ်) ဟာဇရသ်မူစာ ﷺ သည် မိမိဇနီးသည်ကို ခေါ်ဆောင်ကာ ဟာဇရသ်ရှုအိုက်ဗ် ﷺ ၏ ဌာနေ 'မဒ်ယာန်' မြို့မှ ထွက်ခွာလာလေသည်။ လမ်းခရီးသည် အလွန်အေးချမ်း၍ ညဥ့်သည် အမှောင်ထုဖြစ်ကာ လမ်းလည်း ပျောက်၍ ခိုးကိုးရာ ကင်းမဲ့နေသော အချိန်၌ ရုတ်တရက် 'သူရ်' တောင်၏ဘက်မှ မီးကို မြင်တွေ့ပေသည်။ တစ်ဖန် ထိုနေရာသို့ သွားရောက်၍ အံ့ဖွယ်ကောင်းသော မြင်ကွင်းများကို မြင်တွေ့ပြီး

နောက် တောင်ဝှေးတော်၏ 'မုအ်ဂျေဇာဟ်'နှင့် (လက်ကို ဂျိုင်းအောက်၌ ညပ်ကာ ပြန်ထုတ်လိုက်သောအခါ ဝယ် နေမင်းကြီးထက်ပင် သာပိုထွန်းလင်းတောက်ပြောင်သော လက်) ဖြစ်သော 'မုအ်ဂျေဇာဟ်'တို့ကို၊ ထို့ပြင် ၎င်း 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) တို့နှင့်အတူ နဗီရစူလ်ဖြစ်ခြင်းကို ချီးမြှင့်ခံရပြီးသည့်နောက် (အကြောင်းအဖြစ်အပျက်အလုံးစုံသည် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း အထက်၌ လွန်ခဲ့လေပြီ။) ဟဇရသ်မူစာ عليه السلام သည် 'ကျွန်ုပ်သည် ဖိရ်အောင်န်၏ နန်းတော်အပေါ်မှ ထွက်ပြေးတိမ်းရှောင်နေသော တရားခံ တစ်ဦးအဖြစ် သတ်မှတ်ထားပြီးဖြစ်ပေသည်။ ယခု ၎င်း၏ထံသို့ မိမိရစူလ်ဖြစ်ကြောင်း ကြွေးကြော်မှုကို ရယူကာ သွားရောက်ရန် အမိန့်သည် ကျရောက်လာလေပြီ။ ထို့ပြင် မိမိ၏ နှုတ်လျှာ၌လည်း ထစ်အမှု ၏ ချွင်းချက်သည်လည်း ရှိနေလေပြန်ရာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လျှောက်ထား အသနားခံ မှုကို ပြုလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ တောင်းခံချက်နှင့်အညီ ၎င်း၏ နောင်တော် ဟဇရသ် ဟာရူန် عليه السلام ကို ရစူလ်အဖြစ် ပြုလုပ်ပါဝင်စေကာ ထိုဟာရူန် عليه السلام ၏ ထံတော်ပါးသို့ '၎င်းသည် ဟဇရသ်မူစာ عليه السلام အား မိဆွေရ်မြို့ပြင်မှ ထွက်၍ ခရီးဦးကြိုဆိုရန် 'ဝဟီ'အမိန့်တော်ကို ထုတ်ပြန် ပေးတော်မူလိုက်လေသည်။ ထိုမိန့်မြွက်ချက်နှင့်အညီ ဟဇရသ်မူစာ عليه السلام သည် ထိုနေရာသို့ ရောက်ကာ ဟဇရသ်ဟာရူန် عليه السلام နှင့် တွေ့ဆုံနှုတ်ဆက်ပြီး နှစ်ဦးစလုံးသည် (အမိန့်တော်နှင့်အညီ) အမှန်တရား ဘက်သို့ ဖိတ်ခေါ်ရန်အတွက် ဖိရ်အောင်န်၏ နန်းတော်ရှိရာဆီသို့ ရောက်သွားပေသည်။ အနည်းငယ် ကြာမြင့် သည် အထိတိုင် ဝင်ခွင့်ကို မရရှိပေ။ ဤနဗီနှစ်ပါးစလုံးသည်လည်း တံခါးများရှိရာ၌ စောင့်ဆိုင်းလျက် တည်ရှိနေကြကုန်၏။ တစ်ဖန် များစွာသော အကာအဆီး၊ အတားအဆီးများကို ဖြတ်ကျော်ကာ တွေ့ရောက် ခွင့်ကို ရရှိပေသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ဖိရ်အောင်န်အား

اِنَّا رَسُوْلَا رَبِّكَ

(ဧကန်အမှန် ကျွန်ုပ်တို့သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ တမန်တော် နှစ်ပါး ဖြစ်ကြသည်) ဟူ၍ မိန့်တော်မူရာ ဖိရ်အောင်န်က

فَمَنْ رَّبُّكُمَا

(အသင်တို့နှစ်ဦးအား ဖန်ဆင်းတော်မူသော အသျှင်သည် မည်သူနည်း) ဟူ၍ ပြန်လည်မေးမြန်း ပေသည်။ ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်ဟာရူန် عليه السلام တို့ ဖြေကြားသော အချက်ကို ကုရ်အာန်ကျမ်း တော်မြတ်ကိုယ်တိုင်က ဤသို့ တင်ပြထားပေသည်။

رَبُّنَا الَّذِىٓ اعطٰى كل شىءٍ خلقه ثُمَّ هَدٰى

(ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသီးသီးသော အရာဝတ္ထုတိုင်းကို ၎င်းအရာနှင့် ထိုက်တန်သည့်အားလျော်စွာ ရုပ်ဆင်းကို ချီးမြှင့်တော်မူပြီးလျှင် ဆောင်ရွက်အံ့သော နည်းလမ်း ကို ညွှန်ပြတော်မူသော အသျှင်မြတ်ပင် ဖြစ်ပေသည်။ [၂၀ : ၅၀]

ထိုဖြေကြားချက်အပေါ် ထပ်ဆင့်၍ ဖိရ်အောင်န်သည် 'သို့ဆိုလျှင် အသင်တို့နှစ်ဦးသည် မည်သည့်အရာကို လိုလားနေပေသနည်း' ဟူ၍ မေးမြန်းရင်း တစ်ဆက်တည်းမှာပင် အသတ်ခံရသော ကစ်ဗွိသ္သီကိစ္စနှင့် ပတ်သက်၍ ဟဇရသ်မူစာ ﷺ အား တရားခံအဖြစ် သတ်မှတ်လိုက်သည်။ (ထို့ပြင် မိမိနန်းတော်၌ ကျွေးမွေးပြုစုခြင်းနှင့် ကျေးဇူးတရားတို့ကို ထုတ်ဖော်ပြသလေသည်။) ဟဇရသ်မူစာ ﷺ သည် ယင်းအချက်နှစ်ရပ်စလုံး၏ အဖြေကို ပေးလေသည်။ အကြင်အဖြေကို ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ တင်ပြထားပေသည်။ (ဆိုလိုသည်မှာ အသတ်ခံရသူကိစ္စနှင့် စပ်လျဉ်း၍မူ မိမိမှားကြောင်းကို ဝန်ခံ၍ 'မသိနားမလည်လိုက်ခြင်း' ချွင်းချက်ကို ထုတ်ဖော်ပြသပေသည်။) ၎င်း၏ အိမ်၌ ကျွေးမွေးခြင်းခံရကာ ကြီးပြင်းလာခြင်းအား ကျေးဇူးတရားထုတ်ဖော်လိုက်ခြင်း၏ အဖြေကို ဤသို့ ပေးထားပေသည်။ 'အသင်သည် ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင်များအားလုံးကို ကျွန်အဖြစ် သိမ်းပိုက်ထားပေသည်။ ၎င်းတို့အပေါ် အမျိုးမျိုးသော ညှဉ်းပန်းမှုကို ပြုထားပေသည်။ ထိုအချက်များ၏ အကြောင်းတရား၌ သတ်မှတ်ချက်အရ အသင့်အိမ်နန်းတော်သို့ ရောက်ရှိစေလိုက်သည်။ အလ္လာဟ်အသျှင်မြတ် သဘောတူလက်ခံသော အရာများသည် ဖြစ်ရှိသွားပေသည်။ ယင်းအချင်းအရာများအတွင်း၌ အသင်၏ ကျေးဇူးတရား တစ်စုံတစ်ရာမျှ မပါရှိပေ' တစ်ဖန် ဟဇရသ်မူစာ ﷺ သည် ဖိရ်အောင်န်အား မိန့်တော်မူ၍ မေးမြန်းတော်မူပေသည်။ 'အသင်သည် 'အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူ၍ ဗနီအိစ်ရာအီးလ်လူမျိုးတို့ကို လွတ်မြောက်စေရန် အချက်' ကို သဘောတူပါ၏လော။' ဖိရ်အောင်န်သည် ယင်းအချက်ကို ငြင်းဆို၍ 'အကယ်၍ အသင့်ထံ၌ မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ရစူလ်ဖြစ်ကြောင်း လက္ခဏာတစ်စုံတစ်ရာရှိမူ ပြသပါ' ဟူ၍ ပြောဆိုရာ ဟဇရသ်မူစာ ﷺ သည် မိမိ၏ တောင်ဝှေးတော်ကို မြေပြင်ပေါ်သို့ ချလိုက်လေသည်။ သို့ရှိရာ ထိုတောင်ဝှေးသည် အလွန်ကြီးမားသော မြွေကြီး၏အသွင်ဖြင့် ပါးစပ်ဟကာ ဖိရ်အောင်န်၏ဘက်သို့ လိုက်လာဟန်ဖြစ်ရှိသွားပေသည်။ ဖိရ်အောင်န်သည် ကြောက်လန့်ကာ မိမိပလ္လင်၏အောက်၌ ပုန်းဝပ်နေလိုက်လေသည်။ ဟဇရသ်မူစာ ﷺ အား 'ထိုမြွေကြီးကို တားထားရန်' တောင်းပန်ခိုလှုံခွင့်ကို ပြုလေသည်။ ဟဇရသ်မူစာ ﷺ သည် ၎င်းကို ဖမ်းကိုင်လိုက်လေသည်။ တစ်ဖန် မိမိ၏ ဂျိုင်း (ရင်ခွင်) အတွင်းသို့ လက်ထည့်ကာ ပြန်ထုတ်လိုက်ပါမူ ထိုလက်သည် ထွန်းလင်းတောက်ပလျက် ရှိနေပေသည်။ ဤဒုတိယ 'မုအ်ဂျေဇာဟ်' တန်ခိုးတော်သည် ဖိရ်အောင်န်၏ ရှေ့မှောက်သို့ ရောက်ရှိလာပါမူ တစ်ဖန် ဒုတိယအကြိမ် ရင်ခွင်ကြား (ဂျိုင်းအောက်) သို့ လက်ကို ပြန်ထည့်လိုက်ပါမူ လက်သည် ရှိရင်းစွဲအခြေအနေသို့ ပြန်လည်ရောက်ရှိသွားပေသည်။

ဖိရ်အောင်န်သည် ကြောက်ရွံ့ကာ မိမိ၏ နန်းတွင်းဝန်များအား (အသင်တို့ တွေ့မြင်နေပါ၏လော။ ဤသည် မည်ကဲ့သို့သော အချင်းအရာဖြစ်ပေသနည်း။ ကျွန်ုပ်တို့ မည်သည့်အရာကို ပြုသင့်ပေသနည်း) ဟူ၍ တိုင်ပင်မေးမြန်းမှုကို ပြုပေသည်။ နန်းသူနန်းသားများသည် (တစ်စုံတစ်ရာ သောကထားရန် အချက်မဟုတ်ပေ။) ဤသူနှစ်ဦးစလုံးသည် 'ဂျာဒူ' ပယောဂဆရာများ ဖြစ်သည်။ မိမိတို့၏ မှော်အတတ်ပညာ

ဖြင့် အသင့်ကို အသင့်၏ တိုင်းပြည်မှ နှင်ထုတ်ရန် လိုလားနေပေသည်။ အသင်၏ အကောင်းဆုံးသော သာသနာ (အကြင်သာသနာသည် ၎င်းတို့၏ အရှေ့၌ ဖိရ်အောင်နှ်အား ခဝပ်ကိုးကွယ်မှုပင် ဖြစ်သည်။) အား ဖယ်ရှားရန် လိုလားနေသည်။ အသင်သည် ၎င်း၏ စကားတစ်စုံတစ်ရာကိုမျှပင် မနာခံလေနှင့်။ (သောက တစ်စုံတစ်ရာလည်း မဖြစ်ရှိလေနှင့်။) အဘယ်ကြောင့်ဆိုသော် အသင်၏ တိုင်းပြည်၌ ပယောဂ အောက်လမ်းအတတ်ပညာရှင်ကြီးများ ရှိပေသည်။ အသင်သည် ၎င်းတို့အား ခေါ်ယူတော်မူပါ။ ၎င်းတို့သည် မိမိတို့၏ 'ဂျာဒူ'အတတ်ပညာဖြင့် ၎င်းနှစ်ဦး၏ 'ဂျာဒူ'အတတ်ညာအပေါ် လွှမ်းမိုးအောင် ပြုပေလိမ့်မည်' ဟူ၍ တစ်ပြိုင်နက်တည်း ပြောကြားကြလေသည်။

ဖိရ်အောင်နှ်သည် မိမိတိုင်းပြည်ရှိ မြို့များအားလုံးရှိရာဆီသို့ 'မှော်အတတ်၊ ပယောဂအတတ်ပညာ၌ ကျွမ်းကျင်သူများအားလုံး နန်းတော်အတွင်းသို့ အခစားဝင်ရောက်ရန်' အမိန့် ထုတ်ပြန်လိုက်လေသည်။ တစ်တိုင်းပြည်လုံး၌ရှိသော ပယောဂအတတ်ပညာရှင်များအားလုံး စုရုံးလာကြရာ ၎င်းတို့က ဖိရ်အောင်နှ်အား 'အသင် ကျွန်ုပ်တို့အား ယှဉ်ပြိုင်နိုင်းလိုသော နှစ်ဦးသည် မည်ကဲ့သို့သော အတတ်ပညာကို ပြုလုပ်ပြသ ပါသနည်း'ဟူ၍ မေးမြန်းလေသည်။ ၎င်းက 'ထိုသူနှစ်ဦးသည် မိမိ၏ တောင်ဝှေးကို မြွေအဖြစ် ပြုလုပ်သည်' ဟူ၍ ပြောဆိုရာ မှော်အတတ်ပညာရှင်ကြီးတို့က အလွန်သောကကင်းမဲ့စွာဖြင့် 'ဤသည် တစ်စုံတစ်ရာ ဘာမျှမဟုတ်သော အချက်ဖြစ်သည်။ တောင်ဝှေးများနှင့် ကြိုးများကို မြွေအဖြစ် ပြုလုပ်ခြင်း၏ အတတ် ပညာအရည်အချင်းကို ကျွန်ုပ်တို့လည်း တတ်မြောက်ရာ မည်သူမျှ ယှဉ်ပြိုင်နိုင်ကြမည် မဟုတ်ပေ။ သို့ရာတွင် 'ကျွန်ုပ်တို့ အကယ်၍ အောင်နိုင်သွားမည်ဆိုလျှင် မည်သည့်အရာ ရရှိမည်နည်း'ဟူသော ဆုလာဘ်ပဋိညာဉ် အချက်ကိုလည်း မိန့်တော်မူပါ'ဟူ၍ ပြောဆိုကြပေသည်။

ဖိရ်အောင်နှ်က 'အကယ်၍ အသင်တို့ အောင်မြင်မှု ရရှိသွားပါမူ ကျွန်ုပ်တို့မျိုးနွယ်၏ သီးသန့် အနွယ်ဝင်များနှင့် အတွင်းဝန်များအဖြစ် ခန့်အပ်ခြင်း ခံရပေမည်။ ထို့ပြင် အသင်တို့ လိုလားသည့် အရာများ အားလုံးကို ချီးမြှင့်မည်ဖြစ်ပေသည်'ဟူ၍ ဖြေကြားလေသည်။

ယခု မှော်အတတ်ပညာရှင်ကြီးတို့သည် ယှဉ်ပြိုင်ရန် အချိန်နှင့် နေရာကို ဟဇရသ်မူစာ ﷺ အား သတ်မှတ်ပေး၍ မိမိတို့၏ 'အီးဒ်' (ပျော်ရွှင်ရမည့်နေ့) 'ကျားရှ်သ်'အချိန်ကို သတ်မှတ်လိုက်လေသည်။

အိဗ်နေဂျိုမိုက်ရ်သခင်ကြီးက ပြောဆိုသည်မှာ အိဗ်အနေအဗ္ဗားစ် ﷺ သခင်ကြီးသည် ကျွန်ုပ်အား '၎င်းတို့၏ 'ယောင်မွစ်ဇီးနာ' (အီးဒ်နေ့) ၌ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်မူစာ ﷺ ကို ဖိရ်အောင်နှ် နှင့် ၎င်း၏ မှော်အတတ်ပညာရှင်များအပေါ် အောင်မြင်မှုပေးလိုက်လေသည်။ ထိုနေ့သည် 'အာရှူရာ'နေ့ (မုဟာရ်ရမ် (၁၀) ရက်နေ့) ဖြစ်ပေသည်'ဟူသော အကြောင်းကို ပြောပြလေသည်။

လူအားလုံးတို့သည် ကွင်းပြင်ကျယ်အတွင်း၌ ယှဉ်ပြိုင်ခြင်းကို ကြည့်ရှုရန် လာရောက်သော အခါ ဝယ် ဖိရ်အောင်နှ်ဘက်တော်သားတို့သည် မိမိတို့အချင်းချင်း ကြား၌

لعلنا نتبع السحرة ان كانوا هم الغالبين

ဆိုလိုသည်မှာ ကျွန်ုပ်တို့ ဤနေရာ၌ မုချ စောင့်ဆိုင်းနေရမည် ဖြစ်သည်။ အကယ်၍ ပဥ္စလက် (စုန်း) ဆရာတို့ (မူစာ ﷺ နှင့် ဟာရူးန် ﷺ) အောင်မြင်ကြသည်ရှိသော် ကျွန်ုပ်တို့သည် ၎င်းတို့၏ နောက်လိုက်များအဖြစ် လိုက်နိုင်ကြပေမည်။ *[၂၆ : ၄၀]*

၎င်းတို့၏ ဤသို့ ပြောဆိုမှုသည် နဗီနှစ်ပါးအား နောက်ပြောင်သည့်ပုံစံမျိုးဖြင့် ဖြစ်ပေသည်။ (၎င်းတို့၏ ယုံကြည်ချက်မှာ ဤနဗီနှစ်ပါးသည် ကျွန်ုပ်တို့၏ ပယောဂ မှော်အတတ်ပညာရှင်များအပေါ် အောင်နိုင်မှု ရရှိမည်မဟုတ်ဟူ၍သာ ဖြစ်ပေသည်။)

ယှဉ်ပြိုင်မည့် ကွင်းပြင်ကို ကောင်းမွန်ကျနစွာ ပြင်ဆင်ပြီးဖြစ်သွားပါမူ မှော်ဆရာတို့သည် ဟဇရတ် မူစာ ﷺ အား 'ပထမ အသင့်အနေဖြင့် တစ်စုံတစ်ရာကို ချပါလေ။ (မိမိ၏ အတတ်ပညာကို ပြသပါလေ) သို့မဟုတ် ကျွန်ုပ်တို့ ဦးစွာပထမ ချပြရမည်၏လော'ဟူ၍ ပြောဆိုရာ ဟဇရတ်မူစာ ﷺ က 'ဦးစွာပထမ အသင်တို့သည်သာလျှင် မိမိတို့၏ အတတ်ပညာကို ပြသပါ'ဟူ၍ မိန့်တော်မူလိုက်လေသည်။ ၎င်းတို့သည် မိမိတို့၏ တောင်ဝှေးများနှင့် ကြိုးများကို

بعزة فرعون انا لنحن الغالبون

(ဖိရ်အောင်န်၏ အမိုသဟဲအကြောင်းခံဖြင့် ကျွန်ုပ်တို့သည်သာလျှင် အောင်မြင်မည့်သူများ ဖြစ်ပေသည်) ဟူသော စကားလုံးများကို ပြောဆိုကာ ချလိုက်ကြ၏။ (ဤတောင်ဝှေးများနှင့် ကြိုးများ သည် ကြည့်ရှုရာ၌ မြွေများအဖြစ် လှုပ်ရှားသွားလာလျက် ရှိကြကုန်၏။) ဤအချင်းအရာကို တွေ့မြင်ကာ ဟဇရတ်မူစာ ﷺ အပေါ် ကြောက်ရွံ့မှုတစ်ရပ်သည် လွှမ်းမိုးသွားပေသည်။

فَاَوْجَسَ فِىْ نَفْسِهٖ خِيْفَةً مُّوْسٰى

သို့ဖြစ်ပေရာ မူစာ ﷺ သည် မိမိ၏ စိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။ *[၂၀ : ၆၇]*

ဤကြောက်ရွံ့မှုသည် လူ့သဘောသဘာဝအလျောက် သဘာဝကြောက်စိတ်ဖြစ်သည်။ နဗီတမန် တော်များသည်ပင်လျှင် ယင်းအချက်မှ ကင်းလွတ်၍ မနေပေ။ ထိုကြောက်ရွံ့ခြင်းသည် 'ယခု အစွလာမ် ဘက်သို့ ဖိတ်ခေါ်မှုကို ကျွန်ုပ် ယူဆောင်လာလေသည်။ ထိုသို့ ဖိတ်ခေါ်မှုအလုပ်၌ အဟန့်အတား ပေါ်ပေါက် လာမည်ကို' စိုးရိမ်ကြောက်ရွံ့ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်မူစာ ﷺ အား 'ဝဟီ'ဗျာဒိတ်တော်၏ အကြောင်းခံဖြင့် မိမိ၏ တောင်ဝှေးကို မြေပေါ် ပစ်ချရန် အမိန့်ထုတ်ပြန်လိုက်လေသည်။ ဟဇရတ်မူစာ ﷺ သည် မိမိ၏ တောင်ဝှေး ကို ပစ်ချလိုက်ရာ ၎င်းသည် ပါးစပ်ကို ဟထားလျက်ရှိသော မြွေကြီးတစ်ကောင် ဖြစ်သွားပေသည်။ ထိုမြွေကြီးသည် မှော်အတတ်ရှင်များ မိမိတို့ပညာဖြင့် အစွမ်းပြထားသော မြွေများအားလုံးကို မြိုချ လိုက်လေသည်။

ဖိရ်အောင်နှ် ခေါ်ထားသော မှော်အတတ်ပညာရှင်များသည် မိမိတို့ပညာအရာ၌ ကျွမ်းကျင်သူများဖြစ်ရာ ဤအချင်းအရာကို တွေ့မြင်ပြီး 'ဟဇရသ်မူစာ ﷺ ၏ တောင်ဝှေးမှ ဖြစ်သွားသော ဤမြွေကြီးသည် မှော်အတတ်ပညာဖြင့် ပြုလုပ်လိုက်သည်မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှသာ ဖြစ်ကြောင်း' ကို ယုံကြည်မိသွားကြလေသည်။ ထို့ကြောင့် မှော်အတတ်ပညာရှင်တို့သည် ထိုအချိန်၌မှာပင် 'ကျွန်ုပ်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် ဟဇရသ်မူစာ ﷺ ယူဆောင်လာသော ဒီးန်သာသနာတော်အား အီမာန်ရယူလိုက်ကြပါပြီ။ ထို့ပြင် ကျွန်ုပ်တို့သည် မိမိတို့၏ အတိတ်ခေတ်ကာလ၌ အရိုးစွဲကာ တည်ရှိခဲ့သော တွေးခေါ်မှုများနှင့် ယုံကြည်ချက်မူဝါဒတို့မှလည်း 'သောင်ဗာဟ်' အမှားဝန်ခံပါသည်' ဟူ၍ ကြွေးကြော်လေသည်။ ဤကဲ့သို့ဖြင့် အလ္လာဟ်အသျှင်မြတ်သည် ဖိရ်အောင်နှ်နှင့် ၎င်း၏ မိတ်ဆွေအပေါင်းပါးတို့အား ရှုံးနိမ့်စေတော်မူလိုက်လေသည်။ ၎င်းတို့အနေနှင့် ဖြန့်ခင်းထားသော စီမံကိန်း ကွန်ယက်များအားလုံး မှားယွင်းပျက်စီးခဲ့ရလေသည်။

فغلبوا هنالك وَانْقَلَبُوا صَاغِرِينَ

ထိုအခါ ၎င်းဖိရ်အောင်နှ်နှင့် ယင်း၏ မှူးမတ်တို့သည် ထိုနေရာ၌ပင် အရေးနိမ့် ရှုံးခဲ့ကြရသည်သာမက အကျိုးယုတ် အရှက်ရသူများလည်း ဖြစ်ခဲ့ရသည်။ *[၇ း ၁၁၉]*

ဤသို့ ယှဉ်ပြိုင်နေသောအချိန်၌ ဖိရ်အောင်နှ်၏ ဇနီး အာစိယာသခင်မသည် ဟောင်းနွမ်းပြဲစုတ်နေသော အဝတ်ကို ဝတ်ဆင်ကာ ဟဇရသ်မူစာ ﷺ အတွက် အကူအညီရရှိရန် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ဆုမွန်ဒိုအာ တောင်းဆိုလျက် ရှိနေပေသည်။ ဖိရ်အောင်နှ်၏ ဘက်တော်သားတို့သည် 'ဤသူမသည် ဖိရ်အောင်နှ်အတွက် သောကဝေဖြာနေသည့်အတွက်ကြောင့် ၎င်းဖိရ်အောင်နှ်အတွက် ဆုတောင်းပေးနေသည်' ဟူ၍ ထင်မှတ်နေကြပေသည်။ စောန်စင်စစ် ထိုသူမ၏ သောကအလုံးစုံသည် ဟဇရသ်မူစာ ﷺ အတွက်သာ ဖြစ်ပေသည်။ (၎င်းမူစာ ﷺ အောင်နိုင်မှု ရရှိရန်အတွက်သာ ဆုမွန်တောင်းဆိုလျက် ရှိနေပေသည်။) ထို့နောက် ဟဇရသ်မူစာ ﷺ သည် 'မုအ်ဂျေဇာဟ်' တန်ခိုးတော် တစ်စုံတစ်ရာကို ပြသကာ ထိုဖိရ်အောင်နှ်၏အပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အထောက်အထား ပြီးပြည့်စုံသွားပါမူ ထိုအချိန်၌ ဖိရ်အောင်နှ်သည် 'ယခု ကျွန်ုပ်သည် ဗနီအီစ်ရာအီးလ်မျိုးနွယ်ဝင်များကို အသင်နှင့် အတူထည့်ပေးလိုက်မည်' ဟူ၍ ကတိပြုထားခဲ့သည်။ သို့ရာတွင် ဟဇရသ်မူစာ ﷺ ၏ ဒိုအာကြောင့် ထိုပြစ်ဒဏ်၏ ကြောက်ရွံ့မှုအချက်သည် လွှဲဖယ်သွားပါမူ မိမိ၏ ကတိအား ပြန်လည်ဖျက်လိုက်လေသည်။) ထို့နောက် 'အဘယ်သို့နည်း။ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အခြားသော သက်သေလက္ခဏာတော်တစ်ရပ်အားလည်း ပြသနိုင်ပါ၏လော' ဟူ၍ ပြောဆိုလေ့ရှိပေသည်။ ဤသို့ စဉ်တိုက်ဆက်တိုက် ပြောဆိုလျက် ရှိနေစဉ် နောက်ဆုံး အလ္လာဟ်အသျှင်မြတ်သည် ဖိရ်အောင်နှ်၏ မျိုးနွယ်အုပ်စုအပေါ် ဝယ်မုန်တိုင်း၊ ကျိုင်းကောင်များ၊ အဝတ်အစားများတွင် သန်းကောင်များ၊ အိုးခွက်ပန်းကန်နှင့် စားသောက်ဖွယ်ရာများ၌ ဖားများနှင့် သွေး အစရှိသော ပြစ်ဒဏ်တော်များကို လွှမ်းမိုးစေတော်မူခဲ့သည်။ အကြင် 'အဇာဗ်'

အပြစ်ဒဏ်တော်များကို ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ 'အာယာသေ မုဖပ်စ္စလာသ်' (ထင်ရှားသော သက်သေလက္ခဏာများ) ဟူသော စကားလုံးများနှင့် သုံးနှုန်းထားပေသည်။ ဖိရ်အောင်န်၏ အခြေအနေမှာ 'အထက်ဖော်ပြပါ 'အဇားဗ်'တော်များထဲမှ 'အဇားဗ်'တော်တစ်ရပ် ကျရောက်လာပါမူ ထို 'အဇားဗ်' တော်အား ခံနိုင်စွမ်း မရှိတော့ပါမူ၊ ဟဇရတ်မူစာ ﷺ အား 'အကြင်မည်သည့်နည်းနှင့်မဆို ဤပြစ်ဒဏ်ကို ဝေးကွာအောင် ပြုပေးတော်မူပါ။ သို့ဆိုလျှင် ကျွန်ုပ်သည် ဗနီအစ်ရာအီလ်လူမျိုးစုတို့အား သူကောင်းပြုပါမည်'ဟူ၍ တောင်းပန်လေသည်။

တစ်ဖန် 'အဇားဗ်'တော် ရုပ်သိမ်းတော်မူခြင်း ခံရသည်ဆိုလျှင် တစ်ဖန် ကတိကို ချိုးဖောက်လိုက်ပြန်သည်ဟူသော အခြေအနေဖြင့် တည်ရှိနေပေသည်။ နောက်ဆုံး အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်မူစာ ﷺ အား 'မိမိ၏ မျိုးနွယ်ဗနီအိစ်ရာအီးလ်တို့အား အသင်သည် အတူတကွ ခေါ်ဆောင်ကာ မိဇွေရ်မှ ထွက်ခွာရန်' အမိန့်ပေးတော်မူလိုက်လေသည်။ ဟဇရတ်မူစာ ﷺ သည် ၎င်းတို့အားလုံးနှင့် ညဥ့်အချိန်၌မှာပင် မြို့မှ ထွက်ခွာခဲ့လေသည်။ ဖိရ်အောင်န်သည် နံနက်အချိန်၌ ၎င်းတို့အားလုံး ထွက်ခွာသွားသည်ကို သိမြင်ပါမူ မိမိ၏ စစ်သည်များကို အဘက်ဘက်မှ စုရုံး၍ ၎င်းတို့အား နောက်ယောင်ခံလိုက်ရန် စေလွှတ်လိုက်လေသည်။ တစ်ဘက်၌ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်မူစာ ﷺ နှင့် ဗနီ အိစ်ရာအီလ်တို့ သွားရမည့်လမ်း၌ ရှိသည့် မြစ်အား 'ဟဇရတ်မူစာ ﷺ သည် အသင့်အပေါ် တောင်ဝှေးဖြင့် ရိုက်လိုက်သည်ဆိုလျှင် လမ်း (၁၂) သွယ်ဖြစ်သွားရန်နှင့် အကြင် လမ်း (၁၂) သွယ်မှ ဗနီအိစ်ရာအီးလ်လူမျိုး (၁၂) သွယ် ဖြတ်သန်းသွားရန် ဖြစ်ပေသည်။ ဤလူမျိုး (၁၂) သွယ် ဖြတ်သန်းသွားပြီးချိန်ဝယ် ၎င်းတို့နောက်မှ နောက်ယောင်ခံလိုက်လာသောသူတို့ ကူးဖြတ်ချိန်ဝယ် ပြန်လည်၍ စုစည်းလိုက်ရန် ဖြစ်သည်' ဟူ၍ မိန့်တော်မူလိုက်လေသည်။

ဟဇရတ်မူစာ ﷺ သည် မြစ်အနီးသို့ ရောက်ရှိသောအခါ 'မြစ်ကို တောင်ဝှေးဖြင့် ရိုက်လိုက်ခြင်းဖြင့် လမ်း (၁၂) သွယ် ပြုပေးမည်ဖြစ်သော အမိန့်' ကို သတိမရဘဲ ရှိနေပေသည်။ ၎င်း၏ မျိုးနွယ်အုပ်စုသည် ၎င်းအား (ကေန်မလွဲ ကျွန်ုပ်တို့သည် အမှန်ပင် အဖမ်းခံကြရပြီ) ဟူ၍ လျှောက်ထားမှုကို ပြုကြပေသည်။ အဘယ်ကြောင့်ဆိုသော် အနောက်မှ ဖိရ်အောင်န်၏ စစ်တပ်များ လာရောက်နေသည်ကို မြင်တွေ့ရကာ အရှေ့၌လည်း ဤမြစ်သည် အဟန့်အတားဖြစ်နေပေသည်။ ထိုအချိန်၌ ဟဇရတ်မူစာ ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ 'မြစ်အား တောင်ဝှေးဖြင့် ရိုက်လိုက်ခြင်းဖြင့် လမ်း (၁၂) သွယ် ဖြစ်သွားမည်' ဆိုသည့် ကတိတော်ကို ပြန်လည်၍ သတိရရှိလာပေသည်။ ထို့နောက် ချက်ချင်း မြစ်အား မိမိ၏ တောင်ဝှေးဖြင့် ရိုက်လိုက်လေသည်။ ဤသို့ ရိုက်လိုက်ချိန်သည် ဗနီအိစ်ရာအီလ်လူမျိုးတို့၏ နောက်ဆုံးမှ ရှိသောသူများနှင့် ဖိရ်အောင်န်၏ စစ်တပ်အရှေ့ဆုံးမှ ရှိသောသူတို့ လုံးဝ မီလာလုမတတ် ဖြစ်သောအချိန် ဖြစ်ပေသည်။ ဟဇရတ်မူစာ ﷺ ၏ 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ဖြင့် မြစ်သည် သီးခြားတစ်ကွဲတစ်ပြားစီ ဖြစ်ကာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်နှင့်အညီ လမ်း (၁၂) ဖြစ်သွားပေသည်။ ဟဇရတ်မူစာ ﷺ နှင့် ဗနီအိစ်ရာအီလ်လူမျိုးများ အားလုံးသည် ထိုလမ်းမှ ဖြတ်သန်းသွားကြလေသည်။ နောက်ယောင်ခံလိုက်လာ

သော ဖိရ်အောင်န်၏ စစ်တပ်များသည် မြစ်အတွင်း၌ လမ်းကို မြင်ကာ ဆက်လက်လိုက်လံမှုကိုပြုရန် မိမိတို့၏ မြင်းများနှင့် ခြေများကို လှမ်းလိုက်သည်နှင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် သီးခြားစွာ ဖြစ်ရှိသော မြစ်၏ လျှောက်လမ်းကြောင်းများသည် အချင်းချင်း ပြန်လည်ထိတွေ့သွားကြပေသည်။ ဟဇရသ်မူစာ عليه السلام နှင့် ဗနီအိစ်ရာအီလ်မျိုးနွယ်ဝင်တို့သည် အခြားတစ်ဘက်ကမ်းသို့ ရောက်ရှိချိန်ဝယ် ထိုနဗီ၏ အခွေတော်များသည် 'ဖိရ်အောင်န်သည် ၎င်းတို့နှင့်အတူ ရေနစ်မြုပ်ခြင်းမရှိ။ 'မိမိကိုယ်ကို မိမိ အလွတ် ရုန်းကောင်း ရုန်းထွက်သွားနိုင်ပေသည်ဟူသော စိုးရိမ်ဖွယ်အချက်သည် ရှိနေသည်' ဟူ၍ ပြောဆိုပေသည်။ ဟဇရသ်မူစာ عليه السلام သည် ဖိရ်အောင်န်၏ ပျက်စီးမှုကို ကျွန်တော်မျိုးတို့အပေါ် ထင်ရှားစေတော်မူပါ' ဟူ၍ ဆုမွန်ပြုလေရာ အလ္လာဟ်အသျှင်မြတ်သည် ဖိရ်အောင်န်၏ သေနေသော အလောင်းကို မြစ်မှ အပြင်သို့ လွှင့်ပစ်ပေးလိုက်လေရာ အားလုံးသည် ၎င်းကွယ်လွန်သေဆုံးသွားကြောင်းကို မျက်ဝါးထင်ထင် မြင်တွေ့ လိုက်ရပေသည်။

ထို့နောက် ဤဗနီအိစ်ရာအီလ်မျိုးနွယ်အုပ်စုတို့သည် ဟဇရသ်မူစာ عليه السلام နှင့်အတူ ရှေ့သို့ ဆက်လက် ထွက်ခွာသွားပါမှ လမ်း၌ 'မိမိတို့ကိုယ်တိုင် မိမိတို့ ပြုလုပ်ထားကြသော ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ် လျက်ရှိကြကုန်သော' မျိုးနွယ်အုပ်စုတစ်စု ရှိရာမှ ဖြတ်သန်းသွားကြလေသည်။ သို့ရှိရာ ဤဗနီအိစ်ရာအီလ် မျိုးနွယ်အုပ်စုတို့သည် ဟဇရသ်မူစာ عليه السلام အား

يامو سى اجعل لنا الها كما لهم الهة قال انكم قوم تجهلون ان هو لا متبر ما هم فيه

ထိုအခါ ၎င်းအမျိုးသားများက 'အို, မူစာ၊ အသင်သည် ကျွန်ုပ်တို့အဖို့လည်း ဤလူမျိုးတို့၌ ရှိကြကုန်သော ကိုးကွယ်ရာဘုရားများကဲ့သို့ ဘုရားတစ်ဆူကို ပြုလုပ်၍ ပေးပါလေ' ဟူ၍ ပြောဆိုကြလေ သည်။ ထိုအခါ နဗီက ၎င်းတို့အား အသင်တို့သည် ဧကန်စင်စစ် အသိတရား ကင်းမဲ့ကြကုန်သော သူမိုက်များပင် ဖြစ်ကြကုန်သည်' ဟူ၍ ပြောဆိုလေသည်။ ဧကန်မလွဲ ၎င်းတို့လုံးပမ်းလျက် ရှိကြသော အမှုကိစ္စများသည် ဖျက်ဆီးခြင်းခံရပေမည်။ *[၇ ፡ ၁၃၈-၁၃၉]*

ဟူ၍ ပြောဆိုသည်။ ဟဇရသ်မူစာ عليه السلام က 'အသင်တို့သည် အံ့ဩဖွယ်ကောင်းသော မျိုးနွယ် အုပ်စုဖြစ်သည်။ အကြောင်းမှာ ဤကဲ့သို့ အသိဉာဏ်ကင်းမဲ့လှစွာသော စကားကို ဆိုနေပေသည်။ ဤရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်လျက်ရှိနေသော သူတို့၏ ခဝပ်ကိုးကွယ်မှုမှာ ပျက်စီးဆုံးရှုံးသွားမည့် အရာ များ ဖြစ်ပေသည်' ဟူ၍ မိန့်တော်မူပေသည်။ ဟဇရသ်မူစာ عليه السلام က 'အသင်တို့သည် မိမိတို့အား မွေးမြူ ဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်ပါးမှ ဤမျှခန့် 'မုအ်ဂျိဇာဟ်' တော်များကို မြင်တွေ့နေရလင့် ကစား အသင်တို့၏ အသိဉာဏ်အလိမ္မာ ကင်းမဲ့သော တွေးခေါ်မှုများသည် မပြောင်းလဲသေးပေ' ဟူ၍ ဆက်လက်ပြောဆိုကာ မိမိ၏ မိတ်ဆွေများနှင့်အတူ ဆက်လက် ထွက်ခွာလာလေသည်။ တစ်နေရာသို့ ရောက်ရှိကာ ၎င်းတို့အား ရပ်နားတည်းခိုစေလေသည်။ ထို့နောက် 'အသင်တို့သည် ဤနေရာ၌ တည်းခို ကြကုန်။ ရက် (၃၀) ပြည့်ပြီးသည့်နောက် ပြန်လာမည်ဖြစ်သည်။ ကျွန်ုပ်သွားရောက်ပြီးနောက် ဟဇရသ်

ဟာရူးန် عليه السلام ကို ကျွန်ုပ်၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားရှိပေမည်။ လုပ်ငန်းရပ်တိုင်း၌ ၎င်း၏ အမိန့်ကို နာခံရန် ဖြစ်သည်’ဟူ၍ ပြောဆိုမှာကြားပေသည်။

ဟဇရတ်မူစာ عليه السلام သည် ၎င်းတို့အား နှုတ်ဆက်ကာ ‘တူရ်’တောင်ပေါ်သို့ ကြွမြန်းသွားပေသည်။ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ သွယ်ဝိုက်သော အမိန့်တော်ဖြင့်) ရက်ပေါင်း (၃၀) တိတိ ‘ရိုဇာဟ်’ ဆက်တိုက်ထားပေသည်။ သို့မှသာ ထို ‘ရိုဇာဟ်’ထားပြီးသည့်နောက် အလ္လာဟ်အသျှင်မြတ်နှင့် စကား ပြောဆိုတော်မူခြင်းမှ အကျိုးရယူခံစားနိုင်ပေသည်။ နေ့၊ ည ရက် (၃၀) ဆက်တိုက် ‘ရိုဇာဟ်’ထားသည့် အတွက်ကြောင့် ‘ရိုဇာဟ်’ထားသူ၏ ပါးစပ်၌ အနံ့အသက်တစ်ရပ် ပေါ်ပေါက်လာပေသည်။ ထိုအနံ့အသက် နှင့်အတူ အလ္လာဟ်အသျှင်မြတ်နှင့် စကားပြောဆိုတော်မူရန် မသင့်’ဟူ၍ သောကဖြစ်ကာ တောင်မြက် အမျိုးအစားတစ်ရပ်၏ အမှိုသဟဲဖြင့် တံပူစားကာ ခံတွင်းကို သန့်ရှင်းအောင်ပြုလိုက်လေသည်။ အလ္လာဟ် အသျှင်မြတ်၏ အခစားတော်သို့ ဝင်ရောက်သောအခါ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ‘အသင်သည် အဘယ်ကြောင့် ‘အိဖ်သာရ်’ (စားသောက်ခြင်း) ပြုခဲ့ပေသနည်း’ဟူ၍ မေးမြန်းတော်မူပေသည်။ (ဟဇရတ် မူစာ عليه السلام တစ်စုံတစ်ရာကိုမျှ မစားသောက်ထားကြောင်းကို အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူပေသည်။ သို့သာမက ခံတွင်းကို သန့်ရှင်းအောင် ပြုလိုက်ခြင်းကို ရစူလ်တမန်တော်တစ်ပါးဖြစ်ခြင်း၏ သီးသန့် အချက်အပေါ် ထောက်ရှု၍ ‘အိဖ်သာရ်’ (စားသောက်ခြင်း) ဟူ၍ ထုတ်ဖော်မိန့်မြွက်ဆိုလိုက်ခြင်း ဖြစ်သည်) ဟဇရတ်မူစာ عليه السلام သည် ထိုအခြေခံ ဇစ်မြစ်အချက်ကို သိရှိကာ ‘အို၊ ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်း တော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်နှင့် စကားပြောဆိုတော်မူရန်အတွက် ခံတွင်း အနံ့ကို သန့်ရှင်းအောင် ပြုရမည်ဟူသော အတွေးခေါ်မျိုး ဝင်ရောက်လာခြင်းကြောင့် ဖြစ်သည်’ဟူ၍ လျှောက်ထားတော်မူသည်။ ‘အို၊ မူစာ၊ အသင် မသိရှိပါသလော။ ‘ရိုဇာဟ်’ထားသောသူ၏ ပါးစပ်မှ ထွက်သော အနံ့သည် ကတိုးနံ့ထက်ပင် သာပို၍ ငါအသျှင်မြတ်ထံတော်၌ နှစ်မြို့ဖွယ်ကောင်းပေသည်။ ယခု အသင် ပြန်သွား၍ နောက်ထပ် (၁၀) ရက် သာပို၍ ‘ရိုဇာဟ်’ထားလေကုန်။ တစ်ဖန် ငါအသျှင်မြတ်၏ ထံတော်ပါးသို့ ပြန်လာကုန်’ဟူ၍ မိန့်တော်မူလိုက်ပေသည်။ ဟဇရတ်မူစာ عليه السلام သည် အမိန့်တော်အား နာခံတော်မူလိုက်ပေသည်။

တစ်ဖက်၌ ဟဇရတ်မူစာ عليه السلام ၏ မျိုးနွယ်အုပ်စုဖြစ်သော ဗနီအိစ်ရာအီလ်မျိုးနွယ်အုပ်စုတို့သည် ‘သတ်မှတ်ပေးထားခဲ့သော ရက်ပေါင်း (၃၀) ကျော်လွန်၍ ဟဇရတ်မူစာ عليه السلام ပြန်လည် ရောက်ရှိမလာ ကြောင်း’ ကို တွေ့မြင်ပါမှ ၎င်းတို့အဖို့ ဤအချက်သည် မနှစ်မြို့ဖွယ်ရာ ဖြစ်ခဲ့ရသည်။ အခြားတစ်ဘက်၌ ဟဇရတ်ဟာရူးန် عليه السلام သည် ဟဇရတ်မူစာ عليه السلام ထွက်ခွာသွားပြီးသည့်နောက် မိန့်ခွန်းတော်တစ်ရပ်ကို ပြောကြားလေသည်။ ၎င်းမှာ ‘ဖိရ်အောင်န်မျိုးနွယ်အုပ်စုရှိသူတို့၏ များစွာသော အရာများကို အသင်တို့ လည်း အငှားသဘောမျိုးဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ၎င်းတို့ကပင် အသင်တို့ထံ၌ အပ်နှံပစ္စည်းများ ကို ထားရှိခြင်းသော်လည်းကောင်း၊ အသင်တို့သည်လည်း များစွာသော အရာများကို ဖိရ်အောင်န်၏ ဘက် တော်သားတို့ထံ၌ အပ်နှံပစ္စည်းများအဖြစ် ထားရှိနေလင့်ကစား ထိုပစ္စည်းများအားလုံးကို အသင်တို့သည် မိမိတို့နှင့်အတူ ယူဆောင်လာကြကုန်သည်။ ထို့ပြင် အသင်တို့သည် ‘၎င်းတို့၏ ပစ္စည်းများကို မိမိတို့၏

ပစ္စည်းများအစား၌ ရယူထားလျက် ရှိကြကုန်၏' ဟူ၍ ထင်မြင်ကောင်း ထင်မြင်နေကြပေသည်။ သို့ရာတွင် ကျွန်ုပ်သည် ၎င်းတို့ထံမှ ငှားရမ်းရယူထားသော ပစ္စည်းများကို အသင်တို့အဖို့ အသုံးပြုခြင်း ပိုင်သည် ဟူ၍ မမှတ်ယူပေ။ ကျွန်ုပ်သည် ထိုပစ္စည်းများကို ပြန်လည်၍ ပေးအပ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် တွင်းတစ်ခု တူးနိုင်းကာ အားလုံးကို 'လက်ဝတ်ရတနာများဖြစ်စေ၊ အခြားအသုံးပြုသည့် ပစ္စည်းများ ဖြစ်စေ အားလုံးကို ထိုတွင်းထဲသို့ ထည့်ကြကုန်'ဟု အမိန့်ပေးလိုက်လေသည်။ (၎င်းတို့သည် ဟဇရသ် ဟာရူန်း عليه السلام ပြောကြားချက်ကို နာခံလေသည်။) ဟဇရသ်ဟာရူးန် عليه السلام သည် ထိုပစ္စည်းများအားလုံးကို မီးရှို့နိုင်းလေသည်။ ထိုသို့ မီးရှို့နိုင်းလိုက်သည့်အတွက်ကြောင့် ဤပစ္စည်းများအားလုံးသည် မီးလောင်ကျွမ်း သွားပေသည်။ ထို့နောက် 'ယခု ထိုပစ္စည်းများသည် ကျွန်ုပ်တို့အဖို့လည်း မဟုတ်သကဲ့သို့ ၎င်းတို့အဖို့ လည်း မဟုတ်ပေ' ဟူ၍ မိန့်တော်မူလေသည်။

၎င်းတို့နှင့် နွားမအား ခဝပ်ကိုးကွယ်သော 'စာမိရီ' အမည်ရှိသော သူတစ်ဦးသည်လည်း ပါဝင် ပေသည်။ ဤသူသည် ဗနီအိစ်ရာအီလ်မျိုးနွယ်ဝင်ထဲမှ မဟုတ်ပေ။ သို့ရာတွင် ဟဇရသ်မူစာ عليه السلام နှင့် ဗနီအိစ်ရာအီလ်လူမျိုးတို့သည် မိဆွေ့ရ်မှ ထွက်လာသောအခါ ၎င်းတို့နှင့်အတူ ဤသူသည်လည်း လိုက်ပါလာ လေသည်။ ၎င်းသည် ဤသို့ အံ့ဖွယ်ကောင်းသော ဖြစ်အင်တစ်ရပ်နှင့် ရင်ဆိုင်ထားရပေသည်။ ၎င်းသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ နက်ရှိုင်းသည့် အကျိုးတရားတစ်ရပ်ကို မြင်တွေ့ထားရပေသည်။ (ဆိုလိုသည် မှာ ၎င်းကောင်းကင်တမန် ခြေချရာနေရာ၌ ရှင်သန်ခြင်း၏ အစွမ်းများ ပေါ်ပေါက်လာပေသည်။) ထိုစာမိရီ သည် ထိုနေရာမှ မြေလက်တစ်ဆုပ်ကို ယူလာလေသည်။ ထိုမြေကို လက်၌ ဆုပ်ကိုင်ထားလျက် ဟဇရသ် ဟာရူးန် عليه السلام သည် ၎င်း၏ လက်အတွင်း၌ ဖိရ်အောင်န်မျိုးနွယ်ဝင်တို့ ပိုင်သော လက်ဝတ်ရတနာများ ရှိသည်ဟူ၍ မှတ်ထင်ကာ 'အားလုံးသော သူတို့သည် ဤတွင်းအတွင်း ချထားသကဲ့သို့ အသင်လည်း ချကုန်'ဟူ၍ မိန့်တော်မူသည်။ ၎င်းက 'ဤအရာသည်မူ ထိုရစူလ် (ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام) ၏ ခြေထောက်တော်၏ လက္ခဏာအထိမ်းအမှတ်မြေကြီး ဖြစ်သည်။ အကြင်ရစူလ်သည် အသင်တို့အား မြစ်မှ တစ်ဘက်ကမ်းသို့ ကူးဖြတ်စေခဲ့သည်။ 'ကျွန်ုပ်၏ ရည်ရွယ်ချက်ကို ပြည့်ဝအောင် ပြုပေးရန်' အသင် ဒိုအာတောင်းပေးမည်ဟူသော ပုံစံမှလွဲ၍ အခြားမည်သည့်ပုံစံတစ်မျိုးမျိုးနှင့်မျှ ထည့်ပစ်မည် မဟုတ်'ဟူ၍ ပြောဆိုပေသည်။ ဟဇရသ်ဟာရူးန် عليه السلام သည် ဒိုအာတောင်းပေးမည်'ဟူ၍ ကတိပြုလိုက်လေရာ ၎င်း သည် လက်တစ်ဆုပ်မျှရှိသော မြေကြီးကို တွင်းထဲသို့ ပစ်ထည့်လိုက်လေသည်။ ကတိနှင့်အညီ ဟဇရသ် ဟာရူးန် عليه السلام သည် 'အို၊ အသျှင်၊ စာမိရီ၏ လိုအပ်ချက်ကို ပြည့်ဝအောင် ပြုပေးတော်မူပါ'ဟူ၍ ဒိုအာ တောင်းပေးလေသည်။ ဒိုအာပြုပေးပြီးသွားသောအခါ စာမိရီးသည် 'ဤတွင်းထဲသို့ ထည့်လိုက်သော ရွှေ၊ ငွေ၊ သံ၊ ကြေး စသော အရာများကို နွားပေါက်တစ်ကောင်ဖြစ်ရန် လိုလားသည်'ဟု ဆိုပေသည်။ ဟဇရသ်ဟာရူးန် عليه السلام ဒိုအာတောင်းပေးပြီး ဖြစ်သည့်အတွက်ကြောင့် ထိုဒိုအာသည် လက်ခံတော်မူခြင်း ခံလိုက်ရလေသည်။ လက်ဝတ်ရတနာများ၊ ကြေးနီ၊ ကြေးဝါ၊ သံ စသည့် တွင်းထဲသို့ ထည့်ခြင်း ခံရသော အရာများသည် နွားပေါက်တစ်ကောင် ဖြစ်သွားပေသည်။ အကြင်နွားပေါက်၌ ဝိညာဉ်သည်မူ မရှိပေ။ သို့ရာတွင် နွားမကဲ့သို့ အော်နေပေသည်။

ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးသည် ထိုဆင့်ပြန်ချက်ကို ဆင့်ပြန်ရင်း မိန့်တော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်အား ကျွန်ုပ်ကစမ်ကိုန်ဆို၍ ပြောဆိုမည်။ ထိုနွားသည် ရှင်သော နွားတစ်ကောင်၏ အော်သံမျိုးမဟုတ်ပေ။ သို့သာမက လေသည် ၎င်းသတ္တဝါ၏ အနောက် အစိတ်အပိုင်းဘက်မှ ဝင်ရောက်ကာ ပါးစပ်မှ ပြန်လည် ထွက်သည့်အတွက်ကြောင့် ဤအသံ ပေါ်ပေါက်လာပေသည်။'

ဤအံ့ဖွယ်ကောင်းသော ဖြစ်အင်ကို ကြည့်ရှုကာ ဗနီအိစ်ရာအီလ်မျိုးနွယ်အုပ်စုတို့၌ အဖွဲ့များစွာ ကွဲသွားပေသည်။ အဖွဲ့တစ်ဖွဲ့က စာမိရီအား 'ဤအရာသည် မည်သို့နည်း' ဟူ၍ မေးမြန်းကြရာ ၎င်းက 'ဤသည် အသင်တို့၏ ဘုရားဖြစ်သည်။ သို့ရာတွင် ဟဇရတ်မူစာ عليه السلام သည် လမ်းလွဲကာ အခြားတစ်ဘက်သို့ လိုက်နေခြင်းဖြစ်သည်' ဟူ၍ ပြောဆိုပေသည်။ အဖွဲ့တစ်ဖွဲ့က 'ကျွန်ုပ်တို့သည် စာမိရီးတင်ပြသော အချက်ကို ဟဇရတ်မူစာ عليه السلام ၏ထံမှ အခြေအနေစစ်၊ အခြေအနေမှန်ကို မပြသသရွေ့ကာလပတ်လုံး ငြင်းဆိုနိုင်မည်မဟုတ်ပေ။ အကယ်၍ ဤအရာသည် ကျွန်ုပ်တို့၏ ဘုရားသခင်အစစ်အမှန်ဖြစ်မူ ကျွန်ုပ်တို့သည် ၎င်းအား ဆန့်ကျင်ဘက်ပြုလုပ်ခြင်းဖြင့်လည်း ပြစ်မှုဒုစရိုက်ကျူးလွန်သူများ ဖြစ်မည်မဟုတ်။ ထို့ပြင် ဤအရာသည် ဘုရားသခင်မဖြစ်မူ ကျွန်ုပ်တို့သည် ဟဇရတ်မူစာ عليه السلام ၏ ပြောဆိုချက်၏ လမ်းစဉ်အား ကျင့်သုံးရပေလိမ့်မည်' ဟူ၍ ပြောဆိုပေသည်။

အခြားသော အဖွဲ့တစ်ဖွဲ့က 'ဤအချက်များအားလုံးသည် ရှိုက်သွာန်၏ဘက်မှ ဖြားယောင်းသွေးဆောင်မှုသာလျှင် ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ 'ရဗ်' (မွေးမြူသောအသျှင်) မဖြစ်နိုင်သကဲ့သို့ အီမာန်လည်း ရယူမည်မဟုတ်ကာ ထောက်ခံခြင်းကိုလည်း ပြုနိုင်မည်မဟုတ်ပေ။ အခြားသော အဖွဲ့ဝင်များ၏ စိတ်နှလုံးသားများအတွင်းဝယ် စာမိရီ၏ စကားသည် သက်ရောက်သွားကာ ၎င်းတို့သည် စာမိရီကို ထောက်ခံ၍ ထိုနွားငယ်ကို မိမိတို့၏ အရှင်သခင်အဖြစ် ယုံကြည်လက်ခံလိုက်ကြပေသည်။

ဟဇရတ်ဟာရူန် عليه السلام သည် ဤကဲ့သို့ ကြီးကျယ်သော ပျက်စီးရာပျက်စီးကြောင်းကို တွေ့မြင်ပါမူ

يا قوم انّما فتنتم به وان ربكم الرحمن فاتبعو نى واطيعو امرى

အို၊ ကျွန်ုပ်၏ အမျိုးသားတို့၊ စေန်စင်စစ် အသင်တို့သည် ဤနွားရုပ်ကြောင့် လမ်းမှားခဲ့ကြရချေပြီ။ အမှန်စင်စစ် အသင်တို့အား မွေးမြူတော်မူသော အသျှင်မြတ်သည် ကရုဏာတော်ရှင်သာ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်၏ နောက်သို့ လိုက်ခဲ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကျွန်ုပ်၏ အမိန့်ကို လိုက်နာကြလေကုန်။

ဟူ၍ မိန့်တော်မူပေသည်။ ၎င်းတို့က 'ဟဇရတ်မူစာ عليه السلام မည်ကဲ့သို့ ဖြစ်နေပေသနည်း။ ကျွန်ုပ်တို့အား ရက်ပေါင်း (၃၀) ဟူ၍ ကတိပေးသွားခဲ့သည်။ ယခု ရက်ပေါင်း (၄၀) တင်းတင်း ပြည့်ဝသွားပြီး ကတိကို ဖျက်လိုက်သည်' ဟူသော အချက်ကို ပြောပြပါ' ဟူ၍ ပြောဆိုလေသည်။ ဟဇရတ်မူစာ عليه السلام သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ကို မေ့လျော့သွားခဲ့သည်။ ၎င်းအသျှင်မြတ်အား လှည့်လည်ရှာဖွေနေသည်' ဟူ၍ ၎င်းတို့ထဲမှ အချို့အသိဉာဏ်အလိမ္မာ ကင်းမဲ့သူတို့က ဆိုကြလေသည်။

ဤတစ်ဘက်၌ ကြည့်မူ ရက်ပေါင်း (၄၀) ပြည့်ဝသွားပြီးသည့်နောက် ဟဇရတ်မူစာ ﷺ သည် အလ္လာဟ်အသျှင်မြတ်နှင့် စကားပြောဆိုခွင့် ရရှိခြင်း အခွင့်ထူးကို ရရှိပါမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'မိမိ၏ မျိုးနွယ်အုပ်စု နစ်မွန်းလျက်ရှိသော အရှုပ်အရှင်းပြဿနာနှင့် စပ်လျဉ်း၍ အသိပေးတော်မူလိုက်လေသည်။

فرجع موسى الى قومه غضبا ن اسفا

ထိုအခါ မူစာသည် မိမိ၏ အမျိုးသားတို့ထံ ဒေါသအမျက်ထွက်လျက် ဝမ်းနည်းပူဆွေးစွာ ပြန်လာခဲ့ပြီးလျှင်။ *[၂၀ : ၈၆]*

ထိုသို့ လာရောက်ကာ ပြောဆိုသည့် စကားကို အသင်ကိုယ်တိုင် ကုရ်အာန်ကျမ်းတော်မြတ်အတွင်း၌ ဖတ်ရှုရပေသည်။

والقى الالواح واخذ براس اخيه يَجُرُّه اليه

၎င်းပြင် ထိုမူစာသည် သင်ပုန်းများကို တစ်ဘက်သို့ ချထားခဲ့လေသည်။ ထို့နောက် မိမိနောင်တော်၏ ဦးခေါင်းကို ဆွဲကိုင်ပြီး ယင်းနောင်တော်အား မိမိဘက်သို့ ဆွဲယူလေသည်။ *[၇ : ၁၅၀]*

တစ်ဖန် ဒေါသပြေသွားပြီးနောက် အစ်ကို ရင်ဆိုင်ခဲ့ရသော ချွင်းချက်ကို မှန်ကန်သည်ဟူ၍ သဘောပေါက်နားလည်ကာ လက်ခံလိုက်သည်။ ထိုအကိုကြီးအဖို့လည်း အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းဆိုခဲ့သည်။ တစ်ဖန် စာမိရီထံသို့ သွားကာ 'အသင်သည် ဤအပြုအမူကို အဘယ်ကြောင့် ပြုခဲ့သနည်း' ဟူ၍ မေးရာ ၎င်းက

فقبضتا قَبْضَة من اثر الرسول

(သို့ဖြစ်ပေရာ ကျွန်ုပ်သည် ဂျီဗ်ရီးလ် စီးနင်းခဲ့သော မြင်းခြေရာမှ မြေကြီးလက်တစ်ဆုပ်ကို ဆုပ်ယူခဲ့လေသည်။) ထို့နောက် ကျွန်ုပ်သည် (ဤအရာသည် အကြင်မည်သည့်အရာပေါ်၌မဆို ထည့်လိုက်၊ ချလိုက်မည်ဆိုလျှင် ရှင်သန်ခြင်း၏ အစွမ်းသတ္တိများ ပေါ်ပေါက်လာပေမည်' ဟူ၍ သဘောပေါက်မှတ်ယူလိုက်လေသည်။ သို့ရာတွင် ကျွန်ုပ်သည် ယင်းအချက်အား အသင်မျိုးနွယ်အုပ်စုကို အသိပေးပြသခြင်းမှ ဖုံးအုပ်ထားပေသည်။

فَنَبَذْ تُهَاوَكَذَ لِكَ سَوَّ لَتَ لِى نَفْسِىْ

(ထို့နောက် ကျွန်ုပ်သည် မြေကြီးကို လက်ဝတ်ရတနာ အစရှိသည့် အစုအပုံထဲသို့ ပစ်ထည့်ခဲ့လေသည်။ စင်စစ် ကျွန်ုပ်၏ နှလုံးသားသည် ဤအလုပ်ကို ကျွန်ုပ်အတွက် နှစ်သက်သည့် အသွင်ဖြင့် ပြသခဲ့သည်။ *[၂၀ : ၉၆]*

قال فاذهب فان لك فى الحيوة ان تقول لا مساس وان لك موعدا لن تخلفه
وانظر الى الهك الذى ظلت عليه عاكفا لنحرقنه ثم لننسفنه فى اليم نسفا

(အို့, စာမိရီ၊ အသင်သည် ထွက်သွားလော့။ ကေန်အမှန် အသင့်အဖို့ ဤဘဝသက်တမ်းတစ်လျှောက်တွင် ခံစားရမည့် ပြစ်ဒဏ်မှာ အသင်သည် မိမိအပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်ကို မည်သူမျှ မထိရသို့မဟုတ်ပါက ထိုသူလည်း ပြစ်ဒဏ်၌ နစ်မွန်းခြင်း ခံရမည်ဟူ၍ လှည့်လည်ပြောဆိုနေရမည် ဖြစ်သည်။ ၄င်းအပြင် အသင့်အဖို့ နောင်တမလွန်၌ ပြစ်ဒဏ် ခံစားရန်လည်း ပြဋ္ဌာန်းချက်တစ်ခု ရှိသေး၏။ အသင်သည် ယင်းပြဋ္ဌာန်းချက်မှ လွဲစေခြင်းကို အလျှဉ်းခံရလိမ့်မည်မဟုတ်ပေ။ ထို့ပြင် အသင်သည် အစဉ်မပြတ် တွယ်ကပ်လျက်ရှိသော မိမိ၏ ကိုးကွယ်ရာကို ရှုလော့။ ကေန်မလွဲ ငါတို့သည် ၄င်းနွားရုပ်အား မီးချပြီးနောက် ၄င်း၏ပြာကို မြစ်ထဲ၌ ကြဲ၍ မျှောကြမည် ဖြစ်သည်။ အကယ်၍ ယင်းအရာသည် အသျှင်မြတ်ဖြစ်သည် ဆိုလျှင် ကျွန်ုပ်တို့လည်း အဆိုပါအတိုင်း ပြုလုပ်နိုင်မည် မဟုတ်ပေ။

ထိုအချိန်၌ ဗနီအီစ်ရာအီလ်မျိုးနွယ်ဝင်တို့သည် 'မိမိတို့ပြဿနာအတွင်း၌ နစ်မွန်းလျက်ရှိနေသည်' ကို ယုံကြည်သွားကြလေသည်။ ထို့နောက် အားလုံးတို့သည် ထိုအသင်းအဖွဲ့အား အားကျသွားလေသည်။ အကြင်အသင်းအဖွဲ့၏ အကြံအစည်သည် ဟဇရသ်ဟာရူန် ﷺ နှင့်အညီ ဖြစ်သည်။ (ဆိုလိုသည်မှာ ဤနွားငယ်သည် ကျွန်ုပ်တို့၏ ဘုရားအရှင်မဖြစ်နိုင်ပေ။ ဗနီအီစ်ရာအီလ်လူမျိုးတို့သည် မိမိတို့၏ ထိုကြီးကျယ်လှစွာသော ပြစ်မှုဒုစရိုက်ကို ကျူးလွန်မိသွားသည်ကို သတိပြုမိပါမှ ဟဇရသ်မူစာ ﷺ အား 'မိမိအားမွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်ပါးမှ 'ကျွန်ုပ်တို့အဖို့ 'သောင်ဗာဟ်' တံခါးကို ဖွင့်ပေးရန်အကြင်ကဲ့သို့ 'သောင်ဗာဟ်' တံခါး ပွင့်သွားခြင်းဖြင့် ကျွန်ုပ်တို့၏ ပြစ်မှုဒုစရိုက်များ ချမ်းသာပလပ်ခြင်းရရှိရန် ဒိုအာပြုပါ' ဟူ၍ လျှောက်ထားပန်ကြားလေသည်။

ဟဇရသ်မူစာ ﷺ သည် ထို 'သောင်ဗာဟ်' အမှုကိစ္စအတွက် ဗနီအီစ်ရာအီးလ်မျိုးနွယ်ဝင်ထဲမှ မိမိ (မူစာ) ၏ အသိအတွင်း၌လည်း နွားငယ်အား ခဝပ်ကိုးကွယ်ခြင်းမှ ရှောင်ရှားစွာ နေထိုင်ကာ သူမတူအောင် မွန်မြတ်ခြင်း၏ အရာ၌ရှိသော သူမွန် (၇၀) ဦးတို့ကို ရွေးချယ်လိုက်လေသည်။ ယင်းသို့ ရွေးချယ်ခြင်းကိုလည်း အလွန်စည်းစနစ်ကျနစွာ ရွေးချယ်ခဲ့ပေသည်။ ထိုသို့ ရွေးချယ်ခြင်းခံရသော သူမွန် ဗနီ အီစ်ရာအီလ်အမျိုးသား (၇၀) ဦးကို ခေါ်ဆောင်ကာ 'အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ ၄င်းတို့၏ 'သောင်ဗာဟ်' လက်ခံရန်နှင့် စပ်လျဉ်း၍ လျှောက်ထားနိုင်စေရန်အလို့ငှာ 'သူရ်' တောင်ရှိရာဆီသို့ ကြွမြန်းသွားလေသည်။ ဟဇရသ်မူစာ ﷺ 'သူရ်' တောင်ဆီသို့ ရောက်ရှိသွားချိန်ဝယ် မြေငလျင် လှုပ်လာလေသည်။ အကြင်ကဲ့သို့ မြေငလျင်လှုပ်ခြင်းကြောင့် ဟဇရသ်မူစာ ﷺ သည် မိမိ ခေါ်ဆောင်လာသော အဖွဲ့နှင့် မျိုးနွယ်အုပ်စုတို့၏ ရှေ့မှောက်၌ ရှိနေခြင်းတို့ကြောင့် အလွန်ရှက်ကြောက်မိလေသည်။ ထို့ကြောင့် လျှောက်ထားသည်မှာ-

رب لوشئت اهلكتهم من قبل واياى اتهلكنا بما فعل السفهاء منا

အို, ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်၊ အသျှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ထိုသူတို့အားလည်းကောင်း၊ ကျွန်တော်မျိုးအား ၄င်းယခင်မူလကပင် ပျက်စီးစေတော်မူပြီးဖြစ်အံ့။ အသျှင်မြတ်သည် ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးတို့အနက်မှ အသိတရားကင်းမဲ့သော အချို့လူ့ဗာလတို့၏ ပြုမူချက်ကြောင့် သေကြပျက်စီးစေတော်မူပါမည်လော။ [၇ : ၁၅၅]

မြေငလျင်လာရောက်ခြင်း၏ အခြေခံစစ်မြစ်အချက်မှာ 'ထိုအဖွဲ့အတွင်း၌ ဟဇရေသ်မူစာ ﷺ သေချာဂနစွာ စီစစ်ထားပြီဖြစ်သည့် ကြားကပင် နွားငယ်ကို ခဝပ်ကိုးကွယ်သော နွားငယ်၏ ကြီးကျယ်မှုနှလုံးသားအတွင်း၌ အနည်ထိုင်လျက် ရှိသော လူအချို့ပါဝင်လျက် ရှိနေခြင်းကြောင့်' ဖြစ်ပေသည်။

ဟဇရေသ်မူစာ ﷺ ၏ ထိုတောင်းဆုဒိုအာ၏ တုန့်ပြန်ဖြေကြားချက်ကို အလ္လာဟ်အသျှင်မြတ်၏ဘက်မှ ဤသို့ မိန့်တော်မူလေသည်။

وَرَحْمَتِيْ وَسِعَتْ كُلَّ شَيْءٍ ۚ فَسَأَكْتُبُهَا لِلَّذِيْنَ يَتَّقُوْنَ وَيُؤْتُوْنَ الزَّكٰوةَ

وَالَّذِيْنَ هُمْ بِاٰيٰتِنَا يُؤْمِنُوْنَ ۝ اَلَّذِيْنَ يَتَّبِعُوْنَ الرَّسُوْلَ النَّبِيَّ الْاُمِّيَّ الَّذِيْ يَجِدُوْنَهٗ مَكْتُوْبًا

عِنْدَهُمْ فِي التَّوْرٰىةِ وَالْاِنْجِيْلِ

သို့ရာတွင် ငါအသျှင်မြတ်၏ ကရုဏာတော်သည် အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ပင် ရှိပေသည်။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ယင်းကရုဏာတော်ကို ထိုပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြသည့်အပြင် 'ဇကားသ်'တရားဝင်ဒါနကြေးပေးဆောင်သော အကြင်သူတို့အဖို့လည်းကောင်း၊ ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်ကို သက်ဝင်ယုံကြည်ကြသော အကြင်သူတို့အဖို့လည်းကောင်း မုချ သတ်မှတ်ပြဋ္ဌာန်းတော်မူပေမည်။ အကြင်သူတို့သည် စာပေမတတ်သော ရစူလ်တမန်တော်မြတ်၏ အမိန့်တော်များကို လိုက်နာကြကုန်သည်။ ထိုသူတို့သည် ထိုရစူလ်တမန်တော်မြတ်၏ ဝိသေသဂုဏ်ထူးများကို မိမိတို့ထံရှိ 'သောင်ရားသ်' ကျမ်းတွင်လည်းကောင်း၊ 'အင်န်ဂျီးလ်' ကျမ်းတွင်လည်းကောင်း ရေးသားပြီးဖြစ်သည်ကို တွေ့ရှိကြလေသည်။ [၇ : ၁၅၇]

ဤမိန့်မြွက်ချက်ကို ကြားနာကာ ဟဇရေသ်မူစာ ﷺ သည် 'အို, ကျွန်တော်မျိုးအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်၏ ထံတော်ပါးမှ မိမိမျိုးနွယ်အုပ်စု၏ 'သောင်ဗာဟ်' နှင့် စပ်လျဉ်း၍ လျှောက်ထားခဲ့သည်။ အသျှင်မြတ်သည် ပြန်လည်မိန့်မြွက်ရာ၌ 'မိမိကရုဏာတော်အား ချီးမြှင့်ခြင်း'သည် ကျွန်တော်မျိုး၏ နောက်လိုက်ထု အမွှာသ်အပြင် အခြားသော အမွှာသ်နောက်လိုက်ထုတို့အဖို့ ချီးမြှင့်မည်ဖြစ်ကြောင်း ပါရှိထားပေသည်။ သို့ဆိုလျှင် တစ်ဖန် အသျှင်မြတ်သည် 'ကျွန်တော်မျိုးသည်လည်း ထိုအွမ်မီနဗီ၏ ကရုဏာသက်ခြင်း ခံထားရသော နောက်လိုက်အမွှာသ်ထုအတွင်း၌

ပါဝင်စေရန် ကျွန်တော်မျိုးအား နှောင့်ဆိုင်း၍ အဘယ်ကြောင့် မဖန်ဆင်းထားပေသနည်း' ဟူ၍ လျှောက်ထားပေသည်။ ထိုသို့ လျှောက်တင်လိုက်သည့်အပေါ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဗနီအိစ်ရာအီလ်လူမျိုးတို့ 'သောင်ဗာဟ်' လက်ခံခြင်း ခံရရန် နည်းလမ်းတစ်ရပ်ကို ပြသမိန့်တော်မူလိုက်လေသည်။ ၄င်းတို့၏ 'သောင်ဗာဟ်' လက်ခံခြင်းခံရရန် နည်းလမ်းမှာ ဤသို့ပင် ဖြစ်သည်။ ၄င်းတို့ထဲမှ လူတိုင်းသည် နွားငယ်အား ခဝပ်ကိုးကွယ်ခြင်း ပြုခဲ့ခြင်း၏ ဒုစရိုက်ကို ကျူးလွန်သည့်နေရာ၌ မိမိတို့နှင့် ပတ်သက်လျက် ရှိနေသော သား သို့မဟုတ် အဖေ မည်သူ့ကိုမဆို တွေ့မြင်ပါမူ ဓါးဖြင့် သတ်ဖြတ်လိုက်ရန် ဖြစ်သည်။

ထိုအချိန်၌ ဟဇရသ်မူစာ (عليه السلام) သည် အပြစ်မဲ့၍ မှန်မြတ်သောသူဟူ၍ မှတ်ယူကာ ခေါ်ဆောင်လာသူ မိတ်ဆွေတစ်ဦး ရှိပေသည်။ ၄င်း၏ အခြေအနေအစစ်အမှန်ကိုမူ ဟဇရသ်မူစာ (عليه السلام) သည် မသိရှိပေ။ သို့ရာတွင် စင်စစ် ထိုသူ၏ နှလုံးသားအတွင်းဝယ် နွားငယ်အား ခဝပ်ကိုးကွယ်ခြင်း၏ ဖွဲ့စိတ်၊ ဖွဲ့မာန်သည် ယခုအချိန်ထိတိုင် ထကြွလျက် ရှိနေပေသည်။ ၄င်းသည်လည်း မိမိနှလုံးသားအတွင်း၌ ရှက်ကြောက်မှုတရား ထားရှိကာ '၄င်း၏ 'သောင်ဗာဟ်' လက်ခံခြင်းခံရရန်အတွက် ပြစ်ဒဏ်အဖြစ် သတ်မှတ်ပေးထားသည့် ပြင်းထန်သော အမိန့်ကို (မိမိဆွေမျိုးသားချင်းများကို သတ်ပစ်ခြင်း) ကို ဆောက်တည်ရပ်တည်ပါမည်' ဟူ၍ အမှားဝန်ခံသည့်သူ ဖြစ်သွားပေသည်။ ၄င်းတို့သည် ဤအမိန့်ကို နာခံလိုက်ပါမူ အလ္လာဟ်အသျှင်မြတ်သည် သတ်သူနှင့် သတ်ခြင်းခံရသူ လူတန်းစားနှစ်ရပ်စလုံး၏ အမှားကို ခွင့်လွှတ်တော်မူလိုက်လေသည်။ ထို့နောက် ဟဇရသ်မူစာ (عليه السلام) သည် မိမိဒေါသအလျှော့ ချထားခဲ့သော 'သောင်ရား' ကျမ်း၏ သင်ပုန်းအပိုင်းအစများကို ပြန်လည်ကောက်ယူကာ မိမိ၏ မျိုးနွယ်အုပ်စုကို ခေါ်ဆောင်၍ ဆီးရီးယားနိုင်ငံဘက်သို့ ထွက်ခွာသွားလေသည်။ ထိုနိုင်ငံ၏ မြို့တစ်မြို့အား ကိုယ်ခန္ဓာထွားကြိုင်းသော မျိုးနွယ်အုပ်စုတစ်အုပ်စု သိမ်းပိုက်ထားလေသည်။ အကြင်သူတို့၏ ပုံပန်းသဏ္ဌာန်နှင့် အရုပ်အမောင်းတို့သည် ကြောက်မက်ဖွယ်ကောင်းပေသည်။ ၄င်းတို့၏ ညဉ်းပန်းနှိပ်စက်မှုနှင့် စွမ်းအင်တို့နှင့် စပ်လျဉ်း၍ အံ့ဖွယ်ကောင်းသော အဖြစ်အပျက်များကို ၄င်းတို့အနေဖြင့် ကြားပြီး ဖြစ်ပေသည်။ ဟဇရသ်မူစာ (عليه السلام) သည် ထိုမြို့အတွင်းသို့ ဝင်ရောက်တော်မူလိုရန်ဖြစ်သည်။ (သို့ရာတွင် ဗနီအိစ်ရာအီလ်လူမျိုးတို့သည် ထိုထွားကြိုင်းသန်မာသော မျိုးနွယ်အုပ်စု၏ သတင်းကို ကြားပြီး ကြောက်ရွံ့မှုသည် ၄င်းတို့အပေါ် လွှမ်းမိုးနေကာ ၄င်းတို့က) 'အို့၊ မူစာ၊ ထိုမြို့အတွင်း၌ ကိုယ်ခန္ဓာအလွန် သန်မာ ထွားကြိုင်းသော မျိုးနွယ်အုပ်စုတို့သည် ဝင်ရောက်နေထိုင်လျက် ရှိကြကုန်၏။ အကြင်သူတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် ကျွန်ုပ်တို့ထံ၌ အင်အားမရှိပေ။ ကျွန်ုပ်တို့သည် ထိုမြို့အတွင်းသို့ ၄င်းတို့ မထွက်ခွာသွားသရွေ့ ကာလပတ်လုံး ဝင်ရောက်မည်မဟုတ်။ သို့ရာတွင် ၄င်းတို့ ဤမြို့မှ စွန့်ခွာမည်ဆိုပါက ကျွန်ုပ်တို့ ဝင်ရောက်ကြပါမည်' ဟူ၍ ဆိုကြကုန်၏။

قال رجلان من الذين يخافون

အလ္လာဟ်အသျှင်မြတ်ကို ကြောက်ရွံ့ကြကုန်သော သူတို့အနက်မှ လူနှစ်ဦးသည် ဤသို့ ပြောဆိုကြလေသည်။ [၅ : ၂၃]

ထိုဆင့်ပြန်ချက်ကို ဆင့်ပြန်သောဆင့်ပြန်သူများ၌ ယဇီးဒ်ဗင်န်ဟာရူးန်ဆိုသူရှိရာ ၄င်းအား အိဗ်နေ အဗ္ဗားစ် ﷺ သခင်ကြီးသည် ဤအာယသ်တော်၏ 'ကေရာအဿ' ကို ဤအတိုင်း ဖတ်ရွတ်ပါ၏လော'ဟူ၍ မေးမြန်းရာ ၄င်းက ဟုတ်မှန်ကြောင်းကို ဖြေကြားလေသည်။ အလိုသဘောမှာ ထိုသန်မာထွားကြိုင်းသော မျိုးနွယ်အုပ်စုအတွင်းမှ လူနှစ်ဦးဖြစ်ပေသည်။ အကြင်သူတို့သည် မြို့အတွင်းမှ ထွက်လာကာ ဟဇရသ် မူစာ ﷺ အပေါ် အီမာန်ရယူလိုက်ကြပေသည်။ ထိုသူနှစ်ဦးသည် ဗနီအိစ်ရာအီလ်မျိုးနွယ်အုပ်စုအပေါ် ဝယ် မိမိတို့၏ မျိုးနွယ်အုပ်စု၏ ကြောက်ရွံ့စိတ် လွှမ်းမိုးနေသည်ကို တွေ့မြင်ကာ 'ကျွန်ုပ်တို့သည် မိမိတို့၏ မျိုးနွယ်အုပ်စု၏ အခြေအနေကို ကောင်းစွာ သိရှိတော်မူပေသည်။ 'အသင်တို့သည် ၄င်းတို့၏ ကိုယ်ခန္ဓာ ထွားကြိုင်းမှုနှင့် အရေအတွက်များပြားမှုတို့အား ကြောက်ရွံ့နေပေသည်။ စင်စစ် ၄င်းတို့ထံ၌ နှလုံးသား (အင်အား) လုံးဝမရှိသကဲ့သို့ တိုက်ခိုက်ရန် စွမ်းအားလည်း လုံးဝမရှိပေ။ အသင်တို့သည် မြို့တံခါးဝရှိရာ ဆီသို့ အနည်းငယ်မျှပင် လျှောက်လှမ်းလိုက်မည်ဆိုလျှင် '၄င်းတို့သည် လက်နက်များကို ချ၍ 'အသင်တို့ သည်သာလျှင် အောင်မြင်သူများအဖြစ် တွေ့မြင်မည်'ကို ပြောဆိုကြလေသည်။

အချို့သောသူတို့သည် ထိုအာယသ်တော်၏ အကျယ်ချဲ့သဘောကို ဤသို့ ဖွင့်ဆိုကြကုန်၏။ ဤသူ နှစ်ဦးသည် ဟဇရသ်မူစာ ﷺ ၏ မျိုးနွယ်ဖြစ်သော ဗနီအိစ်ရာအီလ်လူမျိုးစုအတွင်းထဲမှပင် ဖြစ်ပေသည်

قَالُوْا يٰمُوْسٰٓى اِنَّا لَنْ نَّدْخُلَهَآ اَبَدًا مَّا دَامُوْا فِيْهَا فَاذْهَبْ اَنْتَ وَرَبُّكَ فَقَاتِلَآ اِنَّا هٰهُنَا قٰعِدُوْنَ ۝٢٤

'ထိုအခါ ယင်းအမျိုးသားတို့က 'အို၊ မူစာ၊ ၄င်းတို့သည် ထိုနယ်မြေအတွင်း၌ ရှိနေသမျှ ကာလပတ်လုံး မုချကေန် ကျွန်ုပ်တို့သည် နယ်မြေအတွင်းသို့ မည်သည့်အခါမျှ အလျှဉ်းဝင်ရောက်ကြ မည်မဟုတ်ပါ။ သို့ဖြစ်ပေရာ အသင်ကိုယ်တိုင် မိမိ၏ အသျှင်မြတ်နှင့်တကွ သွားရောက်ပြီး အသင်တို့နှစ်ဦး သာ တိုက်ခိုက်ကြလေကုန်။ ကျွန်ုပ်တို့မူကား ဤနေရာ၌ ထိုင်၍ နေကြပေမည်'ဟူ၍ ပြောဆိုကြလေသည်။ [၅ : ၂၄]

ဆိုလိုသည်မှာ ဗနီအိစ်ရာအီလ်လူမျိုးတို့သည် ထိုသူနှစ်ဦး၏ ဆိုဆုံးမမှုကို ကြားနာပြီးနောက် ဟဇရသ် မူစာ ﷺ အား ကြမ်းတမ်းသော အဖြေကို ဤသို့ အဓိပ္ပာယ်မဲ့စွာဖြင့် ပေးခဲ့လေသည်။

ဟဇရသ်မူစာ ﷺ သည် မိမိ၏ မျိုးနွယ်အုပ်စု ဗနီအိစ်ရာအီလ်လူမျိုးစုတို့အပေါ် အလ္လာဟ်အသျှင် မြတ်၏ ဘက်တော်မှ မရေမတွက်နိုင်လောက်အောင်သော ဆုလာဘ်များနှင့်အတူ ခြေလှမ်းတိုင်း၌ ၄င်း တို့၏ ဆိုးသွမ်းမှုနှင့် အလဟဿ ကျင့်ကြံပြုမှုများကို မျက်မြင်ကိုယ်တွေ့ ဖြစ်နေပေသည်။ သို့ရာတွင် ထိုအချိန်ထိတိုင် ခန္တီတရားနှင့် ပြုမူဆောင်ရွက်ခဲ့လျက် ရှိသည်။ မည်သည့်အခါမျှ ၄င်းတို့အဖို့ မကောင်း ဆုတောင်းခြင်းမျိုးကို မပြုခဲ့ပေ။ ဤအချိန်၌ ၄င်းတို့၏ ဤအကျိုးမဲ့သော အဖြေကြောင့် ထိုမူစာ ﷺ

သည် အလွန်စိတ်ခါတ်ကျကာ သောကဝေဖြာသွားပြီ။ ၎င်းတို့အတွက် မကောင်းဆုတောင်းခြင်းကို ပြုလိုက်လေသည်။ ၎င်းတို့အား 'ဖာစစ်ကင်းန်' (ယုတ်မာသူများ) ဟူ၍ သုံးနှုန်းလိုက်သည်။ အလ္လာဟ်အသျှင်မြတ်သည် ဟာဇရသ်မူစာ عليه السلام ၏ ဆုမွန်ဒိုအာကို လက်ခံလိုက်လေသည်။ ၎င်းတို့ကို အလ္လာဟ်အသျှင်မြတ်၏ဘက်တော်မှလည်း 'ဖာစစ်ကင်းန်'ဟူ၍ အမည်တပ်ပေးလိုက်ကာ ထိုသန့်ပြန့်သော မြေတွင် ဝင်ရောက်ရန် ၎င်းတို့အဖို့ နှစ်ပေါင်း (၄၀) အထိ လက်မဲ့ဖြစ်စေခဲ့သည်။ ထိုကွင်းပြင်ကျယ်အတွင်း၌ ၎င်းတို့ကို 'နံနက်အချိန်မှ ညနေအချိန်ထိတိုင် လျှောက်လှမ်းလျက် ပြုနေလင့်ကစား မည်သည့်နေရာ စခန်းတစ်ခုခုကိုမျှ အမြဲရပ်နားရန် နေရာဟူ၍ မရှိအောင် ချုပ်နှောင်မှုကို ပြုလုပ်ထားပေသည်။ (သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်ဖြစ်သော ဟာဇရသ်မူစာ عليه السلام သည် ၎င်းတို့နှင့်အတူ ရှိနေခြင်းကြောင့် ထိုနဗီ၏ 'ဗရ်ကသ်'မင်္ဂလာတော်၏ အမှီသဟဲဖြင့် ထိုယုတ်မာသော မျိုးနွယ်အုပ်စုအပေါ်၌လည်း အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ စည်းစိမ်တော်များသည် ကျရောက်လျက် ရှိနေပေသည်။ ထို 'သီးယဟ်' ကွင်းပြင်၌ မည်သည့်ဘက်သို့မဆို သွားရောက်သည်ဆိုလျှင် မိုးတိမ်၊ မိုးသားတို့သည် ၎င်းတို့၏ ဦးခေါင်းဝယ် အရိပ်ပြုပေးပေသည်။ ၎င်းတို့ စားသုံးရန်အတွက် 'မန်း' နှင့် 'စလ်ဝါ'ကို မိုးကောင်းကင်မှ ချပေးထားတော်မူပေသည်။ ၎င်းတို့၏ အဝတ်အစားများသည် 'မုအ်ဂျိဇာဟ်' (တန်ခိုး) တော်အသွင်ဖြင့် ညစ်ပေပြဲဆုပ်မှု မရှိပေ။ ၎င်းတို့အား စတုရန်းပုံရှိသော ကျောက်တုံးတစ်တုံးအား ချီးမြှင့်ထားပြီး ဟာဇရသ်မူစာ عليه السلام အား '၎င်းတို့ ရေလိုအပ်လာချိန်ဝယ် ထိုကျောက်တုံးအား တောင်ဝှေးဖြင့် ရိုက်လိုက်ပါမူ ၎င်းကျောက်တုံးမှ စမ်းရေပေါက် (၁၂) ပေါက် စီးဆင်းလာပေလိမ့်မည်။ ကျောက်မျက်နှာ၏ ဘက်တိုင်းမှ ရေထွက်ပေါက် (၃) ပေါက် စီးဆင်းလာပေလိမ့်မည်။ ဗနီအိစ်ရာအီးလ်မျိုးနွယ် (၁၂) အုပ်စုအတွင်း၌ အချင်းချင်း ပြဿနာမပေါ်ပေါက်စေရန် ဤစမ်းရေပေါက်များကို သတ်မှတ်ကာ ခွဲဝေပေးရန် မိန့်တော်မူလိုက်ပေသည်။ ထို့ပြင် ဤသူတို့သည် တစ်နေရာမှ ထွက်ခွာ၍ အခြားတစ်နေရာသို့ ရောက်ရှိကာ ရပ်နားရန်ရှိမူ ထိုကျောက်တုံးကို ယင်းနေရာ၌ ရောက်ရှိနေသည်ကို တွေ့မြင်ရပေသည်။ *[ကုရ်သုဗီကျမ်း]*

ဟာဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးသည် ထိုဟာဒီးစ်တော်ကို 'မရ်ဖူးအ်'အဖြစ် သတ်မှတ်၍ တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်ဟူ၍ သတ်မှတ်ထားပေသည်။ ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) ထံ၌ ဤအဆိုသည် မှန်ကန်ပေသည်။ အဘယ်ကြောင့်ဆိုသော် ဟာဇရသ်မုအာဝိယာဟ်သည် အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီး ဤဟာဒီးစ်တော်ကို ဆင့်ပြန်နေသည်ကို ကြားတော်မူပါမူ ထိုဟာဒီးစ်တော်အတွင်း၌ လာရှိသော 'ဟာဇရသ်မူစာ عليه السلام လက်သီးဖြင့် ထိုးသတ်ခဲ့သော 'ကိဗ်သို' နှင့် စပ်လျဉ်းသော သဲလွန်စကို ဖိရ်အောင်န်သည် မသိရှိပေ။ သို့ရှိရာ ထိုသတင်းအား ဖွင့်ဟလိုက်သူသည် ဒုတိယနေ့၌ အိစ်ရာအီလ်မျိုးနွယ်ဝင်နှင့် ခိုက်ရန်ဖြစ်ပွားလျက်ရှိနေသော ဖိရ်အောင်န်ဘက်တော်သား ဒုတိယသူသာ ဖြစ်ပေသည်' ဟူသော အချက်ကို အငြင်းပွားကြောင်း သတ်မှတ်လိုက်လေသည်။ ထိုသို့ ငြင်းဆိုလိုက်ရခြင်း၏ အကြောင်းမှာ ထိုဖိရ်အောင်န်ဘက်တော်သား ဒုတိယသူမှာ လွန်ခဲ့သော နေ့၏ လူသတ်ခြင်း၏ ဖြစ်အင်ကို မသိရှိသေးပေ။ သို့ဆိုလျှင်

၎င်းသည် ထိုဖြစ်အင်အား မည်သို့ သတင်းပေးနိုင်အံ့နည်း။ ထိုဖြစ်အင်ကို ခိုက်ရန်ဖြစ်ပွားလျက် ရှိနေသော အိစ်ရာအီလ်မျိုးနွယ်ဖွားသာလျှင် သိရှိနေပေသည်။

ဟဇရသ်မုအာဝေယားဟ်သခင်ကြီးသည် ထိုအိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဟဒီးစ်တော်၏ ထိုဖြစ်အင်အား ပြင်းဆိုလိုက်ပါမူ အိဗ်နေအဗ္ဗားစ်သခင်ကြီးသည် ဒေါသထွက်သွားပေသည်။ ဟဇရသ် မုအာဝေယားဟ်သခင်ကြီး၏ လက်ကို ကိုင်ဆွဲ၍ စအဒ်ဗင်နိမာလစ်က်ဇိုဟ်ရီးသခင်ကြီးထံသို့ ခေါ်ဆောင် သွားပေသည်။ ထို့နောက် ဇိုဟ်ရီသခင်ကြီးအား 'အို၊ အဗူအစ်ဟားက်၊ ကျွန်ုပ်တို့အား တမန်တော်မြတ် ﷺ သည် ဟဇရသ်မူစာ ﷺ သတ်လိုက်သောသူနှင့် စပ်လျဉ်း၍ ဟဒီးစ်တော်ကို မိန့်တော်မူလေသည်။ ထိုသို့ သတ်ဖြတ်လိုက်ခြင်း၏ လျှို့ဝှက်သတင်းကို ဖိရ်အောင်နိ၏ ထံသို့ ပေးပို့သူသည် ဖိရ်အောင်နိ၏ ဘက်တော် သားဖြစ်ပါ၏လော။ သို့မဟုတ် အိစ်ရာအီးလ်မျိုးနွယ်ဖွား ဖြစ်ပါ၏လော' ဟူသော အချက်ကို အသင် သတိရသေးပါ၏လော'ဟူ၍ မေးမြန်းရာ စအဒ်ဗင်နိမာလစ်က်ဇိုဟ်ရီသခင်ကြီးက 'ဖိရ်အောင်နိဘက်တော်သား ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် အိစ်ရာအီလ်နွယ်ဖွားထံမှ 'မနေ့က သတ်ဖြတ်မှုသည်လည်း ဟဇရသ်မူစာ ﷺ ၏ လက်ချက်ကြောင့် ဖြစ်ကြောင်းကို ကြားရကာ ဖိရ်အောင်နိထံသို့ သတင်းပို့ပေး လိုက်ကြောင်း'ကို ဖြေကြားလေသည်။ အေမာမ်နစာအီးသခင်ကြီးသည် ဤပြည့်ဝရှည်လျားလှစွာသော ဟဒီးစ်တော်ကို မိမိ၏ စုနန်နေ့ကွဗ်ရာကျမ်းစာအုပ်အတွင်းရှိ 'ကေသာဗွသ်သဖ်စီးရ်'ကဏ္ဍ၌ ဆင့်ပြန်မိန့် တော်မူထားပေသည်။

ထိုပြည့်ဝသော ဟဒီးစ်တော်ကို အိဗ်နေဂျရီးရ်သွာဗ်ရီးသခင်ကြီးသည် မိမိ၏ သဖ်စီးရ်ကျမ်းအတွင်း ၌သော်လည်းကောင်း၊ အိဗ်နေအဗီဟာသင်မ်သခင်ကြီးသည်လည်း မိမိ၏ သဖ်စီးရ်ကျမ်းအတွင်း၌သော် လည်းကောင်း ထိုယဇီးဒ်ဗင်နိဟာရူးန်သခင်၏ ဆင့်ကဲဆင့်ပြန်မှု၏ ကွင်းဆက်အထောက်အထားဖြင့် ဆင့်ပြန်ကာ 'ဤဟဒီးစ်တော်သည် 'မရ်ဖူးအ်' တမန်တော်မြတ် ﷺ တိုက်ရိုက် မိန့်မြွက်သော ဟဒီးစ်တော် မဟုတ်ပေ။ သို့သာမက အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဖြေကြားချက်သာ ဖြစ်သည်။ အကြင်ပြောကြား ချက်ကို ၎င်းသည် ကအဗ်ဗင်နိအဟ်ဗားရ်သခင်ကြီး၏ ဆင့်ပြန်ပြောကြားချက်များထဲမှ ပိုင်သည်ဟု သတ်မှတ် ထားသော အိစ်ရာအီးလ်မျိုးနွယ်ရေးရာ ဆင့်ပြန်ချက်များထဲမှ ရယူထားပေသည်။ သို့ရာတွင် ထိုပြောကြား ချက်တွင် အချို့သော နေရာများ၌ 'မရ်ဖူးအ်' ဟဒီးစ်တော်၏ ဝါကျများလည်း ပါတတ်ပေသည်' ဟူ၍ ပြောဆိုလေသည်။ အေမာမ်အိဗ်နေကစီးရ် သခင်ကြီးသည် မိမိ၏ သဖ်စီးရ်ကျမ်း၌ ထိုပြည့်ဝသော ဟဒီးစ် တော်နှင့် ထိုဟဒီးစ်တော်နှင့် စပ်လျဉ်း၍ အထက်ဖော်ပြပါ စီစစ်သုတေသန ကောက်ခံမှုများကို ရေးသား ပြီးနောက် 'ကျွန်ုပ်၏ ရှိက်ခ်အဗူဟဂျ်ဂျားဂျ်မဇ်ဇီးသခင်ကြီးသည်လည်း အိဗ်နေဂျရီးရ်နှင့် အိဗ်နေ အဗီ ဟာသင်မ် သခင်ကြီး တို့ကဲ့သို့ ထိုဆင့်ပြန်ချက်ကို မောင်ကူးဖ် (အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ပြောကြား ချက်ဟူ၍သာ သတ်မှတ် ထားကြောင်း'ကို ရေးသားထားပေသည်။

[အင်န်သေဟားသဖ်စီးရေအိဗ်နေ့ကစီရ်၊ တွဲ-၃၊ စ-၁၄၈-၁၅၃။]

တင်ပြထားပြီးသော ဟာဇရသ်မူစာ عليه السلام ၏ ဖြစ်အင်မှ ရရှိသော အကျိုး၊ သံဝေဂတရားများနှင့် အရေးကြီးသော အကျိုးထူးများ

ကုရ်အာန်ကျမ်းတော်မြတ်သည် ဟာဇရသ်မူစာ عليه السلام ၏ ဖြစ်အင်ကို 'များစွာသော စူရာဟ်များတွင် အနည်းနှင့်အများမဆို လေးနက်စွာ တင်ပြမိန့်ဆိုထားပေသည်။ ထိုသို့ လေးနက်စွာ မိန့်ဆိုတော်မူလိုက်ရခြင်း၏ အကြောင်းမှာ ဤဖြစ်အင်အတွင်း၌ ထောင်ပေါင်းများစွာသော သံဝေဂရဖွယ်အကြောင်းများ၊ အမြော်အမြင်တော်များနှင့် အလ္လာဟ်အသျှင်မြတ်၏ ပြည့်ဝသော တန်ခိုးတော်များ၏ အံ့ဖွယ်ပေါ်ပေါက်မှုများ ထင်ဟပ်ပါဝင်လျက် ရှိနေပေသည်။ အကြင်အချက်အလက်များကြောင့် လူသားတို့၏ အီမာန်တရားသည် ခိုင်ခံ့အနည်ထိုင်သွားမည်ဖြစ်ပြီး ကျင့်ကြံ ပြုမူဆောင်ရွက်ချက်ပိုင်းများနှင့် စာရိတ္တပိုင်းဆိုင်ရာ အချက်အလက်များသည်လည်း များပြားစွာ ပါဝင်နေပေသည်။ သို့ရှိရာ ဤနေရာ၌ ဤဖြစ်အင်သည် လွန်စွာ ကျယ်ပြန့်စွာဖြင့် ပါရှိနေခြင်းကြောင့် သက်ဆိုင်ရာ ကဏ္ဍအောက်အတွင်း၌ လာရှိသော သံဝေဂတရားများ၊ ဆုံးမဩဝါဒတရားများနှင့် လမ်းညွှန်ချက်များ၏ အချို့သော ကဏ္ဍရပ်များကို ရေးသားရမည်ကို သင့်တော်မည်ဟူ၍ မှတ်ယူကာ ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

ဖိရ်အောင်န်၏ အသိဉာဏ်ကင်းမဲ့သော အကြံအစည်နှင့် ထိုစီမံကိန်းအပေါ် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အံ့ဖွယ်ကောင်းသော တုန့်ပြန်ချေပချက်

ဖိရ်အောင်န်သည် ဗနီအိစ်ရာအီးလ်မျိုးနွယ်အတွင်း၌ သားယောကျ်ားလေးတစ်ဦး မွေးဖွားလာမည်ဖြစ်ကြောင်း၊ အကြင်ကလေးသည် ဖိရ်အောင်န်၏ စိုးမိုးအုပ်ချုပ်မှုကို ကျဆင်းအောင်ပြုမည့် အကြောင်းခံဖြစ်လာမည် ဖြစ်ကြောင်းကို သိရှိလာသောအခါ ဗနီအိစ်ရာအီလ်မျိုးနွယ်အုပ်စု၏ နောင်လာမည့် အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ရန် အမိန့်ကို ထုတ်ပြန်ခဲ့သည်။ တစ်ဖန် မိမိတိုင်းပြည်နှင့် ပင်ကိုယ်အကျိုးကို ထောက်ရှု၍ တစ်နှစ်သတ်ဖြတ်ခြင်းကို ရပ်ထားရန်နှင့် နောင်ဒုတိယတစ်နှစ်၌ ဆက်လက်သတ်ဖြတ်ရန် အမိန့်ကို ထုတ်ပြန်ခဲ့ပြန်လေသည်။ အလ္လာဟ်အသျှင်မြတ်အဖို့ ဟာဇရသ်မူစာ عليه السلام အား သတ်ဖြတ်မိန့်ကို ရပ်သိမ်းထားသော နှစ်၌ မွေးမြူပေါ်ပေါက်စေခြင်းကို စွမ်းနိုင်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် 'ထိုအသိဉာဏ်ကင်းမဲ့သူ၏ ယင်းသို့ လူမဆန်သော အကြံအစည်ကို ၎င်းအပေါ်၌ အပြည့်အဝ ပြန်လည်တန်ပြန်မှု သက်ရောက်စေရန်နှင့် ၎င်းအား ကောင်းစွာ အသိဉာဏ်မရှိသူအဖြစ် ပြုလုပ်ရန်' ကို ပြုချင်တော်မူသည့်အတွက်ကြောင့် ဟာဇရသ်မူစာ عليه السلام အား ကလေးငယ်များကို သတ်ဖြတ်သည့်နှစ်၌မှာပင် မွေးဖွားစေတော်မူလိုက်ပေသည်။ ထို့အပြင် မိမိ၏ ကျယ်ဝန်းနက်ရှိုင်းလှစွာသော အမြော်အမြင်တော်ဖြင့် 'ဟာဇရသ်မူစာ عليه السلام သခင်ကိုယ်တော်တိုင်သည် ထိုဆိုးယုတ်၊ မတရားသော သူ၏ နန်း၌မှာပင် ကြီးပြင်းလာစေရန်' ဟူသော ပုံစံကို ဖန်တီးပေးတော်မူလိုက်လေသည်။ ဖိရ်အောင်န်နှင့် ၎င်း၏ ဇနီးသည် ဟာဇရသ်

မူစာ عليه السلام ကို လိုလားတပ်မက်စွာဖြင့် မိမိတို့၏ နန်း၌မှာပင် ကျွေးမွေးပြုစုထားလေသည်။ တစ်မြို့လုံး၌ ရှိသော အီစ်ရာအီးလ်မျိုးနွယ်ဝင် ကလေးများသည် ဟဇရတ်မူစာ عليه السلام ဖြစ်တန်ကောင်းရာသည်ဟူသော ထင်ယောင်ထင်မှားဖြင့် သတ်ဖြတ်ခြင်းကို ခံနေရပေသည်။ ဟဇရတ်မူစာ عليه السلام သည် ဖိရ်အောင်နီ၏ အိမ်၌မှာပင် သက်တောင့်သက်သာစွာနှင့် သိက္ခာချီးမြှင့်ခြင်း ခံရခြင်းတို့နှင့်အတူ ၎င်း ဖိရ်အောင်နီ၏ ငွေကြေးဖြင့်သာ ကြီးပြင်းလာလျက် ရှိနေပေသည်။

ဟဇရတ်မူစာ عليه السلام ၏ မိခင်အပေါ် တန်ခိုးတော်အသွင်ဖြင့် ချီးမြှင့်ခြင်းခံရသော ဆုလာဘ်တော်များနှင့် ဖိရ်အောင်နီ၏ အကြံအစည်အား အခြားသော အသွင်တစ်မျိုးဖြင့် တုန့်ပြန်ချေပမှု

ဟဇရတ်မူစာ عليه السلام သည် အကယ်၍ အခြားသော ကလေးငယ်များကဲ့သို့ နို့ထိန်းသည်တစ်ဦး၏ နို့ကို လက်ခံသောက်သုံးပါမူ ၎င်း၏ ကြီးပြင်းစောင့်ရှောက်ခြင်းခံရမှုသည် မိမိ၏ ရန်သူဖြစ်သော ဖိရ်အောင်နီ၏ နန်းတော်၌မှာပင် သက်တောင့်သက်သာစွာဖြင့် နေထိုင်ရပေမည်။ သို့ရာတွင် ဟဇရတ်မူစာ عليه السلام ၏ မိခင်သည် ၎င်းနှင့် ခွဲခွာနေထိုင်လျက်ရှိ၍ သောကဝေဖြာနေသည်က တစ်ကြောင်းနှင့် ဟဇရတ်မူစာ عليه السلام အဖို့လည်း ကာဖိရ်အမျိုးသမီးတစ်ဦးဦး၏ နို့ကို သောက်သုံးရမည်ဖြစ်ခြင်းတို့က တစ်ကြောင်း စသော အကြောင်းတို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ နဗီတမန်တော်ကို ကာဖိရ်အမျိုးသမီးတစ်ဦး၏ နို့ကို သောက်သုံးခြင်းမှ ကယ်တင်ပေးတော်မူ၍ ၎င်း၏ မိခင်ကိုလည်း ခွဲခွာခြင်း၏ သောကမှ ကင်းလွတ်မှု ပေးထားပေသည်။ ကင်းလွတ်မှုကိုလည်း ဖိရ်အောင်နီ၏ အိမ်သူအိမ်သားတို့သည် ၎င်းမိခင်အပေါ် ကျေးဇူးတရားတင်ရှိကာ လက်ဆောင်မိုးကို ရွာသွန်းဖြိုးပေးစေ၍ မိမိအသက်နှင့်အမျှ ချစ်ခင်ရသော သားကို နို့တိုက်ကျွေးရန် ဖိရ်အောင်နီ၏ နန်းတော်မှ အကျိုးအခများ ရရှိ၍ အခြားသော မင်းမှုထမ်းများကဲ့သို့ ဖိရ်အောင်နီ၏ နန်းတော်၌လည်း မနေထိုင်ရ'ဟူသော အသွင်မျိုးဖြင့် ပေးထားပေသည်။

فَتَبَارَكَ اللّٰهُ اَحْسَنُ الْخَالِقِين

သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် အဘယ်မျှ ထူးကဲ မွန်မြတ် မြင့်မြတ်လှပါဘိသနည်း။ *[၂၃ း ၁၄]*

လက်မှုအတတ်ပညာရှင်များနှင့် ကုန်သည်များအဖို့ သတင်းကောင်းတစ်ရပ်

ဟဒီးစ်တော်တစ်ရပ်၌ တမန်တော်မြတ် ﷺ သည် 'အကြင်လက်မှုအတတ်ပညာရှင်တစ်ဦးသည် မိမိ၏ အတတ်ပညာ၌ မွန်မြတ်သော အကျိုးစဝါးဓ်ကို ရည်စူးမည်ဆိုပါက ၎င်းသည် ဟဇရတ်မူစာ عليه السلام ၏ မိခင်ကဲ့သို့ ဖြစ်သည်။ အကြောင်းမှာ မိမိ၏ သားကိုပင် နို့တိုက်ကျွေး၍ ထိုတိုက်ကျွေးခကို အခြားသူ၏ ထံမှ ရယူခြင်းပင် ဖြစ်သည်' ဟူ၍ မိန့်တော်မူထားပေသည်။ *[အိဗ်နေကစီးရ်]*

အလိုသဘောမှာ ပန်းရံဆရာတစ်ဦးသည် ဗလီ၊ ခါန်ကာ၊ စာသင်ကျောင်း သို့မဟုတ် အခြားအများပိုင် အဆောက်အဦးတစ်ရပ်ကိုလည်း တည်ဆောက်ရမည်ဆိုပါက ၎င်း၏ 'နီယသ်' ရည်ရွယ်ချက်သည် မိမိ၏ လုပ်အားခနှင့် ငွေကြေးကိုသာ ရှာဖွေရန်ရှိမူ ထိုငွေကြေးကိုမူ ရရှိသွားပေလိမ့်မည်။ ထို့ပြင် အကယ်၍ ၎င်းက 'ဤအဆောက်အဦးများသည် ကောင်းမြတ်သော အလုပ်များ၌ အသုံးချရန်ဖြစ်ပြီး မိမိ၏ ဘာသာရေး အနွယ်ဝင်များအား အကျိုးပြု သက်ရောက်စေရန်' ဟူ၍ ဆန္ဒပြု 'နီယသ်'ထားရှိပြီး အခြားသော အဆောက်အဦးများကို တည်ဆောက်ခြင်းထက် ဤအဆောက်အဦးအား ယင်းသို့ 'နီယသ်' ထားကာ တည်ဆောက်ခြင်းကို ဦးစားပေးပါမူ ၎င်းအဖို့ ဟဇရသ်မူစာ (عليه السلام) ၏ မိခင်ကဲ့သို့ မိမိ၏ လုပ်အားခလည်း ရရှိကာ 'ဒီးန်' သာသနာရေးဆိုင်ရာ အကျိုးကိုလည်း ရရှိပေလိမ့်မည်။

အလ္လာဟ်အသျှင်မြတ်၏ သီးသန့်အစေတော်များကို 'တွေ့သူ၊ မြင်သူ အားလုံး ချစ်ခင်ခြင်း' ဟူသော နှစ်မြို့ခြင်းခံရခြင်း၏ ဂုဏ်ရှိန်ကို ချီးမြှင့်ခံထားရခြင်းအကြောင်း

والقيت عليك محبة منى

ထို့ပြင် ငါအသျှင်မြတ်သည် အသင့်အား မြင်သူတိုင်း ချစ်ခင်စေရန်အတွက် အသင့်အပေါ်၌ မိမိ၏ ထံတော်မှ ချစ်မြတ်နိုးမှုကို သက်ရောက်စေတော်မူခဲ့ပေသည်။ *[၂၀ : ၃၉]*

ဟူသော အာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည် 'မိမိ၏ သီးသန့် အစေတော်များကို ချစ်ခြင်း၊ နှစ်မြို့ခြင်းခံရခြင်း၏ သီးသန့်ဂုဏ်ရှိန် ဂုဏ်ဝါတစ်ရပ်အား ချီးမြှင့်တော်မူထားပေသည်။ အကြင်သူများကို တွေ့မြင်ကာ မိမိတို့၏ သိသူ၊ ရန်သူ၊ မိတ်ဆွေများအားလုံးတို့သည် ချစ်ခင်သွားပေသည်' ဟူသော အချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ နဗီတမန်တော်များ၏ အလွန်ကြီးမား မြင့်မားသော အဆင့်အတန်းကို မဆိုထားဘိဦး၊ များစွာသော ဝလီသူတော်စင်များနှင့် စပ်လျဉ်း၍လည်း ထိုချစ်ခင်နှစ်မြို့ခြင်းခံရခြင်း အချက်ကို မြင်တွေ့ရပေသည်။

ဟဇရသ်မူစာ (عليه السلام) ၏ လက်ချက်ဖြင့် ဖိရ်အောင်န်၏ ဘက်တော်သား သတ်ဖြတ်ခံလိုက်ရခြင်းသည် မှားကြောင်း မည်သည့်အချက်အား အခြေခံမူတည်၍ သတ်မှတ်ထားပေသနည်း၊

ဟဇရသ်မူစာ (عليه السلام) သည် အိစ်ရာအီးလ်မျိုးနွယ်ဖွား မွတ်စ္စလင်မ်တစ်ဦးနှင့် ဖိရ်အောင်န်၏ ဘက်တော်သား ကာဖိရ်တစ်ဦးတို့ ခိုက်ရန်ဖြစ်သွားနေသည်ကို မြင်တွေ့သောအခါ ဖိရ်အောင်န်၏ ဘက်တော်သားကို လက်သီးဖြင့် ထိုးလိုက်သည်။ ထိုသို့ ထိုးလိုက်ခြင်းကြောင့် ထိုသူသည် သေဆုံးသွားပေသည်။ ထိုလုပ်ရပ်ကို ဟဇရသ်မူစာ (عليه السلام) ကိုယ်တိုင် ရှိုက်သွာန်၏ လုပ်ရပ်ဟူ၍ မိန့်ကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်

ပါးမှလည်း ထိုမှားယွင်းမှုကို ပလပ်ခွင့် တောင်းခံခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည်လည်း ခွင့်လွှတ်တော်မူလိုက်လေသည်။

သို့ရာတွင် ဤနေရာ၌ ဓမ္မသတ်ရေးဆိုင်ရာ မေးမြန်းရန်အချက်တစ်ရပ်မှာ ဤဖိရ်အောင်န်၏ ဘက်တော်သားသည် တိုက်ခိုက်ခွင့်ရှိသော ကာဖိရ်တစ်ဦး ဖြစ်သည်။ အကြင်သူဖြင့် ဟဇရတ်မူစာ ﷺ သည် ပဋိညာဉ်တစ်စုံတစ်ရာကို မချုပ်ဆိုထားသကဲ့သို့ မွတ်စ္စလင်များအား အခွန်ပေးဆောင်၍ နေထိုင်သော ကာဖိရ်မျိုးလည်း မဟုတ်ပေ။ (အကြင်ကာဖိရ်တို့၏ အသက်၊ ဥစ္စာနှင့် သိက္ခာတို့အား ထိန်းသိမ်းစောင့်ရှောက်ပေးရန် မွတ်စ္စလင်မ်တို့အပေါ် ဝါဂျိဗ်ဖြစ်ပေသည်။) ဤသူသည် တိုက်ခိုက်ပိုင်ခွင့်ရှိသော ကာဖိရ်တစ်ဦးဖြစ်သည့်အလျောက် ၄င်းနှင့် စပ်လျဉ်း၍ သာသနာတော်၏ အမိန့်မှာ '၄င်းအား သတ်ဖြတ်ပိုင်ခွင့်ရှိ၍ ယင်းသို့ သတ်ဖြတ်လိုက်ခြင်းဖြင့်လည်း ပြစ်မှုဒုစရိုက် တစ်စုံတစ်ရာမျှ မရှိချေ' ဟူ၍ ဖြစ်သည်။ သို့ဆိုလျှင် ဤနေရာ၌ ယင်းလုပ်ရပ်ကို ရှိုက်သွာန်၏ အကျင့်အမူနှင့် မှားယွင်းချက်ကို မည်သည့်အချက်အပေါ်၌ မူတည်၍ မိန့်မြွက်ထားတော်မူပေသနည်း။

များစွာသော သဖ်စီးရ်ကျမ်းများအတွင်း၌ မည်သည့်အာလင်မ် သာသနာ့ပညာရှင်တစ်ဦးမဆို ထိုမေးခွန်းအား မတင်ပြထားပေ။ ကျွန်ုပ် (မိုဟမ္မဒ်ရှဖီးအ်) သည် ဟဇရတ်ထာနဝီ၏ အမိန့်ဖြင့် အဟ်ကာမူလ်ကုရ်အာန်ကျမ်းကို ရေးသားနေစဉ် ဖြစ်အင်အား ရေးသားရန်အချိန် ဆိုက်ရောက်လာပေသည်။ သို့ဆိုလျှင် ဟဇရတ်ထာနဝီသခင်ကြီးသည် ထိုမေးခွန်း၏အဖြေကို ဤသို့ ဖြေပြလေသည်။ ထိုဖိရ်အောင်န်၏ ဘက်တော်သားထံမှ တိုက်ရိုက်ရှင်းလင်းစွာဖြင့် ငြိမ်းချမ်းရေး သို့မဟုတ် အခွန်ပေးဆောင်ခြင်း၏ ပဋိညာဉ်ကို မပြုထားနေလင့်ကစား သို့ရာတွင် ယင်းအချိန်သည် ဟဇရတ်မူစာ ﷺ နှင့် ဖိရ်အောင်န်ဘက်တော်သားတို့၏ စိုးမိုးအုပ်ချုပ်လျက်ရှိနေသော အချိန်မဟုတ်ပေ။ သို့သာမက ၄င်းတို့နှစ်ဦးစလုံးသည် ဖိရ်အောင်န်၏ အုပ်ချုပ်မှုအောက်၌ နေထိုင်ကြသော မြို့သားများဖြစ်ကြရာ တစ်ဦးနှင့်တစ်ဦး စိတ်အေးချမ်းသာမှု တည်ရှိနေသည့် အချိန် ဖြစ်ပေသည်။ ဤသည် လက်တွေ့ပြသခြင်း၏ ပဋိညာဉ်တစ်ရပ်၏ အမျိုးအစားဖြစ်သည်။ ဖိရ်အောင်န်၏ ဘက်တော်သားအား သတ်ဖြတ်လိုက်ခြင်းသည် ထိုပဋိညာဉ်အမျိုးအစားကို ဖောက်ဖျက်လိုက်ရာ ရောက်သည့် အတွက်ကြောင့် 'မှားသောလုပ်ရပ်' ဟူ၍ သတ်မှတ်ထားလိုက်ပေသည်။ ဤမှားယွင်းမှုသည် တမင်သက်သက်ကျူးလွန်သော မှားယွင်းမှုမျိုးမဟုတ်ဘဲ ရုတ်တရက် ဖြစ်ပေါ်သွားခဲ့သော လုပ်ရပ်ဖြစ်သည့် အတွက်ကြောင့် ဟဇရတ်မူစာ ﷺ ၏ နဗီဖြစ်ခြင်း၏ စောင့်စည်းအပ်ရမည့် ဂုဏ်ရှိန်၊ ဂုဏ်ဝါကို ထိခိုက်အဟန့်အတားဖြစ်စေမည့် အရာမျိုးလည်း မဟုတ်ပေ။

ဟဇရတ်ထာနဝီသခင်သည် ထိုအချက်အလက်ကို အခြေခံ၍ မွတ်စ္စလင်မ်တို့နှင့် ဟိန္ဒူတို့သည် အင်္ဂလိပ်အစိုးရ၏ လက်အောက်၌ အိန္ဒိယနိုင်ငံ နှစ်ခြမ်းကွဲချိန် နေထိုင်ရသော အချိန်၌ မည်သည့်မွတ်စ္စလင်မ်တစ်ဦးတစ်ယောက်အဖို့ ဟိန္ဒူ၏ အသက်နှင့် ဥစ္စာကို မတရားသမှု ပြုခြင်း ပိုင်သည်ဟူ၍ မသတ်မှတ်ပေးထားခဲ့ပေ။

အားအင်ချည့်နဲ့သူများအား ကူညီခြင်းနှင့် အဖန်ဆင်းခံများအား အလုပ်အကျွေးပြုစုခြင်းသည် လောကီ၊ လောကုတ္တရာ နှစ်ဌာနအတွက် အကျိုးပြုခြင်းအကြောင်း

ဟဇရတ်မူစာ عليه السلام သည် မဒ်ယာန်မြို့ပြင်၏ ရေတွင်း၌ မိမိတို့ အားအင် ချည့်နဲ့မှုကြောင့် ဆိတ်များကို ရေမတိုက်ကျွေးနိုင်သော အမျိုးသမီးနှစ်ဦးကို တွေ့မြင်လေသည်။ ဤအမျိုးသမီးနှစ်ဦးသည် လုံးဝ သူစိမ်းဖြစ်၍ ဟဇရတ်မူစာ عليه السلام သည် ခရီးသည်တစ်ဦးဖြစ်သည်။ သို့ရာတွင် အားအင်ချည့်နဲ့သူများအား ကူညီပြုစုမှုပြုခြင်းသည် လူ့ကျင့်ဝတ်မှ လိုလားလျက်ရှိနေသော မှန်မြတ်သော အချက်နှင့် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် နှစ်မြို့ခြင်းခံရသော ကျင့်ကြံမှုတစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် ယင်းအမျိုးသမီးနှစ်ဦးအဖို့ ဒုက္ခခံကာ ထိုအမျိုးသမီးတို့၏ ဆိတ်များကို ရေတိုက်ကျွေးလေသည်။ ထိုသို့ တိုက်ကျွေးလိုက်ခြင်း၏ အကျိုးစဝါးဗ်သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ အလွန်ကြီးကျယ်စွာဖြင့် တည်ရှိနေပေမည်။ ကမ္ဘာလောက၌လည်း အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ထိုလုပ်ရပ်ကို ခရီးသည်ဖြစ်နေသည်ကတစ်ကြောင်း၊ ခိုကိုးရာမဲ့ ဖြစ်နေသည်ကတစ်ကြောင်းနှင့် ဥစ္စာအရင်းနှီးမဲ့ ဖြစ်နေခြင်းက တစ်ကြောင်း စသော အကြောင်းတို့ကို ၎င်း၏ ရှေ့အနာဂတ်သက်တမ်းတွင် ဂုဏ်ရှိန်ဂုဏ်ဝါနှင့်အညီ ထွန်းလင်းတောက်ပြောင်လာစေရန် 'ဟဇရတ်ရှုအိုက်ဗ် عليه السلام အား အလုပ်အကျွေးပြုစုခွင့် ရရှိခြင်းနှင့် သားမက်တော်စပ်လိုက်ရခြင်း၏ မှန်မြတ်သော' အကြောင်းခံတို့ဖြင့် ဖြည့်ဆည်းပံ့ပိုးပေးမှုကို ပြုပေးလိုက်လေသည်။ လူပျိုအရွယ် ရောက်ရှိပြီးနောက် မိခင် ပြုလုပ်ရမည့်အလုပ်ကို အလ္လာဟ်အသျှင်မြတ်သည် ဧည့်သည်အဂန္တုဖြစ်သည့် အချိန်မှာပင် နဗီတစ်ပါး၏ လက်တော်ဖြင့် အဆုံးသတ်စေလိုက်ပေသည်။

နဗီတမန်တော်နှစ်ပါးကြားဝယ် အလုပ်ရှင်၊ အလုပ်သမားဖြစ်ခြင်း၏ အမှုကိစ္စအတွင်း၌ရှိ အမြော်အမြင်တော်များနှင့် အံ့ဖွယ်အကျိုးများ

ဟဇရတ်မူစာ عليه السلام သည် ဟဇရတ်ရှုအိုက်ဗ် عليه السلام ၏ အိမ်၌ ဧည့်သည်အဖြစ် ဖိရ်အောင်နှ်၏ စစ်တပ်များ၏ စိုးရိမ်ကြောင့်ကြမှုတို့မှ စိတ်အေးချမ်းသာမှု ရရှိသွားသောအခါ ဟဇရတ်ရှုအိုက်ဗ် عليه السلام သည် မိမိ၏ သမီးနှင့် ညှိနှိုင်းတိုင်ပင်မှုပေးသည့်အပေါ် ၎င်းမူစာ عليه السلام အား မိမိ၏အိမ်၌ အလုပ်သမား အဖြစ်ထားရှိရန် အတွေးအခေါ်ကို ဖော်ထုတ်လိုက်လေသည်။ ထိုကဲ့သို့ ထားရှိရာ၌ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ အလွန်ကြီးကျယ်လှစွာသော အမြော်အမြင်တော်များနှင့် အဖန်ဆင်းခံများအဖို့ အရေးပါသော လမ်းညွှန်ချက်များ ရှိပေသည်။

ဟဇရတ်ရှုအိုက်ဗ် عليه السلام သည် နဗီ၊ ရစူလ်တမန်တော်တစ်ပါး ဖြစ်ပေသည်။ ခရီးသည်တစ်ဦးအား 'အချိန်အခိုက်အတန့် အနည်းငယ်ထိတိုင် အကျိုးအခ မရယူဘဲ ဧည့်သည့်အဖြစ် ထားရှိပေးလိုက်

ခြင်း’သည်လည်း တစ်စုံတစ်ရာ ခက်ခဲဝေးလံသည့် ကိစ္စရပ်မျိုး မဟုတ်ပေ။ သို့ရာတွင် များသောအားဖြင့် ထိုနဗီသည် မိမိ၏ နဗီဖြစ်ခြင်း၏ အကဲခတ်မှုဖြင့် ‘ဟဇရတ်မူစာ ﷺ ၏ လုံ့လဝီရိယကြီးမားသူဖြစ်ကြောင်း’ ကို သိရှိကာ ‘၎င်းသည် အချိန်ကြာမြင့်စွာ စည်သည့်ပုံစံမျိုးဖြင့် နေထိုင်မည်ကို လက်ခံမည်မဟုတ်ကြောင်း၊ ၎င်းသည် အခြားတစ်နေရာသို့ ထွက်ခွာသွားမည်ဆိုလျှင်လည်း ဒုက္ခရောက်မည်ဖြစ်ကြောင်း’ စသော အချက်များကို ရိပ်စားမိသောအခါ အားနာမှုကင်းမဲ့သော အမှုကိစ္စ၏ ပုံပန်းသဏ္ဌာန်ကို ရွေးချယ်လိုက်ခြင်း ဖြစ်သည်။ အကြင်အမှုကိစ္စ၌ အခြားသောသူတို့အဖို့လည်း ‘အခြားတစ်ဦး အိမ်သို့ သွားကာ မိမိ၏ ဝန်ထုပ်ဝန်ပိုးအား ၎င်းအပေါ် ကျရောက်စေခြင်းသည် မှန်မြတ်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း’ ဟူသော လမ်းညွှန်ချက်ရှိပေသည်။

ဤအမြော်အမြင်တော် အချက်သည်လည်း ရှိပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်မူစာ ﷺ အား နဗီနှင့် ရစူလ်ကို အောင်မြင်စွာ ဖြစ်ပေါ်စေရန် လိုလားတော်မူပေသည်။ ထိုသို့ နဗီနှင့် ရစူလ် ဖြစ်ခြင်းအတွက် ကြိုးပမ်းကျင့်ဆောင်မှု တစ်စုံတစ်ရာအတွက် စည်းကမ်းချက်မရှိခြင်းနှင့် ထိုကြိုးပမ်းကျင့်ဆောင်မှု တစ်စုံတစ်ရာ၏ အကြောင်းခံ မရှိနိုင်လင့်ကစား ထိုအရာသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ သီးသန့်ချီးမြှင့်ထားခြင်း ဖြစ်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်မှာ ‘ထိုအသျှင်မြတ်သည် မိမိ၏ ရစူလ်၊ နဗီတမန်တော်များကို ‘လူ့အကျင့်ဓလေ့များ ပြီးမြောက်ကုန်ဆုံးသွားအောင် ပြုပြင်နိုင်ခြင်းနှင့် အခြားသောသူများကို ပြုပြင်ပေးနိုင်ရန် ကြီးမားသော အကြောင်းခံ ဖြစ်ပေါ်လာချိန်တည်း’ ဟူသော ပင်ပန်း၊ ဒုက္ခ၊ အနစ်နာခံနိုင်ခြင်း၏ ခေတ်အချိန်ကို ကျော်လွှားစေခြင်း’ ဖြစ်ပေသည်။ ဟဇရတ်မူစာ ﷺ ၏ သက်တမ်းသည် ယခုအချိန်ထိတိုင် နန်းရှိန်၊ နန်းဝါကိုသာ ဖြတ်သန်း ကြီးပြင်းလာခဲ့ပေသည်။ ရှေ့အနာဂတ်ကာလ၌ ၎င်းသည် အဖန်ဆင်းခံများအား လမ်းမှန်ပြသရန်နှင့် ပြုပြင်မှုကို ပြုရန်ဖြစ်ပေသည်။ ဟဇရတ်ရှုအိုက်ဗ် ﷺ နှင့်အတူ ထိုသို့ အလုပ်ပြုလုပ်ခြင်းနှင့် ကြိုးပမ်းမှုကို ပြုကြမည်ဟူ၍ ပဋိညာဉ်သဘောမျိုးဖြင့် ပြောဆိုရာ၌ ၎င်း၏ စာရိတ္တရေးဆိုင်ရာနှင့် ဆင့်ကဲ မွေးမြူ ပြုစုပျိုးထောင်ပေးခြင်းတို့၏ လျှို့ဝှက်အကြံအစည်တို့သည်လည်း တိမ်မြုပ်ကာ ပါဝင်နေပေသည်။

၎င်းနဗီအား ဆိတ်ကျောင်းခြင်း၏ တာဝန်ကိုလည်း ပေးထားပေသည်။ ဤသို့ ဆိတ်ကျောင်းခြင်းဆုလဒ်ကို များစွာသော နဗီတမန်တော်များအား အပ်နှင်းထားခြင်းသည်လည်း အံ့ဖွယ်ကောင်းသော အချက်ဖြစ်သည်။ ဆိတ်သည် မိမိ၏ အုပ်စုထဲမှ ရှေ့၊ နောက်သို့ ထွက်ပြေးသွားတတ်သော အကျင့်ရှိပေသည်။ အကြင်ကဲ့သို့ ပြေးတတ်သွားသည့်အတွက်ကြောင့် ဆိတ်ကျောင်းသူသည် မကြာခဏ ဒေါသထွက်တတ်ပေသည်။ ယင်းဒေါသ၏ အကြောင်းဆက်တရား၌ အကယ်၍ ၎င်းသည် ယင်းဆိတ်ပြေးသွားသည်ကို လျစ်လျူရှုထားလိုက်ပါမူ မိမိ၏ လက်ဝယ်မှ လက်မဲ့ဖြစ်ကာ ဝံပုလွေ၏ အစာဖြစ်သွားပေလိမ့်မည်။ မိမိ၏ စိတ်ကြိုက်သဘောအရ မောင်းနှင်ရန် ရိုက်မည်ဆိုလျှင်လည်း အနည်းငယ် ဒဏ်ရာထိခိုက်မှု ဖြစ်ရှိသွားမည်ဆိုပါကလည်း ခြေထောက်ကျိုးလုမတတ် ဖြစ်သွားလောက်အောင် အားအင်ချည့်နဲ့သော သတ္တဝါ

ဖြစ်သည်။ ထို့ကြောင့် ဆိတ်ကျောင်းသမားသည် အလွန်သည်းခံစွာဖြင့် အလုပ်လုပ်ရမည်ဟူသော လျှို့ဝှက်ချက် ရှိကောင်းရှိတန်ရာသည်။ အလ္လာဟ်အသျှင်မြတ်၏ များစွာသော အဖန်ဆင်းခံများသည်လည်း နဗီတမန်တော်များ၏ အရှုအမြင်၌ ဤအခြေအနေမျိုးသာလျှင် ရှိနေပေသည်။ အကြင်အဖန်ဆင်းခံများနှင့် စပ်လျဉ်း၍ နဗီတမန်တော်များသည် ဥပေက္ခာပြု၍လည်း မရ။ ပြင်းထန်စွာ ဆက်ဆံ၍လည်း မရသော ပုံစံမျိုးတို့ဖြင့်သာ လမ်းမှန်ပေါ်သို့ ပို့ဆောင်နိုင်ပေသည်။ ထို့ကြောင့် သည်းခံမှုတရား ထားရှိခြင်းကိုသာ မိမိတို့၏ အကျင့်အမူဖြင့် မွေးမြူရပေသည်။

တစ်ဦးတစ်ယောက်အား ရာထူးနှင့် မင်းမှုထမ်းအဖြစ် အပ်နှင်းရန်အတွက် အကောင်းဆုံးသော စလေ့လုပ်ရိုး

ဤအထက်ဖော်ပြပါ ဖြစ်အင်၌ ဟဇရသ်ရှုအိုက်ဗ် ﷺ ၏ သမီးသည် မိမိ၏ ဖခင်အား ထိုဟဇရသ်မူစာ ﷺ အား အလုပ်သမားအဖြစ် ခန့်အပ်ထားပေးရန် ညွှန်ကြားမှုကို ပေးပေသည်။ ထိုသို့ ညွှန်ကြားမှုကို ပေးခြင်း၏ အထောက်အထားကို 'အကောင်းဆုံးသော အလုပ်သမားသည် အားအင်နှင့် သစ္စာရှိသူဖြစ်ရမည်'ဟူသော အချက်ကို ပေးပေသည်။ 'အင်အားရှိခြင်း'၏ အလိုသဘောသည် အပ်နှင်းခြင်း ခံထားရသော အလုပ်ကို ပြုနိုင်စွမ်းနှင့် အရည်အချင်းတို့ ရှိရပေမည်။ 'သစ္စာရှိရမည်'၏ အလိုသဘောမှာ ၎င်း၏ အတိတ်ခေတ်ကာလ၏ ထင်ကျန်ရစ်ခဲ့သော အခြေအနေများသည် ၎င်း၏ သစ္စာရှိခြင်းနှင့် သစ္စာမဖောက်မှုတို့ကို သာဓကပြနေရပေမည်။ မျက်မှောက်ခေတ်ရှိ အမျိုးမျိုးသော အလုပ်ခန့်အပ်ထားမှုနှင့် အစိုးရဌာနဖြစ်စေ၊ ပုဂ္ဂလိက ကုမ္ပဏီဖြစ်စေ စသော အသင်းအဖွဲ့များ၌ အလုပ်ခန့်အပ်ခြင်း၏ အခြေခံ စည်းမျဉ်းမှုများနှင့် လျှောက်လွှာလက်ခံခြင်းတို့၌ အကြင်အထက်ဖော်ပြပါ အရည်အချင်းနှစ်ရက်ကို တွေ့မြင်ရပေသည်။ အကယ်၍ သေချာစီစစ်စွာ စဉ်းစားကြည့်မည်ဆိုပါက စည်းကမ်းချက်များအားလုံးသည် ထိုအထက်တင်ပြပါ စကားလုံးနှစ်လုံးအတွင်း၌သာ ရှိပေသည်။ သို့သာမက ထိုဌာန၊ ကုမ္ပဏီများ၏ဘက်မှ အတည်ပြုကာ ချထားသော စည်းကမ်းချက်များအတွင်း၌လည်း အထက်ဖော်ပြပါ စည်းကမ်းချက် နှစ်ရပ်ကဲ့သို့ ပြီးပြည့်စုံမှုမျိုးကို များသောအားဖြင့် တွေ့မြင်နိုင်မည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် သစ္စာရှိမှု၊ သမာဓိရှိမှုတို့ကို မည်သည့်နေရာ၌မျှပင် အလေးထားကာ စိစစ်မှုပြုခြင်း မရှိတော့ပေ။ အသိပညာရေးဆိုင်ရာတို့၏ အရည်အချင်း၏ ဘွဲ့၊ ဒီဂရီများကိုသာ စံထားကာ ရှိနေသောကြောင့် မျက်မှောက်ခေတ်၏ အစိုးရဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများ၏ စီမံဆောင်ရွက်ချက်များတွင် တိုးတက်သင့်သလောက်၊ မတိုးတက်သည်ကို မြင်တွေ့နေရပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ များသောအားဖြင့် ထိုအထက်တင်ပြပါ 'သစ္စာရှိခြင်း'၏ အချက်ကို လျစ်လျူရှုထားခြင်း၏ အကျိုးဆက်တရားကြောင့်သာ ဖြစ်ပေသည်။ အရည်အချင်းရှိ၍ ဦးနှောက်ရှိသော သူသည် 'သစ္စာရှိခြင်း'ဟူသော အရည်အချင်းမှ လက်မဲ့ဖြစ်နေမူ ၎င်းသည် ခိုးယူခြင်းနှင့် လာဘ်စားခြင်းတို့ကိုလည်း မည်သည့်တရားဥပဒေဘောင်နှင့်မျှ မငြိရလေအောင်ဟူသော လမ်းကြောင်းများကို ဖော်

ထုတ်ပေမည်။ ထိုသစ္စာမဲ့သော အချက်သည်ပင် ယနေ့ ကမ္ဘာလောကကြီး၏ များစွာသော အစိုးရဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီ၊ ရုံး၊ ဌာနများကို အလဟဿအဖြစ် ထားရှိရုံသာမက အကျိုးယုတ်စေသော ဌာနများအဖြစ် ပြုထားပေသည်။ အစ္စလာမ်သာသနာရေးရာ စီမံမှုပိုင်းဆိုင်ရာ ကဏ္ဍများ၌ ထိုအရည်အချင်းနှစ်ရပ်ကို ဤအတွက်ကြောင့် အလွန်အရေးကြီးစွာဖြင့် အရေးပေးထားပေသည်။ အကြင်အရည်အချင်းနှစ်ရပ်၏ 'ဗရ်ကသ်' မင်္ဂလာတော်များကို ကမ္ဘာလောကကြီးသည် လွန်ခဲ့သော ရာစုနှစ်များစွာကတည်းက ရှုမြင်လာခဲ့လေသည်။

'ဂျာဒူ' ပယောဂ ဆရာများနှင့် နဗီတမန်တော်များ၏ အမှုကိစ္စများအတွင်း၌ ရှင်းလင်းလှစွာသော ကွဲပြားခြားနားမှု

ဖိရ်အောင်န်သည် မိမိစုရုံးခဲ့သော အောက်လမ်းဆရာများကို ရှေ့၌ထားကာ တစ်တိုင်းပြည်လုံးနှင့် တစ်မျိုးသားလုံး၏ စိုးရိမ်ကြောင့်ကြမှုကို ဦးထိပ်ပန်ဆင်၍ အလုပ်ပြုလုပ်ရန် ပြောဆိုပေသည်။ ထိုပြောကြားချက်၏ လိုလားချက်မှာ 'ငင်းတို့ကိုယ်တိုင်သည် မိမိတို့အလုပ်ဟူ၍ မှတ်ယူကာ ထိုကိစ္စရပ်ကို အလွှိုက်သည်းလှိုက်အဖြစ် အဆုံးသတ်ပေးရန် ဖြစ်ပေသည်။' သို့ရာတွင် ထိုနေရာ၌ 'အလုပ်မပြုလုပ်ရသေးမီ ကျွန်ုပ်တို့ မည်သည့်အရာ ရရှိပေမည်နည်း' ဟူ၍ ဖြစ်သွားပေသည်။

ငင်းတို့နှင့် နှိုင်းယှဉ်လျှင် နဗီတမန်တော်များအားလုံး၏ ကမ္ဘာအဝှမ်းထိတိုင် ကြော်ငြာချက်မှာ-

وَلا اسئلكم عَلَيۡهِ مِنۡ اَجۡرٍ

ဟူ၍ ဖြစ်ပေသည်။ နဗီတမန်တော်များ သာသနာပြုခြင်း၏ အကျိုးဆက်တရား ရောက်ရာ၌ ငင်တို့၏ ထိုမက်ကင်းမှုသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ ဒီးန်သာသနာ၏ အာလင်မ်သာသနာ့ပညာရှင်များ၊ ဓမ္မသတ်ပေးသည့် ပညာရှင်များနှင့် အေမာမ်နှင့် တရားဒေသနာ ဟောကြားပေးသောသူတို့အား ထောက်ပံ့မှု၏ အစီအစဉ်သည် အစ္စလာမ်သာသနာရေးရာ အများဆိုင်ဘုံငွေ မရှိချိန်တွင် ငင်းတို့အဖို့ သင်ကြားဟောကြား ပို့ချမှုတို့အပေါ် မတတ်သာ၍ လစာရယူရသည့်ကိန်းမျိုး ဆိုက်ရောက်လာပေသည်။ ထိုသို့ ရယူခြင်းသည် နှောင်းပိုင်းခေတ် ဓမ္မသတ်ပညာရှင်များ၏ထံ၌ မတတ်သာသော အချိန်၌ ငင်းတို့အဖို့ သင်ကြားဟောကြားပို့ချမှုတို့အပေါ် မတတ်သာ၍ လစာရယူရသည့်ကိန်းမျိုး ဆိုက်ရောက်လာပေသည်။ ထိုသို့ ရယူခြင်းသည် နှောင်းပိုင်းခေတ်ဓမ္မသတ်ပညာရှင်များထံ၌ မတတ်သာသောအချိန်တွင် ပိုင်သည်ဟူ၍ သတ်မှတ်ထားနေလင့်ကစား 'ထိုသို့ အကျိုးအခ ရယူလိုက်ခြင်း၏ အကြောင်းတရားသည် ဟောပြောသွန်သင်မှုနှင့် အဖန်ဆင်းခံများအား ပြုပြင်ပေးခြင်း၏ ကိစ္စရပ်တို့၌ အလွန်ဆိုးရွားကာ အကြင်ကဲ့သို့ ရယူထားခြင်းသည် ငင်းတို့၏ ကြိုးပမ်းမှုများကို အလွန်နည်းပါးစွာဖြင့် အကျိုးပြုပေသည်' ဟူသော အချက်၌လည်း ဒွိဟသံသယမရှိပေ။

ဖိရ်အောင်နှင့်ဘက်တော်သား ပယောဂဆရာများ၏ ပယောဂအောက်လမ်းအတတ်ပညာ၏ အခြေခံဇစ်မြစ်

၄င်းတို့သည် မိမိတို့၏ တောင်ဝှေးများနှင့် ကြိုးများကို အပေါ်ယံမြွေ၏ ပုံသဏ္ဍာန်ဖြင့် ပြသလိုက်သည်။ ထိုအရာများသည် အမှန်တကယ် မြွေဖြစ်သွား၏လော။ ထိုအချက်နှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများသည်

يُخَيَّلُ اِلَيْهِ مِنْ سحرهم انها تَسْعٰى

ထိုအခါ ၄င်းတို့၏ ပဉ္စလက်အတတ်ကြောင့် ယင်းမူစာ၏ အမြင်၌ လှုပ်ရှားပြေးလွှားနေကြသည်ဟု ထင်ရလေသည်။ *[၂၀ : ၆၆]*

ဟူ၍ လာရှိထားကာ ထိုအရာများသည် အမှန်တကယ် မြွေမဖြစ်သွားဘဲ မျက်လှည့်ပြခြင်း၏ အမျိုးအစားတစ်ရပ်သာ ဖြစ်သွားပေသည်။ အကြင်အမျိုးအစားသည် အသင့်ရှိနေသော သူတို့၏ ရှုမြင်တွေးခေါ်မှုတို့အား လွှမ်းမိုးစေပြီး 'လှုပ်ရှားသွားလာလျက်ရှိနေသော မြွေများအဖြစ် ပြကာ' မျက်လှည့်ပြလိုက်ခြင်း၏ အချက်သာ ဖြစ်ကြောင်းကို သိရှိရပေသည်။

ထိုအထက်ပါ ရှင်းလင်းချက်မှ 'အောက်လမ်းအတတ်ပညာဖြင့် အရာတစ်ခု၏ အခြေခံဇစ်မြစ်အချက်ကို ပြောင်းလွဲမှုပြု၍ပင် မရကြောင်း' ဟူသော အချက်ကိုလည်း အတတ်မပြောအပ်ရာ။ ထိုပယောဂဆရာများ၏ အောက်လမ်းအတတ်ပညာသည် အခြေခံဇစ်မြစ်အချက်ကို ပြောင်းလွဲအောင် ပြုလိုက်ခြင်း၏ အဆင့်မရှိကြောင်းကိုသာ သိရှိရပေသည်။

မျိုးနွယ်အုပ်စုရေးဆိုင်ရာ ကွဲပြားခြင်းသည် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကဏ္ဍထိတိုင် တစ်စုံတစ်ရာ ကွဲရဲထိုက်ဖွယ် အချက်မဟုတ်ခြင်းအကြောင်း

အစ္စလာမ်သာသနာသည် ဌာနေ၊ ဘာသာစကားနှင့် ဆွေမျိုးတော်စပ်ခြင်းဆိုင်ရာ မျိုးနွယ်အုပ်စုခွဲခြားခြင်းကို မျိုးဂုဏ်၊ ဂိုဏ်းဂဏအသွင် တည်ဆောက်ခြင်းအား ပြင်းထန်စွာ တားမြစ်ထားပေသည်။ ထိုကဲ့သို့ ဂိုဏ်းဂဏယယ်များ ဖွဲ့ကစည်းတည်ထောင်ခြင်းကို အခြေအနေတိုင်းနှင့် ခြေလှမ်းတိုင်း၌ ဖယ်ရှားပစ်ရန် ကြိုးစားနေပေသည်။ သို့သော်မက အစ္စလာမ်သာသနာ့အစိုးရ တည်ထောင်ခြင်း၏ ခိုင်မာကျစ်လစ်သော အခြေခံမူဝါဒဘောင်သည်ပင်လျှင် အစ္စလာမ်၏ သာသနာရေးရာဆိုင်ရာ မျိုးနွယ်တည်ထောင်ခြင်းပင် ဖြစ်ပေသည်။ အကြင်သာသနာရေးရာ အဖွဲ့အစည်း၌ အာရဗ်မဟုတ်သော အခြားသူ၊ ကပ္ပလီ၊ ပါးရှန်းသား၊ ဟိန္ဒီနှင့် စင်န်ဒီတို့သည် တစ်မျိုးသားတည်းများ ဖြစ်ကြပေသည်။ တမန်တော်မြတ် ﷺ သည် မဒီနာမြို့၌

အစ္စလာမ်သာသနာအစိုးရ တည်ထောင်ရန်အတွက် ဦးစွာပထမ အလုပ်ကို 'မုဟာဂျင်ရ်'များနှင့် အန်စွာရီတို့၏ ကြား၌ ညီနောင်ဖွဲ့ပေးခြင်းကို ဦးစွာပထမ ပြုလုပ်လိုက်လေသည်။ နောက်ဆုံး 'ဟဂျ်'၏ မိန့်ခွန်းတော်၌လည်း 'ဂေယာမသ်'နေ့ထိတိုင် ဌာနေ၊ မျိုးနွယ်၊ ဘာသာစကားဆိုင်ရာ ခွဲခြားမှုအားလုံးတို့သည် အမိုက်ခေတ်၏ ဓလေ့ထုံးများဖြစ်သည့်အလျောက် ယင်းဓလေ့ဆိုးများအားလုံးကို အစ္စလာမ်က ယနေ့ချေဖျက်လိုက်ပြီဟူသော မှုကိုသာ ဆက်လက်တည်ရှိစေတော်မူမည် ဖြစ်သည်။ သို့ရာတွင် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ပတ်သက်မှုများ၌ အတိုင်းအတာတစ်ခုထိတိုင် ခွဲခြားမှုများကို ထောက်ရှုကာ ခွင့်ပြုထားပေသည်။ အဘယ်ကြောင့်ဆိုသော် နေထိုင်သွားလာဆက်ဆံခြင်း၏ နည်းပုံစံများသည် အမျိုးမျိုးသောမျိုးနွယ်စုတို့နှင့် မွေးရပ်ဌာနေသားတို့၌ သီးခြားစွာ တည်ရှိကြပေသည်။ ထိုအချက်နှင့် ဆန့်ကျင်စွာ ပြုလုပ်ခြင်းသည် လွန်စွာ ဒုက္ခရောက်ရှိစေတတ်ပေသည်။

ဟဇရသ် ﷺ မူစာ မိဆွေရ်မှ ခေါ်ထုတ်လာသော ဗနီအိစ်ရာအီးလ်တို့သည် မျိုးနွယ်အုပ်စု ၁၂ အုပ်စု ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ယင်းသို့ အုပ်စုခွဲပေးလိုက်ခြင်းကို ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ကဏ္ဍာ၌ ပိုင်သည့်အသွင်ဖြင့်သာ ထားရှိပေသည်။ 'မုအ်ဂျေဇာဟ်'တန်ခိုးတော်ဖြင့် မြစ်၌လမ်း (၁၂) သွယ်သည်လည်း မျိုးနွယ်အုပ်စု (၁၂) အုပ်စုအဖို့ သီးခြားစွာ ဖန်ဆင်းပေးလိုက်ခြင်းဖြစ်သည်။ ဤကဲ့သို့ပင် 'သီယဟ်'ကွင်းပြင်၌ ကျောက်ခဲတုံးမှ ရေဆူပေါက် (၁၂) ပေါက် ထွက်ခြင်းသည်လည်း တစ်အုပ်စုနှင့် တစ်အုပ်စုခိုက်ရန်ဖြစ်ပွားမှု မဖြစ်အောင် သီးခြားစွာ ဖန်ဆင်းပေးလိုက်ခြင်းဖြစ်ပေသည်။ မျိုးနွယ်ဝင်တိုင်းသည် မိမိတို့သက်ဆိုင်ရာ ရေဆူပေါက်မှ ရေကို သောက်သုံးနိုင်ရန် ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

အသင်းအဖွဲ့ရေးဆိုင်ရာ စီမံကွပ်ကဲမှုပြုရန်အတွက် ကိုယ်စားလှယ်ခန့်အပ်ထားခြင်းအကြောင်း

ဟဇရသ်မူစာ ﷺ သည် တစ်လတာအတွက် မိမိ၏ မျိုးနွယ်အုပ်စုမှ ခွဲခွာကာ 'သူရ်'တောင်ပေါ်သို့ ကြွမြန်းကာ ခဝပ်ကိုးကွယ်မှုကို ပြုရန် လိုလားပေသည်။ သို့ရှိရာ ဟဇရသ်ဟာရူးန် ﷺ ကို မိမိ၏ကိုယ်စားလှယ်အဖြစ် ခန့်အပ်၍ အားလုံးကို 'ကျွန်ုပ်မရှိသည့်နောက် အားလုံး အချင်းချင်း အကွဲအလွဲ မဖြစ်စေရန်နှင့် ထိုဟာရူးန်၏ အမိန့်ကို နာခံရမည်'ဟူ၍ လမ်းညွှန်ချက် ထုတ်ပြန်လိုက်လေသည်။ အထက်ပါ ရှင်းလင်းချက်မှ 'အကယ်၍ အသင်းအဖွဲ့တစ်ရပ် သို့မဟုတ် မျိုးနွယ်အုပ်စုတစ်ရပ်၏ အကြီးအကဲတစ်ဦးသည် တစ်နေရာရာသို့ ခရီးထွက်ခွာရန်ရှိမူ 'တစ်ဦးတစ်ယောက်ကို မိမိ၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခဲ့ရန် ဖြစ်ပေသည်။ အကြင်သူသည် ၎င်း၏ စီမံရေးကို ဆက်လက်ထိန်းသိမ်းရန် ဖြစ်သည်' ဟူသော အချက်သည် နဗီတမန်တော်များ၏ စုန္နသ်လမ်းစဉ်ဖြစ်ကြောင်းကို သိရှိရပေသည်။

မွတ်စ္စလင်မ်တို့၏ အဖွဲ့အစည်း၌ ကွဲပြားမှုကို ရှောင်ရှားနိုင်စေရန်အတွက် အလွန် ကြီးမားသော မကောင်းသည့် အချက်ကို အချိန်တစ်ခုထိတိုင် သည်းခံမှုကို ထားနိုင်ခြင်း

ဗနီအိစ်ရာအီးလ်မျိုးနွယ်စုအတွင်း၌ ဟဇရသ်မူစာ عليه السلام မရှိသည့် အချိန်၌ နွားငယ်ကို ခဝပ်ကိုးကွယ်သည့် အုပ်စု (၃) စု ကွဲသွားပေသည်။ ဟဇရသ်ဟာရူးန် عليه السلام သည် အားလုံးကို အမှန်တရားဘက်သို့ ဖိတ်ခေါ်ခဲ့ပေသည်။ သို့ရာတွင် ထိုအဖွဲ့ (၃) ဖွဲ့ထဲမှ မည်သည့်အဖွဲ့တစ်ဖွဲ့ကိုမဆို လုံးဝ ကင်းလွတ်သည် ဆိုသည့် အကြောင်းဟဇရသ်မူစာ عليه السلام ပြန်လည်ကြွမြန်းလာသည့် အချိန်အထိတိုင် ထုတ်ပြန်မှုကို မပြုကြချေ။ ဤအချင်းအရာအပေါ် ဟဇရသ်မူစာ عليه السلام သည် မနှစ်မြို့မှုကို ထုတ်ဖော်လာသောအခါ ထိုဟာရူးန် عليه السلام သည် 'ကျွန်ုပ်ပြင်းထန်စွာဖြင့် ဆက်ဆံပြောဆိုလျှင်မူ ဗနီအိစ်ရာအီလ်မျိုးနွယ်အုပ်စုတို့ ဂိုဏ်းဂဏများစွာ ပေါ်ထွန်းသွားမည်ဖြစ်ပြီး အကွဲအလွဲ ပြန့်နှံ့သွားမည်' ဟူသော ချင်းချက်ကိုသာလျှင် တင်ပြပေသည်။

اِنِّیْ خَشِیْتُ اَنْ تَقُوْلَ فَرَّقْتَ بَیْنَ بَنِیْٓ اِسْرَآئِیْلَ وَلَمْ تَرْقُبْ قَوْلِیْ

ကေန်မလွဲ ကျွန်ုပ်အား 'အသင်သည် အိစ်ရာအီလ်မျိုးနွယ်တို့အချင်းချင်း သွေးကွဲအောင်ပြုခဲ့သည်။ ငါ၏ အမိန့်ကို စောင့်ဆိုင်းခြင်း မပြုခဲ့ပေ' ဟု ကျွန်ုပ်အား ပြောဆိုမည်ကို စိုးရိမ်မိခဲ့သည်။ *[၂၀ : ၉၄]*

ဟဇရသ်မူစာ عليه السلام သည်လည်း ၄င်းဘက်မှ တင်ပြလာသော ချင်းချက်ကို မှားယွင်းသည်ဟူ၍ မသတ်မှတ်ပေ။ သို့သာမက မှန်ကန်သော အချက်ဟူ၍ လက်ခံကာ ၄င်းအဖို့ ဒိုအာနှင့် 'အိစ်သိဂ်ဖာရ်' (လွတ်ငြိမ်းချမ်းသာခွင့်) ကို တောင်းခံပေးလေသည်။ ထိုအထက်တင်ပြပါအချက်မှ 'မွတ်စ္စလင်မ်တို့၏ အတွင်းဝယ် ကစဥ့်ကလျားဖြစ်ခြင်းမှ ရှောင်ရှားရန်အတွက် အချိန်အနည်းငယ်အဖို့ အကယ်၍ မည်သည့် မကောင်းသော အမှုကိစ္စတစ်ရပ်၌ နူးညံ့စွာဖြင့် ဆက်ဆံပြုမူနေထိုင်ခြင်း ပိုင်ကြောင်း' ကို သိရှိရပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူသည်။)

ဟဇရသ်မူစာ عليه السلام ၏ ဖြစ်အင်နှင့် စပ်လျဉ်း၍ ရေးသားမိန့်မြွက်ထားတော်မူသော အာယသ်တော်များ၏ နောက်ဆုံးပိုင်း၌ ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်ဟာရူးန် عليه السلام နှစ်ပါးစလုံးကို ဖိရ်အောင်န်အား လမ်းမှန်တရား ရရှိစေရန်အတွက် စေလွှတ်တော်မူရန် အမိန့်ကို သီးသန့်လမ်းညွှန်ချက်တစ်ရပ်နှင့် အတူ တစ်ပါတည်း ထုတ်ပြန်ချမှတ်ပေးထားတော်မူပေသည်။ ဆိုလိုသည်မှာ

فَقُوْلَا لَهٗ قَوْلًا لَّیِّنًا لَّعَلَّهٗ یَتَذَكَّرُ اَوْ یَخْشٰی

ထို့နောက် အသင်တို့နှစ်ဦးသည် ၄င်းအား နူးညံ့သိမ်မွေ့သော စကားကို ပြောဆိုကြလေကုန်။ ယင်းဖိရ်အောင်န်သည် တရားရကောင်း ရရှိပေလိမ့်မည်။ သို့တည်းမဟုတ် ၄င်းသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ကောင်း ကြောက်ရွံ့ပေလိမ့်မည်။ *[၂၀ : ၄၄]*

နဗီတမန်တော်များ 'ဒအ်ဝသ်' ပေးပိတ်ခေါ်ခြင်း၏ အရေးကြီးသော စည်းမျဉ်းဥပဒေသတစ်ရပ်

အထက်တင်ပြပါအာယသ်တော်တွင် ဤအောက်ဖော်ပြပါအချက်ကို တင်ပြထားပေသည်။ ဆန့်ကျင်ဘက် အဖွဲ့အစည်းသည် မည်မျှခန့်ပင် ဆိုးသွမ်း၍ မှားယွင်းသော မူဝါဒများနှင့် အတွေးအခေါ်များကို တွေးခေါ်နေသောသူများဖြစ်စေ၊ ၎င်းတို့အား ပြုပြင်မှုနှင့် လမ်းမှန်တရား ပြသရန် 'ဖွရဇ်'တာဝန်ကို ထမ်းဆောင်နေသော သူတို့အပေါ် '၎င်းတို့နှင့်အတူ ကိုယ်ချင်းစာတရားနှင့် ကောင်းရာကောင်းကျိုးကို လိုလားသော အသွင်ဖြင့် နူးညံ့သိမ်မွေ့စွာ ပြောဆိုဆက်ဆံရန် အရေးကြီးပေသည်။ အကြင်ကဲ့သို့ ပြောဆိုဆက်ဆံခြင်း၏ အကျိုးဆက်တရားမှာ 'ကြားနာရသူသည် မုချ စဉ်းစားဆင်ခြင် သုံးသပ်ခြင်းပြုကာ နှလုံးသားအတွင်းဝယ် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့စိတ်ပေါ်ပေါက်ကောင်း ပေါ်ပေါက်သွားနိုင်ပေသည်' ဟူ၍ ဖြစ်ပေသည်။

ဖိရ်အောင်န်သည် မိမိကိုယ်ကို မိမိ 'နိဒါ'ဟူ၍ ကြွေးကြော်သော မင်းယုတ်တစ်ဦး ဖြစ်သည်။ အကြင်သူသည် မိမိ၏ အတ္တသိက္ခာကို ဆက်လက်ထားရှိစေရန် ထောင်ပေါင်းများစွာသော ဗနီအီစ်ရာအီးလ် ကလေးငယ်များသည် တရားခံဘဝသို့ ရောက်ရှိသွားကြကုန်၏။ ထိုသူဘက်သို့လည်း အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ သီးသန့်နဗီတမန်တော်များကို '၎င်းအား နူးညံ့သိမ်မွေ့စွာဖြင့် ပြောဆိုဆက်ဆံရန်၊ သို့မှသာ ၎င်းစဉ်းစားဆင်ခြင် တွေးတောခြင်း၏ အခွင့်ကောင်းကို ရရှိကောင်း ရရှိနိုင်ပေမည်'ဟူသော လမ်းညွှန်ချက်ကို ထုတ်ပြန်ပေးတော်မူ၍ စေလွှတ်တော်မူခဲ့ပေသည်။ ယင်းသို့ စေလွှတ်ခြင်းသည် မိမိ၏ ဆိုးယုတ်၊ လမ်းလွဲမှုမှ နောက်သို့ တွန့်ဆုတ်မည့်သူ မဟုတ်သောသူ ဖိရ်အောင်န်ဘက်သို့ ဖြစ်ပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်များကို အဖန်ဆင်းခံများ မဖြစ်မနေ စဉ်းစား၍ အလ္လာဟ်အသျှင်မြတ်၏ ကြောက်စိတ်ဘက်သို့ လာရောက်ကောင်း လာရောက်နိုင်ခြင်းဟူသော အခြေခံစည်းမျဉ်းကို လိုက်နာဆောက်တည်စေရန် ဖြစ်ပေသည်။ ဖိရ်အောင်န်သည် လမ်းမှန်တရားကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ လမ်းမှန်တရားနှင့် ပြုပြင်မှုပေးခြင်း၏ အကြောင်းခံဖြစ်သော အခြေခံစည်းမျဉ်းကို အသုံးချသင့်ပေသည်။

မျက်မှောက်ခေတ်ရှိ များစွာသော အာလင်မ်ပညာရှင်များသည် မိမိတို့ များစွာသော အကွဲအလွဲဖြစ်မှုတို့၌ တစ်ဦးသည် အခြားတစ်ဦးနှင့် ဆန့်ကျင်ကာ အပိုပြောကြားမှုများနှင့် အပြစ်ဖို့ခြင်းများကို အစ္စလာမ်သာသနာအား အကျိုးပြုနေသည်ဟူ၍ မှတ်ယူနေကြပေသည်။ ၎င်းတို့သည် အထက်ဖော်ပြပါ တင်ပြသည့် အချက်အပေါ် သေချာကျနစွာ စဉ်းစားသင့်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالَا رَبَّنَآ إِنَّنَا نَخَافُ أَن يَفْرُطَ عَلَيْنَآ أَوْ أَن يَطْغَىٰ ﴿٤٥﴾

၂၀ : ၄၅ ။ ။ (ထိုအခါ) ယင်း (မူစာနှင့် ဟာရူန်) တို့နှစ်ဦးက 'အို့, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကေန်အမှန် ကျွန်တော်မျိုးတို့သည် မိမိတို့အား ယင်း (ဖိရ်အောင်န်) သည် အဆောတလျင် ဒုက္ခပေးမည်ကိုလည်းကောင်း၊ ယင်း (ဖိရ်အောင်န်) သည် ပိုမို၍ပင် ဆိုးသွမ်းလာမည်ကိုလည်းကောင်း စိုးရိမ်မိကြပါသည်' ဟု လျှောက်ထားပန်ကြားခဲ့ကြလေသည်။

قَالَ لَا تَخَافَآ ۖ إِنَّنِى مَعَكُمَآ أَسْمَعُ وَأَرَىٰ ﴿٤٦﴾

၂၀ : ၄၆ ။ ။ (ထိုအခါ) အသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့၏။ အသင်တို့နှစ်ဦးသည် မစိုးရိမ်ကြလင့်။ ကေန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူ၏။ ငါအသျှင်မြတ်သည် (အလုံးစုံတို့ကို) ကြားတော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည် (ဖြစ်ပျက်သမျှတို့ကိုလည်း) မြင်တော်မူ၏။

فَأْتِيَاهُ فَقُولَآ إِنَّا رَسُولَا رَبِّكَ فَأَرْسِلْ مَعَنَا بَنِىٓ إِسْرَٰٓءِيلَ وَلَا تُعَذِّبْهُمْ ۖ قَدْ جِئْنَٰكَ بِـَٔايَةٍ مِّن رَّبِّكَ ۖ وَٱلسَّلَٰمُ عَلَىٰ مَنِ ٱتَّبَعَ ٱلْهُدَىٰٓ ﴿٤٧﴾

၂၀ : ၄၇ ။ ။ သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ယင်း (ဖိရ်အောင်န်) ထံသို့ သွားကြပြီးလျှင် (ဤသို့) ပြောကြားကြလေကုန်။ 'ကေန်အမှန် ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ရစူလ်တမန်တော်နှစ်ပါးပင် ဖြစ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်သည် အိစ်ရာအီလ်မျိုးနွယ်တို့အား ကျွန်ုပ်နှင့်အတူ ထည့်လိုက်လော့။ ထို့ပြင် အသင်သည် ၎င်းတို့အား ဒုက္ခမပေးလင့်။ ကေန်မလွဲ ကျွန်ုပ်တို့သည် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ထံတော်မှ သက်သေလက္ခဏာတော်ကို ယူဆောင်လာခဲ့ကြပေသည်။ စင်စစ် ငြိမ်းချမ်းမှုသည် တရားလမ်းမှန်ကို လိုက်နာသူ၏အဖို့သာ ရှိပေသည်။'

إِنَّا قَدْ أُوحِىَ إِلَيْنَآ أَنَّ ٱلْعَذَابَ عَلَىٰ مَن كَذَّبَ وَتَوَلَّىٰ ﴿٤٨﴾

၂၀ : ၄၈ ။ ။ '(ကျွန်ုပ်တို့ ယူဆောင်လာခဲ့ကြသော အမိန့်တော်များကို) မဟုတ်မမှန်ဟူ၍ ငြင်းပယ်အံ့။ ၎င်းပြင် ထိုသူသည် (ယင်းအမိန့်တော်များမှ) မျက်နှာလွှဲဖယ် ကျောခိုင်းသွားအံ့။ ကေန်စင်စစ် ပြစ်ဒဏ်သည် ထိုသူ၏အပေါ်၌ပင် ကျရောက်မည်ဖြစ်ကြောင်း အမှန်ပင် ကျွန်ုပ်တို့ထံ အမိန့်တော် ရောက်ရှိလာပြီး ဖြစ်ပေသည်။'

قَالَ فَمَن رَّبُّكُمَا يَٰمُوسَىٰ ﴿٤٩﴾

၂၀ : ၄၉ ။ ။ ယင်း (ဖိရ်အောင်န်) က 'သို့ဖြစ်လျှင် အို့, မူစာ၊ အသင်တို့နှစ်ဦးအား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မည်သူနည်း' ဟု ပြောဆို (မေးမြန်း) လေ၏။

قَالَ رَبُّنَا الَّذِيٓ أَعْطٰى كُلَّ شَيْءٍ خَلْقَهٗ ثُمَّ هَدٰى ۝٥٠

၂၀ ፥ ၅၀ ။ ။ (ထိုအခါ) ၎င်း (မူစာ) က 'ကျွန်ုပ်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသီးသီးသော အရာဝတ္ထုတိုင်းကို၊ ၎င်းအရာနှင့် ထိုက်တန်သည့် အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီးလျှင် (ဆောင်ရွက်အံ့သော) နည်းလမ်းကို ညွှန်ပြတော်မူသော (တစ်နည်း (ကျိုး၊ ပြစ်၊ ဆိုး၊ ကောင်းကို) လမ်းညွှန်ပြတော်မူသော) အသျှင်မြတ်ပင် ဖြစ်တော်မူသည်' ဟု ဖြေကြားခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ထိုအခါ ယင်းအမိန့်သည် ထိုနဗီတမန်တော်နှစ်ပါး၏ ထံသို့ ရောက်ရှိသွားသောအခါ ယင်းမူစာ (عليه السلام) နှင့် ဟာရူးန် (عليه السلام) တို့နှစ်ဦးက 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ (ကျွန်တော်မျိုးတို့သည် သာသနာပြုရန်အတွက် အသင့်ရှိကြပါသည်။ သို့ရာတွင်) ကေန်အမှန် ကျွန်တော်မျိုးတို့သည် မိမိတို့အား ယင်း (ဖိရ်အောင်န်) သည် (သာသနာမပြုမီ) အစောတလျင် ဒုက္ခပေးမည်ကိုလည်းကောင်း (သို့ဆိုလျှင် သာသနာပြုလုပ်ငန်းသည်ပင်လျှင် ကျန်ရစ်သွားပေမည်။) ယင်းဖိရ်အောင်န်သည် (ကျွန်ုပ်တို့ ၎င်းအား သာသနာပြုချိန်အထိ၌ မိမိ၏ ကုဖွရ် (သွေဖည်ငြင်းဆိုမှု) ၌ ပိုမို၍ပင် ဆိုးသွမ်းလာမည်ကိုလည်းကောင်း (၎င်းသည် မိမိ၏ အကျိုးမဲ့ ပြောဆိုသော စကားရပ်များကို ပြောကြားနေရင်း ကျွန်တော်မျိုးတို့ ဖိတ်ခေါ်သည့် စကားကိုပင် မကြားနာဘဲ ဖြစ်နေပေသည်။ သို့ဆိုလျှင် သာသနာပြုခြင်းသည် မပြုခြင်းကဲ့သို့ ဖြစ်ရှိသွားပေလိမ့်မည်။) စိုးရိမ်ကြပါသည်' ဟူ၍ လျှောက်ထားပန်ကြားကြလေသည်။ (ထိုအခါ) အသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့၏။ အသင်တို့နှစ်ဦးသည် (ယင်းကိစ္စရပ်အား လုံးဝ) မစိုးရိမ်ကြလင့်။ (အဘယ်ကြောင့်ဆိုသော်) ကေန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူ၏။ ငါအသျှင်မြတ်သည် (အလုံးစုံတို့ကို) ကြားတော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည် (ဖြစ်ပျက်သမျှတို့ကိုလည်း) မြင်တော်မူ၏။ (ငါအသျှင်မြတ်သည် အသင်တို့အား ထိန်းသိမ်းစောင့်ရှောက်တော်မူပေမည်။ ၎င်းအား ကြောက်ရွံ့သူအဖြစ် ပြုလုပ်တော်မူလိုက်ပေမည်။ အကြင်သို့ ပြုလုပ်လိုက်ခြင်းကြောင့် အသင်တို့သည် ပြည့်ဝစွာ သာသနာပြုလုပ်ငန်းကို ပြုနိုင်ကြပေမည်။ ပမာတင်ပြရသော် အခြားသော အာယသ်တော်တွင် نَجْعَلُ لكما سلطانًا ဟူ၍ လာရှိထားပေသည်။)

သို့ဖြစ်ပေရာ အသင်တို့နှစ်ဦးသည် ယင်း (ဖိရ်အောင်န်) ထံသို့ (စိုးရိမ်မှုကင်းမဲ့စွာဖြင့်) သွားကြပြီးလျှင် (ဤသို့) ပြောကြားလေကုန်။ ကေန်အမှန် ကျွန်ုပ်တို့သည် အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ (ဘက်တော်မှ ရစူလ်တမန်တော်အဖြစ် ပြုကာ စေလွှတ်ထားတော်မူသော) တမန်တော်နှစ်ပါးပင် ဖြစ်ကြပေသည်။ သို့ဖြစ်ပေရာ အသင်သည် (ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒကို ပြုပြင်မှုပြုရာ၌ တစ်ပါးတည်း တည်ရှိခြင်းတရားကို ထောက်ခံ လက်ခံ၍သော်လည်းကောင်း၊ စာရိတ္တရေးဆိုင်ရာ ပြုပြင်မှုကို ပြုရာ၌ ညှဉ်းပန်းနှိပ်စက်ခြင်း အစရှိသည်တို့ကို ရပ်တန်းက ရပ်၍သော်လည်းကောင်း စသော အချက်

များ၌ ကျွန်ုပ်တို့၏ အမိန့်ကို နာခံကြလေကုန်။ အသင် မတရားဖိနှိပ်ချုပ်ချယ်ထားသော) ဗနီအိစ်ရာအီးလ် လူမျိုးတို့ကို (အသင်၏ ချုပ်ချယ်မှုမှ လွတ်မြောက်မှုကို ပေးကာ) ကျွန်ုပ်နှင့်အတူ ထည့်လိုက်လော။ (၎င်းတို့ နေထိုင်လိုသည့် အရပ်ဒေသ၌ နေထိုင်လိုသည့် ပုံစံမျိုးဖြင့် နေထိုင်ရန် ဖြစ်ပေသည်။) ထို့ပြင် အသင်သည် ၎င်းတို့အား ဒုက္ခမပေးလင့်။ ကေန်အမှန် ကျွန်ုပ်တို့သည် (နဗီဖြစ်ခြင်းကို ကြွေးကြော်ရာ၌ နှုတ်လျှာဖြင့် သက်သက်သာ ကြွေးကြော်နေသည်မဟုတ်ဘဲ) အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်ပါးမှ (နဗီဖြစ်ခြင်း၏ လက္ခဏာ) ကို ယူဆောင်လာခဲ့ကြပေသည်။ စင်စစ် (ထောက်ခံမှုနှင့် အမှန်တရားအား လက်ခံခြင်း၏ အကျိုးဆက်တရားသည် ထိုပုံသေနည်းမှ သိရှိရပေလိမ့်မည်။)

(အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်တော်မှ) ငြိမ်းချမ်းမှုသည် (ဖြောင့်မတ်သော) တရားလမ်းမှန်ကို လိုက်နာသူ၏ အဖို့သာ ရှိပေသည်။ (ငြင်းဆိုခြင်းနှင့် အမှန်တရားကို စွန့်ပယ်ခြင်းနှင့် စပ်လျဉ်း၍) ကျွန်ုပ်တို့ ယူဆောင်လာခဲ့ကြသော အမှန်တရား၏ အမိန့်တော်များကို) မဟုတ်မမှန်ဟူ၍ ငြင်းပယ်အံ့။ ၎င်းပြင် ထိုသူသည် (ယင်းအမိန့်တော်များမှ) မျက်နှာလွှဲဖယ်ကျောခိုင်းသွားအံ့။ ကေန်စင်စစ် (အလ္လာဟ်အသျှင်မြတ်၏) ပြစ်ဒဏ်သည် ထိုသူ၏အပေါ်၌ပင် ကျရောက်မည်ဖြစ်ကြောင်း အမှန်ပင် ကျွန်ုပ်တို့ထံ အမိန့်တော် ရောက်ရှိလာပြီး ဖြစ်ပေသည်။ (အချုပ်မှာ ဤအကြောင်းအရာအလုံးစုံကို ယူဆောင်ကာ သွားရောက်၍ ၎င်းအား ပြောဆိုကြကုန်။ သို့ရှိရာ နဗီတမန်တော် (၂) ပါးစလုံးသည် ကြွမြန်းသွားကာ ၎င်းအား အချက်အလုံးစုံကို တင်ပြမိန့်မြွက်ကြပေသည်။) ယင်း (ဖိရ်အောင်န်) က သို့ဖြစ်လျှင် 'အို၊ မူစာ၊ (ဤသည်ကိုလည်း ပြောပြကုန်။) အသင်တို့နှစ်ဦးအား (ရစူလ်တမန်တော်အဖြစ် ပြုကာ စေလွှတ်) ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် မည်သူနည်း'ဟု ပြောဆို (မေးမြန်း) လေ၏။ (ထိုအခါ) ၎င်း (မူစာ) က (တုန့်ပြန်ဖြေကြားရာ၌) ကျွန်ုပ်တို့ (နှစ်ဦးသာမက အားလုံးသောသူတို့) အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသီးသီးသော အရာဝတ္ထုတိုင်းကို ၎င်းအရာနှင့် ထိုက်တန်သည့် အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီးလျှင် (ထိုအရာများထဲ၌ အသက်ဇီဝိန်ရှိသော သတ္တဝါများကို ဆောင်ရွက်အံ့သော) နည်းလမ်းကို ညွှန်ပြတော်မူသော ကျိုးပြစ်ဆိုးကောင်းကို လမ်းညွှန်ပြတော်မူသော) အသျှင်မြတ်ပင် ဖြစ်တော်မူသည်။ (သို့ရှိရာ သတ္တဝါတိုင်းသည် မိမိတို့၏ သင့်တော်လိုက်ဖက်သော အစားအစာ၊ စုံတွဲနှင့် နေထိုင်ရာ အရပ်ဒေသ အစရှိသည်တို့ကို ရှာဖွေကြပေသည်။ သို့ရှိရာ ထိုအသျှင်မြတ်သည်သာလျှင် ကျွန်ုပ်တို့၏ အသျှင်မြတ်လည်း ဖြစ်တော်မူပေသည်) ဟု ဖြေကြားခဲ့လေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရတ်မူစာ ﷺ အဘယ်ကြောင့် ကြောက်ရွံ့ခဲ့ပေသနည်း၊

اِنَّنَا نَخَافُ

ကေန်အမှန် ကျွန်တော်မျိုးတို့သည် စိုးရိမ်ကြပါသည်။ [၂၀ း ၄၅]

ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်ဟာရူးန် عليه السلام သည် ဤနေရာ၌ နှစ်မျိုးသော ကြောက်ရွံ့မှုကို ထုတ်ဖော်ထားကြပေသည်။ ကြောက်ရွံ့မှုတစ်ရပ်ကို ان يفرط ဟူသော စကားလုံးဖြင့် ထုတ်ဖော်ကာ ယင်းစကားလုံး၏ မူရင်းအဓိပ္ပာယ်သည် 'အတိုင်းထက်အလွန်ဖြစ်ခြင်း' ဟူ၍ ရရှိပေသည်။ သို့ဆိုလျှင် အလိုသဘောမှာ 'ဖိရ်အောင်န်သည် ကျွန်ုပ်တို့၏ စကားကို နားမထောင်မီ၌ပင် ကျွန်ုပ်တို့အား အန္တရာယ်ပြုကောင်း ပြုနိုင်မည်' ဟူ၍ ရရှိ၏။ ဒုတိယကြောက်ရွံ့မှုကို يطغى ဟူသော စကားလုံးဖြင့် ထုတ်ဖော်ထားပေသည်။ အကြင်စကားလုံး၏ အလိုသဘောမှာ 'ငင်းသည် ထို့ထက်သာပို၍ ဆိုးသွမ်းမှုအတွင်းသို့ သက်ရောက်သွားကာ အသျှင်မြတ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတော်များနှင့် စပ်လျဉ်း၍ မလျော်ကန်သော အသုံးအနှုန်းများကို သုံးနှုန်းကောင်း သုံးနှုန်းနိုင်ပေသည်' ဟူ၍ ရရှိ၏။

ဤနေရာ၌ မေးခွန်းတစ်ရပ် ပေါ်ပေါက်လာပြန်သည်။ ကနဦး မိန့်မြွက်ချက်အတွင်း၌ပင် ဟဇရသ်မူစာ عليه السلام ကို နဗီ၊ ရစူလ်အဖြစ် ချီးမြှင့်ထားတော်မူပေသည်။ ထို့ပြင် ငင်းသည် ဟဇရသ်ဟာရူးန် عليه السلام ကို မိမိနှင့်အတူ ဖက်စပ်ပြုမူ ဆောင်ရွက်ရန် လျှောက်ထားမှုကို ပြုခဲ့သည်။ ဤလျှောက်ထားပန်ကြားချက် လက်ခံခြင်းကို ခံရချိန်၌ပင် အလ္လာဟ်အသျှင်မြတ်သည် ငင်းအား

سنشد عضدك با خيك و نجعل لكما سلطا نا فلا يصلون اليكما

ထိုအသျှင်မြတ်က ယခုပင် ငါအသျှင်မြတ်သည် အသင်၏ နောင်တော်ဖြင့် အသင်၏ လက်ရုံးကို တိုး၍ အားရှိစေတော်မူမည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့နှစ်ဦးအား ဂုဏ်ရှိန်တစ်မျိုးကို ချီးမြှင့်ပေးသနားတော်မူမည်ဖြစ်ရာ ငင်းတို့သည် အသင်တို့နှစ်ဦးအား မည်သို့မျှ ထိပါးနိုင်ကြမည်မဟုတ်ပေ။

[၂၈ : ၃၅]

ဟူ၍ မိန့်မြွက်ပြဆိုတော်မူထားပေသည်။ 'အသင် တောင်းခံသည့်အရာတိုင်းကိုလည်း အသင့်အား ချီးမြှင့်ပေးလိုက်ပြီဖြစ်ကြောင်းကိုလည်း

قد اوتيت سؤ لك ياموسى

'အို၊ မူစာ၊ ကေန်မလွဲ အသင်သည် မိမိတောင်းခံချက်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရလေပြီ'

[၂၀ : ၃၆]

ဟူ၍ မိန့်တော်မူကာ စိတ်အေးချမ်းသာမှုကိုလည်း ချီးမြှင့်ထားပေသည်။ ထိုသို့ မိမိ လိုလားတောင့်တနေသော အချက်များနှင့် စပ်လျဉ်း၍လည်း နှလုံးသားအတွင်း စနောင့်စနင်းမရှိဘဲ ရှိနေပေသည်။ သို့ရှိရာ ယင်းအချက်များ ရရှိလိုက်ခြင်း၏ ခြုံငုံခြင်းသဘောတရား၏ ရလာဒ်မှာ ဆန့်ကျင်ဘက်ပြုသော သူတို့ဘက်မှ စိတ်ကျပ်တည်းမှုနှင့် ကြောက်ရွံ့မှုတစ်စုံတစ်ရာ မပေါ်ပေါက်စေရန်သာ ဖြစ်ပေသည်။

အသျှင်မြတ်၏ ထိုကတိတော်များ ရှိနေလင့်ကစား နောက်တစ်ဖန် ဤသို့ ကြောက်ရွံ့မှုနှင့် ကြောက်ရွံ့မှုအား ဖွင့်ဟထုတ်ဖော်ခြင်းသည် မည်ကဲ့သို့နည်း။ ယင်းအချက်နှင့် စပ်လျဉ်း၍ အဖြေတစ်ရပ်မှာ ဤသို့

တည်း။ 'ငါအသျှင်မြတ်သည် အသင့်အား အောင်နိုင်မှုပေးကာ ၄င်းတို့သည် အသင့်ထံသို့ မရောက်ရှိနိုင်' ဟူ၍ ပေးထားတော်မူသော ပထမကတိတော်သည် တစ်ခုတည်း စုပေါင်း၍ ပေးသော ကတိတော်သာလျှင် ဖြစ်သည်။ လွှမ်းမိုးအောင်နိုင်မှု၏ အလိုသဘောမှာ အထောက်အထားအရလည်း ဖြစ်နိုင်သကဲ့သို့ အမှန်တကယ် (ရုပ်ဝတ္ထုအင်အား) အရလည်း ဖြစ်နိုင်ပေသည်။ ထို့ပြင် 'ဖိရ်အောင်န်အပေါ် လွှမ်းမိုးအောင်နိုင်မှုမှာ ၄င်းသည် ဟဇရသ်မူစာ ﷺ ၏ အထောက်အထားများကို ကြားနာပြီး 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကို တွေ့မြင်ရှိန့်၌ ဖြစ်ပေသည်' ဟူ၍လည်း တွေးခေါ်နိုင်ပေသည်။ သို့ရာတွင် ၄င်းသည် ပြောဆိုသည့် စကားများကို နားမထောင်မီအလျှင် မူစာ ﷺ အား ပြန်လည်တိုက်ခိုက်ကောင်း၊ တိုက်ခိုက်နိုင်သည်ဟူ၍ စိုးရိမ်ပူပန်ချက် ရှိပေသည်။ နှလုံးသားအတွင်း သောကကင်းစင်ခြင်း၏ အချက်အတွက် ဗီဇကြောက်ရွံ့စိတ်ကင်းရန်ဟူသော အချက်သည် မုချ မဖြစ်တန်ကောင်းရာ။

ဒုတိယအချက်မှာ ကြောက်မက်ဖွယ်ကောင်းသော အရာများမှ ဗီဇအရ ကြောက်ရွံ့ခြင်းသည် နဗီတမန်တော်များ၏ စွန့်သည်ဓလေ့တော်ဖြစ်သည်။ အကြင်ကဲ့သို့ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပေးထားသော ကတိတော်များအပေါ် ပြည့်ဝသော ယုံကြည်မှု တည်ရှိနေသည့်ကြားကပင် ဟဇရသ်မူစာ ﷺ ကိုယ်တော်တိုင်သည် မိမိ၏ တောင်ဝှေးသည်ပင်လျှင် မြွေဖြစ်သွားပြီးသည့်နောက် ၄င်းအား ပြန်လည်ကိုင်တွယ်ရန် ကြောက်ရွံ့ရာ အလ္လာဟ်အသျှင်မြတ်မှ لَا تَخَفْ (အသင်မကြောက်နှင့်) ဟူ၍ မိန့်တော်မူလိုက်လေသည်။ အခြားသော ကြောက်ရွံ့ရမည့် နေရာများ၌လည်း သဘာဝဗီဇ ကြောက်ရွံ့စိတ်သည် ဖြစ်ပေါ်လျက်ရှိနေသည်သာ ဖြစ်ပေသည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် သတင်းကောင်း၏ အမှီသဟဲဖြင့် ထိုကြောက်ရွံ့စိတ်ကို ဝေးကွာအောင် ပြုလိုက်လေသည်။ ဤဖြစ်အင်၏ အာယသ်တော်များတွင်

فَخَرَجَ مِنْهَا خَائِفًا يَتَرَقَّبُ

ထိုအခါ ၄င်းသည် စိုးရိမ်ကြောင့်ကြလျက် ကောင်းသော သတိနှင့် ထိုမြို့မှ ထွက်သွားခဲ့လေသည်။ *[၂၈ : ၂၁]*

فاصبح فى المدينة خا ئفًا فا وجس فى نفسه خيفة موسى

တစ်ဖန် အချိန်၌ ၄င်းသည် ကြောက်ရွံ့စွာ သတိထားလျက် မြို့သို့ ရောက်ရာ။ *[၂၈ : ၁၈]*

ဟူသော အာယသ်တော်များ၏ အကြောင်းအရာများသည် အထက်ဖော်ပြပါ အချက်ကို မီးမောင်းထိုးပြလျက်ရှိနေပေသည်။ တမန်တော်မြတ် ﷺ သည်ပင်လျှင် ဗီဇကြောက်ရွံ့မှုကြောင့် မဒီနာမြို့သို့လည်းကောင်း၊ အချို့သော သာဝကကြီးများသည် ပထမ အီသီယိုးပီးယားနိုင်ငံသို့လည်းကောင်း၊ ထို့နောက် မဒီနာမြို့သို့လည်းကောင်း ဟီဂျ်ရသ်ပြု ပြောင်းရွှေ့သွားကြပေသည်။ 'အဟ်ဇားဗ်' စစ်ပွဲ၌ ထိုကြောက်ရွံ့မှုမှ ရှောင်ရှားရန်အတွက် ကတုတ်ကြွင်းများကို တူးခဲ့လေသည်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ကူညီခြင်းခံရမှုနှင့် အောင်နိုင်မှု၏ ကတိတော်သည် အကြိမ်ကြိမ်အခါခါ လာရောက်ပြီး ဖြစ်လေသည်။

သို့ရာတွင် အခြေခံဇစ်မြစ်အချက်မှာ အလ္လာဟ်အသျှင်မြတ်၏ ကတိတော်များကို ထိုနဗီတမန်တော်များ အားလုံးသည် ယုံကြည်မှု ရှိကြပေသည်။ သို့ရာတွင် လူ့သဘောဗီအေရ ကြောက်ရွံ့မှုသည် နဗီတမန် တော်များထံပါး၌ တည်ရှိနေကြသည့်အတွက်ကြောင့် ယင်းအချက်သည် နဗီဖြစ်ခြင်းအား ဟန့်တားနေ သော အချက်မဟုတ်ပေ။

إِنَّنِي مَعَكُمَا أَسْمَعُ وَأَرَىٰ

ဧကန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့နှစ်ဦးနှင့်အတူ ရှိတော်မူ၏။ ငါအသျှင်မြတ်သည် ကြား တော်မူ၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ဖြစ်ပျက်သမျှတို့ကိုလည်း မြင်တော်မူ၏။ [၂၀ း ၄၆]

အာယသ်တော်၏ အလိုသဘောသည် ကူညီတော်မူခြင်း ဖြစ်ပေသည်။ အကြင်ကဲ့သို့ ကူညီခြင်း၏ ပြည့်ဝသော ဇစ်မြစ်နှင့် သဏ္ဍာန်၏ ခံစားမှုကို လူသားတို့အဖို့ မရရှိနိုင်ပေ။

ဟဇရသ်မူစာ ﷺ သည် ဖိရ်အောင်နိကို အီမာန်ဘက်သို့ ဖိတ်ခေါ်ခြင်းနှင့်အတူ မိမိ၏ မျိုးနွယ် အုပ်စုများ ပင်ပန်းဆင်းရဲစွာ နေထိုင်နေရသော ဒုက္ခမှ လွတ်မြောက်အောင် ပြုပေးရန် ဖိတ်ခေါ်မှု

ဤအာယသ်တော်မှ 'နဗီတမန်တော်များသည် အလ္လာဟ်အသျှင်မြတ်၏ အဖန်ဆင်းခံများကို အီမာန် ဘက်သို့ ဖိတ်ခေါ်လမ်းညွှန်ရန် တာဝန်ရှိသကဲ့သို့ မိမိ၏ အမွေသနောက်လိုက်ထုအား လောကီရေးရာ ကျပ်တည်း ဒုက္ခရောက်နေခြင်းမှ လွတ်မြောက်စေခြင်းသည်လည်း ၎င်းတို့၏ တာဝန်ဖြစ်ပေသည်။ ထို့ကြောင့် ကုရ်အာန် ကျမ်းတော်မြတ်တွင် ဟဇရသ်မူစာ ﷺ သည် ဖိရ်အောင်နိကို 'ဒအ်ဝသ်'ပေးရာ၌ ယင်းအချက်နှစ်ချက် စလုံး ပါဝင်ပေသည်။ ပထမအချက်သည် အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူရမည့် အကြောင်းနှင့် ဒုတိယအချက်မှာ ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စု လွတ်မြောက်မှု ရရှိရန် ဖြစ်သည်။ အထူးသဖြင့် ဤတင်ပြ လျက်ရှိသော အာယသ်တော်တွင် ဤဒုတိယအချက်အပေါ်၌သာလျှင် တင်ပြခြင်းကို လုံလောက်သည်ဟု မှတ်ယူထားပေသည်။

အလ္လာဟ်အသျှင်မြတ်သည် ဖန်ဆင်းတော်မူခြင်း ဖြစ်လာသော အရာတိုင်းအား ၎င်းတို့နှင့် လျော် ညီသည့် လမ်းညွှန်ချက်ကို ထုတ်ပြန်၍ ထိုလမ်းညွှန်ချက်နှင့်အညီ ပြုမူဆောင်ရွက်လျက်ရှိခြင်း

အထက်တင်ပြပါ ခေါင်းစဉ်အချက်များ၏ အကျယ်ချဲ့တရားမှာ ဤသို့ပင် ဖြစ်သည်။ နဗီတမန် တော်များအတွက် 'ဖွရဇ်' တာဝန်အဖြစ် သတ်မှတ်ထားသော လမ်းညွှန်ချက်မှာ သီးသန့် 'ဟောဒါယသ်' (လမ်းမှန်တရား ပြသခြင်း) ဖြစ်သည်။ အကြင်လမ်းမှန်တရားအား ခံယူကျင့်သုံးရမည့် သူတို့သည် အသိ ဉာဏ်ရှိသော လူသားတို့နှင့် 'ဂျင်နားသ်'များသာလျှင် ဖြစ်ပေသည်။ အခြား ဒုတိယအမျိုးအစားတစ်ရပ် မှာ တည်ဆောက် ဖန်ဆင်းခြင်းခံထားရခြင်း၊ ညွှန်ကြားခြင်းခံထားရခြင်း၏ ပုံစံဖြစ်သည်။ အကြင်ပုံစံ

သည် အဖန်ဆင်းခံများ၏ အရာတိုင်းအတွက် ခြုံငုံကျယ်ပြန့်စွာ ပါဝင်လျက်ရှိပေသည်။ မြေ၊ ရေ၊ လေ၊ မီးနှင့် ၎င်းတို့ကို ပေါင်းစပ်၍ ဖန်ဆင်းထားသော အရာတိုင်းကို အလ္လာဟ်အသျှင်မြတ်သည် လူသတ္တဝါနှင့် 'ဂျင်န်'သတ္တဝါတို့နှင့် တန်းတူမဟုတ်လင့်ကစား မြင်နိုင်ခြင်း၏ အမျိုးအစားတစ်ရပ်ကို ချီးမြှင့်ထားပေသည်။ ထို့ကြောင့် ပိုင်ခြင်း၊ မပိုင်ခြင်းဟူသော ပညတ်ချက်များသည် ထိုအရာများအပေါ် သက်ရောက်နေသည်မဟုတ်ပေ။ သို့ရာတွင် ခံစားသိမြင်နိုင်ခြင်းမှ လက်မဲ့ဖြစ်မနေပေ။ ထိုခံစားသိမြင်နိုင်ခြင်း၏ လမ်းကြောင်းအရ အလ္လာဟ်အသျှင်မြတ်သည် အရာတိုင်းအား 'အသင်သည် မည်သည့်အလုပ်အတွက် ဖန်ဆင်းခြင်းခံထားရပေသနည်း။ အသင်သည် မည်သည့်အရာကို ပြုလုပ်ရပေမည်နည်း'ဟူ၍ လမ်းညွှန်ချက်ကို ထုတ်ပြန်ပေးထားပေသည်။ ထိုဖန်ဆင်းတည်ဆောက်ခြင်း ခံရခြင်းဆိုင်ရာ အမိန့်နှင့် လမ်းညွှန်ချက်၏ အောက်၌ မြေပထဝီ၊ မိုးကောင်းကင်နှင့် ထိုအရာနှစ်ခုအတွင်းဝယ် ရှိသော အဖန်ဆင်းခံများအားလုံးသည် မိမိတို့၏ သက်ဆိုင်ရာ အလုပ်များနှင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိနေပေသည်။ နေမင်းကြီးနှင့် လမင်းကြီးတို့သည် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍရပ်များကို ဆောင်ရွက်လျက်ရှိရာ အခြားသော နက္ခတ်၊ ဂြိုဟ်များသည်လည်း တစ်မိနစ်၊ တစ်စက္ကန့်မျှ အစွန်းအထင်းမခံဘဲ မိမိတို့၏ တာဝန်ကို ထမ်းဆောင်လျက်ရှိနေကြပေသည်။ မြေ၊ ရေ၊ လေ၊ မီးတို့သည် မိမိတို့အား အဓိကဖန်ဆင်းထားခြင်း၏ ရည်ရွယ်ချက်အတွင်း၌ နစ်မွန်းနေကာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်ချက်မပါဘဲ ဆံချည်မျှင်တစ်ပင်မျှပင် ကွဲပြားခြားနားမှုကို မပြုကြပေ။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ရှိလာချိန်ဝယ် တစ်ခါတစ်ရံ မီးသည်လည်း ပန်းဥယျာဉ်အသွင်သဏ္ဌာန် ဖြစ်သွားပေသည်။ ဥပမာ- ဟဇရတ်အိဗ်ရာဟီမ် (عليه السلام) ၏ ဖြစ်အင်ကို လေ့လာကြည့်ပါ။ တစ်ခါတစ်ရံ ရေသည် မီးအဖြစ်လည်း အသုံးပြုတတ်ပေသည်။ ပမာဆိုရသော် ဖိရ်အောင်န်၏ မျိုးနွယ်အုပ်စုအဖို့

اُغْرِقُوا فَاُدْخِلُوا نَارًا

၎င်းတို့သည် နစ်မြုပ်စေခြင်းကို ခံခဲ့ကြရလေ၏။ တစ်ဖန် ၎င်းတို့သည် ငရဲမီးထဲသို့ ဝင်ရောက်စေခြင်းကို ခံခဲ့ကြကုန်၏။ [၇၁ : ၂၅]

ဟူသော အာယသ်တော်ကို လေ့လာကြည့်ရှုပါ။ မွေးကင်းစကလေးကို အရာတစ်ခု သင်ကြားပေးရန် မည်သူတစ်ဦးတစ်ယောက်မျှ မစွမ်းနိုင်ပေ။ မိခင်၏ နို့ရည်မှ မိမိအဖို့ အစာရေစာ ရရှိခြင်းကို မည်သူက သင်ကြားပေးထားသနည်း။ ထိုအစာရေစာအတွက် နို့ရည်အုံကို စွဲ၍ အုပ်ခြင်း၏ အတတ်ပညာကို မည်သူက သင်ကြားပေးသနည်း။ အစာငတ်ခြင်း၊ ရေငတ်ခြင်း၊ အပူဒဏ်၊ အအေးဒဏ်ခံရချိန်ဝယ် ငိုယိုလိုက်ခြင်းသည် ၎င်း၏ လိုအပ်ချက်များအားလုံး ပြည့်ဝစေရန်အတွက် လုံလောက်သွားပေသည်။ သို့ရာတွင် ဤသို့ ငိုယိုခြင်းကို မည်သူက သင်ကြားပေးထားသနည်း။ ဤသည် 'အကွယ်လောကမှ အခြားမည်သူတစ်ဦးတစ်ယောက်၏ သင်ကြားမှုမပါရှိဘဲ အဖန်ဆင်းခံတိုင်းကို ၎င်းတို့၏ အခြေအနေ၊ လိုအပ်ချက်နှင့်အညီ ချီးမြှင့်ပေးသနားထားတော်မူသော မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ လမ်းညွှန်ချက်ပင်ဖြစ်သည်။

အချုပ်သဘောတရားမှာ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ဖန်ဆင်းတော်မူခြင်းဆိုင်ရာ အများဆိုင်ညွှန်ကြားချက်သည် အဖန်ဆင်းခံတိုင်းအတွက် ဖြစ်ပေသည်။ အကြင်ညွှန်ကြားချက်အား အဖန်ဆင်းခံတိုင်းသည် ဖန်ဆင်းခံရခြင်းဆိုင်ရာ အသွင်မျိုးဖြင့် တစ်သွေမတိမ်း လိုက်နာရပေသည်။ ထိုအချက်နှင့် ဆန့်ကျင်ဘက်ပြုလုပ်ခြင်းသည် ၎င်းအဖို့ မစွမ်းနိုင်ပေ။ ဒုတိယလမ်းညွှန်ချက်မှာ အသိဉာဏ်ရှိသော လူသားတို့နှင့် 'ဂျင်နားသ်'များအတွက် ဖြစ်ပေသည်။ ဤလမ်းညွှန်ချက်သည် ဖန်ဆင်းခံရခြင်းဆိုင်ရာနှင့် မဖြစ်မနေ လိုက်နာရခြင်းဆိုင်ရာမျိုး မဟုတ်ပေ။ သို့သာမက ပင်ကိုယ်ရွေးချယ်ပိုင်ခွင့် ရှိပေသည်။ ထိုရွေးချယ်ခြင်း၏ ကြောင်းကျိုးဆက်တရားအပေါ် အကျိုးစဝါးဗ် သို့မဟုတ် အပြစ်ဒဏ်သည် ကျရောက်နေပေသည်။

قَالَ رَبُّنَا الَّذِيٓ أَعْطٰى كُلَّ شَيْءٍ خَلْقَهٗ ثُمَّ هَدٰى ۝٥٠

အသီးသီးသော အရာဝတ္ထုတိုင်းကို ၎င်းအရာနှင့် ထိုက်တန်သည့်အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီးလျှင် ဆောင်ရွက်အံ့သော နည်းလမ်းကို ညွှန်ပြတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

ဟူသော အာယသ်တော်တွင် ပထမအမျိုးအစား လမ်းညွှန်ချက်ကို တင်ပြထားပေသည်။ ဟဇရသ်မူစာ عليه السلام သည် ဖိရ်အောင်န်အား ဦးစွာပထမ စကြဝဠာအပေါင်းကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ (ကျွန်ုပ်တို့သည်လည်းကောင်း၊ သို့မဟုတ် အခြားမည်သည့်လူသား တစ်ဦးတစ်ယောက်သည်လည်းကောင်း ပြုခဲ့သည်ဟူ၍ မပြောဆိုနိုင်သော အဖန်ဆင်းခံများအားလုံး ပိုင်းရုံလွှမ်းခြုံမှု ထားရှိသော) ဖန်ဆင်းချက်ကို ပြောဆိုပြသလိုက်လေသည်။ ဖိရ်အောင်န်သည် ယင်းအချက်၏ အဖြေကို တစ်စုံတစ်ရာမျှ မပေးနိုင်ပေ။ ယခု ထိုစကားများကို ပြောဆိုကာ စကားလမ်းကြောင်းကို ပြောင်းလေသည်။ ထို့နောက် ဟဇရသ်မူစာ عليه السلام အား မေးခွန်းတစ်ရပ်ကို မေးမြန်းလေသည်။ အကြင်မေးခွန်း၏ အဖြေအစစ်အမှန်ကို မင်း၊ ပရိသတ်အများ ကြားသွားမည်ဆိုလျှင် ဟဇရသ်မူစာ عليه السلام အား အဆိုးမြင်ဝါဒီတစ်ဦးအဖြစ် သတ်မှတ်ကြပေလိမ့်မည်။ ထိုမေးခွန်းမှာ 'အတိတ်ခေတ်ကာလ၌ ရုပ်တု၊ ဆင်းတု ခဝပ်ကိုးကွယ်ခဲ့ကြသော အွမ္မသ်နောက်လိုက်ထုတို့နှင့် စပ်လျဉ်း၍ အသင့်ထံ၌ အမိန့်သည် မည်ကဲ့သို့နည်း။ ၎င်းတို့သည် မည်ကဲ့သို့နည်း။ ၎င်းတို့၏ နိဂုံးချုပ်ဘဝသည် မည်ကဲ့သို့နည်း'ဟူ၍ ဖြစ်သည်။ ယင်းသို့ မေးမြန်းရခြင်း၏ ရည်ရွယ်ချက်မှာ အကယ်၍ ဟဇရသ်မူစာ عليه السلام က 'ဤသူများအားလုံးသည် လမ်းမှား၍ 'ဂျဟန္နမ်'သို့ လားရမည့်သူများ ဖြစ်သည်'ဟူ၍ ဖြေကြားလိုက်မည်ဆိုလျှင် 'ဤသူသည် စကြဝဠာတစ်ခွင်ရှိ သူများအားလုံးကို အသိဉာဏ်ကင်းမဲ့သူ၊ လမ်းမှားသူများနှင့် 'ဂျဟန္နမ်'သို့ လားမည့်သူများဟူ၍ ထင်မှတ်နေသည်' ဟူ၍ ဖိရ်အောင်န်ဘက်မှ ပြောဆိုခွင့် ရရှိသွားမည်ဖြစ်သည်။ သို့ဆိုလျှင် လူတို့သည် ဤဖြေကြားချက်ကို ကြားကာ ဟဇရသ်မူစာ عليه السلام အား 'အဆိုးမြင်ဝါဒသူ' အဖြစ် သတ်မှတ်လိုက်ပြီး ဖိရ်အောင်န်၏ ရည်ရွယ်ချက်သည်လည်း ပြည့်ဝစွာ အကောင်အထည်ပေါ်သွားပေမည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ နဗီဖြစ်သော ဟဇရသ်မူစာ عليه السلام သည် ထိုမေးခွန်းအား ဤသို့ အမြော်အမြင်နှင့် ပြည့်စုံသော ဖြေကြားချက်ကို ပေးလိုက်လေသည်။ အကြင်ဖြေကြားချက်ကြောင့် ၎င်း၏ ဤစီမံကိန်းသည် မှားယွင်းကြောင်း သိရှိသွားရပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

قَالَ فَمَا بَالُ الْقُرُونِ الْأُولَىٰ ﴿٥١﴾

၂၀ : ၅၁ ။ ။ (တစ်ဖန်) ယင်း (ဖိရ်အောင်န်) က 'သို့ဖြစ်လျှင် ရှေးဟောင်းမျိုးနွယ်တို့၏ အခြေအနေသည် မည်သို့ ရှိချေသနည်း'ဟု ပြောဆို (ပြန်) လေသည်။

قَالَ عِلْمُهَا عِندَ رَبِّي فِي كِتَابٍ ۖ لَّا يَضِلُّ رَبِّي وَلَا يَنسَى ﴿٥٢﴾

၂၀ : ၅၂ ။ ။ ယင်း (မူစာ) သည် (ဤသို့) ပြောကြားခဲ့၏။ 'ထိုရှေးဟောင်းမျိုးနွယ်တို့နှင့် ပတ်သက်သော အသိသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် မှတ်တမ်းစာအုပ်၌ ရှိပေသည်။ (အမှန်စင်စစ်) ကျွန်ုပ်၏ အသျှင်မြတ်သည် မှားယွင်းတော်မူသည်လည်း မရှိ။ မေ့လျော့တော်မူသည်လည်း မဟုတ်ပေ။'

الَّذِي جَعَلَ لَكُمُ الْأَرْضَ مَهْدًا وَسَلَكَ لَكُمْ فِيهَا سُبُلًا وَأَنزَلَ مِنَ السَّمَاءِ مَاءً فَأَخْرَجْنَا بِهِ أَزْوَاجًا مِّن نَّبَاتٍ شَتَّىٰ ﴿٥٣﴾

၂၀ : ၅၃ ။ ။ (ထိုအသျှင်မြတ်သည်) အကြင်အသျှင်မြတ်ပင် (ဖြစ်၏။) ထိုအသျှင်မြတ်သည်ပင် ပထဝီမြေကို အခင်းအကျင်းကို ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် ယင်းပထဝီမြေ၌ အသင်တို့အဖို့ လမ်းများကိုလည်း ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့၏။ ထို့နောက် ထိုအသျှင်မြတ်သည် ပင် ၎င်း (မိုး) ရေဖြင့် (အနံ့အရသာ) ကွဲပြားခြားနားသော၊ အစုံစုံသော ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့ကို ပေါက်ရောက်စေတော်မူခဲ့၏။

كُلُوا وَارْعَوْا أَنْعَامَكُمْ ۗ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّأُولِي النُّهَىٰ ﴿٥٤﴾

၂၀ : ၅၄ ။ ။ အသင်တို့သည် (မိမိတို့ကိုယ်တိုင်လည်း) စားသုံးကြလေကုန်။ ၎င်းပြင် မိမိတို့၏ ခြေလေးချောင်း တိရစ္ဆာန်များကိုလည်း စားကျက်ချကြလေကုန်။ ဧကန်စင်စစ် ဤသည် (တို့) ၌ ဉာဏ်ရှင်များအဖို့ သက်သေသာဓကများ ရှိကုန်၏။

مِنْهَا خَلَقْنَاكُمْ وَفِيهَا نُعِيدُكُمْ وَمِنْهَا نُخْرِجُكُمْ تَارَةً أُخْرَىٰ ﴿٥٥﴾

၂၀ : ၅၅ ။ ။ ယင်းပထဝီမြေကြီးမှပင် ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့လေသည်။ ၎င်းပြင် ယင်းပထဝီမြေကြီး၌ပင် ငါအသျှင်မြတ်သည် အသင်တို့အား တစ်ဖန်ပြန်လည်၍ (မြေကြီးထဲသို့) ရောက်စေတော်မူပေမည်။ ထို့ပြင် ယင်းပထဝီမြေကြီးမှပင် ငါအသျှင်မြတ်သည် အသင်တို့အား ဒုတိယအကြိမ် ထွက်စေတော်မူပေမည်။

وَلَقَدْ اَرَيْنٰهُ اٰيٰتِنَا كُلَّهَا فَكَذَّبَ وَاَبٰى ﴿٥٦﴾

၂၀ : ၅၆ ॥ ॥ ၄င်းပြင် ကေန်စင်စစ် ငါအသျှင်မြတ်သည် ယင်း (ဖိရ်အောင်န်) ကို (မူစာအား ချီးမြှင့်တော်မူသော) မိမိ၏ သက်သေလက္ခဏာအလုံးစုံကို ပြသတော်မူခဲ့ပေသည်။ သို့ပါလျက် ၄င်းသည် (ယင်းသက်သေလက္ခဏာများကို) မဟုတ်မမှန် ဟူ၍ ပြောဆိုခဲ့သည့်အပြင် (တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်အား ယုံကြည်ရန်လည်း) ငြင်းဆိုခဲ့လေသည်။

قَالَ اَجِئْتَنَا لِتُخْرِجَنَا مِنْ اَرْضِنَا بِسِحْرِكَ يٰمُوْسٰى ﴿٥٧﴾

၂၀ : ၅၇ ॥ ॥ (၄င်းပြင်) ယင်း (ဖိရ်အောင်န်) သည် (ဤသို့) ပြောဆိုခဲ့လေ၏။ 'အို၊ မူစာ၊ အသင်သည် မိမိ၏ စုန်းအတတ်ဖြင့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ (အီဂျစ်) တိုင်းပြည်မှ နှင်ထုတ်ရန် လာခဲ့လေသလော။'

فَلَنَاْتِيَنَّكَ بِسِحْرٍ مِّثْلِهٖ فَاجْعَلْ بَيْنَنَا وَبَيْنَكَ
مَوْعِدًا لَّا نُخْلِفُهٗ نَحْنُ وَلَاۤ اَنْتَ مَكَانًا سُوًى ﴿٥٨﴾

၂၀ : ၅၈ ॥ ॥ 'သို့ဖြစ်လျှင် ကျွန်ုပ်တို့သည်လည်း အသင်နှင့် ယှဉ်ပြိုင်ရန် ယင်းကဲ့သို့သော စုန်းအတတ်ကိုပင် ယူဆောင်လာခဲ့ကြမည်။ သို့ဖြစ်ပေရာ အသင်သည် ညီညာသော ကွင်းပြင်တစ်ခု၌ (ပြိုင်ဆိုင်နိုင်ရန်) ကျွန်ုပ်တို့နှင့် မိမိ၏ အကြားဝယ် အချိန်တစ်ချိန်ကို ချိန်းဆိုသတ်မှတ်လော။ ထိုချိန်းဆိုသော အချိန်ကို ကျွန်ုပ်တို့သည်လည်း ဖျက်ကွက်စေကြမည်မဟုတ်။ အသင်သည်လည်း မဖျက်ကွက်လေနှင့်။

قَالَ مَوْعِدُكُمْ يَوْمُ الزِّيْنَةِ وَاَنْ يُّحْشَرَ النَّاسُ ضُحًى ﴿٥٩﴾

၂၀ : ၅၉ ॥ ॥ (ထိုအခါ) ယင်း (မူစာ) က (အို၊ ဖိရ်အောင်န်) 'အသင်တို့ ချိန်းဆိုသော (နေ့) သည် ပွဲနေ့ပင် ဖြစ်သည်။ ၄င်းပြင် လူတို့သည် (လည်း) အာရုံတက်ချိန်၌ စုရုံးပြီး ဖြစ်ကြရမည်'ဟု ပြောကြားခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တစ်ဖန်) ယင်း (ဖိရ်အောင်န်က

اَنَّ الْعَذَابَ عَلٰى مَنْ كَذَّبَ وَتَوَلّٰى

'ကျွန်ုပ်တို့ ယူဆောင်လာသော အမိန့်တော်များကို မဟုတ်မမှန်ဟူ၍ ငြင်းပယ်အံ့။ ၄င်းပြင် ထိုသူသည် ယင်းအမိန့်တော်များမှ လွှဲဖယ်ကျောခိုင်းသွားအံ့။ ကေန်စင်စစ် ပြစ်ဒဏ်သည် ထိုသူ၏အပေါ်၌ပင် ကျရောက်မည်ဖြစ်ကြောင်း' ဟူသော အာယသ်တော်အား သံသယဖြစ်ကာ) သို့ဖြစ်လျှင် ရှေးဟောင်းမျိုးနွယ်တို့၏ အခြေအနေသည် မည်သို့ ရှိချေသနည်း။ (အကြင်သူတို့သည် နဗီတမန်တော်များအား မဟုတ်မမှန်ဟူ၍

စွပ်စွဲပြောဆိုခဲ့ကြသည်။ ၎င်းတို့အပေါ် မည်သည့်ပြစ်ဒဏ်များ ကျရောက်ခဲ့ပေသနည်း) ဟု ပြောဆိုပြန်လေသည်။ ယင်း (မူစာ) သည် (ဤသို့) ပြောကြားခဲ့၏။ (ကျွန်ုပ်သည် ထိုတုန့်ပြန် ပြစ်ဒဏ်တော်သည် ဤလောကီမျက်မှောက်ခေတ်၌မှာပင် မုချ ကျရောက်လာမည်ဟူ၍ မကြွေးကြော်ပေ။ သို့သာမက တစ်ခါတစ်ရံ ကမ္ဘာလောက၌မှာပင် ကျရောက်လာတတ်သကဲ့သို့ နောင်တမလွန်ဘဝတွင်မူ မုချ ကျရောက်ပေလိမ့်မည်။ သို့ရှိရာ) ထို (ဒုစရိုက်မှု ပြုကျင့်ကြသော) ရှေးဟောင်းမျိုးနွယ်တို့နှင့် ပတ်သက်သော အသိသည် ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်တွင် (ကောင်းမှု၊ မကောင်းမှု) မှတ်တမ်းစာအုပ်၌ (ထိန်းသိမ်းထား) ရှိပေသည်။ (ထိုအသျှင်မြတ်အဖို့ မှတ်တမ်းသည် မလိုအပ်နေလင့်ကစား သို့ရာတွင် အချို့သော အမြော်အမြင်တော်များကြောင့် ဤသို့ ပြုထားခြင်း ဖြစ်ပေသည်။ အချုပ်မှာ အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့၏ ပြုမူဆောင်ရွက်ချက်များကို သိရှိတော်မူပေသည်။)

(အမှန်စင်စစ်) ကျွန်ုပ်၏ အသျှင်မြတ်သည် (ဤသို့ သိနားလည်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။) မှားယွင်းတော်မူသည်လည်း မရှိ။ မေ့လျော့တော်မူသည်လည်း မဟုတ်ပေ။ (သို့ရှိရာ ၎င်းတို့ ပြုကျင့်ခဲ့သော ကျင့်ကြံချက်များ၏ မှန်ကန်သော အသိတော်ကို ထိုအသျှင်မြတ် သိရှိတော်မူပေသည်။ သို့ရာတွင် ပြစ်ဒဏ်ချမှတ်ပေးရန်အတွက် အချိန်ကို သတ်မှတ်ထားပေရာ အချိန်ကျရောက်လာသည်နှင့် ၎င်းအပေါ် ပြစ်ဒဏ်ကို သက်ရောက်စေတော်မူလိမ့်မည်။ သို့ရာတွင် ကမ္ဘာလောက၌ ပြစ်ဒဏ်မကျရောက်လာခြင်းသည် ကုဖွရ် (သွေဖည်ငြင်းဆိုမှု) နှင့် စွပ်စွဲပြောဆိုမှုတို့သည် အပြစ်ဒဏ်ကျရောက်ခြင်း၏ အကြောင်းခံမဟုတ်ဟူ၍ မုချ မသတ်မှတ်ထားသင့်ပေ။ ဤနေရာထိတိုင် ဟဇရသ်မူစာ عليه السلام ၏ ပြောကြားချက်သည် ပြီးဆုံးသွားပေသည်။ ရှေ့၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ဆင့်ကဲ မွေးမြူဖန်ဆင်းတော်မူခြင်း၏ ဂုဏ်ရှိန်ဂုဏ်ဝါတော်၏ ရှင်းလင်းချက်အချို့ကို တင်ပြထားတော်မူပေသည်။ အကြင်တင်ပြချက် အချုပ်သည် ဟဇရသ်မူစာ عليه السلام ၏ အောက်ဖော်ပြပါ မိန့်တော်မူခြင်းတွင် ပါရှိပေသည်။

رَبُّنَا الَّذِیْ الخ علمها عند ربی الخ لا یضل ربی الخ

ကျွန်ုပ်တို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသီးသီးသော အရာဝတ္ထုတိုင်းကို ၎င်းအရာနှင့် ထိုက်တန်သည့် အားလျော်စွာ ရုပ်ဆင်းသဏ္ဌာန်ကို ချီးမြှင့်တော်မူပြီးလျှင် ဆောင်ရွက်အံ့သော နည်းလမ်းကို ညွှန်ပြတော်မူသော တစ်နည်း ကျိုး၊ ပြစ်၊ ဆိုး၊ ကောင်းကို ညွှန်ပြတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

ထိုရှေးဟောင်းမျိုးနွယ်တို့နှင့် ပတ်သက်သော အသိသည် ကျွန်ုပ်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်တွင် မှတ်တမ်းစာအုပ် ရှိပေသည်။ အမှန်စင်စစ် ကျွန်ုပ်၏ အသျှင်မြတ်သည် မှားယွင်းတော်မူသည်လည်း မရှိ။ မေ့လျော့တော်မူသည်လည်း မဟုတ်ပေ။

သို့ရှိရာ မိန့်တော်မူသည်မှာ ထိုအသျှင်မြတ်သည်ပင် ပထဝီမြေကို (ထိုမြေပေါ် သက်တောင့်သက်သာစွာ နေထိုင်နိုင်ရန်) အခင်းအကျင်း (ကဲ့သို့) ပြုလုပ်တော်မူခဲ့၏။ ၎င်းပြင် ထိုအသျှင်မြတ်သည်ပင် ယင်းပထဝီ

မြေ၌ အသင်တို့အဖို့ ကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့၏။ ထို့နောက် ထိုအသျှင်မြတ်သည်ပင် ၎င်း (မိုး) ရေဖြင့် (အနံ့အရသာ) ကွဲပြားခြားနားသော အစုံစုံသော ဟင်းသီးဟင်းရွက်အမျိုးမျိုးတို့ကို ပေါက်ရောက်စေတော်မူခဲ့၏။ အသင်တို့သည် (မိမိတို့ကိုယ်တိုင်အဖို့လည်း စားသုံးခွင့်ရှိ၍) စားသုံးကြလေကုန်။ ၎င်းပြင် မိမိတို့၏ ခြေလေးချောင်းတိရစ္ဆာန်များကို (လည်း) စားကျက်ချကြလေကုန်။ စေကန်စင်စစ် ဤ (အထက်တင်ပြပါ အရာအားလုံး (တို့) ၌ ဉာဏ်ရှင်များအဖို့ (အသျှင်မြတ်၏ တန်ခိုးတော်၏ အထောက်အထား) သက်သေသာဓကများ ရှိကုန်၏။ (သစ်ပင်၊ ပျိုးပင်၊ ပေါက်ပင်များကို မြေကြီးအတွင်းမှ ပေါက်ရောက်စေသကဲ့သို့) ယင်းပထဝီမြေကြီးမှပင် ငါအသျှင်မြတ်သည် အသင်တို့အား (ကနဦးကတည်းက) ဖန်ဆင်းတော်မူခဲ့လေသည်။ (ဟဇရသ်အာဒမ် ﷺ သည် မြေကြီးဖြင့် ဖန်ဆင်းတော်မူခြင်း ခံခဲ့ရသည်။ ထို့ကြောင့် ၎င်းကို အကြောင်းပြု၍ အခြားသောသူတို့၏ အခြေခံဖန်ဆင်းခံရခြင်း၏ ဓါတ်ဝတ္ထုပစ္စည်းသည် မြေကြီးသာလျှင် ဖြစ်ပေသည်။) ၎င်းပြင် ပထဝီမြေကြီး၌ပင် ငါအသျှင်မြတ်သည် အသင်တို့အား တစ်ဖန် ပြန်လည်၍ (မြေကြီးထဲသို့) ရောက်စေတော်မူပေမည်။ (သို့ရှိရာ မည်သည့်သေသူတစ်ဦးမဆို သေပြီး နှစ်ပေါင်းမည်မျှ ကြာမြင့်သွားနေလင့်ကစား နောက်ဆုံး၌ မြေကြီးအတွင်းသို့သာလျှင် ရောက်ရှိသွားတော်မူပေသည်။) ထို့ပြင် (ကေယာမသ်နေ့၌) ယင်းပထဝီမြေကြီးမှပင် (ပထမက ထိုမြေကြီးဖြင့် ဖန်ဆင်းထားပြီးဖြစ်သည်။) ငါအသျှင်မြတ်သည် အသင်တို့အား ဒုတိယအကြိမ် ထွက်စေတော်မူပေမည်။

၎င်းပြင် စေကန်စင်စစ် ငါအသျှင်မြတ်သည် ယင်း (ဖိရ်အောင်န်) ကို (မူစာအား ချီးမြှင့်တော်မူသော) မိမိ၏ သက်သေလက္ခဏာအလုံးစုံကို ပြသတော်မူခဲ့ပေသည်။ သို့ပါလျက် ၎င်းသည် (ယင်းသက်သေလက္ခဏာများကို) မဟုတ်မမှန်ဟူ၍ ပြောဆိုခဲ့သည့်အပြင် (တစ်ဆူတည်းသော အလ္လာဟ်အသျှင်မြတ်အား ယုံကြည်ရန်လည်း) ငြင်းဆိုခဲ့လေသည်။ (၎င်းပြင်) ယင်း (ဖိရ်အောင်န်) သည် (ဤသို့) ပြောဆိုခဲ့လေ၏။ အို၊ မူစာ၊ အသင်သည် မိမိ၏ စုန်းအတတ် (၏ အရှိန်အဝါ) ဖြင့် ကျွန်ုပ်တို့အား ကျွန်ုပ်တို့၏ (အီဂျစ်) တိုင်းပြည်မှ နှင်ထုတ်ရန် (ကြွေးကြော်၍) လာခဲ့လေသလော။ (အများပြည်သူတို့ကို စနောင့်စနင်းအဖြစ်နှင့် မိမိ၏ နောက်လိုက်အဖြစ် ပြုရန်နှင့် ကိုယ်တိုင် ခေါင်းဆောင်အဖြစ် ပြုရန် လိုလားနေပေသည်။) သို့ဖြစ်လျှင် ကျွန်ုပ်တို့သည်လည်း အသင်နှင့် ယှဉ်ပြိုင်ရန် ယင်းကဲ့သို့သော စုန်းအတတ်ကိုပင် ယူဆောင်လာခဲ့ကြမည်။ သို့ဖြစ်ပေရာ အသင်သည် ညီညာသော ကွင်းပြင်တစ်ခု၌ (ပြိုင်ဆိုင်နိုင်ရန်) ကျွန်ုပ်တို့နှင့် မိမိ၏ အကြားဝယ် အချိန်တစ်ချိန်ကို ချိန်းဆိုသတ်မှတ်လော့။ ထိုချိန်းဆိုသော အချိန်ကို ကျွန်ုပ်တို့သည်လည်း ပျက်ကွက်စေကြမည်မဟုတ်။ အသင်သည်လည်း မပျက်ကွက်လေနှင့်။ (သို့မှသာ အားလုံးသောသူတို့ ရှုစားနိုင်ရန် ဖြစ်သည်။ ထိုအခါ) ယင်း (မူစာ) က '(အို၊ ဖိရ်အောင်န်) အသင်တို့ ချိန်းဆိုသော နေ့သည် ပွဲနေ့ပင် ဖြစ်သည်။ ၎င်းပြင် လူတို့သည် (လည်း ယင်းနေ့၏) နေတက်ချိန်၌ စုရုံးပြီး ဖြစ်ကြရမည်' ဟု ပြောကြားခဲ့လေသည်။ (ပွဲလမ်းသဘင် ကျင်းပသောနေရာသည် များသောအားဖြင့် ညီညာသော မြေကွင်းပြင်၌သာ ကျင်းပကြခြင်းမှာ 'ထင်ရှားသောအချက် ဖြစ်သည်။ ထိုထင်ရှားသောအချက်မှ مَكَانًا سُوًى (ညီညာသော မြေပြင်၏ စည်းကမ်းချက်သည်လည်း ကိုက်ညီပြီးဖြစ်သွားလေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قَالَ عِلۡمُهَا عِنۡدَ رَبِّىۡ فِىۡ كِتٰبٍ‌ ۚ لَا يَضِلُّ رَبِّىۡ وَلَا يَنۡسَى

ယင်းမူစာသည် ဤသို့ ပြောကြားခဲ့၏။ ထိုရှေးဟောင်းမျိုးနွယ်တို့နှင့် ပတ်သက်သော အသိသည် ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်တွင် မှတ်တမ်းစာအုပ်၌ ရှိပေသည်။ အမှန်စင်စစ် ကျွန်ုပ်၏ အသျှင်မြတ်သည် မှားယွင်းတော်မူသည်လည်း မရှိ။ မေ့လျော့တော်မူသည်လည်း မဟုတ်ပေ။ *[၂၀ : ၅၂]*

ဖိရ်အောင်န်သည် အတိတ်ခေတ်မျိုးနွယ် အုပ်စုတို့၏ ဇာတ်သိမ်းခန်းအား မေးမြန်းလေသည်။ အကယ်၍ ယင်းမေးခွန်းကို ဖြေကြားရာ၌ ဟဇရတ်မူစာ ﷺ သည် ၎င်းတို့သည် လမ်းမှားသူများနှင့် 'ဂျဟန္နမ်'သို့ လားရမည့်သူများဖြစ်ကြောင်း ရှင်းလင်းစွာဖြင့် ထုတ်ဖော်ပြောဆိုလိုက်မည်ဆိုလျှင် ဖိရ်အောင်နအဖို့ 'ဤသူသည် ကျွန်ုပ်တို့သာမက ကမ္ဘာတစ်ခွင်လုံးရှိသူများအားလုံးကို လမ်းလွဲလမ်းမှားသူများနှင့် 'ဂျဟန္နမီ' ဟူ၍ မှတ်ယူနေသည်'ဟူ၍ ပြောဆိုခွင့် ရရှိသွားပေမည်။ ထိုအချက်ကြောင့် မင်း၊ ပရိသတ်၊ ပြည်သူတို့သည် သံသယဖြစ်ရှိသွားပေမည်။ ဟဇရတ်မူစာ ﷺ သည် 'စကားကို ပြည့်ဝထိမိစွာဖြင့်သော်လည်းကောင်း၊ ဖိရ်အောင်နအဖို့လည်း လီဆယ်ဖြားယောင်းခွင့် မရရှိရန်လည်းကောင်း'ဟူသော အမြော်အမြင်နှင့် ပြည့်စုံသော အဖြေကို ပေးလိုက်လေသည်။ မိန့်တော်မူသည်မှာ '၎င်းတို့နှင့် ပတ်သက်သော ဇာတ်သိမ်းခြင်းအသိသည် ကျွန်ုပ်၏ အသျှင်မြတ်၏ မှတ်တမ်းအသိအတွင်း၌ ရှိပေသည်။ အမှန်စင်စစ် အသျှင်မြတ်သည် မှားယွင်းတော်မူသည်လည်း မရှိ။ မေ့လျော့တော်မူသည်လည်း မဟုတ်ပေ။' 'မှားယွင်းတော်မူခြင်း'၏ အလိုသဘောမှာ 'ပြုလိုသည့် ဆန္ဒမှာ တစ်ခြားဖြစ်၍၊ ဖြစ်သွားသည်မှာ တစ်ခြားဖြစ်သွားပေသည်။' 'မေ့လျော့ခြင်း'၏ အလိုသဘောမှာ ရှင်းလင်းပေသည်။

اَزۡوَاجًا مِّنۡ نَّبَاتٍ شَتّٰى

(အနံ့အရသာ ကွဲပြားခြားနားသော အစုံစုံသော ဟင်းသီးဟင်းရွက်အမျိုးမျိုး) ဟူသော အာယသ်တော်တွင် 'အဇ်ဝါးဂျ်'၏ အဓိပ္ပာယ်သည် 'အမျိုးအစား'ဟူ၍ ဖြစ်သည်။ 'ရှသ်သာ'သည် 'ရှသ်သီယဟ်'၏ အများကိန်းဖြစ်သည်။ 'အမျိုးမျိုး ကွဲပြားသော'ဟူ၍ ဖြစ်သည်။ အလိုသဘောမှာ 'လူသားတို့ ရေတွက်၍ မရနိုင်လောက်အောင် အမျိုးမျိုးသော ပေါက်ပင်၊ သီးပင်များကို ဖန်ဆင်းပေါက်ရောက်ထားတော်မူပေသည်။' တစ်ဖန် ဆေးဘက်ဝင် သစ်ပင်များ၊ အပွင့်၊ အသီးနှင့် သစ်ခက်၊ သစ်လက်၊ သစ်ရွက်များ၌ အလ္လာဟ်အသျှင်မြတ်သည် 'ဆေးပညာအရာ၌ ကျွမ်းကျင်သူတို့ပင်လျှင် ငေးမော၊ မှင်သက်မိသွားလောက်အောင်' ဝိသေသ အကျိုးထူးများကို ထည့်သွင်းဖန်ဆင်းပေးထားတော်မူပေသည်။ နှစ်ထောင်ပေါင်းများစွာ သုတေသနပြုနေသည့် ကြားကတည်းကပင် ထိုအပင်များနှင့် စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်မျှပင် ဤစီစစ်မှုပြုချက်သည် နောက်ဆုံး တွေ့ရှိချက်ဟူ၍ ရေးသားကာ မပြောဆိုနိုင်ပေ။ ဤအားလုံးသော

ဆေးပင်၊ သစ်ပင်များသည် လူသားများ၊ ထိုလူသားတို့၏ အိမ်မွေးတိရစ္ဆာန်များနှင့် တောရိုင်းတိရစ္ဆာန်များ၏ အစားအစာနှင့် ဆေးဝါးများအဖြစ် စားသုံး၊ မှီဝဲမှုကို ပြုကြပေသည်။ ထိုအပင်များမှ ထွက်သော သစ်သားများဖြင့် လူသားတို့သည် အဆောက်အဦးများကို ဆောက်လုပ်ကြကာ ထောင်ပေါင်းများစွာသော အိမ်ထောင်ပရိဘောဂ ပစ္စည်းများအဖြစ် ပြုလုပ်ကြပေသည်။

فَتَبَارَكَ اللهُ اَحْسَنُ الخالقين

သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် မည်မျှ ထူးကဲမြင့်မြတ်လှပါဘိသနည်း။ *[၂၃ : ၁၄]*

ထို့ကြောင့် ယင်းအာယသ်တော်၏ နောက်ဆုံးပိုင်း၌

اِنَّ فِى ذٰ الِكَ لاٰيٰتٍ لا ولى النهى

ကေန်စင်စစ် ဤသည်တို့၌ ဉာဏ်ရှင်များအဖို့ သက်သေသာဓကများ ရှိကြကုန်၏။ *[၂၀ : ၅၄]*

ဟူ၍ မိန့်တော်မူထားပေသည်။ 'နုဟာ' သည် 'နုဟ်ယသူးန်' ၏ အများကိန်းဖြစ်သည်။ 'နုဟ်သူးန်' ကို 'အသိဉာဏ်' ဟူ၍ ခေါ်ဆိုသုံးနှုန်းရခြင်းအကြောင်းမှာ 'ထိုအရာသည် လူသားတို့အား မကောင်းသော ဥပါဒ်ဖြစ်စေသော အရာများမှ တားမြစ်သောကြောင့်' ဖြစ်ပေသည်။

လူသားတိုင်း၏ ရုပ်ကလာပ်၌ သုက်ရည်နှင့်အတူ ၎င်းအား မြုပ်နှံမည့်နေရာ၌ရှိသော မြေကြီးလည်း ပါဝင်နေခြင်းအကြောင်း

مِنْهَا خَلَقْنٰكُمْ

ယင်းပထဝီမြေကြီးမှပင် ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့ပေသည်။ *[၂၀ : ၅၅]*

ဤအာယသ်တော်တွင် 'မင်နှ်ဟာ' စကားလုံးရှိ 'ဟာ' (ထို) ဟူသော အညွှန်းနာမ်စားသည် မြေကြီးဘက်သို့ ညွှန်ပြနေသည်။ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ်သည် အသင်တို့ကို ပထဝီမြေ၏ မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့ပေသည်' ဟူ၍ ရ၏။ ထိုမိန့်မြွက်ချက်ကို မိန့်မြွက်ခြင်းခံရသော သူတို့မှာ လူသားများအားလုံး ဖြစ်ပေသည်။ ကေန်စင်စစ် လူသားအားလုံး၏ မွေးမြူပေါ်ပေါက်လာခြင်းသည် မြေကြီးဖြင့် တိုက်ရိုက်ဖန်ဆင်းထားတော်မူသော ဟဇရသ်အာဒမ် ﷺ မှအပ ကျန်ရှိသောသူတို့သည် မြေကြီးဖြင့်မဟုတ်ဘဲ 'နုသ်ဖာ' (သုက်ရည်) ဖြင့် ဖြစ်ပေသည်။ သို့ဆိုလျှင် အထက်ပါ မိန့်မြွက်ချက်သည် 'ကမ္ဘာ့လူသားထုတစ်ရပ်လုံးနှင့် အားလုံးသောသူတို့၏ ဖခင်သည် ဟဇရသ်အာဒမ် ﷺ ဖြစ်ရာ ၎င်းကို အကြောင်းပြု၍ အားလုံးသောသူတို့၏ ဖန်တီးမှုကို မြေကြီးဘက်သို့ ဆက်နွယ်မိန့်ဆိုခြင်းသည် တစ်စုံတစ်ရာ ဝေးကွာ

သော အချက်လည်း မဟုတ်ပေ။ အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးများက မိန့်ဆိုတော်မူသည်မှာ 'သုက်ရည်တိုင်းသည် မြေထွက်ပစ္စည်းများ ဖြစ်ကြပေသည်။ ထို့ကြောင့် သုက်ရည်ဖြင့် ဖန်ဆင်းခြင်းကို စင်စစ် မြေကြီးဖြင့် ဖန်ဆင်းလိုက်ခြင်းပင် ဖြစ်သည်'ဟူ၍ ဆိုကြသည်။ အေမာမ်ကုရ်သုဗီသခင်ကြီးက အမိန့်ရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အပေါ်ယံစကားလုံးများ၏ လိုရင်းသည်လည်း လူသားတိုင်း၏ ဖန်ဆင်းမှုသည် မြေကြီးနှင့် ဖြစ်ကြောင်းကို ရည်ညွှန်းထားပေသည်။ ထို့ပြင် အချို့သော အာလင်မ်သာသနာ့ပညာရှင်ကြီးက မိန့်တော်မူသည်မှာ 'လူသားတိုင်းအား ဖန်ဆင်းရာ၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ပြည့်စုံလှစွာသော တန်ခိုးတော်ဖြင့် မြေကြီးကိုလည်း ရောယှက်ထားစေပေသည်။ အကြောင်းမှာ လူသားတိုင်းအား ဖန်ဆင်းခြင်းကို မြေကြီးဖြင့် တိုက်ရိုက်ဖြစ်သည်ဟူ၍ ဆက်နွယ်မိန့်မြွက်ထားခြင်းကြောင့် ဖြစ်ပေသည်။

အေမာမ်ကုရ်သုဗီသခင်ကြီးက မိန့်တော်မူပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အပေါ်ယံစကားလုံး၏ ရည်ညွှန်းချက်သည် 'လူသားတိုင်းအား ဖန်ဆင်းမှုသည် မြေကြီးကြောင့် ဖြစ်ပေါ်တည်ရှိလာကြောင်း' ကိုသာ ယူဆထားကြပေသည်။ ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီး၏ ဟဒီးစ်တော်တစ်ရပ်သည် အထက်တင်ပြပါအချက်အား သာဓကပေးလျက် ရှိနေပေသည်။ အကြင်ဟဒီးစ်တော်အတွင်း၌ တမန်တော်မြတ် ﷺ ၏ ဤမိန့်မြွက်ချက်ကို ဆင့်ပြန်ထားပေသည်။ 'မိခင်၏ သားအိမ်အတွင်း၌ ပေါ်ပေါက်မွေးမြူလာမည်ဖြစ်သော လူသားတိုင်းအပေါ် အလ္လာဟ်အသျှင်မြတ်၏ 'အိလ်မ်' (အသိတော်) အတွင်းရှိ ၎င်းမြုပ်နှံမည့်နေရာ၌ ရှိသော မြေကြီးအစိတ်အပိုင်းကို ထည့်သွင်းထားပေသည်။' ဤဟဒီးစ်တော်ကို အဗူနုအိုင်းမ်သည် အိဗ်နေ စီရီရ်၏ အကြောင်း၌ ဆင့်ပြန်ကာ မိန့်တော်မူထားပေသည်။

هذاحديثغريبمن حديث عون لم نكتبه الامن حديث عاصم بن نبيل وهواحد الثقات الاعلا م من اهل بصره

ထိုအထက်အကြောင်းအရာ၏ ဆင့်ပြန်ချက်ကို ဟဇရသ်အဗ်ဒုလ္လာဟ် ဗင်န် မတ်စ်အူးဒ် ﷺ သခင်ကြီးထံမှလည်း ဆင့်ပြန်ချက် လာရှိထားပေသည်။ အသွားအ်ခရာစာနီးသခင်ကြီးက မိန့်တော်မူထားပေသည်။ မိခင်၏ သားအိမ်အတွင်း၌ ကာလလသုက်ရည်ကြည် တည်သွားသောအခါ ၎င်းအား ဖန်တီးမှုပြုရန် မိန့်ခြင်းခံထားရသော ကောင်းကင်တမန်သည် ၎င်းအား မြုပ်နှံမည့်နေရာ၌ရှိသော မြေကြီးကို ယူလာကာ ၎င်း၏ သုက်ရည်အတွင်း၌ ရောထွေးစေလိုက်ပေသည်။ ထို့ကြောင့် ဖန်ဆင်းမှုသည် သုက်ရည်နှင့် မြေကြီး နှစ်မျိုးစလုံးနှင့် ဖြစ်သွားပေသည်။

مِنْهَا خَلَقْنٰكُمْ وَ فِيْهَا فعيد كُمْ

ယင်းပထဝီမြေကြီးမှပင် ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းတော်မူခဲ့သည်။ ၎င်းပြင် ယင်းပထဝီမြေကြီး၌ပင် ငါအသျှင်မြတ်သည် အသင်တို့အား တစ်ဖန်ပြန်လည်၍ မြေကြီးထဲသို့ ရောက်စေတော်မူပေမည်။ [၂၀ : ၅၅]

ဟူသော အာယသ်တော်ဖြင့် အထောက်အထား ပေးထားပေသည်။

သဖ်စီးရေမခ္ဒဟရီးကျမ်း၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်နိမတ်စ်အူးဒ် ﷺ သခင်ကြီးထံမှ ဤဆင့်ပြန်ချက်ကိုပင် ဆင့်ပြန်ထားပေသည်။ ယင်းဆင့်ပြန်ချက်အတွင်းတွင် တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားပေသည်။ 'မွေးမြူပေါ်ပေါက်လာမည်ဖြစ်သော ကလေးငယ်တိုင်း၏ ချက်အတွင်း၌ မြေကြီး၏အစိတ်အပိုင်းတစ်ရပ်ကို ထည့်သွင်းထားပေသည်။ ကွယ်လွန်သေဆုံးသွားသောအခါ ၎င်း၏ ကိုယ်ခန္ဓာအတွင်းတွင် ပါဝင်သော မြေကြီးရှိရာ အရပ်ဒေသ၌မှာပင် မြှုပ်နှံခြင်းကို ခံရပေသည်။ ငါကိုယ်တော်နှင့် ဟဇရသ်အဗူဗကရ်၊ ဟဇရသ်အုမရ်တို့သည် မြေကြီးတစ်မျိုးတည်းဖြင့် ဖန်ဆင်းတော်မူခြင်း ခံရပြီး ထိုမြေအရပ်ဒေသ၌မှာပင် မြှုပ်နှံခြင်းခံရပေမည်။ ဤဆင့်ပြန်ချက်ကို ခသွီးဗ်သခင်ကြီးသည် ဆင့်ပြန်ပြီးနောက် ဤဟဒီးစ်တော်သည် 'ဂရီးဗ်'ဖြစ်ကြောင်းကို မိန့်ဆိုတော်မူထားသည်။ အိဗ်နေဂျောင်ဇီးသခင်ကြီးသည် ယင်းဆင့်ပြန်ချက်ကို 'မောင်ဇူအအာသ်' (လုပ်ကြံ ရေးထည့်ခြင်းခံထားရသော ဆင့်ပြန်ချက်များ) တွင် ပါဝင်သည်ဟု ရေတွက်ထားပေသည်။ သို့ရာတွင် ဟဒီးစ်ပါမောက္ခ မီးရ်ဇာမိုဟမ္မဒ်ဟာရိစီးဗဒခ်ရှီးသခင်ကြီးသည် ထိုဟဒီးစ်တော်နှင့်အတူ သာဓကများရှိသော ဟဒီးစ်တော်များသည် ဟဇရသ်အိဗ်နေအုမရ်၊ အိဗ်နေအဗ္ဗားစ်၊ အဗူစအီးဒ်နှင့် ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ သခင်ကြီးများထံမှလည်း ဆင့်ပြန်ချက် လာရှိထားပေသည်။ အကြင် ဆင့်ပြန်ချက်များကြောင့် အထက်ဖော်ပြပါ ဆင့်ပြန်ချက်ကို အကူဖြစ်ပေသည်။ ထို့ကြောင့် ဟဒီးစ်တော်သည် 'ဟစန်းလိဂိုက်ရီဟီ'ထက် အဆင့်မနိမ့်ပေ' ဟူ၍ မိန့်တော်မူထားပေသည်။ *[မဇ္ဒဟရီးကျမ်း]*

مَكَانًا سُوًى (ညီညာသောကွင်းပြင်) ဟူသော အာယသ်တော်တွင် ဖိရ်အောင်န်သည် ဟဇရသ်မူစာ ﷺ နှင့် အောက်လမ်းဆရာများ ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၏ စီမံကိန်းကို ကိုယ်တိုင်ရေးဆွဲလေသည်။ ဖိရ်အောင်န်ဘက်တော်သားများ၊ ဟဇရသ်မူစာ ﷺ နှင့် ဗနီအိစ်ရာအီလ်လူမျိုးတို့အတွက် ကွင်းပြင်အနေအထားအရ မည်သည့်ဘက်တော်သားအတွက်မှ များစွာ ဝေးကွာသော နေရာ၌ မရှိစေရန်ကို ထောက်ရှု၍ နေရာအနေအထား တစ်သတမတ်တည်း ရှိနိုင်မည့်နေရာကို ရွေးချယ်လိုက်လေသည်။ ဟဇရသ်မူစာ ﷺ သည် ယင်းအချက်ကို လက်ခံ၍ နေ့နှင့် အချိန်အား ဤသို့ သတ်မှတ်ပေးလိုက်လေသည်။

مَوْعِدُكُمْ يَوْمُ الزِّينَةِ وَأَنْ يُحْشَرَ النَّاسُ ضُحًى

အသင်တို့ ချိန်းဆိုသောနေ့သည် ပွဲနေ့ပင် ဖြစ်သည်။ ၎င်းပြင် လူတို့သည်လည်း နေတက်ချိန်၌ စုရုံးပြီး ဖြစ်ကြရမည်။ *[၂၀ : ၅၉]*

ပွဲနေ့၏ အလိုသဘောသည် 'အီးဒ်'နေ့လည်း ဖြစ်နိုင်သကဲ့သို့ အခြားသော ပွဲနေ့လည်း ဖြစ်နိုင်ပေသည်။ အကြင်နေ့၌ လူများစုရုံးကာ လာရောက်တတ်ကြပေသည်။ ထိုနေ့သည် မည်သည့်နေ့ဖြစ်သနည်း။ ယင်းအချက်နှင့် စပ်လျဉ်း၍ အကွဲအလွဲရှိကြပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက ဖိရ်အောင်န်ဘက်တော်သားတို့၏ 'အီးဒ်'နေ့တစ်ရက် ဖြစ်သည်။ အကြင်နေ့၌ ၎င်းတို့သည် အဝတ်အစား

အသစ်ကို ဝတ်ဆင်ကာ မြို့ပြင်သို့ ထွက်လေ့ရှိကြကြောင်းကို မိန့်တော်မူထားကြပေသည်။ အချို့သော အာလင်မ်ပညာရှင်များက 'နှစ်သစ်ကူး၏ လဆန်း (၁) ရက်နေ့' ဟူ၍ မိန့်ဆိုကြပေသည်။ အချို့သော ပညာရှင်များက စနေနေ့ဟူ၍ မိန့်တော်မူကြပေသည်။ အကြင်နေ့အား ၎င်းတို့သည် အရီအသေပေးကြပေသည်။ အချို့သော အာလင်မ်ပညာရှင်များက 'မုဟရ်ရမ်လ (၁၀) ရက်၊ အာရှူရာ' ဟူ၍ မိန့်ဆိုတော်မူထားကြပေသည်။

အကျိုးထူး ။ ။ ဟဇရေသ်မူစာ ﷺ သည် နေ့နှင့် အချိန်ကို သတ်မှတ်ရာ၌ အလွန်အမြော်အမြင်ရှိစွာဖြင့် အသုံးချလေသည်။ နေ့ကို 'အီးဒ်' နေ့အဖြစ် သတ်မှတ်လိုက်သည်။ အကြင်နေ့၌ လူတန်းစားအလွှာအသီးသီး၌ ရှိသော လူကြီး၊ လူငယ်များသည် အလျှင်ကတည်းက လာရောက်စုရုံးလေ့ ရှိကြသည်။ ဤစုရုံးမှုတွင် လူတို့သည် မြို့ပြည့်၊ မြို့လျှံ ဖြစ်သွားမည်အထိ ရှိနေမည်မှာ မုချ ဖြစ်တန်ကောင်းရာသည်။ အချိန်ကိုလည်း နေတက်ချိန်အဖြစ် သတ်မှတ်ထားပေသည်။ အကြင်အချိန်သည် နေမင်းမြင့်တက်ပြီးနောက် ရောက်ရှိလာသော အချိန်ဖြစ်ပေသည်။ အကြင်ကဲ့သို့သော အချိန်ကို သတ်မှတ်ရခြင်း၏ အကျိုးတစ်ရပ်မှာ လူအားလုံးတို့သည် မိမိတို့လိုအပ်သော ကိစ္စရပ်များကို ဆောင်ရွက်ပြီးစီးကာ ထိုကွင်းပြင်၌ လာရောက်ခြင်း လွယ်ကူစေရန်ဖြစ်သည်။ အခြားအကျိုးတစ်ရပ်မှာ 'ဤအချိန်သည် အလင်းရောင် ထင်ဟပ်လာခြင်းကို ထောက်ရှု၍ တစ်နေ့တာလုံး၏ အချိန်ထက် ပိုကောင်းပေသည်။ ဤကဲ့သို့သော အချိန်၌ စိတ်တည်ငြိမ်၊ စိတ်ဝင်စားစွာဖြင့် အရေးကြီးသော ကိစ္စရပ်ကို ဆောင်ရွက်ကြပေသည်။ ဤကဲ့သို့သော အချိန်၌ စုရုံးရောက်ရှိလာခြင်းဖြင့် လူစုပြန်ခွဲသော အချိန်၌ မြင်တွေ့ကြုံတွေ့ရသော ဖြစ်အင်အချက်အလက်များသည် ဝေးကွာသော အရပ်ဒေသထိတိုင် ရောက်ရှိပျံ့နှံ့သွားတတ်ပေသည်ဟူ၍ ဖြစ်သည်။ သို့ရှိရာ ထိုနေ့၌ အလ္လာဟ်အသျှင်မြတ်သည် ဟဇရေသ်မူစာ ﷺ ကို ဖိရ်အောင်နဲ၏ ဘက်တော်သား အောက်လမ်းအတတ်ပညာရှင်များအပေါ် လွှမ်းမိုးအောင်နိုင်မှု ပေးလိုက်သောအခါဝယ် တစ်နေ့အတွင်းမှာပင် တစ်မြို့လုံးသာမက အလွန်ဝေးကွာသော အရပ်ဒေသများထိတိုင် သတင်းပျံ့နှံ့သွားပေသည်။

'ဂျာဒူ' (အောက်လမ်း) ပညာ၏ အခြေခံဇစ်မြစ်၊ ၎င်း၏ အမျိုးအစားများနှင့် သာသနာတော်၏ အမိန့်

ဤအကြောင်းအရာကို အလွန်ကျယ်ပြန့်စွာဖြင့် စူရာဟ်ဗကရာဟ်၏ ဟာရူးသ်၊ မာရူးသ်တို့၏ ဖြစ်အင်၌ မအာရီဖွလ်ကုရ်အာန်ကျမ်းကြီး၏ အတွဲ (၁)၊ စာမျက်နှာ (၂၁၇) မှ (၂၂၃) ထိတိုင် ရှင်းလင်းတင်ပြပြီးဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

فَتَوَلّٰى فِرْعَوْنُ فَجَمَعَ كَيْدَهٗ ثُمَّ اَتٰى ﴿٦٠﴾

၂၀ း ၆၀ ။ ။ ထိုအခါ ဖိရ်အောင်န်သည် ပြန်သွားခဲ့လေသည်။ တစ်ဖန် ၎င်းသည် မိမိ၏ လှည့်ဂွက်ကြံစည်ချက်များကို စုဆောင်းပြီးနောက် (ချိန်းချက်ထားသော နေရာသို့) လာခဲ့လေသည်။

قَالَ لَهُمْ مُّوْسٰى وَيْلَكُمْ لَا تَفْتَرُوْا عَلَى اللّٰهِ كَذِبًا فَيُسْحِتَكُمْ بِعَذَابٍ ۚ وَقَدْ خَابَ مَنِ افْتَرٰى ﴿٦١﴾

၂၀ း ၆၁ ။ ။ (ထိုအခါ) မူစာက ယင်းပဉ္စလက် (စုန်း) ဆရာတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ 'အသင်တို့ အကျိုးယုတ်ပါစေ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ လိမ်ဆယ်စွပ်စွဲ၍ မုသားပြောဆိုခြင်းကို မပြုကြကုန်လင့်။ ထိုသို့ ပြုခဲ့ကြပါလျှင် အသျှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်ပေးတော်မူခြင်းအားဖြင့် လုံး၀ ပျက်စီးစေတော်မူမည်။ အမှန်စင်စစ် လိမ်ဆယ်ဖန်တီးသူသည် မျှော်လင့်သည့်အတိုင်း အထမမြောက်၍ မအောင်မြင်သောသူသာလျှင် ဖြစ်ပေမည်။'

فَتَنَازَعُوْٓا اَمْرَهُمْ بَيْنَهُمْ وَاَسَرُّوا النَّجْوٰى ﴿٦٢﴾

၂၀ း ၆၂ ။ ။ ထို့နောက် ယင်းပဉ္စလက် (စုန်း) ဆရာတို့သည် မိမိတို့၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ အချင်းချင်း ငြင်းခုံ ကွဲလွဲခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် (တမန်တော်မူစာ၏ သတိပေးစကားနှင့် ပတ်သက်၍) တိုးတိုးဆွေးနွေး ခဲ့ကြပြန်သည်။

قَالُوْٓا اِنْ هٰذٰنِ لَسٰحِرٰنِ يُرِيْدٰنِ اَنْ يُّخْرِجٰكُمْ مِّنْ اَرْضِكُمْ بِسِحْرِهِمَا وَيَذْهَبَا بِطَرِيْقَتِكُمُ الْمُثْلٰى ﴿٦٣﴾

၂၀ း ၆၃ ။ ။ (နောက်ဆုံးတွင် ဖိရ်အောင်န်၏ ဘေးအန္တရာယ်ကို ကြောက်ရွံ့ကာ) ၎င်းတို့သည် (ဤသို့) ပြောဆို (ဆုံးဖြတ်) ခဲ့ကြကုန်၏။ 'ကေန်စင်စစ် ဤ (မူစာနှင့် ဟာရူန်တို့) နှစ်ဦးမှာ ပဉ္စလက် (စုန်း) ဆရာနှစ်ဦးသာ ဖြစ်ကြကုန်၏။ ၎င်းတို့နှစ်ဦးသည် မိမိတို့၏ ပဉ္စလက် (စုန်း) အတတ်ဖြင့် အသင်တို့အား 'အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ကြရန် လည်းကောင်း၊ အသင်တို့၏ ကောင်းမွန် မြင့်မြတ်လှစွာသော (ဘာသာအယူ၀ါဒ ထုံးတမ်းစဉ်လာ) ယဉ်ကျေးမှုတို့ကို ဖျက်ဆီး ပစ်ကြရန်လည်းကောင်း ကြံရွယ်ကြကုန်၏။'

فَاَجْمِعُوْا كَيْدَكُمْ ثُمَّ ائْتُوْا صَفًّا ۚ وَقَدْ اَفْلَحَ الْيَوْمَ مَنِ اسْتَعْلٰى ﴿٦٤﴾

၂၀ း ၆၄ ။ ။ 'သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ကြံစည်ချက်များကို စုဆောင်းပြီးလျှင် စီတန်း၍ လာကြလေကုန်။ အကြောင်းမှာ ယနေ့ အနိုင်ရသော သူသည်သာလျှင် အောင်မြင်သောသူ အမှန်ဖြစ်ပေမည်' ဟု ဆိုကြလေ၏။

قَالُوا يَٰمُوسَىٰٓ إِمَّآ أَن تُلْقِيَ وَإِمَّآ أَن نَّكُونَ أَوَّلَ مَنْ أَلْقَىٰ ﴿٦٥﴾

၂၀ : ၆၅ ။ ။ (ထို့နောက်) ယင်းပဉ္စလက် (စုန်း) ဆရာတို့က 'အို၊ မူစာ၊ အသင်သည် (မိမိ၏ တောင်ဝှေးကို ဦးစွာ) ပစ်ချမည်လော။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည်ပင် ဦးစွာပထမ (မိမိတို့၏ ကြိုးများ၊ တုတ်ရှည်များကို) ပစ်ချကြရမည်လော' ဟု ပြောဆိုခဲ့ကြလေသည်။

قَالَ بَلْ أَلْقُوا۟ ۖ فَإِذَا حِبَالُهُمْ وَعِصِيُّهُمْ يُخَيَّلُ إِلَيْهِ مِن سِحْرِهِمْ أَنَّهَا تَسْعَىٰ ﴿٦٦﴾

၂၀ : ၆၆ ။ ။ ယင်း (မူစာ) က 'ထိုသို့မဟုတ်၊ အသင်တို့ပင် (ဦးစွာ) ပစ်ချကြလော့' ဟု ပြောကြားခဲ့လေသည်။ ထိုအခါ ၎င်းတို့၏ ပဉ္စလက် (စုန်း) အတတ်ကြောင့် ထိုသူတို့၏ ကြိုးများသည်လည်းကောင်း၊ ထိုသူတို့၏ တုတ်ရှည်များသည် လည်းကောင်း ယင်း (မူစာ) ၏အမြင်၌ လှုပ်ရှားပြေးလွှားနေကြသည်ဟု ထင်ရလေသည်။

فَأَوْجَسَ فِى نَفْسِهِۦ خِيفَةً مُّوسَىٰ ﴿٦٧﴾

၂၀ : ၆၇ ။ ။ သို့ဖြစ်ပေရာ မူစာသည် မိမိ၏ စိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။

قُلْنَا لَا تَخَفْ إِنَّكَ أَنتَ ٱلْأَعْلَىٰ ﴿٦٨﴾

၂၀ : ၆၈ ။ ။ (ထိုအခါ) ငါအသျှင်မြတ်သည် (မူစာအား၊ ဤသို့) မိန့်ကြားတော်မူခဲ့၏။ (အို၊ မူစာ) 'အသင်သည် မကြောက်လေနှင့်။ စေကန်မလွဲ အသင်သည်သာလျှင် အောင်နိုင်သူ ဖြစ်ပေမည်။'

وَأَلْقِ مَا فِى يَمِينِكَ تَلْقَفْ مَا صَنَعُوٓا۟ ۖ إِنَّمَا
صَنَعُوا۟ كَيْدُ سَٰحِرٍ ۖ وَلَا يُفْلِحُ ٱلسَّاحِرُ حَيْثُ أَتَىٰ ﴿٦٩﴾

၂၀ : ၆၉ ။ ။ ၎င်းပြင် အသင်သည် မိမိ၏ လက်ျာလက်ထဲ၌ရှိသော အကြင်အရာ (တောင်ဝှေး) ကို ပစ်ချပါလေ။ ယင်း (တောင်ဝှေး) သည် ထိုပဉ္စလက် (စုန်း) ဆရာတို့ ကြံစည် ပြုလုပ်ထားသည်တို့ကို ဝါးမြိုပေလိမ့်မည်။ စင်စစ် ၎င်းတို့ ကြံစည်ပြုလုပ်ခဲ့သမျှတို့သည် ပဉ္စလက် (စုန်း) ဆရာ (တို့) ၏ ပရိယာယ်မျှသာ ဖြစ်ချေသည်။ အမှန်စင်စစ် ပဉ္စလက် (စုန်း) ဆရာဟူသည် မည်သည့်နေရာသို့ သွားခဲ့စေကာမူ၊ အောင်မြင်သည်ဟူ၍ မရှိချေ။

فَأُلْقِىَ ٱلسَّحَرَةُ سُجَّدًا قَالُوٓا۟ ءَامَنَّا بِرَبِّ هَٰرُونَ وَمُوسَىٰ ﴿٧٠﴾

၂၀ : ၇၀ ။ ။ ထို့နောက် ပဉ္စလက် (စုန်း) ဆရာတို့သည် 'စဂျ်ဒဟ်' ၌ ကျသွားကာ (ပျပ်ဝပ်ဦးချ၍) 'ကျွန်ုပ်တို့သည် (နဗီတမန်တော်) ဟာရူန်နှင့် (နဗီတမန်တော်) မူစာတို့၏ အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြပေပြီ' ဟု ပြောဆိုခဲ့ကြလေသည်။

قَالَ اٰمَنْتُمْ لَهٗ قَبْلَ
اَنْ اٰذَنَ لَكُمْ ۚ اِنَّهٗ لَكَبِيْرُكُمُ الَّذِيْ عَلَّمَكُمُ السِّحْرَ ۚ فَلَاُقَطِّعَنَّ
اَيْدِيَكُمْ وَاَرْجُلَكُمْ مِّنْ خِلَافٍ وَّلَاُوصَلِّبَنَّكُمْ فِيْ جُذُوْعِ النَّخْلِ
وَلَتَعْلَمُنَّ اَيُّنَآ اَشَدُّ عَذَابًا وَّاَبْقٰى ﴿٧١﴾

၂၀ : ၇၁॥ ॥ (ထိုအခါ) ယင်း (ဖိရ်အောင်န်) က (ဤသို့) ပြောဆို (ကြိမ်းမောင်း) ခဲ့လေသည်။ 'အသင်တို့သည် ကျွန်ုပ် ခွင့်မပြုမီ ယင်း (မူစာ) အား ယုံကြည်ခဲ့ကြလေပြီ။ ဧကန်စင်စစ် ယင်း (မူစာ) သည် အသင်တို့အား ပဉ္စလက် (စုန်း) အတတ်ပညာကို သင်ကြားပေးခဲ့သော (ဆရာ) အကြီးအကဲပင် ဖြစ်၏။ သို့ဖြစ်ပေရာ ဧကန်အမှန် ကျွန်ုပ်သည် အသင်တို့၏ လက်များကိုလည်းကောင်း၊ ခြေများကိုလည်းကောင်း၊ (လက်ျာ၊ လက်ဝဲ) ဘက်လွဲ၍ ဖြတ်တောက်မည်ဖြစ်ပေသည်။ ၎င်းပြင် ဧကန်မလွဲ ကျွန်ုပ်သည် အသင်တို့အား စွန်ပလွံပင်များ၌ ကားစင်တင်မည်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် ကျွန်ုပ်တို့အနက် မည်သူ၏ အပြစ်ဒဏ်သည် ပို၍ ပြင်းထန်သည်ကိုလည်းကောင်း ပို၍ ကြာရှည် တည်မြဲသည်ကိုလည်းကောင်း အမှန်ပင် သိရှိကြပေမည်။'

قَالُوْا لَنْ نُّؤْثِرَكَ عَلٰى مَا
جَآءَنَا مِنَ الْبَيِّنٰتِ وَالَّذِيْ فَطَرَنَا فَاقْضِ مَآ اَنْتَ قَاضٍ ۗ
اِنَّمَا تَقْضِيْ هٰذِهِ الْحَيٰوةَ الدُّنْيَا ﴿٧٢﴾

၂၀ : ၇၂॥ ॥ ထိုပဉ္စလက် (စုန်း) ဆရာတို့က (ဤသို့) ပြောကြားခဲ့လေ၏။ (အို၊ ဖိရ်အောင်န်) 'ကျွန်ုပ်တို့သည် အသင့်အား မိမိတို့ထံ ရောက်ရှိလာသော သက်သေသာဓကများထက်လည်းကောင်း၊ ကျွန်ုပ်တို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ်ထက်လည်းကောင်း နှစ်သက်ဦးစားပေးရန် အလျှင်းမဖြစ်နိုင်တော့ပေ။ သို့ဖြစ်ပေရာ အသင်သည် မိမိ၏ စီရင်ပြဋ္ဌာန်းလိုသည်ကို စီရင်ပြဋ္ဌာန်းပါလေ။ (စင်စစ်မှာမူ) အသင်သည် ဤမျက်မှောက်လောကီဘဝ၌သာ စီရင်ပြဋ္ဌာန်းနိုင်မည် ဖြစ်ပေသည်'

اِنَّآ اٰمَنَّا بِرَبِّنَا لِيَغْفِرَ لَنَا
خَطٰيٰنَا وَمَآ اَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ ۗ وَاللّٰهُ خَيْرٌ وَّاَبْقٰى ﴿٧٣﴾

၂၀ : ၇၃॥ ॥ 'ဧကန်မလွဲ ကျွန်ုပ်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့၏ ပြစ်မှုများကိုလည်းကောင်း၊ ကျွန်ုပ်တို့အား ပဉ္စလက် (စုန်း) အတတ်နှင့် စပ်လျဉ်း၍ အတင်းအကြပ် အသင် ပြုလုပ်စေခဲ့သည်ကိုလည်းကောင်း ခွင့်လွှတ်ချမ်းသာပေးတော်မူပါရန် ကျွန်ုပ်တို့၏ အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြချေပြီ။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အမွန်မြတ်ဆုံး၊ အမြဲဆုံး ဖြစ်တော်မူပေသည်' ဟု ဖြေကြားခဲ့ကြလေသည်။

إِنَّهُۥ مَن يَأْتِ رَبَّهُۥ مُجْرِمًا فَإِنَّ لَهُۥ جَهَنَّمَ لَا يَمُوتُ فِيهَا وَلَا يَحْيَىٰ ﴿٧٤﴾

၂၀ : ၇၄ ။ ။ ကေန်စင်စစ် မည်သူမဆို မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ထံတော်သို့ အပြစ်ရှိသူအဖြစ် ရောက်ရှိပါလျှင် ကေန်မလွဲ ထိုသူ၏ အဖို့ 'ဂျဟန္နမ်'ငရဲဘုံသည်သာလျှင် ရှိပေမည်။ ထိုသူသည် ယင်း 'ဂျဟန္နမ်'ငရဲဘုံ၌ အသက်သေဆုံးမည်လည်း မဟုတ်ပေ။ အသက်ရှင်မည်လည်း မဟုတ်ချေ။

وَمَن يَأْتِهِۦ مُؤْمِنًا قَدْ عَمِلَ ٱلصَّٰلِحَٰتِ فَأُو۟لَٰٓئِكَ لَهُمُ ٱلدَّرَجَٰتُ ٱلْعُلَىٰ ﴿٧٥﴾

၂၀ : ၇၅ ။ ။ သို့ရာတွင် အကြင်သူသည် ထိုအသျှင်မြတ်ထံတော်သို့ ကေန်အမှန် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့သည့် မုအ်မင်န်သက်ဝင် ယုံကြည်သူအဖြစ် ရောက်ရှိလာသည်ရှိသော် ထိုကဲ့သို့သော သူတို့အဖို့ မြင့်မြတ်လှစွာသော အဆင့်အတန်းများသည် ရှိပေမည်။

جَنَّٰتُ عَدْنٍ تَجْرِى مِن تَحْتِهَا
ٱلْأَنْهَٰرُ خَٰلِدِينَ فِيهَا ۚ وَذَٰلِكَ جَزَآءُ مَن تَزَكَّىٰ ﴿٧٦﴾

၂၀ : ၇၆ ။ ။ ထာဝစဉ် နေထိုင်ရမည့် ဥယျာဉ်များ ရှိပေမည်။ ယင်းဥယျာဉ်များ၏အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ အမြဲနေထိုင်ကြရပေမည်။ စင်စစ် ဤသည် သန့်ရှင်းစင်ကြယ် အပြစ်ကင်းခဲ့သော သူ၏ အကျိုးပင် (ဖြစ်၏။)

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ဤစကားကို ကြားကာ) ထိုအချိန်တွင် ဖိရ်အောင်န်သည် (နန်းရင်ပြင်မှ မိမိ၏ အဆောင်ရှိရာဆီသို့) ပြန်သွားခဲ့လေသည်။ တစ်ဖန် ၎င်းသည် မိမိ၏ (အောက်လမ်းအတတ်နှင့် စပ်လျဉ်းသော) လှည့်ကွက်ကြံစည်ချက်များကို စုဆောင်းပြီးနောက် (အားလုံးကို ခေါ်ဆောင်ကာ ချိန်းချက်ထားသော နေရာသို့) လာခဲ့လေသည်။ (ထိုအခါ) မူစာ ﷺ က ယင်းပဉ္စလက် (စုန်း) ဆရာတို့အား (ဤသို့) ပြောကြားခဲ့လေသည်။ 'အသင်တို့အကျိုးယုတ်ပါစေ။ အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌ (ထိုအသျှင်မြတ် တည်ရှိခြင်း သို့မဟုတ် 'သောင်ဟီးဒ်' (တစ်ပါးတည်းတည်ရှိခြင်းတရားတို့အား ငြင်းဆို၍သော်လည်းကောင်း၊ သို့မဟုတ် ထိုအသျှင်မြတ်၏ ဘက်တော်မှ ထုတ်ဖော်ပြသပေးထားသော 'မုအ်ဂျဇာဟ်'တန်ခိုးတော်များ) ကို 'ဂျာဒူ'ဟူ၍ ပြောဆို၍သော်လည်းကောင်း) လီဆယ်စွပ်စွဲ၍ မုသားပြောဆိုခြင်းကို မပြုကြကုန်လင့်။ ထိုသို့ ပြုခဲ့ကြပါလျှင် ထိုအသျှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်ပေးတော်မူခြင်းအားဖြင့် လုံးဝ ပျက်စီးစေတော်မူမည်။ အမှန်စင်စစ် လီဆယ်ဖန်တီးသူသည် (နောက်ဆုံး) မျှော်လင့်သည့်အတိုင်း အထမမြောက်၍ မအောင်မြင်သောသူသာလျှင် ဖြစ်ပေမည်။ ထို့နောက် ယင်းပဉ္စလက် (စုန်း) ဆရာတို့သည် (ဤစကားကို

ကြားရာ ထိုနဗီနှစ်ပါးအား) မိမိတို့ အရေးကိစ္စနှင့် စပ်လျဉ်း၍ အချင်းချင်း ငြင်းခုံကွဲလွဲခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် (တမန်တော်မူစာ ﷺ ၏ သတိပေးစကားနှင့် ပတ်သက်၍) တီးတိုးဆွေးနွေး ခဲ့ကြပြန်သည်။ (နောက်ဆုံးတွင် ဖိရ်အောင်န်၏ ဘေးအန္တရာယ်ကို ကြောက်ရွံ့ကာ) ၎င်းတို့သည် ဤသို့ တစ်ပြိုင်နက်တည်း) ပြောဆို (ဆုံးဖြတ်) ခဲ့ကြကုန်၏။ ဧကန်စင်စစ် ဤ (မူစာနှင့် ဟာရူန်တို့) နှစ်ဦးမှာ ပဥ္စလက် (စုန်း) ဆရာနှစ်ဦးသာ ဖြစ်ကြကုန်၏။ ၎င်းတို့နှစ်ဦးသည် မိမိတို့၏ ပဥ္စလက် (စုန်း) အတတ်ဖြင့် အသင်တို့အား အသင်တို့၏ တိုင်းပြည်မှ နှင်ထုတ်ကြရန်လည်းကောင်း၊ အသင်တို့၏ ကောင်းမွန်မြင့်မြတ် လှစွာသော (ဘာသာအယူဝါဒ ထုံးတမ်းစဉ်လာ) ယဉ်ကျေးမှုတို့ကို ဖျက်ဆီးပစ်ကြရန်လည်းကောင်း ကြံရွယ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ကြံစည်ချက်များကို စုဆောင်းပြီးလျှင် (ယှဉ်ပြိုင်ရန်) စီတန်း၍ လာကြလေကုန်။' အကြောင်းမူ 'ယနေ့ အနိုင်ရသောသူသည်သာလျှင် အောင်မြင်သောသူ အမှန်ဖြစ်ပေမည်'ဟု ဆိုကြလေ၏။

(ထို့နောက်) ယင်းပဥ္စလက် (စုန်း) ဆရာတို့က 'အို့, မူစာ၊ (အသင်ပြောပါ။) အသင်သည် (မိမိ၏ တောင်ဝေှးကို ဦးစွာ) ပစ်ချမည်လော။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည်ပင် ဦးစွာပထမ (မိမိတို့၏ ကြိုးများ၊ တုတ်ရှည်များကို ပစ်ချကြရမည်လော'ဟု ပြောဆိုခဲ့ကြလေသည်။ ယင်း (မူစာ) က (အလွန် ဂရုမမူစွာဖြင့်) 'ထိုသို့မဟုတ် အသင်တို့ပင် (ဦးစွာ) ပစ်ချကြလော့'ဟု ပြောကြားခဲ့လေသည်။ (သို့ရှိရာ ၎င်းတို့သည် မိမိတို့၏ ကြိုးများနှင့် တုတ်ရှည်များကို ပစ်ချကြကာ မျက်လှည့်အတတ်ဖြင့် ပြုလုပ်ပြသ လိုက်လေသည်။) ထိုအခါ ၎င်းတို့၏ ပဥ္စလက် (စုန်း) အတတ်ကြောင့် ထိုသူတို့၏ ကြိုးများသည်လည်း ကောင်း၊ တုတ်ရှည်များသည်လည်းကောင်း ယင်း (မူစာ) ၏ အမြင်၌ (မြွေများအသွင်ဖြင့်) လှုပ်ရှား ပြေးလွှားနေကြသည်ဟု ထင်ရလေသည်။ သို့ဖြစ်ပေရာ မူစာသည် မိမိ၏ စိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။ (ကြည့်ရှုရာ၌ ဤကြိုးများနှင့် တုတ်ရှည်များသည် မြွေအဖြစ် ထင်မှတ်နေရပေသည်။ ကျွန်ုပ်၏ တောင်ဝေှးသည်လည်း များစွာသော မြွေများဖြစ်ပေါ်သွားလျှင် မြွေတန်းစားနှစ်ရပ်စလုံးကို တစ်ရပ်တည်းဟူ၍ မှတ်ယူသွားကြပေလိမ့်မည်။ သို့ဆိုလျှင် အမှန်နှင့် အမှားကို မည်သို့ ခွဲခြားနိုင်ပေမည်နည်း။ ဤကြောက်ရွံ့မှုသည် လူ့သဘာဝအလျောက် ဖြစ်ပေါ်လာသော ကြောက်ရွံ့မှုဖြစ်သည်။ သို့တည်းမဟုတ် ဟဇရသ်မူစာ ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် ဤသို့ အမိန့်ရှိထားတော်မူလျှင် ယင်းအမိန့်တော်၏ အတိမ်အနက်အားလုံးကိုလည်း စီမံပေးတော်မူမည်ဖြစ်ကြောင်းနှင့် မိမိ၏ ရစူလ်တမန်တော်အားလည်း ကူညီ တော်မူမည့်အကြောင်း'ကို အကြွင်းမဲ့ ယုံကြည်ထားလေသည်။ ဤကြောက်ရွံ့မှုသည် သဘာဝကြောက်စိတ် သာ ဖြစ်ပြီး သို့လောသို့လောအဆင့်၌သာ ရှိပေသည်။ ရစူလ်ဖြစ်ခြင်း၏ ပြည့်ဝသော ဂုဏ်ရှိန်၊ ဂုဏ်ဝါ အဟန့်အတားဖြစ်စေသည့် အရာလည်း မဟုတ်ပေ။ အချုပ်မှာ ဤသို့ ကြောက်ရွံ့မှုဖြစ်နေသောအချိန်၌ ထိုအခါ) ငါအသျှင်မြတ်သည် (မူစာအား ဤသို့) မိန့်ကြားတော်မူခဲ့၏။

(အို့, မူစာ) အသင်သည် မကြောက်လေနှင့်။ ဧကန်မလွဲ အသင်သည်သာလျှင် အောင်နိုင်သူ ဖြစ်ပေမည်။ (အောင်နိုင်ခြင်း၏ ပုံစံမှာ ဤသို့တည်း။) ၎င်းပြင် အသင်သည် မိမိ၏ လကျ်ာလက်ထဲ၌

ရှိသော အကြွင်အရာ (တောင်ဝှေး) ကို ပစ်ချပါလေ။ ယင်း (တောင်ဝှေး) သည် ထိုပဉ္စလက် (စုန်း) ဆရာတို့ ကြံစည်ပြုလုပ်ထားသည့် (အမြင်အသွင်ပြောင်းသွားသည့် အရာတို့) ကို ဝါးမြိုပေလိမ့်မည်။ စင်စစ် ၎င်းတို့ကြံစည်ပြုလုပ်ခဲ့သမျှတို့သည် ပဉ္စလက် (စုန်း) ဆရာ (တို့) ၏ ပရိယာယ်မျှသာ ဖြစ်ချေသည်။ အမှန်စင်စစ် ပဉ္စလက် (စုန်း) ဆရာဟူသည် မည်သည့်နေရာသို့ သွားခဲ့စေကာမူ ('မုအ်ဂျေဇာဟ်' တန်ခိုးတော်နှင့် ယှဉ်ပြိုင်ရာ၌ မည်သည့်အခါမျှ) အောင်မြင်သည်ဟူ၍ မရှိချေ။ (ဟဇရသ်မူစာ عليه السلام သည် 'ယခုခွဲခြမ်းစိတ်ဖြာမှုကို ကောင်းစွာ သိမြင်နိုင်ပေသည်' ဟူ၍ ဖြေသိမ့်မှု ရရှိသွားပေသည်။ သို့ရှိရာ ၎င်းသည် တောင်ဝှေးကို ချလိုက်လေရာ အမှန်တကယ်ပင် ထိုမြွေကြီးသည် အသွင်ဆောင်လျက်ရှိနေသော မြွေအားလုံးကို မြိုချလိုက်လေသည်။) ထို့နောက် ပဉ္စလက် (စုန်း) ဆရာတို့သည် (ဤဂျာဒူ အတတ်ပညာထက်မြင့်သော ဖြစ်အင်ကို တွေ့မြင်ကာ 'ဤအရာသည် ကေန်အမှန် 'မုအ်ဂျေဇာဟ်' ဖြစ်ပေသည်' ဟူ၍ မှတ်ယူကြကာ ချက်ချင်း အားလုံးသောသူတို့သည်) 'စဂ်ျဒဟ်' ပြုလုပ်ကာ (ပျပ်ဝပ်ဦးချ၍ အသံကျယ်လောင်စွာ) 'ကျွန်ုပ်တို့သည် (နဗီတမန်တော်) ဟာရူးန်နှင့် (နဗီတမန်တော်) မူစာ (တို့၏) အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြလေပြီ' ဟု ပြောဆိုခဲ့ကြလေသည်။ (ထိုအခါ) ယင်း (ဖိရ်အောင်န်) က (ဤမြင်ကွင်းကို တွေ့မြင်၍ ပဉ္စလက်ဆရာတို့အား ကြိမ်မောင်းခြိမ်းခြောက်ကာ) ပြောဆိုခဲ့လေသည်။ 'အသင်တို့သည် ကျွန်ုပ် ခွင့်မပြုမီပင် (သဘောမတူဘဲ) ယင်း (မူစာ) အား ယုံကြည်ခဲ့ကြလေပြီ။ ကေန်စင်စစ် ယင်း (မူစာ) သည် အသင်တို့အား ပဉ္စလက် (စုန်း) အတတ်ပညာကို သင်ကြားပေးခဲ့သော (ဆရာ) အကြီးအကဲပင် ဖြစ်၏ (ဟူ၍ မှတ်ယူနိုင်ပေအံ့။ ဆရာနှင့် တပည့်တို့သည် ပုန်ကန်မှုကို ပြု၍ အုပ်ချုပ်မှုရရှိရန် ပူးပေါင်းကြံစည်ထားခြင်း ဖြစ်ကြပေသည်။) သို့ဖြစ်ပေရာ (ယခု အခြေခံဇစ်မြစ်အချက်ကို သိရှိရလေပြီ) ကေန်စင်စစ် ကျွန်ုပ်သည် အသင်တို့၏ လက်များကိုလည်းကောင်း၊ ခြေများကိုလည်းကောင်း (လက်ျာ၊ လက်ဝဲ) ဘက်လွှဲ၍ ဖြတ်တောက်မည် ဖြစ်ပေသည်။ ၎င်းပြင် ကေန်မလွဲ ကျွန်ုပ်သည် အသင်တို့အား စွန်ပလွံပင်များ၌ (အခြားသူများ သံဝေဂတရား ရရှိစေရန်) ကားစင်တင်မည်ဖြစ်သည်။ ထို့ပြင် အသင်တို့သည် (မူစာအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်နှင့်) ကျွန်ုပ်တို့အနက် မည်သူ၏ အပြစ်ဒဏ်သည် ပို၍ ပြင်းထန်သည်ကိုလည်းကောင်း၊ ပို၍ ကြာရှည်တည်မြဲသည်ကိုလည်းကောင်း အမှန်ပင် သိရှိကြပေမည်။

ထိုပဉ္စလက် (စုန်း) ဆရာတို့က (ဤသို့) ပြောကြားခဲ့လေ၏။ '(အို့၊ ဖိရ်အောင်န်) ကျွန်ုပ်တို့သည် အသင့်အား မိမိတို့ထံ ရောက်ရှိလာသော သက်သေသာဓကများထက်လည်းကောင်း၊ ကျွန်ုပ်တို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ်ထက်လည်းကောင်း နှစ်သက်ဦးစားပေးရန် အလျှင်း မဖြစ်နိုင်တော့ပေ။ သို့ဖြစ်ပေရာ အသင်သည် မိမိ၏ စီရင်ပြဋ္ဌာန်းလိုသည်ကို (စိတ်ကြိုက်) စီရင်ပြဋ္ဌာန်းပါလေ။ (စင်စစ်မှာမူ) အသင်သည် ဤမျက်မှောက်လောကီဘဝ၌သာ စီရင်ပြဋ္ဌာန်းနိုင်မည် ဖြစ်ပေသည်။ ကေန်မလွဲ ကျွန်ုပ်တို့သည် မိမိတို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်အား ထိုအသျှင်မြတ်သည် ကျွန်ုပ်တို့၏ (အတိတ်ခေတ်ကာလက ပြုကျင့်ခဲ့သော ကုဖွ်ရ် (သွေဖည်ငြင်းဆိုမှု) အစရှိသော ပြစ်မှုများကိုလည်းကောင်း၊ ကျွန်ုပ်တို့အား ပဉ္စလက် (စုန်း) အတတ် (၏ အမှုကိစ္စ) နှင့် စပ်လျဉ်း၍ အတင်းအကြပ် အသင် ပြုလုပ်စေခဲ့သည်ကိုလည်းကောင်း

ခွင့်လွှတ်ချမ်းသာပေးတော်မူပါရန် ကျွန်ုပ်တို့၏ အသျှင်မြတ်အား သက်ဝင်ယုံကြည်ခဲ့ကြချေပြီ။ စင်စစ်မှာမူ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် ('ဇားသ်'ပင်ကိုယ် ဇာတိတော်) နှင့် ဂုဏ်တော်များကို ထောက်ရှုမည် ဆိုလျှင်လည်း အသင့်ထက်) အမွန်မြတ်ဆုံး (ပြစ်ဒဏ်ပေးခြင်းနှင့် အကျိုးစဝါးမ် ချီးမြှင့်ရာ၌လည်း) အမြဲဆုံး ဖြစ်တော်မူပေသည်။ (အသင့်ထံ၌ ကောင်းချီးနှင့် တည်မြဲမှုမရှိလေရာ အသင် ကတိပြုထားသော ဆုလာဘ်တော်သည် မည်သည့်အရာနည်း။ အသင် ခြိမ်းခြောက်လျက်ရှိသော အပြစ်ဒဏ်သည် မည်သို့နည်း' ဟူ၍ ပြောဆိုခဲ့ကြသည်။ (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ချီးမြှင့်တော်မူမည်ဖြစ်သော အကျိုးစဝါးမ် နှင့် ပြစ်ဒဏ်သည် တည်မြဲတော်မူပေရာ ထိုအသျှင်မြတ်၏ ဥပဒေအမိန့်မှာ) ဧကန်စင်စစ် မည်သူမဆို မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ (ကုဖွရ်ကို ကျူးလွန်ပြုလုပ်သော တရားခံ) အဖြစ် ရောက်ရှိပါလျှင် ဧကန်မလွဲ ထိုသူ၏အဖို့ 'ဂျဟန္နမ်'ငရဲဘုံသည်သာလျှင် (သတ်မှတ်ထားခြင်း) ရှိပေသည်။ ထိုသူသည် ယင်း 'ဂျဟန္နမ်'၏ ငရဲဘုံ၌ အသက်သေဆုံးမည်လည်း မဟုတ်ပေ။ အသက်ရှင် မည်လည်း မဟုတ်ချေ။ (မသေဆုံးခြင်းသည် ထင်ရှားပေသည်။ မရှင်ခြင်းမှာ သက်တောင့်သက်သာစွာဖြင့် နေထိုင်ရမည်မဟုတ်ဟူသော အချက်ကို ဆိုလိုခြင်းဖြစ်ပေသည်။) သို့ရာတွင် အကြင်သူသည် ထိုအသျှင် မြတ်ထံတော်သို့ ဧကန်အမှန် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့သည့် မုအ်မင်န် သက်ဝင်ယုံကြည်သူအဖြစ် ရောက်ရှိလာသည်ရှိသော် ထိုကဲ့သို့သောသူတို့အဖို့ မြင့်မြတ်လှစွာသော အဆင့် အတန်းများသည် ရှိပေမည်။ ထာဝစဉ်နေထိုင်ရမည့် ဥယျာဉ်များလည်း ရှိပေမည်။ ယင်းဥယျာဉ်များ၏ အောက်မှ စမ်းရေချောင်းများသည် စီးတွေလျက် ရှိကြပေမည်။ (၎င်းတို့သည်) ယင်းဥယျာဉ်များ၌ အမြဲ နေထိုင်ကြရပေမည်။ စင်စစ် (သွေဖည်ငြင်းဆိုခြင်းနှင့် ပြစ်မှုဒုစရိုက်တို့မှ) သန့်ရှင်းစင်ကြယ် အပြစ်ကင်းခဲ့ သော သူ၏ အကျိုးပင် (ဖြစ်၏။) သို့ရှိရာ ထိုဥပဒေသနှင့် လျော်ညီစွာ ကျွန်ုပ်တို့သည် ကုဖွရ် (သွေဖည်ငြင်းဆို မှု) ကို စွန့်လွှတ်၍ အီမာန်ကို ရယူရွေးချယ်လိုက်ခြင်း ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

فَجَمَعَ كَيْدَهٗ

(တစ်ဖန် ၎င်းသည် မိမိ၏ လျှို့ဝှက်ကြံစည်ချက်များကို စုဆောင်းပြီး) ဖိရ်အောင်န်သည် မိမိ၏ လျှို့ဝှက်အကြံအစည် ဆိုလိုသည်မှာ ဟဇရသ်မူစာ عليه السلام နှင့် ယှဉ်ပြိုင်ရန် စီမံချက်အား ရေးဆွဲရာတွင် အောက်လမ်းစုန်းဆရာများနှင့် ၎င်းတို့လိုအပ်သော ကိရိယာတန်ဆာပလာများကို စုဆောင်းလေသည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးထံမှ ထိုစုန်းဆရာများ၏ အရေအတွက် (၇၂) ဦး ဖြစ်သည်ဟူ၍ လာရှိထားပေသည်။ ၎င်းတို့၏ အရေအတွက်နှင့် စပ်လျဉ်း၍ အဆိုအမျိုးမျိုး ကွဲပြားနေသည်။ (၄၀၀) မှ (၉) သိန်းထိတိုင် အရေအတွက်တို့ကို ဆင့်ပြန့်ထားကြပေသည်။ ဤသူတို့အားလုံးသည် မိမိတို့၏ ခေါင်းဆောင်

ဖြစ်သော ရှမ်အုန်၏ လက်အောက်၌ ၄င်း၏ အမိန့်နှင့်အညီ ပြုမူဆောင်ရွက်ကြလေသည်။ ၄င်းတို့၏ ခေါင်းဆောင်သည် မျက်ကန်းတစ်ဦးဖြစ်ကြောင်းကို အဆိုစမှတ် ပြုကြလေသည်။ အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။ *[ကုရ်သုဗီးကျမ်း]*

ရုဗ္ဗလ်ဖြစ်ခြင်းအသွင်နှင့် ဟဇရတ်မူစာ عليه السلام သည် စုန်းဆရာများအား မိန့်ခြွေချက်

အောက်လမ်းစုန်း အတတ်ပညာနှင့် 'မုအ်ဂျေဇာဟ်'တို့၏ ပြိုင်ပွဲကို မစမီအလျင်၌ပင် ဟဇရတ်မူစာ عليه السلام သည် စုန်းဆရာများကို ကိုယ်ချင်းစာတရားနှင့် ဆုံးမသြဝါဒစကားများကို ပေးကာ အလ္လာဟ်အသျှင်မြတ်၏ 'အဇားဗ်'အပြစ်ဒဏ်တော်မှ ခြိမ်းခြောက်တော်မူပေသည်။ ထိုစကားလုံးများမှာ–

وَيْلَكُمْ لَا تَفْتَرُوْا عَلَى اللهِ كَذِ بًا فَيُسْحِتَكُمْ بِعَذَ ا بٍ وَقَدْ خَا بَ مَنِ افْتَرٰى

အသင်တို့၏ အကျိုးယုတ်မှုသည် ရှေ့မှောက်သို့ ရောက်ရှိပြီဖြစ်သည်။ အသင်တို့သည် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌ ဖိရ်အောင်န်ကိုသော်လည်းကောင်း၊ သို့မဟုတ် အခြားသော တစ်စုံတစ်ရာကိုသော်လည်းကောင်း ယှဉ်တွဲ ဖက်စပ်ခြင်းဟူသော ပုံစံမျိုးဖြင့် အလ္လာဟ်အသျှင်မြတ်အပေါ် လီဆယ်စွပ်စွဲ၍ မုသားပြောဆိုခြင်းကို မပြုကြကုန်လင့်။ ထိုသို့ ပြုခဲ့ကြပါလျှင် ထိုအသျှင်မြတ်သည် အသင်တို့အား ပြစ်ဒဏ်ပေးတော်မူခြင်းအားဖြင့် လုံးဝ ပျက်စီးစေတော်မူမည်။ အသင်တို့ကို အမြစ်မှ လှန်၍ ချေမှုန်းတော်မူပေလိမ့်မည်။ အမှန်စင်စစ် လီဆယ်ဖန်တီးသူသည် မျှော်လင့်သည့်အတိုင်း အထမမြောက်၍ မအောင်မြင်သောသူသာလျှင် ဖြစ်ပေမည်။ *[၂၀ : ၆၁]*

ဖိရ်အောင်န်၏ မိစ္ဆာဆန်သည့် စွမ်းအားနှင့် အခြွေအရံများကို အကြောင်းပြု၍ ကွင်းပြင်အတွင်း၌ လူမည်မျှ ရောက်ရှိပြီးဖြစ်နေကြောင်းမှာ ထင်ရှားလှပေသည်။ ထိုမိန့်မြွက်ပြောကြားချက်သည် ၄င်းတို့အပေါ် အနည်းငယ်မျှ အကျိုးတရား သက်ရောက်စေခြင်သည်ပင် ဝေးကွာလှပေသည်။ သို့ရာတွင် နဗီတမန်တော်များနှင့် ၄င်းတို့နောက်လိုက်များနှင့်အတူ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ လျှို့ဝှက်သော ဂုဏ်ရှိန်အင်အားသည် မြုပ်ကွယ်နေပေသည်။ ၄င်းတို့၏ ရိုးရှင်းသော စကားလုံးများသည်လည်း အလွန်ခက်ထန် မာကျောသော စိတ်နှလုံးသားများကိုပင် အကျိုးတရား သက်ရောက်စေသည်။ ဟဇရတ်မူစာ عليه السلام ၏ ဤဝါကျကို ကြားနာကာ စုန်းဆရာတို့ အတန်းများ၌ တုန်လှုပ်ခြောက်ခြားမှုတစ်ရပ် ပေါ်ပေါက်သွားပေသည်။ ဤစကားလုံးတော်များသည် စုန်းဆရာတစ်ဦးဦးအနေဖြင့် ပြောဆိုနိုင်မည်မဟုတ်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှဖြစ်သည်' ဟူ၍ ၄င်းတို့ကြား၌ သဘောထားကွဲပြားမှုများ ပေါ်ပေါက်သွားလေသည်။ ထို့ကြောင့် အချို့သောသူတို့က '၄င်းတို့နှင့် ယှဉ်ပြိုင်ရန် မသင့်ပေ'ဟူ၍ ပြောဆိုကြသည်။ အချို့သော သူတို့သည် မိမိတို့၏ ခံယူချက်အပေါ် မြဲမြံစွာ နေထိုင်ကြပေသည်။

فَتَنَا زَعُوْا اَمْرَهُمْ بَيْنَهُمْ

ထိုပဋ္ဌလက်စုန်းဆရာတို့သည် မိမိတို့၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ အချင်းချင်း ငြင်းခုံကွဲလွဲခဲ့ကြလေသည်။ [၂၀ : ၆၂]

ဟူသော အာယသ်တော်၏ အလိုသဘောသည်လည်း ဤသည်သာလျှင် ဖြစ်ပေသည်။ တစ်ဖန် ထိုသဘောထားကွဲပြားမှုကို ဝေးကွာစေရန်အတွက် အချင်းချင်း ကြား၌ တီးတိုးတိုင်ပင်မှုများကို ပြုကြလေသည်။

وَاَسَرُّوا النَّجْوٰى

ထို့နောက် ၎င်းတို့သည် တမန်တော်မူစာ၏ သတိပေးစကားနှင့် ပတ်သက်၍ တီးတိုးဆွေးနွေးခဲ့ကြပြန်သည်။ [၂၀ : ၆၂]

သို့ရာတွင် နောက်ဆုံးတစ်သွေးတစ်မိန့်မှာ ယှဉ်ပြိုင်ရန်အချက်အပေါ်၌သာ ရပ်တည်နေကြပေသည်။ ထို့နောက် ၎င်းတို့က

ان هذ ان لسحران يُرِيْدَ ان ان يَخْرِ جَاكُمْ مِنْ اَرَضِكُمْ بِسِحْرِ هَمَا

ويذ هبا بطَرِ يْقَتِكُمُ الْمُثْلٰى

'ကေန်စင်စစ် ဤမူစာနှင့် ဟာရူးန်တို့နှစ်ဦးမှာ ပဋ္ဌလက်စုန်းဆရာနှစ်ဦးသာ ဖြစ်ကြကုန်၏။ ၎င်းတို့နှစ်ဦးသည် မိမိတို့ ပဋ္ဌလက် စုန်းအတတ်ဖြင့် အသင်တို့အား အသင်တို့၏ တိုင်းပြည် အီဂျစ်မှ နှင်ထုတ်ကြရန်လည်းကောင်း' ဟူ၍ ပြောဆိုကြကုန်၏။

အလိုသဘောမှာ 'စုန်းအတတ်ကို အကြောင်းခံ၍ အသင်တို့၏ တိုင်းပြည်အား သိမ်းပိုက်ရန် လိုလားနေကြပေသည်။ ၎င်းနောက် အားလုံးထက် အကောင်းဆုံးနှင့် အမွန်မြတ်ဆုံးဖြစ်သည့် အသင်တို့၏ နည်းလမ်းများကို ဖျက်ဆီးစေလိုသည်' ဟူ၍ ဖြစ်သည်။ مُثْلٰى (မွစ်လာ) ဟူသော စကားလုံးသည် اَمْثَلُ ဟူသော စကားလုံး၏ အမကိန်း ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အမွန်မြတ်ဆုံး၊ အမြင့်မြတ်ဆုံး' ဟူ၍ ရ၏။ အလိုသဘောမှာ 'ဖိရ်အောင်န်ကို မိမိတို့၏ ဘုရားသခင်နှင့် ဂုဏ်နန်းရှင်ဟူ၍ အသင်တို့ ယုံကြည်လျက် ရှိကြကုန်သော အကောင်းဆုံးသော ဘာသာရေးမူဝါဒအား တိုက်ဖျက်၍ ၎င်းတို့သည် မိမိတို့၏ သာသနာရေးကို ဖြန့်ချီရန် လိုလားကြကုန်၏' ဟူ၍ ရရှိ၏။ 'သွရီကသူးန်' ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်များနှင့် အထင်ကရပုဂ္ဂိုလ်များကိုလည်း ခေါ်ဆိုပေသည်။ ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﷺ သခင်ကြီးနှင့် ဟဇရသ်အလီ ﷺ တို့သည် 'သွရီကသူးန်' ဟူသော စကားလုံး၏ အကျယ်ချဲ့ အဖွင့်ကို ဤအထက်ဖော်ပြပါအတိုင်း ဆင့်ပြန်ခဲ့ပေသည်။ ဤသူတို့သည် အသင်တို့ မျိုးနွယ်အုပ်စုထဲ၌ ရှိသော ခေါင်းဆောင်များနှင့် ဂုဏ်သရေရှိ လူကြီးများကို အမြစ်ဖြတ် ဖြုတ်ချရန် လိုလားနေကြပေသည်။

ထို့ကြောင့် အသင်တို့သည် ယှဉ်ပြိုင်ရန်အတွက် မိမိတို့အနေနှင့် အင်တိုက်အားတိုက် အကြံအစည်နှင့် အင်အားတို့အား အသုံးပြုရန် သင့်ကြပေသည်။ အားလုံးသော ပဥ္စလက် စုန်းဆရာတို့သည် တန်းစီ၍ တစ်ပြိုင်နက်တည်း ၎င်းတို့အား ယှဉ်ပြိုင်ရန် ဆောင်ရွက်ကြကုန်။

فَأَجْمِعُوا كَيْدَكُمْ ثُمَّ ائْتُوا صَفًّا

သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့၏ ကြံစည်ချက်များကို စုဆောင်းပြီးလျှင် စီတန်း၍ လာကြလေကုန်။ *[၂၀ : ၆၄]*

တန်းစီခြင်းသည် တစ်ဖက်အဖွဲ့အပေါ်၌ ဟိတ်ဟန်ထုတ်ပြခြင်း၏ သီးသန့် စူးရှသက်ရောက်မှုတစ်ရပ် ဖြစ်သည်။ ထို့ကြောင့် ပဥ္စလက်စုန်းဆရာတို့သည် မိမိတို့အနေဖြင့် စီတန်းကာ ယှဉ်ပြိုင်ခဲ့ကြကုန်၏။

ပဥ္စလက်စုန်းဆရာတို့သည် မိမိတို့ သောကကင်းမဲ့စွာနှင့် ဂရုမမူခြင်းတို့အား ထုတ်ဖော်ပြသရန်အတွက် ဦးစွာပထမ ဟဇရတ်မူစာ ﷺ အား 'အသင် ပထမ ပြုမည်၏လော။ သို့မဟုတ် ကျွန်ုပ်တို့ ပထမ ပြုရမည်၏လော' ဟူ၍ ပြောဆိုကြကုန်၏။ ဟဇရတ်မူစာ ﷺ သည် بَلْ أَلْقُوا (အသင်တို့ပင် ဦးစွာပစ်ချလော။ မိမိတို့၏ အတတ်ပညာ၏ မြင်ကွင်းကို ပြသကြကုန်လော' ဟူ၍ မိန့်တော်မူပေသည်။

ဟဇရတ်မူစာ ﷺ ၏ ထိုဖြေကြားမိန့်မြွက်ချက်၌ များစွာသော အမြော်အမြင်နှင့် ပြည့်စုံသော အချက်များသည် တည်ရှိပါဝင်နေပေသည်။ ပထမအချက်မှာ ထိုင်ဝိုင်း၏ ယဉ်ကျေးမှု နည်းစနစ်အချက်ဖြစ်သည်။ ပဥ္စလက် စုန်းအတတ်ပညာရှင်တို့သည် 'တစ်ဘက်သူတို့အား ဦးစွာ တိုက်ခိုက်ခွင့်ပေးလိုက်ခြင်း' ဖြင့် မိမိတို့၏ သတ္တိအစွမ်းကို ပြသလေရာ မိမိ (မူစာ) တို့၏ဘက်မှ ၎င်းတို့ထက် သာပို၍ သတ္တိအစွမ်းပြကာ အစပြုခွင့်ကို ပေးလိုက်ခြင်းသည် တစ်ပါးသူ၏ စိန်ခေါ်မှုကို မှန်မြတ်လှစွာ ဖြေကြားတုန့်ပြန်လိုက်ခြင်း ဖြစ်သည်။

ဒုတိယအချက်မှာ ပဥ္စလက်စုန်းဆရာတို့၏ စိတ်တည်ငြိမ်မှုနှင့် ဂရုမမူမှုတို့ကို ဖော်ထုတ်ခြင်းဖြစ်သည်။ ဟဇရတ်မူစာ ﷺ သည် ၎င်းတို့ကိုပင် ဦးစွာပထမ ပြုခွင့်ပေးလိုက်ကာ မိမိဘက်မှလည်း တည်ငြိမ်မှုနှင့် ဂရုမမူမှုကို သက်သေပြလိုက်ခြင်းဖြစ်သည်။ တတိယအချက်မှာ ဟဇရတ်မူစာ ﷺ ၏ ရှေ့မှောက်၌ ၎င်းတို့၏ ပဥ္စလက်စုန်းအတတ်၏ ပြကွက်များအားလုံးကို ထုတ်ဖော်စေလေသည်။ ထို့နောက် မိမိ၏ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်များ) အား ထုတ်ဖော်လိုက်ရာဝယ် ထိုအချိန်တွင် အမှန်တရား၏ ထင်ဟပ်မှုသည် ရှင်းလင်းစွာ ပေါ်ပေါက်သွားပေသည်။ ပဥ္စလက်စုန်းဆရာတို့သည် ဟဇရတ်မူစာ ﷺ ၏ ထိုမိန့်မြွက်ဖြေကြားချက်အပေါ် မိမိတို့၏ စီမံကိန်းကို စတင်အကောင်အထည်ဖော်ပေသည်။ အလွန်များပြားလှစွာသော မိမိတို့၏ တုတ်ရှည်များနှင့် ကြိုးများကို တစ်ပြိုင်နက်၊ တစ်ချိန်တည်းမှာပင် မြေကြီးအပေါ်သို့ ပစ်ချကြလေသည်။ ထိုအရာများအားလုံးသည် ပြင်ပသဏ္ဌာန်အားဖြင့် မြွေပုံသဏ္ဌာန်များအဖြစ် လှုပ်ရှားသွားလျက် ရှိကြကုန်၏။

يُخَيَّلُ اِلَيْهِ مِنْ سِحْرِ هِمْ اَنَّهَا تَسْعٰى

ထိုအခါ ၎င်းတို့၏ ပဉ္စလက်စုန်းအတတ်ကြောင့် ယင်းမူစာ၏ အမြင်၌ လှုပ်ရှားပြေးလွှားနေကြသည်ဟု ထင်ရပေသည်။ *[၂၀ : ၆၆]*

ထိုအာယသ်တော်မှ ဖိရ်အောင်န်၏ ဘက်တော်သား ပဉ္စလက်ပညာရှင်တို့၏ စုန်းအတတ်သည် အမြင်ယိုမှားစေခြင်း၏ အမျိုးအစားတစ်ရပ် ဖြစ်ပေသည်။ အကြင်အမျိုးအစားသည် မျက်လှည့်ပြခြင်း၏ အကြောင်းခံဖြင့် 'ကြည့်ရှုနေသူတို့ကို 'ဤတုတ်ရှည်များနှင့် ကြိုးများသည် မြွေအဖြစ် ပြေးလွှားလှုပ်ရှားနေသည်'ကို ပြသလိုက်ခြင်း ဖြစ်သည်။ ထိုအရာများသည် စင်စစ်၌ မြွေများ မဟုတ်ပေ။ များစွာသော အောက်လမ်း စုန်းအတတ်ပညာရှင်တို့သည် ထိုအမျိုးအစားပညာရှင်များသာ ဖြစ်ကြောင်းကို သိရှိရပေသည်။

فَاَوْجَسَ فِيْ نَفْسِهٖ خِيْفَةً مُّوْسٰى

သို့ဖြစ်ပေရာ မူစာ عليه السلام သည် မိမိ၏ စိတ်ထဲတွင် အနည်းငယ်မျှ စိုးရိမ်မိခဲ့လေသည်။ *[၂၀ : ၆၇]*

ဤအထက်ဖော်ပြပါ မြင်ကွင်းကို တွေ့မြင်ကာ ဟဇရသ်မူစာ عليه السلام အပေါ် ကြောက်ရွံ့မှုသည် လွှမ်းခြုံသွားလေသည်။ အကြင်ကြောက်ရွံ့စိတ်ကို ၎င်းသည် မိမိ၏ စိတ်တွင် ထားရှိကာ အခြားသော သူများအား ထုတ်ဖော်မှုကို မပြုပေ။ အကယ်၍ ဟဇရသ်မူစာ عليه السلام အဖို့ ဤကြောက်ရွံ့မှုသည် မိမိ၏ အသက်အတွက်ဖြစ်မူ လူဖြစ်ခြင်း၏ သဘောသဘာဝ ဤသို့ ဖြစ်ခြင်းသည် နဗီဖြစ်ခြင်းအား ဆန့်ကျင်ဘက်ဖြစ်ရှိသည့် အချက်မဟုတ်ပေ။ သို့ရာတွင် 'ကြောက်ရွံ့ခြင်းမှာ မိမိ၏ အသက်အတွက် မဟုတ်ကြောင်း' မှာ ထင်ရှားလှပေသည်။ သို့သာမက ကြောက်ရွံ့သည့်အချက်မှာ 'ဤပရိသတ်၏ ရှေ့မှောက်၌ ပဉ္စလက်စုန်းဆရာများ အောင်နိုင်သွားသည်ဟူ၍ ခံစားသွားကြမည်ဆိုလျှင် နဗီဖြစ်ကြောင်း ကြွေးကြော်ရန် ရည်ရွယ်ချက်ကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်မည် မဟုတ်ပေ' ဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ ဘက်တော်မှ 'ပဉ္စလက်စုန်းအတတ်ပညာရှင်တို့သည် အောင်နိုင်မည် မဟုတ်ပေ။ အသင်သည်သာလျှင် လွှမ်းမိုးအောင်နိုင်မှု ရရှိမည်' ဟူ၍ စိတ်ချမ်းသာဖြေသိမ့်မှုကို ပေးကာ တုန့်ပြန် မိန့်မြွက်တော်မူလိုက်ပေသည်။ တင်ပြလျက်ရှိသော အာယသ်တော်တွင်

لَاتَخَفْ اِنَّكَ اَنْتَ الْاَعْلٰى

'အို, မူစာ၊ အသင်သည် မကြောက်လေနှင့်။ ကေန်မလွဲ အသင်သည်သာလျှင် အောင်နိုင်သူဖြစ်ပေမည်' ဟူ၍ မိန့်တော်မူကာ ထိုစိုးရိမ်ချက်ကို ပပျောက်အောင် ပြုပေးလိုက်လေသည်။

وَاَلْقِ مَا فِيْ يَمِيْنِكَ

၎င်းအပြင် အသင်သည် မိမိ၏ လက်ျာလက်ထဲ၌ရှိသော အကြင်အရာ တောင်ဝှေးကို ပစ်ချပါလေ။ *[၂၀ : ၆၉]*

အသင့်လက်ထဲ၌ရှိသော အရာကို ပစ်ချကုန်'ဟူ၍ ဟဇရတ်မူစာ عليه السلام အား 'ဝဟီ'၏ အကြောင်းခံဖြင့် မိန့်တော်မူလိုက်လေသည်။ အလိုသဘောမှာ ဟဇရတ်မူစာ عليه السلام ၏ တောင်ဝှေးတော် ဖြစ်ပေသည်။ ဤနေရာတွင် 'တောင်ဝှေးတော်'ဟူ၍ မိန့်တော်မမူထားခြင်းအကြောင်းမှာ 'ငင်းတို့၏ ပဥ္စလက်စုန်းအတတ်ပညာသည် မည်သို့မျှ အခြေအမြစ်မရှိဘဲ တစ်စုံတစ်ရာမျှလည်း မပြောပလောက်ပေ။ ငင်းတို့အားလည်း ဂရုမမူလေနှင့်။ အသင့်လက်ထဲ၌ ရှိသော အရာကို မြေပေါ်သို့ ပစ်ချလိုက်ပါ။ ထိုအရာသည် ငင်းတို့၏ မြွေများအားလုံးကို မြိုချပေလိမ့်မည်' ဟူသော အကြောင်းအချက်ဘက်သို့ ရည်ညွှန်းဖော်ထုတ်လိုသည့်အတွက်ကြောင့် ဖြစ်ပေသည်။ သို့ရှိရာ ဤကဲ့သို့ပင် ဖြစ်ရှိသွားပေသည်။ ဟဇရတ်မူစာ عليه السلام သည် မိမိ၏ တောင်ဝှေးတော်ကို ချလိုက်လေရာ ထိုအရာသည် အလွန်ကြီးမားသော မြွေကြီးဖြစ်သွားကာ ထိုပဥ္စလက်စုန်းအတတ်ပညာဖြင့် ပြုလုပ်ထားသော မြွေများအားလုံးကို မြိုချလိုက်လေသည်။

ဖိရ်အောင်န်၏ ဘက်တော်သား ပဥ္စလက်စုန်းအတတ်ညာရှင်တို့သည် မွတ်စ္စလင်မ် ဖြစ်သွားကြကာ 'စဂျ်ဒဟ်' ဦးချမှုကို ပြုကြခြင်း

ဟဇရတ်မူစာ عليه السلام ၏ တောင်ဝှေးသည် မြွေကြီးဖြစ်သွားကာ ငင်းပညာရှင်တို့၏ မြွေအသွင်ဖြင့်ရှိနေသော အရာများကို မြိုချလိုက်လေသည်။ သို့ရှိရာ ဤပဥ္စလက် အတတ်ပညာရှင်တို့သည်လည်း မိမိတို့၏ ပညာအရာ၌ ကျွမ်းကျင်ပါးနပ်သောသူများ ဖြစ်သည့်အလျောက် 'ဤအလုပ်သည် 'ဂျာဒူ'အတတ်ပညာ၏ အကြောင်းခံကြောင့် မဟုတ်နိုင်ပေ။ သို့သာမက ဤအလုပ်သည် ဧကန်မုချ အလ္လာဟ်အသျှင်မြတ်၏ သီးသန့် 'ကွဒ်ရသ်'တန်ခိုးတော်မှ ထွက်ပေါ် ထင်ဟပ်လာသော 'မုအ်ဂျေဇာဟ်' တန်ခိုးတော်သာလျှင်ဖြစ်သည်' ဟူ၍ ယုံကြည်သွားကြလေသည်။ ထို့ကြောင့် 'စဂျ်ဒဟ်'ပျပ်ဝပ်ဦးချကြကာ 'ကျွန်ုပ်တို့သည် ဟဇရတ်မူစာ عليه السلام နှင့် ဟဇရတ်ဟာရူးန် عليه السلام တို့အား မွေးမြူဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်အပေါ် အီမာန်ရယူကြပါသည်'ဟူ၍ ကြေညာတော်မူလိုက်လေသည်။ အချို့သော ဆင့်ပြန်ချက်ဟဒီးစ်တော်များ၌ 'ထိုပဥ္စလက်စုန်းအတတ်ပညာရှင်တို့သည် အလ္လာဟ်သျှင်မြတ်က ငင်းတို့အား 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်'ကို မပြသေးသရွေ့ ကာလပတ်လုံး 'စဂျ်ဒဟ်'မှ မိမိတို့၏ ဦးခေါင်းကို မထကြွပေ'ဟူ၍ လာရှိထားပေသည်။ *[ရူးဟ်]*

قَالَ اٰمَنْتُمْ لَهٗ قَبْلَ اَنْ اٰذَنَ لَكُمْ

ထိုအခါ ယင်းဖိရ်အောင်န်က ဤသို့ ပြောဆိုကြိမ်းမောင်းခဲ့လေသည်။ အသင်တို့သည် ကျွန်ုပ်ခွင့်မပြုမီပင် ယင်းမူစာအား ယုံကြည်ခဲ့ကြလေသည်။ *[၂၀ : ၇၁]*

ဖိရ်အောင်န်၏ သေးသိမ်မှုကို အလ္လာဟ်အသျှင်မြတ်သည် ထိုဇာမ ပရိသတ်ကြီး၏ ရှေ့ဝယ်၌ ရှင်းလင်းဖော်ထုတ်မှု ပြုလိုက်သောအခါ ကယောင်ကတမ်းဖြစ်ကာ ပထမတွင်မူ ပဥ္စလက်စုန်းပညာရှင်တို့အား 'ကျွန်ုပ်၏ ခွင့်ပြုချက်မရှိဘဲ အသင်တို့သည် ငင်းအပေါ်၌ မည်ကဲ့သို့ အီမာန်ရယူလိုက်ပေသနည်း' ဟူ၍

ပြောဆိုပေသည်။ လူသားပရိသတ်တို့အား 'ကျွန်ုပ်၏ ခွင့်ပြုချက်မရှိဘဲ ထိုစုန်းအတတ်ပညာရှင်တို့၏ မည်သည့်ပြောဆိုမှု လုပ်ရပ်တစ်စုံတစ်ရာမျှ အတည်ပြုခြင်း ခံရမည်မဟုတ်ကြောင်း' ကို ပြသရန်ဖြစ်သည်။ သို့ရာတွင် 'ထိုကဲ့သို့ ရှင်းလင်းလှစွာသော 'မုအ်ဂျေဇာဟ်' တန်ခိုးတော်၏ နောက်၌ အခြားတစ်ယောက်၏ ခွင့်ပြုချက်ကို လိုအပ်နေခြင်းသည် မည်သည့်အသိဉာဏ်ရှိသောသူ တစ်ဦးတစ်ယောက်၏ ထံ၌မှာပင် မည်သည့်အဆင့် တစ်စုံတစ်ရာမျှ မရှိပေ' ဟူသော အကြောင်းမှာ ထင်ရှားလှပေသည်။ ထို့ကြောင့် ယခု ပဋ္ဌလက်စုန်းအတတ်ပညာရှင်များအပေါ် ဤဖိဆန်မှု၏ စွဲချက်ကို တင်လိုက်လေသည်။ ယခု ကျွန်ုပ် သိရှိရသည်မှာ 'အသင်တို့အားလုံးသည် မူစာ၏ တပည့်များ ဖြစ်ကြသည်။ ထိုပညာရှင်မူစာကပင် အသင်တို့အား ယင်းပညာရပ်ကို သင်ကြားပေးထားခဲ့သည်။ အသင်တို့သည် ပုန်ကန်ဖိဆန်မှုကို ပြု၍ ၄င်း၏ ရှေ့မှောက်၌ဝယ် မိမိတို့ အရေးနိမ့်ကြောင်းကို လက်ခံလိုက်ကြောင်းကို သိရှိရလေပြီ။'

وَلَأُقَطِّعَنَّ أَيْدِيَكُمْ وَأَرْجُلَكُم مِّنْ خِلَافٍ

ယခု ပဋ္ဌလက်စုန်းအတတ်ပညာရှင်တို့အား ပြင်းထန်သော ပြစ်ဒဏ်ကိုပေးရန် ခြိမ်းခြောက်လေသည်။ အသင်တို့၏ လက်များကိုသော်လည်းကောင်း၊ ခြေများကိုသော်လည်းကောင်း ဖြတ်တောက်ပစ်ပေမည်။ ဖြတ်တောက်မည့်ပုံစံမှာ ဤသို့တည်း။ လက်ယာလက် ပြတ်သွားလျှင်မူ ဝဲဘက်ခြေကို ဆက်ဖြတ်ရမည်။ ဤသို့ ပြစ်ဒဏ်ပေးသည့် ပုံစံကို စီမံမှုပြုထားရခြင်းအကြောင်းမှာ ဖိရ်အောင်န်အစိုးရ၏ အက်ဥပဒေ၌ ပြစ်ဒဏ်ပေးခြင်းသည် ဤနည်းဖြင့်သာ အသုံးပြုတည်ရှိနေခြင်းကြောင့် ဖြစ်ပေသည်။ သို့မဟုတ် ထိုပုံစံ၌ လူသားတို့အဖို့ သံဝေဂတရား ရရှိခြင်း၏ စံနမူနာ တည်ရှိနေခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။

وَلَأُصَلِّبَنَّكُمْ فِي جُذُوعِ النَّخْلِ

ခြေလက်များ ဖြတ်တောက်ကာ အသင်တို့အား စွန်ပလွံပင်၌ ကားစင်တင်ထားမည် ဖြစ်သည်။ အသင်တို့သည် ယင်းအပင်များအပေါ်၌ တွဲလောင်းချထားစေခြင်းဖြင့် နောက်ဆုံး အစာငတ်၊ ရေငတ်ကာ သေဆုံးသွားပေမည်။ *[၂၀ : ၇၁]*

قَالُوا لَن نُّؤْثِرَكَ عَلَىٰ مَا جَاءَنَا مِنَ الْبَيِّنَاتِ وَالَّذِي فَطَرَنَا

ပဋ္ဌလက်စုန်းအတတ်ပညာရှင်တို့သည် ဖိရ်အောင်န်၏ ဤပြင်းထန်သော ခြိမ်းခြောက်မှုနှင့် ပြစ်ဒဏ်၏ ကြေညာချက်ကို ကြားကာ မိမိတို့၏ အီမာန်အပေါ်၌ ခိုင်ခံ့မြဲမြံစွာ နေထိုင်ကြောင်းကို အထောက်အထား ပေးလိုက်လေသည်။ 'ကျွန်ုပ်တို့သည် အသင်နှင့် အသင်၏ မည်သည့်ပြောဆိုချက် တစ်ခုကိုမျှ ဟဇရတ်မူစာ ﷺ ၏ အကြောင်းခံဖြင့် ကျွန်ုပ်တို့၏ရှေ့ဝယ် ရောက်ရှိလာသော ထိုသက်သေ အထောက်အထားများနှင့် 'မုအ်ဂျေဇာဟ်' များအပေါ် ဦးစားပေးကြမည် မဟုတ်' ဟူ၍ ပြောဆိုကြလေသည်။ ဟဇရတ် အစ်ကရိမားဟ်က 'ပဋ္ဌလက်စုန်းအတတ်ပညာရှင်တို့သည် 'စဂျ်ဒဟ်' ၌ ပျပ်ပျပ်ဝပ် ဦးချလိုက်ပါမူ အလ္လာဟ်

အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ ရရှိမည်ဖြစ်သော 'ဂျန္နသ်'၏ မြင့်မားသော အဆင့်အတန်းနေရာများနှင့် စည်းစိမ်တော်များကို ပြသလိုက်လေသည်။ ထိုသက်သေအထောက်အထားများ တည်ရှိနေပါလျက် ကျွန်ုပ်တို့သည် အသင်၏ စကားကို နာခံမည်မဟုတ်' ဟူ၍ ပြောဆိုရခြင်းဖြစ်ပေသည်။ *[ကုရ်သုဗီးကျမ်း]*

ထို့ပြင် စကြဝဠာအပေါင်းအား ဖန်ဆင်းတော်မူသော၊ မိုးကောင်းကင်များကို ဖန်ဆင်းတော်မူသော အသျှင်မြတ်ကို စွန့်လွှတ်၍ အသင့်အား 'ရဗ်' (မွေးမြူဖန်ဆင်းရှင်) အဖြစ် မယုံကြည်နိုင်ပေ။

فَاقْضِ مَا اَنْتَ قَاضٍ

သို့ဖြစ်ပေရာ အသင်သည် မိမိ၏ စီရင်ပြဋ္ဌာန်းလိုသည်ကို စီရင်ပြဋ္ဌာန်းပါလေ။ *[၂၀ : ၇၂]*

ကျွန်ုပ်တို့နှင့် စပ်လျဉ်း၍ အသင်ဆုံးဖြတ်လိုသည့်အတိုင်း ဆုံးဖြတ်ပါလေ။ အသင်နှစ်သက်သည့် ပြစ်ဒဏ်ကို ချမှတ်ကုန်။

اِنَّمَا تَقْضِىْ هٰذِهِ الْحَيٰوةَ الدُّنْيَا

အကယ်၍ အသင်သည် ကျွန်ုပ်တို့အား ပြစ်ဒဏ်ပေးရန် ရှိပါမူ ထိုပြစ်ဒဏ်သည် ဤလောက၏ နေ့ရက်အချို့ထိသာ ဖြစ်ပေမည်။ ကွယ်လွန်သေဆုံးသွားပြီးနောက် အသင်သည် ကျွန်ုပ်တို့အား အုပ်ချုပ်နိုင်စွမ်း ရှိမည်မဟုတ်။ အသင်၏ အမှုကိစ္စသည် အလ္လာဟ်အသျှင်မြတ်၏ အမှုကိစ္စနှင့် ဆန့်ကျင်ဘက်ဖြစ်ရှိပေသည်။ ကျွန်ုပ်တို့သည် အသျှင်မြတ် တန်ခိုးအာဏာတော်စက်အတွင်းဝယ် မသေဆုံးမီနှင့် သေပြီးသည့်နောက်ပိုင်း၌လည်း တည်ရှိနေပေမည်။ ထိုအသျှင်မြတ်၏ ဘက်တော်မှ ချမှတ်တော်မူမည့် ပြစ်ဒဏ်နှင့် စပ်လျဉ်း၍ သောကပွားရန်မှာ အရာအားလုံးထက် ဦးစားပေးရမည် ဖြစ်ပေသည်။

وَمَا اَكْرَهْتَنَا عَلَيْهِ مِنَ السِّحْرِ

ပဉ္စလက်စုန်းအတတ်ပညာရှင်တို့သည် ယခု ဖိရ်အောင်န်အပေါ်သို့ စွဲချက်တင်လိုက်သည်မှာ 'ကျွန်ုပ်တို့အား စုန်းအတတ်ပညာ ပြုနိုင်းစေရန် အသင်သာလျှင် အကြပ်ကိုင်ခဲ့ပေသည်။ သို့တည်းမဟုတ် ကျွန်ုပ်တို့သည် ထိုအလဟဿ အလုပ်၏ အပါးသို့ပင် သွားမည်မဟုတ်။ ယခု ကျွန်ုပ်တို့သည် အီမာန်ကို လက်ခံကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှ ထိုစုန်းအတတ်ပညာကို ပြုစားမှုပြုနေခြင်း၏ ပြစ်မှုဒုစရိုက်မှ လွတ်ငြိမ်းချမ်းသာခွင့်ကို တောင်းခံပေမည်' ဟူ၍ ပြောဆိုလာကြသည်။ ဤနေရာ၌ မေးစရာဖြစ်လာသည်မှာ 'ဤပဉ္စလက်စုန်းဆရာများသည်မူ မိမိတို့ကိုယ်တိုင် ရွေးချယ်မှုဖြင့် ယှဉ်ပြိုင်ရန်အတွက် လာရောက်ခဲ့ကြခြင်း ဖြစ်ပေသည်။ 'ကျွန်ုပ်တို့ အောင်နိုင်မည်ဆိုလျှင် မည်သည့်အရာ ရရှိမည်နည်း' ဟူ၍ အလျော်အစားကိုလည်း ဖိရ်အောင်န်နှင့် ပြုခဲ့ပြီး ဖြစ်လေသည်။ တစ်ဖန် ၄င်းတို့သည် ဖိရ်အောင်န်အား 'အသင်သည် ကျွန်ုပ်တို့အား စုန်းအတတ်ပညာကို အဓမ္မပြု နိုင်းစေခဲ့ပါသည်' ဟူ၍ ပြစ်ချက်တင်လိုက်ခြင်းသည် မည်ကဲ့သို့ မှန်နိုင်အံ့နည်း။ ထိုမေးမြန်းချက်၏ ဖြေကြားချက်တစ်ရပ်မှာ 'ဤပဉ္စလက်စုန်းဆရာတို့သည်

အစဉ်မှ နန်းတွင်းဆုလာဘ်နှင့် ဂုဏ်မြှောက်ချီးမြှင့်ခြင်းခံရခြင်းတို့၏ ရမက်ဖြင့် ယှဉ်ပြိုင်ရန် အသင့် ရှိနေကြပေသည်။ နောက်ပိုင်း၌ ၄င်းတို့က 'ကျွန်ုပ်တို့သည် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်အား ယှဉ်ပြိုင်နိုင်မည် မဟုတ်' ဟူ၍ ခံစားသိမြင်လာသော အချိန်၌ ဖိရ်အောင်န်သည် အဓမ္မစေခိုင်းခြင်းကြောင့် ဖြစ်နိုင်ပေသည်။ ဒုတိယအကြောင်းမှာ 'ဖိရ်အောင်န်သည် မိမိတိုင်းပြည်အတွင်း၌ စုန်းအတတ်ပညာကို အဓမ္မ သင်ခိုင်းထားပေသည်။ ထို့ကြောင့် လူတိုင်းသည် ယင်းပညာကို အဓမ္မပုံစံဖြင့် သင်ကြားထားရပေသည်' ဟူသော အကြောင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။ *[ရူးဟ်]*

ဖိရ်အောင်န်၏ ဇနီး အာစီယာ သခင်မ၏ အလှနိဂုံး

အကျယ်ချဲ့ဖွင့်ဆိုသော ကုရ်သုဗီကျမ်းအတွင်း၌ ပါရှိသည်မှာ အမှန်နှင့်အမှား ယှဉ်ပြိုင်နေသော အချိန်၌ ဖိရ်အောင်န်၏ ဇနီးသည် 'အဆုံးမည်သို့ ဖြစ်သွားပေသနည်း' ဟူသော သတင်းကို ဆက်တိုက် ရယူလျက် ရှိနေပေသည်။ ဟဇရတ်မူစာနှင့် ဟာရူးန် အောင်နိုင်သွားသည်ကို သိရှိသွားသောအခါ ချက်ချင်း 'ကျွန်တော်မျိုးမသည်လည်း ဟဇရတ်မူစာနှင့် ဟာရူးန်တို့၏ 'ရဗ်' (မွေးမြူဖန်ဆင်းတော်မူသော အသျှင်) မြတ်အပေါ် အီမာန်ရယူလိုက်ပါသည်' ဟူ၍ ကြွေးကြော်လိုက်လေသည်။ ဖိရ်အောင်န်သည် အိမ်သူ ဇနီး မယား၏ သတင်းကို ကြားသိရာ 'ကျောက်တုံးကြီးတစ်တုံးအား ထိုသူမ၏ ဦးခေါင်းပေါ်သို့ ပစ်ချသတ်ရန်' ရာဇသံ ထုတ်ပြန်လိုက်ပေသည်။ ဟဇရတ်အာစီယာသခင်မသည် ဤအချင်းအရာကို တွေ့မြင်ပါမူ မိုးကောင်းကင်သို့ ရှုကာ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးမှာ တိုင်တန်းလျှောက်ထားလေသည်။ အလ္လာဟ် အသျှင်မြတ်သည် ၄င်းသူမအပေါ်သို့ ကျောက်တုံးမကျရောက်မီမှာပင် အသက်ဝိညာဉ်ကို နှုတ်သိမ်းလိုက်ရာ ထိုကျောက်တုံးသည် ဝိညာဉ်မဲ့သော ကိုယ်ခန္ဓာအပေါ်သို့ ကျသွားလေသည်။

ဖိရ်အောင်န်၏ ဘက်တော်သား စုန်းဆရာတို့၏ အံ့ဖွယ်ကောင်းသော အတွင်းပိုင်းပြောင်းလဲမှု

إِنَّهُۥ مَن يَأْتِ رَبَّهُۥ مُجْرِمًا فَإِنَّ لَهُۥ جَهَنَّمَ لَا يَمُوتُ فِيهَا وَلَا يَحْيَىٰ ۞

وَمَن يَأْتِهِۦ مُؤْمِنًا قَدْ عَمِلَ ٱلصَّٰلِحَٰتِ فَأُو۟لَٰٓئِكَ لَهُمُ ٱلدَّرَجَٰتُ ٱلْعُلَىٰ ۞ جَنَّٰتُ عَدْنٍ تَجْرِى مِن تَحْتِهَا

ٱلْأَنْهَٰرُ خَٰلِدِينَ فِيهَا ۚ وَذَٰلِكَ جَزَآءُ مَن تَزَكَّىٰ ۞

ကေန်စင်စစ် မည်သူမဆို မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်ထံတော်သို့ အပြစ်ရှိသူ အဖြစ် ရောက်ရှိပါလျှင် ကေန်မလွဲ ထိုသူ၏အဖို့ 'ဂျဟန္နမ်' ငရဲဘုံသည်သာလျှင် ရှိပေမည်။ ထိုသူသည် ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ အသက်သေဆုံးမည်လည်း မဟုတ်ပေ။ အသက်ရှင်မည်လည်း မဟုတ်ချေ။ သို့ရာတွင်

အကြင်သူသည် ထိုအသျှင်မြတ်ထံတော်သို့ ဧကန်အမှန် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှု ဆောက်တည်ခဲ့သည့် မုအ်မင်နှ်သက်ဝင်ယုံကြည်သူအဖြစ် ရောက်ရှိလာသည်ရှိသော် ထိုကဲ့သို့သော သူတို့ အဖို့ မြင့်မြတ်လှစွာသော အဆင့်အတန်းများ ရှိပေမည်။ ထာဝစဉ်နေထိုင်ရမည့် ဥယျာဉ်များရှိပေမည်။ ယင်းဥယျာဉ်များ၏ အောက်၌ စမ်းရေချောင်းများသည် စီးတွေလျက်ရှိကြပေမည်။ ၎င်းတို့သည် ယင်းဥယျာဉ် များ၌ အမြဲနေထိုင်ကြရပေမည်။ စင်စစ် ဤသည် သန့်ရှင်းစင်ကြယ် အပြစ်ကင်းမဲ့သော သူ၏ အကျိုးပင် ဖြစ်၏။ *[၂၀ : ၇၄-၇၅-၇၆။]*

ဤစကားလုံးများနှင့် ၎င်းတို့၏ အခြေခံ ဒဿနိကကျသော အချက်များသည် အစ္စလာမ်သာသနာရေး ဆိုင်ရာ သီးသန့်ယုံကြည်ချက်ပိုင်းဆိုင်ရာ မူဝါဒတို့နှင့် 'အာခေရသ်' နောင်တမလွန်နှင့် စပ်လျဉ်းနေပေသည်။ ယခုမှာပင် မွတ်စ္စလင်မ်ဖြစ်သွားသော စုန်းဆရာတို့၏ နှုတ်လျှာများမှ အထက်ဖော်ပြပါ စကားရပ်တော် များ ထွက်ပေါ်လာလေရာ အစ္စလာမ်သာသနာရေးဆိုင်ရာ ယုံကြည်ချက်ပိုင်းဆိုင်ရာ ကဏ္ဍများနှင့် ကျင့်ကြံ ပြုမူဆောင်ရွက်ချက်များကို မည်သူတစ်ဦးတစ်ယောက်မျှကပင် သင်ကြားပေးထားသည်ဟူ၍လည်း မရှိပေ။ ဤအချက်များအားလုံးသည် ဟဇရသ်မူစာ ﷺ ၏ ထိုင်ပိုင်းတော်၏ 'ဗရ်ကသ်' (မင်္ဂလာတော်) နှင့် ၎င်း စုန်းဆရာတို့၏ စိတ်စေတနာဖြူစင်ခြင်း (အစ်ခ်လားစ္စ) တို့၏ အကျိုးဆက်တရားကြောင့်သာ ဖြစ်ပေသည်။

အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် ဒီန်းသာသနာ၏ အခြေခံအချက်များအားလုံးကို တစ်ခဏ လေးအတောအတွင်းမှာပင် ဤမျှ အတိုင်းအတာထိတိုင် ဖွင့်ပေးလိုက်လေသည်။ အကြင်အချက်အလက် အကြောင်းအရာများနှင့် နှိုင်းယှဉ်လျှင် ၎င်းတို့သည် မိမိတို့၏ အသက်များကိုပင် ပဓါနမထားတော့ဘဲ မည်သည့်ကြီးမားသော ပြစ်ဒဏ်များကိုပင် မကြောက်ရွံ့တော့ပေ။ အီမာန်ရယူလိုက်ခြင်း၏ ကွင်းဆက် တစ်ဆက်တည်းမှာပင် 'အခြားသောသူများ သက်တမ်းတစ်လျှောက်လုံး ပြုကျင့်ပါမှ ခဲရာခဲဆစ်ဖြင့် ရရှိသော အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်ဖြင့် (ဝလီ) ၏ အဆင့်ကိုပါ ရရှိသွားပေသည်။

فَتَبَارَكَ اللهُ اَحْسَنُ الْخَالِقِيْنَ

သို့ဖြစ်ပေရာ အကောင်းဆုံး ဖန်ဆင်းတော်မူသော အလ္လာဟ်အသျှင်မြတ်သည် မည်မျှ ထူးကဲမြင့်မြတ် လှပါဘိသနည်း။ *[၂၃ : ၁၄]*

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် ؓ နှင့် အိုဗိုက်ဒ်အိဗ်နေအိုမိုက်ရ် ؓ သခင်တို့သည် အလ္လာဟ် အသျှင်မြတ်၏ တန်ခိုးတော်၏ ဤမြင်ကွင်းကို ကြည့်ရှုပါ။ ဤသူတို့သည် နေ့၏အစ၌ ကာဖိရ်စုန်းဆရာ များဖြစ်၍ ယင်းနေ့၏ အဆုံးပိုင်း၌ ဝလီသူတော်စင်များနှင့် ရှဟီဒ်များ ဖြစ်သွားကြပေသည်'ဟူ၍ မိန့်ဆို တော်မူပေသည်။ *[အိဗ်နေကစီးရ်]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ أَوْحَيْنَا إِلَىٰ مُوسَىٰ أَنْ أَسْرِ بِعِبَادِي فَاضْرِبْ
لَهُمْ طَرِيقًا فِي الْبَحْرِ يَبَسًا لَّا تَخَافُ دَرَكًا وَلَا تَخْشَىٰ ﴿٧٧﴾

၂၀ : ၇၇ ။ ။ စကန်စင်စစ် ငါအသျှင်မြတ်သည် မူစာ၏ထံသို့ (ဤသို့) 'ဝဟီ'အမိန့်ထုတ်ပြန်ချမှတ်တော်မူခဲ့၏။ အသင်သည် ငါအသျှင်မြတ်၏ 'ကျွန်' များကို ညဉ့်အချိန်၌ ခေါ်သွားပါလေ။ ထို့နောက် အသင်သည် ၎င်းတို့အဖို့ ပင်လယ်၌ ခြောက်သွေ့သောလမ်းကို ပြုလုပ်ပါလေ။ အသင်သည် (မိမိတို့အား ရန်သူများ) မီလာကြမည်ကိုလည်း စိုးရိမ်ရမည်မဟုတ်။ (မိမိတို့သည် ပင်လယ်၌ နစ်မြုပ်သွားကြမည်ကိုလည်း) ကြောက်ရမည်မဟုတ်ပေ။

فَأَتْبَعَهُمْ فِرْعَوْنُ بِجُنُودِهِ فَغَشِيَهُم مِّنَ الْيَمِّ مَا غَشِيَهُمْ ﴿٧٨﴾

၂၀ : ၇၈ ။ ။ ထို့နောက် ဖိရ်အောင်န်သည် မိမိ၏ စစ်သည်ဗိုလ်ပါတို့နှင့်တကွ ၎င်းတို့၏ နောက်မှ လိုက်လာခဲ့လေရာ ပင်လယ်မှ ရေများသည် ၎င်းတို့အား လွှမ်းမိုး (၍ နစ်မြုပ်စေ) ခဲ့လေသည်။

وَأَضَلَّ فِرْعَوْنُ قَوْمَهُ وَمَا هَدَىٰ ﴿٧٩﴾

၂၀ : ၇၉ ။ ။ စင်စစ် ဖိရ်အောင်န်သည် မိမိ၏ အမျိုးသားတို့အား တရားလမ်းမှန်ကို မပြဘဲ လမ်းမှားစေခဲ့လေသည်။

يَا بَنِي إِسْرَائِيلَ قَدْ
أَنجَيْنَاكُم مِّنْ عَدُوِّكُمْ وَوَاعَدْنَاكُمْ جَانِبَ الطُّورِ الْأَيْمَنَ
وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوَىٰ ﴿٨٠﴾

၂၀ : ၈၀ ။ ။ အို၊ အိစ်ရာအီလီမျိုးနွယ်အပေါင်းတို့၊ စကန်အမှန် ငါအသျှင်မြတ်သည် အသင်တို့အား၊ အသင်တို့ ရန်သူ (၏ ဘေးအန္တရာယ်) မှ ကယ်တင်တော်မူခဲ့လေသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့အား (အသင်တို့၏) လက်ျာဘက်၌ရှိသည့် 'သျူရ်' မည်သော တောင်နံဘေး (သို့ လာကြရန်) ချိန်းချက်တော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အပေါ်၌ 'မန္န' (မုန့်ချိုတစ်မျိုး) ကိုလည်းကောင်း၊ 'စလ်ဝါ' (ငုံးသတ္တဝါတစ်မျိုး) ကိုလည်းကောင်း ချပေးသနားတော်မူခဲ့လေသည်။

كُلُوا مِن طَيِّبَاتِ مَا
رَزَقْنَاكُمْ وَلَا تَطْغَوْا فِيهِ فَيَحِلَّ عَلَيْكُمْ غَضَبِي ۖ وَمَن
يَحْلِلْ عَلَيْهِ غَضَبِي فَقَدْ هَوَىٰ ﴿٨١﴾

၂၀ : ၈၁ ။ ။ အသင်တို့သည် ငါအသျှင်မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော သန့်ရှင်းစင်ကြယ်သည့် (စားဖွယ်) များကို စားသုံးကြလေကုန်။ သို့ရာတွင် အသင်တို့သည် ဤသည်နှင့် စပ်လျဉ်း၍ စည်းကမ်းမကျူးလွန်ကြကုန်လင့်။

ထိုသို့ ကျူးလွန်ခဲ့သည်ရှိသော် ငါအသျှင်မြတ်၏ အမျက်တော်သည် အသင်တို့၌ သက်ရောက်မည်ဖြစ်ပေသည်။ စင်စစ်မှာမူ မည်သူမဆို ငါအသျှင်မြတ်၏ အမျက်တော်သည် ထိုသူ၏အပေါ်၌ သက်ရောက်ခဲ့ပါမူ ဧကန်မလွဲ ထိုသူသည် ('ဂျဟန္နမ်'ငရဲ ဘုံသို့) ကျသွားပေမည်။

وَإِنِّي لَغَفَّارٌ لِّمَن تَابَ وَآمَنَ وَعَمِلَ صَالِحًا ثُمَّ اهْتَدَىٰ ﴿٨٢﴾

[၂၀ : ၈၂]။ ။ သို့ရာတွင် အကြင်သူသည် နောင်တတရား ရရှိ (၍ ဝန်ချတောင်းပန်) ခဲ့သည့်အပြင် (အလ္လာဟ်အသျှင်မြတ်အားလည်း) သက်ဝင်ယုံကြည်ခဲ့ပေသည်။ ထို့ပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှုဆောက်တည်ခဲ့ပေသည်။ ထို့နောက် တရားလမ်းမှန်ပေါ်၌ တည်ရှိနေခဲ့၏။ ဧကန်စင်စစ် ထိုသူ့အား ငါအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူ၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဧကန်စင်စစ် (ဖိရ်အောင်န်သည် ထိုမူစာ عليه السلام အပေါ်၌လည်း အီမာန်ကို မရယူထားဘဲ အချိန်အခိုက် အတန့်တစ်ခု ကြာမြင့်သည်အထိ ဖြစ်အင်နှင့် အမှုကိစ္စ အမျိုးမျိုး ပြုလုပ်ဖန်တီးလျက် ရှိနေချိန်တွင်) ငါအသျှင်မြတ်သည် မူစာ၏ထံသို့ (ဤသို့) 'ဝဟီ'အမိန့်ထုတ်ပြန် ချမှတ်တော်မူခဲ့၏။ အသင်သည် ငါအသျှင်မြတ်၏ ကျွန် (ဗနီအိစ်ရာအီလ် မျိုးနွယ်ဝင်) များကို (မိဆွေရ်မှ ပြင်ပအရပ်ဒေသရှိရာဆီသို့) ညဥ့်အချိန်၌ ခေါ်သွားပါလေ။ (ဖိရ်အောင်န်၏ မတရားသမှုနှင့် ကြမ်းကြုတ်မှုတို့မှ ၄င်းတို့အား လွတ်မြောက်မှု ရရှိစေရန်အလို့ငှာ အလွန်ဝေးလံသော အရပ်ဒေသရှိရာဆီသို့ ခေါ်ဆောင်သွားကုန်။) ထို့နောက် (လမ်း၌ မြစ်နှင့် ဆုံတွေ့မည်ဆိုလျှင်) အသင်သည် ၄င်းတို့အဖို့ ပင်လယ်၌ (တောင်ဝှေးကို ရိုက်ကာ) ခြောက်သွေ့သော လမ်းဖြစ်သွားပေလိမ့်မည်။) အသင်သည် (မိမိတို့အား ရန်သူများ) မှီလာကြမည်ကိုလည်း စိုးရိမ်ရမည်မဟုတ်။ (မိမိတို့သည် ပင်လယ်၌ နစ်မြုပ်သွားကြမည်ကိုလည်း) ကြောက်ရမည်မဟုတ်ပေ။ (အကြောင်းမှာ နောက်ယောင်ခံလိုက်နေလင့်ကစား ရန်သူတို့သည် အောင်မြင်ကြမည် မဟုတ်။ အသင်တို့သည် ဘေးမသီ ရန်မခဘဲ တစ်ဘက်ကမ်းသို့ ရောက်ရှိသွားကြပေလိမ့်မည်။ သို့ရှိရာ မာဇရေသ်မူစာ عليه السلام သည် ၄င်းတို့ကို ညတွင်းချင်းပင် ခေါ်ထုတ်လာလေရာ ထိုသတင်းသည် နံနက်မိုးလင်းသည်နှင့် မိဆွေရ်မြို့အတွင်း၌ ပျံ့နှံ့သွားပေသည်။) ထို့နောက် ဖိရ်အောင်န်သည် မိမိ၏ စစ်သည်ဗိုလ်ပါတို့နှင့်တကွ ၄င်းတို့၏နောက်မှ လိုက်လာခဲ့လေရာ (ဗနီအိစ်ရာအီလ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ ပေးထားသော ကတိတော်နှင့်အညီ တစ်ဘက်ကမ်းသို့ ရောက်ရှိသွားလေသည်။ မြစ်ပင်လယ်၏ လမ်းသည် ဤကဲ့သို့ ရှိရင်းစွဲ အခြေအနေပုံစံမျိုးပင် တည်ရှိ၍ နေစဉ်မှာပင် ပမာဆိုရသော် အခြားအာယသ်တော်အတွင်း၌

وَاتْرُكِ الْبَحْرَ رَهْوًا إِنَّهُمْ جُندٌ مُّغْرَقُونَ

၄င်းပြင် အသင်သည် ပင်လယ်ကို ရှိရင်းအတိုင်း ငြိမ်သက်စွာ ထားရစ်ခဲ့ပါလေ။ ဧကန်မုချ ၄င်းတို့သည် နစ်မြုပ်ခြင်းခံကြမည်ဖြစ်သော စစ်တပ်ပင် ဖြစ်ကြကုန်၏။ [၄၄ : ၂၄]

ဟူ၍ လာရှိထားပေသည်။ ဖိရ်အောင်န်၏ ဘက်တော်သားတို့သည် ရှေ့၊ နောက် အနည်းငယ် တစ်စုံတစ်ရာကိုမျှ မစဉ်းစားဘဲ ထိုမြစ်ပင်လယ်၏ လမ်းကြောင်းများအပေါ်မှ ကူးလာခိုက် အားလုံး မြစ်ရေအတွင်းသို့ ရောက်ရှိသွားကြကုန်၏။ ပင်လယ်မှ ရေများသည် ၎င်းတို့အား လွှမ်းမိုး (၍ နစ်မြုပ်စေ ခဲ့လေသည်။ (လေးဘက်လေးရံမှ ရေများ ပြန်လည်စုစည်း သိမ်းကြုံးလာ၍) စင်စစ် ဖိရ်အောင်န်သည် မိမိ၏ အမျိုးသားတို့အား တရားလမ်းမှန်ကို မပြဘဲ လမ်းမှားစေခဲ့လေသည်။

وَمَا اَهْدِ يْكُمْ اِلَّا سَبِيْلَ الرَّشَادِ

ထို့ပြင် ငါသည် အသင်တို့အား သင့်လျော်မှန်ကန်သော နည်းလမ်းမှအပ အခြားမည်သည့်ကိုမျှ ညွှန်ပြမည် မဟုတ်ပေ။ *[၄၀ ႏ ၂၉]*

ဟူသော အချက်ကို ဖိရ်အောင်န်သည် ကြွေးကြော်ထားပေသည်။ လမ်းမှားစေခြင်းသည် ရှင်းလင်း လှပေသည်။ ကမ္ဘာလောက၌လည်း အားလုံး ပျက်သုဉ်းသွားကြကာ ဆုံးရှုံးခဲ့ပေသည်။ 'အာခေရသ်' နောင်တမလွန်၌ ပျက်စီးဆုံးရှုံးကြမည် ဖြစ်ပေသည်။ အကြောင်းမှာ ၎င်းတို့သည် 'ဂျဟန္နမ်'အပယ်ငရဲ မီးဘုံသို့ သွားရောက်ကြရပေလိမ့်မည်။ ပမာဆိုရသော် အာယသ်တော်အတွင်း၌ အလ္လာဟ်အသျှင်မြတ်သည်

ادخلوا ال فرعون اشد العذاب

ဖိရ်အောင်န်၏ ဘက်တော်သားများကို ပြင်းထန်သော'အဇာဗ်'၌ဝင်ရောက်ကြကုန်။*[၇၁ ႏ ၂၅]*

ဟူ၍ မိန့်တော်မူထားလေသည်။ တစ်ဖန် ဗနီအီစ်ရာအီးလ်လူမျိုးစုတို့ကို ဖိရ်အောင်န်၏ နောက်ယောင် ခံလိုက်ခြင်းနှင့် မြစ်ပင်လယ်မှ နစ်မြုပ်စေခြင်းမှ လွတ်မြောက်မှုကို ချီးမြှင့်ပြီးနောက် အခြားသော 'နေအ်မသ်' စည်းစိမ်ရတနာတော်များကို ချီးမြှင့်လေသည်။ ဥပမာ- 'သောင်ရားသ်'ကျမ်းတော်ကို ချီးမြှင့်ခြင်းနှင့် မန်းနှင့် 'စလ်ဝါ'တို့ကို ချီးမြှင့်ခြင်း ဖြစ်ပေသည်။ ထို 'နေအ်မသ်'စည်းစိမ်တော်များကို ချီးမြှင့်၍ ငါအသျှင် မြတ်သည် (အသင်တို့အား အဘယ်ကဲ့သို့သော 'နေအ်မသ်'စည်းစိမ်ရတနာတော်များကို ချီးမြှင့်ခဲ့သည် ဆိုလျှင်) အသင်တို့အား အသင်တို့ (၏ ကြီးမားလှစွာသော) ရန်သူ (၏ ဘေးအန္တရာယ်) မှ ကယ်တင်တော် မူခဲ့လေသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့အား (အသင်တို့၏ နဗီတမန်တော်အားဖြင့် အသင် တို့ အကျိုးအဖို့ အသင်တို့၏) လက်ျာဘက်၌ ရှိသည့် 'သူရ်'မည်သော တောင်နံဘေးသို့ (သို့ လာကြရန်) ယင်းသို့ လာရောက်ကြပြီးနောက် 'သောင်ရားသ်'ကျမ်းအား ချီးမြှင့်တော်မူရန်) ချိန်းချက်တော်မူခဲ့လေ သည်။ ထို့ပြင် ငါအသျှင်မြတ်သည် (သီးယဟ်ကွင်းပြင်၌) အသင်တို့အပေါ် မန်း (မုန့်ချိုတစ်မျိုး) ကို လည်းကောင်း၊ 'စလ်ဝါ' (ငုံးသတ္တဝါတစ်မျိုး) ကိုလည်းကောင်း (သာသနာအရလည်း စားပိုင်ခွင့်ရှိ၍ ဇီဇအရလည်း အရသာရှိသော အရာများကို) ချပေးသနားတော်မူခဲ့လေသည်။ အသင်တို့သည် ငါအသျှင် မြတ်က အသင်တို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော သန့်ရှင်းစင်ကြယ်သည့် (စားဖွယ်) များကို စားသုံး ကြလေကုန်။ သို့ရာတွင် အသင်တို့သည် ဤ (သို့ စားသုံး) သည်နှင့် စပ်လျဉ်း၍ (သာသနာ့ပညတ်ချက်

အရ) စည်းကမ်း မကျူးလွန်ကြကုန်လင့်။ (ဥပမာ- ဒုရ်ကျမ်းအတွင်း၌ ပါရှိသည့်အတိုင်း 'ဟရာမ်'နည်းဖြင့် ရယူစားသောက်မှုကို မပြုလုပ်ကြကုန်လင့်။ သို့မဟုတ် စားသောက်ကာ ဒုစရိုက်မှုကျူးလွန်ခြင်း၏ဘက်သို့ မသွားရောက်ကြကုန်လင့်။) ထိုသို့ ကျူးလွန်ခဲ့သည်ရှိသော် ငါအသျှင်မြတ်၏ အမျက်တော်သည် အသင်တို့၌ သက်ရောက်မည်ဖြစ်ပေသည်။ (ထို့အပြင်) စင်စစ်မှာမူ မည်သူမဆို ငါအသျှင်မြတ်၏ အမျက်တော်သည် ထိုသူအပေါ်၌ သက်ရောက်ခဲ့ပါမူ ဧကန်မလွဲ ထိုသူသည် ('ဂျဟန္နမ်'ငရဲဘုံသို့) ကျသွားပေမည်။ သို့ရာတွင် အကြင်သူသည် နောင်တတရား ရရှိ (၍ ကုဖွ်ရ်သွေဖည်ငြင်းဆိုမှုနှင့် ပြစ်မှုဒုစရိုက်တို့မှ) ဝန်ချ တောင်းပန်ခဲ့သည့်အပြင် (အလ္လာဟ်အသျှင်မြတ်အားလည်း) သက်ဝင်ယုံကြည်ခဲ့လေသည်။ ထို့ပြင် ကောင်းမြတ်သော အကျင့်သီလများကိုလည်း ကျင့်မှုဆောက်တည်ခဲ့ပေသည်။ ထို့နောက် ယင်းတရားလမ်းမှန်ပေါ်၌ တည်ရှိနေခဲ့၏။ ဧကန်စင်စစ် ထိုသူ့အား ငါအသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူ၏။ (ဆိုလိုသည်မှာ အီမာန်နှင့် ကောင်းမြတ်သော အကျင့်သီလတို့အပေါ်၌ စွဲမြဲစွာ ရပ်တည်ရန်ဖြစ်သည်။ ဤအောက်ဖော်ပြပါ စာစဉ် အကြောင်းအရာကိုလည်း ဗနီအိစ်ရာအီးလ်လူမျိုးတို့အား ပြောထားပြီးဖြစ်ပေသည်။ 'နေ့အ်မသ်'စည်းစိမ် တော်များကို သတိရခြင်း၊ ကျေးဇူးတင်ရှိရန် အမိန့်၊ ပြစ်မှုဒုစရိုက်များကို ရှောင်ရှားခြင်းနှင့် ကတိနှင့် ခြိမ်းခြောက်ခြင်းဆိုင်ရာ ကဏ္ဍရပ်များကိုယ်တိုင်လည်း သာသနာရေးဆိုင်ရာ 'နေ့အ်မသ်'စည်းစိမ်တော်များ ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَاَوْ حَيْنَا الٰى مُوْسٰى

ဧကန်စင်စစ် ငါအသျှင်မြတ်သည် မူစာထံသို့ ဤသို့ 'ဝဟီ' အမိန့်တော် ထုတ်ပြန်ချမှတ်တော်မူခဲ့၏။ [၂၀ : ၇၇]

အမှန်နှင့် အမှား၊ 'မုအ်ဂျေဇာဟ်' နှင့် စုန်းအတတ်တို့အား အဆုံးအဖြတ်ပေးသည့် ဆင်နွှဲမှုသည် ဖိရ်အောင်န်နှင့် ၎င်း၏ ဘက်တော်သားကို ရှုံးနိမ့်စေလိုက်ပေသည်။ ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင်တို့သည် ဟဇရသ်မူစာ عليه السلام နှင့် ဟဇရသ်ဟာရူးန် عليه السلام တို့၏ ချုပ်ကိုင်မှုအောက်၌ စုရုံးလာလေသည်။ သို့ရှိရာယခု ၎င်းတို့ကို ဤအရပ်ဒေသမှ ရွှေ့ပြောင်းသွားရန် အမိန့်ကျရောက်လာလေသည်။ သို့ရာတွင် ဖိရ်အောင်န်၏ နောက်ယောင်ခံလိုက်လာမှုနှင့် ရှေ့လမ်းခရီး၌ မြစ်ပင်လယ်သည် အဟန့်အတား ဖြစ်ရှိနေခြင်းတို့အား စိုးရိမ်လျက် ရှိကြကုန်၏။ ထို့ကြောင့် ယင်းအချက်နှစ်ချက်စလုံးနှင့် ပတ်သက်၍ ဟဇရသ်မူစာ عليه السلام အား မြစ်ပင်လယ်၌ မိမိ၏ တောင်ဝှေးအား ရိုက်လိုက်မည်ဆိုလျှင် အလယ်မှ ခြောက်သွေ့သော လမ်းများဖြစ်ပေါ်လာမည့်အကြောင်း နောက်မှ လိုက်လာသော ဖိရ်အောင်န်၏ ရန်မှလည်း စိုးရိမ်ဖွယ်မရှိရန် အကြောင်းတို့အား စိတ်ချမ်းသာမှုအဖြစ် မိန့်တော်မူလိုက်လေသည်။ အကြင်အချက်၏ အကျယ်ချဲ့အကြောင်းကို ဤစူရာဟ်တော်၏ 'ဟဒီးစေ့ဖုန္နးန်'အကြောင်း၌ တင်ပြပြီးဖြစ်လေသည်။

ဟဇရသ်မူစာ عليه السلام သည် မြစ်ပင်လယ်အား တောင်ဝှေးနှင့် ရိုက်လိုက်သည်ဆိုလျှင် ထိုမြစ်ပင်လယ် အတွင်း၌ လမ်း (၁၂) သွယ် ဖြစ်ရှိသွားပြီး 'ရေပြင်ကြီးသည် အစိုင်အခဲဖြစ်ရှိကာ ဘေးနှစ်ဖက်၌ တောင် ကြီးပမာ တစ်ညီတည်း မြင့်မားစွာဖြင့် တည်ရှိနေသည့် ပုံစံကဲ့သို့ ဖြစ်ရှိသွားပေသည်။ အလယ်မှ ခြောက် သွေ့သော လမ်းသည် ထွက်ပေါ်လာလေသည်။ ပမာဆိုရသော် ဖုရာဟ်ရှအ်အရားအ်၌

فَكَانَ كُلُّ فِرْقٍ كَالطَّوْدِ الْعَظِيْمِ

ထိုပင်လယ်မှာ နှစ်ခြမ်းကွဲ၍ ရေ၏ အစုအပုံ အသီးသီးတို့မှာ ကြီးမားလှစွာသော တောင်ကြီးများ ပမာ ဖြစ်သွားခဲ့ကြလေ၏။ *[၂၆ : ၆၃]*

ထိုလမ်း (၁၂) သွယ်ကြား၌ ရှိသော ရေကြောင်းများကို အလ္လာဟ်အသျှင်မြတ်သည် 'လမ်းတစ်လမ်း မှ ဖြတ်သန်းသွားသော သူတို့သည် အခြားသောလမ်းမှ ဖြတ်သန်းသွားသောသူတို့အား တွေ့မြင်နေရကာ စကားစမြည်လည်း ပြောဆိုနိုင်ကြပေသည်။ သို့မှသာ ၎င်းတို့၏ နှလုံးသားများအတွင်း၌ မိမိတို့၏ ညီနောင် များ၏ အခြေအနေသည် မည်ကဲ့သို့ ရှိနေမည်နည်းဟူသော စိုးရိမ်ဖွယ်အချက် မကျန်ရှိအောင်ဟူသော ပုံစံမျိုးဖြင့် ပြုပေးလိုက်လေသည်။ *[ကုရ်သုဗီးကျမ်း]*

မိဆွေရ်မှထွက်ချိန် ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင်တို့၏ အချို့သော အခြေအနေများနှင့် အရေ အတွက်၊ ဖိရ်အောင်နှိစစ်တပ်၏ အရေအတွက်

သဖ်စီရေ ရုဟုလ်မအာနီကျမ်းအတွင်း၌ ဤဆင့်ပြန်ချက် လာရှိထားပေသည်။ ဟဇရသ်မူစာ عليه السلام သည် ညဦးယံ၌မှာပင် ဗနီအိစ်ရာအီးလ်လူမျိုးတို့ကို ခေါ်ဆောင်ကာ မိဆွေရ်မှ 'ကွလ်ဇုးမ်'မြစ်ဘက်သို့ ထွက်ခွာ လာလေသည်။ ဗနီအိစ်ရာအီးလ်လူမျိုးတို့သည် ယင်းသို့ မထွက်ခွာမီအလျှင် မြို့တွင်းရှိ သူတို့အား 'ကျွန်ုပ်တို့၏ အီးဒ်ပွဲတော်ရှိသည်။ ကျွန်ုပ်တို့သည် ယင်းကို ဆင်နွှဲရန်အတွက် ပြင်ပသို့ သွားရောက် ကြမည်' ဟူ၍ လေသံလွှင့်ထားပေသည်။ ထိုအကြောင်းပြချက်ဖြင့် ကစ်ဗ်သွီလူမျိုးတို့ထံမှ အချို့သော လက်ဝတ်ရတနာများကို 'အီးဒ်ပွဲဆင်နွှဲပြီးနောက် ပြန်လာလျှင် ပေးမည်'ဟူ၍ ဆိုကာ ငှားရမ်းတောင်းယူ ထားကြလေသည်။ ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင်တို့၏ အရေအတွက်မှာ ထိုအချိန်၌ (၆၃၈၀၀၀) ဖြစ်သည်။ အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ (၆၇၀၀၀၀) ဟူ၍ လာရှိထားပေသည်။ (ဤသည် အိစ်ရာအီးလ် ရာဇဝင်ပညာရှင်များ အတိုင်းထက်အလွန် ရေးသားဖွဲ့နွဲ့ထားခြင်း ဖြစ်ပေသည်။) သို့ရာတွင် ဤကုရ်အာန် ကျမ်းတော်မြတ်၏ မိန့်မြွက်ချက်နှင့် ဟဒီးစ်တော်များမှ '၎င်းတို့သည် အုပ်စု (၁၂) အုပ်စုရှိကြောင်း၊ တစ်အုပ်စုချင်းအတွင်း၌လည်း များပြားသော အရေအတွက်များရှိကြောင်း' ကိုသာ အတည်ပြုထားပေသည်။ ဤသည်လည်း တန်ခိုးတော်အသျှင် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်လှစွာသော ပြသမှုတစ်ရပ် ဖြစ်ပေ သည်။ ဤသူတို့ သည် ဟဇရသ်ယူစွဖ် عليه السلام ၏ ခေတ်ကာလ၌ မိဆွေရ်သို့ ရောက်ရှိလာချိန်ဝယ် ညီအစ်ကို

(၁၂) ဦး ဖြစ်သည်။ ယခု ဤညီအစ်ကို (၁၂) ဦးမှ ပေါက်ဖွားလာသော မျိုးနွယ်အုပ်စု (၁၂) အုပ်စုကို မိဆွေရ်မှ ထွက်လာချိန်ဝယ် (၆) သိန်းထက် ပိုကြောင်းကို ပြဆိုထားပေသည်။ ဖိရ်အောင်န်သည် အကြင် စစ်တပ်၌ မြင်းနက် (၇) သောင်း ပါဝင်ပေသည်။ အရှေ့ပြေး စစ်တပ်သည်ပင် အစီးအနင်း စစ်သည် (၇) သိန်း ပါဝင်ပေသည်။ ဗနီအိစ်ရာအီးလ်တို့သည် နောက်မှ ဖိရ်အောင်န်၏ စစ်တပ်ကို မြင်တွေ့နေသည်က တစ်ကြောင်း၊ ရှေ့၌ မြစ်ပင်လယ်သည် အဟန့်အတားအဖြစ် တည်ရှိနေသည်ကို မြင်တွေ့နေရသည်က တစ်ကြောင်း စသော အကြောင်းကြောင်းတို့ကြောင့် ကြောက်ရွံ့ကာ ဟာဇရသ်မူစာ عليه السلام အား

إِنَّا لَمُدْرَكُونَ

'ဧကန်မလွဲ ကျွန်ုပ်တို့သည် အမှန်ပင် အဖမ်းခံရပြီး' ဟူ၍ လျှောက်ထားမှုကို ပြုကြလေသည်။ ဟာဇရသ်မူစာ عليه السلام သည်

إِنَّ مَعِىَ رَبِّى سَيَهْدِينِ

'ဧကန်မလွဲ ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ငါနှင့်အတူ ရှိနေတော်မူပေရာ ယခုပင် ထိုအသျှင်မြတ်သည် ငါ့အား ပင်လယ်မှ ထွက်နိုင်ရန် လမ်းညွှန်ချက် ပေးတော်မူပေမည်' ဟု ဖြေသိမ့်မှု ပေးလေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် မြစ်ပင်လယ်ကို ရိုက်လိုက်လေရာ လမ်း (၁၂) သွယ် ပေါ်ပေါက်သွားပေသည်။ ဗနီအိစ်ရာအီးလ်မျိုးနွယ် (၁၂) အုပ်စုသည် ထိုလမ်းကြောင်း အသီးသီးတို့မှ ဖြတ်သန်းသွားကြလေသည်။ ဖိရ်အောင်န်နှင့် ၎င်း၏ စစ်တပ်တို့သည် ထိုနေရာသို့ ရောက်ရှိချိန်ဝယ် ဤအံ့ဖွယ်ကောင်းသော မြင်ကွင်းကို တွေ့မြင်ကာ '၎င်းတို့အဖို့ မြစ်ပင်လယ်သည် အဘယ်ကဲ့သို့ လမ်းဖြစ်သွားပေသနည်း' ဟူ၍ အံ့သြထိတ်လန့်သွားပေသည်။ သို့ရာတွင် ဖိရ်အောင်န်သည် 'ဤအချင်းအရာ သဘာဝလွန် ဖြစ်ရပ်များအားလုံးသည် ကျွန်ုပ်၏ ဂုဏ်ရှိန်၊ ဂုဏ်ဝါတို့ကြောင့် ဖြစ်တန်ကောင်းရာသည်။ အကြင်ဂုဏ်ရှိန်၊ ဂုဏ်ဝါကြောင့် မြစ်ပင်လယ်၏ ရေစီးဆင်းမှုသည် ရပ်တန့်သွားကာ လမ်းဖြစ်သွားပေသည်' ဟူ၍ ပြောဆိုကာ ချက်ချင်း ရှေ့သို့ တိုး၍ မိမိ၏ မြင်းကိုလည်း မြစ်လမ်းကြောင်းအတွင်းသို့ ဆင်းသက်စေကာ မိမိ၏ စစ်တပ်ကိုလည်း အနောက်မှ လိုက်လာရန် အမိန့်ပေးလိုက်လေသည်။ ဖိရ်အောင်န် အပါအဝင် မိမိ၏ စစ်တပ်အားလုံးတို့သည် ထိုမြစ်လမ်းကြောင်းများအတွင်း၌ အားလုံးဝင်ဆန့်ကာ ပိတ်မိသွားသည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် မြစ်ပင်လယ်အား ရေကို ပြန်လည် စီးဆင်းစေရန် အမိန့်ပေးလေရာ ရေစုရေပုံများသည် ပြန်လည်စုစည်းကာ စီးတွေသွားလေသည်။

فَغَشِيَهُمْ مِّنَ الْيَمِّ مَا غَشِيَهُمْ

ပင်လယ်မှ ရေများသည် ၎င်းတို့အား လွှမ်းမိုး၍ နစ်မြုပ်စေခဲ့လေသည်။ *[၂၀ : ၇၈]*

ဟူသော အာယသ်တော်၏ ရလဒ်သည် ဤသည်သာလျှင် ဖြစ်ပေသည်။ *[ရူဟုလ်မအာနီကျမ်း]*

وَوَعَدْنَٰكُمْ جَانِبَ الطُّورِ الْأَيْمَنَ

ငှင်းပြင် ငါအသျှင်မြတ်သည် အသင်တို့အား အသင်တို့ လက်ျာဘက်၌ ရှိသည့် 'သူရ်'မည်သော တောင်နံဘေးသို့ လာကြရန် ချိန်းချက်တော်မူခဲ့လေသည်။ *[၂၀ : ၈၀]*

ဖိရ်အောင်န်၏ ဘေးရန်မှ လွတ်မြောက်၍ မြစ်ပင်လယ်အား ကူးဖြတ်ပြီးနောက် အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်မူစာ عليه السلام အားလည်းကောင်း၊ ထိုမူစာ عليه السلام ၏ အကြောင်းခံအားဖြင့် ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင်တို့ အားလုံးအားလည်းကောင်း ဟဇရတ်မူစာ عليه السلام အား 'သောင်ရားသ်'ကျမ်း ချီးမြှင့်မည်ဖြစ်ကြောင်း၊ ထိုဗနီအိစ်ရာအီးလ်လူမျိုးတို့ကိုယ်တိုင်သည်လည်း ဟဇရတ်မူစာ عليه السلام သည် အလ္လာဟ်အသျှင်မြတ်နှင့် စကားပြောဆိုတော်မူခြင်းကို ရှုမြင်နိုင်ရန် 'သူရ်' တောင်တော်၏ လက်ယာဘက်သို့ လာရောက်ကြရန် ချိန်းချက်တော်မူလိုက်လေသည်။

وَنَزَّلْنَا عَلَيْكُمُ الْمَنَّ وَالسَّلْوَىٰ

ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အပေါ်၌ 'မန်း'ကိုလည်းကောင်း၊ 'စလ်ဝါ'ကိုလည်းကောင်း ချပေးသနားတော်မူခဲ့လေသည်။ *[၂၀ : ၈၀]*

ဤဖြစ်အင်သည် ဗနီအိစ်ရာအီးလ်လူမျိုးစုတို့ မြစ်ပင်လယ်ကို ကူးဖြတ်ပြီးနောက် ရှေ့သို့ ဆက်သွားကာ မွန်မြတ်သော မြို့တစ်မြို့အတွင်း ဝင်ရောက်ရန် အမိန့်ရရှိချိန်၌ ဖြစ်ပေသည်။ ၎င်းတို့သည် ဆန့်ကျင်မှုကို ပြုကြပေသည်။ ထိုသို့ ဆန့်ကျင်မှုပြုကြခြင်းကြောင့် 'သီးယဟ်'ကွင်းပြင်၌ ချုပ်နှောင်ခံထားရခြင်း၏ အသွင်သဏ္ဍာန်မျိုးဖြင့် ပြစ်ဒဏ်ခတ်ခြင်းကို ခံရပေသည်။ ဤကွင်းပြင်အရပ်ဒေသမှ နှစ်ပေါင်း (၄၀) ထိတိုင် အပြင်သို့ ထွက်ခွင့်မရရှိနိုင်ပေ။ ယင်းသို့ ပြစ်ဒဏ်ခတ်ခြင်းခံနေရသည့် ကြားကပင် ဟဇရတ်မူစာ عليه السلام ၏ 'ဗရ်ကသ်'မင်္ဂလာတော်ဖြင့် ၎င်းတို့အပေါ်၌ ဒဏ်ခတ်ခြင်း ခံနေရသည့် ခေတ်ကာလ၌မှာပင် အမျိုးမျိုးသော ဆုလာဘ်များ ချီးမြှင့်ခြင်း ခံထားရပေသည်။ ထိုဆုလာဘ်များအတွင်း၌ မန်နှင့် စလ်ဝါသည်လည်း ပါဝင်ပေသည်။ အကြင်အရာများသည် ၎င်းတို့ စားသောက်ရန်အဖို့ ချီးမြှင့်ခြင်း ခံထားရပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَآ أَعْجَلَكَ عَن قَوْمِكَ يَٰمُوسَىٰ ﴿٨٣﴾

၂၀ : ၈၃ ။ ။ ၎င်းပြင် 'အို၊ မူစာ၊ မည်သည့်အရာသည် အသင့်အား မိမိ၏ အမျိုးသားတို့ထက် ဦးစွာ စော၍ လာရောက်စေခဲ့ပါသနည်း။'

قَالَ هُمْ أُولَاءِ عَلَىٰ أَثَرِي وَعَجِلْتُ إِلَيْكَ رَبِّ لِتَرْضَىٰ ﴿٨٤﴾

၂၀ : ၈၄ ။ ။ ယင်း (မူစာ) က (အို, အသျှင်) 'ၚင်း (အမျိုးသား) တို့သည် ကျွန်တော်မျိုး၏ နောက်၌ပင် လိုက်ပါခဲ့ကြပါသည်။ အို, ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည် အသျှင်မြတ်ထံတော်သို့ အသျှင်မြတ် ကျေနပ်တော်မူပါရန် အလျင် လာခဲ့ခြင်းပင် ဖြစ်ပါသည်'ဟု တင်လျှောက်လေ၏။

قَالَ فَإِنَّا قَدْ فَتَنَّا
قَوْمَكَ مِنْ بَعْدِكَ وَأَضَلَّهُمُ السَّامِرِيُّ ﴿٨٥﴾

၂၀ : ၈၅ ။ ။ ထိုအသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို, မူစာ) 'ကေန်စင်စစ် ငါအသျှင်မြတ်သည် အသင်မရှိသည့်နောက်တွင် အသင်၏ အမျိုးသားများအား စမ်းသပ်တော်မူခဲ့လေသည်။ စာမိရီသည် ၎င်းတို့အား လမ်းမှားစေခဲ့လေပြီ။'

فَرَجَعَ مُوسَىٰ إِلَىٰ قَوْمِهِ غَضْبَانَ أَسِفًا ۚ قَالَ يَا قَوْمِ أَلَمْ يَعِدْكُمْ
رَبُّكُمْ وَعْدًا حَسَنًا ۚ أَفَطَالَ عَلَيْكُمُ الْعَهْدُ أَمْ أَرَدْتُمْ أَنْ
يَحِلَّ عَلَيْكُمْ غَضَبٌ مِنْ رَبِّكُمْ فَأَخْلَفْتُمْ مَوْعِدِي ﴿٨٦﴾

၂၀ : ၈၆ ။ ။ ထိုအခါ မူစာသည် မိမိ၏ အမျိုးသားတို့ထံ ဒေါသအမျက်ထွက်လျက် ဝမ်းနည်းပူဆွေးစွာ ပြန်လာခဲ့ပြီးလျှင် (ဤသို့) ပြောဆိုခဲ့လေသည်။ 'အို, ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် အသင်တို့အား ကောင်းမြတ်လှစွာသော ကတိကို ပေးတော်မူခဲ့သည်မဟုတ်လော။ သို့ဖြစ်ပေရာ အသင်တို့အပေါ်၌ ချိန်းချက်ထားသော ထိုအချိန်ကာလသည် ရှည်လျားကြာညောင်ခဲ့လေပြီလော။ သို့တည်းမဟုတ် အသင်တို့သည် မိမိတို့အပေါ်၌ မိမိတို့အသျှင်မြတ်၏ အမျက်တော် သက်ရောက်ခြင်းကို အလိုရှိသောကြောင့် ကျွန်ုပ်နှင့် ထားရှိပြီးဖြစ်သော ကတိကို ဖောက်ဖျက်ခဲ့ကြလေသလော။'

قَالُوا مَا أَخْلَفْنَا مَوْعِدَكَ بِمَلْكِنَا وَلَٰكِنَّا حُمِّلْنَا أَوْزَارًا مِنْ زِينَةِ
الْقَوْمِ فَقَذَفْنَاهَا فَكَذَٰلِكَ أَلْقَى السَّامِرِيُّ ﴿٨٧﴾

၂၀ : ၈၇ ။ ။ (ထိုအခါ) ယင်းအမျိုးသားတို့က (ဤသို့) ပြောဆိုခဲ့ကြကုန်၏။ (အို, နဗီတမန်တော်မူစာ) 'စင်စစ် ကျွန်ုပ်တို့သည် အသင်နှင့် ထားရှိခဲ့သော ကတိကို မိမိတို့အလိုသဘောနှင့် ဖောက်ဖျက်ခဲ့ကြသည်မဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့မှာမူ (ကစ်ဗ်တီ) အမျိုးသားတို့၏ လက်ဝတ်လက်စားများကို သယ်ပိုးယူဆောင်လာခဲ့ကြရလေသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်းလက်ဝတ်လက်စား တန်ဆာများကို (အချင်းချင်း တိုင်ပင်၍ မီးထဲသို့) ပစ်ချခဲ့ကြပေသည်။ ထို့နောက် စာမိရီသည်လည်း ထိုနည်းအတိုင်းပင် (မိမိ၏ လက်ဝတ်တန်ဆာများကို မီးထဲသို့) ပစ်ချခဲ့လေသည်။

فَأَخْرَجَ لَهُمْ عِجْلًا جَسَدًا لَّهُ خُوَارٌ فَقَالُوا هَٰذَا إِلَٰهُكُمْ وَإِلَٰهُ مُوسَىٰ فَنَسِيَ ﴿٨٨﴾

၂၀ : ၈၈ ။ ။ ထို့နောက် ယင်း (စာမိရီ) သည် ၎င်းတို့အဖို့ အသံထွက်သော နွားငယ်ကလေးတစ်ကောင်၏ ခန္ဓာကိုယ် အသွင်ပုံသဏ္ဍာန်တစ်ခုကို (၎င်းလက်ဝတ်လက်စား တန်ဆာများ၏ အရည်ဖြင့် သွန်းလောင်း၍) ထုတ်ယူလာခဲ့လေသည်။ (ထိုအခါ) ယင်းအမျိုးသားတို့က 'ဤသည်ပင် အသင်တို့၏ ကိုးကွယ်ရာအသျှင်၊ မူစာ၏ ကိုးကွယ်ရာအသျှင် ဖြစ်ပေသည်။ သို့သော် မူစာသည် (မိမိ၏ ကိုးကွယ်ရာ အသျှင်မြတ်အား ဤမှာပင်) မေ့ထားခဲ့လေပြီ' ဟု (အချင်းချင်း) ပြောဆိုကြလေသည်။

أَفَلَا يَرَوْنَ أَلَّا يَرْجِعُ إِلَيْهِمْ قَوْلًا وَلَا يَمْلِكُ لَهُمْ ضَرًّا وَلَا نَفْعًا ﴿٨٩﴾

၂၀ : ၈၉ ။ ။ မည်သို့ပါနည်း။ ယင်းနွားကလေးမှာ မိမိတို့၏ မည်သည့်စကားကိုမျှ ပြန်ကြားခြင်းလည်း မပြုနိုင်။ မိမိတို့နှင့် ပတ်သက်၍ မည်သို့မျှ အကျိုးယုတ်စေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်း ပြုစွမ်းနိုင်ခြင်း မရှိသည်ကို ၎င်းတို့ မမြင်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

၎င်းပြင် (အလ္လာဟ်အသျှင်မြတ်သည် 'သောင်ရားသ်' ကျမ်းကို ချီးမြှင့်တော်မူရန် လိုလားတော်မူရာ ဟဇရသ်မူစာ ﷺ ကို 'သူရ်' တောင်ရှိရာဆီသို့ လာရောက်ရန် မိန့်တော်မူလိုက်လေသည်။ မျိုးနွယ် အုပ်စု၌ရှိသော အချို့သော သူများကိုလည်း တစ်ပါးတည်း ခေါ်ဆောင်လာရန် မိန့်တော်မူလိုက်လေသည်။ ဟဇရသ်မူစာ ﷺ သည် တပ်မက်စွာ ရှေ့ဆုံးမှ တစ်ကိုယ်တည်း ဦးစွာ ရောက်နှင့်ပြီးဖြစ်သည်။ အခြားသော သူတို့သည် မိမိတို့၏ နေရာ၌မှာပင် ကျန်ရစ်ကြကာ တောင်တော်ရှိရာဆီသို့ သွားရောက်ရန် ရည်ရွယ်ချက်ပင် မထားရှိကြပေ။ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်မူစာ ﷺ အား မေးမြန်းတော်မူသည်မှာ) အို၊ မူစာ၊ မည်သည့်အရာသည် အသင့်အား မိမိ၏ အမျိုးသားတို့ထက် ဦးစွာ စော၍ လာရောက်စေခဲ့ပါသနည်း။ ယင်း (မူစာ) က (မိမိ၏ အထင်ဖြင့် အို၊ အသျှင်) ၎င်း (အမျိုးသား) တို့သည် ကျွန်တော်မျိုး၏ နောက်၌ပင် လိုက်ပါခဲ့ကြပါသည်။ အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ စင်စစ် ကျွန်တော်မျိုးသည် (အလ္လာဟ်အသျှင်မြတ် ကျွန်တော်မျိုးနှင့် စကားအပြန်အလှန် ပြောဆိုတော်မူရန် ချိန်းဆိုထားရာ) အသျှင်မြတ်ထံတော်သို့ အသျှင်မြတ် (သာ၍) ကျေနပ်တော်မူပါရန် (အားလုံး၏) အလျင် လာခဲ့ခြင်းပင် ဖြစ်ပါသည်' ဟု တင်လျှောက်လေ၏။ (အဘယ်ကြောင့်ဆိုသော် အမိန့်နာခံမှုကို ပြုရာ၌ အလျင်စလိုပြုခြင်းသည် သာ၍ နှစ်ထောင်းအားရဖွယ်ကောင်းသော အချက်ဖြစ်ပေသည်။) ထိုအသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ (အို၊ မူစာ) ကေန်စင်စစ် ငါအသျှင်မြတ်သည် အသင် (ထွက်လာပြီးသည့်နောက်တွင်) အသင်၏ အမျိုးသားများအား စမ်းသပ်တော်မူခဲ့လေသည်။ စာမိရီးသည် ၎င်းတို့အား လမ်းမှားစေခဲ့လေပြီ။ (အကြင်အကြောင်း အရှေ့၌ လာရှိထားပြီး ဖြစ်ပေသည်။)

فَتَنَّا နှင့် فَاَخۡرَجَ لَهُمۡ عِجۡلًا ဟူသော အာယသ်တော်များတွင် ထိုစမ်းသပ်မှုကို အလ္လာဟ် အသျှင်မြတ်သည် မိမိဘက်သို့ ဆက်နွယ် မိန့်မြွက်တော်မူလိုက်ရခြင်းအကြောင်းမှာ လုပ်ရပ်တိုင်းအား ဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ထိုအသျှင်မြတ်သည်သာလျှင် ဖြစ်ပေသည်။ သို့တည်းမဟုတ် ထိုလုပ်ရပ်နှင့် စပ်လျဉ်း၍ မူရင်း ဆက်နွယ်နေသူသည် စာမိရီးသည်သာလျှင်ဖြစ်သည်။ အကြင်အချက် ကို اَضَلَّ هُمُ السَّامِرِىُّ ဟူသော အာယသ်တော်အတွင်း၌ ထုတ်ဖော် မိန့်ဆိုထားတော်မူပေသည်။ ထိုအခါ မူစာသည် (ချိန်းဆိုထားခြင်း၏ အချိန် နေ့ရက်များကို ပြည့်ဝစွာ ဖြတ်သန်းသွားပြီးသည့်နောက်) မိမိ၏ အမျိုးသားတို့ထံ ဒေါသအမျက်ထွက်လျက် ဝမ်းနည်း၊ ပူဆွေးစွာ ပြန်လာခဲ့ပြီးလျှင် (ဤသို့) ပြောဆိုခဲ့လေသည်။ အို, ကျွန်ုပ်၏ အမျိုးသားတို့၊ အသင်တို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် (ငါအသျှင်မြတ်သည် အသင်တို့အား ကျမ်းစာအုပ်တစ်အုပ် ချီးမြှင့်တော်မူမည်ဟူ၍) ကောင်းမြတ် (မှန်ကန်) လှစွာသော ကတိကို ပေးတော်မူခဲ့သည် မဟုတ်လော။ (သို့ဆိုလျှင် အသင်တို့အဖို့ ယင်းစာအုပ်အား စောင့်ဆိုင်းရန်မှာ 'ဝါဂျိဗ်'တာဝန် ဖြစ်ပေသည်။) သို့ဖြစ်ပေရာ အသင်တို့အပေါ်၌ ချိန်းချက်ထားသော ထိုအချိန်ကာလသည် (သတ်မှတ်ရက်ထက် သာပို၍) ရှည်လျား ကြာညောင်းခဲ့လေပြီလော။ (ထိုသို့ ကြာညောင်းသွားခြင်းကြောင့် 'မရတော့ပြီ'ဟူ၍ မျှော်လင့်ချက် ကင်းမဲ့ကာ အခြားသော ခဝပ်ကိုးကွယ်မှု တစ်ရပ်ကို တီထွင်မှု ပြုလုပ်လိုက်ခြင်း ဖြစ်ပါ၏လော။) သို့တည်းမဟုတ် အသင်တို့သည် မိမိတို့အပေါ်၌ မိမိတို့အသျှင်မြတ်၏ အမျက်တော် သက်ရောက်ခြင်းကို အလိုရှိသောကြောင့် ကျွန်ုပ်နှင့် ထားရှိပြီးဖြစ် သော (အသင် သွားရောက်ပြီးနောက် မည်သည့်ကိစ္စရပ် အသစ်တစ်ခုခုကိုမျှ ပြုလုပ်မည်မဟုတ်ကြောင်း၊ အသင် တာဝန်လွှဲပြောင်းပေးထားသော ဟာရူန် عليه السلام ၏ အမိန့်ကို နာခံမည်ဖြစ်ကြောင်း) ကတိကို ဖောက်ဖျက်ခဲ့ကြလေသလော။ (တစ်ဦးတစ်ယောက်သည် ၎င်းတို့အား ဤလုပ်ရပ်ကို အတင်းအဓမ္မ ပြုလုပ် နိုင်းစေခြင်း၏ အဓိပ္ပာယ်မျိုး မဟုတ်ရုံသာမက အလိုသဘောမှာ အကြင်အကြံအစည်ကို ကျွန်ုပ်တို့ ဦးစွာ ပထမပြုချိန်၌ ဦးနောက်အသိအာရုံ လွှင့်ပျံနေသော အချိန်ဖြစ်သည်။ ထိုအချိန်၌ ယင်းအချက်ကို ရွေးချယ် လိုက်ခြင်းဖြစ်သည်။ ထိုအချက်နှင့် ဆန့်ကျင်စွာ စာမိရီး၏ လုပ်ရပ်သည် ကျွန်ုပ်တို့အဖို့ သံသယအဖြစ် ပေါ်ပေါက်စေသော အရာဖြစ်သွားပေသည်။ အကြင်လုပ်ရပ်ကြောင့် ကျွန်ုပ်တို့သည် 'သောင်ဟီးဒ်'တစ်ပါး တည်း တည်ရှိခြင်းဟူသော မူလအကြံအစည်ကို မရွေးချယ်တော့ဘဲ ဒုတိယအစီအစဉ်တစ်ရပ်ကို အကြံဉာဏ် ပြောင်းသွားကာ ရွေးချယ်လိုက်လေသည်။ ထိုအချက်အားလည်း ကျင့်ကြံမှုသည် ပင်ကိုယ်ရွေးချယ်မှုကြောင့် သာ ပြုခြင်းဖြစ်သည်။ သို့ရှိရာ ဆက်လက်ပြောဆိုသည်မှာ) သို့ရာတွင် ကျွန်ုပ်တို့မှာမူ (ကိဗ်သို့) အမျိုး သားတို့၏ လက်ဝတ်လက်စားများကို သယ်ပိုးယူဆောင်လာခဲ့ကြရလေသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်တို့ သည် ယင်းလက်ဝတ်လက်စား တန်ဆာများကို (စာမိရီး ပြောဆိုသည့်အပေါ် အချင်းချင်း တိုင်ပင်၍ မီး ထဲသို့) ပစ်ချခဲ့ကြပေသည်။

ထို့နောက် စာမိရီးသည်လည်း ထိုနည်းအတိုင်းပင် (မိမိ၏ လက်တန်ဆာများကို မီးထဲသို့) ပစ်ချ ခဲ့လေသည်။ (ရှေ့၌ အလ္လာဟ်အသျှင်မြတ်သည် ဖြစ်အင်အား အဆုံးသတ် ပြီးမြောက်စေရန် ဤသို့ မိန့်တော်

မူလိုက်လေသည်။) ထို့နောက် ယင်း (စာမိရီး) သည် ၎င်းတို့အဖို့ (အဓိပ္ပာယ်မဲ့သော) အသံထွက်သည့် နွားငယ်ကလေးတစ်ကောင်၏ (အရည်အချင်းမဲ့) ခန္ဓာကိုယ်အသွင်ပုံသဏ္ဌာန်တစ်ခုကို (၎င်းလက်ဝတ်တန်ဆာများ၏ အရည်ဖြင့် သွန်းလောင်း) ထုတ်ယူလာခဲ့လေသည်။ သို့ရှိရာ (ထိုအခါ ထိုနွားငယ်ရုပ်နှင့် စပ်လျဉ်း၍) ယင်း (သို့ အသိဉာဏ်ကင်းမဲ့သော) အမျိုးသားတို့က (တစ်ဦးကိုတစ်ဦးအား) 'ဤသည်ပင် အသင်တို့၏ ကိုးကွယ်ရာအသျှင်၊ မူစာ၏ ကိုးကွယ်ရာ အသျှင်ဖြစ်ပေသည်။ (၎င်းအား ခဝပ်ကိုးကွယ်ကြကုန်။) သို့သော် မူစာသည် (မိမိ၏ ကိုးကွယ်ရာ အသျှင်မြတ်အား ဤမှာပင်) မေ့ထားခဲ့ (ကာ 'သူရ်'တောင်၌ အသျှင်မြတ်အား ရှာဖွေရန် ထွက်သွား) ပြီးဟု ပြောဆိုကြလေသည်။ (အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အသိဉာဏ်ကင်းမဲ့သော လုပ်ရပ်အပေါ် ချေပမိန့်မြွက်တော်မူသည်မှာ) မည်သို့ပါနည်း။ ယင်းနွားလေးမှာ (တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း) မိမိတို့၏ မည်သည့်စကားကိုမျှ ပြန်ကြားခြင်းလည်း မပြုနိုင်၊ မိမိတို့နှင့် ပတ်သက်၍ မည်သို့မျှ အကျိုးယုတ်စေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်း ပြုစွမ်းနိုင်ခြင်းမရှိ။ (ဤကဲ့သို့သော အသျှင်မြတ်သည် မည်သို့နည်း။ စစ်မှန်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်များ၏ အကြောင်းခံဖြင့် မုချ မိန့်မြွက်မှာတမ်းတော်မူပေသည်) ကို ၎င်းတို့ မမြင်ကြလေသလော။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟာဇရသ်မူစာ (عليه السلام) နှင့် ဗနီအိစ်ရာအီးလ်လူမျိုးတို့သည် ဖိရ်အောင်န်၏ နောက်ယောင်ခံလိုက်မှုနှင့် မြစ်ပင်လယ်အား ကျော်ဖြတ်ပြီးနောက် ရှေ့သို့ ဆက်လက်ထွက်ခွာသွားပါမှ ၎င်းတို့သည် ရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်လျက် ရှိကြကုန်သော မျိုးနွယ်အုပ်စုတစ်အုပ်စုရှိရာ အားမှ ဖြတ်သန်းသွားရပေသည်။ ၎င်းတို့၏ ခဝပ်ကိုးကွယ်မှုကို တွေ့မြင်ကာ ဗနီအိစ်ရာအီးလ်လူမျိုးတို့သည် '၎င်းတို့ တွေ့မြင်တည်ရှိသော (ရုပ်တု၊ ဆင်းတုများ) ကို မိမိတို့ကိုးကွယ်ရာ အသျှင်အဖြစ် ပြုလုပ်ထားသကဲ့သို့ ကျွန်ုပ်တို့အဖို့လည်း ဤကဲ့သို့သော ခဝပ်ကိုးကွယ်ရာအသျှင်အဖြစ် ပြုလုပ်ပေးပါ'ဟူ၍ ပြောဆိုကြလေသည်။ ဟာဇရသ်မူစာ (عليه السلام) သည် ၎င်းတို့၏ ဤအဓိပ္ပာယ်ကင်းမဲ့သော တောင်းဆိုချက်အပေါ် တုန့်ပြန်ဖြေကြားရာ၌ 'အလွန် အသိဉာဏ် အလိမ္မာကင်းမဲ့သောသူများ ဖြစ်ပေသည်။ ဤရုပ်တု၊ ဆင်းတုများကို ခဝပ်ကိုးကွယ်သောသူတို့ အားလုံးသည် ပျက်စီးဆုံးရှုံးမည့်သူများ ဖြစ်ပေသည်။ ၎င်းတို့၏ နည်းလမ်းသည်လည်း မှားယွင်းသော နည်းလမ်းပင် ဖြစ်ပေသည်။

إِنَّكُمْ قَوْمٌ تَجْهَلُونَ إِنَّ هَٰؤُلَاءِ مُتَبَّرٌ مَّا هُمْ فِيهِ وَبَاطِلٌ مَّا كَانُوا يَعْمَلُونَ

အသင်တို့သည် ဧကန်စင်စစ် အလွန်တရာ အသိတရားကင်းမဲ့ကြကုန်သော သူမိုက်များပင် ဖြစ်ကြကုန်သည်။ ဧကန်မလွဲ ၎င်းတို့ လုံးပမ်းလျက်ရှိကြသော အမှုကိစ္စများသည် လုံးဝ အချည်းအနှီး၊ အခြေအမြစ်မရှိသော ကိစ္စရပ်များသာ ဖြစ်ပေသည်။ [၇ း ၁၃၈ - ၁၃၉]

ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ်မူစာ عليه السلام အား 'မိမိ၏ မျိုးနွယ်အုပ်စုနှင့်အတူ 'သူရ်'တောင်ရှိရာဆီသို့ လာရောက်ရန်နှင့် ငါအသျှင်မြတ်သည် အသင့်အား မိမိ၏ ကျမ်းစာအုပ်ဖြစ်သော 'သောင်ရားသ်'ကျမ်းကို ချီးမြှင့်တော်မူမည်။ အကြင်ကျမ်းသည် အသင်နှင့် အသင်၏ မျိုးနွယ်အုပ်စုတို့ အဖို့ လိုက်နာကျင့်သုံးရန် ကျမ်းဖြစ်သည်'ဟူ၍ ကတိပြုတော်မူလိုက်လေသည်။ သို့ရာတွင် 'သောင်ရားသ်' ကျမ်းကို မချီးမြှင့်မီအလျင် ရက်ပေါင်း (၃၀) တိတိ 'ရိဇာဟ်'ထားရန်၊ ထို့နောက် သတ်မှတ်ရက်ထက် နောက်ထပ် (၁၀) တိုးပေး၍ ရက်ပေါင်း (၄၀) အတိ ထားရှိရန်'ကိုလည်း မိန့်တော်မူလေသည်။ ဟဇရတ်မူစာ عليه السلام သည် မိမိ၏ မျိုးနွယ်အုပ်စုနှင့်အတူ 'သူရ်'တော်ရှိရာဆီသို့ ကြွမြန်းလာလေသည်။ ဟဇရတ်မူစာ عليه السلام သည် ထိုအလ္လာဟ်အသျှင်မြတ် ပေးထားတော်မူသော ကတိတော်ကြောင့် စိတ်အားထက်သန် ထကြွကာ မိမိ၏ အမျိုးသားတို့အား 'ကျွန်ုပ်၏ နောက်မှ လိုက်လာကြကုန်။ ကျွန်ုပ်သည် ရှေ့သို့ ကြိုသွားကာ ခဝပ်ကိုးကွယ်မှုနှင့် 'ရိဇာဟ်'ထားလိုက်မည် ဖြစ်သည်။ ရက်အားဖြင့် ရက်ပေါင်း (၃၀) သတ်မှတ် ပေးထားတော်မူပေသည်။ ကျွန်ုပ်မရှိသည့်နောက် ဟဇရတ်ဟာရူန် عليه السلام သည် ကျွန်ုပ်၏ ကိုယ်စားလှယ် ဖြစ်ပေမည်'ဟူ၍ မှာတမ်း မိန့်ခြွေတော်မူပေသည်။ ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုတို့သည် ဟဇရတ်ဟာရူန် عليه السلام နှင့်အတူ နောက်မှ လိုက်ပါလာလျက် ရှိနေပေသည်။ ဟဇရတ်မူစာ عليه السلام သည် လျင်မြန်စွာဖြင့် ရှေ့သို့ ရောက်နှင့်ကာ 'မျိုးနွယ်အုပ်စုဝင်တို့သည်လည်း နောက်မှ လိုက်ပါလာကြကာ တောင်အနီးသို့ ရောက်ရှိနေပြီးဖြစ်ကြောင်း' တွေးထင်ထားပေသည်။ သို့ရာတွင် ယင်းနေရာ၌ ထိုစာမိရီး၏ နွားငယ်အား ခဝပ်ကိုးကွယ်ခြင်း၏ ပြဿနာနှင့် ရင်ဆိုင်နေရပေသည်။ ဗနီအိစ်ရာအီးလ် မျိုးနွယ်အုပ်စုတို့သည် အဖွဲ့ (၃) ဖွဲ့ ကွဲကာ ကစဥ့်ကလျားဖြစ်ခြင်း၌ နစ်မွန်းနေရပေသည်။ ဟဇရတ်မူစာ عليه السلام ၏ နောက်မှ လိုက်လာရန် အမှုကိစ္စမှာ ရပ်တန့်နေပေသည်။

ဟဇရတ်မူစာ عليه السلام ရောက်ရှိလာသောအခါဝယ် အလ္လာဟ်အသျှင်မြတ်သည် ဤသို့ မိန့်တော်မူလေသည်။

وَمَا اَعْجَلَكَ عَنْ قَوْمِكَ يٰمُوْسٰى

၄င်းပြင် အို၊ မူစာ၊ မည်သည့်အရာသည် အသင့်အား မိမိ၏ အမျိုးသားတို့ထက် ဦးစွာ စော၍ လာရောက်စေခဲ့ပါသနည်း။ *[၂၀ : ၈၃]*

ဟဇရတ်မူစာ عليه السلام အား အလျင်စလို လာရောက်ခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းချက်နှင့် ၄င်း၏ အမြော်အမြင်

မေးမြန်းတော်မူရခြင်း၏ ရည်ရွယ်ချက်မှာ ပြင်ပသဏ္ဌာန်အားဖြင့် ဤသို့ ဖြစ်တန်ကောင်းရာသည်။ ဟဇရတ်မူစာ عليه السلام သည် မိမိမျိုးနွယ်အုပ်စု၏ အခြေအနေအား သတိကင်းမဲ့ကာ '၄င်းတို့သည်လည်း 'သူရ်'တောင်အနီးသို့ ရောက်ရှိနေလောက်ပြီ'ဟူ၍ တွေးခေါ်မျှော်လင့်ထားပေသည်။ စင်စစ် မျိုးနွယ်အုပ်စု

သည် ပြဿနာအတွင်း၌ နစ်မွန်းပြီး ဖြစ်ပေသည်။ ထိုသတင်းအား ဟဇရတ်လူတ ﵇ အား ပေးရန် ဖြစ်သည်။

ရှုဟုလ်မအာနီးကျမ်း၌ ကရ့်ဖ်ကျမ်း၏ အကိုးအကားဖြင့် ထိုသို့ မေးမြန်းတော်မူရခြင်း၏ အကြောင်းကို ဤသို့ တင်ပြထားပေသည်။ ဟဇရတ်လူတ ﵇ သည် မိမိ၏ မျိုးနွယ်အုပ်စုအား ဆင့်ကဲ ကြည့်ရှုစောင့်ကြပ်ခြင်းနှင့် စပ်လျဉ်း၍ သီးသန့် လမ်းညွှန်ချက်တစ်ရပ်ပေးရန်နှင့် ၎င်းတို့ကဲ့သို့ အလျင်စလို လာရောက်ခြင်းအပေါ် သတိပေးရန်ဖြစ်သည်။ အသင် ရစူလ်တမန်တော်ဖြစ်ခြင်း၏ ကျေပွန်စွာ ထမ်းဆောင်ရမည့် တာဝန်မှာ 'မျိုးနွယ်အုပ်စုနှင့် အတူတကွ နေ၍ ၎င်းတို့ကို မိမိ၏ အရှေ့အောက်၌မှာပင် ထား၍ အတူတကွ ခေါ်ဆောင်လာရန် ဖြစ်သည်' ဟူ၍ ဖြစ်သည်။ အသင် အလျင်စလို ပြုလုပ်လိုက်ခြင်း၏ အကြောင်းတရားကြောင့် စာမိရီးသည် အသင်၏ မျိုးနွယ်အုပ်စုအား လမ်းမှားအောင် ပြုလုပ်လိုက်လေသည်။ ထိုအာယသ်တော်အတွင်း၌ ယင်းသို့ အလျင်စလို ပြုလုပ်လိုက်ခြင်း၏ လုပ်ရပ်သည်ပင်လျှင် နစ်မြုပ်ဖွယ် မကောင်းသော အချက်ဘက်သို့ 'ဤအပြုအမူမျိုးတို့သည် နဗီတမန်တော်များတို့အဖို့ မပြုသင့်' ဟူ၍ ရည်ညွှန်းဖော်ထုတ်ထားပေသည်။ အင်နိသေစွားဖ်ကျမ်း၏ အကိုးအကားဖြင့် ဆင့်ပြန်ထားသည်မှာ ထိုသို့ မေးမြန်းရာ၌ ဟဇရတ်လူတ ﵇ အား မျိုးနွယ်အုပ်စုနှင့်အတူ ခရီးထွက်ရန် နည်းလမ်းကို ပြဆိုထားပေသည်။ မျိုးနွယ်အုပ်စု၏ ခေါင်းဆောင်သည် အနောက်၌နေရန် သင့်သည်ဟူ၍ ဖြစ်သည်။ ပမာဆိုရသော် ဟဇရတ်လူးသ် ﵇ ၏ ဖြစ်အင်၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား 'မုအ်မင်နတို့ကို မိမိနှင့်အတူ ခေါ်ဆောင်၍ မြို့ပြင်သို့ ထွက်ရန်' မိန့်တော်မူထားပေသည်။ ၎င်းတို့ကို ရှေ့မှ သွားစေကာ ထိုနဗီအား ၎င်းတို့၏ နောက်မှ လိုက်လာစေရန် ဖြစ်သည်။

وَاتَّبِعْ أَدْبَارَهُمْ

၎င်းနောက် အသင်သည် ၎င်းတို့၏ နောက်မှ လိုက်သွားပါလေ။ *[၁၅ : ၆၅]*

တင်ပြပါမေးခွန်းကို ဖြေကြားရာ၌ ဟဇရတ်မူစာ ﵇ သည် မိမိ၏ ထင်မြင်ချက်နှင့်အညီ 'ကျွန်ုပ်၏ မျိုးနွယ်အုပ်စုဝင်တို့သည်လည်း မိမိ၏ အနောက်မှပင် လိုက်ပါလာလိုကြသူများ ဖြစ်သည်။ ကျွန်ုပ် အနည်းငယ်စော၍ ရှေ့မှ လာရောက်ရခြင်းအကြောင်းမှာ 'အမိန့်ကို နာခံရာ၌ ဦးစားပေးကာ အရေးတယူ ပြုလုပ်ခြင်းသည် အသျှင်မြတ် သာဝိုရ်၍ နှစ်မြို့ခြင်းခံရခြင်း' ၏ အကြောင်းခံကြောင့် ဖြစ်ကြောင်းကို လျှောက်ထားလေသည်။ ထိုအချိန်၌ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုအတွင်း၌ ဖြစ်လျက်ရှိနေသော နွားငယ်အား ခဝပ်ကိုးကွယ်ခြင်း၏ အသိကို ပေးလိုက်လေသည်။ ၎င်းတို့အား စာမိရီသည် လမ်းလွဲမှားအောင် ပြုလိုက်လေသည်။ ထို့နောက် ၎င်းတို့သည် ပြဿနာအတွင်း၌ နစ်မွန်းသွားပြီးဖြစ်သည်။

စာမိရီသည် မည်သူနည်း။

အချို့သော အာလင်မ်သာသနာ့ပညာရှင်များက 'ဤသူသည် ဖိရ်အောင်န်၏ မျိုးနွယ်ဝင်၏ ကစ်ဗ်သို့ လူမျိုး ဖြစ်ပေသည်။ ဟဇရတ်မူစာ ﵇ ၏ အနီးဝန်းကျင်၌ နေထိုင်သူဖြစ်ကြောင်း၊ ဟဇရတ်မူစာ ﵇

အပေါ် အီမာန်ရယူထားသူဖြစ်ကြောင်း၊ ဟဇရတ်မူစာ عليه السلام သည် ဗနီအိစ်ရာအီးလ်တို့ကို ခေါ်ဆောင်ကာ မိဆွေရ်မှ ထွက်ခွာလာပါမူ ဤသူသည်လည်း အတူတကွ ပါဝင်ကြောင်း'ဟူ၍ မိန့်ဆိုထားကြပေသည်။ အချို့သော အာလင်မ်သာသနာ့ပညာရှင်များက 'ဤသူသည် ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စု၏ မျိုးနွယ်ခွဲ တစ်ခုဖြစ်သော စာမိရားဟ်မျိုးနွယ်ခွဲ၏ အုပ်စုခေါင်းဆောင်ဖြစ်ကြောင်း' ကို မိန့်ဆိုထားကြပေသည်။ စာမိရားဟ်မျိုးနွယ်ခွဲသည် ဆီးရီးယားနိုင်ငံ၌ ထင်ရှားသော မျိုးနွယ်ခွဲအုပ်စု တစ်အုပ်စု ဖြစ်ပေသည်။ ဟဇရတ်စအီးဒ် အိဗ်နေဂျုဗိုက်ရ်သခင်ကြီးက 'ဤသူသည် ပါးရှားန်အမျိုးအနွယ် ကစ်ရ်မားန်နယ်သား ဖြစ်ကြောင်း' ကို မိန့်ဆိုထားပေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးက 'ဤသူသည် နွားငယ် အား ခဝပ်ကိုးကွယ်သူတစ်ဦးဖြစ်၍ မိဆွေရ်၏ နေရာတစ်နေရာသို့ ရောက်ရှိကာ အပေါ်ယံဝါဒီဖြင့် ဗနီအိစ်ရာအီးလ်လူမျိုးတို့၏ ဒီန်းသာသနာအတွင်းသို့ ဝင်ရောက်ခဲ့လေသည်။ သို့ရာတွင် ၎င်း၏ စိတ်နှလုံး အတွင်း၌ 'နေဖားက်' (အသွင်ဆောင်မှု) အချက်သည် တည်ရှိနေသည်'ဟူ၍ မိန့်တော်မူထားပေသည်။

[ကုရ်သုဗီးကျမ်း]

ကုရ်သုဗီးကျမ်း၏ ရှင်းချက်၌ 'ဤသူသည် အိန္ဒိယနိုင်ငံတွင် နေထိုင်ပြီး ဟိန္ဒူတစ်ဦးဖြစ်ကာ နွားငယ်အား ခဝပ်ကိုးကွယ်သောသူတစ်ဦး ဖြစ်သည်' ဟူ၍ လာရှိထားပေသည်။ နောက်ဆုံး၌ ဟဇရတ် မူစာ عليه السلام အပေါ်၌ အီမာန်ရယူလိုက်ကာ တစ်ဖန် မိမိ၏ ကုဖွရ် (သွေဖည်ငြင်းဆိုမှု) ဘက်သို့ ပြန်လည် ကူးပြောင်းသွားကာ အစကတည်းကပင် အသွင်ဆောင်ပုံစံမျိုးဖြင့် အီမာန်ရယူကြောင်းကို ထုတ်ဖော် ပြောဆို ထားခြင်း ဖြစ်ပေသည်။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေသည်။)

ထင်ရှားကျော်ကြားသော အဆိုမှာ စာမိရီး၏ အမည်မှာ မူစာဗင်နဇ္ဖရ်ဖြစ်ပေသည်။ အိဗ်နေဂျရီးရ်ရ် သခင်ကြီးသည် ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنه သခင်ကြီးထံမှ ဤဆင့်ပြန်ချက်ကို ဆင့်ပြန်ထားပေသည်။ မူစာစာမိရီးမွေးသော အချိန်၌ ဖိရ်အောင်န်ဘက်မှ ကလေးငယ်များအား သတ်ပစ်ရန် အမိန့်ထုတ်ထား သောအချိန် ဖြစ်ပေသည်။ ၎င်း၏ မိခင်က 'ဖိရ်အောင်န်၏ ရဲမက်တို့သည် မိမိ၏ သားငယ်လေးကို သတ်ပစ်လိုက်မည်'ကို ကြောက်ရွံ့ကာ မိမိ၏ ရှေ့မှောက်၌မှာပင် သတ်ပစ်နေခြင်းကို ကြည့်ရှုရခြင်း၏ ဒုက္ခထက် '၎င်းကို တောတွင်းရှိ ဂူတစ်ဂူအတွင်း ထည့်၍ ပိတ်ကာ (တစ်ခါတစ်ရံ သွားရောက်ကြည့်ရှု ခြင်း) က သာပို ကောင်းမြတ်သည်' ဟူ၍ မှတ်ယူလိုက်လေသည်။ အခြားတစ်ဖက်၌ အလ္လာဟ်အသျှင်မြတ် သည် ဟဇရတ်ဂျိဗ်ရာအီးလ် عليه السلام ကို ၎င်းအား ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အစားအစာ ကျွေးမွေးရန် အတွက် သတ်မှတ်ပေးလိုက်လေသည်။ ထိုကောင်းကင်တမန်သည် မိမိ၏ လက်ချောင်းတော်တစ်ချောင်း ၌ ပျားရည်၊ ထောပတ်စိမ်းနှင့် နို့တို့ကို ယူဆောင်လာကာ ယင်းကလေးငယ်အား ဂူအတွင်း၌မှာပင် ကြီးပြင်းလာချိန်ထိတိုင် လျက်ခိုင်းစေလေသည်။ ၎င်း၏ ဇာတ်သိမ်းခန်းမှာ ကုဖွရ် (သွေဖည်ငြင်းဆိုမှု) အတွင်း၌ နစ်မွန်းသွားပြီး ဗနီအိစ်ရာအီးလ်လူမျိုးတို့ကိုပါ နစ်မွန်းစေလိုက်ပေသည်။ ထို့နောက် အလ္လာဟ် အသျှင်မြတ်၏ အမျက်တော်အတွင်း၌ ကွပ်မျက်ခြင်းကို ခံလိုက်ရပေသည်။ ထိုအကြောင်းအရာကို ကဗျာဆရာ တစ်ဦးသည် ကဗျာနှစ်ပိုဒ်၌ တစ်ဖက်ပါအတိုင်း စပ်ဆိုထားပေသည်။

[ရူဟုလ်မအာနီကျမ်း]

اِذَا الْمَرْء لم يخلق سعيد اتحيرت — عقول مربيه وخاب المؤ ملً

فموسى الذى رباه جيريل كافر — وموسى الذى رباه فرعون مرسل

လူတစ်ဦးသည် မူရင်းမွေးဖွားသည့်အချိန်၌မှာပင် မွန်ရည်သူ မဖြစ်ရှိပါမူ ၎င်းအား ကျွေးမွေးပြုစု ပျိုးထောင်ပေးသူတို့၏ ဦးနှောက်အသိဉာဏ်သည်ပင်လျှင် မှင်သက်မိသွားကာ ၎င်းအား မျှော်လင့်ချက် ထားရှိသူတို့ပင် မိမိတို့၏ မျှော်လင့်ချက်မှ လက်မဲ့ဖြစ်ရှိသွားရပေသည်။ ဟဇရတ်ဂျိဗ်ရာအီးလ် မွေးမြူလာသော မူစာသည် ကာဖိရ်ဖြစ်သွား၍ ဖိရ်အောင်န်မွေးမြူလာသော မူစာသည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်တမန်တော်တစ်ပါးဖြစ်သွားပေသည်။

اَلَمْ يَعِدْ كُمْ رَبُّكُمْ وَعْدًا حَسَنًا

အသင်တို့ကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် အသင်တို့အား ကောင်းမြတ်လှစွာသော ကတိကို ပေးတော်မူခဲ့သည် မဟုတ်လော။ *[၂၀ : ၈၆]*

ဟဇရတ်မူစာ ﷺ သည် သောကဝေဖြာခြင်း၏ အခြေအနေဖြင့် ပြန်လာကာ မျိုးနွယ်အုပ်စုတို့အား မိန့်တော်မူလိုက်လေသည်။ ထို့နောက် ဦးစွာပထမ ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်၏ ကတိတော်အား သတိပေးလေသည်။ အကြင်ကတိတော်အား အကောင်အထည်ဖော်ရန်အတွက် ၎င်းသည် မျိုးနွယ်ဝင်များအားလုံးကို ခေါ်ဆောင်ကာ 'သူရ်'တောင်၏ လက်ယာဘက်အရပ်သို့ ခေါ်ဆောင်သွားလေသည်။ ထိုသို့ဆိုလျှင် ယင်းနေရာသို့ ရောက်ရှိကာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ တရားလမ်းမှန် ပြသသော ကျမ်းကို ချီးမြှင့်မည် ဖြစ်တော်မူသည့်အကြောင်း၊ အကြင်ကျမ်း၏ အမှီသဟဲဖြင့် နှစ်လောကစလုံး၏ အသင်တို့၏ ရည်ရွယ်ချက်များအားလုံးသည် ပြည့်ဝသွားမည်ဖြစ်ကြောင်း' တို့ကို သတိပေးတော်မူလိုက်ခြင်းဖြစ်ပေသည်။

اَفَطَالَ عَلَيْكُمُ الْعَهْدُ

သို့ဖြစ်ပေရာ အသင်တို့အပေါ်၌ ချိန်းချက်ထားသော ထိုအချိန်ကာလသည် ရှည်လျားကြာညောင်းခဲ့လေပြီလော။ *[၂၀ : ၈၆]*

ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ထိုကတိတော်သည် အသင်တို့ မေ့လျော့သွားနိုင်လောက်အောင် ကြာမြင့်ခဲ့ပါ၏လော့။ ကြာမြင့်စွာ စောင့်ဆိုင်းပြီးနောက် မျှော်လင့်ချက်ကင်းသွားသည့်အတွက်ကြောင့် အခြားနည်းလမ်းသစ်တစ်ခုကို ရှာဖွေရွေးချယ်ခဲ့ကြပါ၏လော။

اَمْ اَرَدْتُّمْ اَنْ يَّحِلَّ عَلَيْكُمْ غَضَبٌ مِّنْ رَّبِّكُمْ

သို့တည်းမဟုတ် အသင်တို့သည် မိမိတို့အပေါ်၌ မိမိတို့အသျှင်မြတ်၏ အမျက်တော်သက်ရောက်ခြင်းကို အလိုရှိသောကြောင့်ပင် ဖြစ်သည်။ *[၂၀ : ၈၆]*

ဆိုလိုသည်မှာ မေ့လျော့ခြင်း၊ သို့မဟုတ် စောင့်ဆိုင်းခြင်းတို့မှ မောပန်းသွားခြင်း တစ်စုံတစ်ရာ မဖြစ်တန်ကောင်းသည်ဆိုလျှင် 'အသင်တို့သည် မိမိတို့၏ ကိုယ်ပိုင်ရွေးချယ်မှုဖြင့် မိမိတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမျက်တော်ကို ဖိတ်ခေါ်လိုက်ခြင်း' ဟူသော အချက်အပြင် အခြားမည်သည့် အချက်ဖြစ်နိုင်ပေမည်နည်း။

قَالُوْا مَآ اَخْلَفْنَا مَوْعِدَ كَ بِمَلْكِنَا

(ထိုအခါ) ယင်းအမျိုးသားတို့က ဤသို့ ပြောဆိုခဲ့ကြကုန်၏။ အို၊ နဗီတမန်တော်မူစာ၊ စင်စစ် ကျွန်ုပ်တို့သည် အသင်နှင့် ထားရှိခဲ့သော ကတိကို မိမိတို့ အလိုသဘောနှင့် ဖောက်ဖျက်ခဲ့ကြသည်မဟုတ်။ [၂၀ : ၈၇]

'မလ်ကူန်' ဟူသော စကားလုံးရှိ 'မီးမ်' အက္ခရာအပေါ်၌ 'ဇဗရ်' နှင့် 'ပေးရှ်' နှစ်မျိုးစလုံးဖြင့် ဖတ်ပါကလည်း ခန့်မှန်းခြေအနီးစပ်ဆုံးအားဖြင့် အဓိပ္ပာယ်မှာ တစ်မျိုးတည်း ဖြစ်ပေသည်။ ဤနေရာ၌ ယင်းစကားလုံး၏ အလိုသဘောမှာ 'မိမိတို့ရွေးချယ်မှု' ဟူ၍ ရ၏။ သို့ဆိုလျှင် အာယသ်တော်၏ အလိုသဘောမှာ ဤသို့တည်း။ 'ကျွန်ုပ်တို့သည် နွားငယ်အား ခဝပ်ကိုးကွယ်ခြင်းအပေါ် ရေ့တက်လုမ်းခြင်းသည် မိမိတို့၏ ပင်ကိုယ်ရွေးချယ်မှုကြောင့် မဟုတ်ဘဲ စာမိရီး၏ ကျင့်ကြံမှုကို တွေ့မြင်ကာ ကျွန်ုပ်တို့သည် မတတ်သာသော အခြေအနေသို့ ရောက်ရှိခဲ့ရပေသည်။ ၎င်းတို့၏ ဤကြွေးကြော်မှုမှာ မှားယွင်း၍ အခြေအမြစ်မဲ့ဖြစ်ကြောင်းမှာ' ထင်ရှားပေသည်။ စာမိရီး သို့မဟုတ် ၎င်း၏ ပြုမူဆောင်ရွက်ချက်သည် ၎င်းတို့ကို အကျပ်ကိုင်ထားသည်မဟုတ်ဘဲ ကိုယ်တိုင်ပင်လျှင် စဉ်းစားဆင်ခြင်မှုတို့ကို အသုံးမချသည့်အတွက်ကြောင့် ယင်းပြဿနာအတွင်း နစ်မွန်းခဲ့ကြပေသည်။ အရှေ့၌ စာမိရီး၏ ထိုဖြစ်အင်ကို တင်ပြထားပေသည်။

وَلٰكِنَّا حُمِّلْنَا اَوْزَارًا مِّنْ زِيْنَةِ الْقَوْمِ

သို့ရာတွင် ကျွန်ုပ်တို့မှာမူ ကစ်ဗ်သွိအမျိုးသားတို့၏ လက်ဝတ်လက်စားများကို သယ်ပိုးယူဆောင်လာခဲ့ကြရလေသည်။ [၂၀ : ၈၇]

'အောင်ဇာရူးန်' ဟူသော စကားလုံးမှာ 'ဝဇ်ရူးန်' ဟူသော စကားလုံး၏ အများကိန်းဖြစ်ပသေည်။ အဓိပ္ပာယ်မှာ ဝန်ထုပ်ဝန်ပိုးဟူ၍ ရရှိ၏။ လူသားတို့၏ ပြစ်မှုဒုစရိုက်သည်လည်း 'ကေယာမသ်' နေ့၌ ၎င်းအပေါ် ဝန်ထုပ်ဝန်ပိုးအသွင်ဖြင့် လာရောက်မည်ဖြစ်ကြောင်း ပြစ်မှုဒုစရိုက်ကို 'ဝဇ်ရူးန်' နှင့် ပြစ်မှုဒုစရိုက်များကို 'အောင်ဇားရ်' ဟူ၍ ခေါ်ဆိုခြင်းဖြစ်ပေသည်။ زِيْنَةَ الْقَوْمِ 'ဇီနသ်' ဟူသော စကားလုံး၏ အလိုသဘောမှာ လက်ဝတ်လက်စားများဖြစ်၍ 'ကောင်မ်' ၏ အလိုသဘောမှာ ဖိရ်အောင်န်၏ မျိုးနွယ်အုပ်စု ကစ်ဗ်သွိလူမျိုးများ ဖြစ်ကြပေသည်။ အကြင်သူတို့ထံမှ ဗနီအိစ်ရာအီလ်မျိုးနွယ်ဝင်တို့သည် 'အီးဒ်' ကို အကြောင်းပြု၍ အချို့သော လက်ဝတ်လက်စားများကို ငှားရမ်းလာကြကာ မိမိတို့ထံ၌ ထားရှိကြပေသည်။ ထိုလက်ဝတ်လက်စားများကို ပြစ်မှုဒုစရိုက်များ၏ ဝန်ထုပ်များဟူ၍ ခေါ်ဆိုရခြင်းအကြောင်းမှာ

'အငှား' ဟူ၍ ပြောကာ ၄င်းတို့ထံမှ ရယူခဲ့ခြင်း ဖြစ်သည်။ အငှားပစ္စည်း၏ တာဝန် အခွင့်အရေးမှာ ၄င်းကို ပြန်လည်ပေးအပ်ရန် ဖြစ်သည်။ သို့ရာတွင် ၄င်းတို့သည် ပြန်လည် မပေးဆပ်ကြသည့်အတွက် ပြစ်မှုဒုစရိုက် ဟူ၍ သတ်မှတ်လိုက်ခြင်း ဖြစ်ပေသည်။ 'ဟဒီစေ့ဖုနူးန်' ဟူသော အမည်ဖြင့် ရှည်လျားသော ဟဒီးစ်တော်တစ်ရပ်ကို အထက်၌ တင်ပြခဲ့ပေသည်။ ထိုဟဒီးစ်တော်မှ 'ဟဇရသ်ဟာရူးန် ﷺ သည် ၄င်းတို့ကို ယင်းအချက် ပြစ်မှုဒုစရိုက်ဖြစ်ခြင်းနှင့်စပ်လျဉ်း၍ သတိပေးကာ တွင်းတစ်တွင်းအတွင်း၌ ယင်း ပစ္စည်းများအားလုံးကို ပစ်ချရန် အမိန့်ပေးလိုက်ကြောင်း' ကို သိရှိရပေသည်။ အချို့သော ဆင့်ပြန်ချက်များတွင် စာမိရီးသည် မိမိ၏ အလိုသဘောကို အကောင်အထည်ဖော်ရန်အတွက် ၄င်းတို့အား 'ဤလက်ဝတ်လက်စားများသည် အခြားသောသူများ ပိုင်သော ပစ္စည်းဖြစ်သည်။ ယင်းပစ္စည်းအား ထားရှိခြင်းသည် အသင်တို့အဖို့ အပြစ်ဒဏ်ပင် ဖြစ်သည်' ဟူ၍ ပြောဆိုလေသည်။ ထိုသို့ ပြောဆိုလိုက်သည့်အတွက်ကြောင့် တွင်းထဲသို့ ပစ်ထည့်လိုက်လေသည်။

ကာဖိရ်များ၏ ပစ္စည်းသည် မွတ်စ္စလင်များအဖို့ မည်သည့်ပုံစံများအတွင်း၌ အသုံးပြုပိုင်ခွင့် ရှိသနည်း။

ဤနေရာ၌ 'အဲဟ်လေ့ဇင်မ်မားဟ်ကာဖိရ်' များ (မွတ်စ္စလင်မ်အစိုးရလက်အောက်၌ ထိုအစိုးရ၏ ဥပဒေကို လိုက်နာမည်ဟူ၍ ပြောဆိုကာ နေထိုင်ကြသော ကာဖိရ်များ)၊ ဤကဲ့သို့ပင် အကြင်ကဲ့သို့သော ကာဖိရ်များဖြင့် မွတ်စ္စလင်မ်များသည် အသက်၊ ဥစ္စာပစ္စည်း စသော အရာများနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းရေး အဖြစ် ပဋိညာဉ်ချုပ်ဆိုထားသည်ဆိုလျှင် ထိုကာဖိရ်များ၏ ပစ္စည်းဥစ္စာနှင့် ပတ်သက်၍ 'မွတ်စ္စလင်မ်များအဖို့ မပိုင်ကြောင်း' မှာ ထင်ရှားလှပေသည်။ သို့ရာတွင် မွတ်စ္စလင်မ်တို့၏ 'အဲဟ်လေ့ဇင်မ်မားဟ်' လည်း မဟုတ်။ မွတ်စ္စလင်မ်များဖြင့် ပဋိညာဉ် တစ်စုံတစ်ရာ မချုပ်ဆိုထားသော (ဓမ္မသတ်ပညာရှင်များ၏ အသုံးအနှုန်းဝေါဟာရ၌) ကာဖိရ်ဟာရ်ဗီးဟူ၍ သတ်မှတ်ထားသော ကာဖိရ်များ၏ ပစ္စည်းများသည်မှု မွတ်စ္စလင်မ်များအဖို့ မိမိတို့၏ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ 'ဟလာလ်' (သုံးပိုင်ခွင့်) ရှိပေသည်။ တစ်ဖန် ဟဇရသ်ဟာရူးန် ﷺ သည် ထိုပစ္စည်းများကို ပြစ်မှုဒုစရိုက်ဖြစ်သည်ဟူ၍ မည်သည့်ပုံစံမျိုးဖြင့် သတ်မှတ်ကာ ၄င်းတို့ ပိုင်ဆိုင်ထားခြင်းအား ပယ်ဖျက်ကာ တွင်းထဲသို့ ပစ်ချရန် အဘယ်ကြောင့် အမိန့်ပေးခဲ့ပေသနည်း ဟူ၍ မေးခွန်းတစ်ရပ် မေးစရာ ပေါ်ပေါက်လာပေသည်။ ထိုမေးခွန်း၏ အဖြေတစ်ရပ်သည်မှု များစွာသော အဖွင့်ရှင်များ ရေးသားထားသကဲ့သို့ ကျော်လည်းကျော်ကြားပေသည်။ ကာဖိရ်ဟာရ်ဗီးတို့၏ ပစ္စည်းကို ရယူခြင်းသည် မွတ်စ္စလင်မ်များအဖို့ ပိုင်နေလင့်ကစား ထိုပစ္စည်း၏ အမိန့်သည် သုံ့ပန်းပစ္စည်း၏ အမိန့်ကဲ့သို့ ဖြစ်ပေသည်။ သုံ့ပန်းပစ္စည်း၏ မိန့်သည် အစ္စလာမ်သာသနာတော်အလျင် ဤသို့ ရှိခဲ့၏။ ကာဖိရ်များ၏ ပိုင်ဆိုင်မှုအတွင်းမှ ရယူခြင်း ပိုင်ပေသည်။ သို့ရာတွင် မွတ်စ္စလင်မ်များအဖို့ ယင်း ပစ္စည်းအား အကျိုးရယူခြင်း၊ အသုံးပြုခြင်းသည် မပိုင်ပေ။ သို့သာမက ယင်းပစ္စည်းများကို စုရုံး၍ တောင် အစရှိသော အရာများအပေါ်

တင်ထားလိုက်ရပေသည်။ ထို့နောက် ကောင်းကင်မီး (လျှပ်စီး အစရှိသော) အရာများသည် လာရောက်ကာ ထိုပစ္စည်းများအား မီးရှို့ပစ်လိုက်လေသည်။ ဤသည် ၄င်းတို့ တိုက်ခိုက်ခဲ့သော ‘ဂျိဟား'ဒ်’စစ်ပွဲအောင်နိုင်ခြင်း၏ လက္ခဏာဖြစ်ပေသည်။ ကောင်းကင်မီးလာရောက် မရှို့ပစ်သော ပစ္စည်းသည် ယင်း ‘ဂျိဟား'ဒ်’ (အလ္လာဟ်အသျှင်မြတ် လက်မခံခြင်း၏ လက္ခဏာဖြစ်ပြီး ထိုပစ္စည်းကိုလည်း မင်္ဂလာမရှိသော အမင်္ဂလာပစ္စည်းဟူ၍ မှတ်ယူကြလေသည်။ မည်သူတစ်ဦးတစ်ယောက် မျှ ထိုပစ္စည်းအနားသို့ပင် မသွားရောက်ကြပေ။ တမန်တော်မြတ် ﷺ ၏ သာသနာတော်၌ အကြင်သီးသန့် ထောက်ထားငဲ့ကွက် လွယ်ကူသောအချက်များအား ချီးမြှင့်ထားပေရာ ယင်းအချက်များမှ အချက်တစ်ချက်မှာ သုံ့ပန်းပစ္စည်းသည် မွတ်စ္စလင်မ်များအဖို့ ပိုင်ဆိုင်ခြင်းပင် ဖြစ်ပေသည်။ ပမာဆိုရသော် မွတ်စ္စလင်မ်ကျမ်းတွင် ယင်းအချက်အား ရှင်းလင်းစွာ တင်ပြပေးထားပေသည်။

ထိုနည်းဥပဒေကို ထောက်ရှု၍ ဖိရ်အောင်န်မျိုးနွယ်တို့ထံမှ ရယူထား၍ ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုတို့ထံ၌ရှိသော ပစ္စည်းများသည် သုံ့ပန်းပစ္စည်းများအဖြစ် သတ်မှတ်ထားပေးလိုက်နေလင့်ကစား ၄င်းတို့အား အသုံးပြုခြင်းသည် မပိုင်ပေ။ ထို့ကြောင့် ယင်းပစ္စည်းကို ‘အောင်ဇား'ရ်’ ဟူသော စကားလုံးဖြင့် သုံးနှုန်းထားခြင်းဖြစ်ပေသည်။ ဟဇရတ်ဟာရူးန် (رضي الله عنه) ၏ အမိန့်ဖြင့် ထိုပစ္စည်းများကို တွင်းတစ်တွင်းသို့ ပစ်ချလိုက်လေသည်။

အရေးကြီးသော အကျိုးထူး

သို့ရာတွင် ယင်းအမှုကိစ္စနှင့် စပ်လျဉ်း၍ ဓမ္မသတ်အရှုဖြင့် သုတေသနပြုချက်ကို အေမာမ်မိုဟမ္မဒ်သခင်၏ ‘ကေသားဗွစ်စိုက်ရ်’နှင့် ၄င်း၏ အဖွင့်ကျမ်းဖြစ်သော စရခ်စီးကျမ်း၌လည်း တင်ပြထားပေသည်။ ထိုအချက်များသည် အလွန်အရေးပါ၍ အနီးစပ်ဆုံးသော မှန်ကန်သည့် အချက်ဖြစ်ပေသည်။ ထိုအချက်မှာ ဤသို့တည်း။ ကာဖိရ်ဟာရ်ဗီး၏ ပစ္စည်းများသည် အခြေအနေတိုင်း၌ သုံ့ပန်းပစ္စည်းအဖြစ် သတ်မှတ်နိုင်ရန် စည်းကမ်းချက်မှာ စည်းစနစ်ကျကျ တိုက်ခိုက်မှုကို အကြောင်းခံ၍ လက်ရုံးရည်ဖြင့် ၄င်းတို့ထံမှ ရယူထားခြင်း ဖြစ်ရမည်။ ထို့ကြောင့် ကေသာဗွစ်စိုက်ရ်၏ အဖွင့်အကျယ်ချဲ့ကျမ်း၌ ‘မုဂါလဗာဗစ်လ်မုဟာရဗာ’ (စစ်ပွဲကို အောင်နိုင်ခြင်း) ကို စည်းကမ်းချက်အဖြစ် သတ်မှတ်ထားပေသည်။ ကာဖိရ်ဟာရ်ဗီး၏ ပစ္စည်းကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခြင်း၏ ပုံစံမျိုးဖြင့် မရယူထားပါက ယင်းပစ္စည်းသည် သုံ့ပန်းပစ္စည်း မဖြစ်ပေ။ သို့သာမက ၄င်းကို လက်ရပစ္စည်းဟူ၍ ခေါ်တွင်ပေသည်။ သို့ရာတွင် ယင်းလက်ရပစ္စည်းသည် ‘ဟလာလ်’ အဖြစ် အသုံးပြုနိုင်ရန်ကိုလည်း ထိုကာဖိရ်များ၏ ‘သဘောတူညီချက်နှင့် ခွင့်’ သည် စည်းကမ်းချက်ဖြစ်ပေသည်။ ပမာဆိုရသော် တစ်ဦးတစ်ယောက်သည် အစ္စလာမ်သာသနာ့အစိုးရအား အခွန်ပေးဆောင်ကာ နေထိုင်ပေရာ ယင်းအစိုးရသည်လည်း ၄င်းပေးဆောင်သော အခွန်ကို လက်ခံသဘောတူတော်မူပေလိမ့်မည်။ သို့ရှိရာ တိုက်ခိုက်မှု တစ်စုံတစ်ရာ မပြုလုပ်နေလင့်ကစား ယင်းကာဖိရ်ဘက်မှ သဘောတူစွာဖြင့် ပေးသော ပစ္စည်းသည် လက်ရပစ္စည်း၏ အမိန့်တွင် ပါဝင်၍ အသုံးပြုပိုင်ခွင့် ရှိပေသည်။

ဤနေရာတွင် ဖိရ်အောင်န်၏ မျိုးနွယ်အုပ်စုထံမှ ရယူထားသော ပစ္စည်းများသည် အထက်တင်ပြပါ အမျိုးအစားနှစ်ရပ်ထဲမှ မည်သည့်အမျိုးအစားတွင်မှ မပါဝင်ပေ။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ထိုသူတို့ထံမှ ငှားရမ်းသည်ဟူ၍ ပြောကာ ရယူခဲ့ခြင်း ဖြစ်ပေသည်။ လက်ရပစ္စည်းဟူ၍ သတ်မှတ်ရအောင်လည်း ကစ်ဗ်သို့လူမျိုးတို့သည် ၎င်းတို့အား အပိုင်ပေးသည်လည်း မဟုတ်ပေ။ စစ်သုံ့ပန်းပစ္စည်းအဖြစ် သတ်မှတ်ရလောက်အောင် တိုက်ခိုက်ခြင်း တစ်စုံတစ်ရာမျှလည်း မရှိပေ။ ထို့ကြောင့် အစ္စလာမ်သာသနာ၏ ရှုထောင့်ဖြင့် ဤပစ္စည်းများသည် ၎င်းတို့အဖို့ အသုံးပြုပိုင်ခွင့် မရှိပေ။

ဟိဂျ်ရသ်ပြုခြင်း၏ ဖြစ်အင်၌ တမန်တော်မြတ် ﷺ သည် မဒီနာရွှေမြို့တော်သို့ ပြောင်းရွှေ့တော်မူရန် ဆန္ဒသဘောတော်ကို ပိုက်လိုက်လေသည်။ တမန်တော်မြတ် ﷺ ၏ ထံတော်ပါး၌ အာရဗ်ကာဖိရ်များသည် များစွာသော ပစ္စည်းများကို အပ်နှံပစ္စည်းများအဖြစ် ထားရစ်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် အာရဗ်တစ်နိုင်ငံလုံးရှိ သူတို့သည် တမန်တော်မြတ် ﷺ ကို သစ္စာရှင်အဖြစ် ယုံကြည်ကြ၍ 'အမီးန်' ဟူသော စကားလုံးအဖြစ် ခေါ်ဝေါ်တမ်းတကြလေသည်။ သို့ရှိရာ တမန်တော်မြတ် ﷺ သည် ၎င်းတို့၏ အပ်နှံပစ္စည်းများကို ပြန်လည်ပေးအပ်ရန် ဤမျှခန့် အလေးထားခဲ့ပေသည်။ ဟဇရသ်အလီသခင်ကို အပ်နှံ၍ မိမိ၏ အနောက်၌မှာပင် ၎င်းအား ချန်ထားရစ်၍ 'အပ်နှံပစ္စည်းများကို ၎င်းတို့၏ ပိုင်ရှင်များထံ ပြန်လည်ပေးအပ်၍ ပေးအပ်ခြင်း ပြီးဆုံးပါမှ ဟိဂျ်ရသ်ပြုရန်' အမိန့်ပေးတော်မူလိုက်လေသည်။ ထိုပစ္စည်းများကို တမန်တော်မြတ် ﷺ သည် စစ်သုံ့ပန်းပစ္စည်း၏ အောက်၌ အသုံးပြု ပိုင်ခွင့်အဖြစ် မသတ်မှတ်ပေးထားပေ။ သို့တည်း မဟုတ်ပါက ထိုပစ္စည်းများသည် မွတ်စလင်မ်များအဖို့ ရယူပိုင်ဆိုင်ခွင့်ရှိပြီး ပေးအပ်ရန် မည်သည့်အကြောင်း တစ်စုံတစ်ရာမျှပင် မရှိပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။)

فَقَذَفْنٰهَا

သို့ဖြစ်ပေရာ ကျွန်ုပ်တို့သည် ယင်းလက်ဝတ်လက်စား တန်ဆာများကို ပစ်ချခဲ့ကြပေသည်။

[၂၀း ၈၇]

အထက်တင်ပြပါ ဟဒီစေ့ဖုနူးန်၏ ရှုထောင့်ဖြင့် ဤလုပ်ရပ်သည် ဟဇရသ်ဟာရူးန် عليه السلام ၏ အမိန့်ဖြင့် ပြုခဲ့ကြပေသည်။ အချို့သော ဆင့်ပြန်ချက်များ၌ စာမိရီးသည် ၎င်းတို့အား ဖြားယောင်း၍ လက်ဝတ်တန်ဆာများကို တွင်းထဲသို့ ထည့်နိုင်းလိုက်လေသည်။ အချက်နှစ်ချက်စလုံးကို စုပေါင်းကာ မှတ်ယူမည်ဆိုလျှင်လည်း တစ်စုံတစ်ရာ စဉ်းစားရန် ဝေးကွာလှသည် မဟုတ်ပေ။

فَكَذٰلِكَ اَلْقَى السَّامِرِىُّ

ထို့နောက် စာမိရီးသည်လည်း ထိုနည်းအတိုင်းပင် ပစ်ချခဲ့လေသည်။ [၂၀ း ၈၇]

'တင်ပြပါဟဒီစေ့ဖုသူးန်' အတွင်း၌ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အဗ္ဗားစ် رضي الله عنه သခင်ကြီး၏ဆင့်ပြန်ချက်မှ ဤအောက်ဖော်ပြပါအချက်ကို သိရှိရပေသည်။ ဟဇရသ်ဟာရူးန် عليه السلام သည် ဗနီအိစ်ရာအီးလ်လူမျိုး

တို့၏ လက်ဝတ်တန်ဆာများအားလုံးကို တွင်းအတွင်းသို့ ထည့်ခိုင်းကာ အားလုံးသော လက်ဝတ်လက်စားများ ပျော်၍ တစ်ခုတည်းဖြစ်သွားစေရန် မီးဖြင့် ရှို့ခိုင်းလေသည်။ တစ်ဖန် ဟဇရသ်မူစာ عليه السلام ပြန်လည်ကြွမြန်းလာပြီးနောက် မည်ကဲ့သို့ ဆက်လုပ်ရမည်ကို ဆုံးဖြတ်ချက် ချပေလိမ့်မည်။ လူအားလုံးတို့သည် မိမိတို့၏ လက်ဝတ်လက်စားများကို ထည့်ပြီးသွားသောအခါ စာမိရီးသည်လည်း လက်ကို ဆုပ်ကိုင်ကာ ရောက်ရှိလာပေသည်။ ထို့နောက် ဟဇရသ်ဟာရူးန် عليه السلام အား 'ကျွန်ုပ်လည်း ပစ်ချမည်' ဟု ပြောဆိုလေသည်။ ဟဇရသ်ဟာရူးန် عليه السلام သည် ၎င်း၏ လက်အတွင်း၌ လက်ဝတ်ရတနာ တစ်စုံတစ်ရာ ရှိလိမ့်မည်ဟူ၍ မှတ်ယူထားပေသည်။ ၎င်းအား ထည့်လိုက်ရန် မိန့်တော်မူလိုက်သည်။ ထိုအချိန်၌ စာမိရီးသည် ဟဇရသ်ဟာရူးန် عليه السلام အား ပြောဆိုလေသည်။ ကျွန်ုပ်ပစ်ချချိန်ဝယ် အသင်သည် ကျွန်ုပ်၏ ရည်ရွယ်ချက် ပြည့်ဝစေရန် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ဆုမွန်ဒိုအာ တောင်းပေးရန်ဖြစ်သည်။ ဟဇရသ်ဟာရူးန် عليه السلام သည် ၎င်း၏ နေဖားက် (အသွင်ဆောင်မှု) နှင့် ကုဖွရ် (သွေဖည်ငြင်းဆိုမှု) ကို မသိသည့်အတွက်ကြောင့် ဒိုအာပြုပေးလိုက်လေသည်။

ယခု ၎င်းစာမိရီးလက်အတွင်းမှ ပစ်ချလိုက်သော အရာသည် လက်ဝတ်ရတနာများအစား မြေကြီးတို့သာ ဖြစ်နေပေသည်။ အကြင်မြေကြီးကို ၎င်းသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ မြင်းခွာအောက်မှ ဤအောက်ဖော်ပြပါ အံ့ဖွယ်ဖြစ်အင်ကို တွေ့မြင်၍ ကောက်ယူထားပေသည်။ အကြင်မည်သည့်မြေနေရာ၌မဆို ၎င်းဂျိဗ်ရာအီးလ် عليه السلام နင်းလာသော မြင်းခွာချလိုက်သည်ဆိုလျှင် ထိုနေရာ၌ ကြီးထွားဖွံ့ဖြိုးမှုနှင့် ရှင်ခြင်း၏ ဒြပ်သဘောများ ပေါ်ပေါက်လာပေသည်။ အကြင်ကဲ့သို့ ပေါ်ပေါက်လာသည့်အတွက်ကြောင့် ၎င်းသည် 'ထိုမြေကြီး၌ ရှင်ခြင်း၏ အစွမ်းသတ္တိများ ရှိပေသည်' ဟူ၍ သဘောပေါက် မှတ်ယူလိုက်ပေသည်။ ရှိုက်သွာန်သည်လည်း ၎င်းအား 'ဤမြေကြီးတစ်ဆုပ်၏ အကြောင်းခံဖြင့် နွားငယ်တစ်ကောင်အား ရှင်အောင်ပြု၍ ပြကုန်' ဟူ၍ မြှောက်ထိုးမှုကို ပြုပေးလိုက်လေသည်။ မည်သည့် အခြေအနေ၌မှာပင်ဖြစ်စေ၊ ထိုမြေကြီး၏ ပင်ကိုယ်အစွမ်းကြောင့်ဖြစ်စေ၊ ထို့နောက် ဟာရူးန် عليه السلام ၏ ဒိုအာ တောင်းပေးခြင်းနှင့်အတူ ဤပျော်ဝင်နေသော ရွှေခဲ၊ ငွေခဲ အစုပုံသည် ထိုမြေကြီးလက်တစ်ဆုပ် ထည့်လိုက်ခြင်းနှင့် ဟဇရသ်ဟာရူးန် عليه السلام ၏ ဒိုအာနှင့်အတူ ရှင်နေသော နွားငယ်တစ်ကောင် ဖြစ်သွား၍ ထ၍ အော်လေသည်။ စာမိရီးသည်သာလျှင် ဗနီအိစ်ရာအီးလ်လူမျိုးစုတို့အား လက်ဝတ်တန်ဆာများကို တွင်းထဲသို့ ပစ်ချခိုင်းခြင်းကို ပြောဆိုညွှန်ကြားမှုပေးခြင်း၏ ဆင့်ပြန်ချက်များအတွင်း၌ '၎င်းသည် လက်ဝတ်တန်ဆာများကို မီးရှို့ပျော်ဝင်စေ၍ အသက်ရှင်မှု မတည်ရှိသော နွားငယ်ရုပ်တစ်ရုပ် ပြုခိုင်းလိုက်ခြင်း' လည်း ပါဝင်ပေသည်။ တစ်ဖန် ဤနွားငယ်ရုပ်အတွင်းထဲသို့ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ၏ မြင်းခွာ အောက်မှ မြေကြီးကို ထည့်ပေးလိုက်ခြင်းဖြင့် အသက်ရှင်သန်မှု ပေါ်ပေါက်လာပေသည်။ (ဤဆင့်ပြန်ချက်များ အားလုံးသည် သဖ်စီးရေကုရ်သုဗီး အစရှိသော ကျမ်းများအတွင်း၌ တင်ပြထားပေသည်။ အိစ်ရာအီးလ်ကျမ်းလာ ဆင့်ပြန်ချက်များဖြစ်ကြောင်း' မှာ ထင်ရှားလှပေသည်။ အကြင်ဆင့်ပြန်ချက်များအား ထောက်ခံအတည်ပြုခြင်း မရရှိနိုင်သကဲ့သို့ မှားယွင်းသည်ဟူ၍ ပြောဆိုရန်လည်း အထောက်အထား တစ်စုံတစ်ရာ မရှိပေ။)

فَاَخۡرَجَ لَهُمۡ عِجۡلًا جَسَدًا لَّهٗ خُوَارٌ

ထို့နောက် ယင်းစာမိရီးသည် ၎င်းတို့အဖို့ အသံထွက်သော နွားငယ်ကလေးတစ်ကောင်၏ ခန္ဓာကိုယ် အသွင်ပုံသဏ္ဌာန်တစ်ခုကို ထုတ်ယူလာခဲ့လေသည်။ [၂၀ : ၈၇]

'ဂျစဒ်'ဟူသော စကားလုံးကို အချို့သော အကျယ်ချဲ့ဖွင့်ဆိုသည့် ပညာရှင်များသည် 'ဤသည် အသက်ကင်းမဲ့သော ကိုယ်ခန္ဓာချည်းသက်သက်သာ ဖြစ်သော နွားငယ်ရုပ်သာ' ဖြစ်ကြောင်းကို မိန့်ဆို ထားပေသည်။ သီးသန့်ဝိသေသအချက် တစ်ချက်၏ အကြောင်းခံကြောင့် အသံထွက်ပေးလာခြင်း ဖြစ်ပေ သည်။ များစွာသော အဖွင့်ရှင်များ၏ အဆိုမှာ အထက်တင်ပြပါ ဖော်ပြထားသကဲ့သို့ 'ရှင်ခြင်း၏ ဒြပ် သဘောသဘာဝ ရှိသော နွားငယ်'ဟူ၍သာ မိန့်ဆိုထားကြပေသည်။

فَقَالُوۡا هٰذَاۤ اِلٰهُكُمۡ وَاِلٰهُ مُوۡسٰى فَنَسِىَ

ထိုအခါ ယင်းအမျိုးသားတို့က ဤသည်ပင် အသင်တို့၏ ကိုးကွယ်ရာအသျှင်၊ မူစာ၏ ကိုးကွယ် ရာ အသျှင်ဖြစ်ပေသည်။ သို့သော် မူစာသည် မိမိ၏ ကိုးကွယ်ရာအသျှင်မြတ်အား ဤမှာပင် မေ့ထားခဲ့ လေပြီဟူ၍ အချင်းချင်း ပြောဆိုကြလေသည်။ [၂၀ : ၈၈]

ဆိုလိုသည်မှာ စာမိရီးနှင့် ၎င်း၏ မိတ်ဆွေများသည် ဤပြောဆိုဟစ်အော်သော နွားငယ်ကို တွေ့မြင်ကာ အခြားသော ဗနီအိစ်ရာအီးလ်လူမျိုးတို့အား 'ဤသည် အသင်တို့နှင့် ဟဇရတ်မူစာ (عليه السلام) ၏ အသျှင် ဖြစ်ပေသည်။ ဟဇရတ်မူစာ (عليه السلام) သည် မေ့လျော့ကာ အခြားတစ်နေရာသို့ သွားခြင်းဖြစ်ပေသည်။ ဤနေရာထိတိုင် ဗနီအိစ်ရာအီးလ်လူမျိုးတို့၏ အယောက်အထား မခိုင်လုံသော အကြောင်းပြချက်ကို တင်ပြ ထားခြင်း ဖြစ်ပေသည်။ အကြင်အကြောင်းပြချက်ကို ၎င်းတို့သည် ဟဇရတ်မူစာ (عليه السلام) ဒေါသအမျက် ချောင်းချောင်း ထွက်နေသောအချိန်၌ တင်ပြလာခြင်း ဖြစ်ကြပေသည်။ ထို့နောက်

اَفَلَا يَرَوۡنَ اَلَّا يَرۡجِعُ اِلَيۡهِمۡ قَوۡلًا ۙ وَّلَا يَمۡلِكُ لَهُمۡ ضَرًّا وَّلَا نَفۡعًا

'မည်သို့ပါနည်း။ ယင်းနွားကလေးမှာ မိမိတို့၏ မည်သည့်စကားကိုမျှ ပြန်ကြားခြင်းလည်း မပြု နိုင်။ မိမိတို့နှင့် ပတ်သက်၍ မည်သို့မျှ အကျိုးယုတ်စေခြင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်း ပြုစွမ်းနိုင် ခြင်း မရှိသည်ကို ၎င်းတို့ မမြင်ကြလေသလော။' [၂၀ : ၈၉]

ဟူသော အာယသ်တော်အတွင်း၌ ၎င်းတို့၏ အသိဉာဏ်ကင်းမဲ့မှုနှင့် လမ်းလွဲမှားမှုကို တင်ပြထား ပေသည်။ အကယ်၍ အမှန်စင်စစ် ဤနွားငယ်သည် အသက်ရှင်၍ နွားကဲ့သို့ အော်မြည်သော တိရစ္ဆာန် တစ်ကောင်ဖြစ်မူ 'အလ္လာဟ်အသျှင်မြတ်နှင့် ဤနွားငယ်ကို အဘယ်နည်းဖြင့် ကျိုးကြောင်းဆက်စပ်နိုင်အံ့ နည်း။' အကြင်အခါဝယ် နွားငယ်သည် အသင်တို့၏ လျှောက်ထားမှုကိုလည်း တစ်စုံတစ်ရာ မကြားနိုင် သကဲ့သို့ ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း တစ်စုံတစ်ရာ ပေးနိုင်စွမ်း မရှိပေ။ သို့ဆိုလျှင် ယင်းနွားငယ် အား အလ္လာဟ်အသျှင်မြတ်ဟူ၍ ယုံကြည်လိုက်ခြင်း၏ အသိဉာဏ်ကင်းမဲ့ခြင်း၊ မိုက်တွင်းနက်ခြင်းသည် အဘယ်ကဲ့သို့ ပိုင်နိုင်အံ့နည်း။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ قَالَ لَهُمْ هَارُونُ مِن قَبْلُ يَا قَوْمِ إِنَّمَا فُتِنتُم بِهِ ۖ وَإِنَّ
رَبَّكُمُ الرَّحْمَٰنُ فَاتَّبِعُونِي وَأَطِيعُوا أَمْرِي ۝٩٠

၂၀ : ၉၀ ။ ။ အမှန်စင်စစ် ဟာရွန်က (မူစာ) ပြန်မရောက်မီအလျှင်ကပင်၊ ယင်းအမျိုးသားတို့အား (ဤသို့) ပြောဆို (သတိပေး) ခဲ့လေသည်။ 'အို၊ ကျွန်ုပ်၏ အမျိုးသားတို့၊ စင်စစ် အသင်တို့သည် ဤနွားရုပ်ကြောင့် လမ်းမှားခဲ့ကြရချေပြီ။ အမှန်စင်စစ် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်သည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သာ ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ကျွန်ုပ်၏နောက်သို့ လိုက်ခဲ့ကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကျွန်ုပ်၏ အမိန့်ကို လိုက်နာကြလေကုန်။'

قَالُوا لَن نَّبْرَحَ عَلَيْهِ عَاكِفِينَ حَتَّىٰ يَرْجِعَ إِلَيْنَا مُوسَىٰ ۝٩١

၂၀ : ၉၁ ။ ။ (ထိုအခါ) ယင်းအမျိုးသားတို့က 'ကျွန်ုပ်တို့သည် မိမိတို့ထံ မူစာ ပြန်မလာသမျှ ကာလပတ်လုံး၊ ယင်း နွားရုပ်အပေါ်၌ အမြဲမပြတ် ဆက်လက် (စွဲလမ်း) တွယ်ကပ်လျက်ပင် ရှိကြမည်' ဟု ပြောကြားခဲ့ကြ၏။

قَالَ يَا هَارُونُ مَا مَنَعَكَ إِذْ رَأَيْتَهُمْ ضَلُّوا ۝٩٢ أَلَّا تَتَّبِعَنِ ۖ أَفَعَصَيْتَ أَمْرِي ۝٩٣

၂၀ : ၉၂ - ၉၃ ။ ။ (ထို့နောက်) 'ယင်း (မူစာ) သည် (ပြန်လာပြီးလျှင် ဟာရွန်အား) 'အို၊ ဟာရွန်၊ အသင်သည် ၎င်းတို့ လမ်းမှားခဲ့ကြသည်ကို တွေ့မြင်ခဲ့သောအခါ၊ အသင့်အား ကျွန်ုပ်ထံ လိုက်လာခြင်းမှ မည်သည့်အရာက တားဆီးခဲ့ဘိသနည်း။ အသင်သည် ကျွန်ုပ်၏ အမိန့်ကို ဖီဆန်ခဲ့လေသလော' ဟု ပြောကြားခဲ့လေ၏။

قَالَ يَا ابْنَ أُمَّ لَا تَأْخُذْ بِلِحْيَتِي وَلَا بِرَأْسِي ۖ إِنِّي خَشِيتُ أَن
تَقُولَ فَرَّقْتَ بَيْنَ بَنِي إِسْرَائِيلَ وَلَمْ تَرْقُبْ قَوْلِي ۝٩٤

၂၀ : ၉၄ ။ ။ (ထိုအခါ) ယင်း (ဟာရွန်) က (ဤသို့) ပြောဆို (ဖြေကြား) ခဲ့လေ၏။ 'အို၊ ကျွန်ုပ်မိခင်၏ သား၊ အသင်သည် ကျွန်ုပ်၏ မုတ်ဆိတ်ကိုလည်းကောင်း၊ ကျွန်ုပ်၏ ဦးခေါင်း (မှ ဆံပင်) ကိုလည်းကောင်း ဆွဲကိုင်ခြင်း မပြုပါလေနှင့်။ စင်စစ်မှာ ကျွန်ုပ်အား 'အသင်သည် အိစ်ရာအီလီမျိုးနွယ်တို့အချင်းချင်း သွေးကွဲအောင် ပြုခဲ့သည်။ ငါ၏ အမိန့်ကိုပင် စောင့်ဆိုင်းခြင်း မပြုခဲ့ပေ' ဟု အသင် ပြောဆိုမည်ကို ကျွန်ုပ် စိုးရိမ်မိခဲ့ပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အမှန်စင်စစ် ဟာရွန် ﷺ က (မူစာ) ပြန်မရောက်မီအလျှင်ကပင် ယင်းအမျိုးသားတို့အား (ဤသို့) ပြောဆို (သတိပေး) ခဲ့လေသည်။ အို၊ ကျွန်ုပ်၏ အမျိုးသားတို့၊ စင်စစ် အသင်တို့သည် ဤနွားရုပ် ကြောင့် လမ်းမှားခဲ့ကြရချေပြီ။ (ဆိုလိုသည်မှာ ထိုနွားငယ်အား ခဝပ်ကိုးကွယ်ခြင်းသည် မည်သည့်နည်း

နှင့်မျှ မပိုင်နိုင်ပေ။ ဤသည် ရှင်းလင်းလှစွာသော လမ်းလွဲမှားမှုပင် ဖြစ်ပေသည်။) အမှန်စင်စစ် အသင်တို့အား မွေးမြူဖန်ဆင်းတော်မူသော (စစ်မှန်သော) အသျှင်မြတ်သည် ‘ရဟ်မာန်’ အနန္တကရုဏာတော်ရှင်သာ ဖြစ်ပေသည်။ (ဤနွားငယ်ရုပ် မဟုတ်ပေ။) သို့ဖြစ်ပေရာ အသင်တို့သည် (ဒီးန်သာသနာရေးရာ၌) ကျွန်ုပ်၏ နောက်သို့ လိုက်ခဲ့ကြလေကုန်။ ၎င်းပြင် (ထိုဘဏ္ဍာနှင့် စပ်လျဉ်း၍) အသင်တို့သည် ကျွန်ုပ်၏ အမိန့်ကို လိုက်နာကြလေကုန်။ (ကျွန်ုပ်၏ ပြောဆို၊ လုပ်ရပ်မှုတို့အား လိုက်နာသမှု ပြုကြကုန်။ ထိုအခါ) ယင်းအမျိုးသားတို့က ကျွန်ုပ်တို့သည် မိမိတို့ထံ မူစာ عليه السلام ပြန်မလာသမျှ ကာပလတ်လုံး ယင်းနွားရုပ်အပေါ်၌ အမြဲမပြတ် ဆက်လက် (စွဲလမ်း၊ ခဝပ်ကိုးကွယ်) တွယ်ကပ်လျက်ပင် ရှိကြမည်’ဟု ပြောကြားခဲ့ကြ၏။ (အချုပ်မှာ ဟဇရသ်မူစာ عليه السلام ပြန်လည်ကြွမြန်းလာသည့်အချိန်ထိတိုင် ဟဇရသ်ဟာရူးန် عليه السلام ၏ ပြောစကားကို နားမထောင်ကြပေ။ ထို့နောက် မျိုးနွယ်အုပ်စုတို့အား အထက်တင်ပြထားပြီး ဖြစ်သကဲ့သို့ ဦးစွာပထမ မိန့်ခွန်းပြောဆိုမှုကို ပြုပေသည်။ ထို့နောက် ဟဇရသ်ဟာရူးန် عليه السلام ၏ ဘက်သို့ လှည့်ကာ) ‘အို, ဟာရူးန်၊ အသင်သည် ၎င်းတို့ (လုံးဝ) လမ်းမှားခဲ့ကြ (၍ ဆုံးမစကားကို နားမထောင်) ကြသည်ကို တွေ့မြင်ခဲ့သောအခါ အသင့်အား ကျွန်ုပ်ထံ လိုက်လာခြင်းမှ မည်သည့်အရာက တားဆီးခဲ့ဘိသနည်း။ (အသင်သည် ၎င်းတို့၏ လုပ်ရပ်ကို လုံးဝ မနှစ်မြို့သည်ကို ၎င်းတို့ သာပို၍ ယုံကြည်သွားစေရန် အလို့ငှာ ကျွန်ုပ်နောက်သို့ လိုက်လာသင့်ပေသည်။ ထို့ပြင် ဤကဲ့သို့သော ပုန်ကန်သောသူတို့ဖြင့် အဆက်အသွယ်ဖြတ်တောက်လေလေ ကောင်းလေလေပင် ဖြစ်ပေသည်။) အသင်သည် ကျွန်ုပ်၏ အမိန့်ကို ဖီဆန်ခဲ့လေသလော။ (ကျွန်ုပ်သည် အသင့်အား

لَا تَتَّبِعْ سَبِيلَ الْمُفْسِدِينَ

သို့ရာတွင် အကျိုးပျက်စီးအောင် ပြုလုပ်သော သူတို့၏လမ်းစဉ်ကို မလိုက်ပါလေနှင့်။ *[၇ : ၁၄၂]*

ဟူ၍ မမှာတမ်းခဲ့ပါ၏လော။ အကြင်မှာတမ်းမှု၏ ခြုံငုံလှစွာသော သဘာဝတရားအတွင်း၌ အကျိုးတရား ပျက်စီးအောင်ပြုသော သူတို့နှင့် ပတ်သက်မှု မထားရှိရန်နှင့် သီးခြားစွာ နေထိုင်ရန်လည်း ပါဝင်ပေသည်။) ဟု ပြောကြားခဲ့လေ၏။ (ထိုအခါ) ယင်း (ဟာရူးန်) က (ဤသို့) ပြောဆို (ဖြေကြား) ခဲ့လေ၏။ ‘အို, ကျွန်ုပ်မိခင်၏ သား (ကျွန်ုပ်၏ ညီတော်) အသင်သည် ကျွန်ုပ်၏ မုတ်ဆိတ်ကိုသော်လည်းကောင်း၊ ကျွန်ုပ်၏ ဦးခေါင်း (မှ ဆံပင်) ကိုလည်းကောင်း ဆွဲကိုင်ခြင်း မပြုပါလေနှင့်၊ ဧကန်မလွဲ ကျွန်ုပ်အား (ကျွန်ုပ် အသင်၏နောက်သို့ လိုက်မလာခြင်း၏ အကြောင်းပြချက်ကိုလည်း နားထောင်ကုန်။ အကယ်၍ ကျွန်ုပ် အသင်၏ နောက်သို့ လိုက်လာမည်ဆိုလျှင် ကျွန်ုပ်နှင့်အတူ နွားငယ်အား ခဝပ်ကိုးကွယ်မှုမှ ရှောင်ရှားနေသောသူတို့သည်လည်း တစ်ပါတည်း ပါလာမည် ဖြစ်ပေသည်။ သို့ဆိုလျှင် ဗနီအိစ်ရာအီးလ်မျိုးနွယ်အုပ်စုသည် (၁၂) ခြမ်း ကွဲသွားပေမည်။ အဘယ်ကြောင့်ဆိုသော် နွားငယ်အား ခဝပ်ကိုးကွယ်မှုကို ဆိုးယုတ်သည်ဟူ၍ မှတ်ယူထားသောသူတို့သည် ကျွန်ုပ်နှင့်အတူ တည်ရှိနေကာ ယင်းအရာအား ခဝပ်ကိုးကွယ်သူတို့သည်လည်း မိမိတို့ ခဝပ်ကိုးကွယ်မှုအတွင်း၌ တည်တံ့မြဲမြံစွာ တည်ရှိနေပေလိမ့်မည်။ ထိုအခြေအနေကိန်းမျိုး ဆိုက်ရောက်သွားမည်ဆိုလျှင်) အိစ်ရာအီးလ်မျိုးနွယ်တို့အချင်းချင်း သွေးကွဲအောင်

ပြုခဲ့သည်။ (အကြင်ကဲ့သို့ သွေးခွဲ၊ သွေးကွဲအောင် ပြုလိုက်ခြင်းသည် အချို့သော အချိန်အခါမျိုး၌ ၎င်းတို့နှင့်အတူ နေထိုင်ခြင်းထက် သာပို၍ ဆိုးရွားသွားပေသည်။ အကြောင်းမှာ ပျက်စီးရာပျက်စီးကြောင်းကို ဖန်တီးသောသူတို့သည် လွတ်လပ်စွာဖြင့် စိုးရိမ်မှုကင်းစွာ ပျက်စီးခြင်းတရားအား ထပ်မံတိုးချဲ့၍ ဆောင်ရွက်ကြပေလိမ့်မည်။) ငါ၏ အမိန့်ကိုပင် စောင့်ဆိုင်းခြင်း မပြုခဲ့ပေ။ (ကျွန်ုပ်သည် အသင့်အား اصلح (အသင်သည် ပြုပြင်မှုကို ပြုပေးပါ) ဟူ၍ မှာတမ်းပေးထားပေသည်။ ဆိုလိုသည်မှာ ထိုပုံပန်းသဏ္ဌာန်၌ အသင်သည် ကျွန်ုပ်အား '၎င်းတို့ကို ပြုပြင်မှုပြုပေးရန် အမိန့်ပေးထားပေရာ အသင်သည် ဗနီအီစ်ရာအီးလ်လူမျိုးစုတို့ကြား၌ သွေးကွဲအောင် ပြုလိုက်သည်'ဟူသော စွဲချက်ကို မတင်မိစေရန် အသင့်နောက်သို့ လိုက်မလာခြင်း ဖြစ်သည်) ဟု အသင် ပြောဆိုမည်ကို ကျွန်ုပ် စိုးရိမ်ခဲ့ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဗနီအီစ်ရာအီးလ်မျိုးနွယ်စုအတွင်း၌ နွားငယ်အား ခဝပ်ကိုးကွယ်ခြင်း၏ ပြဿနာ ပေါ်ပေါက်လာပါမူ ဟဇရသ်ဟာရူန် عليه السلام သည် ဟဇရသ်မူစာ عليه السلام ၏ဘက်မှ အပ်နှင်းထားသော ကိုယ်စားလှယ်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ မျိုးနွယ်အုပ်စုအား ရှင်းပြလေသည်။ ပမာဆိုရသော် ပထမ တင်ပြထားပြီး ဖြစ်သကဲ့သို့ ၎င်းတို့သည် အဖွဲ့ (၃) ဖွဲ့ ကွဲသွားလေသည်။ တစ်ဖွဲ့သည် ဟဇရသ်ဟာရူန် عليه السلام နှင့်အတူ တည်ရှိနေကြကာ ၎င်း၏ အမိန့်ကို နာခံလေသည်။ ၎င်းတို့သည် နွားငယ်အား ခဝပ်ကိုးကွယ်ခြင်းကို လမ်းလွဲမှားသည်ဟူ၍ မှတ်ယူထားကြကာ (ကုရ်သုဗီကျမ်းအတွင်း၌ ဖော်ပြထားသည့်အတိုင်း) ၎င်းတို့၏ အရေတွက်မှာ (၁၂၀၀၀) ဟူ၍ ပြဆိုထားပေသည်။ ကျန်ရှိသော အဖွဲ့နှစ်ဖွဲ့မှာ နွားငယ်အား ခဝပ်ကိုးကွယ်ရာ၌ ဖက်စက်ပါဝင်၍ ထိုနှစ်ဖွဲ့ထံမှ တစ်ဖွဲ့သည် ဟဇရသ်မူစာ عليه السلام သည် ပြန်လည်ရောက်ရှိလာကာ ယင်းအချက်အား တားမြစ်လိုက်လျှင်မူ ကျွန်ုပ်တို့သည် ယင်းသို့ ခဝပ်ကိုးကွယ်ခြင်းမှ စွန့်လွှတ်လိုက်မည်' ဟူ၍ ခံဝန်ကတိပေးကြ၍ ဒုတိယအခြားတစ်ဖွဲ့မှာ 'ဟဇရသ်မူစာ عليه السلام သည်လည်း လာရောက်၍ ထိုအရာကိုပင် ခဝပ်ကိုးကွယ်ရာ အသျှင်မြတ်ဟူ၍ သတ်မှတ် အတည်ပြုပေးသည်ဆိုလျှင် ကျွန်ုပ်တို့သည် ယင်းနည်းလမ်းကို စွန့်လွှတ်ကြမည်မဟုတ်' ဟူ၍ အတိုင်းအတာထိတိုင် သံမဏိစိတ်ဓါတ်အသွင်ဖြင့် တည်ရှိနေခြင်း'မျှသာ ကွာခြားမှုရှိပြီး 'ကျွန်ုပ်တို့သည် မူလ ဟဇရသ်မူစာ عليه السلام ပြန်လည်ရောက်ရှိ လာချိန်ထိတိုင် နွားငယ်အား ခဝပ်ကိုးကွယ်ခြင်း၏ လမ်းစဉ်အပေါ်၌ မြဲမြံစွာ နေထိုင်ကြမည်'ဟူသော ထိုအဖွဲ့နှစ်ဖွဲ့စလုံး၏ အဖြေကို ဟဇရသ်ဟာရူန် عليه السلام သည် ကြားနာသောအခါ မိမိနှင့် ခံယူချက်မူဝါဒတူသော မိတ်ဆွေ (၁၂၀၀၀) ကို ခေါ်ဆောင်၍ ၎င်းတို့ဖြင့် သီးခြားနေထိုင်လိုက်ပေသည်။ သို့ရာတွင် သွားလာ၊ နေထိုင်၊ စားသောက်ခြင်း၏ နေရာသည် ၎င်းတို့နှင့်အတူ ပူးတွဲ ဖက်စပ်ပါဝင်နေသော နေရာပင် ဖြစ်ပေသည်။

ဟဇရသ်မူစာ عليه السلام သည် ပြန်လာကာ ပထမတွင်မူ ဗနီအီစ်ရာအီးလ်လူမျိုးစုတို့အား လွှန်လေပြီးသော အာယသ်တော်များအတွင်း၌ တင်ပြထားသော မိန့်ခွန်းကို မိန့်ခြွေလေသည်။ တစ်ဖန် မိမိ၏

ကိုယ်စားလှယ်ဖြစ်သော ဟာရွန် ﷺ ၏ ဘက်သို့လှည့်ကာ ၎င်းအပေါ် အမျက်ဒေါသ ချောင်းချောင်း ထွက်လျက် မကျေနပ်မှုကို ထုတ်ဖော်ပြသပေသည်။ ၎င်း၏ ဆံပင်နှင့် မုတ်ဆိတ်တော်ကို ဆွဲကိုင်ကာ မိန့်တော်မူလေသည်။ အသင်သည် ထိုဗနီအိစ်ရာအီးလ်လူမျိုးတို့အား 'ရှင်းလင်းလှစွာသော လမ်းလွဲလမ်းမှားမှု (တုဖက်နိုင်းယှဉ်ခြင်းနှင့် သွေဖည်ငြင်းဆိုမှု) အတွင်း၌ နစ်မွန်းနေသည်' ကို တွေ့မြင်ကာ ကျွန်ုပ်၏နောက်သို့ လိုက်လာမှု (လိုက်နာသမှု) ကို အဘယ်ကြောင့် မပြု၍ အမိန့်အား ဖီဆန်မှုကို အဘယ်ကြောင့် ပြုခဲ့ပေသနည်း။

مَا مَنَعَكَ إِذْ رَأَيْتَهُمْ ضَلُّوا۟ أَلَّا تَتَّبِعَنِ

အသင်သည် ၎င်းတို့ လမ်းမှားခဲ့ကြည်ကို တွေ့မြင်သောအခါ အသင့်အား ကျွန်ုပ်ထံ လိုက်လာခြင်းမှ မည်သည့်အရာက တားဆီးခဲ့ဘိသနည်း။ [၂၀ : ၉၂-၉၃]

ထိုသို့လိုက်လာခြင်း၏ အလိုသဘောတစ်ရပ်ကို စကားပြေအကျဉ်းချုပ်အတွင်း၌ တင်ပြထားသကဲ့သို့ 'ဟဇရသ်မူစာ ﷺ ရှိရာ 'သူရ်'တောင်ရှိရာ အရပ်ဒေသသို့ သွားရောက်ရန်ပင် ဖြစ်ကြောင်း များစွာသော အဖွင့်ရှင်များက မိန့်ဆိုတင်ပြထားကြပေသည်။ အချို့သော အဖွင့်ရှင်များက 'လိုက်လာခြင်း၊ နောက်လိုက်သမှုပြုခြင်း'၏ အလိုသဘောကို တင်ပြထားသည်မှာ 'ဤသူတို့ လမ်းမှားသွားကြသောအခါဝယ် အသင်သည် ၎င်းတို့နှင့် အဘယ်ကြောင့် ရင်မဆိုင်ကြပေသနည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ရှိနေချိန် ဤကဲ့သို့သော အချင်းအရာနှင့် ရင်ဆိုင် ရလျှင်မူ ဧကန်မုချ ဤသို့ 'ရှရီးက်' (တုဖက်နိုင်းယှဉ်မှု) နှင့် ကုဖ္ဖရ် (သွေဖည်ငြင်းဆိုသော) အချက်အပေါ် တည်တံ့မြဲမြံစွာ နေထိုင်နေသော သူတို့ဖြင့် ရင်ဆိုင်မည်ဖြစ်သည်။ အသင်သည် အဘယ်ကြောင့် ဤသို့ မပြုလုပ်သနည်း' ဟူသော အလိုသဘောမျိုးဖြစ်မည်ဟု ကောက်ချက်ချကြပေသည်။ ပုံစံနှစ်ရပ်စလုံး၌ ဟဇရသ်မူစာ ﷺ ၏ ဘက်မှ ဟဇရသ်ဟာရွန် ﷺ အပေါ် စွဲချက်တင်၍ ရရှိပေသည်။ ဤသို့ လမ်းလွဲ လမ်းမှားခြင်းအတွင်းသို့ ရောက်ရှိနေချိန် ၎င်းတို့နှင့် တိုက်ခိုက်ပိုင်ခွင့်လည်း ရှိသလို သို့မဟုတ် သီးခြားစွာ နေထိုင်ခွင့်လည်း ရှိ၍ ကျွန်ုပ်၏နောက်သို့ လိုက်လာခွင့် ရှိပေသည်။ ၎င်းတို့နှင့်အတူ ရောနှောစွာ နေထိုင်ခြင်းအား ဟဇရသ်မူစာ ﷺ ထံတွင် မှားယွင်းသည်ဟု ဆိုပါသည်။ ထိုသို့သော အမှုကိစ္စနှင့် ရင်ဆိုင်နေရသည့် ကြားကတည်းကပင် ယဉ်ကျေးမှုစာရိတ္တကို ပြည့်ဝစွာ ထောက်ရှု၍ ဟဇရသ်မူစာ ﷺ ၏ စိတ်နှလုံး ပြေလျော့နူးညံ့သွားစေရန်အတွက် ဟဇရသ်ဟာရွန် ﷺ သည် يَبْنَؤُمَّ (အို၊ ကျွန်ုပ်၏ မိခင်၏ သား) ဟူ၍ ပြောဆိုလိုက်လေသည်။ ထိုသို့ ပြောဆိုရာ၌ 'အသင်သည် ခက်ထန်မာကျောစွာ အမှုကိစ္စကို မဆောင်ရွက်လေနှင့်။ ကျွန်ုပ်သည် အသင်၏ နောင်တော်ဖြစ်ပြီး အခြားသူစိမ်း ဆန့်ကျင်သူလည်း မဟုတ်ပေ။ ထို့ကြောင့် အသင်သည် ကျွန်ုပ်ဘက်မှ တင်ပြမည့် ချွင်းချက်ကို နားထောင်ကုန်' ဟူသော အချက်ဘက်သို့ သီးသန့် ရည်ညွှန်း ဖော်ထုတ်ထားဟန် တူပေသည်။ တစ်ဖန် ချွင်းချက်အား ဤသို့ တင်ပြလိုက်လေသည်။ 'အကယ်၍ ကျွန်ုပ်သည် အသင်မလာမီအလျင် ၎င်းတို့နှင့် ထိပ်တိုက်ရင်ဆိုင်ရန် ပြင်ဆင်လိုက်လျှင်မူ ၎င်းတို့ကို စွန့်လွှတ်၍

ဗနီအိစ်ရာအီးလ်မျိုးနွယ်ဝင် (၁၂၀၀၀) နှင့်အတူ အသင့်ထံသို့ လာရောက်ရပေမည်။ သို့ဆိုလျှင် ဗနီအိစ်ရာအီးလ်တို့ မျိုးနွယ်ကြားဝယ် သွေးကွဲမှုများ ပေါ်ပေါက်သွားပေလိမ့်မည်။ အသင်သည် တောင်ရှိရာဆီသို့ ထွက်ခွာသွားခါနီးအချိန်၌ ကျွန်ုပ်အား

اُخْلُفْنِىْ فِىْ قَوْمِىْ وَاَصْلِحْ

ကျွန်ုပ်၏ ကိုယ်စား ကျွန်ုပ်၏ အမျိုးသားတို့နှင့် နေရစ်ခဲ့ပါ။ ထို့ပြင် အသင်သည် ၎င်းတို့အား ပြုပြင်ပေးပါ။ *[၇ : ၁၄၂]*

ဟူသော အချက်၏ လိုလားချက်ကို ကျွန်ုပ်သည် 'သွေးကွဲမှုဖြစ်အောင် မဖန်တီးနှင့်' ဟူ၍သာ သဘောပေါက်မိလိုက်ပေသည်။ (အသင်ပြန်လည် ရောက်ရှိလာပြီးနောက် ဤသူတို့အားလုံး ပြန်လည် သဘောပေါက်ကာ အီမာန်နှင့် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်း) ၏ တရားအပေါ် ပြန်လည် ရောက်ရှိလာနိုင်သည့် အချက်သည်လည်း ဖြစ်တန်ကောင်းရာသည်။) ကုရ်အာန်ကျမ်းတော်မြတ်၏ ဒုတိယ တစ်နေရာ၌ ဟဇရတ်ဟာရူးန် ﷺ ၏ ဤအကြောင်းပြချက်အဆိုကိုလည်း မိန့်မြွက်ထားပေသည်။

اِنَّ الْقَوْمَ سْتَضْعَفُوْنِىْ وَكَادُوْا يقتلوننى

ကေန်စင်စစ် ယင်းအမျိုးသားတို့သည် ကျွန်ုပ်ကို အားနည်းသူဟူ၍ ယူဆခဲ့ကြလေသည်။ (အကြောင်းမှာ ကျွန်ုပ်၏ မိတ်ဆွေတို့မှာ ၎င်းတို့နှင့် နှိုင်းစားလျှင် အရေအတွက် အလွန်နည်းပါးပေသည်။ ထို့ကြောင့် ၎င်းတို့သည် ကျွန်ုပ်အား သတ်ပစ်အံ့ဆဲဆဲပင် ဖြစ်ခဲ့ကြသည်။ *[၇ : ၁၅၀]*

တင်ပြချက်၏ အချုပ်သဘောတရားမှာ 'ကျွန်ုပ်သည် ၎င်းတို့၏ လမ်းလွဲမှားခြင်းအတွင်း၌ ၎င်းတို့၏ မိတ်ဆွေမဟုတ်ပါ။ ကျွန်ုပ် စွမ်းအင်အား ရှိသမျှ အင်ကုန်အားကုန် အသုံးပြု၍ ၎င်းတို့အား ရှင်းပြဆုံးမကြားခဲ့လေသည်။ သို့ရာတွင် ၎င်းတို့သည် ကျွန်ုပ်၏ စကားကို နားမထောင်ကြပေ။ ကျွန်ုပ်အား သတ်ရန် နောက်ယောင်ခံလိုက်နေသည့် အသွင်သဏ္ဍာန်မျိုး၌ ၎င်းတို့နှင့် ရင်ဆိုင်တိုက်ခိုက်နေလျှင်သော်လည်းကောင်း၊ သို့မဟုတ် ၎င်းတို့ကို စွန့်လွှတ်၍ အသင့်ထံသို့ လာရန် သဘောပိုက်လိုက်လျှင်သော်လည်းကောင်း ဤ (၁၂၀၀၀) သော ဗနီအိစ်ရာအီးလ်အမျိုးသားတို့သာ ကျွန်ုပ်နှင့် တည်ရှိ၍ ကျန်ရှိသောသူတို့သည် တိုက်ခိုက်ရန် စိုင်းပြင်းလာကြမည်ဖြစ်၍ ၎င်းတို့အချင်းချင်း ကြား၌ ပြင်းထန်စွာ စစ်ဆင်နွှဲကြပေလိမ့်မည်။ ကျွန်ုပ်သည် ယင်းအချက်တို့အား ရှောင်ရှားရန်အတွက် အသင် ပြန်လည်ရောက်ရှိလာသည့်အချိန်ထိတိုင် လွယ်ကူမှု အနည်းငယ်ရှိသည့် ပုံစံကို ရွေးချယ်ထားလိုက်ခြင်း ဖြစ်သည်' ဟူ၍ ဖြစ်သည်။ ဟဇရတ်မူစာ ﷺ သည် ဟဇရတ်ဟာရူးန် ﷺ ကို လွှတ်လိုက်ပြီး ပျက်စီးကြောင်းကို စတင် ဖန်တီးသူ စာမိရီး၏ သတင်းကို ရယူလေသည်။ ကုရ်အာန် ကျမ်းတော်မြတ်အတွင်း၌ ဟဇရတ်မူစာ ﷺ သည် ဟဇရတ်ဟာရူးန် ﷺ ၏ တင်ပြချက်သဘောထား ကို မှန်ကန်သည်ဟူ၍ မှတ်ယူလိုက်ခြင်း၊ သို့မဟုတ် ၎င်း၏ ထိုးထွင်းကြံဆမှု ဉာဏ်၊ မှားယွင်းသည်ဟူ၍သာ မှတ်ယူလိုက်၍ လွှတ်လိုက်ခြင်း' ဟူသည်ကို မည်သည့်နေရာ တစ်နေရာ၌မျှ မတင်ပြထားပေ။

နဗီတမန်တော်နှစ်ပါးအကြား အကွဲအလွဲဖြစ်မှုနှင့် ယင်းအချက်နှစ်ရပ်စလုံး မှန်ကန်ကြောင်းအား ပြဆိုသည့် ရှုထောင့်

ထိုဖြစ်အင်၌ ဟာဇရသ်မူစာ عليه السلام ၏ ထိုးထွင်းကြံဆမှုဉာဏ်၏ ရှုထောင့်သဘောတရားမှာ 'ထိုအခြေအနေမျိုး၌ ဟာဇရသ်ဟာရူန် عليه السلام နှင့် ၎င်း၏ မိတ်ဆွေများသည် ထိုမုရ်ှရစ်ကမ်မျိုးနွယ်အုပ်စုတို့ဖြင့် မနေထိုင်သင့်ပေ။ ၎င်းတို့အား စွန့်လွှတ်၍ ကျွန်ုပ် (မူစာ) ၏ ထံသို့ လာရောက်ရန်၊ ယင်းသို့ လာရောက်ခြင်းဖြင့် ၎င်းတို့၏ ကျူးလွန်ခြင်းပြစ်မှုမှ မိမိတို့သည် ကွင်းလုံးကျွတ် ကင်းလွတ်ခြင်းအား ထုတ်ဖော်နိုင်မည်' ဟူ၍ ဖြစ်သည်။

ဟာဇရသ်ဟာရူန် عليه السلام ၏ ထိုးထွင်းကြံဆမှုဉာဏ်၏ ရှုထောင့်သဘောတရားမှ 'အကယ်၍ ဤသို့ပြုလိုက်လျှင် အမြဲတစေအဖို့ ဗနီအိစ်ရာအီးလ်အမျိုးသားတို့၏ ကြား၌ ကစဉ့်ကလျား၊ အကွဲအလွဲနှင့် သွေးကွဲသွားကြပေလိမ့်မည်။ သို့ဆိုလျှင် ၎င်းတို့အား ပြုပြင်ရန် ဖြစ်နိုင်ချေအချက်မှာ 'ဟာဇရသ်မူစာ عليه السلام ပြန်လည်ရောက်ရှိလာပြီးနောက် ၎င်း၏ ဂုဏ်ရှိန်အစွမ်းဖြင့် တစ်ဖန် ဤသူတို့အားလုံးသည် အီမာန်နှင့် 'သောင်ဟီးဒ်' (တစ်ပါးတည်းတည်ရှိခြင်း) ၏ တရားဘက်သို့ ရောက်ကောင်းရောက်လာနိုင်ပေမည်' ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ ပြန်လည်ပြုပြင်ကောင်းမွန်လာနိုင်ခြင်း၏ မျှော်လင့်ချက်ကို ထောက်ရှု၍ ရက်အနည်းငယ်အတွက် ၎င်းတို့နှင့်အတူ သွားလာနေထိုင် ကူးလူးဆက်ဆံနေခြင်းကို နှစ်မြို့ခဲ့ရပေသည်' ဟူ၍ ဖြစ်သည်။ နှစ်ပါးစလုံး၏ ရည်ရွယ်ချက်သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို နာခံခြင်း၊ အီမာန်နှင့် 'သောင်ဟီးဒ်' (တစ်ပါးတည်းတည်ရှိခြင်းတရား) အပေါ် လူတို့အား လျှောက်လှမ်းစေရန် ဖြစ်သည်။ သို့ရာတွင် တစ်ပါးသည် အဆက်အသွယ် ဖြတ်တောက်ပစ်ခြင်းကို မိမိ၏ အကြံအစည်ဟူ၍ သဘောပေါက်နားလည်၍ အခြားတစ်ပါးသည် အခြေအနေအား ပြန်လည်ပြုပြင်ရန် မျှော်လင့်ချက်ထိတိုင် ၎င်းတို့နှင့်အတူ နူးညံ့လွယ်ကူစွာရှိသည့် အမှုကိစ္စကို ထိုရည်ရွယ်ချက်အတွက် အကျိုးပြုမည့်အချက်ဟူ၍ သဘောပေါက် မှတ်ယူလိုက်လေသည်။ ယင်းအချက်နှစ်ချက်စလုံးနှင့် စပ်လျဉ်း၍ အသိဉာဏ်ရှင်၊ သုတေသနရှင်တို့အဖို့ စဉ်းစား တွေးခေါ်ရန် နေရာ ဖြစ်ပေသည်။ မည်သည့်အချက် တစ်ချက်ချက်ကိုမျှ မှားယွင်းသည်ဟူ၍ ပြောဆိုရန်မှာ မလွယ်ကူလှပေ။ အွမ္မသ်၏ တီထွင် ထိုးထွင်းကြံဆမှုဉာဏ် ရှိသော အာလင်မ်သာသနာ့ပညာရှင်ကြီး၏ ကြား၌ ထိုးထွင်းကြံဆမှု ဆုံးဖြတ်ချက် အကွဲအပြားဖြစ်ခြင်းသည် များသောအားဖြင့် ဖြစ်လေ့ဖြစ်ထလည်း ရှိကြပေသည်။ ထိုသူတို့အတွင်းရှိ တစ်ဦးတစ်ယောက်ကို အပြစ်ရှိသူ၊ မနာခံသူဟူ၍ မပြောဆိုနိုင်ပေ။ ယခုကျန်ရှိနေသော ကိစ္စရပ်မှာ ဟာဇရသ်မူစာ عليه السلام သည် ဟာဇရသ်ဟာရူန် عليه السلام ၏ ဦးခေါင်းဆံပင်ကို ကိုင်ဆွဲလိုက်သော ကိစ္စဖြစ်သည်။ သို့ဆိုလျှင် ဤသည် ဒီန်းသာသနာ၏ အမှုကိစ္စ၌ ဟာဇရသ်မူစာ عليه السلام သည် ဟာဇရသ်ဟာရူန် عليه السلام အပေါ် ရှင်းလင်းသော မှားယွင်းချက်တစ်ချက် ရှိနေသည်ဟူ၍ မှတ်ယူကာ အခြေအနေစစ် အခြေအနေမှန်ကို စီစစ်မှုမပြုမီအလျှင် အလ္လာဟ်အသျှင်မြတ်အတွက် ပြင်းထန်မှုနှင့် အမျက်ထွက်သွားခြင်းပင် ဖြစ်သည်။ ၎င်း၏ ချွင်းချက်ကို သိရှိသွားသောအခါ တစ်ဖန် မိမိနှင့် မိမိ၏ နောင်တော်အဖို့လည်း လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန် ဆုမွန်ဒိုအာတောင်းခံလေတော့သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

قَالَ فَمَا خَطْبُكَ يَٰسَامِرِيُّ ﴿٩٥﴾

၂၀ : ၉၅ ။ ။ ယင်း (မူစာ) က 'သို့ဖြစ်လျှင် အို့၊ စာမိရီ၊ အသင်၏ ရည်ရွယ်ချက်သည် မည်သို့ပါနည်း' ဟု ပြောဆို (မေးမြန်း) ခဲ့လေသည်။

قَالَ بَصُرْتُ بِمَا لَمْ يَبْصُرُوا بِهِۦ
فَقَبَضْتُ قَبْضَةً مِّنْ أَثَرِ ٱلرَّسُولِ فَنَبَذْتُهَا وَكَذَٰلِكَ سَوَّلَتْ لِى نَفْسِى ﴿٩٦﴾

၂၀ : ၉၆ ။ ။ (ထိုအခါ) ယင်း (စာမိရီ) က 'ကျွန်ုပ်သည် အခြားသူတို့ မမြင်ခဲ့ရသော အရာကို တွေ့မြင်ခဲ့ပေသည်။ သို့ဖြစ်ပေရာ ကျွန်ုပ်သည် (ဂျိဗ်ရာအီးလ်) စေတမန် (စီးနင်းခဲ့သော မြင်း) ၏ ခြေရာမှ (မြေကြီး) လက်တစ်ဆုပ်ကို ဆုပ်ယူခဲ့လေသည်။ ထို့နောက် ကျွန်ုပ်သည် ထို (မြေကြီး) ကို (ဤနွားငယ်ကလေး၏ ခန္ဓာကိုယ်တွင်) ပစ်ထည့်ခဲ့လေသည်။ စင်စစ် ကျွန်ုပ်၏ စိတ်နှလုံးသည် ကျွန်ုပ်အား ဤအတိုင်းပင် ဖြားယောင်းခဲ့ပါသည်' ဟု ပြောဆို (ဖြေကြား) ခဲ့လေ၏။

قَالَ فَٱذْهَبْ فَإِنَّ لَكَ فِى ٱلْحَيَوٰةِ أَن تَقُولَ لَا
مِسَاسَ ۖ وَإِنَّ لَكَ مَوْعِدًا لَّن تُخْلَفَهُۥ ۖ وَٱنظُرْ إِلَىٰٓ إِلَٰهِكَ ٱلَّذِى
ظَلْتَ عَلَيْهِ عَاكِفًا ۖ لَّنُحَرِّقَنَّهُۥ ثُمَّ لَنَنسِفَنَّهُۥ فِى ٱلْيَمِّ نَسْفًا ﴿٩٧﴾

၂၀ : ၉၇ ။ ။ (သို့ဖြစ်ပေရာ) ယင်း (မူစာ) က (စာမိရီအား ဤသို့) ပြောကြားခဲ့လေ၏။ (အို့၊ စာမိရီ) 'အသင်သည် ထွက်သွားလော့။ ကေန်အမှန် အသင့်အဖို့ ဤဘဝသက်တမ်းတစ်လျှောက်တွင် (ခံစားရမည့် ပြစ်ဒဏ်သည်) အသင်သည် (မိမိ၏ အပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်အား မည်သူမျှ) 'မထိရ' ဟု ပြောဆိုနေရခြင်းပင် ဖြစ်ပေသည်။ ၎င်းပြင် အသင့်အဖို့ (နောင်တမလွန်၌) ပြစ်ဒဏ်ခံစားရန်လည်း) ပြဋ္ဌာန်းချက်တစ်ခု ရှိသေး၏။ အသင်သည် ယင်းပြဋ္ဌာန်းချက်မှ လွဲစေခြင်းကို အလျှဉ်းခံရလိမ့်မည်မဟုတ်ပေ။ ထို့ပြင် အသင်သည် အစဉ်မပြတ် (စွဲလမ်း) တွယ်ကပ်လျက်ရှိသော မိမိ၏ ကိုးကွယ်ရာကို ရှုလော့။ ကေန်မလွဲ ငါတို့သည် ၎င်း (နွားရုပ်) အား မီးရှို့ပြီးနောက် ၎င်း (၏ ပြာ) ကို မြစ်ထဲ၌ ကြဲ (၍ မျော) ကြမည်ဖြစ်သည်။'

إِنَّمَآ إِلَٰهُكُمُ ٱللَّهُ ٱلَّذِى لَآ إِلَٰهَ إِلَّا هُوَ ۚ وَسِعَ كُلَّ شَىْءٍ عِلْمًا ﴿٩٨﴾

၂၀ : ၉၈ ။ ။ (စင်စစ်မှာမူ) အသင်တို့၏ ခဝပ်ကိုးကွယ်ရာ အသျှင်သည် အကြင်အလ္လာဟ်အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှဉ်းမရှိပြီ။ ထိုအသျှင်မြတ်သည် (မိမိ၏) အသိပညာတော်ဖြင့် အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ပင် ရှိတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(တစ်ဖန် စာမိရီး၏ ဘက်သို့ လှည့်ကာ ၎င်းအား) ယင်း (မူစာ) က သို့ဖြစ်လျှင် အို့၊ စာမိရီး၊ အသင်၏ ရည်ရွယ်ချက်သည် မည်သို့ပါနည်း။ (အသင်သည် ဤလုပ်ရပ်ကို အဘယ်ကြောင့် ပြုခဲ့ပေသနည်း) ဟု ပြောဆို (မေးမြန်း) ခဲ့လေသည်။ (ထိုအခါ) ယင်း (စာမိရီး) က ကျွန်ုပ်သည် အခြားသူတို့ မမြင်ခဲ့ရသော အရာကို တွေ့မြင်ခဲ့ပေသည်။ (ဆိုလိုသည်မှာ ကာဖိရ်များအား ဖျက်ဆီးရန်နှင့် မုအ်မင်န်များအား ကူညီရန်အတွက် မြစ်ပင်လယ်ကို ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ မြင်းစီး၍ ဖြတ်သန်းသွားချိန် ဖြစ်သည်။ သွစ်ရီး ရာဇဝင်ကျမ်း၌ စူဒီးသခင်ကြီးထံမှ ဆင့်ကဲဆင့်ပြန်မှုဖြင့် ဆင့်ပြန်ချက် လာရှိထားသည်မှာ ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ သည် ဟဇရသ်မူစာ ﷺ ၏ထံသို့ 'အသင် 'သူရ်'တောင်သို့ ကြွမြန်းရန်' အမိန့်တော်ကို ယူဆောင်လာသော အချိန်၌ မြင်းစီး၍ ဖြတ်သန်းသွားချိန် ဖြစ်သည်။ သွစ်ရီးရာဇဝင်ကျမ်း၌ စူဒီသခင်ကြီးထံမှ ဆင့်ကဲဆင့်ကဲ ဆင့်ပြန်မှုဖြင့် ဆင့်ပြန်ချက် လာရှိထားသည်မှာ ဟဇရသ်ဂျိဗ်ရာအီးလ် ﷺ သည် ဟဇရသ်မူစာ ﷺ ထံသို့ 'အသင် 'သူရ်'တောင်သို့ ကြွမြန်းရန် အမိန့်တော်ကို ယူဆောင်လာသောအချိန်၌ မြင်းစီး၍ လာခိုက် စာမိရီးက တွေ့မြင်ခဲ့ခြင်း ဖြစ်ပေသည်။)

သို့ဖြစ်ပေရာ ကျွန်ုပ်သည် (အလ္လာဟ်အသျှင်မြတ်၏ အပါးတော်) စေတမန် (ဂျိဗ်ရာအီးလ် ﷺ) စီးနင်းခဲ့သော မြင်း) ၏ ခြေရာမှ (မြေကြီး) လက်တစ်ဆုပ်ကို ဆုပ်ယူခဲ့လေသည်။ (ထို့နောက် ကျွန်ုပ်၏ နှလုံးသားအတွင်း၌ ထိုမြေကြီးအတွင်း၌ ရှင်ခြင်း၏ ဒြပ်သဘောသဘာဝတရားများ ရှိလိမ့်မည်။ အကြင်မည်သည့်အရာအပေါ်မဆို ချလိုက်လျှင် ထိုအရာအတွင်း၌ ရှင်သန်ခြင်း ပေါ်ပေါက်လာမည်'ဟူသော အချက်သည် အလိုအလျောက် ပေါ်ပေါက်လာပေသည်။) ထို့နောက် ကျွန်ုပ်သည် ထို (မြေကြီး) ကို (ဤနွားငယ်ကလေး၏ ခန္ဓာကိုယ်တွင်) ပစ်ထည့်ခဲ့လေသည်။ စင်စစ် ကျွန်ုပ်၏ စိတ်နှလုံးသည် ကျွန်ုပ်အား ဤအတိုင်းပင် (နှစ်သက်) ဖြားယောင်းခဲ့ပါသည်'ဟု ပြောဆို (ဖြေကြား) ခဲ့လေ၏။ (သို့ဖြစ်ပေရာ) ယင်း (မူစာ) က (စာမိရီးအား ဤသို့) ပြောကြားခဲ့လေ၏။ (အို့၊ စာမိရီး) အသင်သည် ထွက်သွားလော့။ စင်စစ်အမှန် အသင့်အဖို့ ဤ (လောကီ) ဘဝသက်တမ်းတစ်လျှောက်တွင် (စီမံထားပြီးဖြစ်သော ခံစားရမည့် ပြစ်ဒဏ်သည်) အသင်သည် (မိမိ၏ အပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်အား မည်သူမျှ) 'မထိရ'ဟု ပြောဆိုနေရခြင်းပင် ဖြစ်ပေသည်။ ၎င်းပြင် အသင့်အဖို့ (ဤလောကီပြစ်ဒဏ်အပြင် နောင်တမလွန်၌ အလ္လာဟ်အသျှင်မြတ်၏ ပြစ်ဒဏ်ခံစားရန်လည်း) ပြဋ္ဌာန်းချက်တစ်ခု ရှိသေး၏။ (ဆိုလိုသည်မှာ နောင်အာခေရသ်၌လည်း သီးသန့် ပြစ်ဒဏ်ရှိပေသည်။) အသင်သည် ယင်းပြဋ္ဌာန်းချက်မှ လွဲစေခြင်းကို အလျှဉ်းခံရလိမ့်မည်မဟုတ်ပေ။ ထို့ပြင် အသင်သည် အစဉ်မပြတ် (စွဲလမ်း) တွယ်ကပ် (ခဝပ်ကိုးကွယ်လျက်ရှိသော မိမိ၏ (မှားယွင်းသော) ကိုးကွယ်ရာကို ရှုလော့။ စင်စစ်မလွဲ ငါတို့သည် ၎င်း (နွားရုပ်) အား မီးချပြီးနောက် ၎င်း (၏ ပြာ) ကို မြစ်ထဲ၌ ကျဲ (၍ မျှော) ကြမည် ဖြစ်သည်။ (သို့မှသာ ယင်းနွားငယ်ရုပ်၏

အရိပ်အယောင်မျှပင် မကျန်ရှိစေရန် ဖြစ်သည်။ စင်စစ်တမူ) အသင်တို့၏ (စစ်မှန်တော်မူသော) ခဝပ်ကိုးကွယ်ရာ အသျှင်မြတ်ဟူ၍ အလျဉ်း မရှိပြီ။ ထိုအသျှင်မြတ်သည် (မိမိ၏) အသိပညာတော်ဖြင့် အရာခပ်သိမ်းတို့ကို လွှမ်းခြုံလျက်ပင် ရှိတော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

بَصُرْتُ بِمَا لَمْ يَبْصُرُوْا بِهِ

ကျွန်ုပ်သည် အခြားသူတို့ မမြင်ခဲ့ရသော အရာကို တွေ့မြင်ခဲ့ပေသည်။ *[၂၀ : ၉၆]*

၎င်း၏ လိုရင်းသဘောမှာ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ဖြစ်ပေသည်။ ၎င်းအား မြင်တွေ့ခြင်း၏ ဖြစ်အင်နှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်တစ်ရပ်မှာ ဤသို့ လာရှိထားပေသည်။ ဟဇရသ်မူစာ عليه السلام ၏ 'မုအ်ဂျေဇာဟ်' (တန်ခိုးတော်) ဖြင့် 'ကွလ်ဇူးမ်'မြစ်သည် ခြောက်သွေ့သော လမ်းဖြစ်သွားကာ ဗနီအိစ်ရာအီးလ်တို့သည် ထိုလမ်းများမှ ဖြတ်ကျော်ခဲ့ကြလေသည်။ ဖိရ်အောင်န်၏ စစ်တပ်သည် မြစ်အတွင်းသို့ ဆင်းသက်လျက် ရှိနေခိုက်တွင် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် မြင်းကို စီးနင်းလျက် ယင်းနေရာ၌ ရှိနေခဲ့သည့်အချိန် ဖြစ်ပေသည်။ အခြားသော ဆင့်ပြန်ချက်တစ်ရပ်၌ ဤသို့ လာရှိထားပြန်လေသည်။ မြစ်အား ကျော်ဖြတ်ပြီးနောက် ဟဇရသ်မူစာ عليه السلام ကို 'သူရ်'တောင်သို့ လာရန် ဖိတ်ခေါ်ရန်အတွက် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် မြင်းကို စီးနင်းတော်မူလာရာ စာမိရီးသည် တွေ့မြင်ခဲ့ပေသည်။ အခြားသောသူတို့သည် မသိရှိကြပေ။ ထိုသို့ မသိရှိကြသည့်အကြောင်းကို ဟဇရသ်အိဗ်နေ့အဗ္ဗားစ် رضي الله عنه သခင်ကြီး၏ ဆင့်ပြန်ချက်တစ်ရပ်၌ ဤသို့ တင်ပြထားပြန်လေည်။ စာမိရီးအား ၎င်း၏ မိခင်သည် ဂူအတွင်းသို့ လာရောက်ပစ်ထားချိန်၌ ၎င်းအား ပြုစုထိန်းသိမ်းခြင်းကို ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သခင်ကြီးကိုယ်တိုင်၏ အကြောင်းခံဖြင့် ပြုခဲ့ပေသည်။ သို့ရှိရာ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သည် နေ့တိုင်း ၎င်းအား အစားအစာ ကျွေးမွေးရန်အတွက် ကြွမြန်းလာတော်မူလေ့ ရှိပေသည်။ ထို့ကြောင့် ၎င်းစာမိရီးသည် ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ဖြင့် ယာဉ်ပါးမှုရှိနေကာ အခြားသောသူများ မတွေ့မြင်နိုင်သည်ကို ၎င်းက တွေ့မြင်နိုင်ခြင်းပင် ဖြစ်ပေသည်။

[ဗယားနုလ်ကုရ်အာန်]

فَقَبَضْتُ قَبْضَةً مِّنْ اَثَرِ الرَّسُوْلِ

သို့ဖြစ်ပေရာ ကျွန်ုပ်သည် စေတမန်၏ ခြေရာမှ မြေကြီးလက်တစ်ဆုပ်ကို ဆုပ်ယူခဲ့လေသည်။

[၂၀ : ၉၆]

ရစူလ်ဟူသော စကားလုံး၏ အလိုသဘောသည် ဤနေရာ၌ အလ္လာဟ်အသျှင်မြတ်၏ စေတမန် ဂျိဗ်ရာအီးလ် عليه السلام ပင် ဖြစ်ပေသည်။ စာမိရီး၏ နှလုံးသားအတွင်း၌ ရှိုက်သွင်းသည် 'ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام စီးနင်းသော မြင်းခြေအောက်မှ မြေကြီး၌ ရှင်သန်ဖွံ့ဖြိုးခြင်း၏ သီးသန့် အစွမ်းဓါတ်များ ရှိပေသည်။ ထိုမြေကြီးကို ကောက်ယူဆုပ်ကိုင် သိမ်းဆည်းထားရပေမည်'ဟူသော အချက်ကို ထည့်သွင်းပေးလိုက်

လေသည်။ ၎င်းသည် မြင်းခြေအောက်မှ မြေကြီးကို ကောက်ယူ သိမ်းဆည်းထားလိုက်လေသည်။ ဤအချက်သည် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ကြီး၏ ဆင့်ပြန်ချက်အတွင်း၌ လာရှိထားပေသည်။

القى فى روعه انه لا يلقيها على شئ فيقول كن كذا الا كان

စာမိရီး၏ နှလုံးသားအတွင်း၌ မြင်းခြေအောက်ရှိ မြေကို အကြင်မည်သည့်အရာအပေါ်မဆို ချ၍ 'အဘယ်အရာဖြစ်' ဟူ၍ ပြောဆိုလိုက်လျှင် ထိုအရာသည် ဖြစ်ပေါ်သွားသည်'ဟူသော အချက်သည် အလိုအလျောက် ဖြစ်ပေါ်လာပေသည်။ အချို့သော ပညာရှင်များက မိန့်တော်မူသည်မှာ စာမိရီးသည် မြင်းခြေအောက်ရှိ မြေ၏ 'အကြင်မည်သည့်နေရာ၌မဆို ထိုမြင်းခြေရာ ကျသွားသည်ဆိုလျှင် မြက်ခင်းစိမ်းများ ထပေါက်လာသည်'ဟူသော အကျိုးတရားကို တွေ့မြင်ခဲ့ပေသည်။ အကြင်ကဲ့သို့ တွေ့မြင်သည့်အတွက်ကြောင့် 'ထိုမြေကြီး၌ ရှင်သန်ခြင်း၏ အစွမ်းသတ္တိများ ရှိသည်'ဟူသည်ကို အထောက်အထားဖြင့် ရယူလိုက်ပေသည်။ (ကမာလိုင်ကျမ်းအတွင်း၌) ဆွဟာဗာများ၊ သာဗေအီးန်များနှင့် နောင်းပိုင်းခေတ် အကျယ်ချဲ့ဖွင့်ဆိုသော ပညာရှင်များထံမှ ဆင့်ပြန်ပေးထားခြင်း ဖြစ်သည်။ အကြင်အချက်နှင့် စပ်လျဉ်း၍ မျက်မှောက်ခေတ်ရှိ အပေါ်ယံ ဝါဒီတို့သည် ဒွိဟသံသယဖြစ်စေသော အချက်များကို ကောက်နုတ်ဖော်ပြထားကြပေသည်။ ထိုအချက်များအားလုံး၏ အဖြေကိုလည်း ဖြေကြားပေးထားပေသည်။ (အလ္လာဟ်အသျှင်မြတ် ၎င်းပညာရှင်တို့အား ကောင်းသော အစားပေးသနားတော်မူပါစေ။ အာမီးန်။)

တစ်ဖန် ဗနီအိစ်ရာအီးလ်လူမျိုးတို့ထံမှ စုဆောင်းရယူထားသော လက်ဝတ်ရတနာ တန်ဆာများဖြင့် နွားငယ်ရုပ်အသွင်ရှိ အရုပ်တစ်ရုပ်ကို ပြုလိုက်လေသည်။ ထိုမြေအတွင်း၌ ရှင်သန်ခြင်း၏ အစွမ်းသတ္တိများ ရှိရာ မည်သည့်အရာ၏အပေါ်ကိုမဆို တင်ထည့်လိုက်ခြင်းဖြင့် ထိုအရာအတွင်း၌ ရှင်သန်ခြင်း၏ အကျိုးတရားများ ပေါ်ပေါက်လာမည်' ဟူသော မိမိ၏ ထင်မြင်ချက်နှင့်အညီ ၎င်းသည် နွားငယ်ရုပ်အတွင်းသို့ မြေကြီးကို ထည့်ပေးလိုက်လေသည်။ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ဖြင့် ထိုနွားငယ်၏ အတွင်း၌ ရှင်သန်ခြင်း၏ အစွမ်းသတ္တိများ ပေါ်ပေါက်လာကာ ထအော်လေသည်။ (ရှေ့တွင် ၎င်းအကြောင်းအရာကို အကျယ်ချဲ့ တင်ပြပြီးဖြစ်သော ဟာဒီစေဖုနူးန်အတွင်း၌) ၎င်းစာမိရီးသည် ဟဇရသ်ဟာရူးန် ﷺ အား 'ကျွန်ုပ်ဖြစ်ချင်သော အရာကို ဖြစ်အောင် အသင် ဒိုအာပြုပေးမည်ဟူသော စည်းကမ်းချက်ကို သဘောတူမှသာ ကျွန်ုပ်သည် မိမိလက်အတွင်းရှိ အရာကို ထည့်လိုက်မည်' ဟူ၍ ပြောဆိုကာ ဒိုအာပြုခိုင်းလေသည်။ ဟဇရသ်ဟာရူးန် ﷺ သည် ၎င်း၏ 'နေဖားက်'(အသွင်ဆောင်မှု) နှင့် နွားငယ်အား ခဝပ်ကိုးကွယ်ခြင်းကို မသိရှိသည့်အတွက်ကြောင့် ဒိုအာပြုပေးလိုက်လေသည်။ ထို့နောက် ၎င်းသည် ထိုမြင်းခြေရာအောက်မှ မြေကြီးကို နွားငယ်ရုပ်အတွင်းသို့ ထည့်ပေးလိုက်ရာ ဟဇရသ်ဟာရူးန် ﷺ ၏ ဒိုအာကြောင့် ထိုအရုပ်အတွင်း၌ ရှင်သန်ခြင်း၏ အစွမ်းသတ္တိများ ပေါ်ပေါက်လာလေသည်။ ဆင့်ပြန်ချက်တစ်ရပ်၏ သဟဲဖြင့် 'စာမိရီးသည် နွားရုပ်ကို ခဝပ်ကိုးကွယ်သော ပါးရှန်း သို့မဟုတ် အိန္ဒိယနိုင်ငံသားတစ်ဦး ဖြစ်ပေသည်။ မိဆွေရ်သို့ ရောက်ရှိလာပြီးနောက် ဟဇရသ်မူစာ ﷺ အပေါ် အီမာန်ကို ရယူကာ တစ်ဖန် အီမာန်ကို လက်လွှတ်လိုက်ပြန်လေသည်။ သို့မဟုတ် အစကတည်းက အသွင်ဆောင်ပုံစံမျိုးဖြင့် အီမာန်ကို ထုတ်ဖော်

မှုပြုထားကာ တစ်ဖန် အသွင်ဆောင်မှုသည် ထင်ရှားသွားပေသည်။ ထိုအီမာန်အား ထုတ်ဖော်ပြသမှုကြောင့် 'ဗနီအိစ်ရာအီးလ်လူမျိုးတို့နှင့်အတူ မြစ်ပင်လယ်အား ဖြတ်ကျော်နိုင်ခဲ့ခြင်း၏ အကျိုးကို ခံစားခဲ့ရကြောင်း' ကို အစတွင် ရေးသားပြီးဖြစ်သည်။

فَاِنَّ لَكَ فِى الْحَيٰوةِ اَنْ تَقُوْلَ لَا مِسَاسَ

ကေန်အမှန် အသင့်အဖို့ ဤဘဝသက်တမ်းတစ်လျှောက်တွင် ခံစားရမည့် ပြစ်ဒဏ်မှာ အသင်သည် မိမိ၏အပါးသို့ ချဉ်းကပ်လာသူတို့ကို ကျွန်ုပ်အား မည်သူမျှ မထိရဟု ပြောဆိုနေရခြင်းပင် ဖြစ်ပေသည်။ [၂၀ ፡ ၉၇]

ဟာရေသ်မူစာ ﷺ သည် စာမိရီးအတွက် ဤလောကီသက်တမ်းတွင် 'အားလုံးတို့သည် ၎င်းနှင့် အဆက်အသွယ်ဖြတ်တောက်လိုက်ရန်နှင့် မည်သူတစ်ဦးတစ်ယောက်မျှ ၎င်း၏ အပါးသို့ မချဉ်းကပ်ရန်ဟူသော ပြစ်ဒဏ်ကို စီရင်မှု ပြုထားပေသည်။ 'အခြားမည်သူတစ်ဦးကိုမျှလည်း လက်နှင့် မထိတွေ့ရန် မိန့်တော်မူထားပြီး သက်တမ်းတစ်လျှောက်လုံး ဤကဲ့သို့ တောရိုင်းတိရစ္ဆာန်များပမာ တစ်သီးတစ်ခြားစီ နေထိုင်ရန်ဖြစ်သည်။ ဤပြစ်ဒဏ်သည် တရားဥပဒေဘောင်အသွင်မျိုးဖြင့် ပေးလိုက်ခြင်း ဖြစ်နိုင်ပေသည်။ အကြင်ဥပဒေအား လိုက်နာရန်သည် ဟာရေသ်မူစာ ﷺ ၏ဘက်မှ စာမိရီးနှင့် အခြားသော ဗနီအိစ်ရာအီးလ်တို့အားလုံးအပေါ်၌ မုချ သတ်မှတ်ထားသော ပြစ်ဒဏ်ဖြစ်ပေသည်။ 'ဥပဒေဘောင်ထက် ကျော်လွန်၍ ၎င်း၏ 'စားသ်' (ပင်ကိုယ်) အတွင်း၌ အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်ဖြင့် '၎င်းကလည်း အခြားသူများကို လက်ဖြင့် မထိတွေ့နိုင်သလို အခြားသူများကလည်း ၎င်းအား လက်ဖြင့် မထိတွေ့စေနိုင်' ဟူသော ပြစ်ဒဏ်ကို သက်ရောက်စေထားခြင်းမျိုးလည်း' ဖြစ်နိုင်ပေသည်။ ပမာတင်ပြရမည်ဆိုသော် အချို့သော ဆင့်ပြန်ချက်များ၌ လာရှိထားသည်မှာ ဟာရေသ်မူစာ ﷺ ၏ မကောင်းဆုတောင်းခြင်းကြောင့် ၎င်းစာမိရီးအား တစ်ဦးတစ်ယောက်ကပင် ထိသည်ဖြစ်စေ၊ '(သို့) ၎င်းကပင် အခြားတစ်ဦးတစ်ယောက်ကို သွားရောက် ထိတွေ့လျှင်ဖြစ်စေ၊ ထိုသူတို့ နှစ်ဦးစလုံးသည် အဖျားတက်သွားကြပေသည်' ဟူသော အခြေအနေမျိုး ပေါ်ပေါက်သွားပေသည်။ (မအာလင်မ်ကျမ်း၌ ဤသို့ပင် လာရှိထားပေသည်။) ထိုအချက်အား ကြောက်ရွံ့သည့်အတွက်ကြောင့် ၎င်းသည် အခြားသောသူများနှင့် သီးခြားစွာ နေထိုင်ပြီး လှည့်လည်ကာ ပြေး၍ နေလေ့ ရှိပေသည်။ တစ်ဦးတစ်ယောက်သည် ၎င်း၏ အနီးအပါးသို့ ချဉ်းကပ်လာသည်ဆိုလျှင် ၎င်းသည် အဝေးကပင် لَامِسَاسَ (မထိရ) ဟူ၍ ဟစ်အော်လေသည်။

စာမိရီး၏ ပြစ်ဒဏ်တွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်ဆန်းတစ်ရပ်

ဗဲဟ်ရေမုဟီးသ်ကျမ်း၏ သဟဲဖြင့် ရှုဟုလ်မအာနီးကျမ်း၌ ဆင့်ပြန်ထားသည်မှာ ဟာရေသ်မူစာ ﷺ သည် စာမိရီးကို သတ်ဖြတ်လိုပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ရက်ရောမှုနှင့် လူတို့အား အလုပ်အကျွေးပြုစုမှု ပြုသည့်အတွက်ကြောင့် သတ်ပစ်ခြင်း၏ ပြစ်ဒဏ်မှ တားမြစ်တော်မူလိုက်ပေသည်။ [ဗယာနုလ်ကုရ်အာန်ကျမ်း]

لَنُحَرِّقَنَّهُ (ဧကန်မလွဲ ငါတို့သည် ၎င်းနွားရုပ်အား မီးချပြီး) ဟူသော ဝါကျတွင် 'ဤနွားငယ်ရုပ်သည် ရွှေ၊ ငွေ၊ လက်ဝတ်တန်ဆာတို့ဖြင့် ပြုလုပ်ထားရာ ၎င်းအား မီးရှို့လိုက်ခြင်း၏ ပုံစံသည် မည်သို့နည်း။ ရွှေ၊ ငွေတို့သည် ပျော်ဝင်သွားသည့်အရာ ဖြစ်ပြီး လောင်ကျွမ်းသွားခြင်း မရှိသော အရာဖြစ်သည်' ဟူ၍ မေးခွန်းတစ်ရပ် ပေါ်ပေါက်လာပေသည်။ အဖြေမှာ ဤသို့ပင် ဖြစ်သည်။ 'နွားငယ်အတွင်း၌ ရှင်သန်ခြင်း၏ အစွမ်းများ ပေါ်ပေါက်ပြီးနောက်၌လည်း ရွှေ၊ ငွေပုံစံဖြင့်သာလျှင် တည်ရှိနေပါ၏လော။ သို့မဟုတ် ၎င်း၏ မူရင်းအခြေအနေသည် ပြောင်းလဲသွားကာ အသွားနှင့် သွေးတို့ ဖြစ်သွားပါ၏လော' ဟူ၍ အကွဲအလွဲ ရှိကြပေသည်။ အကယ်၍ သွေး၊ သားအသွင် ဖြစ်ရှိသွားမူ ၎င်းအား မီးရှို့ပစ်လိုက်ခြင်း၏ အလိုသဘောမှာ 'ဇဗာဟ် (လိုးဖြတ်မှု) ပြု၍ ရှို့လိုက်သည်' ဟူ၍ ထင်ရှားပေသည်။ အကယ်၍ ဒုတိယအဆိုကို ရွေးချယ်မည်ဆိုလျှင် ၎င်းအား မီးရှို့ပစ်လိုက်ခြင်း၏ အလိုသဘောမှာ '၎င်းအား တံစဉ်ဖြင့် အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ပွတ်တိုက်လိုက်ခြင်း' ပင် ဖြစ်သည်။ (ဒုရ်ရေမန်စူးရ်) သို့မဟုတ် ထိရောက်သည့် ပုံစံတစ်ရပ်ရပ်ဖြင့် တစ်သွယ်သွယ်ဖြင့် ရှို့ပစ်လိုက်မည်ဖြစ်သည်။ *[ရူဟုလ်မအာနီးကျမ်း]*

သဘာဝလွန် သို့မဟုတ် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်ဖြင့် ရှို့ပစ်လိုက်ခြင်း' သည်လည်း တစ်စုံတစ်ရာ စဉ်းစားရန် ဝေးကွာလှသော အချက်မဟုတ်ပေ။ (အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူ၏။) *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

كَذَٰلِكَ نَقُصُّ عَلَيْكَ مِنْ أَنبَاءِ مَا قَدْ سَبَقَ ۚ وَقَدْ آتَيْنَاكَ مِن لَّدُنَّا ذِكْرًا ﴿٩٩﴾

၂၀ : ၉၉ ။ ။ (အို၊ နဗီတမန်တော်) ယင်းကဲ့သို့ပင် ငါအသျှင်မြတ်သည် အသင့်အား လွန်လေပြီးသော ဖြစ်စဉ်များ၏ အကြောင်းသတင်းများကို ပြန်ပြောင်းမိန့်ကြားတော်မူသည်။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင့်အား၊ မိမိ၏ ထံတော်မှ (ကုရ်အာန်တည်းဟူသော) သတိပေးနှိုးဆော်သည့် ကျမ်းဂန်တစ်စောင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။

مَّنْ أَعْرَضَ عَنْهُ فَإِنَّهُ يَحْمِلُ يَوْمَ الْقِيَامَةِ وِزْرًا ﴿١٠٠﴾

၂၀ : ၁၀၀ ။ ။ မည်သူမဆို ယင်း (ကျမ်းတော်) မှ မျက်နှာလွှဲခဲ့ပါမူ ဧကန်မလွဲ ထိုသူသည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ကြင် (အလွန် လေးလံသော) ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရမည် ဖြစ်ပေသည်။

خَالِدِينَ فِيهِ ۖ وَسَاءَ لَهُمْ يَوْمَ الْقِيَامَةِ حِمْلًا ﴿١٠١﴾

၂၀ : ၁၀၁ ။ ။ (ထိုသူတို့သည်) ယင်း (ဝန်ထုပ်ကို ထမ်းဆောင်သယ်ပိုးခြင်း) ၏ အဖြစ်၌ ထာဝစဉ် ခံစားလျက် ရှိကြပေမည်။ စင်စစ် ထိုဝန်ထုပ်သည် ၎င်းတို့အဖို့ 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် အလွန်ဆိုးဝါးလှသော ဝန်ထုပ်ပင် ဖြစ်ပေလိမ့်မည်။

يَوْمَ يُنفَخُ فِي الصُّورِ ۚ وَنَحْشُرُ الْمُجْرِمِينَ يَوْمَئِذٍ زُرْقًا ﴿١٠٢﴾

၂၀ : ၁၀၂ ။ ။ အကြင်နေ့တွင် (တံပိုး) ခရာကို မှုတ်ပေမည်။ ၄င်းပြင် ငါအသျှင်မြတ်သည် ထိုနေ့တွင် အပြစ်ရှိသူတို့အား မျက်စိကန်းသူများအဖြစ် စုရုံးစေတော်မူမည်။

يَتَخَافَتُونَ بَيْنَهُمْ إِن لَّبِثْتُمْ إِلَّا عَشْرًا ﴿١٠٣﴾

၂၀ : ၁၀၃ ။ ။ (ထိုနေ့တွင်) ၄င်းတို့သည် မိမိတို့အချင်းချင်း 'အသင်တို့သည် (လူ့လောက သို့မဟုတ် သင်္ချိုင်းတွင်) ဆယ်ရက်မျှသာ နေခဲ့ကြသည်' ဟု တိုးတိုးပြောဆိုကြပေမည်။

نَّحْنُ أَعْلَمُ بِمَا يَقُولُونَ إِذْ يَقُولُ أَمْثَلُهُمْ طَرِيقَةً إِن لَّبِثْتُمْ إِلَّا يَوْمًا ﴿١٠٤﴾

၂၀ : ၁၀၄ ။ ။ ငါအသျှင်မြတ်သည် ၄င်းတို့ ပြောဆိုကြသည့် (အကြောင်း) ကို ကောင်းမွန်စွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ အကြင်အခါဝယ် ၄င်းတို့အနက် အကြံဉာဏ်အမြော်အမြင်အားဖြင့် အတော်ဆုံးသောသူက 'အသင်တို့သည် (လူ့လောက သို့မဟုတ် သင်္ချိုင်းတွင်) တစ်ရက်မျှသာ နေခဲ့ကြရသည်' ဟု ပြောဆိုကြပေမည်။

وَيَسْأَلُونَكَ عَنِ الْجِبَالِ فَقُلْ يَنسِفُهَا رَبِّي نَسْفًا ﴿١٠٥﴾

၂၀ : ၁၀၅ ။ ။ ၄င်းပြင် ထို (မက္ကာဟ်မြို့သား ကာဖိရ်) တို့သည် အသင့်အား တောင်များနှင့် စပ်လျဉ်း၍ (မည်သို့ မည်ပုံ ဖြစ်မည်ကို) မေးမြန်းကြကုန်၏။ အသင်သည် (၄င်းတို့အား၊ ဤသို့) ပြောဆို (ဖြေကြား) ပါလေ။ '(အချင်းတို့) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ယင်းတောင်များကို (အစိတ်စိတ်အပိုင်းပိုင်းဖြစ်စေ၍) လွင့်ပါးစေတော်မူမည် ဖြစ်ပေသည်။'

فَيَذَرُهَا قَاعًا صَفْصَفًا ﴿١٠٦﴾

၂၀ : ၁၀၆ ။ ။ တစ်ဖန် ထိုအသျှင်မြတ်သည် ယင်း (ပထဝီမြေ) ကို ညီညာသောလွင်ပြင်အဖြစ် ပြုလုပ်တော်မူမည် ဖြစ်ချေသည်။

لَّا تَرَىٰ فِيهَا عِوَجًا وَلَا أَمْتًا ﴿١٠٧﴾

၂၀ : ၁၀၇ ။ ။ အသင်သည် ယင်း (ပထဝီမြေ) ၌ မည်သည့် ချိုင့်ဝှမ်းကိုမျှလည်းကောင်း၊ မည်သည့် ကုန်းကိုမျှလည်းကောင်း တွေ့မြင်လိမ့်မည် မဟုတ်ပေ။

يَوْمَئِذٍ يَتَّبِعُونَ الدَّاعِيَ لَا عِوَجَ لَهُ ۖ وَخَشَعَتِ الْأَصْوَاتُ لِلرَّحْمَٰنِ
فَلَا تَسْمَعُ إِلَّا هَمْسًا ﴿١٠٨﴾

၂၀ : ၁၀၈ ။ ။ ထိုနေ့တွင် လူတို့သည် ဆင့်ခေါ်သူ၏နောက်သို့ ကွေ့ကောက်ခြင်းမရှိဘဲ (ဖြောင့်တန်းစွာ) လိုက်ကြပေမည်။ ၄င်းပြင် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်၏ ရှေတော်မှောက်ဝယ် (ကြောက်ရွံ့သောကြောင့် ၄င်းတို့၏) အသံများမှာ

ဆိတ်ငြိမ်၍ သွားကြပေမည်။ သို့ဖြစ်ပေရာ အသင်သည် တိုးတိုးပြောဆိုချက် (တစ်နည်း) ခြေသံမှအပ မည်သည့်အသံကိုမျှ ကြားကြလိမ့်မည်မဟုတ်ပေ။

يَوْمَئِذٍ لَّا تَنفَعُ الشَّفَاعَةُ إِلَّا مَنْ أَذِنَ لَهُ الرَّحْمَٰنُ وَرَضِيَ لَهُ قَوْلًا ﴿١٠٩﴾

၂၀ : ၁၀၉ ။ ။ ထိုနေ့တွင် ကြားဝင်အသနားခံခြင်းသည် အကြင်သူမှအပ (မည်သူတစ်ဦးတစ်ယောက်အဖို့မျှပင်) အကျိုး ပေးလိမ့်မည်မဟုတ်ပေ။ ထိုသူနှင့် ပတ်သက်၍ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည် ခွင့်ပြုတော်မူခဲ့လေသည်။ ၄င်းပြင် ထိုအသျှင်မြတ်သည် ၄င်းအခွင့်ရသူ၏ စကားတစ်စုံတစ်ရာကို နှစ်သက်လက်ခံတော်မူလေသည်။

يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَلَا يُحِيطُونَ بِهِ عِلْمًا ﴿١١٠﴾

၂၀ : ၁၁၀ ။ ။ ထိုအသျှင်မြတ်သည် ၄င်းတို့၏ ရှေ့နောက် အဖြစ်အပျက် (အကြောင်းကိစ္စ) အလုံးစုံတို့ကို (အကြွင်းမဲ့) သိရှိတော်မူ၏။ သို့ရာတွင် လူတို့မှာမူ ထိုအသျှင်မြတ် (သိတော်မူသော ယင်းအကြောင်းကိစ္စများ) ကို (မိမိတို့၏) အသိပညာဖြင့် ဝန်းခြုံ (၍ သိ) နိုင်ကြသည် မဟုတ်ပေ။

وَعَنَتِ الْوُجُوهُ لِلْحَيِّ الْقَيُّومِ ۖ وَقَدْ خَابَ مَنْ حَمَلَ ظُلْمًا ﴿١١١﴾

၂၀ : ၁၁၁ ။ ။ ထို့ပြင် (၄င်းနေ့တွင် လူခပ်သိမ်းတို့၏) မျက်နှာများမှာ ထာဝရရှင်နေတော်မူသော၊ အစဉ် တည်ရှိနေတော် မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အောက်ကျို့လျက် ရှိကြပေမည်။ ၄င်းပြင် ဧကန်မလွဲ မတရားမှုကို (ကျူးလွန်) ထမ်းဆောင်ခဲ့သော သူမှာမူ (ထိုနေ့၌) လုံးဝ ဆုံးရှုံးမည်သာ (ဖြစ်၏။)

وَمَن يَعْمَلْ مِنَ الصَّالِحَاتِ وَهُوَ مُؤْمِنٌ فَلَا يَخَافُ ظُلْمًا وَلَا هَضْمًا ﴿١١٢﴾

၂၀ : ၁၁၂ ။ ။ သို့ရာတွင် အကြင်သူသည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ရုံမျှမက၊ ထိုသူသည် မှအ်မင်န်သက်ဝင်ယုံကြည်သူလည်း ဖြစ်ခဲ့ပါမူ၊ ထိုသူသည် မတရားမှုကိုလည်းကောင်း၊ လျှော့နည်းစေခြင်းကိုလည်း ကောင်း စိုးရိမ်ရမည် မဟုတ်ချေ။

وَكَذَٰلِكَ أَنزَلْنَاهُ قُرْآنًا عَرَبِيًّا وَصَرَّفْنَا فِيهِ مِنَ الْوَعِيدِ لَعَلَّهُمْ يَتَّقُونَ أَوْ يُحْدِثُ لَهُمْ ذِكْرًا ﴿١١٣﴾

၂၀ : ၁၁၃ ။ ။ စင်စစ် ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် ယင်း (ကျမ်းဂန်) ကို စကားပြေပြစ်ကောင်းမွန်လှ သော အာရဗီဘာသာဖြင့် ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့လေသည်။ ၄င်းပြင် ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်တွင် ခြိမ်းခြောက်မှုများကို အနည်းနည်းအဖုံဖုံ မိန့်ကြားတော်မူခဲ့လေသည်။ သို့မှသာလျှင် ၄င်းတို့

သည် ကြောက်ရွံ့ကြပေမည်။ သို့တည်းမဟုတ် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်သည် ၎င်းတို့၌ သတိတရားကို ဖြစ်ထွန်းစေမည် ဖြစ်ပေသည်။

فَتَعٰلَى اللّٰهُ الْمَلِكُ الْحَقُّ ۚ وَلَا تَعْجَلْ بِالْقُرْاٰنِ مِنْ قَبْلِ اَنْ
يُّقْضٰٓى اِلَيْكَ وَحْيُهٗ ۫ وَقُلْ رَّبِّ زِدْنِيْ عِلْمًا ﴿۱۱۴﴾

၂၀ : ၁၁၄ ။ ။ (စိုးမိုးအုပ်ချုပ်တော်မူသော) ဘုရင်အစစ်အမှန် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မြင့်မြတ်လှတော်မူ၏။ ထို့ပြင် အသင်သည် မိမိထံသို့ ထိုအရှင်မြတ်၏ 'ဝဟီ' အမိန့်တော် ပြီးဆုံးသည်အထိ မကျရောက်မီ 'ကုရ်အာန်' ကျမ်းတော်မြတ် (ကို ရွတ်ဖတ်ရာ) ၌ အလျင်စလို မပြုလေနှင့်။ ၎င်းပြင် အသင်သည် 'အို့၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ်၊ အရှင်မြတ်သည် ကျွန်တော်မျိုး၌ အသိပညာကို တိုးပွားစေတော်မူပါ' ဟု လျှောက်ထား (အသနားခံ) ပါလေ။

အာယသ်တော်များ၏ ဆက်စပ်မှု

စူရာဟ်သွာဟာအတွင်း၌ အဓိက မိန့်မြွက်ခြင်း၏ အချက်များသည် 'သောင်ဟီးဒ်' (တစ်ပါးတည်း တည်ရှိခြင်းတရား) ရစူလ်တမန်တော်များ၏ ရစူလ်ဖြစ်ကြောင်းကို အီမာန်ရယူရန်နှင့် နောင်တမလွန်ရေးဆိုင်ရာ အခြေခံမွေ့သတ်မူဝါဒတို့ပင် ဖြစ်သည်။ နဗီတမန်တော်များ၏ ဖြစ်အင်များကို ထိုကွင်းဆက်သဘောတရားအတွင်း၌မှာပင် မိန့်မြွက်ထားပေသည်။ ဟဇရသ်မူစာ ﷺ ၏ အကြောင်း အလွန်ရှဲရှားဖြင့် တင်ပြထားပေသည်။ တစ်ဆက်တည်းမှာပင် တမန်တော်မြတ် ﷺ ရစူလ်ဖြစ်ကြောင်း၏ အတည်ပြုချက်သည်လည်း ပါဝင်လာပေသည်။ ထိုအတည်ပြုချက်ကဏ္ဍာရပ်ကို တင်ပြလျက်ရှိသော အာယသ်တော်များတွင် 'ထိုမရေးတတ်၊ မဖတ်တတ်သော နဗီတမန်တော်တစ်ပါး၏ နှုတ်လျှာမှ ယင်းဖြစ်အင်များအား ထုတ်ဖော်ပြသခြင်း' သည် ၎င်းကိုယ်တိုင် နဗီ၊ ရစူလ်နှင့် အလ္လာဟ်အရှင်မြတ်၏ 'ဝဟီ' ဗျာဒိတ်တော် ဖြစ်ခြင်း၏ အထောက်အထားတစ်ရပ်ပင် ဖြစ်ပေသည်။ ထိုအရာများအားလုံး၏ မူရင်းအခြေခံ ရေသောက်မြစ်သည် ကုရ်အာန်ကျမ်းတော်မြတ် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြေခံရေးရာ တင်ပြမှုအောက်၌ လှည့်ပြန်ကြရမည့် နောင်တမလွန်၏ အကြောင်းကို အနည်းငယ် အကျယ်ချဲ့ သဘောမျိုးဖြင့် မိန့်မြွက်ထားတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ငါအရှင်မြတ်သည် ဟဇရသ်မူစာ ﷺ ၏ အကြောင်းကို တင်ပြထားသကဲ့သို့ အို့၊ နဗီတမန်တော်) ယင်းကဲ့သို့ပင် ငါအရှင်မြတ်သည် (အသင်၏ နဗီဖြစ်ခြင်း၏ အထောက်အထားများ၌ သာ၍များပြားသွားစေရန်အလို့ငှာ) အသင့်အား လွန်လေပြီးသော ဖြစ်စဉ်၊ ဖြစ်အင်) များ၏ အကြောင်းသတင်းများကို ပြန်ပြောင်းမိန့်ကြားတော်မူသည်။ ၎င်းပြင် ငါအရှင်မြတ်သည် အသင့်အား မိမိ၏ ထံတော်မှ

သတိပေးနှိုးဆော်သည့် ကျမ်းဂန်တစ်စောင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ (ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ဖြစ်သည်။ အကြင်ကျမ်းတော်မြတ်တွင် သတင်းဖြစ်အင်များ ပါဝင်ပေသည်။ ထိုကျမ်းမြတ်သည် မိမိကိုယ်တိုင် အံ့ဖွယ်ကျမ်းမြတ် ဖြစ်ခြင်းကြောင့် အသင် နဗီဖြစ်ခြင်း၏ သီးသန့်အထောက်အထားတစ်ရပ် ဖြစ်ပေသည်။ ထိုသတိပေးနှိုးဆော်သည့် ကျမ်းမြတ်သည် ဤကဲ့သို့သော အရာပင် ဖြစ်သည်။) မည်သူမဆို ယင်း (ကျမ်းတော်) မှ (စာစဉ်အကြောင်းအရာများအား ယုံကြည်ခြင်းမှ) မျက်နှာလွှဲခဲ့ပါမူ ကေန်မလွဲ ထိုသူသည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် (အလွန်လေးလံသော 'အဇာဗ်' အပြစ်ဒဏ်၏) ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရမည့် ဖြစ်ပေသည်။ (ထိုသူတို့သည်) ယင်း (ဝန်ထုပ်ကို ထမ်းဆောင်သယ်ပိုးခြင်း) ၏ (ပြစ်ဒဏ်ခံနေရသည့်) အဖြစ်၌ ထာဝစဉ်ခံစားလျက် ရှိကြပေသည်။ စင်စစ် ထိုဝန်ထုပ်သည် ၄င်းတို့အဖို့ 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် အလွန်ဆိုးဝါးလှသော ဝန်ထုပ်ပင် ဖြစ်ပေလိမ့်မည်။ အကြင်နေ့တွင် (တံပိုး) ခရာကို မှုတ်ပေမည်။ (အကြင်ကဲ့သို့ မှုတ်ခြင်းကြောင့် သေသူများ ပြန်လည်ရှင်ပြန်ထလာပေလိမ့်မည်။) ၄င်းပြင် ငါအသျှင်မြတ်သည် ထိုနေ့တွင် အပြစ်ရှိသူ (ကာဖိရ်) တို့အား ('ကေယာမသ်' ၏ ကွင်းပြင်တွင် အလွန်အရုပ်ဆိုး အကျည်းတန်ကာ အဆိုးဆုံးသော မျက်လုံးအရောင်ဖြင့်) မျက်စိကန်းသူများအဖြစ် စုရုံးစေတော်မူမည်။ (အကြောက်တရားမှာ ဤမျှခန့် ရှိနေပေမည်။ ထိုနေ့တွင်) ၄င်းတို့သည် မိမိတို့အချင်းချင်း (တစ်ဦးကိုတစ်ဦး) အသင်တို့သည် (လူ့လောက သို့မဟုတ် သင်္ချိုင်းတွင်) ဆယ်ရက်မျှသာ နေခဲ့ကြသည်'ဟု တီးတိုးပြောဆိုကြပေမည်။ (အလိုသဘောမှာ ကျွန်ုပ်တို့သည် သေပြီးနောက် ပြန်လည်ရှင်ပြန်ထရမည်မဟုတ်ဟု မှတ်ယူထားပေသည်။ ထိုထင်မြင်ချက်မှာ လုံးဝ မှားယွင်းစွာ ထွက်ပေါ်လာလေသည်။ ပြန်လည်ရှင်ပြန်ထရခြင်းကို မဆိုထားဘိဦး နောက်ကျကာ ရှင်ပြန်ထလာရသည် မဟုတ်ရုံသာမက အလွန်လျင်မြန်စွာ (၁၀ ရက်ခန့်မျှ အတိုင်းအတာဖြင့်သာ) ပြန်လည် ရှင်ပြန်ထလာရပေသည်။ ထိုသို့ (၁၀) ရက်တာ အတိုင်းအတာခန့်သာ ထင်မြင်နေခြင်းမှာ ယင်းနေ့၏ ရှည်လျားမှု၊ ကြောက်ရွံ့မှုနှင့် သောကဝေဖြာမှုတို့ကြောင့် ဖြစ်ပေသည်။ 'ကဗရ်'တွင် နေထိုင်ရခြင်း၏ သက်တမ်းသည် 'ကေယာမသ်'နေ့နှင့် နှိုင်းယှဉ်လျှင် ဤမျှခန့် နည်းပါးသည်ဟူ၍ သိရှိသွားကြပေသည်။ အလ္လာဟ်အသျှင်မြတ် မိန့်တော်မူသည်မှာ) ငါအသျှင်မြတ်သည် ၄င်းတို့ ပြောဆိုကြသည့် (ရက်အတိုင်းအတာအကြောင်းကို အဘယ်မျှခန့် ဖြစ်သည်) ကို ကောင်းမွန်စွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကြင်အခါဝယ် ၄င်းတို့အနက် အကြံဉာဏ်အမြော်အမြင်အားဖြင့် အတော်ဆုံးသောသူက 'အသင်တို့သည် (လူ့လောက သို့မဟုတ် သင်္ချိုင်းတွင်) တစ်ရက်မျှသာ နေခဲ့ကြရသည်'ဟု ပြောဆိုကြပေမည်။ (ထိုသူ့ကို အမြော်အမြင်ရှိသောသူဟူ၍ မိန့်တော်မူရခြင်းအကြောင်းမှာ 'ကေယာမသ်'နေ့၏ ရှည်လျား၊ စိုးထိပ်မှုကို ထောက်ရှု၍ ဤအတိုင်းအတာသည်သာလျှင် အနီးစပ်ဆုံး ဖြစ်ပေသည်။ သို့ရှိရာ ၄င်းအနေဖြင့် ပြင်းထန်မှု၏ အခြေခံဇစ်မြစ်ကို သာပို၍ ခံစားတတ်သောသူ ဖြစ်ပေသည်။ ထို့ကြောင့် ၄င်း၏ တင်ပြမှုသည် ပထမပြောဆိုသောသူထက် သာပို၍ ကောင်းမွန်ပေသည်။ ထိုသူ၏ ပြောကြားချက်သည် လုံးဝ မှန်ကန်သည်ဟူ၍လည်း အလိုသဘောမျိုး မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် အချိန်အတိုင်းအတာ

နှစ်ခုစလုံးသည် မူရင်းသတ်မှတ်ထားသော အချိန်အတိုင်းအတာကို ထောက်ရှု၍ ကြည့်မည်ဆိုသော် မမှန်ကန်ကြောင်းမှာ ထင်ရှားပေသည်။ ပြောဆိုသောသူတို့၏ ရည်ရွယ်ချက်မှာ ဤသို့ မဟုတ်ပေ။) ၎င်းပြင် (အို၊ နဗီတမန်တော်၊ 'ကေယာမသ်'၏ အခြေအနေကို ကြားနာကာ (အချို့သော မက္ကာဟ်မြို့သား ကာဖိရ်)တို့သည် အသင့်အား တောင်များနှင့် စပ်လျဉ်း၍ ('ကေယာမသ်'နေ့၌ မည်သို့ ဖြစ်မည်ကို) မေးမြန်းကြကုန်၏။ အသင်သည် (၎င်းတို့အား ဤသို့) ပြောဆို (ဖြေကြား) ပါလေ။ (အချင်းတို့) ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ယင်းတောင်များကို (အစိတ်စိတ်အပိုင်းပိုင်း ဖြစ်စေ၍) လွင့်ပါးစေတော်မူမည် ဖြစ်ပေသည်။ တစ်ဖန် ထိုအသျှင်မြတ်သည် ယင်း (ပထဝီ) မြေကို ညီညာသော ကွင်းပြင်အဖြစ် ပြုလုပ်တော်မူမည် ဖြစ်ချေသည်။ (အို၊ လူသားအပေါင်းတို့) အသင်သည် ယင်း (ပထဝီမြေ) ၌ မည်သည့်ချိုင့်ဝှမ်းကိုမျှလည်းကောင်း၊ မည်သည့် (တော၊ တောင်ပူစာ အစရှိသော) ကုန်းကိုမျှလည်းကောင်း တွေ့မြင်လိမ့်မည်မဟုတ်ပေ။ ထိုနေ့တွင် (အားလုံးသော) သူတို့သည် (အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ) ဆင့်ခေါ်သူ (တံပိုးမှုတ်မည့်သူ) ၏ နောက်သို့ မည်သူတစ်ဦးတစ်ယောက်မျှ ကွေ့ကောက်ခြင်းမရှိဘဲ (ပမာဆိုရသော် ကမ္ဘာလောက၌ နဗီတမန်တော်များအား ထောက်ခံခြင်းမရှိဘဲ ၎င်းတို့အား သွေဖည်ရှောင်ဖယ်ခဲ့ကြသော်လည်း ယခု 'ကဗရ်'ထဲမှ ရှင်ပြန်ထကာ မထွက်ဘဲနေ၍ မရပေ။ ထို 'စူရ်' တံပိုးမှုတ်သံကြောင့် အားလုံးသောသူတို့ကို 'ကဗရ်'တွင်းများထဲမှ ခေါ်ဆောင်လိုက်မှု အားလုံး ဖြောင့်တန်းစွာ) လိုက်ကြပေမည်။

၎င်းပြင် (ကြောက်ရွံ့ကြသည့်အတွက်ကြောင့်) 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်၏ ရှေ့တော်မှောက်ဝယ် (၎င်းတို့၏) အသံများမှာ ဆိတ်ငြိမ်၍ သွားကြပေမည်။ သို့ဖြစ်ပေရာ (အို၊ လူသားအပေါင်းတို့) အသင်သည် တိုးတိုးပြောဆိုချက် (တစ်နည်း) ခြေသံမှအပ ('ဟရှရ်'ကွင်းပြင်ရှိရာဆီသို့ တိတ်ဆိတ်စွာ လျှောက်လှမ်းလျက် ရှိကြပေလိမ့်မည်။) မည်သည့်အသံကိုမျှ ကြားကြလိမ့်မည်မဟုတ်ပေ။ ထိုသို့ မကြားရခြင်းသည် ထိုအခါ၌ မပြောဆိုကြခြင်းကြောင့် ဖြစ်မည်။ အထက်၌ **لَا تَكَلَّمُ نَفْسٌ** ဟူ၍ လာရှိထားကာ အခြားသောနေရာ၌ တိုးညင်းစွာ ပြောဆိုနေလင့်ကစား လုံးဝ မပြောဆိုသည်လည်း ဖြစ်နိုင်သကဲ့သို့ အနည်းငယ် ဝေးကွာသွားပါက မကြားရနိုင်သော အသံမျိုးဖြင့် အလွန်တိုးတိုးစွာ ပြောဆိုခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။) ထိုနေ့တွင် ကြားဝင်အသနားခံခြင်းသည် အကြင်သူမှအပ (တစ်ဦးသည် အခြားမည်သူတစ်ဦးတစ်ယောက်အဖို့မျှပင်) အကျိုးပေးလိမ့်မည်မဟုတ်ပေ။ နဗီတမန်တော်များနှင့် သူတော်စင်တို့၏ ကြားဝင်အသနားခံပေးမှုသည် အကျိုးပြုပေလိမ့်မည်။) ထို (ကြားဝင်အသနားခံပေး) သူနှင့် ပတ်သက်၍ 'ရဟ်မာန်'အနန္တကရုဏာတော်ရှင်သည် (ကြားဝင်အသနားခံ) ခွင့်ကို ခွင့်ပြုတော်မူခဲ့လေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် ၎င်း (ကြားဝင်အသနားခံခွင့် ပေးခြင်းခံရ) သူ၏ (ပြောဆိုမှု) စကားတစ်စုံတစ်ရာကို နှစ်သက်လက်ခံတော်မူလေသည်။ (အလိုသဘောမှာ မုအ်မင်န်များ ဖြစ်ပေသည်။ အသနားခံခွင့်ကို ခွင့်ပေးခြင်းခံရသောသူတို့သည် မုအ်မင်န်) များအဖို့ ကြားဝင်အသနားခံမှုကို ပြုပေးကြပေလိမ့်မည်။ ထိုကဏ္ဍနှင့် စပ်လျဉ်း၍ ကြားဝင်အသနားခံပေးသောသူ ပြောဆိုသော စကားသည် အလ္လာဟ်အသျှင်မြတ်

နှစ်မြို့တော်မူသော စကားဖြစ်ပေသည်။ ကာဖိရ်များအဖို့ မည်သူတစ်ဦးတစ်ယောက်မျှ ကြားဝင်အသနားခံခွင့်ကို ရရှိမည်မဟုတ်။ သို့ရှိရာ အကျိုးမပြုခြင်းသည် ကြားဝင်အသနားခံခွင့် မရရှိခြင်းကြောင့် ဖြစ်ပေသည်။ ယင်းသို့ အကျိုးမပြုစေခြင်းမှာ 'အသင်တို့သည် ကြားဝင်အသနားခံခွင့် ပေးခံရခြင်းတို့မှလည်း လက်မဲ့ဖြစ်နေရခြင်း' ဟူ၍ စောဒကတက်ခဲ့ကြသော ကာဖိရ်များကို ခြိမ်းခြောက်မှု ပြုထားခြင်း ဖြစ်ပေသည်။)

ထိုအသျှင်မြတ်သည် ၎င်းတို့၏ ရှေ့နောက် အဖြစ်အပျက် (အကြောင်းကိစ္စ) အလုံးစုံတို့ကို (အကြွင်းမဲ့) သိရှိတော်မူ၏။ သို့ရာတွင် လူတို့မှာမူ ထိုအသျှင်မြတ် (သိတော်မူသော ယင်းအကြောင်းကိစ္စများ) ကို (မိမိတို့၏) အသိပညာဖြင့် ဝန်းခြုံ (၍ သိ) နိုင်ကြသည် မဟုတ်ပေ။ (အဖန်ဆင်းခံသည် သိရှိ၍ အလ္လာဟ်အသျှင်မြတ် မသိရှိသည်ဟူသော မည်သည့်ကိစ္စရပ်တစ်စုံတစ်ရာမျှ မရှိပေ။ အလ္လာဟ်အသျှင်မြတ်သည် သိရှိတော်မူ၍ အဖန်ဆင်းခံများ မသိရှိသော အမှုကိစ္စရပ်များသည် များစွာ ရှိပေသည်။ အကြင်အချက်အပေါ် အခြေခံမူတည်၍ ကြားဝင်အသနားခံပေးခြင်း ထိုက်တန်ခြင်း၊ မထိုက်တန်ခြင်းတို့သည် ကြောင်းကျိုးဆက်တရားအဖြစ် ပေါ်ပေါက်နေပေသည်။ သို့ရှိရာ အကြင်မည်သူမဆို ကြားဝင်အသနားခံပေးခြင်းကို ထိုက်တန်သူဖြစ်က ခွင့်ပြုထားပေသည်။ မထိုက်တန်ပါက ခွင့်မပြုထားပေ။) ထို့ပြင် ၎င်းနေ့တွင် လူခပ်သိမ်းတို့၏) မျက်နှာများမှာ ထဝရရှင်နေတော်မူသော အစဉ် တည်ရှိနေတော်မူသော အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် အောက်ကျို့လျက် ရှိကြပေမည်။ (မာနထောင်သောသူတို့၏ မာနနှင့် ငြင်းဆိုသောသူတို့၏ ငြင်းဆိုမှုတို့သည် ပျောက်ဆုံးနေပေလိမ့်မည်။) ၎င်းပြင် (ထိုအထက်တင်ပြပါ အချက်၌မူ အားလုံးသောသူတို့သည် ပူးတွဲကာ ဖက်စပ်ပါဝင်နေပေသည်။ တစ်ဖန် ရှေ့၌ ၎င်းတို့အတွင်းဝယ် ကွဲပြားမှုကို ဤသို့ ဖော်ပြထားပေသည်။)

၎င်းပြင် ဧကန်မလွဲ ရှရစ်က် (ဖက်စပ်ခဝပ်ကိုးကွယ်ခြင်း) ဟူသော မတရားမှုကို (ကျူးလွန်) ထမ်းဆောင်ခဲ့သော သူ (တိုင်း) တို့မှာမူ (ထိုနေ့၌ နည်းအမျိုးမျိုးဖြင့်) လုံးဝ ဆုံးရှုံးမည်သာ (ဖြစ်၏။) သို့ရာတွင် အကြင်သူသည် ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ရုံမျှမက ထိုသူသည် မုအ်မင်န်သက်ဝင် ယုံကြည်သူလည်း ဖြစ်ခဲ့ပါမူ (၎င်းတို့အဖို့ အကျိုးစဝါးဗ်သည် ပြည့်စုံစွာ ရရှိပေလိမ့်မည်။) ထိုသူသည် မတရားမှုကိုလည်းကောင်း၊ လျော့နည်းစေခြင်းကိုလည်းကောင်း စိုးရိမ်ရမည် မဟုတ်ပေ။ (ဥပမာ ၎င်း၏ ပြစ်မှုဒုစရိုက်တစ်ရပ်အား ၎င်း၏ မှတ်တမ်း၌ သာပို၍ ရေးမှတ်စေလိုက်ခြင်း၊ သို့မဟုတ် ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာအား လျှော့၍ ရေးမှတ်စေလိုက်ခြင်းတို့ ဖြစ်သည်။ ဤသည် အကျိုးစဝါးဗ်ပြည့်ဝစွာ ချီးမြှင့်တော်မူမည့် အကြောင်းကို သွယ်ဝိုက်၍ မိန့်ဆိုတော်မူထားခြင်း ဖြစ်ပေသည်။ သို့ရှိရာ ထိုမုအ်မင်န်များနှင့် နှိုင်းယှဉ်၍ ကာဖိရ်များအား အကျိုးစဝါးဗ် မချီးမြှင့်မည့်အကြောင်းကို ရည်ညွှန်းမိန့်ဆိုတော်မူထားခြင်း ဖြစ်ပေသည်။ ကာဖိရ်တို့သည် မတရားသမှုနှင့် ဝတ္တရားပျက်ကွက်မှုတို့ကို မပြုနေလင့်ကစား မုချ စဝါးဗ်မချီးမြှင့်ခြင်း ခံရသည့်အတွက်ကြောင့် ၎င်းတို့၏ ကုသိုလ်များကို မရေးမှတ်ထားခြင်းသည် မတရားသမှုပြုခြင်းမဟုတ်။ သို့သာမက ၎င်းတို့၏ ကုသိုလ်များသည် အီမာန်၏ စည်းကမ်းချက်မရှိခြင်းကြောင့် အကျိုးမရှိသကဲ့သို့ ဖြစ်သွားခြင်း ဖြစ်ပေသည်။) စင်စစ် (ဤစာစဉ်အကြောင်းအရာ

များကို တင်ပြပါ နေရာအသီးသီးတို့၌ ရှင်းလင်းစွာ မိန့်မြွက်ထားသကဲ့သို့) ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် ယင်း (ကျမ်းဂန်) ကို စကားပြေပြစ် ကောင်းမွန်လှစွာသော အာရဗီဘာသာဖြင့် (ရှင်းလင်းလှစွာသော စကားလုံးများဖြင့်) ကုရ်အာန်ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့ပေသည်။)

ငှင်းပြင် ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်တွင် ('ဝဲအီဒ်' နှင့် 'အဇာဗ်' အပြစ်ဒဏ်၏) ခြိမ်းခြောက်မှုများကို အနည်းနည်းအဖုံဖုံ မိန့်ကြားတော်မူခဲ့သည်။ (အကြင်ကဲ့သို့ မိန့်တော်မူထားသည့်အတွက်ကြောင့် အဓိပ္ပာယ်များသည်လည်း ရှင်းလင်းသွားပေသည်။ ကုရ်အာန်တစ်အုပ်အတွင်းရှိ အကြောင်းအရာများကို ငါအသျှင်မြတ်သည် ရှင်းလင်းပြတ်သားစွာ ပြဆိုထားတော်မူပေ၏' ဟူ၍ အလိုသဘော ဖြစ်ပေသည်။ သို့မှသာလျှင် ငှင်း (ကြားနာသူ) တို့သည် (ကုရ်အာန်ကျမ်းတော်မြတ်အား ကြားနာရခြင်း၏ အကြောင်းခံဖြင့် လုံးဝ) ကြောက်ရွံ့ကြပေမည်။ (ချက်ချင်း အီမာန်ရယူကြပေလိမ့်မည်။) သို့တည်းမဟုတ် (အကယ်၍ လုံးဝမကြောက်ရွံ့သည်ဆိုလျှင် ဤအချက်သည်သာ ငှင်းတို့အဖို့ ဖြစ်တန်ကောင်းရာသည်။ ယင်း (ကုရ်အာန်ကျမ်းတော်မြတ်သည် ငှင်းတို့၌ အသိတရားကို ဖြစ်ထွန်းစေမည် ဖြစ်ပေသည်။ (ဆိုလိုသည်မှာ အကယ်၍ ပြည့်ပြည့်ဝဝ အကျိုးတရား မသက်ရောက်သည်ဆိုလျှင်လည်း အနည်းငယ်အကျိုးသက်ရောက်စေပါကလည်း ယင်းအနည်းငယ်သည် အကြိမ်ပေါင်းများစွာ ဖြစ်လာ၍ စုရုံးလိုက်မည်ဆိုလျှင် အတိုင်းအတာ လုံလောက်များပြားသွားမည်ဖြစ်ပေရာ တစ်ချိန်ချိန်၌ မွတ်စ္စလင်မ် ဖြစ်သွားပေမည်။ စိုးမိုးအုပ်ချုပ်တော်မူသော) ဘုရင်အစစ်အမှန်ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် မြင့်မြတ်လှတော်မူ၏။ (အကြောင်းမှာ ထိုအသျှင်မြတ်သည် ဤကဲ့သို့ အကျိုးပြုသော မုကလ္လဖ်ဝင်ပါ၌ရှင်တော်ကျမ်းမြတ်ကို ချပေးသနားတော်မူလေ၏။) ထို့ပြင် (အထက်၌ တင်ပြထားသော ကျင့်ကြံဆောင်ရွက်ခြင်းနှင့် ဆုံးမစကားနာခံခြင်းတည်းဟူသော ကုရ်အာန်ကျမ်းတော်မြတ်အား ဖြန့်ဖြူးခြင်းသည် 'ဝါဂျိဗ်' တာဝန်ဖြစ်၍ ပညတ်ချက်များ၏ တာဝန်ရှိ အဖန်ဆင်းခံများဖြစ်သော မွတ်စ္စလင်မ်များအပေါ် ရှောင်ရန်၊ ဆောင်ရန်တို့ကို ပြုမူဆောင်ရွက်ခြင်းသည် ဖွရ်ဖြစ်သကဲ့သို့ အချို့သော ယဉ်ကျေးမှုနည်းစနစ်များသည် ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်လာခြင်းနှင့် ဆက်စပ်နေပေသည်။ အကြင်အချက်များအား ထမ်းဆောင်ရန်သည် တမန်တော်မြတ် ﷺ နှင့်သာ ပတ်သက်နေပေသည်။ ထိုအချက်များထဲမှ အချက်တစ်ချက်မှာ ဤသို့ပင် ဖြစ်သည်။)

အသင်သည် မိမိထံသို့ ထိုအသျှင်မြတ်၏ 'ဝဟီ' အမိန့်တော်ပြီးဆုံးသည်အထိ မကျရောက်မီ ကုရ်အာန်ကျမ်းတော်မြတ် (ကို ရွတ်ဖတ်ရာ) ၌ အလျင်စလို မပြုလေနှင့်။ (ထိုသို့ ပြုရာ၌ အသင့်အဖို့ ဒုက္ခရောက်ပေသည်။ အကြောင်းမှာ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام ထံမှ ကြားနာနေရခြင်းနှင့်အတူ လိုက်၍ ဖတ်နေရခြင်းကြောင့် ဖြစ်ပေသည်။ သို့ရှိရာ ဤကဲ့သို့ မပြုလုပ်လေနှင့်။ မေ့လျော့သွားမည်ကိုလည်း မစိုးရိမ်လေနှင့်။ အသင် အလွတ်ရသွားစေရန်မှာ ငါအသျှင်မြတ်၏ တာဝန်ဖြစ်ပေသည်။) ငှင်းပြင် အသင်သည် (မိမိအလွတ်ကျက်မှတ်နိုင်စေရန်အတွက် ငါအသျှင်မြတ်၏ ထံတော်ပါးမှ) 'အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုး၌ အသိပညာကို တိုးပွားစေတော်မူပါ။ (ထိုတောင်းခံမှုအတွင်း၌ ရရှိပြီးဖြစ်သော အသိပညာကို အလွတ်ကျက်မှတ်နိုင်ရန် အတွက်သော်လည်း

ကောင်း၊ မရရှိသော အသိပညာကို ရရှိစေရန်အတွက်သော်လည်းကောင်း ရရှိမည်မဟုတ်သော အသိပညာကို မရရှိခြင်းသာလျှင် ကောင်းမွန်၊ အကျိုးပြုသော အချက်ဟူ၍ မှတ်ယူရန်သော်လည်းကောင်းနှင့် အသိပညာရပ် အလုံးစုံတို့၌ ကောင်းမွန်စွာသော သဘောပေါက်နိုင်စွမ်းရှိသော အချက်များအားလုံးတို့သည်လည်းကောင်း စသော အချက်များအားလုံးတို့သည် ယင်းဒိုအာအတွင်း၌ ပါဝင်နေပေသည်။ **لَا تَعْجَلْ** ၏နောက် ထိုအချက်အား တင်ပြထားခြင်းသည် အလွန်မှပင် သင့်တော်လှပေသည်။ အချုပ်ဆိုရသော် အလွတ်ကျက်မှတ်ခြင်းဆိုင်ရာ စီမံကိန်းကို အကောင်အထည်ဖော်ရာ၌ အလျင်စလို ပြုလုပ်ခြင်း၏ အကြံဉာဏ်ကို စွန့်လွှတ်၍ ဒိုအာတောင်းဆိုခြင်း၏ အချက်ကိုသာ ရွေးချယ်ရန် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

قَدْ اٰتَيْنٰكَ مِنْ لَّدُ نَّا ذِ كْرًا

ငါအသျှင်မြတ်သည် အသင့်အား မိမိ၏ ထံတော်မှ ကုရ်အာန်တည်းဟူသော သတိပေးနိုးဆော်သည့် ကျမ်းဂန်တစ်စောင်ကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ *[၂၀ : ၉၉]*

ဟူသော အာယသ်တော်အတွင်း၌ 'ဇိကိရ်' ၏ အလိုသဘောသည် နှောင်းပိုင်းခေတ်ရှိ အဖွင့်ရှင်များအားလုံးထံ၌ ကုရ်အာန်ဟူ၍သာ မိန့်ဆိုထားကြပေသည်။

مَنْ اَعْرَضَ عَنْهُ فَاِنَّهٗ يَحْمِلُ يَوْمَ الْقِيٰمَةِ وِزْرًا

မည်သူမဆို ယင်းမှ မျက်နှာလွှဲခဲ့ပါမူ ဧကန်မလွဲ ထိုသူသည် 'ကေယာမသ်' ရှင်ပြန်ထရမည့် နေ့တွင် ဝန်ထုပ်ကို သယ်ပိုးထမ်းဆောင်ရမည် ဖြစ်ပေသည်။ *[၂၀ : ၁၀၀]*

ကုရ်အာန်အား မျက်နှာလွှဲမှုသည် ပုံစံအမျိုးမျိုး ရှိပေသည်။ ရွတ်ဖတ်ရန် အာရုံစူးစိုက်မှု မရှိသကဲ့သို့ ဖတ်ရွတ်ခြင်းနှင့် သင်ကြားခြင်း၌လည်း မည်သည့်အခါမျှ သောကတစ်စုံတစ်ရာ မထားခြင်းလည်း ဖြစ်သည်။ သို့မဟုတ် ဖတ်တော့ဖတ်သည်။ သို့ရာတွင် မှားယွင်းစွာဖြင့် ဖတ်ကာ အက္ခရာများကို မှန်ကန်ပီသစွာဖြင့် ဖတ်ရန် သောကမထားပေ။ သို့မဟုတ် မှန်ကန်စွာဖြင့် ဖတ်ပေသည်။ သို့ရာတွင် ယဉ်ကျေးကင်းမဲ့စွာနှင့် ဂရုမမူစွာဖြင့် ဖတ်ပေသည်။ သို့မဟုတ် လောကီရေးရာဥစ္စာပစ္စည်းနှင့် သိက္ခာတစ်စုံတစ်ရာတို့၏ တပ်မက်မှုဖြင့် ဖတ်ပေသည်။ ဤကဲ့သို့ပင် ကုရ်အာန်ကျမ်းတော်မြတ်၏ ပညတ်ချက်များကို သဘောပေါက်နားလည်ရန်ဘက်သို့ အာရုံစူးစိုက်မှု မရှိခြင်းသည်လည်း ကုရ်အာန်ကျမ်းတော်မြတ်အား မျက်နှာလွှဲခြင်း ဖြစ်ပေသည်။ သိနားလည်ပြီးနောက် ကျင့်ကြံဆောင်ရွက်ရန်အပေါ် ပျက်ကွက် ပေါ့လျော့ခြင်းနှင့် ဆန့်ကျင်မှုပြုခြင်းတို့သည် မျက်နှာလွှဲဖယ်ခြင်း၏ နောက်ဆုံး အဆင့်ပင် ဖြစ်သည်။ အချုပ်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဝတ္တရားများအား ဂရုမမူခြင်းသည် အလွန်ကြီးမားသော 'အဇားဗ်' အပြစ်ဒဏ် ဖြစ်ပေသည်။ အကြင်

အရာသည် 'ကေယာမသ်'နေ့၌ အလွန်လေးလံသော ဝန်ထုပ်ဝန်ပိုးအဖြစ် ၎င်း၏ လည်ဂုတ်အပေါ် ထားရှိခြင်း ခံရပေမည်။ ပမာဆိုရသော် ဟဒီးစ်တော်၏ ဆင့်ပြန်ချက်များတွင် 'လူသားတို့၏ မကောင်းသော ကျင့်ကြံမှုများနှင့် ပြစ်မှုဒုစရိုက် 'ဂိုနာဟ်'တို့သည် 'ကေယာမသ်'နေ့၌ အလွန်လေးလံသော ဝန်ထုပ်ဝန်ပိုးများအဖြစ် ၎င်း၏အပေါ် တင်ထားပေးခြင်း ခံရပေလိမ့်မည်'ဟူ၍ လာရှိထားပေသည်။

يُنفَخُ فِى الصُّورِ

အကြင်နေ့တွင် တံပိုးခရာကို မှုတ်ပေမည်။ [၂၀ : ၁၀၂]

ဟဇရေသ်အိဗ်နေအုမရ် ؓ သခင်ကြီးက အမိန့်ရှိပေသည်။ အာရဗ်ကျေးတောသားတစ်ဦးသည် တမန်တော်မြတ် ﷺ အား 'စူရ်'တံပိုးသည် အဘယ်အရာနည်း'ဟူ၍ မေးမြန်းရာ တမန်တော်မြတ် ﷺ က 'ဦးချိုတစ်ခုဖြစ်ကြောင်း၊ အကြင်အရာအတွင်းသို့ မှုတ်သွင်ခြင်း ခံရပေလိမ့်မည်'ဟူ၍ ပြန်လည် မိန့်မြွက်တော်မူပေသည်။ အလိုသဘောမှာ ဦးချိုကဲ့သို့ အရာတစ်ခုဖြစ်ပေသည်။ အကြင်အရာအတွင်းသို့ ကောင်းကင်တမန်တော်၏ မှုတ်သွင်းမှုသည် 'သေသူများအားလုံး ပြန်လည်ရှင်ပြန်ထလာကြရမည့် အတိုင်းအတာထိတိုင်' ကမ္ဘာလောကတစ်ခုလုံးအပေါ် အစွမ်းတရား သက်ရောက်ပေလိမ့်မည်။ ထိုတံပိုး၏ အခြေခံဇစ်မြစ်အချက်ကို အလ္လာဟ်အသဆင်မြတ်သည်သာလျှင် အသိရှိဆုံး ဖြစ်တော်မူပေ၏။

وَلَا تَعْجَلْ بِالْقُرْاٰنِ مِنْ قَبْلِ اَنْ يُّقْضٰى اِلَيْكَ وَحْيُهٗ

ထို့ပြင် အသင်သည် မိမိထံသို့ ထိုအသျှင်မြတ်၏ 'ဝဟီ'အမိန့်တော် ပြီးဆုံးသည့်အထိ မကျရောက်မီ ကုရ်အာန်ကျမ်းတော်မြတ်ကို ရွတ်ဖတ်ရာ၌ အလျင်စလို မပြုလေနှင့်။ [၂၀ : ၁၁၄]

မှန်ကန်သော ဟဒီးစ်တော်တစ်ရပ်အတွင်း ဟဇရေသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ကြီးထံမှ ဆင့်ပြန်ချက် လာရှိထားပေသည်။ 'ဝဟီ'ဗျာဒိတ်တော် စတင်ကျရောက်သောအချိန်၌ ဟဇရေသ်ဂျိဗ်ရာအီးလ် عليه السلام သည် အာယသ်တော် တစ်အာယသ်ကို ယူဆောင်လာကာ တမန်တော်မြတ် ﷺ ကို ဖတ်ရွတ်ပြရာ ကိုယ်တော်မြတ် ﷺ သည် မမေ့သွားစေရန် ကောင်းကင်တမန်ကြီးနှင့်အတူ လိုက်ဖတ်ရန် ကြိုးစားတော်မူလေ့ ရှိပေသည်။ ထိုသို့ ပြုရာ၌ တမန်တော်မြတ် ﷺ အပေါ် ခက်ခဲမှု နှစ်ချက်ဖြစ်သွားတတ်ပေသည်။

ပထမအချက်မှာ ဟဇရေသ်ဂျိဗ်ရာအီးလ် عليه السلام ထံမှ နားထောင်ခြင်းနှင့် သဘောပေါက်ရန် စဉ်းစားခြင်းတို့ ဖြစ်သည်။ ယင်းအချက်နှင့်အတူ ထိုအာယသ်တော်အား အလွတ်ကျက်မှတ်ရန်အတွက် မိမိ၏ နှုတ်လျှာမှလည်း လိုက်ဖတ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် ဤအာယသ်တော်အတွင်း၌သော်လည်းကောင်း၊ ထို့ပြင် စူရာဟ်ကေယာမသ်၏ لَا تُحَرِّكْ بِهٖ لِسَانَكَ (အို့, နဗီတမန်တော်၊ အသင်သည် ကုရ်အာန်ကျမ်းတော်မြတ်ကို အလျင်အမြန် ကျက်မှတ်ရန်အလို့ငှာ မိမိ၏လျှာကို မလှုပ်ပါလေနှင့်) ဟူသော အာယသ်တော်တို့၌ တမန်တော်မြတ် ﷺ အဖို့ လွယ်ကူမှုကို ဖန်တီးပေးထားပေသည်။ အသင့်အပေါ်၌

ကျရောက်လာသော အာယသ်တော်များအား အလွတ်ကျက်မှတ်နိုင်ရန်သည် အသင့်တာဝန်မဟုတ်ဘဲ ငါအသျှင်မြတ်၏ တာဝန်ပင် ဖြစ်ပေသည်။ ထို့ကြောင့် အသင်သည် ဟဇရတ်ဂျိဗ်ရာအီးလ် ﷺ နှင့်အတူ ဖတ်ရွတ်ခြင်းနှင့် နှုတ်လျှာအား လှုပ်ရှားမှုပြုရန် မလိုအပ်ပေ။ အသင်သည် ထိုအချိန်၌ ငြိမ်သက်စွာဖြင့် နားသောတဆင်ရန် ဖြစ်ပေသည်။ သို့သာမက رَبِّ زِدْنِي عِلْمًا (အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် ကျွန်တော်မျိုး၌ အသိပညာကို တိုးပွားစေတော်မူပါ) ဟူ၍သာ ဒိုအာတောင်းခံကုန်။ ထိုပြည့်စုံသော ဒိုအာအတွင်း၌ ကျရောက်ပြီးဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များအား အလွတ်ကျက်မှတ်ပေးခြင်း အချက်လည်း ပါဝင်သကဲ့သို့ မကျရောက်သေးသော အာယသ်တော်များအား အလွတ်ကျက်မှတ်ရန် တောင်းခံမှုနှင့် သဘောပေါက်နားလည်ရန် စွမ်းအားကို တောင်းခံခြင်းလည်း ပါဝင်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ عَهِدْنَا إِلَىٰ آدَمَ مِن قَبْلُ فَنَسِيَ وَلَمْ نَجِدْ لَهُ عَزْمًا ﴿١١٥﴾

၂၀ : ၁၁၅ ။ ။ ကေန်မလွဲ ရှေးအတိတ်ကျော်ကာလက ငါအသျှင်မြတ်သည် အာဒမ်၏ထံသို့ အမိန့်တော် ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ သို့ရာတွင် ၎င်း (အာဒမ်) သည် (ယင်းအမိန့်တော်ကို) မေ့လျော့ခဲ့လေသည်။ စင်စစ် ငါအသျှင်မြတ်သည် ယင်း (အာဒမ်) ၌ စိတ်ဓါတ် တည်ကြည် ကြံ့ခိုင် မြဲမြံမှုကို တွေ့တော်မမူခဲ့ချေ။

وَإِذْ قُلْنَا لِلْمَلَائِكَةِ اسْجُدُوا لِآدَمَ فَسَجَدُوا إِلَّا إِبْلِيسَ أَبَىٰ ﴿١١٦﴾

၂၀ : ၁၁၆ ။ ။ (ပြန်လည်အောက်မေ့ သတိရကြလေကုန်။) တစ်ရံရောအခါ ငါအသျှင်မြတ်သည် 'မလာအေကာဟ်' ကောင်းကင်တမန်များအား 'အသင်တို့သည် အာဒမ်၏ ရှေ့ဝယ် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလေကုန်' ဟု မိန့်ကြားတော်မူခဲ့ရာ၊ အီဗ်လီးစ်မှအပ ကောင်းကင်တမန်အပေါင်းတို့သည် ပျပ်ဝပ်ဦးချခဲ့ကြလေသည်။ ယင်း (အီဗ်လီးစ်) မှာမူ (ပျပ်ဝပ်ဦးချခြင်း မပြုဘဲ၊ အမိန့်တော်ကို) သွေဖည်ငြင်းပယ်ခဲ့လေသည်။

فَقُلْنَا يَا آدَمُ إِنَّ هَٰذَا
عَدُوٌّ لَّكَ وَلِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقَىٰ ﴿١١٧﴾

၂၀ : ၁၁၇ ။ ။ ထိုအခါ ငါအသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူခဲ့၏။ 'အို၊ အာဒမ်၊ ဤ (အီဗ်လီးစ်) သည် အသင်နှင့် အသင့်ကြင်ရာ၏ ရန်သူပင် ဖြစ်ချေသည်။ သို့ဖြစ်ပေရာ ယင်း (အီဗ်လီးစ်) သည် အသင်တို့နှစ်ဦးအား 'ဂျန္နသ်' သုခဘုံမှ မနှင်ထုတ်စေနှင့်။ သို့ဖြစ်ခဲ့ပါမူ အသင်သည် (အကြောင်းမလှ၍) ပင်ပမ်းဆင်းရဲ ဒုက္ခတွေ့မည်သာ (ဖြစ်၏။)

إِنَّ لَكَ أَلَّا تَجُوعَ فِيهَا وَلَا تَعْرَىٰ ﴿١١٨﴾

၂၀ : ၁၁၈ ॥ ॥ ဧကန်အမှန် အသင့်၌ ယင်း 'ဂျန္နသ်'သုခဘုံတွင် ဆာလောင်ခြင်းသည်လည်း ရှိလိမ့်မည်မဟုတ်ပေ။ ၎င်းပြင် အသင်သည် အဝတ်ကင်းမဲ့ခြင်း ဖြစ်ရလိမ့်မည်လည်း မဟုတ်ချေ။

وَأَنَّكَ لَا تَظْمَأُ فِيهَا وَلَا تَضْحَىٰ ﴿١١٩﴾

၂၀ : ၁၁၉ ॥ ॥ ထို့ပြင် အသင်သည် ယင်းသုခဘုံ၌ ရေငတ်မွတ်သိပ်မည်လည်း မဟုတ်ပေ။ ထို့ပြင် အသင်သည် နေပူခံရမည်လည်း မဟုတ်ချေ။

فَوَسْوَسَ إِلَيْهِ الشَّيْطَانُ قَالَ يَا آدَمُ هَلْ أَدُلُّكَ عَلَىٰ شَجَرَةِ
الْخُلْدِ وَمُلْكٍ لَّا يَبْلَىٰ ﴿١٢٠﴾

၂၀ : ၁၂၀ ॥ ॥ ထို့နောက် ရှိုက်သွာန်သည် ယင်း (အာဒမ်) ၏ စိတ်တွင်းဝယ် (သွေးဆောင်ဖြားယောင်းခဲ့လေသည်) ၎င်းက (အာဒမ်အား) 'အို, အာဒမ်၊ ကျွန်ုပ်သည် အသင့်အား အစဉ်အမြဲ ရှင်နေသော သစ်ပင်ကိုလည်းကောင်း၊ ဟောင်းမြေ့ဆွေးမြည့်ခြင်းမရှိသော စိုးမိုးအုပ်ချုပ်မှု (အာဏာ) ကိုလည်းကောင်း ညွှန်ပြရမည်လော'ဟု ပြောဆိုခဲ့လေသည်။

فَأَكَلَا مِنْهَا فَبَدَتْ لَهُمَا سَوْآتُهُمَا
وَطَفِقَا يَخْصِفَانِ عَلَيْهِمَا مِن وَرَقِ الْجَنَّةِ ۚ وَعَصَىٰ آدَمُ رَبَّهُ فَغَوَىٰ ﴿١٢١﴾

၂၀ : ၁၂၁ ॥ ॥ သို့ဖြစ်ပေရာ ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦးသည် ထိုသစ်ပင်မှ (အသီးကို) စားသုံးခဲ့ကြလေ၏။ ထိုအခါ ၎င်းတို့ (ဇနီးမောင်နှံ) နှစ်ဦး၏ (ဖုံးအုပ်လျက်ရှိသော) အရှက်များသည် ၎င်းတို့ရှေ့ဝယ် ပေါ်၍ သွားခဲ့လေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မိမိတို့ကိုယ်) ကို 'ဂျန္နသ်'သုခဘုံမှ သစ်ရွက်များဖြင့် ဖုံးအုပ်ခြင်းကို စတင်ပြုလုပ်ခဲ့ကြလေသည်။ စင်စစ် အာဒမ်သည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် (၏ အမိန့်တော်) ကို ဆန့်ကျင်ဖီဆန်မိခဲ့လေရာ လမ်းမှန်မှ လွဲခဲ့ရလေသည်။

ثُمَّ اجْتَبَاهُ رَبُّهُ فَتَابَ عَلَيْهِ وَهَدَىٰ ﴿١٢٢﴾

၂၀ : ၁၂၂ ॥ ॥ ထို့နောက် ယင်း (အာဒမ်) အား၊ ၎င်းကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် ရွေးချယ်တော်မူခဲ့လေရာ ထိုအသျှင်မြတ်သည် ၎င်းဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူ (၍ ၎င်း၏ တောင်းပန်ချက်ကို သဘောတူ လက်ခံတော်မူ) ခဲ့လေသည်။ ထို့ပြင် တရားလမ်းမှန်ကိုလည်း ပြသတော်မူခဲ့လေသည်။

قَالَ اهْبِطَا مِنْهَا جَمِيعًا بَعْضُكُمْ لِبَعْضٍ عَدُوٌّ فَإِمَّا يَأْتِيَنَّكُم مِّنِّي هُدًى
فَمَنِ اتَّبَعَ هُدَايَ فَلَا يَضِلُّ وَلَا يَشْقَىٰ ﴿١٢٣﴾

၂၀ : ၁၂၃ ။ ။ ထိုအသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ အသင်တို့နှစ်ဦးသည် ယင်း 'ဂျန္နသ်'သုခဘုံမှ ဆင်းသွားကြလေကုန်။ အသင်တို့ (၏ သားသမီးများ) အနက်၊ တစ်ဦးသည် တစ်ဦး၏ ရန်သူပင် ဖြစ်ပေမည်။ ထို့နောက် အကယ်၍ အသင်တို့ထံ ငါအသျှင်မြတ်ထံတော်မှ တစ်စုံတစ်ရာ တရားလမ်းညွှန် ရောက်ရှိလာသောအခါ မည်သူမဆို ငါအသျှင်မြတ်၏ တရားလမ်းညွှန်အတိုင်း လိုက်နာခဲ့ပါမူ၊ ထိုသူသည် လမ်းမှားလိမ့်မည်လည်း မဟုတ်ပေ။ အထမမြောက် (အကြောင်းမလှ၍) အကြံမှောက်မည်လည်း မဟုတ်ချေ။

وَمَنْ أَعْرَضَ
عَن ذِكْرِي فَإِنَّ لَهُ مَعِيشَةً ضَنكًا وَنَحْشُرُهُ يَوْمَ الْقِيَامَةِ أَعْمَىٰ ﴿١٢٤﴾

၂၀ : ၁၂၄ ။ ။ သို့ရာတွင် မည်သူမဆို ငါအသျှင်မြတ်၏ တရားတော်မှ မျက်နှာလွှဲခဲ့ပါမူ၊ ဧကန်မလွဲ ထိုသူ၌ ကျပ်တည်းသော အသက်မွေးမှု ရှိပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းအား 'ကေယာမသ်'နေ့တွင် မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူမည် ဖြစ်သည်။

قَالَ رَبِّ لِمَ حَشَرْتَنِي أَعْمَىٰ وَقَدْ كُنتُ بَصِيرًا ﴿١٢٥﴾

၂၀ : ၁၂၅ ။ ။ (ထိုအခါ) ထိုသူသည် 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးသည် မျက်စိမြင်သူ (တစ်ဦး) ဖြစ်ခဲ့ပါလျက်၊ အသျှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးအား မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူပါသနည်း'ဟု လျှောက်ထားပေမည်။

قَالَ كَذَٰلِكَ أَتَتْكَ آيَاتُنَا فَنَسِيتَهَا وَكَذَٰلِكَ الْيَوْمَ تُنسَىٰ ﴿١٢٦﴾

၂၀ : ၁၂၆ ။ ။ (ထိုအခါ) ထိုအသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူပေမည်။ (ဤကိစ္စသည်) ဤအတိုင်းပင် ဖြစ်ပေမည်။ ငါအသျှင်မြတ်၏ သက်သေသာဓကများသည် အသင့်ထံ ရောက်ရှိလာသောအခါ အသင်သည် ထိုသက်သေသာဓကများကို (ယုံကြည်လက်ခံခြင်းမပြုဘဲ) စွန့်ထားခဲ့လေသည်။ ထိုနည်းအတိုင်းပင် ယနေ့ အသင်သည်လည်း စွန့်ထားခြင်းကို ခံရပေမည်။

وَكَذَٰلِكَ نَجْزِي مَنْ أَسْرَفَ وَلَمْ يُؤْمِن بِآيَاتِ رَبِّهِ وَلَعَذَابُ الْآخِرَةِ أَشَدُّ وَأَبْقَىٰ ﴿١٢٧﴾

၂၀ : ၁၂၇ ။ ။ စင်စစ် ငါအသျှင်မြတ်သည် စည်းကမ်းမဲ့ ပြုလုပ်နေထိုင်သူအားလည်းကောင်း၊ မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ သက်သေသာဓကများကို မယုံကြည်သူအားလည်းကောင်း ယင်းကဲ့သို့ပင် (၎င်းအား) အစားပေးတော်မူမည်။ ဧကန်စင်စစ် တမလွန်ဘဝ၏ ပြစ်ဒဏ်သည် ပိုမို၍ပင် ပြင်းထန်လှ၏။ ၎င်းပြင် ပိုမို၍ပင် ကြာရှည်တည်မြဲလှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ (ရှေးလွန်လေပြီးသော) ရှေးအတိတ်ကျော် ကာလက ငါအသျှင်မြတ်သည် အာဒမ်၏ထံသို့ (ရှေ့၌ တင်ပြမည်ဖြစ်သော) အမိန့်တော်ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။ သို့ရာတွင် ၎င်း (အာဒမ်) သည် ယင်း (အမိန့်တော်ကို) မေ့လျော့ (သတိကင်းမဲ့) ခဲ့လေသည်။ စင်စစ် ငါအသျှင်မြတ်သည် (ထိုအမိန့်တော်ကို လေးနက်စွာ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍) ယင်း (အာဒမ်) ၌ စိတ်ဓါတ်တည်ကြည် ကြံ့ခိုင်တည်မြဲမှုကို တွေ့တော်မမူခဲ့ချေ။ (ထိုအကျဉ်းချုပ်အချက်၏ အကျယ်ချဲ့အချက်အား လိုလားမှု ပြန်လည်အောက်မေ့သတိရကြလေကုန်။) တစ်ရံရောအခါ ငါအသျှင်မြတ်သည် ကောင်းကင်တမန်တော်များအား 'အသင်တို့သည် အာဒမ်၏ရှေ့ဝယ် (အရိုအသေပေးခြင်း) ၏ 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချကြလေကုန်' ဟု မိန့်ကြားတော်မူခဲ့ရာ အီဗ်လီးစ်မှအပ ကောင်းကင်တမန်အပေါင်းတို့သည် ပျပ်ဝပ်ဦးချခဲ့ကြလေသည်။ ယင်း (အီဗ်လီးစ်) မှာမူ (ပျပ်ဝပ်ဦးချခြင်းမပြုဘဲ အမိန့်တော်ကို) သွေဖည်ငြင်းပယ်ခဲ့လေသည်။ ထိုအခါ ငါအသျှင်မြတ်သည် (ဟဇရသ်အာဒမ် (AS) အား ဤသို့) မိန့်ကြားတော်မူခဲ့၏။ အို, အာဒမ်၊ (အသင် မှတ်ထားလေကုန်။) ဤ (အီဗ်လီးစ်) သည် အသင်နှင့် အသင့်ကြင်ယာ၏ ရန်သူပင် ဖြစ်ချေသည်။ (ရန်သူဖြစ်ရခြင်းမှာ အသင်တို့နှစ်ဦးနှင့် စပ်လျဉ်း၍ ၎င်းသည် အနှင်ခံဘဝသို့ ရောက်ရှိခဲ့ပေသည်။)

သို့ဖြစ်ပေရာ ယင်း (အီဗ်လီးစ်) သည် အသင်တို့နှစ်ဦးအား 'ဂျန္နသ်'သုခဘုံမှ နှင်မထုတ်စေနှင့်။ (၎င်း၏ စကားရပ်တစ်စုံတစ်ရာကို နားထောင်ကာ 'ဂျန္နသ်'၏ အပြင်သို့ ထွက်ရကောင်း ထွက်ရပေလိမ့်မည်။) သို့ဖြစ်ခဲ့ပါမူ အသင်သည် မိမိ၏ ဇနီးနှင့် တစ်ပါးတည်း အကြောင်းမလှ၍ ဝမ်းစာရှာဖွေရာ၌) ပင်ပန်းဆင်းရဲ ဒုက္ခ (အသင် သာပို မြည်းစမ်းခံရမည်သာ) ဖြစ်၏။ ကေန်အမှန် အသင့်၌ ယင်း 'ဂျန္နသ်' သုခဘုံတွင် ဆာလောင်ခြင်းသည်လည်း ရှိလိမ့်မည်မဟုတ်ပေ။ (ဆာလောင်မှုကြောင့် ဒုက္ခသော်လည်းကောင်း၊ သို့မဟုတ် ထိုစားနပ်ရိက္ခာအား ရှာဖွေရာ၌ ကြန့်ကြာကာ သောကဝေဖြာ၍ နေခြင်း) ၎င်းပြင် အသင်သည် အဝတ်ကင်းမဲ့ခြင်း ဖြစ်ရလိမ့်မည်လည်း မဟုတ်ချေ။ (အဝတ်အစားမရရှိခြင်း၊ သို့မဟုတ် ရရှိရန် တပ်မက်မှု၏ လွန်စွာ နောက်ကျ ကာမှ ဒုက္ခဆင်းရဲစွာဖြင့် ရရှိခြင်း) ထို့ပြင် အသင်သည် ယင်းသုခဘုံ၌ ရေငတ်မွတ်သိပ်မည်လည်း မဟုတ်ပေ။ (ရေမရှိခြင်း သို့မဟုတ် လွန်စွာ နောက်ကျမှ ပင်ပန်းဆင်းရဲစွာဖြင့် ရေရှိခြင်း)၊ ထို့ပြင် အသင်သည် နေပူခံရမည်လည်း မဟုတ်ချေ။ (အဘယ်ကြောင့်ဆိုသော် 'ဂျန္နသ်' နေပူရှိန်မရှိပေ။ 'ဂျန္နသ်'၏ အဆောင်များသည်လည်း ဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းလွတ်နေပေသည်။ အထက်ဖော်ပြပါ အချက်များနှင့် ဆန့်ကျင်စွာ 'ဂျန္နသ်'လောက၏ အပြင်ကမ္ဘာလောကသို့ ရောက်ရှိသွားမည်ဆိုလျှင် ဤအထက်ဖော်ပြပါ ဒုက္ခများအားလုံး ကျရောက်လာပေလိမ့်မည်။ ထို့ကြောင့် ယင်းဒုက္ခရပ်များအား ရှေးရှည်ရှေး‌ရှု၍ ကောင်းမွန်၊ သတိ၊ ဝီရိယရှိစွာဖြင့် နေထိုင်ရန် ဖြစ်သည်။ ထို့နောက် ရှိုက်သွာန်သည် ယင်း (အာဒမ်) ၏ စိတ်တွင်းဝယ် (ဖြားယောင်းသွေးဆောင်ခဲ့လေသည်။) ၎င်းက (အာဒမ်အား) အို, အာဒမ်၊ ကျွန်ုပ်သည် အသင့်အား အစဉ်အမြဲ ရှင်နေသော (ဂုဏ်ထူးဝိသေသရှိသည့်) သစ်ပင်ကိုလည်း

ကောင်း၊ (ထိုအပင်မှ စားသုံးလိုက်ခြင်းဖြင့် အစဉ်အမြဲ ကြည်လင်ရွှင်လန်းနေပေလိမ့်မည်။) ဟောင်းမြေ့၊ ဆွေးမြေ့ခြင်း မရှိသော စိုးမိုးအုပ်ချုပ်မှု (အာဏာ) ကိုသော်လည်းကောင်း ညွှန်ပြရမည်လောဟု ပြောဆိုခဲ့လေသည်။ သို့ဖြစ်ပေရာ (ထိုရှိုက်သွာန်၏ ဖြားယောင်းသွေးဆောင်မှုကြောင့်) ၄င်းတို့ (ဇနီးမောင်နှံ) နှစ်ဦးသည် ထိုသစ်ပင်မှ (အသီး) ကို စားသုံးခဲ့ကြလေ၏။

(ထိုအပင်မှ စားသုံးရန်ကို တားမြစ်ထားပေသည်။ ရှိုက်သွာန်သည် ယင်းအပင်ကို စားသုံးခြင်းဖြင့် စားသုံးသူသည် ထာဝစဉ်၊ ထာဝရ တည်ရှိနေမည်ဖြစ်သော အပင်ဟူ၍ ဖြားယောင်းပြောဆိုလိုက်လေသည်။ ယင်းသို့ စားသုံးလိုက်သည်နှင့်) ထိုအခါ ၄င်းတို့ (ဇနီးမောင်နှံ) နှစ်ဦး၏ (ဖုံးအုပ်လျှက်ရှိသော) အရှက်များသည် ၄င်းတို့ရှေ့ဝယ် ပေါ်၍ သွားခဲ့လေသည်။ ထို့နောက် ၄င်းတို့နှစ်ဦးသည် မိမိတို့ (ကိုယ်) ကို ထို 'ဂျန္နသ်' သုခဘုံမှ (အပင်များ၏) သစ်ရွက်များဖြင့် ဖုံးအုပ်ခြင်းကို စတင်ပြုလုပ်ခဲ့ကြလေသည်။ စင်စစ် အာဒမ်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ (အမိန့်တော်ကို) ဆန့်ကျင်မိခဲ့လေရာ (ဂျန္နသ်၌ ထာဝစဉ်နေထိုင်ရန် အခန်းကဏ္ဍနှင့် စပ်လျဉ်း၍) လမ်းမှန်မှ လွဲခဲ့ရလေသည်။ ထို့နောက် (အကြင်အခါဝယ် ၄င်းသည် မိမိ၏ အပြစ်ကို ဝန်ခံမှုကို ပြုသောအခါ) ယင်း (အာဒမ်) အား ၄င်းကို မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်သည် ရွေးချယ်တော်မူခဲ့လေရာ ထိုအသျှင်မြတ်သည် ၄င်းဘက်သို့ ကရုဏာတော်နှင့် ပြန်လှည့်တော်မူ (၍ ၄င်း၏ တောင်းပန်ချက်ကို သာပို၍ သဘောတူ လက်ခံတော်မူ) ခဲ့လေသည်။ ထို့ပြင် (နောက်နောင်ကို ဤကဲ့သို့ မှားယွင်းမှုမျိုး မပြုမိအောင်) တရားလမ်းမှန်ကိုလည်း ထာဝစဉ် ပြတော်မူခဲ့လေသည်။ (သစ်ပင်မှ အသီးကို စားသုံးလိုက်သောအခါဝယ်) ထိုအသျှင်မြတ်က (ဤသို့) မိန့်ကြားတော်မူခဲ့လေသည်။ အသင်တို့နှစ်ဦးသည် ယင်းဂျန္နသ်သုခဘုံမှ (ကမ္ဘာလောကသို့) ဆင်းသွားကြလေကုန်။ အသင်တို့ (၏ သားသမီးများ) အနက် တစ်ဦးသည် တစ်ဦး၏ ရန်သူပင် ဖြစ်ပေမည်။ ထို့နောက် အကယ်၍ အသင်တို့ထံ ငါအသျှင်မြတ်ထံတော်မှ တစ်စုံတစ်ရာ တရားလမ်းညွှန် (မူ နဗီ သို့မဟုတ် ရစူလ်တမန်တော်တစ်ပါးပါး၏ အကြောင်းခံဖြင့်) ရောက်ရှိလာသောအခါ (အသင်တို့အတွင်းရှိ) မည်သူမဆို ငါအသျှင်မြတ်၏ တရားလမ်းညွှန်အတိုင်း လိုက်နာခဲ့ပါမူ ထိုသူသည် (ဤကမ္ဘာလောက၌ လည်း) လမ်းမှားလိမ့်မည်လည်း မဟုတ်ပေ။ ('အာခိရသ်' နောင်တမလွန်၌လည်း) အထမမြောက် (အကြောင်းမလှ၍) အကြံမှောက်မည်လည်း မဟုတ်ချေ။ သို့ရာတွင် မည်သူမဆို ငါအသျှင်မြတ်၏ တရားတော်မှ မျက်နှာလွှဲခဲ့ပါမူ ဧကန်မလွဲ (ကေယာမသ်နေ့ မရောက်ရှိမီအလျှင် 'ကဗရ်' လောကနှင့် ဤကမ္ဘာလောက၌မှာပင်) ကျပ်တည်းသော အသက်မွေးမှု ရှိပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းအား 'ကေယာမသ်' နေ့တွင် (ကဗရ်အတွင်းမှ) မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူမည် ဖြစ်သည်။ (ထိုအခါ) ထိုသူသည် အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးသည် (ကမ္ဘာလောက၌) မျက်စိမြင်သူ (တစ်ဦး) ဖြစ်ခဲ့ပါလျက် အသျှင်မြတ်သည် အဘယ် (မှားယွင်းမှု) ကြောင့် ကျွန်တော်မျိုးအား မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူသနည်း' ဟု (အံ့သြစွာ) လျှောက်ထား ပေမည်။ (ထိုအခါ) ထိုအသျှင်မြတ်သည် (ဤသို့) မိန့်ကြားတော်မူပေသည်။ (ဤပြစ်ဒဏ်ကိစ္စသည်) ဤသို့

ကမ္ဘာလောကဌ် (အသင်၏ ကျင့်ကြံပြုမူဆောင်ရွက်ချက်နှင့်အညီ) အတိုင်းပင် ဖြစ်သည်။ (နဗီရစူလ် တမန်တော်များ၏ အမှီသဟဲဖြင့်) ငါအသျှင်မြတ်၏ သက်သေသာဓကများသည် အသင့်ထံ ရောက်ရှိလာသောအခါ အသင်သည် ထိုသက်သေသာဓကများကို (ယုံကြည်လက်ခံခြင်း မပြုဘဲ) စွန့်ထားခဲ့လေသည်။ ထိုနည်းအတိုင်းပင် ယနေ့ အသင်သည်လည်း စွန့်ထားခြင်းကို ခံရပေမည်။ စင်စစ် (ကျင့်ကြံမှုအရ လိုက်ဖက်ညီစွာ အပြစ်ဒဏ်ခတ်သလို) ငါအသျှင်မြတ်သည် (အတိုင်းထက်လွန်ကာ) စည်းကမ်းမဲ့ ပြုလုပ်နေထိုင်သူ (တိုင်း) အားလည်းကောင်း၊ မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ သက်သေသာဓကများကို မယုံကြည်သူ (တိုင်း) အားလည်းကောင်း၊ ယင်းကဲ့သို့ပင် (၄င်းအား) အစားပေးတော်မူမည်။ ကေန်စင်စစ် တမလွန်ဘဝ၏ ပြစ်ဒဏ်သည် ပိုမို၍ပင် ဖြစ်တန်လှ၏။ ၄င်းပြင် ပိုမို၍ပင် ကြာရှည်တည်မြဲလှပေသည်။ (အဆုံးစွန်ဆုံးသော ပြစ်ဒဏ်ဖြစ်သည့်အတွက်ကြောင့် ၄င်းအား အလေးအနက်ထား ရှောင်ကြဉ်ရန် ဝါဂိုဗ် ဖြစ်ပေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အာယသ်တော်များကြား ဆက်စပ်မှု

ဤနေရာမှစ၍ ဟဇရသ်အာဒမ် ﷺ ၏ ဖြစ်အင်ကို အစပြုထားပေသည်။ ဤဖြစ်အင်ကို ဤ စူရာဟ်၏ အလျှင် စူရာဟ်ဗကရာနှင့် စူရာဟ်အအ်ရားဖ်အတွင်း၌သော်လည်းကောင်း၊ တစ်ဖန် စူရာဟ် ဟဂ်ျရေနှင့် စူရာဟ်ကဟဖ်၌ အချို့သော အချက်များကိုလည်းကောင်း တင်ပြပြီးဖြစ်လေသည်။ နောက်ဆုံးပိုင်းတွင် စူရာဟ်စွားဒ်၌လည်း တင်ပြပေလိမ့်မည်။ နေရာတိုင်း၌ ၄င်းနှင့် သင့်တော်သော ဖြစ်အင်ကို သက်ဆိုင်ရာ လမ်းညွှန်ချက်များ အပါအဝင် တင်ပြထားပေသည်။

ဤနေရာတွင် ထိုဖြစ်အင်နှင့် လွန်လေပြီးသော အာယသ်တော်များနှင့် ဆက်စပ်မှုကို အဖွင့်ရှင်များသည် ရှုထောင့်ပုံစံအမျိုးမျိုးဖြင့် တင်ပြထားပေသည်။ ထိုအချက်များထဲမှသာ ပိုရှင်းလင်း၍ စောဒက ကင်းမဲ့သော ရှုထောင့်မှာ ဤသို့တည်း။ လွန်လေပြီးသော အာယသ်တော်အတွင်း၌

كَذَا لِكَ نَقُصُّ عَلَيْكَ مِنْ اَنْبَاءِ الرُّسُلِ مَاقَدْ سبق

ဟူသော အာယသ်တော်တွင် တမန်တော်မြတ် ﷺ အား ဤသို့ မိန့်တော်မူထားပေသည်။ 'အသင့်အား နဗီနှင့် ရစူလ်အဖြစ် အထောက်အထားပေး အတည်ပြုရန်နှင့် အသင်၏ အုမ္မသ် (နောက်လိုက်ထု) တို့အား သတိပေးရန်အတွက် ငါအသျှင်မြတ်သည် အတိတ်ခေတ်ရှိ နဗီတမန်တော်များ၏ အခြေအနေများနှင့် ဖြစ်အင် တို့အား တင်ပြပေးထားပေသည်။ အကြင်ဖြစ်အင်များအတွင်း၌ ဟဇရသ်မူစာ ﷺ ၏ အကျယ်ချဲ့ဖြစ်အင် ကို ဤအာယသ်တော်၏ ရှေးအလျှင် အာယသ်တော်များအတွင်း၌ တင်ပြထားပြီးဖြစ်ပေသည်။ ထိုဖြစ်အင် များအတွင်း၌ ကနဦးဆုံး ဖြစ်ခဲ့သော ဖြစ်အင်နှင့် အချို့သော ရှုထောင့်အခြေအနေများအရ အရေးကြီးဆုံး

သော ဖြစ်အင်မှာ ဟဇရတ်အာဒမ် عليه السلام ၏ ဖြစ်အင် ဖြစ်ပေသည်။ ဤအာယသ်တော်မှစ၍ စတင် အစပြုထားပေသည်။ အကြင်ဖြစ်အင်အတွင်း၌ 'တမန်တော်မြတ် ﷺ ၏ အွမ္မသ် (နောက်လိုက်ထု) အား ရှိုက်သွာန်သည် အာဒမ် عليه السلام ၏ သားသမီးများအားလုံးတို့ဖြင့် ရှေးဟောင်းရန်သူဖြစ်ကြောင်း၊ ၎င်းသည် ဦးစွာပထမအသင်တို့၏ မိဘနှစ်ပါးအား မိမိ၏ ရန်ငြိုး၊ ရန်စွယ်ကို ထုတ်ထားကြောင်း၊ အမျိုးမျိုးသော ပရိယာယ် ဉာဏ်နီ၊ ဉာဏ်နက်များဖြင့်သော်လည်းကောင်း၊ ထို့နောက် ကိုယ်ချင်းစာတရားထားသော အသွင် ညှိနှိုင်းမှုပေးခြင်း၏ ပိုက်ကွန်အတွင်း ငြိစေကာ ၎င်းတို့အား ချွတ်ချော်မှုတစ်ခုအတွင်းသို့ နစ်မွန်းစေခဲ့ကြောင်း၊ အကြင်ကဲ့သို့ နစ်မွန်းသွားခြင်း၏ အကြောင်းဆက်တရား၌ 'ဂျန္နသ်'မှ ဆင်းသက်ရန် အမိန့်ထုတ်ပြန်တော်မူလိုက်ရခြင်းအကြောင်း 'ဂျန္နသ်'မှ အဝတ်အစားများ ၎င်းတို့ထံမှ ရုပ်သိမ်းခြင်းခံလိုက်ရသည့်အကြောင်း၊ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ကရုဏာတော်ဘက်သို့ အာရုံပြုကာ ချွတ်ချွင်းမှု၏ ပလပ်ခွင့်ကို တောင်းခံရာ ပလပ်ခွင့်ရရှိကာ ရစူလ်တည်း၊ နဗီတည်းဟူသော မြင့်မားသော အဆင့်အတန်းကို ချီးမြှင့်တော်မူလိုက်ကြောင်း၊ ထို့ကြောင့် အာဒမ် عليه السلام ၏ သားသမီးများအားလုံးသည် ရှိုက်သွာန်၏ ဖြားယောင်းသွေးဆောင်မှုမှ မည်သည့်အခါမှ သောကကင်းမဲ့စွာဖြင့် မနေရန်အကြောင်း၊ ဒီးန်သာသနာရေးရာ အမှုကိစ္စများ၌ ရှိုက်သွာန်၏ သို့လော၊ သို့လော ဒွိဟသံသယစိတ် ထည့်သွင်းပေးမှုနှင့် ဉာဏ်နီ၊ ဉာဏ်နက်တို့မှ ရှောင်ရှားရန် လွန်စွာ ဂရုမူရမည့်အကြောင်း' တို့အား သတိပေးထားတော်မူပေသည်။

وَلَقَدْ عَهِدْنَا إِلَىٰ آدَمَ مِن قَبْلُ فَنَسِيَ وَلَمْ نَجِدْ لَهُ عَزْمًا

(ကေန်မလွဲ ရှေးအတိတ်ကျော်ကာလက ငါအသျှင်မြတ်သည် အာဒမ်ထံသို့ အမိန့်တော်ထုတ်ပြန်ချမှတ်တော်မူခဲ့လေသည်။) သို့ရာတွင် ၎င်းအာဒမ်သည် ယင်းအမိန့်တော်ကို မေ့လျော့ခဲ့လေသည်။ စင်စစ်ငါအသျှင်မြတ်သည် ယင်းအာဒမ်၏ စိတ်ဓါတ်တည်ကြည် ကြံ့ခိုင်၊ ခိုင်မြဲမှုကို တွေ့တော်မမူခဲ့ချေ။

[၂၀ : ၁၁၅]

ထိုအာယသ်တော်အတွင်းရှိ عَهِدْنَا ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် أَمَرْنَا (ငါအသျှင်မြတ်အမိန့်ပေးတော်မူခဲ့သည်။) သို့မဟုတ် وَصَّيْنَا (ငါအသျှင်မြတ် မှာတမ်းသမှု ပြုထားတော်မူခဲ့သည်) ဟူ၍ အဓိပ္ပာယ်ရ၏။

[ဗဟ်ရေမုဟီးသ်]

အလိုသဘောမှာ ငါအသျှင်မြတ်သည် ထိုဖြစ်အင်နှင့် စပ်လျဉ်း၍ အသင့်အား ရှေးအတိတ်ခေတ်ကာလက ဟဇရတ်အာဒမ် عليه السلام အား မှာတမ်းမှုတစ်ရပ် (လေးနက်သော အမိန့်တော်တစ်ရပ်) ကို ပေးခဲ့သည်။ (အကြင်အချက်၏အကြောင်း စူရာဟ်ဗကရာအစရှိသော ကဏ္ဍရပ်များ၌ ပါရှိထားပြီးဖြစ်ပေသည်) ရှေ့၌လည်း တင်ပြလျက်ရှိသည်မှာ သစ်ပင်တစ်ပင်ကို သတ်မှတ်ပေး၍ ထိုအပင်၏ အသီး၊ အရွက် သို့မဟုတ် မည်သည့်အစိတ်အပိုင်းတစ်ရပ်ရပ်တို့မျှ မစားသောက်ရန်လည်းကောင်း၊ ထို့ပြင် ယင်းအပင်၏ အနီးအနားသို့ပင် မချဉ်းကပ်ရန်လည်းကောင်း ပြဿ တားမြစ်ထားတော်မူပေသည်။ ကျန်ရှိသော 'ဂျန္နသ်'၏ ဥယျာဉ်

များနှင့် စည်းစိမ်တော်များမှာ အသင်တို့အဖို့ ဖွင့်ပေးထားကာ အသုံးပြုခွင့်လည်း ပေးသနားထားတော်မူပေသည်။ ထို့ပြင် ရှေ့၌လည်း တင်ပြလျက်ရှိသကဲ့သို့ 'အီဗ်လီးစ်သည် အသင်တို့၏ ရန်သူဖြစ်ကြောင်း၊ မည်သည့်နေရာမျိုး၌ဖြစ်စေ၊ ၎င်း၏ ဖြားယောင်းမှုအတွင်းသို့ မရောက်ရှိရန်အကြောင်း၊ အကယ်၍ ရောက်ရှိသွားမည်ဆိုလျှင် အသင်တို့အဖို့ ဘေးဒုက္ခဆိုက်ရောက်မည်ဖြစ်ကြောင်း' ကိုလည်း ပြဆိုထားပေသည်။ သို့ရာတွင် ဟဇရသ်အာဒမ် عليه السلام သည် မေ့လျော့ခဲ့လေသည်။ ထို့ပြင် ယင်းပညတ်ချက်နှင့် စပ်လျဉ်း၍ ငါအသျှင်မြတ်သည် ၎င်းထံ၌ စိတ်ဓါတ်ကြံ့ခိုင်မှုကို မတွေ့မြင်ခဲ့ရပေသည်။ ဤနေရာ၌ စကားလုံးနှစ်လုံးကို အသုံးပြုထားပေသည်။ ပထမစာလုံးမှာ نِسْيَانْ (နစ်ယားန်) ဖြစ်ပြီး ဒုတိယစာလုံးမှာ عَزْم (အဇ်ဇ်မ်) တို့ ဖြစ်ပေသည်။ 'နစ်ယားန်'၏ ထင်ရှားသော အဓိပ္ပာယ်မှာ မေ့လျော့သွားခြင်း ဖြစ်ပေသည်။ အဇ်မ်၏ လုံးချင်း ကောက်အဓိပ္ပာယ်မှာ အမှုကိစ္စတစ်စုံတစ်ရာအတွက် မိမိ၏ သဘောဆန္ဒကို ခိုင်မာစွာ ချမှတ်ထားခြင်းဟူ၍ ရရှိ၏။ ထိုစကားလုံးနှစ်လုံးစလုံး၏ အလိုသဘောသည် ဤနေရာ၌ မည်သို့နည်း၊ ထိုအလိုသဘောကို မစဉ်းစားမီအလျင် ဟဇရသ်အာဒမ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ ခန္တီတရားနှင့် ပြည့်စုံသော ထင်ရှားသည့် နဗီတမန်တော်များအတွင်းထဲမှ ဖြစ်ကြောင်းနှင့် နဗီတမန်တော်များအားလုံးတို့သည် ပြစ်မှုများအားလုံးတို့မှ ကင်းစင်သောသူများ ဖြစ်ကြောင်း' ကို သိရှိနေစေရန် အရေးကြီးပေသည်။

ပထမစကားလုံး၌ ဟဇရသ်အာဒမ် عليه السلام အပေါ် မေ့လျော့မှုဖြစ်သွားခြင်းအကြောင်း ပါရှိထားပေသည်။ သို့ဆိုလျှင် မေ့လျော့ခြင်းသည် ပင်ကိုယ်ရွေးချယ်ခွင့်မရှိသော အရာ ဖြစ်ပေသည်။ ထို့ကြောင့် ယင်းအချက်ကို ပြစ်မှုဒုစရိုက်ဟူ၍ ရေတွက်၍ပင် မရရှိပေ။ ပမာဆိုရသော် စစ်မှန်သော ဟဒီးစ်တော်အတွင်း၌

رفع عن امتى الخطا والنسيان

ဟူ၍ လာရှိထားပေသည်။ ထို့ပြင် ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးများသော အမိန့်ဖြစ်သည့်

لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا وُسْعَهَا

အလ္လာဟ်အသျှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏ စွမ်းအားထက် ပို၍ တာဝန်ပေးတော်မမူချေ။ *[၂ : ၂၈၆]*

ဟူသော အာယသ်တော်သည်လည်း ပလပ်ခွင့်ပေးခြင်း၏ အလိုသဘောကို ဖော်ဆောင်နေပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ဤကမ္ဘာလောက၌ လုံး၀ သတိရှိစွာဖြင့် အသုံးပြုရန် ဖြစ်သော အကြောင်းခံများကို ထားရှိခြင်းအကြောင်းနှင့် ထိုသို့ အသုံးပြုမှုသာ လူသားသည် မေ့လျော့မှားယွင်းခြင်းတို့မှ လွတ်ကင်းနိုင်မည် ဖြစ်ကြောင်းကို အားလုံးသောသူတို့သည် သိရှိကြပေသည်။ နဗီတမန်တော်များသည် အလ္လာဟ်အသျှင်မြတ်နှင့် သီးသန့် နီးကပ်စွာဖြင့် တည်ရှိနေသော ပုဂ္ဂိုလ်များဖြစ်သည့်အတွက်ကြောင့် 'မေ့လျော့ မှားယွင်းခြင်းမှ လွတ်ကင်းနိုင်သည့် အကြောင်းခံများကို ရွေးချယ်ခွင့်ရှိသော်လည်း အဘယ်ကြောင့် ရွေးချယ်ပိုင်ခွင့်ကို အသုံးမချခဲ့ကြပေသနည်း' ဟူသော အချက်ကလေးကိုပင် ထောက်ရှု၍

ပြစ်ဒဏ်ချမှတ်နိုင်ပေသည်။ များစွာသော အချိန်အခါမျိုး၌ အခြားသော မင်းစေများအဖို့ ဆုလာဘ်ရရှိရန် ထိုက်တန်သော အမှုကိစ္စသည် ဘုရင့်ဝန်ကြီးအဖို့ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော အမှုကိစ္စတို့လည်း ရှိပေသည်။ ထိုအချက်ကိုပင် ဟဇရသ်ဂျုနိုက်ဒ်ဗဂ်ဒါဒီးသခင်ကြီးသည်

حَسَنَاتُ الاَ بْرَارِ سَيِّئَاتُ المُقَرَّبِيْنَ

'မှန်ရည်သောသူတော်စင်တို့၏ များစွာသော မှန်မြတ်သည့် လုပ်ရပ်များသည် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်စွာ တည်ရှိသော ပုဂ္ဂိုလ်များအဖို့ အပြစ်၊ ချွတ်ချော်တိမ်းပါးမှုဟူ၍ သတ်မှတ်ခြင်းခံထားရပေသည်' ဟူ၍ မိန့်တော်မူထားပေသည်။

ဟဇရသ်အာဒမ် عليه السلام ၏ ဤဖြစ်အင်သည် နဗီ၊ ရစူလ်မဖြစ်မီအချိန်က ဖြစ်ပေသည်။ အကြင်အချိန်အခါမျိုးတွင် ပြစ်မှုတစ်ရပ် ပြုကျင့်မိလိုက်ခြင်းသည် အချို့သော အဲဟ်လေ့စွန္နသ်ဝလ်ဂျမာအသ်၏ အာလင်မ်များထံ၌ နဗီများတွင် အပြစ်ကင်းစင်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော အချက်မဟုတ်ပေ။ အခြားအချက်တစ်ရပ်မှာ စင်စစ် ဤသည် ပြစ်မှုဒုစရိုက်မဟုတ်ဘဲ မေ့လျော့မှုသာ ဖြစ်ပေသည်။ သို့ရာတွင် ဟဇရသ်အာဒမ် عليه السلام ၏ မြင့်မားသော အဆင့်အတန်းနှင့် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်၊ နီးစပ်မှုကို ထောက်ရှု၍လည်း ၎င်းနှင့် စပ်လျဉ်း၍ ချွတ်ချော်တိမ်းပါးမှုတစ်ရပ်ဟူ၍ သတ်မှတ်ပေးလိုက်ခြင်း ဖြစ်သည်။ အကြင်အချက်ကို ပြုလုပ်လိုက်သည့်အပေါ် အလ္လာဟ်အသျှင်မြတ်ထံတော်ပါးမှ ပြစ်ဒဏ်ကျရောက်လာ၍ ၎င်းအား သတိပေးနှိုးဆော်မှုကို ပြုရန်အတွက် ထိုတိမ်းပါးချွတ်ချော်မှုကို 'အစ္စယာနန်' ဟူသော စကားလုံးဖြင့် သရုပ်ဖော်ပေးထားခြင်း ဖြစ်ပေသည်။ (ပမာဆိုရသော် အရှေ့တွင် ဆက်လက်၍ တင်ပြပေလိမ့်မည်) ဒုတိယစာလုံးမှာ 'အဇ်မ်' ဖြစ်သည်။ ဟဇရသ်အာဒမ် عليه السلام တွင် 'အဇ်မ်' မပါရှိဟူ၍ ဖော်ပြပါအာယသ်တော်၌ တင်ပြမိန့်တော်မူထားပါသည်။ အထက်ပါတင်ပြချက်မှ သိရှိရသည်မှာ 'အဇ်မ်' စာလုံး၏ အဓိပ္ပာယ်သည် အလုပ်တစ်ခုပြုလုပ်ရန် ရည်ရွယ်လိုက်ခြင်းအပေါ် ခိုင်မြဲစွာ ရပ်တည်နေခြင်းကို ခေါ်ဆိုပါသည်။ ဟဇရသ်အာဒမ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အတိုင်း လိုက်နာဆောင်ရွက်ရန် အပြည့်အဝဆုံးဖြတ်ချက်ချကာ ရည်ရွယ်ထားပြီးဖြစ်သည်။ သို့သော် မိစ္ဆာ၏ သွေးထိုးမှုကြောင့် ထိုရည်ရွယ်ချက်တွင် ခြားနားမှုဖြစ်ရှိသွားပြီး မေ့လျော့ခြင်းသည် အဆိုပါရည်ရွယ်ချက်အပေါ် ရပ်တည်နေခွင့် မပေးတော့ချေ။ (အလ္လာဟ်အသျှင်မြတ်သာလျှင် အသိဆုံး ဖြစ်တော်မူ၏။)

وإذ قلنا للملئكة

(တစ်ရံရောအခါ ငါအသျှင်မြတ်သည် ကောင်းကင်တမန်များအား) ဟူသော အာယသ်တော်တွင် ဤသည် အလ္လာဟ်အသျှင်မြတ်က ဟဇရသ်အာဒမ် عليه السلام ၏ထံမှ ရယူထားသော ပဋိညာဉ်၏ အချုပ်သဘောတရားအကြောင်း ဖြစ်ပေသည်။ ထိုပဋိညာဉ်တွင် ဟဇရသ်အာဒမ် عليه السلام အား ဖန်ဆင်းပြီးနောက် အားလုံးသော ကောင်းကင်တမန်တော်များနှင့် တစ်ဆက်တည်းမှာပင် (ယင်းကောင်းကင်တမန်တော်ဖြင့် 'ဂျန္နသ်' ၌ အတူတကွ နေထိုင်သော) အီဗ်လီးစ်ကိုလည်း အာဒမ် عليه السلام အား 'စဂျ်ဒဟ်' ပြုရန် အမိန့်ပေးလိုက်

လေသည်။ ကောင်းကင်တမန်တော်များအားလုံးသည် 'စဂျ်ဒဟ်'ပြုကြ၍ အီဗ်လီးစ်သည် ငြင်းဆိုလိုက်လေသည်။ အကြင်ကဲ့သို့ ငြင်းဆိုသည့်အကြောင်းကို ဒုတိယအခြားသော အာယသ်တော်တွင် 'ကျွန်ုပ်တို့သည် မီးဖြင့် ဖန်ဆင်းခြင်းခံထားရ၍ ၎င်းမှာ မြေကြီးဖြင့် ဖန်ဆင်းခြင်းခံထားရပေသည်။ မီးသည် မြေကြီးထက် သာပို၍ မှန်မြတ်ရာ ကျွန်ုပ်သည် အဘယ်ကဲ့သို့ 'စဂျ်ဒဟ်'ပြုနိုင်အံ့နည်း'ဟူ၍ မာနထောင်လွှားခဲ့သည်။ ထိုသို့ မာနထောင်လွှားသည့်အပေါ် အီဗ်လီးစ်သည် ကရုဏာတော်မှ ကင်းဝေးခြင်းခံရကာ 'ဂျန္နသ်'မှ မောင်းထုတ်ခြင်းကို ခံခဲ့ရပေသည်။ ဟဇရသ်အာဒမ် ﷺ နှင့် ဟောင်ဝါသခင်မတို့အဖို့ 'ဂျန္နသ်'၏ ဥယျာဉ်များအားလုံးနှင့် စည်းစိမ်တော်များအားလုံး၏ တံခါးသည် ဖွင့်ပေးခြင်း ခံထားကြရကာ အရာတိုင်းအား အသုံးပြုရန် ခွင့်ကိုလည်း ပေးခဲ့လေသည်။ သီးသန့်သတ်မှတ်ခံရသော အပင်တစ်ပင်နှင့် စပ်လျဉ်း၍သာ 'ထိုအပင်ကို (ထိုအပင်၏ အသီးအပွင့် စသော အရာများကို) မစားသုံးရန်နှင့် အနီးသို့ပင် မချဉ်းကပ်ရန်' လမ်းညွှန်ထားပေသည်။ ဤအကြောင်းအရာသည် စူရာဟ်ဗကရာနှင့် စူရာဟ်အအ်ရားဖ်၏ အာယသ်တော်များအတွင်း၌လည်း လာရှိပြီးဖြစ်ပေသည်။ ဤနေရာတွင် ထိုအချက်များကို တင်ပြရမည့်အစား အလ္လာဟ်အသျှင်မြတ်သည် 'ထိုပဋိညာဉ်ကို ဆက်လက် ထိန်းသိမ်းရန်နှင့် ယင်းအချက်အပေါ် တည်တံ့စွာ နေထိုင်ရန်' ဟူသော မိမိ၏ မိန့်မြွက်ချက်ကို မိန့်ဆိုထားပေသည်။ 'ကြည့်ရှုကြလော့။ ပမာဆိုရသော် အီဗ်လီးစ်သည် 'စဂျ်ဒဟ်'ဦးချခြင်း ၏ ဖြစ်အင်၌ ရှိုက်သွာန်ဖြစ်သွားကြောင်းမှာ ထင်ရှားပေသည်။ အသင်အာဒမ်နှင့် ဟောင်ဝါတို့အဖို့လည်း ရန်သူဖြစ်ပေသည်။ ၎င်းသည် ဉာဏ်နီ၊ ဉာဏ်နက် တစ်စုံတစ်ရာဖြင့် ဖြားယောင်းသွေးဆောင်မှုကို ပြုကာ အသင်တို့အား ပဋိညာဉ်ကို ချိုးဖောက်စေခြင်းဖြင့်လည်းကောင်း၊ ယင်းသို့ ချိုးဖောက်လိုက်ခြင်း၏ အကြောင်းဆက်တရားမှာ အသင်တို့အား 'ဂျန္နသ်'မှ မောင်းထုတ်စေခြင်း၊ ၎င်းတို့သည် မဖြစ်ပေါ်လာနိုင်သည်ဟူ၍ မပြောဆိုနိုင်ပေ။

فَلَا يُخْرِجَنَّكُمَا مِنَ الْجَنَّةِ فَتَشْقَىٰ

သို့ဖြစ်ပေရာ ယင်းအီဗ်လီးစ်သည် အသင်တို့နှစ်ဦးအား 'ဂျန္နသ်'သုခဘုံမှ မနှင်ထုတ်စေလေနှင့်။

[၂၀ : ၁၁၇]

အကြင်ကဲ့သို့ မောင်းထုတ်ခံရခြင်းကြောင့် အသင်တို့သည် ခက်ခဲပင်ပန်းကြီးစွာဖြင့် ရင်ဆိုင်ရပေမည်။ (သရ်ကာ) ဟူသော စကားလုံးသည် 'ရှကာဝသ်'ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပေသည်။ ဤစကားလုံးသည် အဓိပ္ပာယ်နှစ်မျိုးအဖို့ အသုံးပြုပေသည်။ တစ်မျိုးမှာ 'အာခိရေသ်' ၏ ပင်ပန်းမှုဒုက္ခနှင့် ဒုတိယအမျိုးအစားမှာ လောကီ၏ (ကိုယ်ဆင်းရဲ) ပင်ပန်းမှုဒုက္ခတို့ ဖြစ်ပေသည်။ ဤနေရာ၌ ယင်းဒုတိယအဓိပ္ပာယ်အမျိုးအစားသာ ဖြစ်နိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ပထမအဓိပ္ပာယ်နှင့် စပ်လျဉ်း၍ နဗီတမန်တော်တစ်ပါးပါးကိုပင် မဆိုထားဘိဦး၊ မုအ်မင်န်တစ်ဦးအဖို့လည်း ဤစကားကို အသုံးမပြုနိုင်ပေ။ ထို့ကြောင့် ဇရ်ရားအ်သခင်ကြီးသည် ထို 'ရှကာသ်'၏ အကျယ်ချဲ့ကို

هُوَ ان يا كل من كد يد يه

(မိမိ၏ လက်ရုံးရည်စွမ်းအားကာယဖြင့် ဝမ်းစာကို ရှာဖွေရန်) ဟူ၍ ဖွင့်ဆိုထားပေသည်။

[ကုရ်သုဗီးကျမ်း]

ဤနေရာ၌ ဝါကျစကားစု အထားအသိုအရလည်း ဤဒုတိယအဓိပ္ပာယ် ဖွင့်ဆိုချက်ကိုသာလျှင် သက်သေသာဓကပြကာ မီးမောင်းထိုးပြလျက် ရှိနေပေသည်။ အဘယ်ကြောင့်ဆိုသော် ဤအာယသ်တော်၏ နောက်၌ လာရှိသော အာယသ်တော်တွင် 'ဂျန္နသ်'၏ 'နေ့အ်မသ်'စည်းစိမ်တော်များထဲမှ 'လူသား၏ သက်တမ်း၌ ကျောရိုးအသွင်ရှိသော သက်တမ်း၏ လိုအပ်ချက်အတွင်း၌ အရေးပါ အရာရောက်ဆုံးဟူသော စားခြင်း၊ သောက်ခြင်း၊ ဝတ်ဆင်ခြင်းနှင့် နေထိုင်ခြင်း'ဟူသော စည်းစိမ်တော် (၄) ရပ်ကို ဖော်ပြထားပေသည်။ ဤအာယသ်တော်အတွင်း၌ 'ဤ 'နေ့အ်မသ်'စည်းစိမ်တော်များအားလုံးသည် 'ဂျန္နသ်'သုခဘုံအတွင်း၌မှု ရှာဖွေ၊ ပင်ပန်းဆင်းရဲခြင်း မရှိဘဲ ရရှိကြောင်း'ကို မိန့်တော်မူထားပေသည်။ ထိုသို့ မိန့်မြွက်ခြင်း၌ 'ဤနေရာလောကမှ ထွက်ခွာသွားမည်ဆိုလျှင် ဤ 'နေ့အ်မသ်'စည်းစိမ်တော်များ၊ ရုပ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း'ဘက်သို့ ရည်ညွှန်းမိန့်ဆိုထားပေသည်။ ထိုရည်ညွှန်းမိန့်မြွက်မှုကြောင့် 'ဤနေရာ၌ 'ဂျန္နသ်'၏ ကြီးမားသော 'နေ့အ်မသ်'စည်းစိမ်တော်များအား မတင်ပြထားဘဲ လူ့ဘဝသက်တမ်းအတွက် အခြေခံမှုတည်လျက်ရှိသော အချက်များကိုသာ တင်ပြထားခြင်း' ဖြစ်တန်ကောင်းရာသည်။ ထို့နောက် ရှိုက်သွာန်၏ ဖြားယောင်းသွေးဆောင်မှုအတွင်းသို့ ရောက်ရှိကာ 'ဂျန္နသ်'မှ နှင်ထုတ်ခြင်းခံရသော အဖြစ်မျိုးနှင့် မကြုံတွေ့ရရန်၊ သို့ဆိုလျှင် ဤ 'နေ့အ်မသ်' စည်းစိမ်တော်များမှ လက်လွတ်ဆုံးရှုံးရမည်ဖြစ်ပြီး ကမ္ဘာမြေပထဝီပေါ်တွင် သက်တမ်း၏ အရေးကြီးသော အရာများကို ပင်ပန်းကြီးစွာ ရှာဖွေရမည့်အကြောင်းတို့အား ခြိမ်းခြောက်တော်မူထားပေသည်။ ဤအထက်ဖော်ပြပါ အချက်များအားလုံးသည် فَتَشۡقَىٰٓ ဟူသော စကားလုံး၏ အလိုသဘောတို့ဖြစ်ပြီး နှောင်းပိုင်းခေတ်ရှိ အဖွင့်ရှင်များက ရေးသားထားကြလေသည်။ အေမာမ်ကုရ်သုဗီးသခင်ကြီးသည် ဤနေရာ၌ အောက်ဖော်ပြပါအချက်ကိုလည်း တင်ပြထားပေသည်။ ဟဇရသ်အာဒမ် عليه السلام သည် 'ဂျန္နသ်'မှ အချို့သော ဂျုံနှင့် ဆန်မျိုးစေ့ သီးနှံတို့ကိုပါ ယူဆောင်လာလေသည်။ အကြောင်းမှာ ထိုသီးနှံ၊ မျိုးစေ့တို့ မြေကြီး၌ စိုက်ပျိုး၍ ပျိုးပင်များ ထွက်ကာ သီးနှံမျိုးစေ့ အသီးအပွင့်များ ဖြစ်ပေါ်တည်ရှိလာပါမှ ရိပ်သိမ်းရန်နှင့် တစ်ဖန်ကြိတ်ကာ မုန့်အဖြစ် ပြုလုပ်ရန်ဖြစ်သည်။ ထိုအမှုကိစ္စ အလုံးစုံတို့ကိုလည်း ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام သင်ကြားပြသပေးလေသည်။ ထိုအချက်များနှင့်အညီ ဟဇရသ်အာဒမ် عليه السلام သည် မုန့်ကို ဖုတ်ကာ စားသုံးရန်အတွက် ထိုင်လိုက်စဉ် မုန့်သည် လက်မှ ကျသွားကာ တောင်အောက်သို့ လိမ့်ဆင်းသွားပေသည်။ ဟဇရသ်အာမ် عليه السلام သည် မုန့်နောက်သို့ လိုက်၍ လွန်စွာခက်ခဲစွာဖြင့် ပြန်လည်ရယူလာမှ ဟဇရသ်ဂျိဗ်ရာအီးလ် عليه السلام က 'အို၊ အာဒမ်၊ အသင်နှင့် အသင်၏ သားသမီးများ၏ ရိဇ်ဇိရိက္ခာသည် ကမ္ဘာမြေပထဝီပေါ်၌ ဤသို့ ပင်ပန်းကြီးစွာဖြင့် ရရှိပေလိမ့်မည်' ဟူ၍ ပြောဆိုပေသည်။

[ကုရ်သုဗီး]

ဇနီးသည်၏ အရေးကြီးသော စားသောက်မှုစရိတ်သည် ခင်ပွန်းသည်၏ တာဝန်ဖြစ်ခြင်း

ဤနေရာ၏ အစ အာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အာဒမ် عليه السلام နှင့်အတူ ဟဇရသ်ဟောင်ဝါသခင်မကိုလည်း မိန့်မြွက်ချက်အတွင်း၌ ပါဝင်စေထားပေသည်။

عَدُوٌّ لَّكَ وَلِزَوْجِكَ فَلَا يُخْرِجَنَّكُمَا مِنَ الجنة

အို, အာဒမ်၊ ဤအီဗ်လီးစ်သည် အသင်နှင့် အသင့်ကြင်ယာ၏ ရန်သူဖြစ်ပေသည်။ သို့ဖြစ်ပေရာ ယင်းအီဗ်လီးစ်သည် အသင်တို့နှစ်ဦးအား 'ဂျန္နသ်'သုခဘုံမှ နှင်မထုတ်စေနှင့်။ *[၂၀ : ၁၁၆]*

သို့ရာတွင် ဤအာယသ်တော်၏ နောက်ဆုံး၌ فَتَشْقَى ဟူသော စကားလုံးကို ဧကဝုစ်ကိန်းအား အသုံးပြုထားပေသည်။ ကြင်ယာတော်ကို ထိုပုဒ်အတွင်း၌ မထည့်ထားပေ။ သို့တည်းမဟုတ် ဝါကျ အထား အသိုအရ နှစ်ဦးသုံးကိန်း فَتَشْقَيَا ဟူ၍ သုံးသင့်ပေသည်။ အေမာမ်ကုရ်သုဗီသခင်ကြီးသည် ဤစကား လုံးမှ အောက်ဖော်ပြပါ ဓမ္မသတ်ကို ထုတ်ပြန်လေသည်။ ကြင်ယာအမျိုးသမီး၏ ဘဝသက်တမ်းရှင်သန် နေထိုင်ရန်အတွက် အရေးကြီးသော အရာများ၏ တာဝန်သည် အမျိုးသားသာဖြစ်ကြောင်းနှင့် ဝမ်းစာရှာဖွေ ရာ၌ ပင်ပန်းဆင်းရဲ ဒုက္ခခံရခြင်းသည်လည်း အမျိုးသားလျှင် ဖြစ်ပေသည်။ ထို့ကြောင့် فَتَشْقَى ဟူသော ဧကဝုစ်ကိန်းကို ယူလာကာ 'ကမ္ဘာမြေပထဝီပေါ်သို့ ရောက်ရှိသွားမည်ဆိုလျှင် သက်တမ်း၏ ဘဝရှင်ကာ နေထိုင်နိုင်ရေးအတွက် ဒုက္ခအနည်းနှင့် အများမဆို ခံရပေမည်။ ထိုဒုက္ခသည် ဟဇရသ်အာဒမ် عليه السلام သာ ခံရပေမည်။ အဘယ်ကြောင့်ဆိုသော် ဟောင်ဝါသခင်မ၏ စားဝတ်နေရေးနှင့် သက်တမ်း၏ အရေးကြီး သော ကဏ္ဍရပ်များအား ဆောင်ရွက်ပေးခြင်းသည် ၎င်း၏ တာဝန်ဖြစ်ကြောင်းဘက်သို့ ရည်ညွှန်းဖော်ထုတ် ထားပေသည်။

'ဝါဂျိဗ်' တာဝန်ဖြစ်သော စားစရိတ်သည် အချက် (၄) ချက်၌သာ ဖြစ်ခြင်း

အေမာမ်ကုရ်သုဗီသခင်ကြီးက အမိန့်ရှိပေသည်။ အထက်ဖော်ပြပါအာယသ်တော်သည် ကျွန်ုပ်တို့ အား 'အမျိုးသား၏ အပေါ်၌ တာဝန်ရှိသော အမျိုးသမီး၏ စားဝတ်နေရေးစရိတ်သည် စားသောက်၊ ဝတ်ဆင်၊ နေထိုင်ရေး'ဟူ၍ အချက် (၄) ချက်ကိုသာ ပြဆိုထားပေသည်။ ထို့ထက်သာပို၍ အမျိုးသမီး အပေါ် သုံးစွဲပေးခြင်းသည် ခင်ပွန်းသည်၏ဘက်မှ အပိုကျေးဇူးတရားသာ ဖြစ်ပေသည်။ အရေးမကြီးပေ။ ထိုအထက်တင်ပြပါ ရှင်းလင်းချက်မှ 'ဇနီးသည်အပြင် ရှရီအသ်၏ ဘက်မှ သုံးစွဲမှုပြုပေးရန် တာဝန် ပေးထားခြင်း ခံရသူများအနေနှင့်လည်း ထိုအထက်ဖော်ပြပါ အချက် (၄) ချက်သာ ၎င်းတို့၏ အပေါ်၌ 'ဝါဂျိဗ်'တာဝန် ဖြစ်ပေသည်'ဟူ၍လည်း သိရှိရပေသည်။ ဥပမာ- မိဘနှစ်ပါး အစရှိသော သူတို့သည် ချွင်းချက်ရှိကာ လိုလားတောင့်တသော အခြေအနေသို့ ဆိုက်ရောက်လာသည်ဆိုလျှင် သားသမီးများအပေါ် ၌ တာဝန်ဖြစ်ပေသည်။ အကျယ်ချဲ့အချက်များကို ဓမ္မသတ်ကျမ်းကြီးများ၌ လေ့လာကြည့်ရှုနိုင်ပေသည်။

انَّ لَكَ الاَّ تَجُوْعَ فِيْهَا وَلَا تَعْرى

ကေန်အမှန် အသင်၌ ယင်း 'ဂျန္နသ်'သုခဘုံတွင် ဆာလောင်ခြင်းသည်လည်း ရှိလိမ့်မည် မဟုတ်ပေ။ ထို့ပြင် အသင်သည် အဝတ်ကင်းမဲ့ခြင်း ဖြစ်ရလိမ့်မည်လည်း မဟုတ်ချေ။ *[၂၀ : ၁၁၈]*

'ဂျန္နသ်'၌ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အခြေခံလိုအပ်သော အချက်များသည် မတောင်းခံ၊ ဒုက္ခဆင်းရဲ မခံရဘဲနှင့် ရရှိပေမည်။ 'ဂျန္နသ်'၌ ဆာလောင်မှုမရှိခြင်းဟူသော အချက်မှ 'မဆာလောင်သရွေ့ ကာလပတ်လုံး စားသောက်ခြင်း၌ အရသာမရှိ'ဟူသော ဒီဟလည်း မဖြစ်လေနှင့်။ ဤကဲ့သို့ပင် 'ရေမဆာသရွေ့ ကာလပတ်လုံး ရေအေးကို သောက်သုံးခြင်း အရသာမရှိ' ဟူသော ဒီဟလည်း မဖြစ်လေနှင့်။ အကြောင်းမှာ 'ဂျန္နသ်' ၌ မဆာလောင်၊ မငတ်မွတ်ခြင်း၏ အလိုသဘောမှာ 'ဆာလောင်သော အချိန်၌ စားသုံးရန်နှင့် ရေငတ်သောအချိန်၌ သောက်သုံးရန်ကို မရရှိချိန်၌လည်းကောင်း၊ သို့မဟုတ် နောက်ကျမှ ရရှိခြင်းဟူသော ဆာလောင်မွတ်သိပ်ခြင်း၏ ဒဏ်ကို မခံစားရပေ'ဟူ၍ ဖြစ်သည်။ သို့သာမက မိမိစိတ်ကြိုက်အရာကို ချက်ချင်း ရရှိပေလိမ့်မည်။

فَوَسْوَسَ اِلَيْهِ الشَّيْطٰنُ قَالَ يٰاٰدَمُ هَلْ اَدُلُّكَ عَلٰى شَجَرَةِ الْخُلْدِ وَمُلْكٍ لَّا يَبْلٰى ﴿١٢٠﴾

فَاَكَلَا مِنْهَا فَبَدَتْ لَهُمَا سَوْاٰتُهُمَا وَطَفِقَا يَخْصِفٰنِ عَلَيْهِمَا مِنْ وَّرَقِ الْجَنَّةِ وَعَصٰۤى اٰدَمُ رَبَّهٗ فَغَوٰى ﴿١٢١﴾

ထို့နောက် ရှိုက်သွာန်သည် ယင်းအာဒမ်၏ စိတ်တွင်းဝယ် ဖြားယောင်းသွေးဆောင်ခဲ့လေသည်။ ၎င်းက အာဒမ်အား 'အို့၊ အာဒမ်၊ ကျွန်ုပ်သည် အသင့်အား အစဉ်အမြဲ ရှင်နေသော သစ်ပင်ကိုလည်းကောင်း၊ ယောင်းနွမ်းဆွေးမြေ့ခြင်း မရှိသော စိုးမိုးအုပ်ချုပ်မှု အာဏာကိုလည်းကောင်း ညွှန်ပြရမည်လောဟု ပြောဆိုခဲ့လေသည်။ သို့ဖြစ်ပေရာ ၎င်းတို့ ဇနီးမောင်နှံနှစ်ဦးသည် ထိုသစ်ပင်မှ အသီးကို စားသုံးခဲ့ကြလေ၏။ ထိုအခါ ၎င်းတို့ ဇနီးမောင်နှံနှစ်ဦး၏ ဖုံးအုပ်လျက်ရှိသော အရှက်များသည် ၎င်းတို့ရှေ့ဝယ် ပေါ်၍ သွားခဲ့လေသည်။ ထို့နောက် ၎င်းတို့နှစ်ဦးသည် မိမိတို့ကိုယ်ကို 'ဂျန္နသ်'သုခဘုံမှ သစ်ရွက်များဖြင့် ဖုံးအုပ်ခြင်းကို စတင်ပြုလုပ်ခဲ့ကြလေသည်။ စင်စစ် အာဒမ်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ အမိန့်တော်ကို ဆန့်ကျင်ဖီဆန်မိခဲ့လေရာ လမ်းမှန်မှ လွဲခဲ့ရလေသည်။ *[၂၀ : ၁၂၀-၁၂၁]*

ဤအာယသ်တော်များ၌ 'အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်အာဒမ် ﷺ နှင့် ယောင်ဝါသခင်မကြီးတို့အား သီးသန့် သစ်ပင်တစ်ပင်မှ စားသုံးခြင်းနှင့် ၎င်း၏ အပါးသို့ပင် ချဉ်းကပ်ခြင်းမှ တားမြစ်ထားပေသည်။ တစ်ဖန် ထပ်မံ၍ 'ရှိုက်သွာန်သည် အသင်တို့နှစ်ဦးစလုံး၏ ရန်သူဖြစ်ကြောင်း၊ ၎င်း၏ ဖြားယောင်းသွေးဆောင်မှုမှ ရှောင်ရှားရန် အကြောင်း၊ ၎င်းသည် အသင်တို့အား 'ဂျန္နသ်'မှ မောင်းထုတ်ကောင်း မောင်းထုတ်နိုင်ပေသည်'ဟူ၍ သတိပေးခဲ့သည်။ ဤသို့ ရှင်းလင်းလှစွာသော လမ်းညွှန်ချက်များ ပေးထားပြီးနောက်ပိုင်း၌လည်း ဤသို့ အဆင့်အတန်းမြင့်မားသော နဗီတမန်တော်ကြီးသည် ရှိုက်သွာန်၏ လှည့်ကွက်

အတွင်းသို့ မည်ကဲ့သို့ ရောက်ရှိသွားပေသနည်း။ ဤသည် ပေါ်လွင်ထင်ရှားစွာ ဖီဆန်ခြင်းနှင့် ပြစ်မှုပင် ဖြစ်ပေသည်။ ဟဇရသ်အာဒမ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ ရစူလ်နှင့် နဗီတမန်တော်တစ်ပါး ဖြစ်သည့် အလျောက်၊ တစ်ဖန် နှောင်းပိုင်းခေတ် အဖွင့်ရှင်ကြီးက တစ်ညီတစ်ညွတ်တည်း နဗီတမန်တော်အပေါင်း တို့သည် အပြစ်အကြီး၊ အသေး အားလုံးတို့မှ ကင်းစင်ကြောင်း ဆုံးဖြတ်ချက် ပေးထားသည့် အတွင်းထဲမှ ပင် ဤပြစ်မှုကို မည်သို့ ပြုကျင့်ခဲ့ပေသနည်း'ဟူသော မေးခွန်းများ မေးစရာရှိပေသည်။ ဤမေးခွန်းများ အားလုံး၏ အဖြေကို မအာရိဖွလ်ကုရ်အာန် အတွဲ-၁၊ စာမျက်နှာ (၁၃၆)၊ စူရာဟ်ဗကရာ၏ အဖွင့်၌ အဖြေပေးထားပေသည်။

ဤအာယသ်တော်၌ ဟဇရသ်အာဒမ် ﷺ ဘက်သို့ စပ်လျဉ်း၍ ရှင်းလင်းလှစွာသော စကားလုံး တို့ဖြင့် عصى (ဖီဆန်ခဲ့သည်) နှင့် غوى (လမ်းမှန်မှ လွဲခဲ့လေသည်) ဟူ၍ မိန့်တော်မူထားပေသည်။ ထိုသို့ မိန့်တော်မူရခြင်းအကြောင်း စူရာဟ်ဗကရာ၌ တင်ပြပြီးဖြစ်လေသည်။ ဟဇရသ်အာဒမ် ﷺ ၏ ဤဆောင်ရွက်ချက်သည် သာသနာ့ရှုထောင့်ဘောင်အရ ပြစ်မှုအတွင်း၌ မပါဝင်နေလင့်ကစား သို့ရာတွင် ဟဇရသ်အာဒမ် ﷺ သည် ရစူလ်တမန်တော်တစ်ပါး ဖြစ်နေသည်ကတစ်ကြောင်း အလ္လာဟ်အသျှင်မြတ် ၏ ထံတော်ပါး၌ သီးသန့် နီးကပ်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်နေသည်က တစ်ကြောင်း စသော အကြောင်း ကြောင်းတို့ကြောင့် ၎င်း၏ အနိမ့်ဆုံးသော ချွတ်ချော်မှုကိုလည်း လေးနက်၊ လေးလံသော စကားလုံး တို့ဖြင့် 'အစ္စ်ယာန်' (ဖီဆန်ခြင်း) ဟူ၍ မိန့်ခြွေ သရုပ်ဖော်ပေးထားခြင်း ဖြစ်ပေသည်။ ထိုအချက်အပေါ် ပြစ်ဒဏ်ကိုလည်း ခတ်တော်မူလိုက်လေသည်။

غوى (ဂဝါ) ဟူသော စကားလုံးသည် အဓိပ္ပာယ်နှစ်မျိုးရ၏။ ပထမအဓိပ္ပာယ်သည် 'စားဝတ်နေရေး ခက်ခဲ၊ ကျပ်တည်းသွားခြင်း'ဟူ၍ ရ၏။ ဒုတိယအဓိပ္ပာယ်မှာ 'လမ်းလွဲမှားခြင်း'ဟူ၍လည်း ရ၏။ ကရှီရီး (ကုရ်သုဗီး) အစရှိသော အဖွင့်ရှင်ကြီးများသည် 'ဂဝါ' ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ဤနေရာ၌ ပထမအဓိပ္ပာယ်ကိုသာလျှင် ကောက်ယူထားကြပေသည်။ အာယသ်တော်၏ အလိုသဘောမှာ 'ဟဇရသ် အာဒမ် ﷺ အဖို့ 'ဂျန္နသ်'၌ ရရှိခံစားရသော အဆင်ပြေမှုမျိုး ယခု မရတော့ဘဲ ကမ္ဘာလောက၌ ကျပ်တည်း ကျဉ်းမြောင်းစွာဖြင့် အသက်ရှင်နေထိုင်ရသည်' ဟူ၍ ဖြစ်သည်။

နဗီတမန်တော်များနှင့် စပ်လျဉ်း၍ အရေးပါသော လမ်းညွှန်ချက်တစ်ရပ်နှင့် ၎င်းတို့၏ ဂုဏ်ရှိန် ဂုဏ်ဝါအား အရိုအသေပေးရန်နှင့် မလျော်ကန်သော ပြောဆိုသုံးနှုန်းမှုများမှ သုံးနှုန်းခြင်းကို ထိန်းသိမ်းရမည့် အကြောင်း

ကာဇ္ဇီအဗူဗကရ်အိဗ်နေအာရဗီသခင်ကြီးသည် အဟ်ကားမုလ်ကုရ်အာန်ကျမ်း၌ တင်ပြလျက်ရှိသော အာယသ်တော်အတွင်းရှိ عصى ဟူသော စကားလုံးကို ဟဇရသ်အာဒမ် ﷺ ဘက်သို့ ရည်ညွှန်းမိန့်ဆို

ထားပေသည်။ ထိုအချက်ကွင်းဆက်ဖယားနှင့် စပ်လျဉ်း၍ ၄င်းသည် အလွန်အရေးပါသော လမ်းညွှန်ချက်တစ်ရပ်ကို မိန့်ခြွေထားပေသည်။ ၄င်းသည် အောက်ဖော်ပြပါ စကားလုံးတို့ဖြင့် ဤသို့ မိန့်ဆိုထားပေသည်။

"ယနေ့ ကျွန်ုပ်တို့အထဲမှ မည်သူတစ်ဦးတစ်ယောက်မဆို ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ကိုလည်းကောင်း၊ သို့မဟုတ် တမန်တော်မြတ် ﷺ ၏ ဟာဒီးစ်တော်ကို တင်ပြရင်း ကွင်းဆက် တစ်ပါတည်းအရ ရှင်းပြသော ပုံစံအရသော်လည်းကောင်း စသော ပုံစံတို့မှ လွဲ၍ ဟဇရသ်အာဒမ် عليه السلام ဘက်သို့ ဤ 'အစွယာန်' (ဖီဆန်ခြင်း) ဟူသော စကားလုံးကို ဆက်စပ်သုံးနှုန်းခြင်း မပိုင်ပေ။ သို့ရာတွင် မိမိတို့၏ ဆွေမျိုးနီးစပ်သော အထက်အဆက်များဖြစ်သည့် ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့အဖို့လည်း ဤအသုံး အနှုန်းမျိုး အသုံးပြုပိုင်ခွင့် မရှိလေရာ တစ်ဖန် ကျွန်ုပ်တို့အားလုံး၏ 'ရှုထောင့်တိုင်းမှ ကျွန်ုပ်တို့၏ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တို့ထက် သာပို၍ မွန်မြတ်ကာ ဦးစားပေးရမည့်သူ၊ အလ္လာဟ်အသျှင်မြတ်ထံတော်ပါး၌ ဂုဏ်သရေရှိသော ရစူလ်တမန်တော်တစ်ပါးလည်းဖြစ်သူ၊ အကြင်သူ၏ ချွင်းချက်ကို အလ္လာဟ်အသျှင်မြတ်သည် လက်ခံတော်မူထားကာ ပလပ်ခွင့် ပေးတော်မူလိုက်သည်ကို ကြေညာခြင်းခံထားရသူ' ဖြစ်သော ကမ္ဘာဦးဖခင်ကြီး အဖို့ မည်သည့်အခြေအနေမျိုး၌ ပိုင်အံ့နည်း။"

ထို့ကြောင့် ကရှီရီး အဗူနစ်ရ်သခင်ကြီးသည် 'ဤစကားလုံးကြောင့် ဟဇရသ်အာဒမ် عليه السلام ကို 'အာစီ' (ဖီဆန်သူ) နှင့် 'ဂါဝီ' (လမ်းမှားသူ) ဟူ၍ ပြောဆိုခြင်း မပိုင်ပေ။ ကုရ်အာန်ကျမ်းတော်မြတ် အတွင်း အချို့သော နေရာများ၌ နဗီတစ်ပါးပါး သို့မဟုတ် ရစူလ်တမန်တော်တစ်ပါးပါးနှင့် စပ်လျဉ်း၍ ဤကဲ့သို့သော စကားလုံးမျိုးများ ပါရှိတတ်ပေသည်။ ဤကဲ့သို့ အသျှင်မြတ် သုံးနှုန်းထားခြင်းသည် 'ခေလာဖေ့အောင်လာ' (အမွန်မြတ်ဆုံးသော အချက်ကို မဆောင်ရွက်ဘဲ သာမန် ပိုင်သည့် အချက်ကိုသာ ဆောင်ရွက်ခြင်း) အချက်များထဲမှ ဖြစ်ကောင်းဖြစ်မည်။ သို့တည်းမဟုတ် နဗီမဖြစ်မီကာလက အဖြစ်မျက်မျိုး ဖြစ်ကောင်းဖြစ်ပေမည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များအားလည်းကောင်း၊ ဟာဒီးစ်တော်များ၏ ဆင့်ပြန်ချက်များအားလည်းကောင်း ကွင်းဆက် တစ်ဆက်တည်း အသွင်ဖြင့် ကြုံကြိုက်လာချိန်ဝယ် ထိုအကြောင်းကို တင်ပြခြင်း ပိုင်ပေသည်။ သို့ရာတွင် မိမိဘက်မှ ၄င်းတို့၏ ဂုဏ်ရှိဂုဏ်ဝါများနှင့် စပ်လျဉ်း၍ ဤကဲ့သို့သော စကားလုံးမျိုးများအား အသုံးပြုခွင့် မရှိပေဟူ၍ မိန့်ဆိုထားပေသည်။

[ကုရ်သုဗီကျမ်း]

اِهْبِطَا مِنْهَا جَمِيْعًا

အသင်တို့နှစ်ဦးသည် ယင်း 'ဂျန္နသ်'သုခဘုံမှ ဆင်းသွားကြလေကုန်။ *[၂၀ : ၁၂၃]*

ဤမိန့်မြွက်ချက်သည် ဟဇရသ်အာဒမ် عليه السلام နှင့် ရှိုက်သွာန်တို့ နှစ်ဦးစလုံးအဖို့လည်း ဖြစ်နိုင်ပေသည်။ ထိုပုံစံ၌

بَعْضُكُمْ لِبَعْضٍ عَدُوٌّ

အသင်တို့အနက် တစ်ဦးသည် တစ်ဦး၏ ရန်သူပင် ဖြစ်ပေမည်။ *[၂၀ : ၁၂၃]*

၏ စာစဉ်ပါ အကြောင်းအရာသည် 'ကမ္ဘာလောကသို့ သွားရောက်ပြီးနောက်၌လည်း ရိုက်သွာန်၏ ရန်ငြိုး၊ ရန်စွယ်သည် ဆက်လက်တည်ရှိနေပေမည်'ဟူ၍ ရှင်းလင်းလှပေသည်။ ထို့ပြင် အကယ်၍ 'ရှိုက်သွာန်ကိုမူ ထိုဖြစ်အင်၏ အလျှင်ကတည်းကပင် 'ဂျန္နသ်'မှ မောင်းထုတ်ပြီးဖြစ်ရာ ယခု ၄င်းအား ဤမိန့်မြွက်ချက်အတွင်း ဖက်စပ်ထည့်သွင်းခြင်းသည် တွေးခေါ်မှုခေါင်းပါးသော အချက်ဖြစ်မူ၊ ဒုတိယ ဖြစ်နိုင်ချေရှိသော အချက်မှာ 'ဤမိန့်မြွက်ချက်သည် ဟဇရသ်အာဒမ် عليه السلام နှင့် ဟောင်ဝါသခင်မတို့အဖို့ ဖြစ်ပေသည်ဟူ၍ ဖြစ်တန်ကောင်းရာပေသည်။ ထိုပုံစံ၌ အချင်းချင်းကြား ရန်ငြိုးမှုတရား ထားရှိခြင်း၏ အလိုသဘောသည် ၄င်းတို့နှစ်ဦး၏ သားသမီးများကြား၌ ရန်ငြိုး၊ ရန်စွယ် ပွားများနေခြင်းသည် မိဘနှစ်ပါး၏ သတ်တမ်းကို ခါးသီးစေခြင်း' အချက်မှာ ထင်ရှားလှပေသည်။

وَمَنْ اَعْرَضَ عَنْ ذِكْرِى

(သို့ရာတွင် မည်သူမဆို ငါအသျှင်မြတ်၏ တရားတော်မှ မျက်နှာလွှဲခဲ့ပါမူ) ဤနေရာတွင် 'ဇိက်ရ်' ၏ အလိုသဘောသည် ကုရ်အာန်ကျမ်းမြတ် ဖြစ်နိုင်သကဲ့သို့ တမန်တော်မြတ် ﷺ ၏ ပင်ကိုယ် (ဇာတ်) တော်လည်း ဖြစ်နိုင်ပေသည်။ ပမာတင်ပြရမည်ဆိုသော် ဒုတိယအာယသ်တော်၌

ذِكْرًا رَسُوْلًا

ဟူ၍ လာရှိထားပေသည်။ အချက်နှစ်ချက်စလုံး၏ ပူးပေါင်းမှု ရလာဒ်မှာ 'အကြင်သူသည် ကုရ်အာန်ကျမ်းတော်မြတ် သို့မဟုတ် တမန်တော်မြတ် ﷺ ကို မျက်နှာလွှဲမည်။' ဆိုလိုသည်မှာ 'ကျမ်းတော်မြတ် ရွတ်ဖတ်ခြင်းနှင့် ကျမ်းတော်မြတ်ပါ ပညတ်ချက်များအား လိုက်နာဆောက်တည်ခြင်းအားလည်းကောင်း၊ သို့မဟုတ် တမန်တော်မြတ် ﷺ ၏ မိန့်မြွက်ချက်၊ လမ်းစဉ်များကို နာခံခြင်းမှ မျက်နှာလွှဲဖယ်ပါမူ'ဟူ၍ ဖြစ်သည်။ သို့ဆိုလျှင် ၄င်း၏ နိဂုံးချုပ်ဇာတ်သိမ်းမှာ ဤသို့ပင် ဖြစ်သည်။

فَاِنَّ لَهٗ مَعِيْشَةً ضَنْكًا وَّ نَحْشُرُهٗ يَوْمَ الْقِيَامَةِ اَعْمٰى

ကေန်မလွဲ ထိုသူ၌ ကျပ်တည်းသော အသက်မွေးမှုရှိပေမည်။ ထို့ပြင် ငါအသျှင်မြတ်သည် ၄င်းအား 'ကေယာမသ်'နေ့တွင် မျက်ကန်းအဖြစ် ရှင်ပြန်ထစေတော်မူမည် ဖြစ်သည်။ */ ၂၀ : ၁၂၄ /*

ပထမပြစ်ဒဏ်သည် ၄င်းအဖို့ ကမ္ဘာလောက၌ ရရှိခံစားရမည်ဖြစ်ပြီး၊ ဒုတိယမျက်ကန်းအဖြစ် ပြန်လည်ရှင်ပြန်ထရခြင်းမှာ 'ကေယာမသ်'နေ့၏ 'အဇားဗ်'အပြစ်ဒဏ် ဖြစ်ပေသည်။

ကာဖိရ်နှင့် သူယုတ်မာ၏ သက်တမ်းသည် ကမ္ဘာလောက၌မှာပင် ကျပ်တည်းကျဉ်းမြောင်းစွာ တည်ရှိနေခြင်း၏ အခြေခံဇစ်မြစ်

ဤနေရာတွင် လောကီရေးရာ ကျပ်တည်းကျဉ်းမြောင်းမှုသည် ကာဖိရ်များနှင့် သူယုတ်မာများ အဖို့သာ အထူးပြုထားသည်မဟုတ်ဘဲ မွန်ရည်သော မုအ်မင်န်များသို့လည်း ဆုံတွေ့ ခံစားရမည့်အရာ ဖြစ်ပေသည်။ သို့သာမက နဗီတမန်တော်များအဖို့ အာလုံးသောသူတို့ထက် သာပို၍ ပြင်းထန်သော ခက်ခဲ

ကျပ်တည်းမှုများ၊ ဤလောကီသက်တမ်း၌ ခံစားကြရပေသည်။ ဘိုခါရီကျမ်းနှင့် ဟဒီးစ်တော်၏ ကျမ်းများ၌ ဟဇရသ်စအဒ် အစရှိသော သခင်ကြီးများထံမှ အောက်ဖော်ပြပါ ဟဒီးစ်တော်သည် ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ က မိန့်တော်မူထားသည်မှာ 'လောကီရေးရာ ခက်ခဲကျပ်တည်းမှုဒုက္ခတို့သည် အားလုံးသောသူတို့ထက် သာပို၍ နဗီတမန်တော်များသည် ပြင်းထန်စွာ ခံစားရပေသည်။ ၎င်းတို့၏နောက် အကြင်သူသည် သူမွန်သူမြတ်ဖြစ်ပါမူ ထိုမျှအတိုင်းအတာနှင့် လျော်ညီစွာ ၎င်းတို့သည် ခက်ခဲမှုဒုက္ခတို့ဖြင့် ရင်ဆိုင်ရပေသည်' ဟူ၍ ဖြစ်သည်။ ထိုအချက်နှင့် ဆန့်ကျင်စွာ များသောအားဖြင့် ကာဖိရ်များနှင့် သူယုတ်မာများကို သာယာဝပြောသော အခြေအနေမျိုးများအတွင်း၌ မြင်တွေ့ရပေသည်။ သို့ရှိရာ ကုရ်အာန်ကျမ်းတော်မြတ်လာ ကျပ်တည်းမှုသည် 'အာခေရသ်' နောင်တမလွန်သက်တမ်းအဖို့သာ ဖြစ်နိုင်ပေသည်။ ကမ္ဘာလောက၌ ဆန့်ကျင်ဘက်ပုံစံမျိုးကိုသာ မြင်တွေ့ရပေသည်'ဟူသော မေးခွန်းပေါ်ပေါက်နေပေသည်။

ထိုမေးခွန်း၏ ရှင်းလင်းကာ စောဒကအမေးအဖြေ ကင်းမဲ့သော အဖြေမှာ ဤသို့တည်း။ ဤနေရာ၌ လောကီရေးရာ 'အဇားဗ်'၏ အလိုသဘောသည် 'ကဗရ်'၏ 'အဇားဗ်'ဖြစ်ပေသည်။ အကြောင်းမှာ 'ကဗရ်'အတွင်း၌ ၎င်း၏ သာယာမှုအား ကျပ်တည်းစေခြင်းကို ခံရပေလိမ့်မည်။ 'ကဗရ်'တွင်း သချိုင်းကိုယ်တိုင်သည် ၎င်းအဖို့ နေထိုင်ရာဌာန ဖြစ်ပေလိမ့်မည်။ ထို 'ကဗရ်'သည် ၎င်းအား နံရိုးများ ကျိုးသွားသည့် အတိုင်းအတာထိတိုင် ညှပ်ပေလိမ့်မည်။ ပမာဆိုရသော် အချို့သော ဟဒီးစ်တော်များအတွင်း၌ ယင်းအချက်အား ရှင်းလင်းစွာဖြင့် တင်ပြထားပေသည်။ မွစ်နဒ်အဟ်မဒ်ကျမ်း၌ ကောင်းမွန်မှန်ကန်သော ဆင့်ကဲကွင်းဆက်ဖေယားနှင့်အတူ ဟဇရသ်အဗူဟုရိုင်ရားဟ် ﷺ သခင်ကြီးထံမှ အောက်ဖော်ပြပါ ဟဒီးစ်တော်သည် ဆင့်ပြန်ချက်အဖြစ် လာရှိထားပေသည်။ တမန်တော်မြတ် ﷺ ကိုယ်တော်တိုင်သည် အာယသ်တော်အတွင်းပါ مَعِيشَةً ضَنكًا ဟူသော စကားလုံးကို အကျယ်ချဲ့ဖွင့်ဆိုရာတွင် 'ကဗရ်'လောကဖြစ်ကြောင်းကို မိန့်ဆိုထားပေသည်။

ဟဇရသ်စအီးဒ်အိဗ်နေဂျိုဗိုက်ရ်သခင်ကြီးသည် ကျပ်တည်းခြင်းအား ၎င်းထံမှ ရောင့်ရဲတင်းတိမ်ခြင်း၏ အရည်အချင်းကို ရုပ်သိမ်းခြင်းခံထားရ၍ လောကီရေးရာ မလိုလောဘများအား တိုးပွားစေခြင်းကို ခံရလိမ့်မည်'ဟူသော အလိုသဘောကို တင်ပြထားပေသည်။ *[မဇ္ဇဟရီကျမ်း]*

အကြင်အရည်အချင်း၏ အကြောင်းဆက်တရားမှာ ၎င်းတို့ထံ၌ မည်မျှခန့်ပင် ပစ္စည်းဥစ္စာများပြားနေလင့်ကစား မည်သည့်အခါမျှ စိတ်ချမ်းသာမှု မရရှိနိုင်ဘဲ အမြဲတစေ ဥစ္စာပစ္စည်းများကို တိုးပွားနေရန်သောကသာလျှင် ရှိနေပြီး ဆုံးရှုံးမှု၏ စိုးရိမ်စိတ်သည် ၎င်းကို နေမထိထိုင်မသာသော ပုံစံမျိုးဖြင့် ထားရှိပေလိမ့်မည်။ ဤအချက်ကို များသောအားဖြင့် ဥစ္စာရှင်၊ ဓနရှင်များ၏ထံ၌ ထင်ရှားများပြားစွာ တွေ့မြင်ရပေသည်။ အကြင်အရည်အချင်း၏ အချုပ်ရလဒ်တရားမှာ ၎င်းတို့ထံ၌ အဘယ်မျှခန့်ပင် စိမ်ခံပစ္စည်းများရှိနေပါစေ သက်တောင့်သက်သာစွာ နေထိုင်ခွင့်ကို မရရှိကြပေ။ အဘယ်ကြောင့်ဆိုသော် သက်တောင့်သက်သာစွာ နေထိုင်ရခြင်းအား စိတ်နှလုံးအေးချမ်းမှု မရှိဘဲ မရရှိနိုင်ပေ'ဟူ၍သာ ဖြစ်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَفَلَمْ يَهْدِ لَهُمْ كَمْ أَهْلَكْنَا قَبْلَهُم مِّنَ
الْقُرُونِ يَمْشُونَ فِي مَسَاكِنِهِمْ ۗ إِنَّ فِي ذَٰلِكَ لَآيَاتٍ لِّأُولِي النُّهَىٰ ﴿١٢٨﴾

၂၀ : ၁၂၈ ။ ။ မည်သို့ပါနည်း။ ငါအသျှင်မြတ်သည် ၎င်းတို့အလျင် များစွာသော ရှေးလူဟောင်းတို့ကို ပျက်စီးစေတော်မူခဲ့ခြင်းသည် ၎င်းတို့အား တရားလမ်းမှန်ကို မရစေခဲ့လေသလော။ ၎င်းတို့သည် ထိုရှေးသူဟောင်းများ၏ နေထိုင်ရာ နေရာများတွင် သွားလာလှုပ်ရှားလျက် ရှိကြပေသည်။ ဧကန်စင်စစ် ဤသည်၌ ဆင်ခြင်တုံတရား ရှိသူတို့အဖို့ အမှန်ပင် သက်သေလက္ခဏာများသည် ရှိကုန်၏။

وَلَوْلَا كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَكَانَ لِزَامًا وَأَجَلٌ مُّسَمًّى ﴿١٢٩﴾

၂၀ : ၁၂၉ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) အကယ်၍သာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ အမိန့်တော်တစ်ရပ်သည်လည်းကောင်း၊ သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလတစ်ခုသည်လည်းကောင်း မူလကပင် မရှိခဲ့ပါလျှင်၊ အမှန်ပင် (ပြစ်ဒဏ်သည် ၎င်းတို့အပေါ်၌) မလွှဲမရှောင်သာ ဆိုက်ရောက်ခဲ့မည်သာ (ဖြစ်၏။)

فَاصْبِرْ عَلَىٰ مَا يَقُولُونَ وَسَبِّحْ بِحَمْدِ رَبِّكَ قَبْلَ طُلُوعِ الشَّمْسِ
وَقَبْلَ غُرُوبِهَا ۖ وَمِنْ آنَاءِ اللَّيْلِ فَسَبِّحْ وَأَطْرَافَ النَّهَارِ
لَعَلَّكَ تَرْضَىٰ ﴿١٣٠﴾

၂၀ : ၁၃၀ ။ ။ သို့ဖြစ်ပေရာ (အို၊ နဗီတမန်တော်) အသင်သည် ၎င်းတို့ ပြောဆိုကြသော ကိစ္စနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ ထို့ပြင် အသင်သည် နေမထွက်မီလည်းကောင်း၊ နေမဝင်မီလည်းကောင်း မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါလေ။ ထို့ပြင် အသင်သည် ညဉ့်အချိန်များတွင်လည်းကောင်း၊ နေ့၏ အစွန်းများ၌လည်းကောင်း၊ (ထိုအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို မြွက်ဆိုပါလေ။ (ဤသို့အားဖြင့်) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရတန်ရာ၏။

وَلَا تَمُدَّنَّ عَيْنَيْكَ إِلَىٰ مَا مَتَّعْنَا بِهِ أَزْوَاجًا
مِّنْهُمْ زَهْرَةَ الْحَيَاةِ الدُّنْيَا لِنَفْتِنَهُمْ فِيهِ ۚ وَرِزْقُ رَبِّكَ
خَيْرٌ وَأَبْقَىٰ ﴿١٣١﴾

၂၀ : ၁၃၁ ။ ။ ထို့ပြင် အသင်သည် ငါအသျှင်မြတ်က ယင်း (ကာဖိရ်) တို့အနက်၊ လူတန်းစားအမျိုးမျိုးတို့အား အကျိုးခံစားစေတော်မူခဲ့သော လောကစည်းစိမ် (ဥစ္စာပစ္စည်း) တို့ကို မိမိ၏ မျက်စိအစုံဖြင့် မော်၍မျှ မကြည့်ပါလေနှင့်။

(အမှန်စင်စစ်) ငါအသျှင်မြတ်သည် ယင်းစည်းစိမ်ဥစ္စာနှင့် စပ်လျဉ်း၍ ၎င်းတို့အား စမ်းသပ်တော်မူရန် လောကီဘဝ၏ ခမ်းနား သိုက်မြိုက်မှုအဖြစ်သာလျှင် (အကျိုးခံစားစေတော်မူခြင်းပင်) ဖြစ်ချေသည်။ စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ချီးမြှင့်တော်မူသော စားနပ်ရိက္ခာသည်သာလျှင် အကောင်းဆုံးပင် (ဖြစ်၏။) ထို့ပြင် (အကြာရှည်ဆုံး) အတည်မြဲဆုံးပင် ဖြစ်ပေသည်။

وَأْمُرْ أَهْلَكَ بِالصَّلَاةِ وَاصْطَبِرْ عَلَيْهَا ۖ لَا
نَسْأَلُكَ رِزْقًا ۖ نَّحْنُ نَرْزُقُكَ ۗ وَالْعَاقِبَةُ لِلتَّقْوَىٰ ﴿١٣٢﴾

၂၀ : ၁၃၂ ။ ။ ၎င်းပြင် အသင်သည် မိမိ၏ အိမ်သူအိမ်သား၊ တပည့်၊ သာဝကတို့အား 'ဆွလားသ်' ဝတ်ပြုကြရန် အမိန့်ပေးလျက် ရှိပါလေ။ ထို့ပြင် အသင်ကိုယ်တိုင်လည်း ယင်း 'ဆွလားသ်' ဝတ်ပြုမှုအပေါ်၌ မယိမ်းမယိုင် တည်ကြည်မြဲမြံစွာ ရှိပါလေ။ ငါအသျှင်မြတ်သည် အသင့်ထံတွင် စားနပ်ရိက္ခာကို တောင်းခံတော်မူမည်မဟုတ်ပေ။ (အမှန်စင်စစ်) ငါအသျှင်မြတ်သည်သာလျှင် အသင့်အား ရိက္ခာကို ချီးမြှင့်တော်မူလေသည်။ စင်စစ် နောက်ဆုံး အကျိုးဆက်သည် သူတော်စင်အဖို့သာ ဖြစ်သည်။

وَقَالُوا لَوْلَا يَأْتِينَا بِآيَةٍ مِّن رَّبِّهِ ۚ أَوَلَمْ تَأْتِهِم بَيِّنَةُ مَا فِي الصُّحُفِ الْأُولَىٰ ﴿١٣٣﴾

၂၀ : ၁၃၃ ။ ။ ထို့ပြင် ၎င်းတို့က 'ယင်း (မိုဟမ္မဒ်) သည် အဘယ်ကြောင့် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ သက်သေလက္ခဏာ တစ်စုံတစ်ရာကို ကျွန်ုပ်တို့ထံ ယူဆောင်၍ မလာပါသနည်း' ဟု ပြောဆိုကြကုန်၏။ မည်သို့ပါနည်း။ ရှေးကျမ်းများ၌ လာရှိသော၊ အဆုံးအမတရားတော်များကို ထောက်ခံသော၊ ထင်ရှားစွာသော သက်သေလက္ခဏာသည် ၎င်းတို့ထံ မရောက်ရှိခဲ့လေသလော။

وَلَوْ أَنَّا أَهْلَكْنَاهُم بِعَذَابٍ مِّن قَبْلِهِ لَقَالُوا
رَبَّنَا لَوْلَا أَرْسَلْتَ إِلَيْنَا رَسُولًا فَنَتَّبِعَ آيَاتِكَ مِن قَبْلِ
أَن نَّذِلَّ وَنَخْزَىٰ ﴿١٣٤﴾

၂၀ : ၁၃၄ ။ ။ စင်စစ် အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား၊ ယင်း (နဗီတမန်တော်မိုဟမ္မဒ်အား စေလွှတ်တော်မမူမီအလျှင်၊ ထိုကုရ်အာန်ကျမ်းတော်မြတ် ထုတ်ပြန်မပို့ချမီ) အလျှင် ပြစ်ဒဏ်တစ်စုံတစ်ရာဖြင့် ပျက်စီးစေတော်မူခဲ့ပါလျှင်၊ အမှန်ပင် ရစူလ်တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မမူခဲ့ပါသနည်း။ သို့ (စေလွှတ်တော်မူခဲ့) ပါလျှင်၊ ကျွန်တော်မျိုးတို့သည် မိမိတို့ ဂုဏ်အသရေ မနိမ့်ကျမီအလျှင်၌လည်းကောင်း၊ ကျိုးယုတ်ရှက်ရ မဖြစ်ကြမီအလျှင်၌လည်းကောင်း၊ အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြမည်သာ ဖြစ်ပါသည်' ဟု ပြောဆိုကြပေမည်။

قُلْ كُلٌّ مُّتَرَبِّصٌ فَتَرَبَّصُوا ۖ
فَسَتَعْلَمُونَ مَنْ أَصْحَابُ الصِّرَاطِ السَّوِيِّ وَمَنِ اهْتَدَىٰ ﴿١٣٥﴾

၂၀ : ၁၃၅ ။ ။ (အို, နဗီတမန်တော်) အသင်သည် (၄င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့) အားလုံးပင် စောင့်မျှော်၍နေသူများပင် ဖြစ်ကြပေရာ၊ အသင်တို့သည်လည်း စောင့်မျှော်ကြလေကုန်။ သို့ (စောင့်မျှော်ကြ) ပါလျှင်၊ မကြာမီ မည်သူတို့သည် ဖြောင့်မှန်သော လမ်းပေါ်၌ ရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း၊ မည်သူတို့သည် တရားလမ်းမှန် ရရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း အသင်တို့သည် သိရှိကြပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

မည်သို့ပါနည်း။ ငါအသျှင်မြတ်သည် ၄င်းတို့အလျှင် များစွာသော ရှေးဟောင်းလူတို့ကို (ယင်းသို့ မျက်နှာလွှဲခြင်း၏ အကြောင်းခံကြောင့် 'အဇာဗ်'အပြစ်ဒဏ်တော်ဖြင့်) ပျက်စီးစေတော်မူခဲ့ခြင်းသည် ၄င်းတို့အား (ဖွတ်စိတ်ဓါတ်ဖြင့် မျက်နှာလွှဲနေသော စောဒကရှင်တို့အား ယခုအချိန်ထိတိုင်) တရားလမ်းမှန်ကို မရစေခဲ့လေသလော။ ၄င်းတို့သည် ထိုရှေးသူဟောင်းများ၏ (အချို့သော သူတို့၏) နေထိုင်ရာ နေရာများတွင် သွားလာလှုပ်ရှား (လှည့်လည်လျက်) ရှိကြပေသည်။ (အဘာယ်ကြောင့်ဆိုသော် ဆီးရီးယားနိုင်ငံသို့ သွားလျက် မက္ကာဟ်မြို့သားတို့၏ သွားရာလမ်း၌ ၄င်းတို့ထံမှ အချို့သောသူတို့၏ အဆောက်အဦးများ တည်ရှိပေသည်။) ဧကန်စင်စစ် ဤ (အထက်ဖော်ပြပါကိစ္စများ) ၌ ဆင်ခြင်တုံတရားရှိသူတို့ (စဉ်းစားသဘောပေါက်ရန်) အဖို့ အမှန်ပင် (ပြည့်စုံသော) လက္ခဏာများ (မျက်နှာလွှဲခြင်း၏ အဆုံးမကောင်းခြင်းတို့သည်လည်း) ရှိကုန်၏။ စင်စစ် (၄င်းတို့အပေါ် 'အဇာဗ်'အပြစ်ဒဏ် ချက်ချင်း မကျရောက်ခြင်းကြောင့် ၄င်းတို့သည် မိမိတို့ဘာသာ ကဲ့ရဲ့ထိုက်ဖွယ်မဟုတ်ကြောင်း သံသယဖြစ်ရှိနေလျှင်မူ ထိုသို့ အလျင်စလို ပြစ်ဒဏ်တော် မကျရောက်လာခြင်း၏ ဖစ်မြစ်သဘောတရားမှာ ဤသို့တည်း။ အို, နဗီတမန်တော်) အကယ်၍သာ အသင့်အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ထံတော်မှ အမိန့်တော်တစ်ရပ်သည်လည်းကောင်း၊ (အချို့သော ကြောင်းကျိုးတရားတို့ကြောင့် ၄င်းတို့အား နှောင့်ဆိုင်းခွင့် ပေးထားပေသည်။ 'အဇာဗ်'အပြစ်ဒဏ်ပေးရန်အတွက်) သတ်မှတ်ပိုင်းခြားအပ်သော (ကေယာမသ်နေ့၏) အချိန်ကာလတစ်ခုသည် ၄င်းမူလကပင် မရှိခဲ့ပါလျှင် (၄င်းတို့၏ ကုဖ္ဖရ် (သွေဖည်ငြင်းဆိုမှု) နှင့် မျက်နှာလွှဲမှုတို့အတွက် လိုလားချက်မှာ ပြစ်ဒဏ်သည် ၄င်းတို့အပေါ်၌) မလွှဲမရှောင်သာ ဆိုက်ရောက်ခဲ့မည်သာ (ဖြစ်၏။ အချုပ်သဘောတရားမှာ ကုဖ္ဖရ် (သွေဖည်ငြင်းဆိုမှု) ၏ သက်ရောက်တော်မူရန်မှာ 'အဇာဗ်'အပြစ်ဒဏ် ဖြစ်ပေသည်။ သို့ရာတွင် ဟန့်တားချက်တစ်ရပ်ကြောင့် ရပ်တန့်နှောင့်ဆိုင်းနေခြင်း ဖြစ်ပေသည်။ သို့ရှိရာ ၄င်းတို့၏ ထိုသံသယနှင့် 'အဇာဗ်'အပြစ်ဒဏ် ချက်ချင်းမလာရောက်ခြင်းသည် မိမိတို့ အမှန်တရားပေါ်၌ တည်ရှိနေသည်ဟူ၍ အထောက်အထားရယူထားခြင်းသည် မှားယွင်းပေသည်။ အချုပ်မှာ ဤသည် နှောင့်ဆိုင်းခွင့် ပေးထားခြင်းဖြစ်သည်။ လုံး၀ လွှတ်ထားလိုက်ခြင်း မဟုတ်ပေ။)

သို့ဖြစ်ပေရာ (ပြစ်ဒဏ်သက်ရောက်လာရန် ယုံကြည်ပါမူ၊ အို၊ နဗီတမန်တော်) အသင်သည် ၄င်းတို့ (ကုဖ္ဖာရ်သွေဖည်ငြင်းဆိုမှု) ဖြင့် ရောယှက်ကာ) ပြောဆိုကြသော ကိစ္စနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ (အလ္လာဟ်အသျှင်မြတ်အတွက်ပင် မုန်းတီးမှုတရားထားခြင်းကြောင့် ၄င်းတို့အပေါ် အမျက်ဒေါသထွက်၍ နေပေသည်။ ထိုသူတို့အပေါ် ကျရောက်လာမည် ဖြစ်သော ပြစ်ဒဏ်သည် နှောင့်ဆိုင်းနေသည့်အတွက် ကြောင့် နေမထိထိုင်မသာ ဖြစ်နေပေသည်။ ယင်းသို့ နေမထိ၊ ထိုင်မသာ ဖြစ်နေခြင်းကို စွန့်လွှတ်လိုက်ပါ။) ထို့ပြင် အသင်သည် နေမထွက်မီလည်းကောင်း၊ (ဥပမာ- ဖဇ္ဂျရ်)၊ နေမဝင်မီလည်းကောင်း၊ (ဥပမာ- မဂ်ရိဗ်နှင့် အေရှာနမာဇ်) နေ့၏ အစွန်များ၌လည်းကောင်း (ထိုအသျှင်မြတ်) သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ချီးမွမ်းပါလေ။ (ဘာဝနာစီးဖြန်းရန်အတွက် လေးနက်စွာဖြစ်ရန် အကြိမ်ကြိမ်အခါခါ မိန့်ဆိုထားပေသည်။ အကြင်အချိန်ကို ထောက်ရှုကာ မိန့်ထားခြင်းကြောင့် 'ဖဇ္ဂျရ်'နှင့် 'မဂ်ရိဗ်'အချိန်၌ 'ဇိကဲရ်' ပြုရန် လေးနက်စွာပြုရန်ကိုလည်း အထပ်ထပ်အခါခါ မိန့်တော်မူထားခြင်း ဖြစ်ပေသည်။ (ဤသို့အားဖြင့် အကျိုးစဝါးဗ်ကိုလည်း ရရှိကာ) အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရတန်ရာ၏။ (အလိုသဘောမှာ အသင်သည် စစ်မှန်သော ခဝပ်ကိုးကွယ်ခြင်းကို ခံထိုက်တော်မူသော အသျှင်မြတ်ထံတော်ပါးသို့ အာရုံစူးစိုက်မှုကို ပြုပါလေ။ လူတို့ ပြောဆိုမှုနှင့် စပ်လျဉ်း၍ သောကမထားလေနှင့်။) ထို့ပြင် အသင်သည် ငါအသျှင်မြတ်က ယင်း (ကာဖိရ်) တို့အနက် လူတန်းစားအမျိုးမျိုးတို့အား အကျိုးခံစားစေတော်မူခဲ့သော လောကစည်းစိမ် (ဥစ္စာပစ္စည်း) တို့ကို မိမိ၏ မျက်စိအစုံဖြင့် ယခု အချိန်ထိတိုင် မကြည့်ဖူးသကဲ့သို့) မော်၍မျှ မကြည့်ပါလေနှင့်။ (အမှန်စင်စစ်) ငါအသျှင်မြတ်သည် ယင်းစည်းစိမ်ဥစ္စာနှင့် စပ်လျဉ်း၍ ၄င်းတို့ (ယဟူဒီ၊ နစ္စရာနီနှင့် မုရှ်ရစ်ကဲများ) အား စမ်းသပ်တော်မူရန် လောကီဘဝ၏ ခမ်းနားသိုက်မြိုက်မှုအဖြစ်သာလျှင် (အကျိုးခံစားစေတော်မူခြင်းပင်) ဖြစ်ချေသည်။ (အလိုသဘောမှာ အခြားသော သူများကို ကြားနာစေခြင်း ဖြစ်ပေသည်။ အပြစ်ကင်းစင်သော နဗီအဖို့ ဤတားမြစ်ချက် လာရှိထားပေသည်။ အကြင်တားမြစ်ချက်နှင့် စပ်လျဉ်း၍ ကျူးလွန်မှုပြုရန် မဖြစ်တန်ကောင်းသောအရာ ဖြစ်လေရာ အပြစ်မကင်းသော သူတို့အဖို့ ၄င်းအချက်အား ဂရုမူရန် အဘယ်ကြောင့် အရေးမကြီးဘဲ ရှိနိုင်အံ့နည်း။ စမ်းသပ်တော်မူခြင်းသည် မည်သူသည် ကျေးဇူးတရားကို သိရှိတော်မူ၍ မည်သူသည် ဆိုးသွမ်းမှုကို ပြုပေသနည်း။)

စင်စစ် အသင့်အား မွေးမြူဖုန်ဆင်းတော်မူသော အသျှင်မြတ် ('အာခေရသ်'နောင်တမလွန်၌) ချီးမြှင့်တော်မူသော စားနပ်ရိက္ခာသည်သာလျှင် (ဤလောကီဘဝ၌ ချီးမြှင့်သော အရာများထက် သာပို၍) အကောင်းဆုံးပင် (ဖြစ်၏။) ထို့ပြင် (မည်သည့်အခါမျှ ပျောက်ပျက်သွားမည်မဟုတ်ဘဲ အကြာရှည်ဆုံး) အတည်မြဲဆုံးပင် ဖြစ်ပေသည်။ (တင်ပြချက်၏ အချုပ်သဘောတရားမှာ ၄င်းတို့၏ မျက်နှာလွှဲခြင်းဘက်သို့လည်း အာရုံမပြုလေနှင့်။ ၄င်းတို့၏ စည်းစိမ်ခံစားသော အရာများဘက်သို့လည်း အာရုံမပြုလေနှင့်။ အားလုံးသောသူတို့၏ အချုပ်ဇာတ်လမ်းသည် 'အဇာဗ်'အပြစ်ဒဏ်သာလျှင် ဖြစ်ပေသည်။) ၄င်းပြင် အသင်သည် မိမိ၏ အိမ်သူ၊ အိမ်သား တပည့်သာဝက (မိမိတို့၏ ဆွေမျိုးသားချင်းများကိုသော်လည်းကောင်း၊

သို့မဟုတ် မုအ်မင်နီများကိုသော်လည်းကောင်း) တို့အား 'ဆွလားသ်'ဝတ်ပြုကြရန် အမိန့်ပေးလျက် ရှိပါလေ။ (သာပို၍ အာရုံထားထိုက်ဖွယ် ကောင်းသော အမှုကိစ္စများပင် ဖြစ်လေသည်။ ငါအသျှင်မြတ်သည် အသင့်ထံ (ဤကဲ့သို့ပင် အခြားသော သူများထံ အရေးကြီးသော နာခံမှုများမှ အဟန့်အတားဖြစ်စေသော) စားနပ်ရိက္ခာကို (ရှာဖွေနိုင်းကာ) တောင်းခံတော်မူမည် မဟုတ်ပေ။ (အမှန်စင်စစ်) ငါအသျှင်မြတ်သည်သာလျှင် အသင့် (နှင့် အခြားသူတို့) အား ရိက္ခာကို ချီးမြှင့်တော်မူလေသည်။ (အဓိကရည်ရွယ်ချက်မှာ ဝမ်းစာရှာဖွေခြင်း မဟုတ်ဘဲ သာသနာနှင့် အမိန့်နာခံမှုသာ ဖြစ်ပေသည်။ ဝမ်းစာရှာဖွေခြင်းနှင့် စပ်လျဉ်း၍ အရေးကြီးသော အချက်မှာ အမိန့်နာခံမှုတို့ကို ပြုကျင့်ရာ၌ အနှောင့်အယှက် မဖြစ်စေသော အခြေအနေမျိုး၌ ရှာဖွေခွင့်နှင့် ရှာဖွေရန်အမိန့်ကို ပြဆိုထားပေသည်။) စင်စစ် နောက်ဆုံး အကျိုးဆက်သည် ရှောင်ကြဉ်ခြင်းတရားအတွက်သာ ဖြစ်သည်။ (ထို့ကြောင့် لَا تَمُدَّنَّ နှင့် وَأْمُرْ اَهْلَكَ တို့၏ အမိန့်ကို ပေးထားပေသည်။ စောဒကတက်သောသူတို့၏ အချို့သော အခြေအနေနှင့် လုပ်ရပ်များကို အထက်၌ တင်ပြထားပေသည်။ ဤနည်းနှင်နှင် အခြားသော အဆိုတစ်ရပ်ကိုလည်း ပြောဆိုကြလေသည်။) ထို့ပြင် ၎င်းတို့က (ရန်ငြိုး၊ ရန်စွယ်များစွာဖြင့်) ယင်း (မိုဟမ္မဒ်) သည် အဘယ်ကြောင့် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ထံတော်မှ (မိမိနဗီဖြစ်ကြောင်း) သက်သေလက္ခဏာ တစ်စုံတစ်ရာကို ကျွန်ုပ်တို့ထံ ယူဆောင်၍ မလာပါသနည်း' ဟု ပြောဆိုကြကုန်၏။ (တုန့်ပြန်ဖြေကြားချက်ကို ရှေ့၌ မိန့်မြွက်ထားပေသည်။) မည်သို့ပါနည်း။ ရှေ့ကျမ်းများတွင် လာရှိသော အဆုံးအမတရားတော်များကို ထောက်ခံသော ထင်ရှားလှသည့် သက်သေလက္ခဏာသည် ၎င်းတို့ထံ မရောက်ရှိခဲ့လေသလော။

အလိုသဘောမှာ ၎င်းတို့ထံ ကုရ်အာန်ကျမ်းတော်မြတ်သည် မရောက်ရှိခဲ့ပါ၏လော။ အကြင်ကျမ်းသည် အစကတည်းက ထင်ရှားကျော်ကြားလျက်ရှိပေရာ ထိုကျမ်းမြတ်သည် ၎င်းနဗီဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ပြည့်စုံသော အထောက်အထားဖြစ်ပေသည်။ စင်စစ် အကယ်၍သာ ငါအသျှင်မြတ်သည် ၎င်းတို့အား ယင်း (နဗီတမန်တော် မိုဟမ္မဒ်အား စေလွှတ်တော်မမူမီအလျှင် (ထိုကုရ်အာန်ကျမ်းတော်မြတ် ထုတ်ပြန်မပို့ချမီအလျှင် ကုဖွ်ရ်သွေဖည်ငြင်းဆိုမှုကြောင့်) ပြစ်ဒဏ်တစ်စုံတစ်ရာဖြင့် (ကေယာမသ်နေ့၌ ကုဖွ်ရ်သွေဖည်ငြင်းဆိုမှုကြောင့် မုချ သက်ရောက်လာမည် ဖြစ်သော) ပြစ်ဒဏ်တစ်စုံတစ်ရာဖြင့် ပျက်စီးစေတော်မူခဲ့ပါလျှင် အမှန်ပင် ၎င်းတို့က (ချွင်းချက်ပုံစံမျိုးဖြင့်) အို၊ ကျွန်တော်မျိုးတို့အား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် အဘယ်ကြောင့် ကျွန်တော်မျိုးတို့ထံ ကမ္ဘာလောက၌) ရစူလ်တမန်တော်တစ်ပါးပါးကို စေလွှတ်တော်မမူခဲ့ပါသနည်း။ သို့ (စေလွှတ်တော်မူခဲ့) ပါလျှင် ကျွန်တော်မျိုးတို့သည် (ကိုယ်တိုင်) မိမိတို့၏ ဂုဏ်သရေ မနိမ့်ကျမီအလျှင်၌လည်းကောင်း၊ (အခြားသော သူတို့၏ အရှုများ၌) ကျိုးယုတ်ရှက်ရ မဖြစ်ကြမီအလျှင်၌လည်းကောင်း၊ အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာကြမည်သာ ဖြစ်ပါသည်' ဟု ပြောဆိုကြပေမည်။ (သို့ဆိုလျှင် ယခု ထိုချွင်းချက်အနေဖြင့် တင်ပြခြင်းလည်း ပလပ်မှုရရန် အခြေအနေ မရှိပေ။ 'ထို 'အဓား'သည် မည်သည့်အချိန်၌ ဆိုက်ရောက်လာပေမည်နည်း'

ဟူ၍ ပြောဆိုလာကြပါမူ၊ အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့၊ ကျွန်ုပ်တို့) အားလုံးပင် စောင့်မျှော်၍ နေသူများပင် ဖြစ်ကြပေရာ အသင်တို့သည်လည်း (အနည်းငယ် ထပ်မံ၍) စောင့်မျှော်ကြလေကုန်။ သို့ (စောင့်မျှော်ကြ) ပါလျှင် မကြာမီ မည်သူတို့သည် ဖြောင့်မှန်သော လမ်းပေါ်၌ ရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း၊ မည်သူတို့သည် (ခရီးဆုံးထိတိုင်) တရားလမ်းမှန် ရရှိခဲ့သူများ ဖြစ်ကြသည်ကိုလည်းကောင်း သေပြီးတစ်ဖန် (သို့) ရှင်ပြန်ထပြီးနောက် (အသင်တို့သည်လည်း) သိရှိကြပေလိမ့်မည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

أَفَلَمْ يَهْدِ لَهُمْ

မည်သို့ပါနည်း။ ငါအသျှင်မြတ်သည် တရားလမ်းမှန်ကို မရစေခဲ့သလော။ *[၂၀ ፡ ၁၂၈]*

يَهْدِ ဟူသော ကြိယာ၌ ပြုလုပ်သူ ကတ္တား၏ အညွှန်းနာမ်စားသည် ထိုစကားလုံးအတွင်း၌မှာပင် တည်ရှိနေသော 'တရားလမ်းမှန်ပြသသူ' ဘက်သို့ လှည့်နေပေသည်။ ထိုစကားလုံး၏ အလိုသဘောသည် ကုရ်အာန်ကျမ်းတော်မြတ် သို့မဟုတ် တမန်တော်မြတ် ﷺ ဖြစ်ပေသည်။ သို့ရှိရာ အဓိပ္ပာယ်သည် ဤသို့ ဖြစ်သွားပေသည်။ ကုရ်အာန်ကျမ်းတော်မြတ် သို့မဟုတ် တမန်တော်မြတ် ﷺ သည် ထိုမက္ကာဟ်သားတို့ကို တရားလမ်းမှန် မပြသခဲ့ပေ၏လော။ အသင်တို့အလျှင် ရှိခဲ့ကြသော အာဃာယ်မျှခန့်သော မျိုးနွယ်အုပ်စုများနှင့် အသင်းအဖွဲ့များကို အဓိန့်ဖိဆန်မှုကြောင့် အလ္လာဟ်အသျှင်မြတ်၏ 'အဇာဗ်' တော်အတွင်း သက်ရောက်ကာ မပျက်စီးခဲ့ပေ၏လော။ အကြင်သူတို့၏ အဆောက်အဦးများနှင့် မြေကြီးများ၌ ယခု အသင်တို့သည် လျှောက်လှမ်းလျက် ရှိကြကုန်၏' ဟူ၍လည်းကောင်း၊ ထိုကြိယာအတွင်းရှိ ပြုလုပ်သူ ကတ္တားကို အလ္လာဟ်အသျှင်မြတ်၏ဘက်သို့ လှည့်ကာ အဓိပ္ပာယ်ကောက်မည်ဆိုလျှင် 'အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား လမ်းမှန် မပြသပေ၏လော' ဟူ၍ ဖြစ်သည်။

فَاصْبِرْ عَلَىٰ مَا يَقُولُونَ

သို့ဖြစ်ပေရာ အို၊ နဗီတမန်တော်၊ အသင်သည် ၎င်းတို့ ပြောဆိုကြသော ကိစ္စနှင့် စပ်လျဉ်း၍ သည်းခံပါလေ။ *[၂၀ ፡ ၁၃၀]*

မက္ကာဟ်မြို့သားတို့သည် အီမာန်ရယူခြင်းမှ ရှောင်ပြေးရန်အတွက် အမျိုးမျိုးသော ဥဏ်နီ ဥဏ်နက်များကို ရှာဖွေလေ့ရှိကြပေသည်။ တမန်တော်မြတ် ﷺ အား မလျော်ကန်သော စကားလုံးမျိုးများဖြင့် သုံးနှုန်းကာ ပြောဆိုကြပေသည်။ အချို့သော သူတို့က ပယောဂဆရာ၊ အချို့က ကဗျာဆရာနှင့် အချို့သူတို့က လိမ်လည်ပြောဆိုသူဟူ၍ ပြောဆိုကြပေသည်။ ၎င်းတို့ပေးသော ဒုက္ခအား ကုစားမှုကို ကုရ်အာန်

ကျမ်းတော်မြတ်သည် ဤနေရာ၌ အချက်နှစ်ချက်အား ပြဆိုထားပေသည်။ ပထမချက်မှာ 'အသင်သည် ၎င်းတို့ ပြောဆိုမှုဘက်သို့ ဂရုမမူ အာရုံမထားဘဲ သည်းခံနေကြကုန်။' ဒုတိယအချက်မှာ 'အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုပြုရာ၌ နစ်မွန်းလျက် ရှိကြကုန်' ဟူ၍ ဖြစ်သည်။ အကြင်အချက်ကို ရှေ့ဝါကျ၌

فَسَبِّحْ بِحَمْدِ رَبِّكَ

(ထို့ပြင် အသင်သည် မိမိအား မွေးမြူဖန်ဆင်းတော်မူသော အသျှင်မြတ်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါလေ) ဟူသော စကားလုံးများဖြင့် တင်ပြထားပေသည်။

ရန်သူများ ဒုက္ခပေးခြင်းမှ ရှောင်ရှားရန် ကုသချက်သည် သည်းခံခြင်းတရားနှင့် အလ္လာဟ်အသျှင်မြတ်အား သတိရတခြင်းအတွင်း နစ်မွန်းရမည့်အကြောင်း

ရန်သူများ တည်ရှိခြင်းသည်မှ ဤကမ္ဘာလောက၌ ကြီးသော၊ သေးသော၊ ကောင်းသော၊ မကောင်းသော မည်သည့်လူသားတစ်ဦးဦးမဆို ကင်းလွတ်နေသည်ဟူ၍ မရှိပေ။ လူတိုင်း၌ အနည်းနှင့်အများမဆို ရန်သူ ရှိပေသည်။ ရန်သူသည် အဘယ်မျှခန့်ပင် အားအင်ချည့်နဲ့နေသော်လည်း မိမိ၏ ဆန့်ကျင်ဘက်ဖြစ်သူအား နှုတ်လျှာဖြင့် ဆဲရေးတိုင်းထွာကာ အနည်းနှင့်အများမဆို ဒုက္ခပေးပေသည်။ ရှေ့၌ သတ္တိမရှိလျှင်မူ နောက်ကွယ်၌ပင် ဒုက္ခပေးပေသည်။ ထို့ကြောင့် ရန်သူ၏ ဒုက္ခပေးခြင်းမှ ရှောင်ရှားရန် သောကသည် လူတိုင်း၌ ရှိပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ယင်းအချက်၏ အကောင်းဆုံး၊ အအောင်မြင်ဆုံးသော အညွှန်းကို အချက်နှစ်ချက်ဖြင့် ပေါင်းစပ်ကာ တင်ပြထားပေသည်။ ပထမအချက်မှာ 'စွဗရ်'သည်းခံမှုတရား ထားရှိခြင်း) တစ်နည်း မိမိ၏ စိတ်ရိုင်းကို မိမိ၏ ချုပ်ထိန်းမှုအတွင် ထားရှိခြင်းနှင့် အစားယူရန် သောကကို မထားရှိခြင်း ဖြစ်ပေသည်။ ဒုတိယအချက်မှာ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် ခဝပ်ကိုးကွယ်မှုအတွင်း၌ နစ်မွန်းနေခြင်း ဖြစ်ပေသည်။ ထိုသို့ ရန်သူများ ဒုက္ခပေးခြင်းမှ လွတ်မြောက်အောင်မြင်မှု ရရှိရန် အညွှန်းမှာ ဤသည်တို့သာလျှင် ဖြစ်ကြောင်း အတွေ့အကြုံက မီးမောင်းထိုးပြနေပေသည်။ သို့တည်း မဟုတ်ပါက ကလဲ့စားရယူရန် သောကထားရှိသောသူသည် အဘယ်မျှခန့်ပင် အင်အားရှိ၍ ဟိတ်ဟန်ရှိသောသူ ဖြစ်နေလင့်ကစား များစွာသော အချိန်အခါမျိုး၌ ဆန့်ကျင်ဘက်၌ ရှိသူအား ကလဲ့စားရယူနိုင်စွမ်း မရှိပေ။ ဤသို့ ကလဲ့စားရယူရန် သောကဝေဖြာနေခြင်းသည် ၎င်းအဖို့ သီးသန့် 'အဇာဗ်'အပြစ်ဒဏ်တစ်ခု သဖွယ် ဖြစ်သွားပေသည်။ အကြင်အခါဝယ် လူသား၏ အာရုံစူးစိုက်မှုသည် အလ္လာဟ်အသျှင်မြတ်ဘက်သို့ ထားရှိ၍ 'ဤကမ္ဘာလောက၌ မည်သူတစ်ဦးတစ်ယောက်မျှ အခြားတစ်ဦးတစ်ယောက်အား အလ္လာဟ်အသျှင်မြတ်၏ သဘောတူညီချက် မပါရှိဘဲ ဆိုးကျိုး၊ ကောင်းကျိုး မပေးနိုင်ကြောင်း၊ အလ္လာဟ်အသျှင်မြတ်၏ လုပ်ရပ်တိုင်းဟူသရွေ့တို့သည် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော အမြော်အမြင်တော်အပေါ်၌သာ မူတည်

နေကြောင်း၊ ဖြစ်ပေါ်လာသော ပုံပန်းသဏ္ဌာန်အားလုံးအတွင်း၌လည်း အမြော်အမြင်တော်တစ်ရပ်ရပ် တည်ရှိနေမည်ဖြစ်ကြောင်း' ကို နှလုံးသွင်းထားမှု ဆန့်ကျင်ဘက်သူ၏ ဘက်မှ ပေးသော ဒုက္ခကြောင့် ပေါ်ပေါက်လာသော အမျက်ဒေါသတို့သည် အလိုအလျောက် ပြေပျောက်သွားပေလိမ့်မည်။ ထို့ကြောင့် အာယသ်တော်၏ နောက်ဆုံးပိုင်း၌

لَعَلَّكَ تَرْضٰى

ဤသို့အားဖြင့် အသင်သည် အလ္လာဟ်အသျှင်မြတ်၏ ကျေနပ်နှစ်သက်မှုကို ရတန်ရာ၏။

[၂၀ : ၁၃၀]

ဆိုလိုသည်မှာ 'အသင်သည် အလ္လာဟ်အသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း မြွက်ဟခြင်း ကို ဂုဏ်တော်မွမ်းခြင်းနှင့် ကျေးဇူးတင်ရှိခြင်းနှင့်အတူ မြွက်ဟကုန်။ ထိုအာယသ်တော်အတွင်း၌ 'အကြင် ကျေးကျွန်လူသားတစ်ဦးသည် အလ္လာဟ်အသျှင်မြတ်အား သတိရတသခွင့်နှင့် ခဝပ်ကိုးကွယ်မှုပြုနိုင်ရန် စွမ်းအား ရရှိသွားသည်ဆိုလျှင် ၎င်းသည် မိမိ 'အမလ်' (ကျင့်ကြံမှု) အပေါ် ဂုဏ်မောက်နေမည့်အစား 'ဤသို့ အလ္လာဟ်အသျှင်မြတ်အား သတိရ တသနိုင်ခြင်းနှင့် ခဝပ်ကိုးကွယ်မှု ပြုနိုင်ခြင်းသည် ထိုအသျှင်မြတ် ချီးမြှင့်ထားသော စွမ်းအား၏ အကျိုးဆက်တရားဖြစ်ကြောင်း' ဟူ၍ မှတ်ယူကာ အလ္လာဟ်အသျှင်မြတ် အား ချီးမွမ်းထောပနာပြုခြင်းနှင့် ကျေးဇူးတင်ရှိခြင်းကို မိမိ၏ လုပ်ရိုးလုပ်စဉ်အဖြစ် ထားရှိရန် သင့်ပေသည်' ဟူသော အချက်ဘက်သို့ ရည်ညွှန်း ဖော်ထုတ်ထားပေသည်။

ဤ فَسَبِّحْ بِحَمْدِ ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် 'ဇိက်ရ်'နှင့် 'ဟမ်းဒ်' (အလ္လာဟ်အသျှင် မြတ်အား ချီးမွမ်းထောပနာပြုခြင်း) ဟူသော အများသုံး အဓိပ္ပာယ်အသွင်မျိုးလည်း ကောက်ယူနိုင်သကဲ့သို့ သီးသန့် နမာဇ်၏ အဓိပ္ပာယ်အဖြစ်လည်း ကောက်ယူနိုင်ပေသည်။ များစွာသောအဖွင့်ရှင်တို့သည် ဤအဓိပ္ပာယ် ကိုသာလျှင် ကောက်ယူထားကြလေသည်။ ထိုဝါကျ၏နောက် လာရှိထားသော အချိန်အပိုင်းအခြား ခွဲခြား မှုတို့သည်လည်း နမာဇ်များ၏ အချိန်များကိုသာလျှင် သတ်မှတ်ပေးထားခြင်း ဖြစ်ပေသည်။

ဥပမာ- قَبْلَ طُلُوْعِ الشَّمْسِ (နေမထွက်မီလည်းကောင်း) မှ အလိုသဘောသည် 'ဖဂျ်ရ်' ဖြစ်၍ قَبْلَ غُرُوْبِهَا (နေမဝင်မီလည်းကောင်း) ၏ အလိုသဘောမှာ 'ဇုဟ်ရ်'နှင့် 'အဆွရ်' နမာဇ် ဖြစ်ပြီး مِنْ اٰنَآءِ اللَّيْلِ (ညဥ့်အချိန်များတွင်လည်းကောင်း) ၏ အလိုသဘောမှာ 'မဂ်ရိဗ်' နှင့် 'အေရှာဟ်'နမာဇ်ဖြစ်ပြီး နောက်ဆုံးအဆင့်အနေဖြင့် 'သဟ်ဂျ်ဂျုဒ်' နမာဇ်သည်လည်း ပါဝင်ပေသည်။ တစ်ဖန် اَطْرَافَ النَّهَارِ (နေ့၏ အစွန်းများ၌လည်းကောင်း) မှ ထိုနမာဇ်များအား သာပို လေးနက်စွာ မိန့်ဆိုထားခြင်း ဖြစ်ပေသည်။

စည်းစိမ်ဥစ္စာတို့သည် ရက်အချို့အတွက်သာ ဖြစ်၍ အသျှင်မြတ် လက်ခံတော်မူခြင်း ခံထားရသော လက္ခဏာ မဟုတ်ခြင်းအကြောင်းနှင့် မုအ်မင်န်များအတွက် စိုးရိမ်ဖွယ်အချက်ဖြစ်ခြင်းအကြောင်း

وَلَا تَمُدَّنَّ عَيْنَيْكَ

အသင်သည် မိမိ၏ မျက်စိအစုံဖြင့် မော်၍မျှ မကြည့်လေနှင့်။ [၂၀ း ၁၃၁]

ဟူသော အာယသ်တော်၌ တမန်တော်မြတ် ﷺ အား ရည်ညွှန်းမိန့်မြွက်ထားပေသည်။ စင်စစ် အွမ္မသ် (နောက်လိုက်ထု) တို့အား လမ်းညွှန်ထားခြင်း ဖြစ်ပေသည်။ ကမ္ဘာလောက၌ ရှိသော ဥစ္စာရှင်၊ ဓနရှင်တို့အား အမျိုးမျိုးသော လောကီရေးရာ ကျက်သရေမင်္ဂလာ ဝင်းဖြာစေသော အရာများနှင့် အမျိုးမျိုးသော စည်းစိမ်များ ရရှိခံစားနေကြပေသည်။ အသင်သည် ထိုအရာများဘက်သို့ ဦးခေါင်းတော်ကို မော့၍လည်း မကြည့်လေနှင့်။ အဘယ်ကြောင့်ဆိုသော် ဤစိမ်ခံဖွယ်ရာ အရာများအားလုံးသည် ပျက်စီးသွားမည် ဖြစ်သော အရာနှင့် ရက်အချို့အတွက်သာ ဖြစ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် အသင်နှင့် အသင့်အား အကြောင်းခံ၍ မုအ်မင်န်များအား ချီးမြှင့်ထားသော 'နေအ်မသ်' (စည်းစိမ်တော်) များသည် ၄င်းတို့ထံ၌ ရှိသော ရက်အချို့သက်တမ်း လှပဖို့ရန်အတွက်ရှိသော အရာများထက် သာပို၍ ကောင်းမွန်ပေသည်။

'ကမ္ဘာလောက၌ ကာဖိရ်များနှင့် သူယုတ်မာတို့သည် စည်းစိမ်ယစ်နေကြ၍ ဓနစည်းစိမ်တော် အမြဲတစေ တည်ရှိနေခဲ့ခြင်း' နှင့် စပ်လျဉ်းသော မေးခွန်းသည် လူတိုင်းအဖို့ မေးစရာပင် ဖြစ်နေပေသည်။ ၄င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ မုန်းတီးခြင်းခံထားရ၍ သေးသိမ်သောသူများဖြစ်ရာ ၄င်းတို့ထံဝယ် ဤစည်းစိမ်တော်များသည် အဘယ်ကဲ့သို့၊ အဘယ်ကြောင့် ရောက်ရှိနေပေသနည်း။ အမိန့်နာခံသော မုအ်မင်န်တို့သည်မူ ဆင်းရဲစွာဖြင့် နေထိုင်နေရပေသည်။ ယုတ်စွအဆုံး ဟဇရသ်အုမရ် ؓ ကဲ့သို့သော ထက်မြက်သော သူတော်စင်ဆွဟာဗာကြီးကိုပင် ဤမေးခွန်းသည် စူးရှ သက်ရောက်စေလိုက်လေသည်။ ၄င်းသည် တမန်တော်မြတ် ﷺ သီးသန့်အနားယူတော်မူသော အဆောင်တော်အတွင်းသို့ ဝင်ရောက်ခစားလေရာ ကိုယ်တော်မြတ် ﷺ သည် ထူထဲ၍ ကြမ်းတမ်းလှသော ဖျာကြမ်းပေါ်၌ လဲလျောင်းတော်မူလျက် ရှိနေပေသည်။ ဖျာကြမ်း၏ အစင်းကြောင်းများသည် တမန်တော်မြတ် ﷺ ၏ မင်္ဂလာကိုယ်ပေါ်၌ ထင်ဟပ်နေသည်'ကို မြင်တွေ့လေရာ အလိုအလျောက် ငိုယိုတော်မူလိုက်သည်။ ထို့နောက် 'ဤ 'ကိုက်စရ်' နှင့် 'ကိုင်ဆွာရ်' ၄င်းတို့၏ အကြီးအကဲခေါင်းဆောင်များသည် မည်ကဲ့သို့ စည်းစိမ်တော်များနှင့် သက်တောင့်သက်သာဖြစ်မှု တည်ရှိနေပေသည်။ ကိုယ်တော်မြတ် ﷺ သည် အဖန်ဆင်းခံအားလုံးအတွင်း၌ အလ္လာဟ်အသျှင်မြတ် ရွေးချယ်ထားတော်မူသော ရစူလ်နှင့် အချစ်တော်တစ်ပါးလည်း ဖြစ်ပေရာ သက်တမ်းအား ကျော်ဖြတ်ခြင်း၏ အခြေအနေမှာ ဤသို့ ဖြစ်ပါ၏လော' ဟူ၍ လျှောက်ထားလေသည်။

တမန်တော်မြတ် ﷺ က 'အို၊ ခဲ့သွာဗ်၏ သား၊ အသင်သည် ယခုအချိန်ထိတိုင် ဒွိဟသံသယ အတွင်း၌ တည်ရှိနေပါ၏လော။ ဤသူတို့သည်မူ 'အလ္လာဟ်အသျှင်မြတ်သည် ၄င်းတို့ တစ်မက်နှစ်ခြိုက်သော

အရာများကို ဤကမ္ဘာလောက၌မှာပင် ပေးထားခြင်း ခံထားရသော သူများ' ဖြစ်သည်။ နောင် 'အာခိရတ်' ၌ ၎င်းတို့အဖို့ ဝေစုဝေပုံတစ်စုံတစ်ရာမျှ မရှိပေ။ ၎င်းတို့အပေါ်၌ 'အဇာဗ်'အပြစ်ဒဏ် ချည်းသာ ဖြစ်ပေမည်' ဟူ၍ မိန့်လိုက်ပေသည်။ (မုအ်မင်န်တို့၏ အမှုကိစ္စသည် ၎င်းတို့နှင့် ပြောင်းပြန် ဖြစ်ပေသည်။) ဤအတွက်ကြောင့်သာလျှင် တမန်တော်မြတ် ﷺ သည် မိမိအဖို့ အကောင်းဆုံးသော စိမ်ခံပစ္စည်းများကို ပြည့်ဝစွာ စုဆောင်းနိုင်စွမ်း ရှိပါလျက်နှင့် လောကီ၏ အလှတရားနှင့် သက်တောင့်သက်သာစွာ ရှာဖွေမှုတို့ကို လုံးဝ တောင့်တ ပတ်သက်မှု ကင်းစွာဖြင့် နေထိုင်သော သက်တမ်းမျိုးကို နှစ်သက်တော်မူပေသည်။ တစ်ခါတစ်ရံ လောကစည်းစိမ်ဥစ္စာတို့သည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးသို့ ကြိုးပမ်းမှု တစ်စုံတစ်ရာမရှိဘဲ ရောက်ရှိလာလျှင်မူ ချက်ချင်း အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်၌ သူဆင်းရဲတို့အား လှူဒါန်းတော်မူလိုက်၍ မိမိအဖို့ နံနက်ဖြန်အတွက် တစ်စုံတစ်ရာကိုမျှပင် မချန်ထားပေ။ အိဗ်နေအဗီဟာသင်မ်သခင်ကြီးသည် အဗူစအီးဒ်ခွဒ်ရီးသခင်ကြီး၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားပေသည်။ တမန်တော်မြတ် ﷺ သည် ဤသို့ မိန့်တော်မူထားလေသည်။

ان اخوف ما اخاف عليكم مايفتح الله لكم من زهرة الدنيا

အသင်တို့နှစ်ဦးနှင့် စပ်လျဉ်း၍ ငါကိုယ်တော်အား အကြောက်ရွံ့ဆုံး၊ အစိုးရိမ်ဆုံးဖြစ်မိသော အရာမှာ အသင်တို့အပေါ် လောကီရေးရာ ဓနစည်းစိမ်နှင့် အလှတရား လွှမ်းမိုးဖွင့်ပေးခြင်း ခံရသော အချက်ပင် ဖြစ်ပေသည်။ *[အိဗ်နေကဆီးရ်]*

ထိုဟဒီးစ်တော်အတွင်း၌ တမန်တော်မြတ် ﷺ သည် အမွှာသ်ကို ပထမကတည်းက 'နောင်လာမည့် အနာဂတ်ကာလ၌ အသင်တို့အဖို့ လမ်းစဖွင့်ပေးသူများ ကမ္ဘာလောက၌ ဖြစ်ရှိပေလိမ့်မည်။ ဥစ္စာဓန ပစ္စည်းနှင့် စိမ်ခံမှုအစုစုတို့သည် တိုးပွားစေခြင်းကို ခံရပေလိမ့်မည်။ ထိုအခြေအနေသည် အသင်တို့အဖို့ သာဖို့၍ ဝမ်းသာစရာမဟုတ်။ သို့သာမက ကြောက်ရွံ့စိုးရိမ်ရမည့်အချက်ပင် ဖြစ်ပေသည်။ ထိုစည်းစိမ်တော်များ အတွင်း၌ နစ်မွန်းကာ အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် ထိုအသျှင်မြတ်ဘက်မှ ချမှတ်ပေးထားသော ပညတ်ချက်များကို မေ့လျော့သွားခြင်းမျိုး မဖြစ်တန်ကောင်းပေ။

မိမိ၏ အိမ်သူအိမ်သားနှင့် မိမိနှင့် ပတ်သက်နေသော သူများအား နမာဇ်ကို တည်တံ့မြဲမြံစွာ ဖတ်ရွတ်ရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်ရန်နှင့် ၎င်း၏ အမြော်အမြင်

وَأْمُرْ أَهْلَكَ بِالصَّلٰوةِ وَاصْطَبِرْ عَلَيْهَا

၎င်းပြင် အသင်သည် မိမိ၏ အိမ်သူအိမ်သား တပည့်သာဝကတို့အား 'ဆွလား' ဝတ်ပြုကြရန် အမိန့်ပေးလျက် ရှိပါလေ။ ထို့ပြင် အသင်ကိုယ်တိုင်လည်း ယင်း 'ဆွလား'ဝတ်ပြုမှုအပေါ်၌ မယိမ်းမယိုင် တည်ကြည်မြဲမြံစွာ ရှိပါလေ။ *[၂၀ : ၁၃၂]*

ဤသည် ပြင်ပသဏ္ဌာန်အားဖြင့် ကြည့်မည်ဆိုလျှင် သီးသန့် အမိန့်နှစ်ရပ်ဟူ၍ ထင်မှတ်ရပေသည်။ တစ်ချက်မှာ အိမ်သူ၊ အိမ်သားတို့အား နမာဇ်ရှုတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်ရန်ဖြစ်ပြီး၊ ဒုတိယအမိန့်မှာ မိမိကိုယ်တိုင် စွဲမြဲစွာ ရှုတ်ဖတ်ရန်ဖြစ်ပေသည်။ သို့ရာတွင် သေချာဂနစွာ စဉ်းစားကြည့်ရှုခြင်းဖြင့် မိမိကိုယ်တိုင် နမာဇ်အား တည်တံ့မြဲမြံစွာ ဖတ်ရှုတ်နိုင်ရန်အတွက် 'အသင်၏ ပတ်ဝန်းကျင်၊ အသင်၏ အိမ်သူ၊ အိမ်သားနှင့် အသင်နှင့် ပတ်သက်နေသော သူများသည်လည်း နမာဇ်အား တည်တံ့မြဲမြံစွာ ဖတ်ရန်' အချက်သည် အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် ပတ်ဝန်းကျင်သည် အသင်နှင့် ဆန့်ကျင်ဘက်ဖြစ်နေပါမူ ဗီဇသဘောသဘာဝအရ လူသားသည် မိမိကိုယ်တိုင်လည်း မေ့လျော့ပေါ့ဆမှု၏ သားကောင်ဖြစ်သွားပေမည်။

أَهْلَ 'အဟ်လူးန်'ဟူသော စကားလုံး၌ ဇနီး၊ သားသမီးများနှင့် မိမိနှင့် ပတ်သက်နေသော သူများ အားလုံးတို့ ပါဝင်ပေသည်။ အကြင်သူတို့ဖြင့် လူသားသည် မိမိ၏ အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို ထူထောင်ထားပေသည်။ တမန်တော်မြတ် ﷺ အပေါ် ဤအာယသ်တော်မြတ် ကျရောက်လာသောအခါဝယ် ကိုယ်တော်သည် နေ့တိုင်း 'ဖွဂျရ်'နမာဇ်အချိန်တွင် ဟဇရတ်အလီနှင့် ဖာသွေမဟ်သခင်မတို့၏ အိမ်သို့ ကြွမြန်းသွားကာ 'နမာဇ်၊ နမာဇ်' ဟူ၍ အသံပြုလေသည်။ *[ကုရ်သွဗီးကျမ်း]*

ဟဇရတ်အုမ်ရ်ဝါးဖင်န် သခင်ကြီးသည် မည်သည့်အချိန်အခါမျိုး၌မဆို သူဌေးနှင့် အာဏာရှင်တို့၏ စည်းစိမ်ရတနာများအပေါ် မိမိ၏အမြှ ကျရောက်သွားသည်ဆိုလျှင် ချက်ချင်း မိမိ၏ အိမ်သို့ ပြန်လည်ကြွလာကာ အိမ်သူအိမ်သားများကို နမာဇ်ဝတ်ပြုရန် ဖိတ်ခေါ်၍ အထက်ဖော်ပြပါ အာယသ်တော်ကို ဖတ်ရှုတ်ပြလေသည်။ ဟဇရတ်အုမရ်သခင်ကြီး ညဦးအချိန် 'သဟ်ဂျုဒ်'နမာဇ် ဝတ်ပြုရန်အတွက် နိုးကြားလာပါမူ မိမိ၏ အိမ်သူအိမ်သားတို့ကိုလည်း နိုးထစေကာ ဤအာယသ်တော်ကိုသာလျှင် ရှုတ်ဖတ်ပြလေသည်။ *[ကုရ်သွဗီးကျမ်း]*

အကြင်လူသားသည် နမာဇ်နှင့် အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုအတွင်း၌ နစ်မွန်းသွားသည်ဆိုလျှင် အသျှင်မြတ်သည် ၎င်းအဖို့ စားနပ်ရိက္ခာရေးရာ ကိစ္စအား လွယ်ကူစွာ ပြုပေးတော်မူမည် ဖြစ်ကြောင်း

لَا نَسْئَلُكَ رِزْقًا

ငါအသျှင်မြတ်သည် အသင့်ထံတွင် စားနပ်ရိက္ခာကို တောင်းခံမည်မဟုတ်ပေ။ *[၂၀ : ၁၃၂]*

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် အသင်တို့ထံမှ 'အသင်ကိုယ်တိုင်နှင့် အသင့်အိမ်သူအိမ်သားတို့၏ စားနပ်ရိက္ခာကို မိမိ၏အသိပညာနှင့် ကျင့်ကြံမှုတို့၏ အင်အားတို့ဖြင့် ရရှိအောင် ပြုကုန်'ဟူ၍ မတောင်းခံထားပေ။ သို့သာမက ဤအမှုကိစ္စကို ငါအသျှင်မြတ်သည် မိမိ၏ တာဝန်အဖြစ် ရယူထားပေသည်။

အဘယ်ကြောင့်ဆိုသော် စားနပ်ရိက္ခာ ရယူစုဆောင်းခြင်းသည် စင်စစ်၌ လူသားတို့၏ အင်အားအတွင်း၌ မှာပင် မရှိပေ။ ၎င်းတို့သည် အများဆုံး 'မြေကြီးကို စိုက်ပျိုးနိုင်ရန် နူးညံ့အောင်ပြု၍ သီးနှံမျိုးစေ့ စိုက်ပျိုးလိုက်ခြင်း' တို့ကိုသာ ပြုနိုင်ကြပေသည်။ သို့ရာတွင် သီးနှံမျိုးစေ့အတွင်းမှ သစ်ပင်ကို ပေါက်ရောက် ပေါ်ထွက်စေခြင်းတို့၌ အသင်လူသားတို့၏ ပြုမှုဆောင်ရွက်ချက် အနည်းငယ်မျှပင် မပါဝင်ပေ။ ထိုလုပ်ရပ် သည် အလ္လာဟ်အသျှင်မြတ်၏ တိုက်ရိုက်ဖန်ဆင်းမှုသာ ဖြစ်ပေသည်။ ပျိုးပင်၊ ပေါက်ပင် ထွက်ပေါ်လာ ပြီးနောက်ပိုင်း၌လည်း လူသားတို့၏ ဆောင်ရွက်မှုအလုံးစုံမှာ ထိုအပင်အား စောင့်ရှောက်ခြင်းနှင့် အလ္လာဟ် အသျှင်မြတ်၏ တန်ခိုးတော်ဖြင့် ဖန်ဆင်းပေးတော်မူလိုက်သော အဖူး၊ အပွင့်၊ အသီးတို့မှ အကျိုးရယူ ခံစားရန် ဖြစ်ပေသည်။ အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ခဝပ်ကိုးကွယ်မှုအတွင်း၌ နစ်မွန်းနေသည် ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ဤကြီးပမ်းမှု၏ ဝန်ကိုလည်း ၎င်းအဖို့ လွယ်ကူ၊ ပေါ့ပါးစေတော် မူလိုက်ပေမည်။ သိရ်မေဇီနှင့် အိဗ်နေမာဂျာဟ်သည် ဟဇရတ်အဗူဟုရိုင်ရားဟ် ؓ ၏ ဆင့်ပြန်ချက်ဖြင့် တမန်တော်မြတ် ﷺ ၏ မိန့်ခွန်းချက်ကို ဤသို့ မိန့်တော်မူထားပေသည်။

يقول الله تعا لى يا اين ا د م تفرغ لعبا د تى املاء صد رك لا غنى
واسد فقرك وان لم تفعل ملاء ت صد رك شغلا ولم اسد فقرك (ابن كثير)

အလ္လာဟ်အသျှင်မြတ် မိန့်တော်မူထားသည်မှာ 'အို, အာဒမ်၏ သားသမီးအပေါင်းတို့၊ အသင်တို့ သည် ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုပြုရန်အတွက် မိမိတို့ကိုယ်ကို မိမိအားလပ်မှုကို ပြုပါ။ သို့ဆိုလျှင် ငါအသျှင်မြတ်သည် အသင်တို့၏ နှလုံးသားအတွင်း၌ ကြွယ်ဝမှုနှင့် တပ်မက်မှုကင်းခြင်းတို့ကို ထည့်ပေး တော်မူလိုက်မည် ဖြစ်သည်။ အသင်တို့၏ လိုလားတောင့်တခြင်းကိုလည်း ဝေးကွာအောင် ပြုပေးတော်မူလိုက် မည်ဖြစ်သည်။ အကယ်၍ အသင်တို့သည် ဤသို့ မပြုလုပ်မူ အသင်တို့၏ နှလုံးသားကို သောကနှင့် မအားလပ်မှုတို့ဖြင့် ဖြည့်ပေးတော်မူလိုက်မည် ဖြစ်သည်။ လိုလားတောင့်တခြင်းတို့လည်း ဝေးကွာအောင် ပြုပေးတော်မူမည် မဟုတ်ချေ။' (တစ်နည်း ပစ္စည်းများ များပြားလာလေ လောကဘကြီးလာလေ ဖြစ်မည်။ ထို့ကြောင့် အမြဲတစေ လိုလားတောင့်တလျက်သာ ရှိနေပေမည်။) *[အိဗ်နေကဇီးရ်]*

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူဒ် ؓ သခင်ကြီးသည် တမန်တော်မြတ် ﷺ ၏ ထံတော်ပါးမှ အောက်ဖော်ပြပါ ဟဒီးစ်တော်ကို ကြားခဲ့ရပေသည်။

من جعل همو مه هما واحدا هم المعا د كفا ه الله هم د نيا ه
ومن تشعبت به الهموم فى احوال الد نيا لم يبا ل الله فى اودية هلك

လူတစ်ဦးသည် မိမိ၏ သောကအလုံးစုံကို 'အာခိရတ်' ၏ သောကတစ်ခုတည်းအဖြစ် ပြုလုပ် လိုက်မည်ဆိုလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ လောကီရေးသောကဟူသမျှကို မိမိကိုယ်တော်တိုင် လုံလောက်စေတော်မူပေမည်။

အကြင်သူ၏ သောကသည် ကမ္ဘာလောက၏ အလုပ်အမျိုးမျိုးတို့၌ နစ်မွန်းနေမည်ဆိုလျှင် 'ၾငင်းသည် မိမိ၏ သောကများဖြင့် မည်သည့်တောတစ်တောတွင် ပျက်စီးသွားမည်' ကိုလည်း ဂရုမူတော်မူမည်မဟုတ်ပေ။

بَيِّنَةُ مَا فِى الصُّحُفِ الْأُوْلٰى

အတိတ်ခေတ်ရှိ မိုးကောင်းကင်ကျမ်းများဖြစ်သော 'သောင်ရားသ်'၊ 'ဇဗူးရ်'၊ 'အင်န်ဂျီးလ်' နှင့် အီဗ်ရာဟီမ် ﷺ အပေါ် ကျရောက်လာသော ကျမ်းငယ်များအားလုံးသည် တမန်တော်မြတ် ﷺ ၊ နဗီနှင့် ရစူလ်ဖြစ်ခြင်းကို သက်သေပေးရန်အတွက် ကျရောက်လာလေရာ ဤသက်သေလက္ခဏာများ သည် ထိုကဲ့သို့ ငြင်းနေသော သူများအဖို့ လုံလောက်သည်ထက် သာပို၍ အထောက်အထားကို မပေး ထားပါ၏လော။

فَسَتَعْلَمُوْنَ مَنْ اَصْحٰبُ الصِّرَاطِ السوى ومن اهتدى

ဆိုလိုသည်မှာ ယနေ့၌မူ လူတိုင်းကို နှုတ်လျှာအား ချီးမြှင့်ထားလေရာ လူတိုင်းသည် မိမိတို့၏ နည်းလမ်းနှင့် ကျင့်ကြံဆောင်ရွက်မှုတို့ကို အကောင်းဆုံး၊ အမှန်ကန်ဆုံးဟူ၍ ကြွေးကြော်နိုင်ကြပေသည်။ သို့ရာတွင် ဤကြွေးကြော်မှုသည် တစ်စုံတစ်ရာ အကျိုးဝင်သည်မဟုတ်ပေ။ အကောင်းဆုံးနှင့် အမှန်ကန် ဆုံး လမ်းစဉ်ကို ဆောင်ရွက်သောသူသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါး၌ လက်ခံခြင်းခံရ၍ မှန်ကန် သောသူသာလျှင် ဖြစ်ပေသည်။ ထိုအချက်အား 'ကေယာမသ်' နေ့၌ 'မည်သူသည် မှား၍ လမ်းလွဲခြင်းအပေါ်၌ တည်ရှိနေသည်၊ မည်သူသည် မှန်ကန်ကာ ဖြောင့်မတ်သော လမ်းစဉ်အပေါ်၌ တည်ရှိနေသည်ကို အားလုံး သိရှိသွားကြပေလိမ့်မည်။

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးကျ်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၆]

ဤတွင် ပြီးဆုံးပါပြီ။

ဟာဇရယ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အတွဲ ၁၆

အာယသ်တော် ၁၈း၇၅ မှ ၂၀း၁၃၅ အထိ

ပြန်ဆိုရေးသား တည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဖ် (အဆ်အဒီ)

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ ၁၆